# စူရဟ် အလ်အအ်ရာဖ်

## (အထွတ်အမြတ်နေရာများ)

စူရဟ် အလ်အအ်ရာဖ်သည် မက္ကဟ်မြို့၌ကျရောက်ခဲ့ပြီး၊ ယင်းတွင် အာယသ်တော် အား‌ဖြင့် ၂၀၆ အာယသ်ရှိကာ ရုကူအ် စာပိုဒ်ပေါင်း ၂၀ ပိုဒ် ပါရှိသည်။

### အာယသ် (၉၄-၉၅)

بِسۡمِ اللّٰہِ الرَّحۡمٰنِ الرَّحِیۡمِ

**အစဉ်မပြတ် သနားကြင်နာညှာတာတော်မူထသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူထသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။**

**وَ مَاۤ اَرۡسَلۡنَا فِیۡ قَرۡیَۃٍ مِّنۡ نَّبِیٍّ اِلَّاۤ اَخَذۡنَاۤ اَہۡلَہَا بِالۡبَاۡسَآءِ وَ الضَّرَّآءِ لَعَلَّہُمۡ یَضَّرَّعُوۡنَ ﴿۹۴﴾ ثُمَّ بَدَّلۡنَا مَکَانَ السَّیِّئَۃِ الۡحَسَنَۃَ حَتّٰی عَفَوۡا وَّ قَالُوۡا قَدۡ مَسَّ اٰبَآءَنَا الضَّرَّآءُ وَ السَّرَّآءُ فَاَخَذۡنٰہُمۡ بَغۡتَۃً وَّ ہُمۡ لَا یَشۡعُرُوۡنَ ﴿۹۵﴾**

**အမှန်သော်ကား၊ ငါအရှင်မြတ်သည် မည်သည့်မြို့ရွာသို့မဆို နဗီတမန်တော်တစ်ပါးပါးကို စေလွှတ်တော်မူခဲ့ပါလျှင် ထိုမြို့သူမြို့သားတို့အား မာန်မာနကျူးရှ်၍ အောက်ကျို့လာကြရန် ဆင်းရဲဒုက္ခဖြင့်လည်းကောင်း၊ ရောဂါဝေဒနာဖြင့်လည်းကောင်း နှိပ်ကွပ်တော်မူခဲ့လေသည်။ (၇ : ၉၄)**

**ထို့နောက် ငါအရှင်မြတ်သည် မကောင်းသောအခြေအနေ၏အစား ကောင်းသောအခြေအနေကိုပြောင်းလဲ၍ ပေးတော်မူခဲ့လေသည်။ နောက်ဆုံးတွင်မူ ထိုသူတို့သည် တိုးတက်ကြီးပွားလာ၍ ဆင်းရဲဒုက္ခသည်လည်းကောင်း၊ သက်သာချောင်ချိမ့်သည်လည်းကောင်း၊ ငါတို့၏ဘိုးဘေးဘီဘင်တို့၌လည်း သက်ရောက်မြဲပင် ဖြစ်ခဲ့သည်ဟူ၍ ပြောဆိုလာကြကုန်၏။ ထိုအခါ ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ သတိမမူအမှတ်မဲ့ ဖြစ်နေခိုက် ရုတ်တရက် ဖမ်းဆီး ကွပ်မျက်တော်မူခဲ့လေသတည်း။ (၇ : ၉၅)**

အထက်ပါအာယသ်များသည် အစောပိုင်းက လူများ၏အဖြစ်အပျက်များနှင့် ၎င်းတို့၏ဆိုးဝါးသော ကံကြမ္မာအကြောင်း ဆက်လက်ဖော်ပြထားသည်။ ယခုအချိန်ထိဆိုလျှင် အစောပိုင်းက တမန်တော်ငါးပါးနှင့် ၎င်းတို့လူများ၏ အဖြစ်အပျက်များအကြောင်း ဆွေးနွေးခဲ့ပေပြီ။ ဆဋ္ဌမအဖြစ်အပျက်မှာ တမန်တော်မူစာ [a] နှင့် ၎င်း၏လူများနှင့် ပတ်သက်ကာ နောက်အာယသ် အနည်းငယ်တွင် ဆွေးနွေးပါမည်။

သမိုင်းဆိုင်ရာ အဖြစ်အပျက်နှင့် ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်၏ သုံးနေကျဟန်ပန်သည် သမိုင်းဆိုင်ရာ စာအုပ်များ ဟန်ပန်နှင့်လုံးဝကွဲပြားခြားနားကြောင်း ကျွန်ုပ်တို့တွေ့မြင်ခဲ့ရပြီးဖြစ်သည်။ ကုရ်အာန် ကျမ်းတော်မြတ်သည် သမိုင်းဆိုင်ရာအဖြစ်အပျက်တစ်ခုကို အစမှအဆုံးကို လည်းကောင်း၊ သက္ကရာဇ်အစီအစဉ်ကို လည်းကောင်း

ဖော်ပြရန် အလေးဂရုမမူပါ။ ကျမ်းတော်မြတ်သည် အဖြစ်အပျက်တစ်ရပ်၏ ထင်ရှားသောအပိုင်းကိုရွေးနုတ်ကာ ယင်းထဲမှ သင်ခန်းစာကို ဖြစ်စေ၊ ကိုယ်ကျင့်တရားကိုဖြစ်စေ အလေးအနက်ထား ဖော်ပြသည်။

အထက်ပါအာယသ်တော်များသည် အစောပိုင်းလူများ၏ အဖြစ်အပျက်များကို ပြန်လည်ပြောပြပြီးနောက် လက်ရှိလူများကို ၎င်းတို့ ဘိုးဘွားဘီဘင်များ တွေ့ခဲ့ကြရသည့် မကောင်းသောကံကြမ္မာမျိုးမှ လွတ်မြောက်ရန် သတိပေးမိန့်ကြားထားသည်။ အာယသ် ၉၄ တွင် ပြီးခဲ့သောအာယသ်များထဲ၌ ဖော်ပြထားခဲ့သည့် ဘေးအန္တရာယ်တို့မှာ နူဟ်၊ အာဒ်၊ စမူဒ်လူများအတွက်သာ ကန့်သတ်မထားကြောင်း သတိပေးထားသည်။ အလ္လာဟ်အရှင်မြတ်၏ ဓလေ့တော်အရ ထိုသူများကို လမ်းညွှန်မှုနှင့် ထာဝရအောင်မြင်မှုရစေရန်အတွက် ၎င်းတို့ထံ အရှင်မြတ်၏ တမန်တော်များကို အလ္လာဟ်အရှင်မြတ်က စေလွှတ်တော်မူခဲ့သည်။

ထို့နောက် တမန်တော်များ၏ အကြံပေးမှုကို နားမထောင်၊ ၎င်းတို့ရဲ့ဖိတ်ခေါ်မှုကို ငြင်းပယ်သူများသည် ဒုက္ခသုက္ခများခံစားစေရပါသည်။ သို့မှသာ ၎င်းတို့သည် သူတို့၏ မွေးမြူဖန်ဆင်းတော်မူသော အရှင်ဘက်သို့ ဝန်ချ တောင်းပန်သည့်အနေဖြင့် လှည့်ကြလိမ့်မည်။ လူသားသည် ဒုက္ခသုက္ခရောက်ချိန်၌ ဖန်ဆင်းရှင်ဘက်သို့ လှည့်ကြသည်။ စင်စစ် ဤဒုက္ခသုက္ခသည် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်ကာ ယင်းသည် ၎င်းတို့ ကောင်းစေရန် ရည်ရွယ်သည်။ ကြီးကျယ်လှသော နာမ်ပိုင်းဆိုင်ရာ ခေါင်းဆောင် မော်လာနာရူမီက ဤအကြောင်းအရာကို အောက်ပါ စကားလုံးများနှင့် သီကုံးထားသည်မှာ-

خلق را باتو چنیس بد خوکنند  تاترا نا چار روا آنسوکنند

"လူအများသည် သင့်အား မလျော်မကန်ပြုစေခြင်းမှာ အသင်သည် အသင်၏ ဖန်ဆင်းရှင်ဘက်မျက်ရည်များဖြင့် လှည့်စေရန်ဖြစ်သည်။"

အာယသ်တော် ၉၄-က ဤအချက်ကိုရည်ညွှန်း၍ မိန့်ထားသည်မှာ "ငါအရှင်မြတ်သည် မည်သည့် မြို့ရွာသို့မဆို နဗီတမန်တော်တစ်ပါးပါးကို စေလွှတ်တော်မူခဲ့ပါလျှင် ထိုမြို့သူမြို့သားတို့အား မာန်မာနကျိုး၍ အောက်ကျို့လာကြရန် ဆင်းရဲဒုက္ခဖြင့်လည်းကောင်း၊ ရောဂါဝေဒနာဖြင့်လည်းကောင်း၊ နှိပ်ကွပ်တော်မူခဲ့လေသည်" ဟူ၍ ဖြစ်သည်။ အရဗီစကားလုံး **بَأۡسَاء** "ဟအ်စာ"သည် ငတ်မွတ်ခြင်း (သို့မဟုတ်) ဆင်းရဲခြင်းကို ဖော်ကျူးသကဲ့သို့ **ضَرَّاء** (ဒွရ်ရာ) ဟူသော စကားလုံးသည် ရောဂါဝေဒနာဟု ဖော်ကျူးသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် အခြားနေရာများ၌ ဤ အဓိပ္ပာယ်အတိုင်း ဤစကားလုံးများကို သုံးနှုန်းထားသည်။ ကြည်ညိုလေးစားထိုက်သည့် ဆွဟာဗဟ်သာဝကကြီး အဗ်ဒုလ္လာဟ်အိဗ်နမတ်စ်အူးဒ် d က စကားလုံး နှစ်လုံး၏ ဤအဓိပ္ပာယ်များကို အတည်ပြုထားခဲ့သည်။ ဘာသာဗေဒ ပညာရှင် အချို့ **بَأۡسَاء** 'ဟအ်စာ'ဟူသောစကားလုံးသည် ဘဏ္ဍာရေးဆိုင်ရာ ကြပ်တည်းမှုကို ရည်ညွှန်းသကဲ့သို့ **ضَرَّاء** 'ဒွရ်ရာ'ဟူသော စကားလုံးသည် ကျန်းမာရေးချို့တဲ့မှုကို ရည်ညွှန်းသည်။ အာယသ် ၉၅-က "ထို့နောက် ငါအရှင်မြတ်သည် မကောင်းသော အခြေအနေ၏ အစား ကောင်းသော အခြေအနေကို ပြောင်းလဲပေးတော်မူခဲ့လေသည်။ နောက်ဆုံးတွင် ထိုသူတို့သည် တိုးတက်ကြီးပွားလာသည်" ဟု မိန့်ထားသည်။

ဤအာယသ်တော်ပါ အရဗီစကားလုံး **سَيِّئَة** "စိုက်ယိအဟ်" သည် ကြပ်တည်းခြင်းကို ရည်ညွှန်းကာ **حَسَنَة** "ဟစနဟ်"ဟူသော စကားလုံးသည် တိုးတက်ကြီးပွားခြင်းကို ရည်ညွှန်း၍ **عَفَوْ** (အဖောင်)ဟူသော စကားလုံးသည် တိုးတက်မှု (သို့မဟုတ်) ကြီးပွားမှုကို ရည်ညွှန်းသည်။ ဦးစွာပထမအနေဖြင့် အာယသ်ကရည်ညွှန်းသည်မှာ ဤသူများ၊

ဒုက္ခသုက္ခ နှင့် ဘေးဒုက္ခတို့ခံရစေခြင်းမှာ ထိုသူများဝန်ချတောင်းပန်ကာ အလွှာဟ်အရှင်မြတ်ဘက် လှည့်စေရန် ဖြစ်သည်။ ထိုသူများသည် ဤသတိပေးချက်မှ သင်ခန်းစာမယူဘဲ ဤစမ်းသပ်မှုတွင် ကျရှုံးခဲ့လျှင် ၎င်းတို့အား အခြား သော စမ်းသပ်နည်းတစ်မျိုးနှင့် စမ်းသပ်ပေသည်။ ထိုသူတို့၏ ကြပ်တည်းမှုအား ချောင်လည်၍ သက်သောင့် သက်သာ ဖြစ်မှုဖြင့် လည်းကောင်း၊ ၎င်းတို့အရေအတွက်နှင့် အင်အား တိုးပွားလာသည့်တိုင် အစားထိုးပေးသည်။ ဒုက္ခသုက္ခ၏ ရှည်လျားသော ကာလပြီးနောက် ဤတိုးတက်ကြီးပွားမှုကြောင့် ၎င်းတို့သည် ၎င်းတို့၏အရှင်သခင်ကို ကျေးဇူးတင် သင့်ကာ အလွှာဟ်အရှင်မြတ်ထံတော်၌ ဝန်ချတောင်းပန်သင့်ပေသည်။ သို့သော်လည်း ၎င်းတို့သည် ရုပ်ပိုင်းဆိုင်ရာများ နောက်လိုက်ခြင်း၌ လုံးဝနစ်မွန်းကာ လောကီရေးရာဆန္ဒများအရ ဖောက်ပြန်ကြ၍ ၎င်းတို့သည် ဘာမျှမလုပ်ဘဲ "ဒုက္ခ သုက္ခများနှင့် ကြီးပွားချမ်းသာခြင်းတို့မှာ ကျွန်ုပ်တို့ဘိုးဘွားဘီဘင်များတွင်လည်း ကျရောက်ခဲ့သည်"ဟု ပြောဆိုကြ သည်။ ဆိုလိုသည်မှာ သူတို့၏ဒုက္ခသုက္ခနှင့် ကြီးပွားတိုးတက်ခြင်းမှာ ၎င်းတို့၏လုပ်ရပ်များနှင့် လုံးဝမပတ်သက်ဘဲ ဖြစ်ရိုးဖြစ်စဉ် ပြောင်းလဲသော သဘာဝတရားပင်ဖြစ်သည်။ သူတို့၏မကောင်းမှုနှင့် မိုက်မဲမှုတို့အပေါ်၌ ခေါင်းမာစွာ စွဲမြဲ နေခြင်းကြောင့် အလွှာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်ခံကြရသည်။ အာယသ်တော်က "ထိုအခါ ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့သတိမမူ အမှတ်မဲ့ဖြစ်နေခိုက် ရုတ်တရက် ဖမ်းဆီး ကွပ်မျက်တော်မူခဲ့လေသတည်း"ဟု မိန့် ထားသည်။

## အာယသ် (၉၆-၉၉)

وَ لَوۡ اَنَّ اَهۡلَ الۡقُرٰۤی اٰمَنُوۡا وَ اتَّقَوۡا لَفَتَحۡنَا عَلَیۡهِمۡ بَرَکٰتٍ مِّنَ السَّمَآءِ وَ الۡاَرۡضِ وَ لٰکِنۡ کَذَّبُوۡا فَاَخَذۡنٰهُمۡ بِمَا کَانُوۡا یَکۡسِبُوۡنَ ﴿۹۶﴾ اَفَاَمِنَ اَهۡلُ الۡقُرٰۤی اَنۡ یَّاۡتِیَهُمۡ بَاۡسُنَا بَیَاتًا وَّ هُمۡ نَآئِمُوۡنَ ﴿۹۷﴾ اَوَ اَمِنَ اَهۡلُ الۡقُرٰۤی اَنۡ یَّاۡتِیَهُمۡ بَاۡسُنَا ضُحًی وَّ هُمۡ یَلۡعَبُوۡنَ ﴿۹۸﴾ اَفَاَمِنُوۡا مَکۡرَ اللّٰهِ ۚ فَلَا یَاۡمَنُ مَکۡرَ اللّٰهِ اِلَّا الۡقَوۡمُ الۡخٰسِرُوۡنَ ﴿۹۹﴾

**အကယ်၍သာ (နဗီတမန်တော်များ ပွင့်ခဲ့ကြလေသော) မြို့ရွာဒေသများ၌ မှီတင်း နေထိုင်ကြကုန်သောသူတို့သည် "အီမာန်" ယုံကြည်ခြင်း၊ သဒ္ဓါတရားထားရှိကြ၍ ပြစ်မှု ဒုစရိုက်များမှ ကြဉ်ရှောင်ခဲ့ကြပါမူ ငါအရှင်မြတ်သည် ထိုသူတို့အဖို့ မိုးကောင်းကင်မှ လည်းကောင်း၊ ပထဝီမြေမှ လည်းကောင်း၊ မင်္ဂလာအဖြာဖြာတို့ကို မုချ ဖွင့်ပေးတော်မူ ခဲ့အံ့။ သို့ရာတွင် ၎င်းတို့သည် (နဗီတမန်တော်အသီးသီးတို့အား) မဟုတ်မမှန်ဟု စွပ်စွဲ ငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ ရှာဖွေဆည်းပူး ခဲ့ကြသည့် (ပြစ်မှုဒုစရိုက်များ) ကြောင့် ဖမ်းဆီးကွပ်မျက် တော်မူခဲ့လေသတည်း။**

**(၇ း ၉၆)**

**သို့ပါလျက် (မက္ကာဟ်မြို့နှင့်တကွ ပတ်ဝန်းကျင်) မြို့ရွာဒေသများ၌ မှီတင်းနေထိုင်ကြကုန်သောသူတို့သည် ညဉ့်ဦးအခါ၌ ၎င်းတို့အိပ်ပျော်နေကြစဉ် ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် (ရုတ်တရက်) ၎င်းတို့ထံရောက်ရှိ လာမည်ကို စိုးရိမ်ခြင်းကင်းမဲ့၍ စိတ်ချပြီးနေကြပါ သလော။ (၇ : ၉၇)**

**သို့တည်းမဟုတ် (ထိုမက္ကာဟ်မြို့နှင့် ပတ်ဝန်းကျင်) မြို့ရွာဒေသများ၌ မှီတင်းနေထိုင်ကြသူတို့သည် နံနက်နေတက်ချိန်တွင် ၎င်းတို့ ကစားခုန်စားလျက်ရှိနေကြစဉ် ငါအရှင်မြတ်၏ပြစ်ဒဏ်သည် (ရုတ်တရက်) ၎င်းတို့ထံသို့ ရောက်ရှိလာမည်ကို ကြောင့်ကြခြင်း ကင်းမဲ့၍ စိတ်ချပြီး နေကြပါသလော။ (၇ : ၉၈)**

**၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ လျှို့ဝှက်စွာကြံစည်မှုကို စိုးရိမ်ခြင်းကင်းမဲ့ကာ စိတ်ချ၍နေကြပါသလော။ သို့ဖြစ်လျှင် နစ်နာဆုံးရှုံးသူတို့မှအပ အလ္လာဟ်အရှင်မြတ်၏ အကြံအစည်ကို စိုးရိမ်ကင်းမဲ့သူဟူ၍ တစ်ဦးတစ်ယောက်မျှမရှိပြီ။ (၇ : ၉၉)**

မဂ်လာအဖြာဖြာဟု ဘာသာပြန်ဆိုထားသော ဤအာယသ်ပါ "ဘရကတ်" بَرَكَة ဟူသော အာရဗီ စကားလုံးသည် တိုးပွားခြင်း၊ များပြားခြင်းကို ဖော်ပြသည်။ "မိုးကောင်းကင်၊ ပထဝီမြေမှလည်းကောင်း၊ မဂ်လာ အဖြာဖြာ" ဟူသော ဖော်ပြချက်က သင့်တင့်လျောက်ပတ်သော အချိန်အခါတွင် မိုးကောင်းကင် (တိမ်များ)မှ မိုးရွာသွန်းခြင်း၊ ပထဝီမြေပြင်မှ အောင်မြင်သောအရာများထွက်ခြင်း၊ ၎င်းတို့ပိုင်ဆိုင်သည်များမှ သောကကင်းဝေးစွာ ပျော်ရွှင် ခံစားစေခြင်းနှင့် အရာဝတ္ထုများ၏ ကျေနပ်နှစ်သက်မှုကို ပျက်စီးရန်ကြောင့်ကျ ပူပင်မှုမရှိခြင်း စသောအလုံးစုံတိုးတက်ကြီးပွားမှုကို ရည်ညွှန်းသည်။ ဆိုလိုသည်မှာ အရာရာတိုင်းသည် ဘရကတ် ကောင်းချီးပေးခံရမည်။

"ဘရကတ်"သည် ကွဲပြားခြားနားသော နည်းလမ်းနှစ်သွယ်နှင့် ထင်ရှားစေသည်။ တစ်ခါတစ်ရံ ပစ္စည်းဥစ္စာကပင် အရေအတွက် များပြားလာခြင်းဖြစ်သည်။ တမန်တော်မြတ် ﷺ သည် လူမြောက်များစွာအား ရေအိုးသေးသေးလေးမှရေကို ရေတံပြေအောင် သောက်စေခဲ့သည့် အဖြစ်အပျက်မျိုးကိုလည်းကောင်း၊ (သို့မဟုတ်) စစ်တပ်တစ်ခုလုံးကို အစားအသောက် အနည်းငယ်ကျွေးခြင်းဖြင့် ၎င်းတို့အားလုံး ဝလင်သွားစေသော အဖြစ်အပျက်မျိုးကိုလည်းကောင်း ဖြစ်သည်။ တစ်ခါတစ်ရံ အရာဝတ္ထု၏အရေအတွက် မတိုးပွားဘဲ ယင်းအရာဝတ္ထု၏ အသုံးဝင်မှုနှင့် အရာရောက်မှုမှာ အဆများစွာ တိုးပွားစေခြင်းဖြစ်သည်။ များသောအားဖြင့် ကျွန်ုပ်တို့၏ အိမ်အသုံးအဆောင်တစ်မျိုးသည် အလားတူ အရာသုံးလေးမျိုးကဲ့သို့ပင် လူများအကျိုးဖြစ်စေခြင်းနှင့် အချိန်ကြာကြာ အကျိုးရှိစေခြင်းဖြစ်သည်။ ပြောရမည်ဆိုလျှင် အချို့သောအရာများသည် လူများကို အမြဲအကျိုးဖြစ်ထွန်းစေသော်လည်း အချို့ကား ယင်းသို့မဟုတ်ချေ။ သို့တည်းမဟုတ် မတော်တဆ ပျက်စီး၍သော်လည်းကောင်း၊ လိုအပ်သည့်အချိန် မရရှိသဖြင့်လည်းကောင်း၊ လူအများအတွက် အကျိုး မဖြစ်ထွန်းစေခဲ့ပါ။

ပမာဆိုသော် တစ်ခါတစ်ရံ အစားအသောက်၊ တစ်ဆုပ်တစ်လုတ်ကပင် ကြီးမားသောခွန်အားနှင့် ကျန်းမာခြင်း၏ ရင်းမြစ်ဖြစ်သွားသော်လည်း အချို့အချိန်တွင် မြောက်များစွာသော စားသောက်ဖွယ်ရာက မည်သည့်အကျိုးသက်ရောက်မှုမှ ရှိမလာပါ။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် အချိန်တိုတောင်းသော တစ်နာရီအတွင်း အလုပ် မြောက်များစွာ ပြီးစီးအောင် လုပ်ဆောင်နိုင်သော်လည်း တခြားအချိန်တွင် ယင်းအလုပ်ကိုပင် လေးငါးနာရီနှင့် ပြီးမြောက်အောင်

မလုပ်နိုင်သည့်အခါလည်း ရှိပေသည်။ ဤသို့သော အချိန်အခါ၌ အရာဝတ္ထု တိုးပွားလာခြင်းမရှိပါ။ ဆိုလိုသည်မှာ အစားတစ်လုတ်နှင့် အချိန်ကာလများ သူနဂိုအတိုင်း ရှိနေပါသည်။ ယင်းတို့၏ ထိရောက်မှုနှင့် အကျိုးသက်ရောက်မှုမှာ အဆပေါင်းများစွာ တိုးပွားသွားပါသည်။

ဤအာယသ်တော်က ရှင်းလင်းစွာ ဖော်ပြထားသည်မှာ မိုးကောင်းကင်နှင့် ပထဝီမြေပြင်ရှိ အရာများ၏ "ဘရကတ်"ကို အလ္လာဟ်အရှင်မြတ်ပေါ် ယုံကြည်ခြင်းနှင့် "သတ်ကဝါ" **تقوى**(ရှောင်ကြဉ်ခြင်း) ရှိမှသာလျှင် ရရှိနိုင်သည်။ ဤနှစ်မျိုးမရှိလျှင် "ဘရကတ်" လက်မဲ့ဖြစ်ပေမည်။ ယနေ့ခေတ်ကမ္ဘာတွင် ခေတ်စားသည့်အခြေအနေကို ကြည့်ရှုခဲ့ပါလျှင် ကမ္ဘာ၏အသားတင်ထုတ်လုပ်မှုမှာ ယခင်ယခင်ကထက် ပိုမိုများပြားပေသည်။ လက်တလော တီထွင်မှုများသည် လွန်လေပြီးသောမျိုးဆက်များ တွေးထင်၍ မရအောင်ပင် ကျွန်ုပ်တို့ ဘဝလွယ်ကူ အဆင်ပြေရန် ကျွန်ုပ်တို့ကို အလုပ်အကျွေး ပြုနေပါသည်။ သို့သော်လည်း ဤနည်းလမ်းများနှင့် ရင်းမြစ်များ ပေါများလင့်ကစား မျက်မှောက်လူသားသည် ယင်းနှင့်အချိုးညီ စိတ်သောကရောက်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ မကျေနပ်ခြင်းတို့ဖြစ်ကာ ယခင်မည်သည့်အခါမျှ မဖြစ်ဘူးသောငြိမ်းချမ်းသာယာခြင်းနှင့် သက်တောင့်သက်သာဖြစ်မှုများ ကင်းမဲ့လာခဲ့သည်။

မျက်မှောက်လူသား၏ အေးချမ်းသာယာမှုနှင့် သက်တောင့်သက်သာဖြစ်မှုကို မည်သည်က ကင်းမဲ့စေသနည်း။ မေးခွန်းကို အရာရာတိုင်းတွင် "ဘရကတ်" **بَرَكَة** ကင်းမဲ့ခြင်းဆိုသည်မှအပ မည်သည့်ရှင်းလင်းချက်မှ မပေးနိုင်ပါ။ ဤနေရာ၌ ကျွန်ုပ်တို့သတိမူရမည့် နောက်တစ်ချက်မှာ ကျန်းမာရေးကောင်းမှုနှင့် လောကီပိုင်ဆိုင်မှု များသည် အလ္လာဟ်အရှင်၏ ကောင်းချီးမင်္ဂလာနှင့် အကူအညီ၏ လက္ခဏာတစ်ရပ်ဟူ၍ ပြောမရပါ။ တစ်ခါတစ်ရံ ဤအရာများသည် လူသားအား ဒေါသအလျောက် ပေးခဲ့သည်ဆိုကြောင်း စူရဟ် အန်အာမ်၏ အာယသ် ၄၄-တွင် ရှင်းလင်းစွာ မိန့်ထားသည်မှာ -

فَلَمَّا نَسُوْا مَا ذُكِّرُوْا بِهٖ فَتَحْنَا عَلَيْهِمْ اَبْوَابَ كُلِّ شَيْءٍ

"ထို့နောက် ၎င်းတို့သည် မိမိတို့အား သတိပေးနှိုးဆော်ခြင်းခံရလေသော ကိစ္စများကို မေ့ပျောက်ထားခဲ့ကြ၏။ ထိုအခါ ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ ခပ်သိမ်းကုန်သော စည်းစိမ်တို့၏ တံခါးများကို ဖွင့်လှစ်ပေးတော်မူလိုက်၏။" (၆ း ၄၄) ဟူ၍ ဖြစ်သည်။

ဤသည်နောက် ထိုသူများအား အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှု ရုတ်တရက် ကျရောက်စေပါသည်။ ဤသည်က တိုးတက်ကြီးပွားခြင်းနှင့် ဥစ္စာဓနပေါကြွယ်ခြင်းသည် အလ္လာဟ်အရှင့်အကူအညီ၏ သေချာသော လက္ခဏာများမဟုတ် ဆိုသည်ကို ကျွန်ုပ်တို့နားလည်သဘောပေါက်စေသည်။ တစ်ခါတစ်ရံ ယင်းအရာများသည် အလ္လာဟ့်အမျက်တော်ရှခြင်းနှင့် ပြစ်ဒဏ်ခတ်ခံရမှု၏ လက္ခဏာတစ်ရပ်ဖြစ်သည်။ ယင်းနှင့် ဆန့်ကျင်စွာ လက်ရှိအာယသ်တော်အရ ပထဝီမြေပြင်နှင့် မိုးကောင်းကင်ရှိ အရာများ၏ဘရကတ် **بَرَكَة** သည် အလ္လာဟ်အရှင့် ကျေးဇူးတော်၏ လက္ခဏာတစ်ရပ်အဖြစ် ကျွန်ုပ်တို့ ကောက်ချက်ဆွဲနိုင်ပါသည်။ ဤ အခြေအနေနှစ်ရပ်ကို ခွဲခြားသိရှိနိုင်ရန်မှာ တစ်ခါတစ်ရံတွင် လူများကို ၎င်းတို့၏ အပြစ်များနှင့် ကျူးလွန် ဖောက်ဖျက်ခဲ့လင့်ကစား တိုးပွားခြင်းနှင့် ကျန်းမာရေးကောင်းခြင်းတို့ ပေးအပ်ခဲ့သည်။ ယင်းတို့မှာ တစ်ခဏမျှသာဖြစ်၍ အလ္လာဟ်အရှင်၏ မနှစ်မြို့မှု လက္ခဏာတစ်ရပ်ဖြစ်သည်။ အခြားအချိန်အခါတွင် လူအများအား ၎င်းတို့၏အဓိမာန်နှင့် သပ်ဂါ၏ဆုလာဘ်တစ်ရပ်အဖြစ် အမြဲအကျိုးဖြစ်ထွန်းစေရန် ဤသည်တို့ကို ပေးသနားသည်။ အကူအညီ၏ လက္ခဏာလော၊ မနှစ်မြို့ခြင်း၏ လက္ခဏာလောဟူ

သည်ကို ဆုံးဖြတ်ရန်မှာ ခက်ခဲပေသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းနှစ်မျိုးစလုံးသည် တူညီနေ၍ဖြစ်သည်။

သို့သော်လည်း အလ္လာဟ့်အချစ်တော်များသည် ဤနှစ်ခုကိုခွဲခြားရန်အတွက် ပေါ်လွင်ထင်ရှားသည့် အချက်အချို့ကို အကြံပြုထားသည်။ တိုးတက်ကြီးပွားခြင်းနှင့် ကျန်းမာရေးကောင်းခြင်းက လူသားသည် အလ္လာဟ်အရှင်မြတ်ကို ပို၍ကျေးဇူးတင်လာကာ အရှင်သခင်ကို ယခင်ထက်ပို၍ ခဝပ်ကိုးကွယ်မှုပိုမိုလာလျှင် ယင်းသည် အလ္လာဟ့်ကျေးဇူးတော်၏ အညွှန်းတစ်ရပ်ဖြစ်သည်။ ယင်းနှင့်ဆန့်ကျင်စွာ တစ်စုံတစ်ဦးသည် အပြစ်ဂုနာဖြစ်သည့်လုပ်ရပ်များတွင် ပိုမိုနစ်မွန်းသွားလျှင် ယင်းသည် အလ္လာဟ်အရှင့် အမျက်တော်ရှသည့် လက္ခဏာမှုချဖြစ်မည်။ ထိုသို့သော အခြေအနေမှ ကင်းဝေးစေရန် အကာကွယ်ရှာကြအံ့။

အာယသ် (၉၇ မှ ၉၉)တွင် ကမ္ဘာပေါ်ရှိလူများကို "သို့ပါလျက် (မက္ကာဟ်မြို့နှင့်တကွ ပတ်ဝန်းကျင်) မြို့ရွာဒေသများ၌ မှီတင်းနေထိုင်ကြကုန်သော သူတို့သည် ညဉ့်အခါ၌ ၎င်းတို့အိပ်ပျော်နေစဉ် ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် (ရုတ်တရက်) ၎င်းတို့ထံ ရောက်ရှိလာမည်ကို စိုးရိမ်ခြင်းကင်းမဲ့၍ စိတ်ချနေကြပါသလော"ဟု မိန့်ထားသည်။ အာယသ်တော်က ဤမြို့များတွင် နေထိုင်သူများ (ကိုယ်တော်မြတ် ﷺ သခင် ခေတ်အခါသမယက ရှိသူများ) သည် ၎င်းတို့ညဉ့်အချိန်၌ အိပ်စက်နေသော မည်သည့်အချိန်၌မဆို အလ္လာဟ်အရှင်မြတ်၏ အပြစ်ဒဏ်ခတ်မှု ၎င်းတို့ပေါ် ကျရောက်နိုင်သည်ဆိုသည့်အချက်ကို သတိမူမိဟန်မတူကြောင်း ရည်ညွှန်းသည်။ သူတို့သည် အလ္လာဟ်အရှင့်ပြစ်ဒဏ်ခတ်ခြင်းမှ လုံခြုံသည်ဟု မထင်မှတ်ကြပါ။ အဘယ့်ကြောင့်ဆိုသော် မည်သည့်နေ့၌မဆို ၎င်းတို့လောကီကိစ္စရပ်များ အလုပ်များနေသော အချိန်တွင် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုကျရောက်နိုင်သည်။ ဤသူများအား အလ္လာဟ်အရှင်မြတ်၏ အစီအမံကို မည်သည်က အကြောက်တရား မဲ့စေရသနည်း။ ပြီးခဲ့သောအာယသ်များထဲ၌ ရည်ညွှန်းထားခဲ့သော အစောပိုင်း လူများ၏ကံကြမ္မာသည် ဤလူများအတွက် သင်ခန်းစာဖြစ်စေပါသည်။ အခြားသူများ၏ အဖြစ်အပျက်များမှ သင်ခန်း စာယူနိုင်ရန် လူသားတွင် အသိဉာဏ်ရှိသင့်သည်။ ထို့နောက် အခြားသူများ သေဆုံး၍ပျက်စီးစေသော အကြောင်းများမှ ရှောင်ရှားသင့်ပေသည်။

## အာယသ် (၁၀၀-၁၀၂)

أَوَ لَمْ يَهْدِ لِلَّذِيْنَ يَرِثُوْنَ الْأَرْضَ مِنْۢ بَعْدِ أَهْلِهَآ أَنْ لَّوْ نَشَآءُ أَصَبْنٰهُمْ
بِذُنُوْبِهِمْ ۚ وَ نَطْبَعُ عَلٰى قُلُوْبِهِمْ فَهُمْ لَا يَسْمَعُوْنَ ﴿١٠٠﴾ تِلْكَ الْقُرٰى نَقُصُّ
عَلَيْكَ مِنْ أَنْۢبَآئِهَا ۚ وَ لَقَدْ جَآءَتْهُمْ رُسُلُهُمْ بِالْبَيِّنٰتِ ۚ فَمَا كَانُوْا لِيُؤْمِنُوْا بِمَا
كَذَّبُوْا مِنْ قَبْلُ ۚ كَذٰلِكَ يَطْبَعُ اللّٰهُ عَلٰى قُلُوْبِ الْكٰفِرِيْنَ ﴿١٠١﴾ وَ مَا وَجَدْنَا
لِأَكْثَرِهِمْ مِّنْ عَهْدٍ ۚ وَ إِنْ وَّجَدْنَآ أَكْثَرَهُمْ لَفٰسِقِيْنَ ﴿١٠٢﴾

**(ဤ) ပထဝီမြေ၌နေထိုင်ခဲ့ကြသူများ မရှိသည့်နောက် ယခု ဤ ပထဝီမြေကို အမွေဆက်ခံလျက်ရှိသူတို့အဖို့ "အကယ်၍သာ ငါအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် ၎င်းတို့အားလည်း ၎င်းတို့၏ပြစ်မှုများကြောင့် ဒုက္ခရောက်စေတော်မူမည် ဖြစ်ကြောင်း မထင်ရှားသေးပါသလော။ အမှန်သော်ကား ငါအရှင်မြတ်သည် ၎င်းတို့၏စိတ်နှလုံးများ**

**အပေါ်၌ တံဆိပ်ခတ်နှိပ်ထားတော်မူသဖြင့် ၎င်းတို့သည် (မှန်ကန်သောတရား ဒေသနာများကို) နားဆင်နိုင်ကြ မည်မဟုတ်ချေ။ (၇ : ၁၀၀)**

**ဤသည်တို့ကား (ရှေးဟောင်း ခေတ်၏) အကြောင် မြို့ရွာဒေသများပင်တည်း။ ငါ အရှင်မြတ်သည် ထိုမြို့ရွာဒေသများ၏ အချို့ အထွာပွတ္တိများကို အသင့်ရှေ့ဝယ် ပြန်၍ ပြောကြားတော်မူလေသည်။ ဓကန်စင်စစ် ထိုမြို့ရွာ ဒေသတို့၌ မှီတင်းနေထိုင်ကြသော သူတို့ထံ ၎င်းတို့၏ ရစူလ်တမန်တော်များသည် ထင်ရှားလှစွာသော သက်သေလက္ခဏာများနှင့်တကွ ရောက်ရှိလာခဲ့ကြလေသည်။ သို့ရာတွင် ၎င်းတို့သည် ယခင်က (တစ်ကြိမ်) မိမိတို့ မယုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသောအရာများကို ယုံကြည်မည့်သူများ မဟုတ်ခဲ့ကြချေ။ ဤနည်းအတိုင်းပင် အလ္လာဟ်အရှင်မြတ်သည် ကာဖိရ် သွေဖည်ငြင်းပယ်သော သူတို့၏ စိတ်နလုံးများပေါ်၌ တံဆိပ်ခတ်နှိပ်တော်မူလေသတည်း။ (၇ : ၁၀၁)**

**အမှန်သော်ကား ငါအရှင်မြတ်သည် ၎င်းတို့အနက် များစွာသောသူတို့၌ ကတိသစ္စာတည်ကြည်မှုကို တွေ့ရှိတော်မမူခဲ့ချေ။ စင်စစ် တစ်မူကား ငါအရှင်မြတ်သည် ၎င်းတို့အနက် များစွာသော သူတို့အား တရားလမ်းမှန်ကို ဖယ်ရှားသူများသာ တွေ့ရှိတော်မူခဲ့လေသတည်း။ (၇ : ၁၀၂)**

အစောပိုင်းလူများ၏ အဖြစ်အပျက်များ ပြန်လည်တင်ပြပြီးနောက် အထက်ပါအာယသ်များသည် အရေးဒီးယား ရှိ လူများနှင့် ကမ္ဘာပေါ်ရှိလူများကို အလ္လာဟ်အရှင့်အမျက်တော်ရှစေသောလုပ်ရပ်များမှ ရှောင်ရှားခြင်း၊ ထာဝရ အောင်မြင်မှုရရှိစေသည့် တမန်တော်များနှင့် ၎င်းတို့အား ယုံကြည်သက်ဝင်သူများ၏ ကျင့်ကြံမှုများကို လိုက်နာခြင်းဖြင့် ဤအဖြစ်အပျက်များမှ သင်ခန်းစာယူရန် ဖိတ်ခေါ်ထားသည်။ အာယသ်တော် ၁၀၀ က "(ဤ) ပထဝီမြေ၌ နေထိုင်ခဲ့ကြသူများမရှိသည့်နောက် ယခု ဤပထဝီမြေကို အမွေဆက်ခံလျက်ရှိသူတို့အဖို့ "အကယ်၍သာ ငါအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် ၎င်းတို့အားလည်း ၎င်းတို့၏ ပြစ်မှုများကြောင့် ဒုက္ခရောက်စေတော်မူမည်ဖြစ်ကြောင်း မထင်ရှားသေးပါသလော" ဟု မိန့်ထားသည်။ أَصَبْنَاهُمْ ဟူသော စကားလုံးသည် လမ်းညွှန်ခြင်း (သို့မဟုတ်) သတင်းပေးခြင်းကို ရည်ညွှန်းသည်။ အထက်ဆင့်ပြန်ခဲ့သည့် အဖြစ်အပျက်များက يَسْمَعُونَ (လမ်းညွှန်သည်) ဟူသော ကြိယာ၏အကြောင်းဖြစ် သွားသည်။ အာယသ်က အစောပိုင်းပိုင်ရှင်များထံမှ မြေယာအမွေရရှိထားသူများဖြစ်သော နောက်မျိုးဆက်များအတွက် ဤအဖြစ်အပျက်များမှ သင်ခန်းစာသည် ၎င်းတို့အတွက် လမ်းညွှန်မှုနည်းလမ်း ဖြစ်သင့်သည်။ ၎င်းတို့၏ ဘိုးဘွား ဘီဘင်တို့သည် အမိန့်ဖီဆန်မှုကြောင့် ဘေးဒုက္ခနှင့်ပျက်ဆီးခြင်းဟူသည့် ကံကြမ္မာကြုံတွေ့ခဲ့ကြသကဲ့သို့ ယခုလူများ သည်လည်း မယုံကြည်မှုကြောင့် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှု ကျရောက်နိုင်ပေသည်။

ထို့နောက် အာယသ်တော်က မိန့်ထားသည်မှာ -

وَ نَطْبَعُ عَلٰى قُلُوْبِهِمْ فَهُمْ لَا يَسْمَعُوْنَ

"အမှန်သော်ကား ငါအရှင်မြတ်သည် ၎င်းတို့၏စိတ်နလုံးများအပေါ်၌ တံဆိပ်ခတ်နှိပ်ထားတော်မူသဖြင့် ၎င်းတို့သည် (မှန်ကန်သောတရား ဒေသနာများကို) နားဆင်နိုင်ကြမည်မဟုတ်ချေ" ဟူ၍ ဖြစ်သည်။

طَبَعَ ဟူသောစကားလုံးကို ပုံနှိပ်ခြင်း (သို့မဟုတ်) တံဆိပ်နှိပ်ခြင်းအတွက် သုံးနှုန်းသည်။ ဤသည်က ရည်ညွှန်း သည်မှာ ဤသူများသည် လွန်လေပြီးသောအဖြစ်အပျက်များမှ သင်ခန်းစာမရယူနိုင်သောကြောင့် ၎င်းတို့၏ စိတ်နလုံးများပေါ် တံဆိပ်ခတ်နှိပ်ခြင်းဟူသော အလ္လာဟ်အရှင့်အမျက်တော်ရှခဲ့သည်။ ထို့ကြောင့် ၎င်းတို့သည် အမှန် တရားပေါ် နားဆင်နိုင်စွမ်းမရှိတော့ချေ။ ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ သခင် မိန့်ကြားခဲ့သည်မှာ "တစ်စုံတစ်ဦးသည် ပြစ်မှုဂုနာဟ်ကို ပထမကျူးလွန်ခဲ့သော် ၎င်း၏နှလုံးသားတွင် အမည်းစက်တစ်စက် ထင်ကျန်သွား သည်။ အကယ်၍ သူသည် ဒုတိယနှင့်တတိယအကြိမ် ဂုနာဟ်ပြစ်မှု ကျူးလွန်ခဲ့လျှင် ဒုတိယနှင့် တတိယအမဲစက် ထင်ကျန်သွားသည်။ အကယ်၍ တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်ထံ ဝန်ချတောင်းပန်ခြင်းမပြုဘဲ ဂုနာဟ် အပြစ်များ တိုးပွားစေလျှင် ၎င်း၏နှလုံးသားတစ်ခုလုံး မည်းနက်သွားပေလိမ့်မည်" ဟူ၍ဖြစ်သည်။ ဤသည်က အဆုံး တွင် လူသား ကိုအမှားမှ အမှန်ကိုခွဲခြားခြင်း ဟူသည့် သဘာဝလုပ်နိုင်စွမ်းကို ကင်းမဲ့သွားစေပါသည်။ ဤသည်ကြောင့် အကျိုးဆက်အဖြစ် အကောင်းကို အဆိုးအဖြစ်လည်းကောင်း၊ အန္တရာယ်ဖြစ်သည်ကို အသုံးဝင်သည်အဖြစ် လည်း ကောင်း၊ အသုံးဝင်သည်ကို အန္တရာယ် ဖြစ်သည်ဟူ၍ လည်းကောင်း လက်ခံသွားစေပါသည်။

လူသားနားလည်သဘောပေါက်မှု၏ ဤဖောက်ပြန်မှုကို ကုရ်အာန်ကျမ်းတော်မြတ်က 'ရာန်'ဟူ၍ အမည်တပ် ကာ နှလုံးသားသံချေးတက်မှုဟု ဖော်ပြထားသည်။ ဤအာယသ်တွင်နှင့် ကုရ်အာန်ကျမ်းမြတ်၏ အခြားအာယသ် များတွင်ပါဤအခြေအနေကို "သွဗအ" ဟု အမည်ပေးခဲ့သည်။ သူတို့၏နှလုံးသားများ တံဆိပ်ခတ်နှိပ်ခံရခြင်း၏ရလဒ်ကို အာယသ်တော်အဆုံး၌ فَهُمْ لَا يَسْمَعُوْنَ "၎င်းတို့သည် (မှန်ကန်သောတရား ဒေသနာများကို) နားဆင်နိုင်ကြမည် မဟုတ်ချေ" ဟု ဖော်ပြထားသည်။ ဤမူရင်းစာသားတွင် فَهُمْ لَا يَفْقَهُوْنَ "၎င်းတို့ နားလည်သဘောမပေါက်ကြပါ" ဟူသော အသုံးအနှုန်းသည် ပို၍ဆီလျော်အပ်စပ်လိမ့်မည်ဟု ထင်မှတ်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် နှလုံး သား တံဆိပ်ခတ်နှိပ်မှု၏ ဆိုးဝါးသော အကျိုးသက်ရောက်မှုမှာ နားလည်သဘောပေါက်နိုင်စွမ်းနှင့် ပတ်သက်ကာ နားထောင်ခြင်းနှင့် မပတ်သက်သည်မှာ ထင်ရှားသည်။ ကုရ်အာန်ကျမ်းတော်မြတ်က "နားဆင်သည်" ဟူသော စကား လုံး သုံးထားရခြင်းမှာ နားလည် သဘောပေါက်ခြင်းသည် များသောအားဖြင့် အမှန်တရားကို နားထောင်ခြင်း၏ ရလဒ် ဖြစ်ကြောင်း ရည်ညွှန်းရန်ဖြစ်သည်။ ၎င်းတို့နှလုံးသားများ တံဆိပ်ခတ်ခဲ့သောကြောင့် သူတို့မှာ အမှန်တရားကို နား ထောင်နိုင်စွမ်း မရှိတော့ချေ။ ဤသည်နှင့်ပတ်သက်၍ အခြားရှင်းလင်းမှုကား လူသားအားလုံး၏ စွမ်းရည်နှင့်ခန္ဓာကိုယ် အစိတ်အပိုင်းများသည် လူနှလုံးသား၏ ထိန်းချုပ်မှုအောက်တွင်ရှိသည်ဟူ၍ ဖြစ်နိုင်သည်။ ဆိုလိုသည်မှာ လူသား၏ အားလုံးသော အစိတ်အပိုင်း လုပ်ငန်းစဉ်သည် နှလုံးသား၏ စွမ်းဆောင်နိုင်မှု ပျက်ပြားလျှင် ဆိုးဆိုးဝါးဝါး ထိခိုက်စေ သည်။ တစ်စုံတစ်ဦးသည် မည်သူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ မည်သည့်အရာကိုဖြစ်စေ ချစ်ခင်နှစ်သက်လျှင် ထိုသူ (သို့မဟုတ်) ထိုအရာတွင်ရှိ အကောင်း (သို့မဟုတ်) အဆိုး အရာရာတိုင်းကို ၎င်းနှစ်သက်ပေသည်။

အာယသ် ၁၀၁ ထဲတွင် تِلْكَ الْقُرٰى نَقُصُّ عَلَيْكَ مِنْ اَنْۢبَآئِهَا "ဤသည်တို့ကား (ရှေးဟောင်းခေတ်၏) အကြင်မြို့ရွာဒေသများ ပင်တည်း။ ငါအရှင်မြတ်သည် ထိုမြို့ရွာဒေသများ၏ အချို့အထွာပွတ္တိများကို အသင့်ရှေ့ဝယ် ပြန်၍ ပြောကြားတော်မူလေသည်"ဟူသည့် စကားစုထဲတွင်ပါဝင်သည်။ အရဗီ အသုံးအနှုန်းအရ نَبَأ 'နဗ' ဟူသော စကားလုံးသည် ကြီးကျယ်သောသတင်းအချို့ကို ရည်ညွှန်းသည်။ مِنْ မင်နှ်ဟူသောစကားလုံးနှင့်တွဲလျှင် အာယသ် တော်က ဤအာယသ်များထဲတွင် ဖော်ပြထားခဲ့သော အဖြစ်အပျက်များသည် တူညီသောသင်ခန်း စာပါဝင်သည့် မြောက်မြားစွာသော အဖြစ်အပျက်အနက်မှ အချို့သာဖြစ်သည်ဟူ၍ ရည်ညွှန်းသည်။ အာယသ်တော်က ဆက်လက်

မိန့်ထားသည်မှာ "ဇကန်စင်စစ် ထိုမြို့ရွာဒေသတို့၌ မှီတင်းနေထိုင်ကြသောသူတို့ထံ ၎င်းတို့၏ရစူလ်တမန်တော်များသည် ထင်ရှားလှစွာသော သက်သေလက္ခဏာများနှင့်တကွ ရောက်ရှိလာခဲ့ကြလေသည်။ ၎င်းတို့သည် ယခင်က (တစ်ကြိမ်) မိမိတို့မဟုတ် မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသောအရာများကို ယုံကြည်မည့်သူများ မဟုတ်ခဲ့ကြချေ"ဟူ၍ ဖြစ်သည်။ ဤသည်က အများအမှန် ဆုံးဖြတ်နိုင်ရန် တိကျသည့် နည်းလမ်းများဖြစ်သော တန်ခိုးပြာဋိဟာ(သို့မဟုတ်) ထင်ရှားသောလက္ခဏာများကို သယ်ဆောင်လာသည့် တမန်တော်များအပေါ် ၎င်းတို့၏ခေါင်းမာသော သဘောထားကို ဖော် ထုတ်ထားသည်။ ဤသူများသည် အမှန်တရားကို ခေါင်းမာစွာငြင်းပယ်ခဲ့ကြသည်။ ဤသည်မှာလည်း ၎င်းတို့သည် တမန်တော်များကို တစ်ချိန်က မမှန်မကန်ဟု ပြောဆိုထား၍ဖြစ်သည်။

အာယသ်တော်မှ ကျွန်ုပ်တို့သိရသည်မှာ တမန်တော်များအားလုံးကို မုအ်ဂျိဇဟ် တန်ခိုးပြာဋိဟာ ပေးထားခဲ့ကြောင်းဖြစ်သည်။ တမန်တော်အချို့၏ မုအ်ဂျိဇဟ် တန်ခိုးပြာဋိဟာကို ကုရ်အာန်ကျမ်းတော်မြတ် ၌ ဖော်ပြထားသကဲ့သို့ များစွာသော တမန်တော်များ၏ မုအ်ဂျိဇဟ်တန်ခိုးပြာဋိဟာကို ဖော်ပြမထားခဲ့ပါ။ ယင်းကြောင့် တစ်စုံတစ်ဦးသည် ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ ဖော်ပြမထားသော တမန်တော်များ၌ မုအ်ဂျိဇဟ်တန်ခိုးပြာဋိဟာ မပေးအပ်ဟု သဘောမသက်ရောက်ချေ။ စူရဟ်ဟူဒ်တွင် တမန်တော်ဟူဒ် [a] က သခင်၏လူများနှင့် ပတ်သက်သော အဆိုအမိန့်တွင် **مَا جِئْتَنَا بِبَيِّنَةٍ** "အို-ဟူဒ် အသင်သည် (မိမိပြောဆိုချက်နှင့်စပ်လျဉ်း၍) ကျွန်ုပ်တို့ထံ ထင်ရှားသော သက်သေသာဓက တစ်စုံတစ်ရာကိုမျှ ယူဆောင်ခဲ့သည် မရှိချေ" (၁၁း၅၃) နှင့်ပတ်သက်၍ ၎င်းတို့၏ပြောဆိုချက်သည် သူတို့၏ ခေါင်းမာမှုကြောင့် ဖြစ်ကြောင်း ဤအာယသ်တော်က ရှင်းလင်းစွာ ရည်ညွှန်းသည်။ သို့မဟုတ်လျှင် တမန်တော်ဟူဒ် [a] ၏ မုအ်ဂျိဇဟ်များသည် ထင်ရှားမှုမရှိဟု ထင်မှတ်ခဲ့၍ဖြစ်သည်။

နောက်တစ်ချက်မှတ်သားရမည်မှာ လက်ရှိအာယသ်တော်သည် မသိနားမလည်မှုနောက်သို့ စွဲစွဲမြဲမြဲနှင့် ခေါင်းမာစွာလိုက်သော မယုံကြည်သူတို့၏ တစ်မူထူးခြားမှုကို မိန့်ကြားထားသည်။ ယင်းသို့လုပ်ဆောင်ခြင်းမှာ မှန်ကန်မှု၏ သက်သေပြချက်ရှိလင့်ကစား ယင်းတို့က တစ်ချိန်ကပြောကြားခဲ့သည်များ မှန်ကန်ကြောင်း သက်သေပြရန်သာ ဖြစ်သည်။ မုစ်လင်မ်အများစုနှင့် အချို့သော အိုလမာ(သာသနာ့ပညာရှင်များ)သည်ပင်လျှင် မှန်ကန်မှု၏ ထင်ရှားသော သက်သေပြချက်များရှိလင့်ကစား ၎င်းတို့၏မှားယွင်းသော အဆိုအမိန့်များကို ထောက်ခံပံ့ပိုးသည့် ထိုကဲ့သို့သော အကျင့်များ ရှိကြဟန်တူပါသည်။ ဤကဲ့သို့သော အခြေအနေသည် အလ္လာဟ်အရှင်မြတ် အမျက်တော်ရှစေသည့် ဖြစ်ရိုးဖြစ်စဉ် အကြောင်းရင်းပင်ဖြစ်ပါ တော့သည်။ (မစာအိလိ စုလူးက်)

ထို့နောက် အာယသ်တော်က **كَذٰلِكَ يَطْبَعُ اللّٰهُ عَلٰى قُلُوْبِ الْكٰفِرِيْنَ** "ငါအရှင်မြတ်သည် ၎င်းတို့၏ စိတ်နလုံးများအပေါ်၌ တံဆိပ်ခတ်နှိပ်ထားတော်မူသဖြင့်"ဟူ၍ မိန့်ထားသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်သည် အမှန်တရားကို ငြင်းပယ်ပြီး မယုံကြည်သွေဖည်သူများ၏ နှလုံးသားများအား တံဆိပ်ခတ်နှိပ်လိုက်သောကြောင့် ၎င်းတို့သည် အကောင်းများကို ကောင်းသည်ဟု လက်ခံနိုင်စွမ်းမရှိတော့ပါ။ အာယသ်(၁၀၂)တွင် "ငါအရှင်မြတ်သည် ၎င်းတို့အနက် မြောက်မြားစွာသောသူတို့၌ ကတိသစ္စာတည်ကြည်မှုကို တွေ့ရှိတော်မမူခဲ့ချေ" ဟူ၍ မိန့်ထားသည်။ ဆွဟာဗဟ်ကြီး အဗ်ဒုလ္လာဟ်အိဗ်နုအဗ်ဗားစ် [d] က ပြောသည်မှာ ဤအာယသ်ထဲတွင် ရည်ညွှန်းထားသော ကတိသစ္စာသည် **عهد اَلَسْتُ** ဟုခေါ်သော ကတိသစ္စာပင်ဖြစ်ပါသည်။ ဤကတိသစ္စာသည် အဖန်ဆင်းခံအားလုံးတို့အား ၎င်းတို့ကို မဖန်ဆင်းမီအလျင် အလ္လာဟ်အရှင်မြတ်နှင့် ယင်းတို့အားလုံး၏ ဝိညာဉ်များနှင့် ကတိသစ္စာပြုလုပ်ချက်ပင် ဖြစ်ပါသည်။ အလ္လာဟ်အရှင်သည် ၎င်းတို့ကို **اَلَسْتُ بِرَبِّكُمْ** "ငါသည် အသင်တို့၏ အရှင်သခင်မဟုတ်ပါသလော"ဟု မိန့်သောအခါ၌

အားလုံးသော လူသားများ၏ဝိညာဉ်တို့က "ဟုတ်မှန်ပါသည်"ဟု ဖြေကြားခဲ့ပါသည်။ လူအများစုတို့သည် ၎င်းတို့ ကမ္ဘာမြေပြင်သို့ ရောက်ပြီးသောအခါတွင် ဤကတိသစ္စာကို မေ့လျော့ကာ အလ္လာဟ်အရှင်မြတ်ကို ကိုးကွယ်ရမည့်အစား မှားယွင်းသော ဘုရားများအား ကိုးကွယ်ခြင်းတွင် နစ်မွန်းခဲ့ကြပါသည်။ ထို့ကြောင့် အာယသ်တော်က လူအများအပြားသည် ကတိသစ္စာမတည်ကြောင်း အလ္လာဟ်အရှင်မြတ် တွေ့ရှိခဲ့သည်ဟု မိန့်ကြားထားသည်။ (သဖိစီရ်ကဗီးရ်)

ရိုသေလေးစားရပါသော ဆွဟာဗဟ်ကြီး အဗ်ဒုလ္လာဟ်အိဗ်နမတ်စ်အူးဒ် [d] သခင်ကပြောသည်မှာ ဤအာယသ်တော်ထဲတွင် ရည်ညွှန်းထားသော ကတိသစ္စာဆိုသည်မှာ ယုံကြည်ခြင်းအီမာန်နှင့် ပတ်သက်သော ကတိသစ္စာဖြစ်ပါသည်။ ယင်းအား ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် إِلَّا مَنِ اتَّخَذَ عِندَ الرَّحْمَٰنِ عَهْدًا ဟူသော စကားလုံးတို့ဖြင့် ညွှန်းထားပါသည်။ ဤအာယသ်ပါ ကတိသစ္စာအား အီမာန်နှင့်ပတ်သက်သော ကတိသစ္စာဟု ဖော်ညွှန်းထားပါသည်။ ထို့ကြောင့် အာယသ်တော်က လူအများသည် ၎င်းတို့ အလ္လာဟ်အရှင်မြတ်နှင့် ပြုလုပ်ထားသော ကတိသစ္စာမှ သွေဖည်သွားသည်ဟု ရည်ညွှန်းထားပါသည်။ ကျွန်ုပ်တို့ အမြဲလိုလိုသတိမူမိသည်မှာ လူတိုင်းသည် အချို့သော ဘေးဒုက္ခနှင့် ကြုံတွေ့ရသောအခါတွင် မည်မျှပင် ဂုနာဟ်များပြုနေသောသူဖြစ်လင့်ကစား အကယ်၍ သူသည် ဤဒုက္ခဘေးဆိုးမှ ကယ်တင်ခြင်းခံရပါက သူသည် အလ္လာဟ်အရှင်မြတ်အား သစ္စာစောင့်သိရိုသေပါမည်။ ၎င်းနောက် အရှင်အား မနာခံခြင်းတို့မှ ရှောင်ကြဉ်ပါမည်ဟူ၍ နှလုံးသားထဲမှ သစ္စာစကားများဆိုကြပါသည်။ သို့ရာတွင် ထိုသူတို့သည် ဘေးဒုက္ခမှ လွတ်ကင်းသွားသည်နှင့်တစ်ပြိုင်နက်တည်း ၎င်းတို့ အလ္လာဟ်အရှင်မြတ်နှင့် ပြုလုပ်ထားသော ကတိသစ္စာကို အလေးမထားဘဲ ၎င်းတို့၏ လောကီဆိုင်ရာ ဆန္ဒများတွင်သာ နစ်မွန်းသွားကြသည်။

ကျမ်းတော်မြတ်ကုရ်အာန်ထဲတွင် ထိုကဲ့သို့သော လူများအကြောင်းကို မိန့်ကြားထားသည်။ အာယသ်တော်က "၎င်းတို့အားလုံး" ဟု မမိန့်ကြားဘဲ "၎င်းတို့အများစု" ဟု ခွဲခြားချက်ထားကာ မိန့်ထားကြောင်း သတိမူမိပါလိမ့်မည်။ ထိုကဲ့သို့ မိန့်ထားရခြင်းမှာ ဒုက္ခရောက်နေစဉ်တွင်ပင် ကပြောင်းတိကပြောင်းပြန်နေသောကြောင့် အချို့သူတို့သည် အလ္လာဟ်အရှင်မြတ်၏ ဘက်တော်သို့မလှည့်ဘဲ အလ္လာဟ်အရှင်မြတ်နှင့် ကတိသစ္စာပြုလုပ်ရန် စဉ်းစားကြသကဲ့သို့ အချို့သောသူများသည် ၎င်းတို့၏ကတိသစ္စာကို ဖြည့်ဆည်းကာ အလ္လာဟ်အရှင်မြတ်အား ရိုကျိုးနာခံခဲ့ကြပါသည်။ အာယသ်၏အဆုံးတွင် "ငါအရှင်မြတ်သည် ၎င်းတို့အနက် မြောက်မြားစွာသောသူတို့အား တရားလမ်းမှန်ကို ဖယ်ရှားသူများသာ တွေ့ရှိတော်မူခဲ့လေသတည်း" ဟူသော စကားစုပါဝင်ပါသည်။ ဆိုလိုသည်မှာ လူအများစုသည် အလ္လာဟ်အရှင်မြတ်အား ရိုကျိုးနာခံသည့်အနေအထားတွင် တည်ရှိနေပါမည်ဟူသော ၎င်းတို့၏ကတိသစ္စာမှ သွေဖည်သွားခဲ့ကြပါသည်။

အထက်ပါ အာယသ်များထဲတွင် အစောပိုင်းရှိလူများတို့နှင့် ပတ်သက်သော အဖြစ်အပျက် ငါးခုအား ဖော်ပြထားကာ ၎င်းတို့အား ပျက်စီးခြင်း ဖြစ်သွားစေနိုင်သည့် ၎င်းတို့ ဘိုး၊ ဘွား၊ ဘီ၊ ဘင်တို့လမ်းစဉ်ကို လိုက်နာခြင်းမှ ရှောင်ကြဉ်နိုင် စေရန်အတွက် လက်ရှိလူများအား သင်ခန်းစာ ရရှိစေနိုင်ပါသည်။

ဤပါဒထဲတွင် အစောပိုင်းက လူတို့၏ အဖြစ်အပျက်များ အားလုံးကို ဖော်ပြပြီးသည့်နောက် နောက် ဖော်ပြမည့်အဖြစ်အပျက်သည် တမန်တော်မူစာ [a] ၏ အကြောင်းပင်ဖြစ်ပါသည်။ ယင်းအဖြစ်အပျက်ကို နောက်လာမည့် အာယသ်များတွင် အသေးစိတ်အချို့နှင့် ဖော်ပြထားရခြင်းမှာ ၎င်း၏တန်ခိုးပြာဋိဟာများ သည် အရေအတွက် များပြားပြီး ပိုမို (သို့မဟုတ်)ထင်ရှားသော သဘောသဘာဝရှိသောကြောင့် ဖြစ်ပါသည်။ အလားတူစွာပင် သူ၏ အစွမ်းရေးလ်

လူမျိုးများသည် ကမ္ဘာပေါ်တွင်ရှိ အခြားသောလူမျိုးများထက် ပို၍ ခေါင်းမာကာ မသိနားမလည်သောသူများ ဖြစ်ကြပါသည်။ ထပ်လောင်းကာ အာယသ်များ (၁၀၃-၁၁၀)ထဲတွင် အမိန့်ပညတ်ချက် အချို့နှင့် ဆွေးနွေးရန်အချက်များ ပါဝင်ပါသည်။

## အာယသ် (၁၀၃-၁၁၈)

ثُمَّ بَعَثْنَا مِنْۢ بَعْدِهِمْ مُّوْسٰى بِاٰيٰتِنَاۤ اِلٰى فِرْعَوْنَ وَ مَلَا۟ئِهٖ فَظَلَمُوْا بِهَا ۚ فَانْظُرْ كَيْفَ كَانَ عَاقِبَةُ الْمُفْسِدِيْنَ ﴿۱۰۳﴾ وَ قَالَ مُوْسٰى يٰفِرْعَوْنُ اِنِّيْ رَسُوْلٌ مِّنْ رَّبِّ الْعٰلَمِيْنَ ﴿۱۰۴﴾ حَقِيْقٌ عَلٰۤى اَنْ لَّاۤ اَقُوْلَ عَلَى اللّٰهِ اِلَّا الْحَقَّ ؕ قَدْ جِئْتُكُمْ بِبَيِّنَةٍ مِّنْ رَّبِّكُمْ فَاَرْسِلْ مَعِيَ بَنِيْۤ اِسْرَآءِيْلَ ﴿۱۰۵﴾ قَالَ اِنْ كُنْتَ جِئْتَ بِاٰيَةٍ فَاْتِ بِهَاۤ اِنْ كُنْتَ مِنَ الصّٰدِقِيْنَ ﴿۱۰۶﴾ فَاَلْقٰى عَصَاهُ فَاِذَا هِيَ ثُعْبَانٌ مُّبِيْنٌ ﴿۱۰۷﴾ وَّ نَزَعَ يَدَهٗ فَاِذَا هِيَ بَيْضَآءُ لِلنّٰظِرِيْنَ ﴿۱۰۸﴾

တစ်ဖန် ငါအရှင်မြတ်သည် ထိုရစူလ်တမန်တော်များ၏ နောက်တွင် (နဗီတမန်တော်)မူစာအား မိမိသက်သေ လက္ခဏာတော်များနှင့်တကွ ဖိရ်အောင်နှင့် ၎င်း၏ အကြီးအမှူးတို့ထံ စေလွှတ်တော်မူခဲ့ရာ ၎င်းတို့သည် ထိုသက်သေ လက္ခဏာတော်များကို မထီမဲ့မြင်ပြုခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်ကြသူတို့၏ နောက်ဆုံးအဖြစ်သည် မည်သို့ ဖြစ်ခဲ့သည်ကို အသင်ရှုပါလော။ (၇ : ၁၀၃)

၎င်းပြင်၊ (နဗီတမန်တော်) မူစာက "အို-ဖိရ်အောင်နှ် ငါသည် ဧကန်စင်စစ် စကြဝဠာ ခပ်သိမ်းတို့ကို ဖန်ဆင်း မွေးမြူသောမူသော အရှင်မြတ်အထံတော်မှ စေလွှတ်ခြင်း ခံရသော ရစူလ်တမန်တော်တစ်ပါးပင် ဖြစ်ချေသည်"ဟု ပြောကြားခဲ့လေ၏။ (၇ : ၁၀၄)

အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ (တစ်စုံတစ်ရာကို ကြံဖန်လီဆယ် ပြောဆိုခြင်း မပြုဘဲ) အမှန်ကိုသာပြောဆိုရန် ငါ၏အပေါ်၌ တာဝန်ရှိပေသည်။ ငါသည် ဧကန်စင်စစ် အသင်တို့ထံ အသင်တို့၏ အရှင်မြတ်အထံတော်မှ ထင်ရှားစွာသော သက်သေလက္ခဏာကို ယူဆောင်ခဲ့လေပြီ။ သို့ဖြစ်ပေရာ (အို-ဖိရ်အောင်နှ်) အသင်သည် အိစ္စရာအီလီ အမျိုးသားတို့အား ငါနှင့် အတူထည့်လိုက်ပါ။ (၇ : ၁၀၅)

ထိုအခါယင်း (ဖိရ်အောင်နှ်)က ပြန်ပြောသည်မှာ (အို-မူစာ) အသင်သည် သက်သေလက္ခဏာ တစ်စုံတစ်ရာကို ယူဆောင်ခဲ့၍ မှန်ကန်စွာ ပြောဆိုသူ တစ်ဦးဖြစ်ခဲ့ပါလျှင် ထိုသက်သေလက္ခဏာကို (ငါ၏ရှေ့ဝယ်) တင်ပြလော့ဟု ပြန်ပြောလေ၏။ (၇ : ၁၀၆)

**ထိုအခါ ထိုနဗီတမန်တော် (မူစာ)သည် မိမိတောင်ဂေးကို (မြေကြီးပေါ်သို့) ပစ်ချလေရာ ရုတ်တရက် ထိုတောင်ဂေးသည် ထင်ရှားသောမြွေ(နဂါး) တစ်ကောင် ဖြစ်နေလေ၏။ (၇ : ၁၀၇)**

**ၿပီးပြင် ထိုနဗီတမန်တော် (မူစာ) သည် မိမိ၏လက်ကို (မိမိရင်တွင်း/ချိုင်းကြားမှ) အပြင်သို့ဆွဲ၍ထုတ်ခဲ့ရာ ရုတ်တရက်ထိုလက်မှာ ကြည့်ရှုသူတို့ ရှေ့တွင် ထွန်းတောက်လျက်ရှိနေလေ၏။ (၇ : ၁၀၈)**

အာယသ်(၁၀၃)က မိန့်ထားသည်မှာ တမန်တော်များဖြစ်သော နူဟ်၊ ဟူဒ်၊ ဆွာလိဟ်၊ လူဒ်နှင့် ရှိုအိုင်ဗ် a တို့၏ နောက်တွင် အလ္လာဟ်အရှင်မြတ်သည်၊ အရှင်မြတ်၏ သက်သေလက္ခဏာတော်များနှင့် အတူ တမန်တော်မူစာ a အားဖေရိုနှင့်သူ၏လူများထံသို့ စေလွှတ်ခဲ့သည်။ "သက်သေလက္ခဏာတော်များ"သည် သောင်ရာသိကျမ်းတော်၏ အာယသ်တော်များ သို့မဟုတ် တမန်တော်မူစာ a ပြသသော တန်ခိုးပြာဋိဟာများကို ရည်ညွှန်းနိုင်ပါသည်။ 'ဖေရို' ဟူသောစကားလုံးသည် အီဂျစ်ဘုရင်တို့၏ဘွဲ့ဖြစ်ပါသည်။ တမန်တော်မူစာ a ၏ လက်ထက်က ဖေရိုဘုရင်၏ အမည်သည် မာနပ်က်သာဖြစ်ပါသည်။ ဤနေရာတွင်ပါရှိသော **فَظَلَمُوْا بِهَا** "ငင်းတို့သည် ထိုသက်သေလက္ခဏာတော်များကို မထီမဲ့မြင်ပြုခဲ့ကြလေသည်"ဟူသောစကားစုက ထိုသူများသည် အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များကို အလေးမမူဂရုမပြုဘဲ အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်ရှိကာ ယင်းတို့အား သက်ဝင်ယုံကြည်ရမည့်အစား အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များကို ထိုသူများက ငြင်းပယ်ခဲ့ကြသည်ဟု ဆိုလိုပါသည်။ **ظلم** ဟူသော စကားလုံးကို 'မှားယွင်းခြင်း' (သို့မဟုတ်) မတရားမှုပြုခြင်းဟု ဘာသာပြန်ဆိုထားခဲ့ပါသည်။ အမှန်မှာမူ ထိုစကားလုံးက ဖန်ဆင်းထားခြင်း၏ ဆန့်ကျင်ဘက် ရည်ရွယ်ချက်ဖြင့် တစ်စုံတစ်ရာအား သုံးစွဲခြင်းလို့ ဖော်ညွှန်းပါသည်။ ဆက်လက်၍ **فَانْظُرْ كَيْفَ كَانَ عَاقِبَةُ الْمُفْسِدِيْنَ** "သို့ဖြစ်ပေရာ ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်ကြသောသူတို့၏ နောက်ဆုံး အဖြစ်သည် မည်သို့ ဖြစ်ခဲ့သည်ကို အသင်ရှုပါလေ"ဟု မိန့်ထားသည်။ တစ်ဖန်လူအများအား ဤအဖြစ်အပျက်များမှ သင်ခန်းစာရယူရန် ဖိတ်ခေါ်ကာ ငင်းတို့၏ကံကြမ္မာကို စဉ်းစားဆင်ခြင်စေပါသည်။

အာယသ်တော်သည် ဖေရို၏ ရှေ့မှောက်၌ တမန်တော်မူစာ a က သူသည်စကြဝဠာအပေါင်း တို့၏ အရှင်သခင်၊ အလ္လာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါးဖြစ်ကြောင်း ထင်ရှားပြတ်သားသည့် ကြေညာ ချက်တစ်ခုဖြစ်ပါသည်။ ၎င်းနောက် သူ၏တမန်တော်ဖြစ်ခြင်းက အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်သော အမှန်တရားတို့မှလွဲ၍ ထိုအရှင်နှင့် တုဖက်ယှဉ်တွဲကိုးကွယ်သည်များကို သူတွင်လုပ်ပိုင်ခွင့်မရှိ။ အဘယ်ကြောင့်ဆိုသော် တမန်တော်များအား အလ္လာဟ်အရှင်မြတ်ပေးသော သတင်းစကားသည်၊ မြင့်မြတ်သော ယုံကြည်အပ်နှံမှုဖြစ်ကာ၊ ယင်းအား မတော်မတရား ပြုပြင်ပြောင်းလဲခြင်းသည် ကြီးလေးသောပြစ်မှု ဂုနာဟ်တစ်ခုပင်ဖြစ်ပါသည်။ အလ္လာဟ်အရှင်မြတ်၏တမန်တော် အားလုံးတို့သည် ပြစ်မှုဂုနာဟ် အလုံးစုံတို့မှ ကင်းစင်ကြပြီး ထိုကဲ့သို့ ပြုပြင်ပြောင်းလဲခြင်းမျိုးများကိုလည်း မလုပ်ဆောင်ကြပါ။ တမန်တော်မူစာ a က၊ သူ၏မှန်ကန်မှုသည် မေးစရာပင်မလိုအပ်ပါ။ သူသည် ဘယ်သောအခါမျှ မမှန်မကန် မပြောဆိုခဲ့ပါ။ ထို့ကြောင့် ထိုသူများက မူစာ a အား ယုံကြည်ရန်ကြိုးစား၍ ဖျောင်းဖျပြောဆိုခဲ့ပါသည်။ ဤသည်ကို ထပ်ဆောင်းကာ သူ၏တန်ခိုးပြာဋိဟာများကလည်း၊ သူတမန်တော်ဖြစ်ကြောင်း အခိုင်အမာ ပြောဆိုချက်ကို အထောက်အကူပြုသည့် ထင်ရှားသော သက်သေသာဓကများ ဖြစ်ပါသည်။

ဤထင်ရှားသော လက္ခဏာများအရ ဖေရိုသည် သူ့အား ယုံကြည်ရမည်ဖြစ်ပြီး အစွဖေးလူမျိုးတို့အား ဖေရိုဏ်၏ တရားမဝင် စောင့်ကြည့်မှုမှကင်းရှင်းကာ သူနှင့်အတူ ထွက်ခွာစေရပါမည်။ ဖေရိုသည် သူ၏ ခေါင်းမာမှုကြောင့် မည်သည်ကိုမှ မနာယူဘဲ **اِنْ كُنْتَ جِئْتَ بِاٰيَةٍ فَاْتِ بِهَاۤ اِنْ كُنْتَ مِنَ الصّٰدِقِيْنَ** "(အို-မူစာ) အသင်သည် သက်သေလက္ခဏာ တစ်စုံတစ်ရာကို ယူဆောင်ခဲ့၍ မှန်ကန်စွာ ပြောဆို သူတစ်ဦး ဖြစ်ခဲ့ပါလျှင် ထိုသက်သေလက္ခဏာကို (ငါ၏ ရှေ့ဝယ်) တင်ပြလော့" ဟု ပြောကာ တောင်းဆိုခဲ့လေသည်။ တမန်တော် မူစာ [a] သည် ဖေရိုဏ်၏တောင်းဆိုမှုအား တုံ့ပြန်သည့်အနေဖြင့် သူ၏ တောင်ဝှေးအား မြေကြီးပေါ်သို့ ပစ်ချလိုက်သော အခါ၌ ယင်းသည် တစ်မှုတ်ချင်းပင် မြွေ(နဂါး)တစ်ကောင် အဖြစ်သို့ ပြောင်းလဲသွားခဲ့ပါသည်။ **فَاِذَا هِيَ ثُعْبَانٌ مُّبِيْنٌ** "ဆုအ်ဗာန်" ဟူသော စကားလုံးသည် အရဗီဘာသာအရ ကြီးမားသော မြွေ(နဂါး)တစ်ကောင်ဟု ဖော်ညွှန်းပါသည်။ "မုဗီန်"ဟူသော စကားလုံးအား နာမဝိသေသနအဖြစ် သုံးစွဲထားသည်။ ယင်း၏အဓိပ္ပာယ်မှာ ထင်ရှားခြင်း၊ ပေါ်လွင်ခြင်း ဟူ၍ ဖြစ်ပါသည်။ တောင်ဝှေးမှ မြွေနဂါးအဖြစ် ပြောင်းလဲခြင်းကို မျက်လှည့်ဆရာများ ပြုလေ့ရှိသည့် သီးသန့်နေရာမှသော်လည်းကောင်း၊ ဖုံးကွယ်ထားသော နေရာမှသော်လည်းကောင်း လျှို့ဝှက်စွာလုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ ဖေရိုနှင့်သူ၏လူများ မျက်စိရှေ့တွင် ဤတန်ခိုးပြာဋိဟာကို ထင်ရှားစွာပြသခဲ့သည် ဟူသောအချက်ကို ဖော်ထုတ်ထားပါသည်။ အချို့သောရာဇဝင် အကြောင်းအရာတို့ပါဝင်သော ဟဒီးစ်တော်များတွင် ဆွဟာဗဟ်သာဝကြီး အစ်ဗ်နိုအစ်ဗားစ် [d] ၏ တင်ပြချက်အရ မြွေနဂါးသည် ဖေရိုထံ ဦးတည်သွားသောအခါ၌ သူသည် သလွန်ထက်မှခုန်ချကာ တမန်တော်မူစာ [a] အနီးအနားတွင် အကာအကွယ်ယူခဲ့ပါသည်။ ၎င်းနောက် မြောက်မြားစွာသော နန်းတွင်းသူ၊ နန်းတွင်းသားတို့သည် အကြောက်လွန်ကာ သေဆုံးခဲ့ကြသည်။ (သဖ်စီရ်ကဗီးရ်)

တောင်ဝှေးအား အသက်ရှိသော မြွေနဂါးတစ်ကောင်အဖြစ်သို့ ပြောင်းလဲခြင်းသည် အမှန်တကယ်မှာ တွေးထင်ထားသကဲ့သို့ လုံးဝမဖြစ်နိုင်တော့ပါ။ သို့သော်လည်း ယင်းကိစ္စသည် ဖြစ်ရိုးဖြစ်စဉ်မဟုတ်သောကြောင့် အံ့သြဖွယ်ရာဖြစ်ပါသည်။ တန်ခိုးပြာဋိဟာဆိုသည်မှာ ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော အရာမျိုးဖြစ်ရပါမည်။ သာမန်လူတစ်ဦး အစွမ်းဖြင့် မလုပ်ဆောင်နိုင်ပါ။ အလ္လာဟ်အရှင်သည် တန်ခိုးပြာဋိဟာများကို အရှင်၏ တမန်တော်များမှတစ်ဆင့် ပြသတော်မူပါသည်။ သို့မှသာ တမန်တော်များသည် အချို့သော အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်များကို ပိုင်ဆိုင်ကာ၊ အလ္လာဟ်အရှင်မြတ်၏ စစ်မှန်သော တမန်တော်ဖြစ်ကြောင်း လူအများ နားလည် သဘောပေါက်စေပါသည်။ ထိုသည့်နောက် အာယသ် (၇ : ၁၀၈) **وَنَزَعَ يَدَهٗ فَاِذَا هِيَ بَيْضَاۤءُ لِلنّٰظِرِيْنَ** "ဎင်းပြင် ထိုနဗီတမန်တော် (မူစာ) သည် မိမိလက်ကို (မိမိ ရင်တွင်း/ချိုင်းကြား) မှ အပြင်သို့ဆွဲ၍ထုတ်ခဲ့ရာ ရုတ်တရက် ထိုလက်မှာ ကြည့်ရှုသူတို့ရှေ့တွင် ထွန်းတောက်လျက်ရှိနေလေသည်။

အရဗီစကားလုံး **نزع** နဇအ် ဆိုသည်မှာ အခြားသောပစ္စည်းမှ တခြားတစ်စုံတစ်ရာကို အားစိုက် ထုတ်ယူခြင်းဟု ဖော်ပြသည်။ ဤနေရာ၌ ဤစကားလုံးက တမန်တော်မူစာ [a] သခင်သည် ၎င်း၏လက်ကို အပြင်ထုတ်ရာ၌ အားအင်သုံးခဲ့သည်ဟု ရည်ညွှန်းသည်။ အာယသ်တော်တွင် ၎င်းသည် လက်ကို မည်သည့်နေရာမှ ဆွဲထုတ်သည်ဟု မိန့်မထားပါ။ သို့သော်လည်း အခြားအာယသ်များ၌ အချက်နှစ်ရပ် ဖော်ပြထားကြောင်း ကျွန်ုပ်တို့ တွေ့ရှိရသည်။ (၂၇ : ၁၂) အာယသ်တော်ထဲ၌ **اُدْخُلْ يَدَكَ فِيْ جَيْبِكَ** "ဎင်းပြင် သင်သည် မိမိလက်ကို ရင်ခွင်ကြားတွင်သွင်းပါလေ" ဟူ သော စကားလုံးများကို တွေ့ရသည်။ အခြား အာယသ်ဖြစ်သော (၂၀ : ၂၂) ထဲတွင် **وَاضْمُمْ يَدَكَ اِلٰى جَنَاحِكَ** "ထို့ပြင်အသင်သည်မိမိ(ယာဘက်)လက်ကိုမိမိ(ဝဲဘက်)ချိုင်းကြားတွင်သွင်းလေ"ဟူသောစကားလုံးများပါဝင်သည်။

စကားစုနှစ်ရပ်က ၎င်းလက်ကို ၎င်း၏ ချိုင်းကြားမှသော်လည်းကောင်း သို့မဟုတ် ၎င်း၏ ဝတ်ရုံအောက်မှလည်းကောင်း ဆွဲထုတ်ခဲ့သည်ဟု ရည်ညွှန်းသည်။ အရဗီစကားလုံး بَيْضَاءُ ဝိုင်ဒွါဟူသော စကားလုံးသည် အဖြူရောင်ကို ဆိုလိုသည်။ လက်ဖြူဆွတ်မှုမှာ ရောဂါအချို့ ကြောင့်လည်းဖြစ်နိုင်သည်။ ထို့ကြောင့်ပင် ကုရ်အာန်ကျမ်းတော်မြတ်က အခြားသော အာယသ်တော်များဖြစ်သော (၂၈ : ၃၂၊ ၂၇ : ၁၂) များ၌ "အပြစ်အနာအဆာ တစ်စုံတစ်ရာမရှိ" ဟူသော စကားလုံး ထည့်ထားခြင်းဖြင့် ရောဂါတစ်ခုခုကြောင့်ဟူသည့် သံသယကို ပယ်ပျောက်စေသည်။ ဆွဟာဗဟ်သာဝကကြီး အဗ်ဒုလ္လာဟ် အိဗ်နုအဗ္ဗာစ် [d] သခင် တင်ပြခဲ့သည့် ဟဒီးဆ်တစ်ပုဒ်အရ ကျွန်ုပ်တို့ သိရသည်မှာ ဤဖြူဆွတ်မှုမှာ ရိုးရိုးဖြူဆွတ်ခြင်းမျိုးမဟုတ်ချေ။ ယင်းတွင် အလင်းရောင် ပါဝင်ကာ ပတ်ဝန်းကျင်တစ်ခုလုံး အလင်းရောင်ရစေသည်။ (ကုရ်သုဗီ) အရဗီစကားလုံး نَٰظِرِينَ နာဇွရီးန်က "ကြည့်ရှုနေသူများ" ဟု ဖော်ကျူး၍ ထိုအလင်းရောင်သည် အလွန်အံ့သြဖွယ်ဖြစ်၍ လူအများစုဝေး ကြည့်ရှုကြသည်ဟု ရည်ညွှန်းသည်။

တမန်တော်မူစာ [a] သည် ဖိရ်အောင်ဘုရင်၏ တောင်းဆိုမှုကြောင့် ဤအချိန်အခါတွင် မုအ်ဂျိဇာ တန်ခိုးပြာဋိဟာနှစ်ရပ်ပြသခဲ့သည်။ ပထမအနေဖြင့် ၎င်း၏တောင်ဝှေးကို သက်ရှိမြွေနဂါးတစ်ကောင်အဖြစ် ပြောင်းလဲစေခြင်းနှင့် ဒုတိယမှာ လက်ကို ၎င်း၏ချိုင်းအောက်မှ ထုတ်သောအခါ လက်မှအလင်းရောင် ဖြာထွက်လာခြင်းဖြစ်သည်။ ပထမတန်ခိုးပြာဋိဟာမှာ မယုံကြည် သွေဖည်သူများအတွက် သတိပေးချက် ဖြစ်သွားစေကာ ဒုတိယတန်ခိုးပြာဋိဟာမှာ ထိုသူများအား အမှန်တရားဘက်ဆီ ဖိတ်ခေါ်ရန် ရည်စူးသည်။ ထိုတန်ခိုးပြာဋိဟာမှာ တမန်တော်မူစာ [a] သခင် သတင်းစကားသည် အလင်းရောင်တစ်ခုဖြစ်၍ ယင်းနောက်လိုက်ခြင်းဖြင့် လူအများအား ထာဝရအောင်မြင်မှုဆီသို့ ပို့ဆောင်ပါလိမ့်မည်။

## အာယသ် (၁၀၉-၁၁၀)

قَالَ الْمَلَأُ مِنْ قَوْمِ فِرْعَوْنَ إِنَّ هَٰذَا لَسَاحِرٌ عَلِيمٌ ﴿١٠٩﴾ يُرِيدُ أَنْ يُخْرِجَكُمْ مِنْ أَرْضِكُمْ فَمَاذَا تَأْمُرُونَ ﴿١١٠﴾

**ဖိရ်အောင်နှိ၏ အမျိုးသားများအနက်မှ အကြီးအမှူးတို့သည် (ဤသည့် တန်ခိုးပြာဋိဟာများကို တွေ့မြင်ကြသောအခါ) မုဏ္ဍကန် ဤသူသည် တစ်ဖက်ကမ်းခပ် တတ်မြောက်သော ပဉ္စလက်ဆရာတစ်ဦးပင်ဖြစ်သည်ဟု ပြောဆိုကြကုန်သည်။** (၇ : ၁၀၉)

**၎င်းသည် (မိမိပဉ္စလက်ပညာ၏ အစွမ်းဖြင့်) အသင်တို့အား အသင်တို့၏ နယ်မြေ (ဝါ) တိုင်းပြည်မှ ထုတ်ပစ်ရန်ကြံရွယ်လျက် ရှိနေလေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် (ဤကိစ္စနှင့်စပ်လျဉ်း၍) မည်သို့အကြံပေးလို ကြသနည်း။** (၇ : ၁၁၀)

အရဗီစကားလုံး "မလ" သည် ဩဇာတိက္ကမ ရှိသော အကြီးအကဲတို့အတွက် သုံးနှုန်းသည်။ ဤတန်ခိုးပြာဋိဟာကို မြင်တွေ့ရပြီးနောက် ၎င်းတို့ လူအများက တမန်တော်မူစာ [a] သည် တစ်ဖက်ကမ်းခပ် တတ်မြောက်သော ပဉ္စလက်ဆရာတစ်ဦးဖြစ်သည်ဟု ပြောခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးဂုဏ်တော်များအကြောင်း မသိသော ကြောင့် ထိုသူများသည် ဘာမျှပြောစရာမရှိ။ ထိုသူတို့က ဖာရိဘုရင်ကို ဘုရားအဖြစ် ယုံကြည်ခဲ့ပြီး ၎င်းတို့ဘဝ

တစ်လျှောက်လုံး မျက်လှည့်ဆရာများ၏ မျက်လှည့်ပြမှုများကိုသာ ကြည့်ရှုခဲ့ကြရပါသည်။ သို့သော်လည်း ထိုသူတို့သည် တတ်ကျွမ်းသောသူ (တစ်ဖက်ကမ်းခပ် တတ်မြောက်သော) အလီးမ်ဟူသော စကားလုံးထည့်သွင်းခဲ့၍ တမန်တော်မူစာ a ၏ တန်ခိုးပြာဋိဟာပြသမှုများသည် ရိုးရိုးမျက်လှည့်ဆရာ (ပဉ္စလက်ဆရာ)တစ်ဦး မလုပ်နိုင်သည်များဖြစ်ကြောင်း ၎င်းတို့၏ ထင်မြင်ချက်ကို ပြသသည်။ ထို့ကြောင့် သူတို့က တမန်တော်မူစာ a သခင်သည် ပဉ္စလက် (မျက်လှည့်) ပညာတွင် တစ်ဖက်ကမ်းခပ် တတ်မြောက်သူဖြစ်ကြောင်း ပြောကြားခဲ့သည်။

## မုအ်ဂျိဇဟ် တန်ခိုးပြာဋိဟာနှင့် ပဉ္စလက် (မျက်လှည့်)တို့၏ ခြားနားချက်

မုအ်ဂျိဇဟ် တန်ခိုးပြာဋိဟာနှင့် ပဉ္စလက် (မျက်လှည့်) တို့၏ သဘောသဘာဝနှင့် အကျိုးသက်ရောက်မှုတို့မည်မျှကွဲပြား ခြားနားသည်ဆိုသည်မှာ သာမန်အသိဉာဏ်ရှိသော လူတစ်ဦးအတွက်ဆိုလျှင် မည်သည့် ရှင်းလင်းချက်မှ ပေးရန်မလိုချေ။ မျက်လှည့်ဆရာ (ပဉ္စလက်ဆရာ) များသည် အများအားဖြင့် မသန့်ရှင်း၊ မစင်ကြယ် နေထိုင်ကြသည်။ မသန့်ရှင်းမစင်ကြယ်လေ ၎င်းတို့၏ပဉ္စလက်(မျက်လှည့်)တွင် အောင်မြင်လေလေဖြစ်ပေသည်။ တစ်ဖက်တွင် တမန်တော်များမှာ အလွန်သန့်ရှင်း စင်ကြယ်ဆုံးသူများ ဖြစ်ကြသည်။ အခြားထင်ရှားသည့် ထူးခြားမှုမှာ ပဉ္စလက်ဆရာ (မျက်လှည့်ဆရာ)သည် တမန်တော်ဖြစ်ကြောင်း အခိုင်အမာပြောလျှင် မည်သည့်အခါမျှ အောင်မြင်မည်မဟုတ်။ ထို့အပြင် မျက်လှည့် (ပဉ္စလက်)အတတ်ဖြင့် လုပ်ဆောင်သောလုပ်ရပ်တွင် အခြားသောအရာ များကဲ့သို့ပင် ရှုပ်ပိုင်းဆိုင်ရာ အကြောင်းများရှိသည်။ ခြားနားသည်မှာ ယင်းတို့၏အကြောင်းရင်းကို သာမန်လူများ မမြင်အောင် ဖုံးကွယ်ထားသည်။ ထို့ကြောင့်လူများက ယင်းတို့သည် မည်သည့်အကြောင်းခံမျှမပါဘဲ ဖြစ်ခဲ့သည်ဟု မှတ်ယူကြသည်။ ယင်းနှင့်ဆန့်ကျင်စွာ မုအ်ဂျိဇဟ် တန်ခိုးပြာဋိဟာများသည် အလွှာဟ်အရှင့် မုအ်ဂျိဇဟ်တန်ခိုးပြာဋိဟာ တိုက်ရိုက်ပြသမှုတစ်ရပ်ဖြစ်၍ ယင်းတို့တွင် ရှုပ်ပိုင်းဆိုင်ရာ အကြောင်းခံများမရှိချေ။ ထို့ကြောင့် ဤမုအ်ဂျိဇဟ် တန်ခိုးပြာဋိဟာသည် ကုရ်အာန်ကျမ်းတော်မြတ်တွင် တမန်တော်များထံမှမဟုတ်ဘဲ အလွှာဟ်အရှင်မြတ်ထံမှ တိုက်ရိုက်ပြခဲ့ ခြင်းဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ "စင်စစ်မူကား အလွှာဟ်အရှင်မြတ်ပင် ပက်တော်မူခဲ့လေသည်"(၈း၁၇) (ဆိုသော်လည်း ဤကျောက်စရစ်ခဲများကို တမန်တော်မြတ် s သခင်က ဗဒရ်စစ်ပွဲတွင် ပစ်ပေါက်ခဲ့ခြင်းဖြစ်သည်။) အတိုချုပ်ဆိုရသော် တန်ခိုးပြာဋိဟာ မုအ်ဂျိဇဟ်နှင့် ပဉ္စလက်(မျက်လှည့်) တို့မှာ တစ်ခုနှင့်တစ်ခု လုံးဝမတူ ကွဲပြား ခြားနားပေသည်။ အသိပညာရှိသော လူများအတွက် ယင်းမှာ ယင်းနှင့်ပတ်သက်၍ ရှုပ်ထွေးခြင်းမရှိပါ။ သာမန်လူ တစ်ဦးစီ၏ မည်သည့်ဖြစ်နိုင်ဖွယ် ရှုပ်ထွေးမှုမျိုးကိုမဆို ပယ်ရှားရန်မှာ အလွှာဟ်အရှင်မြတ်သည် လမ်းနှစ်ခုတို့စပ်ကြား ထင်ရှားသောကွဲပြားခြားနားမှုကို ပေးထားခဲ့သည်။

ဖာရိဘုရင်၏ လူများပင်လျှင် တမန်တော်မူစာ a သခင် ပြသသော မုအ်ဂျိဇဟ် တန်ခိုးပြာဋိဟာ များသည် ပဉ္စလက်ဆရာများ၏ သာမန်ပြကွက်များနှင့် မတူကြောင်း တွေ့ရှိခဲ့သည်။ ထို့ကြောင့် တမန်တော်မူစာ a သခင်ကို ပဉ္စလက်ဆရာ (မျက်လှည့်ဆရာ) ဟု စွပ်စွဲခဲ့သည့်တိုင် ၎င်းသည် 'တစ်ဖက်ကမ်းခပ် တတ်မြောက်ကြောင်း' ဝန်ခံခဲ့ကြသည်။ ဆိုလိုသည်မှာ တမန်တော်၏လုပ်ရပ်သည် သာမန် ပဉ္စလက်ဆရာ (မျက်လှည့်ဆရာ)တို့၏ လုပ်ရပ်များနှင့် နှိုင်းယှဉ်၍မရချေ။

အာယသ် (၁၁၁-၁၂၂)

قَالُوْٓا اَرْجِهْ وَ اَخَاهُ وَ اَرْسِلْ فِي الْمَدَآئِنِ حٰشِرِيْنَ ﴿۱۱۱﴾ يَأْتُوْكَ بِكُلِّ سٰحِرٍ
عَلِيْمٍ ﴿۱۱۲﴾ وَ جَآءَ السَّحَرَةُ فِرْعَوْنَ قَالُوْٓا اِنَّ لَنَا لَاَجْرًا اِنْ كُنَّا نَحْنُ الْغٰلِبِيْنَ
﴿۱۱۳﴾ قَالَ نَعَمْ وَ اِنَّكُمْ لَمِنَ الْمُقَرَّبِيْنَ ﴿۱۱۴﴾ قَالُوْا يٰمُوْسٰٓى اِمَّآ اَنْ تُلْقِيَ وَ اِمَّآ
اَنْ نَّكُوْنَ نَحْنُ الْمُلْقِيْنَ ﴿۱۱۵﴾ قَالَ اَلْقُوْا ۚ فَلَمَّآ اَلْقَوْا سَحَرُوْٓا اَعْيُنَ النَّاسِ وَ
اسْتَرْهَبُوْهُمْ وَ جَآءُوْ بِسِحْرٍ عَظِيْمٍ ﴿۱۱۶﴾ وَ اَوْحَيْنَآ اِلٰى مُوْسٰٓى اَنْ اَلْقِ عَصَاكَ
ۚ فَاِذَا هِيَ تَلْقَفُ مَا يَأْفِكُوْنَ ﴿۱۱۷﴾ فَوَقَعَ الْحَقُّ وَ بَطَلَ مَا كَانُوْا يَعْمَلُوْنَ ﴿۱۱۸﴾
فَغُلِبُوْا هُنَالِكَ وَ انْقَلَبُوْا صٰغِرِيْنَ ﴿۱۱۹﴾ وَ اُلْقِيَ السَّحَرَةُ سٰجِدِيْنَ ﴿۱۲۰﴾ قَالُوْٓا
اٰمَنَّا بِرَبِّ الْعٰلَمِيْنَ ﴿۱۲۱﴾ رَبِّ مُوْسٰى وَ هٰرُوْنَ ﴿۱۲۲﴾

ထိုအခါ ယင်း (ဖိရ်အောင်နှ်၏ မှူးမတ်)တို့က (ဖိရ်အောင်နှ်အား ဤသို့)လျှောက်ထား အကြံဉာဏ်ပေးကြလေသည်။ ၎င်းနဗီတမန်တော်(မူစာ)နှင့် ၎င်း၏နောင်တော် (နဗီ တမန်တော်ဟာရွန်)အား ဆိုင်းခွင့်ပေးပါ၊ ဆိုင်းငံ့၍ထားပါ။ ထို့ပြင် အမြို့မြို့ အရွာရွာသို့ မင်းစေများကိုစေလွှတ်ပါ။ (၇း၁၁၁)

ထိုမင်းစေများသည် ဘုရင်မင်းမြတ်၏ထံသို့ (တစ်ဖက်ကမ်းခပ်) ကျွမ်းကျင် တတ် မြောက်သော ပဉ္စလက်ဆရာအပေါင်းတို့ကို (ရှာဖွေ) ခေါ်ဆောင်လာကြပေမည်။
(၇ : ၁၁၂)

ထို့နောက် ပဉ္စလက်ဆရာတို့သည် ဖိရ်အောင်နှ်ထံသို့ ရောက်ရှိလာခဲ့ကြလေသည်။ ထိုပဉ္စလက်ဆရာတို့က အကယ်၍ ကျွန်တော်မျိုးတို့သည် အောင်နိုင်ခဲ့ကြပါလျှင် (ကြီး ကျယ်သော) ဆုလာဘ်တစ်ခုခုကို မုချရရှိကြပါလိမ့်မည်(လော)ဟု ပြောဆိုကြလေ သည်။ (၇ : ၁၁၃)

ထိုအခါ ယင်း(ဖိရ်အောင်နှ်)က (ပြန်၍) ပြောဆိုသည်မှာ "ဟုတ်ပေသည်၊ (အသင် တို့သည် ဆုလာဘ်များကို မုချရရှိလိမ့်မည်)" ၎င်းပြင် ထိုသို့ဖြစ်ခဲ့လျှင် အသင်တို့သည် (ငါနှင့်အတူ) လက်ပွန်းတတီး နေထိုင် (ချစ်ကျွမ်း)သူတို့တွင်လည်း မုချအပါအဝင်ဖြစ်ကြ လတ္တံ့ဟု ပြောဆိုလေ၏။ (၇း၁၁၄)

ထိုပဉ္စလက်ဆရာများက အို- မူစာ၊ အသင်သည် (မိမိ၏တောင်ဝှေးကို ဦးစွာပထမ) ချပြပါ။ သို့မဟုတ် ကျွန်ုပ်တို့သည် (မိမိ၏တုတ်များနှင့် ကြိုးများကို ဦးစွာပထမ) ချပြကြ ပါမည်လောဟု ပြောဆိုကြ၏။ (၇း၁၁၅)

ထိုတမန်တော် (မူစာ) က၊ အသင်တို့သည်ပင်လျှင် ပစ်ချလေကုန်ဟု ပြောကြားလေ၏။ ထို့နောက် ၎င်း(ပဥ္စလက်ဆရာ)တို့သည် (မိမိတို့ လှုင်ကန်များနှင့်ကြိုးများကို) ပစ်ချကြ၍လူတို့၏ မျက်စိများကို လှည့်စားကြလေသည်။ ၎င်းပြင် ထိုသူတို့အား ကြောက်လန့်စေခဲ့ကြလေသည်။ စင်စစ်သော်ကား ၎င်းတို့သည် ကြီးကျယ်သော စုန်းပယောဂကို ဆောင် ယူခဲ့ကြလေသတည်း။ (၇ : ၁၁၆)

ထိုအခါ ငါ့အရှင်မြတ်သည် (နဗီတမန်တော်)မူစာထံ အသင်သည် မိမိ လှုင်ကန်တောင်ဝှေးကို ပစ်ချလော့ဟု အမိန့်တော် ထုတ်ပြန်တော်မူခဲ့လေသည်။ သို့ဖြစ်ရာ နဗီတမန်တော်(မူစာ)သည် မိမိလှုင်ကန် တောင်ဝှေးကို ပစ်ချလေရာ ထို လှုင်ကန်တောင်ဝှေးသည် ရုတ်တရက် (ဓမ္မြနဂါးကြီးဖြစ် လာပြီး) ထိုမျက်လှည့်ဆရာများ လှည့်စားထားကြသည့် အရာများကို မျိုလေတော့သည်။ (၇ : ၁၁၇)

သို့ဖြစ်ပေရာ အမှန်သည် ထင်ရှားခဲ့ပြီ၊ ၎င်းပြင်ထို (ပဥ္စလက်ဆရာ) တို့ ပြုလုပ်ထားသော အမှုကိစ္စတို့သည် အချည်းအနှီး ပျက်စီးသွားချေပြီ။ (၇ : ၁၁၈)

သို့ဖြစ်၍ ၎င်း (ဖိရ်အောင်နှင့် ယင်း၏မှူးမတ်) တို့သည် ထိုနေရာ၌ ပင် အရေးရှုံးနိမ့်ခဲ့သည့်ပြင် ကျိုးယုတ်ရှက်ရလည်း ဖြစ်ခဲ့ကြရလေသည်။ (၇ : ၁၁၉)

ထို့ပြင် ပဥ္စလက်ဆရာတို့သည် မှောက်လဲ ဦးချသွားခဲ့ကြလေသည်။ (၇း၁၂၀)

၎င်းတို့က၊ "ကျွန်ုပ်တို့သည် စကြဝဠာခပ်သိမ်းတို့ကို ဖန်းဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ယုံကြည်ကြပါပြီ" ဟု ပြောဆိုကြလေသည်။ (၇ : ၁၂၁)

နဗီတမန်တော် (မူစာ) နှင့် နဗီတမန်တော် (ဟာရွန်) တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် (အား ယုံကြည်ကြလေပြီ)။ (၇ : ၁၂၂)

ဤအာယသ်တော်များက တမန်တော်မူစာ a ၏ အကြောင်း၊ ကျန်ရှိသောအပိုင်းများကို ဖော်ပြထားသည်။ သစ်သားချောင်းများမှ သက်ရှိမြွေနဂါးအဖြစ်သို့ ပြောင်းလဲသွားခြင်း၊ တမန်တော်မူစာ a ၏ လက်မှ အလွန်တောက်ပသော အလင်းရောင်ထွက်ခြင်း စသည့်အံ့ဖွယ်များကို မြင်ရပြီးသည့်နောင်တွင် ဖေရိုဘုရင်သည် တက္ကဗေဒနှင့် အသိဉာဏ်အရ ယုံကြည်စိတ်ချသွားစေပြီး၊ တမန်တော်မူစာ a အား သက်ဝင်ယုံကြည်သင့်ပါသည်။ သို့ရာတွင် မှားယွင်းစွာ လုပ်ဆောင်သူများ၏ လုပ်လေ့လုပ်ထတစ်ခုမှာ၊ အမှန် တရားကို ဖုံးအုပ်သွားစေရန် ထိုအမှန်တရားနှင့် ပတ်သက်သည့် မှားယွင်းသော အဓိပ္ပာယ်ဖွင့်ဆိုမှုများကို အမြဲတမ်းရှာဖွေကြပါသည်။ ဖေရိုဘုရင်နှင့် သူလူများသည် တမန်တော်မူစာ a အား မမှန်မကန်ဟုပြောဆိုကာ သူသည်ကြီးကျယ်သော ပဥ္စလက်ပညာသည်တစ်ဦးဖြစ်ပြီး ၎င်းတို့အား ၎င်းတို့၏ နေအိမ်များမှ နှင်ထုတ်ခါ တိုင်းပြည်အုပ်ချုပ်မှုကို လွှဲပြောင်းယူလိုသူဖြစ်သည်ဟု ပြောကြားခဲ့ပါသည်။ ဖေရိုဘုရင်၏ လူများက-

اَرۡجِهۡ وَ اَخَاهُ وَ اَرۡسِلۡ فِی الۡمَدَآئِنِ حٰشِرِیۡنَ ﴿۱۱۱﴾ یَاۡتُوۡكَ بِكُلِّ سَحَّارٍ عَلِیۡمٍ

" ထိုအခါ ယင်း (ဖိရ်အောင်နှ၏မှူးမတ်) တို့က (ဖိရ်အောင်နှအား ဤသို့) လျှောက်ထား အကြံဉာဏ်

ပေးကြလေသည်။ ၎င်းနဗီတမန်တော်(မူစာ)နှင့် ၎င်း၏နောင်တော် နဗီတမန်တော်(ဟာရွန်)အား ဆိုင်းခွင့်ပေးပါ၊ ဆိုင်းငံ့၍ထားပါ။ ထို့ပြင် အမြို့မြို့အရွာရွာသို့ မင်းစေများကိုစေလွှတ်ပါ။ "ထိုမင်းစေများသည် ဘုရင်မင်းမြတ်ထံသို့ (တစ်ဖက်ကမ်းခပ်) ကျွမ်းကျင်တတ်မြောက်သော ပဉ္စလက်ဆရာအပေါင်းတို့ကို (ရှာဖွေ) ခေါ်ဆောင်လာကြရပေမည်" ၁၁၁-၁၁၂ ဟူ၍ အကြံပြုခဲ့ပါသည်။

ဖေရိဘုရင်၏လူများက ၎င်းတို့၏ မြို့ကြီးများတွင်၊ တမန်တော်မူစာ a ကို အနိုင်ယူနိုင်စွမ်းရှိသည့် မြောက်မြားစွာသော၊ တစ်ဖက်ကမ်းခပ် တတ်မြောက်သည့် ပဉ္စလက်ဆရာများ ရှိပါသည်ဟု ပြောကြားကြသည်။

ဤကိစ္စအတွက် ပဉ္စလက်ဆရာများအား စုစည်းခေါ်ဆောင်လာရန်အတွက် စစ်သည်တော်အချို့ကိုစေလွှတ်ခဲ့ပါသည်။ ပဉ္စလက်နှင့် မျက်လှည့်ပညာတို့သည် ထိုအချိန်အခါ၏ ဓလေ့ထုံးစံတစ်ခုဖြစ်နေကာ တိုင်းသူပြည်သားများထဲတွင် ပဉ္စလက်ဆရာများသည် မြင့်မားသောအဆင့်အတန်းကို ခံစားကြရပါသည်။ အလ္လာဟ်အရှင်သည် မူစာ a အား တောင်ဝှေးနှင့် ဝင်းလက်သောလက်ရှိသည့် တန်ခိုးပြာဋိဟာတို့ဖြင့် စေလွှတ်ခဲ့ပါသည်။ သို့မှသာ ယှဉ်ပြိုင်မှုပြီးဆုံးသောအခါ၌ တမန်တော်မူစာ a ၏ အောင်နိုင်မှုကြောင့် ပဉ္စလက်ဆရာများ စိတ်ပျက်ဖွယ်ရာ ဖြစ်သွားခြင်းကို လူအများမြင်တွေ့နိုင်စေရန်ဖြစ်သည်။ အချိန်အခါ၏ တောင်းဆိုမှုနှင့် လိုက်လျောညီထွေသော တန်ခိုးပြာဋိဟာများနှင့်အတူ အရှင့်တမန်တော်များအား စေလွှတ်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ လုပ်ရိုးလုပ်စဉ် ဓလေ့တော်တစ်ခု ဖြစ်ပါသည်။ ပမာဆိုသော် တမန်တော် အီစာ(ယေရှု)၏ ခေတ်အခါသမယ၌ ခေါမအတွေးအခေါ် ပညာနှင့်ဆေးဝါးပညာရပ်များသည် အထွတ်အထိပ်ရောက်ရှိနေသော အချိန်ဖြစ်ပါသည်။ ထို့ကြောင့် တမန်တော်အီစာ a အား မွေးရာပါ မျက်စိကွယ်နေသူများကို အမြင်စွမ်းအင်ပြန်လည်ရရှိစေခြင်း၊ သူ၏လက်က ထိရုံမျှဖြင့် ကုဋ္ဌနှနာစွဲကပ်နေသောသူများ တစ်မှုတ်ချင်း ပျောက်ကင်းစေခြင်း စသည့် အံ့ဖွယ်ရာအစွမ်းတို့ဖြင့် စေလွှတ်တော်မူခဲ့ပါသည်။ တမန်တော်မြတ် s အချိန်အခါသမယ၌ အရပ်လူမျိုးများသည် ၎င်းတို့၏ ဟောပြောခြင်းနှင့် ဘာသာဗေဒဆိုင်ရာ စွမ်းဆောင်နိုင်ခြင်းတို့နှင့် ပက်သက်၍ ကြွားဝါးခဲ့ကြပါသည်။ တမန်တော်မြတ် s ၏ တန်ခိုးပြာဋိဟာအားလုံးတို့တွင် အကြီးအကျယ်ဆုံး တန်ခိုးပြာဋိဟာဖြစ်သော ကုရ်အာန်ကျမ်းတော်မြတ်နှင့်အတူ စေလွှတ်ခဲ့ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ လေယူလေသိမ်းနှင့် ဟန်ပန်တို့သည် အရပ်လူမျိုးများအား မည်မျှနဝေတိမ်တောင် ဖြစ်သွားသနည်းဟူမူ ကျမ်းတော်မြတ်ထဲ၌ ထူးမြတ်သောလူသား၏ လုပ်ရပ်ပါဝင်ကြောင်း တစ်မှုတ်ချင်း အသိအမှတ်ပြုခဲ့ကြသည်။ ပဉ္စလက်ဆရာများသည် ဖာရိဘုရင်ထံရောက်ရှိလာသောအခါ၌

اِنَّ لَنَا لَاَجْرًا اِنْ كُنَّا نَحْنُ الْغٰلِبِيْنَ

"ထိုပဉ္စလက်ဆရာတို့က အကယ်၍ ကျွန်တော်မျိုးတို့သည် အောင်နိုင်ခဲ့ကြလျှင် (ကြီးကျယ်သော) ဆုလာဘ် တစ်ခုခုကို မုချရရှိပါလိမ့်မည်(လော)" (၇း၁၁၃) ဟုပြောကြားကြသည်။

ဖိရ်အောင်နိုင်ဘုရင်က-

نَعَمْ وَ اِنَّكُمْ لَمِنَ الْمُقَرَّبِيْنَ

"ဟုတ်ပေသည် (အသင်တို့သည်ဆုလာဘ်များကို မုချရရှိလိမ့်မည်) ၎င်းပြင် ထိုသို့ဖြစ်ခဲ့လျှင် အသင်တို့သည် (ငါနှင့်အတူ) လက်ပွန်းတတီးနေထိုင် (ချစ်ကျွမ်း)သူတို့တွင်လည်း မုချအပါအဝင်ဖြစ်ကြ လတ္တံ့" (၇း၁၁၄) ဟုပြောကြားခဲ့သည်။

နိုင်ငံအဝန်းမှ ပဉ္စလက်ဆရာများကို ဖိတ်ခေါ်ခဲ့သည်။ ၎င်းတို့အားလုံး ဖိရ်အောင်နိုင်ထံ ရောက်ရှိလာသောအခါ အကယ်၍ သူတို့သည်ယှဉ်ပြိုင်မှု၌ တမန်တော်မူစာ a အပေါ် အောင်နိုင်ခဲ့လျှင် ဆုလာဘ် အချို့ရမည်လားဟု မေးမြန်းခဲ့သည်။ ဖိရ်အောင်နိုဘုရင်က ထိုဆုလာဘ်အတွက် ကတိပြုရုံမျှမက ထပ်၍ သူ၏အနီးကပ် လက်ပွန်းတတီးနေထိုင်ကျွမ်းဝင်သူများတွင် ပါစေရမည်ဟု ပြောကြားခဲ့သည်။ သမိုင်းဆိုင်ရာတင်ပြချက်တွင် ပဉ္စလက်ဆရာ အရေအတွက်နှင့်ပတ်သက်၍ ကွဲပြားခြားနားကြပါသည်။ ဤအချက်အလက်တွင် ကိုးရာမှသုံးသိန်းအထိ ကျန်ပ်တို့ကို ဖော်ပြကြသည်။ဤပြိုင်ပွဲတွင်အသုံးပြုခဲ့သော သစ်သားချောင်းများနှင့်ကြိုးစများအရေအတွက်မှာကုလားအုတ်အကောင်သုံးရာတင်ရသောဝန်စည်စလယ်မျှ ကြီးမားသည်။ (ကုရ်သုဗီ)

သတိမူရမည်မှာ ပဉ္စလက်ဆရာများ ပထမဆုံးလုပ်ဆောင်မှုမှာ ၎င်းတို့ ပါဝင်ပြသမှုအတွက် ရရှိမည့်ဆုလာဘ်သေချာရေးဖြစ်သည်။ ဤသည်မှာ လောကီသားတို့သည် လောကီအကျိုးအမြတ်အတွက် အမြဲတမ်းလိုက်ကြသောကြောင့်ဖြစ်သည်။ ထိုသူတို့က ၎င်းအကျိုးအမြတ်ရမှု မသေချာလျှင် မည်သည်မျှ မလုပ်ဆောင်ပါ။ ဤသည်နှင့် ဆန့်ကျင်စွာ တမန်တော်များနှင့် ၎င်းတို့၏ နောက်လိုက်သာဝကများသည် အမြဲတမ်းကြေညာသည်မှာ

وَمَآ اَسْـَٔلُكُمْ عَلَيْهِ مِنْ اَجْرٍ ۚ اِنْ اَجْرِيَ اِلَّا عَلٰى رَبِّ الْعٰلَمِيْنَ

"စင်စစ်ငါသည် ဤအမိန့်တော်ကို ပို့ဆောင်ခြင်းနှင့် စပ်လျဉ်း၍ အသင်တို့ထံ မည်သည့်အကျိုး တစ်စုံတစ်ရာကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ ငါ့အား အကျိုးပေးရန် တာဝန်မှာ စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အပေါ်၌သာရှိ၏" (၂၆း၁၀၉)

ဆိုလိုသည်မှာ အလ္လာဟ်တမန်တော်များသည် လူအများ၏ ကောင်းကျိုးနှင့် လမ်းညွှန်မှုပေးရန် အလ္လာဟ်အရှင် သတင်းစကား ဟောကြားပို့ဆောင်ပါသည်။ ထို့ပြင် ၎င်းတို့သည် ယင်းအတွက်ကြောင့် ငွေကြေးဆိုင်ရာ အကျိုးအမြတ်ကို မရှာဖွေကြပါ။ ၎င်းတို့၏ ဆုလာဘ်ကို အလ္လာဟ်အရှင်တစ်ပါးတည်းထံတွင်သာ ရှာဖွေကြသည်။ ဖိရ်အောင်နဘုရင်နှင့် ပဉ္စလက်ဆရာများ သဘောတူညီပြီးနောက် ကြီးကျယ်သော ပြိုင်ပွဲအတွက် နေ့ရက်နှင့်နေရာကို သတ်မှတ်ခဲ့ကြသည်။ ပြိုင်ပွဲကျင်းပရန်နေရာကို ဟင်းလင်းပြင်တစ်ခုတွင် ရွေးချယ်၍ အချိန်ကို ၎င်းတို့ပွဲတော်နေ့၏ နေထွက်ချိန်ကို သတ်မှတ်ခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်ခု၌ قَالَ مَوْعِدُكُمْ يَوْمُ الزِّيْنَةِ وَاَنْ يُّحْشَرَ النَّاسُ ضُحًى "(ထိုအခါ) ယင်းမူစာ a က (အိုဖိရ်အောင်န်) အသင်တို့ ချိန်းဆိုသောနေ့သည် ပွဲနေ့ (ဖိနာမ်)ပင်ဖြစ်သည်။ ၎င်းပြင် လူတို့သည်(လည်း) နေတက်ချိန်၌ စုရုံးပြီးဖြစ်ကြရမည်ဟု ပြောကြားခဲ့လေသတည်း " (၂၀ : ၅၉)ဟူ၍ ဖော်ပြထားသည်။

တင်ပြချက်အချို့အရ တမန်တော်မူစာ a သည် ပဉ္စလက်ဆရာများ၏ အကြီးအကဲနှင့် ခဏာတာ စကားစမြည်ပြောဆိုခဲ့သည်။ ထိုသို့ပြောဆိုရာ၌ အကယ်၍ တမန်တော်မူစာ a သခင်သာ အနိုင်ရခဲ့လျှင် ၎င်းတို့အားလုံး အီမာန်ယုံကြည်မှုကို လက်ခံကြရပါမည်လောဟု မေးခဲ့သည်။ အကြီးအကဲက ၎င်းတို့မှာ ရှုံးနိမ့်ရန် အကြောင်းမရှိ၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၌ ကြီးကျယ်သော ပဉ္စလက်အစွမ်းများ ပိုင်ထား၍ မည်သူတစ်ဦးတစ်ယောက်မျှ ၎င်းတို့ကို မနိုင် နိုင်ဟုပြောခဲ့သည်။ ထို့နောက် အကယ်၍ "အသင် ကျွန်ုပ် တို့ကို ရှုံးနိမ့်အောင်လုပ်နိုင်ခဲ့လျှင် ဖိရ်အောင်ဘုရင်ရှေ့၌ ကျွန်ုပ်တို့ အီမာန်ယုံကြည်ကြောင်း ပွင့်ပွင့်လင်းလင်း ကြေညာပါသည်" ဟု ပြောကြားခဲ့သည်။

(မဇာဟရီနှင့် ကုရ်သုဗီ)

(ထိုသူတို့အား) သူတို့ ပြောသည်မှာ-

قَالُوْا يٰمُوْسٰٓى اِمَّآ اَنْ تُلْقِيَ وَ اِمَّآ اَنْ نَّكُوْنَ نَحْنُ الْمُلْقِيْنَ

"အို-မူစာ၊ အသင်သည် မိမိ၏ တောင်ဝှေးကို (ဦးစွာပထမ) ချပြပါ။ သို့မဟုတ် ကျွန်ုပ်တို့သည် (မိမိ၏တုတ်များနှင့် ကြိုးများကို ဦးစွာပထမ) ချပြကြရပါမည်လော" (ဂုး၁၁၅)ဟုပြောဆိုကြ၏။

အရဗီစကားလုံး اِلْقَا 'အိလ်ကာ'သည် တစ်စုံတစ်ရာကို ပစ်ချရန်ဟူသည်ကို ဆိုလိုသည်။ ပြိုင်ပွဲနေ့၌ ပဉ္စလက်ဆရာများက တမန်တော်မူစာ a အားငင်းတောင်ဝှေးအလျင်ပစ်ချမည်လော (သို့မဟုတ်) သူတို့၏အရာများကို ပထမ ပစ်ချရမည်လောဟု မေးမြန်းခဲ့သည်။ ပဉ္စလက်ဆရာများ၏ မေးခွန်းမှာ ၎င်းတို့၏ ပညာရပ်နှင့်ပတ်သက်၍ မိမိတို့ဘာသာ အားရကျေနပ်မှုကို ပြလိုဟန်ဖြစ်သော်လည်း ၎င်းမေးသည့် ဟန်ပန်မှာသူတို့ကစ၍ ပြသလိုကြောင်းကို ရည်ညွှန်းသည်။ သို့သော်လည်း ယင်းတို့မေးရခြင်းမှာ ပြိုင်ဘက်အား ၎င်းတို့အပေါ် အထင်ကြီးစေလိုချ်ဖြစ်သည်။ တမန်တော်မူစာ a ၌စိုးရိမ်မှုပန်ဖွယ်ဘာမျှမရှိ၍ထိုသူတို့ကို "အသင်တို့အလျင်ပစ်လော့"ဟုပြောကာဖိတ်ခေါ်ခဲ့သည်။

အိပ်နေကဆီးရိုက ပြောသည်မှာ တမန်တော်မူစာ a သခင်သည် ၎င်းတို့အလှည့် ပထမယူစေရန် ယဉ်ကျေးစွာ ဖိတ်ခေါ်ခဲ့သည်။ ဤအပြုအမူ၏ အကျိုးသက်ရောက်မှုမှာ ထိုသူတို့ ရှုံးနိမ့်သွားသောအခါ၌ ၎င်းတို့အားလုံး အီမာန်သက်ဝင်ယုံကြည်မှု လက်ခံခဲ့ကြသည်။

ဤနေရာ၌ ကျွန်ုပ်တို့ မေးခွန်းတစ်ရပ်နှင့် ရင်ဆိုင်ရပါသည်။ ပဉ္စလက်အတတ်ပညာသည် ခွင့်မပြုသော လုပ်ရပ်တစ်ခုဖြစ်သည်။ အထူးသဖြင့် အလွှာဟ်အရှင် စေလွှတ်တော်မူသော တမန်တော်တစ်ပါးကို ဆန့်ကျင်ရန် ယင်းအတတ်ပညာကို အသုံးပြုသည်ဆိုလျှင် ယင်းသည် ကုဖ်ရိမယုံကြည်သွေဖည်သည့် လုပ်ရပ်တစ်ခုဖြစ်သည်။ သို့ဆိုလျှင် တမန်တော်မူစာ a သည် ပဉ္စလက်ဆရာများ "သင်တို့ပစ်ချလော့" ဟုပြော၍ " ပဉ္စလက်ပညာပြသခွင့်ပြုချက်" အဘယ်ကြောင့် ပေးရသနည်း။ အနည်းငယ်စဉ်းစားရုံမျှဖြင့် ကျွန်ုပ်တို့ အဖြေကို တွေ့နိုင်ပါသည်။ ပဉ္စလက်ဆရာများသည် ၎င်းတို့၏ ပဉ္စလက်ပညာကို မည်သည့်နည်းနှင့်မဆို ပြသမည်မှာသေချာသည်။ စကားပြောဆိုသည့်အချက်မှာ မည်သူအလျင် စတင်ပြရမည်ဆိုသည်ကို ဆုံးဖြတ်ရန်ဖြစ်သည်။ တမန်တော်မူစာ a က ထိုသူများ စတင်စေရန် ခွင့်ပြုခဲ့သည်။ ဤနည်းဗျူဟာ၏ အခြားအကျိုးကျေးဇူးကား လူများသည် ထိုသူများပြသသည်ကို မြင်နိုင်ကြ၍ ပဉ္စလက်ဆရာများက တုတ်များမှ မြွေများအဖြစ် ပြောင်းလဲစေရန် အချိန်ရစေပါသည်။ ထို့နောက် တမန်တော်မူစာ a ၏ တောင်ဝှေးကို မြွေနဂါးအဖြစ် ပြောင်းလဲစေကာ မြွေအားလုံးကို ဝါးမျိုပစ်စေသည်။ ထို့ကြောင့် ပဉ္စလက်ပညာအရ ရှုံးနိမ့်သွားကြောင်း လူအများ မြင်သွားစေပါသည်။ (ဗယာနုလ်ကုရ်အာန်ကျမ်း)

فَلَمَّآ اَلْقَوْا سَحَرُوْٓا اَعْيُنَ النَّاسِ وَ اسْتَرْهَبُوْهُمْ وَ جَآءُوْ بِسِحْرٍ عَظِيْمٍ

"ထို့နောက် ၎င်း(ပဉ္စလက်ဆရာ)တို့သည် မိမိတို့ (လှုင်ကန်များနှင့် ကြိုးများကို)ပစ်ချကြ၍ လူတို့၏ မျက်စိများကို လှည့်စားကြလေသည်။ ၎င်းပြင် ထိုသူတို့အား ကြောက်လန့်စေခဲ့ကြလေသည်။ စင်စစ်သော်ကား ၎င်းတို့သည် ကြီးကျယ်သော စုန်းပယောဂကို ယူဆောင်ခဲ့ကြလေသည်။ (၁၁၆)

ဤအာယသ်တော်က ရည်ညွှန်းသည်မှာ ၎င်းတို့၏ ပဉ္စလက်ပြသမှုဖြစ်သော တုတ်ချောင်းများနှင့် ကြိုးများသည် မြေကြီးပေါ်၌ မြွေများကဲ့သို့ ခုန်ပေါက်နေခြင်းသည် လူများ၏ မျက်စိကိုညှို့ယူဖမ်းစားသော်လည်း တုတ်ချောင်းများနှင့် ကြိုးများမှာ ရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှု မရှိခဲ့။ ဤပြကွက်သည် ကြည့်ရှုသူ များ၏ စိတ်ကိုညှို့ယူဖမ်းစားခြင်း

တစ်မျိုးဖြစ်သည်။ ပဉ္စလက်ပညာသည် ညှို့ယူဖမ်းစားခြင်းသာဖြစ်သည်။ တစ်စုံတစ်ရာမှ အခြားတစ်စုံတစ်ရာသို့ မပြောင်းလဲ။ ယင်းသို့မဟုတ်ကြောင်း ပြောရန်လည်း ကျွန်ုပ်တို့တွင် မည်သည့်သက်သေမှမရှိ။ တစ်ဖက်တွင် ပဉ္စလက်မျိုးစုံနှင့် ပုံစံအမျိုးမျိုးကို အစစ်အမှန်ဟု မှတ်ယူကြသည်။ ပဉ္စလက်မျက်လှည့်ဟူသော အသုံးအနှုန်းသည် သမားရိုးကျ မဟုတ်သော နည်းလမ်းဖြင့် ဖြစ်ပျက်ဟန်ရှိသည့် လုပ်ရပ်အားလုံးကို ရည်ညွှန်းသည်။ လက်လှည့်၊ အကြားအမြင် ပေါက်ခြင်း၊ စိတ်ညှို့ခြင်းတို့ကို တစ်ခါတစ်ရံ မျက်လှည့်ပဉ္စလက်ဟုခေါ်သည်။ အရာဝတ္ထုတစ်ခုမှ အခြားအရာဝတ္ထု တစ်ခုသို့ ပဉ္စလက်မျက်လှည့်ပညာဖြင့် အသွင်ပြောင်းစေခြင်း ဖြစ်နိုင်သည်။ သို့သော်လည်း ဟုတ်မဟုတ်နှင့် ပတ်သက်၍ ခိုင်လုံသောအကြောင်း (သို့မဟုတ်) သက်သေသာဓက မရှိခဲ့။

နောက်အာယသ် (၁၇၇)က - **وَ اَوۡحَیۡنَاۤ اِلٰی مُوۡسٰۤی اَنۡ اَلۡقِ عَصَاكَ ۚ فَاِذَا هِیَ تَلۡقَفُ مَا یَاۡفِكُوۡنَ** ထိုအခါငါအရှင်မြတ်သည် (နဗီတမန်တော်) မူစာထံ အသင်သည် မိမိလှင့်ကန်တောင်ဝှေးကို ပစ်ချလော့ဟူ၍ အမိန့်တော်ထုတ်ပြန်တော်မူခဲ့လေသည်။ သို့ဖြစ်ရာ နဗီတမန်တော်(မူစာ)သည် (မိမိလှင့်ကန်တောင်ဝှေးကို ပစ်ချလေရာ) ထိုလှင့်ကန်တောင်ဝှေးသည် ရုတ်တရက် (မြွေနဂါးကြီးဖြစ်လာပြီး) ထိုမျက်လှည့်ဆရာများ လှည့်စားထားသည့် အရာများကို မျိုလေတော့သည်။(၇း၁၇၇)ဟု မိန့်ထားသည်။ သမိုင်းတွင်တင်ပြထားသည်ကို ကျွန်ုပ်တို့တွေ့ရှိရသည်မှာ ထောင်ပေါင်းများစွာသော တုတ်ချောင်းများနှင့် ကြိုးများသည် မြွေများအဖြစ်ပြောင်းလဲသွားကာ မြေကြီးပေါ်၌ ခုန် ပေါက်နေကြပါသည်။ ထိုစဉ် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာ [a] အား သူ၏တောင်ဝှေးကို မြေပေါ်သို့ပစ်ချလိုက်ရန် အမိန့်တော်မူခဲ့သည်။ ထိုတောင်ဝှေးသည် ကြီးမားသော မြွေနဂါးကြီးတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွား၍ ပဉ္စလက်ဆရာများ၏ မြွေတို့ကို တစ်မှုတ်ချင်း စားပစ်လိုက်ပါသည်။ လူအုပ်ကြီးသည် အံ့သြတွေဝေပြီး မတ်တတ်ရပ်ခဲ့ကြကာ ဤမြင်ကွင်းကြောင့် ကြက်သေသေ၍သွားခဲ့ကြပါသည်။ ချက်ချင်းပင် တမန်တော်မူစာ [a] ၏ ကြီးမားလှသော မြွေနဂါးကြီးသည် မြွေများအားလုံးတို့ကို စားပစ်လိုက်ပါသည်။

**فَوَقَعَ الۡحَقُّ وَ بَطَلَ مَا كَانُوۡا یَعۡمَلُوۡنَ ﴿۱۱۸﴾ فَغُلِبُوۡا هُنَالِكَ وَ انۡقَلَبُوۡا صٰغِرِیۡنَ ﴿۱۱۹﴾**
**وَ اُلۡقِیَ السَّحَرَةُ سٰجِدِیۡنَ ﴿۱۲۰﴾ قَالُوۡۤا اٰمَنَّا بِرَبِّ الۡعٰلَمِیۡنَ ﴿۱۲۱﴾ رَبِّ مُوۡسٰی وَ هٰرُوۡنَ ﴿۱۲۲﴾**

**သို့ဖြစ်ပေရာ အမှန်သည် ထင်ရှားခဲ့ပြီ၊ ၎င်းပြင်ထို (ပဉ္စလက်ဆရာ) တို့ ပြုလုပ်ထားသော အမှုကိစ္စတို့သည် အချည်းအနှီး ပျက်စီးသွားချေပြီ။ သို့ဖြစ်၍ ၎င်း (ဖိရ်အောင်နှင့် ယင်း၏မှူးမတ်) တို့သည် ထိုနေရာ၌ပင် အရေးရှုံးနိမ့်ခဲ့သည့်ပြင် ကျိုးယုတ်ရှက်ရလည်း ဖြစ်ခဲ့ကြရလေသည်။ ထို့ပြင် ပဉ္စလက်ဆရာတို့သည် မှောက်လဲ ဦးချသွားခဲ့ကြလေသည်။ ၎င်းတို့က "ကျွန်ုပ်တို့သည် စကြဝဠာ ခပ်သိမ်းတို့ကို ဖန်းဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ယုံကြည်ကြပါပြီ" ဟု ပြောဆိုကြလေသည်။ နဗီတမန်တော်(မူစာ)နှင့် နဗီတမန်တော်(ဟာရွန်)တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်(အား ယုံကြည်ကြလေပြီ)။ (၇ : ၁၁၈ - ၁၂၂)**

ဟူ၍ မိန့်ကြားထားသည်။

ပဉ္စလက်ဆရာများသည် တမန်တော်မူစာ [a] ၏ တန်ခိုးပြာဋိဟာကို အလွန်ကြောက်ရွံ့သွားခဲ့ကြကာ မြေကြီးပေါ်သို့ မှောက်လဲဦးချခဲ့ကြသည်။ ဤသည်ကလည်း အလ္လာဟ်အရှင်သည် ၎င်းတို့အား ကောင်းချီးပေးကာ ဦးချစေသည်ဟူ၍လည်း ရည်ညွှန်းနိုင်သည်။ ထိုသူများသည် စကြဝဠာအပေါင်းတို့၏ အရှင်သခင် ဟုပြောပြီးနောက် တမန်

တော်မူစာ a နှင့် ဟာရွန် a တို့၏ အရှင်အရှင်ဟူသော စကားစုကို ထည့်သွင်းခြင်းက တမန်တော်မူစာ a ၊ ဟာရွန် a တို့ ကိုးကွယ်သော အရှင်သခင်သည် အမှန်တကယ်အားဖြင့် စကြဝဠာအပေါင်းတို့၏ အရှင်သခင်ဖြစ်ကြောင်းနှင့်၊ ဖေရိဘုရင်က ဟန်ဆောင်လိမ်ညာ၍ သူသာလျှင် အရှင်သခင်ဖြစ်သည် ဆိုခြင်းမှာ မဟုတ်မမှန်ကြောင်း ထင်ရှားစေပါသည်။

အာယသ် (၁၂၃-၁၂၇)

قَالَ فِرْعَوْنُ اٰمَنْتُمْ بِهٖ قَبْلَ اَنْ اٰذَنَ لَكُمْ ۚ اِنَّ هٰذَا لَمَكْرٌ مَّكَرْتُمُوْهُ فِي الْمَدِيْنَةِ
لِتُخْرِجُوْا مِنْهَآ اَهْلَهَا ۚ فَسَوْفَ تَعْلَمُوْنَ ﴿١٢٣﴾ لَاُقَطِّعَنَّ اَيْدِيَكُمْ وَ اَرْجُلَكُمْ
مِّنْ خِلَافٍ ثُمَّ لَاُصَلِّبَنَّكُمْ اَجْمَعِيْنَ ﴿١٢٤﴾ قَالُوْٓا اِنَّآ اِلٰى رَبِّنَا مُنْقَلِبُوْنَ ﴿١٢٥﴾ۚ
وَ مَا تَنْقِمُ مِنَّآ اِلَّآ اَنْ اٰمَنَّا بِاٰيٰتِ رَبِّنَا لَمَّا جَآءَتْنَا ۭ رَبَّنَآ اَفْرِغْ عَلَيْنَا صَبْرًا
وَّ تَوَفَّنَا مُسْلِمِيْنَ ﴿١٢٦﴾ۚ وَ قَالَ الْمَلَاُ مِنْ قَوْمِ فِرْعَوْنَ اَتَذَرُ مُوْسٰى وَ قَوْمَهٗ
لِيُفْسِدُوْا فِي الْاَرْضِ وَ يَذَرَكَ وَ اٰلِهَتَكَ ۭ قَالَ سَنُقَتِّلُ اَبْنَآءَهُمْ وَ نَسْتَحْيٖ
نِسَآءَهُمْ ۚ وَ اِنَّا فَوْقَهُمْ قٰهِرُوْنَ ﴿١٢٧﴾

ထိုအခါ ဖိရ်ဧအောင်နိုက ငါသည်အသင်တို့အား ခွင့်မပြုမီကပင် အသင်တို့သည် (ထိုမူစာ နှင့်ဟာရွန်တို့၏) အရှင်အား သက်ဝင်ယုံကြည်ခဲ့ကြချေပြီလော။ ဤသည်ကား ဧကန်စင်စစ် ပရိယာယ်မာယာတစ်ရပ်ပင် ဖြစ်ချေသည်။ အသင်တို့သည် ယင်းပရိယာယ်မာယာကို မြို့ထဲ၌၊ ထိုမြို့တွင်နေထိုင်ကြသောသူတို့အား မြို့တွင်းမှ ထုတ်ပစ်ကြရန် (မူစာနှင့် လျို့ဝှက်စွာ ပူးပေါင်း၍) ကြံစည်ခဲ့ကြကုန်သည်။ သို့ဖြစ်ပေရာ မကြာမြင့်မီပင် အသင်တို့သည်(အကြောင်း)သိရှိကြ(ရပေလိမ့်)မည်ဟုပြောဆိုကြိမ်းဝါးခဲ့လေသတည်း။ (၇ : ၁၂၃)

ငါသည် မုချမလွဲ အသင်တို့၏ လက်များကိုလည်းကောင်း၊ အသင်တို့၏ ခြေများကို လည်းကောင်း (ဝဲ၊ ယာ) လွှဲ၍ ဖြတ်တောက်မည်။ ထို့နောက် ငါသည် မုချဧကန် အသင်တို့အားလုံးကို လက်ဝါးကပ် တိုင်တင်မည်။ (၇ : ၁၂၄)

ထိုအခါ ယင်း(ပဥ္စလက်ဆရာ)တို့က "ကျွန်ုပ်တို့သည် ဧကန်မလွဲ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံသို့ပင် ပြန်သွားကြရမည့်သူများသာ ဖြစ်ကြသည်" ဟု ပြောဆိုကြကုန်သည်။ (၇ : ၁၂၅)

စင်စစ်သော်ကား အသင်သည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့ထံ ကျွန်ုပ်တို့အရှင်မြတ်၏ သက်သေလက္ခဏာများ ရောက်ရှိလာသောအခါ ကျွန်ုပ်တို့ ယုံ ကြည်လက်ခံကြသည်ကိုသာလျှင် တုံ့ပြန် လက်စားချေသည်သာ ဖြစ်ပေသည်။ (ထို့နောက် ၎င်းတို့သည်

**အလ္လာဟ်အရှင်မြတ်ထံတော်၌ ဤသို့ ဆုမွန်ပတ္ထနာပြုကြကုန်၏) "အိုဂျွန်တော်များတို့၏အရှင်၊ အရှင်မြတ်သည် ကျွန်တော်များတို့အပေါ်၌ ကြွံခိုင်မှုကို သွန်းလောင်း၍ ပေးသနားတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်များတို့အား (မုစ်လင်မ်) အမိန့်တော်ကို လိုက်နာသူများအဖြစ် သေဆုံးစေတော်မူပါ။" (၇ : ၁၂၆)**

**ထို့နောက် ဖိရ်အောင်န်၏ အများသားတို့အနက်မှ မူးမတ်တို့က (ဤသို့) ပြောဆိုကြလေသည်။ အသင်သည် မူစာနှင့် ယင်း၏အများတို့ကို တိုင်းပြည်တွင် ပျက်စီးရာ ပျက်စီးကြောင်း ပြုလုပ်နိုင်ကြရန်လည်းကောင်း၊ ထိုတမန်တော် (မူစာ)သည် အသင်နှင့်တကွ အသင်၏ကိုးကွယ်ရာများကိုပါ စွန့်ပစ်ထားရန်လည်းကောင်း၊ ဤအတိုင်းပင်) လွှတ်၍ ထားပါမည်လော။ ထိုအခါ ယင်း(ဖိရ်အောင်န်)က (ဤသို့ပြန်လည်) ပြောကြားလေသည်။ ငါတို့သည် အကြာမီ ၎င်းတို့၏ သားယောကျ်ားကလေးများကို သတ်ဖြတ်ကြမည်။ သို့ရာတွင် ၎င်းတို့၏ အမျိုးသမီးများကိုမူကား (ခိုင်းစေနိုင်ရန်အတွက် သတ်ဖြတ်ခြင်းမပြုဘဲ) အသက်ချမ်းသာခွင့် ပေးထားကြမည်။ အမှန်သော်ကား ငါတို့သည် ၎င်းတို့အား နိုင်နင်းလွှမ်းမိုးသူများပင် ဖြစ်ကြသည်။ (၇ : ၁၂၇)**

ပြီးခဲ့သော အာယသ်တော်များထဲ၌ တမန်တော်မူစာ a နှင့် ပဥ္စလက်ဆရာတို့၏ ယှဉ်ပြိုင်ပွဲတွင် ၎င်းတို့ ရှုံးနိမ့်သွားသောအခါ၌ အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ကြောင်း ပဥ္စလက်ဆရာတို့ကြေညာချက် စသည့် အသေးစိတ်များ ပါဝင်ပါသည်။ အချို့သောသမိုင်းဆိုင်ရာ တင်ပြချက်များက ပြောသည်မှာ အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ကြောင်း ထိုသူများက ကြေညာပြီးသည့်နောက်တွင် ၎င်းတို့ကဲ့သို့ပင် လူခြောက်သိန်းကျော်ကလည်း အလ္လာဟ် အရှင်အား သက်ဝင်ယုံကြည်ကြောင်း ကြေညာခဲ့သည်။ ဤပြိုင်ပွဲမဲစမီက အလ္လာဟ်အရှင်အား သက်ဝင်ယုံကြည်သူ နှစ်ဦးသာ ရှိပါသည်။ ယခုအခါ လူမြောက်များစွာတို့သည် မုစ်လင်မ်ဖြစ်လာကြပါသည်။ ဤသည်မှာ ဖေရိုဘုရင်အတွက် စိတ်မသက်မသာဖြစ်စေသည့် အခြေအနေတစ်ရပ်ဖြစ်သည်မှာ ထင်ရှားပါသည်။ လိမ်မာပါးနပ်သော နိုင်ငံရေး သမားတစ်ဦးကဲ့သို့ ဖေရိုဘုရင်သည် သူ့စိတ်ထဲတွင် ဖြစ်ပေါ်နေသည့် အခြေအနေကို လူအများမသိစေရန် ဖုံးအုပ်ထားကာ အခြေအနေကိုပြောင်းလဲရန်အတွက် ဤကိစ္စသည် ပဥ္စလက်ဆရာတို့နှင့် ပူးပေါင်းကြံစည်သည့် တော်လှန်ပုန်ကန်မှု တစ်ရပ်ဖြစ်ကြောင်း ပုံချခဲ့ပါသည်။ ပဥ္စလက်ဆရာများသည် တိုင်းပြည်အတွင်း မငြိမ်သက်မှုများ ဖန်တီးရန်အတွက် တမန်တော်မူစာ a ၊ တမန်တော်ဟာရွန် a တို့နှင့် ပူးပေါင်းခဲ့သည်ဟု အခိုင်အမာပြောခဲ့ပါသည်။ ၎င်းနောက်သူက ပဥ္စလက်ဆရာများအား "ကျွန်ုပ်ခွင့်မပြုမီအလျင် အသင်တို့သည် သူ့အား ယုံကြည်သက်ဝင်ခဲ့သည် " ဟု ပြောကြားခဲ့သည်။ ဤသည်က တစ်ဖက်တွင် ပဥ္စလက်ဆရာများအား ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သကဲ့သို့ အခြားတစ်ဖက်တွင် တမန်တော်မူစာ a နှင့် တမန်တော်ဟာရွန် a တို့ ထောင်ချောက်တွင် မိသွားသောကြောင့် ပဥ္စလက်ဆရာတို့သည် သက်ဝင်ယုံကြည်ရန် အဆောတလျင် ဆုံးဖြတ်ချက်ချခဲ့ရကြောင်း ပြောကြားကာ သူလူများကို ဖျောင်းဖျချက် တစ်ရပ်လည်း ဖြစ်သွားခဲ့ပါသည်။ သို့မဟုတ်ပါမူ တမန်တော်မူစာ a နှင့် ဟာရွန် a တို့၏ အခိုင်အမာပြောဆိုချက်သည် မှန်ကန်သည်ဟူ၍ ဖြစ်သွားပါက သူသည်လည်း အီမာန်သက်ဝင် ယုံကြည်သွားရပါမည်။

ဤသည်မှာ ဖေရိုဘုရင်၏ လိမ္မာပါးနပ်သော စီမံချက်ပင်ဖြစ်သွားပါသည်။ သူသည် သူ၏လူများအား မူလကဲ့သို့ပင် မသိနားမလည်မှု အနေအထားအတိုင်းပင် ရှိစေသည်။ ဤပြိုင်ပွဲသည် တမန်တော်မူစာ a နှင့် ပဥ္စလက်ဆရာ

များ ကြိုတင်စီမံထားခဲ့သည့် ပြိုင်ပွဲဖြစ်ကြောင်း သူလူများကို ယုံကြည်စေပါသည်။ တမန်တော်မူစာ a ၏ တန်ခိုး ပြာဋိဟာနှင့် ပဉ္စလက်ဆရာများ ပြောင်ပြောင်တင်းတင်း မှန်ကန်သော ယုံကြည်ချက်ဘက်ဆီသို့ ကူးပြောင်းသွားခြင်း ဆိုသည့် အချက်တို့ကို မမှန်မကန်တင်ပြမှုသည် ဖေရိဘုရင်၏ မသိနားမလည်မှုနှင့် မမှန်ကန်မှုတို့ကို ဖော်ထုတ်စေပါသည်။ သူသည် ဤကိစ္စရပ်ကို နိုင်ငံရေးကိစ္စအဖြစ် ပြောင်းလဲခဲ့ကာ "ထို့ကြောင့် အသင်တို့သည် ဤသူများအား ဤနေရာမှ မောင်းထုတ်ပစ်ရမည်"ဟူ၍ ပြောကြားခဲ့သည်။ တမန်တော်မူစာ a နှင့် ပဉ္စလက်ဆရာများသည် တိုင်းပြည်၏အာဏာကို ရယူရန်နှင့် ပြည်သူပြည်သားတို့အား တိုင်းပြည်မှနှင်ထုတ်ရန် ပူးပေါင်းကြံစည်ခဲ့ကြသည်ဟူ၍ သူလူများက ယုံကြည်သွားစေရန် လိုလားခဲ့ပါသည်။

ဤသေနင်္ဂဗျူဟာအဆိုအမိန့်များကို ပြုလုပ်ပြီးသည့်နောက် ဖေရိဘုရင်သည် ဦးစွာပထမအနေဖြင့် ပဉ္စလက်ဆရာတို့အား အသင်တို့၏ အဆုံးသတ်ပုံကို အသင်တို့သိကြရပေတော့မည်" ဟူသော မပြတ်သားသော မှတ်ချက်ဖြင့် ပြောကြားခြိမ်းခြောက်ခဲ့သည်။ ဆက်လက်၍ တိကျပြတ်သားသော ခြိမ်းခြောက်မှုဖြင့် لَأُقَطِّعَنَّ أَيْدِيَكُمْ وَ أَرْجُلَكُمْ مِّنْ خِلَافٍ ثُمَّ لَأُصَلِّبَنَّكُمْ أَجْمَعِيْنَ ငါသည် မုချမလွဲ`အသင်တို့၏လက်များကိုလည်းကောင်း၊ အသင်တို့၏ခြေများကို လည်းကောင်း (ဝဲ၊ယာ)လွှဲ၍ ဖြတ်တောက်မည်။ ထို့နောက် ငါသည် မုချဇကန် အသင်တို့အားလုံးကို လက်ဝါးကပ် တိုင်တင်မည်" (၇း၁၂၄)ဟု မိန့်ကြားခဲ့သည်။ ဝဲ၊ ယာလွှဲ၍ ဖြတ်တောက်ခြင်းဆိုသည်မှာ လက္ခဏာလက်နှင့် လက်ဝဲခြေထောက်ကို ဖြတ်တောက်ခြင်းကို ဆိုလိုပါသည်။ သို့မှသာ ထိုသူများအားလုံးသည် လုံးဝမစွမ်းမသန်နှင့် မမာမကျန်း ဖြစ်သွားစေပါမည်။

ဖိရ်အောင်နဘုရင်သည် သူလူများကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းမှုအလုံးစုံ လုပ်ဆောင်ခဲ့သည်။ ကုရ်အာန် ကျမ်းတော်မြတ်ကခေါ်ဆိုသည့် 'အီမာန်' (သို့မဟုတ်) အလ္လာဟ်အရှင်မြတ်အား ယုံကြည်သက်ဝင်မှုမှာ ကြီးကျယ်သော စွမ်းအား တစ်ခုဖြစ်သည်။ ယင်းအီမာန် နှလုံးသားထဲဝင်ရောက်သွားလျှင် ကမ္ဘာကြီးတစ်ခုလုံးနှင့် အားလုံးသောစွမ်းအား စုပေါင်း ခဲ့လျှင် ၎င်းတို့ကို ရင်ဆိုင်နိုင်သောစွမ်းအား သူတွင် ရှိလာကြောင်း တွေ့ရှိရသည်။ ဤသည်မှာ ကြီးမားသော ပြောင်းလဲ မှု တစ်ရပ်ဖြစ်သည်။ ဤကိစ္စမဖြစ်မှီ နာရီအနည်းငယ်အလျင်က ပဉ္စလက်ဆရာ အားလုံးသည် ဖိရ်အောင်နဘုရင်အား ခဝပ်ကိုးကွယ်ကြသူများဖြစ်ခဲ့ကြသည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်အား ယုံကြည်သက်ဝင်ပြီးနောက် ၎င်းတို့ သည် ကြီးမားသောစွမ်းအားနှင့် သတ္တိကိုပြသသည့်အနေဖြင့် ဖိရ်အောင်နဘုရင်က သူတို့၏အသက်များကို နည်းပေါင်းစုံဖြင့် ခြိမ်းခြောက်ခဲ့သောအခါ ၎င်းတို့သည် ကျေနပ်နှစ်သက်မှုအပြည့်ဖြင့် တုံ့ပြန်ပြောခဲ့သည်မှာ إِنَّا إِلَىٰ رَبِّنَا مُنْقَلِبُوْنَ "ကျွန်ုပ်တို့သည် ဇကန်မလွဲ` မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်သို့ပင် ပြန်သွားကြရမည့်သူများ ဖြစ်ကြသည်"(၇း၁၂၅)ဟူ၍ ဖြစ်ပေသည်။

ပဉ္စလက်ဆရာများအပေါ်၌ ဖိရ်အောင်နဘုရင်၏ တန်ခိုးအာဏာစက်ရှိကြောင်း ၎င်းတို့က အပြည့်အဝ သိရှိကြသည်။ ဖိရ်အောင်နဘုရင်သည် သူတို့၏ယုံကြည်မှုအသစ်ဖြင့် ၎င်းတို့ကို သတ်ပစ်နိုင်လိမ့်မည်မဟုတ်ဟု မပြောခဲ့ကြပါ။ သူတို့၏အဖြေမှာ ဤယာယီကမ္ဘာကြီး၏ ဘဝတစ်ခုလုံးသည် ၎င်းတို့အမြင် ၌ ဘာမျှတန်ဖိုးမရှိဟု ရည်ညွှန်းသည်။ ဤကမ္ဘာမှာ သေဆုံးပြီးနောက် စကြဝဠာအပေါင်း၏ ဖန်ဆင်းတော်မူသော အရှင်သခင်နှင့် မုချတွေ့ဆုံရမည် ဆိုသည့် အချက်က ၎င်းတို့ကို ကျေနပ်နှစ်သက်မှု ရစေပါသည်။ ထိုနေရာ၌ ၎င်းတို့သည် ငြိမ်းချမ်းသာယာခြင်းနှင့် စည်းစိမ်ချမ်းသာခြင်း ပြည့်စုံသော ထာဝရဘဝတစ်ခု ရရှိပါလိမ့်မည်။

ၵင်းတို့၏ အဖြေအတွက် အခြားရှင်းလင်းချက်မှာ ထိုသူများ၏ အသက်သတ်နိုင်စွမ်း ဖိရ်အောင်နှဘုရင်၌ ရှိသော်လည်း များမကြာမီ စကြဝဠာ၏ အရှင်သခင်ထံမှောက်၌ သူ၏မတရားအုပ်ချုပ်မှုအတွက် စာရင်းစစ်ဆေးခံရလိမ့်မည် ဟူ၍ဖြစ်သည်။ အခြားအာယသ်တော်တစ်ရပ်၌ ပဋ္ဌလက်ဆရာများ၏ အဖြေထဲတွင် ٱقۡضِ مَآ أَنتَ قَاضٍۖ إِنَّمَا تَقۡضِي هَٰذِهِ ٱلۡحَيَوٰةَ ٱلدُّنۡيَا " သို့ဖြစ်ပေရာ အသင်သည် မိမိစီရင်ပြဋ္ဌာန်းလိုသည်ကို စီရင်ပြဋ္ဌာန်းပါလေ။ (စင်စစ်မှာ မူကား) အသင်၏ မျက်မှောက်လောကီဘဝ၌သာ စီရင်ပြဋ္ဌာန်းနိုင်မည်ဖြစ်သည်" (၂၀း၇၂) ဟူသော အဆိုတစ်ခုပါဝင်သည်။ ဤသည်ကလည်း ဤကမ္ဘာလောက၏ ယာယီဘဝသက်တမ်းနှင့် ပက်သက်၍ ၵင်းတို့လုံးဝဥသုံ ဂရုမစိုက်ကြောင်းပြသသည်။ ၵင်းတို့၏တွေးခေါ်မှုနှင့် လုပ်ဆောင်မှုအတွက် ဤကြီးကျယ်သော ပြောင်းလဲမှုသည် အလွှာဟ်အရှင်မြတ်အပေါ် သူတို့၏စစ်မှန်သော ယုံကြည်ချက်ရလဒ်ပင်ဖြစ်သည်။ ဤသည်ကို ထပ်၍ ၵင်းတို့၏ ယုံကြည်ချက်ကြောင့် အသိပညာနှင့် ဉာဏ်ပညာတံခါးပွင့်သွားသည်ဆိုသည်ကို ထိုအချိန်၌ ၵင်းတို့အလွှာဟ်အရှင်မြတ်ထံ ဆုဒုအာတောင်းခြင်းက ထင်ရှားစေသည်။ သူတို့က رَبَّنَآ أَفۡرِغۡ عَلَيۡنَا صَبۡرٗا وَتَوَفَّنَا مُسۡلِمِينَ "အို-အလွှာဟ်အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့ အပေါ်၌ ကြံ့ခိုင်မှုကို သွန်းလောင်း၍ ပေးသနားတော်မူပါ။ ၵင်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား (မုစ်လင်မ်) အမိန့်တော်ကို လိုက်နာသူများအဖြစ် သေဆုံးစေတော်မူပါ"(၇း၁၂၆)ဟူ၍ ဆုဒုအာတောင်းခဲ့ကြသည်။ ဤတောင်းဆုဒုအာမှာ အသိနှင့်ဉာဏ်ပညာ ထင်ရှားသောပြသချက်တစ်ခုဖြစ်ရုံမျှမက ၵင်းတို့ကြုံတွေ့ရသည့် အခက်အခဲမှ လွတ်မြောက်စေသည့် အကောင်းဆုံးနည်းလမ်းလည်း ဖြစ်သွားသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ရန်သူကို အောင်နိုင်ရန်မှာ သည်းခံမှုနှင့် ဇွဲသည်သာလျှင် သော့ချက်ဖြစ်သောကြောင့်တည်း။

ကမ္ဘာစစ်ကြီး၏ အကြောင်းတရားနှင့် အကျိုးသက်ရောက်မှုကို စုံစမ်းစစ်ဆေးရန် ဖွဲ့စည်းထားသော ကော်မရှင်၏ တင်ပြချက်၌ အလွှာဟ်အရှင်မြတ်နှင့် နောင်တမလွန်ဘဝကို ယုံကြည်သက်ဝင်သော မုစ်လင်မ်များသည်သာ စစ်မြေပြင်၌ ရဲစွမ်းသတ္တိအရှိဆုံးသူများဖြစ်ကြပြီး အလွှာဟ်အရှင်မြတ်နှင့် နောင်တမလွန်ဘဝကို ယုံကြည်ကြသော သူများဖြစ်သောကြောင့် အခက်အခဲကြုံတွေ့စဉ်တွင် သည်းအခံနိုင်ဆုံးသူများဖြစ်ကြသည်ဟူ၍ မှတ်ချက်ချထားခဲ့သည်။ ဤသည်ကြောင့် ဂျာမန်စစ်ဘက်ဆိုင်ရာအရာရှိများ၊ စစ်ပညာကျွမ်းကျင်သူများက ၵင်းတို့၏ စစ်သားများကို ရိုးသားမှုနှင့် နောင်တမလွန်၌ စစ်ဆေးခံရသည့် အသိကို ပျိုးထောင်သင့်သည်ဟု လေးနက်စွာ အကြံပြုထားသည်။ အဘယ်ကြောင့်ဆိုသော် ဤသည်တို့မှာ စွမ်းအားနှင့် သတ္တိ၏ကြီးမားသော ရင်းမြစ်ဖြစ်သောကြောင့်ပင်တည်း။

(သဖ်စီရ်အလ်မနာရ်)

## ယင်းမှာအံ့ဖွယ်မုအ်ဂျိဇ်ဇာတ်ပါးဖြစ်သည်

ပဋ္ဌလက်ဆရာများ၏ စိတ်ဓာတ်ကို ပြီးပြည့်စုံစွာ တစ်မုဟုတ်ချင်း ပြောင်းလဲစေမှုသည် တမန်တော်မူစာ a ၏ အခြားအံ့ဖွယ် မုအ်ဂျိဇ်ဇာထက် မနိမ့်သော အံ့ဖွယ်မုအ်ဂျိဇ်ဇာဖြစ်သည်။ ၵင်းတို့ဘဝတစ်လျှောက်လုံး ကုဖ်ရ်သွေဖည်ငြင်းပယ်မှုနှင့် မသိနားမလည်မှုဖြင့်နေလာသူများသည် တစ်မုဟုတ်ချင်း အလွန် သိနားလည်ဆုံး၊ အသိပညာအရှိဆုံးနှင့် စစ်မှန်သော မုစ်လင်မ်များအဖြစ် ပြောင်းလဲသွားကြသည်။ ၵင်းတို့၏ယုံကြည်ချက်အတွက် သူတို့၏အသက်ကိုပင် သစ္စာရှိရှိနှင့် စွန့်လွှတ်ရန် အသင့်ဖြစ်နေသည်။ မုစ်လင်မ်များနှင့် မုစ်လင်မ်များအုပ်စိုးသော နိုင်ငံများသည် ၵင်းတို့ဩဇာ အာဏာနှင့် တောင့်တင်းရန် နည်းပေါင်းစုံနှင့် ကြိုးစားနေကြသည်မှာ ဝမ်းနည်းစရာတစ်ရပ်ပင်ဖြစ်သည်။ သို့သော်လည်း ဩဇာအာဏာနှင့် စွမ်းအား၏ စစ်မှန်သော ရင်းမြစ်ကိုမူကား လျစ်လျူရှုကြသည်။ ယင်းမှာ ယုံကြည်ချက် ဇွဲလုံ့လနှင့် သည်းခံခြင်းတို့ဖြစ်သည်။

## ဖိရ်အောင်နဉ်ဘုရင် ကြောက်ရွံ့ထိတ်လန့်သွားခဲ့သည်

သူ၏ပါးနပ်လိမ္မာမှုနှင့် မမှန်ကန်သော ပြောကြားမှုများဖြင့် မသိနားမလည်သူများကို ယခင်က မသိနားမလည်သည့်အတိုင်း ရှိနေစေရန် ဖိရ်အောင်ဘုရင်၏ လုပ်ဆောင်မှုက အတိုင်းအတာတစ်ခုထိ အောင်မြင်ခဲ့ကြောင်း သတိမူမိရမည်။ သို့သော်လည်း တချိန်တည်းမှာ ဖိရ်အောင်ဘုရင်၏ ဒေါသသည် ပဉ္စလက်ဆရာများထံတွင်သာလျှင် ကန့်သတ်ထားကြောင်း၊ ၎င်း၏လူများက ထူးဆန်းစွာ သတိမူမိခဲ့ကြသည်။ သူ၏ စစ်မှန်သော ယှဉ်ပြိုင်ဘက်များဖြစ်သည့် တမန်တော်မူစာ a နှင့် ဟာရွန် a တို့ကို ဘာတစ်ခွန်းမျှ မပြောဆိုရဲချေ။ ဤသည်ကို ၎င်း၏လူများ ပြောကြားချက်ဖြစ်သော အောက်ပါအချက် اَتَذَرُ مُوْسٰى وَ قَوْمَهٗ لِيُفْسِدُوْا فِى الْاَرْضِ وَ يَذَرَكَ وَ اٰلِهَتَكَ "အသင်သည် မူစာ a နှင့် ယင်း၏အမျိုးသားတို့ကို တိုင်းပြည်တွင်ပျက်စီးရာပျက်စီးကြောင်းပြုလုပ်နိုင်ကြရန် လည်းကောင်း၊ ထို(တမန်တော်မူစာ)သည် အသင်နှင့်တကွအသင်၏ကိုးကွယ်ရာများကိုပါကစွန့်ပစ်ထားရန် လည်းကောင်း ဤအတိုင်းပင်လွှတ်ထားပါမည်လော" ဟူသည်က ထင်ရှားစေပါသည်။ ဤမေးခွန်းအတွက် ဖေရိုဘုရင်တွင် ခိုင်မာယုံကြည်လောက်သော အဖြေမရှိပါ။ သူက سَنُقَتِّلُ اَبْنَآءَهُمْ وَ نَسْتَحْيٖ نِسَآءَهُمْ ۚ وَ اِنَّا فَوْقَهُمْ قٰهِرُوْنَ "ငါတို့သည် မကြာမီ ၎င်းတို့၏ သားယောကျ်ားကလေးများကို သတ်ဖြတ်ကြမည်။ သို့ရာတွင် ၎င်းတို့၏ အမျိုးသမီးများကိုမူကား (ခိုင်းစေနိုင်ရန်အတွက် သတ်ဖြတ်ခြင်းမပြုဘဲ) အသက်ချမ်းသာခွင့် ပေးထားကြမည်။ အမှန်သော်ကား ငါတို့သည် ၎င်းတို့အား နိုင်နင်းလွှမ်းမိုးသူများပင်ဖြစ်ကြသည်" (၇း၁၂၇) ဟူ၍သာ ပြောခဲ့ပါသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ ဋီကာရှင်များအဆိုအရ ဖေရိုဘုရင်က ထိုသူတို့၏ အမျိုးသားများကို သတ်ဖြတ်၍ ထိုသူတို့၏ အမျိုးသမီးတို့အား အသက်ရှင်ခွင့်ပေးခြင်းအားဖြင့် အချိန်ကာလတစ်ခုအတွင်းတွင် ထိုသူများအားလုံးတို့အား လုံးဝဥသုံး ရှင်းလင်းပစ်နိုင်ပါလိမ့်မည်ဟုပြောကာ သူ၏လူများကို ကျေနပ်နှစ်သိမ့် စေပါသည်။ သူ၏လူများ၏ အစေခံများအဖြစ် အသုံးပြုနိုင်ရန်အတွက် ထိုသူများတို့၏ အမျိုးသမီးတို့အား မသတ်ဘဲ ချန်လှပ်ထားခဲ့သည်။ အမှန်တကယ်မှာမူ တမန်တော်မူစာ a ၏ တန်ခိုးပြာဋိဟာများကြောင့် ဖေရိုဘုရင်သည် အလွန်အထိတ်တလန့်ဖြစ်ကာ အစွမ်းရေးလအမျိုးသားများအားလုံးတို့အား သတ်ဖြတ်မည်ဟု သူခြိမ်းခြောက်ခဲ့သော အခြေအနေမျိုးမှာပင်လျှင် တမန်တော်မူစာ a ၊ တမန်တော်ဟာရွန် a တို့နှင့် ပတ်သက်၍ ဘာတစ်ခွန်းမျှမပြောကြားနိုင်ခဲ့ပါ။ မော်လာနာ ရူမီကပြောသည်မှာ -

هر كه ترسيد از حق و تقوى گزيد

ترسيد از وى جن و انس و هر كه ديد

မည်သူမဆို "သက္ကဝါ" ကိုကျင့်သုံးကာ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ပါက ထိုသူ့အား လူသားများအားလုံးနှင့် ဂျင်နီများက ကြောက်ရွံ့ကြမည်။

ဖေရိုဘုရင်၏လူများက ပြောကြားသော "အသင်နှင့် အသင်၏ဘုရားများကို သူက စွန့်လွှတ်ခဲ့သည့်တိုင်" ဟူသော စကားတို့က သူသည် သူ၏လူမျိုးများ၏ ဘုရားဖြစ်သည်ဟူ၍ ဖေရိုဘုရင်က ပြောလင့်ကစား ဖေရိုဘုရင်ကိုယ်၌ကပင်လျှင် အခြားသောဘုရားများကို ကိုးကွယ်လေ့ရှိကြောင်း ကျွန်ုပ်တို့အား နားလည် သဘောပေါက်စေပါသည်။ အစွမ်းရေးလအမျိုးသားတို့အား သတ်ဖြတ်၍ ၎င်းတို့၏အမျိုးသမီးတို့အား အသက်ရှင်ခွင့်ပေးရန်ဟူသော အဓိန္ဒိပ္ပဒေထုတ်ပြန် ကြေညာချက်သည် ယခုအခါနှင့်ဆိုလျှင် နှစ်ကြိမ်မြောက်ဖြစ်ပါသည်။ ပထမအကြိမ် ဥပဒေ အတည်ဖြစ်မှာ၊

တမန်တော်မူစာ a မမွေးဖွားမီအချိန်က ဖြစ်ပါသည်။ ဖေရိဘုရင်သည် ယနေ့တိုင် ဤဥပဒေအကျိုး သက်ရောက်မှု မရှိကြောင်းကို ဤအချိန်တွင် ကြီးမားလှသော အစွမ်းရေးလ်လူမျိုးအုပ်စုကြီးအား မြင်တွေ့ရခြင်းက ထင်ရှားပါသည်။ အလ္လာဟ်အရှင်မြတ်သည် လူမျိုးတစ်မျိုးကို အရှက်ရစေလိုပါက ထိုသူများအားလုံးတို့၏ ကြံစည် လုပ်ကိုင်မှုများသည် မည်သည်မျှဖြစ်မလာစေဘဲ ပျက်စီးခြင်းသာဖြစ်စေပါသည်။ ဤမင်းဆိုးမင်းညစ်နှင့် ဖိနှိပ်ချုပ်ချယ်မှုတို့သည် အဆုံးတွင် သူနှင့် သူ၏လူများအား စက်ဆုပ်ရွံရှာဖွယ်ရာ အဆုံးသတ်မှုဆီသို့ ရောက်သွားစေကြောင်းကို ကျွန်ုပ်တို့ များမကြာမီ တွေ့ရပါမည်။

## အာယသ် (၁၂၈-၁၃၂)

قَالَ مُوْسٰى لِقَوْمِهِ اسْتَعِيْنُوْا بِاللّٰهِ وَ اصْبِرُوْا ۚ اِنَّ الْاَرْضَ لِلّٰهِ ۖ يُوْرِثُهَا مَنْ
يَّشَآءُ مِنْ عِبَادِهٖ ؕ وَ الْعَاقِبَةُ لِلْمُتَّقِيْنَ ﴿۱۲۸﴾ قَالُوْۤا اُوْذِيْنَا مِنْ قَبْلِ اَنْ تَاْتِيَنَا
وَ مِنْۢ بَعْدِ مَا جِئْتَنَا ؕ قَالَ عَسٰى رَبُّكُمْ اَنْ يُّهْلِكَ عَدُوَّكُمْ وَ يَسْتَخْلِفَكُمْ فِى
الْاَرْضِ فَيَنْظُرَ كَيْفَ تَعْمَلُوْنَ ﴿۱۲۹﴾ وَ لَقَدْ اَخَذْنَاۤ اٰلَ فِرْعَوْنَ بِالسِّنِيْنَ وَ
نَقْصٍ مِّنَ الثَّمَرٰتِ لَعَلَّهُمْ يَذَّكَّرُوْنَ ﴿۱۳۰﴾ فَاِذَا جَآءَتْهُمُ الْحَسَنَةُ قَالُوْا لَنَا
هٰذِهٖ ۚ وَ اِنْ تُصِبْهُمْ سَيِّئَةٌ يَّطَّيَّرُوْا بِمُوْسٰى وَ مَنْ مَّعَهٗ ؕ اَلَاۤ اِنَّمَا طٰٓئِرُهُمْ عِنْدَ اللّٰهِ
وَ لٰكِنَّ اَكْثَرَهُمْ لَا يَعْلَمُوْنَ ﴿۱۳۱﴾ وَ قَالُوْا مَهْمَا تَاْتِنَا بِهٖ مِنْ اٰيَةٍ لِّتَسْحَرَنَا بِهَا ۙ
فَمَا نَحْنُ لَكَ بِمُؤْمِنِيْنَ ﴿۱۳۲﴾

ထိုနဗီတမန်တော်(မူစာ)က မိမိအမျိုးသားတို့အား (အချင်းတို့) အသင်တို့သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ အကူအညီကို အသနားခံကြလေကုန်။ ၎င်းပြင် အသင်တို့သည် (ထိုအရှင်မြတ်၏ တရားလမ်းစဉ်၌) တည်ကြည်ကြံခိုင်စွာရှိကြလေကုန်။ ဧကန်စင်စစ် (ဤ) ကမ္ဘာမြေသည် အလ္လာဟ်အရှင်မြတ် စိုးပိုင်တော်မူသော ကမ္ဘာမြေပြင်သာ ဖြစ်ချေသည်။ ထိုအရှင်မြတ်သည် ယင်းကမ္ဘာမြေကို မိမိ၏ကျေးကျွန်တို့အနက် အလိုရှိတော်မူသောသူအား စိုးပိုင်စေတော်မူလေသည်။ သို့ရာတွင် နောက်ဆုံးအကျိုးသည် (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ရိုသေခန့်ညားသော သူတော်စင်များအဖို့သာ ဖြစ်သည်ဟု ပြောဆိုခဲ့လေသည်။ (၇ : ၁၂၈)

ထိုအခါ ၎င်းနဗီတမန်တော်(မူစာ)၏ အမျိုးသားတို့က အို-နဗီတမန်တော် (မူစာ) ကျွန်ုပ်တို့သည် အသင်ကျွန်ုပ်တို့ထံမရောက်မီကလည်း ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံနေကြရသည်။အသင်ကျွန်ုပ်တို့ထံရောက်လာပြီးနောက်တွင်လည်းညှဉ်းပန်းနှိပ်စက်ခြင်းကို ခံနေကြရပါသည်ဟု ပြောဆိုကြလေသည်။ (ထိုအခါ) နဗီတမန်တော် (မူစာ)က (အချင်းတို့) အသင်တို့အား မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်သည် မကြာမီအသင် တို့၏

ရန်သူကို သေကြေပျက်စီးစေတော်မူ၍ အသင်တို့အား တိုင်းပြည်တွင် အုပ်စိုးစေတော်မူမည်ဖြစ်သည်။ ထို့နောက် အသင်တို့သည် မည်သို့ကျင့်မူကြသည်ကို ရှုစားတော်မူလိမ့်မည်ဟု ပြောကြားလေသည်။ (၇ : ၁၂၉)

ငါပြင် ငါအရှင်မြတ်သည် ဇကာန်စင်စစ် ဖိရ်အောင်နှ်၏အမျိုးသားတို့အား ခေနာင်တာတရားရစိမ့်သောငှာ မိုးခေါင်ရေရှားစေခြင်းဖြင့်လည်းကောင်း၊ သစ်သီးဝလံရှားပါးစေခြင်းဖြင့်လည်းကောင်း ဗမ်းဆီးနှိပ်ကွပ် အပြစ်ပေးတော် မူခဲ့လေသည်။ (၇ : ၁၃၀)

သို့ရာတွင် ငှင်းတို့သည် မိမိတို့၌ ကောင်းမွန်သောအခြေအနေ ဆိုက်ရောက်ခဲ့သောအခါ ဤသည် ငါတို့အဖို့ (ငါ) ငါတို့၏ကံ၊ ဥာဏ်၊ ဝိရိယတို့ကြောင့် ဖြစ်သည်ဟု ပြောဆိုကြလေသည်။ တစ်ဖန် အကယ်၍ ငှင်းတို့၌ ဘေးဥပါဒ်တစ်စုံတစ်ရာ သက်ရောက်ခဲ့ပါမူ ငှင်းတို့က နဗီတမန်တော် (မူစာ) ကြောင့် လည်းကောင်း၊ ထိုနဗီတမန်တော်မူစာနှင့် အတူရှိကုန်သော သူတို့ကြောင့်လည်းကောင်း (လာဘ်ပိတ်သည်) ဟု မကောင်းသော အတိတ်နိမိတ် ကောက်ယူကြသည်။ (အိုး-ကြားနာသူအပေါင်းတို့၊ အသင်တို့သည် ကောင်းမွန်စွာ) မှတ်ယူကြလေကုန်၊ ငှင်း (ဖိရ်အောင်နှ်၏အမျိုးသား) တို့၏ လာဘ်ပိတ်မှု (အကြောင်း) သည် အလ္လာဟ်အရှင်မြတ်၏ ထံတော်၌ရှိသည်။ သို့ရာတွင် ငှင်းတို့အနက် များစွာသောသူတို့သည် (ဤမျှလောက် ထင်ရှားလှစွာသော အကြောင်းကိုပင်) မသိနားမလည်ကြပေ။ (၇း၁၃၁)

ငှင်းပြင် ထို(ဖိရ်အောင်နှ်၏အမျိုးသား) တို့က (ဤသို့)ပြောဆိုကြကုန်၏။ (အိုး-မူစာ) အသင်သည် ကျွန်ုပ်တို့အားပြုစားရန် မည်သို့ပင် သက်သေလက္ခဏာများကို ကျွန်ုပ်တို့ ရှေ့ဝယ် ယူဆောင်၍လာသော်ငြားလည်း ကျွန်ုပ်တို့မှကား အသင့်အား ယုံကြည်ကြမည် မဟုတ်ပေ။ (၇ : ၁၃၂)

တမန်တော်မူစာအား ရှုံးနိမ့်ပြီးသည့်နောက်တွင် ဖေရိဘုရင်သည် အစွမ်းရေးလ်ယောကျ်ားကလေးငယ်များအား သတ်ဖြတ်ရန် ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ဤပြစ်ဒဏ်ခတ်မှုကို တမန်တော်မူစာ a မပွင့်မီအလျင်ကပင် ကြုံတွေ့ခဲ့ရသောကြောင့် ငှင်းတို့သည် အကြီးအကျယ် ထိတ်လန့်သွားခဲ့ကြသည်။ တမန်တော်မူစာ a ကလည်း ဤအချက်ကို သတိမူမိပါသည်။ ငှင်း၏ကြင်နာမှုအရ တမန်တော်မူစာ a သည် အစွမ်းရေးလ်လူမျိုးများအား အသိဉာဏ်ကြွယ်ဝသော အဖြေနှစ်ရပ်ပေးခဲ့ပါသည်။ သူကပြောသည်၊ ဤစမ်းသပ်မှုမှ လွတ်မြောက်ရန် တစ်ခုတည်းသော နည်းလမ်းမှာ ပထမဦးစွာ အလ္လာဟ်အရှင်မြတ်ထံ အကူညီတောင်းခံရန်နှင့် ဒုတိယအနေဖြင့် အရာရာတိုင်းတို့သည် ငှင်းတို့အား အကျိုးပြုလာသည့်အချိန်ထိ သည်းခံစောင့်ဆိုင်းရန်ဖြစ်သည်။ အကယ်၍ ထိုသူတို့သည် ဤဩဇာကြားချက်နှစ်ရပ်အား ယုံကြည်စွာ လိုက်နာကျင့်သုံးပါက နယ်မြေတစ်ခုလုံးကို ငှင်းတို့အမွေဆက်ခံခွင့် ရရှိပါလိမ့်မည်ဟူ၍လည်း တမန်တော်မူစာ a က ကတိပေးလေသည်။ ဤသည်ကိုပင် အာယသ်တော်က- **قَالَ مُوْسٰى لِقَوْمِهِ اسْتَعِيْنُوْا بِاللّٰهِ وَاصْبِرُوْا ۚ اِنَّ الْاَرْضَ لِلّٰهِ ۙ يُوْرِثُهَا مَنْ يَّشَآءُ مِنْ عِبَادِهٖ ۭ وَالْعَاقِبَةُ لِلْمُتَّقِيْنَ** "အသင်တို့သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ အကူအညီကို အသနားခံကြလေကုန်။ ငှင်းပြင် အသင်တို့သည် (ထိုအရှင်မြတ်၏တရားလမ်းစဉ်၌) တည်ကြည်ကြဉ်ခိုင်စွာ

ရှိကြလေကုန်။ဇကန်စင်စစ်(ဤ)ကမ္ဘာမြေသည်အလ္လာဟ်အရှင်မြတ်စိုးပိုင်တော်မူသောကမ္ဘာမြေပြင်သာဖြစ်ချေသည်။ ထိုအရှင်မြတ်သည် ယင်းကမ္ဘာမြေကို မိမိ၏ကျေးကျွန်တို့အနက် အလိုရှိတော်မူသောသူအား စိုးပိုင်စေတော်မူလေသည်။ သို့ရာတွင် နောက်ဆုံးအကျိုးသည် (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ရိုသေခန့်ညားသော သူတော်စင်များအဖို့သာဖြစ်သည်ဟု ပြောဆိုခဲ့လေသည်။" ဤသည်ကရည်ညွှန်းသည်မှာ ကမ္ဘာမြေပထဝီအလုံးစုံသည် အလ္လာဟ်အရှင် စိုးပိုင်တော်မူပါသည်။ ၎င်းနောက် အလ္လာဟ်အရှင် ဆန္ဒရှိတော်မူသော မည်သူကိုမဆို ထိုမြေကြီးအား ပိုင်ဆိုင်စေသည်" ဟူ၍ ဖြစ်သည်။ ၎င်းနောက် နောက်ဆုံးရလဒ်သည် အလ္လာဟ်အရှင်အား ကြောက်ရွံ့ ရိုသေသူများအတွက် ဖြစ်သည် ဆိုသည်မှာ ထင်ထင်ရှားရှားပင်ဖြစ်သည်။ ထို့ကြောင့် အကယ်၍သာ ထိုသူများသည် အထက်ဖော်ပြပါ ညွှန်ကြားချက်နှစ်ခုအတိုင်း လုပ်ဆောင်ခဲ့ပြီး "သက္ကဝါ" (မနာခံခြင်းမှ ရှောင်ကြဉ်ခြင်း)ကို ကျင့်သုံးခဲ့ပါလျှင် အဆုံးစွန်တွင် ထိုသူများသည် တိုင်းပြည်တစ်ခုလုံးအား အုပ်စိုးနိုင်ပါလိမ့်မည်။

## အောင်မြင်ရန် တစ်ခုတည်းသောနည်းလမ်း

အထက်ဖော်ပြပါ တမန်တော်မူစာ [a] သင်ကြားပြသမှုနှစ်ရပ်ကို အနည်းငယ်စဉ်းစားကြည့်လိုက်ပါလျှင် ထိုသည်တို့သည် မည့်သည့်ခက်ခဲမှုကိုမဆို အသေအချာကျော်လွှားနိုင်သော အဓိပတိဆေးနည်းတစ်လက်ပင် ဖြစ်ကြောင်း ပြသပါလိမ့်မည်။ ဤဆေးနည်းတွင်ပါဝင်သော ပထမအရာသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ အကူအညီတောင်းခံခြင်းဖြစ်ပြီး ယင်းသည် ဤဆေး၏အနှစ်သာရပင် ဖြစ်ပါသည်။ အကယ်၍သာ စကြဝဠာဖန်ဆင်းရှင်သည် တစ်စုံတစ်ဦးအား အကူအညီပေးပါက မည်သူတစ်ဦးတစ်ယောက်က ထိုအရှင်အား တားဆီးနိုင်ပါမည်နည်း ဟူသည်ကား ထင်ရှားသော စဉ်းစားဆင်ခြင်တုံတရားပင် ဖြစ်ပါသည်။ မော်လာနာရူမီက နှစ်ကြောင်းတွဲကဗျာထဲ၌

خاك و باد و آب و آتش بندهٔ اند

با من و تو مردهٔ باحق زندهٔ اند

"ကမ္ဘာပထဝီမြေကြီး၊ လေ၊ ရေ နှင့် မီး အလုံးစုံတို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်များဖြစ်ကြသည်။

အသင်နှင့်ကျွန်ုပ်တို့အတွက် ယင်းတို့သည် သက်မဲ့များဖြစ်ကြသည်။ သို့ရာတွင် အလ္လာဟ်အရှင်အတွက်မှာမူ ထိုသူတို့သည် ရှင်သန်နေကြပါသည်" ဟူ၍ဖြစ်သည်။

ဟဒီးဆ်တော်တစ်ပုဒ်တွင် ပါရှိသည်မှာ အလ္လာဟ်အရှင်သည် တစ်စုံတစ်ခုကို လုပ်တော်မူရန် ဆန္ဒရှိပါလျှင် အရာရာတိုင်းတို့သည် ယင်းကိစ္စဖြစ်မြောက်စေရန်အတွက် ဖြစ်သွားပါတော့သည်။ ထို့ကြောင့် ရန်သူနှင့်ရင်ဆိုင်ခဲ့ပါလျှင် တစ်စုံတစ်ဦး၏ နှလုံးသားဖြူစင်ရိုးသားခြင်းအလုံးစုံဖြင့် အလ္လာဟ်အရှင်ထံတော်မှ အကူအညီတောင်းခံခြင်းထက် မည်သည့်အရာကမျှ ပို၍စွမ်းအားမရှိပါ။ အကူအညီတောင်းခံရန်အတွက် ပုံသေစကားလုံးများအား ရွတ်ဆိုရုံဖြင့် မလုံလောက်ပါ။

အောင်မြင်မှုလမ်းစတွင် ဖက်စပ်ပါဝင်နေသော ဒုတိယအရေးကြီးသောအရာမှာ သည်းခံခြင်းတရားပင် ဖြစ်ပါသည်။ သည်းခံခြင်းဟု အဓိပ္ပာယ်သက်ရောက်သော အရဗီစကားလုံး صبر "ဆွဗရ်"သည် ဝေါဟာရအရ မသင့်

လျော်သော အဖြစ်အပျက်များတွင် တစ်စုံတစ်ဦးသည် မိမိကိုယ်ကို မိမိထိန်းချုပ်ထားခြင်းကို ဖော်ညွှန်းပါသည်။ အခက်အခဲများနှင့် ဒုက္ခများကို မကျော်လွှားဘဲနှင့် မည်သည့်ထူးခြားပြောင်မြောက်မှုကိုမျှ မရရှိနိုင်ဆိုသည်ကား ယေဘုယျ အသိတစ်ရပ်ပင်ဖြစ်ပါသည်။ တစ်စုံတစ်ဦးသည် အခက်အခဲများကို ရင်ဆိုင်နိုင်ရန်အတွက် မိမိကိုယ်ကို မိမိ အသင့်ပြင်ဆင်ထားခဲ့ပါလျှင် သူ၏ရည်မှန်းချက်များစွာကို ယေဘုယျအားဖြင့် အောင်မြင်ပါသည်။ တမန်တော်မြတ် s သခင်က ဟဒီးဆ်တော်တစ်ပုဒ်တွင် မိန့်ကြားထားသည်မှာ "တစ်စုံတစ်ဦးအား ချီးမြှင့်ထားသည့် ကောင်းချီးမင်္ဂလာ များအနက် သည်းခံခြင်းဆိုသည့် ကောင်းချီးထက် မည်သည့် ကောင်းချီးမင်္ဂလာကမျှ မကြီးကျယ်နိုင်ပါ။"

(အဗူဒါဝူဒ်)

အစွမ်းရေးလ်လူမျိုးများသည် ထိုကဲ့သို့သောကိစ္စများအတွက် ခံယူချက်ရှိဟန်မတူသောကြောင့် သည်းခံခြင်းတစ်ခုတည်းဖြင့် ဖေရိဘုရင်၏ပြစ်ဒဏ်ခတ်မှုကလွတ်ကင်းကာ ၎င်း၏လက်အောက်မှာ မည်ကဲ့သို့အောင်အောင်မြင်မြင် ခေါ်ထုတ်သွားနိုင်မည်ဆိုကြောင်းကို ထိုသူတို့ နားလည်သဘောပေါက်နိုင်စွမ်း မရှိကြပါ။ သူတို့က တမန်တော်မူစာ a အား အပြစ်တင်ကာ ပြောကြားသည်မှာ -

قَالُوْٓا اُوْذِيْنَا مِنْ قَبْلِ اَنْ تَاْتِيَنَا وَ مِنْۢ بَعْدِ مَا جِئْتَنَا

"ထိုအခါ ၎င်းနဗီတမန်တော်မူစာ၏ အမျိုးသားတို့က အို-နဗီတမန်တော် (မူစာ)၊ ကျွန်ုပ်တို့သည် အသင် ကျွန်ုပ်တို့ထံ မရောက်မီကလည်း ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ကြရသည်။ အသင် ကျွန်ုပ်တို့ထံ ရောက်လာပြီးနောက်တွင်လည်း ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံနေကြရပါသည်ဟု ပြောဆိုကြလေသည်" ဟူ၍ ဖြစ်သည်။

သူတို့ဆိုလိုသည်မှာ ဖေရိဘုရင်၏ ညှဉ်းပန်းနှိပ်စက်ခြင်းမှ ၎င်းတို့အား ကယ်တင်စေရန် ၎င်းတို့သည် နဗီတစ်ပါးကို မျှော်လင့်နေခဲ့ပါသည်။ သို့သော်လည်း သူတို့ထံ နဗီတမန်တော်ရောက်လာခဲ့ပါလျက်နှင့် သူတို့၏ ကံကြမ္မာသည် မည်သို့မျှ ပြောင်းလဲခြင်းမရှိခဲ့ပါဟူ၍ဖြစ်သည်။ တမန်တော်မူစာက ၎င်းတို့အား

عَسٰى رَبُّكُمْ اَنْ يُّهْلِكَ عَدُوَّكُمْ وَ يَسْتَخْلِفَكُمْ فِى الْاَرْضِ فَيَنْظُرَ كَيْفَ تَعْمَلُوْنَ

"(ထိုအခါ) နဗီတမန်တော် (မူစာ) a က (အချင်းတို့) အသင်တို့အား မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်သည် မကြာမီ အသင်တို့၏ရန်သူကို သေကြေပျက်စီးစေတော်မူ၍ အသင်တို့အား တိုင်းပြည်တွင် အုပ်စိုးစေတော်မူမည်ဖြစ်သည်။ ထို့နောက် အသင်တို့သည် မည်သို့ကျင့်မူကြသည်ကို ရှုစားစေတော်မူလိမ့်မည်"ဟူ၍ ဖြေကြားခဲ့သည်။

## အချုပ်အခြာအာဏာပိုင်ဆိုင်မှုသည် စမ်းသပ်မှုတစ်ရပ်ဖြစ်သည်

အာယသ်တော်၏ နောက်ဆုံးစကားစုထဲတွင် အသိဉာဏ်ကြွယ်သော လေ့လာမှတ်သားမှုတစ်ရပ်ကို ပေးထားပါသည်။ ယင်းမှာ အချုပ်အခြာအာဏာပိုင်ခြင်းနှင့် စိုးမိုးအုပ်ချုပ်ခြင်းဆိုသည်မှာ ရည်စူးချက်သော်လည်းကောင်း၊ ရည်မှန်းချက်သော်လည်းကောင်း မရှိရပါ။ သို့ရာတွင် ယင်းတွင်တိုင်းပြည်၌ အေးချမ်းသာယာစေခြင်းနှင့် တရားမျှတစေခြင်း ဆိုသည့်ရည်မှန်းချက်ကို ရရှိသောနည်းဖြစ်ပါသည်။ အချုပ်အခြာအာဏာပိုင်ခြင်း (သို့မဟုတ်) စိုးမိုးခြင်းဆိုသည်မှာ၊ အဆိုးများထက် အကောင်းများ ပျံ့နှံ့စေမှုအတွက် အလွှာဟ်အရှင်ပေးအပ်တော်မူသော မြင့်မြတ်သည့် ယုံမှတ်အပ်နှံ မှု တာဝန်ပင် ဖြစ်ပါသည်။ အာယသ်တော်က ထိုသူများအား သတိပေးထားသည်မှာ အကယ်၍ ၎င်းတို့

အား ယုံမှတ် အပ်နှံမှု ပေးသနားခဲ့ပါက ၎င်း၏အလျင် လူများ၏ ကံကြမ္မာဆိုးကို ၎င်းတို့ မမေ့အပ်သင့်ပါ ဟူ၍ ဖြစ်သည်။

အာယသ်တော်က ဦးတည်ပြောကြားခြင်း ခံရသောသူများသည် အစွမ်ရေးလ်လူမျိုးများ ဖြစ်ကြသော်လည်း အာယသ်တော်က အုပ်ချုပ်ခြင်း (သို့မဟုတ်) စိုးမိုးခြင်းကို အပ်နှံခြင်းခံရသည့်သူများကို သွယ်ဝိုက်၍ သတိပေးထားပါသည်။ အချုပ်အခြာ အာဏာပိုင်ခြင်း (သို့မဟုတ်) တန်ခိုးအာဏာသည် အမှန်တကယ်ဆိုလျှင် အလ္လာဟ်အရှင်တစ်ပါးတည်းသာ ပိုင်ဆိုင်တော်မူပါသည်။ အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာမြေပေါ်၌ လူသားအား အရှင်၏ လက်ထောက်အဖြစ် ပြုလုပ်ထားတော်မူသည်။ အရှင်သည်သာ လူသားအား တန်ခိုးအာဏာ အပ်နှင်းတော်မူပြီး အရှင် အလိုတော်ရှိပါက ရုပ်သိမ်း တော်မူပါသည်။ ဤသည်ကိုပင် အောက်ဖော်ပြပါ အာယသ် **تُؤْتِي الْمُلْكَ مَنْ تَشَاءُ وَتَنْزِعُ الْمُلْكَ مِمَّنْ تَشَاءُ** "အရှင်မြတ်သည် မိမိနှစ်လိုတော်မူသောသူအား တန်ခိုးအာဏာကို ပေးသနားတော်မူ၏။ ထိုနည်းတူစွာ အရှင်မြတ် သည် မိမိအလိုရှိတော်မူသောသူ၏ထံမှ ဩဇာအာဏာကို ပြန်လည်ရုပ်သိမ်းတော်မူ၏ (၃း၂၆) က ဆိုလိုပါသည်။

ထို့ကြောင့် အုပ်ချုပ်ရခြင်းနှင့် အုပ်ချုပ်မှုအာဏာဆိုသည်မှာ အုပ်ချုပ်သူများအား အေးချမ်းသာယာခြင်း၊ တရားမျှတမှုရှိခြင်းနှင့် အဆိုးများထက် အကောင်းများပျံ့နှံ့စေရန် တည်ထောင်ခြင်းဆိုသည့် ၎င်းတို့၏ တာဝန်ဝတ္တရားအား မည်မျှအထိ ဖြည့်ဆည်းထမ်းရွက်ပြီးသနည်းဆိုသည်ကို ကြည့်ရှုရန်အတွက် စမ်းသပ်မှုတစ်မျိုးဖြစ်ပါသည်။

သူ၏သပ်ဖိစီရင် အလ်ဗဟ်ရှလ်မုဟီးတွင်ကျမ်းထဲတွင် အပူဟိုင်ယာန်က ဤအာယသ်နှင့်ပတ်သက်၍ မှတ်ချက်ပေးခြင်းတွင် အောက်ဖော်ပြပါ အဖြစ်အပျက်တစ်ခုကို ထည့်သွင်းထားခဲ့ပါသည်။ အဗာဆီယဟ်မင်းဆက်၏ ဒုတိယမြောက် ခလီဖဟ်ဖြစ်လာမည့် မန်စူးရ်ထံသို့ အမိရ်အိပ်နအုပိုင်ဒ် ခလီဖဟ်အဖြစ် မအပ်နှင်းမီအချိန်က သွားရောက်လည်ပတ်ခဲ့ကာ ဤအာယသ် "အသင်တို့အား မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်သည် မကြာမီ အသင်တို့၏ ရန်သူကို သေကြေပျက်စီးစေတော်မူ၍ အသင်တို့အား တိုင်းပြည်တွင် အုပ်စိုးစေတော်မူမည်ဖြစ်သည်"ကို ရွတ်ဖတ်သရဇ္ဈာယ် ပြခဲ့သည်။ ဤသည်က သူ၏နန်းတက်ခြင်းအတွက် အမိရ်အိပ်နအုပိုင်ဒ်၏ ကြိုတင် ဟောကိန်းတစ်ရပ်သဖွယ် ဖြစ်သွားပါသည်။ များမကြာမီပင် မန်စူးရ်သည် ဘုရင့်အမွေဆက်ခံကာ ခလီဖဟ်ကြီး ဖြစ်လာခဲ့ပါသည်။ အမိရ်အိပ်နအုပိုင်ဒ်သည် ခလီဖဟ်ကြီးထံ တစ်ဖန် လာရောက်ခဲ့ပါသည်။ မန်စူးရ်က သူ့အား သူကြိုတင်ဟောကိန်းထုတ်ထားခြင်းကို ပြန်လည်သတိရစေပါသည်။ အမိရ်အိပ်နအုပိုင်ဒ်က တစ်မုဟုတ်ချင်း ဖြေကြားခဲ့သည်မှာ "ဟောကိန်း၏ ပထမအပိုင်းသည် မှန်ကန်ခဲ့ကာ အသင် ခလီဖဟ်ကြီးဖြစ်ခဲ့ပါပြီ၊ သို့ရာတွင် ဒုတိယပိုင်းကိုတော့ ယနေ့တိုင် မဖြည့်ဆည်းသေးပါ" ဟူ၍ ဖြစ်ပါသည်။ အာယသ်ထဲ၌ **فَيَنْظُرَ كَيْفَ تَعْمَلُوْنَ** "ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ မည်သို့ကျင့်မူကြသည်ကို ရှုစားတော်မူလိမ့်မည်" ဟူသော စကားစုလည်း ပါဝင်ပါသည်။ အမိရ်အိပ်နအုပိုင်ဒ်က အာဏာရရှိခြင်းသည် ဂုဏ်မောက်စရာ ကိစ္စမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုသည်၏နောက်၌ အလ္လာဟ်အရှင်သည် အာဏာရှိသူများ မည်သို့ပြုမူသည်ကို စစ်ဆေးသည်၊ ဤယုံကြည်အပ်နှံမှုကို ၎င်းတို့မည်ကဲ့သို့ အသုံးပြုသည်ကိုလည်း ကြည့်သည်ဟူ၍ အကြံပေးခဲ့သည်။

နောက်အာယသ်များထဲတွင် ပြစ်ဒဏ်ခတ်မှုအနေဖြင့် ၎င်းတို့အပေါ်၌ချပေးသော များစွာသော ကပ်ဘေးဆိုးကြီးတို့ကြောင့် အဆုံးတွင် ဖေရိုဘုရင်နှင့် သူ၏လူများ သေကြေပျက်စီးသည့် အဖြစ်အပျက် များအကြောင်းကို ဖော်ပြထားသည်။ ပထမဦးစွာ ၎င်းတို့အပေါ်၌ ပြစ်ဒဏ်ခတ်မှုအနေဖြင့် ကောင်းကင်မှ ကျရောက်လာသည့် ပြစ်ဒဏ်သည်

အစာရေစာခေါင်းပါးမှု၊ ဒုဗ္ဘိက္ခန္တရကပ်ဖြစ်ပါသည်။ သမိုင်းဆိုင်ရာ တင်ပြချက်များအရ ဤအစာရေစာ ငတ်မွတ်ခေါင်းပါးမှု ကပ်ဘေးဆိုးကြီးသည် ခုနစ်နှစ်တိုင် ကြာမြင့်ခဲ့ပါသည်။

"ငင်းပြင် ငါအရှင်မြတ်သည် ဇကန်စင်စစ် ဖိရ်အောင်၏ အမျိုးသားတို့အား နောင်တတရား ရစိမ့်သောငှာ မိုးခေါင်ရေရှားစေခြင်းဖြင့် လည်းကောင်း၊ သစ်သီးဝလံရှားပါးစေခြင်းဖြင့်လည်းကောင်း ဖမ်းဆီးနှိပ်ကွပ် အပြစ်ပေးတော်မူခဲ့လေသည်။ သို့ရာတွင် ငင်းတို့သည် မိမိတို့၌ ကောင်းမွန်သော အခြေအနေ ဆိုက်ရောက်လာခဲ့သောအခါ ဤသည် ငါတို့အဖို့ (ဝါ) ငါတို့၏ ကံ၊ ဥာဏ်၊ ဝီရိယကြောင့် ဖြစ်သည်ဟု ပြောဆိုကြလေသည်။ တစ်ဖန် အကယ်၍ ငင်းတို့၌ ဘေးဥပဒ် တစ်စုံတစ်ရာ မကောင်းသော စရိုက်လက္ခဏာ သက်ရောက်ခဲ့ပါမူ ငင်းတို့က နဗီတမန်တော်(မူစာ) ကြောင့် လည်းကောင်း၊ ထိုတမန်တော်မူစာ a နှင့်အတူ ရှိကုန်သောသူတို့ကြောင့် လည်းကောင်း၊ (အို-ကြားနာသူ အပေါင်းတို့၊ အသင်တို့သည် ကောင်းမွန်စွာ) မှတ်ယူကြလေကုန်။ ငင်း (ဖိရ်အောင်နှိပ်အမျိုးသား)တို့၏ လာဘ်ပိတ်မှု (အကြောင်းသည်) အလွန်ဟိအရှင်မြတ်ထံတော် ၌ရှိသည်။ သို့ရာတွင် ငင်းတို့အနက် များစွာသောသူတို့သည် (ဤမျှလောက် ထင်ရှားလှစွာသော အကြောင်းကိုပင်) မသိ နားမလည်ကြပေ။

ပထမအာယသ်က အစာရေစာ ငတ်မွတ်ခေါင်းပါးခြင်း ကပ်ဆိုးကြီးကို "မိုးခေါင်ရေရှားသည့် နှစ်များ" နှင့် "သစ်သီးဝလံရှားပါးခြင်း" ဆိုသည့် စကားစုနှစ်ရပ်ဖြင့် ဖော်ပြထားပါသည်။ လေးစားရပါသော ဆွဟာဗဟ်ကြီး အိဗ်နအဗ္ဗာစ်နှင့် ဋီကာရှင်ကတာဒဟ်တို့က ကျေးလက်ဒေသရှိ လူများအပေါ်၌ မိုးခေါင်ရေရှားခြင်း ပြစ်ဒဏ်ကို ချပေးကာ မြို့ပြတွင် နေထိုင်သောလူများကိုမူ သစ်သီးဝလံများရှားပါးခြင်းတို့ဖြင့် ပြစ်ဒဏ်ခတ်ခဲ့သည်ဟုပြောပါသည်။ လူမျိုးတစ်မျိုးအပေါ်၌ အလွှာဟ်အရှင်မြတ်၏ အမျက်တော်ရှခြင်း တံဆိပ်ခတ်နှိပ်ခြင်းခံရပါက ထိုသူတို့သည် အမှားနှင့်အမှန် ခွဲခြားနိုင်သည့် အစွမ်းပျောက်ဆုံးသွား ကြသည်။ ဘုရင်ဖေရိုနှင့် သူ၏လူများသည်လည်း ငင်းတို့၏ နားလည်သဘောပေါက်ခြင်း ပျောက်ဆုံးသွားခဲ့ကြပါသည်။ ငင်းတို့ ဤသတိပေးချက်မှ သင်ခန်းစာမရယူခဲ့ကြပါ။ ဤသည်နှင့် ဆန့်ကျင်စွာ ဤကပ်ဘေးဆိုးကြီးသည် တမန်တော်မူစာ a နှင့် သူ၏လူများကြောင့် ဖြစ်ပေါ်လာသော မကောင်းသည့်အတိတ်နိမိတ်ဖြစ်သည်ဟု အပြစ်ဖို့ကြသည်။ အာယသ်တော်က "ငင်းတို့သည် မိမိတို့၌ ကောင်းမွန်သောအခြေအနေ ဆိုက်ရောက်လာခဲ့သောအခါ ဤသည် ငါတို့အဖို့ (ဝါ) ငါတို့၏ ကံဥာဏ်ဝီရိယကြောင့် ဖြစ်သည်ဟု ပြောဆိုကြလေသည်။ တစ်ဖန် ငင်းတို့၌ဘေးဥပဒ်တစ်စုံတစ်ရာ သက်ရောက်ခဲ့ပါမူ ငင်းတို့က နဗီတမန်တော်(မူစာ) a ကြောင့်လည်းကောင်း၊ ထိုတမန်တော်မူစာ a နှင့်အတူ ရှိကုန်သောသူတို့ကြောင့်လည်းကောင်း (လာဘ်ပိတ်သည်)ဟု မကောင်းသောအတိတ်နိမိတ်ကောက်ယူကြသည်။ (အို-ကြားနာသူတို့၊ အသင်တို့သည် ကောင်းမွန်စွာ) မှတ်ယူကြလေကုန်။ ငင်း (ဖိရ်အောင်နှိပ်၏အမျိုးသား) တို့၏လာဘ်ပိတ်မှု(အကြောင်း)သည် အလွှာဟ်အရှင်မြတ်ထံတော်၌ရှိသည်။ သို့ရာတွင် ငင်းတို့အနက် များစွာသောသူတို့သည် (ဤမျှလောက် ထင်ရှားလှစွာသောအကြောင်းကိုပင်) မသိနားမလည်ကြပေ"ဟု မိန့် ထားသည်။

"လာဘ်ပိတ်ခြင်း"ဟု အသုံးပြုထားသော အရဗီစကားလုံး طَائِر "တွာအိရ်" သည် ငှက်တစ်ကောင်ဟု ဖော်ကျူးပါသည်။ အရပ်များတွင် အယူသီးမှုတစ်ခုရှိသည်မှာ ငှက်တစ်ကောင်သည် ငင်းတို့၏ ယာဘက်(သို့မဟုတ်) ဝဲဘက်သို့ ဆင်းသက်လာပါက ယင်းသည် နိမိတ်ကောင်းခြင်း (သို့မဟုတ်) နိမိတ်ဆိုးသည်ဟု ကောက်ယူကြသည်။ အာယသ်တော်က ကံကောင်းခြင်း၊ ကံဆိုးခြင်းတို့သည် အလွှာဟ်အရှင်မြတ်ထံတော်မှ ဖြစ်သည်ဟု ရည်ညွှန်းပါသည်။ ဤကမ္ဘာလောကတွင် အရာရာတိုင်းတို့၏ ဖြစ်ပျက်မှုသည် အလွှာဟ်အရှင်၏ သဘောတော်အရသာဖြစ်ပါသည်။

မည်သူတစ်ဦးတစ်ယောက်ကမျှ မည်သူတစ်ဦးတစ်ယောက်အပေါ်၌ ကံကောင်းစေခြင်း၊ ကံဆိုးစေခြင်း မပြုလုပ်နိုင်ပါ။ သူတို့၏လုပ်ရပ်တို့ကို ထိုကဲ့သို့အခြေအမြစ်မရှိသော ယူဆချက်များအပေါ်၌ အခြေခံခြင်းနှင့် ထိုကဲ့သို့သော အရာများအား ယုံကြည်သက်ဝင်ခြင်းသည် သူတို့၏မသိနားမလည်မှု သက်သက်သာဖြစ်သည်။

နောက်ဆုံးအာယသ်ထဲတွင် အမှန်တရားအား ၎င်းတို့ငြင်းပယ်မှုကို ဤစကားလုံးများဖြင့် مَهْمَا تَأْتِنَا بِهٖ مِنْ ءَايَةٍ لِّتَسْحَرَنَا بِهَا فَمَا نَحْنُ لَكَ بِمُؤْمِنِيْنَ "၎င်းပြင် ထို (ဖိရ်အောင်နှိမ်၏အမျိုးသား) တို့က (ဤသို့) ပြောဆိုကြကုန်၏။ (အို-မူစာ)အသင်သည် ကျွန်ုပ်တို့အား ပြုစားရန် မည်သို့ပင် သက်သေလက္ခဏာများကို ကျွန်ုပ်တို့ရှေ့ဝယ် ယူဆောင်၍ လာသော်ငြားလည်း ကျွန်ုပ်တို့မူကာ အသင့်အား ယုံကြည်ကြမည်မဟုတ်ပေ" ဖော်ပြထားသည်။

## အာယသ် (၁၃၃-၁၃၆)

فَاَرْسَلْنَا عَلَيْهِمُ الطُّوْفَانَ وَ الْجَرَادَ وَ الْقُمَّلَ وَ الضَّفَادِعَ وَ الدَّمَ اٰيٰتٍ مُّفَصَّلٰتٍ فَاسْتَكْبَرُوْا وَ كَانُوْا قَوْمًا مُّجْرِمِيْنَ ﴿۱۳۳﴾ وَ لَمَّا وَقَعَ عَلَيْهِمُ الرِّجْزُ قَالُوْا يٰمُوْسَى ادْعُ لَنَا رَبَّكَ بِمَا عَهِدَ عِنْدَكَ ۚ لَئِنْ كَشَفْتَ عَنَّا الرِّجْزَ لَنُؤْمِنَنَّ لَكَ وَ لَنُرْسِلَنَّ مَعَكَ بَنِيْۤ اِسْرَآءِيْلَ ﴿۱۳۴﴾ فَلَمَّا كَشَفْنَا عَنْهُمُ الرِّجْزَ اِلٰۤى اَجَلٍ هُمْ بٰلِغُوْهُ اِذَا هُمْ يَنْكُثُوْنَ ﴿۱۳۵﴾ فَانْتَقَمْنَا مِنْهُمْ فَاَغْرَقْنٰهُمْ فِي الْيَمِّ بِاَنَّهُمْ كَذَّبُوْا بِاٰيٰتِنَا وَ كَانُوْا عَنْهَا غٰفِلِيْنَ ﴿۱۳۶﴾

သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ လေပြင်းမုန်တိုင်းကိုလည်းကောင်း၊ ကျိုင်းကောင်းများကိုလည်းကောင်း၊ ပိုးမွှားများ၊ သန်ကောင်များကိုလည်းကောင်း၊ ဖားများ (ဖားပြုတ်များ)ကိုလည်းကောင်း၊ သွေးများကိုလည်းကောင်း အသီးသီး အသက အသက ထင်ရှားသောသက်သေ လက္ခဏာများအဖြစ် ပို့တော်မူခဲ့လေသည်။ (၇ : ၁၃၃)

၎င်းပြင် ၎င်းတို့အပေါ်၌ ပြစ်ဒဏ်များကျရောက်လာသောအခါ ထိုသူတို့က "အို-မူစာ၊ အသင်၏အရှင်မြတ်သည် အသင်နှင့် ပဋိညာဉ်ပြုထားတော်မူသည်နှင့် စပ်လျဉ်း၍ အသင်သည် ကျွန်ုပ်တို့အဖို့ မိမိအရှင်မြတ်အထံတော်၌ ဆုမွန်ပတ္ထနာပြု၍ ပေးပါလော။ အကယ်၍သာ အသင်သည် ကျွန်ုပ် တို့အပေါ်မှ (ဤ)ပြစ်ဒဏ်ကို ဖယ်ရှား၍ပေးခဲ့ပါလျှင် ကျွန်ုပ်တို့သည် အသင့်အားယုံကြည်(ကိုးစား)၍ အစ္စရာအီလ်အမျိုးသားတို့ကိုလည်း အသင်နှင့်အတူ ထည့်လိုက်ကြပါမည်"ဟု ပြောဆို(ဇလ့်ရှ်) ကြကုန်၏။ (၇ : ၁၃၄)

တစ်ဖန်ငါအရှင်မြတ်သည် ၎င်းတို့အပေါ်မှ ပြစ်ဒဏ်ကို သတ်မှတ်ထားသည့် အချိန်ထိုအချိန်ထိ ၎င်းတို့သည် ရောက်ကြရမည်ဖြစ်၏။ ဖယ်ရှား၍ပေး တော်မူလိုက်သောအခါ ၎င်းတို့သည် ရုတ်တရက် (ချက်ချင်း) ကတိဖျက်ကြပြန်လေသည်။ (၇ : ၁၃၅)

**သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းတို့အား (အပြည့်အဝ) တုံ့ပြန်တော် မူခဲ့လေသည်။ သို့ပါ၍ ငါအရှင်မြတ်သည် ၎င်းတို့အား ငါအရှင်မြတ်၏ အာယသ်တော်များကို ငြင်းပယ်ခဲ့ကြသည့်အတွက် လည်းကောင်း၊ ထိုသက်သေလက္ခဏာတော်များကို (လုံးဝ) သတိမမူ လျစ်လျူရှု၍ နေခဲ့ကြသည့်အတွက်လည်းကောင်း၊ သမုဒ္ဒရာပင်လယ်၌ နစ်မြုပ်တော်မူခဲ့လေသတည်း။ (၇ : ၁၃၆)**

အထက်အာယသ်များထဲတွင် တမန်တော်မူစာ a နှင့် ဖေရိုဘုရင်၏ လူများနှင့်ပက်သက်သော အကြောင်းအရာ၏ အခြားသောအစိတ်အပိုင်းကို တင်ပြထားသည်။ သမိုင်းဆိုင်ရာတင်ပြချက်များအရ တမန်တော်မူစာ a သည် အီဂျစ်ပြည်၌ အနှစ်(၂၀) နေထိုင်ခဲ့ပါသည်။ သူသည် တရားဟောကြားခြင်းများကို တစ်သမတ်တည်းလုပ်ဆောင်ကာ ထိုသူများထံ အလ္လာဟ်အရှင်မြတ်၏ သတင်းစကားများကိုပို့ဆောင်ခဲ့ပါသည်။ အီဂျစ်ပြည်တွင် သူနေထိုင်စဉ်အတွင်း ဖေရိုဘုရင်၏လူများအား သတိပေးသည့်အနေဖြင့် တန်ခိုးပြာဋိဟာကိုးခု ပြသခဲ့ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် တန်ခိုးပြာဋိဟာကိုးခုအား **وَلَقَدْ اٰتَيْنَا مُوْسٰى تِسْعَ اٰيٰتٍ** "မချွတ်မလွဲ" ငါအရှင်မြတ်သည် ယင်းမူစာအား တန်ခိုးပြာဋိဟာကိုးပါးကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည် ဟူ၍ ဖော်ပြထားသည်။

တန်ခိုးပြာဋိဟာ ကိုးခုအနက် နှစ်ခုကို ဖေရိုဘုရင်နှင့် သူ၏လူများရှေ့မှောက်တွင် ပြသခဲ့ပါသည်။ တတိယတန်ခိုးပြာဋိဟာသည် အာယသ်(၁၃၀)တွင် တင်ပြထားသော ငတ်မွတ်ခေါင်းပါးသည့် ကပ်ဆိုးကြီးပင်ဖြစ်ပါသည်။ အထက်ပါအာယသ်တို့သည် ကျန်ရှိသည့်တန်ခိုးပြာဋိဟာ ခြောက်ခုအကြောင်း ဖော်ပြထားသည်။ အာယသ်(၁၃၃) ထဲတွင် ဖေရိုဘုရင်နှင့် သူ့လူများအပေါ်သို့ ကျရောက်ခဲ့သော ပြစ်ဒဏ်ခတ်ခြင်း ငါးမျိုးအကြောင်း ဖော်ပြထားသည်။ ဤပြစ်ဒဏ်တို့အား "အသီးသီး အသက အသက ထင်ရှားသော လက္ခဏာတော်များ" ဟု အမည်ပေးထားသည်။ လေးစားရပါသော ဆွဟာဗဟ်ကြီးအဗ်ဒုလ္လာဟ် အိဗ်နုအဗ္ဗာစ်၏ ကောက်ချက်များအရ ဤပြစ်ဒဏ်ခတ်မှု အသီးသီးတို့သည် သတ်မှတ်ထားသော အချိန်ကာလ တစ်ခုအတွက်သာဖြစ်ပြီး ၎င်းနောက် ပြစ်ဒဏ်ခတ်မှုသက်သာသော အချိန်ကာလတစ်ခု ရောက်ရှိလာသည်။ ၎င်းနောက်မှ နောက် ပြစ်ဒဏ်ခတ်မှုတစ်ခု ကျရောက်လာသည်။

ဆွဟာဗဟ်ကြီး အဗ်ဒုလ္လာဟ်အိဗ်နုအဗ္ဗာစ်မှတစ်ဆင့် အိဗ်နုအလ်မွန်ဇိရ်က တင်ပြထားသည်မှာ ပြစ်ဒဏ်ခတ်မှုတိုင်းသည် စနေနေ့မှစတင်၍ ခုနစ်ရက်ကြာမြင့်ပါသည်။ ထို့နောက် ထိုသူတို့အား သက်သာခွင့် သုံးပတ် ပေးပါသည်။ ဆွဟာဗဟ်ကြီး အဗ်ဒုလ္လာဟ်အိဗ်နုအဗ္ဗာစ် d ၏တင်ပြချက်ကို အီမာမ်အလ်ဗဂဝီက ပြောသည်မှာ သူတို့၏ ဒုက္ခမှ လွတ်ကင်းစေရန်အတွက် တမန်တော်မူစာ a အား ဒုအာတောင်းခိုင်းကာ ၎င်းတို့ ပထမဦးဆုံး အကြိမ် အစာရေစာ ငတ်မွတ်ခေါင်းပါးခြင်း ကပ်ဘေးဆိုးကြီးမှ သက်သာခွင့်ရသောအခါ၌ အလ္လာဟ်အရှင်မြတ်အား ယုံကြည်သက်ဝင်ပါမည်ဟူသော ကတိကိုဖျက်ခဲ့ပါသည်။ တမန်တော်မူစာ a က ဤသူများနှင့် ၎င်းတို့၏ သားစဉ်မြေးဆက်တို့အား သင်ခန်းစာရစေရန်အတွက် ထိုသူများအပေါ်၌ အချို့သောပြင်းပြနာကျင်ဖွယ် ပြစ်ဒဏ်ခတ်မှုများ ကျရောက်စေရန်အတွက် အလ္လာဟ်အရှင်မြတ်ထံ ဒုအာ တောင်းခဲ့ပါသည်။ ဦးစွာပထမ အလ္လာဟ်အရှင်သည် ထိုသူများအပေါ်၌ လေပြင်းမုန်တိုင်းတစ်ခု ကျရောက်စေပါသည်။ ဋီကာရှင်များ၏အဆိုအရ ဤသည်မှာ ရေလွှမ်းမိုးခြင်း တစ်ရပ်ဖြစ်ပါသည်။ ဖေရိုဘုရင်၏ လူများ၏ မြေယာများနှင့် နေအိမ်များသည် ရေများဖြင့်ပြည့်လျံကာ ရေများ ဝန်းရံထားခြင်းကြောင့် စိုက်ပျိုးစရာနေရာလည်းမရှိ၊အိမ်များတွင်လည်းနေထိုင်၍မရတော့ပါ။ အဲ့ဖွယ်ကောင်းသည်မှာ အစွယ်ရာအီလ်အမျိုးသားတို့၏ မြေယာများနှင့် အိမ်များသည် ရေလွှမ်းမိုးခြင်း မခံကြရပါ။

ထိုသူတို့သည် အကြီးအကျယ် စိတ်သောကရောက်ကာ တမန်တော်မူစာ a ထံရောက်လာပြီး ဤဒုက္ခမှ ၎င်းတို့သက်သာမှုရစေရန်အတွက် အလ္လာဟ်အရှင်မြတ်ထံ ဒုအာတောင်းခိုင်းပါသည်။ အကယ်၍သာ ၎င်းတို့သည် ဤရေလွှမ်းမိုးခြင်းမှ သက်သာခွင့်ရပါက ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ပြီး၊ အစွမ်းရေးလ် အမျိုးသားများအား တမန်တော်မူစာ a နှင့်အတူ အီဂျစ်နိုင်ငံမှ ထွက်ခွာခွင့်ပြုမည်ဟူ၍ ကတိပြုခဲ့ကြပါသည်။ တမန်တော်၏ တောင်းဆုဒုအာကို အလ္လာဟ်အရှင်မြတ် လက်ခံတော်မူကာ လေမုန်တိုင်းကို ငြိမ်သက်စေသည်။ တင်ပြချက်များအရ ၎င်းတို့၏ မြေယာများသည် ယခင်ကထက် မြေဩဇာကောင်းမွန်လာကာ အထွက်နှုန်းလည်း တိုးပွားခဲ့ပါသည်။ လေမုန်တိုင်းကျခြင်းသည် အလ္လာဟ်အရှင်မြတ်ထံမှ ပြစ်ဒဏ်ခတ်ခံရမှု မဟုတ်ဟုပြောကာ ၎င်းတို့က ကတိကိုဖျက်ခဲ့ပါသည်။ ၎င်းတို့အတွက် အကျိုးရှိကာ လယ်ယာများမှ အထွက်နှုန်းကောင်းခြင်းသည် ရေလွှမ်းမိုးမှုကြောင့်သာဖြစ်ပြီး တမန်တော်မူစာ a နှင့် မည်သို့မျှမဆိုင်ကြောင်း ပြောကြသည်။

၎င်းတို့၏ အမှားအား ပြန်လည်တွေးတောပြီး နားလည်သဘောပေါက်စေရန်အတွက် ဆိုင်းငံ့ကာလ တစ်ခု ၎င်းတို့အား ပေးခဲ့ပါသည်။ တစ်လကြာပြီးသောအခါ၌ ကျိုင်းကောင်များ ကျရောက်ခြင်းဟူသော နောက်ထပ်ပြစ်ဒဏ်ခတ်နည်းတစ်မျိုး ၎င်းတို့အပေါ်၌ကျစေကာ ထိုကျိုင်းကောင်များက အလုံးစုံသော ကောက်ပဲသီးနှံများနှင့် သစ်သီးဝလံများကို စားပစ်လိုက်ကြပါသည်။ အချို့သောတင်ပြချက်များအရ ကျိုင်းကောင်များသည် အသားဖြင့်ပြုလုပ်ထားသော အိမ်ဖ၏အမိုးများ၊ တံခါးများနှင့် အိမ်တွင်းရှိ အခြားသောအရာများကိုပါ စားပစ်လိုက်ကြသည်ဟု တင်ပြထားသည်။ တစ်ဖန် ၎င်းတို့၏အနီးအနားတွင်နေထိုင်သော အစွမ်းရာအီလ်အမျိုးသားတို့၏ အိမ်များ၊ လယ်ယာများအား ထိုကျိုင်းကောင်များက မည်သည့်အန္တရာယ်မျှမပေးကြောင်းကို ၎င်းတို့ အံ့ဖွယ်ရာတွေ့ရှိရပါသည်။ တစ်ဖန် ၎င်းတို့သည် တမန်တော်မူစာ a ထံ ငိုယိုတောင်းပန်တိုးလျှိုးပြီး အကူအညီတောင်းခံကာ သူတို့အပေါ်၌ ကျရောက်သော ဤပြစ်ဒဏ်ခတ်မှုကို ဖယ်ရှားပေးပါရန် မူစာ a ၏သခင်ထံသို့ ဒုအာတောင်းဆိုခိုင်းပါသည်။ ၎င်းနောက် ဤပြစ်ဒဏ်ခတ်မှုမှ ၎င်းတို့သက်သာမှုရပါက အလ္လာဟ်အရှင်မြတ်အား ယုံကြည်ရန်နှင့် အစွမ်းရေးလ်အမျိုးသားတို့အား လွတ်လပ်စွာ ထွက်ခွာခွင့်ပြုရန် လေးလေးနက်နက် ကတိပြုခဲ့ကြပြန်သည်။ တမန်တော်မူစာ a သည် တစ်ဖန် ၎င်းတို့ သက်သာမှုရစေရန်အတွက် အလ္လာဟ်အရှင်မြတ်ထံ ဒုအာတောင်းဆိုခဲ့သည်။ ၎င်းနောက် ထိုသူများသည် ဤပြစ်ဒဏ်ခံရမှုမှ ကင်းစေခဲ့ကြပါသည်။

တစ်နှစ်စာအတွက် ကောက်ပဲသီးနှံများ လုံလုံလောက်လောက် ရှိနေကြောင်း သူတို့တွေ့ရသောအခါ ယခင်ကဲ့သို့ပင် မောက်မာပလွှားကာ ယင်းတို့ပေးထားသောကတိနှင့် ဆန့်ကျင်လုပ်ဆောင်ခဲ့ကြသည်။ တစ်ဖန် အေးချမ်းသာယာပြီး ဒုက္ခကင်းဝေးသည့် အချိန်ကာလတစ်ခု ရောက်ရှိလာခဲ့ပါသည်။ ၎င်းတို့အပေါ်၌ ကျရောက်သော တတိယပြစ်ဒဏ်မှာမူ ပိုးမွှားများ၊ သန်ကောင်များဟု ဘာသာပြန်ဆိုထားသော ကွမ်မာလ် ပင်ဖြစ်သည်။ ကွမ်မာလ်သည် အရဗီဘာသာစကားအရ သန်ကောင်ဟုသုံးစွဲခဲ့သလို ကောက်ပဲသီးနှံများကို စားသုံးသောသတ္တဝါဟုလည်း သုံးနှုန်းထားပါသည်။ ဖြစ်နိုင်သည်မှာ ပိုးမွှားနှစ်မျိုးစလုံး ၎င်းတို့အပေါ်၌ ကျရောက်ခဲ့ပါသည်။ ပိုးမွှားအငယ်များက ၎င်းတို့ကောက်ပဲသီးနှံများကို စားသုံးပစ်ခဲ့သော၊ ကြီးမားသောပိုးမွှားဖြစ်သော သန်ကောင်များက ၎င်းတို့၏ ဆံပင်များနှင့် မျက်တောင်များကို စားပစ်ကြပါသည်။ သူတို့သည် ဒေါသထွက်ကာ မူစာ a ထံ တစ်ဖန် ရောက်ရှိလာပြီး ဤသည်များ ၎င်းတို့ထံမှ ပယောက်စေရန် အလ္လာဟ်အရှင်မြတ်ထံ ဒုအာတောင်းဆိုခိုင်းပါသည်။ ၎င်းနောက် စစ်မှန်သော ယုံကြည်မှုကိုလက်ခံရန်နှင့် အစွမ်းရေးလ် အမျိုးသားများအား ကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်း တစ်ဖန် ကတိပြုကြပါသည်။

တမန်တော်မူစာ a သည် ထိုသူများသက်သာမှုရ စေရန်အတွက် အလွှာဟ်အရှင်မြတ်ထံ ဒုအာတောင်းခဲ့ သောအခါ တွင် အလွှာဟ်အရှင်မြတ်သည် ထိုသူများအား ပြစ်ဒဏ်ခတ်မှုမှ ကင်းလွတ်စေခဲ့ပါသည်။

စတုတ္ထပြစ်ဒဏ်ခတ်ခံရမှုမှာ ဖားများနှင့်ဖြစ်ပါသည်။ သူတို့၏နေအိမ်များထဲတွင် ဖားများကိုမည်မျှ ထိများပြား အောင် ဖန်ဆင်းထားသနည်းဟူမူ ၎င်းတို့နေအိမ်များအတွင်းသို့ ဝင်ရောက်သောအခါ၌ ဖားများ ဖြင့်၎င်းတို့၏ လည်ပင်း တိုင်အောင် နစ်မြုပ်စေပါသည်။ ၎င်းတို့အိပ်စက်ရန် အိပ်ရာဝင်သောအခါ ၎င်းတို့၏အိပ်ရာမှာ ဖားများ ဖြင့်ဖုံးလွှမ်းပြီး ဖြစ်နေပါသည်။ ၎င်းတို့၏ ချက်ပြုတ်သည့် အားလုံးသောအိုးခွက်ပန်းကန်ခွက်ယောက်များ၊ အိမ်တွင်းရှိပစ္စည်းများအား လုံးတို့သည် ဖားများနှင့်ပြည့်နှက်နေပါသည်။ ဤအခြေအနေကို အလွန်မနှစ်မြို့ဖြစ်ကာ ၎င်းတို့၏ ကတိပေါင်းများနှင့် အတူ နဗီတမန်တော်မူစာ a တစ်ဖန် ရောက်ရှိလာပြီး ၎င်းတို့ဤအခြေအနေမှ လွတ်မြောက်ရန်အတွက် ဒုအာတောင်း ဆိုခိုင်းပါသည်။ ဤအကြိမ်တွင်လည်း ၎င်းတို့သည် ပြစ်ဒဏ်ခံရမှုမှ ကင်းလွတ်စေခဲ့ပါသည်။ သူတို့ကိုသူတို့ ပြုပြင်နိုင် ရန် အတွက် ၎င်းတို့အား အချိန်လုံလောက်စွာ ပေးထားခဲ့သော်လည်း အကောင်းတွေးခေါ်မှု ကင်းမဲ့သူများသာ အလွှာဟ်အရှင်မြတ်၏ အမျက်တော်ရှခြင်းခံကြရပါသည်။ သူတို့ အေးချမ်းသာယာမှုရရှိသွားသော ဤအချိန်အခါ၌ လည်း မူစာ a သည် အလွှာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါးမဟုတ်ဘဲ ပဉ္စလက်ဆရာတစ်ဦးသာဖြစ်ကြောင်း သေချာသည်ဟု ၎င်းတို့က ပြောကြသည်။ သူတို့အပေါ်ကျရောက်သော ထိုကြမ္မာဆိုးတို့သည် သူ၏ပဉ္စလက်ပညာ၏ အကျိုး သက်ရောက်မှုသာ ဖြစ်ပါသည်။

ပြစ်ဒဏ်ခတ်မှုသက်သာလာပြီး တစ်လကြာသောအခါ ၎င်းတို့အပေါ်၌ကျရောက်သော နောက်ထပ် ပြစ်ဒဏ် တစ်မျိုးသည် သွေးဖြစ်ပါသည်။ သူတို့သုံးစွဲသမျှအရာတို့သည် သွေးအဖြစ်ပြောင်းလဲသွားကြပါသည်။ သောက်သုံးသည့် အရည်များ၊ အစားအသောက်များနှင့် သူတို့၏ရေများအားလုံးတို့သည် ၎င်းတို့ မသုံးစွဲခင်အလျင် သွေးအဖြစ်သို့ ပြောင်းလဲသွားပါသည်။ ရေတွင်းများမှသော်လည်းကောင်း၊ ရေလှောင်ကန် များမှသော်လည်းကောင်း ရေများကို၎င်းတို့ ဆွဲငင်ခပ်ယူသောအခါ၌ ထိုရေများသည် သွေးအဖြစ် ပြောင်းလဲသွားသည်။ သမိုင်းက ယင်းထူဆန်းသည့်အဖြစ်အပျက်ကို တင်ပြသည်မှာ အစ္စရေးလ်အမျိုးသားများနှင့် အီဂျစ်အမျိုးသားများတို့ အတူတကွ ထမင်းစားကြရာတွင် အီဂျစ် အမျိုးသား၏ ထမင်းလုတ်သည် သွေးအဖြစ်ပြောင်းလဲသွားပြီး အစ္စရေးလ်အမျိုးသား၏ ထမင်းလုတ်သည် မည်သို့မျှ မပြောင်းလဲပါ။ ဤပြစ်ဒဏ်ခတ်မှုသည်လည်း ခုနစ်ရက်ကြာမြင့်ပါသည်။ ၎င်းတို့၏ မမှန်ကန်သော သမားရိုးကျ ကတိပြုချက်များ ပြုလုပ်ပြီးနောက် တမန်တော်မူစာ a ၏ ဒုအာတောင်းဆိုမှုကြောင့် ၎င်းတို့သည် ဤပြစ်ဒဏ်ခတ်မှုမှ ကင်းလွတ်သွားပါသည်။

ဖေရိုဘုရင်၏လူများသည် အထက်ဖော်ပြပါ ပြစ်ဒဏ်ခတ်မှုငါးမျိုးကို တစ်ခုပြီးမှတစ်ခု ခံစားခဲ့ကြရသော်လည်း ၎င်းတို့၏ မောက်မာပလွှားမှုတွင် စွဲမြဲစွာရှိနေခဲ့ပြီး ဤသတိပေးချက်များမှ သင်ခန်းစာရယူသည့် လက္ခဏာ မပြသ ခဲ့ကြပါ။ ဆဋ္ဌမမြောက်ပြစ်ဒဏ်ခတ်မှုကို ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ **رجز** "ရိဂျ်"ဟူသော အရဗီစကားလုံးဖြင့် ဖော်ပြ ထားကာ ပလိပ်ရောဂါကပ်ဘေးဟု ဖော်ညွှန်းထားပါသည်။ ဤပလိပ်ရောဂါကြောင့် သေဆုံးသွားသော အီဂျစ် ပြည်သူ ပြည်သားဦးရေမှာ ခုနစ်သောင်းကျော်ဟု တင်ပြထားပါသည်။ တမန်တော်မူစာ a ၏ ဒုအာတောင်းခံမှုကြောင့် ဤ ပြစ်ဒဏ်ခတ်မှုမှ သက်သာရာရရှိစေပါသည်။ တစ်ဖန် ထိုသူများတို့သည် ယခင်ကကဲ့သို့ပင် ၎င်းတို့၏ကတိများကို ချိုး ဖောက်ခဲ့ကြပါသည်။ ထိုသူများက နားလည်သဘောပေါက်ခြင်း လက္ခဏာမပြသသောအခါ၌ ၎င်းတို့အပေါ်သို့ ကျ ရောက်ခဲ့သော နောက်ဆုံးပြစ်ဒဏ်ခတ်မှုသည် သေခြင်းတရားပင် ဖြစ်ပါတော့သည်။ ၎င်းတို့၏လယ်ယာမြေများ၊

အိုးအိမ်များနှင့် ပိုင်ဆိုင်မှုများကို ချန်ရစ်ထားခဲ့ပြီး တမန်တော်မူစာ [a] နှင့် သူ၏လူများနောက်သို့ လိုက်လံဖမ်းဆီးသော အခါ ၎င်းတို့အားလုံးသည် ပင်လယ်အတွင်း ရေနစ်သေဆုံးသွားကြလေသည်။

အာယသ် (၁၃၇-၁၄၁)

وَ اَوۡرَثۡنَا الۡقَوۡمَ الَّذِيۡنَ كَانُوۡا يُسۡتَضۡعَفُوۡنَ مَشَارِقَ الۡاَرۡضِ وَ مَغَارِبَهَا الَّتِىۡ بٰرَكۡنَا فِيۡهَا ؕ وَ تَمَّتۡ كَلِمَتُ رَبِّكَ الۡحُسۡنٰى عَلٰى بَنِىۡۤ اِسۡرَآءِيۡلَ ۙ بِمَا صَبَرُوۡا ؕ وَ دَمَّرۡنَا مَا كَانَ يَصۡنَعُ فِرۡعَوۡنُ وَ قَوۡمُهٗ وَ مَا كَانُوۡا يَعۡرِشُوۡنَ ﴿۱۳۷﴾ وَ جٰوَزۡنَا بِبَنِىۡۤ اِسۡرَآءِيۡلَ الۡبَحۡرَ فَاَتَوۡا عَلٰى قَوۡمٍ يَّعۡكُفُوۡنَ عَلٰۤى اَصۡنَامٍ لَّهُمۡ ۚ قَالُوۡا يٰمُوۡسَى اجۡعَلۡ لَّنَاۤ اِلٰهًا كَمَا لَهُمۡ اٰلِهَةٌ ؕ قَالَ اِنَّكُمۡ قَوۡمٌ تَجۡهَلُوۡنَ ﴿۱۳۸﴾ اِنَّ هٰۤؤُلَاۤءِ مُتَبَّرٌ مَّا هُمۡ فِيۡهِ وَ بٰطِلٌ مَّا كَانُوۡا يَعۡمَلُوۡنَ ﴿۱۳۹﴾ قَالَ اَغَيۡرَ اللّٰهِ اَبۡغِيۡكُمۡ اِلٰهًا وَّ هُوَ فَضَّلَكُمۡ عَلَى الۡعٰلَمِيۡنَ ﴿۱۴۰﴾ وَ اِذۡ اَنۡجَيۡنٰكُمۡ مِّنۡ اٰلِ فِرۡعَوۡنَ يَسُوۡمُوۡنَكُمۡ سُوۡٓءَ الۡعَذَابِ ۚ يُقَتِّلُوۡنَ اَبۡنَآءَكُمۡ وَ يَسۡتَحۡيُوۡنَ نِسَآءَكُمۡ ؕ وَ فِىۡ ذٰلِكُمۡ بَلَآءٌ مِّنۡ رَّبِّكُمۡ عَظِيۡمٌ ﴿۱۴۱﴾

ထိုနေ့က ငါအရှင်မြတ်သည် အားအင်ချည့်နဲ့သူဟု ထင်မြင်ယူဆခြင်းခံခဲ့ကြရသော (အစ္စရာအီလ်) အမျိုးသားတို့အား အကြင်နယ်မြေဒေသ၏ အရှေ့ပိုင်းဒေသများကိုလည်းကောင်း၊ အနောက်ပိုင်းဒေသများကိုလည်းကောင်း စိုးပိုင်စေတော်မူခဲ့လေသည်။ ထိုနယ်မြေဒေသများတွင် ငါအရှင်မြတ်သည် မင်္ဂလာနှင့် ပြည့်စုံစေတော်မူခဲ့၏။ ၎င်းပြင် အစ္စရာအီလ်အမျိုးသားတို့နှင့်ပတ်သက်၍ အသင့်အား မွေးမြူသောမူသော အရှင်၏ အလွန်မွန်မြတ်လှသော ကတိတော်သည်လည်း ၎င်းတို့ သည်းခံခဲ့ကြသည့် အတွက်ကြောင့် ပြီးမြောက် အတည်ဖြစ်သွားချေပြီ။ ၎င်းပြင် ငါအရှင်မြတ်သည် ဖိရဒေါင်နှင့် ၎င်း၏အမျိုးသားများ ပြုလုပ်ထားခဲ့ကြသော အရာများကိုလည်းကောင်း၊ မြင့်မားစွာ တည်ဆောက်ထားခဲ့ကြသော အဆောက်အအုံများကိုလည်းကောင်း လုံးဝ ဖျက်ဆီးတော်မူခဲ့လေသည်။ (၇ : ၁၃၇)

ထိုမှတစ်ပါး ငါအရှင်မြတ်သည် အစ္စရာအီလ်အမျိုးသားတို့အား သမုဒ္ဒရာ ပင်လယ်ကို ကူးကျော်ဖြတ်သန်း၍ တစ်ဖက်ကမ်းသို့ ရောက်စေတော်မူခဲ့လေသည်။ ထို့နောက် ၎င်းတို့သည် အကြင်လူမျိုးတို့ထံ ရောက်ရှိလာကြကုန်သည်။ ထိုလူမျိုးတို့သည် မိမိတို့၏ ရုပ်ပွားဆင်းတုများကို စွဲလမ်းလျက်ရှိကြလေသည်။ မိမိတို့၏ ရုပ်ပွားဆင်းတုများထံ ချဉ်းကပ် (ကိုးကွယ်)လျက် ရှိကြလေသည်။ (ထိုအခါ) ၎င်း (အစ္စရာအီလ်အမျိုးသား)တို့က အို-(နဗီတမန်တော်)မူစာ၊ အသင်သည် ကျွန်ုပ်တို့အဖို့လည်း ၎င်းတို့၌ ရှိကြကုန်သော

**ကိုးကွယ်ရာများကဲ့သို့ ကိုးကွယ်ရာတစ်ဆူကို ပြုလုပ်၍ပေးပါလော့ဟု ပြောဆိုကြလေသည်။ (ထိုအခါ နဗီတမန်တော်)မူစာက (ငှင်းတို့အား) "အချင်းတို့" အသင်တို့သည် ဓကန်စင်စစ် (အလွန်တရာမျှ) အသိတရား ကင်းမဲ့ကြကုန်သော သူမိုက်များပင် ဖြစ်ကြကုန်သည်" ဟု ပြောဆိုခဲ့လေ၏။ (၇ : ၁၃၈)**

**ဓကန်မလွဲ ငှင်းတို့လုံးပန်းလျက်ရှိကြသော အမှုကိစ္စများသည် ဖျက်ဆီးခြင်း ခံရပေမည်။ ထို့ပြင် ငှင်းတို့ပြုလျက်ရှိကြသော အမှုကိစ္စများသည် (လုံး၀) အချည်းအနှီး (အခြေအမြစ်မရှိသော) ကိစ္စများသာ ဖြစ်ကုန်၏။ (၇ : ၁၃၉)**

**(နဗီတမန်တော်) မူစာက (ဆက်လက်၍) ပြောကြားခဲ့သည်မှာ "အချင်းတို့၊ ငါသည် အသင်တို့အဖို့ အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ရာတစ်ပါးကို ရှာဖွေ၍ ပေးရမည်လော။ အမှန်စင်စစ်သော်ကား ထို(အလ္လာဟ်)အရှင်မြတ်သည် (အချို့သော ကျေးဇူးတော်များတွင်) အသင်တို့အား စကြဝဠာ ခပ်သိမ်းတို့ထက် ထွတ်မြတ်စေတော်မူခဲ့ပြီးဖြစ်ချေသည်ဟု ပြောကြားခဲ့လေသည်။ (၇ : ၁၄၀)**

**ထိုမှတစ်ပါး (အသင်တို့သည် ပြန်လည်၍ သတိရကြလေကုန်) အကြင်အခါ၀ယ် ငါအရှင်မြတ်သည် အသင်တို့အား ဖိရ်အောင်နှ်၏အမျိုးသားတို့ (၏ ဘေးအန္တရာယ်များ)မှ လွတ်မြောက်စေတော်မူခဲ့လေသည်။ ငှင်းတို့သည် အသင်တို့အပေါ်၌ အလွန်ဆိုး၀ါးလှသော ဘေးဒုက္ခများကို သက်ရောက်စေကြလေသည်။ ငှင်းတို့သည် အသင်တို့၏ သားယောကျ်ားကလေးများကို (ရက်စက်ကြမ်းကြုတ်စွာ) သတ်ဖြတ်ကြလေသည်။ သို့ရာတွင် အသင်တို့၏ အမျိုးသမီးများကိုမူကား (ငှင်းတို့အား ကျွန်မများအဖြစ် ခိုင်းစေနိုင်ရန် သတ်ဖြတ်ခြင်းမပြုဘဲ) အသက်ချမ်းသာပေးကြလေသည်။ စင်စစ်သော်ကား ဤသည်တွင် အသင်တို့အဖို့ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် ထံတော်မှ ကြီးကျယ်လှစွာသော စမ်းသပ်မှုတစ်ရပ်ပင် ရှိခဲ့ချေသတည်း။ (၇ : ၁၄၁)**

ပြီးခဲ့သောအာယသ်များထဲ၌ ဖေရိုဘုရင်၏လူများကို အလ္လာဟ်အရှင်မြတ်က သတိပေးတော်မူခြင်းအကြောင်းရပ်များပါရှိသည်။ လက်ရှိအာယသ်များထဲတွင် ထိုလူများ၏ စက်ဆုပ်ဖွယ်ရာ အဆုံးသတ်မှု အစွမ်းရေးလ်လူမျိုးများ၏ အောင်မြင်မှုအကြောင်း ဖော်ပြထားသည်။ အာယသ်(၁၃၇)တွင် "ငါအရှင်မြတ်သည် အားအင်ချည့်နဲ့သူဟု ထင်မြင်ယူဆခြင်း ခံခဲ့ကြရသော (အစွမ်းအဓိ၀ယ်) အမျိုးသားတို့အား အကြင်နယ်မြေဒေသ၏ အရှေ့ပိုင်းဒေသများကိုလည်းကောင်း၊ အနောက်ပိုင်းဒေသများကိုလည်းကောင်း စိုးပိုင်စေတော်မူခဲ့လေသည်။ ထိုနယ်မြေဒေသများတွင် ငါအရှင်မြတ်သည် မင်္ဂလာနှင့်ပြည့်စုံစေတော်မူခဲ့၏" ဟုမိန့်ထားသည်။ အာယသ်တော်က အားအင်ချည့်နဲ့သောသူများဟု မိန့်ကြားမထားဘဲ အားအင်ချည့်နဲ့သည်ဟု ထင်မြင်ယူဆခြင်း ခံခဲ့ကြရသူများဟု မိန့်ထားသည်။ ဤသည်က ဆိုလိုသည်မှာ ငှင်းတို့အား အလ္လာဟ်အရှင်မြတ်က ပံ့ပိုးခဲ့ပါလျှင် အားအင်ချည့်နဲ့သည်ဟူသည့် စကားလုံး၏ စစ်မှန်သော အဓိပ္ပာယ်ကဲ့သို့ ဘယ်သောအခါမျှ အားအင်မချည့်နဲ့ကြပါ။ သို့သော်လည်း ငှင်းတို့၏ အပြင်ပန်းအခြေအနေများအရ ချည့်နဲ့ဟန်ရှိနေနိုင်ပါသည်။ အဆုံး၌ လူအများက ထိုသူများ မချည့်နဲ့ကြောင်း သိမြင်ကြပါလိမ့်မည်။ ယင်းသို့ဖြစ်ရခြင်းမှာ

ဂုဏ်သိက္ခာအားလုံးသည် အလ္လာဟ်အရှင်မြတ် ပိုင်စိုးတော်မူပါသည်။ အာယသ်တော်က ထိုသူများ နယ်မြေစိုးမိုးခြင်းကို အမွေဆက်ခံခြင်းဟု အသုံးပြုထားခြင်းမှာ ဖခင်၏လယ်ယာမြေများနှင့် ပိုင်ဆိုင်မှုတို့ကို သားကသာလျှင် စစ်မှန်သော အမွေဆက်ခံသူဖြစ်သကဲ့သို့ ရည်ညွှန်းပါသည်။ အစ္စရေးလ်လူမျိုးများသည် ဖေရိဘုရင် လူများ၏ လယ်ယာမြေများနှင့် ဓနဥစ္စာများကို စစ်မှန်သော အမွေဆက်ခံသူများဖြစ်ကြပါသည်။

အရှေ့နှင့်အနောက်ဟူသည့် စကားလုံးများကို ဗဟုဝုစ်ကိန်းအဖြစ် သုံးစွဲထားခြင်းမှာ ဆောင်းနှင့် နွေတို့ကို နေထွက်သောနေရာများနှင့် နေဝင်သောနေရာများ မတူကွဲပြားကြောင်း ဖော်ညွှန်းရန်ဖြစ်သည်။ ကျွမ်းကျင်သော ဦးကာရှင်အများ၏အဆိုအရ (နယ်မြေ)ဟူသောစကားလုံးသည် ဖေရိဘုရင်၏လူများနှင့် အမာလက်လူမျိုးများအား ချေမှုန်းပြီးသည့်နောက် အစ္စရေးလ်အမျိုးသားများ ပိုင်စိုးခွင့်ရသော အီဂျစ်နှင့် ဆီးရီးယားပြည်တို့ကို ရည်ညွှန်းပါသည်။ "ထိုနယ်မြေဒေသများတွင် ငါအရှင်မြတ်သည် မင်္ဂလာနှင့်ပြည့်စုံ စေတော်မူခဲ့၏" ဟူသောစကားစုသည် ဆီးရီးယားနှင့် အီဂျစ်ပြည်ကို ရည်ညွှန်းပါသည်။ ကျမ်းတော်မြတ် ကုရ်အာန်က ဆီးရီးယားပြည်အား "ဘရကသ်"(ကောင်းချီး)နယ်မြေဟုရည်ညွှန်းထားပါသည်။ အလားတူစွာပင် ဟဒီးဆ်များစွာထဲတွင် အီဂျစ်ပြည်အား ကောင်းချီးနယ်မြေဟု ရည်ညွှန်းထားပါသည်။ ခလီဖဟ်ကြီး အုမရ်အိဗ်နအလ်ခတ်သာဗ်က နိုင်းလ်မြစ်အား မြစ်များအားလုံး၏ ဥသျှောင်ဟု ရည်ညွှန်းထားပါသည်။ ဆွဟာဗဟ်ကြီး အဗ်ဒွလ္လာဟ်အိဗ်နအုမရ် ကပြောသည်မှာ အီဂျစ်ပြည်တွင် ကောင်းချီး၏ ဆယ်ပုံတွင် ကိုးပုံရှိပါသည်။ ကျန်ဆယ်ပုံတစ်ပုံသည် ကမ္ဘာမြေတစ်ခုလုံးတွင် ခွဲဝေထားပါသည်။ (အလ်ဗဟ်ရုလ်မုဟီးတွ်)

အတိုချုပ်ဆိုရသော် အာယသ်တော်က အားအင်ချည့်နဲ့ပြီး အခြေအနေယုတ်ညံ့သည်ဟု သတ်မှတ် ခြင်းခံရသော သူတို့သည် ပလ္လားမှုရှိသောသူတို့ ပိုင်ဆိုင်သည့်နယ်မြေတို့အား အုပ်ချုပ်သူများအဖြစ် ပြုလုပ်သည်ဟုမိန့်ထားပါသည်။ ဤသည်က အမြဲမှန်သကဲ့သို့ပင် ယခုအခါမှာတွင်လည်း အလ္လာဟ်အရှင်ပြုတော်မူခဲ့သော ကတိတော်နှင့် သူ၏ တမန်တော်ပြုတော်မူခဲ့သော ကတိတို့သည် မှန်ကန်သည်ဆိုကြောင်း ပြသပါသည်။ အာယသ်တော်က "မွေးမြူတော်မူသောအရှင်၏ မွန်မြတ်လှသော ကတိတော်သည် ပြီးမြောက်အတည်ဖြစ်သွားချေပြီ" ဟုမိန့်ထားသည်။ ဤအာယသ်ပါကတိသည် အာယသ်(၁၂၉)ထဲတွင် "နဗီတမန်တော် (မူစာ)က (အချင်းတို့) အသင်တို့အား မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်သည် မကြာမီအသင်တို့၏ ရန်သူကိုသေကြေပျက်စီးစေတော်မူ၍ အသင်တို့အား တိုင်းပြည်တွင် အုပ်စိုးစေတော်မူမည်ဖြစ်သည်" မိန့်ထားသော တမန်တော်မူစာ [a] က သူ၏လူများအား ပေးသောကတိကို ရည်ညွှန်းနိုင်ပါသည်။ သို့မဟုတ်ပါမူ ထိုကတိသည် စူရဟ်အလ်ကဆွဆ်ွ် (ဖြစ်ကြောင်းကုန်စင်)၏ အာယသ်တော်တစ်ခုထဲတွင်-

وَنُرِيْدُ اَنْ نَّمُنَّ عَلَى الَّذِيْنَ اسْتُضْعِفُوْا فِى الْاَرْضِ وَنَجْعَلَهُمْ اَئِمَّةً وَّنَجْعَلَهُمُ الْوٰرِثِيْنَ ۝
وَنُمَكِّنَ لَهُمْ فِى الْاَرْضِ وَنُرِىَ فِرْعَوْنَ وَهَامٰنَ وَجُنُوْدَهُمَا مِنْهُمْ مَّا كَانُوْا يَحْذَرُوْنَ ۝

**သို့ရာတွင် ငါအရှင်မြတ်သည် တိုင်းပြည်တွင် အားအင်လျော့နည်းအောင် ပြုလုပ်ခြင်း ခံခဲ့ကြရသူတို့အား ကျေးဇူးပြုတော်မူရန်လည်းကောင်း၊ ထိုသူတို့ကို ရှေ့ဆောင်၊ ရှေ့ရပ်များ ပြုလုပ်တော်မူရန်လည်းကောင်း၊ ထိုသူတို့အား အမွေစား၊ အမွေခံများ ပြုလုပ်တော်မူရန် လည်းကောင်း အလိုရှိတော်မူ၏။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုသူတို့အား ကမ္ဘာမြေဝယ် စိုးမိုး အုပ်ချုပ်သူများ ပြုတော်မူရန်လည်းကောင်း၊ ဖိရိအောင်န်၊ ဟာမာန်နှင့် ထိုဖိရိအောင်န်၊ ဟာမာန် နှစ်ဦး၏ ရဲမက်တို့အား ထို(အားအင်လျော့နည်းသူတို့ဘက်မှ စိုးရိမ်လျက်ရှိကြသည်များကို မျက်ဝါး(ထင်ထင်)**

**ပြသတော်မူရန်လည်းကောင်း အလိုရှိတော်မူပေသတည်း။ (၂၈ : ၅-၆) ဟု မိန့်ကြားထားသကဲ့သို့ အစ္စရေးလ်အမျိုးသားတို့အား အလ္လာဟ်အရှင်ပေးတော်မူသော ကတိတော် ကိုလည်း ရည်ညွှန်းနိုင်ပါသည်။**

စင်စစ် အထက်ပါကတိများမှာ တစ်ခုတည်းသာဖြစ်သည်။ တမန်တော်မူစာ a ပေးသော ကတိသည် အလ္လာဟ်အရှင်မြတ်၏ ကတိတော်မှ ဆင်းသက်လာသည်မှာ ထင်ရှားသည်။ အစ္စရေးလ်တို့ကို အလ္လာဟ်အရှင်မြတ်၏ ကူညီစောင်မမှုမှာ ၎င်းတို့၏ သည်းခံမှုအတွက် ဆုလာဘ်ဖြစ်ကြောင်း အာယသ်က "၎င်းတို့သည်းခံခဲ့ကြသည့် အတွက်ကြောင့်" ဟု သီးခြားစွာမိန့်ထားသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်က ၎င်းတို့ကို ကူညီစောင်မခဲ့ခြင်းမှာ သူတို့ဒုက္ခရောက်စဉ်က သည်းခံခဲ့ကြသောကြောင့်ဖြစ်သည်။ ဤသည်မှာ ဤစံနမူနာကို မည်သူမဆို၊ မည်သည့် အချိန်မဆို၊ မည်သည့်နေရာမှာမဆို လိုက်နာခဲ့လျှင် တူညီသောဆုလာဘ် ရလိမ့်မည်ဖြစ်ကြောင်း လျှော့လျှော့ပေါ့ပေါ့ ရည်ညွှန်းထားချက် တစ်ရပ်ဖြစ်ပေသည်။ တမန်တော်မူစာ a က နယ်မြေအုပ်စိုးမှုရရှိမည်ဖြစ်ကြောင်း ကတိပြုရာတွင် ဖွဲလုံ့လ၊ သည်းခံခြင်းနှင့် အလ္လာဟ်အရှင်မြတ်ထံတော်မှ အကူအညီတောင်းခံခြင်းသို့သာလျှင် အောင်မြင်မှု သော့ချက်ဖြစ်ကြောင်း ရှင်းလင်းစွာပြောခဲ့သည်။

ရှိုက်ခ်ဟာစန်အလ်ဗစ္စရီက အာယသ်တော်က ညွှန်သည်မှာ တစ်စုံတစ်ဦးသည် ရန်သူကိုခုခံရာတွင် ရန်သူလောက် စွမ်းအားမရှိခဲ့လျှင် အောင်မြင်ရန် အကောင်းဆုံနည်းလမ်းကား သည်းခံနေရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ လူတစ်ဦးသည် မတရားပြုခံခဲ့ရပြီး ၎င်းသည် လက်စားချေသည့်အနေဖြင့် မတရားပြုခဲ့လျှင် အလ္လာဟ်အရှင်က ၎င်း၏ အောင်နိုင်မှု၊ ရုံးနိမ့်မှုအတွက် သူ့ကိစ္စသူ ရှင်းစေခြင်းဖြင့် ပစ်ပယ်ထားသည် ဟု၎င်းကပြောသည်။ ယင်းနှင့်ဆန့်ကျင်စွာ တစ်စုံတစ်ဦးသည် အခြားသူများ၏ နှိပ်စက်ကလူပြုမှုကို သည်းခံ၍နေကာ အလ္လာဟ်အရှင်မြတ်ထံမှ အကူအညီတောင်းခံခဲ့လျှင် အလ္လာဟ်အရှင်သည် ထိုသူ့ကို အောင်မြင်မှု တံခါးဖွင့်ပေးမည်ဖြစ်သည်။

နယ်မြေအုပ်စိုးမှုဟူသည့် အထက်ပါကတိတော်ကို အလ္လာဟ်အရှင်မြတ်က ဖြည့်ဆည်းသကဲ့သို့ တမန်တော်မုဟမ္မဒ် s သခင်၏ အုမ္မသ်ကို အလားတူကတိ အလ္လာဟ်အရှင်မြတ်က ပြုထားခဲ့ကြောင်း စူရတ်အန်နူးရ်၏ အာယသ် တစ်ခုတွင် မိန့်ထားသည်မှာ -

وَعَدَ اللّٰهُ الَّذِيْنَ اٰمَنُوْا مِنْكُمْ وَعَمِلُوا الصّٰلِحٰتِ لَيَسْتَخْلِفَنَّهُمْ فِي الْاَرْضِ كَمَا اسْتَخْلَفَ الَّذِيْنَ مِنْ قَبْلِهِمْ

"အလ္လာဟ်အရှင်မြတ်သည် အသင်တို့အနက် အီမာန်သက်ဝင်ယုံကြည်ပြီး ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ပွားဆောက်တည်ကြကုန်သော သူတို့အား (ဤသို့) ကတိပေးတော်မူသည်။ ထိုအရှင်မြတ်သည် ၎င်းတို့အလျင်ရှိခဲ့ကြကုန်သော သူတို့အား (ကမ္ဘာမြေဝယ်) အုပ်ချုပ်စေတော်မူခဲ့သည့်နည်းတူ ၎င်းတို့အားလည်း အုပ်ချုပ်စေတော်မူမည်" (၂၄ : ၅၅) ဟူ၍ဖြစ်သည်။

အစ္စရေးလ်လူမျိုးများ ၎င်းတို့နယ်မြေပေါ် စိုးမိုးမှုရစေခြင်းဟူသည့် အလ္လာဟ်ကတိတော် ဖြည့်သည်ကို တွေ့ရှိရဘိသကဲ့သို့ အလားတူ မုစ်လင်မ် အုမ္မသ်ထုသည်လည်း ကမ္ဘာ့အဓိက အစိတ်အပိုင်းကို စိုးမိုးအုပ်ချုပ် စေခြင်းဟူသည့် အလ္လာဟ်ကတိတော် ဖြည့်ဆည်းမှုကို မျက်မြင်ဒိဋ္ဌ တွေ့မြင်ခဲ့ကြရသည်။ (ရှုဟုလ်ဘယာန်) တမန်တော်မူစာ a သခင်သည် အစ္စရေးလ်တို့အား သည်းခံရန်ပြောသောအခါ သင်မပွင့်မှီကလည်း သည်းခံခဲ့သည်။ သင်ပွင့်ပေါ်ပြီး နောက်လည်း သည်းခံခဲ့သည်ဟု ၎င်းတို့ပြောကြားခဲ့သောကြောင့် အစ္စရေးလ်တို့သည် သည်းခံမှုမရှိဟု ပြောလျှင်

တရားမျှတမည်မဟုတ်ချေ။ ပထမအနေဖြင့် ဖိရ်အောင်နှင့်ဘုရင်လက်ထက်၌ ၎င်း၏ အမြဲတစေ ညှဉ်းပန်းနှိပ်စက်မှုကို ၎င်းတို့ သည်းခံခဲ့ကြသည်ဟူသည့်အချက်က သက်သေပြပြီးဖြစ်သည်။ ဒုတိယအနေဖြင့် အထက်ပါ မိန့်ဆိုချက်သည် စောဒကတစ်ရပ်မဟုတ်ဘဲ ၎င်းတို့၏ ဝမ်းနည်းပူဆွေးမှုကို ဖော်ပြခြင်းသက်သက်သာဖြစ်သည်။ ယင်းနောက် အာယသ်တော်က **وَ دَمَّرْنَا مَا كَانَ يَصْنَعُ فِرْعَوْنُ وَ قَوْمُهٗ وَ مَا كَانُوْا يَعْرِشُوْنَ** "၎င်းပြင် ငါအရှင်မြတ်သည် ဖိရ်အောင်နှင့်နှင့် ၎င်း၏အမျိုးသားများပြုလုပ်ထားခဲ့ကြသော အရာများကိုလည်းကောင်း၊ မြင့်မားစွာ တည်ဆောက်ထားခဲ့ကြသော အဆောက်အဦးများကိုလည်းကောင်း လုံးဝဖျက်ဆီးတော်မူခဲ့လေသည်"(၇း၁၃၇) ဟုမိန့်ထားသည်။

ဤသည်က ၎င်းတို့ မြင့်မားစွာဆောက်လုပ်ထားသည့် အဆောက်အဦးနှင့် ၎င်းတို့၏ သစ်ပင်များ စသည်တို့ကို ရည်ညွှန်းသည်။ "သူတို့ပြုလုပ်ထားသည့်"ဆိုသည်မှာ တမန်တော်မူစာ a သခင်အပေါ် ၎င်းတို့၏မကောင်းမှု ပြုလုပ်ထားသည့် အစီအရင်များကိုလည်း ရည်ညွှန်းသည်။ "မြင့်မားစွာ တည်ဆောက်ထားခဲ့သော"ဟူသည်မှာ ၎င်းတို့၏ အဆောက်အဦးများနှင့် သစ်ပင်များကိုရည်ညွှန်းသည်။

ယခုထိဆွေးနွေးခဲ့သော အဖြစ်အပျက်များမှာ ဖိရ်အောင်နှင့်ဘုရင်နှင့် သူလူများဖျက်ဆီးခံရခြင်း အကြောင်းနှင့် ပတ်သက်သည်။ နောက်အာယသ်များထဲတွင် အစွမ်းရေးလ်လူမျိုးများ၏ အောင်ပွဲနှင့်အောင်မြင်မှုကို ဖော်ပြထားပြီး နောက် အလွှာဟ်အရှင်မြတ်ထံမှ အလုံးစုံသော ကောင်းချီးမင်္ဂလာများ ရရှိပါလျက် ၎င်းတို့၏ မောက်မာမှုကို ဖော်ပြထားခဲ့သည်။ ဤအာယသ်များထဲတွင် အစောပိုင်း တမန်တော်များသည် ၎င်းတို့လူများကြောင့် စိတ်ဆိုးခဲ့ရကြောင်းကို ဖော်ပြခြင်းဖြင့် မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ခေါင်းမာမှုကြောင့် တမန်တော်မြတ် s သခင် ဝမ်းနည်းပူဆွေးရမှုကား ဖြေသိမ့်ဖွယ်တစ်ရပ် ဖြစ်စေသည်။

ဖိရ်အောင်နှင့်ဘုရင်နှင့် သူလူများကို အစွမ်းရေးလ်လူမျိုးများ အံ့သြဖွယ် အောင်နိုင်ပြီး စည်းစိမ်နှင့်လွယ်ကူသက်သာသော ဘဝတစ်ခုရရှိပြီးနောက် ဥစ္စာဓန ပေါကြွယ်သူများသည် စည်းစိမ်ဥစ္စာနှင့် ကြွယ်ဝသည့်ဘဝရပြီးနောက် မသိ နားမလည်သောလက္ခဏာများ ပြသလာကြသကဲ့သို့ ၎င်းတို့လည်း ယင်းလက္ခဏာများ စတင်ပြသလာခဲ့ပါသည်။ တမန်တော်မူစာ a ကို ၎င်းတို့ဦးစွာ မဆီမဆိုင် မေတ္တာရပ်ခံမှုမှာ ၎င်းတို့သွားလာစဉ် အခြားသူများ ဘုရားအများကိုး ကွယ်နေခြင်းကိုတွေ့ရ၍ ၎င်းတို့အတွက်လည်း ကိုးကွယ်ရာတစ်ခု ပြုလုပ် ပေးရန် တောင်းခံခြင်းဖြစ်သည်။ ထိုသူများ (အစွမ်းရေးလ်လူမျိုးများ) က **يٰمُوْسَى اجْعَلْ لَّنَا اِلٰهًا كَمَا لَهُمْ اٰلِهَةٌ** "အို (နဗီတမန်တော်) မူစာ၊ အသင်သည် ကျွန်ုပ်တို့အဖို့လည်း ၎င်းတို့၌ ရှိကုန်သောကိုးကွယ်ရာများကဲ့သို့ ကိုးကွယ်ရာတစ်ခုကို ပြုလုပ်၍ပေးပါလော့"(၇း၁၃၈)ဟု ပြောဆိုကြလေသည်။ တမန်တော်မူစာ a က **قال انكم قوم تجهلون** "အချင်းတို့၊ အသင်တို့သည် ဇကန်စင်စစ် (အလွန်တရာမျှ) အသိတရားကင်းမဲ့ကြကုန်သော သူမိုက်များပင် ဖြစ်ကြသည်"(၇း၁၃၈) ဟု ပြောကြားခဲ့လေသည်။

တမန်တော်မူစာ a သည် ထိုသူများ၏ မသိနားမလည်မှုအတွက် အလွန်ဒေါသထွက်ကာ ထိုသူများကိုးကွယ်ရန်ကြိုးပမ်းမှု အချည်းအနှီးသာဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကမ္ဘာပေါ်ရှိလူများထက် သာလွန်ကောင်းမွန်မှု ၎င်းတို့အား အလွှာဟ်အရှင်ပေးထားပါလျက် အဘယ့်ကြောင့် အလွှာဟ်မှအပ အခြားအရာကိုးကွယ်ရန် ၎င်းတို့ မည်သို့ စဉ်းစားရလေသနည်း။ ဆိုလိုသည်မှာ တမန်တော်မူစာ a ကို သက်ဝင်ယုံကြည်သူများသည် ထိုအချိန်ကာလရှိသော လူများအားလုံးထက် သာလွန်မြင့်မားပေသည်။

နောက်အာယသ်များထဲ၌ ၎င်းတို့၏ သနားဖွယ်အခြေအနေနှင့် ဖိရ်အောင်နှဘုရင်က ၎င်းတို့၏ သား ယောကျ်ားလေးများကို သတ်ဖြတ်၍ သမီးမိန်းကလေးများကို အိမ်စေများအဖြစ် ခိုင်းစေရန်အတွက် အသက် ချမ်းသာ ပေးထားသော ညှဉ်းပန်းနှိပ်စက်မှုများအကြောင်း သတိပေးထားသည်။ အလ္လာဟ်အရှင်မြတ်သည် ဤဂုဏ်သိက္ခာမဲ့ သော ညှဉ်းပန်းနှိပ်စက်မှုမှ ၎င်းတို့ကို အရှင်မြတ်၏ တမန်တော်မှတစ်ဆင့် လွတ်မြောက်စေပါသည်။ စက်ဆုပ်ဖွယ် ကျောက်တုံးများကို ကိုးကွယ်ရာများအဖြစ် မှတ်ယူ၍ ယင်းတို့ကို အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲခြင်းဖြင့် အလ္လာဟ် အရှင်မြတ်အား ကျေးဇူးကန်းကြမည်လော။ သူတို့၏ စည်းဖောက်မှုအတွက် အလ္လာဟ်အရှင်မြတ်ထံတော်ဝယ် မုချ ဝန်ချ တောင်းပန်ကြရမည်။

## အာယသ် (၁၄၂)

وَ وٰعَدْنَا مُوْسٰى ثَلٰثِيْنَ لَيْلَةً وَّ اَتْمَمْنٰهَا بِعَشْرٍ فَتَمَّ مِيْقَاتُ رَبِّهٖۤ اَرْبَعِيْنَ لَيْلَةً ۚ وَ قَالَ مُوْسٰى لِاَخِيْهِ هٰرُوْنَ اخْلُفْنِيْ فِيْ قَوْمِيْ وَ اَصْلِحْ وَ لَا تَتَّبِعْ سَبِيْلَ الْمُفْسِدِيْنَ ﴿۱۴۲﴾

**ထိုမှတစ်ပါး ငါအရှင်မြတ်သည် (နဗီတမန်တော်) မူစာအား ညဉ့်ပေါင်းသုံးဆယ် ချိန်းချက်တော်မူခဲ့လေသည်။ ထို့နောက် ငါအရှင်မြတ်သည် ယင်းညဉ့်ပေါင်းသုံးဆယ်ကို ဆယ်ညဉ့်ဖြင့် (ထပ်လောင်း၍) ဖြည့်စွက်တော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ ထို (နဗီ တမန်တော်) မူစာ၏အရှင် သတ်မှတ်တော်မူသောအချိန်သည် ညဉ့်ပေါင်းလေးဆယ် ပြည့်သွားခဲ့လေသည်။ ၎င်းပြင်(နဗီတမန်တော်)မူစာသည် မိမိနောင်တော် (နဗီတမန် တော်ဟာရွန်)အား (ဤသို့) ပြောဆိုမှာကြားခဲ့လေသည်။ (အို-နောင်တော်) အသင် သည် ကျွန်ုပ်၏ အမျိုးသားတို့တွင် ကျွန်ုပ်အား ကိုယ်စားပြု၍ နေရစ်ခဲ့ပါ။ ထို့ပြင် အသင် သည် (၎င်းတို့အား) ပြုပြင်၍ပေးပါ။ သို့ရာတွင် အသင်သည် အကျိုးပျက်စီးအောင် ပြုလုပ်သူတို့၏ လမ်းစဉ်ကို မလိုက်ပါလေနှင့်။ (၇ : ၁၄၂)**

ဤအာယသ်ထဲတွင် ဖေရိဘုရင်နှင့် သူ၏လူများကို ဖျက်ဆီးပြီးသည့်နောက်ပိုင်း အချိန်ကာလ အပိုင်းအခြား အကြောင်း ပြောထားသည်။ ဖိရ်အောင်ဘုရင်နှင့် သူ့လူများလက်မှ ကယ်တင်ခံရပြီး ငြိမ်းချမ်း သာယာသောကာလ ရရှိခဲ့သောကြောင့် အစ္စရေးလ်လူမျိုးများသည် ၎င်းတို့လိုက်နာကျင့်သုံးရန် ဘာသာရေး ဆိုင်ရာစနစ်၏ ဥပဒေအချို့ ရရှိလိုကြောင်း တမန်တော်မူစာ a သခင်ထံ မေတ္တာရပ်ခံပါသည်။ ၎င်းတို့အတွက် လမ်းညွှန်မှုဥပဒေ ကျင့်ထုံးတစ်ရပ် ရရှိရန် တမန်တော်မူစာ a သခင်က အလ္လာဟ်အရှင်မြတ်ထံ တောင်းဆုဒုအာပြုခဲ့သည်။ အရဗီစကားလုံး **ﻭﺍﻋﺪﻧﺎ** ဝါအဒ်နာသည် **ﻭﻋﺪ** ဝအဒ် စကားလုံးမှဆင်းသက်လာကာ တစ်စုံတစ်ဦးအား ကောင်းမွန်သည့် တစ်စုံတစ်ရာကို ပေးကမ်းရာ၌ စကားလုံးများဖြင့် ဖော်ပြခြင်းပမာအားဖြင့် ကတိတစ်ရပ်ကို ခေါ်သည်။

အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ မုကွပါဠိတော်ကို တမန်တော်မူစာ a သခင်ထံ ပို့ပေးရန် ကတိ တစ်ရပ်ပြုခဲ့သည်။ စည်းကမ်းသတ်မှတ်ထားသည်မှာ တမန်တော်မူစာ a သခင်သည် ဆိုင်းနိုင်းတောင်ပေါ်သွား၍

အလ္လာဟ်အရှင်မြတ်ကို ခဝပ်ကိုးကွယ်ခြင်းအားဖြင့် ညပေါင်းသုံးဆယ် ကုန်ဆုံးစေရပါမည်။ ဤညဉ့်ပေါင်းသုံးဆယ်ကို နောက်ပိုင်း၌ ညပေါင်းလေးဆယ် ဖြစ်စေရန် ဆယ်ည ထပ်တိုးစေပါသည်။

ဤအာယသ်တော်ထဲတွင် ကျွန်ုပ်တို့ ဂရုပြုရမည့်အချက် အချို့ရှိပေသည်။ ဦးစွာပထမ တမန်တော် မူစာ a သခင် ကုန်ဆုံးစေရမည့် ညပေါင်းမှာ အလ္လာဟ်အရှင့်ဆန္ဒတော်အရ ညပေါင်းလေးဆယ်အဖြစ် သတ်မှတ်ထားခဲ့သည်။ တမန်တော်မူစာ a အား ညဉ့်ပေါင်းသုံးဆယ် ကုန်ဆုံးစေရမည်ဟု ပထမခိုင်းပြီးမှ အဘယ်ကြောင့် နောက်ထပ် ဆယ်ညဉ့်ပို၍ ကုန်ဆုံးစေရသနည်း။ စင်စစ် အလ္လာဟ်အရှင်မြတ်၏ လုပ်ဆောင်မှုများထဲရှိအသိဉာဏ်နှင့် ထိုးဖောက် သိမြင်ခြင်းတို့ကို မည်သူတစ်ဦးတစ်ယောက်ကမျှ လက်လှမ်းမမီချေ။ သို့သော်လည်း ပညာရှင်များက ရှင်းလင်းချက် အချို့ပေးထားသည်။ ထင်ရှားကျော်ကြားသည့် ရှူဟုလ်ဗယာန်အကျယ်ဖွင့်ကျမ်းတွင် ဖော်ပြထားသည်မှာ အထက် အမိန့်တော်တွင် ပါဝင်သောအသိဉာဏ်မှာ လူအများ ကျင့်သုံးရန် လွယ်ကူစေရေးအတွက် ဥပဒေများကို ထုတ်ပြန်ရာ၌ တဖြည်းဖြည်း တစ်ဆင့်စီ ထုတ်ပြန်ရခြင်း ဖြစ်သည်။ သဖီရ်အလ်ကုရ်သုဗီ အကျယ်ဖွင့်ကျမ်းတွင် ပြောထားသည်မှာ သတ်မှတ်ထားသည့်အချိန်တွင်းဂင်းတို့အား သတ်မှတ်ပေးထားသည့်အလုပ်ကိုပျက်ကွက်ပါကလက်အောက်ငယ်သားကို ဆိုင်းငံ့ထားစေရန် တာဝန်ရှိသူတို့အား ပညာပေးရန်အတွက်ဖြစ်သည်။ တမန်တော်မူစာ a သခင်မှာ ဤသို့ပင်ဖြစ်ခဲ့သည်။ လိုအပ်သော နာမ်ပိုင်းဆိုင်ရာ သာလွန်ကောင်းမွန်မှုကို ညဉ့်ပေါင်းသုံးဆယ်နှင့် မရနိုင်သည့်အတွက် ပြီးပြည့်စုံသော လိုအပ်ချက်ရရှိရန်အလို့ငှာ တမန်တော်အား ဆယ်ညဉ့်ထပ်၍ အချိန်ပေးစေပါသည်။

ဋီကာရှင်များက တင်ပြခဲ့သည်မှာ တမန်တော်မူစာ a သခင်သည် ရက်ပေါင်းသုံးဆယ်ညဉ့် တစ်ဆက်တည်း ဥပုသ်မဖျက်ဘဲ ဆက်တိုက်ဆောက်တည်ခဲ့သည်။ ရက်ပေါင်းသုံးဆယ်ပြည့်ပြီးနောက် တမန်တော်သည် နံနက်စာစားသုံး၍ ဆိုင်းနိုင်းငံတောင်ပေါ်ရှိ သတ်မှတ်ထားသည့်နေရာသို့ သွားခဲ့သည်။ ဥပုသ်သီလ ဆောက်တည်သူတစ်ဦး၏ ခံတွင်းမှပေါ်ထွက်လာသော သီးခြားအနံ့အသက်ကို အလ္လာဟ်အရှင်ကြိုက်နှစ်သက်ကြောင်း တမန်တော်မူစာ a သခင်ကို မိန့်ခဲ့သည်။ တမန်တော်မူစာ a သည် ၎င်း၏သွားများ တိုက်လိုက်သဖြင့် အနံ့အသက်များ ပျောက်သွားသောကြောင့် ထိုအနံ့အသက်များ တစ်ဖန် ပြန်လည်ပေါ်စေရန် နောက်ထပ်ဆယ်ရက် ဥပုသ်သီလ ဆောက်တည်ရန် လိုအပ်သွားသည်။

အနံ့အသက်ပျောက်သွားခြင်းနှင့်ဆိုင်သော အထက်ပါတင်ပြချက်များအရ ဥပုသ်သီလ စောင့်ထိန်းပြီးနောက် သွားတိုက်ခြင်းမှာ တားမြစ်ပိတ်ပင်ထားသည် (သို့မဟုတ်) မနှစ်သက်ဖွယ်ရာဖြစ်သည်ဟု မမှတ်ယူနိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် ပထမအနေဖြင့် အထက်ပါတင်ပြချက်သည် ဆင့်ပြန်သူများ၏ အဆက်မပြတ်ခြင်း မရှိပါ။ ဒုတိယအနေဖြင့် ဤအမိန့်ပညတ်ချက်မှာ အခြားသူများအတွက်မဟုတ်ဘဲ တမန်တော်မူစာ a အတွက် သီးသန့် ရည်စူးသည်။ (သို့မဟုတ်) ယင်းမှာ သောင်ရာသ်ကျမ်းလိုက်နာသူများ၏ ထူးခြားမှုတစ်ရပ်ဖြစ်သည်။ ဥပုသ်သီလ ဆောက်တည်စဉ်တွင် သွားတိုက်ခြင်းဓလေ့သည် ခွင့်ပြုကြောင်း တမန်တော်၏ဟဒီးဆ်တော်များ၌ သက်သေပြထားသည်။ စိုက်ယိဒါဟ်အာအိရ်ဖာ g ၏ ခိုင်လုံသော ဆင့်ပြန်ထားသော ဟဒီးဆ်တစ်ပုဒ်ကို ဗိုင်ဟကီကျမ်းတွင် တင်ပြထားခဲ့သည်။ တမန်တော်မြတ် s မိန့်ခဲ့သည်မှာ- **خَيْرُ خَصَائِلِ الصَّائِمِ السِّوَاكُ** "တစ်စုံတစ်ဦးသည် ဥပုသ် ဆောက်တည်စဉ် (မစ်စဝါက်) သွားတိုက်ခြင်းသည် အကောင်းဆုံးလုပ်ရပ်ဖြစ်သည်" ဟူ၍ဖြစ်သည်။ အလ်ဂျာမီ အဆ်ဆွဂီးရ်က ဤဟဒီးဆ်တော်၏ အဆင့်အတန်းမှာ ဟစန်ဟဒီးဆ် (ခိုင်လုံသော ဓလေ့တော် အမျိုးအစားတစ်ရပ်) ဖြစ်သည်။

တမန်တော်မူစာ a သည် ရက်ပေါင်း(၃၀)ဆက်တိုက် ညဉ့်တွင်ပါအစာမစားဘဲ ဥပုသ်သီလ ဆောက်တည်နိုင်ခဲ့ပါလျှက် အဘယ်ကြောင့် စိုက်ယိဒိနာ ခဇိရ် (အလ်ခါဒိရ် a ) ကိုတွေ့ဆုံရန် ခရီးထွက်စဉ်တွင် နေ့တစ်ဝက်မျှကိုပင် မစောင့်ဆိုင်းနိုင်ဘဲ **اِئْتِنَا غَدَاءَنَا لَقَدْ لَقِيْنَا مِنْ سَفَرِنَا هٰذَا نَصَبً**"ကျွန်ုပ်တို့ကို ကျွန်ုပ်တို့၏ အစားအသောက်ပေးပါ ဟု ဆိုရသနည်း။ အဘယ်ကြောင့်ဆိုသော် ဤခရီးစဉ်သည် ကျွန်ုပ်တို့ကို ပင်ပန်းနွမ်းနယ်စေခဲ့ပါသည်" ဟုပြောခြင်းသည် တစ်စုံတစ်ဦးကို အံ့သြစေပါသည်။ သဖီစီရ်ရှုဟုလ်ဗယာန်ကျမ်းက ရှင်းပြသည်မှာ ဤကွာခြားမှုမှာ ခရီးစဉ်ဘဝ ကွာခြားသောကြောင့်ဖြစ်သည်။ ဤခရီးစဉ်ကားဖန်ဆင်းခံတစ်ဦးက အခြားဖန်ဆင်းခံတစ်ဦးထံ သွားသည့်ခရီးစဉ်ဖြစ်၍ ဆိုင်းနိုင်းတောင်ပေါ် မူစာ a သွားသည့်ခရီးစဉ်မှာ ရှိသေကိုင်းရှိုင်းသော ဖန်ဆင်းခံသည် ဖန်ဆင်းရှင်အား ရှာဖွေရန် ခရီးထွက်ခဲ့ခြင်းဖြစ်သည်။ ဤနာမ်ပိုင်းဆိုင်ရာခရီးစဉ်က ရုပ်ပိုင်းဆိုင်ရာ တောင်းဆိုမှုဖြစ်သည့် ဆာလောင်ခြင်းနှင့် ရေငတ်ခြင်းအားကို လျော့နည်းစေကာ နေ့ညရက်ပေါင်း(၃၀) တစ်ဆက်တည်း ဥပုသ်သီလ ဆောက်တည် နိုင်စွမ်းရှိစေပါသည်။

## လနှင့်နေ အခြေပြုသည့်ပြက္ခဒိန်များ

ဤအာယသ်တွင် နောက်တစ်ချက်ရည်ညွှန်းသည်မှာ တမန်တော်များ၏ ရှရီအသ်ဥပဒေမှာ ၎င်းတို့ ရက်စွဲ ပြောင်းခြင်းကို ညဉ့်မှအစပြုသည်။ အထက်ပါအာယသ်တော်ကလည်း နေ့ပေါင်း (၃၀) အစားညဉ့်ပေါင်း(၃၀) ဟု ဖော်ပြထားသည်။ ဤသည်မှာ တမန်တော်များ၏ ရှရီအသ်ဥပဒေတွင် စံပြကျဒိန်သည် လပေါ်အခြေခံထားသည့် ပြက္ခဒိန်ဖြစ်သောကြောင့်တည်း။ လပေါ်အခြေခံထားသည့် ပြက္ခဒိန် လသည် ညဉ့်အခါတွင် ဖြစ်နိုင်သော လမြင်တွေ့မှုအပေါ်အခြေခံသည်။ ထို့ကြောင့် လအခြေခံထားသော ပြက္ခဒိန်၏ရက်စွဲသည် နေဝင်ချိန်မှာ ပြောင်းလဲသည်။ အလ်ကုရ်တုဗီက အိဗ်နအရဗီ၏ ခိုင်လုံမှုအပေါ်-**حِسَابُ الشَّمْسِ لِلْمَنَافِعِ وَحِسَابُ الْقَمَرِ لِلْمَنَاسِكِ**"နေအပေါ် အခြေခံသည့် ပြက္ခဒိန်သည် လောကီရေးဆိုင်ရာ အကျိုးအမြတ်အတွက်ဖြစ်၍ လပေါ် အခြေခံသည်။ ပြက္ခဒိန်သည် ဘာသာရေးဆိုင်ရာ လိုက်နာကျင့်သုံးမှုအတွက်ဖြစ်သည်" ဟူသော အဆိုအမိန့်ကို တင်ပြခဲ့သည်။

ဆွဟာဗဟ်သာဝကကြီး အဗွဒုလ္လာဟ်အိဗ်နအဗ္ဗားစ် d ၏ အကျယ်ဖွင့်ဆိုချက်အရ ညဉ့်ပေါင်း(၃၀)မှာ လအပေါ်အခြေခံသည့် ပြက္ခဒိန်၏ ဆယ့်တစ်လမြောက်ဖြစ်သည့် "ဇူလ်ကအ်ဒါဟ်" လ၏ညဉ့်များဖြစ်သည်။ ထပ်ဆောင်းဆယ်ညဉ့်မှာ ဇူလ်ဟိဂ်ျဂျာဟ်လ၏ ပထမဆယ်ညဉ့်ဖြစ်သည်။ ဤသည်က မူစာ a သခင်အား သောင်ရာသ်ကျမ်း ချပေးသည့်နေ့သည် အိဒ္ဒလ်အဒ္ဓါဟာနေ့ဖြစ်ကြောင်း ကျွန်ုပ်တို့အား နားလည်စေပါသည်။ (ကုရ်တုဗီ)

## လေးဆယ်ဂဏန်း၏ပေါ်လွင်ထင်ရှားမှု

ဤအာယသ်တော်က (၄၀)ဂဏန်းသည် တစ်စုံတစ်ဦး၏ နှလုံးသား နာမ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်း လဲမှုတွင် အထူးအကျိုးသက်ရောက်မှု အချို့ရှိကြောင်းညွှန်းသည်။ တမန်တော်မြတ် s သခင်၏ ဟဒီးဆ်တော်တစ်ရပ်၌ တင်ပြထားသည်မှာ မည်သူမဆို အလ္လာဟ်အရှင်မြတ်ကို နှလုံးသားရိုးသားဖြူစင်စွာဖြင့် ရက်ပေါင်း (၄၀) ခဝပ် ကိုးကွယ်ခဲ့လျှင် ၎င်း၏နှလုံးသားမှာ အသိဉာဏ်ပညာ၏ ရင်းမြစ်တစ်ခု ဖြစ်သွားစေပါသည်။ (ရှုဟုလ်ဗယာန်)

## ဖြည်းဖြည်းမှန်မှန်စနစ်ကျင့်သုံးခြင်း

ဤအာယသ်တော်က လူအများသည် ၎င်းတို့ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရန် ဖြည့်ဆည်းသည့် အချိန်ကာလ သတ်မှတ်ရန်နှင့် ၎င်းတို့ရည်စူးချက်ဆီသို့ ဖြည်းဖြည်းမှန်မှန် ချဉ်းကပ်ရန် ပညာပေးထားသည်။ ယင်းမှာ ကိစ္စရပ်များကို ဖြည်းဖြည်းမှန်မှန် လုပ်ဆောင်စေရန် အလွှာဟ်အရှင်မြတ်၏ ဓလေ့တော်ဖြစ်သည်။ ကိစ္စရပ်များကို အလောတကြီးနှင့် မြန်မြန်ဆန်ဆန်လုပ်ခြင်းကို သဘောမတူလက်မခံချေ။ အလွှာဟ်အရှင်မြတ်၏ ဖန်ဆင်းနိုင်စွမ်းအားသည် ဖန်ဆင်းမှုကို တမဟုတ်ခြင်း ဖန်ဆင်းနိုင်လင့်ကစား စကြဝဠာကို ခြောက်ရပ်ဖြင့် ဖန်ဆင်းခြင်းက လူအများအား အသိဉာဏ် ကြွယ်သော မူတစ်ခု ပေးသနားတော်မူထားသည်။ ယင်းမှာ လူတို့သည် ၎င်းတို့၏ လုပ်ဆောင်မှုအဆုံးသတ်ကို အချိန်ကာလ တစ်ခုတွင် ချဉ်းကပ်လုပ်ဆောင်သင့်သည်။ သို့မှသာလျှင် ၎င်းတို့၏ ရည်မှန်းချက်အတွက် ထိုက်သင့်သော ဂရုပြုမှု ပေးနိုင်မည်ဖြစ်သည်။ သောင်ရာသ်ကျမ်းကိုလည်း တမန်တော်မူစာ a သခင်ကို တစ်ခဏတွင်း ချပေးသည်မဟုတ်ချေ။ ထိုဓလေ့ကို အလေးအနက်ပြုရန်အတွက် အချိန်ကာလတစ်ခု သတ်မှတ်ခဲ့သည်။ (ကုရ်တွုဗီ)

ဤမူကို လျစ်လျူရှုသောကြောင့် အစွမ်းရေးလ်လူမျိုးများ၏ အလွှာဟ်အရှင်မြတ်အပေါ် ယုံကြည်မှု ဆုံးရှုံးခဲ့ရသည်။ တမန်တော်မူစာ a သည် ဆိုင်းနိုင်းတောင်ပေါ်ထွက်ခွာစဉ် ရက်ပေါင်း(၃၀) ကြာမည်ဟု ပြောကြားခဲ့သည်။ တမန်တော်မူစာ a သည် နောက်ထပ်ဆယ်ရက် ဆိုင်းငံ့ထားရသောကြောင့် ပြန်လာမည့်ကာလတွင် ပြန်မလာသော အခါ မလိုလားအပ်ဘဲ အလောတကြီးလုပ်တတ်သည့် အစွမ်းရေးလ်လူမျိုးတို့က တမန်တော်မူစာ a သည် တစ်နေရာတွင် ပျောက်ဆုံးသွားခဲ့၍ ကျွန်ုပ်တို့အား လမ်းညွှန်ရန် အခြားခေါင်းဆောင်တစ်ဦးရွေးချယ်သင့်သည်ဟု ပြောကြားကြသည်။ အကျိုးဆက်အဖြစ် ၎င်းတို့သည် ပဉ္စလက်ဆရာ ဆာမေရီ၏ သားကောင်ဖြစ်ကာ ရွှေရောင်နွားငယ်ကို စတင်ကိုးကွယ်ခဲ့ကြသည်။ အကယ်၍သာ ထိုသူများသည် သည်းခံ၍ ဖြည်းဖြည်းမှန်မှန်စနစ် ကျင့်သုံးခဲ့သူများဖြစ်ခဲ့လျှင် မယုံကြည်သွေဖည်ခြင်းကုဖရ်ဟူသည့် ပျက်ပြားထိခိုက်စေသော အမှားကျူးလွန်လိမ့်မည်မဟုတ်ချေ။ အာယသ်တော်၏ နောက်ဝါကျတွင်- وَقَالَ مُوْسٰى لِاَخِيْهِ هٰرُوْنَ اخْلُفْنِيْ فِيْ قَوْمِيْ وَاَصْلِحْ وَلَا تَتَّبِعْ سَبِيْلَ الْمُفْسِدِيْنَ "ဎ၎င်းပြင် (နဗီတမန်တော်) မူစာ a သည် မိမိနောင်တော် (နဗီတမန်တော်) ဟာရွန်အား (ဤသို့) ပြောဆို မှာကြားခဲ့လေသည်။ (အို-နဗီတမန်တော်) သင်သည် ကျွန်ုပ်၏ အမျိုးသားတို့တွင် ကျွန်ုပ်အား ကိုယ်စားပြု၍ နေရစ်ခဲ့ပါ။ ထို့အပြင် အသင်သည် (၎င်းတို့အား) ပြုပြင်ပေးပါ။ သို့ရာတွင် အသင်သည် အကျိုးပျက်စီးအောင် ပြုလုပ်သူတို့၏ လမ်းစဉ်ကိုမလိုက်ပါလေနှင့်" ဟု မိန့်ထားသည်။ ဤဝါကျထဲတွင် ဘာသာရေးဆိုင်ရာ အရေးပါသည့် ဂရုပြုရမည့်အချက် ပါဝင်ပေသည်။

## လိုအပ်လျှင် တစ်စုံတစ်ဦးအား လက်ထောက်အဖြစ် ခန့်ထားခြင်း

တမန်တော်မူစာ a သည် ဆိုင်းနိုင်းတောင်ပေါ်ထွက်ခွာရန် ရည်စူးသောအခါ၌ စိုက်ယိဒိနာ ဟာရွန် a အား ၎င်း၏လက်ထောက်အဖြစ်ခန့်အပ်ရန် အလေးအနက်ထားခဲ့သည်။ ထို့နောက် တမန်တော် မူစာ a က ၎င်းမရှိစဉ်တွင် သူလူများ၏တာဝန်ကို တမန်တော်ဟာရွန် a ယူသင့်သည်ဟု ပြောခဲ့သည်။ တာဝန်ကြီးလေးသောရာထူထမ်းဆောင်သူ တစ်ဦးအတွက် ၎င်းမရှိစဉ် သူ၏အလုပ်တာဝန်ထမ်းဆောင်ရန်အတွက် တစ်စုံတစ်ဦးအား ခန့်အပ်ထားရန် အရေးကြီးပေသည်။

တမန်တော်မြတ် s သခင်သည် မဒီနဟ်မြို့မှ ထွက်ခွာစဉ်အခါတိုင်း တစ်စုံတစ်ဦးကို ၎င်း၏လက်ထောက်အဖြစ် ခန့်အပ်လေ့ရှိခဲ့သည်။ ဆွဟာဗဟ်သာဝကကြီးများဖြစ်ကြသည့် အလီ d နှင့် အဗူဒုလ္လာဟ် အိဗ်နုအုမ္မေက္ကတူမ်တို့သည် တမန်တော်မြတ် s ၏ လက်ထောက်များအဖြစ် အချိန်အခါအလိုက် အသီးသီး အသက အသက ခန့်အပ်တော်မူခဲ့သည်။ (ကုရ်တွဗီ)

တမန်တော်မူစာ a သည် ဆိုင်းနိုင်းတောင်ပေါ် မထွက်ခွာမီ တမန်တော်ဟာရွန် a အား ညွှန်ကြားချက်အချို့ပေးခဲ့သည်။ ယင်းကရည်ညွှန်းသည်မှာ လက်ထောက်အတွက် ညွှန်ကြားချက်များ (သို့မဟုတ်) လမ်းညွှန်မှုများထားခဲ့ခြင်း သည်လည်း ဘာသာရေးဆိုင်ရာ လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ တမန်တော်မူစာ a သခင် ပေးသောပထမညွှန်ကြားချက်ကား اَصْلِحْ "ပြုပြင်၍ပေးပါ" ဟူသော စကားတစ်လုံးတည်းသာ ဖြစ်သည်။ ဤအရေးပါမှု ၏ ရည်မှန်းချက်ကိုမူ ဖော်ပြမထားပါ။ ဖြစ်နိုင်သည်မှာ အစွမ်းရေးလ်လူမျိုးများနှင့် တမန်တော်ဟာရွန်လည်း လိုက်နာကျင့်သုံး ရန် ယေဘုယျ အမိန့် တစ်မိန့်အဖြစ် ပြုလုပ်ထားခဲ့သည်။

ဒုတိယညွှန်ကြားချက်ကို وَلَا تَتَّبِعْ سَبِيلَ الْمُفْسِدِينَ "သို့ရာတွင် အသင်သည် အကျိုးပျက်စီးအောင် ပြုလုပ်သူတို့၏လမ်းစဉ်ကိုမလိုက်ပါလေနှင့်"ဟူသော စကားလုံးများအဖြစ်ပေးထားသည်။ တမန်တော်ဟာရွန် a သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါးဖြစ်သည့်အလျောက် အကျိုးပျက်စီးမှုပြုလုပ်နိုင်သည်ဟု မယူဆနိုင်ကြောင်း ကား ထင်ရှားသည်။ ထို့ကြောင့် ဤညွှန်ကြားချက်က အကျိုးပျက်စီး အောင်ပြုလုပ်သူတို့အား အကူအညီ ဖြစ်စေသည့်၊ အားပေးအားမြှောက်ဖြစ်စေသည့် မည်သည့်လုပ်ရပ်မျှ မလုပ်သင့်ကြောင်း ဆိုလိုသည်။ သူ၏လူများ ပဋ္ဌလက်ဆရာ ဆာမေရီနောက်လိုက်၍ ရွှေရောင်နွားငယ်ကို စတင်ကိုးကွယ်သည်ကို မြင်သောအခါ၌ တမန်တော် ဟာရွန် a က ယင်းညွှန်ကြားချက်အတိုင်း လုပ်ဆောင်ခဲ့ပါသည်။ တမန်တော် ဟာရွန် a သည် ၎င်းလူများ ဤလုပ်ရပ် လုပ်ဆောင်ချက်မှ တားဆီးခဲ့သကဲ့သို့ အကျိုးပျက်စီးအောင် ပြုလုပ်မှုအတွက် ဆာမေရီကိုလည်း ပြစ်တင်ဆောင်းမဲခဲ့သည်။ နောက်ပိုင်းတွင် တမန်တော်မူစာ a သခင်သည် ၎င်းတို့၏ ဤအပြုအမူအတွက် တမန်တော်ဟာရွန် a သခင် သည် အရည်အချင်း မရှိသဖြင့် ဖြစ်ပွားခဲ့ရကြောင်းထင်မှတ်၍ ယင်းအကြောင်းအသေးစိတ်ကို ဓေါ်ယူမေးမြန်းခြင်း ဖြစ်သည်။ ဤသည်မှာ ရိုသေကိုင်းရှိုင်းမှု လက္ခဏာတစ်ရပ်အဖြစ်မှတ်ယူကာ ကိစ္စရပ်များကို စနစ်တကျ စီမံခန့်ခွဲရန် ဂရုမစိုက်သူများအတွက် သင်ခန်းစာတစ်ရပ်ပေးခြင်းဖြစ်သည်။

အာယသ် (၁၄၃-၁၄၅)

وَ لَمَّا جَآءَ مُوْسٰى لِمِيْقَاتِنَا وَ كَلَّمَهٗ رَبُّهٗ ۙ قَالَ رَبِّ اَرِنِيْۤ اَنْظُرْ اِلَيْكَ ؕ قَالَ لَنْ
تَرٰىنِيْ وَ لٰكِنِ انْظُرْ اِلَى الْجَبَلِ فَاِنِ اسْتَقَرَّ مَكَانَهٗ فَسَوْفَ تَرٰىنِيْ ۚ فَلَمَّا تَجَلّٰى
رَبُّهٗ لِلْجَبَلِ جَعَلَهٗ دَكًّا وَّ خَرَّ مُوْسٰى صَعِقًا ۚ فَلَمَّاۤ اَفَاقَ قَالَ سُبْحٰنَكَ تُبْتُ اِلَيْكَ
وَ اَنَا اَوَّلُ الْمُؤْمِنِيْنَ ﴿۱۴۳﴾ قَالَ يٰمُوْسٰۤى اِنِّي اصْطَفَيْتُكَ عَلَى النَّاسِ بِرِسٰلٰتِيْ
وَ بِكَلَامِيْ ۫ فَخُذْ مَاۤ اٰتَيْتُكَ وَ كُنْ مِّنَ الشّٰكِرِيْنَ ﴿۱۴۴﴾ وَ كَتَبْنَا لَهٗ فِي الْاَلْوَاحِ
مِنْ كُلِّ شَيْءٍ مَّوْعِظَةً وَّ تَفْصِيْلًا لِّكُلِّ شَيْءٍ ۚ فَخُذْهَا بِقُوَّةٍ وَّ اْمُرْ قَوْمَكَ يَاْخُذُوْا
بِاَحْسَنِهَا ؕ سَاُورِيْكُمْ دَارَ الْفٰسِقِيْنَ ﴿۱۴۵﴾

ၔင်းပြင် (နဗီတမန်တော်) မူစာသည် ငါအရှင်မြတ် သတ်မှတ်တော်မူသော အချိန်၌ ရောက်ရှိလာခဲ့၍ ထို(နဗီတမန်တော်)မူစာ၏ အရှင်မြတ်သည် ထို(နဗီတမန်တော်) မူစာနှင့် စကားပြောဆိုတော်မူသောအခါ ထို (နဗီတမန်တော်)မူစာက " အို-ကျွန်တော်မျိုး၏ အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား (မိမိကို) ပြသတော်မူပါ။ ကျွန်တော်မျိုးသည် အရှင်မြတ်အား ဖူးမြော်ပါရစေ"ဟု လျှောက်ထားပန်ကြားလေသည်။ ထိုအခါ အရှင်မြတ်က (အို-မူစာ) အသင်သည် (ကျွ်)လောကတွင် ငါအရှင်မြတ်အား အလျှင်း ဖူးမြော်နိုင်မည် မဟုတ်ပေ။ သို့ရာတွင် အသင်သည် (ကျွ်)တောင်ကို ကြည့်နေပါလေ။ အကယ်၍ ထိုတောင်သည် မိမိနေရာတွင် တည်ငြိမ်စွာ ရှိနေခဲ့ပါမူ အသင်သည်လည်း ငါအရှင်မြတ်အား အမှန်ပင် ဖူးမြော်နိုင်ပေမည်"ဟု မိန့်ကြားတော်မူလေသည်။ ထို့နောက် ထို (နဗီ တမန်တော်) မူစာ၏အရှင်သည် တောင်ပေါ်သို့ (မိမိ) ဘုန်းတော်ကို ထင်ရှားစေတော်မူ လိုက်သည့်အခါ ထိုဘုန်းတော်သည် ယင်းတောင်ကို အစိတ်စိတ်ဖြစ်စေခဲ့လေသည်။ ၔင်းပြင် (နဗီတမန်တော်) မူစာသည်လည်း သတိလစ်၍ လဲကျသွားလေသည်။ တစ်ဖန် ထို (နဗီတမန်တော်) မူစာသည် သတိပြန်လည်၍ ရရှိလာသောအခါ (ကျွ်သို့) လျှောက်ထားလေသည်။ (အို-အရှင်မြတ်) အရှင်မြတ်သည် (ကျွ်လူ့လောကတွင် မံသစက္ခုဖြင့် ဖူးမြင်တော်မူရခြင်းမှ) သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ကျွန်တော်မျိုးသည် အရှင်မြတ်ထံတော်၌ (ယခုကဲ့သို့ လျှောက်ထားမိသောကြောင့်) ဝန်ချတောင်းပန်ပါ၏။ ၔင်းပြင် ကျွန်တော်မျိုးသည် (အရှင်မြတ်အား ကျွ်လောကတွင် မည်သူမျှမမြင်နိုင်ကြောင်း) ပထမဦးဆုံး ယုံကြည်သူ ဖြစ်ပါသည်။ (၇ : ၁၄၃)

(ထိုအခါ အလ္လာဟ်) အရှင်မြတ်သည် (ကျွ်သို့) မိန့်ကြားတော်မူခဲ့လေသည်။ အို-(နဗီတမန်တော်) မူစာ ဇကာန်စင်စစ် ငါအရှင်မြတ်သည် အသင့်အား လူများအပေါ်၌ မိမိ ရစူလ်တမန်တော်အဖြစ်ကို ချီးမြှင့်တော်မူခြင်းဖြင့် လည်းကောင်း၊ ငါအရှင်မြတ်သည်

**အသင်နှင့် စကားပြောဆိုတော်မူခြင်းဖြင့်လည်းကောင်း ရွေးချယ်မြောက်စားတော်မူလိုက်ပြီ။ သို့ဖြစ်ပေရာ အသင်သည် အသင့်အား ငါအရှင်မြတ် ချီးမြှင့်ပေးသနားတော်မူသည်(များ)ကိုယူပါလေ။ ၎င်းပြင် အသင်သည် ကျေးဇူးတော်ကို သိတတ်သောသူတို့တွင် အပါအဝင် ဖြစ်ပါလေ။ (၇ : ၁၄၄)**

**ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထို(တမန်တော်မူစာ)အား (သာသနာရေးတွင် မူချလိုအပ်သည့်) အလုံးစုံသော ဆုံးမဩဝါဒများကိုလည်းကောင်း၊ (အမိန့်ပညတ်များနှင့် ပတ်သက်၍) အရာခပ်သိမ်းတို့၏ ရှင်းလင်းချက်ကိုလည်းကောင်း ကျောက်သင်ပုန်းများတွင် ရေးမှတ်၍ ပေးသနားတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်မူစာ) အသင်သည် ၎င်းကိုစွဲမြဲစွာ စွဲကိုင်၍ထားပါလေ။ ၎င်းပြင် အသင်သည် မိမိအမျိုးသားတို့အား ယင်းဩဝါဒတော်များအနက်မှ အကောင်းဆုံးများကို (စွဲမြဲစွာ) လိုက်နာကြရန် ဆင့်ဆိုပါလေ။ မကြာမြင့်မီ ငါအရှင်မြတ်သည် အသင်တို့အား အမိန့်တော်ကို မနာခံသောသူတို့၏ နေရာဌာနကို ပြသတော်မူအံ့။ (၇ : ၁၄၅)**

အာယသ်(၁၄၃)ထဲ၌ **لن ترانی** "အသင်သည် ငါအရှင်အား အလျှင်း ဖူးမြင်နိုင်မည်မဟုတ်ပေ"ဟူသည့်စကားစု ပါဝင်သည်။ ဤစကားစုထဲတွင် အလ္လာဟ်အရှင်မြတ်အား ဖူးတွေ့ခြင်းသည် မဖြစ်နိုင်သော အရာမဟုတ်၊ သို့သော်လည်း ၎င်း၏လက်ရှိ ခန္ဓာကိုယ်အနေအထားအရ တမန်တော်မူစာ [a] သည် ခံနိုင်ရည်စွမ်းပကားမရှိဟူသော အညွှန်းပါဝင်သည်။ အကယ်၍ ဖူးတွေ့နိုင်ရန် မဖြစ်နိုင်လျှင် စကားစုမှာ **لن اری** "ငါအရှင်မြတ် အား မြင်တွေ့နိုင်မည် မဟုတ်" ဟူ၍ဖြစ်လိမ့်မည်။ (မဇာဟရီ) ဤသည်က ဤကမ္ဘာလောကတွင်ပင် အရှင်မြတ်အား မြင်တွေ့ခြင်းဆိုသည်မှာ ယုတ္တိဗေဒအရ ဖြစ်နိုင်ချေဖြစ်သွားပေသည်။ တစ်ချိန်တည်းမှာ ဤအာယသ်တော်က ဤကမ္ဘာလောကတွင် ယင်းကဲ့သို့မြင်တွေ့နိုင်ခြင်း ဖြစ်နိုင်ချေအား ပိတ်ပင်တားဆီးထားသည်ဟု ဆိုလိုသည်။ ဤသည်မှာလည်း ပညာရှင်အများစု၏ တညီတညွတ်တည်းသော အမြင်ဖြစ်သည်။ ဆွဟီဟ်မုစ်လင်မ်ကျမ်း၌ အောက်ပါဟဒီးဆ်ကို ထည့်ထားသည်။

**لن یری احد منکم ربه حتی یموت**

"သင်တို့အနက် အလ္လာဟ်အရှင်မြတ်ကို မည်သူမျှ မသေသေးသရွေ့ မမြင်နိုင်ချေ"

ဒုတိယစကားစု **وَ لٰكِنِ انْظُرْ اِلَى الْجَبَلِ** "အသင်သည် ဤတောင်ကိုကြည့်နေပါလေ" ဟူသည်က ၎င်း၏လက်ရှိအခြေအနေအရ ဦးတည်ပြောကြားခံရသူသည် ထိုကဲ့သို့သော အတွေ့အကြုံဒဏ်ကို ခံနိုင်ရည်မရှိကြောင်း ရှင်ပိုင်းဆိုင်ရာ ပြသချက်တစ်ရပ်ဖြစ်သည်။

ယင်းနောက် အလ္လာဟ်အရှင်မြတ်သည် ဤအချက်ကို အမှန်တကယ် ပြသသည့်အနေဖြင့် ဆိုင်းနိုင်းတောင်ပေါ်၌ အလ္လာဟ်အရှင်မြတ် ပေါ်ထွက်ခြင်း၏ ရောင်ခြည်တော်တစ်ရပ်ဖြင့်ပြသခဲ့ရာ ထိုတောင်သည် ယင်းဒဏ် မခံနိုင်၍ အစိတ်စိတ်အမြွာမြွာ ကွဲပျက်ခဲ့ရသည်။

နောက်စကားစုမှာ **فَلَمَّا تَجَلّٰى رَبُّهٗ لِلْجَبَلِ** "ထို့နောက် ထို (နဗီတမန်တော်) မူစာ၏ အရှင်သခင်သည် တောင်ပေါ်သို့ (မိမိဘုန်းတော်ကို) ထင်ရှားစေတော်မူလိုက်သည့်အခါ" ဖြစ်သည်။ အရဗီစကားလုံး **تَجَلّٰى** "တဂျလ်လာ" သည် ဖွင့်လှစ်ပြသခြင်း၊ ဖော်ထုတ်ပြသခြင်းကို ရည်ညွှန်းသည်။ (ဆူဖီ) နာမ်ပိုင်းဆိုင်ရာ ဆရာသခင်များ အဆိုအရ

တိုက်ရိုက်မဟုတ်ဘဲ အခြားအကြောင်းခံများမှတစ်ဆင့် မြင်တွေ့ခြင်းဟုဖော်ညွှန်းသည်။ ပမာဆိုသော် တစ်စုံတစ်ရာကို ကြေးမုံပြင်မှတစ်ဆင့် ရောင်ပြန်ကိုမြင်ရခြင်း ဖြစ်သည်။ ထို့ကြောင့် စကားလုံးမှာ "မြင်တွေ့ခြင်း" ဟု မဖော်ညွှန်းနိုင်ချေ။ ဤသည်ကိုပင် ဤအာယသ်က ရည်ညွှန်းခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်ထဲ၌ မြင်တွေ့နိုင်ခြင်း ဖြစ်နိုင်မှုကို ငြင်းပယ်ထားသော်လည်း 'တဂျလ်လီ' (သို့မဟုတ်) မြင်တွေ့ခြင်းဆိုသည်ကို ဆိုင်းနိုင်းတောင်ပေါ်၌ ပေါ်ထွက်ခဲ့ကြောင်း ဖော်ပြထားသည်။

ဆွဟာဗဟ်သာဝကြီး အနတ်စ် d ၏ နိုင်လုံမှုအရ အီမာမ်အဟ်မဒ်ကျမ်း၊ သီရိမိဇီကျမ်းနှင့် ဟာကင်မ်ကျမ်းတို့တွင် တင်ပြထားသည်မှာ တမန်တော်မြတ် s သခင်သည် ဤအာယသ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးနောက် ကိုယ်တော်၏လက်မကို လက်သန်းထိပ်ပေါ်တင်ကာ အလ္လာဟ်အရှင်မြတ်၏အလင်းရောင် ဤမျှလောက် ပေါ်ထွက်ရုံမျှဖြင့် ဆိုင်းနိုင်းတောင်သည် အစိတ်စိတ်အမြွှာမြွှာ ကွဲသွားရသည်ဟု မိန့်ကြားခဲ့သည်။ ဤသည်က ဆိုင်းနိုင်းတောင်ကြီး တစ်ခုလုံး အစိတ်စိတ်အမြွှာမြွှာ ကြေမွပျက်စီးသွားသည်ဟု မဆိုလိုချေ။ သို့သော်လည်း အလင်းရောင်တော်နှင့် တိုက်ရိုက်ထိတွေ့သော တောင်၏အစိတ်အပိုင်းကိုသာ ထိခိုက်နိုင်ပေသည်။

## အလ္လာဟ်အရှင်မြတ်၏ စကား

အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာ a နှင့် တိုက်ရိုက်စကားပြောဆိုခဲ့သည်ဆိုခြင်းကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ရှင်းလင်းပြတ်သားစွာ အတည်ပြုထားသည်။ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာ a အား ပထမဦးဆုံးအကြိမ် စကားပြောဆိုသည်မှာ တမန်တော်အဖြစ် ခန့်အပ်စဉ်ကဖြစ်သည်။ တမန်တော်မူစာ a ကို သောင်ရာသ်ကျမ်းချပေးစဉ်က စကားပြောဆိုခြင်းဆိုသည်မှာ ဒုတိယအကြိမ်ဖြစ်သည်။ လက်ရှိအာယသ်ထဲတွင် စကားလုံးအထားအသိုက ဤနောက်ပိုင်း အလ္လာဟ်အရှင်မြတ်နှင့် စကားစမြည်ပြောဆိုခြင်းသည် ပထမအကြိမ် အလ္လာဟ်အရှင်မြတ်နှင့် စကားစမြည်ပြောဆိုခြင်းနှင့် ယှဉ်လျှင် ယခုစကားထဲ၌ အပို ဝိသေသလက္ခဏာအချို့ ပါဝင်ကြောင်း ရည်ညွှန်းသည်။

ဤစကားပြောဆိုမှု၏ သဘောသဘာဝနှင့် လက္ခဏာများ မည်သည်ဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ်မှ တစ်ပါး မည်သူတစ်ဦးတစ်ယောက်မှ အသေအချာ မပြောနိုင်ပါ။ ဤသည်နှင့်ပတ်သက်လျှင် ရှရီအသ်တွင် မည်သည့် ဥပဒေနှင့်မျှ မဆန့်ကျင်သော ယုတ္တိဗေဒဆိုင်ရာ ထင်မြင်မှန်းဆချက်များကိုသာလျှင် ခွင့်ပြုသည်။ ခိုင်လုံသော အချေအတင် ပြောဆိုမှုအချို့၏ ပံ့ပိုးမှုမရှိသော မည်သည့်အယူအဆကိုမျှ အသေအချာဟု လက်မခံနိုင်ချေ။ ဤသည် နှင့် ပတ်သက်သည့် အကောင်းဆုံးကျင့်ထုံးကား ဆွဟာဗဟ်ကြီးများ၊ ၎င်းတို့၏ နောက်လိုက်များနှင့် အကြီးအကဲများ၏ နောက်လိုက်များ လိုက်နာခဲ့သည်ကို လိုက်နာခြင်းဖြစ်ပေသည်။ ထိုသူတို့သည် ထိုကဲ့သို့သော ကိစ္စရပ်များကို ရှင်းလင်းရန် အခြေအမြစ်မရှိသော ယူဆချက်များဖြင့် မကြိုးစားကြဘဲ အလ္လာဟ်အရှင်မြတ်ကိုသာလျှင် ယုံပုံအပ်နှံကြပေသည်။ (ဘယာနုလ်ကုရ်အာန်ကျမ်း)

နောက်ဆုံးဝါကျမှာ سَأُورِيكُمْ دَارَ الْفَاسِقِينَ "မကြာမြင့်မီ ငါအရှင်မြတ်သည် အသင်တို့အား အမိန့်တော်မနာခံသော သူတို့၏နေရာဌာနကို ပြသတော်မူအံ့"(၇း၁၄၅) ဟု မိန့်ထားသည်။ ဤသည်မှာ အစ္စရေးလ်လူမျိုးများသည် အီဂျစ်နိုင်ငံ (သို့မဟုတ်) ဆီးရီးယားနိုင်ငံအား မကြာမီသိမ်းပိုက်နိုင်မည်ဟု အလ္လာဟ်အရှင်၏ ကတိပြုမှုမျိုး ဖြစ်လိမ့်

မည်။ ဤအာယသ်ထဲတွင် ဂုနာဟ်ပြစ်မှု ကျူးလွန်သူများ၏ နေရာဌာနဟု ရည်ညွှန်းထားသည်။ ဂုနာဟ်ပြစ်မှု ကျူးလွန်သူများ၏ နေရာဌာနကို ရည်ညွှန်းမှုနှင့်ပတ်သက်၍ အမြင်နှစ်မျိုးရှိသည်။ ပထမအမြင်မှာ အီဂျစ်နိုင်ငံကို ရည်ညွှန်း၍၊ ဒုတိယအမြင်မှာ ဆီးရီးယားနိုင်ငံကို ရည်ညွှန်းသည်။ အယူအဆကွဲလွဲရခြင်းမှာ စင်စစ် ဖိရ်အောင်နှဘုရင်နှင့် သူ့လူများအား ဖျက်ဆီးပြီးနောက် အစ္စရေးလ်လူမျိုးများ အီဂျစ်ပြည်ပြန်ရောက်သည်၊ မရောက်သည်ပေါ် အခြေခံသည်။ အကယ်၍ အာယသ်(၁၃၇)ထဲတွင် မိန့်ထားသကဲ့သို့ အလ္လာဟ်အရှင်မြတ်သည် အစ္စရေးလ်လူမျိုးများကို နယ်မြေအမွေ ဆက်ခံရစေကာ အီဂျစ်သို့ပြန်လာကာ နယ်မြေကိုအုပ်ချုပ်စေသည် ဆိုသည့်အတိုင်းဆိုလျှင် ဤအာယသ်တော်သည် ဆီးရီးယား နိုင်ငံကို ဂုနာဟ်ပြစ်မှုကျူးလွန် သူများ၏ နေရာဟုအတိအကျ ရည်ညွှန်းသည်။ ဤသို့ဖြစ်ရသည်မှာ ဤကိစ္စတွင် ဆိုင်းနိုင်းတောင်ပေါ်သို့ အလ္လာဟ်အရှင်မြတ်၏ ရောင်ခြည်တော်ပေါ်ထွက်စေခြင်း အဖြစ်အပျက် မဖြစ်ပေါ်မီ အလျင်က အစ္စရေးလ်လူမျိုးများ အီဂျစ်နိုင်ငံကို သိမ်းပိုက်ခဲ့ပြီးနောက် အီဂျစ်နိုင်ငံသို့ မသွားရောက်ခဲ့လျှင် ယင်းသည် အီဂျစ်နိုင်ငံနှင့် ဆီးရီးယားနိုင်ငံ နှစ်ခုစလုံးကို ရည်ညွှန်းနိုင်ပါသည်။

**وَ كَتَبْنَا لَهٗ فِی الْاَلْوَاحِ** "ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထို(တမန်တော်မူစာ)အား (သာသနာရေးတွင် မုချလိုအပ်သည်) အလုံးစုံသော ဆုံးမသြဝါဒများကိုလည်းကောင်း၊ (အမိန့်ပညတ်ချက်များနှင့်ပတ်သက်၍ အရာခပ်သိမ်းတို့၏ ရှင်းလင်းချက်များကိုလည်းကောင်း၊ ၎င်းကျောက်သင်ပုန်းများ[1] တွင် ရေးမှတ်၍ ပေးသနားတော်မူခဲ့လေသည်" (ဂုဒ၁၄၅) ဟူသောစကားစုက သောင်ရာသ်ကျမ်းကို ကျောက်သင်ပုန်းများပေါ်၌ ထွင်းကာ (သို့မဟုတ်) ရေးသားကာ တမန် တော်မူစာ [a] အားပေးခဲ့သည်ဟု ကျွန်ုပ်တို့အား နားလည်သဘောပေါက်စေပါသည်။

---

[1] **မှတ်ချက်** ဤကျောက်သင်ပုန်းများနှင့် ပတ်သက်၍ အခြားသောအယူအဆတစ်ခုမှာ ဤကျောက်သင်ပုန်းများအား တမန်တော်မူစာ [a] ကို သောင်ရာသ်ကျမ်း ချမပေးမီအလျင်က ပေးထားခဲ့ကာ ယင်းတို့သည် သောင်ရာသ်ကျမ်းပါ တစ်စိတ်တစ်ဒေသ မဟုတ်ချေ။ ဤသည်ကို ဤအာယသ်ပေါ် မှတ်ချက်ပေးရာ၌ အလ္လာဟ်မာရှဗ်ဗီးရ် အဟ်မဒ် အွတ်စ်မာနီက အထောက်အထားဖြင့် ရည်ညွှန်းခဲ့သည်။ သူသည် အီဗနိကဆီးရ်ကျမ်းမှ ဤအထောက်အထားပြသည်။ (မော်လာနာ သကီးအွစ္စမာနီ)

အာယသ် (၁၄၆-၁၅၁)

سَاَصۡرِفُ عَنۡ اٰيٰتِىَ الَّذِيۡنَ يَتَكَبَّرُوۡنَ فِى الۡاَرۡضِ بِغَيۡرِ الۡحَقِّ ؕ وَ اِنۡ يَّرَوۡا كُلَّ اٰيَةٍ
لَّا يُؤۡمِنُوۡا بِهَا ۚ وَ اِنۡ يَّرَوۡا سَبِيۡلَ الرُّشۡدِ لَا يَتَّخِذُوۡهُ سَبِيۡلًا ۚ وَ اِنۡ يَّرَوۡا سَبِيۡلَ
الۡغَىِّ يَتَّخِذُوۡهُ سَبِيۡلًا ؕ ذٰلِكَ بِاَنَّهُمۡ كَذَّبُوۡا بِاٰيٰتِنَا وَ كَانُوۡا عَنۡهَا غٰفِلِيۡنَ ﴿۱۴۶﴾
وَ الَّذِيۡنَ كَذَّبُوۡا بِاٰيٰتِنَا وَ لِقَآءِ الۡاٰخِرَةِ حَبِطَتۡ اَعۡمَالُهُمۡ ؕ هَلۡ يُجۡزَوۡنَ اِلَّا مَا
كَانُوۡا يَعۡمَلُوۡنَ ﴿۱۴۷﴾ وَ اتَّخَذَ قَوۡمُ مُوۡسٰى مِنۡۢ بَعۡدِهٖ مِنۡ حُلِيِّهِمۡ عِجۡلًا جَسَدًا لَّهٗ
خُوَارٌ ؕ اَلَمۡ يَرَوۡا اَنَّهٗ لَا يُكَلِّمُهُمۡ وَ لَا يَهۡدِيۡهِمۡ سَبِيۡلًا ۘ اِتَّخَذُوۡهُ وَ كَانُوۡا ظٰلِمِيۡنَ
﴿۱۴۸﴾ وَ لَمَّا سُقِطَ فِىۡۤ اَيۡدِيۡهِمۡ وَ رَاَوۡا اَنَّهُمۡ قَدۡ ضَلُّوۡا ۙ قَالُوۡا لَئِنۡ لَّمۡ يَرۡحَمۡنَا رَبُّنَا
وَ يَغۡفِرۡ لَنَا لَنَكُوۡنَنَّ مِنَ الۡخٰسِرِيۡنَ ﴿۱۴۹﴾ وَ لَمَّا رَجَعَ مُوۡسٰۤى اِلٰى قَوۡمِهٖ غَضۡبَانَ
اَسِفًا ۙ قَالَ بِئۡسَمَا خَلَفۡتُمُوۡنِىۡ مِنۡۢ بَعۡدِىۡ ۚ اَعَجِلۡتُمۡ اَمۡرَ رَبِّكُمۡ ۚ وَ اَلۡقَى الۡاَلۡوَاحَ
وَ اَخَذَ بِرَاۡسِ اَخِيۡهِ يَجُرُّهٗۤ اِلَيۡهِ ؕ قَالَ ابۡنَ اُمَّ اِنَّ الۡقَوۡمَ اسۡتَضۡعَفُوۡنِىۡ وَ كَادُوۡا
يَقۡتُلُوۡنَنِىۡ ۖ فَلَا تُشۡمِتۡ بِىَ الۡاَعۡدَآءَ وَ لَا تَجۡعَلۡنِىۡ مَعَ الۡقَوۡمِ الظّٰلِمِيۡنَ ﴿۱۵۰﴾ قَالَ
رَبِّ اغۡفِرۡ لِىۡ وَ لِاَخِىۡ وَ اَدۡخِلۡنَا فِىۡ رَحۡمَتِكَ ۖ وَ اَنۡتَ اَرۡحَمُ الرّٰحِمِيۡنَ ﴿۱۵۱﴾

ငါအရှင်မြတ်သည် ကမ္ဘာမြေ၌ မတရားသဖြင့် မာန်မာနထောင်လွှားနေသော သူတို့အား မိမိမှကျပါငြတော်များ(ကို နားလည်ခြင်း)မှ လှည့်၍ ထားတော်မူအံ့။ စင်စစ်သော်ကား ၎င်းတို့သည် သက်သေလက္ခဏာအလုံးစုံကို တွေ့မြင်ကြသည့်တိုင်အောင် ထိုသက်သေလက္ခဏာတို့ကို ယုံကြည်ကြမည်မဟုတ်ပေ။ ၎င်းပြင် ယင်းသူတို့သည် ဖြောင့်မတ်မှန်ကန်သော တရားလမ်းကို တွေ့မြင်ကြသော်လည်း ထိုလမ်းကို (မိမိတို့ သွားရာ) လမ်းအဖြစ် ပြုလုပ်ကြမည်မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့သည် အကယ်၍ မဖြောင့်မှန်ကွေ့ကောက်သောလမ်းကို တွေ့မြင်ကြပါမူ ထိုလမ်းကို (မိမိတို့သွားရာ) လမ်းအဖြစ် ပြုလုပ်ကြမည်။ ဤ(သို့လမ်းလွဲခြင်းမှာ)ကား ယင်းသူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသောကြောင့် လည်းကောင်း၊ သက်သေလက္ခဏာတော်များကို အလေးမမူ၊ ဂရုမစိုက် လျစ်လျူရှုခဲ့သောကြောင့် လည်းကောင်း ဖြစ်ချေသတည်း။ (၇ : ၁၄၆)

အမှန်သော်ကား အကြင်သူတို့သည် ငါအရှင်မြတ်၏ မုကျပါငြတော်များကို လည်းကောင်း၊ နောင်တမလွန်ဘဝနှင့် တွေ့ကြုံကြရမည်ကိုလည်းကောင်း၊ မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ ထိုသူတို့ ပြုမူသမျှတို့သည် အချည်းအနှီးပင် ဖြစ်သွားချေပြီ။ ၎င်းတို့သည် မိမိတို့ပြုကျင့်ကြသည်များကိုသာ အစားပေးခြင်းခံကြရမည်။ (၇ : ၁၄၇)

ထင်ပြင် (နဗီတမန်တော်) မူစာ၏အမျိုးသားများသည် ထို(နဗီတမန်တော်) မူစာ (သည် အလ္လာဟ်အရှင်မြတ် ချိန်းချက်တော်မူသည့်အတိုင်း သောင်ရာသ်ကျမ်းကိုယူရန် ထင်းတို့အားထား၍ ထွက်ခွာသွားပြီး) နောက်တွင် မိမိတို့၏ လက်ဝတ်လက်စားများဖြင့် နွားငယ်ကလေး ခန္ဓာကိုယ်သဏ္ဌာန်ကို ပြုလုပ်ကြလေသည်။ ထိုနွားငယ်၏ ခန္ဓာကိုယ် အတွင်း၌ အသံတစ်မျိုးရှိခဲ့၏။ ထိုနွားငယ်သည် ထင်းတို့နှင့် စကားလည်းမပြော၊ ထင်းတို့ အား မည်သည့် လမ်းကိုမျှလည်း မညွှန်ကြားနိုင်သည်ကို ထင်းတို့မသိကြလေသလော။ ထင်းတို့ သည် ယင်းနွားငယ်ကိုပင် (ကိုးကွယ်ရာ) ပြုလုပ်ခဲ့ကြလေသည်။ ထင်းပြင် ယင်းသူတို့ သည် (မိမိတို့ကိုယ်ကို မိမိတို့ပင်) မတရားနှိပ်စက် ညှဉ်းပန်းသူများ ဖြစ်သွားခဲ့ကြကုန် သတည်း။ (၇ : ၁၄၈)

ထို့ပြင် ထင်းတို့သည် ဝမ်းနည်းပက်လက်ဖြစ်၍ မိမိတို့သည် လမ်းမှားနေကြပြီ ဖြစ် ကြောင်း သိမြင်ကြသောအခါ (ဤသို့ ညည်းညူမြည်တမ်းပြောဆိုကြ ကုန်၏) "အကယ်၍ ငါတို့၏ အရှင်မြတ်သည် ငါတို့အား သနားကြင်နာတော်မမူခဲ့ပါလျှင်၊ (အပြစ်မှ) လွတ် ငြိမ်းချမ်းသာခွင့် ပေးတော်မမူခဲ့ပါလျှင် ဧကန်မလွဲ ငါတို့သည် ဆုံးရှုံးနစ်နာသူတို့တွင် အပါအဝင်ဖြစ်ကြရတော့မည်။ (၇ : ၁၄၉)

ထို့နောက် (နဗီတမန်တော်) မူစာသည် မိမိအမျိုးသားတို့ထံသို့ အမျက်ထွက်လျက် (ဝမ်းနည်းပူဆွေးစွာ) ပြန်လာခဲ့သောအခါ "အသင်တို့သည် ငါမရှိသည့်နောက် ငါ၏ ကွယ်ရာ၌ ပြုမူခဲ့ကြသည်မှာ အလွန်ဆိုးယုတ်လှပေတကား။ အသင်တို့သည် မိမိတို့အား မွေးမြူကြတော်မူသော အရှင်မြတ်၏ အမိန့်တော် (မရောက်မီ) အလျင်တဆော ပြုခဲ့ကြ လေသလော"ဟု ပြောကြားလေသည်။ ထင်ပြင်ထို (နဗီတမန်တော်) မူစာသည် သင်ပုန်း များကို (တစ်ဖက်တွင်)ချထားခဲ့လေသည်။ ထို့နောက် မိမိနောင်တော် (နဗီ တမန်တော် ဟာရွန်၏) ဦးခေါင်းကို ဆွဲကိုင်၍ ယင်းနောင်တော်ကို မိမိဘက်သို့ ဆွဲယူလေသည်။ (ထိုအခါ) နောင်တော် (နဗီတမန်တော်ဟာရွန်)က အို-ငါ၏မိခင်သား (ညီတော်မောင်) ဧကန်စင်စစ် အမျိုးသားတို့သည် ငါ့အား အားနည်းသောသူဟူ၍ ယူဆခဲ့ကြ လေသည်။ ထို့ပြင် ထင်းတို့သည် ငါ့အား သတ်အံ့ဆဲဆဲပင် ဖြစ်ခဲ့ကြသည်။ သို့ဖြစ်ပေရာ အသင်သည် ငါ့အပေါ်၌ ရန်သူများ ဝမ်းသာအားရဖြစ်အောင် မပြုပါလေနှင့်။ ထင်ပြင် အသင်သည် ငါ့အား မတရားကျူးလွန်သော သူတို့၏ဘောင်အတွင်းသို့ မသွင်းပါလေနှင့်ဟု ပြောကြား လေသတည်း။ (၇ : ၁၅၀)

(ထိုအခါ) ထို (နဗီတမန်တော်) မူစာသည် (အလ္လာဟ်အရှင်မြတ်ထံတော်၌ ဤသို့) လျှောက်ထားပန်ကြားလေသည်။ အို-ကျွန်တော်မျိုး၏အရှင်၊ အရှင်မြတ်သည် ကျွန် တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုး၏နောင်တော် (နဗီတမန်တော်ဟာရွန်) အား လည်းကောင်း၊ (အပြစ်မှ) လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။ ထင်ပြင် အရှင် မြတ်သည် ကျွန်တော်မျိုးတို့အား မိမိကရုဏာတော်အတွင်း သွင်းတော်မူပါ။ အမှန်

**စင်စစ်သော်ကား အရှင်မြတ်သည် သနားကြင်နာသူအပေါင်းတို့တွင် အကြင်နာဆုံးသော အရှင်ပင် ဖြစ်တော်မူပါသတည်း။ (၇ : ၁၅၁)**

## အကျယ်ဖွင့်ဆိုခြင်း

အာယသ်(၁၄၆)ထဲတွင် မာန်မာနထောင်လွှားသောသူတို့သည် မာန်မာနအား မတရားသဖြင့် ပြသခြင်းဟု မိန့်ထားသည်။ မှန်ကန်မှုလည်းမရှိ(သို့မဟုတ်) မတရားသဖြင့်ဟူသော စကားလုံးက မာန်မာနထောင်လွှားသောသူများအား တုံ့ပြန်သောအနေဖြင့် မောက်မာသောအနေအထားတွင် ရှိနေခြင်းသည် လျော်ကန်သောလုပ်ရပ်ဟု ရည်ညွှန်းပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းမောက်မာမှု လုပ်ရပ်သည် အမြင်အရသာ မောက်မာမှုဖြစ်ပြီး အမှန်တကယ် မမောက်မာပါ။ اَلتَّكَبُّرُ مَعَ الْمُتَكَبِّرِيْنَ تَوَاضُعٌ "မာန်မာနထောင်လွှားသူကို မောက်မာမှုပြသခြင်းသည် နှိမ့်ချမှုလုပ်ရပ်ပင် ဖြစ်ပါသည်" ဟူသည်မှာ ထင်ရှားသော ဆိုရိုးစကားပင်ဖြစ်ပါသည်။ (မဆာအီလီစုလုက်)

## မာန်မာနထောင်လွှားခြင်း၏ အကျိုးသက်ရောက်မှုများ

"ငါအရှင်မြတ်သည် ကမ္ဘာမြေ၌ မတရားသဖြင့် မာန်မာနထောင်လွှားနေသောသူတို့အား မိမိမုက္ခပါဠိတော်များ (ကိုနားလည်ခြင်း)မှ လှည့်၍ထားတော်မူအံ့" ဆိုသည့်အာယသ်က အခြားသူများအပေါ် အသာစီးယူကာ ရန်လိုသောသူတို့သည် အသိဉာဏ်နှင့် နားလည်သဘောပေါက်မှု ကင်းမဲ့သောသူများဟု ရည်ညွှန်းပါသည်။ ထိုသူများသည် အလ္လာဟ်အရှင်မြတ်၏ လက္ခဏာများမှ ၎င်းတို့အတွက် အကျိုးဖြစ်ထွန်းမှုများ ရယူနိုင်စွမ်းမရှိတော့ပါ။ "အလ္လာဟ်အရှင်မြတ်၏ လက္ခဏာတော်များ" ဆိုသည့်အသုံးအနှုန်းသည် ချပေးသနားပြီးဖြစ်သော "သောင်ရာသ်"အိဓ်န်ဂျိလ်ကျမ်းနှင့် ကုရ်အာန်ကျမ်းတော်မြတ်ပါ အာယသ်တော်များကို ရည်ညွှန်းနိုင်သကဲ့သို့ ကမ္ဘာမြေကြီးနှင့် စကြဝဠာများအတွင်းရှိ အရာခပ်သိမ်းတို့တွင် ရှိသောလက္ခဏာများကိုလည်း ရည်ညွှန်းနိုင်ပါသည်။ မမှန်ကန်သော အဓိပ္ပာယ်သက်ရောက်သည့် သာလွန်ခြင်းဆိုသည်မှာ လူသားအား အလ္လာဟ်အရှင်မြတ်၏ လက္ခဏာတော်များကို စေ့စပ်စွာ စဉ်းစားဆင်ခြင်မှု ကင်းဝေးစေခြင်းနှင့် အမှန်တရားမှ ကင်းကွာမှုဖြစ်စေသော အဆိုးဝါးဆုံးသော အလေ့အကျင့်ဖြစ်ပါသည်။

ရူဟုလ်ဗယာန်ကျမ်းတွင် ဖော်ပြထားသည်ကို ကျွန်ုပ်တို့တွေ့ရသည်မှာ မောက်မာထောင်လွှားခြင်း ဆိုသည့် ကောက်ကျစ်စဉ်းလဲသောအလေ့သည် အလ္လာဟ်အရှင်မြတ်ထံမှလာသော အသိပညာနှင့် လူသား၏ကြားတို့တွင် တံတိုင်းသဖွယ်ဖြစ်သွားပါသည်။ အလ္လာဟ်အရှင်မြတ်ထံမှ လာသောအသိပညာသည် အလ္လာဟ်အရှင်မြတ်၏ သနားတော်ကြောင့်သာဖြစ်သည်။ ၎င်းနောက် အလ္လာဟ်အရှင်မြတ်၏ သနားတော်သည် နှိမ့်ချရိုကျိုးသောသူများ အပေါ်၌သာ ကျရောက်ပါသည်။ နာမ်ပိုင်းဆိုင်ရာ ခေါင်းဆောင်ကြီး ရှိုက်ခ်ရှမီက ပြောသည်မှာ -

هر كجا پستى آب آنجا رود  هر كجا مشكل جواب آنجا رود

"ရေသည် ဆင်ခြေလျှောမှ နိမ့်ရာသို့ စီးဆင်းသည်။ အဖြေသည် အခက်အခဲမှ ရသည်။"

နောက်အာယသ်များသည် တမန်တော်မူစာ a နှင့်ပတ်သက်၍ ကျန်ရှိသော အစိတ်အပိုင်းများကို ဖော်ပြထားသည်။ မူစာ a သည် အလ္လာဟ်အရှင်မြတ်နှင့် တွေ့ဆုံရန်အတွက် ဆိုင်းနိုင်းတောင်ပေါ်သို့သွားရာ ရက်သုံးဆယ်၌ ပြန်ရောက်မလာဘဲ တောင်ပေါ်၌ဆယ်ည ပိုကြာသွားသောအခါ၌ သည်းခံနိုင်မှုမရှိဘဲ အဆောတလျင် လုပ်တတ်သော

အစွရာအီလ်အမျိုးသားတို့သည် ယင်းကိစ္စနှင့်ပတ်သက်၍ ရေးကြီးခွင်ကျယ် လုပ်ကြပါသည်။

ထိုသူတို့တွင် စာမရီဟု အမည်တွင်သော ထင်ရှားသည့်လူတစ်ဦးရှိခဲ့ကာ တစ်ချိန်တည်းမှာပင် ထိုသူသည် အတိတ်နိမိတ် အယူသီးမှုများကို ယုံကြည်ပါသည်။ သူက လူတို့အားပြောသည် ၎င်းတို့ ပိုင်ဆိုင်ခဲ့သော အီဂျစ်လူမျိုးများ၏ လက်ဝတ်ရတနာများသည် ၎င်းတို့သုံးစွဲပိုင်ခွင့် မရှိပါဟူ၍ပြောသည်။ ရန်သူများစစ်ရှုံးပြီးသည့်နောက် ၎င်းတို့ထံမှ သိမ်းယူခဲ့သော စစ်အောင်နိုင်ပစ္စည်းတို့သည်လည်း အစွရာအီလီအမျိုးသားတို့ သုံးစွဲခွင့်မရှိပါ။ အစွရာအီလီအမျိုးသားတို့သည် လက်ဝတ်ရတနာ အားလုံးကို စုစည်းကာ သူ့အား လွှဲပြောင်းခဲ့ပါသည်။ သူသည် လက်ဝတ်ရတနာများအား အရည်ကျိုကာ ရွှေအရောင်အဆင်းရှိ နွားငယ်ပုံသွန်းလောင်းခဲ့ပါသည်။ သူနှင့်ပတ်သက်၍ ထူးဆန်းသည့်ကိစ္စတစ်ရပ် တင်ပြထားသည်မှာ တစ်ချိန်တစ်ခါက ကောင်းကင်တမန်တော်ချုပ် ဂျိဗ်ရာအီလ် စီးနင်းသောမြင်း၏ခွာမှ မြေမှုန်အချို့ကို သူသိမ်းဆည်းထားခဲ့ပါသည်။ အလ္လာဟ်အရှင်မြတ်သည် ဤမြေမှုန်ကို အချို့သောအသက်ရှိနေစေသည့် အစွမ်းပေးထားပါသည်။ စာမရီသည် နွားရုပ်ပြုလုပ်ရန်အတွက် လက်ဝတ်ရတနာများ အရည်ကျိုနေစဉ်တွင် ဤမြေမှုန်ထည့်ကာ ရောမွှေခဲ့ပါသည်။ ဤသည်ကြောင့် နွားငယ်ရုပ်က နွားမတစ်ကောင် မြည်သောအသံကဲ့သို့ အသံထွက် စေပါသည်။

ဤရှိုင်တွာန်မိစ္ဆာ တီထွင်မှုကို ပြုလုပ်ပြီးသောအခါ၌ လူအများအားဖိတ်ခေါ်ကာ ဤနွားငယ်သည် ဘုရားတစ်ဆူဖြစ်သည်ဟု ပြောဆိုပြီး လူအများကို ကိုးကွယ်ခိုင်းသည်။ မူစာ [a] အလ္လာဟ်အရှင်မြတ်နှင့် စကားပြောရန် ဆိုင်းနိုင်းတောင်ပေါ် လိုက်သွားသောအခါ၌ ဘုရားသည်နွားငယ်အဖြစ်ဖြင့် ၎င်းတို့ထဲသို့ ရောက်လာပြီဟု ၎င်းက ပြောပါသည်။ စာမရီအား လူအများက ရိုသေလေးစားပြီးဖြစ်သောကြောင့် ဤတစ်မူထူးခြားသော သရုပ်ပြမှုက လူအများအား သူ့အပေါ် ယုံကြည်မှုပိုသွားခဲ့စေသောကြောင့် နွားငယ်အား ဘုရားအဖြစ်မှတ်ယူကာ ခဝပ်ကိုးကွယ်ခဲ့ကြပါသည်။ အာယသ်(၁၄၈)က ဤအဖြစ်အပျက်အား အတိုချုပ်ဖော်ပြထားသော်လည်း ကုရ်အာန်ကျမ်းတော်မြတ်အခြား အာယသ်တစ်ခုတွင် ယင်းကို အသေးစိတ်ဖော်ပြထားပါသည်။

အာယသ် (၁၄၉) ထဲတွင် ဤပြစ်မှုကြောင့် သူတို့ဝမ်းနည်းပူဆွေးရကြောင်းနှင့် သူတို့၏ ဝန်ချတောင်းပန်မှုကို ဖော်ပြထားသည်။ အာယသ်(၁၅၀)တွင် ဆိုင်းနိုင်းတောင်မှ တမန်တော်မူစာ [a] ပြန်လည်ရောက်ရှိခဲ့ပြီးနောက် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများ ဖော်ပြထားသည်။ ယင်းအာယသ်တော်ထဲတွင် သူ၏လူများ ဤကဲ့သို့ မသိ နားမလည်မှု အခြေအနေများတွင် မြင်တွေ့ရသောအခါ တမန်တော်မူစာ [a] သည် အလွန်ဒေါသထွက်သည်ဟု ဖော်ပြထားခဲ့သည်။ တမန်တော်မူစာ [a] အား ၎င်း၏လူများ ဖောက်လွဲဖောက်ပြန်မှုကို ဆိုင်းနိုင်းတောင်ပေါ်မှာပင် အလ္လာဟ်အရှင်မြတ်က အသိပေးခဲ့သည်ဟု ဖော်ပြထားသည်။ ထိုသူများ ဤအခြေအနေတွင် ရောက်ရှိနေမှုကို သူကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့ရှိရသောအခါ၌ သူသည် စက်ဆုပ်ရွံရှာစွာဖြင့် အမျက်ထွက်ခဲ့ရပါသည်။ ဦးစွာအနေဖြင့် မူစာ [a] သည် သူ့လူများဘက်သို့လှည့်ကာ "بِئْسَمَا خَلَفْتُمُونِي مِنْ بَعْدِي" အသင်တို့သည် ငါမရှိသည့်နောက် ငါ၏ကွယ်ရာ၌ ပြုမူခဲ့ကြသည်မှာ အလွန်ဆိုးယုတ်လှပေတကား" "أَعَجِلْتُمْ أَمْرَ رَبِّكُمْ" အသင်တို့သည် မိမိတို့အား မွေးမြူတော်မူသော အရှင်မြတ်၏အမိန့်တော် (မရောက်မီ) အလျင်တဆော ပြုခဲ့ကြလေသလော"(၇း၁၅၀)ဟု ပြောခဲ့လေသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော် သင်တို့ထံ ရောက်သည့်တိုင် အသင်တို့စောင့်စားရမည်။ အချို့သောဋီကာရှင်များက တမန်တော်မူစာ [a] သည် ကွယ်လွန်သေဆုံးသွားပြီဟု ၎င်းတို့ အဆောတလျင် ဆုံးဖြတ်ခဲ့ကြကြောင်း ယင်းက ဆိုလိုသည်ဟု ပြောကြသည်။ သူ့လူများအတွက် သူ့လက်အောက်အဖြစ် ခန့်ထားခဲ့သော တမန်တော်ဟာရွန် [a]

ဘက်သို့ တမန်တော်မူစာ a က လှည့်ခဲ့သည်။ တမန်တော်ဟာရွန် a ကို ဆွဲငင်ရန် တမန်တော်မူစာ a က ၎င်း၏ လက်ကို လွတ်လွတ်လပ်လပ် ဖြစ်စေချင်သည်။ တမန်တော် မူစာ a သည် ကျောက်သင်ပုန်းများကို အောက်သို့ အလျင်အမြန်ချ၍ နောင်တော်၏ခေါင်းကို ဆွဲလိုက်သည်။ ဤသည်ကို ပစ်ချလိုက်သည်ဟု ခေါ်ဝေါ်သည်။ ဤနေရာ၌ သုံးစွဲထားသော အာရဗီစကားလုံးမှာ **القاء** 'အိလ်ကာ'ဖြစ်ကာ ပစ်ချခြင်း (သို့မဟုတ်) လွှင့်ပစ်ခြင်းဟု အဓိပ္ပာယ် ရောက်သည်။ သောင်ရာသ် ကျမ်းရေးထားသော ကျောက်သင်ပုန်းများ အောက်သို့လွှင့်ပစ်ခြင်း (သို့မဟုတ်) ပစ်ချ လိုက်ခြင်းဆိုသည်က တမန်တော်မူစာ a သည် ယင်းကျမ်းစာရေးထားသော ကျောက်သင်ပုန်းများကို မရှိမသေ မလေးမစားလုပ်ရာကျသည် ဟူသော သံသယ တစ်ခုဖြစ်စေပါသည်။ သောင်ရာသ်ကျမ်းစာများ ရေးသားထားသည့် ကျောက်သင်ပုန်းများအား လွှင့်ပစ်ခြင်းဆိုသည်မှာ ကြီးမားသောပြစ်မှု ဂုနာဟ်ဖြစ်သည်ဆိုသည်ကား ထင်ရှားသည်။ ၎င်းနောက် အလားတူ ထင်ရှားသည်မှာ တမန်တော်များ အားလုံးသည် အပြစ်မဲ့ကာ ဂုနာဟ်ပြစ်မှုများမှ ကင်းစင် ကြပါသည်။ ထို့ကြောင့် အာယသ်တော်၏ ဆိုလိုရင်းမှာ ၎င်း၏လက်များ အလျင်အမြန် လွတ်လပ်သွားစေရန် ကျောက် သင်ပုန်းများကို ထားလိုက်ခြင်းသည် ပစ်ချသကဲ့သို့ ဖြစ်သွားပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်က ယင်းလုပ်ရပ်ကို ဖော်ပြရန် ဤစကားလုံး သုံးနှုန်းခြင်းသည် သတိပေးသည့် ဟန်တစ်ရပ်ဖြစ်သည်။ (ဗယာနလ်ကုရ်အာန်)

ယင်းနောက် တမန်တော်မူစာ a သခင်သည် တမန်တော်ဟာရွန် ဘက်လှည့်၍ ၎င်း၏ခေါင်းမှ ဆံပင်များကို ဆုပ်ကိုင်လိုက်သည်။ တမန်တော်ဟာရွန် a သည် အဖြစ်အပျက်အားလုံး၏ ဖြစ်ရပ်မှန်များကို ၎င်းအားပြောပြခဲ့ပြီး ယင်းသို့ဖြစ်ရသည်မှာ သူ၏အပြစ်မဟုတ်ကြောင်း ပြောခဲ့သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်ဟာရွန် a သည် ထိုသူများကို ဤယုတ်မာရိုင်းစိုင်းသောလုပ်ရပ်မှ ရပ်တန့်ရန် စေခိုင်းသော်လည်း ၎င်းတို့က နားမထောင်ကြဟု ပြော ကြားခဲ့သည်။ ထိုသူတို့သည် မည်မျှ ခေါင်းမာသနည်းဆိုလျှင် တမန်တော်ဟာရွန် a ကို သတ်အံ့ဆဲဆဲထိပင်ဖြစ်သည်။ တမန်တော်ဟာရွန် a က မိုက်မဲသူများထဲတွင် သူ့ကိုမထည့်သွင်းရန်နှင့် သူ့ရန်သူများက သူ့ကိုလှောင်ပြောင်စေမည့် ဤသို့သော ဆက်ဆံမျိုးဖြင့် မဆက်ဆံရန် ပြောကြားခဲ့သည်။ ဤသို့ပြောကြားမှုကြောင့် တမန်တော်မူစာ a သခင် ဒေါသပြေပျောက်ခဲ့ရသည်။ ထိုအချိန်တွင် တမန်တော်မူစာ a က အလ္လာဟ်အရှင်မြတ်ထံ - **رَبِّ اغْفِرْ لِيْ وَ لِاَخِيْ وَ اَدْخِلْنَا فِيْ رَحْمَتِكَ ۖ وَ اَنْتَ اَرْحَمُ الرّٰحِمِيْنَ** "အို ကျွန်တော်မျိုး၏အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား လည်းကောင်း၊ ကျွန်တော်မျိုး၏ နောင်တော် (နဗီတမန်တော်ဟာရွန်) အားလည်းကောင်း၊ (အပြစ်မှ) လွတ်ငြိမ်းချမ်းသာခွင့် ပေးသနား တော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား မိမိကရုဏာတော်အတွင်း သွတ်သွင်းတော်မူပါ။ အမှန် စင်စစ်သော်ကား အရှင်မြတ်သည် သနားကြင်နာသူအပေါင်းတို့တွင် အကြင်နာဆုံးသော အရှင်မြတ်ပင်ဖြစ်တော်မူပါ သတည်း" (၇း၁၅၁)ဟု ဆုဒုအာတောင်းခဲ့သည်။ တမန်တော်မူစာ a က တမန်တော်ဟာရွန်နှင့် ပတ်သက်၍ တာဝန် ဝတ္တရားများ ချို့တဲ့ခဲ့လျှင် သူနောင်တော်ကို ခွင့်လွှတ်ပါရန် ဝန်ချတောင်းပန်ခဲ့ပါသည်။ တမန်တော်မူစာ a က ၎င်း အတွက် ခွင့်လွှတ်ပါရန် ဝန်ချတောင်းပန်သည်မှာ ကုရ်အာန်ကျမ်းတော်မြတ်က ပစ်ချခဲ့ခြင်းအဖြစ် သတိပေးဟန် အနေဖြင့်ဖော်ပြသည့်သောင်ရာသ်ကျမ်းများပါရှိသော ကျောက်သင်ပုန်းအလျင်အမြန် သိမ်းဆည်းခြင်းအတွက်ဖြစ်လျှင် ဖြစ်မည် (သို့မဟုတ်လျှင်) အခြားသူများထံမှ ခွင့်လွှတ်ရန် တောင်းခံခဲ့လျှင် အတောင်းခံရသူဘက်မှ ရောင့်ရဲကျေနပ်မှု ပါဝင်စေရန်ဟူသည့်သဘော လူများအား သင်ကြားပြသရန်ဖြစ်သည်။

အာယသ် (၁၅၂-၁၅၆)

اِنَّ الَّذِيْنَ اتَّخَذُوا الْعِجْلَ سَيَنَالُهُمْ غَضَبٌ مِّنْ رَّبِّهِمْ وَ ذِلَّةٌ فِي الْحَيٰوةِ الدُّنْيَا ؕ
وَ كَذٰلِكَ نَجْزِي الْمُفْتَرِيْنَ ﴿۱۵۲﴾ وَ الَّذِيْنَ عَمِلُوا السَّيِّاٰتِ ثُمَّ تَابُوْا مِنْۢ بَعْدِهَا
وَ اٰمَنُوْۤا ۖ اِنَّ رَبَّكَ مِنْۢ بَعْدِهَا لَغَفُوْرٌ رَّحِيْمٌ ﴿۱۵۳﴾ وَ لَمَّا سَكَتَ عَنْ مُّوْسَى
الْغَضَبُ اَخَذَ الْاَلْوَاحَ ۖۚ وَ فِيْ نُسْخَتِهَا هُدًى وَّ رَحْمَةٌ لِّلَّذِيْنَ هُمْ لِرَبِّهِمْ يَرْهَبُوْنَ
﴿۱۵۴﴾ وَ اخْتَارَ مُوْسٰى قَوْمَهٗ سَبْعِيْنَ رَجُلًا لِّمِيْقَاتِنَا ۚ فَلَمَّاۤ اَخَذَتْهُمُ الرَّجْفَةُ
قَالَ رَبِّ لَوْ شِئْتَ اَهْلَكْتَهُمْ مِّنْ قَبْلُ وَ اِيَّايَ ؕ اَتُهْلِكُنَا بِمَا فَعَلَ السُّفَهَآءُ مِنَّا
ۚ اِنْ هِيَ اِلَّا فِتْنَتُكَ ؕ تُضِلُّ بِهَا مَنْ تَشَآءُ وَ تَهْدِيْ مَنْ تَشَآءُ ؕ اَنْتَ وَلِيُّنَا فَاغْفِرْ
لَنَا وَ ارْحَمْنَا وَ اَنْتَ خَيْرُ الْغٰفِرِيْنَ ﴿۱۵۵﴾ وَ اكْتُبْ لَنَا فِيْ هٰذِهِ الدُّنْيَا حَسَنَةً وَّ
فِي الْاٰخِرَةِ اِنَّا هُدْنَاۤ اِلَيْكَ ؕ قَالَ عَذَابِيْۤ اُصِيْبُ بِهٖ مَنْ اَشَآءُ ۚ وَ رَحْمَتِيْ وَسِعَتْ
كُلَّ شَيْءٍ ؕ فَسَاَكْتُبُهَا لِلَّذِيْنَ يَتَّقُوْنَ وَ يُؤْتُوْنَ الزَّكٰوةَ وَ الَّذِيْنَ هُمْ بِاٰيٰتِنَا
يُؤْمِنُوْنَ ﴿۱۵۶﴾ ۚ

ကေန်စင်စစ် နွားငယ်(ဆင်းတု)ကို (မိမိတို့ကိုးကွယ်ရာ) ပြုလုပ်ကြသောသူတို့ အပေါ်၌ ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ မကြာမြင့်မီ ဤလောကဘဝပင် အမျက်ဒေါသသည်လည်းကောင်း၊ ဂုဏ်သရေနိမ့်ကျခြင်းသည် လည်းကောင်း သက်ရောက်မည်။ စင်စစ်သော်ကား ငါ့အရှင်မြတ်သည် ကြဲဖန်စွပ်စွဲသူတို့အား ဤနည်းအတိုင်းပင် အပြစ် ပေးတော်မူသည်။ (၇ : ၁၅၂)

သို့ရာတွင် အကြင်သူတို့သည် မကောင်းမှုဒုစရိုက်များကို ပြုလုပ်မိခဲ့ကြကုန်၏။ ၎င်းနောက်ထိုသူတို့သည် ထိုသို့မကောင်းမှုများ (ပြုလုပ်ပြီး)နောက် ဝန်ချတောင်းပန်ကြကုန်၏။ (သို့ဖြစ်လျှင်) ကေန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ထို(သို့ ဝန်ချတောင်းပန်၍ ယုံကြည်ခြင်း သဒ္ဓါတရားထားရှိကြပြီး) နောက် (၎င်းတို့အား) မုချ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူမည့် အရှင်၊ သနားကြင်နာ ညှာတာ တော်မူမည့်အရှင် ဖြစ်တော်မူပေသတည်း။ (၇ : ၁၅၃)

ထို့နောက် (နဗီတမန်တော်) မူစာ၏ ဒေါသပြေငြိမ်းသွားသောအခါ (ထို တမန်တော် မူစာသည်) သင်ပုန်းများကို ကောက်ယူလေသည်။ အမှန်သော်ကား (ထိုရေးသား၍ ထားသော သင်ပုန်းများတွင်) မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ကြောက်ရွံ့ကြကုန်သော သူတို့အဖို့ တရားမမျှတ်ကြားချက်သည် လည်းကောင်း၊ ကရုဏာတရားသည်လည်းကောင်း ပါရှိခဲ့လေသတည်း။ (၇ : ၁၅၄)

ထို့နောက် (နဗီတမန်တော်) မူစာသည် မိမိအမျိုးသားတို့အနက်မှ ယောကျ်ား ခုနစ်ဆယ်ကို ငါအရှင်မြတ် ချိန်းချက်သတ်မှတ်တော်မူသော အချိန်(တွင် မိမိနှင့်အတူ ခေါ်ဆောင်ခဲ့ရန်) အလို့ငှာ ရွေးချယ်ခဲ့လေသည်။ ထို့နောက် ၎င်းတို့သည် မြေလျင်ဘေးသင့်၍ ပျက်စီးသွားသောအခါ (ထို နဗီတမန်တော်)မူစာက (ဤသို့) လျှောက်ထားခဲ့လေသည်။ "အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ် (ဤအတိုင်းသာ) အလိုရှိတော်မူခဲ့ပါမူ ထိုသူတို့အားလည်းကောင်း၊ ကျွန်တော်မျိုးအားလည်းကောင်း ယခင်မူလကပင် ပျက်စီးစေတော်မူပြီး ဖြစ်အံ့။ အရှင်မြတ်သည် ကျွန်တော် မျိုးတို့အား ကျွန်တော်မျိုးတို့အနက်မှ အသိတရားကင်းမဲ့သော အချို့လူဟာလတို့၏ ပြုမူချက်ကြောင့် သေကြေပျက်စီးစေတော် မူပါမည်လော။ ဤသည်ကား အရှင်မြတ်၏ စမ်းသပ်မှုတစ်ရပ်သာလျှင် ဖြစ်ပါသည်။ ထိုစမ်းသပ်မှုဖြင့် အရှင်မြတ်သည် မိမိအလိုရှိသူအား လမ်းမှားစေတော်မူ၏။ ထိုနည်းတူစွာ အရှင်မြတ်သည် (ထိုစမ်းသပ်မှု)ဖြင့် မိမိအလိုရှိသူအား လမ်းမှန်သို့ ရောက်စေတော်မူ၏။ အရှင်မြတ်သည်ပင်လျှင် ကျွန်တော်မျိုးတို့၏ကိစ္စ (အဝဝတို့) ကို (ပြီးစီးအောင်) ဆောင်ရွက်ပေးတော်မူသော အရှင်ဖြစ်တော်မူသည်။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား (အပြစ်မှ) လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် အကောင်းဆုံး လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အရှင်မြတ်ပင်တည်း။ (၇ : ၁၅၅)

ထိုမှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးတို့အဖို့ ဤလောကဌ်လည်းကောင်း၊ နောင်တမလွန်ဘဝဌ်လည်းကောင်း ကောင်းကျိုးချမ်းသာကို သတ်မှတ်ပြဋ္ဌာန်း၍ ပေးတော် မူပါ။ ကျွန်တော်မျိုးတို့သည် ဇကာနစ်စစ် အရှင်မြတ်ဘက်တော်သို့သာလျှင် ပြန်၍လှည့်ခဲ့ကြလေပြီ။ (ထိုအခါ) အရှင်မြတ်က (ဤသို့) မိန့်ကြားတော်မူခဲ့လေသည်။ ငါအရှင်မြတ်သည် မိမိပြစ်ဒဏ်ကို မိမိအလိုရှိတော်မူသောသူ၏ အပေါ်၌သာလျှင် သက်ရောက်စေတော်မူ၏။ သို့ရာတွင် ငါအရှင်မြတ်၏ ကရုဏာတော်သည်ကား အရာခပ်သိမ်းတို့ကို လွှမ်းခြုံလျက်ရှိပြီ။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ထိုကရုဏာတော်ကို ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြသည့်အပြင် ဇကားသ် ခေါ် တရားဝင်ဒါနကြေးကို ပေးဆောင်သော သူတို့အဖို့လည်းကောင်း၊ ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်တို့ကို ယုံကြည်သောသူတို့အဖို့လည်းကောင်း မုချ သတ်မှတ်ပြဋ္ဌာန်းတော်မူအံ့။ (၇ : ၁၅၆)

ပထမအာယသ်(၁၅၂)ထဲတွင် နွားငယ်ရုပ်တုကား ကိုးကွယ်စရာဟု မှတ်ယူ၍ ယင်းလုပ်ငန်းတွင် စွဲစွဲမြဲမြဲလုပ်ကိုင်နေသူများအား နောင်တမလွန်၌ ၎င်းတို့၏ဝမ်းနည်းဖွယ် ကံကြမ္မာနှင့် ဤကမ္ဘာလောကတွင် ဂုဏ်သရေမဲ့သည့် ဘဝအကြောင်းနှင့် ပတ်သက်၍ သတိပေးထားသည်။

## လောကီဘဝသည်လည်း ပြစ်မှုဒုစရိုက်လုပ်ရပ်များကြောင့် ထိခိုက်စေသည်

ပြစ်မှုဂုနာဟ်အချို့၏ ပြစ်ဒဏ်ခတ်ခြင်း တစ်စိတ်တစ်ဒေသကို ဤဘဝတွင်လည်း ပေးခံရသည်။ ထိုသို့ပင် စာမေရီအပေါ်၌ ဖြစ်ခဲ့သည်။ တမန်တော်မူစာ a သည် ထိုသူ့ကို သူက တမန်တော်မူစာ a ၏ လူများကိုလည်းကောင်း၊ တမန်တော်မူစာ a ၏ လူများကလည်း ထိုသူ့ကိုလည်းကောင်း လက်များနှင့် မထိအောင် ကင်းကင်းရှင်းရှင်းနေရန် အမိန့်ပေးခဲ့သည်။ အကျိုးဆက်အားဖြင့် စာမေရီ၏ ကျန်ရှိဘဝသက်တမ်းသည် အထီးကျန်ဖြစ်ကာ အပယ်ခံဘဝဖြင့် တိရစ္ဆာန်များနှင့် လျှောက်သွားနေရသည်။ မည်သည့်လူသားမျှ သူ့အနား မကပ်ကြတော့ချေ။

ဆွဟာဗဟ်သာဝကကြီး ကသာဒဟ် a ၏ ခိုင်လုံချက်အရ အလ်ကုရ်တွျဗီက တင်ပြထားခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်က စာမေရီအား ပြစ်ဒဏ်ခတ်မှုသည် မည်သည့်အခါမဆို သူကအခြားသူတစ်ဦးကို လည်းကောင်း၊ အခြားသူက သူ့ကိုလည်းကောင်း တို့ထိမိမည်ဆိုလျှင် နှစ်ဦးစလုံး ဖျားနာရောဂါဖြစ်သွားခဲ့ကြသည်။ ရှုဟုလ်ဗယာန်ကျမ်းရှင်က လေ့လာခဲ့သည်မှာ ဤရောဂါ၏ သွင်ပြင်လက္ခဏာများသည် ထိတွေ့သူတိုင်း၏ မျိုးရိုးစဉ်ဆက်တိုင် အမွေဆက်ခံကြရသည်။ ဤအာယသ်တော်က وَ كَذٰلِكَ نَجْزِي الْمُفْتَرِيْنَ "စင်စစ်သော်ကား ငါအရှင်မြတ်သည် ကြံဖန်စွပ်စွဲသူတို့အား ဤနည်း အတိုင်းပင် အပြစ်ပေးတော်မူသည်" ဟူသော ဤဝါကျဖြင့် အဆုံးသတ်ထားသည်။ ရှိုက်ခ် စွဖ်ယာန်အိပ်နိ အုယိုင်နာက ရှရီအသ်တရားတော်တွင် အသစ်အဆန်းတီထွင် (ဗိဒအသ်) လုပ်သူများသည်လည်း ကြံဖန်စွပ်စွဲသည့် ပြစ်မှုဂုနာဟ် ကျူးလွန်ကြသောကြောင့် ထိုသို့သော ပြစ်ဒဏ်ခတ်မှုနှင့် ထိုက်တန်သည်။ (မဇ်ဟရီ)

အီမာမ်မာလိက်ကလည်း ဤအာယသ်တော်မှ သုံးသပ်သည်မှာ ရှရီအသ်တရားတော်၏ ကျင့်သုံးမှု အသစ်တီထွင်သူများသည်လည်း အာခီရသ်တွင် အလ္လာဟ်၏ အမျက်တော်ရှု၍ ဤဘဝတွင် ဂုဏ်အသရေ ယုတ်ခြင်းဟူသည့် တူသော ပြစ်ဒဏ်ခတ်ခံရမှုနှင့် ထိုက်တန်သည်။(ကုရ်တွျဗီ)

အာယသ်(၁၅၃)ထဲတွင် ၎င်းတို့ တမန်တော်၏ ပြစ်တင်ဆုံးမမှုနောက်တွင် အလ္လာဟ်အရှင်မြတ်ထံ ၎င်းတို့အား ခွင့်လွှတ်ပါရန် တောင်းခံသူများသည် ၎င်းတို့၏ ခွင့်လွှတ်ခံရမှုအတွက် တစ်ဦးကိုတစ်ဦး သတ်ဖြတ်ခြင်းဟူသည့် ကြောက်မက်ဖွယ်ရာ အခြေအနေကို ဖြည့်ဆည်းခဲ့သည်။ ထိုသူတို့ အလ္လာဟ်အရှင်မြတ်၏ ခွင့်လွှတ်မှုရရန်အတွက် အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်ပါ ပြဋ္ဌာန်းချက်အရ တစ်ဦးကိုတစ်ဦး သတ်ဖြတ်ခဲ့ကြသည်။ တမန်တော်မူစာ a သည် ထိုသူများကိုခေါ်၍ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ ဝန်ချတောင်းပန်မှုကို လက်ခံခဲ့ပြီဟု အကြောင်းကြားခဲ့သည်။ ဤသတ်ဖြတ်မှုတွင် သေဆုံးသွားသူများကို အာဇာနည်ရှဟီဒ် ဆုအပ်နှင်းကာ အသက်ရှင်ကျန်ရစ်သူများကိုမူ အလ္လာဟ် အရှင်က ဝန်ချတောင်းပန်မှုကို လက်ခံခဲ့သည်။ ဤသည်က ရည်ညွှန်းသည်မှာ ဂုနာဟ်ပြစ်မှုလုပ်ရပ်များတွင် ပါဝင်ပတ်သက်ခဲ့သောသူများသည် အကယ်၍ ၎င်းတို့၏ယုံကြည်မှုကို ပြင်ဆင်၍ အလ္လာဟ်အရှင်မြတ်ထံ ဝန်ချတောင်းပန်ခဲ့လျှင် ပြစ်မှုသည် မည်မျှကြီးမားသည်ဖြစ်စေ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ အသနားကရုဏာတော်ဖြင့် ထိုသူများအား လွတ်ငြိမ်းချမ်းသာခွင့် ပေးပါသည်။ ထို့ကြောင့် ပြစ်မှုဂုနာဟ်တိုင်း ကျူးလွန်ပြီးသည်နှင့် တစ်ပြိုင်နက် အလ္လာဟ်အရှင်မြတ်ထံ ဝန်ချတောင်းပန်ခြင်းသည် အသိဉာဏ်ကြွယ်သော လုပ်ရပ်ပင်ဖြစ်သည်။

အာယသ်(၁၅၄)ထဲတွင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သူများအတွက် လမ်းညွှန်မှုနှင့် ကောင်းချီးမင်္ဂလာများပါသော သောင်ရာသ်ကျမ်းရေးသားထားသည့် ကျောက်သင်ပုန်းများကို တမန်တော်မူစာ a သခင်က မယူလိုက်သည်ဟု ဖော်ပြထားသည်။ ပါဝင်သည့်အကြောင်းအရာများဟု ဘာသာပြန်ထားသည့် အရဗီ စကားလုံး

نُسْخَة သည် ကျမ်းစာအုပ်မှလည်းကောင်း၊ အခြားရေးသားထားသည်မှ လည်းကောင်း ကူးယူထားသည့် ရေးသားချက်များဟု ဖော်ပြထားသည်။ အချို့တင်ပြချက်များထဲ၌ တမန်တော်မူစာ a သည် ကျောက်သင်ပုန်းများကို အလျင်အမြန် ဖယ်ရှား လိုက်သောအခါတွင် ကွဲသွားခဲ့ကြောင်း ကျွန်ုပ်တို့ကို အသိပေးထားသည်။ ဤအကြိမ်တွင် အလ္လာဟ်အရှင်မြတ်သည် အခြားအရာအချို့တွင်ရေးမှတ်ထားသော သောင်ရာသိကျမ်းကို ပေးအပ်ခဲ့သည်။

## လူပေါင်းခုနစ်ဆယ်နှင့် သူတို့၏ သေဆုံးမှု

အာယသ်(၁၅၅)သည် သမားရိုးကျမဟုတ်သည့် အဖြစ်အပျက်တစ်ရပ်ကို ဖော်ပြထားသည်။ တမန်တော်မူစာ a သခင်သည် သောင်ရာသိကျမ်းကို ယူဆောင်လာခဲ့ပြီး ယင်းကျမ်းတော်အတိုင်း လိုက်နာကျင့်သုံးရန် ၎င်း၏လူများကို အမိန့်ပေးခဲ့သည်။ ကောက်ကျစ်ပြီးဟန်ဆောင်သော ထိုသူများက ယင်းကျမ်းသည် အလ္လာဟ်အရှင်မြတ်၏ မုကွပါဠိတော်ဖြစ်ကြောင်း ၎င်းတို့ကမသေချာ ယင်းကျမ်းသည် တမန်တော်မူစာ a ကိုယ်တိုင် ရေးသားထားကောင်း ရေးသားနိုင်သည်ဟု ပြောဆိုခဲ့ကြသည်။ ထိုသူများသည် ဤကိစ္စ သေချာစေရန်အတွက် တမန်တော်မူစာ a သည် အလ္လာဟ်အရှင်မြတ်ထံ ဆုဒုအာတောင်းဆိုခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာ a သခင်ကို မိန့်တော်မူသည်မှာ သူလူများအနက် လူ(၇၀)ရွေးချယ်ပြီး ဆိုင်းနိုင်းတောင်ပေါ်သို့ခေါ်လာရမည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ မုကွပါဠိတော်ကို ကြားစေရမည်ဟု ကတိတော်ပြုခဲ့သည်။ ကတိတော်အတိုင်းလည်း လုပ်ဆောင်ခဲ့သည်။ သို့ရာတွင် ထိုသူများသည် အလ္လာဟ်အရှင်မြတ်၏ အသံတော်ကြားသိပြီးနောက် ယင်းအသံသည် အလ္လာဟ်အရှင်မြတ် အသံဖြစ်ကြောင်း ၎င်းတို့ မသေချာပါ။ "ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင်မြင်တွေ့ရပါမှ အလ္လာဟ်အရှင်မြတ်ကို ယုံကြည်ပါလိမ့်မည်ဟု" ပြောကြားပါသည်။ ဤတောင်းဆိုမှုသည် မသိနားမလည်မှုနှင့် ခေါင်းမာမှုပေါ် အခြေခံထား၍ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ အမျက်တော်ရှမှု တောင်းခံပြီးဖြစ်သွားသည်။ ထိုသူတို့သည် အောက်မှမြေငလျင်လှုပ်ခြင်းနှင့် အထက်မှမိုးကြိုးပစ်ခြင်းခံကြရသည်။ ၎င်းတို့သည် တစ်မုဟုတ်ချင်း သေသွားသကဲ့သို့ သတိမေ့မျောကာ မြေကြီးပေါ်လဲကျသွားသည်။

စူရဟ်အလ်ဘကရာဟ်ထဲ၌ ဤအဖြစ်အပျက် ဖော်ပြရာတွင် မိုးကြိုးဟုသရုပ်ဖော်ထားသည်။ صَاعِقَة ကို သုံးနှုန်းထားသကဲ့သို့ ဤအာယသ်တော်ထဲတွင်မူ မြေငလျင်ဟု သရုပ်ဖော်ထားသည် رجفة ဟူသော စကားလုံးသုံးနှုန်းထားသည်။ စကားလုံးနှစ်ခုပေါင်းစည်းကာ ထိုသူများအား မိုးကြိုးနှင့်မြေငလျင် နှစ်ခုစလုံး နှင့် ပြစ်ဒဏ်ခတ်ခဲ့သည်ဟု မှတ်ယူနိုင်သည်။ အတိုချုပ်မှာ ထိုသူများသည် သေဆုံးသွားသကဲ့သို့ဖြစ်သည်။ (သို့မဟုတ်) ၎င်းတို့အမှန်တကယ်သေဆုံးသည်လည်း ဖြစ်နိုင်သည်။ တမန်တော်မူစာ a သည် ဤဖြစ်ရပ်ကြောင့် အလွန်အလွန် စိတ်ထိခိုက်သွားခဲ့သည်။ ပထမအနေဖြင့် ဤသူများအားလုံးသည် အစ္စရေးလ်လူမျိုးများ၏ ထင်ရှားသောပုဂ္ဂိုလ်များ ဖြစ်ကြခြင်းကြောင့် လည်းကောင်း၊ ဒုတိယအနေဖြင့် တမန်တော်မူစာ a ပြန်သွားလျှင် ၎င်း၏လူများကို မည်သို့ရင်ဆိုင်ရမည်ကို မသိ၍ လည်းကောင်းဖြစ်သည်။ ၎င်း၏လူများသည် တမန်တော်မူစာ a ကို ပြစ်တင်ကြရုံမျှမက သတ်ပင်သတ်ပစ်နိုင်ကြသည်။ တမန်တော်မူစာ a က အလ္လာဟ်အရှင်မြတ်ထံတော်၌ "ကျွန်တော်မျိုး၏ မွေးမြူဖန်ဆင်းတော်မူသောအရှင်၊ ထိုသူများအား သတ်ဖြတ်ရန်မှာ အရှင်မြတ်ဆန္ဒတော်မဟုတ်ကြောင်း ကျွန်တော်မျိုးသိရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အား သတ်ဖြတ်မည်ဆိုလျှင် သူတို့ကိုဖျက်ဆီးခြင်းနှင့် ထိုက်တန်သော အစောပိုင်းအချိန်ကပင်လျှင်သတ်ဖြတ်မည် ဖြစ်သည်။ သူတို့သည် ဖိရဒ်အောင်နဲ်ဘုရင်နှင့်အတူ ရေနစ်နိုင်သကဲ့သို့ နွားငယ်ကို ကိုးကွယ်သော အချိန်၌

အသတ်ခံရနိုင်သည်။ သို့သော်လည်း အရှင်မြတ်သည် ထိုသို့မလုပ်ဆောင်ခဲ့ပါ။ ၎င်းတို့သေစေ လိုသောဆန္ဒ အရှင်မြတ်တွင်မရှိ ဆိုသည်မှာ ကျွန်တော်မျိုး သေချာပါသည်။ သို့သော်လည်း ဤနည်းလမ်းဖြင့် ထိုသူများကို သတိပေးရန် အရှင်မြတ် ရည်စူးတော်မူပါသည်။" ထို့အပြင် အရှင်မြတ်သည် မိုက်မဲသူအချို့၏ မကောင်းသောလုပ်ရပ်ကြောင့် ကျွန်ုပ်တို့အားလုံးကို သတ်ပစ်တော်မမူနိုင်ပါ" ဟုပြောခဲ့သည်။ တမန်တော်မူစာ [a] က ဆက်လက်၍ အို-ကျွန်တော်မျိုး အား မွေးမြူဖန်ဆင်းတော်မူသောအရှင်၊ ဤသည်မှာ အရှင်မြတ်ထံတော်မှ ကျွန်တော်မျိုးတို့အတွက် စမ်းသပ်မှုတစ်ရပ် ဖြစ်ကြောင်း ကျွန်တော်မျိုးတို့ သိတော်မူပါသည်။ အရှင်မြတ်၏ စမ်းသပ်မှုဖြင့် အချို့သောသူများအား အရှင်မြတ်က လမ်းလွဲကို ရောက်စေသည်။ ထို့နောက် ဤစမ်းသပ်မှုတွင်ပါဝင်သော အသိဉာဏ်နှင့် သင်ခန်းစာတို့ကို လက်ခံရရှိသော အခြားသူ အချို့တို့ကို လမ်းညွှန်မှုပေးတော်မူပါသည်။ အရှင်မြတ်သည် အသိဉာဏ်အကြွယ်ဝဆုံးနှင့် အရှင်မြတ်သည် အရာခပ်သိမ်း သိရှိနားလည်ကြောင်း သိရှိသူများတွင် ကျွန်တော်မျိုးလည်း ပါဝင်ပါသည်။ အရှင်မြတ်သည် ခပ်သိမ်း ကုန်တွင် အသနားကြင်နာတော်မူဆုံးနှင့် ခွင့်လွှတ်တော်မူဆုံးသော အရှင်ဖြစ်သည်။ အို-ကျွန်တော် မျိုး၏ ဖန်ဆင်း မွေးမြူကျွေးမွေး စောင့်ရှောက်တော်မူသောအရှင်၊ မောက်မာမှု၊ ရမ်းကားမှု ပြသသည့် ဤလူများကို ခွင့်လွှတ်တော်မူပါ" ဟုဒုအာတောင်းခံခဲ့သည်။တမန်တော်မူစာ [a] ၏ဆုဒုအာကြောင့် လူ(၇၀)လုံးသည်အသက်ပြန်လည်ရှင်ထလာခဲ့သည်။

အာယသ်တော်(၁၅၆)တွင် တောင်းဆုဒုအာ နောက်ဆုံးပိုင်းပါဝင်သည်။ ယင်းမှာ- **وَ اكْتُبْ لَنَا فِيْ هٰذِهِ الدُّنْيَا حَسَنَةً وَّفِي الْاٰخِرَةِ وَّاِنَّا هُدْنَآ اِلَيْكَ**"ထိုမှတစ်ပါးအရှင်မြတ်သည်ကျွန်တော်မျိုးတို့အဖို့ဤလောကဘဝလည်းကောင်း၊ နောင်တမလွန်ဘဝ၌ လည်းကောင်း ကောင်းကျိုးချမ်းသာကို သတ်မှတ်ပြဋ္ဌာန်း၍ ပေးတော်မူပါ။ ကျွန်တော်မျိုးသည် ဇကာနစ်စစ် အရှင့်ဘက်တော်သို့သာလျှင် ပြန်၍လှည့်ခဲ့ကြလေပြီ"ဟူ၍ဖြစ်သည်။ ဤမေတ္တာရပ်ခံချက်ကို အလ္လာဟ် အရှင်မြတ်က တုံ့ပြန် ဖြေကြားခဲ့သည်မှာ -

**عَذَابِيْٓ اُصِيْبُ بِهٖ مَنْ اَشَآءُ ۚ وَ رَحْمَتِيْ وَسِعَتْ كُلَّ شَيْءٍ ؕ**
**فَسَاَكْتُبُهَا لِلَّذِيْنَ يَتَّقُوْنَ وَ يُؤْتُوْنَ الزَّكٰوةَ وَ الَّذِيْنَ هُمْ بِاٰيٰتِنَا يُؤْمِنُوْنَ ﴿۱۵۶﴾**

"ငါအရှင်မြတ်သည် မိမိပြစ်ဒဏ်ကို မိမိအလိုရှိတော်မူသော သူ၏အပေါ်၌သာလျှင် သက်ရောက်စေ တော်မူ၏။ သို့ရာတွင် ငါအရှင်မြတ်၏ ကရုဏာတော်သည်ကား အရာခပ်သိမ်း တို့ကို လွှမ်းခြုံလျက် ရှိချေပြီ။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ထိုကရုဏာတော်ကို ပြစ်မှု ဒုစရိုက်တို့မှ ကြည်ရှောင်ကြ သည့်အပြင် ဇကားသ်ခေါ် တရားဝင်ဒါနကြေးကို ပေးဆောင်သောသူတို့အဖို့လည်းကောင်း၊ ငါအရှင်မြတ်၏ သက်သေလက္ခဏာ တို့ကို ယုံကြည်သောသူတို့အဖို့ လည်းကောင်း မုချသတ်မှတ် ပြဋ္ဌာန်းတော်မူအံ့" ဟူ၍ဖြစ်သည်။

ဆိုလိုသည်မှာ အမိန့်နာမခံသူအားလုံးသည် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုနှင့် ထိုက်တန်သော်လည်း အရာရာတိုင်းပေါ် လွှမ်းခြုံထားသော အလ္လာဟ်အရှင်မြတ်၏ သနားကြင်နာမှုအရ အရှင်မြတ် ဆန္ဒရှိသူအချို့ အပေါ်၌သာ အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှု ကျရောက်စေပါသည်။ အရှင်မြတ်၏သနားကြင်နာမှုသည် အရာရာတိုင်း အကျုံးဝင်စေနိုင်လောက်အောင် ကြီးကျယ်ခမ်းနားပေသည်။ အရှင်မြတ်အား ပုန်ကန်သူ၊ အရှင်မြတ်အား ငြင်းပယ်သူများအပေါ်၌ပင်လျှင် အရှင်မြတ်၏ သနားကရုဏာအချို့ ပြသခဲ့ပါသည်။ သို့သော်လည်း ယင်းအသနားကြင်နာမှုသည် ထိုသူများအပေါ်၌ ဤဘဝအတွက်သာ ကန့်သတ်ထားသည်။ အရှင်မြတ်၏ သနားကြင်နာမှုသည် အမိန့်မနာခံသူများ

ပင်လျှင် အကျူးဝင်သည်အထိ လွှမ်းခြုံထားခဲ့လျှင် အရှင်မြတ်အား ကြောက်ရွံ့သူ၊ ဇကားသ်တရားဝင် ဒါနကြေး ပေးဆောင်သူနှင့် အရှင်မြတ်၏ သက်သေလက္ခဏာတို့ကို ယုံကြည်သူတို့မှာ အရှင်မြတ်၏ သနားကရုဏာနှင့် မုချဇကန် သတ်မှတ်ပြဋ္ဌာန်းမှုနှင့် ထိုက်တန်သွားပါလိမ့်မည်။ ထို့နောက် တမန်တော်မူစာ a ကို ၎င်း၏ တောင်းဆုဒုအာ လက်ခံကြောင်း ကောင်းသတင်း ပေးခဲ့သည်။

ဤတောင်းဆုဒုအာ တောင်းဆိုခြင်းနှင့် ပတ်သက်သော အထက်ပါ အဓိပ္ပာယ် ပြန်ဆိုခြင်းတွင် ဋီကာရှင်များ၌ ကွဲလွဲသော အယူအဆများရှိကြသည်။ ကုရ်အာန်ကျမ်းမြတ်၏ အခြားသော နေရာများ၌ ၎င်း၏ တောင်းဆုဒုအာများ လက်ခံတော်မူကြောင်း ရှင်းလင်းသည့်စကားလုံးနှင့် ညွှန်ထားသကဲ့သို့ ဤအာယသ်တော်၌ တမန်တော်မူစာ a ၏ တောင်းဆုဒုအာများကို လက်ခံခြင်းကို ရှင်းလင်းသောစကားလုံးဖြင့် ညွှန်မထားပါ။ ပမာဆိုသော ၂၀း၃၆ ထဲတွင် တမန်တော်မူစာ a ၏ တောင်းဆုလက်ခံကြောင်း قَدْ أُوتِيتَ سُؤْلَكَ يَا مُوسَىٰ "အို-မူစာ၊ ဇကန်မလွဲ အသင်သည် မိမိ တောင်းခံချက်ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံရလေပြီ" ဟူသောစကားလုံးဖြင့် ဖော်ပြထားခဲ့သည်။ အခြားအာယသ် (၁၀း၈၉) ထဲ၌ أُجِيبَت دَّعْوَتُكُمَا "(အို-နဗီတမန်တော်မူစာနှင့် နဗီတမန်တော်ဟာရွန်) အသင်တို့နှစ်ဦး၏ ဆုတောင်း ပန်ကြားချက်သည် သဘော တူခြင်းကိုခံခဲ့ရလေပြီ"ဟုဖော်ပြထားခဲ့သည်။ ဤ ဂး၁၅၆ ထဲတွင် ထိုကဲ့သို့ လက်ခံ အတည်ပြုကြောင်း ဖော်ပြမထားပါ။ ထို့ကြောင့် ဋီကာရှင်အချို့က တမန်တော်မူစာ a ၏ ဤတောင်းဆုဒုအာကို အစွမ်းအစီလီလူမျိုးများ အကျိုးအတွက် လက်မခံခဲ့ပါ။ မုစ်လင်မ်အုမ္မသ်ထု အကျိုးအတွက်သာ လက်ခံခဲ့သည်။ ရှုဟုလ် ဗယာန်ကျမ်းရှင်က ဤအယူအဆ ဖြစ်နိုင်ချေမှာ နည်းသည်ဟုဆိုသည်။

ထို့ကြောင့် မှန်ကန်သော အဓိပ္ပာယ်ဖွင့်ဆိုမှုမှာ တမန်တော်မူစာ a ၏ တောင်းဆုဒုအာထဲတွင် အသနားခံမှု နှစ်ခုပါဝင်သည်။ ပထမမှာ ပြစ်ဒဏ်ခတ်ခြင်းခံရသောသူများကို အသနား၊ အကြင်နာတော်နှင့် ခွင့်လွှတ်မှုကို ပေးသနားရန်ဖြစ်သည်။ ၎င်းနောက် ဒုတိယမှာ သူနှင့်သူ၏လူများအတွက် ဤကမ္ဘာနှင့် နောင်တမလွန်ဘဝတွင်ပါ အကောင်းသတ်မှတ်ပြဋ္ဌာန်းပေးရန် မေတ္တာရပ်ခံသည်။ ပထမမေတ္တာရပ်ခံချက်ကို လက်ခံတော်မူကြောင်း ဤ အာယသ်ထဲတွင် ဖော်ပြထားပြီး၊ ဒုတိယအသနားခံမှု လက်ခံကြောင်းကို နောက်လာမည့်အာယသ်(၁၅၇)တွင် ဖော်ပြထားသည်။ တမန်တော်မူစာ a ၏ ပထမအသနားခံချက်ကို တုံ့ပြန်သောအနေဖြင့် အလ္လာဟ်အရှင်မြတ်သည် ပြစ်မှု ဂုန်နာဟ် ကျူးလွန်သောသူတိုင်းအား ပြစ်ဒဏ်ခတ်တော်မမူပါ။ အလ္လာဟ်အရှင်သည် အလ္လာဟ်အရှင် ဆန္ဒရှိတော်မူသော သူ အနည်းငယ်မျှကိုသာ ၎င်းတို့၏စည်းဘောင်ကျော်ခြင်းအတွက် ပြစ်ဒဏ်ခတ်တော်မူသည် ဆိုခြင်းအကြောင်း သူအားပြောပြပါသည်။ ထို့ကြောင့် ဤသူများသည် ပြစ်ဒဏ်ခတ်ခံရလိမ့်မည် မဟုတ်။ အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံတို့အား လွှမ်းခြုံနိုင်စေရန်အတွက် အရှင်မြတ်၏အသနားတော်သည် အလွန်ကြီးမားလှပါသည်။ ပြစ်ဒဏ် ခတ်ခံရသော သူတို့သည်ပင်လျှင် အလ္လာဟ်အရှင်မြတ်၏ အသနားတော် လုံးဝလက်မဲ့သွားစေသည်တော့ မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုသူများရှိသော ပြစ်ဒဏ်ခတ်မှုထက် ပိုမိုပြင်းထန်သော ပြစ်ဒဏ်ခတ်ခံရမှု ၎င်းတို့ ရရှိနိုင်ပါသည်။ အလ္လာဟ်အရှင်မြတ်သည် ဆန္ဒတော်ရှိခဲ့ပါလျှင် အရာရာကိုလုပ်နိုင်စွမ်းသော တန်ခိုးတော်များကို ပိုင်ဆိုင်ပါသည်။

ရှိုင်တွာန်က အခိုင်အမာပြောဆိုသည်မှာ ဤအာယသ်တော်အရ သူသည်လည်းပဲ အလ္လာဟ်အရှင်၏ အသနားတော်ခံထိုက်ပါသည်။အဘယ်ကြောင့်ဆိုသော်အာယသ်တော်၏မိန့်ထားချက်တွင်အရှင့်အသနားတော်သည် "အရာရာတိုင်း"အပေါ်၌ လွှမ်းခြုံထားသည်ဆိုသောကြောင့် သူသည်လည်း ဤ'အရာရာတိုင်း'တွင် ပါဝင်ပါသည်။

ကျွန်ုပ်၏ ဆရာသခင် ရှိက်ခ်အန္နဝရ်ကရှ်မီရီသခင်ကပြောသည်မှာ ဤအာယသ်တော်က အရှင်၏ အသနား တော်သည် အရာတိုင်းအား လွှမ်းခြုံ "နိုင်" ပါသည်ဟု ရည်ညွှန်းပါသည်။ အာယသ်တော်က အရှင့်အသနားတော်သည် အရာရာတိုင်းအား လွှမ်းခြုံ "လိမ့်မည်"ဟု မဓိန့်ပါ။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသောအာယသ်တစ်ခုထဲ၌ ဤ အကြောင်းကို

فَإِنْ كَذَّبُوكَ فَقُلْ رَّبُّكُمْ ذُو رَحْمَةٍ وَّاسِعَةٍ ۚ وَلَا يُرَدُّ بَأْسُهُ عَنِ الْقَوْمِ الْمُجْرِمِينَ ﴿١٤٧﴾

"ထို့နောက်သော်မှပင် (အို-နဗီတမန်တော်) အကယ်၍ ၎င်းတို့သည် အသင့်အား မုသား ပြောဆို သည် ဟူ၍ စွပ်စွဲကြပါလျှင် အသင်သည် (၎င်းတို့ကို ဤသို့) ဖြေကြားပါလေ။ အသင်တို့အားဖန်ဆင်း မွေးမြူတော် မူသောအရှင်မြတ်သည် အလွန်ကြီးကျယ်သော မဟာကရုဏာတော်ရှင် ဖြစ်တော်မူ သည်။ သို့ရာတွင် ထိုအရှင်မြတ်မှ ပြစ်ဒဏ်သည်လည်း အပြစ်ရှိသူတို့အပေါ်မှ ဆုတ်ခွာ၍ (ရွေ့ လျား)သွားလိမ့်မည်မဟုတ်ပေ။ (၆း၁၄၇) ဟူသော ရှင်းလင်းသည့် စကားလုံး တို့ဖြင့် မိန့်ထား ပါသည်။

ဤသည်က အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်သော သနားကြင်နာခြင်းသည် ပြစ်မှုကျူးလွန်သူတို့အား အရှင့် ပြစ်ဒဏ်ခတ်မှုကို မတားဆီးပါ။ အတိုချုပ်ဆိုရသော် သူ၏လူများအပေါ်သို့ အသနားကြင်နာခြင်းနှင့် ခွင့်လွှတ် ခြင်းတို့အား ပေးသနားပါရန်ဟူသော တမန်တော်မူစာ a ၏ ဒုအာပထမပိုင်းကို တစ်မုဟုတ်ချင်း လက်ခံခဲ့ပါသည်။ သို့ရာတွင် သူ၏လူများတို့အား ဤကမ္ဘာမှာရော၊ နောင်တမလွန်ဘဝတွင်ပါ ကောင်းချီးမင်္ဂလာအတိုင်း ပြဋ္ဌာန်းပေးပါရန် ဟူသော ဒုအာ၏ဒုတိယပိုင်းအတွက်မူကား အချို့သောအခြေအနေများဖြင့် စည်းကမ်းသတ်မှတ်ထားပါသည်။ ဤ ကမ္ဘာလောကအတွက်ဆိုလျှင် အလ္လာဟ်အရှင်၏အသနားတော်ကို လူအားလုံးအပေါ်၌ ယုံကြည်သည်ဖြစ်စေ၊ မယုံ ကြည်သည်ဖြစ်စေ၊ ရရှိခဲစားနိုင်ပါမည်။ သို့ရာတွင် နောင်တမလွန်ဘဝဆိုသည်မှာ သီးခြားကွဲပြားခြားနားသော ကမ္ဘာဖြစ်ကာ ယင်းတွင် အချို့သောအခြေအနေများအား ဖြည့်ဆည်းခဲ့သောသူများအတွက်သာ အရှင့်အသနားတော် သည် ကန့်သတ်ထားပါသည်။ ပထမအနေဖြင့် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကာ ဘုရားတရားကိုင်းရှိုင်းခြင်း၊ ဒုတိယအနေ ဖြင့် ဘာသာရေးဆိုင်ရာ မပြုမနေရတာဝန်များကို ဖြည့်ဆည်းကာ အလ္လာဟ်အရှင်တားမြစ်ထားသည်တို့မှ ရှောင်ကြဉ် ခြင်း၊ ၎င်းနောက် ၎င်းတို့ရှာဖွေရရှိသည်တို့မှ မှန်မှန်ကန်ကန် ဇကာသ်၊ တရားဝင်ဒါနကြေးပေးဆောင်ခြင်း၊ တတိယ အနေဖြင့် အလ္လာဟ်အရှင့်လက္ခဏာတော်တို့အား မည်သည့်ဟန်ဆောင်မှုမျိုး (သို့မဟုတ်) မမှန်မကန် အဓိပ္ပာယ် ဖွင့်ဆိုမှုမျိုးများလည်းမရှိဘဲ စွဲမြဲစွာယုံကြည်ခြင်း စသောအခြေအနေများဖြစ်ပါသည်။ အကယ်၍သာ ဤသူများသည် လည်း အထက်ဖော်ပြပါ အခြေအနေများအား ဖြည့်ဆည်းပါက ဤကမ္ဘာမှာရော၊ နောင်တမလွန်ဘဝပါ နှစ်ဘဝစလုံး တွင် ၎င်းတို့အတွက် အကောင်းများ စီရင်ပြဋ္ဌာန်းပါလိမ့်မည်။

နောက်အာယသ်ထဲ၌ အထက်ဖော်ပြချက်များနှင့် ပြီးပြည့်စုံအောင် ကိုက်ညီသောသူတို့သည် ထိုသူများ၏ နောက် နောက်ဆုံးခေတ်တွင် နောက်ဆုံး နဗီတမန်တော်ကြီး s ၏ နောက်သို့လိုက်သောသူများ ဖြစ်ကြပါလိမ့်မည်။ အကျိုးဆက်အနေဖြင့် အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသော အသနားတော်နှင့် ကျေးဇူးတော်များ ထိုက်တန်သွားစေ ပါလိမ့်မည်။ အထက်တွင် ကိုးကားထားသော ကသာဒဟ်၏တင်ပြချက်အရအလ္လာဟ်အရှင်မြတ်၏အသနားတော်သည် အရာရာတွင် လွှမ်းခြုံသောကြောင့် သူသည်လည်း အလ္လာဟ်အရှင်မြတ်၏ အသနားတော်နှင့် ထိုက်တန်စေပါသည်ဟု ရှိုင်တွာန်က အခိုင်အမာပြောပါသည်။ သို့ရာတွင် အာယသ်တော်တွင် တစ်သီးတစ်ခြားဖော်ပြထားသည့် အီမာန်

ယုံကြည်ခြင်းဆိုသည့် အခြေအနေက သူ့အား အကျိုးမဝင်ဖြစ်စေပါသည်။ အလားတူစွာ ဂျူးများနှင့် ခရစ်ယာန်များတို့က ၎င်းတို့သည်လည်း အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ပြီး ဇကားသ်တရားဝင်ဒါနကြေးလည်း ပေးဆောင်ခဲ့ပါသည်။ ထို့ကြောင့် ၎င်းတို့သည် နှစ်ဘဝစလုံးတွင် အလ္လာဟ်အရှင်မြတ်၏ပြီးပြည့်စုံသော အသနားကြင်နာတော်မူခြင်းကို ရရှိပါလိမ့်မည်ဟု အခိုင်အမာပြောဆိုကြပါသည်။ သို့သော်လည်း နောက်အာယသ်တော်ထဲ၌ နောက်ဆုံးတမန်တော်ကြီးနှင့် ကုရ်အာန်အာယသ်တော်များကို သက်ဝင်ယုံကြည်ခြင်းဆိုသည့် အချက်တစ်ခု ထည့်သွင်းထားပါသည်။ ဤသည်ကြောင့် နောက်ဆုံးတမန်တော်ကြီးအား မသက်ဝင်၊ မယုံကြည်ကြသော ဂျူးများနှင့် ခရစ်ယာန်များကို အလ္လာဟ် အရှင်မြတ် အသနားတော်မှ ဖယ်ထုတ်ပြီး ဖြစ်သွားပါတော့သည်။

## အာယသ် (၁၅၇)

اَلَّذِيْنَ يَتَّبِعُوْنَ الرَّسُوْلَ النَّبِيَّ الْاُمِّيَّ الَّذِيْ يَجِدُوْنَهٗ مَكْتُوْبًا عِنْدَهُمْ فِي التَّوْرٰىةِ وَ الْاِنْجِيْلِ ۫ يَاْمُرُهُمْ بِالْمَعْرُوْفِ وَ يَنْهٰىهُمْ عَنِ الْمُنْكَرِ وَ يُحِلُّ لَهُمُ الطَّيِّبٰتِ وَ يُحَرِّمُ عَلَيْهِمُ الْخَبٰٓئِثَ وَ يَضَعُ عَنْهُمْ اِصْرَهُمْ وَ الْاَغْلٰلَ الَّتِيْ كَانَتْ عَلَيْهِمْ ؕ فَالَّذِيْنَ اٰمَنُوْا بِهٖ وَ عَزَّرُوْهُ وَ نَصَرُوْهُ وَ اتَّبَعُوا النُّوْرَ الَّذِيْٓ اُنْزِلَ مَعَهٗ ۙ اُولٰٓئِكَ هُمُ الْمُفْلِحُوْنَ ﴿۱۵۷﴾

**အကြင်သူတို့သည် အကြင်စာပေမတတ်သော ရစူလ်နဗီတမန်တော်မြတ်၏ (အမိန့်တော်များကို)ကို လိုက်နာကြကုန်၏။ ထိုသူတို့သည် ထိုရစူလ်နဗီတမန်တော်မြတ်(၏ ဝိသေသဂုဏ်ထူးများ)ကို မိမိတို့ထံရှိ သောရာသ်ကျမ်းတော်တွင်လည်းကောင်း၊ အင်နှ ဂျီလ်ကျမ်းတော်တွင်လည်းကောင်း ရေးသားပြီးဖြစ်သည်ကို တွေ့ရှိကြလေသည်။ ယင်း ရစူလ် နဗီတမန်တော် မြတ်သည် ထိုသူတို့အား ကောင်းမှုသုစရိုက်များကို (ပြုလုပ်ကြရန်) ညွှန်ကြားသည့်ပြင် မကောင်းမှုဒုစရိုက်များမှ ကြဉ်ရှောင်ကြရန် မြစ်တားလေသည်။ ၎င်းပြင်ထိုသူတို့ဖို့ စင်ကြယ်သောအရာများကို (စားသုံး)ခွင့်ပြုကာ မသန့်စင်သော အရာများကို ၎င်းတို့အပေါ်၌ (စားသုံးခြင်းမပြုကြရန်) တားမြစ်လေသည်။ ထိုမှတစ်ပါး ထိုသူတို့အပေါ်၌ (ယခုတိုင်အောင်) တည် ရှိနေသော ဝန်လည်ကွင်းများ (အတုပ်အနှောင်များ) ကိုလည်း ၎င်းတို့အပေါ်မှ ချပေးလေသည်။ သို့ဖြစ်ပေရာ အကြင်သူတို့သည် ထိုရစူလ် နဗီ တမန်တော်မြတ်အား ယုံကြည်ခဲ့ကြလေသည်။ ၎င်းပြင် ထိုရစူလ်နဗီ တမန်တော်မြတ် အား ကာကွယ်စောင့်ရှောက်ခဲ့ကြလေသည်။ ထိုမှတစ်ပါး ထိုရစူလ် နဗီတမန်တော်မြတ် အား ကူညီရိုင်းပင်းခဲ့ကြလေသည်။ ထို့ပြင် ထိုရစူလ် နဗီတမန်တော်မြတ်နှင့်အတူ ကျ ရောက်လာသော (ကုရ်အာန်ကျမ်းတော်မြတ်တည်းဟူသော) လင်းရောင်ခြည်ကိုလည်း လိုက်နာခဲ့ကြလေသည်။ ထိုသူတို့သည်သာလျှင် အောင်မြင်သောသူများ ဖြစ်ကြကုန် လေသတည်း။ (၇ : ၁၅၇)**

## မုစ်လင်မ်အုမ္မသ်ထု၏ ကောင်းမြတ်သော အကျင့်သီလများ

ဤအာယသ်တော်ထဲတွင် တမန်တော်မူစာ a က သူ၏လူများအတွက် အသနားခံခဲ့သော အလ္လာဟ် အရှင်မြတ်၏ ပြီးပြည့်စုံသော အသနားတော်များနှင့် ကျေးဇူးတော်များကို အမှန်တကယ် ထိုက်တန်သောသူများအကြောင်း ဖော်ပြထားသည်။ အာယသ်တော်က မိန့်ကြားသည်မှာ ပြီးခဲ့သည့် အာယသ်တော်ထဲတွင် ရည်ညွှန်းထားသည့် အခြေအနေများကို ဖြည့်ဆည်းကာ စာပေမတတ်မြောက်သော အလ္လာဟ်တမန်တော်၏ နောက်လိုက်သောသူများ ဖြစ်ကြသည်ဟု မိန့်ကြားထားသည်။ အာယသ်တော်သည် ဤလူများ အကြောင်းပြောကြားရာတွင် တမန်တော်မြတ်ကြီး S ၏ ထူးခြားထင်ရှားသည့် အချို့အရည်အချင်းများကို ဖော်ပြထားသည်။ အာယသ်တော်က တမန်တော်မြတ် S အား ယုံကြည်ရုံမျှမက ၎င်း၏အမိန့်များနှင့် လုပ်နည်းဟန်များကို လိုက်နာကျင့်သုံးရန် အမိန့်ပေးထားပါသည်။ ဤသည်က အလ္လာဟ် အရှင်မြတ်အား ယုံကြည်ရန်ဆိုသည့် အမိန့်၊ စွန့်သံဓလေ့တော်များအတိုင်း လုပ်ဆောင်ရန်နှင့် တမန်တော်မြတ် S ၏ ရှရီအသ်(ဥပဒေ)များကို လိုက်နာရန်ဆိုသော အမိန့်များတို့သည် နောင်တမလွန်ဘဝတွင် ထာဝရအောင်မြင်မှု ရရှိစေရန်အတွက် မလုပ်မနေရ အမိန့်များဖြစ်ကြောင်း ကျွန်ုပ်တို့အားလုံးလည်း သဘောပေါက်စေပါသည်။

الرَّسُولَ النَّبِيَّ الْأُمِّيَّ "အကြောင်စာပေမတတ်သော ရဏ္ဍလ်နဗီတမန်တော်မြတ်" ဟူသောစကားစုက တမန်တော်မြတ် S ၏ အရည် အချင်းသုံးရပ်ကို ဖော်ပြပါသည်။ "စာပေမတတ်" ဟုဘာသာပြန်ဆိုထားသော အရဗီစကားလုံး أُمِّيِّينَ "အွမ်မီ" က အရေးအဖတ်၊ အတတ်ပညာ မသိရှိသောသူတစ်ဦးဟု ဖော်ညွှန်းပါသည်။ ကျမ်းတော်မြတ်ကုရ်အာန်က အရပ်လူမျိုးများအား أُمِّيِّينَ "အွမ်မီရိန်" ဟု ရည်ညွှန်းထားပါသည်။ အကြောင်းမှာ ယေဘုယျအနေဖြင့် အရပ်လူမျိုးများသည် ရေးခြင်း၊ ဖတ်ခြင်းတို့နှင့် ပတ်သက်မှု အနည်းငယ်မျှသာ ရှိပါသည်။ ဖတ်နိုင်စွမ်း၊ ရေးနိုင်စွမ်းမရှိကြသည့် အရည်အချင်း တစ်ရပ်မဟုတ်ဘဲ မပြည့်စုံမှု၏ အညွှန်းတစ်ရပ်ဖြစ်သည်။ မည်မျှပင် သမားရိုးကျ မဖြစ်ဟန်ရှိပါစေသူ၏ ဟောပြောမှုနှင့် လက်တွေ့ပြသမှုတို့ကို တမန်တော်မြတ် S ၏ အသိပညာကြွယ်ဝခြင်းနှင့် စံနမူနာယူထိုက်သော ပညာနှင့်တတ်မြောက် ခြင်းတို့သည် အနှိုင်းမဲ့သည်ဟူသောအယူအဆအရ ဤမပြည့်စုံသော လက္ခဏာသည်ပင်လျှင် တမန်တော်မြတ် S ၏ ပြီးပြည့်စုံမှု အမြင့်မားဆုံးအဆင့်သို့ရောက်ရှိသွားသော လက္ခဏာတစ်ရပ်ဖြစ်သွားပါသည်။

စာပေတတ်မြောက်သောသူတစ်ဦး၊ အသိဉာဏ်ပညာကြွယ်သောလုပ်ရပ်များနှင့် အမူအရာများပြသခြင်းသည် ပြီးပြည့်စုံသော အသိပညာရပ်ကို လက်တွေ့ပြသခြင်းဖြစ်သည်။ ယင်းတို့သည် သူ၏စာပေတတ်မြောက်မှု၏ အသီးအပွင့်များဟု မှတ်ယူရပါမည်။ သို့ရာတွင် အရေးအဖတ် တတ်သိနားလည်ခြင်း မရှိသောသူတစ်ဦးတွင် အထက်ပါ အရည်အချင်းများနှင့် လူသားများစဉ်စား၍ မရနိုင်အောင် အမြင့်မားဆုံးသော ပြီးပြည့်စုံသည့် အရည်အချင်းများ ရှိနေခဲ့လျှင် ယင်းသည်ထင်ရှားလှသည့် အံ့ဖွယ်တစ်ရပ် ဖြစ်သွားပါသည်။ ပို၍အံ့ဖွယ်ကောင်းသည်မှာ တမန်တော်မြတ် S မက္ကာမြို့တွင် အနှစ်လေးဆယ်ကာလ နေထိုင်ခဲ့စဉ်အတွင်းတွင် စာပေလေ့လာသင်ကြားရန် မည်သည့်အခွင့်အရေးမျှ မရရှိခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ရှိရပါသည်။ တမန်တော်မြတ် S အသက်လေးဆယ် ပြည့်မြောက်သော အချိန်တွင် တစ်မုဟုတ်ချင်းဆိုသလို တမန်တော်မြတ် S ၏ ဘာသာစကားနှင့်ဆိုင်သော ပြောကြားမှုနှင့် ဟန်ပန်တို့သည် အလွန် အသိဉာဏ်ကြွယ်ဝသော အကြောင်းအရာများဖြစ်ကာ ထိုပြောဆိုချက်များ၏ အသေးဆုံးသော အစိတ်အပိုင်းကလေးကိုပင် ကမ္ဘာပေါ်ရှိ မည်သူတစ်ဦးတစ်ယောက်ကမျှ တူညီအောင်မလုပ်ဆောင်နိုင်ပါ။ ယင်းမှာ ကုရ်အာန်ကျမ်း

တော်မြတ်ပင်ဖြစ်သည်။[1] ဤသည်က တမန်တော်မြတ် ﷺ သည် အလ္လာဟ်အရှင်မြတ်၏ စစ်မှန်သော တမန်တော် ဖြစ်ကြောင်းနှင့် ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ စစ်မှန်သော မုက္ခပါဠိတော်များ ဖြစ်ကြောင်း တို့ကို အတည် ပြုသည့် အလိုအလျောက် ပေါ်လွင်ထင်ရှားစေသော သက်သေပြချက်ဖြစ်သွားပါသည်။ ထို့ကြောင့် စာပေမတတ်မြောက် ခြင်းဆိုသည့် အရည်အသွေးသည် အခြားသူများအတွက် ချို့ယွင်းချက်တစ်ခုဖြစ်နိုင်ပါသည်။ သို့သော်လည်း တမန် တော်မြတ် ﷺ အတွက်မှာမူ ဤသည်က ချီးကျူးဖွယ်ရာကောင်းသော ပင်ကိုအရည်အချင်းတစ်ရပ် ဖြစ်သွားပါသည်။ [2]

ဤအာယသ်တော်ထဲတွင်ဖော်ပြထားသော တမန်တော်မြတ် ﷺ ၏ စတုတ္ထအရည်အချင်းသည် "သောင်ရာသ်" ကျမ်းနှင့် "အင်နှ်ဂျီလ်"ကျမ်းထဲတွင် တမန်တော်မြတ် ﷺ အကြောင်း ရေးသားဖော်ပြထားသည်ကို ၎င်းတို့ တွေ့ရှိရ ပါလိမ့်မည်။ သတိမူရမည်မှာ ကျမ်းစာအုပ်များထဲတွင် တမန်တော်မြတ် ﷺ ၏ ပင်ကိုအရည်အချင်းများကိုလည်း ကောင်း (သို့မဟုတ်) ရည်ညွှန်းချက်များကိုလည်းကောင်း ကုရ်အာန်ကျမ်းမြတ်ပါအတိုင်း ရေးသားထားကြောင်း ၎င်းတို့၏ကျမ်းများတွင်တွေ့ရှိရလိမ့်မည်မဟုတ်ပါ။ ယင်းသို့ဖြစ်ရခြင်းမှာ တမန်တော်မြတ် ﷺ ၏ပင်ကိုအရည်အချင်းနှင့် အရည်အသွေးတို့အား သောင်ရာသ်နှင့်အင်နှ်ဂျီလ်ကျမ်း တို့တွင် ဖော်ပြထားမှုသည် ထင်ရှားသော အသေးစိတ် များပါဝင်ပြီး ပေါ်လွင်ထင်ရှားသောကြောင့် ယင်းဖော်ပြမှုသည် တမန်တော်မြတ် ﷺ အား ကိုယ်တိုင်မြင်တွေ့ရသကဲ့သို့ ဖြစ်စေ သည်ဟု အကြွင်းမဲ့ရည်ညွှန်းပါသည်။ "ဇဟ်ရ်"ကျမ်း (တမန်တော်ဒါဝူဒ် a အား ချပေးသောကျမ်း)ကို မရည်ညွှန်း ဘဲ သောင်ရာသ်နှင့် အင်နှ်ဂျီလ်ကျမ်းများကိုသာ ဖော်ပြရခြင်းသည် ဂျူးများနှင့် ခရစ်ယာန်တို့သည် ထိုကျမ်းများကိုသာ သက်ဝင်ယုံကြည်ကြပါသည်။ "ဇဟ်ရ်" ကျမ်းထဲတွင်လည်း တမန်တော်မြတ် ﷺ အကြောင်း ဖော်ပြချက်များပါဝင်ပါသည်။

## အစောပိုင်းကျမ်းများတွင်ပါသည့် တမန်တော်မြတ် ﷺ အကြောင်း

မျက်မှောက်ခေတ် သောင်ရာသ်ကျမ်းနှင့် အင်နှ်ဂျီလ်ကျမ်းတို့မှာ ကြီးမားသော ပြောင်းလဲမှုများနှင့် လိုရာဆွဲ မမှန်မကန်တင်ပြမှုများကြောင့် ယင်းကျမ်းတို့သည် ပင်ကိုသဘာဝဖြစ်ခြင်း၊ ယုံကြည်စိတ်ချရခြင်း ဆိုသည့် အရည် အချင်းများ ပျောက်ဆုံးသွားခဲ့သည်။ ဤအချက်များ ရှိလင့်ကစား ထိုကျမ်းများတွင် တမန်တော်မြတ် ﷺ ကို ရည်ညွှန်း ဖော်ပြထားချက်များ ဆက်လက်ပါဝင်ပါသည်။ ထို့အပြင် ကုရ်အာန်ကျမ်းတော်မြတ်က သောင်ရာသ်ကျမ်းနှင့် အင်နှ် ဂျီလ်များထဲတွင် တမန်တော်မြတ် ﷺ အကြောင်း ပါဝင်ခြင်းကို တိကျပြတ်သားသော အသုံးအနှုန်းများဖြင့် ကြေညာထား သည်။ တမန်တော်မြတ် ﷺ သခင်၏ ခေတ်ကာလတွင် နေထိုင်ခဲ့ကြသည့် ဂျူးနှင့် ခရစ်ယာန်များသည် တမန်တော်

[1] (ဤနေရာ၌ ကျမ်းပြုစုသူက ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်(၂း၂၃)ကို ရည်ညွှန်းပါသည်။ ယင်း အာယသ် တော် ထဲတွင် ကုရ်အာန်ကျမ်းတော်မြတ် မည်သည့်စူရဟ်တစ်ခုနှင့် နှိုင်းယှဉ်ရန်ိုင်လောက်အောင် စူရဟ်တစ်ခု ရေးသားပြုစုရန် တစ်ကမ္ဘာလုံးကို စိန်ခေါ်ခဲ့ပါသည်။ ၎င်းတို့မှအပ လူသားအားလုံးတို့အား ဆွဲ့အသောသူ "အဂျမ်" ဟု ခေါ်ဆိုသောသူတို့၏ ဟောပြောမှုအား ဝင့်ကြွားသော အရင်းများသည်ပင် ဤစိန်ခေါ်မှုအား ရင်ဆိုင်နိုင်စွမ်း မရှိခြင်းက ကုရ်အာန်ကျမ်းတော်မြတ်၏ ထူးဆန်းအံ့ဖွယ်အရည်အသွေးကို ထင်ရှားစွာမြင်နိုင်စေပါသည်။) (အင်္ဂလိပ်ဘာသာပြန်ဆိုသူ)

[2] (လက်ရှိဆွေးနွေးနေသော အာယသ်တော်ထဲတွင် ဤပင်ကိုအရည်အချင်းအား နဗီတမန်တော်မြတ်၏ ကြီးကျယ် သော ပင်ကိုအရည်အချင်းများနှင့် ယှဉ်တွဲဖော်ပြထားသည်။ တမန်တော်မြတ် ﷺ ၏ စာပေမတတ်မြောက်ခြင်းအား တမန်တော်မြတ် ﷺ ၏ အခြားကြီးကျယ်သော ပင်ကိုအရည်အချင်းများနှင့် တန်းတူရည်တူဖြစ်ကြောင်း ကုရ်အာန် ကျမ်း တော်မြတ်၏ သက်သေပြမှုဖြင့် လုံလောက်စေပါသည်။ (အင်္ဂလိပ်ဘာသာပြန်သူ)

မြတ် s သခင်နှင့် မုစ်လင်မ်တို့နှင့် ပတ်သက်သော ကုရ်အာန်ကျမ်းမြတ်၏ အခိုင်အမာပြောဆိုချက်ကို ဖြစ်ရပ်မှန်နှင့် လိုက်လျောညီထွေမှုမရှိဟု သက်သေမပြသရွေ့ ၎င်းတို့သည် လက်ခံကျင့်သုံးခဲ့ကြသည်။ ဂျူးများက သော်လည်းကောင်း၊ ခရစ်ယာန်များကသော်လည်းကောင်း ဤအခိုင်အမာပြောဆိုချက်ကို ဘယ်သောအခါမှ မမှန်မကန်ဟု ငြင်းဆိုခဲ့ကြောင်း မရှိသည်ကို ကျွန်ုပ်တို့ တွေ့ရသည်။ ယင်းကား ထိုအချိန်ကရှိသော သောင်ရာသ်ကျမ်းနှင့်အင်န်ဂျီလ်ကျမ်းများပါ တမန်တော်မြတ် s နှင့်ပတ်သက်သည့် ထင်လင်းစွာမြင်သာသည့် ရည်ညွှန်းချက်များက သက်သေပြချက် တစ်ခုဖြစ်ပေသည်။ သို့မဟုတ်ပါလျှင် ဂျူးနှင့်ခရစ်ယာန်များသည် သောင်ရာသ်ကျမ်းနှင့်အင်န်ဂျီလ်ကျမ်းတို့အရ ဤကုရ်အာန်ကျမ်းမြတ် အခိုင်အမာ ထွက်ချက်ကို ဆန့်ကျင်ပေလိမ့်မည်။

မှတ်သားရမည်မှာ ဤကျမ်းများတွင် ဖော်ပြထားသော တမန်တော်မြတ် s ၏ အရည်အသွေးနှင့် ပင်ကို အရည်အချင်းအချို့တို့ကို ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ ထိုသောင်ရာသ်နှင့် အင်န်ဂျီလ်ကျမ်းများကို ကိုးကားကာ ဖော်ပြထားသကဲ့သို့ အချို့ပင်ကိုအရည်အသွေးများကို (ဟဒီးဆ်တော်) တမန်တော်မြတ်၏ ဩဝါဒတော်များ၌ တင်ပြထားပါသည်။ နောင်အခါတွင်မှ အစွလာမ်သာသနာသို့ ဝင်ရောက်လာခဲ့ကြသော ဂျူးနှင့်ခရစ်ယာန် မုစ်လင်မ် အသစ်များသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်များကို ဖတ်ခဲ့ကြရသောအခါ ၎င်းတို့၏ ယခင်ကျမ်းတော်များ၌ ယင်းကဲ့သို့သော ဖော်ပြချက်များ ဖတ်ရှုခဲ့ရကြောင်း ပြောဆိုခဲ့ကြသည်။

ဒလာအီလီနဗူဝသ်ကျမ်းထဲတွင် အလ်ဗိုင်ဟကီက အောက်ဖော်ပြပါ အဖြစ်အပျက်ကို တင်ပြခဲ့သည်။ ဆွဟာဗဟ်သာဝကကြီး အနတ်စ် d ၏ တင်ပြချက်အရ ဂျူးလူမျိုးများထဲမှ လူငယ်တစ်ယောက်သည် တမန်တော်မြတ် s သခင်၏ အမှုတော်ထမ်းခဲ့သည်။ တစ်ချိန်တွင် ထိုလူငယ်ကလေး နာမကျန်းဖြစ်စဉ် သူ၏အိမ်သို့ တမန်တော်မြတ် s သွားရောက်ခဲ့ရာတွင် လူငယ်လေး၏နံဘေး၌ ၎င်း၏ဖခင်က သောင်ရာသ်ကျမ်းစာပါ စာပိုဒ်အချို့ဖတ်ရွတ် သရဇ္ဈာယ်နေသည်ကို တွေ့ခဲ့ရသည်။ ကိုယ်တော်မြတ် s က ဖခင်ကို "အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ကျွန်ုပ် ကို ပြောပါ။ သင်သည် သောင်ရာသ်ကျမ်းတွင် ကျွန်ုပ် နဗီတမန်တော်အဖြစ် ပွင့်ပေါ်မည့်အကြောင်းနှင့် ကျွန်ုပ်၏ ပင်ကိုအရည်အသွေးများကို ရည်ညွှန်းထားသည်များ ပါဝင်ပါသလော" ဟုမေးမြန်းခဲ့သည်။ သူက ငြင်းဆိုခဲ့သည်။ သားငယ်က ရုတ်တရက် ချက်ချင်း ငြင်းဆို၍ "အို-အလ္လာဟ်အရှင်မြတ်၏တမန်တော်၊ ကျွန်တော့်ဖခင် မှားယွင်းပါသည်။ သောင်ရာသ်ကျမ်းတွင် အသင်နှင့် အသင့်ပင်ကိုအရည်အသွေးများ ဖော်ပြထားသည်ကို ကျွန်ုပ်တို့တွေ့ခဲ့ရပါသည်။ အလ္လာဟ်အရှင်မြတ်မှအပ မည်သည်မျှ ခဝပ်ကိုးကွယ်ခံထိုက်သူမရှိ ကိုယ်တော်သည် အလ္လာဟ်အရှင်မြတ်၏ တမန် တော်ဖြစ်တော်မူကြောင်း ကျွန်တော်မျိုး သက်သေခံပါသည်" ဟူ၍ဖြစ်သည်။ တမန်တော်မြတ် s က ဆွဟာဗဟ် သာဝကကြီးများကို မိန့်မှာသည်မှာ လူငယ်ကလေး သေဆုံးပြီးနောက် အစွလာမ်သာသနာအရ ၎င်း၏အသုဘ အခမ်းအနားကို ၎င်းတို့ လုပ်ဆောင်သင့်ကြောင်း အဘယ်ကြောင့်ဆိုသော် သူသည် ၎င်းမသေမီ ဤသက်သေခံချက် ကလေမာဟ် ရှဟာဒသ်ကို သက်သေခံခဲ့၍ မုစ်လင်မ်ဖြစ်သွားခဲ့သောကြောင့် ဖြစ်သည်ဟု မိန့်ကြားခဲ့သောကြောင့်ဖြစ်သည်။

(မဇ္ဈာဟရီ)

စိုက်ယိဒိနာအလီ d သခင် တင်ပြခဲ့သည်မှာ တမန်တော်မြတ် s သည် ဂျူးလူမျိုးတစ်ဦးကို ငွေကြေးအချို့ ပေးဆပ်ရန်ရှိခဲ့သည်။ သူငွေ ပြန်မပေးဆပ်သရွေ့ ကိုယ်တော်မြတ်ကို မထွက်ခွာရဟု အသံခပ်မာမာနှင့် ပြောဆိုခဲ့သည်။ တမန်တော်မြတ် s သခင်က ၎င်းကိုပြောသည်မှာ ဂျူးလူမျိုးသည် ကိုယ်တော့်အား ထိုသို့လုပ်ပိုင်ခွင့် ရှိသည်။ ထို့ပြင် သူသဘောအရ ကိုယ်တော်မြတ်ကို ထွက်ခွာခွင့်မပြုလျှင် ကိုယ်တော်မြတ်မသွားဟုပြော၍ ၎င်းသူအနီး ထိုင်နေ

ခဲ့သည်။ ကိုယ်တော်မြတ် ﷺ သခင်သည် ထိုနေရာ၌ တစ်နေ့နှင့်တစ်ည ရှိနေခဲ့သည်။ တမန်တော်မြတ် ﷺ သည် ဇုဟိုရ်၊ အဆွရ်၊ မဂ်ရစ်ဗ်၊ အိရှာနှင့် ဖဂျိရ် (နေ့လယ်မှ နောက်နေ့နံနက်ထိ) ဝတ်ပြုဆောက်တည်ခဲ့သည်။ ဂျူးအမျိုးသားများ၏ ဤလုပ်ရပ်အတွက် ဆွဟာဗဟ်ကြီးများ အလွန်စိတ်ဆိုးကြရသည်။ ၎င်းတို့သည် တမန်တော်မြတ် ﷺ အား ထွက်ခွာခွင့် ပြုရန်အတွက် ဂျူးအမျိုးသားအား လှုံ့ဆော်စွာ ပြစ်တင်ကြိမ်းမောင်းနေကြသည်။ တမန်တော်မြတ် ﷺ က စိတ်ကူးအချို့ပေါက်၍ ၎င်းတို့ဘာလုပ်နေကြသည်ကို မေးမြန်းခဲ့သည်။ တမန်တော်မြတ် ﷺ ကို ဂျူးလူမျိုးတစ်ဦးက ထိန်းသိမ်းထားသည်ကို ၎င်းတို့မခံစားနိုင်ကြောင်း ပြောကြားခဲ့သည်။ ကိုယ်တော်မြတ် ﷺ က ၎င်းတို့အား "ကျွန်ုပ်ကို မွေးမြူဖန်ဆင်းတော်မူသည့် အရှင်သခင်က ပဋိညာဉ်ပြုထားသူတစ်ဦးကို မည်သည့်အမှားမျိုးမှ မကျူးလွန်စေရန် ကျွန်ုပ်အား တားမြစ်ထားခဲ့သည်" ဟု မိန့်ကြားခဲ့သည်။

နောက်တစ်နေ့တွင် ဤမှတ်သားဖွယ် အတွေ့အကြုံကြောင့် အလွန်အလွန် အထင်ကြီးသွားသော ဂျူးမှာ တမန်တော်မြတ် ﷺ ထံလာရောက်၍ ကြေညာသည်မှာ -

اَشْهَدُ اَنْ لَّا اِلٰهَ اِلَّا اللّٰهُ وَاَشْهَدُ اَنَّكَ رَسُوْلُ اللّٰهِ

"အလ္လာဟ်အရှင်မြတ်မှအပ မည်သည်မျှ ခဝပ်ကိုးကွယ်ရာမရှိကြောင်း ကျွန်တော်မျိုး သက်သေခံပါ၏။ ကိုယ်တော်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်ကြောင်း ကျွန်တော်မျိုး သက်သေခံပါ၏" ဟူ၍ဖြစ်သည်။

သူ၏ အလ္လာဟ်အရှင်မြတ်ကို ယုံကြည်မှုကြေညာပြီး နောက်တစ်ဆက်တည်းပြောသည်မှာ ကိုယ်တော်မြတ် ﷺ ကို ထိမ်းသိမ်းခြင်းသည် သောင်ရာသ်ကျမ်းတွင် ဖော်ပြထားခဲ့သည်။ ကိုယ်တော်မြတ် ﷺ ၏ ပင်ကိုအရည်အသွေး၏ စစ်မှန်မှုစမ်းသပ်ရန်မှအပ ၎င်းဘာမျှမရည်ရွယ်ကြောင်း ပြောကြားခဲ့သည်။ ၎င်းက သောင်ရာသ်ကျမ်းထဲတွင် ကိုယ်တော်မြတ်နှင့် ပတ်သက်သည့် အောက်ဖော်ပြပါအချက်ကို ဖတ်ရှုခဲ့ရကြောင်း ပြောဆိုခဲ့သည်။ ၎င်း၏ ဥစ္စာဓနဓ၏ ထက်ဝက်ကို အလ္လာဟ်အရှင်မြတ်လမ်းတော်၌ လှူဒါန်းပေးကမ်းမည်ဖြစ်ကြောင်းလည်း ကြေညာခဲ့သည်။ သူပြောပြသည့် တမန်တော်မြတ် ﷺ သခင်နှင့် ပတ်သက်သည့် ရေးသားချက်ကား -

"အဗ်ဒုလ္လာဟ်၏သား မုဟမ္မဒ်"သူသည် မက္ကာဟ်မြို့၌ မွေးဖွားသန့်စင်လိမ့်မည်။ သူပြောင်းရွှေ့မည့်နေရာကား မဒီနာဟ်မြို့ဖြစ်သည်။ သူနိုင်ငံသည် ဆီးရီးယားဖြစ်လိမ့်မည်။ သူသည် တင်းမာသော သဘောထား ရှိသူမဟုတ်သကဲ့သို့ စကားကိုလည်း ကြမ်းတမ်းစွာ ပြောဆိုမည်မဟုတ်ချေ။ သူသည် စျေးများတွင်လည်း ဆူညံလိမ့်မည်မဟုတ်။ သူသည် ဟီရိသြတ္တပ္ပ ကင်းမဲ့သူတို့မှလည်း ရှောင်ရှားလိမ့်မည်ဖြစ်သည်။

ဤရေးသားဖော်ပြချက် မှန်ကန်ကြောင်း တမန်တော်မြတ် ﷺ သခင်ထံတွင်ရှိကြောင်း ၎င်းတွေ့ ရှိခဲ့ရသည်ဟု ပြောခဲ့သည်။ သူသည် ချမ်းသာကြွယ်ဝသူတစ်ဦးဖြစ်ခဲ့၍ ၎င်း၏ဥစ္စာပစ္စည်းထက်ဝက်ကို လှူဒါန်းခဲ့သည်မှာ မုစ်လင်မ်များအတွက် အတော်အတန်များပြားပေသည်။ **(အထက်ပါ အဖြစ်အပျက်ကို ဝိုင်ဟကီ၏ အလာလိလ် အလ်နဗူဝသ်ကျမ်းကို ရည်ညွှန်း၍ မဇ္ဈာဟရီကျမ်းတွင် တင်ပြထားသည်။)**

သောင်ရာသ်ကျမ်းတွင် တမန်တော်မြတ် ﷺ နှင့် ပတ်သက်သော အောက်ဖော်ပြပါ ရေးသားထားချက် ပါဝင်ကြောင်း ကအဗ်အဟ်ဗာရ်၏ ခိုင်လုံမှုအရ အိမာမ်ဗဂဝီက တင်ပြထားသည်။ သောင်ရာသ်ကျမ်းပါ ဖော်ပြချက်မှာ -

"မုဟမ္မဒ်သည် တမန်တော်ဖြစ်ကာ အလ္လာဟ်အရှင်မြတ်၏ကျေးကျွန်အဖြစ် ရွေးချယ်ခြင်းခံရသည်။ သူသည် ခက်ထန်သော စိတ်သဘောထား မရှိသကဲ့သို့ မနှစ်မြို့ဖွယ်ရာစကားများကိုလည်း မပြောဆိုပါ။ သူသည် ဈေးများတွင် အော်ဟစ်ဆူညံခြင်း မပြုလုပ်ပါ။ သူ့အား မတရားမှုပြုပါက သူသည် မတရားမှုဖြင့် မတုံ့ပြန်ပါ။ သူ့အား မတရားပြုသူ များကို သူသည် ခွင့်လွှတ်သည် (သို့မဟုတ်) လျစ်လျူရှုလိုက်ပါသည်။

သူ၏မွေးရပ်မြေသည် မက္ကာဟ်မြို့ဖြစ်သည်။ ၎င်းနောက်သူသည် တိုင်ဗဟ်(မဒီနဟ်) မြို့သို့ ပြောင်းရွှေ့ပါ လိမ့်မည်။ သူ၏တိုင်းပြည်သည် ဆီးရီးယားဖြစ်ပြီး သူ၏လူများကို "ဟမ္မဒီန်" ဟုခေါ်ဆိုပါလိမ့်မည်။ ဆိုလိုသည်မှာ ထိုသူတို့သည် ၎င်းတို့စည်းစိမ်ချမ်းသာ ခံစားရသော အချိန်၌ဖြစ်စေ၊ ၎င်းတို့ ဒုက္ခဆင်းရဲခံရသောအချိန်ဖြစ်စေ၊ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အား ချီးကျူးတသပါလိမ့်မည်။ ၎င်းတို့သည် ခရီးသွားလျှင် "သက္ကဒီရ်" ဆိုကြသည်။ ထိုသူများသည် ၎င်းတို့ဝတ်ပြုရမည့်အချိန်များကို အတိအကျ အသေအချာ ဖြစ်စေရန်အတွက် အရိပ်များကို စောင့်ကြည့်ကြပါလိမ့်မည်။"

သူသည် သူ၏ခါးတွင် အဝတ်အထည်တစ်ခု ဝတ်ဆင်ထားပါလိမ့်မည်။ ၎င်းနောက်သူ၏လက်များနှင့်ခြေများ ကို "ဝုဇူ" လုပ်ခြင်းအားဖြင့် သန့်ရှင်းစွာထားပါလိမ့်မည်။ ဝတ်ပြုရန်အတွက် ဖိတ်ခေါ်သောသူ၏လူသည် အသံကို ကျယ်လောင်စွာဖြင့် ဖိတ်ခေါ်ပါလိမ့်မည်။ စစ်ပွဲမဲများတွင် ၎င်းတို့သည် ဝတ်ပြုရာတွင် ဤကဲ့သို့ နီးနီးကပ် တန်းစီကြပါလိမ့်မည်။ ညဉ့်အချိန်တွင် ၎င်းတို့၏ဖတ်ရွတ်သရဇ္ဈာယ်မှုများသည် ပျားများကဲ့သို့ မြည်ဟီးနေကြသည်။

ဆင့်ပြန်သူများ အဆက်မပြတ် ဆင့်ပြန်ချက်အရ စွာဟ်မောင်လာ ခုဇိုင်းမားက အင်နဂျီလ်ကျမ်းထဲ၌ တမန်တော်မြတ် S နှင့် ပတ်သက်သော အောက်ဖော်ပြပါ ရေးသားချက်ကို သူဖတ်ရှုခဲ့ရကြောင်း သတင်းပေးထားပါသည်။ အင်နဂျီလ်ကျမ်းပါ ဖော်ပြချက်မှာ-

"သူသည် အရပ်အားဖြင့် မြင့်လည်းမမြင့်၊ နိမ့်လည်းမနိမ့်ပါ။ အသားအရေလတ်ပြီး ဆံကေသာကို အလယ်မှ ခွဲကာ ဘေးတစ်ဖက်စီတွင် ဆံခွေတစ်ခွေရှိသည်။ သူ၏ ခန္ဓာကိုယ်ပေါ်၌ ပခုံးနှစ်ဖက်ကြားတွင် တမန်တော်ဖြစ်ခြင်း အမှတ်တံဆိပ်ပါလိမ့်မည်။ သူသည် အလှူများကို လက်မခံပါ။ ကုလားအုတ်ကို ကိုယ်တိုင် စီးနင်းမောင်းနှင်ပါလိမ့်မည်။ ၎င်းနောက် ဆိတ်နို့ကိုလည်း ကိုယ်တိုင်ညှစ်ပါလိမ့်မည်။ ထိုနောက်သူသည် ဖာထေးထားသော အဝတ်အစားကို ဝတ်ဆင်ပါလိမ့်မည်။ သူသည် တမန်တော်အိစ်မာအီလ်၏ မျိုးရိုးစဉ်ဆက်ထဲက ဖြစ်ပါလိမ့်မည်။ သူ၏နာမည်မှာ အဟ်မဒ်ဖြစ်ပါလိမ့်မည်" ဟူ၍ဖြစ်သည်။

ဂျူးလူမျိုးများ၏ ကြီးကျယ်သော ပညာရှင်တစ်ဦးဖြစ်သော စိုက်ယိဒနာ အိဗ်နစလာမ်၏ ခိုင်လုံသော သက်သေခံချက်အရ အိဗ်နေ့စာဒ်က သူ၏ 'သဗာကသ်' ကျမ်းထဲတွင်လည်းကောင်း၊ ဒါရ်ရီမီက သူ၏မုစ်နဒ် ကျမ်းထဲတွင်လည်းကောင်း၊ ဗိုင်ဟကီကသူ၏ ဒလာအီအလ်နဗူဝသ်ကျမ်းတွင်လည်းကောင်း တင်ပြထားကြပါသည်။ ယင်းတင်ပြချက်ထဲ၌ တမန်တော်မြတ် S နှင့် ပတ်သက်သော အောက်ဖော်ပြပါရေးသားချက် သောင်ရာသ်ကျမ်းထဲ၌ ပါဝင်

ကြောင်း အိပ်နုစလာမ်က ပြောပါသည်။ သောင်ရာသ်ကျမ်းပါ ရေးသားချက်မှာ-

> အို-တမန်တော်၊ ငါအရှင်သည် အသင့်အား ကမ္ဘာပေါ်ရှိ တိုင်းပြည်အားလုံးအတွက် သက်သေအဖြစ် လည်း ကောင်း၊ ဖြောင့်မတ်မှန်ကန်သူတို့အတွက် ကောင်းသတင်းသယ်ဆောင်လာသူ အဖြစ်လည်းကောင်း၊ မမှန်မကန်ပြုသူ များကို သတိပေးသူအဖြစ်လည်းကောင်း၊ စာပေမတတ်မြောက်သော အရပ်အမွှေယင်များ အတွက်စောင့်ရှောက်သူ အဖြစ် လည်းကောင်း စေလွှတ်တော်မူခဲ့ပါသည်။ အသင်သည် ငါအရှင်မြတ်၏ တမန်တော်နှင့် ကျေးကျွန်တစ်ပါးလည်း ဖြစ်ပါသည်။ ငါအရှင်သည် အသင့်အား မုသဝဒ်ကိလ် (အလ္လာဟ်အရှင်မြတ်အား ယုံပုံအပ်နှံသူ ဟူသော အမည်ပေးသနား တော်မူသည်။ အသင်သည် မာကျောသော သဘောထားလည်းမရှိ၊ အချင်းလည်းမများ၊ စျေးများတွင် အော်ဟစ်ဆူညံ သူများလည်း မလုပ်ပါ။ အသင်မကောင်းမှုကို မကောင်းမှုဖြင့် မတုံ့ပြန်ပါ။ အသင့်အား မကောင်းမှုပြုလုပ်သူများကို အသင်သည် ခွင့်လွှတ်သည် (သို့မဟုတ်) လျစ်လျူရှုသည်။ အလ္လာဟ်အရှင်မြတ်သည် သူ့အား ကောက်ကျစ်သောသူများ၊ အလ္လာဟ် အရှင်မြတ်ကို သီးသန့် မယုံကြည်သမျှ၊ မျက်စိကွယ်နေသူများ အမြင်ပြန်မရသမျှ၊ နားပင်းနေ သောသူများ အကြား အာရုံပြန်မရသမျှ၊ ပိတ်ဆို့နေသော နှလုံးသားများ မပွင့်သမျှ သေစေလိမ့်မည် မဟုတ်ပါ” ဟူ၍ဖြစ်သည်။

ဆွဟီးအလ်ဗုခါရီကျမ်းတွင်လည်း စိုက်ယိဒိနာ အမလ်အိပ်နုအားစ်၏ ခိုင်လုံချက်အရ အလားတူ ဖော်ပြချက်မျိုး ပါဝင်ပါသည်။ ထို့ပြင် ရှေးဦးကျမ်းများ ကျမ်းကျင်သူနှင့် ကြီးကျယ်သောပညာရှင် ဝဟာဗ်အိပ်နုမုနာဗီ၏ ခိုင်လုံချက်အရ အလ်ဗိုင်ယကီသည် သူ၏ ဒလာအိလ် အလ်နဗူဝသ်ကျမ်းထဲ၌ အောက်ပါ အဆိုအမိန့်တစ်ခုကို ဖော်ပြထားသည်။

> အလ္လာဟ်အရှင်မြတ်သည် ဇဗူရ်ကျမ်းထဲတွင် တမန်တော်ဒါဝူဒ် [a] အား အသိပေးထားသည်မှာ “အို-ဒါဝူဒ် အသင်၏နောက်၌ တမန်တော်တစ်ပါးပွင့်ပါလိမ့်မည်။ သူ၏နာမည်သည် အဟ်မဒ်ဖြစ်ပါလိမ့်မည်။ ငါအရှင်မြတ်သည် သူ့အား အဘယ်သောအခါမျှ မနှစ်သက်မည် မဟုတ်ပါ။ သူကလည်း ငါအရှင်အား ဘယ်သောအခါမျှ မနာခံမည် မဟုတ်ပါ။ ငါအရှင်သည် သူ၏အမှေများ၊ အမှားများအလုံးစုံကို ခွင့်လွှတ်ခဲ့ပြီးဖြစ်ပါသည်။ ငါအရှင်သည် အစောပိုင်းက တမန်တော်များ၏ လူများအပေါ်၌ ချမှတ်ထားသကဲ့သို့ သူ၏လူများအပေါ်၌ ဖရိဇ်နှင့် နဖိလ်နမားဇ်များ အမိန့်ပေးထားခဲ့ပါသည်။ တရားစီရင်မည့်နေ့၌ အစောပိုင်း တမန်တော်များ၏ လူများတွင်ရှိသော အလင်းရောင်များကဲ့သို့သော အလင်းရောင်ဖြင့် အလ္လာဟ်အရှင်ရှေ့တော်သို့ ဝင်ရောက်ကြပါလိမ့်မည်။ အို-ဒါဝူဒ်၊ ငါအရှင်သည် အခြားသော တမန်တော်များ၏ လူတို့ထက် မုဟမ္မဒ်နှင့်သူ၏လူများအား သာလွန်ကောင်းမွန်ခြင်းတို့ဖြင့် ကောင်းချီးပေးထားပါသည်။ ငါအရှင်သည် အစောပိုင်းက လူများအား မပေးခဲ့သော အခွင့်အရေး ခြောက်မျိုးကို အထူးအလျော့ပေးမှုများဖြင့် ဤသူများအား ကောင်းချီးပေးထားပါသည်။ ထိုသူတို့သည် ၎င်းတို့၏အမှုမဲ့၊ အမှတ်မဲ့ ချန်လှပ်ခဲ့ခြင်းများတို့အတွက် အပြစ်ဒဏ်ခတ်ခြင်း ခံရလိမ့်မည်မဟုတ်ပါ။ အကယ်၍သာ ၎င်းတို့သည် မရည်ရွယ်ဘဲ ကျူးလွန်ခဲ့သော ပြစ်မှုဂုနာဟ်များ အတွက် ငါအရှင်မြတ်ထံ ခွင့်လွှတ်မှု တောင်းခံခဲ့ပါလျှင် ငါအရှင် ခွင့်လွှတ်

တော်မူမည်။ ငါအရှင်၏လမ်းတော်အတွက် ၎င်းတို့ စိတ်ရော ကိုယ်ပါ သုံးစွဲခဲ့သော ငွေကြေးများ အတွက် ဤကမ္ဘာမှာပင် ထိုသူများအား အဆပေါင်း များက်များစွာ ငါအရှင် ချီးမြှင့်ပါမည်။

اِنَّا لِلّٰهِ وَاِنَّا اِلَيْهِ رَاجِعُوْنَ ကိုဖတ်ရွတ်သရဇ္ဈာယ်သူများသည် အချို့သောဒုက္ခများနှင့် ကြုံတွေ့ရသောအခါ ငါအရှင်သည် ထိုသူတို့၏ ဒုက္ခများကို ငါအရှင်၏ ကောင်းချီးမင်္ဂလာများ၊ သနားကြင်နာခြင်းများအဖြစ် ပြောင်းလဲတော်မူမည်။ ၎င်းနောက် ဂျန္နသ်သို့ရောက်စေမည်။ ငါအရှင်၏ လမ်းညွှန်မှုလည်း ဖြစ်စေမည်။ ငါအရှင်သည် ထိုသူတို့၏ တောင်းဆုဒုအာ များကို လက်ခံတော်မူမည်။ တစ်ခါတစ်ရံ သူတို့တောင်းဆိုမှုများကို ပေးသနားတော်မူ၍ တစ်ခါတစ်ရံ ထိုတောင်းဆု ဒုအာများကို သိမ်းဆည်းထားကာ တရားစီရင်မည့်နေ့၌ ပေးသနားတော်မူမည်။

(ရူဟုလ်မအာနီ)

အထက်တွင် ဖော်ပြထားသည်တို့မှာ ထိုကဲ့သို့သော ရာပေါင်းများစွာသော ဟဒီးဆ်တို့အနက်မှ အနည်းငယ်သာဖြစ်သည်။ ယင်းတို့အား ဘာသာရေးဆိုင်ရာ ပညာရှင်များက သီးသန့်အတွဲများခွဲ၍ စုဆောင်း ထားခဲ့ကြသည်။ ထိုပညာရှင်များအနက် အိန္ဒိယပြည်မှ ရှိုက်ခ်ရာဟ်မတ်သွလ်လာဟ်ကိုင်ရန်နဝီသည် ဤအကြောင်းအရာကို သူ၏ ကျမ်းစာအုပ် အိဇိဟာရွလ်ဟက်ထဲတွင် ပြည့်ပြည့်စုံစုံ ဆွေးနွေးတင်ပြထားသည်။ ဂျူးနှင့်ခရစ်ယာန် ဘာသာဗေဒ ပညာရှင်တို့ မြောက်များစွာသော ပြုပြင်ပြောင်းလဲမှုများနှင့် လိုရာဆွဲ၍ ရေးသားချက်များကြောင့် မူရင်းမဟုတ်သော ခေတ်သစ်ဘိုင်ဗယ်ကျမ်းထဲမှ တမန်တော်မြတ် S နှင့်ပတ်သက်သော ရေးသားချက်တို့၏ သီးသန့် ဥပဒေတို့ကို အထက်ပါကျမ်းရှင်က သူ့စာအုပ်တွင် ရေးသားဖော်ပြထားသည်။ ဤမှတ်သားဖွယ်ရာ လုပ်ရပ်အား အူရဏ္ဍဘာသာပြန်ဖြင့် ပါကစ္စတန်တွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။[1] (မော်လာနာသကီးအုဆ်မာနီက ဤစာအုပ်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကာ အတွဲသုံးတွဲအဖြစ် အင်္ဂလန်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။)

သောင်ရာသ်ကျမ်းနှင့် အင်နှ်ဂျီးလ်ကျမ်းတွင် ပါဝင်သော တမန်တော်မြတ် S နှင့် ပတ်သက်သည့် ရေးသား ဖော်ပြချက်များတွင် အချို့သောထပ်ဆောင်း ပင်ကိုအရည်အသွေးများ ပါဝင်ပါသည်။ ယင်းတို့ အနက်မှ လူအများအား ကောင်းသည်ကို ညွှန်ကြား၍ မကောင်းသည်များကို မြစ်တားခြင်းဆိုသည်မှာ တမန်တော်မြတ် S ၏ ပင်ကိုအရည် အသွေးတစ်ခုဖြစ်ပါသည်။ اَمْرٌ بِالْمَعْرُوْفِ وَنَهْىٌ عَنِ الْمُنْكَرِ အရဗီအသုံးအနှုန်း **معروف** "မအ်ရူဖ်"သည် ဝေါဟာရ အရ မှတ်မိခြင်း အသိအမှတ်ပြုခြင်း (သို့မဟုတ်) သိရှိခြင်းဟု ဖော်ညွှန်းပါသည်။ **منكر** "မွန်ကရ်" ဟူသည်မှာ သူစိမ်းတစ်ရံ (သို့မဟုတ်) မမှတ်မိခြင်းဟု ရည်ညွှန်းပါသည်။ ဆိုလိုသည်မှာ "မအ်ရူဖ်" သည် အစွလာမ်ဘာသာ၌ သိရှိပြီး အသိအမှတ် ပြုထားသောလုပ်ရပ်များကို ရည်ညွှန်းပါသည်။ "မွန်ကရ်"သည် မသိရှိ၊ အသိအမှတ် မပြုသော လုပ်ရပ်များကို ရည်ညွှန်း ပါသည်။ ဤသည်က ညွှန်းသည်မှာ အစွလာမ်ဘာသာ၏ ပထမရာစုနှစ်အတွင်းရှိ လူအများ၊ အသိအမှတ်ပြုပြီး (သို့မဟုတ်) သိရှိနားလည်ပြီးသော လုပ်ရပ်များကိုသာ ကောင်းသောလုပ်ရပ်များဟု မှန်ယူပါလိမ့်မည်။ သို့မဟုတ်ပါမူ ထိုလုပ်ရပ် အား "မွန်ကရ်" သို့ ငြင်း ပယ်သည်ဟု ခေါ်တွင်ပါလိမ့်မည်။ ဤသည်က ကျွန်ုပ်တို့အား နားလည်သဘောပေါက်စေသည်မှာ ဆွဟာဗဟ်ကြီးများနှင့် သာဗိအီန်ကြီးများ လက်ခံအတည်ပြုခဲ့ခြင်း မရှိခဲ့သော မည်သည့်လုပ်ရပ်ကိုမဆို မည်သို့ပင် နှစ်လိုဖွယ်(သို့မဟုတ်) အကောင်းဖြစ်ပါစေ။ ယင်းကို ကောင်းသော လုပ်ရပ်ဟု

1/ မှတ်စု။ အလ္လာဟ်အရှင်မြတ်၏ အသနားတော်ဖြင့် ကျွန်ုပ်သည် ဤဂုဏ်ယူဖွယ်ရာ ကောင်းသည့် စာအုပ်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ပါသည်။ ပြန်ဆိုထားသည့် စာအုပ်အတွဲသုံးတွဲကို အင်္ဂလန်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်( ဘာသာပြန်ဆိုသူ)

မမှတ်ယူနိုင်ပါ။ ထို့ကြောင့် ခိုင်လုံသော ဟဒီးဆ်များ၊ ဆွဟာဗဟ်များ၊ သာဗိအီန်များက လက်ခံအတည်ပြုခြင်း မရှိခဲ့သော လုပ်ရပ်တို့အား مُحَدَّثَاتُ الْأُمُوْر သို့မဟုတ် "ဗိဒ်အသ်" (တရားသစ်တီထွင်ခြင်း) ဟု အမည်ပေးထားသည်။ အာယသ်တော်၏နောက် စကားစုထဲတွင် တမန်တော်မြတ် S အား လူအများကို ကောင်းမှု ဘက်သို့ ဖိတ်ခေါ်ခြင်းနှင့် မကောင်းမှုတို့မှ မြစ်တားခြင်းဆိုသည့် ပင်ကိုအရည်အသွေး ပိုင်ဆိုင်ကြောင်း ဖော်ပြထား ပါသည်။ အာယသ်(၇း၁၅၇) က يَأْمُرُهُمْ بِالْمَعْرُوْفِ وَ يَنْهَاهُمْ عَنِ الْمُنْكَرِ "ယင်းရစူလ် နဗီတမန်တော်မြတ်သည် ထိုသူတို့အား ကောင်းမှုသုစရိုက်များကို (ပြုလုပ်ကြရန်) ညွှန်ကြားသည့် အပြင် မကောင်းမှုဒုစရိုက်မှ ကြဉ်ရှောင်ကြရန် မြစ်တားလေသည်" ဟု မိန့်ထားသည်။

ဤပင်ကိုအရည်အသွေးသည် အားလုံးသော နဗီတမန်တော်များတွင် ရှိပါသည်။ ရှိရိုမည့် အကြောင်းမှာ လူအများအား ကောင်းမှုပြုလုပ်ကြရန် ညွှန်ကြားခြင်းနှင့် မကောင်းမှုများမှ မြစ်တားခြင်းသည် အလွှာဟ်အရှင်မြတ်က ၎င်းတို့အား နဗီတမန်တော်အဖြစ် ခန့်အပ်ရခြင်း၏ ရည်ရွယ်ချက်ပင်ဖြစ်ပါသည်။ ဤပင်ကိုအရည်အသွေးသည် တမန်တော်မြတ် S ၏ ပေါ်လွင်ထင်ရှားသော အဂ်ါရပ်ဟု ဖော်ပြရာတွင် အချို့သောအကြောင်းအချက် ရှိရိုပါမည်။ တမန်တော်မြတ်၏ ထိရောက်သော ဟောပြောနည်းနှင့် လူအများအား ၎င်းတို့၏ စိတ်နေစိတ်ထားအလိုက် ပြောဆိုမှု တို့ကို အနည်းငယ်မျှတွေးတောရုံဖြင့် ပေါ်လွင်ထင်ရှားမှု ပြသရန်လုံလောက်ပါသည်။ ကုလားအုတ်များနှင့် ဆိတ်များကို ထိန်းကျောင်းရုံမှအပ မည်သည်ကိုမျှ နားမလည်ဘဲ သဲကန္တာရတွင် လှည့်လည်နေသော အရစ်များအား ရှုပ်ထွေးပြီး စေ့စေ့စပ်စပ်တွေးခေါ်ရသော အယူအဆများကိုပင် အားမစိုက်ရဘဲ နားလည်သဘောပေါက်အောင် လွယ်ကူပြီး ရှင်းလင်းသော အသုံးနှုန်းများသုံးနှုန်းကာ နားလည်သဘောပေါက်စေပါသည်။ တမန်တော်မြတ် S ထိုအချိန်အခါက အင်အားကြီးနိုင်ငံများဖြစ်သော ရောမ၊ ပါရှားနှင့် အခြားသောတိုင်းပြည်တို့မှ ကိုယ်စားလှယ်များအား လက်ခံ တွေ့ဆုံလေ့ရှိပါသည်။ ထိုသူတို့သည် ၎င်းတို့အား အလွယ်တကူ နားလည်သဘောပေါက်စေရန်အတွက် တမန်တော်မြတ် S ၏ တီထွင်ဉာဏ်ကောင်းသောချဉ်းကပ်မှုအား အလွန်အထင်ကြီးကြပါသည်။သူ၏စကားကို အခြားသူများက အလေးအနက်ထားစေသောအလွှာဟ်အရှင်မြတ်ပေးသနားသည့်တမန်တော်မြတ် S ၏အစွမ်းသည် သမားရိုးကျမဟုတ်သော ထူးဆန်းအံ့ဖွယ်ရာ တစ်ရပ်ဖြစ်ကြောင်း သူ၏ရန်သူများကပင်လျှင် အသိအမှတ်ပြုကြပါသည်။ သောင်ရာသ်ကျမ်းတွင် ဖော်ပြထားသော နောက်ပင်ကိုအရည်အသွေးတစ်ခုမှာ အလွှာဟ်အရှင်မြတ်သည် တမန်တော်မြတ် S မှတစ်ဆင့် မျက်မမြင်များအား အမြင်စွမ်းအားရရှိစေရန်လည်းကောင်း၊ ပိတ်ဆို့ထားသော နှလုံးသားများအား ပွင့်စေရန်ကိုလည်းကောင်း ပြုလုပ်ပါလိမ့်မည်။ ဤသည်က တမန်တော်မြတ် S ၏ အရာရာတိုင်းအား လွယ်လင့်တကူ နားလည်သဘောပေါက်စေရန် ထိမိသော ဟောကြားမှုကို ရည်ညွှန်းနိုင်ပါသည်။

လက်ရှိဆွေးနွေးနေသော အာယသ်တော်ထဲတွင် တမန်တော်မြတ် S သည် သူ၏လူများကို သန့်ရှင်းစင်ကြယ်သော အစားအစာများကိုစားစေကာ မသန့်ရှင်းသောအရာများမှ တားမြစ်လိမ့်မည်ဟူသော ဒုတိယပင်ကိုအရည်အသွေးကို ဖော်ပြထားသည်။ အမှန်မှာ ကောင်းမွန်ပြီး သန့်စင်သည့် အရာများအား အစွမ်းရေးလ်အမျိုးသားတို့အား ပြစ်ဒဏ်ခတ်သည့်အနေဖြင့် ပိတ်ပင်ထားခဲ့သော်လည်း တမန်တော်မြတ် S သည် ကိုယ်တော်၏လူများအား ခွင့်ပြုလိမ့်မည်ဟု ဤသည်က ရည်ညွှန်းပါသည်။ ပမာဆိုသော် အစွမ်းရေးလ် အမျိုးသားတို့အား ပြစ်မှုလုပ်ရပ်တို့အတွက် ပြစ်ဒဏ်ခတ်သည့်အနေဖြင့် ခွင့်ပြုသောတိရစ္ဆာန်တို့၏အဆီအား စားသုံးခြင်းကို ပိတ်ပင်ထားသည်။

ပမာဆိုသော် စနစ်တကျ လည်လှီးသတ်ဖြတ်ထားသော တိရစ္ဆာန်တစ်ကောင်၏အဆီကို အစွေးလ်လူမျိုးများအတွက် ပိတ်ပင်ထားသော်လည်း တမန်တော်မြတ် ﷺ သည် မုစ်လင်မ်တို့အား ခွင့်ပြုခဲ့ပါသည်။ မသန်ရှင်းသောအရာများ၏ ဥပမာများမှာ-သွေး၊ အသေကောင်၊ သေရည်သေရက်နှင့် အားလုံးသောတားမြစ်ထားသည့် တိရစ္ဆာန်များ ပါဝင်ပါသည်။ ဤသည်တွင် ခွင့်မပြုသော လောင်းကစားခြင်း၊ အတိုးနှင့် လာဘ်ပေးလာဘ်ယူတို့မှ ရရှိသောဝင်ငွေတို့သည်လည်း အကျုံးဝင်ပါသည်။ (အလ်စီရားဂျ်အလ်မုနီရ်) အချို့သောပညာရှင်များက မကောင်းမှုဒုစရိုက်နှင့် မကောင်းသောအပြုအမူတို့သည်လည်း မသန်ရှင်းသော အရာများတွင် အကျုံးဝင်သည်ဟုဆိုပါသည်။

နောက်အာယသ်တော်ထဲတွင် တမန်တော်မြတ် ﷺ ၏ တတိယပင်ကိုအရည်အသွေးကို ဖော်ပြကာ **وَ يَضَعُ عَنْهُمْ اِصْرَهُمْ وَ الْاَغْلٰلَ الَّتِيْ كَانَتْ عَلَيْهِمْ** "ထိုမှတစ်ပါး ထိုသူတို့အပေါ်၌ (ယခုတိုင်အောင်) တည်ရှိနေသော ဝန်နှင့်လည်ကွင်းများ (အတုပ် အနောင်များ) ကိုလည်း ၎င်းတို့အပေါ်မှ ချ၍ပေးလေသည်"ဟူ၍ မိန့်ထားသည်။

အရဗီစကားလုံး **اصر** "အိဆ်ရ်"သည် လူပ်ရှားမှုကို ရပ်တန့်စေနိုင်လောက်သော၊ လေးလံသော ဝန်ထုပ်ဝန်ပိုးကို ခေါ်ပါသည်။ ၎င်းနောက် **اغلال** "အဂ်လာလ်" ဟူသောစကားလုံးသည် **غل** "ဂွလ်"ဟူသော စကားလုံး၏ ဗဟုဝုစ်ကိန်းဖြစ်ကာ ရာဇဝတ်သားတစ်ဦး၏ လက်များကို လည်ပင်းဖြင့်တုပ်နှောင်ရန် အသုံးပြုသည့် လက်ထိတ်များ (သို့မဟုတ်) လည်ကွင်းများကို ရည်ညွှန်းသည်။ ယင်းစကားလုံးနှစ်လုံးသည် ပြစ်ဒဏ်ခတ်ခြင်းကိုသာ ရည်ညွှန်းပါသည်။ ယင်းတို့သည် ဘာသာရေးဆိုင်ရာ လိုအပ်ချက်မဟုတ်ပါ။ ပမာဆိုသော် အဝတ်စတစ်စတွင် အညစ်အကြေးစွန်းထင်းနေပါက စွန်းထင်းသည့်နေရာမှ ဖြတ်တောက်ပစ်ရန်ဟူသည်မှာ အစွေးလ်လူမျိုးများအတွက် အရေးကြီးသော လိုအပ်ချက် ဖြစ်ပါသည်။ ဆေးကြောသန့်စင်ပစ်ရန် ဆိုသည်မှာ ၎င်းတို့အား ခွင့်မပြုပါ။ အလားတူစွာ မယုံကြည်သွေဖည် သူများထံမှ သိမ်းပိုက်ခဲ့သော စစ်အောင် နိုင်ပစ္စည်းများအား လောင်ကျွမ်းစေပါသည်။ ထိုသူများကို ဥပုသ် (စနေနေ့)တွင် အမဲလိုက်ခွင့်မပြုပါ။ ပြစ်မှုဂုနာဟ်ကျူးလွန်သော လူသား၏ကိုယ်ခန္ဓာ အစိတ်အပိုင်းတို့အား ဖြတ်တောက်ပစ်ရန် လိုအပ်ပါသည်။ လူသတ်မှုသည် ရည်စူးလျက်ဖြစ်စေ၊ မှားယွင်း၍ဖြစ်စေ၊ မည်သို့သော သဘောသဘာဝရှိပါစေ လူသတ်သမားသည် လက်စားချေသည့်အနေဖြင့် မလွဲမသွေ သတ်ဖြတ်ခြင်း ခံရပါမည်။ ၎င်းတို့အတွက် အသက်ဖိုး ပေးလျော်ခြင်းဖြင့် တရားဝင် လွတ်ငြိမ်းချမ်းသာခွင့် မရှိပါ။

အထက်တွင် ဖော်ပြခဲ့သော ပြင်းထန်သည့် အမိန့်ပညတ်တို့အား ဤအာယသ်တော်ထဲတွင် ဝန်ထုပ်ဝန်ပိုးနှင့် လည်ကွင်းများအနေဖြင့် မှတ်ယူထားပါသည်။ တမန်တော်မြတ်ကြီးသည် ထိုကဲ့သို့သော အမိန့်ပညတ်တို့အား ပယ်ဖျက်ရုပ်သိမ်းပါလိမ့်မည်။ ၎င်းနောက်ထိုသူတို့အား လွယ်လွယ်ကူကူ လိုက်နာနိုင်သော အမိန့်ပညတ်များနှင့် အစားထိုးပါလိမ့်မည်ဟု မိန့်ကြားထားပါသည်။ ဤအကြောင်းနှင့်ပတ်သက်၍ အစွေလာမ် ရှရီအသ်၏အမြင်ကို တမန်တော်မြတ် ﷺ က ဟဒီးဆ်တော်တစ်ပုဒ်ထဲတွင် မိန့်ကြားထားသည်မှာ "လေးလံ၍ ဝန်ကျယ်ခြင်းလည်းမရှိ၊ လမ်းမှားသို့လည်း မရောက်စေနိုင်သော လွယ်ကူပြီးလုပ်ဆောင်နိုင်သည့် ဥပဒေတစ်ရပ်ကို လူအများအတွက် တမန်တော်မြတ် ﷺ ထားရစ်ခဲ့ပါသည်" ဟုမိန့်ထားသည်။ အခြားဟဒီးဆ်တော် တစ်ပုဒ်ထဲတွင် တမန်တော်မြတ် ﷺ က **اَلدِّيْنُ يُسْرٌ** "ဒီန် (အစွေလာမ်) သည် လွယ်ကူပါသည်" ဟု မိန့်ထားသည်။

တမန်တော်မြတ် ﷺ ၏ ပင်ကိုအရည်အသွေး အချို့ကိုဖော်ပြပြီးသည့် နောက်တွင် အာယသ်တော်က -

**فَالَّذِيْنَ اٰمَنُوْا بِهٖ وَ عَزَّرُوْهُ وَ نَصَرُوْهُ وَ اتَّبَعُوا النُّوْرَ الَّذِيْٓ اُنْزِلَ مَعَهٗٓ اُولٰٓئِكَ هُمُ الْمُفْلِحُوْنَ**

"သို့ဖြစ်ပေရာ အကြင်သူတို့သည် ထိုရစူလ်နဗီတမန်တော်မြတ်အား ယုံကြည်ခဲ့ကြလေသည်။ ၎င်းပြင် ထိုရစူလ်နဗီတမန်တော်မြတ်အား ကာကွယ်စောင့်ရှောက်ခဲ့ကြလေသည်။ ထိုမှတစ်ပါး ထိုရစူလ် နဗီတမန်တော်မြတ်အား ကူညီရိုင်းပင်းခဲ့ကြလေသည်။ ထို့ပြင် ထိုရစူလ် တမန်တော်မြတ် နှင့်အတူ ကျရောက်လာသော (ကုရ်အာန် ကျမ်းတော်မြတ်တည်း ဟူသော) လင်းရောင်ခြည်ကို လည်း လိုက်နာခဲ့ကြလေသည်။ ထိုသူတို့သည်သာလျှင် အောင်မြင်သော သူများ ဖြစ်ကြကုန် သတည်း" (၇း၁၅၇) ဟုမိန့်ကြားထားသည်။

အောင်မြင်မှုရရှိရန်အတွက် ဤအာယသ်တော်က အခြေအနေလေးရပ် ပြဋ္ဌာန်းထားပါသည်။ ယင်းတို့မှာ တမန်တော်မြတ် S အား သက်ဝင်ယုံကြည်ခြင်း၊ ၎င်းအား ရိုသေလေးစားခြင်း၊ တမန်တော်မြတ် S အား ကူညီရန် အဆင်သင့်ဖြစ်ခြင်းနှင့် ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ပညတ်ချက်များကို လိုက်နာကျင့်သုံးခြင်းတို့ဖြစ်ပါသည်။

ဤအာယသ်တော်ထဲတွင် ရိုသေလေးစားခြင်းဆိုသည့်အတွက် သုံးစွဲထားသောစကားလုံးမှာ **عزّروه** "အဇ်ဇရွဟ်" ဟူသော စကားလုံးသည် "သအ်ဇီရ်" မှ ဆင်းသက်လာပါသည်။ စာပေဝေါဟာရအနေဖြင့် တစ်စုံတစ်ဦး အား တစ်စုံတစ်ခုလုပ်ဆောင်ခြင်းကို ချစ်ခင်မြတ်နိုးခြင်းတို့ဖြင့် ဟန့်တားကာ ၎င်းအား ကာကွယ် စောင့်ရှောက်ခြင်းဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ စိုက်ယိဒိနာ အဗ်ဒွလ္လာဟ်အိဗ်နုအဗ္ဗာစ်က ယင်းစကားလုံးကို ရိုသေလေးစားခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။ အလ်မုဗာရက်က ယင်းစကားလုံးသည် ရိုသေလေးစားမှု၏ အမြင့်မားဆုံးအဆင့်ကို ဖော် ညွှန်းသည်ဟု မှတ်ချက်ပြုခဲ့ပါသည်။ အာယသ်တော်က ရည်ညွှန်းသည်မှာ အမြဲထာဝရ အောင်မြင်မှုရရှိရန် ဆိုသည့် ပန်းတိုင်ကို မျှော်မှန်းသူတို့သည် တမန်တော်မြတ် S အား ချစ်ခင်ရိုသေရုံသာမက ၎င်း၏ရန်သူများမှ ကာကွယ်ပေးရန် အမြဲအဆင်သင့် ဖြစ်နေကြပါသည်။ တမန်တော်မြတ် သက်ရှိထင်ရှားရှိနေစဉ် တမန်တော်မြတ် S အား ကူညီခြင်း ဆိုသည်မှာ တမန်တော်မြတ် S ကိုယ်တော်တိုင်နှင့် ပတ်သက်ပါသည်။ သို့ရာတွင် တမန်တော်မြတ် S မရှိသည့်နောက် သူ၏သတင်းစကား (သို့မဟုတ်) အစ္စလာမ်ရှရီအသ်အား ပံ့ပိုးခြင်းဆိုသည့် အကူအညီပေးခြင်းသည် တမန်တော် မြတ် S အား အကူအညီပေးသကဲ့သို့ပင် ဖြစ်သွားပါတော့သည်။

ကျမ်းတော်မြတ်အား "လင်းရောင်ခြည်" ဟူသောစကားလုံးဖြင့် ရည်ညွှန်းထားခဲ့ပါသည်။ "လင်းရောင်ခြည်" သည် ယင်းတည်ရှိမှုအတွက် အပြင်ပန်းသက်သေပြချက် မလိုအပ်သကဲ့သို့ ကုရ်အာန် ကျမ်းတော်မြတ်သည်ပင်လျှင် အလ္လာဟ်အရှင့် မိန့်ကြားချက်ဖြစ်ကြောင်းနှင့် အလ္လာဟ်အရှင်မြတ်ထံတော်မှဖြစ်ကြောင်း ထင်ရှားသော သက်သေပြ ချက်ဖြစ်ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် အသိဉာဏ်ပညာ နှင့်စကားလုံး အသုံးအနှုန်း၊ အရေးအဖွဲ့ကောင်းခြင်း တို့သည် အဆင့်မြင့်ဆုံးအထိပါ၏။" နေ၏အလင်းရောင်သည် ပေါ်လွင်ထင်ရှားသည် ဆိုခြင်းကို သက်သေပြရန် မလိုသကဲ့သို့ ဤတွင်လည်း သက်သေပြရန်မလိုအပ်ပါ။ ယင်းကို စာပေမတတ်သောသူတစ်ဦးက ပြောကြားခြင်းသည် ကပင် သက်သေပြရန် သာပို၍ မလိုပါ။ အလင်းရောင်သည် ပင်ကိုအားဖြင့် လင်းဝင်းရုံမျှမက အမှောင်တွင် လင်းဝင်းစေ နိုင်သော ဂုဏ်သတ္တိများရှိသကဲ့သို့ပင် ကုရ်အာန်ကျမ်းတော်မြတ်မှာ အမှောင်ထဲတွင် လမ်းပျောက်နေသော လူသားကို အသိဉာဏ်အလင်း ရစေပါသည်။

## စွန္ဒသ်တော်၏အရေးပါမှု

လက်ရှိဆွေးနွေးသော အာယသ်တော်သည် "အကြင်သူတို့သည် အကြင်စာပေမတတ်သော ရစူလ် နဗီ တမန်တော်မြတ်၏ (အမိန့်တော်များ) ကို လိုက်နာကြကုန်၏" ဟူသောစကားလုံးများဖြင့် စတင်ကာ "ထိုရစူလ်နဗီတမန်တော်မြတ်နှင့်အတူ ကျရောက်လာသော (ကုရ်အာန်ကျမ်းတော်မြတ်တည်းဟူသော) လင်းရောင်ခြည်ကိုလည်း လိုက်နာခဲ့ကြလေသည်" ဟူသောစကားစုဖြင့် အဆုံးသတ်ထားပါသည်။ ပထမ စကားစုသည် တမန်တော်မြတ် ﷺ သခင်အား နာခံလိုက်နာရန် အမိန့်ပေးထားသကဲ့သို့ ဒုတိယစကားစုသည် ကုရ်အာန်ကျမ်းတော်မြတ်ပါ အမိန့်ပညတ်ချက်များကို နာခံလိုက်နာရန် အမိန့်ပေးထားသည်။ ဤသည်က ရည်ညွှန်းသည်မှာ ထာဝရကယ်တင်ခံရခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်နှစ်ရပ်စလုံးအား နာခံလိုက်နာမှုပေါ် တည်မှီနေပြီး တမန်တော်မြတ်အား နာခံ လိုက်နာမှုရရှိစေရန် တစ်ခုတည်းသောနည်းမှာ တမန်တော်မြတ် ﷺ သခင်၏ ဘဝနေထိုင်နည်းဖြစ်သော စွန္ဒသ်တော်ကို လိုက်နာကျင့်သုံးရန်ဖြစ်ပါသည်။

## တမန်တော်မြတ် ﷺ အား ချစ်ခင်လေးစားခြင်း၏ အဓိကကျမှု

**عَزَّرُوهُ وَنَصَرُوهُ** "၎င်းပြင် ထိုရစူလ်တမန်တော်မြတ်အား ကာကွယ်စောင့်ရှောက်ခဲ့ကြလေသည်၊ ထိုမှတစ်ပါး ထို ရစူလ်နဗီတမန်တော်မြတ်အား ကူညီရိုင်းပင်းခဲ့ကြလေသည်" ဟူသောစကားစုအား အထက်ဖော်ပြပါ ဝါကျနှစ်ခုကြားတွင် ထားရှိခြင်းက တမန်တော်မြတ် ﷺ သခင်အား ရိုသေလိုက်နာခြင်းတို့သည် အဆင့်မြင့်အရာရှိတစ်ဦးကို လိုအပ်ချက်အရ ရိုသေလိုက်နာမှုပြသခြင်းနှင့် မတူညီကြောင်း ဖော်ညွှန်းပါသည်။ ဤရိုသေလေးစားမှုသည် စကားလုံး၏ စစ်မှန်သော အနက်အဓိပ္ပာယ်အရ ဖြစ်ရစေမည်။ ယင်းသည်က ချစ်ခင်ခြင်း၊ ရိုသေခြင်းတို့၏ ရလဒ်ဖြစ်ပါမည်။ ဆိုလိုသည်မှာ တစ်စုံတစ်ဦးသည် တမန်တော်မြတ် ﷺ သခင်အား မည်မျှအထိ ချစ်ခင်ရိုသေရပါမည်နည်းဟုဆိုလျှင် ရိုသေလိုက်နာမှုသည် ထိုသူ့အတွက် အချစ်ခင်ဆုံး၊ အနှစ်သက်ဆုံး ဖြစ်သွားရပါမည်။ လူတို့သည် တမန်တော်မြတ် ﷺ သခင်နှင့် ပတ်သက်လာလျှင် အမျိုးမျိုးသော ဆက်နွယ်မှုများရှိကြပါသည်။ သူသည် အလ္လာဟ်အရှင့် တမန်တော်တစ်ပါး၊ ဆရာသခင်တစ်ပါး၊ ခေါင်းဆောင်အုပ်ချုပ်သူတစ်ဦး ဖြစ်ရုံသာမက တစ်ချိန်တည်းမှာပင် အကြီးမြတ်ဆုံး ချစ်ခင်ရမည့် အရာလည်း ဖြစ်ပါသည်။ ထို့ပြင် တမန်တော်တစ်ပါးသည် ကိုယ်တော့်၏လူတို့ထက် အသိဉာဏ်ပညာ၊ ပေါင်းသင်း ဆက်ဆံ ရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာ အပြုအမူတို့သည်မြင့်မားလွန်းလှသောကြောင့် ၎င်း၏လူတို့သည် ရိုသေ လေးစားမှုများ ပြသရပါမည်။

ကျွန်ုပ်တို့၏ တမန်တော်မြတ် ﷺ သခင်ကြီးသည် အထက်ဖော်ပြပါ အချက်အသီးသီးတို့နှင့် ပြီးပြည့်စုံမှုရှိသောကြောင့် တမန်တော် ﷺ သခင်၏ အလုံးစုံသောရာထူး ဌာနန္တရ အနေအထားတို့၏ လိုအပ်ချက်အရ ဆောင်ရွက်ရမည့် တာဝန်များကိုဖြည့်ဆည်းရမည်ဆိုသည်မှာ မုစ်လင်မ်များအားလုံးအတွက် အဓိကဖြစ်စေပါသည်။ ၎င်းအား တမန်တော်တစ်ပါးအနေဖြင့် ယုံကြည်ကြရမည်။ အုပ်ချုပ်သူခေါင်းဆောင်အဖြစ် နာခံကြရပါမည်။ အသိဉာဏ်ပညာကြီးမားသူတစ်ဦးအဖြစ် ရိုသေလေးစားကြရပါမည်။ ထို့နောက် ၎င်းတို့အပေါ်၌ အလွန်ကြင်နာမှုဖြင့် သူ့အား နှစ်နှစ်ကာကာ ချစ်ခင်မြတ်နိုးရမည်။

တမန်တော်မြတ် ﷺ သခင်အား ရိုသေလိုက်နာခြင်းသည် ဘာသာရေးဆိုင်ရာ လိုအပ်ချက်တစ်ရပ် ဖြစ်ရသည်မှာ ယင်းသို့နာခံမှုမရှိပါက သူ့အား စေလွှတ်ခြင်း၏ ရည်ရွယ်ချက်သည် မပြည့်စုံဘဲ ဖြစ်သွားပါလိမ့်မည်။ တမန်တော်မြတ် ﷺ သခင်နှင့်ပတ်သက်၍ အလွန်ဟ်အရှင်မြတ်သည် မုစ်လင်မ်များအပေါ်၌ ထပ်ဆင့်မပြုမနေရ တာဝန်ဝတ္တရားများ အမိန့်ပေးထားပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသော အာယသ်တစ်ခုထဲ၌ وَتُعَزِّرُوْهُ وَتُوَقِّرُوْهُ "ထိုအရှင်မြတ်(၏ သာသနာတော် ရစူလ်တမန်တော်)ကို ကူညီကြအုံ့သောဇာလည်းကောင်း၊ ထိုအရှင်မြတ် (၏ ရစူလ်တမန်တော်)အား ရိုသေကိုင်းရှိုင်းကြအုံ့သောဇာလည်းကောင်း" (၄၈း၉) ဟူသောစကားစုကို ကျွန်ုပ်တို့တွေ့ရှိရပါသည်။ အခြားသော အာယသ်တော် တစ်ခုတည်းတွင်လည်း လူအများအား တမန်တော်မြတ် ﷺ ဟောကြားနေသော စကားသံထက်ပို၍ ကျယ်လောင်သော အသံဖြင့် မပြောရဟု သတိပေးထားပါသည်။ အာယသ်တော်က -

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَرْفَعُوْٓا اَصْوَاتَكُمْ فَوْقَ صَوْتِ النَّبِيِّ

"အို-မုအ်မင်န် သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် မိမိတို့၏ အသံများကို နဗီတမန်တော်၏ အသံထက် မကျယ်မမြင့်စေကြကုန်လင့်" (၄၉း၂) ဟုမိန့်ထားသည်။

အခြားသောအာယသ်တစ်ခုထဲ၌မုစ်လင်မ်များအား يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تُقَدِّمُوْا بَيْنَ يَدَيِ اللّٰهِ وَ رَسُوْلِهٖ "အို-မုအ်မင်န် သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် (မည်သည့်ကိစ္စ၌မဆို) အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်၌လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်၏ ရှေ့တော်၌လည်းကောင်း ရှေ့သို့ မကျော်တက်ကြကုန်လင့်" (၄၉း၁)ဟူသော စကားလုံးများတို့ဖြင့် အကြံပြုထားသည်။

အာယသ်တော်က တမန်တော်မြတ် ﷺ သခင်၏ရှေ့မှောက်တွင် တမန်တော်မြတ် ﷺ စကားစတင်မပြောကြားမီ မည်သူတစ်ဦးတစ်ယောက်ကမျှ စကားစတင်မပြောကြသင့်ကြောင်း မုစ်လင်မ်များအား သတိပေးထားပါသည်။ ဆွဟာဗဟ် ဆာလ်အိဗ်နုအဗ်ဒုလ္လာဟ် d က တမန်တော်မြတ် ﷺ သခင် စကားစတင်မပြောကြားမီ လူများက စတင်မပြောကြရန်နှင့် တမန်တော်မြတ် ﷺ စကားပြောစဉ်တွင် ငြိမ်သက်စွာရှိနေသင့်သည်ဟု ဤအာယသ်တော်က ညွှန်းကြောင်းမှတ်ယူပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသောအာယသ်တစ်ခုထဲ၌ ၎င်းတို့ တစ်ဦးကိုတစ်ဦး ခေါ်ဝေါ်ကြသကဲ့သို့ တမန်တော်မြတ် ﷺ အား ခေါ်ဝေါ်ခြင်းမပြုရန် မုစ်လင်မ်များအား တားမြစ်ထားပါသည်။ အာယသ်တော်က-

لَا تَجْعَلُوْا دُعَآءَ الرَّسُوْلِ بَيْنَكُمْ كَدُعَآءِ بَعْضِكُمْ بَعْضًا

"အသင်တို့သည် ရစူလ်တမန်တော်မြတ်၏ ဖိတ်ခေါ်ခြင်းကို မိမိတို့အကြားဝယ် မိမိတို့အချင်းချင်း တစ်ဦးတစ် ယောက်ကို တစ်ဦးတစ်ယောက်က ဖိတ်ခေါ်သကဲ့သို့ မခေါ်ကြကုန်လင့်" (၂၄း၆၃) က မိန့်ကြားထားသည်။

ကျမ်းတော်မြတ်ကုရ်အာန်က မုစ်လင်မ်များအား အကယ်၍သာ ၎င်းတို့သည် တမန်တော်မြတ် ﷺ အား ရိုသေမှုလျော့နည်းခဲ့ပါလျှင် ၎င်းတို့၏ ကောင်းမှုကောင်းရာလုပ်ရပ်များသည် အချည်းအနှီးဖြစ်သွားလိမ့်မည်ဟု ၎င်းတို့အား သတိပေးထားပါသည်။

သူတို့၏အချိန်အတော်များများတွင် အကျိုးဖြစ်ထွန်းစေရန်အတွက် တမန်တော်မြတ် ﷺ သခင်နှင့် အတူရှိနေသော ဆွဟာဗဟ်ကြီးတို့သည် ကျမ်းတော်မြတ်ကုရ်အာန် ညွှန်ကြားချက်အတိုင်း တမန်တော်ကြီးအပေါ် ရိုသေ

လေးစားမှု ထားရှိခဲ့ကြပါသည်။ ဤအာယသ်တော်ကျရောက်ပြီးသည့်နောက် စိုက်ယိဒိနာ အဗူဗကရ် d သည် တမန်တော်မြတ် s သခင်နှင့် စကားပြောရာတွင် လျှို့ဝှက်ချက်အချို့ ပြောကြားနေသည့်အလား တိုးတိုးတိတ်တိတ် ပြောကြား လေ့ရှိပါသည်။ စိုက်ယိဒိနာ အုမရ်အလ်ဖာရွတ် d သည်လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။

ဆွဟာဗတ်ကြီးအမရ်အိဗ်နုအာစ် d က ပြောသည်မှာ အလ္လာဟ့်တမန်တော်ကြီးထက် ကမ္ဘာပေါ်ရှိသည့် အရာသော်မှ ကျွန်ုပ်မချစ်ခင် မမြတ်နိုးပါ။ သို့ရာတွင် တစ်ချိန်တည်း၌ တမန်တော်မြတ်ကြီးအား စေ့စေ့မကြည့်ရဲပါ။ အကယ်၍သာ ကျွန်ုပ်အား တမန်တော်ကြီးနှင့် ပတ်သက်၍ သရုပ်ဖော်ပြခိုင်းပါလျှင် ယင်းသည် ကျွန်ုပ်အတွက် ခက်ခဲပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် တမန်တော် s အကြောင်း ဖော်ပြရန်အတွက် ကျွန်ုပ် သူ့အား လုံလောက်စွာ မကြည့်ရှုခဲ့ရပါ” ဟူ၍ ဖြစ်သည်။

စိုက်ယိဒိနာ အနပ်စ် d ၏ပြောကြားချက်ကို သိရှိမိဇီကျမ်းထဲ၌ တင်ပြထားသည်မှာ တမန်တော်မြတ် s ဆွဟာဗတ်များ အစုအဝေးဆီသို့ ကြွရောက်လာတိုင်း ရှိသေမှုအနေဖြင့် ၎င်းတို့၏ မျက်လွှာများ ချထားကြပါသည်။ စိုက်ယိဒိနာ အဗူဗကရ်နှင့်အုမရ် တို့ကသာ မျက်လွှာမချဘဲ တမန်တော်မြတ် s အား ပြုံးပြပါသည်။

တစ်ချိန်က အွရ်ဝါးအိဗ်နုမတ်စ်အူးဒ်အား မုစ်လင်မ်များအပေါ် စုံစမ်းထောက်လှမ်းနိုင်စေရန်အတွက် မဒီနဟ်မြို့သို့ သွားစေပါသည်။ သူမက္ကာဟ်မြို့သို့ပြန်လည်ရောက်ရှိသောအခါ၌တင်ပြသည်မှာ “ရောမနှင့်ပါရှားဘုရင်တို့ကဲ့သို့ ကြီးကျယ်သောဘုရင်များတို့၏ ညီလာခံကိုလည်း ကျွန်ုပ်မြင်ဖူးပါသည်။ ဘုရင်နိဂတ်စ်ကိုလည်း တွေ့ဖူးပါသည်။ သို့ရာတွင် မုစ်လင်မ်များ၏ နှလုံးသားထဲတွင်ထားရှိသော သူတို့၏တမန်တော်ကြီးအတွက် ရှိသေလေးစားမှုသည် ကမ္ဘာပေါ်ရှိ မည်သည့်နေရာတွင်မှ တွေ့ရှိနိုင်မည်မဟုတ်ဘဲ ပြိုင်စံရှားပါသည်။ သူတို့အား ဘယ်သောအခါမျှ အောင်နိုင်လိမ့်မည်ဟု ကျွန်ုပ်မထင်ခဲ့ပါ” ဟုဖြစ်သည်။

သာဝကကြီး မုဂီရဟ်အိဗ်နုရှုအ်ဘား d က ဟဒီးဆ်တော်တစ်ပုဒ်ကို တင်ပြသည်မှာ အလ္လာဟ့်တမန်တော်၏ ဆွဟာဗတ်များတို့သည် တမန်တော်မြတ်ကြီးအား ၎င်း၏နေအိမ်အပြင်မှနေ၍ ခေါ်ဝေါ်ခြင်းသည် တမန်တော်မြတ်ကြီးအား ရိုသေသမှုမရှိဟု မှတ်ယူကြပါသည်။ အသံကျယ်လောင်မှု မဖြစ်စေရန်အတွက် တမန်တော်မြတ် s သခင်၏ အိမ်တံခါးအား လက်သည်းများဖြင့် ၎င်းတို့ကခေါက်ကြပါသည်။ တမန်တော်မြတ် s သခင် ကွယ်လွန်ပြီးနောက်မှာပင် ဆွဟာဗတ်ကြီးများတို့သည် တမန်တော်၏ ဗလီဝတ်ကျောင်းတော်တွင် စကားကျယ်လောင်စွာ ပြောဆိုခြင်းများ ရှောင်ကြဉ်ရုံသာမက ဗလီဝတ်ကျောင်းတော်အတွင်း တရားဟောစဉ်တွင် ၎င်းတို့၏ အသံချ၍ ဟောကြားကြသည်။ တစ်စုံတစ်ဦးက တမန်တော်မြတ် s ၏အကြောင်း ထုတ်ဖော်ပြခဲ့လျှင် လူအတော်များများတို့သည် မငိုကြွေးဘဲ မနေနိုင်တော့ပါ။

ဆွဟာဗတ်ကြီးတို့၏ တမန်တော်မြတ် s အပေါ်ထားရှိသော ဤစံပြချစ်ခင်ရိုသေမှုသည် တမန်တော်တစ်ပါး၏ ပြီးပြည့်စုံခြင်း တစ်စိတ်တစ်ဒေသကို ရရှိနိုင်စေကာ တမန်တော်များပြီးလျှင် ဘာသာရေးဆိုင်ရာ အမြင့်မားဆုံး အနေအထားကို ရရှိနိုင်ပါသည်။

အာယသ် (၁၅၈-၁၅၉)

قُلْ يٰٓاَيُّهَا النَّاسُ اِنِّيْ رَسُوْلُ اللّٰهِ اِلَيْكُمْ جَمِيْعًا الَّذِيْ لَهٗ مُلْكُ السَّمٰوٰتِ وَ الْاَرْضِ ۚ لَآ اِلٰهَ اِلَّا هُوَ يُحْيٖ وَ يُمِيْتُ ۪ فَاٰمِنُوْا بِاللّٰهِ وَ رَسُوْلِهِ النَّبِيِّ الْاُمِّيِّ الَّذِيْ يُؤْمِنُ بِاللّٰهِ وَ كَلِمٰتِهٖ وَ اتَّبِعُوْهُ لَعَلَّكُمْ تَهْتَدُوْنَ ﴿۱۵۸﴾ وَ مِنْ قَوْمِ مُوْسٰٓى اُمَّةٌ يَّهْدُوْنَ بِالْحَقِّ وَ بِهٖ يَعْدِلُوْنَ ﴿۱۵۹﴾

(အို-နဗီတမန်တော်) အသင်သည် (လူခပ်သိမ်းတို့အား ဤသို့) ပြောကြားပါ လော။ အို-လူသားအပေါင်းတို့ ငါသည် ဧကန်စင်စစ် အသင်တို့အားလုံးထံ အကြင် အလ္လာဟ်အရှင်မြတ် အထံတော်မှ စေလွှတ်ခြင်းခံရသော ရာစူလ် တမန်တော်ပင် ဖြစ်ပေသည်။ မိုးကောင်းကင်များကို စိုးမိုးအုပ်ချုပ်ခြင်းသည်လည်းကောင်း၊ ပထဝီမြေပြင်ကို စိုးမိုးအုပ်ချုပ်ခြင်း သည်လည်းကောင်း၊ ထိုအရှင်မြတ်၌သာလျှင် ရှိခဲ့ချေသည်။ ထိုအရှင်မြတ်မှ တစ်ပါး ဓဝပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျှင်းမရှိပြီ။ ထိုအရှင်မြတ်သည်ပင်လျှင် အသက်ရှင်စေတော်မူ၏။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည်သာလျှင် အသက်သေစေတော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ အကြင်စာပေ မသင်ကြားဖူးသော ရာစူလ်နဗီတမန်တော်အား လည်းကောင်းယုံကြည်ကြလေကုန်။ထိုရာစူလ်နဗီတမန်တော်မြတ်သည် (မိမိကိုယ်တိုင်လည်း) အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ အာယသ်တော်များကိုလည်းကောင်း ယုံကြည်လေသည်။ ထိုပြင် အသင်တို့သည် ထိုရာစူလ်နဗီတမန်တော် (၏ အမိန့်တော်များ)ကို လိုက်နာကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် တရားလမ်းမှန်ကို ရရှိတန်ကြောသည်။ (၇ : ၁၅၈)

ထိုပြင် (နဗီတမန်တော်)မူစာ၏ အမျိုးသားတို့တွင် လူတစ်စုရှိသည်။ ထိုသူတို့သည် (သူတစ်ပါးတို့အားလည်း) မှန်ကန်သော တရားခမ္မနှင့်အညီ လမ်းညွှန်ကြလေသည်။ ထိုပြင် မိမိတို့ကိုယ်တိုင်လည်း ထိုမှန်ကန်သော တရားခမ္မနှင့်အညီ စီရင်ဆုံးဖြတ်ကြကုန်သတည်း။ (၇ : ၁၅၉)

ဤအာယသ်တော်က အစွလာမ်ဘာသာ အခြေခံအယူဝါဒများထဲတွင် ပါရှိသော တမန်တော်ဖြစ်ခြင်း၏ အခြေခံအကြောင်းအရင်းများအနက် တစ်ခုကိုဖော်ပြပါသည်။ ဆိုလိုသည်မှာ တမန်တော်မြတ်ကြီး S ကို အရှင့်တမန်တော်အဖြစ် တရားစီရင်မည့်နေ့တိုင် ပေါက်ဖွားလာမည့် လူသားများနှင့် ဂျင်နီများအားလုံးတို့အတွက် ပို့ဆောင်ခဲ့ပါသည်။ အာယသ်တော်က တမန်တော်မြတ် S သခင်အား အမိန့်ပေးထားသည်မှာ ၎င်းသည် ကမ္ဘာပေါ်ရှိလူများအားလုံးအတွက် စေလွှတ်ခြင်းခံရသူ ဖြစ်ကြောင်းနှင့် ၎င်း၏တမန်တော်ဖြစ်ခြင်းသည် အစောပိုင်းတမန်တော်တို့ကဲ့သို့ သီးသန့်လူမျိုးတစ်မျိုး၊ နေရာဒေသတစ်ခုနှင့် သီးသန့်အချိန်ကာလ အပိုင်းအခြားတစ်ခုအတွက် မဟုတ်ကြောင်း ကြေညာရန်ဖြစ်သည်။

## ကိုယ်တော်မြတ်သည် တမန်တော်အားလုံးတို့၏ နောက်ဆုံးတမန်တော်ဖြစ်သည်

တမန်တော်မြတ်ကြီး ﷺ အား တမန်တော်များအားလုံးတို့၏အဆုံး၌ စေလွှတ်ခဲ့သည် ဆိုသည့်အချက်က တမန်တော်ဖြစ်ခြင်း၏ နောက်ဆုံးဆိုသည့် အစွမ်းအယူဝါဒ နောက်ကွယ်တွင်ရှိသော ထင်ရှားသည့် အကြောင်းပြချက်ပင် ဖြစ်ပါတော့သည်။ သူသည် အနာဂတ်ကာလများတွင် ရှိမည့်လူအားလုံးတို့ကို လမ်းညွှန်မှုပေးရန်အတွက် တမန်တော်များအားလုံး၏ နောက်ဆုံးအဖြစ် ပို့သခြင်းဖြစ်သည်ဆိုသည်က နောက်ထပ်နဗီတစ်ပါး ပွင့်နိုင်စရာ အကြောင်းမရှိတော့ပါ။ ဤအကြောင်းအရာကပင်လျှင် မုစ်လင်မ်အုမ္မသ်ထု၏ ထူးခြားသော အရည်အသွေးကို ရှင်းပြပါသည်။ တမန်တော်မြတ် ﷺ ၏ ဟဒီးဆ်တစ်ပုဒ်ထဲတွင် ပါရှိသည်မှာ မုစ်လင်မ်များထဲတွင် အုပ်စုတစ်စု အမြဲရှိနေပါလိမ့်မည်။ ထိုအုပ်စုသည် အစွမ်းဆန်ကျင်ရေး အင်အားစုတို့ကို ပြင်းပြင်းထန်ထန် ခုခံ ကာကွယ်ကာ ဘာသာရေးဆိုင်ရာ ဆန့်ကျင်သည့် အတွေးအခေါ်နှင့် လုပ်ရပ်များကို အမြဲတွန်းလှန်နေပါလိမ့်မည်။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်တို့ကို မမှန်မကန် အဓိပ္ပာယ်ဖွင့်ဆိုမှုများမှ အမှန်သို့ရောက်စေပါလိမ့်မည်။ ဤအုပ်စုသည် အလွှာဟ်အရှင်အခွင့်အရေးပေးခြင်းဖြင့် အထူးအကူအညီရသောကြောင့် အဆုံးတွင် ဆန့်ကျင်ဘက် အင်အားတို့ကို အောင်နိုင်ပါလိမ့်မည်။ ဤသို့ဖြစ်ရသည်မှာ ဤသူများသည် တမန်တော်တစ်ပါး၏ တာဝန်တစ်ရပ်ကို စစ်မှန်သော အမွေဆက်ခံသူများဟု မှတ်ယူခဲ့သောကြောင့် ဖြစ်ပါသည်။ ထိုသူများသည် တမန်တော် ﷺ မရှိသည့် နောက်တွင် ၎င်းတို့၏ တာဝန်ဝတ္တရားများကို သစ္စာရှိရှိဆောင်ရွက်ခဲ့ကြပါသည်။

အီမာမ်အလ်ရာဇီက ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့် كُونُوا مَعَ الصَّادِقِينَ (သစ္စာဝါဒီများနှင့်အတူ ရှိကြလေကုန်)(၉း၁၁၉) ကို မှတ်ချက်ပေးရာ ဤစာစုက လူအများအတွက် ဖြောင့်မတ်မှန်ကန်သော လူတစ်စု အမြဲရှိနေလိမ့်မည်ဟူသောအမိန့်သည် အဓိပ္ပာယ်မဲ့ဖြစ်သွားလိမ့်မည်ဟု မှတ်ချက်ပေးပါသည်။ အီမာမ်ရာဇီက တညီတညွတ်တည်း သဘောတူညီသည့်မူ إجماع ကို ဤစာစုက ကောက်ချက်ချခဲ့ပါသည်။ ဆိုလိုသည်မှာ ဤဖြောင့်မတ် မှန်ကန်သောသူများ ရှိခြင်းကြောင့် မုစ်လင်မ်အုမ္မသ်ထု၏ အမှားအပေါ်၌ တညီတညွတ်တည်း သဘောတူညီမှုကို ပိတ်ပင်တားဆီးစေနိုင်ပါသည်။ အိပ်နမဆီးရ်က ရည်ညွှန်းသည်မှာ ဤအာယသ်က တမန်တော်မြတ် ﷺ သည် တမန်တော်အားလုံး၏ နောက်ဆုံး နဗီတမန်တော် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ သယ်ယူလာသော သတင်းစကားသည် ကမ္ဘာပေါ်ရှိ လူအားလုံးအတွက်နှင့် နောက်လာမည့် ခေတ်ကာလများအတွက်လည်း ဖြစ်သည်ဆိုကြောင်း သက်သေပြပါသည်။ အချို့ခိုင်လုံသော ဟဒီးဆ်တော်များအရ နောက်ဆုံးအခါသမယ၌ တမန်တော်အီစာ ﷺ သည် ကောင်းကင်မှ ဆင်းသက်လာကာ တမန်တော်မြတ် ﷺ ၏ ရှရီအသ်ကို လိုက်နာကျင့်သုံးပါလိမ့်မည်ဟူ၍ ဖြစ်သည်။ ဤအာယသ်အပြင် မြောက်မြားစွာသော အာယသ်တော်များထဲ၌ မမှားမယွင်းနိုင်သော အသုံးအနှုန်းများဖြင့် တမန်တော်မြတ် ﷺ သခင်သည် နောက်ဆုံးနဗီဖြစ်ကြောင်းကို မိန့်ထားပါသည်။ ပမာဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌

وَأُوحِيَ إِلَيَّ هَٰذَا الْقُرْآنُ لِأُنذِرَكُم بِهِ وَمَن بَلَغَ

"ထိုကုရ်အာန်ကျမ်းမြတ်ဖြင့် အသင်တို့အားလည်းကောင်း၊ ထိုကုရ်အာန်ကျမ်းမြတ် ရောက်ရှိလာသောသူတို့အား လည်းကောင်း ကျွန်ုပ် သတိပေးနှိုးဆော်ရန်အတွက်ဖြစ်သည်။ သို့မှ သာလျှင် ကျွန်ုပ်သည် ယင်းကုရ်အာန် ကျမ်းတော်မြတ်ဖြင့် အသင်တို့အားလည်းကောင်း၊ ကုရ်အာန်ကျမ်း

တော်မြတ် ရောက်ရှိလာသော သူတို့အားလည်းကောင်း သတိပေးနှိုးဆော်နိုင်မည် ဖြစ်ချေသည်" (၆:၁၉) ဟူ၍မိန့်ထားသည်။

ဤသည်က တမန်တော်မြတ် ﷺ မရှိသည့်နောက်တွင် ပေါက်ဖွားလာသောလူတို့သည် ကုရ်အာန် ကျမ်းတော်မြတ်အရ လိုက်နာကျင့်သုံးရန်နှင့် ယင်းကုရ်အာန်ကျမ်းတော်မြတ်မှ အသိပညာရယူစေရန် ထင်ရှားစွာ အမိန့်ပေးထားပါသည်။

## တမန်တော်မြတ် ﷺ ၏ အချို့သောဂုဏ်ထူးဝိသေသများ

အိမာမ်အဟ်မဒ်၏ မုစ်နဒ်ကျမ်းပါ ခိုင်လုံသော ဆင့်ပြန်သူတို့ တင်ပြချက်များကို အိဗ်နကဆီးရ်က ကိုးကားထားသည်မှာ သဗူက်စစ်ပွဲဆင်နွှဲနေချိန်၌ တမန်တော်မြတ် ﷺ ညဉ့်နှောင်းပိုင်း ဝတ်ပြုမှု (သဟာဂျစ်) ဆွလာသ်ဝတ်ပြုမှု လုပ်ဆောင်ခဲ့ပါသည်။ ရန်သူ၏ တိုက်ခိုက်မှုမှ ကာကွယ်ရန်အလို့ငှာ ဆွဟာဗဟ်ကြီးတို့သည် တမန်တော်မြတ် ﷺ အား စုရုံးဝန်းရံ ထားခဲ့ပါသည်။ ဆွလာသ်ဝတ်ပြုမှုပြီးသောအခါ တမန်တော်မြတ် ﷺ က မိန့်သည်မှာ "ဤညတွင် အရင်က မည်သည့်တမန်တော်ကိုမှ မချီးမြှင့်ခဲ့သည့် ဂုဏ်ထူးဝိသေသ ငါးခုကို ကျွန်ုပ်အား ချီးမြှင့်ခဲ့ပါသည်။ ပထမအနေဖြင့် အလျင်က တမန်တော်တို့၏ သတင်းစကားသည် သီးသန့်လူမျိုးစုအတွက်သာ သတ်မှတ်ထားခဲ့သော်လည်း ကျွန်ုပ်၏ တမန်တော်ဖြစ်ခြင်းသည် လူသားအားလုံးအတွက် ဖြန့်ကျက်ထားပါသည်။ ဒုတိယအနေဖြင့် ကျွန်ုပ်၏ အရှိန်အဝါသည် တစ်လတာခရီးမျှ အကွာအဝေးတွင်ရှိသော ရန်သူ၏အပေါ်တွင် လွှမ်းမိုးသွားကာ သူ့စိတ်နှလုံးတွင် ကြောက်စိတ်များ လွှမ်းမိုး ပေါ်ပေါက်စေပါသည်။ တတိယမှာ အစောပိုင်းကလူတို့အား စစ်အောင်နိုင်ပစ္စည်းတို့မှ တားမြစ်ထားခဲ့သော်လည်း ကျွန်ုပ်၏ လူများအတွက်မူ ရန်သူထံမှ စစ်အောင်နိုင်ပစ္စည်းများကို ခွင့်ပြုခဲ့ပါသည်။ စတုတ္ထအနေဖြင့် အလွှာဟ် အရှင်မြတ်သည် ကမ္ဘာပထဝီမြေကြီးတစ်ခုလုံးအား ဗလီဝတ်ကျောင်းတော် တစ်ခုကဲ့သို့ ကျွန်ုပ်တို့၏ ဆွလာသ်များအား ဆွလာသ်ဝတ်ပြုခွင့်ပေးထားပါသည်။

ၿငိုးနောက် ယင်းပထဝီမြေကိုလည်း ကျွန်ုပ်၏ လူများအတွက် သန့်စင်သောအရာ (တယမွန်ပြုရာတွင်) ဖြစ်စေပါသည်။ အစောပိုင်း လူများအဖို့မှာ သူတို့အတွက် သတ်မှတ်ထားသည့် ဝတ်ပြုရာနေရာများဖြစ်သော ချာချ်ကျောင်းများ (သို့မဟုတ်) ဆိုင်နာဂုတ် များတွင်သာ ဝတ်ပြုရန် ကန့်သတ်ထားပါသည်။ ထိုသူများ နေအိမ်၌သော်လည်းကောင်း၊ ကွင်းပြင်များတွင်သော် လည်းကောင်း ဝတ်ပြုခြင်းကို ခွင့်မပြုပါ။ ထို့ပြင် ကျွန်ုပ်၏လူတို့သည် ရေမရှိသောအခါ၌ ရေဖြင့်သန့်စင်ခြင်းအစား မြေကိုသုံးစွဲကာ သန့်စင်မှု (တယမွန်) ပြုလုပ်ခွင့်ရရှိပါသည်။ အစောပိုင်းလူများအား ဤသို့ လျော့ပေါ့ခြင်းမျိုး ပေးမထားခဲ့ပါ။ ၿငိုးနောက် တမန်တော်မြတ် ﷺ က လေးလေးနက်နက် ပြောသည်မှာ ပဋ္ဌမထူးခြားချက် သည် အားလုံးထက် အလားအလာကောင်းပြီး အကူအညီဖြစ်စေပါသည်။ တမန်တော်မြတ် ﷺ က ရှင်းပြသည်မှာ "အလွှာဟ်အရှင်မြတ်သည် တမန်တော်တိုင်းအား ဒုအာတောင်းဆုတော်တစ်ခု တောင်းစေကာ ယင်းတောင်းဆုဒုအာသည် ခြွင်းချက်မရှိ လက်ခံတော်မူမည့်အကြောင်း မိန့်ထားခဲ့သည်။ တမန်တော်များသည် ၎င်းတို့၏ သီးသန့် ရည်ရွယ်ချက်ဖြင့် ဒုအာတောင်းဆုပြုခဲ့ပါသည်။ အလွှာဟ်အရှင်မြတ်သည် ကျွန်ုပ်အားလည်း ထိုကဲ့သို့ ဒုအာတောင်းဆိုမှုတစ်ခုပြုလုပ်ရန် မိန့်ကြားတော်မူခဲ့သည်။ ကျွန်ုပ်သည် ဒုအာတောင်းဆိုမှုအား တရားစီရင်မည့်နေ့အတွက်သာ သိမ်းဆည်းထားရန် နှစ်သက်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏နောက်သို့လိုက်ခါ အလွှာဟ်အရှင်မြတ်မှတစ်ပါး

ခဝပ် ကိုးကွယ်ခြင်း ခံထိုက်သူမရှိကြောင်း သက်သေခံသောသူများအတွက် ကြီးမားစွာအကျိုး ဖြစ်ထွန်းပါလိမ့်မည်။

ဆွဟာဗဟ်ကြီး အဗူမူစာ အလ်အရ္ဗရီ a သခင်၏ အခွင့်အာဏာအရ အိမာမ်အဟ်မဒ် တင်ပြထားသော အခြားဟာဒီးဆ်တစ်ပုဒ်ထဲ၌ တမန်တော်မြတ် s က မိန့်ကြားခဲ့သည်။ "ကျွန်ုပ် ပွင့်တော်မူခြင်း သတင်းကြားသိသောအခါ မည်သူမဆို မုစ်လင်မ်ဖြစ်စေ၊ ခရစ်ယာန်ဖြစ်စေ၊ ဂျူးဖြစ်ပါစေ ထိုသူသည် ကျွန်ုပ်အား သက်ဝင်ယုံကြည်ရပါမည်။ သို့မဟုတ်ပါက ငရဲတွင် ကျခံစေရပါလိမ့်မည်" ဟူ၍ဖြစ်သည်။

ဤအာယသ်တော်နှင့်ပတ်သက်သော အောက်ဖော်ပြပါ အဖြစ်အပျက်ကို ဆွဟီးအလ်ဗုခါရီကျမ်းတွင် တင်ပြထားပါသည်။ တစ်ချိန်က စိုက်ယိဒိနာအဗူဗကရ်နှင့် စိုက်ယိဒိနာအုမ္မရ် f သခင်တို့သည် ကိစ္စရပ်တစ်ခုအပေါ်၌ အကြီးအကျယ်သဘော ကွဲလွဲခဲ့ကြပါသည်။ စိုက်ယိဒိနာအုမ္မရ် d သခင်သည် သူ၏သဘောထားကွဲလွဲမှုကို ပြသရန် ထိုနေရာမှ ထွက်ခွာသွားခဲ့ပါသည်။ စိုက်ယိဒိနာအဗူဗကရ် d သည် သူ့အားပြန် လည်ခေါ်ယူရန် စိုက်ယိဒိနာအုမ္မရ် d နောက်သို့ လိုက်သွားခဲ့ပါသည်။ စိုက်ယိဒိနာအုမ္မရ်သည် စိုက်ယိဒိနာ အဗူဗကရ်အား စိတ်ဆိုးနေသည့်အလျောက် သူ့အိမ်ထဲသို့ ဝင်ရောက်သွားကာ တံခါးကိုပိတ်ပစ်လိုက်ပါသည်။ စိုက်ယိဒိနာအဗူဗကရ်သည် ရွေးချယ်စရာ မရှိသည့်အလျောက် တမန်တော်မြတ် s သခင်ထံသို့ သွားရောက်ကာ ဖြစ်ပျက်သမျှ အကြောင်းအလုံးစုံတို့ကို ပြန်လည်ပြောပြခဲ့ပါသည်။ နောက်ပိုင်းတွင် စိုက်ယိဒိနာအုမ္မရ်သည် စိုက်ယိဒိနာအဗူဗကရ်အား မလျော်မကန် ပြုမူမိခြင်းအတွက် နောင်တရသည့် စိတ်ပေါ်ပေါက်ကာ သူသည်လည်း တမန်တော်မြတ် s ထံသို့သွားရောက်ကာ ဖြစ်ပျက်ခဲ့သည်တို့ကို အသိပေး ပြောကြားခဲ့သည်။ တမန်တော်မြတ် s သခင်သည် ယင်းကိစ္စကို စိတ်ဆိုးခဲ့ကြောင်း သာဝကကြီး အဗူဒရ်ဒဟ် d သခင်က တင်ပြခဲ့သည်။ တမန်တော်မြတ် s သခင်သည်လည်း ယင်းအဖြစ်အပျက်အတွက် စိုက်ယိဒိနာအုမ္မရ် d သခင်အား ပြစ်တင်ဆုံးမတော့မည့်အကြောင်း မြင်တွေ့ရသောအခါ စိုက်ယိဒိနာ အဗူဗကရ်က တမန်တော်မြတ် s သခင်အား လျှောက်ထားသည်မှာ "ကျွန်တော်မျိုး၏အပြစ်က ပိုမိုကြီးမားပါသည်" ဟူ၍ဖြစ်သည်။ ထိုအချိန်တွင် တမန်တော်မြတ် s သခင်က မိန့်ကြားသည်မှာ "အသင်တို့တစ်တွေသည် ကျွန်ုပ်၏ဆွဟာဗဟ်များထဲမှ တစ်ဦးဦးအား ဒေါသမဖြစ်စေဘဲ အေးအေးဆေးဆေးနေနိုင်အောင် မလုပ်နိုင်ကြပေဘူးလား? အလ္လာဟ်အရှင်မြတ်၏ ဆန္ဒတော်အရ ငါကိုယ်တော်မြတ်က يَاأَيُّهَا النَّاسُ إِنِّي رَسُولُ اللهِ إِلَيْكُمْ جَمِيعًا "အို-လူသားအပေါင်းတို့၊ ငါသည် ဇကန်စင်စစ် အသင်တို့အားလုံးထံ အကြင်အလ္လာဟ် အရှင်မြတ်အထံတော်မှ စေလွှတ်ခြင်းခံရသော ရစူလ်တမန်တော်ပင်ဖြစ်ပေသည်" ဟု ကြေညာခဲ့သောအခါ၌ အသင်တို့ အားလုံးတို့က ကျွန်ုပ်ငြင်းပယ်ခဲ့သည်ဟု အသင်တို့ပြောကြားခဲ့သည်ကို အသင်တို့ မသိကြသလော? အဗူဗကရ် တစ်ဦးတည်းသာလျှင် ကျွန်ုပ် တမန်တော်ဖြစ်ကြောင်းကို သက်သေခံခဲ့ပါသည်" ဟု မိန့်ကြားလေသည်။

အတိုချုပ်ဆိုရသော် ဤအာယသ်သည် တမန်တော်မြတ် s အား လူသားများအားလုံးအတွက် စေလွှတ်တော်မူခဲ့ကြောင်း ထင်ရှားစေသော သက်သေပြချက်ပင် ဖြစ်ပါတော့သည်။ တမန်တော်မြတ် s သခင်၏ သတင်းစကားသည် အားလုံးသောမျိုးဆက်များ၊ အားလုံးသောအချိန်အခါများနှင့် အားလုံးသော နေရာဒေသတို့အတွက် ဖြစ်ပါသည်။ တမန်တော်မြတ် s အား မယုံကြည်သောသူ မည်သူမဆို ကယ်တင်ခြင်းခံရလိမ့်မည်မဟုတ်ပါ။ အကယ်၍ တစ်စုံတစ်ဦးသည် အခြားယုံကြည်ချက်ကိုလည်းကောင်း၊ အခြားသော ကျမ်းစာအုပ်ကိုလည်းကောင်း သစ္စာရှိရှိ ရိုရိုကျိုးကျိုး လိုက်နာခဲ့လျှင်သော်မှ ၎င်းတို့သည်လည်း ကယ်တင် ခြင်းခံရလိမ့်မည် မဟုတ်ပါ။

အာယသ်တော်၏ နောက်ဝါကျတစ်ခုတွင် တမန်တော်မြတ် ﷺ သည် မိုးကောင်းကင်နှင့် ပထဝီ မြေကြီးတို့အား စိုးပိုင်တော်မူသောအရှင်၊ ၎င်းနောက် သက်ရှိအဖန်ဆင်းခံများ အားလုံးတို့ကို အသက်ရှင်စေနိုင် သေစေနိုင်တော်မူသော အရှင်မြတ်က စေလွှတ်တော်မူကြောင်း လူအများအား သတိပေးထားပါသည်။ ဆိုလိုသည်မှာ ထိုအရှင် တစ်ပါးတည်းသည်သာ စကြဝဠာအားလုံးတို့၏ အရှင်သခင်ဖြစ်တော်မူ၏။ အာယသ်တော်၏နောက်ဆုံး ဝါကျထဲ၌

فَاٰمِنُوْا بِاللّٰهِ وَرَسُوْلِهِ النَّبِيِّ الْاُمِّيِّ الَّذِيْ يُؤْمِنُ بِاللّٰهِ وَكَلِمٰتِهٖ وَاتَّبِعُوْهُ لَعَلَّكُمْ تَهْتَدُوْنَ

"သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ အကြင်စာပေ မသင်ကြားဖူးသော ရစူလ်နဗီတမန်တော်အားလည်းကောင်း ယုံကြည်ကြလေကုန်။ ထို ရစူလ်တမန်တော်မြတ်သည် (မိမိကိုယ်တိုင်လည်း) အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ ထို အရှင်မြတ်၏ မှာကြားတော်များကို လည်းကောင်း ယုံကြည်လေသည်။ ၎င်းပြင် အသင်တို့သည် ထိုရစူလ် နဗီတမန်တော်မြတ်(၏ အမိန့်တော်များ)ကို လိုက်နာကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် တရားလမ်းမှန်ကို ရရှိတန်ကြရာသည်" ဟု မိန့်ကြားသည်။

တမန်တော်မြတ် ﷺ သည် ကမ္ဘာပေါ်ရှိ လူသားများအားလုံးနှင့် နောင်လာမည့်အချိန် အားလုံးအတွက် စေလွှတ်တော်မူခြင်းနှင့် အစွမ်းထက်သော သူ၏ရှရီအသ်အား လိုက်နာရန်မှအပ မည်သူတစ်ဦးတစ်ယောက်၏ တွင်မှ အခြားရွေးချယ်စရာ မကျန်တော့ဟူသောအချက်ကို အတည်ပြုပြီးနောက် အလ္လာဟ်အရှင်မြတ်နှင့် စာပေမသင်ကြားဖူးသော (အွမ္မီ)ဖြစ်သော အရှင့်တမန်တော်အား ယုံကြည်သက်ဝင်ကြရန် အာယသ်တော်က အမိန့်ပေးထားပါသည်။ တမန်တော်မြတ်ကြီး ကိုယ်တော်တိုင် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်မိန့်မှာချက် မှာကြားတော်များအား သက်ဝင်ယုံကြည်ပါသည်။ ထို့ကြောင့် လူများသည် ၎င်းတို့လမ်းမှန်ပေါ်၌ ရှိစေရန်အတွက် တမန်တော်မြတ် ﷺ သခင်၏ နောက်သို့ လိုက်သင့်ပါသည်။

**كلمات** "ကလိမာသ်" ဟူသောစကားလုံးသည် အရှင့်တမန်တော်များထံသို့ ချပေးတော်မူသော အလ္လာဟ်အရှင်မြတ်၏ နှုတ်ထွက်စကား မှာကြားတော်များကို ရည်ညွှန်းပါသည်။ ပမာဆိုသော် သောင်ရာသ်ကျမ်း၊ အင်နဂျီလ်ကျမ်း (တမန်တော်အဲစာ a ထံ ချပေးတော်မူသောကျမ်း)နှင့် ကုရ်အာန်ကျမ်းတော်မြတ်တို့ဖြစ်ပါသည်။ မှတ်သားသင့်သည် တမန်တော်မြတ် ﷺ အား သက်ဝင်ယုံကြည်ရန် ဆိုသည့်အမိန့်၏နောက် ၎င်းအားလိုက်နာရန် ဟူသော နောက်ထပ်အမိန့်တစ်ခု ဆက်တိုက်ဖော်ပြထားပါသည်။ ဤသည်က ညွှန်းသည်မှာ ယုံကြည်ခြင်းသက်သက်သည် လည်းကောင်း (သို့မဟုတ်)နှုတ်မှယုံကြည်ကြောင်း ပြောဆိုချက်များသည် လည်းကောင်း လမ်းညွှန်မှု (သို့မဟုတ်) ကယ်တင်ခံရခြင်းအတွက် မလုံလောက်ပါ ဟူ၍ ဖြစ်သည်။ နောင်တမလွန်ဘဝတွင် တစ်စုံတစ်ဦး ကယ်တင်ခံရမှုအတွက် အစွမ်းထက်သော လိုက်နာ ကျင့်သုံးမှုသည် အဓိကလိုအပ်ပါသည်။

သူတော်စင်ကြီးနှင့် နာမ်ပိုင်းဆိုင်ရာ ခေါင်းဆောင်ကြီးဖြစ်သော ဘဂ္ဂဒတ်မြို့သား ရှိက်ခ်ဂျုနိုက်က မှတ်ချက်ပေးခဲ့သည်မှာ အလ္လာဟ်အရှင်ထံသို့ ရောက်စေသော လမ်းများအားလုံးတို့အနက် တမန်တော်မြတ် ﷺ သခင် သီးသန့်ဖော်ထုတ်ထားခဲ့သော လမ်းမှအပ အခြားလမ်းအားလုံး ပိတ်သွားခဲ့ပြီ ဟူ၍ဖြစ်သည်။

## အစ္စရေးလ်အမျိုးသားတို့အနက်မှ ဖြောင့်မတ်မှန်ကန်သူများ

အာယသ်(၁၅၉) وَ مِنْ قَوْمِ مُوْسٰى اُمَّةٌ يَّهْدُوْنَ بِالْحَقِّ وَ بِهٖ يَعْدِلُوْنَ "ထင်းပြင် (နဗီတမန်တော်) မူစာ၏ အမျိုးသားတို့တွင် လူတစ်စုရှိသည်။ ထင်းတို့သည် (သူတစ်ပါးတို့အားလည်း) မှန်ကန်သော တရားဓမ္မနှင့်အညီ လမ်းညွှန်ကြလေသည်။ ထို့ပြင် မိမိတို့ ကိုယ်တိုင်လည်း ထိုမှန်ကန်သော တရားဓမ္မနှင့်အညီ စီရင်ဆုံးဖြတ်ကြကုန်သတည်း"ဟု မိန့်ကြားထားသည်။ ဆိုလိုသည်မှာ အစ္စရေးလ်အမျိုးသားတို့ထဲတွင် အုပ်စုတစ်စုရှိပါသည်။ ထိုသူများသည် အမှန်တရားကို လိုက်နာကျင့်သုံးကြကာ ထင်းတို့၏ ပဋိပက္ခများအား အစ္စလာမ်ဟူသော မှန်ကန်မှု၏ ညွှန်ကြားချက်များအရ ဆုံးဖြတ်ကြပါသည်။ ဤအာယသ်ထဲ၌ အစ္စရေးလ်အမျိုးသားတို့အနက် အမှန်တရားကို လိုက်နာကျင့်သုံးသောသူများဟု ရည်ညွှန်းထားသော သူတို့သည် မည်သူများနည်း? အာယသ်တော်က ရည်ညွှန်းထားသော သူတို့သည် သောင်ရာသ်နှင့်အင်နဲ်ဂျီလ်ကျမ်းများ ကျရောက်ပြီးသည့်နောက် ယင်းကျမ်းပါ အမိန့်များအား သစ္စာရှိလိုက်နာကျင့်သုံးကြပြီး ယင်းကျမ်းများတွင်ပါ ကြိုတင်ပြောကြားချက်များအရ တမန်တော်မြတ် s သခင် ပွင့်တော်မူသည်နှင့် တစ်ပြိုင်နက်တည်း အစ္စလာမ်ဘာသာကို လွယ်လွယ်ကူကူ လိုက်နာသူများဖြစ်ကြသည်။ ကျမ်းတော်မြတ်ကုရ်အာန်ထဲတွင် ဤအုပ်စုအား ချီးကျူးဖွယ်ရာ အသုံးအနှုန်းများတို့ဖြင့် အာယသ်မြောက်မြားစွာတွင် ရည်ညွှန်းထားပါသည်။ အာယသ်တော်တစ်ခုထဲ၌ مِنْ اَهْلِ الْكِتٰبِ اُمَّةٌ قَآئِمَةٌ يَّتْلُوْنَ اٰيٰتِ اللّٰهِ اٰنَآءَ الَّيْلِ وَ هُمْ يَسْجُدُوْنَ (အမှန်စင်စစ် ထိုအထက်) ကျမ်းဂန်ရရှိသူတို့ အနက်မှပင် (မှန်ကန်သောတရားလမ်းစဉ်၌) ဖြောင့်မတ်စွာ တည်တံ့နေသော လူတစ်စုသည်လည်း ရှိနေကြကုန်၏။ ယင်းသူတို့သည် ညဉ့်ယံများ၌ အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များ ရွတ်ဖတ်သဏ္ဌာယ်ကြကုန်၏။ ထင်းပြင် (အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်ဝယ်) "စဂျဒဟ်" ဦးချကြကုန်၏" (၃း၁၁၃)ဟု မိန့်ထားသည်။

اَلَّذِيْنَ اٰتَيْنٰهُمُ الْكِتٰبَ مِنْ قَبْلِهٖ هُمْ بِهٖ يُؤْمِنُوْنَ

"ဤ (ကုရ်အာန်ကျမ်းမြတ်)၏အလျင် ငါအရှင် ကျမ်းဂန် ချီးမြှင့် ပေးသနားတော်မူခဲ့သော သူတို့မှာကား ဤ (ကုရ်အာန် ကျမ်းမြတ်)ကို ယုံကြည်ကြပေသည်။ (၂၈ : ၅၂)

ဤအာယသ်နှင့်ပတ်သက်၍ မှတ်ချက်ပြုရာ၌ အိဗ်နုဂျရီးရ်နှင့် အိဗ်နုကဆီးရ်တို့ အကျယ်ဖွင့်ဆိုရာတွင် အကြောင်းအရာတစ်ခုကို ကျွန်ုပ်တို့တွေ့ရှိခဲ့ရပါသည်။ အစ္စရာအီလီအမျိုးသားအုပ်စုတစ်စုသည် အခြားသော အစ္စရာအီလီအမျိုးသားတို့၏ ဖောက်ပြန်သော လုပ်ရပ်တို့အား အလွန်စက်ဆုပ်ရွံရှာသောကြောင့် တမန်တော်မူစာ a သင်ကြားပြသခဲ့သော မူလယုံကြည်ချက်နှင့်အညီ ထင်းတို့လိုက်နာ ကျင့်ဆောင်စေရန်အတွက် ထိုသူများနှင့်ဝေးသော သီးခြားနယ်ပယ်တစ်ခု ပေးသနားပါရန် အလ္လာဟ်အရှင်မြတ်ထံ ဒုအာတောင်းခဲ့ပါသည်။ အလ္လာဟ်အရှင်မြတ်သည် ထင်းတို့၏ ယုံကြည်ချက်အား သစ္စာရှိရှိ လိုက်နာကျင့်ဆောင်စေရန်အတွက် အရှေ့ဖျားတွင်ရှိသော နယ်မြေတစ်ခုတွင် ရောက်စေပါသည်။

ထင်းတို့အပေါ်၌ အလ္လာဟ်အရှင်မြတ် ချပေးသနားတော်မူသော ကျေးဇူးတော်တစ်ခုမှာ တမန်တော်မြတ် s သခင်၏ အခါသမယအတွင်း တမန်တော်မြတ် s သခင်ထံတွင် အစ္စလာမ်ဘာသာသို့ တိုက်ရိုက် ဝင်ရောက်နိုင်ရန် အခွင့်အရေး ပေးသနားတော်မူခဲ့ပါသည်။ မေအ်ရာဂျ်ကြွမြန်းသည့်ညဉ့်(شَبِ مِعْرَاج)၌ ကောင်းကင်တမန်တော်ချုပ် ဂျိဗရာအီးလ်သည် တမန်တော်မြတ် s အား မိုးကောင်းကင်သို့ ခေါ်ဆောင်သွားချိန်တွင် ထိုသူများဆီသို့ တမန်တော်

မြတ်ကြီးအား ပို့ဆောင်ခဲ့ပါသည်။ ထိုသူတို့သည် အစွလာမ်ဘာသာသို့ သက်ဝင်ယုံကြည်ပြီးသည့်နောက်တွင် တမန်တော်မြတ် S က ထိုသူများအား ကုရ်အာန်ကျမ်းတော်မြတ်ပါ စူရဟ်အချို့တို့ သင်ကြားပို့ချပေးခဲ့ပါသည်။

အလ္လာဟ်အရှင်မြတ် တမန်တော်ကြီး S က ထိုသူများတွင် ချို့နဲ့တွယ်ရန်နှင့် တိုင်းတာခြင်းတို့အတွက် အချို့သောနည်းလမ်းများ ရှိ/မရှိနှင့် ၎င်းတို့၏ စားဝတ်နေရေးအတွက် မည်သည့်နည်းလမ်းများ ရှိ/မရှိ မေးမြန်းခဲ့ပါသည်။ ထိုသူများက ၎င်းတို့လုပ်ရိုးလုပ်လေ့ရှိသည်မှာ လယ်ယာမြေတို့အား ထွန်ယက်စိုက်ပျိုးပြီးသည့်နောက်တွင် ထွက်ရှိသမျှ အလုံးစုံကို အားလုံးစုပုံထားပါသည်ဟုဖြေကြားခဲ့ပါသည်။ လူအများက လာရောက်ကာ ၎င်းတို့လိုအပ်သလောက်သာ ယူဆောင်သွားခဲ့ကြပါသည်။ "ထို့ကြောင့် ကျွန်တော်မျိုးတို့ မည်သည့်အချိန်အတွယ်နှင့် အတိုင်းအတာကိုမှ မလိုအပ်ပါဟု ပြောကြားခဲ့လေသည်။ တမန်တော်မြတ် S ၎င်းတို့အနက် တစ်ဦးဦးသည် မုသားပြောဆို တတ်ပါသလားဟု ၎င်းတို့အားမေးမြန်းခဲ့ပါသည်။ ထိုသူများက ၎င်းတို့အနက် မည်သူတစ်ဦးတစ်ယောက်ကမျှ မုသားပြောဆိုလေ့မရှိဟု ပြောဆိုခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့တွင် ဖြစ်ရိုးဖြစ်စဉ်တစ်ခုမှာ အကယ်၍ တစ်စုံတစ်ဦးသည် လိမ်လည်ပြောဆိုပါက ကောင်းကင်မှကျလာသော မီးကထိုသူအား လောင်ကျွမ်းစေပါသည်။ သူတို့၏နေအိမ်များသည် အဘယ်ကြောင့် တစ်ပုံစံတည်း ဖြစ်နေရသည့်အကြောင်းကို ထိုသူများအား တမန်တော်မြတ် S က မေးမြန်းပါသည်။ ထိုသူများက ဖြေကြားသည် ဤကဲ့သို့ဖြစ်ရခြင်းအကြောင်းမှာ တစ်ဦးထက်တစ်ဦး ပိုမိုကုံလုံ ပြည့်စုံကြွယ်ဝကြောင်း ပြသခြင်းအား ရှောင်ရှားရန်ဖြစ်ပါသည်။ တမန်တော်မြတ် S က ထိုသူများအား ၎င်းတို့၏အိမ်များရှေ့တွင် အုတ်ဂူများ အဘယ်ကြောင့် တည်ဆောက်ထားရပါသနည်းဟု မေးမြန်းခဲ့ပါသည်။ ဤသည်မှာ ၎င်းတို့၏ သေခြင်းတရားကို တစ်ချိန်လုံး အောက်မေ့သတိရနေစေအတွက် ဖြစ်သည်ဟု ဖြေကြားခဲ့ပါသည်။

ဤအာယသ်တော်သည် တမန်တော်မြတ် S သခင် ကောင်းကင်ဘုံမှ မက္ကာဟ်မြို့တော်သို့ ပြန်လည်ရောက်ရှိခဲ့ပြီး မှ ကျရောက်ခဲ့ပါသည်။ ဤအာယသ်တော်အား မှတ်ချက်ပေးရာ၌ အလ်ကုရ်သုဗီသည် ဤအဖြစ်အပျက်နှင့်အတူ အခြားသောအကြံပြုချက်များကို ဖော်ပြပြီး ဤအဖြစ်အပျက် မခိုင်လုံကြောင်း မှတ်ချက်ပြုလုပ်ခဲ့ပါသည်။ သို့သော်လည်း အိဗ်နကဆီးရ်က ဤအဖြစ်အပျက်သည် တစ်မူထူးခြားသည်ဟု ခေါ်ဝေါ်ပါသည်။ သို့သော် ယင်းအား မငြင်းပယ်ခဲ့ပါ။

အတိုချုပ်ဆိုရသော် ဤအာယသ်တော်က အစ္စရေးလ်အမျိုးသားများအနက် အမှန်တရားကို လိုက်နာကျင့်သုံးခဲ့သော အုပ်စုတစ်စု အမြဲရှိခဲ့သည်ဆိုကြောင်း ကျွန်ုပ်တို့အား နားလည်သဘောပေါက်စေပါသည်။ ထိုအုပ်စုသည် အထက်ဖော်ပြပါ အုပ်စုတွင် ပါဝင်သောလူများဖြစ်ပါစေ သို့မဟုတ် တမန်တော်မြတ် S ပွင့်ပေါ်တော်မူပြီးနောက် အစ္စလာမ်ဘာသာသို့ သက်ဝင်ယုံကြည်သောသူများလည်း ဖြစ်နိုင်ပါသည်။

အာယသ် (၁၆၀-၁၆၂)

وَ قَطَّعْنٰهُمُ اثْنَتَیْ عَشْرَةَ اَسْبَاطًا اُمَمًا ؕ وَ اَوْحَیْنَاۤ اِلٰی مُوْسٰۤی اِذِ اسْتَسْقٰىهُ
قَوْمُهٗۤ اَنِ اضْرِبْ بِّعَصَاكَ الْحَجَرَ ؕ فَانْۢبَجَسَتْ مِنْهُ اثْنَتَا عَشْرَةَ عَیْنًا ؕ قَدْ عَلِمَ
كُلُّ اُنَاسٍ مَّشْرَبَهُمْ ؕ وَ ظَلَّلْنَا عَلَیْهِمُ الْغَمَامَ وَ اَنْزَلْنَا عَلَیْهِمُ الْمَنَّ وَ السَّلْوٰی
ؕ كُلُوْا مِنْ طَیِّبٰتِ مَا رَزَقْنٰكُمْ ؕ وَ مَا ظَلَمُوْنَا وَ لٰكِنْ كَانُوْۤا اَنْفُسَهُمْ یَظْلِمُوْنَ
﴿۱۶۰﴾ وَ اِذْ قِیْلَ لَهُمُ اسْكُنُوْا هٰذِهِ الْقَرْیَةَ وَ كُلُوْا مِنْهَا حَیْثُ شِئْتُمْ وَ قُوْلُوْا
حِطَّةٌ وَّ ادْخُلُوا الْبَابَ سُجَّدًا نَّغْفِرْ لَكُمْ خَطِیْٓـٰٔتِكُمْ ؕ سَنَزِیْدُ الْمُحْسِنِیْنَ ﴿۱۶۱﴾
فَبَدَّلَ الَّذِیْنَ ظَلَمُوْا مِنْهُمْ قَوْلًا غَیْرَ الَّذِیْ قِیْلَ لَهُمْ فَاَرْسَلْنَا عَلَیْهِمْ رِجْزًا
مِّنَ السَّمَآءِ بِمَا كَانُوْا یَظْلِمُوْنَ ﴿۱۶۲﴾

**ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား မျိုးနွယ်ဆယ့်နှစ်သွယ်ခွဲ၍ အုပ်စု အသီးသီး ပြုလုပ်ပေးတော်မူခဲ့လေသည်။ ၎င်းပြင် (နဗီတမန်တော်) မူစာ၏ ထံသို့ထို (နဗီတမန်တော်)မူစာ၏ အမျိုးသားတို့က (သောက်သုံးရန်) ရေကို တောင်းကြသောအခါ ငါအရှင်မြတ်သည် မူစာထံသို့ (အို-မူစာ) "အသင်သည် မိမိလှံကန်ဖြင့် ကျောက်တုံးကို ရိုက်ခတ်လော့" ဟူ၍ အမိန့်တော် ထုတ်ပြန်တော်မူခဲ့လေသည်။ သို့ (အမိန့်တော်နှင့်အညီ နဗီတမန်တော်မူစာသည် ကျောက်တုံးကို) ရိုက်ခတ်လေသည်။ ထိုကျောက်တုံးမှ စမ်းရေရောင်း ဆယ့်နှစ်သွယ်တို့သည် ပန်း၍ထွက်လာလေသည်။ (ထိုအခါ) ယင်း မျိုးနွယ်တို့သည် မိမိတို့သောက်သုံးရာ ဌာနကို အသီးသီး (ကောင်းမွန်စွာ) မှတ်သား၍ ထားခဲ့ကြလေသည်။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ယင်းအမျိုးသားတို့အပေါ်၌ မိုးတိမ်များကို အရိပ်အာဝါသပြု၍ ပေးတော်မူခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည် (မွတ်သိပ် ဆာလောင်ခြင်းမှ ကင်းစိမ့်သောငှာ) "မန္နာ" (ဟူသော စားဖွယ်)ကိုလည်းကောင်း၊ "စလ်ဝါ" (ခေါ် ငုံးသတ္တဝါ)[1] ကိုလည်းကောင်း ထိုသူတို့အပေါ်၌ ချပေးသနားတော်မူခဲ့၏။**

1 "မန္နာ"ဆိုသည်မှာ ဟီဗရူးဘာသာအရ "မန်ဟူ"ဖြစ်ပြီး ယင်းအကြောင်း(Exodus ၁၆း၁၄) တွင် အောက်ပါစကားလုံးများဖြင့် ဖော်ပြထားသည်။ မန်ဟူဆိုသည်မှာ ဖြူဖွေးသောနှင်းပွင့်အရွယ် ဝိုင်းစက်သောအရာဟုခေါ်သည်။ အဗွဒုလ္လာဟ် ယူစွဖ်အလီ အဆိုအရ ယင်းသည် နောက်တနေ့ရောက်လျှင် ပုပ်သွား၍ နေရောင်အပူရှိန်တွင် အရည်ပျော်သည်။ မန်တစ်ခုအတွက် လိုသောပမာဏမှာ တစ်အိုမာဖြစ်သည်။ အိုမာသည် ဟီဗရူးတို့၏ ဝင်ဆံ့သည် အတိုင်းအတာ တစ်ခုဖြစ်၍ ၂.၅ ကွာတာ နှင့် ညီသည်။ ဤသည်မှာ ဟီဗရူးတို့၏ အဖြစ်အပျက်ဖြစ်ကာ ထုံးတမ်းစဉ်လာ ချဲ့ကားမှုကြောင့် ပုံပျက်သွားခြင်း ဖြစ်နိုင်ပါသည်။ ဆိုင်းနိုင်းဒေသတွင် ယနေ့ထိတွေ့ရသော မန္နအစစ်အမှန်မှာ (အရွယ်သေးသေး အဖြူပန်းပွင့်သော (၁၂) ရာသီပန်း အမျိုးအစားတစ်ခုမှ) ထွက်သော စေးကပ်၍ အချိုတက်ရှိသည့်အရာဖြစ်သည်။ စလ်ဝါဟူသည်မှာ ငုံးတစ်မျိုးဖြစ်၍ လေတိုက်ခတ်သောရာသီ၌ မြေထဲပင်လယ် အရှေ့ပိုင်းဒေသတွင် ကြီးမားသောငှက် အုပ်ကြီးအဖြစ် တွေ့ရှိရသည်။ ပထမကမ္ဘာစစ်ကြီး (၁၉၁၄-၁၉၁၈) အတွင်း အီဂျစ်နှင့် ပါလက်စတိုင်းနိုင်ငံကြား စခန်းချခဲ့သော အိန္ဒိယစစ် အရာရှိများ တွေ့မြင်ခဲ့ကြရသည်။ (ယူစွဖ်အလီ၏ The Holy Quran အတွဲ-၁၊ စာ-၃၁) (မုဖ်သီသကီးနှင့် အင်္ဂလိပ်ဘာသာပြန်သူများ)

**အသင်တို့သည် ငါအရှင်မြတ် ပေးသနားတော်မူသည့် ကောင်းမြတ်သန့်စင်သော စားသုံးဖွယ်ရာများကို စားသုံးကြလေကုန်။ အမှန်သော်ကား ၎င်းတို့သည် ငါအရှင်မြတ် အား ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည် မဟုတ်ပေ။ စင်စစ်သော်ကား ၎င်းတို့သည် မိမိတို့ ကိုယ်ကို မိမိတို့သာလျှင် နှိပ်စက် ညှဉ်းပန်းခဲ့ကြလေသတည်း။ (၇ း ၁၆၀)**

**၎င်းပြင် (ပြန်လည်အောက်မေ့သတိရကြလေကုန်) တစ်ရံရောအခါ ထို (နဗီ တမန်တော်မူစာ၏) အမျိုးသားတို့ထံ (ဤသို့) အမိန့်တော်ကျရောက်ခဲ့လေသည်။ အသင်တို့သည် ဤမြို့၌နေထိုင်ကြကာ ထိုမြို့တွင် မိမိတို့နှစ်သက်ရာ နေရာများမှ စားသုံးကြလေကုန်။ ၎င်းပြင် အသင်တို့သည် "ဟစ်တ်တွတွန်" (ကျွန်တော်မျိုးတို့အား အပြစ်မှ ချမ်းသာခွင့်ပေးသနားတော်မူပါ) ဟုရွတ်ဆိုကာ (ငါအရှင်မြတ်အား ခယရိုကျိုးသော အားဖြင့်) မြို့၏တံခါးပေါက်သို့ ဝပ်သွား၍ ဝင်ကြလေကုန်။ (အသင်တို့သည် ဤအမိန့်တော်အတိုင်း လိုက်နာကြပါမူ ဇကန်စင်စစ်) ငါအရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ မှားယွင်းမှုများကို ခွင့်လွှတ်တော်မူသည့်ပြင် (အသင်တို့အနက်) ကောင်းမှုပြုသူတို့ကိုမူကား ဆထက်တိုး၍ပင် ချီးမြှင့်တော်မူအံ့။ (၇ း ၁၆၁)**

**သို့ရာတွင် ထို(အမျိုးသား)တို့အနက် (မတရား)ကျူးလွန်(လေ့ရှိ)သူတို့သည် မိမိတို့အား မိန့်ကြားတော်မူခဲ့သော စကားရပ်ကို အခြား (မလျော်ကန်သော) စကားဖြင့် ပြောင်းလဲ (၍ပြောဆို) ခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ထို(အမျိုးသား)တို့ အပေါ်၌ (၎င်းတို့သည် မိမိတို့ကိုယ်ကို) နှိပ်စက်ညှဉ်းပန်းလေ့ ရှိကြသည့်အတွက် ရောဂန္တရကပ်ကို မိုးကောင်းကင်မှ သက်ရောက်စေတော်မူခဲ့လေတည်း။ (၇ း ၁၆၂)**

အထက်ပါအာယသ်တော်များထဲတွင် အစ္စရေးလ်လူမျိုးများအပေါ် အလ္လာဟ်အရှင်မြတ် ချပေးသနားတော်မူသည့် အမျိုးမျိုးသော ကျေးဇူးတော်များကို ဖော်ပြထားကာ ၎င်းတို့ အလ္လာဟ်အရှင်မြတ် အမိန့်တော်မှ သွေဖည်ကာ စည်းဘောင်ကျော်ခြင်းကြောင့် ကောင်းကင်မှ ပြစ်ဒဏ်ခတ်မှုတစ်ရပ် ကျရောက်ခဲ့ကြောင်း ဖော်ပြထားခဲ့သည်။ အထက်ပါ အာယသ်များ၏ ဘာသာပြန်ဆိုမှုများကပင်လျှင် အလိုအလျောက် ရှင်းလင်းပြီး ဖြစ်ကာ အသေးစိတ်များကို စူရဟ်အလ်ဗကရဟ်တွင် ဖော်ပြပြီးဖြစ်သည်။ (အတွဲ-၁၊ အာယသ်-၂း၅၇-၅၉၊ မြန်မာဘာသာပြန် စာ-၂၆၁ မှ ၂၇၀ ထိကြည့်ပါ)

အာယသ် (၁၆၃-၁၆၆)

وَ سْـَٔلْهُمْ عَنِ الْقَرْيَةِ الَّتِيْ كَانَتْ حَاضِرَةَ الْبَحْرِ ۘ اِذْ يَعْدُوْنَ فِي السَّبْتِ اِذْ
تَاْتِيْهِمْ حِيْتَانُهُمْ يَوْمَ سَبْتِهِمْ شُرَّعًا وَّ يَوْمَ لَا يَسْبِتُوْنَ ۙ لَا تَاْتِيْهِمْ ۛ كَذٰلِكَ ۛ
نَبْلُوْهُمْ بِمَا كَانُوْا يَفْسُقُوْنَ ﴿۱۶۳﴾ وَ اِذْ قَالَتْ اُمَّةٌ مِّنْهُمْ لِمَ تَعِظُوْنَ قَوْمًا ۙ
اللّٰهُ مُهْلِكُهُمْ اَوْ مُعَذِّبُهُمْ عَذَابًا شَدِيْدًا ؕ قَالُوْا مَعْذِرَةً اِلٰى رَبِّكُمْ وَ لَعَلَّهُمْ
يَتَّقُوْنَ ﴿۱۶۴﴾ فَلَمَّا نَسُوْا مَا ذُكِّرُوْا بِهٖۤ اَنْجَيْنَا الَّذِيْنَ يَنْهَوْنَ عَنِ السُّوْٓءِ وَ اَخَذْنَا
الَّذِيْنَ ظَلَمُوْا بِعَذَابٍۭ بَـِٔيْسٍۢ بِمَا كَانُوْا يَفْسُقُوْنَ ﴿۱۶۵﴾ فَلَمَّا عَتَوْا عَنْ مَّا نُهُوْا
عَنْهُ قُلْنَا لَهُمْ كُوْنُوْا قِرَدَةً خٰسِـِٕيْنَ ﴿۱۶۶﴾

ထိုမှတစ်ပါး (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား သမုဒ္ဒရာ ပင်လယ်ဆိပ်ကမ်းရှိ မြို့ရွာ (ဒေသလူတို့) နှင့်ပတ်သက်၍ မေးမြန်းပါလေ။ အကြောင်အခါဝယ် ထိုသူတို့သည် "စဗ်တ်" နေ့နှင့်စပ်လျဉ်း၍ စည်းကမ်းကို ကျူးလွန်ကြလေသည်။ အကြောင်အခါဝယ် ၎င်းတို့၏ (သမုဒ္ဒရာမှ) ငါးများ သည် ၎င်းတို့ထံသို့ ၎င်းတို့၏ "စဗ်တ်" နေ့တွင် (ရေပေါ်သို့) ထွက်ပြူ၍ လာကြလေသည်။ သို့ရာတွင် "စဗ်တ်" မဟုတ်သောနေ့တွင်မူ ထိုငါးများသည် ၎င်းတို့ထံသို့ လာကြသည်မရှိဇေ။ ဤကဲ့သို့ပင် ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ဖီဆန်လေ့ရှိခဲ့ကြသည့်အတွက် စမ်းသပ်တော်မူခဲ့လေသတည်း။
(၇ : ၁၆၃)

တစ်ဖန် အကြောင်အခါဝယ် ၎င်းတို့အနက်မှ လူတစ်စုသည် (၎င်းတို့အား ဆုံးမသြဝါဒပေးသူတို့ကို) "အသင်တို့သည် အကြောင်အမျိုးသားတို့အား အဘယ်ကြောင့် ဆုံးမသြဝါဒပေးလျက်ရှိကြပါသနည်း။ အလ္လာဟ်အရှင်မြတ်သည် ထိုအမျိုးသားတို့အား ပျက်စီးစေတော်မူမည်ဖြစ်သည်။ သို့မဟုတ် (ထိုအရှင်မြတ်သည်) ၎င်းတို့အား (အခြားတစ်စုံတစ်ရာ) ပြင်းထန်သော အပြစ်ဒဏ်ပေးတော်မူမည်ဖြစ်ချေသည်" ဟု ပြောကြားခဲ့လေသည်။ (ထိုအခါ) ထို (ဆုံးမသြဝါဒစကား) ပြောကြားနေသူတို့က (ကျွန်ုပ်တို့သည်) အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်တွင် အပြစ် လွတ်ရာလွတ်ကြောင်း ဖြစ်စေခြင်းငှာလည်းကောင်း၊ ထို (ဆုံးမသြဝါဒ စကားပြောကြားခြင်း ခံကြရသော) သူတို့သည် အပြစ်မှ ကြဉ်ရှောင်ကြမည်ကို မျှော်လင့်၍လည်းကောင်း (ဆုံးမသြဝါဒပေးခြင်း ပင်ဖြစ်သည်) ဟူ၍ ဖြေကြားကြလေသတည်း။ (၇ : ၁၆၄)

တစ်ဖန် ထိုသူတို့သည် မိမိတို့ သတိပေးခြင်းခံရသော အမှုကိစ္စကို မေ့လျော့ပင်ရှိကြလေသောအခါ ငါအရှင်မြတ်သည် မကောင်းမှုတို့မှ မြစ်တားလျက်ရှိကြသူတို့အား ကယ်ဆယ်တော်မူ၍ မတရားကျူးလွန်သော သူတို့ကိုမူ ၎င်းတို့သည် သွေဖည်လျက်ရှိခဲ့

**ကြသောကြောင့် ပြင်းထန်သော ပြစ်ဒဏ်ဖြင့် ဖမ်းဆီးတော်မူခဲ့လေသတည်း။ (၇ : ၁၆၅)**

**သို့ဖြစ်ပေရာ ထိုသူတို့သည် မိမိတို့တားမြစ်ခြင်းခံခဲ့ရသော အမှုကိစ္စနှင့် စပ်လျဉ်း၍ စည်းကမ်းကို ကျူးလွန်ခဲ့ကြသောအခါ ငါအရှင်မြတ်သည် ၎င်းတို့အား "အသင်တို့သည် ယုတ်ညံ့သိမ်ဖျင်းသော မျောက်တိရစ္ဆာန် များဖြစ်ကြလော့" ဟူ၍ မိန့်ကြားတော်မူခဲ့လေသတည်း။ (၇ : ၁၆၆)**

အထက်ဖော်ပြပါ အာယသ်များထဲတွင် ပါရှိသည့်အဖြစ်အပျက်များ၏ အသေးစိတ်ဆွေးနွေးမှုကို စူရဟ် အလ်ဗကရဟ်ထဲတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ (မအာရိဖုလ် ကုရ်အာန်ကျမ်း၊ မြန်မာဘာပြန် အာယသ် ၅၈-၆၀၊ အတွဲ-၁၊ စာမျက်နှာ ၂၆၃-၂၇၀ထိ) ကြည့်ပါ။ စိတ်ဝင်စား၍ အသေးစိတ်ကြည့်လိုလျှင် ထိုပထမတွဲတွင် ကြည့်နိုင်ပါသည်။

တမန်တော်မြတ် S ၏ ခေတ်ကာလကရှိခဲ့သော အစ္စရေးအမျိုးသားများကို သတိပေးရန် ဤ အာယသ်များထဲတွင် ဖော်ပြထားသော အဖြစ်အပျက်များကို ၎င်းတို့ သတိရကြပါစေဟု ကိုယ်တော်မြတ် S ကို မိန့်ထားခဲ့သည်။ ဤ အာယသ်တော်များပါ အဖြစ်အပျက်များကား ရှင်းရှင်းလင်းလင်းဖြစ်၍ ထပ်မံ ရှင်းလင်းရန်ပင် မလိုအပ်ချေ။

## အာယသ် (၁၆၇-၁၆၉)

وَ اِذْ تَاَذَّنَ رَبُّكَ لَيَبْعَثَنَّ عَلَيْهِمْ اِلٰى يَوْمِ الْقِيٰمَةِ مَنْ يَّسُوْمُهُمْ سُوْٓءَ الْعَذَابِ ؕ اِنَّ رَبَّكَ لَسَرِيْعُ الْعِقَابِ ۖۚ وَ اِنَّهٗ لَغَفُوْرٌ رَّحِيْمٌ ﴿۱۶۷﴾ وَ قَطَّعْنٰهُمْ فِي الْاَرْضِ اُمَمًا ۚ مِنْهُمُ الصّٰلِحُوْنَ وَ مِنْهُمْ دُوْنَ ذٰلِكَ ۫ وَ بَلَوْنٰهُمْ بِالْحَسَنٰتِ وَ السَّيِّاٰتِ لَعَلَّهُمْ يَرْجِعُوْنَ ﴿۱۶۸﴾ فَخَلَفَ مِنْۢ بَعْدِهِمْ خَلْفٌ وَّرِثُوا الْكِتٰبَ يَاْخُذُوْنَ عَرَضَ هٰذَا الْاَدْنٰى وَ يَقُوْلُوْنَ سَيُغْفَرُ لَنَا ۚ وَ اِنْ يَّاْتِهِمْ عَرَضٌ مِّثْلُهٗ يَاْخُذُوْهُ ؕ اَلَمْ يُؤْخَذْ عَلَيْهِمْ مِّيْثَاقُ الْكِتٰبِ اَنْ لَّا يَقُوْلُوْا عَلَى اللّٰهِ اِلَّا الْحَقَّ وَ دَرَسُوْا مَا فِيْهِ ؕ وَ الدَّارُ الْاٰخِرَةُ خَيْرٌ لِّلَّذِيْنَ يَتَّقُوْنَ ؕ اَفَلَا تَعْقِلُوْنَ ﴿۱۶۹﴾

**၎င်းပြင် (အို- နဗီတမန်တော်၊ အသင်သည် ပြန်လည်၍ သတိရပါလေ)။ အခါတစ်ပါး၌ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် (ဤသို့) ကြေညာတော်မူခဲ့လေသည်။ ထိုအရှင်မြတ်သည် ၎င်းတို့အပေါ်၌ အကြင်ကဲ့သို့သောသူများကို ကိယာမသ်နေ့တိုင်အောင် မလွဲဖကန် လွှမ်းမိုး စေတော်မူအံ့။ ထိုသူများသည် ပြင်းထန်လှသော ပြစ်ဒဏ်ကို ၎င်းတို့၌ သက်ရောက်ကြစေအံ့။ ဧကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူ တော်မူသော အရှင်မြတ်သည် အလွန်လျင်မြန်စွာ အပြစ်ပေးတော်မူသော အရှင်ဖြစ်တော်မူပေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် မုချစင်စစ် အလွန်ချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်သနားကြင်နာ ညှာတာတော်မူသော အရှင်မြတ်ဖြစ်တော်မူသတည်း။ (၇ : ၁၆၇)**

ထိုမှတစ်ပါး ငါအရှင်မြတ်သည် ၎င်းတို့အား ကမ္ဘာမြေဝယ်အုပ်စု (အမျိုးမျိုး) ကွဲပြားစေတော်မူခဲ့လေသည်။ ၎င်းတို့အနက် အချို့သည် သူတော်ကောင်းများဖြစ်ကြသည်။ ထို့ပြင် ၎င်းတို့တွင် ထို(သူတော်စင်များ)မှ တစ်ပါးသော သူများလည်း ရှိခဲ့ကြ၏။ ၎င်းပြင် ငါအရှင်မြတ်သည် သုခချမ်းသာများ(ကို ချီးမြှင့်ပေးသနားတော်မူခြင်းအား) ဖြင့် လည်းကောင်း၊ ဆင်းရဲဒုက္ခများ (သက်ရောက်စေခြင်းအား) ဖြင့်လည်းကောင်း၊ စမ်းသပ်တော်မူခဲ့လေသည်။ သို့မှသာလျှင် ၎င်းတို့သည် (မိမိတို့၏ သွေဖည်မှုများမှ) ပြန်လှည့်လာကြတန်ရာသည်။ (၇ : ၁၆၈)

တစ်ဖန် ၎င်းတို့မရှိသည့်နောက်တွင် အကြင်ယုတ်မာသော သားမြေးတို့က (၎င်းတို့၏) ရိုက်ရာဆောက်ခံခဲ့ကြကုန်၏။ ထိုသူတို့သည် ကျမ်းဂန်ကို အမွေရယူခဲ့ကြကုန်၏။ (သို့ရာတွင်) ၎င်းတို့သည် (ထိုကျမ်းဂန်လာ ဒေသနာတော်များ၏အစား) ဤလောကီပစ္စည်းများကို ယူကြလေသည်။ ထို့ပြင် ၎င်းတို့က ကျွန်ုပ်တို့သည် (ဤကျမ်းဂန်လာ ဒေသနာတော်များကို ရောင်းစားခဲ့ကြသည့်အပြစ်မှ) မုချချမ်းသာခွင့်ပေးသနားတော်မူခြင်း ခံကြရပေမည်ဟူ၍လည်း ပြောဆိုကြသေး၏။ စင်စစ်သော်ကား ၎င်းတို့သည် အကယ်၍ (ယခုတစ်ဖန်) ထိုကဲ့သို့သော ဥစ္စာပစ္စည်းများသည် ၎င်းတို့ထံ ရောက်လာပါလျှင် ထိုပစ္စည်းများကို ယူကြဦးမည်သာတည်း။

(သောင်ရားသ်) ကျမ်းတော်တွင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ မှန်ရာကိုသာ ပြောဆိုကြရန် ၎င်းတို့ထံမှ ပဋိညာဉ်ယူထားပြီးဖြစ်သည်သာမက ၎င်းတို့သည် ယင်းကျမ်းဂန်လာအမိန့်များကို ဖတ်ခဲ့ပြီးလည်းဖြစ်ကြသည်။ စင်စစ်သော်ကား နောင်တမလွန်ဘဝ၏ သုခချမ်းသာသည် (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ရိုသေသော (အားဖြင့် ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ကြကုန်သော) သူတို့အဖို့ အကောင်းဆုံးပင်ဖြစ်ပေသည်။ သို့ပါလျက် အသင်တို့သည် (ဤမျှပင်) မသိနားမလည်ကြလေသလော။

(၇ : ၁၆၉)

ပထမနှစ်အာယသ်ဖြစ်သော (၁၆၇ နှင့် ၁၆၈) ထဲတွင် အစ္စရေးလူမျိုးတို့အပေါ် အလ္လာဟ်အရှင်မြတ် ချမှတ်တော်မူသည့် ပြစ်ဒဏ်ခတ်မှုနှစ်ရပ်ကို ရည်ညွှန်းထားသည်။ ပထမအနေဖြင့် အလ္လာဟ်အရှင်မြတ်သည် ထိုသူများကို အရှက်ရစေရန်နှင့် ပြစ်ဒဏ်ခတ်ရန်အတွက် ပုဂ္ဂိုလ်အချို့ကိုလည်းကောင်း (သို့မဟုတ်) အုပ်စုဝင်တို့ကိုလည်းကောင်း ကိယာ မသ်နေ့တိုင် ထိုသူတို့ထံ ပို့ဆောင်နိုင်ပါလိမ့်မည်။ စင်စစ် ယနေ့တိုင် ထိုသို့ဖြစ်ပျက်နေခဲ့ပါသည်။ သမိုင်းတွင် မှတ်တမ်း တင်ထားသည့်အတိုင်း အခြားသူများက ၎င်းတို့ကို အထင်သေးစက်ဆုပ်စွာဖြင့် လွှမ်းမိုးခဲ့သည်။ အများသိပြီးသည့်အတိုင်း အစ္စရေးလ်ပြည်နယ်ဆိုသည်မှာ ပါလက်စတိုင်းနိုင်ငံ၏ တစ်စိတ်တစ်ဒေသဖြစ်သည်မှာ ကျွန်ုပ်တို့သံသယရှိ စရာမလိုချေ။ စင်စစ် ကမ္ဘာ့အင်အားကြီးနိုင်ငံများသည် မုစ်လင်မ်အုမ္မသ်ထုကို ဆန့်ကျင်ရန်အလို့ငှာ ၎င်းတို့၏ နိုင်ငံရေးဆိုင်ရာ ရည်ရွယ်ချက်အတွက် အစ္စရေးနိုင်ငံကို အင်အားကြီးတို့၏ တစ်စိတ်တစ်ဒေသအဖြစ် ဖန်တီးထားခြင်း ဖြစ်သည်။ ၎င်းတို့အား ကိုလိုနီနယ်ချဲ့အင်အားစုက အုပ်ချုပ်ကာ လွှမ်းမိုထားသည်။ တကယ်ဆိုလျှင်

အစွဓေးလ်သည် အမေရိကန်၏ စစ်အခြေခံစခန်းတစ်ခုဖြစ်သည်။ ဤအင်အားကြီး နိုင်ငံများက အစွဓေးလ်နိုင်ငံအား ထောက်ပံ့မှု ရပ်တန့်ခဲ့လျှင် ထိုသူတို့မှာ ဘဝတည်ရှိရေး ကြာကြာခံနိုင်မည်မဟုတ်ချေ။

ဒုတိယပြစ်ဒဏ်ခတ်မှုကို အာယသ်(၁၆၈)ထဲတွင် ဖော်ပြထားသည်။ ယင်းမှာဂျူးတို့သည် အစိတ်စိတ် အမြွာမြွာဖြစ်၍ ကမ္ဘာတစ်လွှား ပျံ့နှံ့နေသည်။ ၎င်းတို့သည် စုစည်းသော နိုင်ငံတစ်ခုအဖြစ် ၎င်းတို့ မတတ်နိုင်ကြပါ။ وَ قَطَّعْنٰهُمْ فِي الْاَرْضِ اُمَمًا "ထိုမှတစ်ပါး ငါအရှင်မြတ်သည် ၎င်းတို့အား ကမ္ဘာမြေဝယ်အုပ်စု (အမျိုးမျိုး) ကွဲပြားစေတော်မူခဲ့လေသည်"ဟူသောစာပိုဒ်က ဤအချက်ကိုရည်ညွှန်းသည်။ အရဗီစကားလုံး قَطَّعْنَا သည် အစိတ်စိတ် အမြွာမြွာဖြစ်ခြင်းကို ရည်ညွှန်းသည်။ اُمَم ဟူသောစကားလုံးသည် အုပ်စုတစ်စု၊ ပါတီတစ်ခုဟုဖော်ညွှန်းသည်။ အလ္လာဟ်အရှင်မြတ်သည် ထိုသူများကို ကမ္ဘာမြေပေါ်ဝယ် တကွဲတပြားစီဖြစ်ကာ ကမ္ဘာပေါ်တွင် ပျံ့နှံ့နေသည်ဟု အာယသ်တော်က ရည်ညွှန်းသည်။

တစ်ပေါင်းတစ်စည်းတည်း စုစည်းထားခြင်း (သို့မဟုတ်) နိုင်ငံတစ်နိုင်ငံအဖြစ်ဖြစ် တည်နေခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာတစ်ရပ် ဖြစ်သကဲ့သို့ စုစည်းမှုမရှိဘဲ တစ်ပိုင်းတစ်စီဖြစ်၍ တစ်ခုစီ ကွဲကွာနေခြင်းတို့မှာ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုတစ်ခုဖြစ်ကြောင်း ဤသည်ကရည်ညွှန်းသည်။ ဤကောင်းချီးမင်္ဂလာကို ခံစားရသည့်အနေဖြင့် မုစ်လင်မ်များသည် မုစ်လင်မ်အဖြစ် ရပ်တည်နေခြင်းနှင့် စုစည်းသောလူများအဖြစ် ကမ္ဘာပေါ်တွင် အသိအမှတ်ပြုခံခဲ့ရသည်။ တမန်တော်မြတ် s သခင်၏ခေတ်သမယက မဒီနဟ်မြို့တော်မှ စတင်၍ ကမ္ဘာပေါ်ရှိ အမျိုးမျိုးသော နေရာများတွင် မုစ်လင်မ်များသည် ယနေ့အချိန်အထိ ကိုယ်ပိုင်လွတ်လပ်သော အုပ်ချုပ်မှုရှိခဲ့ကြသည်။ အရှေ့ဖျားမှ အနောက်တိုင် အစွလာမ့်နိုင်ငံများတည်ရှိနေခြင်းက ဤအချက်၏ ထင်ရှားသော သက်သေပြချက် တစ်ခုဖြစ်လာသည်။

၎င်းတို့၏လက်ရှိ ပါလက်စတိုင်းပြဿနယ်က သံသယမဖြစ်စေပါ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် s ကြိုတင်မိန့်ကြားချက်အရ နောက်ဆုံးခေတ်တွင် ၎င်းတို့သည် တစ်နေရာတွင် တစုတစည်းတည်း ဖြစ်ကြရမည်။ နိုင်လုံသော ဟဒီးစ်ဩဂါဒတော်များထဲ၌ ကမ္ဘာမပျက်သုဉ်းမီအလျင် တမန်တော်အီစာ a သခင်သည် မိုးကောင်းကင်မှ မြေပြင်သို့သက်ဆင်းလာပါလိမ့်မည်။ ထို့နောက် ခရစ်ယာန်များအားလုံး အစွလာမ်သာသနာ သက်ဝင်ယုံကြည်လာကြလိမ့်မည်ဟု ကျွန်ုပ်တို့ကို ကိုယ်တော်မြတ် s က သတင်းပေးထားခဲ့ပါသည်။ တမန်တော်အီစာ a သည် ဂျူးများနှင့် စစ်ခင်းကာ ၎င်းတို့သေစေပါလိမ့်မည်။ အလ္လာဟ်အရှင်မြတ်၏ ဤအပြစ်ကျူးလွန်သူများကို ရဲများ (သို့မဟုတ်) အခြားအဖွဲ့အစည်းများဖြင့် မဆင့်ခေါ်ပါ။ အလ္လာဟ်အလိုတော်အရ ဖန်ဆင်းတော်မူသည့် အကြောင်းအရင်းများဖြင့် ၎င်းတို့သည် သေရမည့်နေရာသို့ ပို့ဆောင်ခြင်းခံရပေမည်။

တမန်တော်အီစာ a သည် မိုးကောင်းကင်မှ ဆီးရီးယားနိုင်ငံ၏ မြေပြင်သို့သက်ဆင်းပါလိမ့်မည်။ တမန်တော်အီစာ a သည် ဂျူးများနှင့်စစ်ခင်းမည်။ ပါလက်စတိုင်းတွင် ဂျူးများ တစ်စုတစ်ဝေးတည်း တည်ရှိနေခြင်းက တမန်တော်အီစာ a ကို ကမ္ဘာအနှံ့အပြားတွင်ရှိ ဂျူးတို့ကိုလိုက်လံရှာဖွေသည့် ဒုက္ခမှ ကင်းဝေးစေပါသည်။ အစွဓေးလ်နိုင်ငံတွင်းရှိ ၎င်းတို့၏လက်ရှိ နိုင်ငံရေးအာဏာနှင့် အချုပ်အခြာအာဏာမှာ မှားယွင်းသောယုံကြည်ချက် တစ်ရပ်သာဖြစ်၍ ကမ္ဘာ့နိုင်ငံရေးနှင့် အကျွမ်းတဝင်မရှိသောသူများကိုသာလျှင် လှည့်စားစေပါသည်။ အစွဓေးလ်နိုင်ငံဟုခေါ်သော နိုင်ငံမှာ စင်စစ်အင်အားကြီးနိုင်ငံများဖြစ်သည့် အမေရိကန်၊ ရုရှနှင့် အင်္ဂလန်တို့၏ ဘုံစခန်းချရာ နေရာဌာနတစ်ခုဖြစ် ပါသည်။

ယင်းနိုင်ငံ၏ဖြစ်တည်မှုမှာ ၎င်း၏ဆရာသမားများ၏ အကူအညီအပေါ် မှီခိုနေရပါသည်။ ၎င်းတို့သခင်များ၏ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်အတွက် အလုပ်ကျွေးပြုနေရသည်။ သူတို့သည် ယခုထက်တိုင် စစ်မှန်သောအစေခံများ အဖြစ် နေထိုင်ခဲ့ရသည်။ ထို့နောက် ၎င်းတို့သည် စစ်မှန်သော လွတ်လပ်သည့်အုပ်ချုပ်မှု လက်မဲ့ဖြစ်နေပါသည်။

ကုရ်အာန်ကျမ်းတော်မြတ်က ကမ္ဘာပျက်မည့်နေ့တိုင်ရှိနေမည့် ၎င်းတို့၏ ဂုဏ်သရေမဲ့မှုနှင့် စိတ်သောက ရောက်မှုကို

وَاِذْ تَاَذَّنَ رَبُّكَ لَيَبْعَثَنَّ عَلَيْهِمْ اِلٰى يَوْمِ الْقِيٰمَةِ مَنْ يَّسُوْمُهُمْ سُوْٓءَ الْعَذَابِ

"၎င်းပြင် အခါတစ်ပါး၌ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် (ဤသို့) ကြေညာတော်မူခဲ့လေသည်။ ထိုအရှင်မြတ်သည် ၎င်းတို့အပေါ်၌ အကြင်ကဲ့သို့သော သူများကို ကေယာမသ်နေ့တိုင်အောင် မလွဲဧကန် လွှမ်းမိုးစေတော်မူအံ့။ ထိုသူများသည် ပြင်းထန် လှသော ပြစ်ဒဏ်ကို ၎င်းတို့၌ သက်ရောက်ကြစေအံ့" (၇း၁၆၇)ဟူသော စကားလုံးများဖြင့် ကျွန်ုပ် တို့အား အသိပေးထားသည်။

သမိုင်းတွင် မှတ်တမ်းတင်ထားခဲ့သည်မှာ သူတို့သည် တမန်တော်စိုလိုင်မာန်း a ၏ခေတ်မှစ၍ ယနေ့ခေတ် တိုင် လူတစ်မျိုးမဟုတ်တစ်မျိုးက ၎င်းတို့အား အစဉ်တစိုက် ညှဉ်းဆဲသတ်ဖြတ်ခဲ့ကြသည်။ ၎င်းတို့အား နဗူချနိုင်ဇာက ဖမ်းဆီးအကျဉ်းချခြင်းနှင့် နောက်ဆက်ဘုရင်များလက်ဝယ် ညှဉ်းဆဲသတ်ဖြတ်ခံရခြင်း ထို့နောက် ၎င်းတို့၏ ရှုံးနိမ့်မှုနှင့် တမန်တော်မြတ် s သခင်နှင့် သူ၏ခလီဖတ် အုမရ်အလ်ဖာရွတ်က် d သခင်တို့လက်ဝယ် ရှက်ဖွယ်လိလိ ဖြစ်ရပ် ကံကြမ္မာတို့သည် ထင်ရှားသည့် ဖြစ်ရပ်များဖြစ်ကြသည်။ ဒုတိယကမ္ဘာစစ်တွင် ဟစ်တလာ၏လက်ဝယ် ဂျူးများ သတ်ဖြတ်ခံရသည်ဆိုခြင်း[1] တို့သည် ထင်ရှားသော နမူနာများဖြစ်သည်။

ဤအာယသ်တော်၏ ဒုတိယစကားစုမှာ-

مِنْهُمُ الصّٰلِحُوْنَ وَ مِنْهُمْ دُوْنَ ذٰلِكَ

"၎င်းတို့အနက် အချို့သည် သူတော်ကောင်းများဖြစ်ကြသည်။ ထို့ပြင် ၎င်းတို့တွင် ထို(သူတော်စင်များ)မှ တစ်ပါးသောသူများလည်း ရှိခဲ့ကြ၏" (၇း၁၆၈) ဟူ၍ဖြစ်သည်။

ထိုသူများအနက် အချို့သည် သူတော်ကောင်းများဆိုသည်မှာ သောင်ရာသ်ကျမ်းပါ အမိန့်ပညတ်ချက်များကို သစ္စာရှိစွာ လိုက်နာကျင့်သုံး၍ အခြားသူများ ပြုလုပ်သကဲ့သို့ ယင်းအမိန့်ပညတ်ချက်များကို ကိုယ်လိုရာဆွဲ၍ ပြုပြင် ပြောင်းလဲမှုများ မလုပ်ခဲ့ကြသည့်သူများ ဖြစ်ပေသည်။ "ထိုသူတော်စင်များမှ တစ်ပါးသောသူများ" ဟူ၍ သုံးနှုန်း ခံရ သောသူများအား ၎င်းတို့၏တမန်တော်များကို ခေါင်းမာစွာဖြင့် အမိန့်ဖီဆန်ခဲ့ကြသည်သာမက တမန်တော်များကို သတ်ဖြတ်ခဲ့ကြသူများနှင့် မယုံကြည်သွေဖည်သူများ ပါဝင်သည် (သူတော်စင်များနှင့် "သူတော်စင်များမှအပ အခြား") ဟူသော အသုံးအနှုန်းတို့မှာ တမန်တော်မြတ် s ကိုယုံကြည်ခဲ့ကြပြီး ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်ပြီးနောက် ယင်းကျမ်းပါလမ်းညွှန်မှုများအတိုင်း လိုက်နာကျင့်သုံးသူများကိုလည်း ရည်ညွှန်းနိုင်သည်။ ထိုသူတို့နှင့် ဆန့်ကျင်သော သူများအား သောင်ရာသ်ကျမ်းသည်သာလျှင် အလွှာဟ်အရှင်မြတ်၏ မုကွဲပါဒ်တော်ဟု ယုံကြည်ခြင်း၊ ယင်းကျမ်းကို

1 ဒုတိယကမ္ဘာစစ်အတွင်းက ဟစ်တလာ၏လက်ဝယ် ဂျူးများ ညှဉ်းပန်းနှိပ်စက်ခံရခြင်းများသည် ကုရ်အာန်ကျမ်းတော်မြတ်၏ ဖော်ပြချက်ကို လောလောလတ်လတ် အထောက်အထားဖြစ်သည်။ (ဘာသာပြန်ဆိုသူ)

အမိန့်ဖီဆန်ခြင်း၊ (သို့မဟုတ်) ယင်းကျမ်းပါ အမိန့်ပညတ်ချက်များကို ကိုယ်လိုရာဆွဲ၍ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ကာ ဤကမ္ဘာလောကဏ္ဍ၏ မပြောမလောက်သော အခကြေးငွေအနည်းငယ်နှင့် ထာဝရအကျိုးအမြတ်ဖြစ်သော ကယ်တင်ခံရခြင်းကို ရောင်းစားသူများဖြစ်သည်။ ဤအာယသ်တော်၏ နောက်ဆုံးစာပိုဒ်က-

وَبَلَوْنٰهُمْ بِالْحَسَنٰتِ وَالسَّيِّاٰتِ لَعَلَّهُمْ يَرْجِعُوْنَ

"၎င်းပြင် ငါအရှင်မြတ်သည် သုခချမ်းသာများ (ကို ချီးမြှင့်ပေးသနားတော်မူခြင်းအား) ဖြင့်လည်းကောင်း၊ ဆင်းရဲဒုက္ခများ (သက်ရောက်စေခြင်းအား) ဖြင့်လည်းကောင်း စမ်းသပ်တော်မူ ခဲ့လေသည်။ သို့မှာသာလျှင် ၎င်းတို့ သည် (မိမိတို့၏သွေဖည်မှုများမှ) ပြန်လှည့်လာကြတန်ရာသည်" ဟူ၍မိန့်ထားသည်။

"သုခချမ်းသာများ" ဆိုသည်မှာ ၎င်းတို့၏ တိုးတက်ကြီးပွားခြင်းနှင့် စိတ်ချမ်းသာဖြစ်ခြင်း အခြေအနေကို ရည်ညွှန်းသကဲ့သို့ "ဆင်းရဲဒုက္ခများ" ဆိုသည်မှာ ၎င်းတို့၏သမိုင်းတစ်လျှောက်ခံစားခဲ့ရသော ညှဉ်းပန်းသတ်ဖြတ်မှုမျိုးစုံနှင့် ၎င်းတို့ရင်ဆိုင်ခဲ့ကြရသည့် ဘေးဒုက္ခကြီးများကို ရည်ညွှန်းသည်။ သို့မဟုတ်ပါက ၎င်းတို့အပေါ်၌ ပြစ်ဒဏ်ချသည့်အနေဖြင့် ကြုံတွေ့ခံရသည့် တော်မွတ်ခေါင်းပါးသည့် အချိန်အချို့ကိုလည်း ရည်ညွှန်းနိုင်ပါသည်။ ၎င်းတို့ အမိန့်နာခံမှု စမ်းသပ်ခြင်းနည်းနှစ်မျိုးစလုံးကို သုံးစွဲထားသည်။ ၎င်းတို့၏ ဖန်ဆင်းရှင်ကို ကျေးဇူးတင်ကြောင်းပြသမှု ရှိမရှိ စမ်းသပ်ရန်အလို့ငှာ တိုးတက်ကြီးပွားမှုနှင့် ဥစ္စာဓနပေးကမ်းခဲ့သည်။ အကယ်၍၎င်းတို့သည် ဤစမ်းသပ်မှု မအောင်မြင်၍ ပြီးခဲ့သောအာယသ်တော်များ၌ ဆွေးနွေးခဲ့ ပြီးသည့် ပြစ်ဒဏ်ခတ်မှုများ ၎င်းတို့ခံစားစေရပါသည်။

တိုးတက်ကြီးပွားနေသောအချိန်၌ ၎င်းတို့၏ စိတ်ကူးနှင့်လုပ်ရပ်များ ဖောက်လွဲဖောက်ပြန်မှု မည်မျှ ရောက်သွားသနည်းဆိုလျှင် ၎င်းတို့သည်-

اِنَّ اللّٰهَ فَقِيْرٌ وَّنَحْنُ اَغْنِيَآءُ

"အလ္လာဟ်အရှင်မြတ်သည် ဇကန်မလွဲ ဆင်းရဲတော်မူသော အရှင်မြတ်ဖြစ်တော်မူ၏။ သို့ရာတွင် အကျွန်ုပ် တို့မူကား ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝပေါများသူများပင်ဖြစ်ကုန်၏" (၃း၁၈၁)

ဟု ပြောကြသကဲ့သို့ ၎င်းတို့ ဆင်းရဲနွမ်းပါး သော အချိန်၌ ၎င်းတို့က يدالله مغلولة "အလ္လာဟ်အရှင်မြတ်၏ လက်သည် ဆုပ်ထားပြီးဖြစ်သည်" (၅း၆၄) ဟုပြောခဲ့ကြသည်။ အာယသ်တော်၏ အခြားရည်ညွှန်းချက်ကား တိုးတက်ကြီးပွားခြင်း (သို့မဟုတ်) ဆင်းရဲမွဲတေခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်း (သို့မဟုတ်) ဒုက္ခ၊သုက္ခ ရောက်ခြင်းတို့ကို အဖန်းဆင်းခံက ဖန်ဆင်းရှင်အား သစ္စာရှိခြင်းနှင့် ချစ်မြတ်နိုးမှုအား ဆုံးဖြတ်နိုင်ရန်အလို့ငှာ လူသားများထံ စမ်းသပ်မှုတစ်ရပ်အနေဖြင့် ချပေးခြင်းဖြစ်သည်။ ကြီးပွား ချမ်းသာခြင်းနှင့် ဒုက္ခရောက်ခြင်းသည် သိနားလည်သော လူသားအတွက် မည်သို့သော သောကရောက်မှုမှ မဖြစ်စေ ပါ။ အဘယ့်ကြောင့်ဆိုသော် ယင်းအရာများသည် ယာယီသာဖြစ်၍ အဆုံးသတ်ရပါမည်။

ထို့ကြောင့် တစ်စုံတစ်ဦး၏ ကြီးပွားတိုးတက်မှုအတွက် မောက်မာပလွှားခြင်း (သို့မဟုတ်) ဆင်းရဲနွမ်းပါးမှုအတွက် လက်မှိုင်ချခြင်းတို့သည် အသိဉာဏ်မရှိခြင်းပင်ဖြစ်သည်။ ပါရှင်းကဗျာတစ်ပုဒ်တွင် ပါရှိသည်မှာ-

نه شادی داد ساما نے نه غم آورد نقصا نے

به پیش همت ما هر چه آمد بود مهما نے

"ပျော်ရွှင်မှုသည် ကျွန်ုပ်တို့၏စိမ့်မှန်သော အကျိုးမဟုတ်သကဲ့သို့ ဝမ်းနည်းမှုသည်လည်း ကျွန်ုပ်တို့အား မငို ကြွေးစေနိုင်ပါ။ နှစ်မျိုးစလုံးမှာ ကျွန်ုပ်တို့၏ ခိုင်မာသောစိတ်ဓာတ်ထံ ဇည့်သည်များအဖြစ် လာ ရောက်ကြခြင်းဖြစ်သည်" ဟူ၍ဖြစ်သည်။

အာယသ်တော် (၁၆၉) က မိန့်ထားသည်မှာ-

فَخَلَفَ مِنۢ بَعْدِهِمْ خَلْفٌ وَّرِثُوا الْكِتٰبَ يَأْخُذُوْنَ عَرَضَ هٰذَا الْاَدْنٰى وَيَقُوْلُوْنَ سَيُغْفَرُ لَنَا وَاِنْ يَّأْتِهِمْ عَرَضٌ مِّثْلُهٗ يَأْخُذُوْهُ

"တစ်ဖန် ၎င်းတို့မရှိသည့်နောက်တွင် အကြင်ယုတ်မာသော သားမြေးတို့က (၎င်းတို့၏)ရိုက်ရာ ဆက်ခံခဲ့ကြကုန်၏။ ထိုသူတို့သည် ကျမ်းဂန်ကို အမွေရယူခဲ့ကြကုန်၏။ (သို့ရာတွင်) ၎င်းတို့သည် (ထိုကျမ်းဂန်လာ ဒေသနာတော် များ၏အစား) လောကီပစ္စည်းများကို ယူကြလေသည်။ ထို့ပြင် ၎င်းတို့က ကျွန်ုပ်တို့သည် (ဤကျမ်းဂန်လာ ဒေသနာ တော်များကို ရောင်းစားခဲ့ကြ သည့်အဖြစ်မှ) မုချချမ်းသာခွင့် ပေးသနားတော်မူခြင်း ခံရပေမည်ဟူ၍လည်း ပြောဆိုကြ သေး၏။ စင်စစ်သော်ကား ၎င်းတို့သည် အကယ်၍ (ယခုတစ်ဖန်) ထိုကဲ့သို့သော ဥစ္စာပစ္စည်းများသည် ၎င်းတို့ထံ ရောက်လာ ပါလျှင် ထိုပစ္စည်းများကို ယူကြဦးမည်သာတည်း"

အရဗီစကားလုံး **خَلَفَ** သည် **خِلَافَة** ၏ အတိတ်ကာလဖြစ်ကာ တစ်စုံတစ်ဦးမရှိစဉ် တစ်စုံတစ်ဦး၏ လုပ်ငန်း များကို အပ်နှံခံရသည့်လူတစ်ဦး (သို့မဟုတ်) လက်ထောက် ဟု ဖော်ညွှန်းသည်။

ဤအာယသ်က ဒုတိယစကားလုံးမှာ **خَلْفٌ** ဖြစ်ပြီး 'လာမ်' ဟူသော ဒုတိယအက္ခရာနှင့် ပေါင်းစပ်ထားသည့် အသံထွက်ကာ ကောက်ကျစ်သောလက်ထောက်ဟု ဖော်ညွှန်းသည်။ ၎င်းတို့သည် ၎င်းတို့အကြီးအကဲများ၏ ကောင်း သောလုပ်ရပ်များနှင့် ဆန့်ကျင်ပါသည်။ **وَرِثُوا** ဟူသောစကားလုံးသည် **وَرَاثَة** မှဆင်းသက်ကာ အမွေကို ဆိုလိုသည်။ နောက်စကားလုံးမှာ **عَرَض** ဖြစ်ကာ ငွေကြေးဖြင့် ဝယ်ယူထားသည့် တစ်စုံတစ်ရာဟု အဓိပ္ပာယ်ရသည်။ တစ်ခါတစ်ရံ ယင်းစကားလုံးကို တစ်စုံတစ်ရာကို ပိုင်ဆိုင်ခြင်း သက်သက်အတွက် သုံးနှုန်းသည်။ ဤစကားလုံးအား ငွေကြေးအတွက် သုံးနှုန်းရာ၌ ဤကမ္ဘာတွင် ပိုင်ဆိုင်သည့် အရာများသည် ယာယီမျှသာဖြစ်ကြောင်း ရည်ညွှန်းသည်။ အဘယ့်ကြောင့် ဆိုသော် ဤစကားလုံးသည် ဂျောင်ဟရ် (ခိုင်မြဲမှု)၏ဆန့်ကျင်ဘက် စကားလုံးဖြစ်ကာ ထိုစကားလုံးသည် အရာဝတ္ထု တစ်ခုတည်ရှိကြောင်း ပြသရန်လိုအပ်သော အရာဝတ္ထုများအတွက် သုံးနှုန်းသည်။ ဥပမာ-အရောင် အသွေးသည် အခြားအရာနှင့် နှိုင်းယှဉ်ပြမှသာ ယင်းတည်ရှိကြောင်းကို သိရှိနိုင်သည်။ **اَدْنٰى** ဟူသောစကားလုံးသည် **دُنْوٌّ** ဟူသော စကားလုံးမှ ဆင်းသက်ကာ နီးကပ်ခြင်း (သို့မဟုတ်) အကွာအဝေးနည်းပါးခြင်းကို ဖော်ကျူးသည်။ **دُنْيَا** စကားလုံးသည် ဤကမ္ဘာမြေကြီး၏ ဂုဏ္ဍလိင်ဖြစ်သည်။ **اَدْنٰى** ဟူသောစကားလုံးကို **دَنَاءَة** ဟူသော စကားလုံးမှ ဆင်းသက်လာ သည်ဟုလည်း မှတ်ယူနိုင်သည်။ ယင်းက ဂုဏ်သိက္ခာမဲ့ခြင်းကို ဖော်ကျူးသည်။ ဤနေရာ၌ စကားလုံးမှာ အရှက်ရစေသည့် အရာကို ရည်ညွှန်းပါလိမ့်မည်။

အာယသ်တော်က အစောပိုင်း ဂျူးလူမျိုးများတွင် ဖြောင့်မတ်မှန်ကန်သူများနှင့် အမှားကျူးလွန်သူများဟူ၍ အုပ်စုနှစ်စုရှိကြောင်း ရည်ညွှန်းသည်။ နောက်ပိုင်းလာသည့် မျိုးဆက်များသည် သောင်ရာသ်ကျမ်းကို အမွေဆက်ခံရရှိခဲ့ သော်လည်း ၎င်းတို့၏ အကြီးအကဲများနှင့် ဆန့်ကျင်စွာ လုပ်ဆောင်ခဲ့ကာ ကျမ်းတော်ကို အရောင်းအဝယ် ပစ္စည်းတစ်ခု

အဖြစ်လည်းကောင်း၊ (သို့မဟုတ်) ယင်းဖြင့်ငင်းတို့ အသက်မွေးစရာ နည်းလမ်းတစ်ခု အဖြစ်လည်းကောင်း အသုံးချခဲ့သည်ဟု ရည်ညွှန်းသည်။ သူတို့သည် သောင်ရာသ်ကျမ်းပါ မူရင်းစာသားတို့အား ပြုပြင်ပြောင်းလဲ၍ လိုရာဆွဲ ပုံပျက်ပန်းပျက်လုပ်ကာ ယင်းမှငွေကြေးအချို့ ရရှိခဲ့ကြပါသည်။ သို့သာမက ငင်းတို့က **وَ يَقُوْلُوْنَ سَيُغْفَرُ لَنَا** ထို့ပြင် ငင်းတို့က ကျွန်ုပ်တို့သည် (ဤကျမ်းဂန်လာ ဒေသနာတော်များကို ရောင်းစားခဲ့ကြသည့်အပြစ်မှ) မုချချမ်းသာခွင့် ပေးသနားခြင်းခံကြရပေမည်" ဟု ပြောခဲ့ကြလေသည်။ အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်ပါစာသားတို့ကို လိုရာဆွဲ၍ ပုံပျက်ပန်းပျက်လုပ်သည့် ကြီးမားသော ဂုနာဟ်ပြစ်မှု ကျူးလွန်ခဲ့ကြလင့်ကစား အလ္လာဟ်အရှင်မြတ်က ငင်းတို့အား ချမ်းသာခွင့်လွှတ်မှု ပေးလိမ့်မည်ဟု အခိုင်အမာပြောခဲ့ကြသည်။ နောက်ဝါကျထဲတွင် ဤမှားယွင်းမှုကြီးနှင့်ပတ်သက်၍ ငင်းတို့အား သတိပေးထားခဲ့သည်။ မိန့်ထားသည်မှာ **وَ اِنْ يَّاْتِهِمْ عَرَضٌ مِّثْلُهٗ يَاْخُذُوْهُ** "ငင်းတို့သည် အကယ်၍ (ယခုတစ်ဖန်) ထိုကဲ့သို့သော ဥစ္စာပစ္စည်းများသည် ငင်းတို့ထံ ရောက်လာပါလျှင် ထိုပစ္စည်းများကို ယူကြဦးမည်သာတည်း" ဆိုလိုသည်မှာ ငင်းတို့သည် စဉ်းလဲဖောက်ပြန်မှုအနေအထား မည်မျှရှိသနည်းဆိုလျှင် နောက်ထပ်မူရင်းစာသားကို ပြောင်းလဲခြင်းပြုရန်အတွက် အခကြေးငွေပေးခဲ့လျှင် လွယ်လွယ်ကူကူ လက်ခံပါလိမ့်မည်။ အာယသ်တော်ကရည်ညွှန်းသည်မှာ အလ္လာဟ်အရှင်မြတ်၏ ခွင့်လွှတ်မှုသည် မိမိမှားယွင်းမှုကို သတိမူမိကာ လုပ်ခဲ့သည်များအတွက် ဝမ်းနည်းကြေကွဲ၍ အလ္လာဟ်အရှင်မြတ်ထံ ဝန်ချတောင်းပန်ကာ ထိုကဲ့သို့နောင်တွင် ယင်းအမှားမျိုး မကျူးလွန်တော့ပါဟု ခိုင်မြဲစွာကတိပြုသည့် သူများအတွက် အမြဲတမ်းရရှိနေပါသည်။ ငင်းတို့၏ ပြစ်မှုကျူးလွန်ခြင်းတွင် စွဲမြဲနေကာ အလ္လာဟ်အရှင်မြတ်၏ ခွင့်လွှတ်မှုအကြောင်း အခိုင်အမာပြောဆိုနေသူများကား မိမိကိုယ်မိမိ လှည့်ဖြားခြင်းသက်သက်သာဖြစ်သည်။ အာယသ်တော်၏ နောက်ပိုင်းသည် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ မှန်ကန်သည်မှအပ မည်သည့် အရာမှမပြောဟူသော အလ္လာဟ်အရှင်နှင့် ပဋိညာဉ်အကြောင်း သူတို့ ဖတ်ရှုခဲ့ကြရသည်။ ဤလုပ်ရပ်သည် နောက်တမလွန်ဘဝ၏ မှန်ကန်မှုကို သိမြင်ခြင်းမှ ငင်းတို့ကို ရပ်တန့်စေသော ခေါင်းမာမှုနှင့် အတင့်ရဲမှုကြောင့်သာဖြစ်သည်။ ယင်းတမလွန်ဘဝသည်ကား အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့သူများ၏ သီးသန့်ကံကြမ္မာဖြစ်သည်။

## အာယသ် (၁၇၀-၁၇၁)

**وَ الَّذِيْنَ يُمَسِّكُوْنَ بِالْكِتٰبِ وَ اَقَامُوا الصَّلٰوةَ ؕ اِنَّا لَا نُضِيْعُ اَجْرَ الْمُصْلِحِيْنَ ﴿۱۷۰﴾ وَ اِذْ نَتَقْنَا الْجَبَلَ فَوْقَهُمْ كَاَنَّهٗ ظُلَّةٌ وَّ ظَنُّوْۤا اَنَّهٗ وَاقِعٌۢ بِهِمْ ۚ خُذُوْا مَاۤ اٰتَيْنٰكُمْ بِقُوَّةٍ وَّ اذْكُرُوْا مَا فِيْهِ لَعَلَّكُمْ تَتَّقُوْنَ ﴿۱۷۱﴾**

**အကြင်သူတို့သည် ကျမ်းဂန်ဒေသနာတော်ကို တည်ကြည်စွဲမြဲစွာ စောင့်ထိန်းကြ၏။ ငင်းပြင် "ဆွလာသ်" ဝတ်ပြုခြင်းကိုလည်း အမြဲမပြတ်ဆောက်တည်ကြ၏။ ဇကန်စင်စစ် ငါအရှင်မြတ်သည် (မိမိတို့ကိုယ်ကို) ပြုပြင်ကြကုန်သူတို့၏ အကျိုးကျေးဇူးကို ပျက်စီးစေတော်မူမည် မဟုတ်ပေ။ (၇ : ၁၇၀)**

**ငင်းပြင် (အို-နဗီတမန်တော်၊ အသင်သည် ပြန်လည်၍ သတိရပါလော) တစ်ရံသောအခါ ငါအရှင်မြတ်သည် (တူရ်မည်သော) တောင်ကို ငင်းတို့ထက်ဝယ် ပင့်မြှောက်တော်မူခဲ့ရာ ထိုတောင်သည် အမိုးကဲ့သို့ ဖြစ်လျက်ရှိခဲ့ချေသည်။ ထို့ပြင် ယင်းသူတို့မှာ**

**ထိုတောင်သည် ၎င်းတို့အပေါ်ဝယ် မုချကျတော့မည်ဟူ၍ ယုံကြည်ခဲ့ကြလေသည်။ (ထိုအခါ ငါအရှင်မြတ်သည် ၎င်းတို့အား ဤသို့ မိန့်တော်မူခဲ့လေသည်) အသင်တို့သည် မိမိတို့အား ငါအရှင် ချီးမြှင့်ပေးသနားတော်မူသော ကျမ်းမြတ်ကို စွဲမြဲစွာ လက်ကိုင်ထားကြလေကုန်။ ၎င်းနောက် အသင်တို့သည် (ပြစ်မှုဒုစရိုက်များမှ) ကြည်ရောင်နိုင်ခြင်းငှာ ယင်းကျမ်းတော်လာ ဒေသနာတော်များကိုလည်း လေ့ကျင့်မှတ်သား (ကျင့်မူ) ကြလေကုန်။ (၇ : ၁၇၁)**

ပြီးခဲ့သောအာယသ်(၁၆၉)ထဲ၌ သောင်ရာသ်ကျမ်းအား မည်သို့သောပြုပြင်ပြောင်းလဲမှုမျှ မပြုလုပ်ရန်နှင့် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်လျှင် အမှန်တရားမှအပ မည်သည်မျှမပြုရဟူသော ပဋိညာဉ်တစ်ရပ်ကို အစွမ်းရေးလဒ္ဓာသာရေးဆိုင်ရာ ခေါင်းဆောင်များနှင့် ပြုလုပ်ခဲ့ကြသည့်အကြောင်း တင်ပြထားသည်။ ဖော်ပြပြီးခဲ့သည့်အတိုင်း ၎င်းတို့သည် ဤပဋိညာဉ်ကို ဖောက်ဖျက်ကြကာ ငွေကြေးအနည်းငယ်မျှအတွက် သောင်ရာသ်ကျမ်းပါများကို လိုရာဆွဲ၍ ပြုပြင်ပြောင်းလဲခဲ့ကြသည်။ ဤအာယသ်တော်သည် ယင်းအကြောင်းအရာကိုပင် ဆက်လက်ဖော်ပြခြင်း ဖြစ်သည်။ အာယသ်တော်ကမိန့်သည်မှာ ၎င်းတို့၏ဘာသာရေးခေါင်းဆောင်များအနက် အချို့သူတို့သည် သောင်ရာသ်ကျမ်းပါ အမိန့်ပညတ်ချက်များကို သစ္စာရှိစွာလိုက်နာ ကျင့်သုံးခဲ့ကြပြီး ကျမ်းတော်ပါလမ်းညွှန်မှုများကို ခိုင်မာစွဲမြဲစွာ ဖက်တွယ်ထားခဲ့ကြသည်။ ပြုရန်လိုအပ်သည့် ဆွလာသ်ဝတ်ပြုမှုကို ဆောက်တည်ခဲ့ကြသည်။ ၎င်းတို့အတွက် ဆုလာဘ်မှာ ၎င်းတို့လက်မဲ့မဖြစ်ဟူသော အာမခံချက်ကို အာယသ်တော်က ပေးထားသည်။ ဆိုလိုသည်မှာ ၎င်းတို့ ယုံကြည်မှုအပေါ် သစ္စာရှိပြီး ယင်း၏တောင်းဆိုမှုကို ဖြည့်ဆည်းခဲ့သူများသည် ထိုသူများအနက်မှ ဖြောင့်မတ်မှန်ကန်သူများဖြစ်ကြသည်။

ဤအာယသ်နှင့်ပတ်သက်၍ အချက်အချို့ကို ဆွေးနွေးထားသည်။ (ကျမ်းတော်)ဟူသော အသုံးအနှုန်းသည် သောင်ရာသ်ကျမ်းကို ရည်ညွှန်းခြင်း ဖြစ်နိုင်ချေရှိသည်။ နောက်ထပ် ဖြစ်နိုင်သည်မှာ အလ္လာဟ်အရှင်မြတ်၏ ကောင်းကင်ကျ ကျမ်းတော်များဖြစ်သည့် သောင်ရာသ်၊ အင်နဂျီလ်နှင့် ကုရ်အာန်တို့ကို ရည်ညွှန်းခြင်းဖြစ်သည်။ နောက်တစ်ချက် မှတ်သားရမည်မှာ ကျမ်းတော်ပါအမိန့်များကို လိုက်နာကျင့်သုံးခြင်းမရှိဘဲ ကျမ်းတော်ကိုထားရှိကာ ရိုသေသမှုပြုနေခြင်းသည် ယင်းကျမ်းကျရောက်ခြင်း၏ ရည်ရွယ်ချက်ကို ဖြည့်ဆည်းရာမရောက်ပေ။ ထို့ကြောင့် အာယသ်တော်က **يَأْخُذُوْنَ** ကျမ်းလက်ဝယ်ရှိသူများ (သို့မဟုတ်) **يَقْرَءُوْنَ** ကျမ်းဖတ်ရှုသူများ အစား **يُمَسِّكُوْنَ** တည်ကြည်စွဲမြဲစွာ စောင့်ထိန်းကြကုန်၏ ဟူသောစကားလုံးကို သုံးနှုန်းထားသည်။ ကျမ်းတော်ကို တည်ကြည်စွဲမြဲစွာ စောင့်ထိန်းကြခြင်းဆိုရာ၌ ယင်းကျမ်းပါအမိန့်ပညတ်ချက်များနှင့် အမိန့်တော်များကို လိုက်နာကျင့်သုံးရန်လိုအပ်သည်။

ဤအာယသ်ထဲတွင် ကျွန်ုပ်တို့နောက်တစ်ခု သတိမူရမည်မှာ သောင်ရာသ်ကျမ်းပါမူဝါဒ မြောက်မြားစွာထဲမှ အာယသ်တော်က 'ဆွလာသ်' ဝတ်ပြုခြင်းကိုသာ ဖော်ပြထားသည်။ ဤသို့ဖြစ်ရသည်မှာ အလ္လာဟ်အရှင်မြတ် မိန့်မှာတော်မူသည့် ကျင့်ဝတ်များအနက် 'ဆွလာသ်' ဝတ်ပြုဆောက်တည်ခြင်းသည် အလွန်ပေါ်လွင်ထင်ရှား၍ ရည်ရွယ်ချက်ရှိသောလုပ်ရပ်ဖြစ်ပေသည်။ ဤသည်မှာစင်စစ် တစ်စုံတစ်ဦးအလ္လာဟ် အရှင်မြတ်အပေါ် ယုံကြည်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်အမိန့်တော်နာခံမှု ဖော်ပြရာ၌ အခြေခံကျဆုံးနှင့် စံပြနည်းလမ်း ဖြစ်သည်။ 'ဆွလာသ်' ဝတ်ပြုတည်ဆောက်မှုကို အချိန်မှန်ပြုခြင်းဖြင့် တစ်စုံတစ်ဦးအား အခြားခဝပ်ကိုးကွယ်မှုများတွင် စိတ်ဝင်စားမှု၊ ပိုမို၍စိတ်သက်သာမှု ပိုရစေပါသည်။ တမန်တော်မြတ် ﷺ သခင်က 'ဆွလာသ်' ဝတ်ပြုဆောက်တည်မှုသည် အစွလာမ်သာသနာ၏မဏ္ဍိုင်ဟု

ခေါ်ဆိုခဲ့သည်။ အစွလာမ်သာသနာ့ အဆောက်အဦးတစ်ခုလုံးသည် ယင်းအပေါ်၌တည်ရှိသည်။ မည်သူမဆို ယင်းအဓိကမဏ္ဍိုင်ကို စနစ်တကျတည်ဆောက်မည်ဆိုလျှင် ၎င်း၏ အီမာန်အဆောက်အဦတစ်ခုလုံးသည် အခိုင်အမာနေရာပေါ်၌ရှိသွားစေပါသည်။ ဆွလာသ် ဝတ်ပြုတည်ဆောက်မှုကို အချိန်မှန်မလုပ်သော မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ နာမတော်ကို တစ်ချိန်လုံးရွတ်ဆိုနေ၍ ထူးဆန်းသောမြင်ရခြင်းများနှင့် သာမန်မဟုတ်သည့် အပြုအမူများပြုလုပ်နေသော်လည်း ထိုသူသည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် တန်ဖိုးမရှိချေ။

နောက်အာယသ်(၁၇၁)ထဲတွင် သောင်ရာသ်ကျမ်းပါ ဥပဒေများကို ၎င်းတို့လိုက်နာကျင့်သုံးရန် အစွရေးလ်လူမျိုးများကို အတင်းအကြပ် ကတိပြုစေသည့်အဖြစ်အပျက်ကို ဖော်ပြထားသည်။ ဤအကြောင်း စူရတ်အလ်ဘကရတ်ထဲတွင်လည်း ဖော်ပြခဲ့ပြီးဖြစ်သည်။ အရဗီစကားလုံး نَتَقْنَا ဆိုသည်မှာ ဆွဲခြင်း(သို့မဟုတ်) ပင့်မြှောက်ခြင်းကို ဖော်ညွှန်းသည်။ စူရတ်ဘကရတ်ထဲတွင် رَفَعْنَا ဟူသောစကားလုံးကို မြွှင့်တင်သည့်အပြုအမူ အနေဖြင့် သုံးနှုန်းထားသည်။ စိုက်ယိဒိနာအစ်ဒုလ္လာဟ်အိဗ်နအဗ္ဗာစ် d သခင်က ယင်းကြောင့် نَتَقْنَا ဟူသောစကားလုံးကို အမြွှင့်သို့ မြွှင့်ခြင်းဟု ကောက်ယူခဲ့သည်။ အရဗီစကားလုံး ظُلَّلَّه သည် မိုးထားသောအရိပ် (သို့မဟုတ်) နေရောင်ကာအမိုးဟု အဓိပ္ပာယ်ရသည်။

အာယသ်တော်က တမန်တော်မူစာ a သည် သောင်ရတ်ကျမ်းတော်နှင့်အတူ ဆိုင်းနိုင်းတောင်မှ ပြန်လည်ရောက်လာသည်ကို ရည်ညွှန်းသည်။ ထိုကျမ်းတော်ထဲ၌ အချို့သောအမိန့်ပညတ်ချက်များမှာ ၎င်းတို့လိုက်နာရန် ခက်ခဲသည်ဟု ထင်မှတ်ခဲ့ကြသည်။ ဤအမိန့်ပညတ်ချက်များကို လိုက်နာရန်၊ လိုက်နာကျင့်သုံးရန် စိတ်မပါကြောင်း စတင်ပြသလာကြသည်။ ကောင်းကင်စေတမန် ဂျစ်ဗရာအီလ် a အား ဆိုင်းနိုင်းတောင်ကို ၎င်းတို့မြို့ပေါ်ရှိနေရန်အမိန့်ပေးထားခဲ့သည်။ ဤမြို့အကျယ်အဝန်းမှာ စတုရန်း(၃)မိုင် ရှိသည်။ ဆိုင်းနိုင်းတောင်ကြီး ၎င်းတို့ခေါင်းပေါ်ရှိနေ သောအခါမှ ထိုသူတို့ကြောက်ရွံ့၍ စဂျဒဟ်ဦးချကာ မိုဇက်၏ဥပဒေ (သောင်ရာသ်ကျမ်း)အား နာခံမည့်အကြောင်း ၎င်းတို့က ကတိပြုခဲ့ကြသည်။ သို့သော်လည်း အနာဂတ်အဖြစ်အပျက်များက ၎င်းတို့သည် ဥပဒေများမှ မကြာခဏ ဆိုသလို သွေဖည်သွားခဲ့ကြကြောင်း မြင်တွေ့ရပါသည်။

## သာသနာတော်တွင်အတင်းအဓမ္မအနိုင်အထက်မပြု

အထက်ပါအဖြစ်အပျက်က မေးခွန်းတစ်ခု ပေါ်ထွက်စေပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ لَآ إِكْرَاهَ فِي الدِّيْنِ "(မည်သူတစ်ဦးတစ်ယောက်ကိုမှ အစွလာမ်) သာသနာတော်တွင်း၌ (ဝင်ရောက်ရန်အတွက်) အတင်းအဓမ္မအနိုင်အထက် အလျှင်းမပြုရ" (၂း၂၅၆)ဟု ကြေညာထားလင့်ကစား အဘယ့်ကြောင့် အစွရေးလ်လူမျိုးတို့ကို အမိန့်နာခံစေ ရန်အတွက် အတင်းအကြပ် ကတိပြုခိုင်းစေရသနည်း။ အဖြေကား လုံးဝရှင်းပါသည်။ မယုံကြည်သွေဖည်သူမည်သူကိုမျှ အီမာန်ယုံကြည်မှု အတင်းအကြပ်လက်မခံစေသကဲ့သို့ ဤကိစ္စအတွက် မည်သူတစ်ဦးတစ်ယောက် ကိုမျှလည်း အတင်းအကြပ်လုပ်ခွင့်မပေးပါ။ သို့သော်လည်း ၎င်းတို့၏လွတ်လပ်သော ဆန္ဒအလျောက် အီမာန် သက်ဝင်ယုံကြည်ရန် ပဋိညာဉ်ပြုပြီးနောက် ၎င်းတို့လုပ်ဆောင်ရမည်တို့ကို ရှောင်ရှားရန်သက်သက်ဖြင့် အလ္လာဟ် အရှင်မြတ်အမိန့်တော်များမှ သွေဖည်ခဲ့လျှင် ဥပဒေ၏ကျင့်ထုံးစည်းမျဉ်းများ လိုက်နာရန် အတင်းအကြပ် လုပ်ဆောင် စေပါလိမ့်မည်။ သူတို့၏တာဝန်မှ တိမ်းချော်သွားခဲ့လျှင် ဥပဒေက ပြဋ္ဌာန်းထားခဲ့သော ပြစ်ဒဏ်များကျခံစေရပါမည်။ ဤအဖြစ်

အပျက်မှာ ထိုအတိုင်းဖြစ်ခဲ့ပါသည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ကို သက်ဝင်ယုံကြည်ခဲ့ကြပြီး အီမာန်ယူကြောင်း ပဋိညာဉ်ပြုခဲ့ကြသည်။ သူတို့လုပ်ဆောင်ခဲ့သည်မှာ သောင်ရတ်ကျမ်းပါ ဥပဒေလိုက်နာခြင်းကို ငြင်းဆိုခြင်း ဖြစ်၍အမှန်မှာ ၎င်းတို့၏ဝန်ခံထားမှုအား ဖြည့်ဆည်းရန် အတင်းအကြပ်ပြုခဲ့ခြင်းဖြစ်သည်။

## အာယသ် (၁၇၂-၁၇၄)

وَ اِذْ اَخَذَ رَبُّكَ مِنْۢ بَنِیْۤ اٰدَمَ مِنْ ظُهُوْرِهِمْ ذُرِّیَّتَهُمْ وَ اَشْهَدَهُمْ عَلٰۤى اَنْفُسِهِمْ ۚ اَلَسْتُ بِرَبِّكُمْ ؕ قَالُوْا بَلٰى ۛۚ شَهِدْنَا ۛۚ اَنْ تَقُوْلُوْا یَوْمَ الْقِیٰمَةِ اِنَّا كُنَّا عَنْ هٰذَا غٰفِلِیْنَ ﴿۱۷۲﴾ اَوْ تَقُوْلُوْۤا اِنَّمَاۤ اَشْرَكَ اٰبَآؤُنَا مِنْ قَبْلُ وَ كُنَّا ذُرِّیَّةً مِّنْۢ بَعْدِهِمْ ۚ اَفَتُهْلِكُنَا بِمَا فَعَلَ الْمُبْطِلُوْنَ ﴿۱۷۳﴾ وَ كَذٰلِكَ نُفَصِّلُ الْاٰیٰتِ وَ لَعَلَّهُمْ یَرْجِعُوْنَ ﴿۱۷۴﴾

ထိုမှတစ်ပါး (အို-နဗီတမန်တော်၊ အသင်သည် ပြန်လည်အောက်မေ့သတိရပါလေ) အခါတစ်ပါးတွင် အသင့်အား ဖန်ဆင်းမွေးမြူသောမူသော အရှင်မြတ်သည် အာဒမ်၏ သားမြေးတို့၏ ကျောက်ကုန်းမှ ၎င်းတို့၏ သားမြေးတို့ကို ထုတ်ဆောင်တော်မူခဲ့လေသည်။ ထို့နောက် ထိုအရှင်မြတ်သည် ၎င်းတို့ကိုပင် ၎င်းတို့အပေါ်၌ သက်သေထားတော်မူ၍ "ငါအရှင်မြတ်သည် အသင်တို့အား ဖန်ဆင်းတော်မူသော အရှင်မြတ်ပင် မဟုတ်ပါလော"ဟု မိန့်ကြားတော်မူခဲ့လေသည်။ ထိုအခါ ၎င်းတို့က အမှန်ပင် ဟုတ်ပါသည်၊ ကျွန်တော်မျိုးတို့ကိုယ်တိုင် သက်သေခံကြပါသည်"ဟု ဝေျှာက်ထား (ဝန်ခံ) ခဲ့ကြကုန်၏။ (ယင်းတို့သက်ထားတော်မူခဲ့ခြင်းမှာ) အသင်တို့သည် ကိယာမသ် ဧဃါ် ရှင်ပြန်ထမည့်နေ့တွင် "ကျွန်တော်မျိုးတို့သည် ဤသည်ကို မသိခဲ့ကြပါ"ဟု မပြောကြရန် ပင်ဖြစ်သည်။ (၇ : ၁၇၂)

သို့တည်းမဟုတ် အသင်တို့သည် "ကျွန်တော်မျိုးတို့၏ အဘ၊ ဘိုးဘေး ဘီဘင်တို့မှာ ရှေးဦးမဆွကပင် အခြားအရာများကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ခဲ့ကြပါသည်သာတည်း။ ကျွန်တော်မျိုးတို့မှာမူကား ၎င်းတို့၏နောက်တွင် (၎င်းတို့၏) သားမြေးများသာ ဖြစ်ကြပါသည်။ သို့ဖြစ်ရာ အရှင်မြတ်သည် (ရှေးဦးမဆွက) မဟုတ်မမှန်ပြုလုပ်ခဲ့ကြသောသူတို့ကြောင့် ကျွန်တော်မျိုးတို့အား ပျက်စီးစေတော်မူပါမည်လော" ဟု ပြောဆို ကြလတ္တံ့။ (၇ : ၁၇၃)

အမှန်သော်ကား ငါအရှင်မြတ်သည် ၎င်းတို့ (မှန်ကန်သော "ဒီန်" သာသနာ ဘက်သို့) ပြန်လှည့်ကြရန်အလို့ငှာ သက်သေလက္ခဏာများကို ဤနည်းအတိုင်းပင် ရှင်းလင်းစွာ ထုတ်ဖော် မိန့်ကြားတော်မူလေသတည်း။ (၇:၁၇၄)

## အလပ်စ်တ ပဋိညာဉ် التست‌الاعراف

ဤအာယသ်တော်နှစ်ထဲခုဠ် အဖန်းဆင်းခံများ ၎င်းတို့၏ တည်ရှိမည့် ပုံပန်းသဏ္ဌာန် မဖြစ်တည်မီကပင် ဖန်ဆင်းရှင်အလ္လာဟ်အရှင်မြတ်နှင့် ဖန်ဆင်းခံတို့၏ ကြီးမားသောမိုးကောင်းကင်ဆိုင်ရာ ကတိခံယူသည့် အဖြစ်အပျက် ဖြစ်သည်။ ဤပဋိညာဉ်ခံမှုကို အလပ်စ် **اَلَسْت** အလပ်စ်သ ပဋိညာဉ်ခံမှုဟုခေါ်ဆိုသည်။

အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာအားလုံး၊ မိုးကောင်းကင်များ၊ ကမ္ဘာမြေကြီးနှင့် ယင်းကြားတွင်းရှိ အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသော ဖန်ဆင်းရှင်ဖြစ်တော်မူသည်။ အရှင်မြတ်၏အဆုံးအစမရှိသော ဟစ်က်မသ် ဉာဏ်တော်နှင့် ခပ်သိမ်းတို့အပေါ် လွှမ်းခြုံသိမြင်တော်မူခြင်းတို့အရ မည်သည့်သံသယမျှသော်လည်းကောင်း (သို့မဟုတ်) မည် သည့် မေးခွန်းမျှ သော်လည်းကောင်း မပေါ်ထွက်နိုင်သည့် ပြီးပြည့်စုံမှုဖြင့် ဤစကြဝဠာကြီးကို စီမံပြုလုပ်ထားတော်မူသည်။အရှင်မြတ်သည်အရာရာတိုင်းကိုအသိဉာဏ်ကြွယ်သည့်စည်းကမ်းဥပဒေများဖြင့်ဖန်ဆင်းထားတော်မူခဲ့သည်။ ဤအမိန့်ဥပဒေများ လိုက်နာကျင့်သုံးခြင်းအားဖြင့် လူအများသည် တမလွန်ဘဝအောင်မြင်မှုနှင့် ထာဝရ ငြိမ်းချမ်းသာယာရေး လုံခြုံစိတ်ချရသကဲ့သို့ ဤစည်းမျဉ်း၊ စည်းကမ်းများမှ သွေဖည်သွားခဲ့လျှင် တစ်စုံတစ်ဦးသည် အလ္လာဟ် အရှင်မြတ် ပြဋ္ဌာန်းထားခဲ့သည့် ပြစ်ဒဏ်ခတ်ခံရမှု ကျခံစေပါသည်။

ကျွန်ုပ်တို့သတိမူသင့်သည်မှာ အလ္လာဟ်အရှင်မြတ်၏ ခပ်သိမ်းအပေါ် လွှမ်းခြုံသိရှိတော်မူခြင်းနှင့် အဆုံးအစမရှိသော ဟစ်က်မသ်ဉာဏ်တော်သည် အရှင်မြတ်၏ ကျေးကျွန်များ၏လုပ်ရပ် မှတ်တမ်းတင်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရန် အရှင်မြတ်၏ ကောင်းကင်စေတမန်များကို တာဝန်ပေးအပ်ရန်မလိုသကဲ့သို့ တရားစီရင်သည့်နေ့၌ ၎င်းတို့၏ လုပ်ရပ်များ ချိန်ခွင်တွင် ချိန်တွယ်ရန်မလိုဘဲ အဖန်ဆင်းခံအားလုံး၏ ကံကြမ္မာကို ဆုံးဖြတ်ပေးရန်အတွက် လုံလောက်ပေသည်။ ယင်းသို့ဖြစ်ရသည်မှာ အလ္လာဟ်အရှင်မြတ်သည် လုပ်ရပ်များနှင့်ပတ်သက်၍ အလုံးစုံသိရှိတော်မူသော အရှင်ဖြစ်တော်မူသည်။ အရှင်မြတ်ကျေးကျွန်များ၏ ဖုံးကွယ်ထားသော အတွေးများနှင့်ရည်စူးချက်များကိုပင် လျှင် အမှားအယွင်းလုံးဝမရှိစေဘဲ ဆုံးဖြတ်ပေးနိုင်တော်မူသော အရှင်ဖြစ်တော်မူသည်။

အရှင်မြတ်၏ကျေးဇူးတော်နှင့် ပြီးပြည့်စုံသည့်တရားမျှတမှုအရ ၎င်း၏ဂုနာဟ်ပြစ်မှုများ၏ မှတ်တမ်းတင်ထားသည့် သက်သေသာဓကများ မရှိဘဲလျက် မည်သူတစ်ဦးတစ်ယောက်မျှ ပြစ်ဒဏ်ကျခံခြင်း မရှိစေရပါ။ တစ်နည်းဆိုရသော် ထိုသူသည် ၎င်း၏ပြစ်မှုဂိုနာဟ်ကို လွယ်ကူစွာ အသိအမှတ်ပြုရသည်မှအပ ၎င်းတွင် အခြား ရွေးစရာမရှိချေ။

အရှင်မြတ်သည် ကောင်းကင်စေတမန်အချို့ကို လူတစ်ဦးစီ၏ လုပ်ရပ်တိုင်း၊ လုပ်ရပ်တိုင်းအတွက် မှတ်တမ်းတင်ရန် ခန့်အပ်ထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ထားသည်မှာ-

مَا يَلْفِظُ مِنْ قَوْلٍ اِلَّا لَدَيْهِ رَقِيْبٌ عَتِيْدٌ

"ထိုမနုဿလူသားများသည် (နှုတ်ဖြင့်) မည်သည်စကားကိုမျှ မြွက်ဟသည်ဟူ၍မရှိချေ။ သို့ရာတွင် ချောင်း မြောင်း၏ နေသူတစ်ဦးသည်[1] ၎င်း၏အနီး၌ပင် အသင့်ရှိနေ၏" (၅၀ း ၁၈)

ကုရ်အာန်ကျမ်းမြတ်၏ အခြားအာယသ်တော်၌ كُلٌّ صَغِيْرٌ وَّكَبِيْرٌ مُّسْتَطَرٌ "အကြီးအသေးဟူသမျှတို့သည်

[1] "စိုက်ယိဒိနာအိဗ်နအဗ္ဗားစ် d အဆိုအရ လူတစ်ဦးနှင့် ပတ်သက်သည့် ကောင်းသည် (သို့မဟုတ်) ဆိုးသည်တိုင်းအား ၎င်းကို စောင့်ကြပ်သည့် ကောင်းကင်စေတမန်များက မှတ်တမ်းတင်ကြပါသည်" (အလ်မုဟမ္မဒ်ချောင်လာ၏ အလ်ကုရ်အာန် အလ်ကရီးမ် အတွဲ-၄၊စာ-၉၆၉ ) (အင်္ဂလိပ်ဘာသာပြန်သူ)

ရေးသား၍ ထားရှိပြီးဖြစ်ကုန်၏" (၅၄ း ၅၃) ဟူ၍ဖြစ်သည်။ ထို့နောက် တရားစီရင်မည့်နေ့၌ လူသားအားလုံး၏ အကောင်းအဆိုး လုပ်ရပ်များချိန်တွယ်ရန် ချိန်ခွင်တစ်ခု ထားရှိလိမ့်မည်။ ကောင်းမှုလုပ်ရပ်များတွင် အလေးသာအချိန်စီးသူများမှာ ကယ်တင်ခံရသော ဆုလာဘ်ရရှိမည်ဖြစ်သကဲ့သို့ အဆိုး မကောင်းသောလုပ်ရပ်များတွင် အလေးသာအချိန်စီးသူများမှာ ပြစ်ဒဏ်ခတ်ခံရမည်ဖြစ်သည်။

သို့သာမက တရားသူကြီးများအားလုံးတွင် အကောင်းဆုံးဖြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် တရားစီရင်မည့်နေ့တွင် အရှင်မြတ်တရားခွင်၌ တရားစီရင်ရာတွင် လူတစ်ဦးစီတိုင်း၏ လုပ်ရပ်များအတွက် သက်သေများ ခေါ်ဆိုပါလိမ့်မည်။ မမှန်မကန်သောသူအချို့သည် သက်သေများကို ငြင်းဆိုလိမ့်မည်။ အလ္လာဟ် အရှင်မြတ်သည် ၎င်း၏လုပ်ရပ်များအတွက် သူ၏ကိုယ်ခန္ဓာအစိတ်အပိုင်းများကို သက်သေခံစေရန် အမိန့်ပေးပေလိမ့်မည်။ ထိုသူ၏ လုပ်ရပ်များ သက်သေခံနိုင်ရန် ထိုအစိတ်အပိုင်းများသည် စကားပြောဆိုနိုင်စွမ်း ရကြလိမ့်မည်။ ထိုသူပြစ်မှုဂုနာဟ် ကျူးလွန်ရာ နေရာများကလည်း လာရောက်သက်သေခံပါသည်။ ၎င်းသည် သက်သေများ မမှန်မကန်ကြောင်း ငြင်းပယ်ရန်မရှိသောအခါ သူ၏မကောင်းမှုလုပ်ရပ်များအတွက် နောက်ဆုံး ဝန်ခံပေလိမ့်မည်။ ယင်းအကြောင်း ရည်ညွှန်း၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် အောက်ပါစကားလုံးနှင့် ရည်ညွှန်းထားသည်-

فَاعْتَرَفُوا بِذَنْۢبِهِمْ ۚ فَسُحْقًا لِّأَصْحَٰبِ السَّعِيرِ

"မည်သို့ပင်ဖြစ်စေ ၎င်းတို့သည် (ကိယာမသ်နေ့တွင်) မိမိတို့၏ပြစ်မှုကျူးလွန်ခြင်းကို ဝန်ခံကြပေမည်။ သို့ဖြစ်ပေရာ ဂျဟန္နမ်ငရဲသားတို့၌ ကရုဏာတော်မှ ကင်းဝေးမှုသည်ရှိစေသား" (၆၇ း ၁၁)

ကျွန်ုပ်တို့မှတ်သင့်သေးသည်မှာ အလ္လာဟ်အရှင်မြတ်သည် အလွန့်အလွန်ကြင်နာသနားတော်မူ၍ ချစ်ခင်မြတ်နိုးသောကြောင့် အရှင်မြတ်၏ကျေးကျွန်များကို ဥပဒေစည်းမျဉ်းစည်းကမ်းကြောင့် ပြစ်ဒဏ်ကျခံစေခြင်း မဖြစ်စေရပါ။ အရှင်မြတ်သည် အရှင်မြတ်၏ သနားကြင်နာမှုအရ အရှင်မြတ်၏ကျေးကျွန်များ ထာဝရပြစ်ဒဏ်ခံရမှုမှ ကယ်တင်ခံရစေရန် အရှင်မြတ်၏တမန်တော်များနှင့် အရှင်မြတ်၏ကျမ်းတော်များ ဖြင့် ပြည့်စုံသောလမ်းညွှန်မှု ပေးထားခဲ့ပါသည်။

ကြင်နာသောမိဘများသည် ၎င်းတို့၏ သားသမီးများအား နံနက်တိုင်းကျောင်းသို့သွားရန် အမိကထား၍ ကျောင်းသွားခြင်းကို အရေးတယူလုပ်ရာတွင် ကျောင်းသွားခြင်းနှင့်ပတ်သက်သော ကိစ္စဝိစ္စများကို ၎င်းတို့ ကျောင်းမသွားမီအလျင် ကြိုတင်၍ သက်သောင့်သက်သာဖြစ်စေရန် ပြုလုပ်ထားသကဲ့သို့ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ထိုကဲ့သို့အလားတူများမှ ကင်းစေသောအရှင်မြတ်ဖြစ်တော်မူကာ မိဘများက သားသမီးများကို ချစ်ခင်ကြင်နာသည်ထက်ပို၍ အရှင်မြတ်က အရှင်၏ကျေးကျွန်များကို ချစ်ခင်ကြင်နာပေ သည်။ အရှင်မြတ်သည် ဥပဒေပြဋ္ဌာန်းရုံသက်သက် လုပ်ထားသည်သာမက ယင်းတို့သည် စစ်မှန်သော လမ်းညွှန်မှု၏ ရင်းမြစ်တစ်ရပ်ဖြစ်စေပါသည်။ အရှင်မြတ်သည် အမိန့်များနှင့်အတူ လူအများကို အရှင်မြတ် အမိန့်တော်များ မည်သို့လွယ်ကူ၍ သက်သောင့်သက်သာစွာ လိုက်နာစေနိုင်ရန် သင်ကြားပေးပါသည်။

အရှင်မြတ်၏ကျေးကျွန်များထံ အရှင်မြတ်၏တမန်တော်များနှင့် အရှင်မြတ်၏ကျမ်းတော်များ ပေးပို့သည့်အပြင် လူအများကို ဖြောင့်မတ်မှန်ကန်သောလမ်းဆီသို့ ကူညီရန်နှင့်လမ်းညွှန်ရန်အလို့ငှာ အရှင်မြတ်၏မြောက်မြားစွာသော ကောင်းကင်စေတမန်များကို ခန့်အပ်ခဲ့ပါသည်။ ထို့အပြင် အရှင်မြတ်၏တန်ခိုးပြာဋိဟာနှင့် ဟစ်က်မသ် အသိဉာဏ်တော်တို့၏ ထင်ရှားသောလက္ခဏာများကို လူအများဝန်းကျင်၌ အရှင်မြတ်က ဖန်ဆင်းထားသည်။ သို့မှသာ

လူအများသည် ကိုယ်ပိုင်လေ့လာစူးစမ်းမှုနှင့် နားလည်သဘောပေါက်မှုကို အသုံးပြုကာ အမှားနှင့်အမှန်ခွဲခြားနိုင်ပြီး ၎င်းတို့၏ဖန်ဆင်းရှင်ကို အောက်မေ့သတိရစေပါသည်။ လူအများဝန်းကျင်တွင် ပြန့်ကြဲနေသော အရှင်မြတ်၏လက္ခဏာများကိုမြင်ရသောအခါ လူများသည်၎င်းတို့၏ လေ့လာစူးစမ်းမှုနှင့် နားလည်သဘောပေါက်မှုကို အသုံးချစေရန် အရှင်မြတ်က အဖန်တလဲလဲ ဖိတ်ခေါ်ခဲ့သည်။ အရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ထားသည်မှာ-

وَ فِي الْاَرْضِ اٰيٰتٌ لِّلْمُوْقِنِيْنَ ۙ وَ فِيْۤ اَنْفُسِكُمْ ؕ اَفَلَا تُبْصِرُوْنَ

"စင်စစ်သော်ကား ယုံကြည်လိုသောသူတို့အဖို့ ပထဝီမြေ၌ များစွာသော သက်သေ လက္ခဏာများ ရှိကုန်၏။ ထိုနည်းတူစွာ အသင်တို့ကိုယ်များတွင်လည်း (သက်သေလက္ခဏာများ) ရှိကုန်၏။ သို့ပါလျက် အသင်တို့သည် မမြင်ကြလေသလော"(၅၁း၂၀-၂၁)[1]

လူအများကို ဖြောင့်မတ်မှန်ကန်စွာ လုပ်ဆောင်စေရန်အတွက် အလ္လာဟ်အရှင်မြတ်က အခြားအစီမံတစ်ခု ပြုလုပ်ထားသည်မှာ အရှင်မြတ်၏ တမန်တော်များမှတစ်ဆင့် အရှင်မြတ်နှင့်လူအများ ပဋိညာဉ်ပြုလုပ်ရန် ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် အမျိုးမျိုးသောလူများနှင့် အမျိုးမျိုးသောအချိန်များတွင် ထိုကဲ့သို့သော ပဋိညာဉ်များ ပြုလုပ်ထားကြောင်း ရည်ညွှန်းချက်များပါဝင်သည်။ အခက်အခဲများနှင့် အပြစ်တင်မှုများရှိလင့်ကစား တမန်တော်များသည် အလ္လာဟ်အရှင်မြတ်၏ သတင်းစကားကို ၎င်းတို့လူအများထံ အရောက်ပို့ပေးပါမည်ဟူသော ကတိကဝတ်ကို အရှင်မြတ်အား ပြုထားခဲ့သည်။ ဤကြည်ညိုကိုင်းရှိုင်းသော တမန်တော်များသည် အလ္လာဟ်အရှင်မြတ်၏ သတင်းစကားကို အတတ်နိုင်ဆုံး လူအများထံ သစ္စာရှိစွာ ပို့ဆောင်ခဲ့ကာ ဤလုပ်ရပ်အတွက် ရှိသမျှအရာအားလုံး စွန့်လွှတ်ခဲ့ကြသည်။

အလားတူစွာပင် တမန်တော်တိုင်းတို့၏ လူများသည် သူတို့၏တမန်တော်အား နာခံရန်ကတိပြုခဲ့ ကြပါသည်။ ၎င်းနောက် အချို့သောအထူးကိစ္စရပ်များတွင် သီးခြားအမိန့်များကို လိုက်နာဆောင်ရွက်ရန်၊ ၎င်းတို့၏အလုံးစုံသော စွမ်းအားကို အသုံးပြုကြရန် ကတိပြုခဲ့ကြပါသည်။ အချို့သောသူများသည် ၎င်းတို့၏ ကတိကို ဖြည့်ဆည်းခဲ့ကြသော်လည်း အချို့သောသူများမှာမူ မဖြည့်ဆည်းခဲ့ကြပါ။

ထိုကဲ့သို့သော ပဋိညာဉ်များအနက် အလွန်ပေါ်လွင်ထင်ရှားသော ပဋိညာဉ်တစ်ခုမှာ တမန်တော်များအားလုံးတို့က တမန်တော်မြတ် S သခင်နှင့်ပတ်သက်၍ ပြုလုပ်ခဲ့ကြသော ပဋိညာဉ်ပင်ဖြစ်ပါသည်။ ယင်းပဋိညာဉ်အရ တမန်တော်အားလုံးတို့သည် တမန်တော်များအားလုံးတို့၏ နောက်ဆုံးနဝီတမန်တော် ဖြစ်သော တမန်တော်မြတ် S သခင်အား လိုက်နာရန်နှင့် အခွင့်အရေးကြံုသည်နှင့် တမန်တော်မြတ် S သခင်အား ကူညီပံ့ပိုးရန်ဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်ထဲ၌ ဤပဋိညာဉ်နှင့်ပတ်သက်၍ အောက်ဖော်ပြပါ အာယသ်တော်တွင်-

[1] ဤအာယသ်တော်က လက္ခဏာနှစ်မျိုးကို ရည်ညွှန်းခဲ့သည်။ ယင်းမှာအတွင်းပိုင်းဆိုင်ရာနှင့် အပြင်ပိုင်း ဆိုင်ရာဖြစ်သည်။ အပြင်ပိုင်းဆိုင်ရာ လက္ခဏာများမှာ ကျွန်ုပ်တို့ဝန်းကျင်၌ အလျှံပယ်ပေါများစွာရှိပါသည်။ ပမာ အားဖြင့် မိုးကောင်းကင်၊ ပထဝီမြေကြီး၊ သမုဒ္ဒရာ၊ တောင်များ၊ သစ်ပင်ပန်းပင်များ၊ အမျိုးမျိုးသော အရသာနှင့် အရောင်အသွေးရှိသစ်သီးဝလံများ စသည်တို့အားလုံးသည် ကျွန်ုပ်တို့အရှင်သခင်ထံ ရောက်စေသည့် မမှားယွင်းသော လမ်းညွှန်မှုပေး ပါသည်။ အတွင်းပိုင်းဆိုင်ရာ လက္ခဏာများထဲတွင် ကျွန်ုပ်တို့မျိုးဆက် ပြန့်ပွားမှုဖြစ်စဉ်၊ ကျွန်ုပ်တို့၏ခန္ဓာကိုယ်၊ ကျွန်ုပ်တို့၏ အတွေးအခေါ်များ၊ ရည်စူးချက်များ၊ ပျော်ရွှင်ခြင်းနှင့် ဝမ်းနည်းကြေကွဲမှု၏ စိတ်လှုပ်ရှားမှုနှင့် စိတ်ခံစားမှုများပါဝင်သည်။ ဤလက္ခဏာများကို အနည်းငယ် စဉ်းစားရုံမျှဖြင့် ကျွန်ုပ်တို့အား ဖန်ဆင်းရှင်ထံ အသေအချာ ရောက်စေကာ အရှင်မြတ်ထံ ကျွန်ုပ်တို့၏ ကျေးဇူးတင်ရှိမှုကို ဖော်ပြစေပါသည်။ (ဘာသာပြန်ဆိုသူ)

وَ اِذْ اَخَذَ اللّٰهُ مِيْثَاقَ النَّبِيّٖنَ لَمَاۤ اٰتَيْتُكُمْ مِّنْ كِتٰبٍ وَّ حِكْمَةٍ ثُمَّ جَآءَكُمْ رَسُوْلٌ مُّصَدِّقٌ لِّمَا مَعَكُمْ لَتُؤْمِنُنَّ بِهٖ وَ لَتَنْصُرُنَّهٗ

"ထိုမှတစ်ပါး (ပြန်လည်အောက်မေ့သတိရကြကုန်) တစ်ရံရောအခါဝယ် အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်များထံမှ ပဋိညာဉ်ဝန်ခံချက်ကို (ဤသို့) ယူတော်မူလေသည်" "(အို-နဗီတမန်တော် အပေါင်းတို့) ဇကန်မလွဲ ငါအရှင်မြတ်သည် အသင်တို့အား ကျမ်းဂန်ကိုလည်းကောင်း၊ ဉာဏ်ပညာ အမြော်အမြင်ကိုလည်းကောင်း ပေးသနားတော်မူပြီးနောက် အသင်တို့လက်ဝယ်ရှိနှင့်ပြီးဖြစ်သော ကျမ်းဂန်များကို ထောက်ခံသော ရဒူလ် တမန်တော်တစ်ပါးပါး သည် အသင်တို့ထံရောက်လာသော် အသင်တို့သည် ထိုရဒူလ်တမန်တော်ကို (မိမိတို့ စိတ်တွင်းမှ) မုချယုံကြည်ကြ ပေမည်။ ၎င်းပြင် ထိုရဒူလ်တမန်တော်ကို (ကာယကံမြောက်လည်း) အားပေးကူညီကြမည်" [1](၃း၈၁) ဟူ၍ မိန့်ကြား ထားသည်။

## ဗိုင်အသ်၏ပေါ်လွင်ထင်ရှားမှု ( بَيْعَث သစ္စာခံကျိန်ဆိုခြင်း)

ဘုရားတရား ကြည်ညိုလေးစားသော နောက်လိုက်များထံမှ အစဉ်အလာအရ ပဋိညာဉ်ယူခြင်း (ဗိုင်အသ်-နောက်လိုက်ဖြစ်ခြင်း)သည် တကယ်ဆိုလျှင် အလ္လာဟ်အရှင်မြတ်အတွက် ကျင့်စဉ်များကို အဆက်မပြတ် လိုက်နာ ကျင့်သုံးခြင်းဖြစ်ပါသည်။ တမန်တော်များ၊ ၎င်းတို့၏ တပည့်သာဝကများနှင့် နာမ်ပိုင်းဆိုင်ရာ ခေါင်းဆောင်များသည် ၎င်း၏နောက်လိုက်များထံမှ သစ္စာခံကျိန်ဆိုခြင်း ပဋိညာဉ်ကိုရယူကြပါသည်။ "ဗိုင်အသ် အလ်ရိဇွမ်" အဖြစ်အပျက်ကို ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ ဖော်ပြထားသည်မှာ-

لَقَدْ رَضِيَ اللّٰهُ عَنِ الْمُؤْمِنِيْنَ اِذْ يُبَايِعُوْنَكَ تَحْتَ الشَّجَرَةِ

(အို-နဗီတမန်တော်) "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့သည် သစ်ပင်အောက်တွင် အသင်နှင့် "ဗိုင်အသ်"ပြုစဉ်အခါ၌ ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အပေါ်ဝယ် ကျေနပ်တော် မူခဲ့၏" (၄၈း၁၈)ဟူ၍ မိန့်ထား သည်။

တမန်တော်မြတ် S သခင်သည် ကြိမ်ဖန်များစွာတွင် ထိုကဲ့သို့သော သစ္စာတော်ခံ ပဋိညာဉ်ကို ဆွဟာဗတ်ကြီး များထံမှ ရယူခဲ့ပါသည်။ "ဗိုင်အသ်အလ်အက်ဗရ်" သည် ဟစ်ဂျ်ရသ်မပြုမီအလျှင် မဒီနဟ်မြို့မှ အန်ဆွာရ်များနှင့် ပြုလုပ်ခဲ့သော ကျော်ကြားသည့် ပဋိညာဉ်ပင်ဖြစ်ပါသည်။ ဆူဖီများ၏ သူတို့၏ နောက်လိုက်များထံမှ လုပ်ရိုးလုပ်စဉ် ပဋိညာဉ်ယူနည်းမှာ အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို စွဲစွဲမြဲမြဲလိုက်နာကျင့်သုံးရန်နှင့် အလ္လာဟ်အရှင်အား

[1] ဤအာယသ်တော်က လက္ခဏာနှစ်မျိုးကို ရည်ညွှန်းခဲ့သည်။ ယင်းမှာအတွင်းပိုင်းဆိုင်ရာနှင့် အပြင်ပိုင်း ဆိုင်ရာ ဖြစ်သည်။ အပြင်ပိုင်းဆိုင်ရာ လက္ခဏာများမှာ ကျွန်ုပ်တို့ဝန်းကျင်၌ အလျှံပယ်ပေါများစွာရှိပါသည်။ ပမာအားဖြင့် မိုးကောင်းကင်၊ ပထဝီမြေကြီး၊ သမုဒ္ဒရာ၊ တောင်များ၊ သစ်ပင်ပန်းပင်များ၊ အမျိုးမျိုးသော အရသာနှင့် အရောင် အသွေးရှိသစ်သီးဝလံများ စသည်တို့အားလုံးသည် ကျွန်ုပ်တို့အရှင်သခင်ထံ ရောက်စေသည့် မမှားယွင်းသော လမ်းညွှန်မှုပေးပါသည်။ အတွင်းပိုင်း ဆိုင်ရာ လက္ခဏာများထဲတွင် ကျွန်ုပ်တို့မျိုးဆက် ပြန့်ပွားမှုဖြစ်စဉ်၊ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်၊ ကျွန်ုပ်တို့၏အတွေးအခေါ်များ၊ ရည်စူးချက်များ၊ ပျော်ရွှင်ခြင်းနှင့် ဝမ်းနည်းကြေကွဲမှု၏ စိတ်လှုပ်ရှားမှုနှင့် စိတ်ခံစားမှုများပါဝင်သည်။ ဤလက္ခဏာများကို အနည်းငယ် စဉ်းစားရုံမျှဖြင့် ကျွန်ုပ်တို့အား ဖန်ဆင်းရှင်ထံ အသေအချာ ရောက်စေကာ အရှင်မြတ်ထံ ကျွန်ုပ်တို့၏ ကျေးဇူးတင်ရှိမှုကို ဖော်ပြစေပါသည်။

မကြာခဏသတိရတသခြင်းတို့ဖြင့်၊ အလ္လာဟ်အရှင်မြတ်အပေါ် ယုံကြည်မှုခိုင်မြဲရန် ပဋိညာဉ်ယူခြင်း ဖြစ်ပါသည်။ တစ်စုံတစ်ဦးအပေါ် သစ္စာစောင့်သိရန် ကျိန်ဆိုရာ၌ မြောက်များစွာသော အကျိုးကျေးဇူးများရှိကာ အလ္လာဟ်အရှင်မြတ်၏ ဗရကသ်မင်္ဂလာလည်း ရရှိပါသည်။

အချို့သော ရှိုက်ခ် (နာမ်ပိုင်းဆိုင်ရာဆရာသခင်)များထံ သစ္စာတော်ခံကျိန်ဆိုပြီးသည့် နောက်လိုက်တစ်ဦးသည် ဘာသာရေးဆိုင်ရာ မပြုမနေရတာဝန်များကို လိုက်နာကျင့်သုံးရန်အတွက် ပိုမိုစိတ်ဝင်စားပြီး တိမ်းညွတ်လာကြောင်း ခံစားရပါသည်။ ၎င်းနောက် အလ္လာဟ်အရှင်မြတ် နှစ်လိုမှုရှာကြံရန်ကိုလည်း ပို၍ ဂရုပြုလာပါသည်။

အထက်ပါ "ဗိုင်အသ်" နှင့်ပတ်သက်သော ဖော်ပြမှုတို့က အသိဉာဏ်ပညာ နည်းပါးသောသူတို့တွင် ယေဘုယျဖြစ်ပေါ်သော မှားယွင်းသည့်ခံယူချက်တစ်ရပ်ကိုလည်း ရှင်းလင်းသွားစေပါသည်။ ယင်းမှာ အချို့သော "ရှိုက်ခ်" (သို့မဟုတ်) နာမ်ပိုင်းဆိုင်ရာဆရာသခင်၏လက်များပေါ်သို့ တစ်စုံတစ်ဦး လက်များတင်လိုက်ရုံမျှဖြင့် နောင် တမလွန်ဘဝ၌ တစ်စုံတစ်ဦး၏ ကယ်တင်ခံရခြင်းအတွက် လုံလောက်သွားပြီဟူ၍ မှတ်ယူခြင်းပင် ဖြစ်သည်။ ဤသည် မှားယွင်းသော အယူအဆဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သစ္စာခံကျိန်ဆိုခြင်းသည် "ရှိုက်ခ်" တစ်ဦး၏ ညွှန်ကြားချက်များအရ လက်တွေ့လမ်းညွှန်မှုကို လိုက်နာကျင့်သုံးရန် ပဋိညာဉ်ယူခြင်းဖြစ်ပါသည်။ ထို့ကြောင့် "ရှိုက်ခ်"တစ်ဦး လက်များပေါ်သို့ မိမိ၏လက်များတင်ခြင်းသည် မည်သို့မျှအကျိုး မပြုပါ။ ထိုလုပ်ရပ်သည် ပဋိညာဉ် လုပ်ခြင်းမှ သွေဖည် သွားကာ အလ္လာဟ်အရှင်မြတ်၏ အမျက်တော်ပင်ရှုနိုင်ပါသည်။

ပြီးခဲ့သော စာမျက်နှာများတွင်ပါရှိသော ထာဝရပဋိညာဉ် **عهد اَلَسْت** အကြောင်း ပြောကြားရာ၌ အာယသ် (၁၇၂) သည် "အာဒမ်"၏ သားသမီးများအတွက် **ذُرِّيَّة** (ဇုရ်ရီယဟ်) ဟူသောစကားလုံးကို သုံးစွဲထားပါသည်။ အိမာမ်ရာဂိပ် အလ်အဆွဖဟာနီအဆိုအရ **ذُرِّيَّة** ဟူသော စကားလုံးသည် အရဗီအခြေခံ စကားလုံးဖြစ်သော (**ذرء**) မှ ဆင်းသက်ကာ ဖန်ဆင်းရန်ဟူ၍ ရည်ညွှန်းပါသည်။ ထိုတူညီသောအဓိပ္ပာယ်ကို ဖော်ညွှန်းရန်အတွက် ကုရ်အာန်ကျမ်းတော်မြတ်သည် အာယသ်တော်များစွာထဲတွင် သုံးနှုန်းထားသည်။ ထို့ကြောင့် **ذُرِّيَّة** ဟူသော စကားလုံးသည် အဖန်ဆင်းခံများအားလုံးဟု ဖော်ညွှန်းပါသည်။ ဤသည်က အဓိပ္ပာယ်သက်ရောက်စေသည်မှာ ထာဝရပဋိညာဉ်ထဲတွင် လူသားများအားလုံး အကျုံးဝင်စေခြင်းမှာ ထိုသူများ အားလုံးသည် "အာဒမ် a မှ" ဆင်းသက်လာသော သားမြေးများဖြစ်ကြပါသည်။

ဤပဋိညာဉ်နှင့်ပတ်သက်သော အချက်အလက်များ ဟဒီးဆ်တော်ဆိုင်ရာစာပေများ၌ ထပ်မံ၍ ရှိသေးကြောင်း ကျွန်ုပ်တို့ တွေ့ရှိရပါသည်။ မုစ်လင်မ်ဗင်နယာစရ်၏ခိုင်လုံမှုအရ အီမာမ်အဟ်မဒ်ကျမ်း၊ အီမာမ်မာလစ်က်၊ အဗူဒါဝူဒ်၊ သိရ်မိဇီကျမ်းတို့တွင် တင်ပြထားသည်မှာ အချို့သူများသည် ခလီဖဟ်စိုက်ယိဒိနာ အုမရ်အလ်ဖာရွတ်က d သခင်အား ဤအာယသ်တော်၏ သဘောသက်ရောက်မှုကို မေးမြန်းခဲ့သည်။ ၎င်းကပြောသည်မှာ တမန်တော်မြတ် s သခင်အား ဤမေးခွန်းအတိုင်း အလားတူ မေးလျှောက်ခဲ့ရာတွင် ကိုယ်တော်မြတ် s သခင်၏အဖြေကား အောက်ပါအတိုင်းဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် အာဒမ် a ကို ဦးစွာပထမဖန်ဆင်းခဲ့သည်။ ပြီးနောက် အရှင်မြတ်သည် အရှင်မြတ်၏လက်တော်ကို အာဒမ် a သခင်ကျောကုန်းပေါ်တင်၍ ပွတ်သပ်ကာ ၎င်း၏ကျောကုန်းမှ ဖြောင့်မတ်မှန်ကန်သောသူများ ထွက်ပေါ်လာခဲ့သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်က မိန့်သည်မှာ "ဤသူများအတွက် ဂျန္နသ်သုခ

ဘုံကို ဖန်ဆင်းထား၍ ထိုသူများသည် ယင်းဂျန္နသ်သုခဘုံနှင့် ထိုက်တန်သည့် ဖြောင့်မတ်မှန်ကန်သောလုပ်ရပ် လုပ်ဆောင်ကြလိမ့်မည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏လက်တော်ကို အာဒမ် a သခင်၏ ကျောကုန်းပေါ်တင်လိုက်သောအခါ အာဒမ် a မျိုးဆက်မှ ကောက်ကျစ်စဉ်းလဲသောသူများ ပေါ်ထွက်လာသည်။ အရှင်မြတ်က မိန့်တော်မူသည်မှာ "ဤသူများအတွက်ပါ ငါအရှင်မြတ်သည် ဂျဟန္နမ်ငရဲကို ဖန်ဆင်းထားခဲ့သည်။ ၎င်းတို့သည် ဂျဟန္နမ်ကို ရောက်စေမည့်ကောက် ကျစ်စဉ်းလဲသော အပြုအမူလုပ်ကြလိမ့်မည်" ဟူ၍ဖြစ်သည်။

တမန်တော်မြတ် s သခင်၏ ဆွဟာဗဟ်များထံမှ တစ်စုံတစ်ယောက်က ကိုယ်တော်မြတ် s အား မေးမြန်းခဲ့ရာ "လူသား၏ကံကြမ္မာကို အလ္လာဟ်အရှင်မြတ်က ဆုံးဖြတ်ပြီးဖြစ်လင့်ကစား ၎င်းတို့လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ အကျိုးမသက်ရောက်သည့် ကောင်းမှုလုပ်ရပ်ကို အဘယ်ကြောင့်လုပ်ခိုင်း ရသနည်း။ တမန်တော်မြတ် s က သခင်မိန့်သည်မှာ" မည်သူမဆို ဂျန္နသ်သုခဘုံရောက်မည်ဟု ဖန်ဆင်းခံခဲ့ရပါက ၎င်းသူဂျန္နသ်သုခဘုံနှင့် ထိုက်တန်သည့် ကောင်းမှုကောင်းရာများ စတင်လုပ်ဆောင်စေကာ ၎င်းသည်ဤအခြေအနေနှင့် သေဆုံးရပေမည်။ ဂျဟန္နမ်ငရဲကျမည်ဟု ဖန်ဆင်းခံရသူသည် ဂျဟန္နင်ရဲကျစေမည့် ကောက်ကျစ်စဉ်းလဲသည့် လုပ်ရပ်များတွင်နစ်မွန်းကာ ဂျဟန္နမ်ငရဲဘုံရောက်စေမည်။ ယင်းသို့သော မကောင်းမှုလုပ်ရပ်လုပ်ဆောင်ရင်း သူသေဆုံးပေလိမ့်မည်" ဟူ၍ဖြစ်သည်။

ဆိုလိုသည်မှာ တစ်စုံတစ်ဦးသည် မည်သည့်အမျိုးအစား၌ ပါဝင်ကြောင်း သူမသိသောအခါ ဂျန္နတ်သုခဘုံသားများ၏ ဝိသေသလက္ခဏာဖြစ်သော ကောင်းမြတ်သောလုပ်ရပ်များလုပ်ခြင်းကို အားသွန်ခွန်စိုက် လုပ်ဆောင်၍ ထိုသူများအနက်မှ တစ်ဦးဖြစ်စေရန် မက်ထားသင့်သည်။

အိမာမ်အဟ်မဒ်သည် ဆွဟာဗဟ်အဗူအလ်ဒရ်ဒါ d ၏ ခိုင်လုံမှုအရ တင်ပြထားသော ဟဒီးဆ်တော်၌ ဆွဟာဗဟ်အဗူဒရ်ဒါက ပထမအကြိမ် ထွက်ပေါ်လာသည့်လူများမှာ အသားရေဖြူစင်ပြီး၊ ဒုတိယအကြိမ် ထွက်ပေါ်လာသူများမှာ အသားရေမည်းနက်သည်ဟူ၍ ထပ်ဆောင်းတင်ပြထားသည်။

အလားတူဖော်ပြချက်ကို ဆွဟာဗဟ်အဗူဟုရိုင်ရဟ် d ၏ ခိုင်လုံမှုအရ သိရှိမိဇီကျမ်းတွင် အာဒမ် a သခင်၏ သားသမီးအဖြစ် ကမ္ဘာဆုံးပျက်သည်းသည့်တိုင် ပေါ်ပေါက်လာမည့်သူများ၏ နဖူးပေါ်တွင် တောက်ပမှုတစ်မျိုးရှိသည်ဟု ထပ်ဆောင်းတင်ပြထားသည်။

ဤနေရာ၌ ဖော်ပြချက်နှစ်ခုမှာ တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားနေဟန်ရှိကြောင်း တွေ့ရပါသည်။ အထက်ဖော်ပြပါဟဒီးဆ်တော်များ၌ပါဝင်သောဖော်ပြချက်များအရတမန်တော်အာဒမ် a သခင်၏ကျောကုန်းမှပေါ်ထွက်သော အာဒမ် a ၏ သားမြေးများဟု ဖော်ပြထားသကဲ့သို့ ယခုကျွန်ုပ်တို့ ဆွေးနွေးနေသော ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်ထဲတွင် အာဒမ် a သားမြေးများ၏ ကျောကုန်းမှပေါ် ထွက်လာသောသူများဟု ဖော်ပြထားပါသည်။ စင်စစ်ထိုနှစ်ခုမှာ တစ်ခုနှင့်တစ်ခု ဖိလာဆန့်ကျင်မှုမရှိပါ။ အာဒမ် a သခင်မှ တိုက်ရိုက်ဆင်းသက်သူများကို အာဒမ် a သခင်၏ ကျောကုန်းမှပေါ်ထွက်လာသူများအဖြစ် ဖော်ပြထားသကဲ့သို့ တိုက်ရိုက်ဆင်းသက်သူမှ ပေါက်ဖွားလာသူများကို ၎င်း သားမြေးမျိုးဆက်မှ ဆင်းသက်လာသူများအဖြစ် ဖော်ပြထားခြင်းဖြစ်သည်။

လူသားတစ်ရပ်လုံးထံမှ ဤပဋိညာဉ်ရယူခြင်း၏ရည်ရွယ်ချက်မှာ အလ္လာဟ်အရှင်မြတ်သည် ပြုစုပျိုးထောင်၊ ကျွေးမွေးသုတ်သင်တော်မူသောအရှင် (သို့မဟုတ်) အဖန်ဆင်းခံအားလုံးတို့၏ အရှင်သခင်ဖြစ်တော်မူကြောင်း ၎င်းတို့ အသိအမှတ်ပြုရန်ဖြစ်သည်။ ဤသည်က တမန်တော်အာဒမ် a ၏နောက် ကျောကုန်းမှထွက်ပေါ် လာသော

အာဒမ် a ၏ သားမြေးတို့တွင် ဤသို့စိတ်ပိုင်းဆိုင်ရာ ပုံသဏ္ဌာန်တစ်မျိုးတည်းတွင်သာမဟုတ်ဘဲ ရုပ်ပိုင်းဆိုင်ရာမျိုးတွင်လည်း နူးညံ့သည့်အရာအချို့နှင့် ပြုလုပ်ထားသည်ဟု သဘောသက်ရောက်စေသည်။ ကျွေးမွေးပြုစုစောင့်ရှောက်ခြင်း လုပ်ငန်းစဉ်သည် အခြေအနေတစ်ခုမှ အခြားအခြေအနေတစ်ခုသို့ တိုးတက်စေရန် ပြုလုပ်ခြင်းဖြစ်၍ ယင်းသည် ခန္ဓာကိုယ်နှင့် တိုက်ရိုက်သက်ဆိုင်သည်။ စိတ်မှာမူ ဤကျွေးမွေးစောင့် ခြင်းမျိုး မလိုအပ်သဖြင့် ၎င်းတို့ ဖန်ဆင်းစဉ် အချိန်က အခြေအနေတိုင်းတည်ရှိပါသည်။ ဤသည်မှာလည်း အဖြူအမည်း (သို့မဟုတ်) ၎င်းတို့နှုး ဝင်းလက်တောက်ပြောင်မှု စသည်တို့ဖော်ပြသည့် အထက်ဖော်ပြပါဟဒီးစ်ကို ထောက်ခံပါသည်။ အဘယ့်ကြောင့် ဆိုသော် အရောင်အဆင်းနှင့် ဝင်းလက်မှုသည် ၎င်းတို့တည်ရှိမှုကို ပြသရန်မှာ အရာအချို့အသွင် လိုအပ်သည်။ စိတ်ပိုင်းဆိုင်ရာများမှာ အရောင် အသွေးမရှိခေ။

ကိယာမသ်နေ့တိုင် ဖန်ဆင်းခံခဲ့ရသည့်လူသားအားလုံးကို တစ်နေရာထဲတွင် မည်သို့စုစည်းထားနိုင်သည်ကို တစ်စုံတစ်ဦးက အံ့သြပါလိမ့်မည်။ ဤသည်ကို ဆွဟာဗဟ်သာဝကကြီး အဗူအလ်ဒရ်ဒါ d ဆင့်ပြန်ခဲ့သည်။ ဟဒီးဆ်တော်တွင် ရှင်းလင်းထားသည်မှာ ထိုသူများသည်၎င်းတို့၏ ပုံအရွယ်အစားနှင့် အပေါ်ထွက်လာမည်မဟုတ်ဘဲ သေးငယ်သည့်ပုရွက်ဆိတ် အရွယ်အစားနှင့် ပေါ်ထွက်လာမည်ဖြစ်သည်။ ဤသိပ္ပံခေတ်တွင် လူသားအရွယ်အစားမှာ ပုရွက်ဆိတ်အရွယ်အစားသို့ မည်သို့ချုံ့နိုင်သည်ဆိုသည်ကား အံ့သြဖွယ်မဟုတ်ခေ။ အနမြူမှုန်တစ်ခု၏ အမြူတေဝန်းကျင်တွင် ကျွန်ုပ်တို့နေစကြဝဠာစနစ်နှင့်အလား တူသည့် ပြီးပြည့်စုံသောစနစ်တစ်ခုက လုပ်ဆောင်နေသည်ဆိုခြင်းကို သိပ္ပံပညာက အတည်ပြုထားပြီးဖြစ်သည်။ စာမျက်နှာ ရာပေါင်းများစွာပါဝင်သည့် စာအုပ်များကို အစက်အပျောက်အသေးအရွယ်သို့မိုက်ကရိုဖလင်နည်းစနစ်ဖြင့် ချုံ့နိုင်ပါသည်။ဤအချိန်အခါအတွက် အနန္တတန်ခိုးတော်ရှင် အလ္လာဟ်အရှင်မြတ်က ထိုသူများကို ပုရွက်ဆိတ်တစ်ကောင်အရွယ် ချုံ့ပစ်ခြင်းသည် အံ့သြဖွယ်ကိစ္စ မဖြစ်သင့်ခေ။

ထာဝရပဋိညာဉ်နှင့် ပတ်သက်သော အထက်ဆွေးနွေးမှုက မေးခွန်းနှစ်ရပ် ပေါ်ထွက်စေပါသည်။

(၁) ဤပဋိညာဉ်ကို မည်သည့်အချိန်၊ မည်သည့်နေရာမှာ ပြုလုပ်ခဲ့သနည်း။

(၂) ဤပဋိညာဉ်ကို အာဒမ် a မှအပ လူသားများအားလုံး မဖန်ဆင်းမီက ရယူခဲ့သည်။ အာဒမ် a ၏ သားမြေးများက လူသားအဖြစ်ရောက်၍ ကျွေးမွေးပြုစုစောင့်ရှောက်ခြင်းခံရသော အတွေ့အကြုံပင်မရသေးမီ ပဋိညာဉ်ယူထားခြင်းသည် အလ္လာဟ်အရှင်မြတ်သည် ဖန်ဆင်းတော်မူသောအရှင်နှင့် ကျွေးမွေးစောင့်ရှောက်တော်မူသော အရှင်ဖြစ်ကြောင်း မည်သို့ အသိအမှတ်ပြုရန် အဘယ်သို့အသိပညာနှင့် ဆင်ခြင်တုံတရား ရရှိနိုင်မည်နည်း။

အိမာမ်အဟ်မဒ်နှင့် နစာအီတို့၏ စစ်မှန်သောရင်းမြစ်များမှတစ်ဆင့် တင်ပြခဲ့သည်။ အဗ်ဒုလ္လာဟ် အိဗ်နအဗ္ဘာစ် d က ပထမမေးခွန်းကို ပြောကြားသည်မှာ ပဋိညာဉ်ယူသောအချိန်သည် အာဒမ် a သခင်ကို မိုးကောင်းကင်မှ ကမ္ဘာမြေကြီးဆီသို့ ပို့ဆောင်စဉ်ကဖြစ်သည်။ နေရာကား (မက္ကာဟ်မြို့အနီးရှိ) အရိဖတ်ကွင်းပြင်အဖြစ် ကျော်ကြားသည့် နူအ်မာန်တောင်ကြားဖြစ်သည်။

၎င်းတို့အား မဖန်ဆင်းမီအလျင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏အရှင်သခင်ဖြစ်ကြောင်း အသိအမှတ်ပြုနိုင်စွမ်းမရှိမှုနှင့် ပတ်သက်သော ဒုတိယမေးခွန်း၏ဖြေမှာ အလွန်ရိုးရှင်းပါသည်။ အလ္လာဟ်အရှင်မြတ် ဆန္ဒတော်ရှိလျှင် မည်သည်ကိုမဆို ပြုလုပ်နိုင်သော တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသည်။ အလ္လာဟ်အရှင် လူသားများအားလုံး ပုရွက်ဆိတ်တစ်ကောင်မျှ အရွယ်အစားချုံ့နိုင်သောအရှင်သခင်သည် အရှင်မြတ်အား ၎င်းတို့၏အရှင်သခင်၊ ၎င်းတို့

၏ကျွေးမွေးပြုစုစောင့်ရှောက်တော်မူသော အရှင်ဖြစ်ကြောင်း အသိအမှတ်ပြုနိုင်စွမ်းသည် အသိပညာနှင့်ဆင်ခြင်တုံတရားကိုပို၍ပင် လွယ်လွယ်ကူကူထည့်ပေးနိုင်သောအရှင် ဖြစ်တော်မူပေသည်။ ပြီးပြည့်စုံသောလူသားတစ်ဦးတွင် လိုအပ်သည့်ရုပ်ပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များအားလုံးနှင့်အတူ ၎င်းတို့အား သေးငယ်သောအရွယ်အစား ခန္ဓာကိုယ်နှင့် ဝိညာဉ်ဖြင့် အလွှာဟ်အရှင် ဖန်ဆင်းခဲ့ပါသည်။ အလွန်ထင်ရှားပေါ်လွင်သည့် လုပ်ငန်းစဉ်များဖြစ်သော ဆင်ခြင်တုံတရားနှင့် သိနားလည်မှုဆိုသည်မှာ ယင်းလူထဲတွင် မုချ ပါကိုပါရပေမည်။

လူသားအဖြစ် အမှန်တကယ် မဖန်ဆင်းမီအလျင်က ပြုလုပ်ခဲ့သောပဋိညာဉ်နှင့် ကမ္ဘာမြေပေါ်တွင် ၎င်းတို့ လူသားအဖြစ်တည်ရှိပြီးသည့်နောက် မေ့လျော့ခဲ့သော ပဋိညာဉ်တွင် မည်သို့သော တန်ဖိုးရှိသနည်းဟူသော မဖြေရှင်းရသေးသည့် မေးခွန်းတစ်ခု ကျန်ပါသေးသည်။ ဤမေးခွန်းကိုမဖြေကြားမီအလျင် ကျွန်ုပ်တို့ ထပ်ဆောင်းနိုင်သည်မှာ အချို့သောကိစ္စရပ်များတွင် ဤပဋိညာဉ်ပြုလုပ်ကြောင်း မှတ်မိသူများရှိကြပါသည်။ ပမာဆိုသော် ကြီးမြတ်လှသော နာမ်ပိုင်းဆိုင်ရာခေါင်းဆောင်ကြီး ဖွန်နွလ်အလ်မစ်စရီက "ဤပဋိညာဉ်ပြုမှုကို ကျွန်ုပ်တို့ ယခုပင်ကြားနေရသကဲ့သို့ ရှင်းရှင်းလင်းလင်း မှတ်မိပါသည်"ဟုပြောပါသည်။ အချို့သော အကြီးအကဲများက ပဋိညာဉ်ပြုနေစဉ် သူတို့ အနီးအနားတွင် ရှိနေသောသူများကိုပင် မှတ်မိကြောင်း တင်ပြကြပါသည်။ ထိုဖြစ်ပျက်များ ရှားပါးသည် (ကြုံတောင့်ကြုံခဲဖြစ်သည်) မှာ မှန်ကန်ပါသည်။ ၎င်းနောက် ယင်းတို့သည် အထက်ပါမေးခွန်းအတွက် အဖြေမဖြစ်ပါ။

ထို့ကြောင့်ဤမေးခွန်း၏အဖြေမှာ မြောက်မြားစွာသော ကိစ္စရပ်များကိုဖြစ်စေ (သို့မဟုတ်) လုပ်ရပ်များကို ဖြစ်စေ ၎င်းတို့အား မှတ်မိခြင်း (သို့မဟုတ်) နားလည်သဘောပေါက်ခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ၎င်းတို့၏ ပင်ကိုသဘာဝကပင် အကျိုး ကျေးဇူး ရှိကြောင်း ထင်မှတ်စေပါသည်။

ပမာဆိုသော် မုစ်လင်မ်များ၏လုပ်ရိုးလုပ်စဉ် ဓလေ့တစ်ခုဖြစ်သော မွေးဖွားပြီးကစ ကလေးသူငယ်ညာဘက်နားသို့ "အာဇန်ဆိုခြင်း" နှင့် ဝဲဘက်နားတွင် "အိကာမသ်ဆိုခြင်း" [1]သည်ကား ထိုကဲ့သို့သော လုပ်ရပ်များတို့၏ ထင်ရှားသော လုပ်ရပ်ဖြစ်ပါသည်။ ကလေးငယ်သည် ဤ"အာဇန်"နှင့် "အိကာမသ်"၏အဓိပ္ပာယ်ကို နားမလည်သကဲ့သို့ ကြီးပြင်းလာသောအခါ၌လည်း ယင်းကို မမှတ်မိတော့ပါ။ ဤဘာသာရေးဆိုင်ရာ အကျင့်ဓလေ့၏ နောက်ကွယ်ရှိ အသိဉာဏ်မှာ သူ၏နားများထဲသို့ ပဋိညာဉ်ပါ သတင်းစကားတို့အား ထပ်ခါထပ်ခါရွတ်ဆိုခြင်းဖြင့် အလွှာဟ်အရှင်မြတ်နှင့် သူပြုလုပ်ထားသော ပဋိညာဉ်အား ပြန်လည်ရှင်သန်စေရန်နှင့် သူ၏နှလုံးသားတွင် အီမာန်မျိုးစေ့ချခြင်းမှလွဲ၍ ဘာမျှမဖြစ်နိုင်ပါ။ ဤလုပ်ငန်း၏လွှမ်းမိုးမှုကို မုစ်လင်မ်ကောင်းတစ်ဦး မဖြစ်သည့်တိုင် မုစ်လင်မ်တိုင်းအပေါ် ရှိနေသည်ကို တွေ့မြင်ရပါသည်။ သူကိုယ်သူ မုစ်လင်မ်တစ်ဦး ဟုခေါ်ဆိုခြင်းဖြင့် သူဂုဏ်ယူပါသည်။ ၎င်းနောက် မုစ်လင်မ်အသိုင်းအဝိုင်းတွင် မပါဝင်ခြင်းကို သူ အလွန်စက်ဆုပ်ပါသည်။

အလားတူစွာ အရဗီဘာသာ တတ်ကျွမ်းသောသူကိုပင် ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်ရန် အမိန့်ပေးထားခြင်းသည်လည်း ဤနည်းအတိုင်းပင် ဖြစ်ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်သူတို့ကို ကုရ်အာန် ကျမ်းတော်မြတ်ပါ စကားလုံးတို့၏ အကျိုးသက်ရောက်မှုဖြင့် ၎င်းတို့နှလုံးသား၌ သိရှိနားလည်မှု ရှိသွားစေကာ အလွှာဟ်

[1] "အာဇန်"သည် ဘာသာဓလေ့ ဝတ်ပြုမှုဖြစ်သော ဆွလာသ်အတွက် ဖိတ်ခေါ်ခြင်းဖြစ်ပါသည်။ ယင်းဖိတ်ခေါ်မှုတွင် အလွှာဟ်အရှင်တစ်ပါးတည်းတည်ရှိကြောင်း တွဖက်ယှဉ်တွဲကိုးကွယ်ရာမရှိကြောင်း၊ အရာရာ အားလုံးထက် ကြီးမြတ်ကြောင်း ရဲဝံ့စွာကြေညာခြင်းဖြစ်ပါသည်။ "အိကာမသ်" ဆိုသည်မှာ ထိုကြေညာချက်အား လူအများစုရုံး၍ ဆွလာသ်ဝတ်ပြုရန် အဆင်သင့်ဖြစ်ပြီဆိုကြောင်း ထပ်ဆောင်း၍ ကြေညာခြင်းဖြစ်သည်။

အရှင်မြတ်အပေါ် ယုံကြည်မှု ပြန်လည်လန်းဆန်းစေပါသည်။

ဤပဋိညာဉ် နောက်ကွယ်တွင်ရှိသော အသိဉာဏ်သည် အလားတူပင် လူသားတို့၏ နှလုံးသားထဲတွင် အီမာန်မျိုးစေ့ကြဲရန်ဖြစ်သည်။ လူအများ သတိမူသည်ဖြစ်စေ၊ မမူမိသည်ဖြစ်စေ ဤမျိုးစေ့သည် ယင်း၏ ကြီးထွားမှု အတွက် လူသား၏နှလုံးသားအဆီအနှစ်ကိုယူနေပါသည်။ဤမျိုးစေ့၏အသီးအပွင့်တို့သည်လူသားသဘောသဘာဝ၏ တစ်စိတ်တစ်ဒေသဖြစ်သော အလ္လာဟ်အရှင်မြတ်အား ချစ်မြတ်နိုးခြင်းနှင့် ရိုသေလေးစားမှုအသွင် ပြသပါသည်။ ဤချစ်မြတ်နိုးခြင်းနှင့် ရိုသေလေးစားခြင်းဖော်ပြမှုကို မှားယွင်းသောဘုရားများ၊ ရုပ်ထုများ (သို့မဟုတ်) အဖန်ဆင်းခံများအား ခဝပ်ကိုးကွယ်ခြင်းဟူသော မတရားသောအသွင်ဖြစ်လည်း ပြသနိုင်ပါသည်။ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ခဝပ်ကိုးကွယ်ခြင်းဆိုသည်ပင်လျှင် ဖန်ဆင်းရှင်အား ချစ်မြတ်နိုး၊ ရိုသေလေးစားကြောင်း ပြသခြင်းပင်ဖြစ်သည်။ သန်းပေါင်းမြောက်များစွာ လူတို့တွင် အလ္လာဟ်အရှင်မြတ်အပေါ်၌ ရိုသေလေးစားခြင်းနှင့် ချစ်ခင်ခြင်းဆိုသည်ကို ၎င်းတို့သိရှိနားလည်ခြင်း (သို့မဟုတ်) မသိရှိခြင်းတို့က ညွှန်ကြားသောအတွေးအခေါ်များဖြင့် ပြုလုပ်ကာ ၎င်းတို့၏ ခဝပ် ကိုးကွယ်ခြင်းများဖြင့် ပြသပါသည်။ လောကီရေးဆိုင်ရာများသို့ လိုက်ခြင်းကြောင့် ၎င်းတို့၏သဘာဝအလျောက် နားလည်သဘောပေါက်ခြင်း ပျက်စီးကာ အလ္လာဟ်အရှင်မြတ်နှင့် ၎င်းတို့ပြုလုပ်ထားသော ပဋိညာဉ်ကို မေ့လျော့သွားသော သူအချို့ ရှိသည်ဆိုသည်ကိုတော့ ပြောစရာမလိုပါ။

တမန်တော်မြတ် ﷺ သခင် မိန့်ကြားသည်မှာ **كُلُّ مَوْلُوْدٍ يُوْلَدُ عَلَى الْفِطْرَةِ** မွေးကင်းစကလေးတိုင်းတို့သည် (ဖစ်တွရဟ် သဘာဝ ဆိုလိုသည်မှာ မုစ်လင်မ်)အဖြစ် ဖွားမြင်ကြပါသည်။ ၎င်းနောက် ယင်းတို့၏ မိဘများက ၎င်းတို့၏ ဘာသာသို့ ပြောင်းလဲပစ်ခဲ့ကြပါသည်။ တမန်တော်မြတ် ﷺ က ဟဒီးဆ်တော်တစ်ပုဒ်တွင် မိန့်ကြားထားသည်မှာ "အလ္လာဟ်အရှင်မြတ်သည် အရှင့်ကျေးကျွန်များအား "ဟနီးဖ်" ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်သူအဖြစ် ဖန်ဆင်းတော်မူခဲ့ပါသည်။ ၎င်းနောက် ရှိုင်သွာန်၏ လွှမ်းမိုးမှုများက ၎င်းတို့အား လမ်းလွဲသို့ ရောက်စေပါသည်" ဟူ၍ဖြစ်သည်။

အာယသ်တော်၏နောက်ဝါကျက **اَنْ تَقُوْلُوْا يَوْمَ الْقِيٰمَةِ اِنَّا كُنَّا عَنْ هٰذَا غٰفِلِيْنَ** အသင်တို့သည် ကိယာမသ်ခေါ် ရှင်ပြန်ထမည့်နေ့တွင် "ကျွန်တော်မျိုးတို့သည် ဤသည်ကို မသိခဲ့ကြပါ"(၇း၁၇၂)ဟု မပြောကြရန်ပင်ဖြစ်သည်ဟူ၍ မိန့်ထားသည်။ဆိုလိုသည်မှာအလ္လာဟ်အရှင်မြတ်နှင့်ပြုလုပ်ထားသောပဋိညာဉ်က ၎င်းတို့၏နှလုံးသားများတွင်းရှိ အီမာန်အား လင်းဝင်းသွားစေပါသည်။ ရောင်ပြန်ဟပ်မှုအနည်းငယ်ဖြင့် အလ္လာဟ်အရှင်မြတ်အား ၎င်းတို့၏ဖန်ဆင်းရှင်ဖြစ်ကြောင်း လွယ်ကူစွာ မှတ်မိသိရှိနိုင်ပါသည်။ ထို့ကြောင့်တရားစီရင်မည့်နေ့၌ ၎င်းတို့၏ မသိနားမလည်သော ဆင်ခြေကား ၎င်းတို့အတွက် မည်သို့မှအသုံးဝင်မည် မဟုတ်ချေ။

၎င်းတို့နောက်ထပ် ဆင်ခြေပေးနိုင်သည်မှာ-

**اَوْ تَقُوْلُوْٓا اِنَّمَآ اَشْرَكَ اٰبَآؤُنَا مِنْ قَبْلُ وَ كُنَّا ذُرِّيَّةً مِّنْۢ بَعْدِهِمْ ۚ اَفَتُهْلِكُنَا بِمَا فَعَلَ الْمُبْطِلُوْنَ**

"သို့တည်းမဟုတ် အသင်တို့သည်" ကျွန်တော်မျိုးတို့၏ ဘဘိုးဘေးဘီဘင်တို့မှာ ရှေးဦးမဆွကပင် အခြား အရာများကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက် ကိုးကွယ်ခဲ့ကြပါသည် သာတည်း။ ကျွန်တော်မျိုးတို့မှာမူကား ၎င်းတို့၏ နောက်တွင် (၎င်းတို့၏) သားမြေးများသာ ဖြစ်ကြပါသည်။ သို့ဖြစ်ပေရာ အရှင်မြတ်သည် (ရှေးဦးမဆွက) မဟုတ်မမှန် ပြုလုပ်ခဲ့ကြသောသူတို့ကြောင့် ကျွန်တော်မျိုးတို့အား

ပျက်စီးစေတော်မူပါမည်လော" (၇း၁၇၃)ဟုပြောဆိုကြလတ္တံ့ ဟူ၍ဖြစ်သည်။

ၚင်းတို့သည်အမှန်တရားကို သတိမမူမိခဲ့ကြပါဟုပြောသော ခိုလှုံမှုရှာဖွေခြင်းမှ ဤအာယသ်တော်က ပိတ်ပင်ထားပါသည်။ ၚင်းတို့ဘိုးဘွားဘီဘင်၏ မျိုးဆက်ဖြစ်သောကြောင့် ထိုဘိုးဘွားဘီဘင်တို့၏ လမ်းစဉ်ကို လိုက်ခဲ့ကြသည်။ ထို့ကြောင့် ၚင်းတို့ဘိုးဘွားဘီဘင်၏ အမှားအတွက်သူတို့ကို ပြစ်ဒဏ်မခတ်သင့်ချေ။ ၚင်းတို့ ဘိုးဘွား ဘီဘင်၏ ပြုလုပ်မှုများအတွက် သူတို့ပြစ်ဒဏ်ခတ်ခံရလိမ့်မည်မဟုတ်ဟူ၍ အာယသ်တော်က မိန့်ထားသည်။ သူတို့ ကိုယ်တိုင်၏ အမှားကြောင့်ဖြစ်၍ ၚင်းတို့၏ဥပေက္ခာဖြစ်သော သဘောထားကြောင့် ဤပျက်စီးဆုံးရှုံးမှုဆီသို့ ရောက်ရသည်။ ၚင်းတို့၏နှလုံးများထဲတွင် ဤပဋိညာဉ်က အီမာန်သစ္စာတရား၏ မျိုးစေ့ကြဲထားခဲ့သည်။ ၚင်းတို့ ကိုယ်တိုင် ကျောက်တုံးများမှ ထွင်းထုထားသော ရုပ်တုများ (သို့မဟုတ်) မီးများ၊ သစ်ပင်များနှင့် အခြားဖန်ဆင်းခံ များသည် မည်သည့်နည်းနှင့်မျှ ၚင်းတို့၏ ဖန်ဆင်းရှင်ဖြစ်ကြောင်း မမှတ်မိနိုင်သကဲ့သို့ (သို့မဟုတ်) ၚင်းတို့လိုအပ်ချိန်တွင် ကူညီနိုင်သည့် စွမ်းအားများ မရှိပေ။ ထို့ကြောင့် ၚင်းတို့ဆုံးဖြတ်ရန်မှာ မခက်ခဲချေ။

နောက်အာယသ်(၁၇၄)က-

وَ كَذٰلِكَ نُفَصِّلُ الْاٰيٰتِ وَ لَعَلَّهُمْ يَرْجِعُوْنَ

အမှန်သော်ကား ငါအရှင်မြတ်သည် ၚင်းတို့ (မှန်ကန်သော ဒီးန်သာသနာတော်ဘက်သို့) လှည့်ကြရန်အလို့ငှာ သက်သေလက္ခဏာများကို ဤနည်းအတိုင်းပင် ရှင်းလင်းစွာ ထုတ်ဖော်မိန့်ကြားတော်မူလေသတည်း" ဟူ၍မိန့်ကြား ထားသည်။

ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ရှင်းလင်းပြတ်သားသော အာယသ်များမှ တစ်ဆင့် အရှင်မြတ်၏ထင်ရှားသော သက်သေလက္ခဏာများကို ပြသထားသည်။ သို့မှသာလူများသည် ၚင်းတို့၏ ပဋိညာဉ်ဘက် သို့ပြန်လှည့်ကာ အလ္လာဟ်အရှင်မြတ်သည် ၚင်းတို့၏ အရှင်သခင်ဖြစ်ကြောင်း အသိအမှတ်ပြုစေနိုင်ရန်ဖြစ်သည်။ မည်သူမဆို ဤဆင်ခြင်တုံတရားကိုအသုံးပြုက အမှန်တရားကိုတွေ့ရှိကာ ထာဝရပြစ်ဒဏ်ခတ်ခံရမှုမှ ၚင်းကိုယ်ကိုလည်းကောင်း ကယ်တင်နိုင်လိမ့်မည်ဖြစ်သည်။

## အာယသ် (၁၇၅-၁၇၇)

وَ اتْلُ عَلَيْهِمْ نَبَاَ الَّذِيْۤ اٰتَيْنٰهُ اٰيٰتِنَا فَانْسَلَخَ مِنْهَا فَاَتْبَعَهُ الشَّيْطٰنُ فَكَانَ
مِنَ الْغٰوِيْنَ ﴿١٧٥﴾ وَ لَوْ شِئْنَا لَرَفَعْنٰهُ بِهَا وَ لٰكِنَّهٗۤ اَخْلَدَ اِلَى الْاَرْضِ وَ اتَّبَعَ
هَوٰىهُ ۚ فَمَثَلُهٗ كَمَثَلِ الْكَلْبِ ۚ اِنْ تَحْمِلْ عَلَيْهِ يَلْهَثْ اَوْ تَتْرُكْهُ يَلْهَثْ ؕ ذٰلِكَ مَثَلُ
الْقَوْمِ الَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا ۚ فَاقْصُصِ الْقَصَصَ لَعَلَّهُمْ يَتَفَكَّرُوْنَ ﴿١٧٦﴾ سَآءَ
مَثَلَا الْقَوْمُ الَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا وَ اَنْفُسَهُمْ كَانُوْا يَظْلِمُوْنَ ﴿١٧٧﴾

**ၚင်းပြင် (အို-နဗီတမန်တော်) အသင်သည် ထိုသူတို့ရှေ့ဝယ် အကြင်သူ၏ အကြောင်းကို ဖတ်ကြားပါလေ။ ငါအရှင်မြတ်သည် ထိုသူအား မိမိသက်သေ လက္ခဏာ**

**များ (ငါ) အမိန့်ပညတ်တော်များ၏ အသိပညာကို ချီးမြှင့်ပေးသနားတော်မူခဲ့သည်။ တစ်ဖန် ထိုသူသည် ယင်းသက်သေလက္ခဏာများကို စွန့်၍ ထွက်သွားခဲ့လေသည်။ သို့ဖြစ်ရာ 'ရှိုင်တွာန်' မိစ္ဆာကောင်သည် ၎င်း၏နောက်သို့ လိုက်ပါခဲ့လေသည်။ ထို့နောက် ၎င်းသည် လမ်းမှားသူတို့တွင် အပါအဝင်ဖြစ်ခဲ့လေသတည်း။ (၇ : ၁၇၅)**

**စင်စစ်တမူကား ငါအရှင်မြတ်သည် အကယ်၍သာ အလိုရှိတော်မူခဲ့ပါလျှင် ထိုသူအား ယင်းသက်သေလက္ခဏာများ (နှင့်အညီလိုက်နာကျင့်သုံးခြင်း အား) ဖြင့် ဂုဏ်အင်ချီးမြှင့်တော်မူပြီးဖြစ်အံ့။ သို့ရာတွင်ထိုသူအား ကမ္ဘာမြေ (ငါ) လောကီစည်းစိမ်ဘက်သို့ ယိမ်းညွတ်၍သွားကာ မိမိစိတ်အလိုဆန္ဒကို လိုက်စားခဲ့လေသည်။ သို့ဖြစ်ပေရာ ၎င်း၏ ဥပမာကား အကြင်ခွေး၏ဥပမာကဲ့သို့ ဖြစ်ခဲ့လေသည်။ အသင်သည် ထိုခွေးအား အကယ်၍ တိုက်ခိုက်လျှင်လည်း ထိုခွေးသည် မောဟိုက်၍ လျှာထုတ်နေမည်။ သို့မဟုတ် အသင်သည် ထိုခွေးအား အကယ်၍ လွှတ်ထားလျှင်လည်း မောဟိုက်၍ လျှာထုတ်နေမည်သာဖြစ်ချေသည်။ဤသည်ကား ငါအရှင်မြတ်၏သက်သေလက္ခဏာများကို မဟုတ်မမှန်ဟု ငြင်းပယ်သောသူတို့၏ ဥပမာပင်။ သို့ဖြစ်ပေရာ အသင်သည် ၎င်းတို့ ဆင်ခြင်သုံးသပ် ချင့်ချိန်စဉ်းစားနိုင်ခြင်းငှာ (ဤ) အကြောင်း အထွာပွတ္တိများကို (ရေလည်အောင်) ပြော၍ ပြပါလေ။ (၇ : ၁၇၆)**

**အကြင်သူတို့၏ဥပမာကား ဆိုးယုတ်လှပေ၏။ ထိုသူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် မိမိတို့ကိုယ်ကိုသာလျှင် မိမိတို့ နှပ်စက်ညှဉ်းပန်းလျက် ရှိခဲ့ကြကုန်၏။ (၇း၁၇၇)**

အထက်ပါအာယသ်တော်များထဲတွင် အစ္စရေးလ်လူမျိုးများထဲမှ ဘာသာရေးခေါင်းဆောင် တစ်ယောက် အကြောင်း ဖော်ပြထားသည်။ ထိုသူ၏ အသိဉာဏ်ကြွယ်ဝမှုနှင့် ဘုရားတရားကြည်ညိုမှုက သူ့တွင် နောက်လိုက် မြောက်မြားစွာရရှိစေခဲ့သည်။ သို့ရာတွင် ရုတ်တရက်ချက်ချင်း လမ်းလွဲသို့ရောက်သွားကာ ငြင်းပယ်ခံရသူမှ တစ်ဦး ဖြစ်သွားခဲ့သည်။ ဤအဖြစ်အပျက်ထဲတွင် မြောက်မြားစွာသော သင်ခန်းစာများနှင့် သတိပေး ဆုံးမချက်များ ပါဝင်ကာ နောင်ဖော်ပြမည့် အာယသ်တော်များနှင့် အဆက်အစပ်ရှိသည်။ ပြီးခဲ့သောအာယသ်များ၌ ယေဘုယျအနေဖြင့် အာဒမ် a ၏သားမြေးများနှင့် အလ္လာဟ်အရှင်မြတ်ပြုလုပ်ခဲ့သော ပဋိညာဉ်နှင့်ကွဲပြားသောအချိန်တွင် လူအချို့နှင့်ပြုလုပ်သော ပဋိညာဉ်များပါဝင်သည်။ အထက်ပါအာယသ်များတွင်လည်း အလ္လာဟ်အရှင်မြတ်နှင့် ၎င်းတို့ ပြုလုပ်ထားသည့် ပဋိညာဉ်အား လိုက်နာဖြည့်ဆည်းမှုမရှိသောသူများ အကြောင်းကို ဖော်ပြထားသည်။ ပမာဆိုသော် ပွင့်တော်မူသည့် တမန်တော်တစ်ပါးကို စောင့်စားကာ ထိုနဗီတမန်တော်၏ ဂုဏ်အင်များကို အခြားသူတို့အား အမြဲတစေ ဖော်ပြလေ့ရှိသည့် အစ္စရေးလ်လူမျိုးများသည် တမန်တော်မြတ် s ပွင့်တော်မူသောအခါတွင် လောကီရေးရာဆိုင်ရာ ကိစ္စများအတွက် ထိုသူတို့သည် ကိုယ်တော်မြတ်ကို ငြင်းပယ်ခဲ့ကြသည်။

**ဗလာမ်ဗင်ဗာအူရာ၏အကြောင်း**

လက်ရှိအာယသ်တော်များတွင် အစ္စရေးလူမျိုးများအနက်မှ သူတော်စင်တစ်ယောက်အကြောင်း ပြန်လည်ဖော်ပြထားခဲ့သည်။ ဤသူသည် မည်မျှပင် ဘာသာရေးကိုင်းရှိုင်းသောပညာရှင်ဖြစ်၍ ကြီးကျယ်သော နာမ်ပိုင်းဆိုင်ရာ ခေါင်းဆောင်တစ်ဦးဖြစ်လင့်ကစား လောကီရေးရာဆိုင်ရာဆန္ဒများ နောက်လိုက်သွား၍ ခပ်သိမ်းသောအသိပညာ၊ ထင်ပေါ်ကျော်ကြားမှုများ ကင်းမဲ့စေခဲ့သည့်အကြောင်း တမန်တော်မြတ် s ကို ၎င်း၏လူများအား ပြန်လည်ပြောကြားရန် အမိန့်ပေးထားခဲ့သည်။

ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ဤလူ၏အမည်ကိုဖြစ်စေ မည်သည့်ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကိုဖြစ်စေ ဖော်ပြထားခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ရှိရပါသည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ် ဋီကာရှင်များ၊ ဆွေးဟာဗဟ်များနှင့် သာဗီအီးန်များတင်ပြထားသော ဟဒီးဆ်တော်များစွာထဲ၌ ၎င်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်မျိုးစုံ ပါဝင်သည်။ ဆွေးဟာဗဟ်အဗ်ဒုလ္လာဟ် အိဗ်နုအဗ္ဗာစ် d ၏ခိုင်လုံမှုအပေါ် အိဗ်နုမရ်ဒဝီယဟ် တင်ပြခဲ့သည့် ဟဒီးဆ်တော်သည် အခိုင်လုံဆုံးနှင့်ယုံကြည်စိတ်ချရဆုံးဖြစ်သည်ဟု ပညာရှင်အများစုက မှတ်ယူကြပါသည်။ ယင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဤလူ၏အမည်မှာ ဗလ်အမ်အိဗနီဗာအူရာဖြစ်သည်။ သူသည် ဆီးရီးယားနိုင်ငံသားဖြစ်၍ ဂျေရုစလင်အနီးရှိ ကာန်အာန်တွင် နေထိုင်သည်။ တင်ပြချက်တစ်ခုအရ ၎င်းသည် အစ္စရေးလ်လူမျိုးတစ်ဦးဖြစ်သည်။ သူသည် အလ္လာဟ်အရှင်မြတ် ပို့ချပေးခဲ့သည့် ကျမ်းတော်အချို့ကို တတ်သိနားလည်ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ စကားစု اَلَّذِیْٓ اٰتَیْنٰهُ اٰیٰتِنَا "ထိုသူအား ယင်းသက်သေလက္ခဏာများ(နှင့် အညီ လိုက်နာကျင့်သုံးခြင်းအား)ဖြင့် ဂုဏ်အင်ချီးမြှင့်တော်မူပြီးဖြစ်ခဲ့" က ဤတတ်သိနားလည်မှုကို ရည်ညွှန်းသည်။

ဤအဖြစ်အပျက် ဖြစ်ပေါ်ခဲ့သည့်ကာလသည် ဖိရ်အောင်နဲဘုရင်နှင့် သူ့လူများသေဆုံးပြီးနောက် အစ္စရေးလ်လူမျိုးတို့သည်အဓိကျစ်နိုင်ငံကိုအောင်နိုင်ခဲ့ပြီးသည့်အချိန်ကဖြစ်သည်။အလ္လာဟ်အရှင်မြတ်သည်တမန်တော်မူစာ a နှင့် ၎င်း၏လူများကို ဂျဗ္ဗာရီးန်ဟုခေါ်သော လူမျိုးများနှင့်စစ်တိုက်ရန် အမိန့်ပေးခဲ့သည်။ ဖိရ်အောင်နဲဘုရင်နှင့် သူ့လူများ၏ ကံကြမ္မာကို မြင်တွေ့ခဲ့ရသည့် ဂျဗ္ဗာရီးန်လူမျိုးများသည် တမန်တော်မူစာ a သခင်၏ စစ်တပ်ကြီး ၎င်းတို့ထံ ချီတက်လာသည်ကို မြင်ခဲ့ရာတွင် အလွန့်အလွန် ထိတ်လန့်သွားခဲ့သည်။ ထိုသူတို့သည် ဗလ်အာမ်ထံသွားကာ တမန်တော်မူစာ a သည် ခွန်အားကြီးမားသည့် လူတစ်ဦးဖြစ်ကာ ၎င်းတို့ကို ၎င်းတို့နယ်မြေမှ နှင်ထုတ်ရန်အတွက် ကြီးမားသော စစ်တပ်နှင့် ချီတက်လာခဲ့သည်ဟု ပြောဆိုခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့က ဗလ်အာမ်ကို အလ္လာဟ်အရှင်ထံ ထိုသူများစစ်မတိုက်ဘဲ ပြန်သွားစေရန်ဆုမွန်ဒုအာတောင်းခိုင်းသည်။ ဗလ်အာမ်ဗင်ဗာအူရာသည် အစ္စမေအအ်ဇွမ် اِسْمِ اَعْظَمْ (အလ္လာဟ်အရှင်မြတ်၏ကျက်သရေမင်္ဂလာနှင့် အပြည့်စုံဆုံးသောနာမတော်) ၏အသိပညာကို သိရှိကြောင်း လူသိများသည်။ သူဒုအာ ဆုမွန်တောင်းဆိုရာတွင် ဤနာမတော်၏အကူအညီဖြင့် တောင်းဆိုလေ့ရှိသောကြောင့် သူဒုအာဆုမွန်များမှာ အများအားဖြင့် လက်ခံခြင်းခံရသည်။

ဗလ်အာမ်က ၎င်းတို့ကိုပြောခဲ့သည်မှာ မူစာ a သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါး ဖြစ်သောကြောင့် အလ္လာဟ့်စေတမန်တော်များ၏ အထောက်အကူရှိသည်။ သို့ဖြစ်၍သူသည် တမန်တော်မူစာ a ကို ဆန့်ကျင်ရန် ဒုအာမပြုနိုင်ပါ။ အလ္လာဟ်အရှင်မြတ်ရှေ့ဝယ် မူစာ a သခင်၏ အဆင့်အတန်းကို သူသိရှိသောကြောင့် တမန်

တော်မူစာ a နှင့် ဆန့်ကျင်သော ဆုဒုအာတောင်းဆိုခြင်းသည် ဤကမ္ဘာမှာနှင့်နောင်တမလွန်ဘဝတွင်ပါ သူကိုယ်သူ ပျက်စီးစေနိုင်သည်ဟု ၎င်းကပြောကြားခဲ့သည်။ သူလူများက အကြပ်ကိုင်သောကြောင့် ဗလအာမ်သည် အလ္လာဟ် အရှင်မြတ်၏ သဘောတူညီချက်ကိုရယူရန်နှင့် အကယ်၍ အလ္လာဟ်အရှင် ခွင့်ပြုတော်မူလျှင် တောင်းပေးမည် ဖြစ်ကြောင်း သူလူများကိုကတိပေးခဲ့သည်။

သူသည်အလ္လာဟ်အရှင်မြတ်၏ သဘောတူညီမှုရရှိရန်အလို့ငှာ လုပ်ရပ်အချို့လုပ်ဆောင်ခဲ့ရာတွင် အိပ်မက်တစ်ခု၌ အလ္လာဟ်အရှင်မြတ်သည် ထိုသို့ဆုဒုအာတောင်းခံခြင်းမှ တားမြစ်ပိတ်ပင်ခဲ့ကြောင်း မြင်မက်ခဲ့ရသည်။ သူသည် သူလူများထံသွား၍ ဤတားမြစ်ချက်အကြောင်း အသိပေးခဲ့သည်။ ဂျွာရီးန်လူမျိုးများက သူ့အား အဖိုး အတော်တန်သော လက်ဆောင်တစ်ခုပေးအပ်ခဲ့ရာ လက်ခံခဲ့သည်။ ဤလက်ဆောင်၏နောက် ၎င်းတို့၏ဇနီးသည်က လက်ဆောင်ကို လက်ခံ၍ ထိုသူများအတွက် ဒုအာဆုမွန်တောင်းခံပေးရန် အကြံပြုခဲ့သည်ဟုပြောကြသည်။ ဥစ္စာဓန နှင့် ဇနီး၏ချစ်ခင်မှုက ဘာမျှမမြင်တော့ဘဲ သူသည် တမန်တော်မူစာ a နှင့် သူလူများကိုဆန့်ကျင်၍ စတင် ဆုဒုအာတောင်းဆိုခဲ့သည်။ ဤအချိန်အခါတွင် သမားရိုးကျမဟုတ်သော ကိစ္စတစ်ရပ်ဖြစ်ခဲ့သည်။ အလ္လာဟ့်အလိုတော်နှင့် သူ၏ဒုအာဆုတောင်းမှုထဲတွင် တမန်တော်မူစာ a သခင်နှင့် ဆန့်ကျင်သောစကားများ သူပြောလိုသော်လည်း သူ့စကားလုံးများသည် ဂျွာရီးန်လူမျိုးများနှင့် ဆန့်ကျင်သောစကားလုံးများသာ ပြောမိလျက်သားဖြစ်သွားသည်။ ထိုသူများက ၎င်း၏ဒုအာသည် ဂျွာရီးန် တို့နှင့်ဆန့်ကျင်ဘက်ဒုအာဖြစ်သည်ဟု ပြစ်တင်ကာ အော်ဟစ်သတိပေးခဲ့သည်။ ဗလအာမ်ကသူသည် တမန်တော်မူစာ a သခင်ကို ဆန့်ကျင်သည့် စကားလုံးတစ်လုံးမှ ပြောနိုင်စွမ်းမရှိ သူပြောနေသည်ကိုလည်း သူမည်သို့မျှ မထိန်းနိုင်ပါဟု ပြောကြားခဲ့သည်။

ဂျွာရီးန်လူမျိုးများသည် ကောင်းကင်မှပြစ်ဒဏ်အနေဖြင့် ဘေးအန္တရာယ်ဆိုးကြီးဖြင့် ကြုံတွေ့ရပါသည်။ ၎င်းနောက် ဗလအာမ်အတွက် ပြစ်ဒဏ်ခတ်မှုမှာ သူ၏လျှာသည် သူ၏ပါးစပ်မှ မည်မျှအထိ အပြင်သို့ ထွက်လာသနည်းဟူမူ သူ၏ရင်ဘတ်ပေါ်သို့ တွဲလွဲကျလျက်ရှိသည်။ ဤကမ္ဘာနှင့်နောက်လာမည့်ဘဝတွင်ပါ သူ၏ဘဝပျက်စီးသွားခဲ့ပြီးယခင်က ရှိခဲ့သော နာမ်ပိုင်းဆိုင်ရာ စွမ်းအင်များ လက်မဲ့ဖြစ်သွားခဲ့သည်။ ၎င်းသည် ဂျွာရီးန်လူမျိုးများထံသွားကာ အကြံတစ်ခုပြုသည်မှာ "အသင်တို့သည် အစ္စရေးလ်လူမျိုးများအပေါ် လွှမ်းမိုးအောင်နိုင်ရန် နည်းလမ်းတစ်ခုတည်းသာရှိသည်။ အသင်တို့၏လှပသော အမျိုးသမီးငယ်များကို ခြယ်သ၍ အစ္စရေးလ်လူမျိုးများက မည်သည်လုပ်လုပ် ဆန့်ကျင်ခုခံခြင်းမလုပ်ဘဲ ငြိမ်ခံနေရန် ညွှန်ကြား၍ အစ္စရေးလ်လူမျိုးတို့ထံ စေလွှတ်လိုက်ပါ။ ထိုအစ္စရေးလ် လူမျိုးတို့သည် အိမ်မှခွဲလာသောကြောင့် ကာမေသုမိစ္ဆာစာရက် ကျူးလွန်နိုင်ချေရှိပါသည်။ ယင်းလုပ်ရပ်သည် အလ္လာဟ် အရှင်မြတ်ထံတွင် အလွန်စက်ဆုပ်ဖွယ် အပြုအမူဖြစ်၍ ကာမေသုမိစ္ဆာစာရက် ကျူးလွန်သူများသည် ၎င်းတို့ရန်သူအပေါ်တွင် မည်သည့်အခါမျှ မအောင်မြင်နိုင်ပါ" ဟူ၍ဖြစ်သည်။ ဤမကောင်းဆိုးဝါးသည့် အကြံပြုချက်အား ၎င်းတို့လက်ခံခဲ့ကြ၍ ထိုအတိုင်းပြုလုပ်ခဲ့ကြသည်။ အစ္စရေးလ်တို့အနက်မှ ထင်ရှားသောသူတစ်ဦးသည် ဤထောင်ချောက်၌ ကျသွားခဲ့သည်။ တမန်တော်မူစာ a သခင်သည် ဤသူအားလုပ်ရပ်မှ ရပ်တန့်ရန် အစွမ်းကုန်ကြိုးစား လုပ်ဆောင်ခဲ့သော်လည်း ထိုသူကိုယ်တိုင်က ဤကောက်ကျစ်သောလုပ်ရပ်တွင် နစ်မွန်းခဲ့ပါသည်။

အကျိုးဆက်အားဖြင့် ပြစ်ဒဏ်ခတ်မှုတစ်ရပ်အနေဖြင့် ထိုသူများပေါ်သို့ ပလိပ်ရောဂါဆိုးကြီး ကျရောက်ခဲ့၍ တစ်နေ့တည်းတွင် လူပေါင်းခုနစ်သောင်း (၇၀၀၀၀) သေကြေပျက်စီးခဲ့ကြသည်။ ထိုအဖြစ်ကို ကျူးလွန်ခဲ့သော ထိုသူသည် အမျိုးသမီးနှင့်အတူ လူမြင်ကွင်းတွင် အစ္စရေးလ်တို့၏ ကြိုးပေးသတ်မှုခံခဲ့ကြရသည်။ ထို့နောက် ထိုသူများသည်

အလ္လာဟ်အရှင်မြတ်ဘက်သို့လှည့်၍ ဝန်ချတောင်းပန်ပြီး အရှင်မြတ်၏ခွင့်လွှတ်ချမ်းသာမှု တောင်းခံခဲ့ခြင်းကြောင့် ဤဂုဏ်သိက္ခာမဲ့သော ပြစ်ဒဏ်ခတ်ခံရမှုမှ လွတ်မြောက်ခဲ့ပါသည်။

အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များမှတစ်ဆင့် ဗလ်အာမ်အား အလ္လာဟ်အရှင်ပေးသနားထားခဲ့သည့် အသိပညာများကို ၎င်း၏ဥပေက္ခာပြုမှုအား ကုရ်အာန်ကျမ်းတော်မြတ်က "စွန့်၍ထွက်သွားခဲ့လေသည်" ဟူသော ဖော်ပြချက် သုံးနှုန်းထားသည်။ အာရဗီဖော်ပြချက် **فَانْسَلَخَ مِنْهَا** "ငါအရှင်မြတ်သည် ထိုသူအား မိမိ၏သက်သေလက္ခဏာများ (ဝါ) အမိန့်ပညတ်တော်များ၏ အသိပညာကို ချီးမြှင့်ပေးသနားတော်မူခဲ့သည်။ တစ်ဖန် ထိုသူသည် ယင်းသက်သေ လက္ခဏာများကို စွန့်၍ထွက်ခွာခဲ့လေသည်"က တိရစ္ဆာန်တစ်ကောင်သည် မိမိသားရေခွံကို စွန့်ပစ်သွားသည်ဟု ဖော်ညွှန်းသည်။ ပမာဆိုသော် မြွေသည် မိမိအရေခွံဟောင်းကို စွန့်၍ ယင်းကိုဂရုမစိုက်သည့် သဘောပင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် သူ့အားပေးသနားတော်မူခဲ့သည့် အသိပညာကို ဗလ်အာမ်က လုံးဝဥသုံးဂရုမမူခဲ့ဟု ဤသည်က ရည်ညွှန်းသည်။ **فَأَتْبَعَهُ الشَّيْطَٰنُ** ဟူသော မူရင်းစကားစုက "သို့ဖြစ်ရာ ရှိုက်တွာန်မိစ္ဆာကောင်သည် သူ့အားလွှမ်းမိုးသွားခဲ့သည်" သူသည်အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာအာယသ်တော်၏ အသိပညာကို ပိုင်ဆိုင်နေသရွေ့ ရှိုက်တွာန်သည် သူ့အား မလွှမ်းမိုး မအုပ်စီးနိုင်ပါ။ ဗလ်အာမ်သည် အလ္လာဟ် အရှင်မြတ်၏ ဤကြီးကျယ်လှသည့် လက်ဆောင်ပေးသနားတော်မူခြင်းလက်မဲ့သည်နှင့်တစ်ပြိုင်နက် ရှိုက်တွာန်က သူ့ကိုအောင်နိုင်ကာ လမ်းလွဲစေခဲ့ပါသည်။ အကျိုးဆက်အားဖြင့် ၎င်းသည် လမ်းလွဲသို့ ရောက်သွားသူတစ်ဦး ဖြစ်သွားကြောင်း **فَكَانَ مِنَ الْغَوِيْنَ** "ထို့နောက် ၎င်းသည် လမ်းမှားသူတို့တွင် အပါအဝင်ဖြစ်ခဲ့လေသတည်း" ဟူ၍ မိန့် ထားသည်။

နောက်အာယသ် (၁၇၆) က-

**وَلَوْ شِئْنَا لَرَفَعْنٰهُ بِهَا وَلٰكِنَّهٗٓ اَخْلَدَ اِلَى الْاَرْضِ وَاتَّبَعَ هَوٰىهُ**

"စင်စစ်တမူကား ငါအရှင်မြတ်သည် အကယ်၍သာ အလိုရှိတော်မူခဲ့ပါလျှင် ထိုသူ့အား ယင်းသက်သေ လက္ခဏာများ (နှင့်အညီ လိုက်နာကျင့်သုံးခြင်းအား)ဖြင့် ဂုဏ်အင်ချီးမြှင့်တော်မူပြီးဖြစ်အံ့။ သို့ရာတွင် ထိုသူအား ကမ္ဘာမြေ (ဝါ) လောကီစည်းစိမ်ဘက်သို့ ယိမ်းညွတ်၍ပါသွားကာ မိမိစိတ်အလိုဆန္ဒကို လိုက်စားခဲ့လေသည်" ဟူ၍ မိန့်ထားသည်။

**اَخْلَدَ** (အခ်လဒ) ဟူသောစကားလုံးသည် **اِخْلَاد** အိခ်လာဒ် ဟူသောစကားလုံးမှ ဆင်းသက်လာကာ တိမ်းညွတ်ရန် (သို့မဟုတ်) တစ်စုံတစ်ရာကို ဆုပ်ကိုင်သည်ဟု အဓိပ္ပာယ်ရသည်။ **اَرْض** စကားလုံးသည် ကမ္ဘာ ပထဝီမြေကြီးနှင့် ယင်းတွင်းရှိ အရာများအားလုံး ပါဝင်သည်ဟု အဓိပ္ပာယ်သက်ရောက်သည်။ ပရိဘောဂ၊ ပစ္စည်းများ၊ အဝတ်အထည်များနှင့် အစားအစာများမှာ စင်စစ် ဤကမ္ဘာမြေကြီးမှထွက်သော လက်ဆောင်များဖြစ်သည်။ ခပ်သိမ်းသော လောကီဆိုင်ရာ ပိုင်ဆိုင်မှုများ စကားလုံးတစ်လုံးထဲတွင် ပါဝင်စေရန် ကမ္ဘာပထဝီမြေကြီးဟု သုံးနှုန်းထားခဲ့သည်။ ဤအာယသ်တော်၏ အနှစ်သာရမှာ အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များ၏ အသိပညာသည် ထင်ပေါ်ခြင်းနှင့် တိုးတက်မှု ရရှိခြင်း၏ စစ်မှန်သော ရင်းမြစ်ဖြစ်သည်။ ဤ အသိပညာကို လျစ်လျူရှုကာ လောကီရေးရာဆန္ဒများနှင့် ပိုင်ဆိုင်မှုများကို ဦးစားပေးသူတို့အား ဤအသိပညာသည် ၎င်းတို့ပျက်စီး၍ ဂုဏ်သိက္ခာမဲ့စေသော အရင်းအမြစ် တစ်ခု ဖြစ်သွားစေသည်။

ဆွေးနွေးနေသောအာယသ်က ဤအချက်ကိုပင် ပုံတူဥပမာတစ်ရပ်ဖြင့် ဖော်ပြခဲ့သည်။ မိန့်ထားသည်မှာ-

فَمَثَلُهٗ كَمَثَلِ الْكَلْبِ ۚ اِنْ تَحْمِلْ عَلَيْهِ يَلْهَثْ اَوْ تَتْرُكْهُ يَلْهَثْ

"သို့ဖြစ်ပေရာ ၎င်း၏ဥပမာကား ခွေး၏ဥပမာကဲ့သို့ ဖြစ်ခဲ့လေသည်။ အသင်သည် ထိုခွေးအား အကယ်၍ တိုက်ခိုက်လျှင်လည်း ထိုခွေးသည် မောဟိုက်၍ လျှာထုတ်လေသည်။ သို့မဟုတ် အသင်သည် ထိုခွေးအား အကယ်၍ လွှတ်ထားလျှင်လည်း မောဟိုက်၍ လျှာထုတ်နေမည်သာ ဖြစ်ချေသည်" ဟူ၍ဖြစ်သည်။

**ယဟ်လ** လဟသ် ဟူသောစကားလုံးသည် တစ်စုံတစ်ဦး၏ လျှာကိုထုတ်ကာ အသက်ပြင်းပြင်းရှူခြင်း ကို ဖော်ကျူးသည်။

လေကောင်းလေသန့်ရှူသွင်းခြင်းနှင့် မကောင်းသောလေရှူထုတ်ခြင်း လုပ်ငန်းသည် သက်ရှိဖန်ဆင်းခံအားလုံးအတွက် အရေးကြီးသည်။ အလွှာဟ်အရှင်မြတ်သည် သက်ရှိဖန်ဆင်းခံများအတွက် ဤလုပ်ရပ်ကို ခွန်အားမစိုက်ရဘဲ အလိုအလျောက်နှင့် လွယ်ကူသက်သာစွာ ပြုလုပ်ထားခဲ့သည်။ ခွေးမှာကား ခြွင်းချက် ဖြစ်သည်။ ခွေးသည် သာလျှင် လေရှူသွင်းထုတ်ခြင်းကို အားစိုက်လုပ်ဆောင်ရသည်။ အခြားသတ္တဝါများမှာမူ ၎င်းတို့တိုက်ခိုက်ခံရသည့်အခါ (သို့မဟုတ်) အားစိုက်ခွန်စိုက်လုပ်ရသောအခါများတွင်သာလျှင် ထိုသို့အားသွန် ခွန်စိုက်လုပ်ကြရသည်။ ဤအာယသ်တော်က ဗလ်အာမ်ဗင်ဗာအူရာအား ခွေးနှင့်အလားတူသည်ဟု ဖော်ပြထားသည်။ တိုက်ခိုက်ခြင်းခံရသည်ဖြစ်စေ၊ အေးအေး ဆေးဆေးရှိသည့်အခါဖြစ်စေ ၎င်းသည်ခွေးတစ်ကောင်ကဲ့သို့ လျှာထွက်ကာ မောပမ်းနေပါသည်။

အာယသ်၏နောက်ဝါကျက **ذٰلِكَ مَثَلُ الْقَوْمِ الَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا** "ဤသည်ကား ငါအရှင်မြတ်သည် သက်သေလက္ခဏာများကို မဟုတ်မမှန်ဟု ငြင်းပယ်သူတို့၏ ဥပမာပင်" ဟု မိန့်ထားသည်။ ဆွဟာဗဟ် သာဝကကြီး အဗ်ဒုလ္လာဟ် အိဗ်နု အဗ္ဗာစ် d ၏ အဆိုအရ "၎င်းတို့အား အလ္လာဟ်အရှင်မြတ်ထံ ဖိတ်ခေါ်ရန်နှင့် ဖြောင့်မတ်မှန်ကန်သောလမ်းကို လိုက်နာကျင့်သုံးရန် နည်းလမ်းများ သင်ကြားပို့ချရန်အတွက် ခေါင်းဆောင်တစ်ဦးအနေဖြင့် ၎င်းတို့ထံ ပို့ချရန် အမြဲ တောင့်တနေသည့် မက္ကာဟ်ရှိ အစွမ်းရေးလ်လူမျိုးများကို ဤအာယသ်က ရည်ညွှန်းသည်။ မည်သို့မျှ မငြင်းဆန်နိုင်လောက်အောင် ထင်ရှားသည့် မှန်ကန်သောလက္ခဏာများနှင့်အတူ ကာလရှည်ကြာစွာ စောင့်မျှော်ခဲ့ရသည့် တမန်တော်တစ်ပါး ၎င်းတို့ထံရောက်ခဲ့ရာ၌ ဗလ်အာမ်ဗာအူရာကဲ့သို့ပင် ၎င်းတို့သည် သောင်ရာသ်ကျမ်းတော်ပါ အမိန့်ပညတ်များမှ စွန့်၍ထွက်သွားခဲ့လေသည်"

ဤအာယသ်တွဲ၏နောက်ဆုံးဝါကျက **فَاقْصُصِ الْقَصَصَ لَعَلَّهُمْ يَتَفَكَّرُوْنَ** "သို့ဖြစ်ပေရာ အသင်သည် ၎င်းတို့ ဆင်ခြင်သုံးသပ်ချင့်ချိန်စဉ်းစားနိုင်ခြင်းငှာ (ဤ) အကြောင်းအထွေပွတ္တိများတွင် (ဧရေလည်အောင်) ပြောပြပါလေ" ဟုမိန့်ထားသည်။ ၎င်းတို့၏ တတ်သိနားလည်မှုကို အသုံးပြုကာ ထိုအဖြစ်အပျက်မှ သင်ခန်းစာရယူရန်အတွက် ဗလ်အာမ်ဗာအူရာ၏အကြောင်း ထိုသူများအားပြောပြရန် တမန်တော်မြတ် s သခင်အား အမိန့်ပေးထားသည်။

ဤအာယသ်တော် (၁၇၆)၏ နောက်ဆုံးအာယသ် (၁၇၇) က "အကြင်သူတို့၏ ဥပမာအား ဆိုးယုတ်လှပေ၏။ ထိုသူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် မိမိတို့ကိုယ်ကိုသာလျှင် မိမိတို့ နှိပ်စက်ညှဉ်းပန်းလျက်ရှိခဲ့ကြကုန်၏" ဟု မိန့်ကြားထားသည်။

**အာယသ်တော်များ၏ယေဘုယျသတင်းစကား**

အထက်ပါအာယသ်များထဲ၌ ဂရုမူတတ်ပြီး ၎င်းတို့၏နားလည်သဘောပေါက်မှု အသုံးချတတ်သောသူများ အကျိုးဖြစ်ထွန်းစေသော မြောက်မြားစွာသော အသုံးဝင်သည့်အချက်များ ပါဝင်ပါသည်။ ပထမအနေဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ မိမိ၏အသိပညာအတွက် မကြွားဝါသင့်ပါ။ ၎င်းနောက် သူ၏ဘုရားတရား ကြည်ညိုကိုင်းရှိုင်းမှုအတွက် မပလ္လားသင့်ပါ။ ဗလ်အာမ်ဗာအူရာ ဖြစ်ပျက်ခဲ့သကဲ့သို့ ကိစ္စရပ်များသည် သတိမမူမိဘဲ ပြောင်းလဲသွားတတ်ပါသည်။ တစ်စုံတစ်ဦးသည် သူ၏အလုံးစုံသော အသိပညာများအတွက် သူ၏အရှင်သခင်အား ကျေးဇူးတင်ရပါမည်။ ၎င်းနောက် သူ၏ အီမာန်ယုံကြည်မှု ခိုင်မြဲစေရန်အတွက် အလ္လာဟ်အရှင်မြတ်ထံ အမြဲဆုတောင်းနေသင့်ပါသည်။

ဒုတိယအနေဖြင့် တစ်စုံတစ်ဦးသည် သူ၏အီမာန်ယုံကြည်ချက်နှင့် အသိပညာတို့အား အန္တရာယ်ပြု ခြိမ်းခြောက်နိုင်သည့် အခြေအနေများကို ရှောင်ရှားသင့်ပါသည်။ အထူးသဖြင့် ငွေကြေး၊ ဇနီးမယား၊ သားသမီးများနှင့် ပတ်သက်လာလျှင် ပို၍ပင်ရှောင်ကြဉ်ရပါမည်။ အဘယ်ကြောင့်ဆိုသော် ဤသည်တို့ကို ချစ်ခင်မြတ်နိုးမှုသည် မှားယွင်းသောလမ်းညွှန်မှုကို ဖြစ်စေသည့် အစွမ်းထက်သော အရာများဖြစ်ပါသည်။

တတိယအနေဖြင့် တစ်စုံတစ်ဦးသည် လမ်းမှားသို့ရောက်နေသည့်လူများနှင့် ပေါင်းသင်းခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။ ၎င်းနောက် ထိုသူများ၏ တံစိုးလက်ဆောင်များကို လက်ခံခြင်းနှင့် ထိုသူများ၏ ဖိတ်ကြားမှုများကိုလည်း ဂရုစိုက်ရပါမည်။ ဗလ်အာမ်သည် ဂျွာရီးန်လူမျိုးများ၏ တံစိုးလက်ဆောင်ကို လက်ခံခြင်းကြောင့် ကံကြမ္မာဆိုးနှင့် ကြုံတွေ့ခဲ့ရပါသည်။

စတုတ္ထမှာ အသိုင်းအဝိုင်းတစ်ခုတွင် နေထိုင်သောလူများအဖို့ ကာအိန္ဒြေမဲ့စေသော လုပ်ရပ်များဖြစ်သည့် အိမ်ထောင်ရေးဖောက်ပြားခြင်း၊ ကာမေသုမိစ္ဆာရက် ကျူးလွန်ခြင်းတို့သည် ပျက်စီးခြင်းနှင့် ဘေးဒုက္ခရောက်ခြင်းတို့၏ အရင်းအမြစ်ဖြစ်ပါသည်။ ဘေးဒုက္ခရောက်ခြင်းမှ လွတ်ကင်းလိုသူများသည် ၎င်းတို့၏လူများအား ထိုကဲ့သို့သော ပြစ်မှုများကျူးလွန်ခြင်းမှ တားဆီးရပါမည်။ သို့မဟုတ်ပါမူ အလ္လာဟ်အရှင်မြတ်၏ အမျက်တော်ရှခြင်းနှင့် ပြစ်ဒဏ်ခတ်မှုတို့သည် ၎င်းတို့အပေါ်၌ ကျရောက်ပါလိမ့်မည်။

ပဉ္စမအနေဖြင့် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များမှ သွေဖည်ခြင်းဆိုသည်ကပင် ပြစ်ဒဏ်ခတ်ခံရမှုတစ်ခု ဖြစ်သွားကာ ရှိုင်တွာန်၏လွှမ်းမိုးမှု ခံရစေနိုင်ပါသည်။ ယင်းကြောင့် ထိုသူများသည် လမ်းမှားသို့ မသိမသာ ရောက်သွားစေပါသည်။ ထို့ကြောင့် အသိဉာဏ်ရှိသော မည်သူမဆို ဤအဖိုးတန်ရတနာအား သတိမပြတ်ရှိစေကာ ယင်းအပေါ်၌ မကောင်းသောလွှမ်းမိုးမှုများ မရှိစေရန် အလ္လာဟ်အရှင်မြတ်၏ အကူအညီကို တောင်းခံရပါမည်။ ထိုကဲ့သို့သော အမှားများ ကျူးလွန်ခြင်းမျိုးမှ ဂရုတစိုက်ပြုပြင်နေထိုင်ရပါမည်။

အာယသ် (၁၇၈-၁၇၉)

مَنْ يَّهْدِ اللّٰهُ فَهُوَ الْمُهْتَدِيْ ۚ وَ مَنْ يُّضْلِلْ فَاُولٰٓئِكَ هُمُ الْخٰسِرُوْنَ ﴿۱۷۸﴾ وَ لَقَدْ ذَرَاْنَا لِجَهَنَّمَ كَثِيْرًا مِّنَ الْجِنِّ وَ الْاِنْسِ ۖ لَهُمْ قُلُوْبٌ لَّا يَفْقَهُوْنَ بِهَا ۫ وَ لَهُمْ اَعْيُنٌ لَّا يُبْصِرُوْنَ بِهَا ۫ وَ لَهُمْ اٰذَانٌ لَّا يَسْمَعُوْنَ بِهَا ؕ اُولٰٓئِكَ كَالْاَنْعَامِ بَلْ هُمْ اَضَلُّ ؕ اُولٰٓئِكَ هُمُ الْغٰفِلُوْنَ ﴿۱۷۹﴾

**အကြင်သူအား အလ္လာဟ်အရှင်မြတ်သည် တရားလမ်းမှန်ကို ညွှန်ပြတော်မူအံ့။ ထိုသူသာလျှင် တရားလမ်းမှန်ကို ရရှိသူဖြစ်အံ့။ သို့ရာတွင် အကြင်သူအား ထိုအရှင်မြတ်သည် လမ်းမှားသို့ရောက်စေတော်မူအံ့။ ထို(ကဲ့သို့) သူတို့သည် သာလျှင် နစ်နာဆုံးရှုံးမည့်သူများ ဖြစ်ကြလတ္တံ့။ (၇ : ၁၇၈)**

**ငါးပြင် ငါအရှင်မြတ်သည် ဂဲခဲ့အတွက် လူနှင့်ဂျင်နီများအနက် မြောက်များစွာသော သူများကို ဖန်ဆင်းထားတော်မူ၏။ ထိုသူတို့၌ စိတ်နလုံးများကား ရှိ၏။ သို့သော် ယင်းစိတ်နလုံးဖြင့် ထိုသူတို့သည် (စဉ်းစားဆင်ခြင် နားလည်ခြင်းမရှိကြချေ)။ ထိုသူတို့၌ စက္ခုအာရုံများကား ရှိ၏။ သို့သော် ထိုသူတို့သည် ယင်းစက္ခုအာရုံများဖြင့် မမြင်ကြချေ။ ထိုသူတို့၌ သောတာရုံများ ရှိ၏။ သို့သော် ထိုသူတို့သည် ယင်းသောတာရုံများဖြင့် မကြားကြချေ။ ထိုသူတို့သည် တိရစ္ဆာန်များနှင့် တူကြသည်သာမက တိရစ္ဆာန်ထက်ပင် လွန်စွာမိုက်မဲလမ်းမှားသူများဖြစ်ကြ၏။ စင်စစ်ထိုသူများသည် (မိမိတို့၏ တာဝန်ဝတ္တရားများကို) မေ့လျော့သူများသာ ဖြစ်ကြကုန်သတည်း။ (ဂျး၁၇၉)**

အာယသ်(၁၇၈)ထဲတွင် အရေးကြီးသောပြောပြလိုသည့်အချက်မှာ လမ်းမှန်သို့ရောက်ခြင်းနှင့် လမ်းမှား သို့ရောက်ခြင်း နှစ်ရပ်စလုံးတို့သည် အလ္လာဟ်အရှင်မြတ်အထံတော်မှ ဖြစ်သည်ဆိုကြောင်းပင်ဖြစ်သည်။ အလ္လာဟ်အရှင်သည် အကောင်းနှင့်အဆိုး၊ လမ်းမှန်ခြင်း၊ လမ်းမှားခြင်းတို့၏ ဖန်ဆင်းရှင်ဖြစ်ပါသည်။ အလ္လာဟ်အရှင်၏ လမ်းညွှန်မှုပေးသနားခြင်းခံရသောသူတို့သည် လမ်းမှန်သို့ရောက်သောသူများဖြစ်ကြ၍၊ အလ္လာဟ်အရှင်ကလမ်းမှားသို့ရောက်စေသောသူတို့သည် ဆုံးရှုံးသူများဖြစ်ကြပါသည်။ ဤအကြောင်းအရာကို ကုရ်အာန်ကျမ်းတော်မြတ်၏ များစွာသော အာယသ်တော်များထဲတွင် ထပ်ခါတလဲလဲ ဖော်ပြထားရခြင်းမှာ အကောင်းနှင့်အဆိုးတို့သည် အလ္လာဟ်အရှင်ဖန်ဆင်းတော်မူခဲ့သည်ကို လူသားများသိရှိရန်ဖြစ်သည်။ ၎င်းနောက် အကောင်းနှင့်အဆိုးအား ခွဲခြားသိသာနိုင်ရန်အတွက် ရှင်းလင်းသောညွှန်ကြားချက်များ ပေးထားကာ လမ်းနစ်သွယ်အနက် မိမိကြိုက်နှစ်သက်ရာကို စိတ်ကြိုက်ရွေးချယ်ခွင့်ကိုလည်း ပေးထားပါသည်။ ဖြောင့်မတ်မှန်ကန် သောလမ်းအား စိတ်ရောကိုယ်ပါရွေးချယ်ကာ ကောင်းမှုကောင်းရာများကို လုပ်ဆောင်သောသူများသည် အလ္လာဟ်အရှင်မြတ်ထံမှ ဆုလာဘ်ရကာ အခြားလမ်းအား စိတ်ရောကိုယ်ပါရွေးချယ်ပြီး မကောင်းသည့်လုပ်ရပ်များကို လုပ်ဆောင်သူတို့သည် ပြစ်ဒဏ်ပေးခြင်း ခံရကာ ဂဲခဲ့သို့ပို့ဆောင်ခဲ့ပါသည်။

အထက်ပါအာယသ်တော်ထဲတွင် လမ်းညွှန်မှုခံရသူများအား အနည်းစုအဖြစ် ဖော်ပြထားကာ မှားယွင်းပြီး လမ်းမှားသို့လမ်းညွှန်ခြင်းခံရသူတို့အား အများစုဟု ဖော်ပြထားခြင်းကို ကျွန်ုပ်တို့သတိမူမိပါသည်။ ဤသည်က အာဒမ်

a မှစတင်၍ တမန်တော်များအားလုံးတို့၏ နောက်ဆုံးတမန်တော်မြတ် s သခင်အထိ တမန်တော်များအားလုံး လိုက်နာခဲ့သည့် တစ်ခုတည်းသော စစ်မှန်သည့် "အီမာန်" ယုံကြည်မှုလမ်းဆီသို့ ညွှန်ကြားမှုဖြစ်ကြောင်း ရည်ညွှန်းပါသည်။ တမန်တော်များအားလုံးတို့၏ အခြေခံသတင်းစကားသည် တစ်ခုတည်းပင်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ခေတ်အဆက်ဆက်တွင် တမန်တော်များအားလုံး ဟောကြားခဲ့သော အခြေခံမူများအားလုံးတို့သည် အတူတူပင်ဖြစ်ပါသည်။ ၎င်းတို့တမန်တော်များကို ယုံကြည်ကာ ယင်းတို့ဟောကြားခြင်း၊ သင်ကြားပို့ချခဲ့သည်များကို လိုက်နာခဲ့ကြသော ခေတ်အဆက်ဆက်ရှိ လူတန်းစားအားလုံးတို့အား လမ်းညွှန်ခြင်းခံရသည့် လူအတန်းအစား တစ်တန်းစားတည်းဟု အလ္လာဟ်အရှင်က သတ်မှတ်တော်မူပါသည်။ ယင်းနှင့်ဆန့်ကျင်စွာ လမ်းမှားသို့ညွှန်ကြားသည့်နည်းများသည် အရေအတွက်အားဖြင့် ထောင်ပေါင်းများစွာရှိသော အများကိန်းဖြင့် ဤအာယသ်တော်ထဲတွင် ဖော်ပြထားပါသည်။

ဤအာယသ်တော်ထဲတွင် နောက်တစ်ချက်သတိပြုရမည်မှာ မှားယွင်းသောလမ်းညွှန်မှုကို လိုက်နာသော သူများအား ၎င်းတို့အတွက် ပြစ်ဒဏ်ဖြစ်သောငရဲနှင့် ယှဉ်တွဲဖော်ပြထားပါသည်။ သို့သော် လမ်းမှန်သို့ လိုက်နာသော သူတို့အား မည်သည့်ဆုလာဘ်ပေးမည်ဆိုကြောင်းကို ဖော်ပြမထားပါ။ ထိုသူများအား "လမ်းမှန်သို့ညွှန်ကြားခြင်းခံရသောသူများ" ဟုမိန့်ကာ အာယသ်တော်က ဖော်ပြထားပါသည်။ လမ်းမှန်သို့ညွှန်ကြားခံရခြင်း ဆိုသည်ကပင်လျှင် ကောင်းချီးမင်္ဂလာအလုံးစုံအနက် အကြီးအကျယ်ဆုံးသော ကောင်းချီးမင်္ဂလာဖြစ်ကာ ဤကမ္ဘာလောကတွင်ဖြစ်စေ၊ နောင်တမလွန်ဘဝတွင်ဖြစ်စေ တည်ရှိသောဆုလာဘ်များ အလုံးစုံနှင့် ကောင်းချီးအလုံးစုံတို့ကို လွှမ်းခြုံထားသည်ဟု ရည်ညွှန်းပါသည်။ ဆုလာဘ်များအားလုံးတို့သည် အထက်ဖော်ပြပါ ဆုလာဘ်များတွင် အကျုံးဝင်သောကြောင့် လမ်းမှန်သို့လိုက်နာခြင်းအတွက် ရရှိမည့်ဆုလာဘ်ကို သီးခြားဖော်ပြစရာမလိုပါ။

ပမာဆိုသော် ဘုရင်အချို့သည် ပုဂ္ဂိုလ်အချို့မှာ ယင်းဘုရင်၏ မိတ်ဆွေရင်းချာဖြစ်ကြောင်း၊ သူပြောသမျှ လက်ခံကြောင်း၊ သူ့အပေါ်တွင် ယုံကြည်စိတ်ချကြောင်း သေချာစေပါသည်။ မုချဇကန် ၎င်းသူသည် နန်းတွင်းအရာရှိများတွင် အမြင့်ဆုံးအဆင့်အတန်းခံစားစေသည်။ သူသည် တရားဝင်ရာထူး (သို့မဟုတ်) အဆင့်အတန်းရရန် မလိုအပ်ချေ။ အလားတူပင် အလ္လာဟ်အရှင်မြတ်သည် မည်သူတစ်ဦးကိုမဆို "လမ်းမှန်ညွှန်ကြားခြင်း" ဟူသည့် ဘွဲ့(ဂုဏ်ထူး) အပ်နှင်းခဲ့ပါလျှင် ၎င်းသူသည် ကမ္ဘာပေါ်ရှိ ဆုလာဘ်ခပ်သိမ်းရရှိပြီး ဖြစ်ပေသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရခြင်းနှင့် ခဝပ်ကိုးကွယ်ခြင်းများသည်ပင်လျှင် ခဝပ်ကိုးကွယ်မှု၏ ဆုလာဘ်ဖြစ်ကြောင်း အကြီးအကဲများက မိန့်ဆိုကြသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းတို့မှာ အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်သော ကျေးဇူးတော်ဖြစ်ပေသည်။

မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ ခဝပ်ကိုးကွယ်ခြင်းလုပ်ဆောင်လျှင် တစ်ချိန်တည်းတွင် အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်ဆုံးသော ဆုလာဘ်များလက်ခံရရှိခြင်းပင်ဖြစ်သည်။ သူ့အတွက် ဤကမ္ဘာနှင့် ဂျန္နသ်သုခဘုံတွင်ပါ သူ့အားပေးအပ်မည့် ကောင်းချီးမင်္ဂလာများကား ဒုတိယဆုလာဘ်ကို ရရှိခြင်းဖြစ်သည်။ ယင်းတို့သည် ဤလမ်းမှန်ညွှန်ကြားမှု၏ အသီးအပွင့်များဖြစ်သည်။

ဤသည်ကပင် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်(၇၈း၃၆)တွင် အီမာန်သက်ဝင်ယုံကြည်သူများသည် ၎င်းတို့၏ဆုလာဘ်ကို ၎င်းတို့အရှင်ထံမှ လက်ခံရရှိမည်ဟု ကတိပြုထားခြင်း၏ ရှင်းလင်းချက်လည်းဖြစ်သည်။ မိန့်ထားသည်မှာ جَزَآءً مِّن رَّبِّكَ عَطَآءً ဤအာယသ်တော်ထဲတွင် ယုံကြည်သက်ဝင်သူများ၏ ဆုလာဘ်ကို

မတူညီသော စကားလုံးနှစ်လုံးဖြင့် ဖော်ပြထားသည်။ جَزَآءً သည် တုံ့ပြန်ပေးဆပ်ခြင်းနှင့် عَطَآءً အသွာအဲသည် လက်ဆောင်ဟူ၍ဖြစ်သည်။ جَزَآءً ဟူသော စကားလုံးသည် လုပ်ဆောင်မှုအချို့၏ တုံ့ပြန်အစားပေးခြင်းဖြစ်ကာ عَطَآءً အသွာဟူသောစကားလုံးသည် မည်သည့်အလုပ် (သို့မဟုတ်) လုပ်ဆောင်မှုမျှ မပြုလုပ်ရဘဲ ရရှိခြင်းဖြစ်သည်။ ဤသည်က ကျွန်ုပ်တို့၏လုပ်ဆောင်မှုအတွက် ရရှိသောဆုလာဘ်များ (သို့မဟုတ်) ဘာမျှမလုပ်ဘဲ ရသည်များဟု ကျွန်ုပ်တို့ ထင်သည်များမှာ ကျွန်ုပ်တို့၏အရှင်သခင်ထံမှ လက်ဆောင်များပင်ဖြစ်ကြောင်း သဘောသက်ရောက်သည်။ အနန္တတန်ခိုးတော်ရှင် အလ္လာဟ်အရှင်မြတ်က ကျွန်ုပ်တို့အား သီးသန့် လုပ်ငန်းတစ်ရပ်လုပ်ဆောင်စေကာ ယင်းမှရရှိသော ဆုလာဘ်သည်ပင်လျှင် အလ္လာဟ်အရှင်မြတ်ထံမှ လက်ဆောင်ဖြစ်ပေသည်။

နောက်အာယသ်သည် ဤအကြောင်းအရာကိုပင် အကျယ်ချဲ့မိန့်ကြားထားခြင်းဖြစ်သည်။ ယင်းတွင် မိန့်ထားသည်မှာ-

وَلَقَدْ ذَرَاْنَا لِجَهَنَّمَ كَثِيْرًا مِّنَ الْجِنِّ وَالْاِنْسِ لَهُمْ قُلُوْبٌ لَّا يَفْقَهُوْنَ بِهَا
وَلَهُمْ اَعْيُنٌ لَّا يُبْصِرُوْنَ بِهَا وَلَهُمْ اٰذَانٌ لَّا يَسْمَعُوْنَ بِهَا

"ငင်းပြင် ငါအရှင်မြတ်သည် ငရဲဘုံအတွက် လူနှင့်ဂျင်နီများအနက် မြောက်များစွာသောသူများကို ဖန်ဆင်းထားတော်မူ၏။ ထိုသူတို့၌ စိတ်နလုံးများကားရှိ၏။ သို့သော် ယင်းစိတ်နလုံးများဖြင့် ထိုသူတို့သည် (စဉ်းစားဆင်ခြင် နားလည်ခြင်းမရှိကြချေ) ထိုသူတို့၌ စက္ခုအာရုံများကားရှိ၏။ သို့သော် ထိုသူတို့သည် ယင်းစက္ခုအာရုံများနှင့် မမြင်ကြချေ။ ထိုသူတို့၌ သောတာရုံများရှိ၏။ သို့သော် ထိုသူတို့သည် ယင်းသောတာရုံများဖြင့် မကြားကြချေ" (၇း၁၇၉)

ဆိုလိုသည်မှာ ဂျာဟန္နမ်ငရဲကျမည့် ဂျင်နီများနှင့် လူသားမြောက်များစွာကို ဖန်ဆင်းထားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုသူများတွင် စိတ်နလုံး၊ မျက်စိများနှင့် နားများစသည့် လမ်းညွှန်မှုခံယူသည့် နည်းလမ်းစုံရှိလင့်ကစား ယင်းတို့ဖြင့် ၎င်းတို့သည်လမ်းညွှန်မှုကို မရှာဖွေနိုင်၍ဖြစ်သည်။ အကယ်၍ ထိုသူများသည် ဤအာရုံခံစားနိုင်စွမ်းကို မှန်ကန်သည့်နည်းလမ်း အသုံးပြုခဲ့လျှင်၎င်းတို့သည် ဖြောင့်မတ်မှန်ကန်သည့်လမ်းကို တွေ့နိုင်သည်။ ထိုသူတို့သည် ၎င်းတို့၏စိတ်နလုံးသားကို နားလည်သဘောပေါက်စေရန် အတွက်လည်းကောင်း၊ အရာရာတိုင်းမြင်စေရန် ၎င်းတို့၏ မျက်စိများကိုလည်းကောင်း၊ အရာရာတိုင်း ကြားသိစေရန် ၎င်းတို့၏နားများကိုလည်းကောင်း အသုံးမပြုခဲ့ပါ။

ဤအာယသ်တော်၏အနှစ်သာရမှာမည်သူတစ်ဦးတစ်ယောက်မှမသိနိုင်သည့်အန္တိမအဆုံးသတ်နှင့်ပန်းတိုင်သည် အလ္လာဟ်အရှင်မြတ်၏ လျှို့ဝှက်ချက်တစ်ခုသာ ဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်တို့ မျှော်တွေးစရာတွင် အထောက်အကူဖြစ်စေသည့် တိကျပေါ်လွင်သော လက္ခဏာများရှိကြောင်း ကျွန်ုပ်တို့ကို နားလည်သဘောပေါက်စေပါသည်။ ဂျာဟန္နမ်ငရဲဘုံသားများကို ၎င်းတို့၏အမြင်၊ အကြားနှင့် နားလည်သဘောပေါက်မှုတို့၏ အာရုံခံစားမှုအား ကောင်းမွန်စွာအသုံးမချခြင်းဟူသည့် ပေါ်လွင်ထင်ရှားသည့် လက္ခဏာဖြင့်ဖော်ထုတ်နိုင်သည်။ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အား အသိပညာရရှိရန်နှင့် ကျွန်ုပ်တို့၏ မွေးမြူဖန်ဆင်းရှင်အား အသိမှတ်ပြုရန် ဤအာရုံခံစားမှုများဖြင့် ကောင်းချီးမင်္ဂလာပေးထားပါသည်။ ဂျာဟန္နမ်သားတို့သည် စွမ်းဆောင်နိုင်မှုများကို တန်ဖိုးမဲ့သော ရည်မှန်းချက်တွင် အသုံးပြုခဲ့ကြသည်။ ထို့ပြင် လူဘဝ၏ စစ်မှန်သော ရည်မှန်းချက်ကို ထင်ရှားစွာဥပေက္ခာပြုခဲ့ကြသည်။ ဆိုလိုသည်မှာ ဤအစွမ်းများဖြင့် လမ်းညွှန်မှုရှာကြံရယူကာ နောင်တမလွန်ဘဝတွင် ထာဝရစည်းစိမ်ချမ်းသာရရှိမှုနှင့် ငြိမ်းချမ်း မှုရယူရပါမည်။

## မေးခွန်းတစ်ခုနှင့် ယင်း၏အဖြေ

အထက်ပါ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်နှင့်ပတ်သက်၍ မေးခွန်းတစ်ခုမေးနိုင်ပါသည်။ ဤနေရာတွင် ကုရ်အာန်ကျမ်းတော်မြတ်က ၎င်းတို့မြင်ခြင်း၊ ကြားသိခြင်းနှင့် သိနားလည်ခြင်း အရည်အချင်းများ မရှိကြောင်း မိန့်ထားသည်။ အခြားတစ်ဖက်တွင် ဤဘဝအစစ်အမှန်တွင် ၎င်းတို့သည် မျက်စိမမြင်၊ နားမကြားနှင့် စိတ်ပေါ့သွပ်သူများ မဟုတ်ကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ အခြားလူသားများကဲ့သို့ပင် ၎င်းတို့သည် ပတ်ဝန်းကျင် ရှိသည်တို့ကို မြင်ကြ၊ ကြားကြ၊ နားလည်သဘောပေါက်ကြသည်။ ဤငြင်းဆိုချက်သည် တကယ့်ဖြစ်ရပ်နှင့် မည်သို့ပြန်လည်စေ့စပ်ပေါင်းစည်းနိုင်အံ့နည်း။

အဖြေအတွက် ကျွန်ုပ်တို့ဝန်းကျင်ရှိ သက်ရှိအဖန်ဆင်းခံများ၊ အရာဝတ္ထုများနှင့်ပတ်သက်သော ကျွန်ုပ် တို့၏ပုံမှန်အသိပညာကို ပြန်လည် ဆန်းစစ်ရန်လိုအပ်သည်။ ဖန်ဆင်းခံအရာတိုင်းတို့သည် ယင်းဖြစ်တည်ရှိမှု ရည်ရွယ်ချက်၏ လိုအပ်ချက်နှင့်အညီ အာရုံခံစားနိုင်မှု ပမာဏတစ်ရပ်ရှိသည်။ ကျွန်ုပ်တို့က သက်မဲ့ဟုခေါ်သော အရာများသည် အာရုံခံနိုင်စွမ်း (သို့မဟုတ်) အသက်လုံးဝကင်းမဲ့သည် မဟုတ်ချေ။ ကျောက်တုံးများနှင့် ပထဝီမြေကြီးသည် ကြီးထွားခြင်း (သို့မဟုတ်) လှုပ်ရှားခြင်းဟူသော တာဝန်ဝတ္တရားအပ်နှင်းမထားခဲ့၍ ၎င်းတို့တွင် စမ်းသပ်၍ပင် မရသည့် အနည်းငယ်မျှသော အာရုံခံစားနိုင်မှု ပမာဏတစ်ရပ်ရှိသည်။[1]

ဤအာယသ်အတွဲ၏ နောက်ဖော်ပြမည့် အကြောင်းအရာသည် သဘာဝပေါက်ရောက်ပင် နယ်ပယ်၏ အကြောင်းပင်ဖြစ်သည်။ ၎င်းတို့တည်ရှိရခြင်း၏ ရည်ရွယ်ချက်တွင် ကြီးထွားမှုနှင့်အစာအာဟာရ လိုအပ်ပါသည်။ ၎င်းတို့အားပေးထားသော အာရုံခံစားမှု (သို့မဟုတ်) အသက်သည် ၎င်းတို့၏လိုအပ်ချက်များနှင့် တူညီစွာ အဆင့်ပိုမိုကြီးထွား ပါသည်။ ထို့နောက် ရှုပ်ထွေးပြီး စေ့စပ်စုံလင်သော အသက် ရှင်သန်နေမှု ပုံစံရှိသည့် တိရစ္ဆာန်ဘောင် အကြောင်း ပင်ဖြစ်သည်။ ကြီးထွားမှုအာဟာရတို့ကို ထပ်ဆောင်းကာ တိရစ္ဆာန်တို့သည် ကမ္ဘာမြေပေါ်တွင် တစ်နေရာမှတစ်နေရာသို့ သွားလာ ရပါသည်။ ၎င်းတို့တည်ရှိခြင်းကို ထိန်းသိမ်းရန်အတွက် ၎င်းတို့သည် အစားအစာကို ရှာဖွေရယူရပါမည်။ ၎င်းတို့သည် ၎င်းတို့ကိုယ်၎င်းတို့ အန္တရာယ်များမှ ခုခံကာကွယ်ရန်လိုအပ်သကဲ့သို့ သားသမီးများကိုလည်းမွေးဖွားရန် လိုအပ်ပါ သည်။ ၎င်းတို့အား ပေးထားသောအသက်ပမာဏသည် ယခုထိဆွေးနွေး ပြီးခဲ့သော အခြားအရာများထက် ပိုမိုများပြား ကြောင်း ထင်ရှားပါသည်။ သို့သော်လည်း ၎င်းတို့အား ပေးထားသော စွမ်းအားတို့သည် စားသောက်ရေး၊ ရန်သူများ၊ ဘေးအန္တရာယ်များမှ ၎င်းတို့ကိုယ်၎င်းတို့ ကာကွယ်ရန် အထောက်အကူ ဖြစ်စေသည့် လိုအပ်မှုကိုသာ ပေးထားပါသည်။

နောက်ဆုံးမှာ လူသားများအကြောင်းပင် ဖြစ်ပါသည်။ အထက်ဆွေးနွေးပြီးခဲ့သော လုပ်ငန်းဆောင်တာများကို ထပ်ဆောင်းကာ လူသားများအတွက် ပို၍ပေါ်လွင်သော လုပ်ငန်းဆောင်တာတစ်ရပ်မှာ စကြဝဠာများ၏အရှင်သခင်

[1] လူသား၏ဆင်ခြင်တုံရားအရဆိုလျှင် သက်မဲ့ဟုခေါ်သောအရာများတွင် အသက် (သို့မဟုတ်) ထိတွေ့ခံစားမှု တစ်မျိုးမျိုး ရှိရန် အဓိကလိုအပ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ ဖန်ဆင်းခံနှင့်ဖန်ဆင်းရှင်ကြားတွင် ဆက်သွယ်မှုနည်းလမ်းအချို့ မုချရှိရပေမည်။ အဖန်ဆင်းခံများတွင် ထိတွေ့ခံစားနိုင်မှုမရှိဆိုခြင်းကြောင့် ယင်းတို့နှင့် အဆက်အသွယ် မလုပ်နိုင်သူကိုဘုရားအဖြစ် မခေါ်ဆိုထိုက်ချေ။ အလွှာဟ်အရှင်မြတ်သည် အသက်ရှိသည် ဖြစ်စေ၊ အသက်မဲ့သည်ဖြစ်စေ အရှင်မြတ်၏ဖန်ဆင်းခံများနှင့် ဆက်သွယ်ပါသည်။ ယင်းအချက်ကပင် အသက်မဲ့သည့်အရာခပ်တိုင်းတွင် အာရုံခံစားမှု တစ်ရပ်ရှိကြောင်း သက်သေပြပါသည်။ (ဘာသာပြန်သူ)

ဖြစ်သည့် ၎င်းအား မွေးမြူဖန်ဆင်းရှင်အား သိရှိအသိအမှတ်ပြုခြင်း၊ ၎င်းနောက် ထိုအရှင်၏ နှစ်သက်မှု ရရှိစေရန် အတွက် အရှင်မြတ်အမိန့်တော်များကို လိုက်နာကျင့်သုံးခြင်းနှင့် ထိုအရှင် မနှစ်သက်တော်မူသည့် အရာများအား လုပ်ဆောင်ခြင်းမှ ရှောင်ကြဉ်ခြင်းဟူသော တာဝန်ရှိပါသည်။ လူသားသည် ဖန်ဆင်းခြင်းအတွက် လိုအပ်သော တွေးတောဆင်ခြင်မှုပြုလုပ်ရန်နှင့် စေ့စေ့စပ်စပ်လုပ်ဆောင်ရန် လိုအပ်ပါသည်။ ထို့နောက် သူ၏ ဆင်ခြင်တုံစွမ်းအားကို အသုံးချကာ အမှားနှင့်အမှန်ကို ခွဲခြားခြင်း၊ သူ၏အရှင်သခင် ကျေနပ်နှစ်သက်စေရန်အတွက် ကောင်းသောအရာများကို လုပ်ဆောင်ခြင်းနှင့် မကောင်းသည်တို့မှ ရှောင်ကြဉ်ရန်လိုအပ်သည်။ အခြားသော အဖန်ဆင်းခံများထက် လူသား တစ်ဦး ပေါ်လွင်ထင်ရှားစေသောအချက်တစ်ခုမှာ သူ၏ဘဝ ပိုမိုအဓိပ္ပာယ်ရှိစေရန်နှင့် သူ၏အဆင့်ပိုမိုမြင့်မားအောင် လုပ်ဆောင်နိုင်စေရန်အတွက် မြောက်မြားစွာသော အခွင့်အရေးများပေးထားပါသည်။ သူသည် တိုးတက်မှုကို လုပ်ဆောင်လာသည်နှင့်အမျှ ကောင်းကင်စေတမန်များထက် ပိုမိုမြင့်မားသောအဆင့်အတန်းကို သူရရှိနိုင်ပါသည်။ သူသည် သူ၏လုပ်ရပ်များအတွက် စာရင်းစစ်ဆေးခြင်း ခံရပါမည်။ ၎င်းနောက် သူ၏ကောင်းမှုကောင်းရာ လုပ်ရပ်များအတွက် ထာဝရငြိမ်းချမ်းရေးနှင့် စိတ်ချမ်းသာမှုကိုလည်း ရရှိမည်ဖြစ်ကြောင်းနှင့် သူ၏မကောင်းမှုလုပ်ရပ်များအတွက် ထာဝရပြစ်ဒဏ်ခတ်မှုနှင့် စိတ်မချမ်းသာမှုတို့ ခံရမည်ဖြစ်ကြောင်းလည်း ကတိပေးထားခဲ့ပါသည်။ ထို့ကြောင့် သူ့ဘဝရည်မှန်းချက်အတွက် သင့်လျော်သောလုပ်ရပ်များ လုပ်ဆောင်နိုင်ရန်အတွက် ဘဝ၏အမြင့်မားဆုံးနှင့် အလွန်ပြီးပြည့်စုံသောအဆင့်ကို သူ့အား ယုံပုံပေးအပ်ခဲ့ရပါသည်။ သူသည် တိရစ္ဆာန်တို့ကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ အရာများကိုရရှိရန်အတွက်သာ နားလည်သဘောပေါက်ခြင်း၊ မြင်ခြင်း၊ ကြားခြင်းဟူသည့် အထူးစွမ်းရည်များကို အသုံးချခြင်းဖြင့် မဖြုန်းတီးသင့်ပါ။

အထက်ပါအချက်အလက်များကို မျက်မှောက်ပြုကာ လူသား၏ နားလည်သဘောပေါက်ခြင်း၊ ကြားခြင်း၊ မြင်ခြင်း စွမ်းအင်တို့သည် တိရစ္ဆာန်များ၏ စွမ်းရည်တို့နှင့်မတူ ထူးခြားရမည်ဆိုသည်မှာ အရေးကြီးပါသည်။ အကယ်၍ သူသည် ဤစွမ်းရည်များကို အမှားနှင့်အမှန်ခွဲခြားခြင်း ကောင်းသည်များကို လုပ်ဆောင်၍ မကောင်းသည်များကို ရှောင်ရှားခြင်းတို့တွင်အထူးတလည်အသုံးမပြုပါက သူ့အားမျက်စိများရှိသော်လည်းမမြင်၊နားများရှိသော်လည်းမကြား၊ စိတ်နလုံးသားများရှိသော်လည်း နားလည်သဘောပေါက်ခြင်း မရှိသောသူများတွင် အကျုံးဝင်သည်ဟု မှန်ကန်စွာ မှတ်ယူပါလိမ့်မည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်က ထိုသူများအား صُمٌّۢ بُكۡمٌ عُمۡيٞ နားမကြားသူများ၊ ဆွံ့အသူများနှင့် မျက်မမြင်များဟု အမည်ပေးထားပါသည်။ ထို့ကြောင့် အာယသ်တော်က ထိုသူများ၏ ရုပ်ပိုင်းဆိုင်ရာ မြင်နိုင်စွမ်း၊ ကြားနိုင်စွမ်းနှင့် သဘောပေါက် နားလည်နိုင်စွမ်းတို့နှင့် ပတ်သက်၍မရှိကြောင်း မငြင်းဆိုပါ။

ကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်းတို့၏ လောကီဆိုင်ရာ ကိစ္စရပ်များအား သိရှိနားလည်မှုကို အောက်ပါ စကားလုံးများဖြင့်-

يَعۡلَمُونَ ظَٰهِرٗا مِّنَ ٱلۡحَيَوٰةِ ٱلدُّنۡيَا وَهُمۡ عَنِ ٱلۡأٓخِرَةِ هُمۡ غَٰفِلُونَ

"၎င်းတို့သည် လောကီဘဝ၏ အပေါ်ယံပုံပန်းကိုသာ သိရှိကြကုန်၏။ သို့ရာတွင် နောင်တမလွန် ဘဝကိုမူကား ၎င်းတို့သည် (လုံး၀) မသိကြသူများသာလျှင် ဖြစ်ကြကုန်သတည်း" (၃၀း၇) ဟု အတည်ပြုထားသည်။

အားဒ်နှင့်ဆမုဒ်လူမျိုးများ ဖျက်ဆီးခြင်းခံရသည့်အကြောင်း ဖော်ပြထားသည်။ အခြားအာယသ်တစ်ခုထဲတွင် ကုရ်အာန်ကျမ်းတော်မြတ်က وَكَانُواْ مُسۡتَبۡصِرِينَ "စင်စစ် ၎င်းတို့မှာ အသိအမြင်ရှိသောသူများပင် ဖြစ်ကြကုန်၏။ (၂၉း ၃၈) ဟူ၍ မိန့်ထားသည်။

အားဒ်နှင့်ဆမုဒ်လူမျိုးများသည် ရှိုင်တွာန်၏ လွှမ်းမိုးမှုများဖြင့် ဖြားယောင်းခံရကာ ၎င်းတို့ပျက်စီးမှု ရောက်စေသော မကောင်းမှုလုပ်ရပ်များတွင် ပါဝင်ပတ်သက်ကြပါတော့သည်။ ဆိုလိုသည်မှာ ထိုသူများသည် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တို့ကိုသာ အလုပ်အကျွေးပြုသော၊ ယုတ်ညံ့သော လောကီဆိုင်ရာ အကျိုးအမြတ် များအတွက်သာ ၎င်းတို့၏ စွမ်းဆောင်နိုင်မှုတို့ကို ကန့်သတ်အသုံးပြုခဲ့ကြကာ နာမ်ပိုင်းဆိုင်ရာ တောင်းဆိုမှုများတို့ကိုမူ သတိမမူဂရုမပြုဘဲ ထားခဲ့ကြပါသည်။ ထိုသူများ သိပ္ပံပညာနှင့် နည်းပညာတို့တွင် မည်မျှပင် တိုးတက်ကြပါစေ၊ အာကာသကိုလည်း အောင်နိုင်ပါစေ၊ လနှင့်အခြားသောဂြိုဟ်များကိုလည်း စူးစမ်းရှာဖွေနိုင်ပါစေ၊ ကမ္ဘာကြီးတစ်ခုလုံးကို ၎င်းတို့၏အဆင့်မြင့်သော ဂြိုလ်တုများနှင့်ပြည့်နှက်နေပါစေ၊ ၎င်းတို့၏အမျိုးမျိုးသော လိုအပ်ချက်များကို အလုပ် အကျွေးပြုစေရန် အတွက် သဘာဝစွမ်းအင်များကိုလည်း ထိန်းချုပ်နိုင်ပါစေ၊ ယင်းကြိုးပမ်းမှုအားလုံးတို့သည် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် ရုပ်ဝတ္ထုဆိုင်ရာ ဘဝကို အလုပ်အကျွေးပြုစေသော နည်းလမ်းများဆိုသည်ထက် မပိုပါ။

တိုးတက်မှုများမှာ နာမ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းသာယာမှုနှင့် စည်းစိမ်ချမ်းသာ ဖြစ်မှုတို့ဆီကား မရောက်ချေ။ လူသား၏ ဤသို့သောသိပ္ပံနှင့် နည်းပညာပိုင်းဆိုင်ရာ အောင်မြင်မှုတို့သည် သူ၏ရုပ်ပိုင်းဆိုင်ရာဘဝ ကိုအလုပ်အကျွေးပြုရန်သာ မုချကန့်သတ် သတ်မှတ်ထားသောကြောင့် ယင်းကပင် ၎င်းကို တိရစ္ဆာန်နှင့် မခြားစေတော့ပါ။ ထို့ကြောင့်ပင် ကုရ်အာန်ကျမ်းတော်မြတ်က ၎င်းတို့အား နားမကြားသူ၊ ဆွံ့အသူနှင့် မျက်မမြင်သူဟု ခေါ်ဆိုထားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဤကမ္ဘာလောကနှင့် သက်ဆိုင်သည့်အရာများကိုသာ မြင်ကြ၊ ကြားကြ၊ သဘောပေါက်ကြသည်။ သူတို့ကို ထာဝရအောင်မြင်မှုနှင့် ငြိမ်းချမ်းသာယာမှုဆီသို့ ရောက်စေသော ဤလုပ်ငန်းစဉ်များကို မှန်ကန်စွာ အသုံးမပြုကြပါ။ ဤအာယသ်၏ နောက်ဆုံးစကားစုက ဤသူများသည် ၎င်းတို့၏ကိုယ်ခန္ဓာပိုင်းဆိုင်ရာ ဆန္ဒများကိုသာ အလုပ်အကျွေးပြုစေရန် ၎င်းတို့၏ကြိုးပမ်းမှုအားလုံးကို အသုံးပြုသည့် တိရစ္ဆာန်များနှင့် တူသည်ဟု မိန့်ထားသည်။ ဆက်လက်၍ အာယသ်တော်က بَلْ هُمْ اَضَلُّ "တိရစ္ဆာန်များထက်ပင် လွန်စွာမိုက်မဲလမ်းလွဲသူများဖြစ်ကြ၏" ဟု ထပ်ဆင့် ကာမိန့်ထားသည်။ ဆိုလိုသည်မှာ သူတို့သည်တိရစ္ဆာန်များထက် ပို၍အသိဉာဏ်မရှိကြပါ။ အဘယ်ကြောင့်ဆိုသော် တိရစ္ဆာန်များမှာ ရှရီအသံဥပဒေကို လိုက်နာရန် တာဝန်မရှိချေ။ တိရစ္ဆာန်များသည် ၎င်းတို့လုပ်ရပ်များအတွက် ဆုလာဘ် (သို့မဟုတ်) အပြစ်ဒဏ်ခံရခြင်းမရှိချေ။ တိရစ္ဆာန်များသည် ၎င်းတို့၏ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကိုသာ အလုပ်အကျွေးပြုရန်လိုအပ်၍ ယင်းတို့ကျွမ်းကျင်စွာ လုပ်ဆောင်ကြသည်။ ဤသည်နှင့် ဆန့်ကျင်စွာလူသားများမှာမူ ၎င်းတို့ဤကမ္ဘာတွင် လုပ်ဆောင်သည့်အရာတိုင်းအတွက် ၎င်းတို့၏ လုပ်ဆောင်မှုအရ ဆုလာဘ်သော်လည်းကောင်း၊ ပြစ်ဒဏ်ခတ်ခြင်းကိုလည်းကောင်း ရရှိကြပါသည်။ အကယ်၍သာ ၎င်းတို့သည် သူတို့၏ ကြိုးပမ်းအားထုတ်မှုကို ဤကမ္ဘာလောက၏ ရုပ်ဝတ္ထုဆိုင်ရာ အကျိုးအမြတ် ရှာဖွေရန်အတွက်သာ ကန့်သတ်ခဲ့ပြီး ၎င်းတို့စွမ်းအင်များကို မှန်ကန်စွာ အသုံးမချခဲ့လျှင် ၎င်းတို့ကို တိရစ္ဆာန်များနှင့် နှိုင်းယှဉ်လျှင် တိရစ္ဆာန်များထက်ပို၍ အမြော်အမြင်မရှိ၊ အသိဉာဏ်မရှိဖြစ်ချေ။

## အာယသ် (၁၈၀)

وَلِلّٰهِ الْاَسْمَآءُ الْحُسْنٰى فَادْعُوْهُ بِهَا ۪ وَذَرُوا الَّذِيْنَ يُلْحِدُوْنَ فِيْٓ اَسْمَآئِهٖ ؕ سَيُجْزَوْنَ
مَا كَانُوْا يَعْمَلُوْنَ ﴿۱۸۰﴾

**စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်၌ ကောင်းမြတ်သော နာမံတော် (ဂုဏ်တော်)များ ရှိကြပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်အား ယင်းနာမံတော်များဖြင့် သာ တသကြလေကုန်။ (တစ်နည်း) ဆုတောင်းကြလေကုန်။ ၎င်းပြင် အသင်တို့သည် ထိုအရှင်မြတ်၏ နာမတော်များနှင့် စပ်လျဉ်း၍ ချွတ်ချော်တိမ်းပါးပြစ်မှားသူတို့ကို ပစ်ပယ် စွန့်ပစ်ထားကြလေကုန်။ ၎င်းတို့သည် မကြာမြင့်မီကာလတွင် မိမိတို့၏ အပြုအမူများ နှင့်စပ်လျဉ်း၍ အစားပေးခြင်းကို ခံကြရလတ္တံ့။ (၇ : ၁၈၀)**

ဤအာယသ်တော်သည် ပြီးခဲ့သောအာယသ်တော်များနှင့် ဆက်နွယ်မှုရှိသော သဘောဆောင်သည်။ အထက်တွင် ဆွေးနွေးပြီးသမျှ ဂျဟန္နမ်ငရဲမှလူများသည် တမလွန်ဘဝ၏ ထာဝရ သက်သောင့်သက်သာမှုများ ရှာဖွေရန်အတွက် ၎င်းတို့အစွမ်းများကို အသုံးမပြုခဲ့ကြသောကြောင့် ထာဝရပြစ်ဒဏ်ခတ်ခံရမှု ရစေပါသည်။ လက်ရှိ အာယသ်မှာ ၎င်းတို့၏ရောဂါအတွက် ကုထုံးပေးထားသည်။ ယင်းကုထုံးကား အလ္လာဟ်အရှင်မြတ်ကို အရှင်မြတ်၏ ကောင်းမြတ်သော နာမတော်များနှင့် တသခြင်း၊ ထို့နောက် ထိုနာမတော်များနှင့် အရှင်မြတ်ကို အောက်မေ့တသ သတိရခြင်းဖြစ်သည်။

### အလ္လာဟ်အရှင်မြတ်၏နာမတော်များ

ကောင်းမြတ်သောနာမများသည် ပြီးပြည့်စုံခြင်း၏ အမြင့်ဆုံးအဆင့်အတန်းရစေသည့် ဂုဏ်အင်္ဂါများ ဟုဖော်ထုတ်ထားသည်။ ပြောစရာမလိုသည်မှာ ပြီးပြည့်စုံခြင်း၏ အမြင့်ဆုံးအဆင့်အတန်းသည် အလ္လာဟ်အရှင်မြတ်မှတစ်ပါးမည်သူမှ မပိုင်ဆိုင်နိုင်ပါ။ ပြီးပြည့်စုံသော လူသားတစ်ဦးနှင့်ပတ်သက်လျှင် သူ့ထက် အချို့သောအရည်အချင်းတွင် တစ်စုံတစ်ဦးက သာလွန်သည်မှာ မုချရှိနိုင်သည်။ ဤသည်ကို ကုရ်အာန်ကျမ်းတော်မြတ်၏စကားစု **وَفَوْقَ كُلِّ ذِيْ عِلْمٍ عَلِيْمٌ** "အမှန်သော်ကား ပညာရှင်တိုင်း၏ အထက်ဝယ် (ငင်းထက်) အလွန်တတ်မြောက်သော ပညာရှင်တစ်ပါးသည် ရှိခဲ့ချေသတည်း" (၁၂ : ၇၆) ဟု မိန့်ထားသည်။

အာယသ်တော်၏ ဟန်ပန်ကည်ညွန်းသည်မှာ ဤ "လှပသော အမည်နာမများ"သည် အလ္လာဟ်အရှင်မြတ်အတွက် ရည်စူးသည့်ထူးခြားမှုဖြစ်သည်။ **فَادْعُوْهُ بِهَا** "သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်အား ယင်းနာမတော်များဖြင့်သာ တသကြလေကုန် (တစ်နည်း) ဆုတောင်းပတ္ထနာပြုကြလေကုန်" ဟူ၍ မိန့်ထားရခြင်းမှာ ဤဂုဏ်တော်များအား ပိုင်ဆိုင်သူများတွင် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားမည်သူမှမရှိခဲ့ချေ။ ထို့ကြောင့် အကူအညီလိုအပ်သောအခါ တသထိုက်သောအရှင်မှာ ထိုအရှင်မြတ်မှအပ အခြားမရှိပေ။ တသခြင်းကို ဒုအာ **دعاء** ဟူသော စကားလုံးမှ ဘာသာပြန်ကာ ယင်းတွင်ထူးခြားသော ဝိသေသလက္ခဏာ နှစ်ခုရှိသည်။ (၁) အလ္လာဟ်အရှင်မြတ်အား တသခြင်းနှင့် ချီးကျူးထောမနာပြုခြင်း (၂) လိုအပ်သည့်အခါ (သို့မဟုတ်) အခက်အခဲ ကျရောက်သည့်အချိန်၌ အကူအညီရရှိရန် အလ္လာဟ်အရှင်မြတ်အား တသခြင်းဖြစ်သည်။ ယင်းက အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာ ချီးကျူး

ထောမနာထိုက်ကြောင်းနှင့် အကူအညီရရန်နှင့် ဒုက္ခကင်းဝေးရန်အတွက် ထိုအရှင်မြတ်တစ်ပါးတည်းကိုသာ တသရ မည်ဖြစ်ကြောင်း ရည်ညွှန်းသည်။ အာယသ်တော်က အရှင်မြတ်အားတသရန် အကောင်းဆုံးနည်းမှာ အရှင်မြတ်၏ လှပသော နာမတော်များဖြင့် တသခြင်းဖြစ်သည်ဟု အကြံပြုထားသည်။

## ဒုအာ (အလ္လာဟ်အရှင်မြတ်အားတသခြင်း) ၏ ကြီးတင်စည်းကမ်းသတ်မှတ်ချက်များ

အာယသ်တော်က ကျွန်ုပ်တို့ကို အဖိုးတန် သတင်းအချက်အလက် နှစ်ရပ်ပေးထားသည်။ ပထမအနေဖြင့် အလ္လာဟ်အရှင်မြတ်မှအပ မည်သူမှချီးကျူးထောမနာခြင်း မခံထိုက်ဆိုသည်နှင့် အကူအညီရရန် အရှင်မြတ်မှအပ မည်သူ့ကိုမှ မတာသထိုက်ကြောင်း ဖြစ်သည်။ ဒုတိယအနေဖြင့် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့ကို အရှင်မြတ်အား တသရန်အသေးစိတ် တိကျသောစကားလုံးများ ပေးထားသည်။ ယင်းစကားလုံးများမှာ အလ္လာဟ်အရှင်မြတ်၏ မြင့်မြတ်မှုနှင့်ကိုက်ညီကာ ကျွန်ုပ်တို့တွင် ဤကိစ္စရပ်အတွက် အနီးစပ်ဆုံးစကားလုံး ရွေးချယ်နိုင်စွမ်းမရှိခြေ။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသည့် ဂုဏ်တော်များဖြင့်သာ တသရန် လိုအပ်သည်။

ဆွဟာဗဟ်အဗူဟိုရိုင်ရဟ် d ၏ ခိုင်လုံမှုအရ ဆင့်ပြန်ချက်ကို ဗုခါရီကျမ်းနှင့် မုစ်လင်မ်များတွင် တင်ပြထားခဲ့သည်။ တမန်တော်မြတ် s မိန့်ကြားခဲ့သည်မှာ-

"အလ္လာဟ်အရှင်မြတ်တွင် နာမတော် ကိုးဆယ့်ကိုးပါး (၉၉) ပါးရှိသည်။ မည်သူမဆို ယင်းတို့ကို အလွတ် ကျက်မှတ်ခဲ့လျှင် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ရမည်"ဟူ၍ဖြစ်သည်။

သိရိမိဇီနှင့်ဟာကင်မ်ကျမ်းများထဲ၌ ဤနာမတော်အသေးစိတ်ကို အမှတ်စဉ်ရေးထိုး ဖော်ပြထားသည်။ ဤ နာမတော်များရွတ်ဆိုကာ ဒုအာတောင်းဆုပြုလျှင် အများအားဖြင့် လက်ခံသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် အလ္လာဟ်အရှင်မြတ်က اُدْعُوْنِيْ اَسْتَجِبْ لَكُمْ "အသင်တို့သည် ငါအရှင်မြတ်ထံတော်တွင် ဆုတောင်း ပတ္ထနာပြုကြလေကုန်။ ငါအရှင်မြတ်သည် အသင်တို့၏ဆုတောင်း ပတ္ထနာပြုချက်ကို လက်ခံတော်မူမည်" (၄၀း၆၀)ဟူ၍ ကတိပြုထားခဲ့သည်။ တစ်စုံ တစ်ဦး၏ လိုအပ်ချက်နှင့် ဒုက္ခဆင်းရဲမှလွတ်ကင်းရန်၊ အကူအညီ ရှာဖွေရန်၊ အတိကျဆုံးနှင့် အသေချာဆုံးနည်းလမ်းကားအလ္လာဟ်အရှင်မြတ်အားတသ၍အလ္လာဟ်အရှင့်အကူအညီရရန်အလ္လာဟ်အရှင်မြတ်ထံ ဆုမွန် ဒုအာတောင်းခံခြင်းဖြစ်သည်။ ဤသည်သာ အောင်မြင်မှု အသေအချာရရှိသည်။ အလ္လာဟ်အရှင်မြတ်ထံ ဆုမွန် ဒုအာ တောင်းခံခြင်း၏ လက်တလောအကျိုးကျေးဇူးကား ယင်းလုပ်ရပ်သည်ပင် အိဗာဒသ်ခဝပ်ကိုးကွယ်မှု တစ်ရပ်ဖြစ်သွားသည်။ ဤခဝပ်ကိုးကွယ်မှု အိဗာဒသ်၏ဆုလာဘ်မှာ တစ်စုံတစ်ဦး၏ ကောင်းမှုလုပ်ရပ်များတွင် ထည့်သွင်းခံရခြင်းဖြစ်သည်။

ဟဒီးဆ်တော်တစ်ရပ်၌ တမန်တော်မြတ် s မိန့်ထားသည်မှာ اَلدُّعَاءُ مُخُّ الْعِبَادَةِ "အလ္လာဟ်အရှင်မြတ်ထံ ဒုအာဆုမွန် တောင်းခံခြင်းသည် ခဝပ်ကိုးကွယ်မှု၏ အနှစ်သာရဖြစ်သည်" တောင်းဆုဒုအာတို့ကို နည်းလမ်း မြောက်များစွာနှင့် အလ္လာဟ်အရှင်မြတ် လက်ခံတော်မူသည်။ တစ်ခါတစ်ရံ တောင်းဆိုသည်ကို လက်ခံကဗူလ် လုပ်သကဲ့သို့ တစ်ခါတစ်ရံ အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မသ်ဂုဏ်တော်အရ တောင်းဆိုမှုသည် အချိန်အခါ မဟုတ်ခြင်း (သို့ မဟုတ်)သူ့အတွက် မသင့်လျော်သောအခါများတွင် ၎င်းနှင့်သင့်လျော်သည့် အကျိုးဖြစ်ထွန်းစေသော တစ်စုံတရာ နှင့် လဲလှယ်ပေးတော်မူသည်။

အလ္လာဟ်အရှင်မြတ်၏ မြင့်မြတ်မှုနှင့် ချီးကျူးထောမနာပြု၍ အောက်မေ့တသ သတိရခြင်းသည် အလ္လာဟ်အရှင်မြတ်အား ယုံကြည်ခြင်း (အီမာန်)၏ အဟာရဖြစ်သွားပေသည်။ ယင်းကြောင့် အလ္လာဟ်အရှင်မြတ်အား ချစ်မြတ်နိုးခြင်း၊ ရိုသေခြင်းနှင့် အမြဲသတိရခြင်းများတိုးပွားကာ တစ်စုံတစ်ဦး၏အမြင်၌ ဤကမ္ဘာလောက၏ ခက်ခဲမှုများသည် တန်ဖိုးမဲ့သွားစေပါသည်။

စစ်မှန်ခိုင်လုံသော ရင်းမြစ်များမှတစ်ဆင့် အလ်ဗုခါရီ၊ မုစ်လင်မ်၊ သိရ်မိဇီနှင့် နဆာအီကျမ်းများတွင် တင်ပြထားသည်။ တမန်တော်မြတ် s မိန့်ထားသည်မှာ မည်သူမဆို ဒုက္ခ၊သုက္ခရှိလျှင်သော်လည်းကောင်း၊ ဝမ်းနည်းပူဆွေး၍ စိတ်သောကရောက်ခဲ့လျှင် အောက်ပါစကားလုံးများ

لَآ اِلٰهَ اِلَّا اللّٰهُ الْعَظِيْمُ الْحَلِيْمُ لَآ اِلٰهَ اِلَّا اللّٰهُ رَبُّ الْعَرْشِ الْعَظِيْمِ لَآ اِلٰهَ اِلَّا اللّٰهُ رَبُّ السَّمٰوٰتِ وَالْاَرْضِ وَرَبُّ الْعَرْشِ الْكَرِيْمُ

"အလ္လာဟ်အရှင်မြတ်မှတစ်ပါး မည်သူမှ ခဝပ်ကိုးကွယ်ခံထိုက်သူမရှိ။ ထိုအရှင်မြတ်သည် အကြီးကျယ်ဆုံးသော အရှင်ဖြစ်တော်မူ၍ အလွန်သည်းခံနိုင်ဆုံးသော အရှင်ဖြစ်တော်မူသည်။ အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သူမရှိ အရှင်မြတ်သည် အလွန်ကြီးကျယ်သော သလွန်တော်၏အရှင်သခင်ဖြစ်တော်မူသည်။အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်းခံထိုက်သူမရှိ ထိုအရှင်မြတ်သည် မိုးကောင်းကင်များ၊ ကမ္ဘာ ပထဝီမြေကြီး ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံတော်မူသော သလွန်တော်၏ အရှင်သခင်ဖြစ်တော်မူ၏" များကို ရွတ်ဖတ် သရဇ္ဈယ်သင့်သည် ဟူ၍ဖြစ်သည်။

ဆွဟာဗဟ်အနပ်စ် d ခိုင်လုံမှန်ကန်ချက်အရ ဟာကီမ်၏မုစ်တာဒယ်ကျမ်းထဲတွင် တင်ပြထားသောဟဒီးဆ်တစ်ပုဒ်ထဲတွင် တမန်တော်မြတ် s သခင်က သူ၏သမီးတော် ဖာသေမဟ် အလ်ဇဟ်ရဟ် g အား မိန့်သည်မှာ-"အောက်ဖော်ပြပါဒုအာကို နံနက်နှင့်ညနေခင်းမှာ နေ့စဉ်ရွတ်ဆိုရန်၊ အသင့်အား ကျွန်ုပ်၏ အကြံပြုချက်ကို လိုက်နာရန် အတွက် အသင့်အား မည်သည်က တားဆီးနေပါသနည်း" ဟူ၍ ဖြစ်သည်။ ယင်းဒုအာမှာ-

يَا حَيُّ يَا قَيُّوْمُ بِرَحْمَتِكَ اَسْتَغِيْثُ اَصْلِحْ لِيْ شَأْنِيْ كُلَّهٗ وَلَا تَكِلْنِيْ اِلٰى نَفْسِيْ طَرْفَةَ عَيْنٍ

"အိုု-အမြဲတစေ ရှင်သန်နေသောအရှင်၊ အလုံးစုံတို့အား ကျွေးမွေးစောင့်ရှောက် တော်မူသော အရှင်၊ အရှင်မြတ်၏ အသနားတော်အရ အရှင်မြတ်ထံမှ အကူအညီကို ကျွန်တော်မျိုး တောင်းခံပါသည်။ ကျွန်တော်မျိုး၏ အခြေအနေတိုင်းတို့၌ မှန်ကန်စေတော်မူပါ။ ၎င်းနောက် မျက်စေ့တစ်မှိတ်သော်မှ ကျွန်တော်မျိုးအား ကျွန်တော်မျိုး၏ အတွင်းစိတ်က လွှမ်းမိုးခြင်းကို မခံပါရစေနှင့်" ဟူ၍ ဖြစ်သည်။

အထက်ပါ ဒုအာဆုမွန်သည် အခက်အခဲများနှင့် ဆင်းရဲဒုက္ခများအတွက် အကျိုးသက်ရောက်မှုရှိသော ဆေးတစ်လက်ဖြစ်ပါသည်။ အတိုချုပ်ဆိုရသော် ဤအာယသ်တော်ထဲ၌ ကျွန်ုပ်တို့အတွက် ညွှန်ကြားချက်နှစ်ရပ် ပါဝင်သည်။ ၎င်းတို့မှာ အကူအညီတောင်းခံရန်သော်လည်းကောင်း၊ ဖန်ဆင်းရှင်အား ကျေနပ်နှစ်သက်စေရန်သော်လည်းကောင်း အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းထံတော်၌သာ ဒုအာတောင်းဆုပြုခြင်း၊ ဒုတိယအနေဖြင့် အလ္လာဟ်အရှင်မြတ်အား တသရာတွင် အရှင့်နာမံတော်များအား မည်သည့်ပြောင်းလဲမှုမျိုးမှ မပြုလုပ်ဘဲ တသရမည်။

နောက်ဝါကျက **وَ ذَرُوا الَّذِيْنَ يُلْحِدُوْنَ فِيْٓ اَسْمَآئِهٖ ۭ سَيُجْزَوْنَ مَا كَانُوْا يَعْمَلُوْنَ** "၎င်းပြင် အသင်တို့သည် ထို အရှင်မြတ်၏နာမတော်များနှင့်စပ်လျဉ်း၍ ချွတ်ချော်တိမ်းပါးပြစ်မှားမှုတို့ကို ပစ်ပယ်စွန့်ပစ်၍ ထားကြလေကုန်။ ၎င်းတို့သည် မကြာမြင့်မီကာလတွင် မိမိတို့၏ အပြုအမူများ နှင့် စပ်လျဉ်း၍ အစားပေးခြင်းကို ခံကြရလတ္တံ့" ဟူ၍ မိန့်ကြားထားသည်။

အရဗီစကားလုံး **اِلْحَاد** "အိလ်ဟာဒ်" သည် အလယ်ဗဟိုမှ တိမ်းစောင်းသွားခြင်းဟု ဖော်ညွှန်းပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်ဆိုင်ရာ အသုံးအနှုန်းတွင် "အိလ်ဟာဒ်" ဆိုသောစကားလုံးကို ကုရ်အာန် ကျမ်းတော်မြတ်ပါ စကားလုံးတို့မှန်ကန်စွာ အဓိပ္ပာယ်ဖွင့်ဆိုခြင်းမှ တိမ်းချော်သွားခြင်း (သို့မဟုတ်) ကုရ်အာန်ကျမ်းတော်မြတ်ပါ သတင်းစကား၏ ဆိုလိုရင်းများကို လိုရာဆွဲ၍ မမှန်မကန်ပြောဆိုခြင်းတို့အတွက် သုံးစွဲပါသည်။

အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်းထားသော နာမတော်များကို လိုရာဆွဲ၍ မမှန်မကန်ပြောဆိုသူများ (သို့မဟုတ်) တိမ်းချော်သွားသောသူများတို့အား စွန့်ပစ်ရန်အတွက် တမန်တော်မြတ်ကြီးအား မိန့်ကြားထားပါသည်။

## ကောင်းမွန်သောဂုဏ်တော်များမှ တိမ်းချော်သွားခြင်း

အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်းထားတော်မူသော ဂုဏ်တော်များမှ တိမ်းချော်သွားခြင်းတွင် ပုံစံမြောက်မြားစွာ ရှိပါသည်။ ပထမအနေဖြင့် ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌သော်လည်းကောင်း၊ စွန္နသ်တော်၌သော်လည်းကောင်း သီးသန့်ဖော်ပြထားခြင်းမရှိသော အမည်နာမများဖြင့် အလ္လာဟ်အရှင်မြတ်အား တသခြင်းတို့ဖြစ်ပါသည်။ အုမ္မသ်ထု၏ "အိုလမာ" (သာသနာ့ပညာရှင်များ) တညီတညွတ်တည်း သဘောတူညီကြသည်မှာ တစ်စုံတစ်ဦး၏ စိတ်ကြိုက်ဖြင့် ရွေးချယ်ထားသော နာမတော်များ (သို့မဟုတ်) ဂုဏ်တော်များဖြင့် အလ္လာဟ်အရှင်မြတ်အား တသခြင်းကို ခွင့်မပြုပါ။ သို့မဟုတ် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်ထဲတွင် သီးသန့်ဖော်ပြထားခြင်းမရှိသော နာမတော်များဖြင့် ချီးမွမ်းထောမနာပြုခြင်းကို ခွင့်မပြုပါ။ ပမာဆိုသော် အလ္လာဟ်အရှင်မြတ်အား "နူးရ်" (ရောင်ခြည်) ဟူသောစကားလုံးဖြင့် တသနိုင်ပါသည်။ သို့ရာတွင် "အဖြူရောင်" ဟူသောစကားလုံးဖြင့် မတသရပါ။ အလားတူစွာပင် အလ္လာဟ် အရှင်မြတ်အား "ကရင်းမ်" (ရက်ရောခြင်း)ဟူသည်ဖြင့်သာ တသနိုင်ပါသည်။ သို့ရာတွင် အဓိပ္ပာယ်တူညီသော **سخي** (ဆခီ) ဟူသော စကားလုံးဖြင့် မတသရပါ။ အရှင့်အား **شافي** (ရှာဖီ) "ရောဂါဝေဒနာမှ ပျောက်ကင်းစေသောမူသောသူ" ဟူ၍ တသနိုင်ပါ သည်။ သို့ရာတွင် "သာဗိဗ်" (သမားတော်) ဟူ၍ မတသရပါ။ အလားတူစကားလုံးများသည် အဓိပ္ပာယ်တူညီမှုရှိသော်လည်း ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်ထဲတွင် ယင်းတို့အား တင်ပြထားခြင်း မရှိသောကြောင့် ၎င်းတို့အားခွင့်မပြုပါ။

အလ္လာဟ်အရှင်မြတ်၏ဤနာမတော်များမှ တိမ်းချော်သွားသော ဒုတိယနည်းလမ်းမှာ အချို့သောအခြေအနေများအတွက် မသင့်မြတ်၊ မလျော်ကန်ဟု တစ်စုံတစ်ဦးကထင်မှတ်ကာ အချို့သောနာမတော် (သို့မဟုတ်) နာမတော်များအား စွန့်ပယ်ခြင်းဖြစ်ပါသည်။ ဤလုပ်ရပ်သည် အလ္လာဟ်အရှင်မြတ်၏ ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံတော်မူသော နာမတော်တို့အား ရိုသေလေးစားမှု နည်းပါးရာရောက်သွားစေပါသည်။

## လူများအား အလ္လာဟ်အရှင့်နာမတော်တို့ဖြင့်ခေါ်ဆိုခြင်း

တိမ်းချော်မှု၏ တတိယနည်းလမ်းမှာ အခြားသောသူများအတွက် အလ္လာဟ်အရှင်မြတ်၏ မည်သည့် ကောင်းမြတ်သော နာမတော်ကိုမဆို လူတို့အတွက် အသုံးပြုခြင်းဖြစ်ပါသည်။ သို့သော်လည်း ဤကိစ္စရပ် ခြွင်းချက် အချို့ရှိကြောင်း အောက်တွင်ရှင်းလင်းထားသည်။

ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ်၏ ကျက်သရေအပေါင်းနှင့် ပြည့်စုံသော နာမတော်များအနက်မှ အချို့သောနာမတော်များအား လူသားများအတွက် အသုံးပြုထားပါသည်။ ထိုကဲ့သို့သော အမည်များကို အလ္လာဟ်အရှင်မြတ်အပြင် အခြားသောအဖန်ဆင်းခံများအတွက် အသုံးပြုနိုင်ပါသည်။ ပမာဆိုသော် ရဟီး်မ်၊ ရရှီး်ဒ်၊ အလီ၊ ကရီး်မ်နှင့် အဇီးဇ် စသည်တို့ရှိသကဲ့သို့ အလ္လာဟ်အရှင်မြတ်၏ သီးသန့်ဂုဏ်တော်များကို ဖော်ထုတ်သော အမည်များလည်း ရှိပါသည်။ ယင်းသီးသန့် နာမတော်တို့အား အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်အတွက် ဤနာမတော်များသုံးစွဲခြင်းသည် တိမ်းချော်မှုလုပ်ရပ်ဖြစ်သွားပါသည်။ ပမာ ဆိုသော် ရဟ်မာန်၊ ရာဇာခ်၊ ဆွဗ်ဟန်၊ ခါလစ်၊ ကုဒ်ဒ္ဒတ်စ်နှင့် ဂဖာရ် စသည်တို့ဖြစ်ပါသည်။ ထိုကဲ့သို့သော အမည်များအား အလ္လာဟ်အရှင်မြတ်မှအပ တစ်စုံတစ်ဦးအတွက် သုံးစွဲမှုကို အစွလာမ်ရှရီအသ်တွင် တားမြစ်ထားပါသည်။

အကယ်၍ တစ်စုံတစ်ဦးသည် သူ၏မှားယွင်းသော ယုံကြည်ချက်ကြောင့် ဤနာမည်များအား အလ္လာဟ် အရှင်မြတ်မှအပ အခြားသောသူ တစ်ဦးတစ်ယောက်ကို ခေါ်ဆိုပါက ဘာသာပျက်စေသော လုပ်ရပ်ဖြစ်ပါသည်။ သို့သော်လည်း တစ်စုံတစ်ဦးသည် ဤနာမည်များကို အလ္လာဟ်အရှင်မြတ်အပြင် အခြားသူ တစ်စုံတစ်ဦးအား အသိဉာဏ်မဲ့ခြင်း၊ ဂရုမမူခြင်းတို့ကြောင့် ခေါ်ဆိုခဲ့ပါက ယင်းသည် ဘာသာပျက်စေသော လုပ်ရပ်မဟုတ်ပါ။ သို့ရာတွင် ယင်းနှင့် အလားတူလုပ်ရပ်များကို ကြီးလေးသော အပြစ်ဂုနာဟ်လုပ်ရပ်ဟု ခေါ်ဆိုရပေမည်။

များသောအားဖြင့် မုစ်လင်မ်များသည် ၎င်းတို့၏ သားသမီးများအား နာမည်မှည့်ခေါ်ရာတွင် ယင်းတို့၏ ကလေးငယ်များအား မလျော်ကန်သောအမည်များဖြင့် ခေါ်ဆိုခြင်းနှင့်ပတ်သက်၍ မြောက်မြားစွာသော မှားယွင်းသည့် လုပ်ရပ်များ ရှိနေခြင်းကတော့ ဝမ်းနည်းစရာကောင်းပါသည်။

၎င်းတို့၏ သားသမီးတို့အား အစွလာမ့်နာမည်မှည့်ခေါ်သည့် ဓလေ့ကိုစွန့်လွှတ်ခဲ့သော လူတစ်စုရှိပါသည်။ ကလေးသူငယ်များ၏ ခေတ်နာမည်များတွင် အစွလာမ်စရိုက်လက္ခဏာ မပါသောကြောင့် နာမည်အရ ထိုကလေးသူငယ်များအား မုစ်လင်မ်ဟု ဖော်ထုတ်ပြသရန်ခက်ခဲပါသည်။ အထူးသဖြင့် ၎င်းတို့၏ ယေဘုယျအပြင်ပန်း၊ အသွင်အပြင်များနှင့် စရိုက်လက္ခဏာများတို့သည် အစွလာမ့်အကျင့်အမူများ ကင်းမဲ့နေသောကြောင့် ပို၍ခက်ခဲပါသည်။ အစွလာမ် အမျိုးသမီးများတို့၏ နာမည်များဖြစ်သော ခတီဂျာဟ်၊ အာအိရှဟ်နှင့် ဖာသေမဟ်စသည့် အစွလာမ်အမည် နာမများနေရာတွင် နဂျမား၊ ပရ်ဝင်း၊ နစင်း်မ်၊ ရှမီး်မ် နှင့် ရှန်နာဇ် စသည်တို့နှင့် အစားထိုးထားကြပါသည်။

မုစ်လင်မ်များတွင် ပိုမို၍ စိတ်ပျက်ဖွယ်ရာဓလေ့တစ်ခုမှာ အစွလာမ့်နာမည်များ ဖြစ်ကြသော အဗ်ဒွလ်ခါလစ်ဒ်၊ အဗ်ဒုရ်ရဟ်မာန်၊ အဗ်ဒုရ်ရာဇက် (သို့မဟုတ်) အဗ်ဒွလ်ကုဒ္ဒူးစ် စသည့်အမည်များ မှည့်ခေါ်ထားသောသူတို့အား ခေါ်ဆို ရာတွင် ခါလစ်ဒ်၊ ရဟ်မာန်၊ ရာဇခ်နှင့် ကုဒ္ဒူးစ်ဟူ၍ဖြတ်တောက်၍ခေါ်ဆိုခြင်းပင်ဖြစ်ပါသည်။ ခါလစ်(ဖန်ဆင်းသူ)၊ ရဟ်မာန်(ကရုဏာရှင်)၊ ရာဇာခ်(ပြုစုပျိုးထောင်သူ)နှင့် ကုဒ္ဒူးစ် (သန့်စင်သောမူသောအရှင်) ဟူသော ဂုဏ်တော်များသည် အလ္လာဟ်အရှင်မြတ်၏ သီးသန့်ဂုဏ်တော်များ ဖြစ်ကာ အလ္လာဟ်အရှင်မှအပ မည်သူတစ်ဦးတစ်ယောက်အတွက်

မဆို ဤဂုဏ်တော်များသုံးစွဲပါက ကြီးလေးသောပြစ်မှုဂုနာဟ် (ဂုနာဟ်ကဗီရဟ်) (ذنب كبير) ဖြစ်သွားပါသည်။ မည်သူမဆို အခြားသူတစ်ဦးတစ်ယောက်အား ဤဂုဏ်တော်များနှင့်ခေါ်ဆိုပါက ခေါ်ဆိုတိုင်း၊ ခေါ်ဆိုတိုင်း သူသည် ဂုနာဟ်ပြစ်မှု ကြီးကျူးလွန်သည် ဖြစ်ကာ ကြီးမားသောပြစ်ဒဏ်ခတ်မှု ခံရစေနိုင်ပါသည်။

ဤပြစ်မှုထိုက်သော ဓလေ့သည် မုစ်လင်မ်များတို့အတွက် အကျိုးမပြုသော်လည်း ယေဘုယျဖြစ်နေပါသည်။ ထိုသူတို့သည် ဤပြစ်မှုထိုက်သော လုပ်ရပ်ကို ကျူးလွန်နေကြခြင်းသည် ဤအမှား၏ကြီးလေးမှုကို မစဉ်းစားမိ၍သာ ဖြစ်သည်။ လက်ရှိအာယသ်က ယင်းကိစ္စနှင့်ပတ်သက်၍ သတိပေးကာ سَيُجْزَوْنَ مَا كَانُوْا يَعْمَلُوْنَ "ၔင်းတို့သည် မကြာမြင့်မီကာလတွင် မိမိတို့၏ အပြုအမူများနှင့်စပ်လျဉ်း၍ အစားပေးခြင်းကိုခံကြရလတ္တံ့" ဟူ၍ မိန့်ကြားထားသည်။

အချို့သောလောကီဆိုင်ရာ အကျိုးအမြတ်များတို့အတွက် မကောင်းမှုများစွာကို ကျူးလွန်ကြပါသည်။ ထိုကဲ့သို့ မကောင်းမှုကို ကျူးလွန်သူတစ်စုံတစ်ဦးသည် လိုအပ်ချက်အချို့တို့၏ ဖိစီးမှုအရ ပြစ်မှုကျူးလွန်ရသည်ဟူသော ဆင်ခြေကိုဟန်ဆောင်၍ ပေးခဲ့သော်လည်း မြောက်မြားစွာသော မကောင်းမှုလုပ်ရပ်တို့သည် အချည်းနှီးသာ ဖြစ်ကာ လောကီဆိုင်ရာ အကျိုးအမြတ် လုံးဝ မပေါ်ထွက်ပါ။ ဝမ်းနည်းစရာကောင်းသည့် အခြေအနေမှာ ထိုသူများသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များအား ဂရုမစိုက်ကာ အလ္လာဟ်အရှင် မည်သည်ကို ခွင့်ပြုသည်၊ မည်သည်ကို တားမြစ်ထားသည်တို့ကို စိတ်မဝင်စားဘဲ ထိုကဲ့သို့မကောင်းမှုလုပ်ရပ်များအား ကျူးလွန်နေကြောင်း တွေ့ရပါသည်။ ထိုကဲ့သို့သော မသိနားမလည်မှုမှ အလ္လာဟ်အရှင် ကျွန်တော်မျိုးတို့အား ထိန်းသိမ်း စောင့်ရှောက်တော်မူပါ။

## အာယသ် (၁၈၁-၁၈၅)

وَ مِمَّنْ خَلَقْنَاۤ اُمَّةٌ يَّهْدُوْنَ بِالْحَقِّ وَ بِهٖ يَعْدِلُوْنَ ﴿۱۸۱﴾ وَ الَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا سَنَسْتَدْرِجُهُمْ مِّنْ حَيْثُ لَا يَعْلَمُوْنَ ﴿۱۸۲﴾ وَ اُمْلِيْ لَهُمْ ؕ اِنَّ كَيْدِيْ مَتِيْنٌ ﴿۱۸۳﴾ اَوَ لَمْ يَتَفَكَّرُوْا ؕ مَا بِصَاحِبِهِمْ مِّنْ جِنَّةٍ ؕ اِنْ هُوَ اِلَّا نَذِيْرٌ مُّبِيْنٌ ﴿۱۸۴﴾ اَوَ لَمْ يَنْظُرُوْا فِيْ مَلَكُوْتِ السَّمٰوٰتِ وَ الْاَرْضِ وَ مَا خَلَقَ اللّٰهُ مِنْ شَيْءٍ ۙ وَّ اَنْ عَسٰۤى اَنْ يَّكُوْنَ قَدِ اقْتَرَبَ اَجَلُهُمْ ۚ فَبِاَيِّ حَدِيْثٍ ؕ بَعْدَهٗ يُؤْمِنُوْنَ ﴿۱۸۵﴾

**ၔင်းပြင်ငါအရှင်မြတ် ဖန်ဆင်းတော်မူသောသူတို့တွင် မှန်ကန်သောတရား ဓမ္မနှင့် အညီ လမ်းညွှန်ကြသည့်အပြင် မိမိတို့ကိုယ်တိုင်လည်း ထိုတရား ဓမ္မနှင့်အညီ (လိုက်နာ) စီရင်ဆုံးဖြတ်သော လူတစ်စုသည်ရှိကြကုန်၏။ (၇ : ၁၈၁)**

**ၔင်းပြင်အကြင်သူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ် မမှန်ဟု ငြင်းပယ်ကြကုန်၏။ ငါအရှင်မြတ်သည် ထိုသူတို့အား (ဂျဟန္နမ်ဘက်သို့) ထိုသူတို့ မသိသောနည်းဖြင့် တဖြည်းဖြည်းဆွဲပေါ့ပူတော် မူအံ့။ (၇ : ၁၈၂)**

**အမှန်သော်ကား ငါအရှင်မြတ်သည် ၎င်းတို့အား (ကာလကြာမြင့်စွာ) ရှေ့ဆိုင်းခွင့်ပေး တော်မူ၏။ ဇကန်စင်စစ် ငါအရှင်မြတ်၏ လျို့ဝှက်စွာကြံစည်မှုသည် အလွန်ခိုင်ခံ့လေသတည်း။ (၇ : ၁၈၃)**

**၎င်းတို့သည် မိမိတို့အဖော် (နဗီတမန်တော်မုဟမ္မဒ်သခင်) ၌ ရူးသွပ်ခြင်း သည်လုံးဝမရှိ ကြောင်း ၎င်းသည်ထင်ရှားသောအသိပေး နိုးဆော်သူတစ်ဦးသာလျှင်ဖြစ် ကြောင်း ကောင်းမွန်စွာ ဆင်ခြင်သုံးသပ်ခဲ့ကြသည် မရှိလေ သလော။ (၇ : ၁၈၄)**

**ထိုသူတို့သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေဝယ် (အလ္လာဟ်အရှင်မြတ်၏) အာဏာစက်တော်ကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ် ဖန်ဆင်းတော်မူသော (သက်ရှိသက်မဲ့) အရာဝတ္ထုအလုံးစုံတို့ကိုလည်းကောင်း၊ မိမိတို့ (သေဆုံးရန်) သတ်မှတ်ထားပြီးဖြစ်သော ကာလအပိုင်းအခြားသည် နီးကပ်လာပြီဖြစ်သည်ကိုလည်းကောင်း၊ မတွေးမမြင် မဆင်ခြင် မသုံးသပ်ကြလေသလော။ ၎င်းတို့သည် ဤ (ကုရ်အာန်ကျမ်းမြတ် ကျရောက်ပြီး)နောက် မည်သည့်စကားကို ယုံကြည်ကြပါဦးမည်နည်း။ (၇ : ၁၈၅)**

ပြီးခဲ့သောအာယသ်များထဲ၌ မေ့လျော့စွာဖြင့် ၎င်းတို့၏စွမ်းအားများကို စနစ်တကျအသုံးမပြုဘဲ အလ္လာဟ်အရှင်မြတ်အား အရှင့်ကောင်းမြတ်တော်မူသော နာမည်တော်များဖြင့် မတသခြင်းအတွက် ကုထုံး တစ်ခုပေးထားပါသည်။ အာယသ်(၁၈၁)ထဲတွင် ဖြောင့်မတ်မှန်ကန်သော လမ်းအား ကျင့်သုံးသူတို့အကြောင်း မိန့်ကြားထားပါသည်။ အာယသ်တော်က ၎င်းပြင်ငါအရှင်မြတ် ဖန်ဆင်းတော်မူသောသူတို့တွင် မှန်ကန်သော တရားဓမ္မနှင့်အညီ လမ်းညွှန်ကြသည့်ပြင် မိမိတို့ကိုယ်တိုင်လည်း ထိုတရားဓမ္မနှင့်အညီ (လိုက်နာ) စီရင်ဆုံးဖြတ်သော လူတစ်စုရှိကြကုန်၏။ (၇:၁၈၁) ဟူ၍ မိန့်ထားသည်။ ဆိုလိုသည်မှာ ထိုသူများသည် အခြားသူများအား ဖြောင့်မတ်မှန်ကန်သော လမ်းကိုညွှန်ပြကာ ၎င်းတို့ကိစ္စရပ်များကို အမှန်တရား (အလ္လာဟ်အရှင့်ဉာဉဒေ)ပြဋ္ဌာန်းချက်များနှင့်အညီ ဆုံးဖြတ်သောသူများဖြစ်ကြပါသည်။

ကိုယ်ပိုင်အရင်းအမြစ်များမှတစ်ဆင့် အိဗ်နဂျရီရဲ၏ တင်ပြချက်တစ်ခုထဲ၌ တမန်တော်မြတ် S သခင်သည် ဤအာယသ်အားဖတ်ရွတ်ပြီး မိန့်ကြားသည်မှာ "ဤအာယသ်တော်ထဲ၌ ရည်ညွှန်းထားသော သူများသည် ကျွန်ုပ်၏ လူများဖြစ်ကြကာ ၎င်းတို့သည်၎င်းတို့၏ ပဋိပက္ခများအား မှန်ကန်မှုနှင့် တရားမျှတမှုအရ ဆုံးဖြတ်ကြပါလိမ့်မည်။ ၎င်းနောက် ထိုသူတို့သည် ၎င်းတို့၏ ဆက်ဆံရေးဟူသမျှတွင် တရားမျှတမှု ကိုလိုက်နာကျင့်သုံးကြလိမ့်မည် ဟူ၍ဖြစ်သည်။

အဗ်ဒ်အိဗ်နဟုမိတ်က တင်ပြထားသည်မှာ တမန်တော်မြတ် S သည် သူ၏ဆွေဟာဗဟ်တို့အား ဦးတည်ပြောကြားရာ၌ မိန့်ကြားသည်မှာ "ဤအာယသ်သည် အသင်တို့၏ကောင်းကျိုးအတွက် ချပေးသနားတော်မူခဲ့ပါသည်။ ၎င်းနောက် အသင်တို့အလျင်ကလည်း အလားတူဂုဏ်ရည်များရှိသော လူတစ်စုရှိခဲ့ပါသည်" ဟူ၍ ဖြစ်သည်။

၎င်းနောက်တမန်တော်မြတ် S က ဤအာယသ်-

وَ مِنۡ قَوۡمِ مُوۡسَىٰۤ اُمَّةٌ يَّهۡدُوۡنَ بِالۡحَقِّ وَ بِهٖ يَعۡدِلُوۡنَ

"၎င်းပြင် (နဗီတမန်တော်) မူစာ၏အမျိုးသားတို့တွင် လူတစ်စုရှိသည်။ ၎င်းတို့သည် (သူတစ်ပါးတို့အားလည်း) မှန်ကန်သော တရားဓမ္မနှင့်အညီ လမ်းညွှန်ကြလေသည်။ ထို့ပြင် မိမိတို့ကိုယ်တိုင်

လည်း ထိုမှန်ကန်သော တရားဓမ္မနှင့်အညီ စီရင် ဆုံးဖြတ်ကြကုန်သတည်း" (၇း၁၅၉)ကို ဖတ်ခဲ့ပါသည်။

ဆိုလိုသည်မှာ အစွဖေးလ်လူမျိုးများထဲတွင် ဤအာယသ်တော်ထဲ၌ ရည်ညွှန်းထားသည့် ဂုဏ်အင်လက္ခဏာများရှိသည့် လူတစ်စုရှိခဲ့ပါသည်။ ထိုလူစုသည် အခြားသူများတို့အား အမှန်တရားဆီသို့ လမ်းညွှန်ကာ ၎င်းတို့၏ကိစ္စများကိုလည်း သောင်ရာသ်ကျမ်းပါဥပဒေများနှင့်အညီ ဆုံးဖြတ်ခဲ့ကြပါသည်။ အလားတူစွာပင် မုစ်လင်မ် အုမ္မသ်ထုမှာလည်း ၎င်းတို့ပေါ်လွင်ထင်ရှားသည့် လက္ခဏာအနေဖြင့် ဤဂုဏ်အင်္ဂါများ ရှိကြပါသည်။

သတင်းစကား၏အနှစ်သာရမှာ ပထမအနေဖြင့် လူများအား ရှရီအသ်ပြဋ္ဌာန်းချက်များနှင့်အညီ ဖြောင့်မတ်မှန်ကန်သော လမ်းသို့ညွှန်ကြားရန်နှင့် ဒုတိယအနေဖြင့် သူတို့၏ပဋိပက္ခအလုံးစုံတို့အား အစွလာမ်တရားတော်နှင့်အညီ ဆုံးဖြတ်ရန်ဖြစ်သည်။ အထက်ဖော်ပြပါ လက္ခဏာနှစ်ရပ်သည် အမှန်တကယ်ဆိုရသော် ဤကမ္ဘာမှာရော နောင်တမလွန် ဘဝတွင်ပါ အောင်မြင်ခြင်းအတွက် အာမခံထားသောနည်းဖြစ်ပါသည်။ မည်သည့်အုပ်စုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ ၎င်းတို့၏ ဘဝနေနည်းများအားလုံးတို့တွင် တရားမျှတမှုနှင့် မှန်ကန်မှုကိုလိုက်နာ ကျင့်သုံးကာ ဆုံးဖြတ်ချက်ချရာတွင် ၎င်းတို့၏ရန်သူပင်ဖြစ်ပါစေ ပုဂ္ဂိုလ်ရေးအာဃာတကို မထုတ်ဖော်ဘဲ ကျင့်သုံးလိုက်နာသူများသည် ဤအာယသ်တော်ထဲ၌ ရည်ညွှန်းထားသော အမှန်တရား၏လူများဖြစ်ကြပါသည်။ မှန်ကန်ခြင်းနှင့် တရားမျှတမှုတို့၏ တောင်းဆိုချက်များ အတိုင်း လိုက်နာကျင့်သုံးကာ လူအများအတွက် အဆုံးအဖြတ်ပြုရာ၌ ပုဂ္ဂလိကဦးစားပေးမှုများကို ကျော်လွှားကာ လုပ်ဆောင်သော မုစ်လင်မ် အုမ္မသ်ထုသည်လည်း အလားတူအဓိကကျသော လက္ခဏာများရှိကြပါသည်။ မြင့်မြတ်သောဆွဟာဗဟ်ကြီးများနှင့် ၎င်းတို့၏ နောက်လိုက်ကြီးများ၏ ဘဝများတွင် ထိုကဲ့သို့မှန်ကန်သော လုပ်ရပ်တို့၏ ပြိုင်စံရှား နမူနာများကို သမိုင်းကမှတ်တမ်းတင်၍ ထားခဲ့ပါသည်။

မုစ်လင်မ်များ သူတို့၏အကျင့်စာရိတ္တမှ ဤပေါ်လွင်ထင်ရှားသည့် လက္ခဏာနှစ်ရပ်အား ရှိသေလေးစားမှုမပြသသည့်နေ့မှစ၍ သူတို့ဘဝ၏ အသိုင်းအဝိုင်းတို့တွင် ပေါ်လွင်ထင်ရှားသည့် ဆုတ်ယုတ်မှုများ စတင်ပေါ်ပေါက်လာပါလိမ့်မည်။ ဝမ်းနည်းစွာဖြင့် မုစ်လင်မ်အုမ္မသ်ထုတို့သည် သူတို့၏ပုဂ္ဂိုလ်ရေးဆန္ဒများ၏ သားကောင်များ ဖြစ်သွားကြောင်း အသိအမှတ်ပြုရပါမည်။ ၎င်းတို့၏လုပ်ရပ်များ ဖြစ်သော နိုင်ငံရေး၊ လူမှုရေးနှင့်ပညာရေးဆိုင်ရာ အစီအမံအားလုံးသည် လောကီဆိုင်ရာ အကျိုးအမြတ်များက စေ့ဆော်ထားပါသည်။ အခြားသူများအတွက် ၎င်းတို့၏ လမ်းညွှန်မှုမှာလည်း အချို့သောလောကီရေးရာဆိုင်ရာ အကျိုးအမြတ်ရရှိရေးကိုသာ အထူးတလည် ဦးတည်ထားပါသည်။ များစွာသော ၎င်းတို့၏မိသားစုဆိုင်ရာ အခမ်းအနားများသည် အစွလာမ်စရိုက် လက္ခဏာများ ကင်းမဲ့ရုံသာမက ရှရီအသ်တော်ကို ဆန့်ကျင်သည့်အပြုအမူများ ထုတ်ဖော်ပြသကြပါသည်။ အချို့သော မိသားစုဆိုင်ရာဓလေ့ထုံးစံများကို ဘာသာရေးဆိုင်ရာ အခမ်းအနားများဟု အမည်တပ်ထားပါသည်။ မည်သူမဆို ဤအသစ်တီထွင်မှုများအား ဆန့်ကျင်ခြင်းကိုလည်းကောင်း၊ မနှစ်သက်ကြောင်းကိုလည်းကောင်း ပြသပါက ၎င်းတို့သည် ထိထိရောက်ရောက် ဆန့်ကျင်ခြင်းခံရပါလိမ့်မည်။ လူအများသည် အမှန်တရားနှင့် တရားမျှတမှုပြန့်ပွားရေး သက်သက်အတွက် စည်းရုံးဆောင်ရွက်ရန် စိတ်မဝင်စားတော့ပါ။

ဤကဲ့သို့သော တွေးတောမှုနှင့် လုပ်ဆောင်မှုလမ်းစဉ်သည် မုစ်လင်မ်အများစုအား ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်စေနိုင်သည်ကို ၎င်းတို့အား သိရှိနားလည်စေရန် ပြုလုပ်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပါ။ မုစ်လင်မ်

အုမ္မသ်ထု ဂုဏ်သိက္ခာပြန်လည်ရရှိစေရန်နှင့် ထိုသူများတိုးတက်မှုနှင့် ကြီးပွားမှုလမ်းပေါ်သို့ ပြန်လည်ရောက်စေသည့် တစ်ခုတည်းသောနည်းလမ်းမှာ ဤအာယသ်တော်က အကြံပြုသော မှန်ကန်ခြင်းနှင့် တရားမျှတခြင်းနည်းကို လိုက်နာကျင့်သုံးရပါမည်။ မုစ်လင်မ်များအား ဤတန်ဖိုးများကို သတိမူမိစေ ရန်အတွက် အသိရှိရှိကြိုးပမ်းအားထုတ်မှုများ ပြုလုပ်သင့်ပါသည်။ နောက်အာယသ်(၁၈၂)ထဲတွင် မုစ်လင်မ်များအား အနှောင့်အယှက်ဖြစ်စေသည့် ယေဘုယျ မေးခွန်းအတွက် အဖြေပေးထားပါသည်။ အကယ်၍သာ ကြီးပွားချမ်းသာခြင်းနှင့် တိုးတက်ခြင်းတို့သည် အမှန်တရားနှင့် တရားမျှတခြင်း နည်းလမ်းကို လိုက်နာကျင့်သုံးခြင်းဖြင့်သာ ရရှိနိုင်ပါသည်ဟုဆိုခဲ့ပါလျှင် အမှန်တရားမှကွာဝေးသော ကမ္ဘာပေါ်ရှိ မုစ်လင်မ်မဟုတ်သည့် နိုင်ငံများသည် အဘယ်ကြောင့် ပိုမိုကြီးပွား၊ ပိုမိုတိုးတက်ပြီး၊ ပိုမိုသြဇာအာဏာကြီးပွားနေသနည်း၊ ဤမေးခွန်းအား အာယသ်တော်က

وَالَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا سَنَسْتَدْرِجُهُمْ مِّنْ حَيْثُ لَا يَعْلَمُوْنَ

"ငင်းပြင် အကြင်သူတို့သည် ငါအရှင်မြတ်၏ သက် သေလက္ခဏာတော်များကို မဟုန်မမှန်ဟု ငြင်းပယ်ကြကုန်၏။ ငါအရှင် မြတ်သည် ထိုသူတို့အား (ဂျဟန္နမ်ဘက်သို့) ထိုသူတို့ မသိမသာ နည်းဖြင့် တဖြည်းဖြည်း ဆွဲယူတော်မူအံ့" (၇ း ၁၈၂) ဟူသော စကားလုံးဖြင့် ဖြေကြားထားခဲ့သည်။

ဆိုလိုသည်မှာ အလ္လာဟ်အရှင်သည် အရှင့်လက္ခဏာတော်များ (သို့မဟုတ်) အရှင့်အာယသ်တော်များအား ငြင်းပယ်သောသူတို့ကို ငင်းတို့၏ ပြစ်မှုဂုနာဟ်များအတွက် ချက်ချင်း ပြစ်ဒဏ်ခတ်တော်မမူပါ။ အရှင်မြတ်သည် အရှင်၏ ဟိစ်က်မသ်ညာဏ်တော်နှင့် အသနားတော်အရ ငင်းတို့၏လောကီဘဝအား ခဏတာမျှခံစားစေပြီး၊ ငင်းတို့၏ ဆိုးရွားသော ကံကြမ္မာဆီသို့ ငင်းတို့သိရှိခြင်းမရှိဘဲ တဖြည်းဖြည်းဆွဲခေါ်သွားကာ ငင်းတို့၏ ရုဂ်ဖွယ်လိလိ အဆုံးသတ်မှုဆီသို့ ရောက်စေပါသည်။ မုစ်လင်မ်မဟုတ်သူများ၏ လက်ရှိကြီးပွားချမ်း သာမှုနှင့် တိုးတက်မှုတို့သည် လူအများအား မလှည့်စားစေသင့်ပါ။ အဘယ်ကြောင့်ဆိုသော် သူတို့၏ တိုးတက်ကြီးပွားမှုသည် တကယ်တမ်းဆိုရလျှင် မုစ်လင်မ်များအတွက် မကောင်းသောလက္ခဏာတစ်ရပ် မဟုတ်ပါ။ ယင်းသည် ဆိုင်းငံ့ထားခြင်းတစ်မျိုးဖြစ်ကာ ငင်းတို့အား ပြစ်ဒဏ်မချမှတ်မီ ယာယီသက်သာခွင့် ပေးထားသောအချိန်ကာလဖြစ်ကာ ယင်းအား ကုရ်အာန်ကျမ်းတော်မြတ် အသုံးအနှုန်းအရ (اِسْتِدْرَاجٌ) အစ်သိဒ်ရာဂျ်ဟု ခေါ်ပါသည်။ အစ်သိဒ်ရာဂျ်ဆိုသည်မှာ ပိုမိုပြင်းထန်သော ပြစ်ဒဏ်ခတ်မှုအား ဖုံးအုပ်ထားခြင်းဖြစ်သည်။ အစ်သိဒ်ရာဂျ်၏ အရေးပါသောအချက်မှာ သူ၏မကောင်းမှုလုပ်ရပ်များအတွက် လူတစ်ဦးအား ချက်ချင်း ပြစ်ဒဏ်မခတ်ခြင်းပင်ဖြစ်ပါသည်။ သူ၏မကောင်းမှုလုပ်ရပ်များ တိုးပွားလာလေ၊ သူ၏တိုးတက်ကြီးပွားမှုနှင့် လောကီဆိုင်ရာ ပိုင်ဆိုင်မှုများတိုးပွားလေလေဖြစ်ပါသည်။ ယင်းသည်တို့က သူ့အားအပြစ်ရှိသည်ဟူသော အသိစိတ်ရှိခြင်းနှင့် သူ၏ပြစ်မှုများအတွက် သတိပေးခြင်းတို့အား တားဆီးစေပါသည်။ အကျိုးဆက်မှာ အလ္လာဟ်အရှင် ဘက်တော်သို့ လှည့်ကာ ဝန်ချတောင်းပန်ခြင်းနှင့် ထာဝရပြစ်ဒဏ်ခတ်ခံရမှုမှ သူ့အား ကယ်တင်ခံရခြင်းတို့ လက်မဲ့ဖြစ်သွားစေပါသည်။ ဤလမ်းမှန်မှ သွေဖည်သွားသော စိတ်အနေအထားသည် တစ်စုံတစ်ဦးအား နာမကျန်း ဖြစ်ခြင်းအား ကျန်းမာခြင်းဟူ၍ လည်းကောင်း၊ အဆိပ်ကိုလည်း ဆေးအဖြစ် မှတ်ယူစေပါသည်။ သူသေဆုံးသည် အထိ သူ့အား လမ်းမှားတွင် ရှိနေသောအဖြစ်ဖြင့် နေစေကာ ထာဝရပြစ်ဒဏ်ခတ်မှုဆီသို့ ရောက်စေပါသည်။

အစ်သိဒ်ရာဂျ်နှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်သည် မြောက်မြားစွာသော အာယသ်တော်များထဲတွင် ပြထားပါသည်။ စူရဟ်အလ်အန်အာမ်ထဲ၌-

فَلَمَّا نَسُوْا مَا ذُكِّرُوْا بِهٖ فَتَحْنَا عَلَيْهِمْ اَبْوَابَ كُلِّ شَيْءٍ ؕ حَتّٰٓى اِذَا فَرِحُوْا بِمَآ اُوْتُوْٓا اَخَذْنٰهُمْ بَغْتَةً فَاِذَا هُمْ مُّبْلِسُوْنَ

ထို့နောက် ၎င်းတို့သည် မိမိတို့အား သတိပေးနှိုးဆော်ခြင်းခံကြရလေသောကိစ္စများကို မေ့ပျောက်ထားခဲ့ကြ၏။ ထိုအခါ ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ ခပ်သိမ်းကုန်သော စည်းစိမ်တို့၏ တံခါးများကို ဖွင့်လှစ်ပေးတော်မူလိုက်၏။ နောက်ဆုံးတွင် ၎င်းတို့သည် မိမိတို့ရရှိကြကုန်သော စည်းစိမ်တို့နှင့်စပ်လျဉ်း၍ မော်ကြွား၍လာကြပြန်သောအခါ ငါအရှင်မြတ်သည် ၎င်းတို့အားဖမ်းဆီး (ပြစ်ဒဏ်ပေး) တော်မူလိုက်၏။ ထိုအခါ ၎င်းတို့သည် မျှော်လင့်ချက် ကုန်ဆုံးတွေဝေ မိန်းမောသွားကြလေသတည်း။ (၆ း ၄၄)ဟု မိန့်ထားသည်။

အစ်သိဒ်ရာဂျ်ကိစ္စသည် မယုံကြည်သွေဖည်သူများအတွက်သာ ကန့်သတ်ထားသည်မဟုတ်ပါ။ မုစ်လင်မ်များတွင် တရားနှင့်ဖီလာဆန့်ကျင်သူများကိုလည်းပဲ ဤကဲ့သို့သောပြစ်ဒဏ်ခတ်မှုမျိုးဖြင့် ဆက်ဆံပါသည်။ ဤသည့် အတွက်ကြောင့် ကျွန်ုပ်တို့၏ အကြီးအကဲများသည် အလွှာဟ်အရှင်မြတ်က ၎င်းတို့အား တိုးတက်ကြီးပွားခြင်းနှင့် သက်သောင့်သက်သာဖြစ်စေခြင်းတို့ဖြင့် ထောက်ပံ့ခဲ့ပါလျှင် ၎င်းတို့သည် စိုးရိမ် ကြောင့်ကြကြပါသည်။ ၎င်းတို့၏ ကြီးပွားချမ်းသာမှုသည် အစ်သိဒ်ရာဂျ်၏ လက္ခဏာတစ်ရပ်ဖြစ်သွားမည်ကို ၎င်းတို့စိုးရိမ်ကြပါသည်။

နောက်အာယသ် (၁၈၃)သည်လည်း အစ်သိဒ်ရာဂျ်အကြောင်းနှင့် ဆက်နွယ်ပါသည်။

وَ اُمْلِيْ لَهُمْ ؕ اِنَّ كَيْدِيْ مَتِيْنٌ

"အမှန်သော်ကား ငါအရှင်မြတ်သည် ၎င်းတို့အား (ကာလကြာမြင့်စွာ) ရွှေ့ဆိုင်းခွင့်ပေးတော်မူ၏။ ဇကန်စင်စစ် ငါအရှင်မြတ်၏လှုပ်ရှားကြံစည်မှုသည် အလွန်ခိုင်ခံ့လေသတည်း"ဟူ၍မိန့်ထားသည်။

ဆိုလိုသည်မှာ မယုံကြည်သွေဖည်သူတို့အား သူတို့၏လောကီဘဝကို ခဏတာမျှ ခံစားစေပါသည်။ ထို့နောက် ၎င်းတို့သည် ပြစ်ဒဏ်ပေးခြင်းကို ခံရပါလိမ့်မည်။

အာယသ်(၁၈၄)ထဲတွင် တမန်တော်မြတ် S သည် စိတ်မနှံ့သောသူ (သို့မဟုတ်) (အပမှ်)နေသောသူဟူ၍ မယုံ ကြည်သွေဖည်သူများ၏ မှားယွင်းသော ထင်မြင်ချက်ကို မမှန်ကြောင်း ငြင်းဆိုထားပါသည်။ အာယသ်တော်က-

اَوَ لَمْ يَتَفَكَّرُوْا ؕ مَا بِصَاحِبِهِمْ مِّنْ جِنَّةٍ ؕ اِنْ هُوَ اِلَّا نَذِيْرٌ مُّبِيْنٌ

"၎င်းတို့သည် မိမိတို့အဖော် (နဗီတမန်တော်မုဟမ္မဒ်)၌ ရူးသွပ်ခြင်းသည် လုံးဝမရှိကြောင်း၊ ၎င်းသည်ထင်ရှားစွာသော အသိပေးနှိုးဆော်သူတစ်ဦးသာလျှင်ဖြစ်ကြောင်း ကောင်းမွန်စွာဆင်ခြင်သုံးသပ်ခဲ့ကြသည် မရှိလေသလော" ဟူ၍ မိန့်ထားသည်။

အာယသ်တော်ကမိန့်သည်မှာ ၎င်းတို့ အနည်းငယ် တွေးတောဆင်ခြင်ရုံမျှဖြင့် တမန်တော်မြတ် S သည် စိတ်မနှံ့သူတစ်ဦးမဖြစ်ရုံသာမက "ဂျင်နှ်"များ၏ လွှမ်းမိုးမှုခံနေရသူ တစ်ဦးမဟုတ်ကြောင်း သက်သေပြနိုင်ပါသည်။ တမန်တော်မြတ် S ၏အနှိုင်းမဲ့အသိပညာတို့သည် သူ၏ပုဂ္ဂိုလ်ရေးဆိုင်ရာထင်ရှားသော လက္ခဏာတစ်ရပ်ဖြစ်ပါသည်။ အထူးတလည် ထိုးထွင်းဉာဏ်နှင့် အသိပညာဉာဏ်ကြီးသော သူတစ်ဦးအား ရူးသွပ်သူအဖြစ် မည်ကဲ့သို့ စွပ်စွဲနိုင်ပါ

သနည်းဟူ၍ အသိပညာရှိသူဟု အခိုင်အမာပြောဆိုသူများအတွက် အထူးတလည် စိတ်ရှုပ်ထွေးသွားစေပါသည်။ တမန်တော်မြတ် ﷺ အား ရူးသွပ်သူဟုစွပ်စွဲခြင်းကပင်လျှင် ရူးသွပ်မှုဖြစ်သည်။ တမန်တော်မြတ် ﷺ သည် စစ်မှန်ခြင်းတို့အား ရှင်းလင်းစေသောသူနှင့် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုနှင့်ပတ်သက်၍ သတိပေးပြောကြားသူ တစ်ဦးသာဖြစ်ပါသည်။

အာယသ်(၁၈၅)က လူသားတို့အား အလွန်အရေးကြီးသော ကိစ္စနှစ်ရပ်ကိုလေ့ကျင့်ရန် ဖိတ်ခေါ် ထားပါသည်။ ပထမအနေဖြင့် စကြဝဠာ၊ ကမ္ဘာမြေကြီးနှင့် ယင်းတို့အကြား တည်ရှိနေသောအရာများအား အလ္လာဟ် အရှင်မြတ်၏ ဖန်ဆင်းမှုကို တွေးတွေးဆဆ စူးစမ်းလေ့လာရန်ဖြစ်ပါသည်။ ဒုတိယအနေဖြင့် တစ်ဦးစီ၊ တစ်ဦးစီတို့၏ ဘဝသက်တမ်းကို သတိပြုရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တိုင်းတွင်ရှိသော အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်နှင့် ဟစ်မသ်ညာဏ်တော်တို့၏ လက္ခဏာတော်များကို နားလည်သဘောပေါက်နိုင်ရန်အတွက် ဉာဏ်ပညာရှင်ကြီး တစ်ဦးဖြစ်ရန်မလိုပါ။ အနည်းငယ် လေးလေးနက်နက် တွေးခေါ်ရုံမျှဖြင့် တစ်စုံတစ်ဦးသည် အရာရာတိုင်းသာမက သေးငယ်သောမြူမှုန်လေးတို့က ယင်းတို့၏ ဖန်ဆင်းရှင်အား ချီးကျူးထောပနာပြု သီဆိုနေမှုကိုပင် မြင်တွေ့နိုင်ပါသည်။ ယင်းသည်ကား အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်နှင့် ဉာဏ်တော်တို့အတွက် ခိုင်မာသော သက်သေပြချက်တစ်ရပ်ဖြစ်ပါသည်။ မည်သူမဆို အရာရာကို သတိရှိရှိလေ့လာမှုပြုရာတွင် သူ၏အသိဉာဏ်အား အသုံးချပါက "အီမာန်" ယုံကြည်မှု၏သဘာဝ တောင်းဆိုချက်တစ်ရပ်ဖြစ်သော အလ္လာဟ်အရှင်တစ်ပါးတည်းသာ ဖြစ်သည်ဆိုသည်ကို မသိနိုင်သည် မရှိ။ တစ်စုံတစ်ဦး၏ ဘဝသက်တမ်း ရေရာသေချာမှုမရှိကြောင်း သတိမူမိခြင်းက သူ၏ ရည်မှန်းချက်များ ရရှိရန်အတွက် သူအား ပိုမိုတက်ကြွစေပါသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ ဘဝသက်တမ်း အချိန်ကာလသည် သူအတွက် မည်မျှကျန်ရှိနေသည်ကို မသေချာသောကြောင့်ဖြစ်ပါသည်။ အလုံးစုံသော ရာဇဝတ်မှုများနှင့် မကောင်းမှုလုပ်ရပ်များသည် တစ်စုံတစ်ဦး၏သေဆုံးခြင်းကို အလေးမမူသောကြောင့် ကျူးလွန်ခြင်းကို သတိမူမိပါလိမ့်မည်။ သူတို့၏ဘဝသက်တမ်း မရေရာမှုကို သတိမူမိသောသူများသည် မလိုလားအပ်သော လုပ်ရပ်များတွင် ပါဝင်ပတ်သက်ခြင်းမှ များသောအားဖြင့် ရှောင်ရှားကြပါသည်။ တမန်တော်မြတ် ﷺ သခင်က မိန့်ကြားသည်မှာ

اَكْثِرُوْا ذِكْرَ هَاذِمِ اللَّذَّاتِ الْمَوْتُ

"အရသာများကို ဖြတ်တောက်ပစ်မည့် သေခြင်းတရားကို များစွာ သတိရပါ" ဟူ၍ဖြစ်သည်။

ထို့ကြောင့် အာယသ်(၁၈၅)က "ထိုသူတို့သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေဝယ် (အလ္လာဟ်အရှင်မြတ်) အာဏာစက်တော်ကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ် ဖန်ဆင်းတော်မူသော (သက်ရှိသက်မဲ့) အရာဝတ္ထု အလုံးစုံတို့ကိုလည်းကောင်း၊ မိမိတို့ (သေဆုံးရန်) သတ်မှတ်ထားပြီးဖြစ်သော ကာလအပိုင်းအခြားသည် နီးကပ်လာပြီ ဖြစ်သည်ကိုလည်းကောင်း၊ မတွေးမမြင်၊ မဆင်မခြင် မသုံးသပ်ကြလေသလော" ဟူ၍ မိန့်ကြားထားသည်။

အရဗီစကားလုံး **مَلَكُوْتُ** (မလကူသ်)သည် "စိုးပိုင်တော်မူခြင်း" ဟုဖော်ညွှန်းကာ အမြင့်ဆုံးအဆင့် အနေဖြင့် အကြီးအကျယ်ဆုံး စိုးပိုင်တော်မူခြင်းဟု ရည်ညွှန်းပါသည်။ အာယသ်တော်က ရည်ညွှန်းသည်မှာ မယုံကြည်သွေဖည်သူများသည် အလ္လာဟ်ဖန်ဆင်းသည့် အရာအားလုံးတို့တွင် ထင်ရှားစွာရှိနေသော အမှန်တရားကိုရှာဖွေရန်အတွက် ၎င်းတို့၏ယေဘုယျအသိဉာဏ်ပညာကို အသုံးမချသကဲ့သို့ ၎င်းတို့၏မရေရာသော ဘဝသက်တမ်းသည် အချိန်မရွေးအဆုံးသို့ ရောက်သွားနိုင်သည်ကို သတိမမူကြပါဟူ၍ဖြစ်သည်။ ယင်းကြောင့် ထိုသူတို့သည် ၎င်းတို့၏

မကောင်းမူလုပ်ရပ်များအတွက် အလ္လာဟ်အရှင်မြတ်ထံ ဝန်ချတောင်းပန်ရန်နှင့် အမှန်တရားကို လက်ခံရန်ဆိုသည့် အခွင့်အလမ်းများ လက်မဲ့ဖြစ်သွားစေပါသည်။ အာယသ်တော်၏ နောက်ဆုံးဝါကျက ၎င်းတို့အား သတိပေးမိန့်ထားသည်မှာ- "၎င်းတို့သည် ဤ(ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်ပြီး)နောက် မည်သည့်စကားကို ယုံကြည်ကြပါဦးမည်နည်း" ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်သည် ၎င်းတို့အား စစ်မှန်သောယုံကြည်မှု "အီမာန်" နှင့် ဖြောင့်မတ်မှန်ကန်သောလမ်းတို့၏ အတွင်းပိုင်းရော၊ အပြင်ပိုင်းဆိုင်ရာတို့၏ မြင်သာသောလက္ခဏာများအား ပေးသနားထားတော်မူပါသည်။ ထိုကဲ့သို့ ထင်ရှားသောလက္ခဏာများအား သတိမမူသောသူတို့အတွက် ဖြောင့်မတ်မှန်ကန်သော လမ်းဆီ သို့ ညွှန်ကြားရန် မည်သည်မှမရှိတော့ပါ။

## အာယသ် (၁၈၆-၁၈၇)

مَنْ يُّضْلِلِ اللّٰهُ فَلَا هَادِيَ لَهٗ ؕ وَ يَذَرُهُمْ فِيْ طُغْيَانِهِمْ يَعْمَهُوْنَ ﴿۱۸۶﴾ يَسْـَٔلُوْنَكَ
عَنِ السَّاعَةِ اَيَّانَ مُرْسٰهَا ؕ قُلْ اِنَّمَا عِلْمُهَا عِنْدَ رَبِّيْ ۚ لَا يُجَلِّيْهَا لِوَقْتِهَاۤ اِلَّا هُوَ ؕ
ثَقُلَتْ فِي السَّمٰوٰتِ وَ الْاَرْضِ ؕ لَا تَاْتِيْكُمْ اِلَّا بَغْتَةً ؕ يَسْـَٔلُوْنَكَ كَاَنَّكَ حَفِيٌّ عَنْهَا ؕ
قُلْ اِنَّمَا عِلْمُهَا عِنْدَ اللّٰهِ وَ لٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ ﴿۱۸۷﴾

**အကြင်သူအား အလ္လာဟ်အရှင်မြတ်သည် လမ်းမှားစေတော်မူအံ့။ ထိုသူ၌ တရားလမ်းမှန်ကို ညွှန်ကြားပြသမည့်သူဟူ၍ အလျဉ်းရှိတော့မည် မဟုတ်ပေ။ ၎င်းပြင် ထိုအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ ခေါင်းမာမှု၌ပင် တဝေ့လည်လည် ဖြစ်စေလျက် စွန့်ပစ်၍ထားတော်မူအံ့သတည်း။ (၇:၁၈၆)**

**၎င်းတို့သည် (ပြက်ရယ်ပြောင်လှောင်သော သဘောနှင့်) အသင့်အား ကိယာမသ် ရှင်ပြန်ထမည့်နေ့နှင့် စပ်လျဉ်း၍ "ထိုကိယာမသ် ရှင်ပြန်ထမည့်နေ့သည် မည်သည့် အချိန်အခါ၌ ဆိုက်ရောက်မည်နည်း" ဟု မေးမြန်းကြကုန်၏။ အသင်သည် ၎င်းတို့အား (ဤသို့) ဖြေကြားပါလေ၊ (အို-အချင်းတို့) ထိုကိယာမသ် ရှင်ပြန်ထမည့်နေ့နှင့် စပ်လျဉ်းသောအသိကား ငါ၏အရှင်မြတ်ထံတော်၌သာလျှင်ရှိ၏။ ထိုအရှင်မြတ်သည်သာလျှင် ယင်းကိယာမသ်နေ့ကို ထိုကိယာမသ် (ဆိုက်ရောက်မည့်) အချိန်ကာလတွင် ပေါ်လွင်ထင်ရှားစေတော်မူအံ့။ ထိုကိယာမသ် (ဆိုက်ရောက်ခြင်းသည်) မိုးကောင်းကင် များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ အလွန်လေးလံ (ကြီးကျယ်လှသော ကိစ္စတစ်ရပ်ဖြစ်)၏။ ယင်းကိယာမသ်သည်အသင်တို့ထံ ရုတ်တရက်ရောင်တခင်းအားဖြင့်သာ ဆိုက်ရောက်လာပေမည်။ ၎င်းတို့သည် အသင့်အား ထိုကိယာမသ်နှင့်စပ်လျဉ်း၍ အသင်သည်ကောင်းမွန်စွာ လေ့လာစူးစမ်းပြီး ဖြစ်ဘိသကဲ့သို့ပင် မေးမြန်းကြလေသည်။ အသင်သည် (၎င်းတို့အား ဤသို့) ဖြေကြားပါလေ။ (အို-အချင်းတို့) ထိုကိယာမသ်နှင့် စပ်လျဉ်းသောအသိကား အလ္လာဟ်အရှင်မြတ်ထံတော်၌ သာလျှင်ရှိ၏။ သို့ရာတွင် အများဆုံးသောသူတို့မူကား (ဤမျှလောက်ပင်) မသိနားမလည်ကြပြီတကား။ (၇:၁၈၇)**

ပြီးခဲ့သောအာယသ်များထဲ၌ အလ္လာဟ်အရှင်မြတ်က အရှင်မြတ်၏ထင်ရှားသော လက္ခဏာတော်များကို ၎င်းတို့အား ပြသလင့်ကစား မယုံကြည် သွေဖည်ငြင်းပယ်သူများ၏ ခေါင်းမာစွာ လျစ်လျူရှုမှုကြောင့် စစ်မှန်သော အီမာန် ယုံကြည်မှုကို ငြင်းပယ်ခဲ့ကြောင်း ဖော်ပြထားသည်။ ဤသည်မှာ တမန်တော်မြတ် ﷺ သခင်အတွက် ဝမ်းနည်း ပူဆွေး ဖွယ်အကြောင်း ဖြစ်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်မြတ် ﷺ သခင်သည် အလွန်ကြင်နာ ထောက်ထား၍ လူသားတို့ကို အကြီးကျယ်ဆုံးသော ကောင်းကျိုးလိုလားသူ ဖြစ်သောကြောင့်ဖြစ်သည်။ အာယသ်(၁၈၆)တွင် ကိုယ်တော်မြတ် ﷺ သခင်အား နှစ်သိမ့်မှုတစ်ခုပေးထားသည်မှာ အလ္လာဟ်အရှင်မြတ်သည် မသိနားမလည်မှုတွင် ပစ်ထားသော မည်သူ့ကိုမဆို ၎င်း၏မကောင်းမှုများတွင် ဆက်လက်လုပ်စေ၍ ၎င်းကို မည်သူတစ်ဦးတစ်ယောက်ကမျှ လမ်းညွှန်မှုမပြုနိုင်ပါ။ ထို့နောက် ထိုသူ့အား သူ၏စက်ဆုပ်ဖွယ်ဆန္ဒများအတိုင်း ပစ်ထားပါသည်။ ဆိုလိုသည်မှာ တမန်တော်မြတ် ﷺ သခင်သည် အလ္လာဟ်အရှင်မြတ်၏ သတင်းစကားကို ပို့ဆောင်ရန်ဟူသည့် တာဝန်အား ရှင်းလင်းနိုင်သမျှ ရှင်းလင်းစွာ ပို့ဆောင်ခဲ့သည်။ ထို့နောက် ထိုသူတို့က စစ်မှန်သော ယုံကြည်ချက်ကို ပစ်ပယ်မှုသည် ကိုယ်တော်မြတ်၏ အပြစ်တစ်စုံတစ်ရာမဟုတ်ချေ။

စူရဟ်အလ်အာရဖ်ပါ အကြောင်းအရာများအနက် အကြောင်းအရာ(၃)ရပ်မှာ အလွန်အရေးကြီးသည်။ ယင်းတို့မှာ (၁) အလ္လာဟ်အရှင်တစ်ပါးတည်းတည်ရှိတော်မူခြင်း (သောင်ဟီးဒ်)၊ (၂) တမန်တော်ဖြစ်ခြင်း (ရီစာလသ်) နှင့် (၃) နောင်တမလွန်ဘဝ အာခေရသ် **آخرت** တို့ဖြစ်သည်။ ဤမူ(၃)ရပ်သည် စင်စစ် အစွမ်းလာမ့် အဆောက်အအုံတစ်ခုလုံး၏ အဓိကအစိတ်အပိုင်းဖြစ်သည်။ ပထမမူနှစ်ရပ်ဖြစ်သည့် သောင်ဟီးဒ်နှင့် ရိစာလတ်တို့၏ ရှင်းလင်းဖော်ပြချက်ကို ပြီးခဲ့သော အာယသ်များတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

အာယသ်(၁၈၇)ထဲတွင် တတိယမူဖြစ်သော နောင်တမလွန်ဘဝ အာခေရသ်ကို မိန့်ထားသည်။ ကသာဒဟ် d ၏ ခိုင်လုံမှုအရ အိဗ်နုဂျရီးရ်နှင့် အဗ်ဒ် အိဗ်နုဟုမာဒ် တို့တွင်တင်ပြခဲ့သည့် အောက်ဖော်ပြပါအဖြစ်အပျက်နှင့် ဤအာယသ်တော်ကျရောက်ခဲ့မှု ဆက်နွယ်ပါသည်။

တမန်တော်မြတ် ﷺ သခင်က ၎င်းတို့အား မကြာခဏသတိပေးသည့် ကိယာမသ်ဖြစ်မည့်အချိန်သည် မည်သည့် အချိန်ပါနည်းဟု မက္ကာဟ်မြို့ရှိ ကိုရိုက်ရှ်လူမျိုးများက ကိုယ်တော်မြတ် ﷺ အား ပြက်ရယ်ပြု၍မေးမြန်းခဲ့သည်။ ဤမေးခွန်းအား တုံ့ပြန်သည့်အနေဖြင့် ဤအာယသ်တော်ကျရောက်ခဲ့သည်။

အရဗီစကားလုံး **ساعة** စာအသ်သည် အချိန်နာရီ (သို့မဟုတ်) မိနစ် မည်ရွေ့မည်မျှ ဖော်ပြမထားသည့် တိုတောင်းသောကာလကို ဖော်ညွှန်းသကဲ့သို့ ကျွန်ုပ်တို့၏ ပြက္ခဒိန်အရ နေ့ည(၂၄)ယူနစ် ပါဝင်သော အုပ်စုတစ်စုကို ရည်ညွှန်းသည်။ ကုရ်အာန်ကျမ်းတော်မြတ် အသုံးအနှုန်းအရဆိုလျှင် ယင်းစကားလုံးသည် ဖန်ဆင်းခံအားလုံး တည်ရှိခြင်း မရှိသောနေ့ကို ရည်ညွှန်းသကဲ့သို့ ဖန်ဆင်းခံအားလုံးသည် ပြန်လည်ရှင်ပြန်ထရန် အရာခပ်သိမ်း ဖန်ဆင်းတော်မူသည့် အရှင်သခင်ရှေ့တော်မှောက်တွင် ပြန်လည်ရောက်ရှိသည့်နေ့ကိုလည်း ရည်ညွှန်းသည်။ **مُرْسٰى** မုရ်စာဟူသည်မှာ ရပ်တန့်ခြင်း (သို့မဟုတ်) ရပ်နားခြင်းကို ဖော်ညွှန်း၍ **لَا يُجَلِّيْهَا** သည် **تَجْلِيَه** မှ ဆင်းသက်သောစကားလုံးဖြစ်၍ ဖွင့်လှစ်ခြင်း (သို့မဟုတ်) ပွင့်လင်းစေခြင်းကို ဆိုလိုသည်။ **بغتة** ဗဂ်တတန်သည် ရုတ်တရက်ချက်ချင်းဟု အဓိပ္ပာယ်ပေါက်၍ အဗ်ဒုလ္လာဟ်အိဗ်နအဗ္ဗာစ် d သခင်၏ အဆိုအရ **حَفِيٌّ** ဟဖီးယ္ဗမ်ဟူသောစကားလုံးသည် ပညာရှင် (သို့မဟုတ်) တတ်သိ နားလည်သူတစ်ဦးကို သုံးနှုန်းသည်။ ဤစကားလုံးသည် တစ်စုံတစ်ဦးသည် သူ၏ကြိုးပမ်း အားထုတ်မှုများနှင့် အရင်းအမြစ် အားလုံးကို တစ်စုံတစ်ရာသေချာစေရန်အတွက် ယေဘုယျ သုံးနှုန်းသည်။

ဤအာယသ်၏ အနှစ်သာရမှာ ကိယာမသ်၏တိကျသောအချိန်ကို တိတိကျကျ မသိပါ။ ထို့ပြင်ယင်းကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ အသိပေးလိမ့်မဟုတ်ကြောင်း မက္ကာဟ်မြို့ရှိကုရိုက်ရှ်တို့ကို ဖြေကြားသင့်ကြောင်း ဖြစ်သည်။ ယင်းမှာ အလ္လာဟ်အရှင်မြတ်၏လျှို့ဝှက်ချက်တစ်ခုဖြစ်၍ ယင်းကိယာမသ်ရုတ်တရက် ဖြစ်ခြင်းပင်လျှင် ယင်းကိုထုတ်ဖော်ပြသခြင်းဟူ၍ ကုရ်အာန်ကျမ်းတော်မြတ်၏စကားစု لَا تَأْتِيكُمْ إِلَّا بَغْتَةً "ထိုကိယာမသ်သည် အသင်တို့ထံ ရုတ်တရက် ရောင်တခင်အားဖြင့်သာ ဆိုက်ရောက်လာပေမည်" အရ ဆုံးဖြတ်ထားပါသည်။

ဆွဟာဗဟ်သာဝကကြီး အဗူဟုရိုင်ရဟ် d ၏ နိုင်လုံသောဆင့်ပြန်ချက်အရ အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းများတွင် တင်ပြထားခဲ့သည်မှာ တမန်တော်မြတ် s က ကိယာမသ် ရုတ်တရက်ဖြစ်ပေါ်ခြင်းနှင့် ပတ်သက်၍ မိန့်ထားသည်မှာ ယင်းအချက်ကို လုံခြုံသော လျှို့ဝှက်ချက်တစ်ရပ်အဖြစ် ဖော်ပြထားခဲ့သည်။ ဤသည်၏နောက်ကွယ်ရှိ ဟစ်က်မသ် အသိဉာဏ်ကား လူတို့သည် မိမိသေဆုံးသည့် နေ့ရက်အတိအကျသိခဲ့လျှင် ဘဝကိုငြိမ်းချမ်းစွာ နေထိုင်သွားရန်မဖြစ်နိုင်၍ သူ့ဘဝငြိမ်းချမ်းသာယာစွာနေနိုင်ရန် ယင်းကို ထုတ်ဖော်မထားခြင်းဖြစ်သည်။ ထို့အပြင် ကိယာမသ်နေ့ကို မယုံကြည်သူများသည် ယင်းဖြစ်ပျက်မှု အလွန်ဝေးသော ကာလရှည်တွင်ဖြစ်မည်ဟုသိခဲ့လျှင် သရော် ပြောင်လှောင်ကြလိမ့်မည်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ ဟစ်မသ်ဉာဏ်တော်အရ ကိယာမသ်ကို အတိအကျ မဖော်ပြထားခဲ့ခြင်းမှာ ယင်း၏ကြောက်မက်ဖွယ်ရာ အဖြစ်အပျက်ကို လူအများက မရေမရာနှင့် ကြောက်ရွံ့နေစေရန်ဖြစ်သည်။ စင်စစ် ယင်းသည် ပြစ်မှုကျူးလွန်သူတို့နှင့် စာရိတ္တပျက်ယွင်းမှုတို့အတွက် ထိရောက်သော လုပ်ဆောင်မှုအတိုင်းအတာတစ်ရပ်ဖြစ်သည်။

ဆက်နွယ်မှုအရ အထက်ပါအာယသ်များသည် ကျွန်ုပ်တို့ကို ကိယာမသ်ဖြစ်မည့်နေ့ မလွဲမသွေ ကျရောက်မည်ဆိုသည်ကို ယုံကြည်လိုက်သည်နှင့် တစ်ပြိုင်နက် ဖန်ဆင်းမှုခပ်သိမ်း၏ အရှင်သခင် ရှေ့မှောက်တွင် ဖန်ဆင်းခံများ အားလုံး မလွှဲမသွေရောက်ရှိမည်ဆိုကြောင်း၊ ၎င်းတို့၏ အကြီးအသေး အားလုံးသောလုပ်ရပ်တို့အတွက်စစ်ဆေးခံ ရမည့်အကြောင်း ဤကမ္ဘာလောက၌ ၎င်းတို့လုပ်ဆောင်မှုနှင့် ယင်းတို့သည် ကျွန်ုပ်တို့ စိတ်ဝယ်စွဲမှတ် ရှင်သန်သွားခဲ့လျှင် သေဆုံးရမည့် အချိန်နှင့်ကာလ အတိအကျ သိရှိရမှုသည် ကျွန်ုပ်တို့အတွက် အကြောင်း မဟုတ်တော့ချေ။ ကျွန်ုပ်တို့ဘဝ၏တန်ဖိုးရှိသောအချိန်များကို ကိယာမသ်ကျရောက်မည့်အချိန်အတွက် အချည်းအနှီးဆွေးနွေးမှုများဖြင့် ဖြုန်းတီးခြင်းသည် မိုက်မဲရာကျရောက်မည်။ ယင်းနှင့် ဆန့်ကျင်စွာ လူသား၏ဆင်ခြင်တုံတရားနှင့် အသိဉာဏ်အရ မရေမရာသော ဘဝသက်တမ်း၏ အချိန်တိုင်းသည် ကြီးကျယ်သော တရားစီရင်မည့်နေ့အတွက် ဂရုတစိုက်နှင့် ပြင်ဆင်သုံးစွဲရန်ဖြစ်သည်။ မက္ကာဟ်မြို့ရှိ ကုရိုက်ရှ်တို့ကို ပြန်လည်ဖြေကြားသည့်အဖြေအရ ကိယာမသ် နှင့်ပတ်သက်သော ၎င်းတို့၏မေးမြန်းချက်သည် ၎င်းတို့ မသိနားမလည်မှု၏ ရလဒ်ဖြစ်ကြောင်း ထင်ရှားသည်။ ဤအာယသ်တော်၏ နောက်စကားစုထဲတွင် မက္ကာဟ်မြို့ရှိ မယုံကြည်သူများ၏ အခြားနားလည်မှု လွဲမှားခြင်းကို မိန့်ထားသည်။ ယင်းမှာ-

يَسْـَٔلُونَكَ كَأَنَّكَ حَفِيٌّ عَنْهَا

"၎င်းတို့သည် အသင့်အား ထိုကိယာမသ်နေ့နှင့် စပ်လျဉ်း၍ အသင်သည် ကောင်းမွန်စွာ လေ့လာစူးစမ်းပြီး ဖြစ်ဘိသကဲ့သို့ပင် မေးမြန်းကြလေသည်" ဟူ၍ ဖြစ်သည်။

သူတို့ကတမန်တော်မြတ် s သခင်သည် ကိယာမသ်ဖြစ်ပေါ်မည့် အချိန်အတိအကျကို တစ်နည်းနည်းဖြင့် သေချာစွာ သိရှိသော်လည်း ရည်ရွယ်ချက်အချို့ကြောင့် ဤကိစ္စကို ထုတ်ဖော်ပြောခြင်းမရှိခြင်း ဖြစ်သည်ဟု တွေးထင်ထားကြသည်။ ၎င်းတို့ကထိုကိစ္စကို ကိုယ်တော်မြတ် s ဖော်ပြစေရန် အတင်းအကြပ် လုပ်ဆောင်ကြသည်။ တမန်

တော်မြတ် S သခင်အား ၎င်းတို့ကို ဤစကားလုံးများ-

قُلْ اِنَّمَا عِلْمُهَا عِنْدَ اللّٰهِ وَ لٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ

"အသင်သည် (၎င်းတို့အား ဤသို့) ဖြေကြားပါလေ။ (အိုအချင်းတို့) ထိုကိယာမသ်နှင့် စပ်လျဉ်းသော အသိကား အလ္လာဟ်အရှင်မြတ်ထံတော်၌သာရှိ၏။ သို့ရာတွင် အများဆုံးသောသူတို့မူကား (ဤမျှလောက်ပင်) မသိ နားမလည်ကြသည်တကား" ဖြင့်ဖြေကြားရန် အမိန့်ပေးထားခဲ့သည်။

ဆိုလိုသည်မှာ တမန်တော်တစ်ပါးသည် ကိယာမသ်ဖြစ်မည့်အချိန် အတိအကျကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ် လျှို့ဝှက်ထားသည့် အခြားကိစ္စများကိုလည်းကောင်း သိရှိရန်မလိုအပ်ချေ။ တမန်တော် တစ်ပါးသည် ယင်းကဲ့သို့သော ကိစ္စရပ်များအတွက် အသိဉာဏ်မပြည့်စုံမှုသည် ထိုတမန်တော်၏ တမန်တော် မဖြစ်ခြင်း၏ လက္ခဏာတစ်ရပ်အဖြစ် မမှတ်ယူနိုင်ပါ။ (တမန်တော်တစ်ပါး၏ အသိပညာသည် အလ္လာဟ်အရှင်မြတ်၏ ခပ်သိမ်းတို့အပေါ် လွှမ်းခြုံသိရှိတော်မူသော အသိဉာဏ်နှင့် မည်သည့်အခါမျှမတူနိုင်ချေ။)

သို့သော်လည်း တမန်တော်မြတ် S သခင်ကိုမူ ကိယာမသ်နေ့နီးကပ်မှု၏ အညွှန်းဖြစ်သော သီးခြားလက္ခဏာအချို့၏ အသိပညာကိုကား ပေးအပ်ထားသည်။ ကိုယ်တော်မြတ် S သည် မုစ်လင်မ် အုမ္မသ်ထုအား ဟဒီးဆ်တော်များ၌ ဤလက္ခဏာများကို ရှင်းလင်းပြတ်သားသော အသုံးအနှုန်းများဖြင့် အသိပေးထားသည်။ ထိုကဲ့သို့သော ဟဒီးဆ်သြဝါဒတော်များအနက်မှ တစ်ပုဒ်ထဲ၌ ကိုယ်တော်မြတ်ပွင့်တော်မူသည့်အချိန်နှင့် ကိယာမသ်နေ့အချိန် ကြားအကွာအဝေးသည် လက်ချောင်းနှစ်ချောင်းကြား အကွာအဝေးခန့်ပင် နီးကပ်သည်ဟု မိန့်ထားခဲ့သည်။ (သိရှိမိဖီ)

ဤကမ္ဘာကြီး၏ သက်တမ်းမှာ နှစ်ပေါင်းခုနစ်ထောင်ခန့် ရှိသည်ဟူသော အစွယ်လာမ်စာအုပ်အချို့တွင် ပါရှိသော တင်ပြချက်များသည် အစွဓေးလ်စာပေအချို့မှ ငှားရမ်းယူငင် တင်ပြထားချက်များဖြစ်သည်။ ယင်းတင်ပြချက်များမှာ မခိုင်လုံသကဲ့သို့ ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန့်သတ်ထဲတွင်လည်း မည်သည့် အခြေအမြစ်မှမရှိပါ။ အလားတူပင် ခေတ်သစ်ပညာ၏ ဘူမိ ရူပဗေဒဆိုင်ရာ အချက်အလက်များအရ ဤကမ္ဘာမြေကြီး၏ သက်တမ်းသည် နှစ်သန်းပေါင်း မြောက်မြားစွာရှိသည်ဟူသော ဖော်ပြချက်က ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များ (သို့မဟုတ်) တမန်တော်မြတ် S သခင်၏မည်သည့်ဟဒီးဆ်သြဝါဒတော်နှင့်မျှ ထိပ်တိုက်ဖြစ်ခြင်း (သို့မဟုတ်) ဆန့်ကျင်ခြင်းမရှိချေ။ ယင်းနှင့်ဆန့်ကျင်စွာဖြင့် မုစ်လင်မ်အုမ္မသ်ထုကို တမန်တော်မြတ် S သခင် ဦးတည်မိန့်ကြားခြင်းကိုဟဒီးဆ်တော် တစ်ရပ်တွင် ပါရှိသည်မှာ-

"အစောပိုင်းလူများနှင့် နှိုင်းယှဉ်လျှင် အသင်တို့သည် နွားအမည်းတစ်ကောင်ပေါ်ရှိ ဖြူဖွေးသော အမွေးအမှင် တစ်ခုပမာဖြစ်သည်" ဟူ၍ဖြစ်သည်။

ဤဟဒီးဆ်တော်က တမန်တော်မြတ် S သခင်၏ တွေးတောထားသကဲ့သို့ ဤကမ္ဘာကြီး၏ သက်တမ်းသည် အလွန်ကြီးမားကြောင်း ကျွန်ုပ်တို့အား အတွေးအခေါ်တစ်ရပ်ပေးပါသည်။ ထို့ကြောင့် စပိန်နိုင်ငံမှ ဟာဖိဇ်အိပ်နဟဇ်က ဤကမ္ဘာ၏သက်တမ်း အတိအကျကို မည်သူတစ်ဦးတစ်ယောက်မျှ အတိအကျမပြောနိုင်[1]ဟု နိဂုံးချုပ်ထားသည်။

(မရဂနီ)

[1] ကောက်ချက်အရ ဤစကြဝဠာသက်တမ်း အတိအကျအကဲဖြတ်မှုတစ်ရပ်ကို ရိုပ်ပိုင်းဆိုင်ရာအရ မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ယင်းသို့သာ အတိအကျပြောနိုင်လျှင် ပျက်စီးရမည့်အချိန် အတိအကျကိုလည်းပြောနိုင် ပါလိမ့်မည်။ ကမ္ဘာကြီးပျက်စီးမည့် ကိယာမသ်နေ့အကြောင်းနှင့်ပတ်သက်၍ အထက်အာယသ်တော်၌ပိတ်ပင်ကာ မိန့်ကြားထားသည်မှာ ကိယာမသ် ကမ္ဘာပျက်မည့်နေ့နှင့် ပတ်သက်၍ အလ္လာဟ်အရှင်မြတ်မှအပ အခြားမည်သူ တစ်ဦးတစ်ယောက်မျှ မသိရှိနိုင်ဟုမိန့်ထားသည်။ ( ဘာသာပြန်သူ-မုဖ်သီမုဟမ္မဒ်သကီး )

အာယသ် (၁၈၈-၁၉၃)

قُلْ لَّاۤ اَمْلِكُ لِنَفْسِیْ نَفْعًا وَّ لَا ضَرًّا اِلَّا مَا شَآءَ اللّٰهُ ؕ وَ لَوْ كُنْتُ اَعْلَمُ الْغَیْبَ
لَاسْتَكْثَرْتُ مِنَ الْخَیْرِ ۛۚ وَ مَا مَسَّنِیَ السُّوْٓءُ ؕ اِنْ اَنَا اِلَّا نَذِیْرٌ وَّ بَشِیْرٌ لِّقَوْمٍ
یُّؤْمِنُوْنَ ﴿۱۸۸﴾ هُوَ الَّذِیْ خَلَقَكُمْ مِّنْ نَّفْسٍ وَّاحِدَةٍ وَّ جَعَلَ مِنْهَا زَوْجَهَا
لِیَسْكُنَ اِلَیْهَا ۚ فَلَمَّا تَغَشّٰىهَا حَمَلَتْ حَمْلًا خَفِیْفًا فَمَرَّتْ بِهٖ ۚ فَلَمَّاۤ اَثْقَلَتْ دَّعَوَا
اللّٰهَ رَبَّهُمَا لَىِٕنْ اٰتَیْتَنَا صَالِحًا لَّنَكُوْنَنَّ مِنَ الشّٰكِرِیْنَ ﴿۱۸۹﴾ فَلَمَّاۤ اٰتٰىهُمَا صَالِحًا
جَعَلَا لَهٗ شُرَكَآءَ فِیْمَاۤ اٰتٰىهُمَا ۚ فَتَعٰلَى اللّٰهُ عَمَّا یُشْرِكُوْنَ ﴿۱۹۰﴾ اَیُشْرِكُوْنَ مَا لَا یَخْلُقُ
شَیْـًٔا وَّ هُمْ یُخْلَقُوْنَ ﴿۱۹۱﴾ وَ لَا یَسْتَطِیْعُوْنَ لَهُمْ نَصْرًا وَّ لَاۤ اَنْفُسَهُمْ یَنْصُرُوْنَ
﴿۱۹۲﴾ وَ اِنْ تَدْعُوْهُمْ اِلَى الْهُدٰى لَا یَتَّبِعُوْكُمْ ؕ سَوَآءٌ عَلَیْكُمْ اَدَعَوْتُمُوْهُمْ اَمْ
اَنْتُمْ صَامِتُوْنَ ﴿۱۹۳﴾

(အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့ထပ်မံ၍) ပြောကြားပါလေ။ ငါသည် အလ္လာဟ်အရှင်မြတ်အလိုရှိတော်မူသည့် အရာမှအပ ငါ့အတွက်ပင် မည်သည့် အကျိုးကျေးဇူး ဖြစ်ထွန်းစေခြင်းကိုမျှလည်းကောင်း၊ မည်သည့်အကျိုးယုတ်စေခြင်းကို မျှလည်းကောင်း၊ ပိုင်ဆိုင်သည် မဟုတ်ချေ။ အကယ်၍သာ ငါသည်မျက်ကွယ်၌ ရှိသည်တို့ကို သိရှိပါမူ အကျိုးကျေးဇူးများစွာကို အမှန်ပင်ရယူခဲ့ပြီးဖြစ်အံ့။ ၎င်းပြင် ငါ၌ (မိမိသက်တမ်းတစ်လျှောက်လုံးတွင်) မည်သည့်ဆင်းရဲဒုက္ခ သက်ရောက်မည်လည်းမဟုတ်ပေ။ ငါသည် သက်ဝင်ယုံကြည်သူတိုင်းအဖို့ သတိပေးနှိုးဆော်သူနှင့် ဝမ်းမြောက်ဖွယ်ရာ သတင်းပြောကြားသူမျှသာ ဖြစ်ချေသတည်း။ (၇:၁၈၈)

ထိုအရှင်မြတ်သည် အသင်တို့အား အသက်တစ်ချောင်းတည်းမှ ဖန်ဆင်းတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူ၏။ ၎င်းပြင်ထိုအရှင်မြတ်သည်ထိုအသက်တစ်ချောင်းမှပင်လျှင် ၎င်း(၏ ကြင်ရာကြင်ဖက်)ကို ၎င်းထံ၌ တည်ငြိမ်မွေ့လျော်စွာ နေနိုင်ရန် ပြုလုပ် (ဖန်ဆင်း) တော်မူခဲ့လေသည်။ ထို့နောက်၎င်း (ယောကျ်ား)သည် ယင်း(ကြင်ရာ)အား ဖုံးလွှမ်းသည့်အခါ ယင်းသည် ပေါ့ပါးသော ကိုယ်ဝန်ကိုထမ်း၍ ထိုကိုယ်ဝန်နှင့်တကွ (လွယ်ကူစွာ) သွားလာခြင်းကိုပြုလေသည်။ တစ်ဖန် ထိုကိုယ်ဝန်သည် ရင့်လေး၍လာသောအခါ ၎င်းတို့ (ဇနီးမောင်နှံ) နှစ်ဦးသည် မိမိတို့အရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်ထံတွင် "အကယ်၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကောင်းမွန်သော (သားသမီးကို) ပကတိပြည့်စုံစွာ ချီးမြှင့်ပေးသနား တော်မူပါလျှင် ကျွန်တော်မျိုးတို့သည် (အရှင်မြတ်၏) ကျေးဇူးတော်ကို မုချသိတတ်ကြပါမည်" ဟု ဆုတောင်းကြကုန်၏။
(၇ : ၁၈၉)

**သို့ရာတွင် ထိုအရှင်မြတ်သည် ၎င်းတို့နှစ်ဦးအား (သားသမီးကို) ကောင်းမွန်ပြည့်စုံစွာ ချီးမြှင့်ပေးသနားတော်မူသောအခါ ၎င်းတို့နှစ်ဦးစလုံးသည် ထိုအရှင်မြတ်က ၎င်းတို့အား ချီးမြှင့်တော်မူသော အရာနှင့်စပ်လျဉ်း၍ (အခြားအရာများ)ကို ထိုအရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ကြကုန်၏။ စင်စစ် တစ်မူကား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့တွဲဖက်နှိုင်းယှဉ်ကိုးကွယ်ကြသည်တို့ထက် အလွန်မြင့်မြတ်လှတော်မူပေသတည်း။ (၇ : ၁၉၀)**

**၎င်းတို့သည် အကြင်သို့သောအရာများကို (အလ္လာဟ်အရှင်မြတ်နှင့်) ယှဉ်တွဲကိုးကွယ်ကြလေသလော။ ထိုအရာများသည် တစ်စုံတစ်ရာကိုမျှ ဖန်ဆင်းနိုင်ကြသည် မရှိသည့်ပြင် မိမိတို့ကိုယ်တိုင်ပင် ဖန်ဆင်းခြင်းခံကြရပေသည်။ (၇ : ၁၉၁)**

**ထို့မှတစ်ပါး ယင်းတို့သည် ထိုသူတို့အား မည်သည့်အကူအညီမျှ မပေးနိုင်ကြသည်သာမက မိမိတို့ကိုယ်တိုင်လည်း (လုံး၀) ကူညီရှိုင်းပင်းနိုင်ကြ သည်မဟုတ်ပေ။ (၇ : ၁၉၂)**

**ထို့ပြင် အကယ်၍ အသင်တို့သည် ၎င်းတို့အား မှန်ကန်သောတရားလမ်းသို့ ဖိတ်ခေါ်ကြလျှင်လည်း ၎င်းတို့သည် အသင်တို့နောက်သို့ လိုက်နိုင်ကြမည် မဟုတ်ပေ။ (သို့ဖြစ်ပေရာ) အသင်တို့သည် ၎င်းတို့အား ဟစ်ခေါ်ကြသည်ဖြစ်စေ၊ ဆိတ်ဆိတ်နေကြသည်ဖြစ်စေ (မည်သို့မျှ) အကြောင်းမထူးပေ။ (၇ : ၁၉၃)**

အာယသ်တော်(၁၈၈)ထဲတွင် အလ္လာဟ်အရှင်မြတ်၏ တမန်တော်များနှင့်ပတ်သက်၍ လူများ၏ ယေဘုယျမှားယွင်းသော အယူအဆတစ်ခုကို ရှင်းလင်းထားသည်။ ၎င်းတို့က တမန်တော်များသည် မမြင်ရသောအနာဂတ်နှင့် မသိသောအတိတ်၏ အသိပညာအပါအဝင် စကြဝဠာအတွင်းရှိ အရာရာတိုင်းကို သိရှိသော အသိပညာများ မုချပိုင်ဆိုင်သည်ဟု ထင်မှတ်သည်။ အလားတူပင် ၎င်းတို့က တမန်တော်များသည် ၎င်းတို့၏ ဆန္ဒအရ တစ်စုံတစ်ဦးကို အကျိုးဖြစ်ထွန်းစေခြင်းကိုလည်းကောင်း၊ အန္တရာယ်ဖြစ်စေသည့် စွမ်းအားများကို လည်းကောင်း မုချ ပိုင်ဆိုင်ရမည်ဟု ထင်မှတ်ကြသည်။ အာယသ်တော်က ယင်းကိစ္စကို ရှင်းလင်းထားသည်မှာ အရာခပ်သိမ်း ခြုံငုံသိရှိသော အသိဉာဏ်သည် အလ္လာဟ်အရှင်မြတ်၏ သီးသန့်ဂုဏ်တော်ဖြစ်ကာ ယင်းကိုမည်သည့် ဖန်ဆင်းခံနှင့်မျှ မထိုက်တန်ပါ။ ဤသီးသန့်ဂုဏ်တော်များသည် အလ္လာဟ်အရှင်မြတ်မှအပ အခြားသူနှင့် သက်ဆိုင်ခဲ့ပါလျှင် ယင်းလုပ်ရပ်သည် အကြီးမားဆုံးသော စည်းဘောင်ကျော်မှုဖြစ်၍ အလ္လာဟ်အရှင်မြတ်နှင့် တုဖက်ယှဉ်တွဲခြင်း ရှိရိုက်လုပ်ရပ် ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်ခြင်းနှင့် တမန်တော်မြတ် S သခင် ပွင့်ပေါ်တော်မူခြင်း၏ ရည်ရွယ်ချက်သည် ဘုရားအများ၏ အရိပ်အယောင် ခြေစလက်စ အားလုံးဖျက်သိမ်းပစ်ရန်နှင့် အလ္လာဟ်အရှင်မြတ်၏ သန့်ရှင်း စင်ကြယ်ဆုံးသော တစ်ပါးတည်းရှိတော်မူကြောင်း သောင်ဟီးဒ်ကို အခိုင်အမာ သက်သေထူရန်ဖြစ်သည်။

အခြားသူများကိုမဆိုထားနှင့် မိမိကိုယ်တိုင်သည်ပင် အကျိုးအမြတ်ဖြစ်စေရန်လည်းကောင်း၊ အန္တရာယ်ကင်းဝေးစေရန် လည်းကောင်း လုပ်နိုင်စွမ်းမရှိသည့်အပြင် အကွယ်၏အသိပညာအား မပိုင်ဆိုင်ကြောင်း တမန်တော်မြတ် S သခင်အား ကြေညာရန် မိန့်ကြားခဲ့သည်။ တမန်တော်မြတ် S တွင်သာ ထိုသို့သော အသိပညာရှိခဲ့လျှင် ၎င်းကကောင်းသည်ဟူသမျှ သိမ်းဆည်းထား၍ အန္တရာယ်ဖြစ်စေမည့် အရာများအားလုံးကို ကင်းဝေးစေရန် လုပ်ဆောင်ပါလိမ့်မည်။ ထင်ရှားသော အဖြစ်အပျက်များတွင် ကိုယ်တော်မြတ် S သည် အစွမ်းကုန်ကြိုးပမ်း အားထုတ်ခဲ့သော်

လည်း ရည်မှန်းချက်များ မရရှိခဲ့ကြောင်းနှင့် အခြားသောအဖြစ်အပျက်များတွင် ကိုယ်တော် မြတ်ထံကျရောက် ခဲ့သည့် အန္တရာယ်များမှ မရှောင်ရှားနိုင်ခဲ့ပါ။ ဟုဒိုင်ဗီယတ်စာချုပ်၏ အဖြစ်အပျက်တွင် ကိုယ်တော်မြတ် ﷺ သခင်နှင့် ဆွေဘာဗတ်သာဝကကြီးများသည် မက္ကာဟ်မြို့သို့ အုမ္မရတ်ပြုလုပ်ရန် ခရီးထွက်ခွာရာတွင် မက္ကာဟ်မြို့ရှိ မယုံကြည်သွေဖည် ငြင်းပယ်သူများက ကိုယ်တော်မြတ်အား ရပ်တန့်စေခြင်းသည် ထင်ရှားသော ဥပမာတစ်ရပ်ဖြစ်ပေသည်။ ၎င်းတို့၏ဆန္ဒများနှင့် ကြိုးပမ်းမှုရှိခဲ့လင့်ကစား အုမ္မရတ်မလုပ်ရဘဲ မဒီနာမြို့သို့ ပြန်လှည့်သွားကြရသည်။ အလားတူပင် တမန်တော်မြတ် ﷺ သခင်သည် အုဟွဒ်စစ်ပွဲ၌ဒဏ်ရာရခဲ့ပြီး မုစ်လင်မ်များသည် ယာယီရှုံးနိမ့်မှုနှင့်ရင်ဆိုင်ခဲ့ကြရသည်။

ထိုကဲ့သို့အဖြစ်အပျက်မျိုး ဖြစ်စေခဲ့ရခြင်းမှာ တမန်တော်များသည် အလ္လာဟ်အရှင်မြတ်နှင့် အနီးကပ်ဆုံးဖြစ်၍ လူသားတို့တွင် အကောင်းမြတ်ဆုံးလူသားများ ဖြစ်လင့်ကစား ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်နှင့် အလုံးစုံလွှမ်းခြုံသော အသိဉာဏ်မပိုင်ဆိုင်ကြောင်း လက်တွေ့အနေဖြင့် ထုတ်ဖော်ပြသလိုက်ခြင်းဖြစ်သည်။ တမန်တော်များသည် အခြားသောလူများကဲ့သို့ လူသားပင်ဖြစ်သည်။ ခရစ်ယာန်များသည် ဤအမှားမျိုးကျူးလွန်ခဲ့ကြသည်။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များကို သူတို့၏တမန်တော်ကြီးအတွက် သုံးစွဲခြင်းဖြင့် လမ်းများသို့ ရောက်ရသည်။

သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် တမန်တော်များအား မည်သည့်လူသားက ဘယ်သော အခါမှ မရနိုင်သည့်အသိပညာနှင့် စွမ်းရည်ကို ပေးသနားထားသည်။ တမန်တော်အားလုံး၏ အသိပညာထက် သာလွန်သော အသိပညာ အဆင့်အတန်းကို တမန်တော်မြတ် ﷺ သခင်အား ပေးအပ်ထားတော်မူခဲ့သည်။ ကိုယ်တော်မြတ် ﷺ သည် မုစ်လင်များကို အနာဂတ်တွင်ဖြစ်ပျက်မည့်အရာ မြောက်မြားစွာကို အသိပေးတော်မူခဲ့သည်။ ကိုယ်တော်မြတ် ﷺ ကြိုတင်ပြောကြားချက်များသည် ကြိုတင်ပြောကြားထားသည့်အတိုင်း အတိအကျဖြစ်ပျက်ခဲ့သည်။

တမန်တော်မြတ် ﷺ သခင်အား အကွယ်မှ ကိစ္စရပ်မြောက်မြားစွာ၏ အသိပညာကို ပေးအပ်ခဲ့သည်ဟု ကျွန်ုပ်တို့ပြောနိုင်သည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏ အသုံးအနှုန်းအရ ဤသို့သော အသိပညာကို **عَالِمُ الْغَيْبِ** (အကွယ်၏အသိပညာ)အဖြစ် မသတ်မှတ်ချေ။ ထို့ကြောင့် ဤအခြေခံအရ တမန်တော်မြတ် ﷺ သခင်ကို **عَالِمُ الْغَيْبِ** (အကွယ်၏အသိပညာ)ရှိသည်ဟုမခေါ်ဆိုထိုက်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်မှတစ်ပါး မည်သူမျှ အကွယ်ကို မသိရှိနိုင်ပါ။

အာယသ်တော်၏နောက်ဆုံးဝါကျက **اِنْ اَنَا اِلَّا نَذِيْرٌ وَّبَشِيْرٌ لِّقَوْمٍ يُّؤْمِنُوْنَ** "ငါသည် သက်ဝင်ယုံကြည်သော သူတို့အဖို့ သတိပေး နှိုးဆော်သူနှင့် ဝမ်းမြောက်ဖွယ်ရာသတင်း ပြောကြားသူမျှသာ ဖြစ်ချေသတည်း" ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ တမန်တော်မြတ် ﷺ သခင်သည် မကောင်းမှုပြုသူများအား အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုခံရမည်ဟူသော သတိပေးရန်နှင့် ဖြောင့်မတ်မှန်ကန်သူများသည် အလ္လာဟ်အရှင်မြတ်၏ ကြီးမားသောဆုလာဘ်ကောင်း သတင်းပေး ရန်ဟူသော တာဝန်အပ်နှင်းခံခဲ့ရသည်။

နောက်အာယသ်(၁၈၉)တွင် အစ္စလာမ်သာသနာ၏ အခြေခံအကျဆုံးသော ယုံကြည်မှု သောင်ဟီးဒ် အကြောင်း မိန့်ထားသည်။ တစ်ချိန်တည်းမှာ ဘုရားတစ်ပါးမှအပ မြောက်မြားစွာသော ဘုရားတို့အား ယုံကြည်သက်ဝင်ခြင်း၏ မှားယွင်းမှုကိုမိန့်ထားသည်။ အာယသ်တော်အစဉ် အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒနာ အာဒမ် a နှင့် စိုက်ယိဒါဟ်ဟောင်ဝါ a သခင်မတို့ကို ဖန်ဆင်းခြင်းအကြောင်း ဖော်ပြထားခဲ့ခြင်းမှာ အရှင်မြတ်၏ ပြီးပြည့်စုံသည့် တန်ခိုးပြာဋိဟာ၏ ထင်ရှားပေါ်လွင်မှု တစ်ရပ်ဖြစ်သည်။ အာယသ်တော်-

هُوَ الَّذِیْ خَلَقَكُمْ مِّنْ نَّفْسٍ وَّاحِدَةٍ وَّ جَعَلَ مِنْهَا زَوْجَهَا لِیَسْكُنَ اِلَیْهَا

"ထိုအရှင်မြတ်သည် အသင်တို့အား အသက်တစ်ချောင်းတည်းမှ ဖန်ဆင်းတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။ ၎င်းပြင်ထိုအရှင်မြတ်သည် ထိုအသက်တစ်ချောင်းမှပင်လျှင် ၎င်း၏ (ကြင်ရာကြင်ဖက်ကို) ၎င်း၏ထံ၌ တည်ငြိမ်မွေ့လျော်စွာ နေနိုင်ရန်ပြုလုပ် (ဖန်ဆင်း) တော်မူခဲ့လေသည်" ဟု မိန့်ကြားထားသည်။

အလ္လာဟ်အရှင်မြတ်၏ ကြီးမားသော တန်ခိုးပြာဋိဟာ၏ ဤထုတ်ဖော်ပြသမှုက လူသားထုသည် အလ္လာဟ်အရှင်မြတ်အား ပိုမိုကျေးဇူးတင်ကာ အရှင်မြတ်နှင့် တွဲဖက်ယှဉ်တွဲကိုးကွယ်ခြင်းမှ ရှောင်ကြဉ်ရပါမည်။ သို့သော်လည်း ၎င်းတို့သည် လျစ်လျူရှုသည့်အားလျော်စွာ ကွဲပြားခြားနားစွာ ပြုမူခဲ့သည်။ ၎င်းတို့၏ လျစ်လျူရှုသောအနေအထားကို ဤအာယသ်တော်နှင့် နောက်အာယသ်တော်ထဲတွင်-

فَلَمَّا تَغَشّٰىهَا حَمَلَتْ حَمْلًا خَفِیْفًا فَمَرَّتْ بِهٖ ۚ فَلَمَّاۤ اَثْقَلَتْ دَّعَوَا اللّٰهَ رَبَّهُمَا لَىِٕنْ اٰتَیْتَنَا صَالِحًا لَّنَكُوْنَنَّ مِنَ الشّٰكِرِیْنَ فَلَمَّاۤ اٰتٰىهُمَا صَالِحًا جَعَلَا لَهٗ شُرَكَآءَ فِیْمَاۤ اٰتٰىهُمَا ۚ فَتَعٰلَى اللّٰهُ عَمَّا یُشْرِكُوْنَ

"ထိုနောက် ၎င်း (ယောကျ်ား) သည် ယင်းကြင်ရာအား ဖုံးလွှမ်းသည့်အခါ ယင်းသည် ပေါ့ပါးသော ကိုယ်ဝန် ကိုထမ်း၍ ထိုကိုယ်ဝန်နှင့်တကွ (လွယ်ကူစွာ) သွားလာခြင်းကို ပြုလေသည်။ တစ်ဖန် ထိုကိုယ်ဝန်သည် ရင့်လေး၍ လာသောအခါ ၎င်းတို့ (ဇနီးမောင်နှံ) နှစ်ဦးသည် မိမိတို့အရှင်မြတ် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်အထံတော်တွင် "အကယ်၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကောင်းမွန်သော(သားသမီးကို) ချီးမြှင့်ပေးသနားတော်မူပါလျှင် ကျွန်တော် မျိုးတို့သည် (အရှင်မြတ်၏) ကျေးဇူးတော်ကို မုချသိတတ်ကြပါမည်"ဟု ဆုတောင်းပတ္ထနာ ပြုကြကုန်၏။ သို့ရာတွင် ထိုအရှင်မြတ်သည် ၎င်းတို့နှစ်ဦးအား(သားသမီးကို) ကောင်းမွန်ပြည့်စုံစွာ ချီးမြှင့်ပေးသနားတော်မူသောအခါ ၎င်းတို့နှစ်ဦးစလုံးသည် ထိုအရှင်မြတ်က ၎င်းတို့အား ချီးမြှင့် တော်မူသော အရာနှင့်စပ်လျဉ်း၍ (အခြားအရာများ)ကို ထိုအရှင်မြတ်နှင့် တွဲဖက်ကိုး ကွယ်ကြကုန်၏"ဟု မိန့်ထားသည်။

ဆိုလိုသည်မှာ ကိုယ်ဝန်ဆောင်ခြင်း၏ ကနဦးအဆင့်တွင် အမျိုးသမီးသည် စိတ်လွတ်ကိုယ်လွတ် သွားလာနိုင်သည်။ သို့သော်လည်း သားအိမ်ထဲတွင် သန္ဓေသားကြီးထွားလာသောအခါတွင် မိဘများသည် ၎င်းတို့၏ မဖွားမြင်သေးသော ကလေးအတွက် ပူပင်သောကရောက်ကြရသည်။ ၎င်းတို့သည် ပြည့်စုံသော ကလေးတစ်ဦးရမည်လော ဟူသည် မသေချာချေ။ အဘယ်ကြောင့်ဆိုသော် သာမန်မဟုတ်သောကလေး၊ သို့မဟုတ် ဆွံ့အ၊ သို့မဟုတ်နားမကြား၊ သို့မဟုတ် မျက်မမြင် အစရှိသောကလေး မွေးဖွားလာသော အချိန်လည်းရှိတတ်သည်။ ထိုကဲ့သို့ ပူပန် သောကရှိသောကြောင့် ၎င်းတို့သည် အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ပြီးပြည့်စုံသော ကလေးငယ်တစ်ဦး ချီးမြှင့်မည်ဆိုလျှင် သူတို့သည် အလ္လာဟ်အရှင်မြတ်ထံ ကျေးဇူးတင်ရှိမည်ဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ်ထံတွင် ကတိကဝတ်ပြု၍ ပြည့်စုံသည့်ကလေးတစ်ဦးရရှိရန်အတွက် ဆုမွန်တောင်းခံကြသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ ဆုမွန်ဒုအာကို လက်ခံ၍ ၎င်းတို့အား ပုံမှန်ဖြစ်၍ ကျန်းမာသန်စွမ်းသော ကလေးငယ်တစ်ဦး ချီးမြှင့်သောအခါ၌ ၎င်းတို့သည် အလ္လာဟ် အရှင်မြတ်နှင့် တွဲဖက်ယှဉ်တွဲကိုးကွယ်လာကြသည်။ ထို့ကြောင့် ၎င်းတို့၏ သားသမီးများနှင့် ၎င်းတို့ကိုယ်တိုင်သည် ၎င်းတို့ ၏ မှားယွင်းသော လမ်းညွှန်မှုရင်းမြစ် ဖြစ်လာခဲ့သည်။

ဤအဖြစ်အပျက်များသည် နည်းလမ်းမျိုးစုံရှိသည်။ တစ်ခါတစ်ရံ ၎င်းတို့၏သားသမီးသည် မြင့်မြတ် သူအချို့သို့မဟုတ် သူတော်စင်အချို့၏ လက်ဆောင်တစ်ရပ်ဖြစ်သည်ဟု မှားယွင်းသော ယုံကြည်မှုဖြင့် လမ်းလွဲသွားကြသည်။ တစ်ခါတစ်ရံ ၎င်းတို့သည် သေဆုံးပြီးသူများ သို့မဟုတ် ရှင်နေသူတစ်ဦး အမည်နာမနှင့် ကိုးထားခဲ့ကြသည်။ အချို့သူများမှာ ၎င်းတို့၏သားသမီးများကို ထိုသူများထံခေါ်သွား၍ ၎င်းတို့ရှေ့ဝယ် ဦးညွှတ်စေခဲ့သည်။ တစ်ခါတစ်ရံ ထိုသူတို့သည် သားသမီးများကို အမည်ပေးခြင်းဖြင့် ရှိရိုက်လုပ်ကြသည်။ ၎င်းတို့၏ သားသမီးများကို အဗ်ဒုလ္လာသ်၊ အဗ်ဒုလ်အွဇ်ဇာ၊ အဗ်ဒုလ်ရှားမ် သို့မဟုတ် ဘန်ဒါဟ်အလီ စသည်ဖြင့် ၎င်းတို့၏ သားသမီးများကို မှားယွင်းသောဘုရားများအစွပ်ပြုမှုခေါ် ထားခြင်းကြောင့် ဤကလေးငယ်များသည် ထိုဘုရားများ သို့မဟုတ် ထိုပုဂ္ဂိုလ်များက ဖန်ဆင်းခံခဲ့သည်၊ လက်ဆောင်ပေးခဲ့သည်ဟူ၍ ရည်ညွှန်းရာရောက်သည်။ အတိုချုပ်မှာ အထက်ဖော်ပြပါ လုပ်ရပ်များ သို့မဟုတ် ယုံကြည်မှုများသည် ရှစ်ရိုက်၏အမျိုးမျိုးသော ပုံစံများဖြစ်၍ ၎င်းတို့၏ ဖန်ဆင်းရှင်အလ္လာဟ်အရှင်မြတ်အား ကျေးဇူးကန်းမှုတွင် အဆိုးဝါးဆုံးအမျိုးအစား ဖြစ်သွားလေသည်။ ဤအာယသ်၏ နောက်ဆုံးဝါကျတွင် ထိုသူများ၏ လမ်းလွဲညွှန်ကြားမှုကို အတည်ပြု၍ မိန့်ထား သည်မှာ-

فَتَعٰلَى اللّٰهُ عَمَّا يُشْرِكُوْنَ

"စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ တုဖက်နှိုင်းယှဉ် ကိုးကွယ်ကြသည် တို့ထက် အလွန် မြင့်မြတ်လှတော်မူပေသတည်း"

ဤအာယသ်တော်၏ အထက်ဖော်ပြပါ ဘာသာပြန်ဆိုခြင်းက ရှင်းလင်းစေသည်မှာ ဤအာယသ်၏ ပထမဝါကျတွင် တမန်တော်အာဒမ် a နှင့် ဟောင်ဝါ a တို့ကို ရည်ညွှန်းထားမှုသည်။ ထိုတမန်တော်ကို လိုက်နာရန်နှင့် ၎င်းတို့၏အလ္လာဟ်အရှင်မြတ်ပေါ် ကျေးဇူးတင်ရှိမှုကို ပြသရန်ဖြစ်သည်။ ဤအာယသ်တော် မှာ ၎င်းတို့၏ သားစဉ်မြေးဆက်များ၏ လမ်းမှားညွှန်ပြခံရမှုနှင့် ဖောက်ပြန်ခြင်းများအကြောင်း မိန့်ထားခြင်းဖြစ်သည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်ကို ကျေးဇူးတင်ရှိမည့်အစား ထိုအရှင်မြတ်နှင့် တွဲဖက်ယှဉ်တွဲ၍ ကိုးကွယ်မှုပြုကြပါသည်။

ဤသည်က တမန်တော်အာဒမ်နှင့် ဟောင်ဝါ a တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်သူများနှင့် မည်သို့မျှမသက်ဆိုင်ကြောင်း ရှင်းလင်းသည်။ အာယသ်တော်က ၎င်းတို့နောက်မှ ပေါ်ထွက်လာသော သားစဉ်မြေးဆက်ကို ရည်ညွှန်းသည်။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်ကို ကျေးဇူးကန်း၍ ရှစ်ရိုက်တွင် ပါဝင် ပတ်သက်ကြသည်။ ကျွန်ုပ်တို့သည် ဤအဓိပ္ပာယ်ဖွင့်ဆိုချက်ကို စိုက်ယိုဒါနာ အဗ်ဒုလ္လာဟ် အဗ္ဗားစ်၏ စစ်မှန် ခိုင်လုံမှုအရ သဖိစိရ်အလ်ဒုရ်ရုလ်မာန်သူးရ်တွင် အိဗ်နအလ်မုန်ဒီးရ်နှင့် အိဗိနိအဗီဟာသီမ်တို့၏ တင်ပြချက်ကို ယုံကြည်လက်ခံသည်။ အာဒမ်နှင့်ဟောင်ဝါတို့သည် ရှိုက်တွာန်၏လှည့်စားခံရခြင်းအကြောင်း သိရ်မီဇီနှင့် ဟာကင်မ်ကျမ်းတွင် တင်ပြထားသည့် အကြောင်းအရာသည် ပညာရှင်အချို့က အစွဖေးလ်တို့တင်ပြသည့် မခိုင်လုံသော အကြောင်းတစ်ရပ်အဖြစ် မှတ်ယူကာ ငြင်းပယ်နိုင်စရာဖြစ်သည်။ မြောက်မြားစွာသော ဟဒီးဆ်ပညာရှင် မုဟဒ်ဒီဆီးမ်တို့ကမူ ယင်းကို အတည်ပြုခဲ့သည်။ သို့သော်လည်း အထက်ပါရှင်းလင်းချက်လာ အကြောင်းအရာသည် ခိုင်လုံသည်ဟု ယူဆသည့်တိုင် ဖြစ်လာနိုင်သည့် မည်သည့်ဒွိဟသံသယကိုမဆို ပယ်ရှားပြီးဖြစ်သည်။

အထက်ပါအာယသ်တော်က ကျွန်ုပ်တို့အား အောက်ဖော်ပြပါ ထင်ရှားသည့် တန်ဖိုးရှိသော အချက်အလက်များပေးပါသည်။

(၁) အမျိုးသားနှင့် အမျိုးသမီးတို့အား ၎င်းတို့အချင်းချင်း သဘာဝအရ ချစ်ခင်စုံမက်၍ တစ်ဦးနှင့် တစ်ဦး ပြီးပြည့်စုံစွာ နားလည်သဘောပေါက်စေရန်နှင့် ကောင်းမြတ်သော လူမှုအသိုင်းအဝိုင်းတစ်ရပ် တည်ဆောက်ရန် ၎င်းတို့၏တာဝန်ဝတ္တရားများ ထမ်းဆောင်စေရန်အတွက် အမျိုးတူမျိုးနွယ်တစ်စုတည်းမှ ဖန်ဆင်းထားခဲ့သည်။

## သိကၡာမဲ့ခြင်းကြောင့် အကြီးအကျယ် ဖရိုဖရဲပျက်စီးခြင်းဖြစ်စေသည်

(၂) လက်ထပ်ထိမ်းမြားထားသည့် စုံတွဲကိုရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ အပ်နှံခြင်း၏အခြေခံ ရည်ရွယ်ချက်မှာ အိမ်တွင်အေးချမ်းသာယာသည့် ပတ်ဝန်းကျင်တစ်ခုဖြစ်ပေါ်စေရန်ဖြစ်သည်။ ငြိမ်းချမ်းသာယာသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးရန်ဟူသည့် ရည်မှန်းချက်ကို တိုက်ရိုက်ဆန့်ကျင်သည့် ခေတ်သစ်၏ လူမှုဆက်ဆံရေး မြောက်မြားစွာ ရှိပေသည်။ ပမာဆိုသော် အမျိုးသမီးလွတ်လပ်ခွင့်ဟု ခေါ်ဆိုသည့် ကိစ္စသည် လူမှုငြိမ်းချမ်းသာယာရေးကို ဖရိုဖရဲ ပျက်စီးစေသောအကြောင်းဖြစ်ပေသည်။ ထိတ်လန့်ဖွယ် ကွာရှင်းမှုများစွာနှင့် အပြင်းအထန် ပဋိပက္ခဖြစ်မှုများသည် လူ့အသိုင်းအဝိုင်းတွင် များသောအားဖြင့် အမျိုးသားအမျိုးသမီးတို့ လွတ်လပ်စွာ ရောရောနှောနှော နေထိုင်ခြင်း၏ ရလဒ်ဖြစ်သည်။ အတွေ့အကြုံအရကျွန်ုပ်တို့သိရှိရသည်မှာ လူ့အသိုင်းအဝိုင်းတွင် သိကၡာမဲ့သောလုပ်ရပ်များကြီးထွားလာမှုသည် လူမှုတန်ဖိုးများ ပျက်စီးခြင်းနှင့် အချိုးကျစေပါသည်။ ယင်းသည်အိမ်နှင့် လူ့အသိုင်းအဝိုင်းတွင် လူသား၏ ငြိမ်းချမ်းသာယာမှု ကင်းမဲ့စေပါသည်။

(၃) တတိယအချက်ရည်ညွှန်းသည်မှာ တစ်စုံတစ်ဦး၏ သားသမီးအမည်ပေးခြင်းဖြစ်သည်။ ကလေးငယ်များကို အဗ်ဒုလ်ရှားမ် (နေမင်း၏ကျေးကျွန်) (သို့မဟုတ်) အဗ်ဒုလ်အွဇ်ဇား (အွဇ်ဇား၏ကျေးကျွန်) စသော အမည်နာမ မှည့်ခေါ်ခြင်းကို တားမြစ်ပါသည်။ ဤသည်မှာ အလ္လာဟ်အရှင်မြတ်ထံ ပေးရမည့်ဂုဏ်ကို ယင်းပုဂ္ဂိုလ်များကို လွှဲအပ်သကဲ့သို့ ဖြစ်သွားသည်။ အကယ်၍ မိဘများသည် ယင်းသို့အဓိပ္ပာယ်သက်ရောက်ရန် မရည်စူးသည့်တိုင် ယင်းကဲ့သို့ အမည်ပေးခြင်းကို တားမြစ်ပိတ်ပင်ထားသည်။

(၄) အလ္လာဟ်အရှင်မြတ်ကို ကျေးဇူးတင်ကြောင်းပြသရန် အကောင်းဆုံးသော နည်းလမ်းကား အလ္လာဟ် အရှင်မြတ်နှင့်အရှင်မြတ်၏တမန်တော်တို့၏ကောင်းမြတ်သောအမည်များဖြင့်ကလေးငယ်ကိုအမည်မှည့်ခေါ်ခြင်းဖြစ်သည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ က အဗ်ဒုလ်ရဟ်မာန်နှင့် အဗ်ဒုလ္လာဟ် အစရှိသောအမည်များ မှည့်ခေါ်ရန် ထောက်ခံခဲ့သည်။

ဝမ်းနည်းဖွယ်ကောင်းသည်မှာ ကျွန်ုပ်တို့သည် အစွလာမ့်ကျင့်စဉ်များနှင့် တန်ဖိုးများကို ကျွန်ုပ်တို့ ကိုယ်တိုင် တစ်ခုပြီးတစ်ခု ကင်းမဲ့အောင်ပြုလုပ်နေကြသည်။ ပထမဦးစွာ အစွလာမ်ယဉ်ကျေးမှုမဟုတ်သော ပုံစံကိုလိုက်နာကာ ကျွန်ုပ်တို့ကလေးငယ်များကို အစွလာမ့်အမည်မဟုတ်သည့် နာမည်များ မှည့်ခေါ်ကြသည်။ ထပ်ဆောင်း၍ မိဘအများစုသည် ၎င်းတို့၏သားသမီးများအမည်ကို အင်္ဂလိပ်စကားလုံး အတိုကောက်အမည်ဖြင့် ခေါ်ဆိုကြသောကြောင့် ထိုကလေးငယ်များသည် မုစ်လင်မ်များဖြစ်ကြောင်း ခွဲခြားသိရှိရန် ပို၍ခက်ခဲသွားပါသည်။ အထူးသဖြင့် ပိုဆိုးသည်မှာ မုစ်လင်မ်မဟုတ်သည့် အပြင်ပန်းပုံဆောင်မှုကို လုပ်နေကြပါသည်။ အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးတို့ကို အစွလာမ်နှင့် အစွလာမ့်တန်ဖိုးများကို စစ်မှန်သော နားလည်သဘောပေါက်မှု ချီမြှင့်ပေးသနားတော်မူပါစေ။

အာယသ် (၁၉၄-၁၉၈)

اِنَّ الَّذِيْنَ تَدْعُوْنَ مِنْ دُوْنِ اللّٰهِ عِبَادٌ اَمْثَالُكُمْ فَادْعُوْهُمْ فَلْيَسْتَجِيْبُوْا لَكُمْ اِنْ كُنْتُمْ صٰدِقِيْنَ ﴿۱۹۴﴾ اَلَهُمْ اَرْجُلٌ يَّمْشُوْنَ بِهَآ اَمْ لَهُمْ اَيْدٍ يَّبْطِشُوْنَ بِهَآ اَمْ لَهُمْ اَعْيُنٌ يُّبْصِرُوْنَ بِهَآ اَمْ لَهُمْ اٰذَانٌ يَّسْمَعُوْنَ بِهَا ؕ قُلِ ادْعُوْا شُرَكَآءَكُمْ ثُمَّ كِيْدُوْنِ فَلَا تُنْظِرُوْنِ ﴿۱۹۵﴾ اِنَّ وَلِيِّۦَ اللّٰهُ الَّذِيْ نَزَّلَ الْكِتٰبَ ۖ وَهُوَ يَتَوَلَّى الصّٰلِحِيْنَ ﴿۱۹۶﴾ وَالَّذِيْنَ تَدْعُوْنَ مِنْ دُوْنِهٖ لَا يَسْتَطِيْعُوْنَ نَصْرَكُمْ وَلَآ اَنْفُسَهُمْ يَنْصُرُوْنَ ﴿۱۹۷﴾ وَاِنْ تَدْعُوْهُمْ اِلَى الْهُدٰى لَا يَسْمَعُوْا ؕ وَتَرٰىهُمْ يَنْظُرُوْنَ اِلَيْكَ وَهُمْ لَا يُبْصِرُوْنَ ﴿۱۹۸﴾

ဓကန်စင်စစ် အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှအပ ဟစ်ခေါ် (ကိုး ကွယ်ဆည်းကပ်) ကြကုန်သောအရာတို့မှာလည်း အသင်တို့ကဲ့သို့ပင် ကျွန်များ(အဖန်ဆင်းခံများ)သာ လျှင် ဖြစ်ကြကုန်၏။ သို့ဖြစ်ပေရာ အသင်တို့သည် အကယ်၍သာ ဟုတ်တိုင်းမှန်ရာ ပြောဆိုသူများဖြစ်ကြပါလျှင် အသင် တို့သည် ၎င်းတို့အား ဟစ်ခေါ်ကြလေကုန်။ တစ်ဖန် ၎င်းတို့သည် (လည်း) အသင်တို့အား ပြန်၍ထူးကြပါစေ။ (၇ : ၁၉၄)

၎င်းတို့သည် လမ်းလျှောက်နိုင်ကြရန် ခြေများရှိလေသလော။ သို့မဟုတ် ၎င်းတို့တွင် (တစ်စုံတစ်ရာ)ကို ကိုင်တွယ်နိုင်ကြရန် လက်များရှိကြလေသလော။ သို့တည်းမဟုတ် ၎င်းတို့၌ ကြည့်မြင်နိုင်ကြရန် မျက်စိများရှိကြလေသလော။ သို့တည်းမဟုတ် ၎င်းတို့၌ ကြားနိုင်ရန် နားများရှိကြလေသလော။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် (အလ္လာဟ်အရှင်မြတ်နှင့် နှိုင်းယှဉ်တွဲဖက် ကိုးကွယ်လျက်ရှိကြကုန်သော) မိမိတို့၏ တွဲဖက်ကိုးကွယ်ရာတို့ကို ခေါ်ယူကြလေကုန်။ ထို့နောက် အသင်တို့သည် ငါ့အား ဆိုင်းငံ့ခွင့်မပေးဘဲ (၎င်းတို့နှင့် ပေါင်းကာ) ငါနှင့်ဆန့်ကျင်၍ ကြံစည်ကြလေကုန်။ (၇ : ၁၉၅)

ဓကန်စင်စစ် (ငါ့ထံသို့) ကျမ်းဂန်ဒေသနာတော်ကို ချပေးသနားတော်မူသော အလ္လာဟ် အရှင်မြတ်သည်ပင် ငါ့အား ကာကွယ်စောင့်ရှောက်တော်မူသော အဆွေခင်ပွန်း ဖြစ်တော်မူပေသည်။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည်ပင် သူတော်ကောင်း အပေါင်းတို့အား လည်း ကာကွယ်စောင့်ရှောက်မူပေသတည်း။ (၇ : ၁၉၆)

သို့ရာတွင် ထိုအရှင်မြတ်မှတစ်ပါး အသင်တို့ဟစ်ခေါ် (ကိုးကွယ်ဆည်းကပ် တမ်းတ) ကြကုန်သော သူတို့မှာမူကား အသင်တို့အားလည်း ကူညီနိုင်ကြ သည်မဟုတ်ပေ။ မိမိတို့ကိုယ်များကိုလည်း (မိမိတို့) ကူညီနိုင်ကြသည် မဟုတ်ချေ။ (၇ : ၁၉၇)

**ထိုမှတစ်ပါး အသင်တို့သည် အကယ်၍ ၎င်းတို့အား တရားလမ်းမှန်သို့ ဖိတ်ခေါ်ကြလျှင်လည်း ၎င်းတို့သည် (အသင်တို့ဖိတ်ခေါ်သည်ကိုပင်) ကြားနိုင်ကြမည်မဟုတ်ချေ။ ထို့ပြင် (အို-နဗီတမန်တော်) အသင်သည် ယင်းမမှန်သော (ကိုးကွယ်ရာ) များအား မိမိဘက်သို့ ကြည့်နေဘိသကဲ့သို့ တွေ့မြင်နေရသော်လည်း စင်စစ်မူကား ၎င်းတို့သည် (အလျှင်း) ကြည့်မြင်နိုင်ကြသည်မဟုတ်ပေ။ (၇ း ၁၉၈)**

တမန်တော်မြတ် ﷺ အား မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ မမှန်ကန်သောဘုရားများသည် အသင်တို့ကဲ့သို့ ကျေးကျွန်များသာဖြစ်သည်။ ယင်းတို့တွင် အဓိကအရေးကြီးသည့် စွမ်းအင်များဖြစ်သော ရွေ့လျားခြင်း၊ ကြားသိခြင်း၊ မြင်တွေ့ခြင်းနှင့် ပြောဆိုခြင်းကင်းမဲ့ကာ သူတို့ကိုယ်သူတို့ပင် အကူအညီမပေးနိုင်သောကြောင့် သင်တို့လို အပ်ချိန်တွင် အသင်တို့အား ကူညီရန်မှာကား သာဓေးသေးသည်ဆိုသည့် အကြောင်း အကယ်၍ အသင်တို့ မသေချာသေးလျှင် "အသင်တို့သည် ၎င်းတို့အား ဟစ်ခေါ်ကြလေကုန်။ တစ်ဖန် ၎င်းတို့သည် (လည်း) အသင်တို့အား ပြန်၍ထူးကြပါစေ" နှင့် "အသင်တို့သည် (အလ္လာဟ်အရှင်မြတ်နှင့် နှိုင်းယှဉ်တွဲဖက် ကိုးကွယ်လျက်ရှိကြကုန်သော) မိမိတို့၏ တွဲဖက် ကိုးကွယ်ရာတို့ကို ခေါ်ယူကြလေကုန်။ ထို့နောက် အသင်တို့သည် ငါ့အားဆိုင်းငံ့ခွင့်မပေးဘဲ (၎င်းတို့နှင့်ပူးပေါင်းကာ) ငါနှင့်ဆန့်ကျင်၍ ကြံစည်ကြလေကုန်" ဟု ပြောကြားရန် အမိန့်ပေးထားသည်။

အာယသ်(၁၉၆)က မိန့်ထားသည်မှာ-

إِنَّ وَلِيِّيَ اللَّهُ الَّذِي نَزَّلَ الْكِتَابَ وَهُوَ يَتَوَلَّى الصَّالِحِينَ

"ဇကာနိစ်စစ် (ငါ့ထံသို့) ကျမ်းဂန်ဒေသနာတော်ကို ချပေးသနားတော်မူသော အလ္လာဟ်အရှင်မြတ်သည်ပင် ငါ့အား ကာကွယ်စောင့်ရှောက်တော်မူသော အဆွေခင်ပွန်းဖြစ်တော်မူပေသည်။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် ပင်လျှင် သူတော်ကောင်းအပေါင်းတို့အားလည်း ကာကွယ်စောင့်ရှောက်မူ ပေသတည်း"

ဤနေရာ၌ "ကာကွယ်စောင့်ရှောက်သောသူ" ဟု ဘာသာပြန်ဆိုထားချက်အရ အရဗီစကားလုံး **ولى** သည် ကူညီစောင့်ရှောက်သည်ဟူ၍လည်း အဓိပ္ပာယ်သက်ရောက်ပါသည်။ ဤနေရာပါ **الكتاب** (ကျမ်းဂန်) ဟူသော စကားလုံးသည် ကုရ်အာန်ကျမ်းတော်မြတ်ကို ရည်ညွှန်းသည်။ ထို့ပြင် စိုက်ယိဒိနာ အိဝ်နအဗ္ဗားစ် d သခင်၏ အဆိုအရ ဤနေရာပါ **صالحين** (သူတော်ကောင်းများ) ဟူသည်မှာ တမန်တော်များနှင့် အခြားယုံကြည်ကိုင်းရှိုင်းနေသော မုစ်လင်မ်များအပါအဝင် မည်သူကိုမဆို အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ခြင်းမရှိသူကို ဆိုလိုသည်။

တမန်တော်မြတ် ﷺ သခင်ကြေညာရန် မိန့်ထားသည်မှာ ၎င်းတို့အား ကုရ်အာန်ကျမ်းတော်ချပေး တော်မူကာ ကိုယ်တော်မြတ်အား ကာကွယ်တော်မူ၍ ကူညီစောင့်ရှောက်တော်မူသော အလ္လာဟ်အရှင်မြတ်ကြောင့် သူတို့၏ ဆန့်ကျင်မှုကို စိုးစဉ်းမျှ မကြောက်ရွံ့ကြောင်းဖြစ်သည်။ မှတ်သားသင့်သည်မှာ အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော် အားလုံးအနက် တမန်တော်မြတ် ﷺ ထံ အရှင်မြတ်၏ ဝဟီပို့ချတော်မူခြင်းကို ဤအာယသ်က အထူးတလည် ဖော်ပြ ထားသည်။ ဤသို့ဖြစ်ရသည်မှာ တမန်တော်မြတ် ﷺ ကို ၎င်းတို့ ရန်လိုမုန်းတီးရခြင်း၏ တစ်ခုတည်းသော အကြောင်းမှာ ကိုယ်တော်မြတ် ﷺ သည် ကုရ်အာန်ကျမ်းတော်မြတ်၏ သတင်းစကားကို ဖိတ်ခေါ်ခဲ့၍ဖြစ်သည်။ ထို့ကြောင့် တမန် တော်မြတ် ﷺ သည် အလ္လာဟ်အရှင်မြတ်၏ အကာအကွယ်ပေးခြင်းနှင့် အကူအညီပေးမှုကို မုချရရှိခဲ့သည်။ နောက် ဝါကျက ကျွန်ုပ်

တို့ကို ယေဘုယျ ဥပဒေတစ်ခုပေးသည်မှာ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ကျေးဇူးတော်ရရှိသည့် တမန်တော်များကိုသာ အကူအညီပေးသည်မဟုတ် ဖြောင့်မတ်မှန်ကန်သော မုစ်လင်မ်အားလုံးကို အကာ အကွယ်ပေးသည်၊ ကူညီသည်ဟူ၍ဖြစ်သည်။

နောက်ဆုံးဝါကျ وَ هُوَ يَتَوَلَّى الصّٰلِحِيْنَ "ထိုမှတစ်ပါး ထိုအရှင်မြတ်သည်ပင် သူတော်ကောင်းအပေါင်းတို့အားလည်း ကာကွယ်စောင့်ရှောက်တော်မူပေသတည်း" ထဲတွင် ကျွန်ုပ်တို့ကို ယေဘုယျဥပဒေတစ်ခုပေးထားသည်မှာ လူသားအားလုံးတွင် အဆင့်အတန်းအမြင့်ဆုံးရှိသော တမန်တော်များကို ကူညီသည့်အပြင် ဖြောင့်မတ်မှန်ကန်သော မုစ်လင်မ်အားလုံးကိုလည်း အလ္လာဟ်အရှင်မြတ်က အကာအကွယ်ပေးသည်၊ ကူညီသည် ဟူ၍ဖြစ်သည်။ ထို့ကြောင့် တစ်စုံတစ်ဦး၏ ရန်လိုခြင်းနှင့် ဆန့်ကျင်ခြင်းသည် စစ်မှန်သော မုစ်လင်မ်တစ်ဦးကို အန္တရာယ်မပေးနိုင်ပါ။ ဤကမ္ဘာလောကကြီးမှာပင် သူ၏ရန်သူများကို သူ အောင်နိုင်စေပါသည်။ အကယ်၍ ကောင်းမြတ်သော အကြောင်းပြချက်အရ မအောင်နိုင်ဘဲ သူထင်ရှားမြင်သာစွာ ရှုံးနိမ့်ခဲ့လျှင် ယင်းရှုံးနိမ့်မှုသည် သူ၏စစ်မှန်သော ရည်မှန်းချက်ကို မပျက်စီးစေပါ။ ဤကမ္ဘာ လောကတွင် ၎င်း၏ ဆုံးရှုံးမှုသည် စင်စစ်သူ၏ စစ်မှန်သော အောင်မြင်မှုသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူဘဝ၏ အဓိကရည်ရွယ်ချက်မှာ အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်ရန်နှင့် အရှင်မြတ် အမိန့်နာခံမှု ရှာဖွေရန်ဟူသည့် အချက်ဖြင့် ဘဝ၏လုပ်ဆောင်မှုတိုင်း သူလုပ်ဆောင်ခဲ့၍ဖြစ်သည်။ သူ၏ဆုံးရှုံးမှုသည် အလ္လာဟ်အရှင့်အလိုတော်အရဖြစ်သောကြောင့် အလ္လာဟ်အရှင့် ကျေနပ်နှစ်သက်မှု ရှာကြံရန်ဟူသည့် သူ့ရည်မှန်းချက်ဆီသို့ နီးကပ်စေပါသည်။

## အာယသ် (၁၉၉-၂၀၂)

خُذِ الْعَفْوَ وَ اْمُرْ بِالْعُرْفِ وَ اَعْرِضْ عَنِ الْجٰهِلِيْنَ ﴿۱۹۹﴾ وَ اِمَّا يَنْزَغَنَّكَ مِنَ الشَّيْطٰنِ نَزْغٌ فَاسْتَعِذْ بِاللّٰهِ ؕ اِنَّهٗ سَمِيْعٌ عَلِيْمٌ ﴿۲۰۰﴾ اِنَّ الَّذِيْنَ اتَّقَوْا اِذَا مَسَّهُمْ طٰٓئِفٌ مِّنَ الشَّيْطٰنِ تَذَكَّرُوْا فَاِذَا هُمْ مُّبْصِرُوْنَ ﴿۲۰۱﴾ وَ اِخْوَانُهُمْ يَمُدُّوْنَهُمْ فِي الْغَيِّ ثُمَّ لَا يُقْصِرُوْنَ ﴿۲۰۲﴾

**(အို-နဗီတမန်တော်) အသင်သည် ခွင့်လွှတ်ခြင်းတရားကို အမြဲလက်ကိုင်ထားကာ (၎င်းတို့အား) ကောင်းမြတ်သော အမှုတို့ကို ပြုလုပ်ကြရန်အမိန့် ပေးလျက်ရှိပါလေ။ ၎င်းပြင် အသင်သည် အသိပညာကင်းမဲ့သော သူတို့ကို လျစ်လျူရှုခဲ့နေပါလေ။ (၇ း ၁၉၉)**

**ထို့ပြင်အကယ်၍ ရှိုင်တွန်ထံမှ တစ်စုံတစ်ရာအကြံပေးချက်သည် အသင် (၏စိတ်နှလုံး)၌ သက်ရောက်ခဲ့ပါမူ အသင်သည် (ချက်ချင်းပင်) အလ္လာဟ်အရှင်မြတ်၏ ကာကွယ်စောင့်ရှောက်မှုကို ဆည်းပူးရှာဖွေ (ရယူ)ပါလေ။ စင်စစ်ဇကန် ထိုအရှင်မြတ်သည် (အလုံးစုံကို) အကြွင်းမဲ့ကြားသိတော်မူသောအရှင် (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့သိရှိတော်မူသော အရှင်မြတ်ပင်တည်း။ (၇ း ၂၀၀)**

**မလွဲဧကန် (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ရိုသေခန်ညားသော သူတို့မှကား "ရှိုင်တွာန်" ၏ထံမှ တစ်စုံတစ်ရာ စိုးရိမ်ဖွယ်ရာသည် ထိုသူတို့၌ သက်ရောက်ခဲ့သောအခါ (အလ္လာဟ်အရှင်မြတ်အား ချက်ချင်း) အောက်မေ့ တသကြကုန်၏။ သို့ဖြစ်လျှင် ၎င်းတို့သည် ရုတ်တရက်ပင် (အမှန်ကို) မြင်လာကြကုန်သတည်း။ (၇ း ၂၀၁)**

**သို့ရာတွင် ယင်း "ရှိုင်တွာန်" ၏ ညီသား၊ အစ်ကိုတို့မှကား ၎င်းတို့အား ယင်း "ရှိုင်တွာန်" တို့သည် လမ်းမှားသို့ဆွဲငင် (ခေါ်ယူ) လျက်ပင်ရှိကြကုန်၏။ ထို့နောက် ၎င်းတို့သည် (ထိုကဲ့သို့ ဆွဲငင်ခေါ်ယူခြင်းကို) ရပ်စဲကြသည်မဟုတ်ပေ။ (မိုက်မြဲတိုင်း ဆက်လက် မိုက်မြဲလျက် ရှိကြကုန်သတည်း။) (၇ း ၂၀၂)**

## ကုရ်အာန်ကျမ်းမြတ်ပါ ကျင့်ဝတ်များ၏စံပြကြေညာချက်

အထက်ပါအာယသ်က ကျွန်ုပ်တို့ကို ကိုယ်ကျင့်တရားဆိုင်ရာ သာလွန်ကောင်းမှုအတွက် ပြီးပြည့်စုံသော စည်းမျဉ်းနှင့် စံပြစည်းကမ်းတစ်ရပ်ကို ကျွန်ုပ်တို့အား ပေးထားသည်။ တမန်တော်မြတ် S သခင်ကို ဤစည်းမျဉ်းစည်းကမ်းအရ လေ့ကျင့်ပျိုးထောင်ကာ လူသားထုတစ်ရပ်လုံး၏ အနှိုင်းမဲ့ဖြစ်စေရန် ကိုယ်ကျင့်တရားဆိုင်ရာ သာလွန်ကောင်းမွန်မှုခပ်သိမ်း ထင်ရှားပေါ်လွင်စေသူ (**صاحب خلق عظيم**)ဟူသည့် ဘွဲ့အပ်နှင်းခဲ့သည်။ ပြီးခဲ့သောအာယသ်များထဲတွင် အစွမ်းလာမ့်ရန်သူများ၏ ခေါင်းမာစွာ မသိနားမလည်ခြင်းနှင့် မယဉ်ကျေးသောအပြုအမူများ ဖော်ပြပြီးနောက် ကုရ်အာန်ကျမ်းတော်မြတ်က ဆန့်ကျင်ဘက်အနေဖြင့် အထက်ပါအာယသ်တော်တွင် တမန်တော်မြတ် S ၏ စာရိတ္တပိုင်းဆိုင်ရာ သင်ကြားမှုအချို့ ဖော်ပြထားသည်။ ပထမဦးစွာဖော် ပြထားသည်မှာ **خُذِالْعَفْوَ** (ခွင့်လွှတ်ခြင်းတရား အမြဲလက်ကိုင်ထားခြင်း) ဖြစ်သည်။ အာရဗီစကားလုံး **عفو** တွင် အဓိပ္ပာယ်သက်ရောက်မှု များစွာရှိသည်။ တစ်ခုစီ၏ အဓိပ္ပာယ်ကို ဤနေရာ၌ ကောက်ယူနိုင်သည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ် အကျယ်ဖွင့်ရာတွင် ကျမ်းကျင်သောသူများက ဤအာယသ်နှင့်ပတ်သက်၍ ကွဲလွဲသောကောက်ချက်အမျိုးမျိုး ကောက်ယူကြသည်။ လုပ်ရပ်တစ်ခုကို မည်သည့် အခက်ခဲမျှမရှိဘဲ လွယ်ကူစွာ လုပ်ဆောင်နိုင်သည်ဟူသည့် ဤစကားလုံး၏ အဓိပ္ပာယ်ပြန်ဆိုချက်ကို အများစုက သဘောတူညီ ကြသည်။ ထို့ကြောင့် ပထမဝါကျသည် "လူအများ အလွယ်တကူ လုပ်ဆောင်နိုင်သည်ကို လက်ခံပါ"ဟူ၍ အဓိပ္ပာယ်သက်ရောက်ပါလိမ့်မည်။ ဆိုလိုသည်မှာ အစွမ်းသာသနာ၏ မပြုမနေရကိစ္စရပ်တွင် တမန်တော်မြတ် S သည် လူအများထံမှ အဆင့်အတန်းမြင့်မားသည့် လုပ်ဆောင်မှုများ မတောင်းခံသင့်ပါ။ ယင်းအစား ကိုယ်တော်မြတ် S သည် လူအများလွယ်ကူစွာရနိုင်သည့် ပြီးပြည့်စုံသော အဆင့်ကိုသာ လက်ခံသင့်ပါသည်။

ဤကိစ္စပိုမိုရှင်းလင်းစေရန် ဆွလာသ်ဝတ်ပြုဆောက်တည်မှုကို နမူနာထားကြည့်ကြစို့။ ဆွလာသ် ဝတ်ပြုဆောက်တည်ခြင်း၏ စစ်မှန်သောအနှစ်သာရမှာ လောကီဆိုင်ရာ အတွေးများနှင့်လုပ်ရပ်များ ခပ်သိမ်းကို တစ်စုံတစ်ဦးထံမှ ခွဲခြားထားကာ သူ၏အရှင်သခင်ရှေ့မှောက်၌ ပြီးပြည့်စုံသောရိုကျိုးမှုဖြင့် မတ်တပ်ရပ်ခြင်းဖြစ်သည်။ သူသည် သူ၏အရှင်သခင်ကို ချီးကျူးထောမနာရာ၌ ထိုအရှင်ထံ တိုက်ရိုက်ဦးတည် ပြောဆိုနေသကဲ့သို့ ပြုလုပ်ရမည်။ ထို့နောက် သူနှင့် သူ၏အရှင်သခင်ကြားတွင် မည်သည်မျှမရှိသကဲ့သို့ အရှင်သခင်ကို တိုက်ရိုက်ဦးချခြင်းများ ပြုလုပ်ရသည်။

ဝတ်ပြုဆောက်တည်သူတစ်ဦး၏ စိတ်အခြေအနေကပင်လျှင် ပေါ်လွင်ထင်ရှားသော လက္ခဏာများ ဖြစ်သည့် **خشوع** (ကျိုးနွံခြင်းနှင့်ရိုကျိုးခြင်း) လက္ခဏာများကိုပြသသည်။ ယင်းအခြေအနေမျိုးသည်လည်း ဝတ်ပြုဆောက်တည်သူများထဲတွင် အလွန်ကံကောင်းသောသူ အနည်းငယ်သာလျှင်ရကြသည်။ ဤကဲ့သို့သော ရိုကျိုးခြင်းနှင့် ချစ်မြတ်နိုးမှုကို ဝတ်ပြုဆောက်တည်သူအားလုံးထံမှ မမျှော်လင့်နိုင်ပါ။ ထို့ကြောင့် ဤအာယသ်တော်က တမန်တော်မြတ် s သခင်ကို လူအများထံမှ ဝတ်ပြုဆောက်တည်မှု၏ အဆင့်မြင့်သောအဆင့်အတန်း မတောင်းဆိုရန်နှင့် လုပ်ရပ်များကို လွယ်ကူစွာလုပ်ဆောင်၍ ၎င်းတို့ရရှိသော ပြီးပြည့်စုံသည့်အဆင့်ကို လက်ခံရန်မိန့်ထားသည်။

အထက်ပါအဓိပ္ပာယ် ဖွင့်ဆိုချက်ကို စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နဇုဗိုင်းရ်၏ စစ်မှန်ခိုင်လုံသော ဆင့်ပြန်ချက်အရ ဆွဟီးအလ်ဗုခါရီကျမ်းတွင် တင်ပြထားပါသည်။ အိဗ်နကဆီးရ်ကို ကိုးကားထားသော အခြားတင်ပြချက်တစ်ခုထဲ၌ ဤအာယသ်တော်ကျရောက်လာသောအခါ တမန်တော်မြတ် s က မိန့်ကြားသည်မှာ "အလ္လာဟ်အရှင်မြတ်က ကျွန်ုပ်အား လူအများ၏ ခဝပ်ကိုးကွယ်မှုများနှင့် အပြုအမူများအတွက် ၎င်းတို့၏ သာမန် (သို့မဟုတ်) အစဉ်အလာအတိုင်း ဖြစ်သော နာခံမှုကို လက်ခံရန် အမိန့်ပေးထားပါသည်။" ထို့ကြောင့် ထိုသူတို့နှင့်အတူ ကျွန်ုပ်ရှိနေသမျှကာလပတ်လုံး ထိုကဲ့သို့ လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ပါသည်" ဟူ၍ ဖြစ်သည်။ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နအုမရ်၊ အဗ်ဒုလ္လာဟ်အိဗ်နဇုဗိုင်းရ်၊ စိုက်ယိဒဟ် အာအိရှာဟ် f မြောက်များစွာသော ဋီကာရှင်များနှင့် ပညာရှင်မုဂျာဟိဒ်တို့က ကုရ်အာန် ကျမ်းတော်မြတ်၏ ဤစကားစု၏ အဓိပ္ပာယ်သည် အထက်ပါအတိုင်းဖြစ်သည်ဟု အတည်ပြုခဲ့ကြပါသည်။

**عفو** ၏ အခြားအဓိပ္ပာယ်တစ်ခုမှာ အပြစ်မှလွတ်ကင်းရန် (သို့မဟုတ်) ခွင့်လွှတ်ရန်ဟူ၍ ဖြစ်သည်။ အချို့သော ဋီကာရှင်များက ဤအဓိပ္ပာယ်ကို ဤနေရာတွင် ကောက်ယူကြသည်။ ၎င်းတို့အရဆိုလျှင် ဤကုရ်အာန် ကျမ်းတော်မြတ်၏ စကားစုက တမန်တော်မြတ် s အား လူများ၏အမှားများနှင့် ချွတ်ယွင်းချက်များကို ခွင့်လွှတ်ရန်ဖြစ်သည်။

ထင်ရှားသော ကုရ်အာန်ကျမ်းတော်မြတ်၏ ဋီကာရှင် အိမာမ်အိဗ်နအလ်သဗ္ဗာရိက တင်ပြထားသည်မှာ ဤအာယသ်တော်ကျရောက်သောအချိန်၌ တမန်တော်မြတ် s က ကောင်းကင်စေတမန်ချုပ် ဂျိဗရာအီလ်အား ဤအာယသ်တော်၏ အဓိပ္ပာယ်သက်ရောက်မှုကို မေးမြန်းခဲ့ပါသည်။ ကောင်းကင်စေတမန်ချုပ်သည် အလ္လာဟ်အရှင်မြတ်အထံတော်မှ ဤအာယသ်၏ အဓိပ္ပာယ်အတည်ပြုချက် ရယူပြီးသည့်နောက် ဖြေကြားသည်မှာ အသင့်အားမမှန်မကန်ပြုသူများကို ခွင့်လွှတ်ရန် အသင့်အား မည်သည်မျှမပေးကမ်းသောသူကို ရက်ရက်ရောရောပေးကမ်းရန်နှင့် အသင့်အား အဆက်အသွယ်ဖြတ်သောသူကို အသင်က ဆက်ဆံမြဲဆက်ဆံရန် အမိန့်ပေးထားပါသည်" ဟူ၍ဖြစ်သည်။ ဤအာယသ်တော်ကို ကောက်ချက်ချရာ၌ စိုက်ယိဒိနာ စအဒ်အိဗ်နအုဗာဒဟ်၏ စစ်မှန်ခိုင်လုံသော ဆင့်ပြန်ချက်အရ အိဗ်နမရ်ဒဝီယဟ်က တင်ပြထားသည်မှာ ဤ အာယသ်ကျရောက်သောအချိန်သည် အုဟုဒ်စစ်ပွဲဖြစ်ပွားခဲ့သောအချိန်ဖြစ်ခါ ယင်းစစ်ပွဲ၌ စိုက်ယိဒိနာဟမ်ဇဟ် d သခင်သည် သူရဲကောင်းတစ်ဦးအနေဖြင့် ကျဆုံးခဲ့ကာ သူ၏ခန္ဓာကိုယ် အစိတ်အပိုင်းများအား ရက်စက် ကြမ်းကြုတ်စွာ ဖြတ်တောက်ခြင်းခံရသော အချိန်ကဖြစ်ပါသည်။ ဟမ်ဇဟ် d သခင်၏ ခန္ဓာကိုယ်ကို စိတ်ပြိုငြိုဖွယ်ရာ အခြေအနေ၌မြင်တွေ့ရသောအခါ တမန်တော်မြတ် s သခင်က မိန့်ကြားသည်မှာ "ဟမ်ဇဟ်အား ၎င်းတို့ပြုကျင့်ခဲ့သည့်နည်းအတိုင်း ထိုသူများအနက်မှ လူ(၇၀)အား ကျွန်ုပ် လုပ်ဆောင်ပြုကျင့်မည်"ဟူ၍ မိန့်သည်။ ဤအာယသ် တမန်တော်မြတ် s သခင်ထံ ကျရောက်ခဲ့ကာ ထိုသို့သောလုပ်ရပ်သည် တမန်တော်မြတ် s ၏ ခန့်ညားထည်ဝါသောအဆင့်နှင့် မလျော်ကန် မသင့်မြတ်ပါ။ သူသည် ထိုသူများကို အပြစ်မှကင်းလွတ်ခွင့်ပေးကာ ခွင့်လွှတ်သင့်သည်ဟု အဓိပ္ပာယ်သက်ရောက်ပါသည်။

ဤသည်ကို အုက်ဗဟ်အိပ်နအမိရ်၏စစ်မှန်ခိုင်လုံချက်အရ အိမာမ်အဟ်မဒ်တင်ပြထားသော အခြား ဟဒီးဆ်တော်တစ်ပုဒ်ထဲ၌ တမန်တော်မြတ် ﷺ က အမိရ်အား ထိုကဲ့သို့လုပ်ဆောင်ရန် ညွှန်ကြားထားပါသည်။ ဆိုလိုသည်မှာ မိမိအား အမှားပြုလုပ်သူတစ်ဦးအား ခွင့်လွှတ်ရန် မိမိအား အဆက်အသွယ်ဖြတ်ထား သူတစ်ဦး ဆက်ဆံမြဲဆက်ဆံရန်နှင့် မိမိအား ချို့တဲ့အောင်ပြုလုပ်ထားသူတစ်ဦးအား ပေးကမ်းရန်ဟူ၍ဖြစ် ပါသည်။ စိုက်ယိဒိနာအလီ ؓ မှတစ်ဆင့် ဗိုင်ဟကီ၏တင်ပြချက်အား မိန့်ကြားသည်မှာ "အကျွန်ုပ် အသင့်အား ကျွန်ုပ်တို့ အလျင်ရှိလူများနှင့် ကျွန်ုပ်တို့၏ နောက်တွင်ရှိမည့် လူတို့၏ အမူအကျင့်များထက် သာလွန်ကောင်းမွန်သော အမူအကျင့်များကို သင်ကြားပေးပါမည်။ "ယင်းမှာ အသင့်အား ချို့တဲ့အောင်လုပ်သူအား ပေးကမ်းပါလေ။ အသင့်အား အမှားပြုသူများကို ခွင့်လွှတ်ပါလေ။ အသင်နှင့် ဆက်ဆံရေးဖြတ်တောက်သူကို ဆက်ဆံမြဲဆက်ဆံပါလေ" ဟူ၍ဖြစ်သည်။

**عفو** "အဖ်ဝ" ဟူသော စကားလုံး၏ အထက်ဖော်ပြပါအဓိပ္ပာယ်နှစ်ရပ်တို့သည် တစ်ခုနှင့်တစ်ခု ကွဲပြားသော်လည်း နှစ်ခုစလုံး၏ အသန့်စင်ဆုံးအနှစ်သာရမှာ တစ်ခုတည်းပင်ဖြစ်ပါသည်။ ဆိုလိုသည်မှာ တမန်တော်မြတ် ﷺ လူများ၏ခဝ်ကိုးကွယ်မှုနှင့် လုပ်ဆောင်မှုများတွင် မြင့်မားသောအဆင့်ဖြင့် လုပ်ဆောင်ရန် မတောင်းခံသင့်ပါ။ ၎င်းနောက် ထိုသူများ၏အမှားများအတွက် ယင်းတို့အား ခွင့်လွှတ်ပါ။ မမှန်မကန် လုပ်ဆောင်မှုများအတွက် ကလဲ့စား မချေသင့်ပါ။ ၎င်းနောက် ထိုသူများထံမှ မည်သည်မှပြန်လည်မရရှိသည့်တိုင် ထိုသူများအား ရက်ရောစွာ ပေးကမ်းပါ ဟူ၍ဖြစ်သည်။

တမန်တော်မြတ် ﷺ ၏ ခိုင်လုံသောဘဝမှတ်တမ်းများအရ တမန်တော်ကြီးလုပ်ရပ်များနှင့် ကိုယ်ကျင့်တရားများကို အထက်ပါကုရ်အာန်ကျမ်းတော်မြတ်၏ ပုံစံအတိုင်း အမှန်ကန်ဆုံးသော ပုံရိပ်ဖြင့် လုပ်ဆောင် ပြသခဲ့ပါသည်။ ဤပုံစံကို မက္ကဟ်မြို့ကိုအောင်နိုင်ပြီးသည့်နောက် တမန်တော်မြတ် ﷺ သခင်၏ ခါးခါးသီးသီး ရန်သူတို့သည် တမန်တော်မြတ်ပြုသမျှ ခံကြရမည့်အခြေအနေတွင် အပြည့်အဝပြသခဲ့ပါသည်။ ထိုအချိန် တွင် တမန်တော်မြတ် ﷺ သည် ထိုရန်သူအားလုံးအား လွတ်ငြိမ်းချမ်းသာခွင့်ပေးကာ မိန့်ကြားသည်မှာ ထိုသူများ၏ မတရားပြုလုပ်မှုတို့အား လက်စားချေရန်ဆိုသည်ကို လုံးဝမတွေးတောဘဲ ၎င်းတို့အတိတ်ကာလက ဖြစ်ပျက်ခဲ့သည်တို့ကိုလည်း အပြစ်မတင်ပါ" ဟူ၍ဖြစ်သည်။

ဤကြေညာချက်၏ ဒုတိယဝါကျမှာ **وَأْمُرْ بِالْعُرْفِ** "ကောင်းမြတ်သောအမှုတို့ကို ပြုလုပ်ကြရန် အမိန့်ပေးလျက်ရှိပါလေ။"(၇း၉၉) **عُرف** "အုရ်ဖ်" ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ "အသိအမှတ်ပြုသည်" ဖြစ်ကာ အရာရာတိုင်းအား ကောင်းမွန်ပြီး ချီးကျူးထိုက်သည့်နည်းဖြင့် လုပ်ဆောင်ခြင်းကို ရည်ညွှန်းပါသည်။ အထက်ဆိုလိုရင်းမှာ တမန်တော်မြတ် ﷺ သည် ရန်သူများက သူ့အား ဖိနှိပ်ချုပ်ချယ်မှုများပြုလုပ်ခဲ့သည်ကို လက်စားမချေသင့်ပါ။ ထိုသူများအား ခွင့်လွှတ်သင့်ပါသည်။ သို့ရာတွင် ထိုခွင့်လွှတ်မှုနှင့်အတူ တမန်တော် မြတ်သည် ထိုသူများအား ကောင်းမြတ်သည်များနှင့် အကျိုးရှိသည်တို့ကို လုပ်ဆောင်ရန် အမြဲပြောဆိုနေသင့်ပါသည်။ သို့ပါသောကြောင့် သူသည် မကောင်းမှုအား အကောင်းဖြင့်လည်းကောင်း၊ မတရားမှုအား တရားမျှတမှုဖြင့်သာ ပြန်လည်ပေးဆပ်ရုံသာမက အမှန်တကယ်မှာမူ သူသည် ထိုသူများအား အလုံးစုံတို့အတွက် မြင့်မားသည့်အဆင့်အတန်းရှိသော အကူအညီပေးမှုများ၊ ကျက်သရေမင်္ဂလာတို့ဖြင့် ပြန်လည်ပေးဆပ် ခြင်းဖြစ်ပါလိမ့်မည်။ ယင်းသည်ကား "အဲဟ်စံ" ပင်ဖြစ်ပါသည်။

တတိယဝါကျထဲတွင် **وَأَعْرِضْ عَنِ الْجَاهِلِيْنَ** "၎င်းပြင်အသင်သည် အသိပညာကင်းမဲ့သောသူတို့ကို လျစ်လျူ

ရှု၍နေပါလေ" ဟူ၍မိန့်ထားသည်။ ဆိုလိုသည်မှာ တမန်တော်မြတ် s သည် သူ့အား မတရားပြုလုပ်သည်တို့အတွက် လက်စားချေ ခြင်းကို စွန့်လွှတ်သင့်သည်။ သူ၏ရန်သူများနှင့် ဆက်ဆံရာ၌ ထိုသူများအတွက် သောကနှင့် အကောင်းလိုလားသည့် စိတ်ဓာတ်များ ထားရှိရမည်။ ၎င်းနောက်ထိုသူများအားကိစ္စ၏ အမှန်တရားကို သိမ်မွေ့စွာ ရှင်းလင်းပြရမည်။ သို့ရာတွင် ဤသို့လုပ်ဆောင်ရာ၌ အလွန်နှုးညံ့သော ကိုယ်ကျင့်တရားဖြင့် တုံ့ပြန်မှုသည် အချို့သော မသိနားမလည်ပြီး ခေါင်းမာသောသူများအတွက် မည်သို့သော အကျိုးသက်ရောက်မှု (သို့မဟုတ်) အထင်ကြီးမှုမျိုးများ ဖြစ်ပေါ်လိမ့်မည်မဟုတ်ပါ။ ထိုသူများသည် ဤကဲ့သို့ဆက်ဆံသည့်တိုင် သူတို့၏မသိနားမလည်မှုနှင့် ကြမ်းတမ်းမှုတို့ကို ပိုမို ထုတ်ဖော်ပြသပါလိမ့်မည်။ ထိုကဲ့သို့ ဖြစ်ခဲ့ပါလျှင် တမန်တော်မြတ် s သည် ထိုသူတို့၏ စိတ်ထိခိုက်ဖွယ်ရာ မှတ်ချက်များနှင့် ခပ်ရိုင်းရိုင်း အနှောင့်အယှက်များကြောင့် မထိခိုက်စေရန် သူတို့ပြောသကဲ့သို့ သူတို့အားပြန်လည် မတုံ့ပြန်ရန်နှင့် ထိုသူ များထံမှရှောင်ခွာပြီး လျစ်လျူရှုနေရန် အကြံပြုထားသည်။

သဖွယ်ရှိအဓိပ္ပာယ်ဖွင့်ဆိုချက်များအရ ပြောသည်မှာ "လျစ်လျူရှုနေရန်" ဆိုသည်ကလည်း မကောင်းမှုကို မကောင်းမှုဖြင့် လက်တုံ့ပြန်ရန်မသင့်ဟူ၍လည်း အဓိပ္ပာယ်သက်ရောက်ပါသည်။ ဤသည်က တမန်တော်မြတ်ကြီးသည် ထိုသူတို့အား ကောင်းမွန်သောအကြံဉာဏ်များပေးခြင်းမှ ရပ်တန့်သင့်သည်ဟု မဆိုလိုပါ။ အဘယ်ကြောင့်ဆိုသော် ဤသို့ပြုလုပ်ခဲ့ပါက အလ္လာဟ်အရှင်မြတ်၏ နဗီတမန်တော်တစ်ပါးအား အပ်နှင်းထားသည့် အမြဲတမ်းလုပ်ဆောင်ရမည့် တာဝန်ဝတ္တရားနှင့်ကိုက်ညီလိမ့်မည် မဟုတ်ပါ။

ဤနေရာ၌ စိုက်ယိဒိနာ အဝံဒုလ္လာဟ်အိဝ်နုအဗ္ဒွားစ်၏ တင်ပြချက်အရ ဆွဟီးအလ်ဗုခါရီကျမ်းပါ အဖြစ်အပျက်တစ်ခုကို တင်ပြပါမည်။ ခလီဖတ်စိုက်ယိဒိနာ အုမရ် d သခင် အုပ်ချုပ်သောအချိန်ကာလတွင် ဟူယိုင်နား အိဝ်နဟစ်စင်သည် မဒီနာမြို့သို့လာရောက်ကာ ခလီဖတ်ကြီး၏တူတော်သူ ဟူးရိအိဝ်နကိုက်စ်၏ ဧည့်သည်အဖြစ် နေထိုင်ခဲ့ပါသည်။ စိုက်ယိဒိနာဟူးရိသည် မဒီနာမြို့ရှိပညာရှင်များအနက် ပညာရှင်တစ်ဦးဖြစ်ကာ စိုင်ယိဒိနာအုမရ်၏ အကြံပေးကောင်စီသို့ အမြဲတက်ရောက်လေ့ရှိပါသည်။ ဟူယိုင်နားက ဟူးရိအိဝ်နကိုက်စ်အား "အသင်သည် မုအ်မင်န်တို့၏ခေါင်းဆောင်ကြီးနှင့် အလွန်နီးနီးကပ်ကပ် ရှိနေပါသည်။ ကျွန်ုပ် ခေါင်းဆောင်ကြီးအား တွေ့ဆုံနိုင်ရန်အတွက် အချိန်းအချက်တစ်ခုပြုလုပ်ပေးပါဟု ပြောကြားခဲ့လေသည်။ စိုက်ယိဒိနာဟူးရိ အိဝ်နကိုက်စ်က သူ၏ဦးလေး စိုက်ယိဒိနာ အုမရ်အား ဟူယိုင်နားမှတွေ့ဆုံလိုကြောင်း မေတ္တာရပ်ခံပါသည်။ စိုက်ယိဒိနာအုမရ်က ခွင့်ပြုခဲ့ပါသည်။

သို့ရာတွင် ဟူယိုင်နားသည် စိုက်ယိဒိနာအုမရ်ဖာရွက်တို့၏ အသိုင်းအဝိုင်းထဲ ရောက်သွားသည်နှင့် တစ်ပြိုင်နက် သူသည်ခလီဖတ်ကြီးအား ရိုင်းစိုင်းသည့်အမူအရာဖြင့် စကားပြောဆိုခဲ့ကာ ခလီဖတ်ကြီးက သူတို့အား ရပိုင်ခွင့် အပြည့်အဝမပေးကြောင်းနှင့် ၎င်းတို့အား မျှတမှု၊ သာတူညီမျှမရှိဘဲ ဆက်ဆံသည့် အကြောင်းများ ရှင်းလင်း ပြသရာ၌ အဖြစ်အပျက်မှန်တို့နှင့် ဆန့်ကျင်ပြောကြားခဲ့ပါသည်။ စိုက်ယိဒိနာအုမရ် d သည် အလွန်ဒေါသဖြစ်ခဲ့ပါသည်။ ထိုစဉ် စိုက်ယိဒိနာဟူးရိ အိဝ်နကိုက်စ်သည် "အိုမုအ်မင်န်များတို့၏ ခေါင်းဆောင်ကြီးအလ္လာဟ်အရှင်မြတ်က **خُذِ الْعَفْوَ وَ أْمُرْ بِالْعُرْفِ وَ أَعْرِضْ عَنِ الْجٰهِلِيْنَ** (အသင်သည် ခွင့်လွှတ်ခြင်းတရားကို အမြဲလက်ကိုင်ထားကာ (၎င်းတို့အား) ကောင်းမြတ်သောအမှုတို့ကို ပြုလုပ်ကြရန် အမိန့်ပေးလျက်ရှိပါလေ။ ၎င်းပြင် အသင်သည်အသိပညာကင်းမဲ့သော သူတို့ကို လျစ်လျူရှု၍နေပါလေ" ၎င်းနောက် ဤသူသည်လည်း အသိပညာကင်းမဲ့သူများတွင်လည်း တစ်ဦးအပါအဝင် ဖြစ်ပါသည်)(၇း၁၉၉)ဟူ၍ လျှောက်ထားခဲ့ပါသည်။ ဤအာယသ်တော်ကို ကြားသိရသောအခါ၌ ခလီဖတ်ကြီး၏ ဒေါသ ပြေငြိမ်းသွားကာ ထိုသူအား ဘာမျှမပြောကြားတော့ပါ။

စိုက်ယိဒိနာအုမရ်၏ ဤဒေါသကြီးမှုသည် ထင်ရှားလှပါသည်။ သူ့အကြောင်းပြောကြားသည်မှာ **كَانَ وَقَّافًا عِنْدَ كِتَابِ اللهِ عَزَّ وَجَلَّ** (အလွန်ကြီးကျယ်ပြီး တန်ခိုးတော်နှင့်ပြည့်စုံသော အလ္လာဟ်အရှင်မြတ်၏ ကျမ်းစာပါ အမိန့်ပညတ်ချက်များနှင့် ပတ်သက်လာလျှင် သူသည် မဆိုင်းမတွ ပျော့ပျောင်းညင်သာသွားပါသည်။)

ဤအာယသ်တော်ထဲ၌ အကျင့်စရိုက်၏မြင့်မြတ်သော ဒီဇိုများအကြောင်း အကျယ်တဝင့် ဖော်ပြချက်များ ပါဝင်သည်။ အချို့ပညာရှင်များက ဤအကြောင်းနှင့်ပတ်သက်၍ အတိုချုပ် ရှင်းလင်းရာတွင် လူနှစ်မျိုး နှစ်စားရှိသည်ဟု ပြောကြသည်။

(၁) ကောင်းမြတ်သောအလုပ်လုပ်သူများနှင့်

(၂) ဆိုးဝါး၍ မတရားသောသူများဖြစ်ကြသည်။ အာယသ်တော်က ကျွန်ုပ်တို့ကို နှစ်မျိုးစလုံးအား ကောင်းမွန်စွာ ဆက်ဆံရန် ပြောကြားထားသည်။ ကောင်းသောအလုပ်လုပ်ကြသူများအတွက် ၎င်းတို့လုပ်ဆောင်သည်ကို လက်ခံပါ။ အလွန်အမင်းစုံစမ်းမှုမပြုပါနှင့် မလိုအပ်ဘဲ အမေးအမြန်းမထူပါနှင့်။ ထိုသူတို့ထံမှ ကောင်းမှု ကောင်းရာ၏ အမြင့်မားဆုံးအဆင့်အထိ မတောင်းဆိုပါနှင့်။ ထို့ပြင်၎င်းတို့လုပ်သမျှသည် လုံလောက်သည်ဟု လက်ခံပါ။ မကောင်းမှုလုပ်ဆောင်သူများအတွက် ပေးထားသောဥဿန်ကြားချက်မှာ ၎င်းတို့အား ကောင်းမှု ကောင်းရာလုပ်ရန် သင်ကြားပြသပေးပါ။ ထိုသူတို့ကို ဖြောင့်မတ်မှန်ကန်သည့် လမ်းပြပေးပါ။ အကယ်၍ ထိုသူများက လက်မခံဘဲ ၎င်းတို့၏ အမှားနှင့်လမ်းလွဲခြင်းကို ဖက်တွယ်ကာ မောက်မာ၍ကြမ်းတမ်းစွာပြောဆိုပါက အလျော်ကန် အသင့်မြတ်ဆုံးနည်းကား ၎င်းတို့နှင့်ဝေးဝေးရှောင်၍ ၎င်းတို့၏ မသိနားမလည်သည့် မှတ်ချက်များကို တုံ့ပြန်ခြင်းမှရှောင်ကြဉ်ပါ။ ဤချဉ်းကပ်မှုသည် တစ်ချိန်ချိန်၌ ၎င်းတို့အမှားကို သိရှိနိုင်ကာ ၎င်းတို့သည် သင်တို့ဖက်ပြန်လှည့်လာနိုင်မည်ဟု မျှော်လင့်နိုင်သည်။

ဒုတိယအာယသ်တော်ထဲတွင် **وَإِمَّا يَنْزَغَنَّكَ مِنَ الشَّيْطَانِ نَزْغٌ فَاسْتَعِذْ بِاللهِ إِنَّهُ سَمِيعٌ عَلِيمٌ** "ထို့ပြင် အကယ်၍ ရှိုက်တွာန်ထံမှ တစ်စုံတစ်ရာ အကြံပေးချက်သည် အသင် (၏စိတ်နလုံး) ၌ သက်ရောက်ခဲ့ပါမူ အသင်သည် (ချက်ချင်းပင်) အလ္လာဟ်အရှင်မြတ်၏ ကာကွယ်စောင့်ရှောက်မှု ကို ဆည်းပူးရှာဖွေ (ရယူ) ပါလေ"(၇း၂၀၀)

ဤအာယသ်သည်လည်း အမှန်တကယ်တွင် မတရား၍ မသိနားမလည်သောသူများ၏ အမှားအား ခွင့်လွှတ်သင့်ကြောင်းနှင့် ၎င်းတို့၏မကောင်းသောလုပ်ရပ်များအတွက် မကောင်းသည့်လုပ်ရပ်နှင့် မတုံ့ပြန်သင့်ဟု ညွှန်ကြားထားခြင်းသည် အကြောင်းအရာကို ပြည့်စုံအောင်ဖြည့်စွက်ခြင်းဖြစ်သည်။ ဤသည်မှာ ကြီးလေးသောတာဝန်ဖြစ်သည်။ စင်စစ် ဤသို့လုပ်ဆောင်ရခြင်းမှာ အလွန်စိတ်အနောက်အယှက်ဖြစ်ကာ လူသား၏ပင်ကိုစိတ်ရင်းအား ခက်ခဲစေပါသည်။ အထူးသဖြင့် ဤကဲ့သို့သောအချိန်တွင် သာမန်လူတစ်ဦး ကို ဒေါသထွက်စေ၍ ၎င်းနှင့်ဆက်ဆံသူနှင့် ခိုက်ရန်ဖြစ်စေရန် မြူဆွယ်ဖြားယောင်းမည့် ရှိုက်တွာန်ကလည်း ရှိနေပါသည်။ ထို့ကြောင့် ဒုတိယအာယသ်တော်တွင် အကြံပြုထားသည်မှာ အကယ်၍ထိုသို့သောအချိန်တွင် ဒေါသနှင့်စိတ်လှုပ်ရှားကာ အသင်၏သည်းခံမှုကို စမ်းသပ်ခံရသောအခါ ဤသည်မှာရှိုက်တွာန်ထံမှလာရှိခြင်း ဖြစ်ကြောင်း ချက်ချင်း သိရှိနားလည်ပါစေ။ ယင်းအတွက် စံပြကုထုံးမှာ အလ္လာဟ်အရှင်မြတ်ထံတော်ပါး ခိုလှုံခြင်းပင်ဖြစ်သည်။

ဟဒီးဆ်တော်တွင် လာရှိသည်မှာ တမန်တော်မြတ် ﷺ ရှေ့မှောက်တွင် လူနှစ်ဦး စကားများနေကြရာ တစ်ယောက်သောသူသည် ထိန်းချုပ်မရအောင် ဒေါသထွက်နေပါသည်။ တမန်တော်မြတ် ﷺ က ထိုသူ့အား ကြည့်၍ မိန့်တော်မူသည်မှာ "အကယ်၍ ဤလူသည်သာ ကြားမည်ဆိုလျှင် သူ၏ ဒေါသချုပ်ငြိမ်းမည်ဖြစ်သော စကားအချို့

ကျွန်ုပ်သိရှိပါသည်" ထို့နောက် ကိုယ်တော်မြတ်က اَعُوْذُ بِاللّٰهِ مِنَ الشَّيْطَانِ الرَّجِيْمِ ကျွန်တော်မျိုးသည် ကျိန်စာသင့် သောရှိုက်သွာန်မိစ္ဆာရန်မှ ကင်းဝေးရန်အလျှာဟ်အရှင်မြတ်ထံတော်၌ ခိုလှုံပါ၏" ဟု မိန့်ကြားခဲ့သည်။ ဤသူသည် တမန်တော်မြတ် S သခင် ဖတ်ရွတ်သည်ကိုကြားသည်နှင့် တစ်ပြိုင်နက် နောက်မှလိုက်ဆိုပါသည်။ တစ်မုဟုတ်ချင်း တွင် သူ၏ဒေါသများ ပြေငြိမ်းသွားခဲ့သည်။

## တစ်မူထူးခြားသည့် တိုက်ဆိုင်မှုတစ်ရပ်

ဤနေရာတွင် သဖိစိရ်ပညာရှင် အိပ်နကဆီးရ်သည် တစ်မူထူးခြားသည့် တိုင်ဆိုင်မှုတစ်ရပ်အကြောင်း ရေးသားထားခဲ့သည်။ ၎င်းကပြောသည်မှာ ကုရ်အာန်ကျမ်းတော်မြတ် တစ်စောင်လုံးတွင် အဆင့်မြင့် ကိုယ်ကျင့်တရား ဆိုင်ရာ သင်ကြားမှု၏ တပေါင်းတစည်းတည်းဖြစ်စေသော အာယသ်တော်သုံးရပ် ပါဝင်သည်။ ထို့ပြင် ဤ အာယသ်သုံးခုစလုံးသည် ရှိုက်သွာန်မိစ္ဆာ၏ရန်မှကင်းဝေးရန် ခိုလှုံမှုလိုအပ်ကြောင်းဖြင့် အဆုံးသတ်ထားသည်။ ဤသည်တို့ အနက်တစ်ခုမှာ ကျွန်ုပ်တို့ ယခုဆွေးနွေးနေသည် စူရဟ်အလ်အာရာဖ်ပါ ဤအာယသ်တော်ဖြစ်သည်။ ဒုတိယတစ်ခုမှာ စူရဟ်အလ်မုအ်မိနူရ်၏ အာယသ်တော်ဖြစ်၍ အောက်ပါအတိုင်းဖြစ်သည်။

اِدْفَعْ بِالَّتِيْ هِيَ اَحْسَنُ السَّيِّئَةَ ۚ نَحْنُ اَعْلَمُ بِمَا يَصِفُوْنَ وَ قُلْ رَّبِّ اَعُوْذُ بِكَ مِنْ هَمَزٰتِ الشَّيٰطِيْنِ وَ اَعُوْذُ بِكَ رَبِّ اَنْ يَّحْضُرُوْنِ

"အို (နဗီတမန်တော်)၊ အသင်သည် (ထိုကာဖိရ် သွေဖည်ငြင်းပယ်သူတို့၏) ဆိုးရွားသော ပြုမူချက်တို့ကို အကောင်းဆုံးသောနည်းဖြင့် တွန်းလှန်ပါလေ။ ငါအရှင်မြတ်သည် (အသင်အား) ၎င်းတို့ ကြံဖန်ပြောဆိုစွပ်စွဲကြ သည်များကို ကောင်းစွာသိရှိတော်မူပေသည်။ ၎င်းပြင် အသင်သည် (ဤသို့) လျှောက်ထားမိန့်ကြားပါလေ။ "အို-ကျွန်တော်မျိုး၏အရှင်မြတ် ကျွန်တော်မျိုးသည် ရှိုက်သွာန်မိစ္ဆာကောင်တို့၏ တိုက်တွန်းနှိုးဆော်ချက်မှ (ကင်းလွတ်ရန်) အရှင်မြတ်၏ အကာအကွယ်ကိုရလိုပါ၏။ ထိုနည်းတူစွာ ကျွန်တော်မျိုးသည် မိမိထံသို့ ထိုရှိုက်သွာန်မိစ္ဆာကောင်များ ရောက်ရှိမလာနိုင်ကြရန်လည်း အရှင်မြတ်၏ အကာအကွယ်ကို ရလိုပါ၏။ (၂၃ း ၉၆ - ၉၈)

တတိယအာယသ် စူရဟ်ဟာမြီးရ်အတ်စ်စိဂ်ဒါဟ် (စူရဟ်ဖုစိလတ်ဟုလည်းရည်ညွှန်းသော) အာယသ်တွင်

وَ لَا تَسْتَوِى الْحَسَنَةُ وَ لَا السَّيِّئَةُ ۚ اِدْفَعْ بِالَّتِيْ هِيَ اَحْسَنُ فَاِذَا الَّذِيْ بَيْنَكَ وَ بَيْنَهٗ عَدَاوَةٌ كَاَنَّهٗ وَلِيٌّ حَمِيْمٌ وَ مَا يُلَقّٰىهَاۤ اِلَّا الَّذِيْنَ صَبَرُوْا ۚ وَ مَا يُلَقّٰىهَاۤ اِلَّا ذُوْ حَظٍّ عَظِيْمٍ وَ اِمَّا يَنْزَغَنَّكَ مِنَ الشَّيْطٰنِ نَزْغٌ فَاسْتَعِذْ بِاللّٰهِ ؕ اِنَّهٗ هُوَ السَّمِيْعُ الْعَلِيْمُ

"အမှန်စင်စစ်သော်ကား ကောင်းမှုနှင့်မကောင်းမှုတို့မှာ တူကြသည်မဟုတ် ပေ။ (သို့ဖြစ် ပေရာ) အသင်သည် (မကောင်းမှု) ကို ကောင်းမှုဖြင့်ခုခံ တွန်းလှန်ပါလေ။ သို့ဖြစ်လျှင် အကြင်သူ နှင့် အသင်၏စပ်ကြား၌ ရန်ငြိုးရှိ၏။ ထိုသူ သည် မိတ်ဆွေရင်းကဲ့သို့ ဖြစ်လာပေမည်။"(၃၄)

သို့တစေလည်း ယင်းကောင်းမြတ်သော နည်းလမ်းဟူသည် သည်းခံသောသူတို့သာလျှင် ပေးသနား ခြင်း ခံကြရပေသည်။ ထိုနည်းတူစွာ ယင်းကောင်းမြတ်သောနည်းဟူသည် ကြီးကျယ်စွာ

သော ဝေစုဝေပုံကို ပိုင်ဆိုင် သောသူသည်သာ ပေးသနားခြင်းကိုခံရပေသည်။ (၃၅)

ၔင်းပြင်အကယ်၍ အသင့်အားရှိုက်သွားန်မိစ္ဆာကောင်၏ဘက်မှ တစ်စုံတစ်ရာ နှောင့် ယှက်ဖျက်ဆီး ခြင်းရှိပါလျှင် အသင်သည်အလ္လာဟ်အရှင်မြတ် ထံတော်မှ အကာအကွယ်ကို တောင်းခံပါလေ။ မလွဲဧကန် ထိုအရှင်မြတ် သည်သာလျှင် အကြွင်းမဲ့ကြားသောမူသောအရှင်၊ အကြွင်းမဲ့သိတော်မူ သောအရှင်ဖြစ်တော်မူပေသတည်း။ (၃၆)

(၄၁ း ၃၄ - ၃၆) ဟူ၍ပါရှိသည်။

ဤအာယသ်သုံးခုစလုံးထဲတွင် ဒေါသထွက်စေရန် ပြုလုပ်သောသူများအား ခွင့်လွှတ်ရန်နှင့်မေ့ပစ်ရန် မကောင်းကိုအကောင်းနှင့် တုံ့ပြန်ရန်စသည်တို့နှင့်အတူ ရှိုက်သွားန်ရန်မှ အလ္လာဟ်အရှင်မြတ်ထံ ခိုလှုံရန်အတွက် ညွှန်ကြားချက်ပေးထားသည်။ ဤသည်က ရှိုက်သွားန်မိစ္ဆာသည် လူသားများ အချင်းများခြင်းကို အထူးစိတ်ဝင်စား ကြောင်း ကျွန်ုပ်တို့ကို ပြောကြားပါသည်။ လူသားများ အချင်းများစေရန် အခွင့်အလမ်းတစ်ခုရသွားလျှင် ယင်းကို ရှိုက်သွားန်မိစ္ဆာက အနှစ်သက်ဆုံး အမဲလိုက်ကွင်းအဖြစ် စုစည်းလိုက်သည်။ တစ်စုံတစ်ဦးသည် မည်မျှတည်ငြိမ်၍ သည်းခံနိုင်စွမ်းရှိသည်ဖြစ်စေ ၔင်းရှိုက်သွားန်များသည် ထိုသူ ဒေါသထွက်၍ စည်းဘောင်ကျော်စေရန် မြှုဆွယ် ဖြားယောင်းလိမ့်မည်ဖြစ်သည်။

ယင်းအတွက် ကုထုံးတစ်ရပ်ရှိသည်။ လူတစ်ဦးသည် ဒေါသထိန်းမရဖြစ်သွားလျှင် ရှိုက်သွားန်မိစ္ဆာသည် ၔင်းသူ၏ ကောင်းသောစိတ်ကို အနိုင်ရသွားသည်ဟု သိသင့်သည်။ ထိုသူသည် အလ္လာဟ်အရှင်မြတ်ဘက်လှည့်၍ အရှင်မြတ်ထံခိုလှုံသင့်သည်။ ဤသို့လုပ်ဆောင်ခြင်းသည် အကျင့်စရိုက်၏ မြင့်မြတ်သောဒီဇကို အကောင်းဆုံး တိုးတက်ဖွံ့ဖြိုးစေပါသည်။ ထို့ကြောင့် ရှိုက်သွားန်ရန်မှ အကာအကွယ်ရရန်အတွက် အလ္လာဟ်အရှင်မြတ်ထံ အကာ အကွယ်တောင်းခံရန် လိုအပ်ကြောင်းကို တတိယအာယသ်(၂၀၁)နှင့် စတုတ္ထအာယသ်(၂၀၂)ထဲတွင် နောက်ထပ် ဆင့်၍ အလေးအနက်ပြုထားသည်။

## အာယသ် (၂၀၃ - ၂၀၄)

وَ اِذَا لَمۡ تَاۡتِهِمۡ بِاٰيَةٍ قَالُوۡا لَوۡ لَا اجۡتَبَيۡتَهَا ؕ قُلۡ اِنَّمَاۤ اَتَّبِعُ مَا يُوۡحٰۤى اِلَىَّ مِنۡ رَّبِّىۡ ۚ هٰذَا بَصَآئِرُ مِنۡ رَّبِّكُمۡ وَ هُدًى وَّ رَحۡمَةٌ لِّقَوۡمٍ يُّؤۡمِنُوۡنَ ﴿۲۰۳﴾ وَ اِذَا قُرِئَ الۡقُرۡاٰنُ فَاسۡتَمِعُوۡا لَهٗ وَ اَنۡصِتُوۡا لَعَلَّكُمۡ تُرۡحَمُوۡنَ ﴿۲۰۴﴾

**ထို့ပြင် အသင်သည် ထိုသူတို့ထံ (ၔင်းတို့တောင်းဆိုကုန်သော) တန်ခိုး သက်သေ လက္ခဏာ တစ်စုံတစ်ရာကို ယူဆောင်လာခြင်းကို မပြုသောအခါ ၔင်းတို့က "အသင် သည် (မိမိကိုယ်တိုင်) တန်ခိုးတော်သက်သေလက္ခဏာကို အဘယ်ကြောင့် ရွေးချယ်၍ မယူခဲ့ဘိသနည်း" ဟု ပြောဆိုကြကုန်၏။ အသင်သည် (ၔင်းတို့အား ဤသို့) ဖြေကြား ပါလေ။ (အချင်းတို့) ငါသည် မိမိအရှင်ထံတော်မှ မိမိထံပေးပို့တော်မူသော "ဝဟ်ယ်" အမိန့်တော်ကို လိုက်နာသူသာလျှင် ဖြစ်ပေသည်။ ဤ(ကုရ်အာန်ကျမ်းတော်မြတ်)**

**သည်ပင်လျှင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ (ထုတ်ပြန်ချမှတ် ပေးသနားတော်မူအပ်သော) အထင်အရှားသိမြင်နိုင်သော (တန်ခိုးတော်) သက်သေသာဓကများလည်း ဖြစ်သည်။ ထိုမှတစ်ပါး သက်ဝင်ယုံကြည်သော သူတို့အဖို့ မှန်ကန်သော တရားလမ်းမှန်ဖြစ်သည့်ပြင် ကရုဏာတရားလည်း ဖြစ်ချေသတည်း။ (၇ : ၁၀၃)**

**ၔင်းပြင် အသင်တို့သည် (မိမိတို့ရှေ့ဝယ်) ကုရ်အာန်ကျမ်းတော်မြတ်ကို ဖတ်ရွတ်သော အခါ ထိုကုရ်အာန်ကျမ်းတော်မြတ်ကို ဂရုပြု၍ ဆိတ်ငြိမ်စွာ နားစိုက်ကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် (အလ္လာဟ်အရှင်မြတ်၏) ကရုဏာတော်ကို ခံစားကြရလတ္တံ့။ (၇ : ၁၀၄)**

## အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြပါ အာယသ်တော်များထဲတွင် တမန်တော်မြတ် s သည် အလ္လာဟ်အရှင်မြတ်၏ စစ်မှန်သော တမန်တော်ဖြစ်ကြောင်း သက်သေပြချက်များ ဖော်ပြထားခဲ့သည်။ ကိုယ်တော်မြတ်ကို ဆန့်ကျင်သူများ၏ ဒွိဟသံသယတို့နှင့် ပတ်သက်သည်တို့ကိုလည်း ဖြေကြားထားခဲ့သည်။ ထို့နောက်ဆင့်ပွားအနေဖြင့် ဘာသာရေးဆိုင်ရာ အမိန့်ပညတ်ချက်များကိုလည်း ဖော်ပြထားခဲ့သည်။

တမန်တော် a အားလုံးသည် ၔင်းတို့အလ္လာဟ်အရှင်မြတ်၏ တမန်တော်များဖြစ်ကြောင်း သက်သေပြရန် မုအ်ဂျိဇဟ် အံ့ဖွယ်တန်ခိုးများ ပေးအပ်ထားခဲ့သည်။ ယင်းနှင့်လျော်ညီစွာ တမန်တော်များအနက် တမန်တော်မြတ် s သခင်သည် အထင်ရှားအရေးပါဆုံးဖြစ်ကာ မုအ်ဂျိဇဟ် တန်ခိုးပြာဋိဟာတွင် အခြား အတိတ်က တမန်တော်များ ပြခဲ့သည်ထက် အရေအတွက်များ၍ ရှင်းလင်းပြတ်သားပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်နှင့် ခိုင်လုံသောဟဒီးဆ်တော်များ တင်ပြချက်မှ သက်သေအရ တမန်တော်မြတ် s သခင်၏ မုအ်ဂျိဇဟ်အံ့ဖွယ်တန်ခိုးပြာဋိဟာမှာ အတော်များပြားပေသည်။ မုစ်လင်မ်ဘာသာရေးဆိုင်ရာ ပညာရှင်များသည် ယင်းတို့အကြောင်းနှင့်ပတ်သက်၍ သီးခြားစာအုပ်များ ရေးသားခဲ့ကြသည်။ ဤအကြောင်းအရာကို အလ္လာမဟ်ဂျလာလူဒ်ဒီန်အတ်စ်စုယူတွဒီ၏ စာအုပ်ဖြစ်သော အလ်ကစာစတ်၊ အလ်ကုဗ်ရာကျမ်းသည် အတွဲနှစ်တွဲဖြစ်၍ အလွန်ကျော်ကြားသည်။

သို့သော်လည်း မြောက်မြားစွာသော မုအ်ဂျိဇဟ်တန်ခိုးတော်များ ထင်ရှားစွာပြသခဲ့လင့်ကစား ကိုယ်တော်မြတ် s ၏ ရန်သူများသည် ၔင်းတို့၏ဆင်ခြင်တုံမဲ့သော တောင်းဆိုချက်များတွင် တွယ်ဖက်ကာ ၔင်းတို့အကြိုက် အသစ်အသစ်သော မုအ်ဂျိဇဟ်တန်ခိုးပြာဋိဟာများကို တောင်းဆိုခဲ့ကြပါသည်။ ဤအကြောင်းအရာကိုပင် ဤစူရဟ်၏ အစောပိုင်းက ဖော်ပြခဲ့ပြီးဖြစ်သည်။

အထက်ကိုးကားဖော်ပြခဲ့သော အာယသ်တော်နှစ်ခု၏ ပထမတစ်ခုတွင် ၔင်းတို့တောင်းဆိုချက်၏ မူတစ်ရပ်အဖြစ် အဖြေပေးထားသည်။ အတိုချုပ်တင်ပြရလျှင် တမန်တော်တစ်ပါး၏ မုအ်ဂျိဇဟ်တန်ခိုး ပြာဋိဟာသည် အလ္လာဟ်

အရှင့်တမန်တော်တစ်ပါး၏ တာဝန်ဝတ္တရားသက်သေပြချက်နှင့် ထောက်ခံချက် တစ်ရပ်ပင်ဖြစ်သည်။ တရားလိုတစ်ဦး၏ အခိုင်အမာပြောဆိုချက်တစ်ခုကို ယုံကြည်ထိုက်သော သက်သေအချို့က အတည်ပြုပြီးဖြစ်သည်ဆိုသည့် ဥပမာကို ကြည့်ပါ။ တစ်ဖက်မှလူများသည် ယင်းသက်သေတွက်ချက်ကို မချေပခဲ့ပါ။ သို့ဆိုပါလျှင် ဤအခြားတစ်ဖက်ကလူများက သီးခြားလူများထံမှ သက်သေတွက်ချက်ယူပေးပါဟုတရားလိုထံ တောင်းဆိုချက်ကို ကမ္ဘာပေါ်ရှိ မည်သည့်ရုံးကမျှ လက်ခံလိမ့်မည်မဟုတ်ပါ။ တခြားတစ်ဖက်မှလူများသည် လက်ရှိသက်သေပြချက်ကိုလည်း မချေပ၊ ယင်းကိုလည်း လက်မခံချေ။ ထို့ကြောင့် မုအ်ဂျိဇဟ်တန်ခိုးပြာဋိဟာ မြောက်မြားစွာမြင်ပြီးခဲ့လင့်ကစား ဆန့်ကျင်သူများသည် ၎င်းတို့၏ ဓလေ့စရိုက်အရ မုအ်ဂျိဇဟ်တန်ခိုးပြာဋိဟာများပြမှသာ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏တမန်တော်အဖြစ် လက်ခံကြမည်ဟု ပြောဆိုရန် အခွင့်အရေးမရှိချေ။ ဤသည်မှာ ရန်လိုသည့် တောင်းဆိုချက်တစ်ရပ်မှအပ အခြားမဟုတ်။ ယင်းကိုမည်သည့်တရားရုံးကမှ ခိုင်လုံသည်ဟု လက်ခံကြလိမ့်မည်မဟုတ်။

ထို့ကြောင့် ပထမအာယသ်(၂၀၃)ထဲ၌ တမန်တော်မြတ် S က ၎င်းတို့ သီးခြားဖော်ပြတောင်းဆိုသော မုအ်ဂျိဇဟ်တန်ခိုးပြာဋိဟာ မပြသသောအခါ ယင်းသည်ပင် တမန်တော်မြတ် S သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်မဟုတ်ဟု ငြင်းပယ်သည့် ဆင်ခြေတစ်ရပ်အဖြစ် အသုံးပြုခဲ့သည်။ အကယ်၍ ကိုယ်တော်မြတ်သည် တမန်တော်တစ်ပါးသာဖြစ်ခဲ့လျှင် ၎င်းတို့စိတ်ကြိုက်ရွေးချယ်ထားသော တန်ခိုးပြာဋိဟာကို ကိုယ်တော်မြတ်ပြသနိုင်ခဲ့ရမည်။ ကိုယ်တော်မြတ်၏အခြေခံတာဝန်မှာ ဆန္ဒအရ မုအ်ဂျိဇဟ်တန်ခိုးပြာဋိဟာကို ထိုသူများအားပြသရန် မဟုတ်ကြောင်း ၎င်းတို့အားပြောကြားရန် မိန့်ထားခဲ့သည်။ ယင်းအစား ကိုယ်တော်မြတ် S သခင်၏ အခြေခံတာဝန်မှာ ဝဟီယ်ပို့ချမှုမှတစ်ဆင့် အရှင်သခင်ပို့ချသော အမိန့်ပညတ်ချက်များကို လိုက်နာရန်နှင့် ယင်းကိုဟောကြားပို့ချရန်ဟူသည့် တာဝန်ပါဝင်သည်။ ထို့ကြောင့် ကိုယ်တော်မြတ် S သည် အပ်နှင်းထားသော တာဝန်များလုပ်ဆောင်ရန်အတွက် မအားလပ်ချေ။ တမန်တော်မြတ် S သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်ကြောင်း မှန်ကန်သည့်သက်သေပြရန်အတွက် ဆိုလျှင် ၎င်းတို့မြင်ခဲ့ပြီးဖြစ်သည့် မုအ်ဂျိဇဟ်တန်ခိုးပြာဋိဟာသည် ယင်းကိစ္စအတွက် လိုသည်ထက်ပို၍ပင်နေသည်။ ထိုသူတို့သည် မုအ်ဂျိဇဟ်တန်ခိုးပြာဋိဟာများ မြင်တွေ့ခဲ့ကြရပြီးနောက် သီးခြား မုအ်ဂျိဇဟ် တန်ခိုးပြာဋိဟာ အချို့အတွက် တောင်းဆိုခြင်းသည် ၎င်းတို့၏ ရန်လိုသည်ထက် ဘာမှမဟုတ်ချေ။ ယင်းကို ဂရုစိုက်စရာမလိုချေ။

ထို့နောက်ပြသခဲ့ပြီးသည့် မုအ်ဂျိဇဟ် တန်ခိုးပြာဋိဟာများအနက် ကုရ်အာန်ကျမ်းတော်မြတ်သည် ပင်လျှင် ကြီးကျယ်သောမုအ်ဂျိဇဟ် တန်ခိုးတော်ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်က တစ်ကမ္ဘာလုံးကို ယင်းနှင့်တူသည့် သေးငယ်သော စူရတ်တစ်ခုကိုပင်လျှင် လုပ်ပြရန် စိန်ခေါ်ခဲ့သည်။ ယင်းကို တစ်ကမ္ဘာလုံးက လုပ်နိုင်စွမ်း မရှိခဲ့ချေ။ သို့ဆိုပါလျှင် ကုရ်အာန်ကျမ်းတော်မြတ်သည် မည်သည့်လူသား၏ရေးသားချက်မျှ မဟုတ်ဘဲ မတုပနိုင်သော အလ္လာဟ် အရှင်မြတ်၏ မိန့်ကြားချက်များ ဖြစ်ကြောင်း ပွင့်လင်းသောလက္ခဏာတစ်ရပ် ဖြစ်သွားပါသည်။

ဤအကြောင်းကြောင့် هَٰذَا بَصَآئِرُ مِن رَّبِّكُمْ "ဤ (ကုရ်အာန်ကျမ်းတော်မြတ်)သည်ပင်လျှင် အသင်တို့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ (ထုတ်ပြန်ချက်ပေးသနားတော်မူအပ် သော) အထင်အရှားသိမြင်နိုင်သော (တန်ခိုးပြာဋိဟာ) သက်သေသာဓကများလည်းဖြစ်သည်"ဟု မိန့်ကြားထားခဲ့သည်။ ဆိုလိုသည်မှာ ဤကုရ်အာန် ကျမ်းတော်မြတ်သည် သက်သေပြချက်များစွာနှင့် တန်ခိုးပြာဋိဟာများ၏ အကြောင်းအရာ အစုံအလင် အကျဉ်းချုပ်အဖြစ် အသင်တို့ အရှင်သခင်ထံမှ ကျရောက်ခဲ့သည်။ မည်သူမဆို ယင်းကျမ်းကို ကြိုတင်စဉ်းစားပါက အကျဉ်းရုံးကြည့် လျှင်ပင် ဤကျမ်းသည် အလ္လာဟ်အရှင်မြတ်၏ မုကွပါဋိတော်မှအပ ဘာမျှမဟုတ်ဟုဆိုကြောင်းနှင့်

မည်သည့် အဖန်ဆင်းခံ၏လုပ်ရပ်မျှ မဟုတ်ကြောင်း တို့ကိုမယုံကြည်ဘဲ လက်မှမချနိုင်ချေ။ ယင်းနောက် **وَ هُدًى وَّ رَحْمَةٌ لِّقَوْمٍ يُّؤْمِنُوْنَ** "ထိုမှတစ်ပါး သက်ဝင်ယုံကြည်သောသူတို့အဖို့ မှန်ကန်သောတရားလမ်းညွှန်ဖြစ်သည့်အပြင် ကရုဏာတရားလည်း ဖြစ်ချေသတည်း)ဟု မိန့်ထားသည်။ ဆိုလိုသည်မှာ ဤကုရ်အာန်ကျမ်းတော်မြတ်၏ အထောက်အထားများသည် ကမ္ဘာတစ်ခုလုံးအတွက် သစ္စာတရားဖြစ်သည်။ သို့သော်လည်း ဤကျမ်းဂန်သည် ဘဝရည်ရွယ်ချက်၏ အစောင့်အကြပ် တစ်ရပ်ဖြစ်ကာ ယင်းကျမ်းကို ယုံကြည်သက်ဝင်သူများအတွက်သာ အလွှာဟ်အရှင်မြတ်၏ သနားကြင်နာမှုနှင့် ထိုက်တန် စေသော အကြောင်းခံတစ်ရပ်ဖြစ်ပေသည်။

ဒုတိယအာယသ်(၂၀၄)ထဲတွင် ကုရ်အာန်ကျမ်းတော်မြတ်သည် ယုံကြည်သူများအတွက် အသနားအကြင်နာတော်အဖြစ် ကျရောက်ခဲ့ကြောင်း ကျွန်ုပ်တို့အား ဖြေကြားခဲ့ပါသည်။ သို့ရာတွင် ဤအသနားအကြင်နာမှုမှ အကျိုးအမြတ်ခံစားရနိုင်ရန်အတွက်အချို့သောစည်းကမ်းသတ်မှတ်ချက်များနှင့်လိုက်နာဆောင်ရွက်ရန်ဥပဒေများရှိပါသည်။ ဤသည်တို့အား ယေဘုယျဦးတည်ပြောကြားချက်ပုံစံဖြင့် **وَ اِذَا قُرِئَ الْقُرْاٰنُ فَاسْتَمِعُوْا لَهٗ وَ اَنْصِتُوْا** "ထင်းပြင် အသင်တို့သည် (မိမိတို့ရှေ့ဝယ်) ကုရ်အာန်ကျမ်းတော်မြတ်ကို ဖတ်ရွတ်သောအခါ ထိုကျမ်းတော်မြတ်ကို ဂရုပြု၍ ဆိတ်ငြိမ်စွာ နားစိုက်ကြလေကုန်" ဟူ၍ အသေးစိတ် ရှင်းလင်းရေးသားဖော်ပြထားသည်။

ဤအာယသ်တော်များ၏ နောက်ခံအကြောင်းနှင့် ကုရ်အာန်ကျမ်းတော်မြတ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၏ အဓိန့်ပညတ်ချက်အကြောင်းသည် ဆွလာသ်ဝတ်ပြုဆောက်တည်ရာတွင် လည်းကောင်း၊ ခွသ်ဘာဟ်တွင်လည်းကောင်း (သို့မဟုတ်) အခြားသောအချိန်အခါများတွင်လည်းကောင်း အဆိုကွဲပြားလျက်ရှိသည်။ သို့သော်လည်း ဋီကာရှင်အများစုအရ စစ်မှန်သောအနေအထားမှာ အာယသ်၏စကားလုံးများသည် ယေဘုယျနည်းလမ်း ဖြစ်သောကြောင့် သီးသန့်အချိန်အခါ အချို့မှအပ ဥပဒေသည်အများအားဖြင့် အခြေအနေအားလုံးအသုံးပြုနိုင်သည်။

ထို့ကြောင့်ဟန်ဖီမဇ်ဟပ်ဝင်များက အီမာမ်တစ်ပါး၏နောက်မှလိုက်၍ ဆွလာသ်ဝတ်ပြု ဆောက်တည်သူ (မုတ်က်သဒီများ) သည် ကုရ်အာန်ကျမ်းတော်မြတ် မရွတ်ဖတ်သင့်ကြောင်း ဤအာယသ်တော်က သက်သေပြသည်ဟု မှတ်ယူကြသည်။ အီမာမ်၏နောက်တွင်လိုက်၍ ဆွလာသ်ဝတ်ပြုနေသော မုတ်က်သဒီများသည် စူရတ်အလ်ဖာသေဟာဟ်ကို ဖတ်ရွတ်နိုင်သည်ဟု ညွှန်ကြားထားသည့် မုစ်လင်မ်ဓမ္မသတ် ပညာရှင်များကပင်လျှင် ဤအာယသ်တော်အမြင်အရ အီမာမ်၏ အသံတိတ်သွားသောကြားကာလတွင်၌သာ ရွတ်ဖတ်သရဇ္ဈာယ်သင့်သည်ဟု အကြံပြုခဲ့ကြသည်။ သို့သော်လည်း ဤကိစ္စရပ်ကို အချေအတင်ပြောရန်မှာ ယခုရှင်းလင်းချိန်နှင့် မသင့်လျော်ချေ။ စိတ်ဝင်စားသူများသည် ဤကိစ္စရပ်ကို ပညာရှင်များရေးသားထားခဲ့သည့် စံပြုရမည့် အသေးစိတ် (သို့မဟုတ်) အကျဉ်းချုပ်များကို လေ့လာ နိုင်ပေသည်။

ဤအာယသ်တော်၏ အဓိကအကြောင်းသည်ကား ကုရ်အာန်ကျမ်းတော်မြတ်သည် အသနားတော် ဖြစ်သည်ဟု ကြေညာထားခဲ့သော ယုံကြည်သက်ဝင်သူများသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ယှဉ်တွဲနေသောကျင့်ဝတ်များနှင့် ရိုသေမှုများကို သိရှိနားလည်ကာ လက်တွေ့ကျင့်ကြံရပါမည်။ ထို့နောက် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ပတ်သက်သော အရေးကြီးဆုံးကျင့်ဝတ်မှာ ဖတ်ရွတ်သရဇ္ဈာယ်မှုကို ဂရုစိုက်၍နားထောင်ကာ ငြိမ်သက်စွာ နားစိုက်ရမည်။

ဂရုတစိုက်နားထောင်ခြင်းတွင် နားထောင်ရုံသက်သက်မျှမဟုတ်ဘဲ အမိန့်နာခံ၍ ယင်းပါရှိသော အမိန့်ပညတ်ချက်နှင့်အညီ ကျင့်ဆောင် ကြိုးပမ်းအားထုတ်ရန်ဖြစ်သည်။ **(မဏာဟိရိန့်ကုရ်သုဒီကျမ်း)** ထို့နောက် အာယသ်အဆုံးတွင် لَعَلَّكُمْ تُرْحَمُونَ "သို့မှသာလျှင်အသင်တို့သည် (အလ္လာဟ်အရှင်မြတ်၏) ကရုဏာတော်ကို ခံစားကြရလတ္တံ့" ဟူ၍ မိန့်ထားခြင်းက ကုရ်အာန်ကျမ်းတော်မြတ်၏ အသနားတော်သည် အထက်ဖော်ပြပါ ကျင့်ဝတ်ဆိုင်ရာဥပဒေများ၏ လိုက်နာဆောင်ရွက်မှုပေါ် တည်မှီသည်ဟူသော အညွှန်းပေးထားသည်။

## ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်သရဇ္ဈာယ်ချိန်တွင် နားထောင်ခြင်း၊ ဆိတ်ဆိတ်နေခြင်းတို့နှင့် ပတ်သက်သော အရေးကြီးသည့် ဥပဒေအချို့

အထက်မိန့်ကြားထားခဲ့သည်များနှင့် ဆန့်ကျင်စွာဤဥပဒေများကိုမထီမဲ့မြင်ပြုကာကုရ်အာန်ကျမ်းတော်မြတ်ကို မရိုမသေပြုလုပ်ခြင်းပြုသခဲ့လျှင် အလ္လာဟ်အရှင်မြတ်၏ အသနားတော်အစား အမျက်တော်ရှခြင်းနှင့် ထိုက်တန်လိမ့်မည်ဆိုခြင်းကား ထင်ရှားသည်။

ဆွေလာသ်ဝတ်ပြုဆောက်တည်စဉ်တွင် ကုရ်အာန်ကျမ်းတော်မြတ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအကြောင်း တွင် နားထောင်၍ဆိတ်ဆိတ်နေခြင်းကို မုစ်လင်မ်များ အများအားဖြင့် သိရှိကြပါသည်။ သို့သော်လည်း လက်တွေ့ လိုက်နာရန်မှာမူ ချို့ယွင်းကြပါသည်။ အချို့သူများသည် အီမာမ်ရွတ်ဖတ်သရဇ္ဈာယ်သော စူရဟ်ကိုပင်လျှင် မသိရှိကြပါ။ ထိုသူများအတွက်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ ကြီးကျယ်မှုကိုသိရှိသင့်ကာ ယင်းဖတ်ရွတ်သရဇ္ဈာယ်မှုကို ဂရုတစိုက်နားထောင်ရမည်ကို သိရှိသင့်သည်။ အစွလာမ်တရားတော်ဆိုင်ရာစံသည် ဂျုမုအာဆွေလာသ်၏ ခွသ်ဗာဟ် စသည်တို့နှင့်လည်း သက်ဆိုင်သည်။

ဤအာယသ်ကိုထက်မံ၍ တမန်တော်မြတ် ﷺ သခင်က ခွသ်ဗာဟ်အကြောင်း သီးခြားမိန့်ကြားခဲ့သည်မှာ-

**اذا خرج الامام فلا صلوة ولا كلام**

"အီမာမ်သည် ခွသ်ဗာဟ်ဖတ်တော့မည်ဆိုလျှင် ဆွေလာသ်ဝတ်ပြုခြင်းနှင့် စကားပြောဆိုခြင်း မရှိစေရပါ" ဟူ၍ဖြစ်သည်။

ထို့ပြင် ဟဒီးဆ်ဩဝါဒတော်တစ်ရပ်တွင်ပါရှိသည်မှာ ခွသ်ဗာဟ်ဖတ်စဉ်အတွင်း မည်သူမျှ တစ်ဦးနှင့်တစ်ဦး စကားမပြောဆိုရ။ အကယ်၍ တစ်စုံတစ်ဦးကို ငြိမ်သက်စွာနေစေရန် အကြံပေးလိုလျှင် နူတ်ဖြင့်ပြုလုပ်ခြင်းကိုပင် ခွင့်မပြု။ (အကယ်၍ ထိုသို့လုပ်ဆောင်ရန်လိုအပ်လျှင် လက်ဟန်ခြေဟန်ဖြင့် ပြသလျှင် လုံလောက်သည်) ရည်ရွယ်ချက်မှာ ခွတ်ဗာဟ်ဖတ်စဉ်အတွင်း စကားပြောဆိုခြင်း၊ သတ်စ်ဗီးဟ်၊ ဒရူးဒ်၊ ဆွေလာသ်ဖတ်ခြင်းတို့နှင့် အလားတူ သဘာဝရှိသော အပြုအမူများ ခွင့်မပြုကြောင်း အလေးအနက်ပြုရန်ဖြစ်သည်။

မုစ်လင်မမ္မသတ်ပညာရှင်များက ပြောသည်မှာ ဂျုမုအာခွသ်ဗာဟ်နှင့်ပတ်သက်သော ဥပဒေသည် အီးဒ် ဆွေလာသ် ဝတ်ပြုဆောက်တည်ခြင်းနှစ်ခုနှင့် နိကာဟ်(လက်ထပ်ထိမ်းမြားခြင်း) ခွသ်ဗာဟ်တို့နှင့်လည်း သက်ဆိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်၌ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို နားထောင်ခြင်းနှင့် ဆိတ်ဆိတ်နေခြင်းမှာ မပြုမနေရ ဝါဂျစ်ဗ်တာဝန်ဖြစ်သည်။

သို့သော်လည်း ဆွေလာသ်ဝတ်ပြုခြင်းနှင့် ခွသ်ဗာဟ်ဖတ်ခြင်းမဟုတ်ဘဲ တစ်စုံတစ်ဦးသမားရိုးကျ ကုရ်အာန် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအတွက် မေးစရာဖြစ်လာသည်မှာ ထိုသူဖတ်ရွတ်ခြင်းကို အခြားသူများကနား ထောင်ခြင်းနှင့် ငြိမ်သက်စွာနေရန်လိုအပ်ပါသလား။ ထိုကဲ့သို့ဖတ်နေခြင်းကို နားထောင်ခြင်းနှင့် ငြိမ်သက်စွာနေရန်မှာ ဝါဂျိစ်ဗ်မပြု မနေရတာဝန်လော။ ဤကိစ္စရပ်တွင် မုစ်လင်မ်ဓမ္မသတ်ပညာရှင်များ ရပ်တည်မှုဌ် ကွဲပြားခြားနားကြသည်။ အချို့ ဓမ္မသတ် ပညာရှင်များက ဤကိစ္စရပ်တွင်လည်း နားထောင်ခြင်းနှင့် ငြိမ်သက်စွာနေခြင်းသည် ဝါဂျိစ်ဗ်တာဝန်ဖြစ်ကာ ယင်းကိုဆန့်ကျင်ခြင်းသည် ဂုနာဟ်ပြစ်မှုဖြစ်သည်ဟု မှတ်ယူကြသည်။ ဤအကြောင်းကြောင့် လူများသည် ၎င်းတို့ လုပ်ငန်း ဆောင်တာလုပ်နေသော (သို့မဟုတ်) အနားယူနေသော နေရာများ၌ ကုရ်အာန်ကျမ်းတော်မြတ်ကို အသံ ကျယ်လောင်စွာ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ပြုခွင့်မရှိဟု ဥပဒေသတ်မှတ်ခဲ့သည်။ ထိုကဲ့သို့သော ပတ်ဝန်းကျင်တွင် မည်သူမဆို ကုရ်အာန်ကျမ်းတော်မြတ်ကို ကျယ်လောင်စွာ ဖတ်ရွတ်သရဇ္ဈာယ်သူသည်ပြစ်မှုဂုနာဟ်ကျူးလွန်သူတစ်ဦး ဖြစ်သွားလိမ့်မည်ဟူ၍လည်း ထိုပညာရှင်များကပြောကြသည်။ ဤသည်မှာ ခုလာစတုလ်ဖာသဝါနှင့် အခြားဓမ္မသတ် ဆိုင်ရာကျမ်းများတွင်ပါရှိသည့် အတိုင်းဖြစ်သည်။

သို့သော်လည်း အခြားဓမ္မသတ်ပညာရှင်အချို့က ကုရ်အာန်ဖတ်ရွတ်ခြင်း၏ မတူညီသော အခြေအနေအချို့ အခါများ တစ်ခုနှင့်တစ်ခု ခွဲခြားပြသကာ နားထောင်ရမည်ဟု သတ်မှတ်ထားသော ဆွေလာသ်ဝတ်ပြုဆောက်တည် ခြင်းနှင့် ခွသ်ဗာဟ်တွင်သာ ဝါဂျိဗ်ဖြစ်သည်ဟု ပြောဆိုကြသည်။ တစ်စုံတစ်ဦးကဖြစ်စေ၊ လူအများက ဖြစ်စေ မိမိတို့ ဆန္ဒအလျောက် ကုရ်အာန်ကျမ်းတော်မြတ် ရွတ်ဖတ်သရဇ္ဈာယ်နေစဉ် ယင်းကိုနားထောင်ခြင်းနှင့် ငြိမ် သက်စွာနေခြင်း မှာ ဝါဂျိစ်ဗ်တာဝန် မဟုတ်ချေ။ အကြောင်းမှာ ခိုင်လုံသောဟဒီးဆ်တော်များအရ တမန်တော်မြတ် S သည် ညဉ့်ပိုင်း တွင် သူ၏ဆွေလာသ်ဝတ်ပြုမှုများ၌ ကုရ်အာန်ကျမ်းတော်မြတ်အား အသံမြှင့်၍ ရွတ်ဖတ်လေ့ရှိခြင်းက သက်သေပြပြီး ဖြစ်ပါသည်။ ထိုအချိန်တွင် သူ၏မြင့်မြတ်သော ဇနီးသည်များသည် အိပ်စက်နေကြပါလိမ့်မည်။ အချိန် အတော်များတွင် တမန်တော်မြတ် S ၏အသံကို သူ၏အခန်းငယ်ကလေး၏ အပြင်ဘက်မှပင် ကြားနိုင်ပါသည်။

အလ်ဗုခါရီနှင့်မုစ်လင်မ်ကျမ်းထဲတွင် ဟဒီးဆ်တော်တစ်ပုဒ်ပါရှိပါသည်။ ယင်းဟဒီးဆ်တော်တွင် ပါရှိသည်မှာ တမန်တော်မြတ် S သည် ခရီးတစ်ခုသွားနေစဉ် ရပ်နားမှုတစ်ခုပြုလုပ်ခဲ့ပြီး နံနက်မိုးသောက် လင်းသောအခါ၌ မိန့် ကြားသည်မှာ "ကျွန်ုပ်၏အရှင်အရီ" ဆွဟာဗဟ်များ ညဉ့်၏အမှောင်ထုထဲတွင် ၎င်းတို့ ကုရ်အာန်ကျမ်းတော်မြတ် ဖတ် ရွတ်သောအသံများကြောင့် ၎င်းတို့တဲများ တည်ရှိသည့်အရပ်ဒေသကို ကျွန်ုပ် အတိအကျပြောနိုင်သော်လည်း နေ့အချိန်တွင်မူ သူတို့ အဘယ်မှာနေသည်ကို ကျွန်ုပ်မသိပါ" ဟု ဖြစ်သည်။

ဤအဖြစ်အပျက်က ပြသသည်မှာ တမန်တော်မြတ် S သည် ဤ "အရှ်အရီ" ဆွဟာဗဟ်များအား အဘယ် ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်အား အသံကျယ်လောင်စွာဖြင့် ဖတ်ရွတ်ရပါသနည်းဟု မမေးသကဲ့သို့ ခရီးသွားဖော် အိပ်စက်နေသူတို့ကို ကုရ်အာန်ဖတ်ရွတ်ခြင်းအား နားထောင်စေရန်အတွက် အိပ်ရာမှထရန် အမိန့်မပေးခဲ့ပါ။

ဤသို့သောဆင့်ပြန်ချက်များအပေါ် အခြေခံသောကြောင့် ဓမ္မသတ်ပညာရှင်များက ဆွေလာသ်ဝတ်ပြုချိန်တွင် မဟုတ်သော ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်ခြင်းနှင့်ပတ်သက်၍ အချို့လူးသာလွန့်သာသော အဖြေပေးထား ပါသည်။ သို့ရာတွင် ဓမ္မသတ်ရှင်အားလုံးတို့က ဆွေလာသ်ဝတ်ပြုခြင်း၏ အပြင်ဘက်တွင်ဖြစ်ပါစေ၊ ကုရ်အာန် ကျမ်း တော်မြတ် ဖတ်ရွတ်သံ၊ တစ်နေရာရာမှပေါ်ထွက်လာပါက ငြိမ်ငြိမ်သက်သက်နှင့်ဂရု တစိုက်နားထောင်ခြင်းက

ပို၍ကောင်းမွန်ကာ နှစ်လိုဖွယ်ဖြစ်သည်ဟု မှတ်ယူကြပါသည်။ ဤသည်ကြောင့် လူများနားနေသော (သို့မဟုတ်) အိပ်စက်နေသော နေရာများတွင် ကုရ်အာန်ကျမ်းတော်မြတ်အား အသံကျယ်လောင်စွာ ဖတ်ရွတ်ခြင်းသည် မလျော်ကန်ပါ။

ဤသည်က ကုရ်အာန်ကျမ်းတော်မြတ် ရွတ်ဖတ်သံကို ဂရုတစိုက်နားမထောင်နိုင်သော လူများတစုတဝေးတည်းရှိသောနေရာများတွင် ရေဒီယိုမှလာသော ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်မှုကို အသံကုန်ဖွင့်သောလူတို့၏ မှားယွင်းသောလုပ်ရပ်ကို ဖော်ပြပါသည်။ အလားတူစွာ ညဉ့်နက်သောအချိန်၌ ဗလီများတွင်ရှိ အသံချဲ့စက်များမှ ထုတ်လွှင့်မှုသည် အိပ်နေသောသူများအား အိပ်စက်ခြင်းမှလည်းကောင်း၊ လုပ်ငန်းခွင် တွင် အလုပ်လုပ်နေသောသူတို့အား အလုပ်လုပ်ခြင်းမှလည်းကောင်း အနှောင့်အယှက်ဖြစ်စေသောကြောင့် ယင်းလုပ်ရပ်သည် မမှန်ကန်ပါ။

အလ္လာမဟ်အိဗ်နအလ်ဟုမန်က ရေးသားခဲ့သည်မှာ အိမာမ်တစ်ဦးသည် ဆွလာသ်ဝတ်ပြုနေစဉ်တွင် လည်းကောင်း ခွသ်ဗဟ်ဖတ်နေသူသည် ခွသ်ဗဟ်ဖတ်နေစဉ်တွင်လည်းကောင်း ဂျန္နသ် (သို့မဟုတ်) ဂျဟန္နမ်နှင့် ပတ်သက်သော အကြောင်းအရာတို့ကို ဖတ်ရွတ်နေပါသည်။ သို့ဆိုပါလျှင် ထိုအချိန်တွင် ဂျန္နသ်ရရှိရန်အတွက် ဒုအာဆုမွန်တောင်းခြင်း (သို့မဟုတ်)ဂျဟန္နမ်ဘေးမှ ကင်းဝေးစေရန် ဆုမွန်ဒုအာတောင်းခြင်းကိုပင် ခွင့်မပြုပါ။ အကြောင်းမှာ ကုရ်အာန်ကျမ်းတော်မြတ်ဖတ်ရွတ်နေချိန်တွင် ငြိမ်သက်စွာရှိနေသောသူများအတွက်သာ အလ္လာဟ် အရှင်မြတ်ထံမှ ကရုဏာတော်များ ရရှိမည်ဆိုကြောင်း သတိပေးထားပါသည်။

ထိုနောက် မည်သူမဆို ငြိမ်သက်စွာမနေပါက ထိုကတိတော်နှင့်မပတ်သက်ပါ။ မှန်ပါသည်၊ အကယ်၍ တစ်စုံတစ်ဦးသည် သူ၏နဖိလ်ဆွလာသ်များတွင် ထိုအာယသ်တော်များကို ဖတ်ရွတ်ကာ အသံမထွက်ဘဲ ဒုအာဆုတောင်းခံခဲ့ပါက ယင်းလုပ်သည် စွန့်သ်တော်က အတည်ပြုထားသော လုပ်ရပ်ဖြစ်ပါသည်။ ဆုလာဘ်များနှင့်လည်း ထိုက်တန်စေပါသည်။ (မဇ်ဟရီ)

## အာယသ် (၂၀၅-၂၀၆)

**وَ اذْكُرْ رَّبَّكَ فِيْ نَفْسِكَ تَضَرُّعًا وَّ خِيْفَةً وَّ دُوْنَ الْجَهْرِ مِنَ الْقَوْلِ بِالْغُدُوِّ وَ الْاٰصَالِ وَ لَا تَكُنْ مِّنَ الْغٰفِلِيْنَ ﴿۲۰۵﴾ اِنَّ الَّذِيْنَ عِنْدَ رَبِّكَ لَا يَسْتَكْبِرُوْنَ عَنْ عِبَادَتِهٖ وَ يُسَبِّحُوْنَهٗ وَ لَهٗ يَسْجُدُوْنَ ﴿۲۰۶﴾** السجدة

**ထိုမှတစ်ပါး (အို-နဗီတမန်တော်) အသင်သည် နံနက်မိုးသောက်ယံ၌လည်းကောင်း၊ ညနေချမ်း၌လည်းကောင်း မိမိကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား မိမိစိတ်နှလုံးတွင်းဝယ် နိဝါတတရားထားရှိ၍ ကြောက်ရွံ့ရိုသေလျက် ကျယ်လောင်စွာမဟုတ်သည့်အသံဖြင့် အောက်မေ့တသ သတိရပါလေ။ ထို့ပြင် အသင်သည် အလေးမမူ၊ ဂရုမပြု၊ ပမာမထားသော သူတို့တွင် အပါအဝင်မဖြစ်ပါလင့်။ (၇ း ၂၀၅)**

**ဇကန်မလွှဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အပါးဌ ရှိသူ (မလာအိကဟ်) အပါးတော်၊ စေတမန်တော်တို့သည် ထိုအရှင်မြတ်အား ခဝပ်ခြင်းကိုမပြုဘဲ မာန်မာနထောင်လွှားကြသည်မဟုတ်ချေ။ ထို့ပြင် ၎င်းတို့သည် ထိုအရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုကြသည့်ပြင် ၎င်းတို့သည် ထိုအရှင်မြတ်အား သာလျှင် ပျုပ်ဝပ်ဦးချ၍နေကြကုန်သတည်း။ (၇ း ၂၀၆)**

## အကျယ်ဖွင့်ဆိုခြင်း

ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်ခြင်းကို ဂရုတစိုက်နားထောင်ရန်နှင့် ယင်းကဲ့သို့နားထောင်ရာ၌ ထိုက်သင့်သည့်ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ဆိုသည့်အကြောင်းများကို ပြီးခဲ့သောအာယသ်များထဲ၌ ဖော်ပြခဲ့ပါသည်။ လက်ရှိအာယသ်တော်နှစ်ခုထဲတွင် ဋီကာရှင်အများစုတို့၏ လက်ခံမှုအရ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသရန်နှင့် ယင်း၏ကျင့်ဝတ်များနှင့် ပတ်သက်သော အမိန့်ပညတ်ချက်ပါဝင်ပါသည်။ ယင်းတွင် ကုရ်အာန် ကျမ်းတော်မြတ် ဖတ်ရွတ်ခြင်းနှင့် ပတ်သက်သည်တို့လည်းပါဝင်သည်။ သို့သော်လည်း စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နအဗ္ဗာစ်၏ အဆိုအရ ဤအာယသ်တော်ပါ **ذكر** "ဇိကိရ်" (အောက်မေ့တသ ခြင်း) ဟူသော စကားလုံးသည် ကုရ်အာန်ကျမ်းတော်မြတ်ကိုဆိုလိုကာ ကျင့်ဝတ်ဆိုင်ရာတို့နှင့်ပတ်သက်သော ပြဋ္ဌာန်းထားသော ဥပဒေတို့သည် ယင်းကျမ်းတော်မြတ်အား ဖတ်ရွတ်ခြင်းနှင့်သက်ဆိုင်ပါသည်။ ဤကဲ့သို့ ဆိုလျှင်လည်း များများစားစား ကွဲပြားခြားနားမှု မရှိပါ။ အဘယ်ကြောင့်ဆိုသော် အများ၏သဘောတူညီချက်အရ ကုရ်အာန်ကျမ်းတော်မြတ်အပြင် အခြားသော တသ နည်းများ (အဒ်ကာရ်=ဇိကိရ်၏ဗဟုဝုစ်ကိန်း) သည်လည်း ဤအမိန့်ပညတ်ချက်၊ ဤကျင့်ဝတ်ဆိုင်ရာဥပဒေတို့နှင့် ထိန်းချုပ်ထားပါသည်။

အတိုချုပ်ဆိုရသော် ဤအာယသ်ထဲ၌ လူသားများကို အလ္လာဟ်အရှင်မြတ်အား တသမှု မည်သည့်အချိန်နှင့် မည်ကဲ့သို့ လုပ်ဆောင်ရမည်တို့ကို အမိန့်ပေးထားပါသည်။

## အောက်မေ့တသမှု (ဇိကိရ်) လုပ်ဆောင်ရာတွင် အသံထွက်၍ဖြစ်စေ၊ အသံတိတ်ဖြစ်စေ လုပ်ဆောင်မှု၏ ဥပဒေများ

ပထမကျင့်ဝတ်ဆိုင်ရာဥပဒေသည် ဇိကိရ်ပြုလုပ်မှုကို တီးတိုးစွာဖြင့်သော်လည်းကောင်း၊ အသံကျယ်စွာဖြင့်သော်လည်းကောင်း လုပ်ဆောင်ခြင်းတို့နှင့်သက်ဆိုင်ပါသည်။ ယင်းနှင့်ပတ်သက်၍ ဤအာယသ်ထဲ၌ ကုရ်အာန်ကျမ်းတော်မြတ်က ရွေးချယ်မှုနှစ်ရပ်ကို ပေးထားပါသည်။ ဇိကိရ်အားအသံမထုတ်ဘဲ တိတ်ဆိတ် ငြိမ်သက်စွာဆောင်ရွက်နိုင်ပြီး၊ အသံထွက်၍ပေါ်ပေါ်ထင်ထင်လည်း ပြုလုပ်နိုင်ပါသည်။ အသံမထုတ်ဘဲပြုလုပ်သော ဇိကိရ်နှင့်ပတ်သက်၍ **وَاذْكُرْ رَّبَّكَ فِيْ نَفْسِكَ**၊ "မိမိအရှင်အား မိမိနှလုံးတွင်းဝယ် နိဝါတတရားထားရှိ၍" ဟူ၍ မိန့်ထားသည်။ ဤတွင်လည်း အသွင်နှစ်မျိုး ဖြစ်နိုင်ပါသည်။

(၁) တစ်စုံတစ်ဦးသည် မိမိ၏နှုတ်လျှာအား လှုပ်ရှားခြင်းမပြုဘဲ အလ္လာဟ်အရှင်မြတ်နှင့် အရှင့် ဂုဏ်တော်များအား နှလုံးထဲကသာ တွေးတောဆင်ခြင်ခြင်းဖြစ်ပါသည်။ ယင်းလုပ်ရပ်ကို "အလ်ဇိကိရ် အလ်ခါဖီရီ" နှလုံးသားမှ ဇိကိရ် (သို့မဟုတ်) သဖတ်ကုရ် (စဉ်းစားဆင်ခြင်ခြင်း) ဟုခေါ်ပါသည်။

(၂) တစ်စုံတစ်ဦးသည် သူ၏နှတ်လျှာအား သူ၏နလုံးသားတွင် ဖြစ်ပျက်နေသည်တို့နှင့် ချိန်ကိုက်ကာ အလွှာဟ် အရှင်မြတ်၏ ဂုဏ်တော်များပါဝင်သော စကားလုံးတို့အား နားလည်သဘောပေါက်၍ တီးတိုးစွာ ရွတ်ဆိုခြင်းဖြစ်သည်။ ယင်းကဲ့သို့လုပ်ဆောင်ရန်အတွက် အလွန်နှစ်ခြိုက်ဖွယ်ရာကောင်းသော ပုံစံမှာ ဘာကို ပြောထားသည် ဆိုသည်ကို ပထမ အဓိပ္ပာယ်ပေါက်ရန်ဖြစ်သည်။ ထို့နောက် ဤနားလည်သဘောပေါက်မှုနှင့် တစ်ချိန်တည်း ကိစ္စနှစ်ရပ်အား တစ်ပြိုင်နက်တည်း လုပ်ဆောင်ရပါမည်။ ယင်းမှာနားလည်သဘောပေါက်မှုသည် သူ၏နလုံးသားတွင် တည်ရှိနေသည်ကို ပြည့်ပြည့်ဝဝသတိရှိကာ သူ၏သတိမူမှုကိုလည်း ယင်းအပေါ်၌ အာရုံစူးစိုက်ထားကာ ရွတ်ဆိုရပါမည်။ အကြောင်းမှာ ဤကဲ့သို့လုပ်ဆောင်မှုပုံစံသည် နလုံးသား၏ဇိကိရ် ပြုလုပ်မှုတွင် နှတ်လျှာကလည်း ပါဝင်လုပ် ဆောင်ခြင်းပင်ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ဦးသည် သူ၏နလုံးသားတွင်ရှိသော တွေးဆမှုကိုပဲ အာရုံစိုက်နေကာ နှတ်လျှာဖျားမှ မည်သည်မျှမရွတ်ဆိုပါလျှင်လည်း ယင်းသို့သောလုပ်ဆောင်ချက်သည် သူ၏အနေအထားအရ ဆုလာဘ်ရစေထိုက်သော အနေအထားဖြစ်ပါသည်။ သို့သော်လည်း နလုံးသားတွင် မည်သည်မျှမရှိရှိသင့်သည် များကိုလည်း ဂရုမမူဘဲနှင့် နှတ်လျှာဖျားကသာ ဇိကိရ်ပြုခဲ့ပါက ဆုလာဘ်ရမည့် အနိမ့်ဆုံးအဆင့် ဖြစ်သွားပါသည်။ ယင်းကဲ့သို့သော ဇိကိရ်မျိုးနှင့်ပတ်သက်၍ ပညာရှင်ကြီး ရှမီကမိန့်ကြားသည်မှာ-

**بر زباں تسبیح و در دل گاؤخر ایں چنیں تسبیح کے دارد اثر**

နှတ်လျှာဖျားကတော့အလွှာဟ်အရှင်မြတ်အား ချီးကျူးထောမနာပြုနေပါသည်၊
နလုံးသားတွင်းမှာ နွားနှင်မြည်းသို့
ယင်းကဲ့သို့ သတိရ တသခြင်းကား အဘယ်အရာနည်း၊
အကျိုးသက်ရောက်မှုက အဘယ်သို့ရှိပါမည်နည်း။

ပညာရှင်ကြီးရှမီကဆိုလိုသည်မှာ ဂရုမစိုက်သောနလုံးသားဖြင့် ပြုလုပ်သောဇိကိရ်သည် စစ်မှန်သောနည်းဖြင့် ပြုလုပ်သောဇိကိရ်၏ ကောင်းချီးမင်္ဂလာများ၏ အကြွင်းအကျန်များပင် မရရှိစေနိုင်ပါ။ နှတ်လျှာ သက်သက်ဖြင့်သာ ပြုလုပ်သောဇိကိရ်မှ ပေါ်ထွက်လာနိုင်သောဆုလာဘ်နှင့် အကျိုးအမြတ်တို့ ရရှိနိုင်သည်ကိုမူ ပယ်ထုတ်၍မရပါ။ အဘယ်ကြောင့်ဆိုသော် ယင်းကဲ့သို့လုပ်ဆောင်ခြင်းသည် နလုံးသားမှပေါ်ထွက်လာနိုင်သော "ဇိကိရ်" ၏အရင်းအမြစ်နှင့် အကြောင်းခံဖြစ်သွားသော အချိန်အခါမျိုးလည်း ရှိပါသည်။

နှတ်လျှာဖျားမှ အမြဲတစေရွတ်ဆိုမှုသည် နလုံးသားအပေါ် အကျိုးသက်ရောက်မှုကိုလည်း စတင် ပြုလုပ်နိုင်ပါသည်။ အကယ်၍ ထိုကဲ့သို့ အကောင်အထည်မပေါ်ခဲ့ပါလျှင်သော်မှ အနည်းဆုံးခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခုသည် အလွှာဟ်အရှင်မြတ်အား အောက်မေ့တသခြင်းဖြင့် မအားမလပ်ဖြစ်နေသည်ဟူသော ကျေနပ်နှစ်သိမ့်မှုရရှိနိုင်ပါသည်။ သို့ဆိုပါလျှင် ထိုသို့လုပ်ဆောင်ခြင်းသည် ဆုလာဘ်နှင့်အကျိုးမဲ့ မဖြစ်ခဲ့ပါ။ ထို့ကြောင့် "ဇိကိရ်"နှင့် သတ်စိဗီ (အလွှာဟ်အရှင်အား အောက်မေ့တသခြင်းနှင့် ချီးကျူး ထောမနာပြုခြင်း) တို့တွင် အေးချမ်းသာယာခြင်းနှင့် စိတ်နလုံးတည်ငြိမ်ခြင်း မရရှိသောလူတို့သည် ယင်းလုပ်ငန်းကို အသုံးမဝင်သောအရာဟုဆိုကာ လိုအပ်သည့် စိတ်တည်ငြိမ်မှု အဆင့်ရရှိရန်အတွက် ဆက်လက် ကြိုးစားသင့်ပါသည်။

ဤအာယသ်တော်ထဲ၌ ဇိကိရ်ပြုလုပ်ခြင်း၏ဒုတိယနည်းကို وَّدُوْنَ الْجَهْرِ مِنَ الْقَوْلِ "ထို့ပြင် ကျယ်လောင်စွာ ပြောဆိုခြင်းမဟုတ်ဘဲ" ဟူ၍ မိန့်ထားသည်။ ဆိုလိုသည်မှာ ယင်းလုပ်ရပ်အား အသံမြှင့်၍ပြုလုပ်မည့်အစား အသံ

နှိမ့်ချ၍ ပြုလုပ်ရပါမည်။ တစ်နည်းဆိုရသော် အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသမှု ပြုလုပ်သောသူတစ်ဦးတွင် အသံထွက်၍ရွတ်ဆိုရန် ရွေးချယ်ခွင့်ရှိပါသည်။ သို့ရာတွင် ယင်းလုပ်ငန်းစဉ်၏ ကျင့်ဝတ်များအရ အော်ဟစ် ကြွေးကြော်သကဲ့သို့ အသံ အလွန်မကျယ်လောင်ရပါ။ လုပ်ငန်းစဉ်၏ရိုသေလေးစား ထိုက်သော သဘောသဘာဝ ရှိသည့် လုပ်ရပ်ကို ရိုသေမှုအပြည့်အဝနှင့် သာမန်အသံဖြင့် ဖတ်ရွတ်ခြင်းက ပို၍ကောင်းသည်။ အကြောင်းမှာ အလ္လာဟ် အရှင်မြတ်အတွက် ဇိကိရ်လုပ်ခြင်းနှင့် ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်ခြင်းတို့တွင် ကျယ်လောင်စွာ ဖတ်ခြင်းသည် ဦးတည်ပြောကြားသူအား သူ၏နှလုံးသားမှ ရိုသေလေးစားမှုမရှိကြောင်း ပြသရာရောက်ပါသည်။ သူ၏နှလုံးသားမှ ရိုသေလေးစားသောသူတစ်ဦးကို အသံကျယ်လောင်စွာဖြင့် စကားပြောခြင်းမပြုလုပ်သည် မဟုတ်ပါ သလော။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်အား ပုံမှန်ဇိကိရ် ပြုလုပ်ရာ၌လည်းကောင်း၊ ကုရ်အာန်ကျမ်းတော်မြတ်အား ဖတ်ရွတ်ရာ၌လည်းကောင်း တစ်စုံတစ်ဦးသည် လိုအပ်သည်ထက်ပို၍ အသံမကျယ်စေရန်ဂရုပြုရပါမည်။

အချုပ်ဆိုရသော် ဤအာယသ်တော်မှ အလ္လာဟ်အရှင်မြတ်အား ဇိကိရ်လုပ်ရန်နှင့် ကုရ်အာန်ကျမ်းတော်မြတ်ဖတ်ရွတ်ရန် နည်းသုံးနည်း ပေါ်ထွက်လာပါသည်။ (၁) နှလုံးသားမှဇိကိရ်ကိုသာ အာရုံစိုက်ရန်- ဆိုလိုသည်မှာ ယင်းလုပ်ရပ်သည် နှတ်လျှာအားမလှုပ်ရှားဘဲ ဇိကိရ်နှင့်ကုရ်အာန်ကျမ်းတော်မြတ်၏ အဓိပ္ပာယ်များအား စဉ်းစားခြင်း၊ ဆင်ခြင်သုံးသပ်ခြင်းတို့အတွက် လုံလောက်သည်ဟုမှတ်ယူပါ။ (၂) အခြားသူများကြား နိုင်လောက်သည်အထိ အသံအားမမြှင့်တင်ဘဲ နှလုံးသားမှဇိကိရ်ကို နှုတ်လျှာဖျားနှင့်အတူ ပြုလုပ်နိုင်ပါသည်။ ဤနှစ်နည်းစလုံးတို့အား အလ္လာဟ် အရှင်မြတ်၏အမိန့်တော် **وَ اذْكُرْ رَّبَّكَ فِيْ نَفْسِكَ** "မိမိကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား မိမိစိတ်နှလုံးတွင်း ဝယ် နိဝါတ တရားထားရှိ၍ အောက်မေ့သတိရပါလေ"တွင် အကျုံးဝင်ပါသည်။ (၃) ဇိကိရ်၏တတိယနည်းလမ်းမှာ နှလုံးသားကို ဂရုပြုသည်နှင့်ယှဉ်တွဲ၍ နှုတ်လျှာဖျားကိုလှုပ်ရှားကာ အသံထွက်စေနိုင်ပါသည်။ သို့ရာတွင် ယင်းအသံသည် လိုအပ်သည်ထက်ပို၍ မကျယ်လောင်ရပါ။ တကယ်ဆိုရသော် သာမန်အဆင့်သာ ကန့်သတ်ထားသင့်ပါသည်။ ယင်း နည်းအား ကုရ်အာန်ကျမ်းတော်မြတ်၏ အဆိုအမိန့် **وَ دُوْنَ الْجَهْرِ مِنَ الْقَوْلِ** "ထို့ပြင် ကျယ်လောင်စွာပြောဆိုခြင်းမဟုတ်ဘဲ"ထဲတွင် အကြံပြုထားပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်တစ်ခုထဲတွင် ဤကိစ္စအား ပိုမိုရှင်းပြကာ မိန့်ကြားထားသည်။ ယင်းက တမန်တော်မြတ် ﷺ သခင်အား အမိန့်ပေးထားသည်မှာ **وَ لَا تَجْهَرْ بِصَلَاتِكَ وَ لَا تُخَافِتْ بِهَا وَ ابْتَغِ بَيْنَ ذٰلِكَ سَبِيْلًا** ကုရ်အာန်ကျမ်းတော်မြတ်အား ဖတ်ရွတ်ရာတွင် တမန်တော်မြတ် ﷺ အသံအား များစွာမြှင့် (သို့မဟုတ်) လွန်စွာနှိမ့်ထားခြင်း မျိုးလည်း မဖြစ်စေရပါ။ တမန်တော်မြတ် ﷺ သည် ထိုနှစ်ခုကြား အလယ်အလတ်တန်းစားဖြစ်ရပါမည်။ (၁၇ း ၁၁၀)

ဤကဲ့သို့ပင် တမန်တော်မြတ် ﷺ သခင်သည် ဆွလာသ်ဝတ်ပြုချိန်အတွင်း ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်ခြင်းနှင့်ပတ်သက်၍ စိုက်ယိဒိနာအဗူဗကရ်နှင့် စိုက်ယိဒိနာအုမရ်တို့အား ဤကဲ့သို့ပင်ညွှန်ကြားခဲ့သည်။

ခိုင်လုံသောဟဒီးဆ်ဩဝါဒတော်တစ်ပုဒ်အရ တစ်ချိန်တုန်းက တမန်တော်မြတ် ﷺ ညဉ့်နက်သောအခါ၌ အိမ်မှထွက်ခွာလာခဲ့ပါသည်။ တမန်တော်မြတ် ﷺ သခင်၊ စိုက်ယိဒိနာအဗူဗကရ်အိမ်ရောက်သောအခါ အဗူဗကရ် ဆွလာသ်ဝတ်ပြုနေသည်ကို တွေ့ရပါသည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်ဖတ်ရွတ်ခြင်းကိုမူ အသံနှိမ့်ချပြီး ဖတ်ရွတ်နေပါသည်။ ထို့နောက် စိုက်ယိဒိနာ အုမရ်အိမ်သို့ရောက်သောအခါ ကုရ်အာန်ကျမ်းတော်မြတ်အား အသံမြှင့်ကာ ဖတ်ရွတ်ပြီး ဆွလာသ်ဝတ်ပြုနေကြောင်း တွေ့ရပါသည်။ နံနက်ပိုင်းတွင် ဆွဟာဗဟ်ကြီးနှစ်ပါး တမန်တော်မြတ် ﷺ အိမ်သို့ရောက်လာသောအခါ၌ စိုက်ယိဒိနာအဗူဗကရ်အား "မနေ့ညက ကျွန်ုပ် အသင့်ထံလာခဲ့သောအခါ

ကုရ်အာန် ကျမ်းတော်မြတ်အား အသံနှမ့်ချ၍ ဖတ်ရွတ်နေကြောင်း ကျွန်ုပ် သတိပြုမိခဲ့ပါသည်"ဟူ၍ ပြောကြားခဲ့သည်။ စိုက်ယိဒိနာအဗူဗကရ်က ရှိသေစွာလျှောက်ထားသည်မှာ "ယာရစူလွလ္လာဟ် ကျွန်တော်မျိုးဦးတည်ဖတ်ကြားနေသော အရှင်မြတ်သည် ကြားပြီးသားဖြစ်ပါသည်။ ယင်းသို့ဖတ်ရွတ်ခြင်းသည် လုံလောက်ပါသည်"ဟူ၍ဖြစ်သည်။ အလားတူစွာ တမန်တော်မြတ် S သခင်က စိုက်ယိဒိနာ အုမရ်အား "အုမရ်၊ အသင်အသံမြှင့်၍ ကုရ်အာန်ကျမ်းတော်မြတ်ကို ဖတ်ရွတ်ခဲ့သည်"ဟု ပြောကြားခဲ့သည်။ သူက ရှိသေစွာလျှောက်ထားခဲ့သည်မှာ ကျွန်ုပ်အသံမြှင့်၍ ဖတ်ရွတ်ခြင်းသည် အိပ်ငိုက်ခြင်းနှင့် ရှိုင်တွာန်တို့အား မောင်းထုတ်ရန်ရည်စူးပါသည်ဟု ပြောခဲ့လေသည်။ တမန်တော်မြတ် S က သူ၏ အဆုံးအဖြတ်ပေးရာ၌ စိုက်ယိဒိနာအဗူဗကရ်အား သူ့အသံအနည်းငယ်တိုးမြှင့်ရန်နှင့် စိုက်ယိဒိနာအုမရ်အား သူ၏ အသံ အနည်းငယ်ချရန် ညွှန်ကြားခဲ့ပါသည်။ (အဗူဒါဝူဒ်)

သိရ်မိဇီကျမ်းပါတင်ပြချက်တစ်ခုအရ ဆွဟာဗဟ်အချို့သည် စိုက်ယိဒါဟ် အာအိရှာဟ် g သခင်မထံ တမန်တော်မြတ် S ကုရ်အာန်ကျမ်းတော်မြတ်ရွတ်ဖတ် သရဇ္ဈာယ်ရာတွင် အသံနှမ့်ဖတ်သလော၊ အသံမြှင့်ဖတ်သလောဟု မေးမြန်းခဲ့သည်။ အချို့အချိန်မှာ အသံမြှင့်ဖတ်၍ အချို့အချိန်မှာ အသံနှမ့်၍ဖတ်ရွတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ကိုယ်တော်မြတ် S သခင်သည် နှစ်မျိုးစလုံးဖတ်ရွတ်ခဲ့သည်။

အစောပိုင်းက အကြီးအကဲအချို့သည် ညဉ့်အချိန်၌လုပ်ဆောင်ရသော နဖိလ်ဆွလာသ် ဝတ်ပြုဆောက်တည်မှုတွင် ကုရ်အာန်ကျမ်းတော်မြတ် ကျယ်လောင်စွာဖတ်ရွတ်ခြင်းအား နှစ်သက်ကြသကဲ့သို့ အချို့သူတို့မှာ အသံကိုနှမ့်ကာ ညင်ညင်သာသာဖတ်ခြင်းကို နှစ်သက်ကြသည်။ ထို့ကြောင့် အီမာမ်အဗူဟနီဖာဟ်က ဖတ်ရွတ်သရဇ္ဈာယ်သည့်လူတစ်ဦးသည် မည်သည့်ဖတ်ရွတ်သရဇ္ဈာယ်မှုကိုမဆို ရွေးချယ်နိုင်သည်ဟု ပြောကြားခဲ့သည်။ သို့သော်လည်း တညီတညွတ်တည်း သဘောတူထားသည်မှာ ကျယ်လောင်စွာဖတ်ရွတ် သရဇ္ဈာယ်မှုတွင် စည်းကမ်းသတ်မှတ်ချက်အချို့ရှိသည်။ ပထမဦးစွာ ထိုသို့လုပ်ဆောင်ရာ၌ ပြစားမှုမဖြစ်စေရပါ။ ဒုတိယအချက်မှာ ဖတ်ရွတ်သရဇ္ဈာယ်သူ၏ အသံကြောင့် အခြားသူများကို ကသိကအောက်ဖြစ်ခြင်း၊ နာကျင်စေခြင်းမဖြစ်စေရ။ ပမာအားဖြင့် ကုရ်အာန်ကျမ်းတော်မြတ်ရွတ်ဖတ်သရဇ္ဈာယ်မှုကြောင့် အခြားသူများ ဆွလာသ်ဝတ်ပြုခြင်း (သို့မဟုတ်) ရွတ်ဖတ်သရဇ္ဈာယ်ခြင်း (သို့မဟုတ်) ၎င်းတို့အလုပ်လုပ်နေခြင်း (သို့မဟုတ်) အနားယူနေခြင်း စသည်တို့ကို အနှောင့်အယှက်မဖြစ်စေရပါ။ ယင်းသို့သောကိစ္စများ ကြောင့် အသံနှမ့်၍ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် ပိုမိုမြင့်မြတ်ကာ စဝါးဗ်ကုသိုလ်ပိုမိုရရှိသည်ဟု အများက တညီ တညွတ်တည်း မှတ်ယူကြသည်။

ထို့နောက် ကုရ်အာန်ကျမ်းတော်မြတ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းနှင့် သက်ဆိုင်သောဥပဒေသည် အခြားအဒ်ကရ်နှင့် သတ်စ်ဗီဟားသ်များနှင့်လည်း သက်ဆိုင်သည်။ သတ်စ်ဗီဟားသ်နှင့် အဒ်ကရ်တို့ကို အသံကျယ်လောင်စွာဖြစ်စေ၊ နှမ့်၍ဖြစ်စေ လုပ်နိုင်သည်။ နည်းနှစ်မျိုးစလုံးမှ မည်သည့်နည်းဖြင့်မဆို လုပ်နိုင်သည်။ သို့ရာတွင် အသံသည် နှလုံးသားရိုကျိုးမှုနှင့် နာမ်ပိုင်းဆိုင်ရာ ပုံမှန်ကျင့်ဝတ်တို့၏စံနှင့် မဆန့်ကျင်ရပါ။ တစ်ဖန် ထပ်၍ အလွှာဟ်အရှင်မြတ်အား အောက်မေ့တသခြင်းနှင့် ချီးကျူးထောမနာပြုသူ၏ အသံသည် အလုပ်လုပ်နေသောသူများနှင့် အနားယူနေသူများကို အနှောင့်အယှက်မဖြစ်စေသင့်ချေ။

အသံကျယ်ခြင်း (သို့မဟုတ်) အသံနှမ့်ခြင်း မည်သည်က ပို၍မြတ်သည်ဆိုခြင်းမှာ မည်သည့်အခြေအနေတွင် မည်သူက လုပ်ဆောင်သည်ဆိုသည့်အပေါ် မူတည်သည်။ အဆုံးအဖြတ်မှာ ခြားနားပါသည်။ အချို့အတွက် ကျယ်လောင်ခြင်းသည်ကောင်း၍ အချို့အတွက် အသံနိမ့်ကာတိုးတိုးဖတ်ခြင်းက ကောင်းသည်။ ထို့နောက် အသံကျယ်စွာ

ဖတ်ရွတ်ခြင်းသည် သာလွန်ကောင်းမွန်သောအချိန်ရှိသကဲ့သို့ တိုးတိုး (သို့မဟုတ်) အသံမထွက်ဘဲဖတ်ခြင်း က အကျိုးရှိသည့် အခါများလည်း ရှိသည်။ (သဖ်စီရ်မဇာဟေရီ၊ ရူဟွလ်ဗယာန် စသည်များ)

လက်ရှိဆွေးနွေးနေသည့်အာယသ်ထဲတွင် ဖော်ပြထားသော ကျင့်ဝတ်ဆိုင်ရာ ဒုတိယဥပဒေအရ သိလာဝသ် နှင့်ဇိကိရ်တို့အား ရိုကျိုးစွာလုပ်ဆောင်သင့်သည်။ ယင်းရိုကျိုးမှုမှာ အလ္လာဟ်အရှင်မြတ်သည် ကြီးကျယ်၍ အလွန်ထွတ်မြတ်ကြောင်း တစ်စုံတစ်ဦး သူ (သို့မဟုတ်) သူမက ၎င်းပြောကြားနေခြင်း၏ ဆိုလိုရင်းကို မျက်ခြည်မပြတ်စေဘဲ သိရှိ နားလည်ခြင်း၏ ရလဒ်ဖြစ်သည်။

ကျင့်ဝတ်၏တတိယဥပဒေသည် ဤအာယသ် (၂၀၅) ထဲတွင်ပါရှိသော **خِيْفَه** (ခိဖာဟ် ကြောက်ရွံ့ရိုသေခြင်း) ဟူသောစကားလုံးမှ ပေါ်ထွက်လာသည်။ ဤနေရာ၌ သိလာဝသ်ဖတ်ရွတ်သရဇ္ဈာယ်ခြင်းနှင့် ဇိကိရ်အောက်မေ့တသခြင်းပြုလုပ်နေသောသူတွင် ကြောက်ရွံ့၍ ရိုသေလေးစားသည့် အနေအထားမျိုး ရှိသင့်သည်။ ကြောက်ရွံ့ခြင်းဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ကြီးကျယ်မှုကို အသိအမှတ်ပြုခြင်းနှင့် အလ္လာဟ်အရှင်မြတ်အား ခဝတ်ကိုးကွယ်ခြင်း ဟူသည့် ကြီးမားသည့်လုပ်ငန်းကို လုပ်သင့်သည့်အတိုင်း လုပ်ကိုင်နိုင်စွမ်းမရှိခြင်းကို ဆိုလိုသည်။ အလ္လာဟ် အရှင်မြတ်က ကျွန်ုပ်တို့ကို ဂုဏ်သိက္ခာပေးသကဲ့သို့ ကျွန်ုပ်တို့က အရှင်မြတ်ပေါ်တွင် ပြန်လည်၍ ရိုသေလေးမြတ်စွာ ဂုဏ်ပေးမှုချို့ငဲ့ခြင်းနှင့် ယင်းဂုဏ်ပေးမှုနှင့်ဆန့်ကျင်စွာ လုပ်ဆောင်မှုများပြုလုပ်မိခြင်းအတွက် စိုးရိမ်သောကရောက်ခြင်းကိုလည်း ဆိုလိုနိုင်သည်။ တစ်ဖန် ထပ်၍ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ပြစ်မှုဂုနာဟ်များနှင့်ပတ်သက်၍ တက်ကြွစွာ စိုးရိမ်ပူပန်၍ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်ခံရမှုမှလည်း ကြောက်ရွံ့နေရမည်။ ယင်းကြောက်ရွံ့မှုမှာ အဆုံး၌ မည်သည်ဖြစ်မည်၊ မည်ကဲ့သို့ဖြစ်မည်ဆိုသည်ကို ကျွန်ုပ်တို့မသိရှိရ၍ဖြစ်သည်။ သို့ဆိုလျှင် ဇိကိရ်နှင့် သိလာဝသ်တို့တွင် ကြောက်ရွံ့ရိုသေခြင်း အငွေ့အသက်ဖြင့် ချိုးနှမ်ိမခံထားရသော လူတစ်ဦးအနေဖြင့် လုပ်ဆောင်ကြရမည်။

ဤဥပဒေများသည် ဤစူရတ်အလ်အာရာဖ်၏ ဒုအာတောင်းဆိုမှုနှင့်ပတ်သက်၍ ဖော်ပြထားခဲ့ပါသည်။ ယင်းမှာ **اُدْعُوْا رَبَّكُمْ تَضَرُّعًا وَّ خُفْيَةً** "အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်၌ နိဝါတ တရားထားရှိ၍ တိုးတိုးစွာဆုတောင်းပတ္ထနာပြုကြလေကုန်" (၇ း ၅၅) ဟူ၍ဖြစ်သည်။ ဤနေရာတွင် **خِيْفَه** (ခိဖာဟ် ကြောက်ရွံ့ရိုသေခြင်း)ဟူသော စကားလုံးအစား **خُفْيَةً** (ခုဖ်ယာဟ် လှျို့လှျို့ဝှက်ဝှက်)ဟု သုံးနှုန်းထားခြင်းက ဆိုလိုသည်မှာ ဒုအာတောင်းဆိုမှုတွင် ညင်သာစွာ အသံတိုးတိုးတောင်းဆိုခြင်းက ဇိကိရ်နှင့်သိလာဝသ် လုပ်ဆောင်ရာတွင် ညင်သာစွာနှင့် အသံတိုးတိုးပြုလုပ်ခြင်းသည် ကျင့်ဝတ်ဆိုင်ရာ ဥပဒေတစ်ခုလည်းဖြစ်သည်။ သို့သော်လည်း ဤအာယသ်တော်ထဲ၌ တစ်ချိန်တည်းမှာပင် အသံထွက်၍ ဇိကိရ်ပြုလုပ်ခြင်း တားမြစ်ထားသည် မဟုတ်ကြောင်း ရှင်းလင်းစေပါသည်။ သို့သော်လည်း တစ်စုံတစ်ဦးသည် အသံကို လိုသည်ထက်ပို၍ မမြှင့်စေရပါ။ ကြောက်ရွံ့ရိုသေခြင်းနှင့် ရိုကျိုးခြင်းဟူသည့် အနေအထားပျောက်ပျက်သွားစေလောက်သော အသံကျယ်ခြင်းမဖြစ်စေရဟူသော စည်းကမ်းသတ်မှတ်ချက်ပါဝင်သည်။

အာယသ်တော်အဆုံး၌ ဇိကိရ်နှင့်သိလာဝသ်ပြုလုပ်ရမည့်အချိန်များသည် နံနက်ခင်းနှင့် ညနေခင်း ဖြစ်ကြောင်း ဖော်ပြထားသည်။ ယင်းက တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရ ခြင်းကို အနည်းဆုံးနံနက်ခင်းနှင့်ညနေခင်း တစ်နေ့ နှစ်ကြိမ်လုပ်ဆောင်သင့်သည်ဟု ဆိုလိုသည်။ ထို့ပြင် ဖြစ်နိုင်သေးသည်မှာ ကမ္ဘာကြီးတစ်ခုလုံးဟု အဓိပ္ပာယ်သက်ရောက်စေနိုင်သော အရှေ့နှင့်အနောက်ဟု ပြောဆိုသကဲ့သို့ တစ်နေ့လုံးကို ရည်ညွှန်းသည့်အလား နံနက်ပိုင်းနှင့်ညနေပိုင်းဟု ပြောဆိုခြင်းလည်း ဖြစ်နိုင်သည်။ သို့ဆိုလျှင် တစ်စုံတစ်ဦးသည်

ဇိကိရ်နှင့်သိလာဝသ်ကို မည်သည့်အခြေအနေမျိုးတွင်မဆို အမြဲတစေပြုလုပ်နေရမည်ဟု ဆိုလိုသည်။ စိုက်ယိဒါဟ် အာအိရာ f သခင်မကြီးက မိန့်ကြားသည်မှာ တမန်တော်မြတ် s သခင်သည် မည်သည့်အခြေအနေတွင်မဆို အလ္လာဟ် အရှင်မြတ်၏ အောက်မေ့တသခြင်းတွင် တစ်ချိန်လုံး မွေ့လျော်နေသည်။

အာယသ်တော်အဆုံး၌ وَلَا تَكُنْ مِّنَ الْغٰفِلِيْنَ "ထို့ပြင် အသင်သည် အလေးမမူဂရုမပြု ပမာမထားသော သူတို့တွင် အပါအဝင်မဖြစ်ပါလင့်" ဟူ၍ မိန့်ထားခြင်းက ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသခြင်းကို စွန့်လွှတ်ကာ သတိမမူအလေးဂရုမပြုသူများနှင့် ပူးပေါင်းခြင်းမှာ ကြီးစွာသောဆုံးရှုံးမှု ဖြစ်သည်။

နောက်ဆုံးအာယသ်(၂၀၆)သည် အခြားသူများသင်ခန်းစာရယူနိုင်စေရန် အလ္လာဟ်အရှင်မြတ်နှင့် နီးစပ်သူတို့၏ သီးသန့်အခြေအနေနှင့် ဟန်ပန်ကို သရုပ်သကန်ပေါ်အောင် ဖော်ပြထားသည်။ အလ္လာဟ်အရှင်မြတ်နှင့် နီးကပ်သူများသည် အရှင်မြတ်ကို ခဝပ်ကိုးကွယ်ရာတွင် ထောင်လွှားမှုမရှိကြောင်း ပြသထားသည်။ အလ္လာဟ်အရှင်မြတ်နှင့် အတူရှိခြင်းဆိုသည်က အလ္လာဟ်အရှင်မြတ်အတည်ပြု၍ လက်ခံထားသူများတွင် အပါအဝင်ဖြစ်ခြင်းဟု ဆိုလိုသည်။ ဤထဲတွင် ကောင်းကင်စေတမန်အားလုံး မြင့်မြတ်သောတမန်တော်အားလုံးနှင့် မုစ်လင်မ်အုမ္မသ်ထုထဲရှိ အလွန်ဖြောင့်မတ်မှန်ကန်သည့်အမျိုးသား/အမျိုးသမီးများပါဝင်ကြသည်။ဤမူရင်းစာသားပါမောက်မာပလွှားခြင်း၏ဆိုလိုရင်းနှင့်ပတ်သက်၍ ထိုသူများသည် မိမိကိုယ်မိမိ ကြီးကျယ်သူဟုလည်း မမှတ်ယူ၊ ၎င်းတို့၏ ခဝပ်ကိုးကွယ်မှုတို့တွင်လည်း မလျော့နည်း၊ ယင်းသို့လုပ်ဆောင်ခြင်းသည် ကြီးကျယ်၍ အထူးတလည်ဖြစ်သည်ဟူသော မှားယွင်းသောအယူအဆများလည်း မရှိသူများဖြစ်သည်ဟု ဆိုလိုသည်။ ထိုသို့သောလုပ်ရပ်များမှ မည်သည်ကိုမျှမလုပ်ဘဲ အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်တွင် ၎င်းတို့သည် ချိနဲ့သူများလိုအပ်သူများဟု မှတ်ယူကြကာ အရှင်မြတ်ကို အောက်မေ့တသသတိရခြင်း၊ ခဝပ်ကိုးကွယ်ခြင်းနှင့် ချီးကျူးထောမနာခြင်းတို့၌ အစဉ်မွေ့လျော်နေကြကာ ၎င်းတို့၏အဆုံးစွန် ရိုကျိုးမှုဖြစ်သော အရှင်မြတ်ရှေ့တော်မှောက် ပျံဝင် စိုက်ဒဟ်ပြုကာ ပြသကြပါသည်။

ဤသည်မှ ကျွန်ုပ်တို့လေ့လာသိရှိရသည်မှာ အလ္လာဟ်အရှင်မြတ်ကို အမြဲတစေ အောက်မေ့တသခြင်းနှင့် ခဝပ်ကိုးကွယ်နိုင်စွမ်း ပေးထားခြင်းခံရသောသူများသည် အချိန်တိုင်းတွင် ထိုသူတို့သည် အလ္လာဟ်အရှင်နှင့်အတူရှိနေသည်ဟူသည့် လက္ခဏာဖြင့် ကောင်းချီးပေးခံကြရသည်။ ထို့နောက် ထိုသူများသည် အလ္လာဟ်အရှင်နှင့်အတူ ရှိနေခြင်းအတွက် ကံကောင်းကြပါသည်။

## စိုက်ဒဟ်နှင့်ပတ်သက်သော ဥပဒေများနှင့်မြင့်မြတ်မှုများ

စိုက်ဒဟ်(ဦးချခြင်း)သည် အစွလာမ့်အိဇာဒသ်ဖြစ်သော ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်း၏ အခြေခံအစိတ်အပိုင်းတစ်ရပ်အနေဖြင့် ဤနေရာ၌ သီးသန့်ဖော်ပြထားသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းသည် ဆွလာသ်ဝတ်ပြုခြင်း၏ အခြားအစိတ်အပိုင်းများအနက် ပေါ်လွင်ထင်ရှားသော အနေအထားတွင်ရှိနေသည်။

ဆွာဟီးဒ်မုစ်လင်မ်ကျမ်းတွင်ပါရှိသည်မှာ လူတစ်ဦးသည် စိုက်ယိဒိနာစောင်ဗန် d အား "ကျွန်ုပ်ကို ဂျန္နသ်သုခဘုံသို့ ရောက်ရှိစေနိုင်သော တစ်စုံတစ်ရာအကြောင်းပြောပြပါ" ဟု မေးမြန်းခဲ့သည်။ စိုက်ယိဒိနာ စောင်ဗန် d သည် ဆိတ်ဆိတ်နေခဲ့ပါသည်။ ထိုသူက ထပ်မံ၍မေးမြန်းခဲ့သည်။ စိုက်ယိဒိနာ စောင်ဗန် d သည် ဆိတ်ဆိတ်နေမြဲနေနေပါသည်။ ထိုသူက တတိယအကြိမ်မြောက် မေးမြန်းသောအခါ၌ စိုက်ယိဒိနာစောင်ဗန် d က "ကျွန်ုပ်သည်

တမန်တော်မြတ် s ထံ ဤမေးခွန်းအတိုင်း မေးမြန်းခဲ့ရာ ကိုယ်တော်မြတ် s သခင်က ကျွန်ုပ်အား သင်သည် စိဂျ်ဒဟ် ကိုထပ်ကာတလဲလဲပြုလုပ်ပါ။ အဘယ့်ကြောင့်ဆိုသော် သင်၏စိဂျ်ဒဟ်တိုင်းအတွက် အလ္လာဟ်အရှင်မြတ်သည် အဆင့်အတန်းတစ်ခုစီကိုမြှင့်၍ အပြစ်ဂုနဟ်တစ်ခု ခွင့်လွှတ်သည်"ဟု ကျွန်ုပ်ကို ဖြေကြားခဲ့သည်။ ဤသူက ပြောသည်မှာ စိုက်ယိဒိနာစောင်ဗန် d နှင့် တွေ့ဆုံပြီးနောက် ၎င်းသည် စိုက်ယိဒိနာ အဗူဒရ်ဒါ d နှင့် တွေ့ဆုံခဲ့သည်။ သူ့အား ဤမေးခွန်းကိုပင် မေးမြန်းခဲ့ရာ အလားတူပင်ဖြေကြားခဲ့လေသည်။

တစ်ဖန် ဆွာဟီးဒ်မုစ်လင်မ်ကျမ်းတွင် စိုက်ယိဒိနာအဗူဟုရိုင်ရဟ် d ၏ ခိုင်လုံမှုအရ ဆင့်ပြန်ထားသည်။ တမန် တော်မြတ် s မိန့်သည်မှာ "အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်တစ်ဦးသည် သူစိဂျ်ဒဟ်ဦးချချိန်မှာ သူ၏အရှင်နှင့် အနီးကပ်ဆုံးဖြစ်သည်။ ထို့ကြောင့် အသင်စိဂျ်ဒဟ်ဦးချချိန်၌ အလွန်အားတက်သရော ဆုမွန်ဒုအာပြုပါ။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန်တွင် ဒုအာလက်ခံသည်ဟု ခိုင်မာစွာမျှော်လင့်နိုင်သော ကြောင့်ဖြစ်သည်။ [1]

စိဂျ်ဒဟ်ဦးချခြင်းပင်လျှင် အိဗာဒသ်၏ အသိအမှတ်ပြုသောအပြုအမူတစ်ရပ်မဟုတ်ကြောင်း ကျွန်ုပ်တို့သတိမူကြစို့။ ထို့ကြောင့် အိမာမ်အဗူဟနီဖဟ်အဆိုအရ များစွာ စိဂျ်ဒဟ်ဦးချခြင်းဆိုသည်မှာ နဖိလ်ဆွလာသ် ဝတ်ပြုခြင်း များစွာပြုလုပ်သင့်ကြောင်း ဆိုလိုရင်းဖြစ်သည်။ နဖိလ်ဆွလာသ်ဝတ်ပြုမှု တိုးတက်များပြားလေ စိဂျ်ဒဟ်ဦးချမှု တိုးပွားလေဖြစ်ပေသည်။

သို့သော်လည်း အကယ်၍ လူတစ်ဦးသည် စိဂျ်ဒဟ်ဦးချရုံသာချ၍ ဒုအာဆုမွန်တောင်းလျှင်လည်း အကြောင်းမဟုတ်ချေ။ စိဂျ်ဒဟ်ဦးချမှု၏ ညွှန်ကြားမှုမှာ နဖိလ်ဆွလာသ် ဝတ်ပြုဆောက်တည်မှုအတွက် သီးသန့်ဖြစ်သည်။ ဤသည်မှာ မပြုမနေရ မဟုတ်ချေ။

စူရတ်အလ်အဒ်ရာဇ်သည် ဤနေရာ၌ အဆုံးသတ်သည်။ နောက်ဆုံးအာယသ်မှာ စိဂျ်ဒဟ် အာယသ်ဖြစ်သည်။(ဖတ်ရွတ်သရဇ္ဈာယ်သူနှင့်နားထောင်သောသူတို့သည်စိဂျ်ဒဟ်ဦးချရန်လိုအပ်သည်)ဆွာဟီးဒ်မုစ်လင်မ်ကျမ်းပါ စိုက်ယိဒိနာ အဗူဟုရိုင်ရဟ် d ၏ တင်ပြချက်အရ တမန်တော်မြတ် s သခင် မိန့်ခဲ့သည်မှာ "အာဒမ် a ၏ သားမြေးတစ်ဦးသည် စိဂျ်ဒဟ်အာယသ်ကို ဖတ်ရွတ်သရဇ္ဈာယ်ရာ စိဂျ်ဒဟ်ဦးချမှုတစ်ခုပြုလုပ်လိုက်လျှင် ရွိုက်တွာန်သည် ငိုကြွေး၍ထွက်ပြေးလေသည်။ ရွိုက်တွာန်က "လူသားအား စိဂျ်ဒဟ်ဦးချရန် အမိန့်ပေးရာ သူကနာခံခဲ့သဖြင့် ဂျန္နသ် သုခဘုံသည် သူ၏အိမ်ရာဖြစ်သွားပါသည်။ ကျွန်ုပ်မှာ စိဂျ်ဒဟ်ဦးချရန်အမိန့်ပေးခံခဲ့ရာတွင် ကျွန်ုပ်ငြင်းဆန်ခဲ့၍ ဂျဟန္နမ် ငရဲဘုံသည် ကျွန်ုပ်၏အိမ်ရာ ဖြစ်သွားပါသည်" ဟု ပြောကြားခဲ့သည်။

**အလ်ဟမ်ဒုလစ်လ္လာဟ်**

**စူရတ်အာရာဖ် (အထွတ်အမြတ်နေရာများကဏ္ဍ) အကျယ်ဖွင့်ဆိုခြင်း**

**ဤတွင် ပြီးစီးသည်။ ဇူလဲလ (၂)ရက်၊ ၂၀၁၀-ခုနှစ်၊**

**ဟစ်ဂျီရီ ၁၄၃၁-ခုနှစ်၊ ရဇီအွတ်စာနီ (၁၆)ရက်။**

---

[1] စိဂျ်ဒဟ်တွင် ဒုအာဆုမွန်တောင်းဆိုမှုကို နဖိလ်ဆွလာသ်ဝတ်ပြုမှုတွင် ပြုလုပ်သင့်ကာ ကုရ်အာန်ကျမ်းတော်မြတ် တွင်လည်းကောင်း၊ (သို့မဟုတ်) တမန်တော်မြတ် s ၏ စွန့်သတ်တော်တွင်လည်းကောင်း ဖော်ပြထားသော အရဗီ ဘာသာ ဒုအာဆုမွန်များဖြင့်သာ တောင်းဆိုရမည်ဖြစ်ကြောင်း သတိမူရမည်။ သို့သော်လည်း ဒုအာ တောင်းဆိုမှု အတွက်ဟု ရည်စူး၍ပြုလုပ်သော စိဂျ်ဒဟ်ထဲတွင်မူ ဆန္ဒရှိရာ မည်သည့်ဘာသာဖြင့်မဆို ဒုအာဆုမွန်တောင်းဆိုနိုင်သည်။
(မုဟမ္မဒ်သကီးအွတ်စ်မာနီ)

# ခူရဟ်အလ်အန်ဖာလ်

رکوعاتها ۱۰ ۸ سُوْرَةُ الْاَنْفَالِ مَدَنِيَّةٌ ۸۸ اٰیاتها ۷۵

## စူရဟ်အလ်အန်ဖာလ် (သို့လက်ရ ပစ္စည်းများ)

စူရဟ်အလ်အန်ဖာလ်သည် မဒီနီစူရဟ်ဖြစ်ပြီး အာယသ် (၇၅)အာယသ်၊ ရုကူအ်အပိုဒ် (၁၀)ရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

**အစဉ်မပြတ် သနားကြင်နာတော်မူထသော အနန္တကရုဏာတော်ရှင်ဖြစ်တော်မူထသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။**

يَسْـَٔلُوْنَكَ عَنِ الْاَنْفَالِ ؕ قُلِ الْاَنْفَالُ لِلّٰهِ وَ الرَّسُوْلِ ۚ فَاتَّقُوا اللّٰهَ وَ اَصْلِحُوْا ذَاتَ بَيْنِكُمْ ۪ وَ اَطِيْعُوا اللّٰهَ وَ رَسُوْلَهٗۤ اِنْ كُنْتُمْ مُّؤْمِنِيْنَ ۝۱

**(အို-နဗီတမန်တော်) ၎င်းတို့သည် အသင့်အား (စစ်မက်တိုက်ခိုက်ရာ၌ ရရှိသော) လက်ရပစ္စည်းတို့နှင့်စပ်လျဉ်း၍ မေးမြန်းကြကုန်သည်။ အသင်သည် (၎င်းတို့အား ဤသို့) ဖြေကြားပါလေ။ (“အို-ငါ၏တပည့်သာဝက အပေါင်းတို့) လက်ရပစ္စည်းတို့သည် (စင်စစ်အားဖြင့်) အလ္လာဟ်အရှင်မြတ်နှင့် ရစူလ်တမန်တော် ပိုင်ဆိုင်တော်မူသောပစ္စည်းများပင်တည်း။ သို့ဖြစ်ပေရာ အသင်သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် မိမိတို့အချင်းချင်း၏ အခြေအနေကို ပြုပြင်ကြလေကုန်။ ထိုမှတစ်ပါး အသင်သည် အကယ်၍ “မုအ်မင်နဲ်” သက်ဝင်ယုံကြည်သူများ ဖြစ်ကြပါလျှင် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ် တမန်တော်မြတ်၏ အမိန့်တော်များကို လည်းကောင်း လိုက်နာကြလေကုန်။ (၈ : ၁)**

### စူရဟ်ပါအကြောင်းအရာ

ဤနေရာ၌ စတင်သော စူရဟ်အလ်အန်ဖာလ်သည် မဒနီစူရဟ်ဖြစ်သည်။

ဤစူရဟ်အလျင် ဖော်ပြပြီးခဲ့သည်စူရဟ်အလ်အာရာဖ်ထဲတွင် မုရှ်ရိစ်ကီးန်များ၏ မသိနားမလည်မှုနှင့် ရန်လိုမှု၊ ထို့နောက် ကျမ်းရဟုဂ္ဂိလ်များ၏ မယုံကြည်သွေဖည်မှုနှင့် အန္တရာယ်ပေးမှုအကြောင်းတို့ကို ဖော်ပြကာ ယင်းအကြောင်းအရာများနှင့် သက်ဆိုင်သည့်ဆွေးနွေးမှုများ ပြုထားသည်။

ဤစူရဟ်ထဲတွင် အကြောင်းအရာအများစုမှာ ဗဒ်ရ်စစ်ပွဲနှင့်ဆက်စပ်နေသည်။ ထိုအချိန်သည် ဤသူများ၏ ဝမ်းနည်းဖွယ်အဆုံးသတ်မှုဖြစ်သည့် ရှုံးနိမ့်ခြင်းနှင့် မုစ်လင်မ်များက ၎င်းတို့အပေါ် အောင်နိုင်မှုတစ်ရပ် ရရှိခဲ့သော အချိန်ဖြစ်သည်။ ဤသည်မှာ မုစ်လင်မ်များအတွက် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့်ကောင်းချီးမင်္ဂလာ ဖြစ်၍ မယုံကြည်သွေဖည်ငြင်းပယ်သူများအတွက် ပြစ်ဒဏ်ခတ်ခံရမှုနှင့် အပြစ်ကျရောက်ခြင်းဖြစ်သည်။

မုစ်လင်မ်များ၏ ဤကောင်းချီးနှင့်ဆုလာဘ်တို့၏ နောက်ကွယ်ရှိ အရေးကြီးသည့်အကြောင်းပြချက်မှာ ၎င်းတို့၏ အကြွင်းမဲ့ရိုးသားဖြူစင်မှု၊ ဘုရားတရားကြည်ညိုခြင်းနှင့် စည်းလုံးညီညွတ်ခြင်းဖြစ်သည်။ ထို့နောက် ဤ ရိုးသားဖြူစင်မှုနှင့် စည်းလုံးညီညွတ်ခြင်းသည် ၎င်းတို့၏ အလွှာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ ရစူလ်တမန်တော်တို့ကို အလုံးစုံအမိန့်နာခံခြင်း ရလဒ်ဖြစ်သည်။ ထို့ကြောင့် ဤစူရဟ်၏အစဉ် အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခြင်း သတ်ကဝါနှင့် အရှင်နှင့်အရှင်မြတ်၏ ရစူလ်တမန်တော်တို့၏ အမိန့်နာခံခြင်း အလွှာဟ်အရှင်မြတ်အား အောက်မေ့တသသတိရခြင်း၊ အရှင်မြတ်အပေါ် ယုံပုံအပ်နှံခြင်း (အာယသ်တော်(၂)တွင် ဖော်ပြထားသည့် ဇိကိရ်နှင့်သဝတ်က်ကလ်) စသည်တို့အပေါ် အမြစ်တွယ်နေသည့် ဖြောင့်မတ်မှန်ကန်သောလုပ်ရပ်များအပေါ် အလေးအနက်ပြု ဖော်ပြထားသည်။

## အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်သည် ဗဒ်ရ်စစ်ပွဲတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခုနှင့် ဆက်နွယ်နေသည်။ အာယသ်၏ အသေးစိတ် ရှင်းလင်းဖော်ပြမှုမစမီ ဤအဖြစ်အပျက်ကို မျက်ခြည်မပြတ်လျှင် ရှင်းလင်းပြသချက် နားလည် သဘောပေါက်ရန် လွယ်ကူစေလိမ့်မည်။

ဖြစ်ပျက်ခဲ့သည်မှာ အစ္စလာမ်နှင့်ကာဖိရ်တို့ ပထမဆုံးထိပ်တိုက်ရင်ဆိုင်မှုဖြစ်သည့် ဗဒ်ရ်စစ်ပွဲကို မုစ်လင်မ်များ အောင်နိုင်သောအခါ မုစ်လင်မ်များလက်ဝယ် စစ်အောင်ရ၍ရသော သုံလက်ရပစ္စည်းအချို့ ရှိကြနေခဲ့သည်။ ၎င်းတို့ ဘဝတစ်ခုလုံးအတွက် အဆင့်အတန်းမြင့်သော ရိုးသားဖြူစင်မှုနှင့် စည်းလုံးညီညွတ် ခြင်းအဖြစ် ပုံသွင်းထားသည့် မြင့်မြတ်သော ဆွဟာဗဟ်သာဝကကြီးများကြားတွင် ယင်းသုံလက်ရပစ္စည်းခွဲဝေမှုက ၎င်းတို့အဆင့်အတန်းနှင့် မလျော်ညီသည့် ကိစ္စရပ်များဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့်ပထမအာယသ်တော်ထဲမှာပင် ဤကိစ္စအတွက် အမြဲတမ်း လိုက်နာရမည့် မူဝါဒကို ထုတ်ပြန်ကာ ယင်းကိစ္စကို ထာဝရအတွက် ဖြေရှင်းခဲ့သည်။ ထို့ကြောင့်ဖြူစင်သန့်ရှင်းမှုနှင့် ကောင်းချီးမင်္ဂလာပြုခံရသည့် ဤလူစု၏နှလုံးသားများတွင် မှန်ကန်မှု၊ သစ္စာတရား၊ ရိုးသားဖြူစင်မှု၊ စည်းလုံး ညီညွတ်မှုနှင့် စွန့်လွှတ်စွန့်စားမှုမှအပ မည်သည်မျှ မကျန်ရစ်ခဲ့တော့ပါ။

ဗဒ်ရ်စစ်ပွဲတွင် ကိုယ်တိုင်ပါဝင်ခဲ့သော စိုက်ယိဒိနာအုဗာဒါဟ် [d] သခင်၏ ပြောပြချက်အရ ဤအဖြစ်အပျက်၏ အသေးစိတ်များကို မုစ်နဒ်အဟ်မဒ်ကျမ်း၊ သိရ်မီဇီကျမ်း၊ ဟာကင်မ်၏မုစ်တဒါတ်က် ကျမ်းနှင့် အခြားနေရာများတွင် တင်ပြထားခဲ့သည်။ ထိုတင်ပြချက်အရ တစ်စုံတစ်ဦးသည် အထက်ဖော်ပြပါအာယသ်မှ အလ်အန်ဖာလ်ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို စိုက်ယိဒိနာအုဗာဒါဟ် အိဗ်နိစာမိသ်ထံ မေးမြန်းခဲ့သည်။ "ဤအာယသ်သည် ဗဒ်ရ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သည့် ကျွန်ုပ်တို့နှင့်ပတ်သက်၍ ကျရောက်ခဲ့သောအာယသ်ဖြစ်သည်" ဤအာယသ်သည် ကျွန်ုပ်တို့ အချင်းချင်း သဘောထားကွဲလွဲခဲ့သော စစ်အောင်နိုင်၍ရရှိသည့် သုံလက်ရပစ္စည်းများ ခွဲဝေမှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ ကိုယ်ကျင့်တရားကို ဆိုးဝါးစွာထိခိုက်စေသော နောက်ခံအကြောင်းအရ ကျရောက်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် အလွှာဟ်အရှင်မြတ်သည် ဤအာယသ်တော်အရ ကျွန်ုပ်တို့၏လက်ဝယ်ရှိ သုံလက်ရပစ္စည်းများကို သိမ်းဆည်းကာ တမန်တော်မြတ် [s] သခင်အား အပ်နှံခဲ့၍ ကိုယ်တော်မြတ် [s] သခင်က ဗဒ်ရ် ဂျီဟားဒ်စစ်ပွဲတွင် ပါဝင်ခဲ့ကြသူအားလုံးကို အညီအမျှခွဲဝေပေးခဲ့သည်။

ဗဒ်ရ်စစ်ပွဲ၏အခြေအနေမှာ ကျွန်ုပ်တို့အားလုံးသည် တမန်တော်မြတ် s သခင်နှင့်အတူ ချီတက်ခဲ့ကြသည်။ အုပ်စုနှစ်စုပြင်းထန်စွာတိုက်ခိုက်ပြီးနောက် အလ္လာဟ်အရှင်မြတ်သည် ရန်သူတို့ကို ရှုံးနိမ့်စေပါသည်။ ဤအချိန်တွင် ကျွန်ုပ်တို့တပ်မှာ အုပ်စုသုံးစုကွဲသွားသည်။ အချို့မှာ ရန်သူများပြန်လှည့် မလာစေရန် ၎င်းတို့နောက်လိုက်လံ၍ တိုက်ခိုက်နေသည်။ အချို့သူများမှာ မယုံကြည်သွေဖည်သူများကျန်ရစ်ခဲ့သည့် သုံလက်ရပစ္စည်းများ လိုက်လံသိမ်းဆည်းနေကြ သည်။ အချို့မှာမူ တမန်တော်မြတ် s သခင်ကို တစ်နေနေရာ မှ၌ခိုတိုက်ခိုက်မှုလုပ်လာလျှင် ကာကွယ်ရန်အလို့ငှာ ကိုယ်တော်အားပိုင်းရံ၍ စောင့်ကြပ်ကာကွယ်ထားခဲ့သည်။ စစ်ပွဲပြီးနောက် ညဉ့်အချိန်ရောက်သောအခါ စစ်သည်အားလုံးသည် မိခင်တပ်သို့ပြန်လာကြသည်။ စစ်အောင်နိုင်ပစ္စည်း လိုက်လံသိမ်းဆည်းခဲ့သူများက "ကျွန်ုပ်တို့သည် ဤပစ္စည်းများသိမ်းခဲ့၍ ကျွန်ုပ်တို့မှအပ မည်သူမျှ ဤပစ္စည်းဝေစုနှင့် မသက်ဆိုင်"ဟု ပြောဆိုခဲ့ကြသည်။ ထို့နောက် ရန်သူများနောက်လိုက်၍ တိုက်ခဲ့သူများက "ကျွန်ုပ်တို့သည် ရန်သူများဆုတ်ခွာစေရန်နှင့် ထွက်ပြေးစေရန် အတင်းလိုက်လံတိုက်ခိုက်ခဲ့သောကြောင့် အသင်တို့သည် စစ်အောင်နိုင်သော သုံလက်ရပစ္စည်းများ သိမ်းဆည်းနိုင်ခွင့် ရရှိသွားသည်။ ထို့ကြောင့် ဤပစ္စည်းများသည် ကျွန်ုပ်တို့ထက်ပို၍ သင်တို့နှင့်မထိုက်တန်ပါ" ဟု ပြောခဲ့သည်။ ထို့နောက် တမန်တော်မြတ် s သခင်ကို အကာအကွယ်ပြုရန် နေရစ်ခဲ့သည့်သူများက "အကယ်၍သာ ကျွန်ုပ်တို့ ဆန္ဒရှိလျှင် ကျွန်ုပ်တို့သည်သင်တို့နှင့်အတူ စစ်အောင်နိုင်ပစ္စည်း၊ သုံလက်ရပစ္စည်းများ သိမ်းဆည်းနိုင်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် တမန်တော်မြတ် s သခင်ကို အမြဲတမ်းကာကွယ်ပြီးဖြစ်ရမည်ဟူ သောလုပ်ငန်းတွင် နစ်မွန်းလျက်ရှိသောကြောင့် ကျွန်ုပ်တို့သည်လည်း ထိုသုံလက်ရပစ္စည်းများ ရထိုက်ခွင့် ရှိသည်" ဟု ပြောဆိုခဲ့ကြသည်။

ဆွဟာဗဟ်သာဝကကြီးများ၏ ဤစကားပြောကြားချက်များသည် အဆုံး၌ကိုယ်တော်မြတ် s ထံ ရောက်သွားသောအခါ အထက်ဖော်ပြခဲ့သည့် ဤအာယသ်ကျရောက်ခဲ့သည်။ အာယသ်တော်က သုံလက်ရ ပစ္စည်းများသည် အလ္လာဟ်အရှင်ပိုင်ဆိုင်ကြောင်း အလွန်ရှင်းလင်းစွာ မိန့်ကြားထားသည်။ တမန်တော်မြတ် s သခင် ပေးအပ်သူမှအပ မည်သူတစ်ဦးတစ်ယောက်မှ ယင်းသုံလက်ရပစ္စည်းများ ပိုင်ဆိုင်ခွင့်၊ ဝေစုတောင်းပိုင်ခွင့်မရှိချေ။ တမန်တော်မြတ် s သခင်ကမူ အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်းတော်မူသည့်အတိုင်း ဂျီဟာဒ် စစ်ပွဲပါဝင်သူအားလုံးတို့အား သုံလက်ရပစ္စည်းများကို အညီအမျှခွဲခြမ်းဝေငှပေးခဲ့သည်။ (အိဗ်နိကဆီး၏) လူတိုင်းက အလ္လာဟ်အရှင်မြတ်နှင့် အရှင့်တမန်တော်တို့၏ ဤစီရင်ချက်ကို ကြိုက်နှစ်သက်ခဲ့ကြသည်။ ထို့နောက်တစ်ဦးအပေါ်တစ်ဦး အသာစီးရရန် ဟူသည်ကြောင့် ဖြစ်ပေါ်လာသည့်မသင့်လျော် ကိစ္စရပ်များအတွက် သဘာဝအရ အရှက်ရကြပါသည်။

မုစ်နဒ်အဟ်မဒ်ကျမ်းထဲတွင်လည်း ဤအာယသ်တော်ကျစေရန် နောက်ခံကြောင်းရင်းဖြစ်စေသည့် အခြားသော အဖြစ်အပျက်တစ်ခုကို တင်ပြထားသည်။ ဤအကြောင်းကို စိုက်ယိဒ်နာစာအဒ်အိဗ်နိအဗီဝကာစ် d သခင်က တင်ပြထားသည်။ သူကပြောပြသည်မှာ "ဗဒ်ရ်စစ်ပွဲ၌ကျွန်ုပ်တို့အစ်ကိုအုမိုရ်သည်အာဇာနည်အဖြစ်ကျဆုံးသွားခဲ့သည်။ ၎င်းအားသတ်ဖြတ်ခဲ့သည့် မယုံကြည်သွေဖည်သူများထဲမှ စာအိဒ်အိဗ်နိအလ်အားစ်ကို ကျွန်ုပ်သတ်ဖြတ်ခဲ့သည်။ ကျွန်ုပ်သည် သူ့ဦးကိုယူကာ တမန်တော်မြတ် s သခင်အား ကိုယ်တိုင် အပ်နှံခဲ့သည်။ ဤဦးကို ကျွန်ုပ်အား ပေးအပ်စေရန် ကျွန်ုပ် ဆန္ဒထားခဲ့သည်။ သို့သော်လည်း တမန်တော်မြတ် s သခင်က ထိုဦးအား အခြားသော သုံလက်ရပစ္စည်းများနှင့်အတူထားစေရန် ကျွန်ုပ်ကိုအမိန့်ပေးခဲ့သည်။ ကျွန်ုပ်တွင် တမန်တော်မြတ် s သခင်၏ အမိန့်ကို ဦးလည်မသုန်နာခံရန် တာဝန်ရှိပါသည်။ သို့သော်လည်း ကျွန်ုပ်အစ်ကိုသည် ဤဂျီဟာဒ်စစ်ပွဲတွင် သူအသက်စတေးသွားကာ ၎င်းနှင့်ရင်ဆိုင်တိုက်ခိုက်ခဲ့သော ရန်သူအား ကျွန်ုပ်တိုက်ခိုက်သတ်ဖြတ်ကာ ရန်သူ့ဦးကိုယူဆောင်ခဲ့၍ ယင်းဓားသည်လည်း

ကျွန်ုပ်ထံမှ ယူသွားခဲ့ရသည်ဟူသောအတွေးကြောင့် ကျွန်ုပ်နလုံးသား ထိခိုက်နာကျင်ရပါသည်။ သို့သော်လည်း ဤသို့ဖြစ်လင့်ကစား စစ်ဦးစီးချုပ်၏အမိန့်ကို နာခံသည့်အနေဖြင့် ထိုမားကို သုံ့လက်ရပစ္စည်းများနှင့် အတူထားရန် ရှေ့သို့ထွက်လာခဲ့သည်။ သို့သော်လည်း ကျွန်ုပ်ရှေ့ထွက်သွားကာစရှိစဉ်ပင် စူရတ်အလ်အန်ဖာလ်၏ ဤအာယသ်တော်သည် တမန်တော်မြတ် ﷺ သခင်ထံကျခဲ့ပြီး ကျွန်ုပ်အား ပြန်လှည့်လာရန်ခေါ်၍ ဤမားကိုကျွန်ုပ်အား ပေးခဲ့သည်။

အခြားဆင့်ပြန်ချက်များအရ ဤအဖြစ်အပျက်ကို ဖော်ပြရာတွင် စိုက်ယိဒိနာစအားဒ် ﷺ သခင် ကိုယ်တိုင်က တမန်တော်မြတ် ﷺ သခင်ထံ ဤထူးခြားသည့်မားအား သူ့အားပေးသနားတော်မူရန် မေတ္တာရပ်ခံခဲ့သည်ဟုဆိုကြသည်။ သို့သော်လည်း တမန်တော်မြတ် ﷺ သခင်က "ဤသည်မှာ အခြားသူ တစ်ဦးကိုပေးအပ်နိုင်သော ကျွန်ုပ်ပိုင်ပစ္စည်း မဟုတ်သကဲ့သို့ အသင်ပိုင်ပစ္စည်းလည်း မဟုတ်ချေ။ ဤပစ္စည်းကို အခြားသုံ့လက်ရပစ္စည်းများနှင့် ရောနှောထားပါလေ ဤကိစ္စကို အလ္လာဟ်အရှင်မြတ်၏ စီရင်ချက်နှင့်အညီ ဆုံးဖြတ်ပါမည်" ဟု မိန့်ကြားခဲ့သည်။

(အိဗ်နိုကဆီးရ်နှင့်မဇ်ဟရီကျမ်း)

ဤအဖြစ်အပျက်နှစ်ခုလုံး မဖြစ်ခဲ့ဟုဆိုကား မပြောနိုင်။ ဤအဖြစ်အပျက်နှစ်ခုစလုံးကို အဖြေပေးရန် ဤအာယသ်ကျရောက်ခြင်းလည်း ဖြစ်နိုင်ပေသည်။

## အာယသ်၏အသေးစိတ်ရှင်းလင်းချက်

ဤနေရာပါအလ်အန်ဖာလ် **انفال** ဟူစကားလုံးသည် **نفل** နဖိလ်၏ဗဟုဝုစ်ကိန်းဖြစ်ကာ ကျက်သရေမင်္ဂလာနှင့်ဆုလာဘ်ဟူ၍ဖြစ်သည်။ နဖိလ်စွလာသ်၊ နဖိလ်စောင်မ်ဥပုသ်သီလနှင့် နဖိလ်ဆွဒကာဟ်တို့ကို နဖိလ်ဟုခေါ်ဆိုရခြင်းမှာ ယင်းတို့သည် မည်သူတစ်ဦးတစ်ယောက်ပေါ်တွင်မှ မပြုမနေရ ဖရ်ဇ်၊ ဝါဂျစ်ဗ် မဟုတ်ချေ။ ထိုလုပ်ရပ်များကို လုပ်ဆောင်သူသည် မိမိ၏လွတ်လပ်သော ဆန္ဒနှင့်လုပ်ဆောင်ရသည်။ ကုရ်အာန် ကျမ်းတော်မြတ်နှင့် စွန္နသ်တော်အသုံးအနှုန်းတွင် နဖိလ်နှင့်အန်ဖာလ်ဟူသည့် စကားလုံးသည် ဂျီဟာဒ်စစ်ပွဲအတွင်း မယုံကြည်သွေဖည်ငြင်းပယ်သူများထံမှရရှိသော စစ်အောင်နိုင်ပစ္စည်း (သို့မဟုတ်) သုံ့လက်ရပစ္စည်းများ အတွက်လည်း သုံးနှုန်းသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်သည် **انفال** အန်ဖာလ် **غنيمة** ဂနီမာဟ်နှင့် **فيئ** ဖိုင်ယ် ဟူသော စကား(၃)လုံးတို့ကို ဤအဓိပ္ပာယ်သက်ရောက်စေရန် သုံးနှုန်းထားသည်။ အန်ဖာလ်ဟူသောစကားလုံးမှာ လက်ရှိအာယသ်တွင်ပါဝင်သည်။ ဂနီမာဟ်ဟူသော စကားလုံးအတွက် ယင်းအသေးစိတ်ကို ဤစူရတ်၏ အာယသ် (၄၁)ထဲတွင် ပါရှိပါလိမ့်မည်။

ထို့နောက် **فيئ** ဖိုင်ယ်ဟူသောစကားလုံးနှင့် ပတ်သက်သည့် အသေးစိတ်မှာ စူရတ်အလ်ဟရ်ရှ်တွင် **وَمَآ أَفَآءَ ٱللَّهُ**"ထို့ပြင်အလ္လာဟ်အရှင်မြတ်သည် မိမိ၏ရစူလ်တမန်တော်ထံမှ "ဖိုင်ယ်" လက်ရပစ္စည်းအဖြစ် သိမ်းပိုက်စေ တော်မူခဲ့သောအရာများမှာ . . . .(၅၉ : ၆)"ဟူ၍ ဖော်ပြထားသည်။ ဤစကားလုံးသုံးလုံးသည် အနည်းငယ်မျှ ပြောင်းလဲမှုသည် အဓိပ္ပာယ်ခြားနားမှုသာဖြစ်သည်။ ၎င်းစကားလုံးတို့၏ခြားနားမှုမှာ အနည်းငယ်မျှသာဖြစ်၍ စစ် အောင်နိုင်ပစ္စည်း (သို့မဟုတ်) သုံ့လက်ရပစ္စည်းအတွက် စကားလုံးတစ်လုံးအစား အခြားစကားလုံးနှင့် သုံးနှုန်းသည့်အခါလည်း ရှိသည်။ ဂနီမာဟ်ဟူသည့်စကားလုံး၏ ယေဘုယျအဓိပ္ပာယ်တွင် ဂျီဟာဒ်စစ်ပွဲတွင် တိုက်ခိုက်ခြင်းမှတစ်ဆင့် ရန်သူ့ ပစ္စည်းကို စစ်အောင်နိုင်ပစ္စည်း (သို့မဟုတ်) သုံ့ရပစ္စည်းဟု သုံးနှုန်းထားသည်။ **فيئ** ဖိုင်အ်ဟူသောစကားလုံးမှာ ရန်သူနှင့်

တိုက်ခိုက်ခြင်း၊ သတ်ဖြတ်ခြင်းမလုပ်ရဘဲ မယုံကြည် သွေဖည်ငြင်းပယ်သူများထံမှ ရရှိသောပစ္စည်းကို ခေါ်သည်။ ယင်းပစ္စည်းတို့မှာ ရန်သူစွန့်ပစ်ထားခဲ့သည်ဖြစ်စေ၊ ၎င်းတို့ကိုယ်တိုင် စိတ်လိုလက်ရပေးအပ်သည်ဖြစ်စေ فَيْءٌ ဖိုင်အ် ဖြစ်သည်။ ထို့နောက် နဖိလ်နှင့်အန်ဖာလ်စကားလုံးတို့သည် သီးခြားမူဂျာဟစ်တစ်ဦးကို ဂျီဟာဒ်စစ်ပွဲ၏ စစ်ဦးစီးချုပ် အဖြစ် ခန့်အပ်ကာ ၎င်း၏စံပြလုပ်ဆောင်မှုအတွက် ပေးအပ်သောဆုလာဘ်ကို ရည်ညွှန်းရာတွင် သုံးနှုန်းသည်။ ဤအဓိပ္ပာယ်ကို သဖီရိအိပ်နိဂျရီးရဲတွင် စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိပ်နိအဗ္ဘားစ် d တင်ပြထားသော တင်ပြချက် ဖြစ်သည်။ (အိပ်နိကဆီးရ်)

ထို့နောက် စစ်အောင်နိုင်ပစ္စည်း (သို့မဟုတ်) သုံ့လက်ရပစ္စည်းကိုလည်း နဖိလ်နှင့်အန်ဖာလ်အသုံးအနှုန်း အဖြစ် ဖော်ပြထားသော အချိန်အခါများလည်းရှိပေသည်။ ဤအာယသ်ထဲတွင် ဋီကာရှင်အများစုက ဤယေဘုယျ အဓိပ္ပာယ်ကိုပင် လက်ခံကြသည်။ ဤယေဘုယျအဓိပ္ပာယ်ကို စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိပ်နိ အဗ္ဘားစ် d ၏ တင်ပြ ချက်ကို ဆွဟီးဒ်အလ်ဗုခါရီကျမ်းတွင် ဖော်ပြထားသည်။ ကိစ္စရပ်၏အမှန်တရားကား ဤစကားလုံးတွင် ယေဘုယျနှင့် သီးသန့်ဟူ၍ အဓိပ္ပာယ်နှစ်မျိုးစလုံး ပါဝင်သည်။ ထို့ကြောင့် ဤနေရာ၌ မည်သည့်ခြားနားချက်မျှ မတည်ရှိပါ။ ထို့နောက် ဤကိစ္စနှင့်ပတ်သက်၍ အကောင်းဆုံးရှင်းလင်းချက်ကို အီမာမ်အဗူအုဗိုက်ဒ်က သူ၏ကိသာဗွလ် အမ်ဝါလ် ကျမ်းတွင် ဖော်ပြထားသည်။ သူကပြောသည်မှာ အဘိဓာန်အရ နဖိလ်သည် ကောင်းချီးမင်္ဂလာ ဂုဏ်ကျက်သရေ ဆုလာဘ် (သို့မဟုတ်) လက်ဆောင်ဖြစ်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ အသနားတော်လက်ခံရရှိသူများ အနက် အလွန်ကံထူးသည့် မုစ်လင်မ်အုမ္မသ်ထု အပေါ် အလ္လာဟ်အရှင်မြတ်ပေးသနားတော်မူသည့် သီးသန့် ကောင်းချီးမင်္ဂလာ တစ်ရပ်အနေဖြင့် ဂျီဟာဒ်စစ်ပွဲတွင် တိုက်ခိုက်ခြင်းကတစ်ဆင့် မယုံကြည်သွေဖည်ငြင်းပယ်သူများ ထံမှ ရရှိခဲ့သော ပစ္စည်းများသည် မုစ်လင်မ်များအတွက် တရားဝင်ဟလာလ်ပြုထားသည်။ ဤလုပ်ရပ်သည် ပြီးခဲ့သည့် အုမ္မသ်ထုတို့တွင် မတည်ရှိခဲ့ပါ။ စင်စစ် စစ်အောင်နိုင်ပစ္စည်း (သို့မဟုတ်) သုံ့လက်ရပစ္စည်းနှင့်ပတ်သက်သော ဥပဒေမှာ မည်သူကဲ့သို့သော တစ်ဦးတစ်ယောက်အတွက်မှ ထိုပစ္စည်းများ ဟလာလ်တရားမဝင်ချေ။ စစ်အောင်နိုင် ပစ္စည်းအားလုံးကို တစ်နေရာ တည်းတွင် စုပုံထားစေသည်။ ထို့နောက်မိုးကောင်းကင်မှ မီးလျှံ (သို့မဟုတ်)ရောင်ခြည် ကျရောက်၍ ထိုပစ္စည်းများ မီးလောင်ကျွမ်း သွား ရသည်။ ဤမီးလောင်ကျွမ်းမှုက အလ္လာဟ်အရှင်မြတ် စီမံတော်မူသည့် စစ်ပွဲအား အလ္လာဟ်အရှင် လက်ခံသည့် လက္ခဏာတစ်ရပ်ဖြစ်သည်။ အကယ်၍ သိမ်းဆည်းစုပုံထားသော စစ်နိုင် ပစ္စည်းများသည် မိုးကောင်းကင်မှ မိုးကြိုးပစ်၍ မလောင်ကျွမ်းခဲ့လျှင် ယင်းသည် ကြိုးပမ်းအားထုတ်မှုကို လက်မခံသည့် လက္ခဏာအဖြစ် မှတ်ယူသည်။ ထို့ကြောင့် စစ်အောင်နိုင်ပစ္စည်းကို ပယ်ချခြင်း နိမိတ်မကောင်းဟု ယူဆကာ ထိုပစ္စည်းများကို မည်သူတစ်ဦး တစ်ယောက်ကမျှ မသုံးစွဲကြပါ။

စိုက်ယိဒိနာဂျာဗီးရ် d ၏ ဆင့်ပြန်ချက်ကို အခြေခံထားသော အလ်ဗုခါရီနှင့်မုစ်လင်မ်ကျမ်းပါ တင်ပြချက်၌ တမန်တော်မြတ် s က မိန့်သည်မှာ ကျွန်ုပ်အလျင် မည်သည့်တမန်တော်တစ်ပါးကိုလည်းကောင်း၊ ၎င်းတမန်တော်၏ အုမ္မသ်ထုကိုလည်းကောင်း ပေးခြင်းမရှိသောအရာငါးခုတို့ဖြင့် ကျွန်ုပ်အား ကောင်းချီးပြုထားပါသည်။ ယင်းငါးခု အနက်မှ တစ်ခုသည် **احلت لى الغنائم ولم تحل لا حدقبلى** "ကျွန်ုပ်အလျင် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ တရားဝင်ပြုလုပ်မထားသော်လည်း ကျွန်ုပ်အတွက်မှာမူ စစ်အောင်နိုင် သုံ့လက်ရပစ္စည်းများအား တရားဝင်ပြုလုပ်ထား သည်" ဟူ၍ ဖြစ်သည်။ အထက် ကိုးကားခဲ့သော အာယသ်တော်ထဲတွင် အန်ဖာလ် နှင့် ပတ်သက်သော အဓိန့် ပညတ်ချက်မှာ "လက်ရပစ္စည်းတို့သည် (စင်စစ်အားဖြင့်) အလ္လာဟ်အရှင်မြတ်နှင့် ရစူလ် တမန်တော်ပိုင်ဆိုင်တော်မူ

သော ပစ္စည်းများပင်တည်း"ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ ယင်းပစ္စည်းများ၏ စစ်မှန်သော ပိုင်ဆိုင်သူမှာ အလ္လာဟ် အရှင်မြတ်ဖြစ်ပြီး ယင်းတို့အား ဖြန့်ဖြူးရာတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်နှင့်အညီ တမန်တော်မြတ် ﷺ ၏ကိုယ်ပိုင် ဆုံးဖြတ်ချက်ဖြင့် ဝေငှခြင်း အခွင့်အာဏာ သည် တမန်တော်မြတ် ﷺ တွင် ရှိသည်။

ထို့ကြောင့် စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိအဗ္ဒူးစ် ؓ ၊ မုဂျာဟီဒ်၊ အိစ်ရိမားဟ်၊ ဆွဒ်ဒီးနှင့် အခြားသူများ ပါဝင်သော သပ်ဖိစီရိပညာအရာတွင် ဦးဆောင်ဦးရွက်ပြုသူတစ်စုတို့က ဤအမိန့်ပညတ်ချက်သည် အစွယ်လာမ် ဘာသာ ၏ အစောပိုင်းကသာ အာဏာစက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ခွဲဝေရေးဆိုင်ရာ ဥပဒေပါဝင်သည့် ဤစူရဟ်၏ ပဉ္စမပါဒသည် ထိုစဉ်အခါက မကျရောက်ခဲ့သေးပါ။ တမန်တော်မြတ် ﷺ သည် ကိုယ်ပိုင်ဆုံးဖြတ်ချက်အရ သုံ့ရ စစ်အောင်နိုင်ပစ္စည်းများကို မိမိစိတ်တိုင်းကျခွဲဝေခဲ့ပါသည်။ နောင်တွင်ကျရောက်လာသော အသေးစိတ် အမိန့်ပညတ်ချက်များ၌ စစ်အောင်နိုင်ပစ္စည်းအားလုံး၏ ငါးပုံတစ်ပုံကို ဗိုင်သုလ်မားလ် (အစွယ်လာမ့်နိုင်ငံဘဏ္ဍာတိုက်) ထဲသို့ထည့်ကာ သာမန်မုစ်လင်မ်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရပါမည်။ ထိုနောက် ကျန်ပစ္စည်းငါးပုံလေးပုံကို သီးသန့် ဥပဒေအရ ဂျိဟားဒ်စစ်ပွဲ၌ ပါဝင် ဆင်နွှဲခဲ့သူများအား ဝေမျှပေးရပါမည်။ ယင်းသည်သီးသန့်ဥပဒေကို ခိုင်လုံသော ဟဒီးဆ်ကျမ်းထဲတွင် ပါရှိသည်။ ဤအသေးစိတ်အဆိုအမိန့်သည် စူရဟ်အလ်အန်ဖာလ်၏ ပထမအာယသ်အား ပယ်ဖျက်ရုပ်သိမ်းပြီးဖြစ်စေပါသည်။ ထိုနောက် အချို့သောလေးစားဖွယ်ရာ အကြီးအကဲများက ဤနေရာ၌ ပယ်ဖျက်ရုပ်သိမ်းခြင်းလုပ်ရန် အကြောင်းမရှိပါဟုပြောကြပါသည်။ ဤနေရာတွင် ကွဲပြားခြားနားခြင်းသည် အတိုချုပ်ခြင်းနှင့် အကျယ်ဖွင့်ခြင်းသာဖြစ်ပါသည်။ စူရဟ်အလ်အန်ဖာလ်၏ ပထမအတိုချုပ် ဖော်ပြချက်ဖြစ်ကာ ယင်းအသေးစိတ်များတို့သည် အာယသ်လေးဆယ့်တစ်ထဲတွင် ပါဝင်ပါသည်။ သို့သော်လည်း ဖိုလ်ယ် ပစ္စည်းများနှင့်ပတ်သက်သော အမိန့်ပညတ်ချက်များကို စူရဟ်အလ်ဟရ်ရ်၏ အာယသ်(၅၉း၇)တွင်ဖော်ပြထားကာ ယင်းပစ္စည်းများဝေငှမှု တမန်တော်မြတ်ကြီး ﷺ ၏ ဆုံးဖြတ်ချက်နှင့် တမန်တော်မြတ် ﷺ ၏ စိတ်တိုင်းကျဝေငှစေရန် လုံးဝဥဿုံ အပ်နှင်းထားပါသည်။ ထို့ကြောင့် အမိန့်ပညတ်ချက်များအား ဖော်ပြရာတွင်- وَمَآ اٰتٰىكُمُ الرَّسُوْلُ فَخُذُوْهُ وَمَا نَهٰىكُمْ عَنْهُ فَانْتَهُوْا "ထို့ပြင် အသင်တို့သည် မိမိတို့အား ရစူလ်တမန်တော်မြတ်က ပေးခဲ့သည်ကို ယူကြလေကုန်။ ထိုနည်းတူစွာ ထိုရစူလ်တမန်တော်မြတ်က တားမြစ်တော်မူသည်မှ ရှောင်ကြဉ်ကြလေကုန်" (၅၉ : ၇) ဟူ၍လည်း မိန့်ထားသည်။

ဤအသေးစိတ်များက စစ်အောင်နိုင် "သုံ့လက်ရ" ပစ္စည်းဆိုသည်မှာ ဂျိဟားဒ်စစ်ပွဲ`ရင်ဆိုင်တိုက် ခိုက်ပြီးမှ ရရှိသောပစ္စည်းဥစ္စာများဖြစ်ပါသည်။ ထိုနောက် "ဖိုင်အ်" ဟုခေါ်သော ပစ္စည်းဥစ္စာများသည် ဂျိဟားဒ်စစ်ပွဲတွင် တိုက်ခိုက် သတ်ဖြတ်ခြင်းမပြုဘဲ ရှိသောပစ္စည်းများဖြစ်ကြောင်း ကျွန်ုပ်တို့အား ပြောပြပါသည်။ "အလ်အန်ဖာလ်" ဟူသော စကားလုံးသည် ယေဘုယျအနက်အဓိပ္ပာယ် (သို့မဟုတ်) သီးသန့်အနက်အဓိပ္ပာယ် ဖြစ်ပါစေ။ နှစ်ရပ်စလုံးအတွက် အသုံးပြုပါသည်။ ထိုးပြင် ယင်းကိုလည်း ဂျိဟားဒ်စစ်ပွဲ၏ စစ်ဦးချုပ်က ဃာဇီ (အောင်နိုင်ခဲ့သော ဂျိဟားဒ် စစ်ပွဲတွင်းမှ အသက်ရှင်လျက်ရှိသော စစ်သည်တော်) တစ်ဦးအား ဆုလာဘ်ပေးခြင်းအတွက်လည်း အသုံးပြုပါသည်။

ဤကိစ္စရပ်နှင့်ပတ်သက်၍ တမန်တော်မြတ် ﷺ ၏ လက်ထက်တော်မှစတင်ကာ ဃာဇီများတို့အား ဆုလာဘ် ပေးနည်း လေးမျိုး ရှိခဲ့ပါသည်။

(၁) မည်သူမဆို ရန်သူတစ်ဦးအား သတ်ဖြတ်ခဲ့ပါက ၎င်းသတ်ဖြတ်ခဲ့သော စစ်သည်တော်ထံမှ ရရှိခဲ့သော ပစ္စည်းများ၏ပိုင်ရှင်ဖြစ်ကြောင်း ကြေညာပါသည်။ ယင်းဥစ္စာပစ္စည်းတို့အား စစ်အောင်နိုင်ပစ္စည်းများနှင့်အတူ အပ်နှံရန် မလိုပါ။

(၂) စစ်တပ်ကြီးတစ်ခုမှ အုပ်စုတစ်စုအား ရွေးထုတ်ကာ သီးသန့်ဦးတည်ထားသော နယ်မြေကို ဂျိဟားဒ် စစ်ပွဲ ဆင်နွှဲရန်နှင့် ထိုနေရာဒေသမှ ရရှိစစ်အောင်နိုင် သုံ့လက်ပစ္စည်းများသည် စေလွှတ်ခြင်းခံရသော သီးသန့် အုပ်စုသာ ပိုင်ဆိုင်ကြောင်း ဆိုသည့်အဓိန့်များနှင့်သာ စေလွှတ်ခဲ့ပါသည်။ သို့ရာတွင် ရရှိသည့်များ၏ ငါးပုံ တစ်ပုံအား သာမန်မုစ်လင်မ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် "ဗိုင်သွလ်မာလ်" (အစွယ်လာမ့် တိုင်းပြည်၏ ဘဏ္ဍာတိုက်) ထဲသို့ ထည့်သွင်းရမည်ဆိုသည်မှာ မပြုမနေရတာဝန်တစ်ရပ် ဖြစ်ပါသည်။

(၃) ဂျိဟားဒ်စစ်ပွဲအဓိရိတစ်ဦးသည် ကိုယ်ပိုင်ဆုံးဖြတ်ချက်အရ သီးသန့်ယာဇီတစ်ဦးအား စစ်ပွဲ၌ ၎င်း၏ ပြောင်မြောက် သောလုပ်ရပ်အတွက် ဗိုင်သွလ်မာလ်တွင် အပ်နှံရမည့် စစ်အောင်နိုင်ပစ္စည်း၏(ငါးပုံတစ်ပုံ)ထဲမှ အချို့ကို ဆုလာဘ် အဖြစ် ၎င်းအား ပေးအပ်နိုင်သည်။

(၄) ဂျိဟားဒ်စစ်တပ်၏ တောက်တိုမယ်ရလုပ်သူများကို စစ်အောင်နိုင်သည့် ပစ္စည်းအားလုံးမှ အချို့ အစိတ် အပိုင်းကို ဆုလာဘ်အဖြစ်ပေးရန် ချန်လှပ်ထားရမည်။ ထိုတောက်တိုမယ်ရလုပ်သူများ ဆိုသည်ကား ဂျိဟားဒ် စစ်သည် မုဂျာဟစ်ဒီးန်များ၏မြင်းတို့ကို ကျွေးမွေးစောင့်ရှောက်သူ စစ်သည်တော်များ၏ ဝေယျာဝစ္စ လုပ်ကိုင်ပေးသူ တို့ ကဲ့သို့သောသူများဖြစ်သည်။ (အိပ်နီကဆီး၌)

အာယသ်၏အနှစ်သာရမှာ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် ﷺ ကို ဦးတည်မိန့်ထားသည်မှာ လူအများသည် အသင့်အား စစ်အောင်နိုင်ပစ္စည်းများနှင့် ပတ်သက်၍ မေးမြန်းကြပါသည်။ အသင်ပြောကြားပါလေ၊ စစ်အောင်နိုင်ပစ္စည်းများသည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်တမန်တော်တို့၏ ပစ္စည်းများဖြစ်ကြသည်။ ဆိုလိုသည်မှာ မည်သူတစ်ဦးတစ်ယောက်မျှ ထိုပစ္စည်းအပေါ်၌ ပိုင်ဆိုင်ခြင်း (သို့မဟုတ်) ပိုင်ရှင် ဟူ၍ ပြောဆိုခွင့်မရှိချေ။ အလ္လာဟ် အရှင်မြတ်၏ အဓိန့်တော်အရ အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဆုံးဖြတ်သည်တို့သည်သာ လိုက်နာကျင့်သုံးရမည့် ဥပဒေဖြစ်သည်။

## လူအများ၏ စည်းလုံးညီညွတ်မှုသည် သတ်ကဝါအပေါ် အခြေခံသည်

အာယသ်၏ နောက်ဆုံးဝါကျထဲတွင်

فَاتَّقُوا اللَّهَ وَأَصْلِحُوا ذَاتَ بَيْنِكُمْ ۖ وَأَطِيعُوا اللَّهَ وَرَسُولَهُ إِن كُنتُم مُّؤْمِنِينَ

"သို့ဖြစ်ပေရာ အသင်သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်သည် မိမိတို့ အချင်းချင်း၏အခြေအနေကို ပြုပြင်ကြလေကုန်။ ထိုမှတစ်ပါး အသင်သည်အကယ်၍ "မုအ်မင်န်" သက်ဝင်ယုံကြည်သူများဖြစ်ကြပါလျှင် အလ္လာဟ်အရှင်မြတ်၏ အဓိန့်တော်များကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်၏ အဓိန့်တော်များကိုလည်းကောင်း လိုက်နာကြလေကုန်" ဟူ၍ မိန့်ထားသည်။ ဤသည်က တမန်တော်မြတ် ﷺ သခင်၏ ဆွဟာဗဟ်သာဝကကြီးများကို ဦးတည်မိန့်ကြားထားခြင်းဖြစ်သည်။ ရှည်ညွှန်းချက်မှာ ဗဒ်ရ်စစ်ပွဲအတွင်း မြင့်မြတ်သော ဆွဟာဗဟ်သာဝကကြီးများသည် စစ်အောင်နိုင်ပစ္စည်းများဝေခြမ်းရေးနှင့်ပတ်သက်၍ ၎င်းတို့အချင်းချင်း သဘောထား ကွဲလွဲကာ အချင်းချင်း ဆက်ဆံရေးကြား တင်းမာသွားစေသည့် အဖြစ်အပျက်ကိုညွှန်းသည်။ ဤအာယသ်တော်မှ တစ်ဆင့် အလ္လာဟ်အရှင်မြတ်ကိုယ်တိုင် စစ်အောင်နိုင်သည့်ပစ္စည်းများဝေခွဲခြေရေး သတ်မှတ်ပေးခဲ့သည်။ သို့ဆိုလျှင် ထိုသူတို့သည် ၎င်းတို့နှလုံးသားများ ထိန်းချုပ်၍ အချင်းချင်းဆက်ဆံရေးကို ပြုပြင်ကာပိုမိုကောင်းမွန်စေရန်သာ ဖြစ်

သည်။ အကြံပြုထားသည့်နည်း၏ အနှစ်သာရမှာ သတ်ကဝါ အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခြင်းဖြစ်ကာ အလွှာဟ်အရှင်မြတ် ရှေ့တော်မှောက်တွင် တာဝန်ယူခြင်းဖြစ်သည်။

အတွေ့အကြုံအရ အလွှာဟ်အရှင်မြတ်နှင့် အာခိရသ်ကို ကြောက်ရွံ့စိတ်များဖြင့် ပြည့်လျှံနေသည့် နလုံးသား၏ တက်ကြွသော လွှမ်းမိုးမှုအောက်၌ အကြီးမားဆုံးအငြင်းပွားမှုမှာ အချိန်တစ်ခဏအတွင်း ဖြေရှင်းပြီးဖြစ်ကာ အမြစ်တွယ်နေသော အမုန်းတရားများသည် လေထဲ၌ပျောက်ပျက်သွားကြောင်း သက်သေခံပါသည်။

ထို့ကြောင့်အာယသ်ထဲ၌ သတ်ကဝါနည်းလမ်းကို အကြံပြုပြီး وَ اَصۡلِحُوۡا ذَاتَ بَيۡنِكُمۡ "အသင်သည် မိမိတို့အချင်းချင်း၏ အခြေအနေကိုပြုပြင်ကြလေကုန်" မိန့်ထားသည်။ ထို့နောက် ယင်းကိုထပ်ဆင့်ရှင်းလင်း၍ اِنۡ كُنۡتُمۡ مُّؤۡمِنِيۡنَ "အကယ်၍ အသင်တို့သည် "မုအ်မင်န်" သက်ဝင်ယုံကြည်သူများဖြစ်ကြပါလျှင် အလွှာဟ်အရှင်မြတ်၏ အမိန့်တော်များကို လည်းကောင်း၊ ထိုအရှင်မြတ်၏ရာရွှလ်တမန်တော်၏ အမိန့်တော်များကိုလည်းကောင်း လိုက်နာကြလေကုန်" မိန့်ထား သည်။ ဆိုလိုသည်မှာ အကယ်၍အသင်တို့သည် ယုံကြည်သက်ဝင် သူများဖြစ်ကြပါလျှင် အလွှာဟ်အရှင်မြတ်နှင့် အလွှာဟ်တမန်တော်တို့၏ အမိန့်နာခံမှုသည် အကြွင်းမဲ့နှင့် ပြီးပြည့်စုံစွာဖြစ်သင့်သည်။ တစ်နည်းဆိုရသော် အီမာန်ယုံကြည်မှုတွင် အိသွာအတ် (နာခံမှု) သည် ပါရှိရမည်။ ထို့နောက် အိသွာအတ် (နာခံမှု) ဆိုသည်မှာ သတ်ကဝါ အလွှာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေမှု၏ ရလဒ်ဖြစ်သည်။ လူအများသည် ဤကောင်းမှု တို့ကို လုပ်ဆောင်ခဲ့ကြပါလျှင် သူတို့အချင်းချင်းကြား အငြင်းပွားမှုများသည် အလိုအလျောက် ဖြေရှင်းပြီးဖြစ်ကာ ၎င်းတို့၏ နလုံးသားများသည် ရန်လိုခြင်းအစား ချစ်ခင်ခြင်း မေတ္တာများဖြင့် ပြည့်လျှံသွားပါလိမ့်မည်။

## အာယသ် (၂-၄)

اِنَّمَا الۡمُؤۡمِنُوۡنَ الَّذِيۡنَ اِذَا ذُكِرَ اللّٰهُ وَجِلَتۡ قُلُوۡبُهُمۡ وَ اِذَا تُلِيَتۡ عَلَيۡهِمۡ اٰيٰتُهٗ زَادَتۡهُمۡ اِيۡمَانًا وَّ عَلٰى رَبِّهِمۡ يَتَوَكَّلُوۡنَ ۚ﴿۲﴾ الَّذِيۡنَ يُقِيۡمُوۡنَ الصَّلٰوةَ وَ مِمَّا رَزَقۡنٰهُمۡ يُنۡفِقُوۡنَ ؕ﴿۳﴾ اُولٰٓئِكَ هُمُ الۡمُؤۡمِنُوۡنَ حَقًّا ؕ لَهُمۡ دَرَجٰتٌ عِنۡدَ رَبِّهِمۡ وَ مَغۡفِرَةٌ وَّ رِزۡقٌ كَرِيۡمٌ ۚ﴿۴﴾

**အကြင်သူတို့သည်သာလျှင် "မုအ်မင်န်" သက်ဝင်ယုံကြည်သူ (အစစ်အမှန်) များဖြစ်ကြကုန်၏။ (၎င်းတို့ရှေ့ဝယ်) အလွှာဟ်အရှင်မြတ်အား သတိရခဲ့လျှင်၊ ၎င်းတို့၏ စိတ်နှလုံးများသည် ထိတ်လန့်သွားကြကုန်၏။ ထို့ပြင် အကယ်၍ ၎င်းတို့၏ရှေ့၌ ထိုအရှင်မြတ်၏ အာယသ်တော်များကို ဖတ်ကြားခဲ့ပါမူ ထိုအာယသ်တော်များသည် ၎င်းတို့၏ "အီမာန်" သက်ဝင် ယုံကြည်မှုကို တိုးတက်ခိုင်မြဲစေကြကုန်၏။ ထိုမှတစ်ပါး ၎င်းတို့သည် (မိမိတို့၏ ကိစ္စအဝဝ၌) မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် အပေါ်၌ပင် ယုံကြည် စိတ်ချလွှဲအပ်ကြကုန်သတည်း။ (၈ း ၂)**

**အကြင်သူတို့သည် "ဆွလာသ်" ဝတ်ပြုမှုကို အမြဲမပြတ်ဆောက်တည်ကြကုန်၏။ ထို့ပြင် ၎င်းတို့အား ငါအရှင်မြတ် ချီးမြှင့်ပေးသနားတော်မူသည့် များအနက်မှ (လှူဒါန်း) သုံးစွဲကြကုန်သတည်း။ (၈ း ၃)**

**ဤသူများပင် "မုအ်မင်န်" သက်ဝင်ယုံကြည်သူ အစစ်အမှန်များ ဖြစ်ကြကုန်၏။ ၎င်းတို့အဖို့ ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် အထံတော်၌ (မြင့်မြတ်လှသော) အဆင့်အတန်းများသည်လည်းကောင်း၊ (အပြစ်များမှ) လွတ်ငြိမ်းချမ်းသာခွင့်သည်လည်းကောင်း၊ မင်္ဂလာနှင့် ပြည့်စုံသော (ဂုဏ်ရှိသော) ရိကျွာသည်လည်းကောင်း ရှိစေချသတည်း။ (၈း၄)**

## အကျယ်ဖွင့်ဆိုခြင်း

## ယုံကြည်သက်ဝင်သောသူ၏ သီးသန့်အရည်အသွေးများ

အထက်ကိုးကားခဲ့သော အာယသ်များ၌ သက်ဝင်ယုံကြည်သူတိုင်း၏ ဝိသေသလက္ခဏာဖြစ်စေ သင့်သည့် သီးသန့်အရည်အသွေးများကို ဖော်ပြထားသည်။ အာယသ်ထဲ၌ ယုံကြည်သက်ဝင်သူတိုင်းသည် သူ၏ ရုပ်ပိုင်းနှင့် နာမ်ပိုင်းဆိုင်ရာ အခြေအနေများကို အမြဲစစ်ဆေးသင့်၍ ဤအရည်အသွေးများ သူတွင် ရှိ/မရှိကို အကဲဖြတ်နေရမည်ဟု ရည်ညွှန်းချက်ပေးထားသည်။ အကယ်၍ ဤအရည်အသွေးများရှိနေခဲ့လျှင် ၎င်းသည် အလ္လာဟ်အရှင်မြတ်က အရှင်မြတ်၏ကျေးကျွန်ကို စစ်မှန်သော ယုံကြည်သူများ၏ အရည်အသွေးများဖြင့် ကောင်းချီးမင်္ဂလာပေးထားသည်ဖြစ်၍ ထိုအရှင်မြတ်ကို ကျေးဇူးတင်ထိုက်ပေသည်။ အကယ်၍ ဤအရည်အသွေးများ တစ်ခုမျှမရှိလျှင်လည်းကောင်း၊ ရှိသော်လည်း အားနည်းနေလျှင်လည်းကောင်း၊ ပျော့ညံ့နေလျှင်လည်းကောင်း တစ်စုံတစ်ဦးသည် ထိုအရည်အသွေးများရရှိရန် ရှိရင်းထက် ပိုမိုအားကောင်း ခိုင်မာလာစေရန် သောကရောက်သင့်ပေသည်။

### ပထမအရည်အသွေး။ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခြင်း

ဤနေရာ၌ ဖော်ပြထားသော ပထမအရည်အသွေးမှာ "اَلَّذِيْنَ اِذَا ذُكِرَ اللّٰهُ وَجِلَتْ قُلُوْبُهُمْ"(၎င်းတို့၏ရှေ့ဝယ်) အလ္လာဟ်အရှင်မြတ်အား သတိရခဲ့လျှင် ၎င်းတို့၏စိတ်နလုံးများသည် ထိတ်လန့်သွားကြကုန်၏"(၈း၂)ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ် အရှင် မြတ်၏ ကြီးကျယ်မှုနှင့် ၎င်းတို့က အလ္လာဟ်အရှင်မြတ်ကို ချစ်ခင်မှုတို့ကို သိမြင်ခြင်းဖြင့် ၎င်းတို့၏နှလုံးသားများ ပြည့်လျှံခဲ့သည်။ ထိုကဲ့သို့အခြေအနေရှိသည့် နှလုံးသားဝန်းကျင်တွင် စိုးရိမ်ထိတ်လန့်ခြင်းနှင့် ကြောက်ရွံ့ခြင်း အငွေ့အသက်များ ရှိနေရမည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသောအာယသ်တစ်ခု၌ ဤအကြောင်းအရာကို ချစ်ခင်ကြင်နာသည့်လူသားအားလုံးအတွက် ကောင်းသတင်းနှင့် ထိုက်တန်သော အခြေအနေဟု ဖော်ပြထားသည်မှာ "وَ بَشِّرِ الْمُخْبِتِيْنَ الَّذِيْنَ اِذَا ذُكِرَ اللّٰهُ وَجِلَتْ قُلُوْبُهُمْ" ထို့ပြင် (အို-နဗီတမန်တော်) အသင်သည် ကျိုးနွံသောသူတို့အား ဝမ်းမြောက်ဖွယ်သတင်းကောင်းကို ပြောကြားပါလေ။ အကြင် (ကျိုးနွံသော)သူတို့အား (၎င်းတို့ရှေ့ဝယ်) အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ ပြောဆိုခဲ့ကြသောအခါ ၎င်းတို့၏စိတ်နလုံးများသည် ထိတ်လန့်တုန်လှုပ်၍ သွားကြလေသည်။ (အလ်ဟဂ်ျ ၂၂ း ၃၄-၃၅)

ဤအာယသ်နှစ်ခုစလုံးထဲတွင် အလ္လာဟ်အရှင်မြတ်အကြောင်း ဖော်ပြခြင်း၊ အလ္လာဟ်အရှင်မြတ်အား တွေးတောခြင်း၊ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသသတိရခြင်း (ဇိကိရ်) တို့အတွက် အထူး ကြိုတင်လိုအပ်ချက်တစ်ရပ် ဖော်ပြထားသည်။ ယင်းမှာ ခန့်ငြားရှိသေခြင်းနှင့် ကြောက်ရွံ့ခြင်းတို့ဖြစ်သည်။ ထို့နောက် အခြားအာယသ်တစ်ခုတွင်လည်း ဇစ်က်ရွလ္လာဟ်နှင့်ပတ်သက်သည့် သီးခြားဂုဏ်သတ္တိတစ်ရပ်ကို ဖော်ပြထားသည်မှာ **أَلَا بِذِكْرِ اللَّهِ تَطْمَئِنُّ الْقُلُوبُ** "ကောင်းစွာ မှတ်ယူကြလေကုန်။ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသခြင်းဖြင့် စိတ်နလုံးများသည် ငြိမ်းအေး ကြည်နူးခြင်းသို့ရောက်ရှိသွားသည်ချည်းသာတည်း။" (အလ်ရအဒ် ၁၃ း ၂၈)

ဤအာယသ်တော်ထဲ ဖော်ပြထားသောကြောက်ရွံ့ခြင်းနှင့် စိုးထိတ်ခြင်းတို့သည် နလုံးသား၏ ငြိမ်းချမ်းသာယာမှုတို့နှင့် ဇီလာဆန့်ကျင်မဖြစ်ဟု ကျွန်ုပ်တို့ပြောနိုင်သည်။ ပမာအားဖြင့် သားရဲတိရစ္ဆာန်တစ်ကောင်ကြောင့်ဖြစ်စေ၊ ရန်သူတစ်ဦးအားကြောက်ရွံ့မှုကြောင့်ဖြစ်စေ နလုံးသား၏ငြိမ်းချမ်းသာယာမှုကို အနှောင့်အယှက်ဖြစ်စေသည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်၏ ဇိကိရ်တသသတိရခြင်း၏ ရလဒ်ကြောင့် နလုံးသားမှပေါ်ထွက်လာသော ကြောက်ရွံ့မှုသည် အထက်တွင်ဖော်ပြခဲ့သော ကြောက်ရွံ့မှုနှင့် လုံးဝဥသုံး ကွဲပြားခြားနားပါသည်။ ထို့ကြောင့် ဤနေရာ၌ သုံးနှုန်းထားသောစကားလုံးသည် "ကြောက်ရွံ့ခြင်း" ဟူသည်နှင့် အဓိပ္ပာယ်သက်ရောက်သော စကားလုံးသုံးမထားပါ။ ကြောက်ရွံ့ခြင်း "ခေါက်ဖ်" ဟူသော စကားလုံးမသုံးနှုန်းဘဲ ကြောက်ရွံ့ခြင်းဟု အဓိပ္ပာယ်မသက်ရောက်သော **وجل**(ဝဂျလ်) ဟူသောစကားလုံးကို သုံးနှုန်းထားသည်။ အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်မြင့်မြတ်ခြင်းကြောင့် နလုံးသားထဲမှ ထွက်ပေါ်လာသောကြောက်ရွံ့ဖွယ် ကြည်ညိုလေးစားအပ်သည့် စိုးရိမ်ထိတ်လန့်မှုသာဖြစ်သည်။ ဤနေရာတွင် အချို့ဋီကာရှင်များကပြောသည်မှာ အလ္လာဟ်အရှင်မြတ် ကို သတိရတသခြင်းနှင့် အရှင်မြတ်အကြောင်းထုတ်ဖော်ပြောကြားခြင်းဆိုသည်မှာ လူတစ်ဦးသည် အပြစ်ဂုနာဟ်အချို့ ကျူးလွန်ရန် ရည်စူးခဲ့သည်။ သို့သော်လည်း ၎င်းသည် အလ္လာဟ်အရှင်မြတ်ကို တွေးတောမိသည့် တစ်ပြိုင်နက် အရှင်မြတ်၏ပြစ်ဒဏ်ခတ်ခံရခြင်းသည် သူ့ကို ကြောက်ရွံ့စေပါသည်။ ရလဒ်အဖြစ် ၎င်းသည် ထိုဂုနာဟ်အပြစ်မှ ရှောင်ခွာခဲ့သည်။ ဤသို့သောအခြေအနေမျိုး၌ ယင်းကဲ့သို့သောကြောက်ရွံ့မှုသည် ပြစ်ဒဏ် ခတ်ခံရခြင်းကို ကြောက်ရွံ့သည်မှအပ အခြားမည်သည်ကိုမျှမဆိုလိုချေ။ (အလ်ဗဟ်ရုလ်အလ်မုဟီးတွ်)

**ဒုတိယအရည်အသွေး။ အီမာန်ယုံကြည်မှုတိုးပွားစေခြင်း**

သက်ဝင်ယုံကြည်သူတစ်ဦး၏ ဒုတိယအရည်အသွေးကို ဖော်ထုတ်ပြသ၍ မိန့်ထားသည်မှာ "အကယ်၍ ၎င်းတို့၏ရှေ့၌ ထိုအရှင်မြတ်၏အာယသ်တော်များကို ဖတ်ကြားခဲ့ပါမူ ထိုအာယသ်တော်များသည် ၎င်းတို့၏ "အီမာန်" သက်ဝင်ယုံကြည်မှုကို တိုးပွားခိုင်မြဲစေကြကုန်၏" ဟူ၍ဖြစ်သည်။ "အီမာန်သက်ဝင် ယုံကြည်မှုကို တိုးပွားခိုင်မြဲစေခြင်း" ဆိုသည်၏အဓိပ္ပာယ် မည်သည်နည်း။ ပညာရှင်အားလုံး ကျွမ်းကျင်သော ဟဒီးဆ်နှင့် ဋီကာရှင်များက အီမာန်သို့သက်ဝင်ယုံကြည်မှုသည် အရည်အသွေးအင်အားနှင့် အလင်းရောင်တို့ တိုးပွားသည်ဟု သဘောတူညီကြသည်။ စမ်းသပ်မှုနှင့် လေ့လာသုံးသပ်မှုတို့အရ ကောင်းမှုလုပ်ရပ်များသည် တစ်စုံတစ်ဦး၏ အီမာန်သက်ဝင်ယုံကြည်မှု၏အခြေအနေကို အင်အားနှင့်တည်ငြိမ်မှုပေးသည်ဟု အတည်ပြုထားခဲ့သည်။ နလုံးသားသည် အမှန်တရားကိုလက်ခံရန် မည်မျှပွင့်လင်းနေသနည်းဆိုလျှင်ကောင်းမှုကောင်းရာများသည်တစ်စုံတစ်ဦး၏သဘာဝအလေ့အကျင့်ဖြစ်သွားသည်။ အကယ်၍ ထိုကောင်းမှုများမှ စွန့်ခွာခဲ့သော် ၎င်းသည် ဝေဒနာခံစားရသည်။ ထို့နောက် မကောင်းမှုနှားဆီသို့ မသွားချင်

လောက်အောင် ပြစ်မှုများကို သဘာဝအရပင် ရွံရှာစက်ဆုပ်မှုပေါ်ပေါက်လာသည်။ ဤသည်မှာ အီမာန်ယုံကြည်မှု၏ ကြီးကျယ်သော အဆင့်အတန်းပင်ဖြစ်သည်။ ယင်းယုံကြည်မှုကို ဟဒီးဆ်တော်ထဲတွင် အီမာန်၏ချို့မြိန်မှုဟု အမည်ပေးကာ ဖော်ထုတ်ထားသည်။

واذا حلت الحلاوة قلبا نشطت في العبادة الاعضاء

"တစ်စုံတစ်ဦး၏ နှလုံးသားတွင် အီမာန်၏ချို့မြိန်မှု ပြည့်ဝသွားလျှင် သူ့ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးသည် ခဝပ်ကိုးကွယ်မှုလုပ်ဆောင်ခြင်းများတွင် ယင်း၏အရသာကို နှစ်ထောင်းအားရစွာ စတင်ခံစားရသည်"

အတိုချုပ်ဆိုရသော် ပြီးပြည့်စုံသောယုံကြည်သက်ဝင်သူတစ်ဦး ဒုတိယအရည်အသွေးကို "အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များဖတ်ကြားခဲ့သောအခါ သူ၏အီမာန်ယုံကြည်မှု တောက်ပြောင်၍ တိုးတက်ကာ ကောင်းမှုကောင်းရာလုပ်လိုသည့် စိတ်ဆန္ဒများ ပိုမိုပေါ်လွင်ထင်ရှားလာသင့်သည်ဟု အာယသ်တော်က တင်ပြထားသည်။ ဤသည်က ကျွန်ုပ်တို့ကို သတိရစေသည်မှာ မုစ်လင်မ်အများစုသည် ကုရ်အာန်ကျမ်းတော်မြတ်ရွတ်ဖတ်ခြင်း၊ နားဆင်ခြင်းတို့နှင့် ပတ်သက်သည်။ ဖတ်ရွတ်ခြင်းနှင့်နားထောင်ခြင်းတွင် လိုက်နာရမည့်ကျင့်ဝတ်များနှင့် ကုရ်အာန်ကျမ်းတော်မြတ်ကို ရိုသေလေးစားခြင်းတွင် ဂရုမပြုကြပါ။ အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်ခမ်းနားမှုအပေါ်တွင် စိုးစဉ်းမျှစိတ်ဝင်စားမှု အာရုံစိုက်မှုမရှိ။ သူတို့၏ဖတ်ရွတ်ခြင်းမှာ ဖတ်ရွတ်သင့်သည့် ဖတ်ရွတ်နည်းမျိုးနှင့်မဟုတ်သဖြင့် ဖတ်ရွတ်ခြင်းမှရရှိသော အကောင်းဆုံးရလဒ်များ ပေါ်ထွက်လာမည်ဟု မမျှော်လင့်နိုင်ချေ။ သို့ဖတ်ခဲ့လျှင်ပင် အကျိုးစဝါးဝ် ကင်းမဲ့ကောင်း ကင်းမဲ့ပါလိမ့်မည်။

## တတိယအရည်အသွေး။ အလ္လာဟ်အရှင်မြတ်ထံ ယုံပုံအပ်နှင်းခြင်း

ဤနေရာ၌ ဖော်ထုတ်ပြသထားသော ယုံကြည်သက်ဝင်သူတစ်ဦး၏ တတိယအရည်အသွေးမှာ သူသည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် ယုံပုံအပ်နှံမှုထားသင့်သည်။ အရဗီစကားလုံး သဝက်ကုလ်သည် ယုံပုံအပ်နှင်းခြင်းဖြစ်သည်။ ဆိုလိုသည်မှာ သက်ဝင်ယုံကြည်သူတစ်ဦးသည် တစ်ပါးတည်းဖြစ်တော်မူ၍ သန့်ရှင်းစင်ကြယ်တော်မူကာ တွေးတော၍မရနိုင်သမျှသော တွဲဖက်ကိုးကွယ်ခြင်းနှင့် ပူဇော်ပသခြင်းအလုံးစုံမှ ကင်းစင်တော်မူသော အလ္လာဟ်အရှင်မြတ်ထံ ယုံပုံအပ်နှံသင့်ပေသည်။ ယင်းယုံပုံအပ်နှံမှုသည် တစ်စုံတစ်ဦး၏ဘဝတွင် အခြေအနေနှင့်အချိန်အခါအားလုံးတို့အတွက်နှင့် သဘောတရားတွင်သာမက လက်တွေ့လုပ်ဆောင်ရာတွင်လည်း ဖြစ်ရပေသည်။ ခိုင်လုံသော ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ် S သခင် မိန့်ကြားသည်မှာ သဝပ်ကုလ်သည် တစ်စုံတစ်ဦး၏တရားဝင် လိုအပ်ချက်များတာဝန်ယူရာ၌ ရုပ်ပိုင်းဆိုင်ရာအကြောင်းများနှင့် နည်းလမ်းများကို စွန့်လွှတ်သင့်သည်ဟု မဆိုလို။ ဆိုလိုချက်မှာ တစ်စုံတစ်ဦးသည် စစ်မှန်သောအောင်မြင်မှုအတွက် ရုပ်ပိုင်းဆိုင်ရာနည်းလမ်းများနှင့် ကိရိယာတန်ဆာပလာတို့သည် လုံလောက်သည်ဟု မမှတ် ယူနိုင်ပါ။ တစ်စုံတစ်ဦးသည် အကောင်းဆုံးလုပ်ဆောင်သင့်၍ သူ၏အစွမ်းနှင့် သတ္တိတို့အရ လိုအပ်သော ရုပ်ပိုင်းဆိုင်ရာနည်းလမ်းများကို စုစည်းအသုံးချရပေမည်။ ယင်းနောက်မှသာ အလ္လာဟ်အရှင်သည်သာလျှင် နည်းလမ်းအားလုံးကို ဖန်ဆင်းတော်မူသောအရှင်ဖြစ်၍ ထိုအရှင်မြတ်သည်သာလျှင် နည်းလမ်းအားလုံးမှ အသီးအပွင့်ဖြစ်ပေါ်စေတော်မူသော အရှင်ဖြစ်သည်ဟု ယုံကြည်ကာ သူကိစ္စရပ်ကို အလ္လာဟ်အရှင့်ထံ ယုံပုံအပ်နှံ ရပါမည်။ ဘာဖြစ်လာမည်ဆိုခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ အလိုတော်အတိုင်းသာလျှင်ဖြစ်သည်။ အခြားဟဒီးဆ်

တော်တွင် ကိုယ်တော်မြတ် ﷺ သခင်က **اجملوا فى الطلب وتوكلوا عليه**ဟူ၍ မိန့်ထားသည်။ ဆိုလိုသည်မှာ ရုပ်ပိုင်းဆိုင်ရာနည်းလမ်းများဖြင့် အသင့်လိုအပ်ချက်ရယူရန် အလယ်အလတ်ကျသော ကြိုးပမ်းအားထုတ်မှုကို ပြုလုပ်ပါ။ ထို့နောက် အလ္လာဟ် အရှင့်ထံတွင် သင် ယုံပုံအပ်နှံပါ။ တစ်နည်းအားဖြင့်ဆိုသော် သင်၏နလုံးသားနှင့်စိတ်ကို ရုပ်ပိုင်းဆိုင်ရာနည်းလမ်းများမှအပ ဘာမျှမရှိဟူသောအချက်တွင် နစ်မြုပ်မနေသင့်ချေ။

**စတုတ္ထအရည်အသွေး။ ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်း စွမ်းမှု**

သက်ဝင်ယုံကြည်သူများ၏ စတုတ္ထအရည်အသွေးကို "အကြင်သူတို့သည် ဆွလာသ်ဝတ်ပြုဆောက်တည်မှုကို အမြဲမပြတ်ဆောက်တည်ကြကုန်၏" ဟု ဖော်ပြထားသည်။ ဤနေရာတွင် စိတ်ဝယ် စွဲမှတ်ထိုက်သည်မှာ မူရင်းစာသားသည် ဆွလာသ်နှင့်ပတ်သက်၍ လုပ်ဆောင်နေခြင်း၊ ပြောကြားနေခြင်း၊ ဆောက်တည်နေခြင်းအကြောင်း ပြောသည်မဟုတ်ဘဲ ဆွလာသ်၏အိကာမသ်အကြောင်း ဖော်ပြပါသည်။ စာပေသဘောအရ အိကာမသ်ဆိုသည်မှာ "တစ်စုံတစ်ရာ ဖြောင့်ဖြောင့်မတ်မတ် ရပ်စေခြင်း" ဟု အဓိပ္ပာယ်သက်ရောက်သည်။ အိကာမသ် (ဆောက်တည်ခြင်းဟု ဘာသာပြန်ထားသည်) ၏ ဆိုလိုရင်းမှာ တစ်စုံတစ်ဦးသည် မပြုမနေရ တာဝန်ထမ်းဆောင်ရာ၌ တမန်တော်မြတ် ﷺ သခင် နှုတ်မှလည်းကောင်း၊ လုပ်ရပ်ဖြင့်လည်းကောင်း ရှင်းလင်းပြသခဲ့သည့်နည်းအတိုင်း ဆွလာသ်နှင့်ပတ်သက်သည့် ကျင့်ဝတ်များနှင့် ထင်ရှားပေါ်လွင်သည့်အချက် အလက်များအား ပြည့်ဝစွာစဉ်းစားဆင်ခြင်၍ လုပ်ဆောင်ရန်ဖြစ်သည်။ အကယ်၍ ဆွလာသ်နှင့်ပတ်သက်သော ကျင့်ဝတ်များနှင့် အချက်အလက်များတွင် မည်သည့်ချို့ယွင်းချက်မဆို ရှိခဲ့လျှင် ယင်းကို နမာဇ်ဖတ်ခြင်းဟု ခေါ်ဆော်ငြားလည်း အိကာမသ် ဝတ်ပြုဆောက်တည်ခြင်းဟု မခေါ်ဆိုနိုင်ပါ။ ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်း၏ အကျိုးများ၊ ကောင်းကျိုးများနှင့် ကောင်းချီးမင်္ဂလာများကို ကုရ်အာန် ကျမ်းတော်မြတ်တွင် ဖော်ပြထားကာ **اِنَّ الصَّلٰوةَ تَنْهٰى عَنِ الْفَحْشَآءِ وَ الْمُنْكَرِ** "ဇကန်မလွဲ ဆွလာသ်ဝတ်ပြုမှုသည် အလွန်စက်ဆုပ်ဖွယ်ရာသော အမှုကိစ္စ များမှလည်းကောင်း၊ မဖွယ်ရာသောအမှုကိစ္စများမှလည်းကောင်း ပိတ်ပင်တားဆီးထားလေသည်။ (အလ်အန်ကဗူးသ် ၂၉ း ၄၅)

ယင်းတို့သည် ဆွလာသ်ဝတ်ပြုဆောက်တည်မှု(အိကာမသ်)၏ သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း လုပ်ဆောင်ခြင်းအပေါ် တည်မှီသည်။ ဆွလာသ်၏ကျင့်ဝတ်ကို သတ်မှတ်ထားသည့်အတိုင်း မလိုက်နာလျှင် ဖသ်ဝါ(သို့မဟုတ်)ခမွသတ်ဥပဒေအရခွင့်ပြုသည်ဟုမှတ်ယူနိုင်သော်လည်း ဆွလာသ်ဝတ်ပြုမှု၏ကောင်းချီးမင်္ဂလာများသည် ဥပဒေများ လိုက်နာမှုတွင် ချို့ယွင်းသည့်ပမာဏအရ လျော့နည်းစွာ ရပေလိမ့်မည်။ ထို့ပြင် အချို့အခြေအနေများတွင် ဤ ကောင်းချီးမင်္ဂလာများမှ လုံးဝဥသံ လက်မဲ့ဖြစ်နိုင်ပေသည်။

**ပဉ္စမအရည်အသွေး။ အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် သုံးစွဲခြင်း**

အာယသ်ထဲတွင် ဖော်ပြထားသကဲ့သို့ သက်ဝင်ယုံကြည်သူတစ်ဦး၏ ပဉ္စမအရည်အသွေးမှာ အလ္လာဟ်အရှင်ဌင်းတို့အား ပေးကမ်းထားသည်များထဲမှ အလ္လာဟ်အရှင့်လမ်းတွင် သုံးစွဲခြင်းဖြစ်သည်။ ဤ "အလ္လာဟ် အရှင်မြတ်လမ်းတော်တွင် သုံးစွဲခြင်း" သည်ယေဘုယျဖြစ်သည်။ဤသည်ထဲတွင်အလျှဒါနများတွင်သုံးစွဲခြင်း (ဆွဒကာဟ်နှင့်ခိုင်ရတ်)၊ ပုံမှန်ဝင်ငွေရရှိရန်လျှဒါန်းခြင်း (ဝကာဖ်)နှင့် ဆွေမျိုးသားချင်းများကိုလက်ဆောင်ပေးခြင်း၊ ထောက်ပံ့ခြင်းတို့ပါဝင်သည်။ ဤအမျိုးအစားတွင် အကျုံးဝင်သေးသည်တို့မှာ အစွလာမ့်တရားဥပဒေ၏ မပြုမနေရတာဝန်ဖြစ်သော ဇကားသ်နှင့်

ဆွဒကာတုလ်ဖိသ်ရ်၊ ဆန္ဒအလျောက်လှူဒါန်းခြင်း၊ အလှူဒါန (နဖိလ်ဆွဒကာဟ်နှင့် "သဒ္ဒရိုအာတ်") စသည်များ နှင့် ဇည့်သည်များ၊ မိတ်သင်္ဂဟများနှင့် ကြည်ညိုလေးစားဖွယ် အကြီးအကဲများအား မည်သည့် ဘက္ကာရေးဆိုင်ရာ ထောက်ပံ့ပေးကမ်းခြင်းမဆို ပါဝင်သည်။

စံပြယုံကြည်သက်ဝင်သူတစ်ဦး၏ အရည်အသွေးငါးရပ်ဖော်ပြပြီးသည့်နောက် **أُولَٰئِكَ هُمُ الْمُؤْمِنُونَ حَقًّا** "ဤသူများပင် "မုအ်မင်နဲ်" သက်ဝင်ယုံကြည်သူအစစ်အမှန်များဖြစ်ကြကုန်၏"(၈း၄)ဟု မိန့်ထားသည်။ ဆိုလိုသည်မှာ ထိုသူများသည် အတွင်းပိုင်းနှင့် အပြင်ပိုင်းဆိုင်ရာတို့တွင် အတူတူဖြစ်ကြကာ ၎င်းတို့နှလုံးသားတွင် ရှိသည်တို့ကိုသာ ပြောဆိုကြသည်။ ခြားနားစွာဖြင့် **أَشْهَدُ أَنْ لَّا إِلٰهَ إِلَّا اللهُ وَأَشْهَدُ أَنَّ مُحَمَّدًا رَّسُوْلُ اللهِ** "အလ္လာဟ်အရှင်မြတ်မှအပ ခဝပ် ကိုးကွယ်ခြင်းခံထိုက်သူမရှိကြောင်း ကျွန်တော်မျိုး သက်သေခံပါ၏။ ထို့နောက် မုဟမ္မဒ် S သခင်သည် အလ္လာဟ်အရှင်မြတ်၏ ရဿူလ်တမန်တော်ဖြစ်ကြောင်း ကျွန်တော်မျိုးသက်သေခံပါသည်"ဟူ၍ ပြောဆိုသောသူများသည် လျှာဖျားမှ သာပြောဆိုသူများဖြစ်ကြသည်။ အလ္လာဟ်အရှင်မြတ် တစ်ပါးတည်း တည်ရှိကြောင်း ယုံကြည်မှုနှင့်ပတ်သက်၍ ၎င်းတို့ နှလုံးသားတွင် ခံစားမှုမရှိသကဲ့သို့ အရှင်မြတ်၏ တမန်တော်ကို ချစ်ခင်မြတ်နိုးခြင်းနှင့် ရိုသေခြင်းလည်း မရှိခဲ့။ အပြောနှင့်အလုပ် တခြားစီဖြစ်ကြသည်။ အမှန်တရားတိုင်းတွင် ယင်း၏ စစ်မှန်မှုရှိသည်။ ထိုစစ်မှန်မှုမရရှိလျှင် အမှန်တရားဆီမရောက်နိုင်ဟူသည့် အညွှန်းအာယသ် တော်တွင်ပါသည်။

တစ်စုံတစ်ဦးသည် ကျော်စောထင်ရှားသည့် ဟစီးအလ်ဗဆွရီအား "အို-အဗူစာအီးဒ်၊ အသင်သည် သက်ဝင် ယုံကြည်သူတစ်ဦးဖြစ်သလော" ဟူ၍ မေးမြန်းခဲ့သည်။ "နောင်တော် အီမာန် (သက်ဝင်ယုံကြည်မှု) တွင် နှစ်မျိုးနှစ်စား ရှိသည်။ အကယ်၍ အသင်သည် ကျွန်ုပ်အား အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ ကောင်းကင် စေတမန်များ၊ ကျမ်းစာများ၊ တမန်တော်များ၊ ဂျန္နသ်သုခဘုံနှင့် ဂျဟန္နမ်ငရဲမီး၊ နောက်ဆုံးနေ့တွင် စာရင်းစစ်ဆေးခြင်းနှင့် ပြစ်ဒဏ်စီ ရင်ခြင်းတို့နှင့်ပတ်သက်၍ယုံကြည်သူတစ်ဦးဟုတ်မဟုတ် မေးမြန်းသည်ဆိုလျှင် ကျွန်ုပ်အဖြေမှာ "ကျွန်ုပ်သည်သက်ဝင် ယုံကြည်သူတစ်ဦး ဇကန်မုချဖြစ်ပါသည်"။ ထို့နောက် အသင်သည် ကျွန်ုပ်ကို စူရဟ်အလ်အန်ဖာလ်၏ အာယသ်တော် တွင် ဖော်ပြထားသော ပြီးပြည့်စုံသောသက်ဝင် ယုံကြည်သူ တစ်ဦးဟုတ်မဟုတ် မေးမြန်းသည်ဆိုလျှင်မူ ထိုသူများ အနက်တွင် ကျွန်ုပ်အပါအဝင်ဖြစ်သည် မဖြစ်သည်ကိုကား ကျွန်ုပ်မသိခဲ့ချေ။ ဤနေရာတွင် ရည်ညွှန်းထားသော စူရဟ် အလ်အန်ဖာလ်၏ အာယသ်များဆိုသည်မှာ ကျွန်ုပ်တို့ ယခုဆွေးနွေးနေသည့် အာယသ်များဖြစ်သည်။

အထက်ကိုးကားခဲ့သည့် အာယသ်များတွင် စစ်မှန်သောယုံကြည်သူများ၏ အရည်အသွေးနှင့် အမှတ်အသား ဖော်ပြပြီးသည့်နောက် **لَهُمْ دَرَجٰتٌ عِنْدَ رَبِّهِمْ وَمَغْفِرَةٌ وَّرِزْقٌ كَرِيْمٌ** "၎င်းတို့အဖို့ ၎င်းတို့အား ဖန်ဆင်းမွေးမြူ တော်မူသော အရှင်မြတ်အထံတော်၌ (မြင့်မြတ် လှသော) အဆင့်အတန်းများသည်လည်းကောင်း၊ (အပြစ်များမှ) လွတ်ငြိမ်း ချမ်းသာခွင့်သည်လည်းကောင်း၊ မင်္ဂလာ နှင့် ပြည့်စုံသော (ဂုဏ်ရှိသော) ရိကွာသည်လည်းကောင်း ရှိချေသတည်း" (၈း၄) ဟူ၍ မိန့်ထားသည်။

ဤနေရာ၌ ကတိပြုထားသော အရာသုံးခုမှာ- (၁) မြင့်မားသောအဆင့်အတန်းများ၊ (၂) ခွင့်လွှတ်ချမ်းသာ ပေးခြင်း၊ (၃) မင်္ဂလာပြည့်နှင့်စုံသော ရိကွာများဖြစ်ကြသည်။

သဖိစိရ်အလ်ဗဟ်ရုလ်အလ်မုဟီးတွ်ကျမ်းအရ ပြီးခဲ့သော အာယသ်များထဲ၌ ဖော်ပြခဲ့သော စစ်မှန်သည့် မုစ်လင်မ်များ၏ အရည်အသွေးမှာ သုံးမျိုးသုံးစားရှိသည်။

(၁) လူသားတို့၏အတွင်းပိုင်းဆိုင်ရာ တိုင်းတာမှုဖြစ်သော အလ္လာဟ်အရှင်မြတ်အား ယုံကြည်ခြင်း၊ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခြင်းနှင့် အလ္လာဟ်အရှင်မြတ်အား ယုံပုံအပ်နှခြင်းသည် တစ်စုံတစ်ဦး၏ နှလုံးသားနှင့် သက်ဆိုင်သည်။

(၂) ဆွလာသ်ဝတ်ပြုခြင်း စသည်တို့ကဲ့သို့သော ကိစ္စများသည် ရုပ်ပိုင်းဆိုင်ရာလုပ်ဆောင်မှုများနှင့် သက်ဆိုင်သည်။

(၃) အလ္လာဟ်အရှင်မြတ်လမ်းတွင် သုံးစွဲခြင်းဆိုသည်မှာ တစ်စုံတစ်ဦး၏ စည်းစိမ်ဥစ္စာနှင့် သက်ဆိုင်သည်။

ဤသုံးမျိုးနှင့်ယှဉ်၍ သုံးမျိုးသောဆွလာသ်ကို ဖော်ပြထားသည်။ မြင့်မားသောအဆင့်အတန်းဟူ သော ဆုလာဘ်များမှာ အတွင်းပိုင်းနှင့်နာမ်ပိုင်းဆိုင်ရာ အရည်အသွေးတို့အတွက် သတ်မှတ်ထားခဲ့သည်။ ခွင့်လွှတ်ခြင်းဆို သည်မှာ ဆွလာသ် ဝတ်ပြုဆောက်တည်ခြင်းနှင့် စောင်မဉ္ဇပုသ်သီလစောင့်တည်ခြင်းတို့ကဲ့သို့သော လူသားတို့၏ရုပ် ပိုင်းဆိုင်ရာ အပြင် ပိုင်းလုပ်ရပ်နှင့် ဆက်နွယ် သတ်မှတ်ထားသည်။ ဟဒီးဆ်တော်အရ ဆွလာသ်ဝတ်ပြု ဆောက်တည် ခြင်းသည် ပြစ်မှုဂုနာဟ်များ၏ ကပ်ဖာရဟ် (အစားအလျော်ပေးခြင်း) ကျူးလွန်မိသည့် အမှားအတွက် အပြစ်ဒဏ်ခံရ သည်ဖြစ်သည်။ အဆုံး၌ဖော်ပြထားသော "မဂ်လာနှင့်ပြည့်စုံသောရိကွာ" ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ လမ်း တော်၌ သုံးစွဲခြင်းအတွက် ဖြစ်သည်။ ဆိုလိုသည်မှာ တစ်စုံတစ်ဦး ဤကမ္ဘာလောကတွင် သုံးစွဲခဲ့သည်ထက် သာလွန် ကောင်းမွန်၍ သာလွန်များပြားသည်ကို ရရှိလိမ့်မည်ဖြစ်ကြောင်းဟူ၍ဖြစ်သည်။

## အာယသ် (၅-၆)

كَمَآ اَخۡرَجَكَ رَبُّكَ مِنۢ بَيۡتِكَ بِالۡحَقِّ ۫ وَاِنَّ فَرِيۡقًا مِّنَ الۡمُؤۡمِنِيۡنَ لَكٰرِهُوۡنَ ۙ﴿۵﴾
يُجَادِلُوۡنَكَ فِى الۡحَقِّ بَعۡدَ مَا تَبَيَّنَ كَاَنَّمَا يُسَاقُوۡنَ اِلَى الۡمَوۡتِ وَهُمۡ يَنۡظُرُوۡنَ ؕ﴿۶﴾

**အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မှန်ကန်စွာဆုံးဖြတ်၍ အသင့်ကို အသင်၏အိမ်မှ ထွက်စေတော်မူသကဲ့သို့ပင် စင်စစ်သော်ကား (ထိုအချိန် ကာလ လည်း) "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့အနက်မှ လူတစ်စုသည် (ယင်းသို့ ထွက်ကြ ရသည်ကို) မနှစ်သက်မလိုလားခဲ့ကြချေ။ (၈ း ၅)**

**ငင်းတို့သည် မှန်ကန်သော အကြောင်းတရားနှင့် စပ်လျဉ်း၍ ထိုမှန်ကန်သော အကြောင်း တရားသည် ထင်ရှားခဲ့ပြီးနောက် မိမိတို့သည် သေရာသို့ မောင်းနှင်ခြင်းခံရ၍ (သေခြင်း တရားကို မျက်ဝါးထင်ထင်) မြင်နေကြရဘိသကဲ့ သို့ပင် အသင်နှင့်စကားငြင်းခုံ ပြောဆို ခဲ့ကြကုန်သတည်း။ (၈ း ၆)**

### အကျယ်ဖွင့်ဆိုခြင်း

စူရဟ်၏အစပိုင်းတွင် ဖော်ပြပြီးသကဲ့သို့ စူရဟ်အလ်အန်ဖာလ်ထဲတွင် ပါဝင်သည့်အကြောင်းအရာများသည် မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် ဘုရားအများ ကိုးကွယ်သူတို့တွင် ကျရောက်ခဲ့သည့် ထိုက်တန်သည့် အပြစ်

ဒဂ်နှင့် ပြစ်ဒဂ်ခတ်ခံရမှုနှင့် မုစ်လင်မ်များကိုပေးခဲ့သည့် ဆုလာဘ်နှင့် ကျေးဇူးပြုမှု များဖြစ်ကြသည်။ ထိုစူရဟ်ထဲတွင် ဆင့်ပွားအနေဖြင့် မယုံကြည်သွေဖည်သူများနှင့် မုစ်လင်မ်နစ်ဖွဲ့စလုံးအတွက် အရေးကြီးသည့်အကြံပြုချက်များနှင့် သင်ခန်းစာများပါဝင်သော အမိန့်ပညတ်ချက်များလည်း ပါဝင်သည်။ ထိုနစ်ဖွဲ့ကြားတွင် မည်သည်ဖြစ်ခဲ့ရသနည်း ဆိုလျှင်ကား ပထမနှင့်အရေးကြီးဆုံးအဖြစ်အပျက်မှာ ဗဒ်ရ်စစ်ပွဲဖြစ်သည်။ ယင်းစစ်ပွဲ၌ ဘုရားအများကိုးကွယ်သူများသည် စစ်သည်အင်အားနှင့် စစ်လက်နက်ပစ္စည်း လုံလုံလောက်လောက်ရှိလင့်ကစား လူများနှင့်စစ်လက်နက်ပစ္စည်း များ ဆုံးရှုံးကာ စစ်ပွဲလည်း ရှုံးနိမ့်ခဲ့ကြရပါသည်။ မုစ်လင်မ်များမှာမူ စစ်သည်အင်အားနှင့် စစ်လက်နက်ပစ္စည်း ချို့တဲ့လင့်ကစား ကြီးမားသော အောင်ပွဲတစ်ခုဖြင့် ကောင်းချီးပေးခံရပါသည်။ အထက်ကိုးကားသည့် အာယသ်တော်မှစ၍ ဤစူရဟ်ထဲ၌ ဗဒ်ရ်စစ်ပွဲ၏ အသေးစိတ်ဖော်ပြချက်များပါရှိသည်။

## ဗဒ်ရ်စစ်ပွဲအသေးစိတ်ဖော်ပြချက်

ပထမအာယသ်တွင် ဗဒ်ရ်စစ်ပွဲဖြစ်ပွားစဉ် အချို့သောမုစ်လင်မ်များမှာ ဂျီဟာဒ်အတွက် စစ်ထွက်ခြင်း၊ စစ်တိုက်ခြင်းတို့ မပြုလုပ်လိုကြပါ။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ အထူးအမိန့်တော်ဖြင့် တမန်တော်မြတ် S သခင်ကို ဂျီဟာဒ်စတင်ဆင်နွှဲရန် အမိန့်ပေးခဲ့သောအခါ၌ စစ်ထွက်ရန် မနှစ်သက်သူများလည်း ကိုယ်တော်မြတ်နှင့် လိုက်ပါလာကြသည်။ ဤအခြေအနေကို ဖော်ပြရန်အတွက် ကုရ်အာန်ကျမ်းတော်မြတ်၏ စာပိုဒ်အသုံးအနှုန်းသည် ထောင့်ပေါင်းစုံမှ စဉ်စားဆင်ခြင်ထိုက်ပေသည်။

ပထမဦးစွာ အာယသ်တော်က كَمَآ أَخْرَجَكَ رَبُّكَ "အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မှန်ကန် စွာဆုံးဖြတ်၍ အသင့်ကိုအသင့်၏အိမ်မှ ထွက်စေတော်မူသကဲ့သို့ပင် . . . . ." ဟု စတင်ထားသည်။ ဤနေရာပါ كما (ကမာ) ဟူသောစကားလုံးသည် နှိုင်းယှဉ်ခြင်းအတွက် သုံးနှုန်းထားသည်။ သို့ဆိုလျှင် မည်သည်နှင့်မည်သည်ကို နှိုင်းယှဉ်မည်နည်း။ ဤနေရာ၌ ဋီကာရှင်များသည် ဖြစ်နိုင်ဖွယ် အဓိပ္ပာယ်ဖွင့်ဆိုချက် မြောက်မြားစွာပေးထားခဲ့သည်။ အဘူဟိုင်ယမ်သည် ထိုကဲ့သို့သော အဆိုအမိန့်(၁၅)ခု တင်ပြထားခဲ့သည်။ ယင်းတို့အနက်မှ သုံးခုမှာ အလွန်ဖြစ်နိုင်ချေရှိသည်။

(၁) နှိုင်းယှဉ်ချက်က ဆွဟာဗဟ်သာဝကကြီးများသည် ဗဒ်ရ်စစ်ပွဲမဲ့ရသော စစ်အောင်နိုင်ပစ္စည်း ဝေခွဲရာတွင် တစ်ဦးနှင့်တစ်ဦး အချင်းချင်းသဘောကွဲကြပြီး အလ္လာဟ်အရှင်မြတ်အမိန့်တော်ဖြင့် တမန်တော်မြတ် S က အမိန့်ပေးခဲ့ရာ ၎င်းတို့အားလုံး လိုက်နာခဲ့ကြသည်။ ထိုလိုက်နာခြင်းကြောင့် ၎င်းတို့အတွက် ကောင်းချီးမင်္ဂလာများနှင့် ကောင်းသောရလဒ်များ ပေါ်လွင်ထင်ရှားလာခဲ့ပါသည်။ အလားတူပင် ဂျီဟာဒ် စစ်ပွဲစတင်ချိန်၌ လူအချို့သည် မနှစ်မြို့မှုကို ထုတ်ဖော်ပြသခြင်းရှိခဲ့သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကို လူတိုင်းက လိုက်နာခဲ့ကြသောအခါ ယင်းစစ်ပွဲပြီးဆုံးချိန်တွင် အကျိုးရှိသောဆုလာဘ်များ ရရှိခဲ့သည်ကို လူတိုင်းကပွင့်လင်းစွာ မျက်မြင်ဖြစ်ခဲ့ကြသည်။ အထက်ပါတို့မှာ အခြေအနေနှစ်ရပ် နှိုင်းယှဉ်ချက်၏ ရည်ရွယ်ရင်းဖြစ်သည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုမှုသည် ဖရ်ရာနှင့်အလ်မုဘာရာဒ်တို့၏ ဖွင့်ဆိုချက်ဖြစ်သည်။ (အလ်ဗဟ်ရ်လ်အလ်မုဟီးတွ်) မောင်လာနာအရှ်ရဖ်အလီ ထာနဝီ က လည်း သပ်ဖစိရ်ဗယာနလ်ကုရ်အာန်တွင် ဤအယူအဆကို နစ်သက်ကြောင်း ဖော်ပြထားသည်။

(၂) ဒုတိယဖြစ်နိုင်ဖွယ်အဓိပ္ပာယ်ဖွင့်ဆိုချက်ကား ပြီးခဲ့သောအာယသ်(၄)ထဲတွင် စစ်မှန်သောယုံကြည် သက်ဝင်သူများအတွက် နောက်တမလွန်ဘဝတွင် "မြင်မားသောအဆင့်အတန်း၊ ခွင့်လွှတ်ခြင်းနှင့် မင်္ဂလာနှင့် ပြည့်စုံသော ရိက္ခာ"တို့၏ ကတိပြုချက်တစ်ရပ်ဖြစ်သည်။ ဤအာယသ်များထဲတွင် ကတိပြုထားမှုသည် မုချဧကန်ဖြစ်သည် ဆိုကြောင်းကို ဖော်ပြသည့်နည်းမှာ နောင်တမလွန်တွင် ဖြည့်ဆည်းမည့်ကတိတော်အား မျက်ဝါးထင်ထင်မတွေ့ရလင့်ကစား ဗဒ်ရိစစ်ပွဲတွင် အလ္လာဟ်အရှင်မြတ်၏ အကူအညီနှင့် အောင်နိုင်မှုရမည်ဆိုသောကတိမှာ ဖြည့်ဆည်းပြီးဖြစ်ကြောင်း ပွင့်လင်းစွာတွေ့မြင်ခဲ့ရပြီးဖြစ်သည်။

ထို့ကြောင့် ဤသည်မှာ အသင်တို့ သင်ခန်းစာရယူကာ ဤကမ္ဘာလောကတွင် ပြုထားသည့်ကတိတော် ကို ဖြည့်ဆည်းသည့်နည်းအတိုင်း နောင်တမလွန်၏ကတိတော်ကိုလည်း ဖြည့်ဆည်းခံရမည်ဆိုသည်လည်း အတိအကျ ဖြစ်ပေသည်။ ထိုကတိတော်ကိုလည်း မုချဧကန်ဖြည့်ဆည်းပါလိမ့်မည်။ (အလ်နာဟ်ဟာစ်အား ရည်ညွှန်း၍ သဖိစိရ်ကုရ်သုဒီကျမ်း)

(၃) တတိယဖြစ်နိုင်ဖွယ်ကား ဋီကာရှင်များတင်ပြသည့် အဓိပ္ပာယ်ဆယ့်ငါးခုရယူပြီးနောက် အဗူဟိုင်ယမ်၏ ဖော်ပြချက်ဖြစ်သည်။ ၎င်းကပြောသည်မှာ ဤဋီကာရှင်များ၏ မည်သည့်အခြေအနေကိုမျှ စိတ်တိုင်းမကျပါ။ တစ်ညမှာ ဤအာယသ်တော်အား တွေးတောဆင်ခြင်ရင်း ကျွန်ုပ်အိပ်ပျော်သွားခဲ့သည်။ ထို့နောက် ကျွန်ုပ်အိပ်မက်တွင် လူတစ်ဦးနှင့်အတူ ကျွန်ုပ်သည် တစ်နေရာသို့သွားနေသည်။ ကျွန်ုပ်သည် ထိုသူနှင့်အတူ ဤအာယသ်နှင့်ပတ်သက်၍ ဆွေးနွေးနေခဲ့ကာ ကျွန်ုပ်က ၎င်းအား ဤအာယသ်ပါစကားလုံးများနှင့်ပတ်သက်၍ ကျွန်ုပ်ကြုံတွေ့ရသောဒုက္ခသည် ဘယ်သောအခါမှ ကျွန်ုပ်မရင်ဆိုင်ခဲ့ဘူးပါဟုပြောခဲ့သည်။ ဤနေရာ၌ စကားလုံးအချို့ မြုပ်နေဟန်ရှိသည်။ ထို့နောက်သို့ အိပ်မက်စဉ်အတွင်း ရုတ်တရက်ချက်ချင်းပင် ကျွန်ုပ်နှလုံးသားထဲ၌ မြုပ်နေသောစကားလုံးသည် نَصَرَكَ (နဆွရက) (အရှင်မြတ်က အသင့်ကို အကူအညီပေးခဲ့သည်)ဖြစ်သည်ဟု ပေါ်ပေါက်ခဲ့သည်။ ဤစကားလုံးကို ကျွန်ုပ်က နှစ်သက်ခဲ့၍ အိပ်မက်ထဲတွင် ကျွန်ုပ်နှင့်စကားပြောဆိုသူကလည်း နှစ်သက်ခဲ့သည်။ ကျွန်ုပ်အိပ်ရာမှနိုးသောအခါ ဤကိစ္စကို တွေးတောခဲ့ပါသည်။ ကျွန်ုပ်၏ အခက်အခဲအားလုံး ပြေပျောက်သွားပါသည်။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့သော အခြေအနေတွင် (ကမာ) ဟူသောစကားလုံးသည် နှိုင်းယှဉ်ရန်အတွက် သုံးထားခြင်းမဟုတ်ဘဲ အကြောင်းတရားကို ဖော်ပြရန် သုံးနှုန်းထားသည်။ သို့ဆိုလျှင် အာယသ်တော်က ဗဒ်ရိစစ်ပွဲအတွင်းတွင် တမန်တော်မြတ် S လုပ်ဆောင်သမျှသည် ကိုယ်တော်၏ဆန္ဒ (သို့မဟုတ်) ဆုံးဖြတ်ချက်အချို့နှင့် လုပ်ဆောင်ခြင်းမဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်အဓိန့်တော်ကို တစ်သီးတစ်သန့်နာခံခဲ့ခြင်းသည် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ် S သခင်ကို ပေးသနားခဲ့သည့် အထူးအကူညီနှင့် အထူးအထောက်အပံ့တို့၏ အကြောင်းရင်းဖြစ်သွားသည်ဟု ဆိုလိုသည်။ အလ္လာဟ်အရှင်မြတ်၏ အဓိန့်တော်အရ တမန်တော်မြတ် S သည် အိမ်မှထွက်ခွာခဲ့သည်။ ယင်းနောက် ဖြစ်ပျက်ခဲ့သည်များမှာ ဖြစ်ပျက်ရမည့် အတိုင်း အတိအကျ ဖြစ်ပျက်ခဲ့ပါသည်။ အလ္လာဟ်အရှင်မြတ်၏ ထောက်ပံ့မှုသည် ထိုကဲ့သို့သောသူများအတွက် အမြဲတမ်းရှိနေပါသည်။

မည်သို့ပင်ဖြစ်ပါစေ အာယသ်တော်ပါ ဤစာကြောင်း၏ အဓိပ္ပာယ်သုံးမျိုးစလုံးတို့သည် ဖြစ်နိုင်ချေရှိကာ ခိုင်လုံပါသည်။ နောက်တစ်ခုအနေဖြင့် တမန်တော်မြတ် S သည် ဤဂျီဟားဒ်စစ်ပွဲသို့ မိမိဆန္ဒအလျောက် ထွက်ခဲ့ဟု မဖော်ပြရန် ကုရ်အာန်ကျမ်းတော်မြတ်က အဘယ်ကြောင့် ရွေးချယ်ရသည်ဆိုသည်ကို ကျွန်ုပ်တို့ စဉ်းစားကြည့်ကြစို့။ စာသားက "အသင့်အား မွေးမြူဖန်ဆင်းတော်မူသောအရှင်မြတ်သည် အသင့်ကို ထွက်စေတော်မူသကဲ့သို့ပင်" ဟု

မိန့်ကြားထားသည်။ ဤနေရာ၌ ပါဝင်သောအညွှန်းမှာ တမန်တော်မြတ် S သခင်၏ နာခံခြင်းနှင့် ပြီးပြည့်စုံသည့် ဩဇာခံခြင်းဖြစ်သည်။ တကယ်တမ်းဆိုလျှင် တမန်တော်မြတ် S ၏လုပ်ရပ်သည် တမန်တော်မြတ် S ၏ ခန္ဓာကိုယ် အစိတ်အပိုင်းများမှ ပေါ်ထွက်လာသော အလွှာဟ်အရှင်မြတ်၏ အလုပ်ဖြစ်ကြောင်း ဖော်ညွှန်းသည်။ ယင်းနှင့်ပတ်သက်၍ ဟဒီးဆ်အလ်ကုဒ်စီရ်ထဲတွင် တမန်တော်မြတ် S ကမိန့်သည်မှာ "အလွှာဟ်အရှင်မြတ်၏ ကျေးကျွန်တစ်ယောက်သည် သူ၏နာခံခြင်း၊ ဩဇာခံခြင်းတို့ကြောင့် အလွှာဟ်အရှင်မြတ်နှင့် နီးကပ်စေသည့် ကောင်းချီးပေးခံရသောအခါ၌ သူနှင့် ပတ်သက်မိန့်သည်မှာ "ငါအရှင်မြတ်သည် သူ၏မျက်လုံးဖြစ်ပါသည်။ သူမြင်သမျှတို့သည် ငါအရှင်မှ တစ်ဆင့် မြင်ရခြင်းဖြစ်သည်။ ငါအရှင်သည် သူ၏နားများဖြစ်သွားပါသည်။ သူကြားသမျှတို့သည် ငါအရှင်မှတစ်ဆင့် ကြားခြင်းဖြစ်သည်။ ငါသည် သူ၏ ခြေလက်များဖြစ်သွားပါသည်။ သူဖမ်းချုပ်ကိုင်သော မည်သူကိုမဆို ငါအရှင်မြတ်မှ တစ်ဆင့် သူအောင်မြင်သွားပါသည်။ ၎င်းနောက် မည်သူထံသို့မဆို သူလျှောက်သွားပါက သူသည် ငါအရှင်မှတစ်ဆင့် လျှောက်သွားခြင်းဖြစ်သည်" ဟူ၍ဖြစ်သည်။ အဓိကရလဒ်မှာ တမန်တော်မြတ် S သည် အလွန်ကြီးကျယ်လှပါသော အလွှာဟ်အရှင်မြတ်ထံတော်မှ အလွန်အထူးတလည်ဖြစ်သော အကူအညီနှင့် အထောက်အပံ့တို့သည် တစ်လျှောက်လုံး တမန်တော်မြတ် S သခင်နှင့် အတူရှိနေပါသည်။ ဆိုလိုသည်မှာ တမန်တော်မြတ် S ၏မျက်စိများ၊ နားများ၊ လက်များ၊ ခြေများတို့မှပေါ်ထွက်လာသော လုပ်ရပ်များတို့သည် အမှန်မှာ အလွှာဟ်အရှင်မြတ်တန်ခိုးတော်၏ လုပ်ဆောင်ချက်များသာဖြစ်ပါသည်။

အချုပ်ဆိုရသော် **اَخۡرَجۡتَ** "အခ်ရဂျက" "အသင့်အား ထွက်စေတော်မူခဲ့သည်" ဟူသောစကားလုံး သုံးနှုန်းထားခြင်းသည် တမန်တော်မြတ် S ဂျိဟားဒ်စစ်ပွဲသို့ ထွက်ခြင်းကို ၎င်း၏လုပ်ရပ်ဖြင့် ထင်ရှားစွာ ပြသော်လည်း တကယ်ဆိုလျှင် တမန်တော်မြတ် S သခင်၏ လုပ်ရပ်သည် အလွှာဟ်အရှင်မြတ်၏ လုပ်ရပ်ဖြစ်ကြောင်း ရှင်းလင်းသော အညွှန်းပေးထားပါသည်။

ဤနေရာ၌ စာသားက ရွေးချယ်မိန့်ထားသော **اَخۡرَجَكَ رَبُّكَ** "အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်သည် အသင့်ကို အသင်၏နေအိမ်မှ ထွက်စေတော်မူသကဲ့သို့" ထဲတွင် အလွှာဟ်အရှင်မြတ်၏ ဂုဏ်တော်တစ်ပါးဖြစ်သော မွေးမြူဖန်ဆင်းကျွေးမွေးစောင့်ရှောက်တော်မူသောအရှင်ဟူသော ဂုဏ်တော်ကို ဖော်ပြထားကြောင်း သတိမူထိုက်ပါသည်။ ဤသည်က တမန်တော်မြတ်ကြီး S ဤဂျိဟားဒ်စစ်ပွဲသို့ထွက်စေခြင်းမှာ ထွတ်ခေါင် မွေးမြူဖန်ဆင်း၊ ကျွေးမွေးတော်မူသောအရှင်မြတ်က လိုအပ်သောကြောင့် လုပ်ဆောင်ခဲ့ကြောင်း ထောက်ပြပါသည်။ ဤသို့ ထွက်ခြင်းဖြင့် တမန်တော်မြတ် S သခင်အား သင်ကြားလေ့ကျင့်ပျိုးထောင်ကာ တမန်တော်မြတ် S သခင်မှတစ်ဆင့် မုစ်လင်မ်အုမ္မသ်ထုအား သင်ကြားလေ့ကျင့်ပျိုးထောင်စေရန် ရည်ရွယ်ပါသည်။ အကြောင်းမှာ ဤအစီအမံမှတစ်ဆင့် ဖိနှိပ်ပြီး၊ နှိမ့်ချခြင်းခံရသော မုစ်လင်မ်များအား အောင်နိုင်သူများဖြစ်စေကာ မောက်မာပြီး တရားမျှတမှုမရှိသော မယုံကြည်သွေဖည်ငြင်းပယ်သူတို့အား ပထမဦးစွာ ပြစ်ဒဏ်ခတ်ခံရခြင်းကို မြည်းစမ်းစေရန်ဖြစ်သည်။

နောက်စကားစု **مِنۢ بَيۡتِكَ** "အသင်၏အိမ်မှ" ဟု အဓိပ္ပာယ်သက်ရောက်သည်။ ဝါကျ၏အနက် အဓိပ္ပာယ်မှာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင့်ကို အသင်၏အိမ်မှ ထွက်စေတော်မူသည်။ ဋီကာရှင် အများစုအဆိုအရ ဤ "အိမ်" ဆိုသည်မှာ မဒီနာဟ်ရှိအိမ်ကိုလည်းကောင်း၊ တမန်တော်မြတ် S ဟိဂျ်ရသ်ပြုလုပ်ပြီး နောက် နေထိုင်သော လှပတင့်တယ်သော မဒီနာဟ်မြို့တော်ကိုလည်း ကောင်း၊ ဆိုလိုနိုင်သည်။ အဘယ့်ကြောင့် ဆိုသော် ဗဒ်ရ်အဖြစ်အပျက်သည် ဟိဂျ်ရီသက္ကရာဇ် နှစ်ခုမြောက်နှစ်တွင် ဖြစ်ပွားခဲ့သည်။ ထို့နောက် "အမှန်တရား

အတွက်" ဟု ဘာသာပြန်ဆိုထားသော بِالْحَقِّ (ဗိလ်ဟတ်က်) ဟူသော အသုံးအနှုန်းထည့်ထားခြင်းဖြင့် လုပ်ရပ် တစ်ခု လုံးသည် အမှန်တရားအောင်နိုင်စေရန်နှင့် မှားယွင်းမှု ရှုံးနိမ့်စေရန် လုပ်ဆောင်ပါသည်။ ထို့ကြောင့် ဤနေရာ၌ ဤလုပ်ရပ်သည် အခြားနိုင်ငံများ၌လုပ်လေ့လုပ်ထရှိသော ငတ်မွတ်ခေါင်းပါးခြင်းကြောင့်ဖြစ်စေ၊ နယ်မြေ ပိုင်ဆိုင် လိုမှုကြောင့်ဖြစ်စေ၊ ဘုရင်တစ်ပါး၏ ဒေါသကြောင့်ဖြစ်စေ လုပ်ဆောင်ခဲ့ခြင်းမဟုတ်သည်ကိုလည်း အတည်ပြုပြီး ဖြစ်သွားသည်။

အာယသ်တော်၏ နိဂုံးတွင် وَ اِنَّ فَرِيْقًا مِّنَ الْمُؤْمِنِيْنَ لَكٰرِهُوْنَ "စင်စစ်သော်ကား (ထိုအချိန်ကလည်း) "မုအ်မင်နဲ" သက်ဝင် ယုံကြည်သူများအနက်မှ လူတစ်စုသည် (ယင်းသို့ထွက်ကြရသည်ကို) မနှစ်သက်မလိုလားခဲ့ကြ ချေ" ဟူ၍ မိန့်ထားသည်။ ဆိုလိုရင်းမှာ မုစ်လင်မ်များအနက်မှ အုပ်စုတစ်စုသည် ဤဂျိဟာဒ် စစ်ပွဲထွက်ရခြင်းကို ဝန်ထုပ်ဝန်ပိုး အဖြစ် လည်းကောင်း၊ မနှစ်မြို့မှုအဖြစ်လည်းကောင်း မှတ်ယူခဲ့ကြသည်။ ဆွဟာဗဟ်သာဝကကြီးများ ဤကဲ့သို့ မနှစ်မြို့ဖွယ် အခြေအနေကို အဘယ်သို့ အဘယ်ကြောင့်ဖြစ်ပေါ်လာကြောင်း နားလည်သဘောပေါက်ရန် လိုအပ်သည်။ စင်စစ် လက်ရှိအာယသ်အား နားလည်သဘောပေါက်ရန် လိုအပ်သည်သာမက မကြာမီ နောက်လာမည့် အာယသ်များ ကိုလည်း အပြည့်အဝနားလည်သဘောပေါက်ရန် လိုအပ်သဖြင့် ဗဒ်ရ်စစ်ပွဲ၏အကြောင်းများနှင့် ကနဦး အခြေအနေ များရှာဖွေရန် လျော်ကန်သင့်မြတ်ပေသည်။ ထို့ကြောင့် ဗဒ်ရ်စစ်ပွဲတွင် ဘာဖြစ်ပျက်ခဲ့သနည်းဆိုသည်ကို ကျွန်ုပ်တို့ ဦးစွာပထမလေ့လာကြည့်ရှုကြစို့။

အိဗ်နိအွတ်က်ဗဟ်နှင့် အိဗ်နိအမီးရ်တို့ ဆင့်ပြန်ခဲ့သည့် အဖြစ်အပျက်တင်ပြချက်အရ အဗူစွဖ်ယာန်သည် ဆီးရီးယားနိုင်ငံသို့ သွားလာကုန်ရောင်းဝယ်ရန်အတွက် ကုန်စည်များသယ်ဆောင်သည့် ခရီးသွားအုပ်စုနှင့် မက္ကာဟ် အလ်မုအတ်ဇ်ဇမဟ်မှ ထွက်ခွာသွားကာ မက္ကာဟ်မြို့မှ ကုရိုက်ရှ်မျိုးနွယ်စုအားလုံးသည် ယင်းလုပ်ငန်းတွင် အစုစပ်များ အဖြစ် ပါဝင်ကြကြောင်း သတင်းကို တမန်တော်မြတ် S က မဒီနာဟ်မြို့မှ ကြားသိခဲ့ရသည်။ အိဗ်နိအုတ်က်ဗဟ်၏ ဖော်ပြချက်အရ ဤလုပ်ငန်းတွင် မည်သည့် ကုရိုက်ရှ်အမျိုးသား (သို့မဟုတ်) အမျိုးသမီးမျှ အစုစပ်မပါဝင်ဟူ၍ မရှိပါ။ အကယ်၍ တစ်စုံတစ်ဦးတွင် ရွှေတစ်မစ်ကာလ် (အနီးစပ်ဆုံး ၄.၅ ဂရမ်ခန့်) သာရှိခဲ့လျှင် သူသည် အစုတစ်စုဝင်နိုင် ပါသည်။ ဤကုန်သွယ်ခရီးသွားအုပ်အတွက် ထည့်ဝင်ထားသော စုစုပေါင်းရင်းနှီးမြှုပ်နှံငွေမှာ ဒီနာရ်ငါးသောင်း ဖြစ်ကြောင်း အိဗ်နိအုတ်ကဗဟ်က တင်ပြထားသည်။ ဒီနာသည် ရွှေဒင်္ဂါးပြားတစ်ပြားဖြစ်၍ ၄.၅ ဂရမ်အနီးစပ်ဆုံးရှိသည်။ (၁၉၇၀)ခုနှစ်ပေါက်ဈေးအရ ရွှေဈေးမှာ ၅၂ ရူပီဖြစ်ကာ ကုန်သွယ်ခရီးသွားအုပ်စု၏ စုစုပေါင်းရင်းနှီးငွေမှာ ရူပီငွေ (၂၆)သိန်း ရှိပေသည်။ ကျွန်ုပ်တို့သတိမူရမည်မှာ ဤရူပီငွေသည် ယခု ကျွန်ုပ်တို့ခေတ် ရူပီငွေကြေး မဟုတ်ချေ။ ဤရူပီငွေ (၂၆)သိန်းသည် (ခန့်မှန်းခြေသည် ၄၈၁၄၈ ဒေါ်လာ) ကျွန်ုပ်တို့ခေတ်အလျင် နှစ်ပေါင်း (၁၄၀၀) ခန့်က ငွေကြေးများဖြစ်သည်။ ယင်းငွေကြေးများတွင် သူ့ထိုက်တန်သော တန်ဖိုးရှိကာ ကျွန်ုပ်တို့ခေတ်အခါ၌ဆိုလျှင် ရူပီ (၂၆)ကုဋေ (ဒေါ်လာ ၄၈၁၄၈၁)ထက် ပိုများမည်ဆိုခြင်းကာ ပြောစရာမလိုချေ။ ငယ်ရွယ်သန်စွမ်းသောလူငယ် (၇၀) နှင့် ၎င်းတို့အကြီးအကဲများသည် ကုန်သွယ်ခရီးသွားအုပ်စု၏ လုံခြုံရေးနှင့် ရောင်းဝယ်ဖောက်ကားရေးလုပ်ငန်းကို စီမံခန့်ခွဲကြရန် လိုက်ခဲ့သည်ဆိုသည်ကား စိတ်ဝင်စားဖွယ်ဖြစ်သည်။ ယင်းကုန်သွယ်ခရီးသွားအုပ်စုသည် တကယ်ဆို လျှင် မက္ကာဟ်မြို့၏ ကုရိုက်ရှ်ကုန်သွယ်ရေးကော်ပိုရေးရှင်းတစ်ခုဖြစ်ကြောင်း ဤသည်က ကျွန်ုပ်တို့ကို ပြောကြား ပါသည်။

စိုက်ယိဒိနာ အိပ်နိအဗ္ဗားစ် d နှင့် အခြားသူတို့၏ ခိုင်လုံသောဆင့်ပြန်ချက်များအရ အလ်ဗဂဝီ၏ တင်ပြချက်တွင် ဤကုန်သွယ်ခရီးသွားအုပ်စုနှင့်အတူ လိုက်ပါခြံရံလာသော အစီးအနင်းတပ်ဖွဲ့တွင် ကုရိုက်ရှ် အကြီးအကဲလေးဆယ်ပါဝင်ကာ ၎င်းတို့ထဲတွင် အမီးရ်အိပ်နိအလ်အားဆွန့်နှင့် မုတ်ဂ်ရာမာဟ်အိပ်နိနောင်ဖလ်တို့သည် မှတ်သားထိုက်သော ပုဂ္ဂိုလ်များဖြစ်ကြသည်။ ထို့နောက် ကုရိုက်ရှ်သြဇာအာဏာ၏ အလွန်ခိုင်မာဆုံးအခြေခံများမှာ ဤကုန်သွယ်ရေးလုပ်ငန်းဖြစ်သည်။ ဤကုန်သွယ်လုပ်ငန်း၏ ကျောထောက်နောက်ခံမှာ ရင်းနှီးငွေ၏ ဘဏ္ဍာရေးဆိုင်ရာထောက်ပံ့မှုဖြစ်သည်။ စင်စစ် ၎င်းတို့၏အပြစ်ကင်းဟန်ရှိသော လက်နက်ဖြင့် တမန်တော်မြတ် s ကို အနှောင့်အယှက်ပေးကာ မက္ကာဟ်မြို့တော်မှ အတင်းအကြပ်ထွက်ခွာစေပါသည်။ ဤနောက်ခံအကြောင်းအရ တမန်တော်မြတ် s သည် ဆီးရီးယားသို့ ကုန်သွယ်ခရီးသွားအုပ်စု၏အပြန်ကို သိရှိသောအခါ ထိုကုန်သွယ်ခရီးသွားအဖွဲ့ကို ရင်ဆိုင်၍ ကုရိုက်ရှ်တို့၏ အဓိကစွမ်းအင်ရင်းမြစ်ကို ဖြတ်တောက်ရန် အချိန်ကျရောက်ပြီဟု မှတ်ယူခဲ့သည်။ ကိုယ်တော်မြတ်သည် ဆွဟာဗဟ်သာဝကကြီးများနှင့် တိုင်ပင်နှီးနော ခဲ့သည်။ သို့သော်လည်း ဤသည်မှာ ရမ္မဇာန်လမြတ်ရက်တွင်ဖြစ်သည်။ ၎င်းတို့သည် ကြိုတင်၍ စစ်ပွဲအစီအမံ များလုပ်ဆောင်ထားသည်မရှိခဲ့။ ထို့ကြောင့် တချို့သည် ဤအကြံအစည်ကို မဆိုင်းမတွနှင့် ရဲရဲဝံ့ဝံ့ထောက်ခံခဲ့သည်။ သို့သော်လည်း အချို့မှာ အနည်းငယ် တွန့်ဆုတ်နေခဲ့ကြသည်။ ဤအခြေအနေတွင် ကိုယ်တော်မြတ် s ကလည်း လူအားလုံးဂျိဟာဒ်စစ်ပွဲတွင်ပါဝင်ရေးကို မပြုမနေရတာဝန်အဖြစ် မလုပ်ခဲ့ပါ။ အစီးအနင်းရှိသူများ ကိုယ်တော်မြတ် s သခင်နှင့် အတူလိုက်ပါရန် အမိန့်ထုတ်ခဲ့သည်။ ထိုအချိန်တွင် လူအတော်များများသည် ဂျိဟာဒ်စစ်ပွဲတွင် မပါဝင်နိုင်ဘဲ နောက်ချန်၍နေခဲ့ရပါသည်။ လိုက်လိုသောသူများထဲတွင်လည်း ၎င်းတို့အစီးအနင်းများမှာ အနီးပါးမှရွာများတွင် ရှိနေခဲ့ပါသည်။ တမန်တော်မြတ် s သခင်နှင့်အတူ လိုက်ပါနိုင်ရန်အတွက် ၎င်းတို့အစီးအနင်းများ သွားရောက်ယူရန် ကိုယ်တော်မြတ် s ထံ ခွင့်တောင်းခဲ့ကြသည်။ သို့သော်လည်း စောင့်ဆိုင်းရန် အချိန်များများမပေးနိုင်ပါ။ ထို့ကြောင့် အစီးအနင်းလည်းရှိပြီး ဂျိဟာဒ်စစ်ပွဲလိုက်ပါရန် ဆန္ဒရှိသူများသည် အဆင်သင့်လုပ်ထားရန် အမိန့်ထုတ်ခဲ့သည်။ ပြင်ပမှ အစီးအနင်းများရယူရန်လည်း အချိန်မရှိပါ။ ထို့ကြောင့် ထွက်ခွာရန် အဆင်သင့် ဖြစ်နေသောသူ အနည်းငယ်သာလျှင် စုစည်းနိုင်ခဲ့သည်။ စတင်ကတည်းက လိုက်ပါလိုစိတ်မရှိသူများအတွက်ကြောင့်လည်း ဂျိဟာဒ်စစ်ပွဲအတွက် ဖိတ်ခေါ်သောအခါ၌ လူများပျက်ကွက်ခဲ့ရသည်။ တမန်တော်မြတ် s သည် လူတိုင်းအပေါ်၌ ဤဂျိဟာဒ်စစ်ပွဲပါဝင်ဆင်နွှဲရေး မပြုမနေရတာဝန်အဖြစ် ပြုလုပ်မထားပါ။ ထို့နောက် လူများကလည်း ၎င်းတို့ရင်ဆိုင်ရမည်မှာ ကုန်သွယ်ခရီးသွားအုပ်စုသာဖြစ်၍ စစ်တပ်ကြီးတစ်တပ်ကို ရင်ဆိုင်တိုက်ဘိအလား စစ်သည်အင်အား အများအပြား မလိုအပ်နိုင်ဟုလည်း ယူဆခဲ့ကြသည်။ ထို့ကြောင့် အတော်အသင့်များပြားသော ဆွဟာဗဟ်သာဝကကြီးများမှာ ဤဂျိဟာဒ်စစ်ပွဲတွင် မပါဝင်နိုင်ခဲ့ကြပါ။

ဗိရ်စုကယာဟူသောအရပ်ရောက်သောအခါ တမန်တော်မြတ် s သခင်က ကိုက်စ်အိပ်နိဆွအ်ဆွအားဟ် d သခင်အား ကိုယ်တော်မြတ်နှင့်အတူ လိုက်ပါလာသည့် မုဂျာဟီဒင်ဦးရေကို ရေတွက်ရန် စေခိုင်းခဲ့သည်။ သူက ရေတွက်ပြီးနောက် သုံးရာ့တစ်ဆယ့်သုံးဦး (၃၁၃)ဦးဖြစ်ကြောင်း ကိုယ်တော်မြတ်ကို လျှောက်ထားခဲ့သည်။ ယင်းကိုကြားသောအခါ ကိုယ်တော်မြတ် s သည် နှစ်ခြိုက်ဝမ်းသာသွားခဲ့သည်။ တမန်တော်မြတ် s သခင်က မိန့်သည်မှာ ဤအရေအတွက်သည် သွာလူးသ်နှင့်အပေါင်းပါတို့၏အရေအတွက်နှင့် အတူတူပင်ဖြစ်သည်။[1] ထို့ကြောင့် ဤသည်မှာ ကောင်းသောနိမိတ်လက္ခဏာဖြစ်ကာ အောင်မြင်ခြင်း၏ လက္ခဏာဖြစ်သည်။ ဆွဟာဗဟ်သာဝကကြီးများတွင်

1/ (သွာလူးသ်ဆိုသည်မှာ အစွမ်းရေးဘုရင် ဆောလ်ဖြစ်သည်။ အကြောင်းအရာအသေးစိတ်ကို အတွဲ-၂၊ စာမျက်နှာ-၃၄၅-၃၄၉ တွင်ကြည့်ပါ)

ကုလားအုတ် စုစုပေါင်း အကောင်(၇၀)ရှိပါသည်။ (၃)ဦးလျှင် ကုလားအုတ်တစ်ကောင်နှုန်း ဖြစ်သည်။ ၎င်းတို့သည် တစ်လှည့်စီ စီးနင်းကြရသည်။ ကိုယ်တော်မြတ် s သခင်သည်လည်း အလှည့်ကျစီးနင်းလိုက်ပါရသည်။ ကိုယ်တော်မြတ် s သခင်နှင့် တွဲ၍ စီးနင်းလိုက်ပါရမည့်သူများမှာ စိုက်ယိဒိနာအဗူလူဗာဗဟ် d နှင့် စိုက်ယိဒိနာအလီ d တို့နှစ်ဦးဖြစ်သည်။ တမန်တော်မြတ် s လမ်းလျှောက်ရမည့်အလှည့်တွင် ထိုသူများက "ကိုယ်တော်မြတ် စီးနင်းတော်မူပါ။ ကျွန်တော်များတို့လမ်းလျှောက်ကြပါမည်"ဟု ပြောဆိုခဲ့ကြသည်။ ဖန်ဆင်းမှုအားလုံး၏အသနားကြင်နာမှုတစ်ပါးအဖြစ် ဖန်ဆင်းခြင်းခံရသည့်သူတစ်ဦးက ဖြေသကဲ့သို့ ကိုယ်တော်မြတ် s က ဖြေကြားသည်မှာ အသင်တို့သည် ကျွန်ုပ်ထက်ပို၍ မသန်မာကြသကဲ့သို့ ကျွန်ုပ်မှာလည်း နောင်တမလွန်ဘဝတွင် ရရှိမည့် ဆုလာဘ်များ မလိုအပ်သူတစ်ဦးလည်း မဟုတ်။ ထို့ကြောင့် ငါကိုယ်တော်အတွက် စဝါးဖ်အနည်းငယ်ရမည့် အခွင့် အရေးကိုကား ငါကိုယ်တော်ရပါရစေ" ဟု ဖြေကြားခဲ့သည်။ ထို့ကြောင့် တမန်တော်မြတ် s လမ်းလျှောက်ရန် အလှည့်ကျလျှင် ကိုယ်တော်သည်လည်း လမ်းလျှောက်တော်မူခဲ့သည်။

တစ်ဖက်တွင် တစ်စုံတစ်ဦးသည် ဆီးရီးယားနိုင်ငံရှိ "အအင်နအလ်ဖူရ်ကာ" နေရာအထိ ရောက်ရှိသွားကာ ကုန်သွယ်ခရီးသွားအုပ်စု၏ ခေါင်းဆောင်အဗူစွဖ်ယာန်အား တမန်တော်မြတ် s က စောင့်ဆိုင်းကာ မုချဇကန်တိုက်ခိုက်လိမ့်မည်ဖြစ်ကြောင်း သတင်းပေးခဲ့သည်။ ကျရောက်မည့်အန္တရာယ်ကို ရင်ဆိုင်ရန် အဗူစွဖ်ယာန်သည် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့သည်။ ဤကုန်သွယ်ခရီးသွားအုပ်စု ဟိဂျာဇီသို့ရောက်သောအခါ သွာမ်သွာမ် (ضمضم) အိပ်နိုအုမရ်အဖြစ် လူသိများသည့် အသိဉာဏ်ထက်၍ သွက်လက်ချက်ချာသူတစ်ဦးအား လုပ်ခအဖြစ် ရွှေ(၂၀)မိပ်ကာလ် (၉၀-ဂရမ်နီးပါး)ပေးကာ မက္ကာမြို့သို့ ၎င်းအား အလွန်မြန်သော ကုလားအုတ်စီး၍ မက္ကာဟ်မြို့သို့ ဒုန်းစိုင်းသွားရောက်စေပါသည်။ ထို့နောက် မက္ကာရှိကိုရိုက်ရှ်တို့အား အစွလာမ်တမန်တော်၏ ဆွေဟာဗဟ်သာဝကကြီးတို့ကြောင့် ကုန်သွယ် ခရီးသွားအုပ်စု၏ ကျရောက်လာမည့်အန္တရာယ်ကို သိမြင်စေရန် ပြောကြားခိုင်းလိုက်သည်။

အန္တရာယ်ကြေညာရန် သွာမ်သွာမ်အိပ်နိအုမရ်သည် ထိုအချိန်ကာလက သီးခြားဓလေ့ထုံးစံ တစ်ခုဖြစ်သည့် ၎င်းစီးနင်းသည့်ကုလားအုတ်မအား နားခေါင်းနှင့်နားရွက်များဖြတ်တောက်ခြင်း၊ ၎င်းဝတ်ဆင်လာသည့် ရှပ်အင်္ကျီကို ရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း ဆုတ်ဖြဲပစ်ခြင်း၊ ကုလားအုတ်ကျောကုန်းပေါ်တွင် ၎င်းတင်စီးလာသည့် ထိုင်ခုံအား ပြောင်းပြန်လှန်၍ စီးနင်းခြင်းတို့ပြုလုပ်လာခဲ့သည်။ ဤလက္ခဏာများမှာ ထိုအချိန်ကာလအတွင်းက အန္တရာယ်ကျရောက်တော့မည်ဖြစ်ကြောင်း သိစေအပ်သည့် လက္ခဏာများဖြစ်ကြ သည်။ ထိုပုံစံနှင့် သူသည် မက္ကာဟ်မြို့တွင်းဝင်ရောက်ခဲ့သောအခါ တစ်မြို့လုံး တုန်လှုပ်ချောက်ချားသွားသည်။ ကိုရိုက်ရှ်လူမျိုးတိုင်း ခုခံကာကွယ်ရန် အသင့်ပြင်ထားကြသည်။ ကိုယ်တိုင်ထွက်နိုင်သူများသည် ကိုယ်တိုင်ထွက်ခွာခဲ့ကြ၍ အကြောင်းအချို့ကြောင့် မသွားနိုင်သူများသည် ၎င်းတို့ကိုယ်စား တစ်စုံတစ်ဦးကို သွားရောက်တိုက်ခိုက်စေခဲ့ပါသည်။ ထို့ကြောင့် သုံးရက်အတွင်း လိုအပ်သောထောက်ပံ့မှုများ အသင့်ရှိသည့် လက်နက်ကိုင် တပ်ဖွဲ့ကြီးတစ်ဖွဲ့ ချီတက်ရန် အသင့်ဖြစ်သွားသည်။ တစ်စုံတစ်ဦး ဤစစ်ပွဲတွင် ပါဝင်ဆင်နွှဲရန် တုံ့ဆိုင်းနေကြောင်း ၎င်းတို့သတိမူမိလျှင် ထိုသူတို့ကို သံသယဝင်၍ မုစ်လင်မ် လိုလားသူများအဖြစ် သတ်မှတ်ခဲ့ကြသည်။ ထို့ကြောင့် ကိုရိုက်ရှ်များသည် ထိုသို့သောသူများကို ထွက်တိုက်စေရန် အထူးအတင်းအကြပ် လုပ်ဆောင်ခဲ့သည်။ အစွလာမ်သာသနာကို ပြောင်ပြောင်တင်းတင်းကိုးကွယ်၍ ဟိဂျ်ရသ် ရွှေ့ပြောင်းရာတွင် ကိုယ်ရေးကိုယ်တာကိစ္စများကြောင့် လိုက်ပါမသွားနိုင်ကြသူများလည်း ရှိကြသည်။ ရွေးစရာမရှိ၍ ထိုသူများသည် မက္ကာဟ်မြို့တွင်သာ နေရစ်ခဲ့သူများလည်း ရှိကြသည်။ ဤသူများကဲ့သို့ပင် မုစ်လင်မ်များပေါ်၌

စာနာစိတ်ရှိကြသည်ဟု သံသယဖြစ်ခံရသော ဗနူဟာရှင်မ်များနှယ်၏ မိသားစုမှ မည်သူတစ်ဦးတစ်ယောက် ကိုမဆို ဤတိုက်ပွဲတွင် ချောင်ပိတ်၍ အတင်းအကြပ် ထွက်စေခဲ့သည်။ ဤအကူအညီမဲ့နေသော သူများထဲတွင် တမန်တော်မြတ် s သခင်၏ ဦးရီးတော် စိုက်ယိဒိနာအဗ္ဗားစ် d နှင့် အဗူသွာလစ်ဗ်၏သားတော်နှစ်ပါး ဖြစ်သော သွာလိဗ်နှင့် အာကီလ်တို့လည်း ပါဝင်သည်။

ထို့ကြောင့် ဤမက္ကာဟ်စစ်တပ်တွင် လက်နက်ကိုင်တပ်သားတစ်ထောင်၊ မြင်းကောင်ရေနှစ်ရာ၊ သံချပ်ကာ အင်္ကျီခြောက်ရာ၊ စစ်သီချင်းသီဆိုသည့်အမျိုးသမီးများနှင့် ဗဒ်ရ်ဆီသို့ ချီတက်ခဲ့ကြသည်။ ၎င်းတို့၏ခရီးစဉ် အဆင့်တိုင်းတွင် ပါဝင်သူများကိုကျွေးမွေးရန် ကုလားအုတ်ဆယ်ကောင် သတ်ဖြတ်ခဲ့သည်။

တစ်ဖက်တွင် ကုန်သွယ်ခရီးသွားအုပ်စုတစ်ခုလောက်ကိုသာ ရင်ဆိုင်ရန်အတွက် ပြင်ဆင်ထားမှုဖြင့် တမန်တော်မြတ် s သည် ရမ္မဇာန်လ (၁၂)ရက်၊ စနေနေ့တွင် မဒီနာဟ်မြို့မှ ထွက်ခွာခဲ့သည်။ ခရီးစဉ်၏ အဆင့် အချို့သွားပြီး ဗဒ်ရ်နှင့်နီးကပ်လာသောအခါ တမန်တော်မြတ် s သည် အဗူစွဖ်ယာန်၏ ခရီးသွားအုပ်စုအကြောင်း သတင်းထောက်လှမ်းရန် လူနှစ်ဦးပါသော သတင်းထောက်လှမ်းရေးအဖွဲ့အား ကြိုတင် စေလွှတ်ခဲ့သည်။ (ဗဇာဟီရီ)

သတင်းပေးသူများက အဗူစွဖ်ယာန်၏ ခရီးသွားအုပ်စုသည် ၎င်း၏နောက်သို့ တမန်တော်မြတ် s အပူတပြင်း လိုက်လာသည်ကို သိရှိကြောင်းနှင့် ပင်လယ်ကမ်းခြေနှင့်အနီးစပ်ဆုံးမှ သွားနေကြောင်းနှင့် မက္ကာဟ်မြို့မှ လူတစ်ထောင်ခန့်ပါဝင်သော စစ်တပ်သည်လည်း ၎င်းတို့အား အကာအကွယ်ပေး၍ မုစ်လင်မ်များကို တိုက်ခိုက်ရန်လာနေကြောင်း သတင်းပေးခဲ့သည်။ (အိဗ်နိုကဆီး၏)

ဤသတင်းကြောင့် ကြိုတင်ရေးဆွဲထားသည့် အစီအမံများပြောင်းလဲခဲ့သည်မှာ ထင်ရှားသည်။ အခြေအနေ၏ အရေးကြီးမှုအရ ဤချီတက်လာသည့်စစ်တပ်ကို တိုက်သင့်မတိုက်သင့်ဆုံးဖြတ်ရန် တမန်တော်မြတ် s သခင်သည် ၎င်း၏ ဆွေဟာဗဟ်သာဝကကြီးများနှင့် တိုင်ပင်ဆွေးနွေးခဲ့သည်။ စိုက်ယိဒိနာ အဗူအိုင်ယွတ်ဗ် အလ်အန်ဆွာရီနှင့် အခြားဆွေဟာဗဟ်အချို့က ထိုသူတို့အား တိုက်ခိုက်ရန်အတွက် ၎င်းတို့တွင် အင်အားမရှိသကဲ့သို့ ထွက်လာစဉ်ကလည်း ယင်းရည်ရွယ်ချက်နှင့်ထွက်လာခဲ့သည်မဟုတ်ကြောင်း လျှောက် ထားခဲ့သည်။ ထိုစဉ်စိုက်ယိဒိနာ အဗူဗကရ် d က အလွှာဟ်အရှင်မြတ် တမန်တော်မြတ် s မည်သည်ကို ဆုံးဖြတ်သည်ဖြစ်စေ ၎င်းနာခံမည်ဖြစ်ကြောင်း ရပ်၍ ပဋိညာဉ်ခံခဲ့သည်။ ထို့နောက် စိုက်ယိဒိနာအုမရ် d သည် ၎င်း၏အမိန့်နာခံမှုကို ပဋိညာဉ်ပြု၍ ယင်းစိတ်ဓာတ်နှင့်ပင် ဂျိဟာဒ်အတွက် အဆင်သင့်ဖြစ်ကြောင်း ပြောခဲ့သည်။ နောက်ဆုံးတွင် စိုက်ယိဒိနာ မစ်ဂ်ဒါဒ်ရ်က မတ်တပ်ရပ်ကာ

> "ယာရစူလွလ္လာဟ်၊ အလ္လာဟ်အရှင်မြတ်က ကိုယ်တော့်အား ပေးထားသောအမိန့်တော်အတိုင်း ဆောင်ရွက်ပါ။ ထို့နောက် ယင်းအမိန့်အတိုင်း ကျင့်သုံးပါ။ ကျွန်တော်မျိုးတို့သည် ကိုယ်တော်မြတ်နှင့်အတူ ရှိနေကြပါမည်။ အလ္လာဟ်အရှင်မြတ်နာမတော်ဖြင့် ကျွန်တော်မျိုးပြောပါမည်။ ဗနီအစ္စရာအီလ်လူမျိုးများက စိုက်ယိဒိနာမူစာအား **فَاذْهَبْ اَنْتَ وَرَبُّكَ فَقَاتِلَآ اِنَّا هٰهُنَا قٰعِدُوْنَ** (အို-မူစာ၊ သင်ကိုယ်တိုင် မိမိအရှင်မြတ်နှင့်သွားရောက်ပြီး အသင်တို့နှစ်ဦးသာလျှင် တိုက်ခိုက်ကြလေကုန်။ ကျွန်ုပ်တို့မူကား ဤနေရာ၌ပင် ထိုင်၍နေကြကုန်အံ့။ ၅း၂၄) ပြောသကဲ့သို့ ကျွန်တော်မျိုးတို့သည် ကိုယ်တော့်အား မည်သည့်အခါမျှပြောလိမ့်မည်မဟုတ်ပါ။ ကိုယ်တော့်အား စစ်မှန်သောအီမာန်ယုံကြည်ချက်ဖြင့် ပို့ဆောင်တော်မူခဲ့ သည့် အရှင်မြတ်နာမတော်နှင့် ကျွန်တော်ပြောပါမည်။

အကယ်၍ ကိုယ်တော်သည် အီသီယိုးပီးယားနိုင်ငံတွင်ရှိ ဗရ်ကလ်ဂမားဒ်တိုင်အောင် ခေါ်ခဲ့လျှင်လည်း ကျွန်တော်မျိုးတို့ ထိုနေရာအထိ လိုက်ပါတိုက်ခိုက်မည်ဖြစ်ပါသည်" ဟူ၍ဖြစ်သည်။

တမန်တော်မြတ် S သည် အလွန်သဘောကျနှစ်ခြိုက်ခဲ့ပါသည်။ သူသည် ထိုသူများအတွက် ဆုမွန်ဒုအာ တောင်းပေးခဲ့ပါသည်။ သို့ရာတွင် အန်ဆွာရီများထံမှ ထောက်ခံကြောင်းတင်ပြချက် လာရှုရုပါဦးမည်။ ယင်းမှဖြစ်နိုင်ချေ တစ်ခုကိုထောက်ပြသည်မှာမဒီနာဟ်မြို့အန်ဆွာရီများကတမန်တော်မြတ် S အားအကူအညီနှင့်အထောက်အပံ့ပေးရန် ပဋိညာဉ်သည် မဒီနာဟ်မြို့တွင်းသာ ကန့်သတ်ထား၍ ယင်းတွင်သာ တရားဝင်သည်။ ထို့နောက် မဒီနာဟ်မြို့ပြင် ဒေသများအတွက် ၎င်းတို့တွင် ထောက်ပံ့မှုဆက်လက်ပေးရန် တာဝန်မရှိပါ။ ထို့ကြောင့် ကိုယ်တော်မြတ်သည် လူစုလူဝေးကြီးကို ဦးတည်ပြောကြား၍ ဤဂျိဟာဒ်စစ်ပွဲတွင် အန်ဆွာရီများအား ကိုယ်တော်မြတ် S က ရှေ့ဆောင်သင့်မသင့်ကို အကြံဉာဏ်တောင်းခဲ့သည်။ ဤဦးတည် မိန့်ကြားမှုသည် အန်ဆွာရီများကို ဦးတည်ရည်ညွှန်းသည်။ စိုက်ယိဒိနာ စအဒ်အိဗ်နိမုအားဒ်အလ်အန်ဆွာရီ d က "ယာရစူလလ္လာဟ် ကိုယ်တော်သည် ကျွန်တော်မျိုးတို့အား မေးမြန်းနေပါသလား"ဟု ကိုယ်တော်မြတ် S အား မေးမြန်းခဲ့သည်။ ထိုအခါ တမန်တော်မြတ် S က ဟုတ်ကြောင်း ဖြေကြားခဲ့သည်။ စိုက်ယိဒိနာ စအဒ်အိဗ်နိမုအားဒ်က လျှောက်ထားသည်မှာ -

"ယာရစူလလ္လာဟ်၊ ကျွန်တော်မျိုးတို့သည် ကိုယ်တော့်ကို ယုံကြည်ခဲ့ပြီးဖြစ်သည်။ ထို့နောက် ကိုယ်တော် ပြောဆိုသမျှ အရာရာတိုင်း မှန်ကန်ကြောင်း ကျွန်တော်မျိုးတို့ သက်သေခံပြီးဖြစ်သည်။ ထို့နောက် မည်သည့်အခြေအနေ မျိုးတွင်မဆို ကိုယ်တော့်အမိန့်နာခံမည်ဖြစ်ကြောင်း လေးနက်သော ပဋိညာဉ်လည်း ပေးခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်က ကိုယ်တော့်အား ပေးခဲ့သည့် မည်သည့်အမိန့်ကိုမဆို ကျွန်တော်တို့ကို လိုက်နာစေရန် အမိန့် ပေးတော်မူပါ။ ကိုယ်တော့်အား စစ်မှန်သောယုံကြည်ချက်ဖြင့် စေလွှတ်တော်မူသော အရှင်မြတ်နာမတော်ဖြင့် ပြောဆိုပါမည်။အကယ်၍ကိုယ်တော်မြတ်သည်ကျွန်တော်မျိုးတို့ကိုပင်လယ်သို့ခေါ်သွားခဲ့လျှင်ပင် ကျွန်တော်မျိုးတို့အားလုံး ကိုယ်တော်နှင့်အတူ ပင်လယ်သို့ လိုက်ကြပါမည်။ ကျွန်တော်တို့အနက်မှ မည်သူတစ်ဦးတစ်ယောက်မျှ ကိုယ်တော့် နောက်တွင် မကျန်ရစ်စေပါ။ အကယ်၍ ကိုယ်တော်မြတ်သည် ဆောလျင်စွာ မနက်ဖြန်တွင် ရန်သူနှင့်ရင်ဆိုင် တိုက်ခိုက်ရန် ခေါ်သွားမည်ဆိုလျှင်လည်း ကျွန်တော်မျိုးတို့အတွက် အကြောင်းမဟုတ်ချေ။ ကျွန်တော်မျိုးတို့၏ လုပ်ရပ်များမှ ထွက်ပေါ်လာသည့် ကိုယ်တော်ကြိုက်နှစ်သက်စေသော အခြေအနေများ၊ ယင်းအခြေအနေများအတွက် ကိုယ်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်တွင် သက်သေဖြစ်ပါစေဟု ကျွန်တော်မျိုးတို့ခိုင်ခိုင်မာမာ မျှော်လင့်ပါသည်။အလ္လာဟ်အရှင့်နာမတော်ဖြင့် ကိုယ်တော်ဆန္ဒရှိရာ မည်သည့်နေရာကိုမဆို ကျွန်တော်မျိုးတို့အား ခေါ်ဆောင်တော်မူပါ" ဟူ၍ဖြစ်သည်။

တမန်တော်မြတ် S သခင်သည် တုံ့ပြန်မှုကို ကျေနပ်နှစ်သက်တော်မူ၍ မုဂျာဟီဒင်းအုပ်စုကို အလ္လာဟ် အရှင်မြတ်နာမတော်ဖြင့် ရှေ့သို့ချီတက်ရန် အမိန့်ပေးတော်မူခဲ့သည်။ ထို့နောက် တမန်တော်မြတ် S က ထိုသူများသည် အုပ်စုနှစ်ခုရှိသည့်အနက် တစ်အုပ်စုသည် အောင်နိုင်လိမ့်မည်ဟူသော ကတိတော် ပေးထားခဲ့ကြောင်း၊ ကောင်းသတင်းပေးခဲ့သည်။ ဤနေရာ၌ ဖော်ပြသောအုပ်စုနှစ်စုကား (၁) အဗူစွဖ်ယာန်၏ ကုန်သွယ်ခရီးသွားအုပ်စုနှင့် (၂) မက္ကာဟ်မြို့တော်မှလာရောက်သည့် ဤစစ်တပ်တို့ဖြစ်သည်။ ထို့နောက် ကိုယ်တော်မြတ် S သခင်က မိန့်သည်မှာ

အလ္လာဟ်အရှင်မြတ်အလိုတော်အရ မယုံကြည်သွေဖည်ငြင်းပယ်သူများကို သတ်ဖြတ်သည့်ကွင်းပြင်များကို ကျွန်ုပ် မျက်ဝါးထင်ထင် မြင်တွေ့နေရသကဲ့သို့ဖြစ်သည်" ဟူ၍ဖြစ်သည်။ **(ဤအဖြစ်အပျက်တစ်ခုလုံးကို သဖီစီရ်အိဗ်နိ ကဆီးရ်နှင့် မဇာဟိရီကျမ်းများမှ ဖော်ပြထားသည်)**

## အဖြစ်အပျက်များ၏ အသေးစိတ်များအရ အာယသ်တော်များ ရှင်းလင်းတင်ပြခြင်း

အဖြစ်အပျက်၏ အသေးစိတ်များကြားနာပြီးနောက် အထက်ကိုးကားခဲ့သော အာယသ်တော်များ ဆီသို့ ကျွန်ုပ်တို့ ပြန်သွားကြစို့။ ပထမအာယသ် (၅)ထဲတွင် **وَ اِنَّ فَرِيْقًا مِّنَ الْمُؤْمِنِيْنَ لَكٰرِهُوْنَ** "စင်စစ်သော်ကား (ထိုအချိန်ကလည်း) "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့အနက်မှ လူတစ်စုသည် (ယင်းသို့ထွက်ရသည်ကို) မနှစ်သက်မလိုလားခဲ့ကြချေ" ဟု မိန့်ထား ခြင်းက စင်စစ်တွင် ဆွဟာဗဟ်သာဝကကြီးများအချို့၏ စိတ်အခြေအနေကို ညွှန်းခြင်းဖြစ်သည်။ ယင်းမှာ ဆွဟာဗဟ် သာဝကကြီးများသည် ဆွေးနွေးသောအခါ ဖြစ်ပျက်ခဲ့သော စိတ်အခြေအနေကို ညွှန်းခြင်းဖြစ်သည်။ ယင်းစိတ်အခြေ အနေအရ ၎င်းတို့သည် စစ်ပွဲဝင်ရန် မနှစ်သက် မလိုလားခဲ့ဟန် (သို့မဟုတ်) မရဲဝံ့ဟန်ကို ဖော်ညွှန်းသည်။

ထို့နောက် ဤအဖြစ်အပျက်ကိုပင် ဒုတိယအာယသ်တော် (၆)ထဲ၌ - **يُجَادِلُوْنَكَ فِي الْحَقِّ بَعْدَ مَا تَبَيَّنَ كَاَنَّمَا يُسَاقُوْنَ اِلَى الْمَوْتِ وَ هُمْ يَنْظُرُوْنَ** ၎င်းတို့သည် မှန်ကန်သောအကြောင်းတရားနှင့်စပ်လျဉ်း၍ ထိုမှန်ကန်သော အကြောင်းတရားသည် ထင်ရှားခဲ့ပြီးနောက် မိမိတို့သည် သေရာသို့ မောင်းနှင်ခြင်းခံရ၍ (မရဏသေခြင်းတရားကို မျက်ဝါးထင်ထင်) မြင်နေ ကြရဘိသကဲ့သို့ပင် အသင်နှင့် စကားငြင်းခုံ ပြောဆိုခဲ့ကြကုန်သတည်း" ဟူ၍ စောင်းပါး ရိပ်ခြည် မိန့်ထားသည်။

မြင့်မြတ်သော ဆွဟာဗဟ်သာဝကကြီးများသည် ၎င်းတို့အားပေးခဲ့သည့် မည်သည့်အမိန့်ကိုမဆို ဖီဆန်ခဲ့သည်မဟုတ်၊ စင်စစ် ၎င်းတို့လုပ်သည်မှာ ၎င်းတို့ကို တိုင်ပင်နှီးနော်ခဲ့စဉ်တွင် တုံ့ပြန်မှုထဲတွင် အားအင်ချည့်နဲ့မှုနှင့် သတ္တိနည်းမှု တစ်စိတ်တစ်ဒေသဖြစ်သွားကြောင်း ဖော်ပြချက်ဖြစ်သည်။ သို့သော်လည်း အလ္လာဟ့်တမန်တော်များ၏ ဆွဟာဗဟ်သာဝကကြီးများထံမှ ထိုကဲ့သို့သော ပုဂ္ဂိုလ်ရေးဆိုင်ရာ ထင်မြင်ယူဆချက် ဖော်ပြမှုသည် ၎င်းတို့အား ကောင်းချီးမင်္ဂလာပေးထားသည့် မြင့်မားသော အဆင့်အတန်းနှင့်ယှဉ်တွဲလျှင် အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်တွင် လက်ခံနိုင်ဖွယ်မရှိချေ။ ထို့ကြောင့် ယင်းကိစ္စကို နှစ်မြို့ဖွယ်မရှိဟု အဓိပ္ပာယ်ပေါက်စေသည့် စကားလုံးများဖြင့် ဖော်ပြထားသည်။

## အာယသ် (၇-၁၀)

وَاِذْ يَعِدُكُمُ اللّٰهُ اِحْدَى الطَّآئِفَتَيْنِ اَنَّهَا لَكُمْ وَتَوَدُّوْنَ اَنَّ غَيْرَ ذَاتِ الشَّوْكَةِ
تَكُوْنُ لَكُمْ وَيُرِيْدُ اللّٰهُ اَنْ يُّحِقَّ الْحَقَّ بِكَلِمٰتِهٖ وَيَقْطَعَ دَابِرَ الْكٰفِرِيْنَ ۙ﴿۷﴾
لِيُحِقَّ الْحَقَّ وَيُبْطِلَ الْبَاطِلَ وَلَوْ كَرِهَ الْمُجْرِمُوْنَ ۚ﴿۸﴾ اِذْ تَسْتَغِيْثُوْنَ رَبَّكُمْ
فَاسْتَجَابَ لَكُمْ اَنِّيْ مُمِدُّكُمْ بِاَلْفٍ مِّنَ الْمَلٰٓئِكَةِ مُرْدِفِيْنَ ﴿۹﴾ وَمَا جَعَلَهُ اللّٰهُ
اِلَّا بُشْرٰى وَلِتَطْمَئِنَّ بِهٖ قُلُوْبُكُمْ ۚ وَمَا النَّصْرُ اِلَّا مِنْ عِنْدِ اللّٰهِ ؕ اِنَّ اللّٰهَ عَزِيْزٌ
حَكِيْمٌ ﴿۱۰﴾

ၾင်းပြင် (ပြန်လည်၍ သတိရကြလေကုန်) အကြင်အခါဝယ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အုပ်စုနှစ်စုအနက် တစ်စုနှင့်ပတ်သက်၍ ထိုတစ်စုသည် အသင်တို့၏လက်တွင်းသို့အမှန်ပင်ကျရောက်လိမ့်မည်ဟု ကတိပြုလျက်ရှိတော်မူခဲ့လေသည်။ သို့ရာတွင် အသင်တို့မူကား ဆူးငြောင့် (ဝါ) လက်နက်မပါသော အုပ်စုသည်သာလျှင် မိမိတို့လက်တွင်းသို့ ကျရောက်ရန် မျှော်ခေါ်တောင့်တလျက်ရှိကြကုန်၏။ စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည် အမှန်ကို မိမိအမိန့်တော်များဖြင့် ထင်ရှားတော်မူရန်လည်းကောင်း၊ ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့၏ အခြေအမြစ်ကို (လုံးဝ) ဖြတ်တောက်ပစ်တော်မူရန်လည်းကောင်း၊ ရည်စူးတော်မူချေ သတည်း။ (၈ : ၇)

(သို့ရည်စူးတော်မူခြင်းကား) အပြစ်ရှိသူတို့သည် နှစ်သက်ကြမည် မဟုတ်သော်လည်း အမှန်သည် အမှန်ပင်ဖြစ်ကြောင်း ထင်ရှားစေရန်လည်းကောင်း၊ အမှားသည် အမှားပင်ဖြစ်ကြောင်း ထင်ရှားစေရန်လည်းကောင်း ဖြစ်ပေသတည်း။ (၈ : ၈)

(ပြန်လည်သတိရကြလေကုန်) အကြင်အခါဝယ် အသင်တို့သည် မိမိတို့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်အထံတော်တွင် ကူညီစောင်မတော်မူရန် လျှောက်ထားပန်ကြားလျက်ရှိကြလေသည်။ ၾင်းနောက် ထိုအရှင်မြတ်သည် အသင်တို့၏ပန်ကြား ချက်ကို (လက်ခံတော်မူ၍) ဓကန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့အား တစ်ပါးပြီး တစ်ပါး (ဆက်တိုက်)လာကြမည်ဖြစ်သော "မလာအိကဟ် ကောင်းကင်တမန်တစ်ထောင်ဖြင့် ကူညီစောင်မတော်မူမည်"ဟု ပြန်ကြားတော်မူခဲ့လေသတည်း။ (၈ : ၉)

စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ထို(ကဲ့သို့ "မလာအိကဟ်" များကို ဓလ္လင်တော်မူ၍ ကူညီတော်မူမည်ဟု) ကတိပေးတော်မူခြင်းမှာ အသင်တို့အဖို့ ဝမ်းမြောက်ဖွယ်ရာ သတင်းအဖြစ်သာ လည်းကောင်း၊ အသင်တို့၏ စိတ်နလုံးများသည် ထိုသတင်း (ကိုကြားသိရခြင်းအား) ဖြင့် နှစ်သိမ့်ခြင်းငှာလည်းကောင်း ပြုတော်မူခဲ့လေသည်။ အမှန်သော်ကား အောင်မြင်မှုသည် အလ္လာဟ်အရှင်မြတ်အထံတော်မှသာလျှင်

**ဖြစ်၏။ ဓကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်နှင့်ပြည့်စုံတော်မူသော အရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၈ း ၁၀)**

## အကျယ်ဖွင့်ဆိုခြင်း

အထက်ကိုးကားခဲ့သော အာယသ်များထဲ၌ ဗဒ်ရိစစ်ပွဲအဖြစ်အပျက်အား ဖော်ပြကာ မုစ်လင်မ်များအပေါ် ကျရောက်ခဲ့သော ကောင်းချီးမင်္ဂလာများသည် စစ်ပွဲအတွင်း အလ္လာဟ်အရှင်မြတ်၏ အကူအညီနှင့် အထောက်အပံ့အသွင်ဖြစ်ကြောင်း ထောက်ပြသည်။

ပထမအာယသ် (၇)နှင့် ဒုတိယအာယသ်(၈)ထဲတွင် ကိုရိုက်ရှ်တို့၏ စစ်တပ်ပုံစံမဟုတ်သော်လည်း ၎င်းတို့၏ ကုန်သွယ်ခရီးသွားအုပ်စုကို ကာကွယ်စောင့်ရှောက်ရန် အကူစစ်တပ်သည် မက္ကာဟ်မြို့မထွက်ခွာသွားကြကြောင်း သတင်းကို တမန်တော်မြတ် S နှင့် ဆွေဟာဗဟ်သာဝကကြီးများ ရရှိသောအခါ မုစ်လင်မ်များသည် အုပ်စုနှစ်စုနှင့် ဆက်ဆံရမည့်အကြောင်း သိရှိသွားသည်ကို ဖော်ပြထားသည်။ အုပ်စုနှစ်ခုအနက် တစ်ခုမှာ ပေါ်လွင်ထင်ရှားသည့် ဆင့်ပြန်ချက်များတွင် အီးရ် **عير** ဟုခေါ်သည့် ကုန်သွယ်ခရီးသွားအုပ်စုဖြစ်သည်။ အခြားတစ်ခုကား **نفير** (နဖီးရ်) ဟုခေါ်သည့် မက္ကာဟ်မြို့တော်မှ အဆောတလျင် ထွက်ခွာသွားခဲ့သည့် ဣလ်လက်နက်ကိုင်အုပ်စုဖြစ်သည်။ အာယသ်တော်တွင် ပေးထားသည့်အဆိုအမိန့်အရ ထိုအချိန်မှာ အလ္လာဟ်အရှင်မြတ်က အရှင်မြတ်၏ တမန်တော် S သခင်အား ကတိတစ်ရပ်ပြု၍ မုစ်လင်မ်အားလုံးကို ကတိပြုထားသည်မှာ အုပ်စုနှစ်စုအနက် တစ်စုကို ၎င်းတို့ လုံးဝ အောင်နိုင်မည်ဖြစ်ကြောင်းနှင့် မယုံကြည်သွေဖည်သူများကို ၎င်းတို့စိတ်တိုင်းကျလုပ်နိုင်သည်အထိ အောင်မြင်မည်ဖြစ်ကြောင်းဖြစ်လေသည်။

ကုန်သွယ်ခရီးသွားအုပ်စုကို လွှမ်းမိုးရန်မှာလွယ်ကူ၍ အန္တရာယ်ကင်းသော်လည်း လက်နက်ကိုင် တပ်ဖွဲ့တစ်ခုနှင့်ဆက်ဆံရန်မှာမူ အမျိုးမျိုးသောအန္တရာယ်အသွယ်သွယ်နှင့် အခက်အခဲမျိုးစုံ ပြည့်နှက်နေမည် မှာ ထင်ရှားသည်။ ထို့ကြောင့် ဣ်မရေရာဟန်ရှိသော ကတိတော်ကိုကြားသိပြီးနောက် ဆွေဟာဗဟ်များစွာက ထင်မှတ်သည်မှာ အုပ်စုနှစ်စုမှတစ်စုကို အောင်နိုင်မည်ဟု မုစ်လင်မ်များကို အလ္လာဟ်အရှင်မြတ် ပြုထားသည့်ကတိတော်သည် လက်နက်တပ်ဆင်မထားသည့် ကုန်သွယ်ခရီးသွားအုပ်စုဖြစ်ခဲ့လျှင် ၎င်းတို့အတွက် အဆင်ပြေမည်ဟု ထင်မှတ်ခဲ့ကြသည်။ သို့သော်လည်း တမန်တော်မြတ် S နှင့် ကိုယ်တော်မြတ်၏ ဦးဆောင်ဆွေဟာဗဟ်များက ယင်းသို့မယူဆဘဲ အလ္လာဟ်အရှင်မြတ်လမ်းညွှန်တော်မူ၍ လွှမ်းမိုးအောင်နိုင်မှုအတွက် သတ်မှတ်ခံရသောအရာမှာ လက်နက်ကိုင်တပ်ဖွဲ့တစ်ခုသည်သာ အကောင်းဆုံးသော ရွေးချယ်မှုအဖြစ် ထင်မှတ်ကြသည်။

ဣ်အာယသ်ထဲ၌ လက်နက်တပ်ဆင်မထားသည့် အုပ်စုတစ်ခုအား အောင်နိုင်ရန် ရှာဖွေနေသည့် မုစ်လင်မ်များအား လက်နက်တပ်ဆင်မထားသည့် ကုန်သွယ်ခရီးသွားအုပ်စုကို အောင်နိုင်ရန် နှစ်ခြိုက်မှုသည် ၎င်းတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အဆင်ပြေမှုနှင့် အန္တရာယ်ကင်းသည့် ရွေးချယ်မှုတစ်ရပ်ဆီသို့ တိမ်းညွတ်ခြင်းသာဖြစ်သည်ဟု သတိပေးထားသည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်ရည်စူးထားသည်မှာ ထိုသို့မဟုတ်ချေ။ အစွယ်လာမ်သာသနာ၏ စစ်မှန်သောရည်ရွယ်ချက်ရရှိစေရန် အဆုံးစွန်သောအမှန်တရားကို အတည်ပြု၍ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏

ဇစ်မြစ်ကို ဖြတ်တောက်ပစ်ရန်ဖြစ်သည်။ ဤရည်ရွယ်ချက်ကို ရရှိနိုင်သည်မှာ လက်နက်ကိုင်တပ်ဖွဲ့တစ်ခုကို ထိပ်တိုက်ရင်ဆိုင်၍ မုစ်လင်မ်များသည် ထိုသူများကို လွှမ်းမိုး၍ အောင်နိုင်သွားရန်သာလျှင်ဖြစ်သည်မှာ ထင်ရှားသည်။

အနှစ်သာရအနေဖြင့် သူရဲဘောကြောင်ခြင်းနှင့် သက်သောင့်သက်သာ ရှိရန်ဆန္ဒတို့ဖြင့် ရောထွေးထားသော လောကီရေးဆိုင်ရာ အကျိုးအမြတ်ကို ၎င်းတို့စိတ်ကြိုက် ရွေးချယ်ထားမှုအတွက် မုစ်လင်မ်များကို ဆုံးမထားသည်။ ယင်းနှင့်ဆန့်ကျင်စွာ အလွှာဟ်အရှင်မြတ်၏ရည်ရွယ်ချက်မှာ မြင့်မားသည့်အဓိဋ္ဌာန်နှင့် ကြီးကျယ်သော အကျိုးအမြတ်ပေါ် အခြေခံထားကာ ယင်းတို့သည်သာလျှင် ပြီးပြည့်စုံ၍ ထာဝရ အောင်မြင်မှုဖြစ်ပေသည်။ ထို့နောက် ဒုတိယ အာယသ်တော်(၈)တွင် ဆက်လက်ရှင်းလင်းကာ မိန့်ကြားထားသည်မှာ အလွှာဟ်အရှင်မြတ်၏ တန်ခိုးတော်နှင့် ထိန်းချုပ်မှုမှ လွတ်ကင်း သောအရာ မည်သည်မှမရှိပြီဟူ၍ဖြစ်သည်။ အကယ်၍ အလွှာဟ်အရှင်မြတ်အလိုတော်ရှိလျှင် မုစ်လင်မ်များသည် ကုန်သွယ်ခရီးသွားအုပ်စုကို အောင်နိုင်ပါသည်။ သို့သော်လည်း အလွှာဟ်အရှင်မြတ်၏ တမန်တော် S နှင့် ကိုယ်တော်၏ ဆွဟာဗဟ်သာဝကကြီးများ၏ အဆင့်အတန်းနှင့် မြင့်မြတ်ကြီးကျယ်မှုနှင့် လိုက်လျောညီထွေရှိစေရန် ၎င်းတို့ အောင်နိုင်မှုရလဒ်ရရှိမည့် လက်နက်ကိုင်တပ်ဖွဲ့နှင့် ရင်ဆိုင်တိုက်ခိုက်စေပါသည်။ သို့မှသာ အဆုံး၌ အမှန်သည် အမှန်ဖြစ်ကာ အမှားသည် အမှားဖြစ်ကြောင်း လုံးဝရှင်းလင်းသွားစေပါသည်။

ဤနေရာ၌ သတိမူထိုက်သည်မှာ အလွှာဟ်အရှင်မြတ်သည် အရာခပ်သိမ်းသိရှိတော်မူသောအရှင်၊ အရာခပ်သိမ်း သတိရှိတော်မူသောအရှင်နှင့် အရာရာတိုင်း၏အစနှင့်အဆုံးကို မုချဧကန်သိရှိတော်မူသော အရှင်ဖြစ်ကြောင်း ဆိုသည်တို့နှင့် ပတ်သက်၍ဖြစ်သည်။ သို့ဆိုလျှင် မုစ်လင်မ်များသည် အုပ်စုနှစ်စုမှ တစ်ခုခုကို အနိုင်ရမည်ဆိုသော ဤမရေရာသည့်ကတိ၏နောက်ကွယ်ရှိ သင့်လျော်သော တွေးတောဆင်ခြင်မှုဆိုသည်ကား အဘယ်နည်း။ ဖြစ်နိုင်ဟန်ရှိသည်မှာ အလွှာဟ်အရှင်မြတ်သည် အဖွဲ့တစ်ခုကို တိတိကျကျညွှန်ပြ၍ ဤအုပ်စုတစ်စုမှာ အောင်နိုင်လိမ့်မည်ဟု မိန့်နိုင်သည်။

ဤမရေရာမှုအကြောင်းကား အလွှာဟ်အရှင်မြတ်သည် အသိတော်မူဆုံးဖြစ်သည်။ မြင့်မြတ်သော ဆွဟာဗဟ်သာဝကကြီးများသည် လွယ်ကူမှုကိုဖြစ်စေ၊ ခက်ခဲမှုကိုဖြစ်စေ မည်သည်ကို ရွေးချယ်ခဲ့ကြောင်း စမ်းသပ်မှုတစ်ခုအဖြစ် ပြုလုပ်ထားတော်မူခဲ့ဟန်ရှိသည်။ ထို့နောက် ဤစမ်းသပ်မှုသည် ၎င်းတို့၏ နာမ်ပိုင်းဆိုင်ရာ လေ့ကျင့် ပျိုးထောင်မှု တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ ယင်းလေ့ကျင့်ပျိုးထောင်မှုဖြင့် ကြီးမားသောရည်မှန်းချက်များ ရရှိရန် ရုန်းကန်ရာ၌ မြင့်မားသည့်ဆုံးဖြတ်ချက်ချရန်အတွက်နှင့် ကျရောက်မည့်အန္တရာယ်များကို မည်သို့ မကြောက်ရကြောင်း သင်ခန်းစာ အနေဖြင့် သင်ကြားပေးထားသည်။

တတိယအာယသ် (၉) နှင့် စတုတ္ထအာယသ် (၁၀)တို့တွင် ၎င်းတို့၏လက်နက်ကိုင်ရန်သူများနှင့် တိုက်ခိုက်ရန် အသင့်ဖြစ်နေသောမုစ်လင်မ်များသာဖြစ်နေသည်ကို ဖော်ပြသည်။ တမန်တော်မြတ် S သခင်သည် ၎င်းအနီးအပါး ဆွဟာဗဟ် (၃၁၃)ဦးသည် အများအားဖြင့် လက်နက်မဲ့ကာ သန့်စွမ်းသော လူတစ်ထောင် လက်နက်တပ်ဆင်ထားသည်ကို တွေ့မြင်ရသောအခါ၌ ကိုယ်တော်မြတ်သည် လက်ကိုပင့်မြှောက်၍ အလွှာဟ်အရှင်မြတ်၏အကူအညီနှင့် ထောက်ပံ့မှုအတွက် အလွှာဟ်ဂျလွှာဟ်ရှာနုဟူထံ ဆုမွန်ဒုအာတောင်းဆိုခဲ့သည်။ တမန်တော်မြတ် S သခင် ဒုအာဆုမွန်တောင်းခံရာတွင် ဆွဟာဗဟ်သာဝကကြီးများက အာမီးန် (ထိုအတိုင်းဖြစ်တော်မူပါစေ) ဟု ဆိုကြသည်။ စိုက်ယိဒိနာ အဗ်ဒုလွှာဟ်အိဗ်နိအဗ္ဗားစ် တင်ပြထားသည့် တမန်တော်မြတ် S သခင် တောင်းဆိုခဲ့သည့် ဒုအာ (တောင်းဆုတော်) ပါစကားလုံးများ ကို အောက်တွင် ဘာသာပြန်ဆိုထားသည်။

"အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးအပေါ်၌ အရှင်မြတ်ပြုထားတော်မူသည့် ကတိတော်အတိုင်း ဖြည့်ဆည်းပေးတော်မူပါ။ အို-အလ္လာဟ်အရှင်မြတ်၊ ရိုးကုပ်စောင့်စည်းသော မုစ်လင်မ်အုပ်စု သေကြေပျက်စီးပါက အရှင်မြတ်၏ ကမ္ဘာမြေပေါ်တွင် အရှင်မြတ်အား ခဝပ်ကိုးကွယ်သူ တစ်ဦးတစ်ယောက်မျှ ကျန်ရှိမည်မဟုတ်ပါ။ (အဘယ့်ကြောင့်ဆိုသော် ဤကမ္ဘာလောကတွင် ကုဖိရ်နှင့်ရှစ်ရိုက်များဖြင့် ပြည့်နှက်နေပြီး အရှင်မြတ်အား ခဝပ်ကိုးကွယ်ရမည့် အတိုင်း ခဝပ်ကိုးကွယ်သူမုစ်လင်မ်အနည်းငယ်သာလျှင် ရှိပါမည်။"

တမန်တော်မြတ် s သည် စိတ်အားထက်သန်စွာနှင့် ဝမ်းနည်းပူဆွေးတိုးလျှိုးကာ ဒိုအာဆုမွန်ကို မည်မျှ တောင်းခံခဲ့သနည်းဆိုလျှင် ကိုယ်တော်၏ပခုံးမှာ ရစ်ပတ်ထားသော ခြုံထည်ပင်လျှင် အောက်သို့လျောကျသွားခဲ့ပါသည်။ စိုက်ယိဒိနာအဗူဗကရ် d သည် ရှေ့သို့ထွက်လာ၍ ကိုယ်တော်မြတ်၏ မြင့်မြတ်သော ခန္ဓာကိုယ်ပေါ်သို့ ခြုံထည်ကို ပြန်လွှမ်းခြုံပြီး ကိုယ်တော်မြတ် s ကို လျောက်ထားသည်မှာ ယာရစူလွလ္လာဟ် ကျေးဇူးပြု၍ သောကဖြစ်မနေပါနှင့်။ အလ္လာဟ်အရှင်မြတ်သည် ကိုယ်တော်၏ဒုအာကို မုချဇကန် လက်ခံတော်မူ၍ အလ္လာဟ်အရှင်ပေးထားသည့် ကတိတော်ကို ဖြည့်ဆည်းတော်မူပါလိမ့်မည်" ဟူ၍ ဖြစ်သည်။

ဤအဖြစ်အပျက်သည် အာယသ် (၉)၏ အဖွင့်အဆိုအဓိန္ဓိဖြစ်သော "اِذْ تَسْتَغِيْثُوْنَ رَبَّكُمْ အကြောင်းအခါဝယ် အသင် တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်တွင် ကူညီစောင်မတော်မူရန် လျောက်ထား ပန်ကြားလျက်ရှိကြပေသည်" ကို ရည်ညွှန်းသည်။ ဆိုလိုသည်မှာ တမန်တော်မြတ် s သည် အရှင်မြတ်အား တသ၍ ထိုအရှင်မြတ်၏ အကူအညီနှင့် အထောက်အပံ့အတွက် တောင်းခံ ခဲ့သောအချိန်သည် သတိရမှတ်သားထိုက်ပေသည်။ အကူအညီအတွက် ဤအသနားခံမှုသည် တမန်တော်မြတ် s တောင်းခံခဲ့သော်လည်း စင်စစ်ထိုအချိန်တွင် ကိုယ်တော်မြတ်ဘေးပတ်လည်၌ ဆွဟာဗဟ်သာဝကကြီးများအားလုံးက အာမီးန် (ထိုအတိုင်းပင် ဖြစ်ပါစေ) ဟု ဆိုခဲ့ သောကြောင့် ဤတောင်းခံမှုသည် တစ်အုပ်စုလုံး၏ တောင်းဆိုမှုဖြစ်သွားခဲ့သည်။

ဤသည်နောက် ဤတောင်းဆုဒုအာကို မည်သို့လက်ခံခဲ့ကြောင်း ဖော်ပြထားသည်။ တောင်းဆိုသော စကားလုံးများအား "فَاسْتَجَابَ لَكُمْ اَنِّيْ مُمِدُّكُمْ بِاَلْفٍ مِّنَ الْمَلٰٓئِكَةِ مُرْدِفِيْنَ ၎င်းနောက် ထိုအရှင်မြတ်သည် အသင်တို့၏ပန်ကြားချက်ကို (လက်ခံတော်မူ၍) ဇကန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့အား တစ်ပါးပြီး တစ်ပါး (ဆက်တိုက်) လာကြမည်ဖြစ်သော "မလာအိကာ ကောင်းကင်စေတမန် တစ်ထောင်ဖြင့် ကူညီစောင်မတော်မူမည်" ဟု ပြန်ကြားတော်မူခဲ့သည်။ (၈ း ၉)

အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်စေတမန်များအား ကောင်းချီးမင်္ဂလာပေးခဲ့သည့် အနှင်းမဲ့ စွမ်းအင်ကို စိုက်ယိဒိနာ လူးသ် a ၏ လူများနေထိုင်ခဲ့သော ကမ္ဘာမြေကြီး၏ အစိတ်အပိုင်းအား ကောင်းကင်စေတမန်များက ပြောင်းပြန်လှန်ပစ်လိုက်သည့် အဖြစ်အပျက်မှ ပေါ်ထွက်လာမှုနှင့် နှင်းယှဉ်ကြည့်နိုင်သည်။ ဤအဖြစ်အပျက်ကို ကောင်းကင်စေတမန် ဂျိဗရာအီလ်က ၎င်း၏ အတောင်တစ်ချောင်းကို လှုပ်ခါလိုက်သည်နှင့် ဖြစ်ပျက်ခဲ့သည်။ ထို့ကြောင့် ဤတိုက်ပွဲကိုဆင်နွှဲရန် ကောင်းကင်တမန်မြောက်များစွာကို စေလွှတ်ရန်မလိုပါ။ ကောင်းကင်စေတမန်တစ်ပါးသည်ပင်လျှင် လိုသည်ထက် ပိုနေပေသေးသည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ကျေးကျွန်များက ကိန်းဂဏန်းများပေါ် အထင်ကြီးမှုအား နားလည်တော်မူပေသည်။ ထို့ကြောင့် တိုက်ပွဲတွင်ရှိ ရန်သူ

များ အရေအတွက်နှင့် တူညီသည့်ကောင်းကင် စေတမန်များ စေလွှတ်မည်ဟု ကတိပြုခဲ့သည်။ သို့မှသာ ၎င်းတို့ နလုံးသားများသည် ရှင်းလင်း၍ တည်ငြိမ် အေးချမ်းသွားပါလိမ့်မည်။

စတုတ္ထအာယသ် (၁၀)ထဲ၌ ဤအချက်ကို ရှင်းလင်းစွာ ပြန်လည်ဖော်ပြကာ- **وَ مَا جَعَلَهُ اللّٰهُ اِلَّا بُشْرٰی وَ لِتَطْمَئِنَّ بِهٖ قُلُوْبُكُمْ** ဟူ၍ မိန့်ထားသည်။ ဆိုလိုသည်မှာ "စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ထို(ကဲ့သို့ မလာအိကဟ်များကို စေလွှတ်တော်မူ၍ ကူညီတော်မူမည်ဟု) ကတိကိုပေးတော်မူခြင်းမှာ အသင်တို့အဖို့ ဝမ်းမြောက်ဖွယ်ရာသတင်း အဖြစ်သာလည်းကောင်း၊ အသင်တို့၏ စိတ်နလုံးများသည် ထိုသတင်း(ကို ကြားသိရခြင်းအား) ဖြင့် နှစ်သိမ့်ခြင်းငှာ လည်းကောင်း ပြုတော်မူခဲ့လေသည်" ဟူ၍ဖြစ်သည်။

ဗဒ်ရိစစ်ပွဲတွင် မုစ်လင်မ်များအား ပံ့ပိုးရန်အတွက် စေလွှတ်သော ကောင်းကင်စေတမန် အရေအတွက်သည် တစ်ထောင်ဟု ဤနေရာ၌ ဖော်ပြထားသော်လည်း စူရတ်အာလိအင်မ်ရာန်ထဲတွင် (၃း၁၂၄) တွင် ဖော်ပြထားသော အရေအတွက်မှာ သုံးထောင်နှင့်ငါးထောင်ဖြစ်သည်။ ယင်းအကြောင်းအား မတူညီသောအခြေအနေနှင့် အချိန်အခါ၌ မတူညီသောကတိတော်သုံးခု ပြုထားမှုပေါ်မူတည်သည်။ ပထမကတိတော်သည် ကောင်းကင်စေတမန်တစ်ထောင် ဖြစ်သည်။ ယင်းသည် တမန်တော်မြတ် s သခင်၏ ဒုအာဆုမွန်နှင့် ကိုယ်တော်မြတ်နှင့်အတူရှိနေသည့် သာမန် မုစ်လင်မ်များ၏ မကျေနပ်မှုကိုအထောက်အကူပြုသည့် အနေဖြင့်ဖြစ်သည်။ စူရတ်အာလိအင်မ်ရာန်တွင် ဦးစွာပထမ ဖော်ပြထားသည့် ကောင်းကင်စေတမန် သုံးထောင်စေလွှတ်မည်။ ဒုတိယကတိတော်မှာ ကုရိုက်ရှစ်တပ်ကို ပူးပေါင်းရန် နောက်ထပ်စစ်တပ်များ လာရောက်မည်ဟု မုစ်လင်မ်များကြားသိသောအခါက ပြုထားခြင်းဖြစ်သည်။ ဤအကြောင်းကို အိဗ်နိ အဗီရှိုက်ဗဟ်၊ အိဗ်နိ အလ်မုန်ဒိုးနှင့် အခြားသူများမှတစ်ဆင့် အလ်ရှာအ်ဗီ၏ ဆင့်ပြန်ချက် တစ်ရပ်ကိုအခြေခံ၍ ရှူဟုလ်မအာနီကျမ်းတွင် တင်ပြထားသည်မှာ ဗဒ်ရိစစ်ပွဲဖြစ်ပွားသည့်နေ့၌ ကရ်ဇ်အိပ်နိဂျာဗီးရီ မုဟာရီဗီသည် မယုံကြည်သွေဆည်သူများအား အထောက်အကူပြုရန် နောက်ထပ်၍ လက်နက်ကိုင်တပ်ဖွဲ့များ ရောက်ရှိကြောင်း မုစ်လင်မ်များကြားသိသောအခါ၌ ၎င်းတို့သည် မငြိမ်မသက်နှင့် တုန်လှုပ်ချောက်ချား သွားကြသည်။ ထိုစဉ် စူရတ်အာလိအင်မ်ရာန်ပါ အာယသ် **اَلَنْ يَّكْفِيَكُمْ اَنْ يُّمِدَّكُمْ رَبُّكُمْ بِثَلٰثَةِ اٰلٰفٍ مِّنَ الْمَلٰٓئِكَةِ مُنْزَلِيْنَ** "အသင်တို့ကို မွေးမြူတော်မူသောအရှင်မြတ်သည် အသင်တို့အား (ထိုအရှင်မြတ်အထံတော်မှ) ဆင်းသက်စေတော်မူခြင်းခံရလေသော မလာအိကဟ် အပါးတော် စေတမန်သုံးထောင်ဖြင့် ကူညီစောင်မတော်မူခြင်းသည် အသင်တို့အဖို့ မလုံလောက်ပါသလော။ (၃း၁၂၄)" ကျ ရောက်ကာ ယင်းထဲ၌ ယုံကြည်သက်ဝင်သူများအတွက် အထောက်အပံ့ဖြစ်စေ အံ့ဖွယ် ကောင်းကင်မှစေတမန် (၃၀၀၀)ပါသောအဖွဲ့ စေလွှတ်မည်ဖြစ်ကြောင်း ရည်ညွှန်း ချက်ပါဝင်သည်။

ကောင်းကင်စေတမန် ငါးထောင်စေလွှတ်သည်ဆိုသည့် တတိယကတိတော်နှင့်ပတ်သက်လျှင် အကယ်၍ ရန်သူများက ရုတ်တရက် ထိုးစစ်ဆင်လိုက်လျှင် အထောက်အပံ့ဖြစ်စေမည့် ကောင်းကင်စေတမန် ငါးထောင် စေလွှတ်မည်ဟူသော အချက်ပါဝင်သည်။ ထိုကတိတော်သည် အထက်တွင် ကိုးကားခဲ့သည့် စူရတ်အာလိအင်မ်ရာန် (၃ း ၁၂၄ ၏နောက်တွင် ဖော်ပြထားသည့် ကတိတော်ပေးထားသည့် စကားလုံးများကို ဖော်ပြထားသည်မှာ -

**بَلٰٓى ۚ اِنْ تَصْبِرُوْا وَ تَتَّقُوْا وَ يَاْتُوْكُمْ مِّنْ فَوْرِهِمْ هٰذَا يُمْدِدْكُمْ رَبُّكُمْ بِخَمْسَةِ اٰلٰفٍ مِّنَ الْمَلٰٓئِكَةِ مُسَوِّمِيْنَ**

"အဘယ့်ကြောင့် မလုံလောက်ပါမည်နည်း။ (မုချ လုံလောက်ပေမည်) အကယ်၍ အသင်တို့သည် ခန္တီတရားထားရှိကြပါလျှင်လည်းကောင်း၊ ထိုနည်းတူစွာ အသင်တို့သည် (မြစ်တားထားသော

အချက်တို့မှ) ရှောင်ကြဉ်ကြပါလျှင် လည်းကောင်း၊ ထို့ပြင် ထို(ရန်)သူများသည် အသင်တို့ထံ ရုတ်တရက် တစ်မုဟုတ်ချင်း လာရောက် (တိုက်ခိုက်)ကြပါလျှင်လည်းကောင်း၊ အသင်တို့ကို မွေးမြူတော်မူသောအရှင်မြတ်သည် အမှတ်သညာထားရှိကြကုန်သော မလာအိကဟ် အပါးတော် စေတမန်ငါးထောင်ဖြင့် အသင်တို့အား ကူညီစောင်မတော်မူလတ္တံ့" (၃ း ၁၂၅) ဟူ၍ဖြစ်သည်။

အချို့ဋီကာရှင်များက ဤကတိထဲတွင် (၁)ဘေးဒုက္ခနှင့်ရင်ဆိုင်ရာတွင် ကြံ့ခိုင်စိတ်ရှိခြင်း၊ (၂) သပ်ဂ်ဝါ (သို့မဟုတ်) အလွှာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေခြင်းနှင့် (၃)ရန်သူတပ်ဖွဲ့များ ရုတ်တရက်အလုံးအရင်းနှင့် ရှောင်တခင် တိုက်ခိုက်ခြင်း စသောအခြေအနေသုံးခုပါဝင်သည်။ ဤအခြေအနေများအနက် ပထမနှစ်ခုမှာ ဆွဟာဗဟ် သာဝက ကြီးများ ဖြည့်ဆည်းပြီးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် တိုက်ပွဲစသည်မှဆုံးသည်ထိ ဤနှစ်ချက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်။ သို့သော်လည်း ရုတ်တရက် ရှောင်တခင်တိုက်ခိုက်ခြင်းဆိုသော တတိယအချက်ကား ဖြစ်ပေါ်မလာခဲ့ချေ။ ထို့ကြောင့် ကောင်းကင်စေတမန် (၅၀၀၀) ရှိသော စစ်တပ်ကိုစေလွှတ်ရန် အကြောင်းမရှိတော့ချေ။

ထို့ကြောင့် တစ်ထောင်နှင့်သုံးထောင်ကိစ္စသည် လည်နေပါသည်။ ယင်းကြောင့် ဖြစ်နိုင်သည်မှာ သုံးထောင်ဟူသည့်ကိန်းဂဏန်းသည် အစောပိုင်းတစ်ထောင်ပို့ပြီး နောက်ထပ်နှစ်ထောင်ပို့ကာ သုံးထောင် ဖြစ်စေနိုင်သည်။ ထို့နောက် နောက်ထပ်ဖြစ်နိုင်သေးသည်မှာ ဤသုံးထောင်သည် ပထမပို့ပြီးသည့်အပေါ် ထပ်၍ပို့ခြင်းဖြစ်နိုင်သည်။

ဤအဆင့်၌ အာယသ် (၈း၉, ၃း၁၂၄, ၃း၁၂၅) ဖြစ်သော ဤသုံးအာယသ်ထဲတွင် ဖော်ပြထားသော ကတိတော်အရ ကောင်းကင်စေတမန်အုပ်စုသုံးစု စေလွှတ်ရာ၌ တစ်စုစီ၏ သီးခြားအရည်အချင်းများ တစ်ခုကို ဖော်ပြထားသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ စူရဟ်အလ်အန်ဖားလ်၏ လက်ရှိအာယသ်တော် (၉)ထဲတွင် ကောင်းကင်စေတမန် တစ်ထောင်စေလွှတ်မည်ဟု ကတိပြုရာတွင် ဤကောင်းကင်စေတမန်များ၏ အရည်အချင်းကို တစ်ပါးပြီး တစ်ပါး ဆက်တိုက်လာကြသော مُرْدِفِيْنَ (မုရ်ဒိဖီးန်)ဟူသောစကားလုံးဖြင့် ဖော်ပြထားသည်။ မူရင်းစာသားအတွင်း ဖော်ပြခဲ့ပြီး အညွှန်းအရ အခြားကောင်းကင်စေတမန်များသည်လည်း ဤကောင်းကင်စေတမန်များနောက်မှ လိုက်ပါခဲ့သည် ဟုလည်း ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ ထို့နောက် အထက်တွင် ကိုးကားခဲ့ပြီးသည် စူရဟ်အာလိအင်မ်ရာန် (၃ း ၁၂၄)ထဲတွင် ကောင်းကင်စေတမန်များ၏ အရည်အချင်းကို "ဆင်းသက်စေခြင်းခံရသော" ဟု ဘာသာပြန်ထားသည်။ مُنْزَلِيْنَ မုန်ဇီလီးန် အဖြစ်ဖော်ပြထားခဲ့သည်။ ဤ ကောင်းကင်စေတမန်များသည် မိုးကောင်းကင်မှ ဆင်းသက်စေပါသည်ဟု ဆိုလိုသည်။ ဤတွင် ဤကိစ္စရပ်အတွက် အထူးစီမံချက်တစ်ရပ်ပါရှိကြောင်း အညွှန်းပါဝင်သည်။ ယင်းမှာ ကမ္ဘာ မြေပြင်၌ရှိနေပြီးဖြစ်သော ကောင်းကင်စေတမန်များကို ဤတာဝန်အတွက် အသုံးပြုမည်မဟုတ်ပါ။ ယင်းအစား ၎င်း တို့အား အပ်နှင်းသည့်တာဝန်ကိုလုပ်ဆောင်ရန် ကောင်းကင်မှ ကောင်းကင်စေတမန်များ စေလွှတ်မည်ဟူ၍ ဖြစ်သည်။ ထို့ နောက် စူရဟ်အာလိအင်မ်ရာန် (၃း၁၂၅) ဒုတိယအာယသ်တော်ထဲ၌ မလာအိကဟ်ငါးထောင်ဟူသော အရေအတွက် ကိန်းဂဏန်းဖော်ပြထားသည်။ ထိုအာယသ်ထဲ၌ ကောင်းကင်စေတမန်များ၏ အရည်အသွေးကို "အမှတ်အသား ထားရှိကုန်သော" ဟူ၍ ဘာသာပြန်ထားသည့် مُسَوِّمِيْنَ (မုစောင်ဝ်ဝေမီးန်) ဟူသော စကားလုံးဖြင့် ဖော်ပြထားသည်။ ဆိုလိုသည်မှာ ၎င်းတို့သည် သီးခြားဝတ်စုံနှင့် ပေါ်လွင်ထင်ရှားသော လက္ခဏာများဖြင့် ပေါ်ထွက်လာမည် ဟူ၍ဖြစ်သည်။

ဤသည်ကို ဟဒီးဆ်တော်ဆင့်ပြန်ချက်များက ထောက်ခံတင်ပြထားသည်မှာ ဗဒ်ရ်စစ်ပွဲတွင် ဆင်းသက်လာသော ကောင်းကင်စေတမန်များ၏ ခေါင်းပေါင်းသည် အဖြူရောင်ဖြစ်၍ ဟုနိုင်းန် စစ်ပွဲတွင် ယုံကြည်သက်ဝင်သူများအား ကူညီရန်ဆင်းသက်လာသော ကောင်းကင်စေတမန်များ၏ ခေါင်းပေါင်းသည် အနီရောင်ဖြစ်သည်။

နောက်ဆုံးတွင် အာယသ်(၁၀)၏ အဆုံး၌ وَمَا النَّصْرُ إِلَّا مِنْ عِنْدِ اللَّهِ إِنَّ اللَّهَ عَزِيزٌ حَكِيمٌ "အမှန်သော်ကား အောင်မြင်မှုသည် အလ္လာဟ် အရှင်မြတ်ထံတော်မှသာလျှင် ဖြစ်၏။ ဇကန်မလွှဲ အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသော အရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း" ဟူ၍ မိန့်ထားသည်။ ဤနေရာ၌ မည်သို့သောအမျိုးအစားပင်ဖြစ်စေ မည်သည့် နေရာမှဖြစ်စေ ပွင့်ပွင့်လင်းလင်းဖြစ်စေ၊ လျှို့ဝှက်၍ဖြစ်စေ အလုံးစုံသောကူညီမှုတို့သည် အလ္လာဟ်အရှင်မြတ်ထံမှသာလျှင်ဖြစ်ကြောင်းနှင့် အရှင်မြတ်၏ တန်ခိုးတော်နှင့်ထိန်းချုပ်မှုအရ ပေါ်ထွက်လာကြောင်း မုစ်လင်မ်များကို သတိပေးထားသည်။ ကောင်းကင်စေတမန်များ၏ ပံ့ပိုးမှုနှင့် အကူအညီဆိုသည်မှာလည်း အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရမှအပ မည်သည့် အကြောင်းမျှ မဟုတ်ချေ။ ထို့ကြောင့် ယုံကြည် သက်ဝင်သူအားလုံးသည် အလွန်တရာ သန့်ရှင်းစင်ကြယ်တော်မူသောအရှင်၊ တစ်ပါးတည်း တည်ရှိတော်မူသောအရှင်၊ တွဲဖက်ယှဉ်တွဲကိုးကွယ်ခံထိုက်သူမရှိသော အရှင်ကိုသာလျှင် မျှော်မှန်းရပေမည်။ အဘယ့်ကြောင့် ဆိုသော် ထိုအရှင်မြတ်သည်သာလျှင် အကြီးအကျယ်ဆုံးသော တန်ခိုးတော်နှင့် ဉာဏ်အမြော်အမြင် စိုးပိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။

## အာယသ် (၁၁-၁၄)

إِذْ يُغَشِّيكُمُ النُّعَاسَ أَمَنَةً مِّنْهُ وَيُنَزِّلُ عَلَيْكُم مِّنَ السَّمَاءِ مَاءً لِّيُطَهِّرَكُم بِهِ وَيُذْهِبَ عَنكُمْ رِجْزَ الشَّيْطَانِ وَلِيَرْبِطَ عَلَىٰ قُلُوبِكُمْ وَيُثَبِّتَ بِهِ الْأَقْدَامَ ﴿١١﴾ إِذْ يُوحِي رَبُّكَ إِلَى الْمَلَائِكَةِ أَنِّي مَعَكُمْ فَثَبِّتُوا الَّذِينَ آمَنُوا ۚ سَأُلْقِي فِي قُلُوبِ الَّذِينَ كَفَرُوا الرُّعْبَ فَاضْرِبُوا فَوْقَ الْأَعْنَاقِ وَاضْرِبُوا مِنْهُمْ كُلَّ بَنَانٍ ﴿١٢﴾ ذَٰلِكَ بِأَنَّهُمْ شَاقُّوا اللَّهَ وَرَسُولَهُ ۚ وَمَن يُشَاقِقِ اللَّهَ وَرَسُولَهُ فَإِنَّ اللَّهَ شَدِيدُ الْعِقَابِ ﴿١٣﴾ ذَٰلِكُمْ فَذُوقُوهُ وَأَنَّ لِلْكَافِرِينَ عَذَابَ النَّارِ ﴿١٤﴾

**(ပြန်လည်၍) သတိရရှိကြလေကုန်)။ အခါတစ်ပါး၌ ထိုအရှင်မြတ်သည် မိမိအထံတော်မှ အသင်တို့အပေါ်သို့ အမောအပန်းပြေစေခြင်းငှာ ငိုက်မျဉ်းခြင်းကို ဖုံးလွှမ်းစေတော်မူခဲ့လေသည်။ ၎င်းပြင် အသင်တို့အပေါ်၀ယ် မိုးကောင်းကင်မှ(မိုး)ရေကို ထို(မိုးရေ)ဖြင့် အသင်တို့အား သန့်ရှင်းစင်ကြယ်စိမ့်သောငှာလည်းကောင်း၊ အသင်တို့ (၏စိတ်နလုံးတွင်း) မှ ရွံရှာစက်ဆုပ်ကောင်း၏အကြံပေးချက်ကို ပပျောက်စိမ့်သောငှာလည်းကောင်း၊ (အသင်တို့၏) ခြေများကို ထို(မိုးရေ)ဖြင့် မြဲမြံခိုင်မြဲစိမ့်သောငှာ လည်းကောင်း၊ အသင်တို့၏ စိတ်နလုံးများကို ကြံ့ခိုင်စေရန်လည်းကောင်း ရွာသွန်းစေလျက် ရှိတော်မူ ခဲ့ချေသတည်း။ (၈ : ၁၁)**

(ပြန်လည်သတိရရှိပါလေ) တစ်ရံရောအခါ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် "မလာအိကဟ်" ကောင်းကင်စေတမန်များထံ (ဤသို့) "ဝဟီ" အမိန့်တော် ချမှတ်တော်မူခဲ့လေသည်။ "ငါအရှင်မြတ်သည် ဇကန်စင်စစ် အသင်တို့နှင့်အတူ ရှိတော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့အား (ကြံ့ခိုင်စွာ) တည်မြဲစေကြလေကုန်။

မကြာမီပင် ငါအရှင်မြတ်သည် "ကာဖိရ်" မယုံကြည် သွေဖည် ငြင်းပယ်သောသူတို့၏ စိတ်နလုံးများ၌ ကြောက်ရွံ့ထိတ်လန့်ခြင်းကို တည့်သွင်းပေးတော်မူအံ့။ သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းတို့၏လည်ကုပ်များကို ခုတ်ဖြတ်ကြလေကုန်။ ထိုနည်းတူစွာ အသင်တို့သည် ၎င်းတို့၏လက်ချောင်းများ၏ အဆစ်များကို တစ်ခုစီ ဖြတ်တောက် ကြလေကုန်။

(၈ : ၁၂)

ဤ(အမိန့်တော်) သည်ကား ယင်း(မုရှ်ရစ်က်)တို့သည် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ အရှင်မြတ်၏ရစူလ်တမန်တော်အားလည်းကောင်း ဆန့်ကျင်ခဲ့ကြသောကြောင့် (ချမှတ်တော်မူသော အမိန့်တော်) ပင်တည်း။ စင်စစ်သော်ကား မည်သူမဆို အလ္လာဟ် အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်အားလည်းကောင်း ဆန့်ကျင်ပါမူ အလ္လာဟ်အရှင်မြတ်သည် အမှန်စင်စစ် ပြင်းထန်စွာ ပြစ်ဒဏ်စီရင်တော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။ (၈ : ၁၃)

သို့ဖြစ်ပေရာ အသင်တို့သည် ဤသည့်(ပြစ်ဒဏ်)ကို မြည်းစမ်းကြလေကုန်။ ၎င်းပြင် ဇကန်မလွဲ "ကာဖိရ်" မယုံကြည် သွေဖည်ငြင်းပယ်ကုန်သောသူတို့ ခံစားအံ့သောငှာ "ဂျဟန္နမ်" ငရဲဘုံ၏ပြစ်ဒဏ်သည် အဆင်သင့်ရှိသည် (ကိုလည်း ကောင်းစွာမှတ်ယူကြလေကုန်။) (၈ : ၁၄)

## အကျယ်ဖွင့်ဆိုခြင်း

စတင်ကတည်းက အလ္လာဟ်အရှင်မြတ်၏ ရိုကျိုးသောကျေးကျွန်များအပေါ် ကျရောက်ခဲ့သော အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများကို အမှတ်စဉ်တပ်၍ဖော်ပြထားသည်။ ဗဒ်ရိုစစ်ပွဲ၏အဖြစ်အပျက်များသည် ထိုကောင်းချီးမင်္ဂလာများထဲမှ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ဗဒ်ရိုစစ်ပွဲအတွင်းတွင် အလ္လာဟ်အရှင်မြတ်ချပေးတော်မူသည့် မြောက်မြားစွာသော ကောင်းချီးမင်္ဂလာများမှ ပထမဦးဆုံးကောင်းချီးမင်္ဂလာမှာ ဤဂျီဟဒ်အတွက် မုစ်လင်မ်များ ဆွဲဆုတ်ခြင်းဖြစ်သည်။ ယင်းအကြောင်းကို كَمَآ اَخۡرَجَكَ رَبُّكَ "အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မှန်ကန်စွာဆုံးဖြတ်၍ အသင့်ကို အသင်၏အိမ်မှ ထွက်စေတော်မူသကဲ့သို့ပင်" (၈း၅) တွင်ဖော်ပြထားသည်။

ဒုတိယကောင်းချီးမင်္ဂလာမှာ ကောင်းကင်စေတမန်များက အထောက်အကူပေးမည့် ကတိတော်ကို وَاِذۡ يَعِدُكُمُ اللّٰهُ "ငင်းပြင် အကြင်အခါ၀ယ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အုပ်စုနှစ်စုအနက် တစ်စုနှင့်ပတ်သက်၍ ထိုတစ်စုသည် အသင်တို့၏လက်တွင်းသို့ မုချကျရောက်လိမ့်မည်ဟု ကတိပြုလျက်ရှိတော်မူခဲ့လေသည်"(၈း၈)

ဟုဖော်ပြ ထားသည်။ တတိယကောင်းချီးမင်္ဂလာမှာ တောင်းဆိုခဲ့သည့် ဒုအာကိုလက်ခံ၍ အကူအပံ့ပေးမည်ဟူသည့် ကတိ တော်ကို ဖြည့်ဆည်းခြင်းဖြစ်သည်။ ယင်းအကြောင်းကို اِذْ تَسْتَغِيْثُوْنَ رَبَّكُمْ "အကြောင်အခါဝယ် အသင်တို့သည် မိမိတို့အား ဖန်ဆင်း မွေးမြူတော်မူ သော အရှင်မြတ်အထံတော်တွင် ကူညီစောင်မတော်မူရန် လျှောက်ထားပန်ကြား လျက်ရှိကြပေသည်"(၈း၉) ထဲတွင် ဖော်ပြထားသည်။ စတုတ္ထကောင်းချီးမင်္ဂလာကို အထက်ဖော်ပြပါ ပထမအာယသ် လေးခုထဲတွင် ဖော်ပြထားသည်။ ဤထဲတွင် ယုံကြည်သက်ဝင်သူများအတွက် ကောင်းချီးမင်္ဂလာနှစ်ရပ်ဖော်ပြထား သည်မှာ (၁) အစုလိုက်အပြုံလိုက် ငိုက်မျဉ်းစေ၍ ပူပင်သောကရောက်မှုနှင့် ပင်ပန်းနွမ်းနယ်မှုတို့ကို ဖယ်ရှားပစ်ခြင်း (၂) မိုးမှ တစ်ဆင့်သောက်ရေရစေရုံမျှမက မုစ်လင်မ်များ၏ စစ်မြေပြင်ချောမွေ့စေ၍ ရန်သူဘက်တွင် ရွှံ့ဗွက်များ ဖြစ်စေပါသည်။

ထိုနေရာတွင် ဖြစ်ပျက်ခဲ့သည့်အသေးစိတ်အချက်အလက်များအရ အစ္စလာမ်နှင့်ကုဖ်ရ် (မယုံကြည် သွေ ဖည်ငြင်းပယ်မှု) တို့ ပထမဆုံးထိပ်တိုက်ရင်ဆိုင်တွေ့၍ စစ်ပွဲတစ်ပွဲသို့ မုချပြောင်းလဲသွားသောအခါ၌ မက္ကာဟ် မြို့မှ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏စစ်တပ်သည် အမြင့်တွင်နေရာယူ၍ ၎င်းတို့အနီးနားတွင် ရေရှုရှာ၌ စခန်းချပြီး ဖြစ်သည်။ တမန်တော်မြတ် ﷺ သခင်နှင့် ဆွဟာဗဟ်သာဝကကြီးများ ထိုနေရာရောက်ရှိသွားသော အခါတွင် တောင် ကြားလမ်း၏အောက်ခြေသည် ၎င်းတို့အတွက်ဖြစ်သွားခဲ့ရသည်။ ကုရ်အာန်ကျမ်းတော်မြတ်က ဤစစ်မြေပြင် အခင်း အကျင်းကို ဤစူရဟ်၏အာယသ် ၄၂ တွင်- اِذْ اَنْتُمْ بِالْعُدْوَةِ الدُّنْيَا وَهُمْ بِالْعُدْوَةِ الْقُصْوٰى "ထို (အုပ်စုတစ်စုနှင့်တစ်စု ရင်ဆိုင်တွေ့ကြုံကြသော) အချိန်အခါတွင် အသင်တို့သည် (စစ်မြေပြင်၏) အနီးဘက်ခြမ်းကြ ကုန်၏။ သို့ရာတွင် ၎င်းတို့မှာ အဝေးဘက်ခြမ်းကုန်၏" (၈း၄၂)ဟုမိန့်ကာပုံဖော်ပြထားသည်။ အသေးစိတ်ဖော်ပြမှုကို နောင်တွင် ဖော်ပြပါမည်။

တမန်တော်မြတ် ﷺ ပထဦးစွာစခန်းချသည့် နေရာ ရောက်သောအခါ နယ်မြေကျွမ်းကျင်သည့် စိုက်ယိဒါနာ ဟုဗာဗ်အိဗ်နိုအလ်မုန်ဒီးရ် رضي الله عنه က ဤနေရာသည် သေနင်္ဂဗျူဟာအရ မသင့်လျော်ဟုဆင်ခြင်သုံးသပ်ခဲ့သည်။ ဤအယူ အဆအရ ၎င်းသည် ရိုသေလေးမြတ်စွာ စုံစမ်းမေးမြန်းသည်မှာ "ယာရစူလွလ္လာဟ် ကိုယ်တော်ရွေးချယ်သည့် ဤ နေရာသည် အလ္လာဟ်အရှင်မြတ်အမိန့်တော်အတိုင်း လိုက်နာခြင်းလော၊ သို့ဖြစ်လျှင် ကျွန်တော်များတို့ ဘာမျှပြောဆိုရန် မရှိပါ။ သို့မဟုတ်ပါက ထင်မြင်ယူဆချက်နှင့် သင့်တော်သလိုဆောင်ရွက်မှုပေါ် အခြေခံခြင်း ဖြစ်ပါသလား။" ကိုယ် တော်မြတ် ﷺ ကမိန့်သည်မှာ ဤသည်မှာ အလ္လာဟ်အရှင့်ပြဋ္ဌာန်းမှုမဟုတ်၊ ဤသည်ကို ပြောင်းခြင်း (သို့မဟုတ်) နေရာပြန်ယူခြင်းလုပ်နိုင်ပါသည်။ ထို့နောက် စိုက်ယိဒါနာ ဟုဗာဗ်အိဗ်နိုအလ်မုန်ဒီးရ်က လျှောက်ထားသည်မှာ "သို့ဆို ပါလျှင် ဤနေရာမှရှေ့သို့ရွှေ့ခြင်းသည် ပိုကောင်းပါသည်။ သို့ဖြင့် ရေအရင်းအမြစ်နီးသော မက္ကာဟ်မြို့အား အကြီး အကဲများ၏ လက်နက်ကိုင်တပ် နေရာနှင့် နီးကပ်၍ ၎င်းတို့ကိုသိမ်းပိုက်နိုင်မည် ဖြစ်သည်။ ကျွန်တော်များတို့သည် ထိုနေရာ၌ ရေဖောဖော သီသီရရန် သေချာပါသည်။ ကိုယ်တော်မြတ် ﷺ သည် ၎င်း၏အကြံပြုချက်ကိုလက်ခံ၍ ရှေ့သို့ ချီတက်ကာ ရေရှိသည့်နေရာကို သိမ်းယူခဲ့ပါသည်။ ထို့နောက် ထိုနေရာ၌ ရေလှောင်ရန် ရေလှောင်ကန် တစ်ခု တည် ဆောက်စေ၍ ရေများ သိုလှောင်ထားစေပါသည်။

ဤသေနင်္ဂဗျူဟာဆိုင်ရာ လိုအပ်ချက်ပြုလုပ်ပြီးနောက် စိုက်ယိဒါနာစအဒ်အိဗ်နိုမုအားဒ် رضي الله عنه လျှောက်ထား သည်မှာ "ယာရစူလလ္လာဟ်၊ ကိုယ်တော်နေထိုင်ရန်နှင့် ကိုယ်တော်စီးနင်းသည့်တိရစ္ဆာန်များ ကိုယ်တော့်အနီး အပါး ရှိနေစေရန် လုံခြုံစိတ်ချရသောတစ်နေရာတွင် အမိုးအကာနှင့်အဆောက်အဦးတစ်ခု ကျွန်တော်များတို့ လုပ်လိုပါသည်။ ဤစီစဉ်မှုနောက်ကွယ်ရှိအစီအမံမှာ ကျွန်တော်များတို့သည် ရန်သူနှင့် ဂျီဟာဒ်စစ်ဆင်နွှဲပါမည်။ အကယ်၍ ကျွန်တော်

မျိုးတို့ကိုအလွှာဟ်အရှင်မြတ်ကအောင်နိုင်မှုဖြင့်ကောင်းချီးမင်္ဂလာပေးခဲ့လျှင်အစီအမံသည်ကောင်းမွန်စွာအောင်မြင်၍ ယင်းသည် ကိုယ်တော်မြတ်အတွက် ဖြစ်စေလိုပါသည်။ သို့သော်လည်း အလွှာဟ်အရှင် မလုပ်ပါစေနဲ့။ အကယ်၍ ထိုသို့မဟုတ်ခဲ့လျှင် ကိုယ်တော်မြတ်သည် ကုလားအုတ်ကိုစီးနင်း၍ မဒီနဟ်တွင်ကျန်ရစ်ခဲ့သော ကိုယ်တော်၏ ဆွေဟာဗဟ်များနှင့် ပြန်လည်ပူးပေါင်းနိုင်စေသော အနေအထားတွင် ရှိနေပါမည်။ အဘယ့်ကြောင့်ဆိုသော် ထိုဆွေဟာဗဟ်များသည် ဂျီဟာဒ်အတွက်စွန့်လွှတ်မှုနှင့် ကိုယ်တော်မြတ်အားချစ်ခင်မှုတွင် ကျွန်တော်မျိုးတို့ထက် မလျော့နည်းဟူသည်ကို ကျွန်တော်မျိုး ခိုင်ခိုင်မာမာယုံကြည်ပါသည်။ စင်စစ်အကယ်၍ ကိုယ်တော်သည် ထိုလက်နက်ကိုင်တပ်ဖွဲ့ကို ပြန်လည်တိုက်ခိုက်ရန်အကြံအစည်ရှိခဲ့လျှင် ထိုသူတို့သည် နောက်တွင် မည်သူမျှချန်ရစ်ကာနေမည့်သူများ မဟုတ်ကြပါ။ ကိုယ်တော်မြတ်သာမဒီနဟ်မြို့သို့ပြန်လည်ရောက်ခဲ့လျှင် ဤလုပ်ငန်းတွင် ထိုသူများသည် ကိုယ်တော်မြတ်၏အဓိပါင်းအဖော်များအဖြစ် အမြဲရှိနေကြမည်ဟု ကျွန်တော်မျိုး အသေအချာ ယုံကြည်ပါသည်။ ဤရဲရင့်၍ သိမ်မွေ့သော တင်ပြချက်အရ တမန်တော်မြတ် s သည် ထိုသူများအတွက် ဆုမွန်ဒုအာတောင်းပေးခဲ့သည်။ ထို့ကြောင့် ကိုယ်တော့်အတွက် ရိုးရိုးနှင့်အရိပ်ရသော သာမန် အဆောက်အဦးတစ်ခု ဆောက်လုပ်ကာ ယင်းတွင် ကိုယ်တော်မြတ် s နှင့် စိုက်ယိဒိနာအဗူဗကရ် d သခင်မှအပ မည်သူမျှမရှိပါ။ စိုက်ယိဒိနာမုအာဒ် d သည် လက်တွင်ဓားကိုင်၍ တံခါးတွင် ရပ်ကာ စောင့်ကြပ်နေပါသည်။

ဤသည်မှာ ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်မှု၏ ပထမညဉ့်ဖြစ်သည့် သန်မာသောလက်နက်ကိုင်တပ်သားတစ်ထောင်နှင့်ရင်ဆိုင်ရန် အများအားဖြင့် လက်နက်မပါသည့် လူ ၃၁၃ ဦးသည် နေရာယူထားခဲ့ကြသည်။ ရန်သူမှာ ၎င်းတို့ထက် ၃ ဆများပေသည်။ ရန်သူတို့မှာ စစ်မြေပြင်၏ပိုမိုကောင်းမွန်သောနေရာမှာ တပ်စွဲထားကြသည်။ မုစ်လင်မ်များမှာ တောင်ကြား၏နိမ့်သောအပိုင်း သဲများရှိ၍ ရွှံ့လျားရန်ခက်ခဲသောနေရာတွင် နေရာ ယူခဲ့ကြသည်။ လူတိုင်းမှာ စိုးရိမ်ကြောင့်ကြနေကြသည်။ ပူပင်သောကရောက်သည်မှာ သဘာဝကျပါသည်။ ရှိုက်တွာန်ကလည်း အချို့သူများကိုဆွေးသည်မှာ "မှန်ကန်သောလမ်းဟု အခိုင်အမာပြောဆို၍ အလွန်အရေးကြီး သောအချိန်ကာလတွင် အသင်တို့သည် အနားယူရမည့်အစား သဟ်ဗ္ဓဇ်ဝတ်ပြုဆောက်တည်နေကြသည်။ သို့သော်လည်း စစ်မြေပြင်၏ အခြေအနေမှန်ကို တစ်ချက်ကြည့်လိုက်ပါ။ အသင်တို့ရန်သူက လွှမ်းမိုးသောအရိပ်ကြီးမှာ သင်တို့ပေါ်လွှမ်းထားသော ကောင်းကင်စေတမန် အားလုံးထက်ပင် သာလွန်နေပါသည်။" ဤအခြေအနေများအရ အလွှာဟ်အရှင်မြတ်သည် မုစ်လင်မ်အပေါ်တွင် ပြိုင်ဖက်ကင်းသည့် ဝိုက်မျဉ်းခြင်းတစ်မျိုးဖြစ်စေကာ ၎င်းတို့အိပ်ချင်သည်ဖြစ်စေ၊ မအိပ်ချင်သည်ဖြစ်စေ အိပ်ပျော်သွားရသည်။

ဟဒီးစ်ပညာရှင်ကြီး အဗူယအ်လာကတင်ပြထားသည်မှာ "ဗဒ်ရ်စစ်ပွဲညဉ့်၌ ကျွန်ုပ်တို့အထဲတွင် မအိပ်စက်သူဟူ၍ တစ်ဦးတစ်ယောက်မျှမရှိပါ။ တမန်တော်မြတ် s တစ်ပါးတည်းသာလျှင် တစ်ညလုံးနီးကြား၍ နံနက်မိုးလင်းသည်အထိ သဟ်ဗ္ဓတ်ဆွေလာသ်ဝတ်ပြုဆောက်တည်လျက်ရှိသည်" ဟု အလီအလ်မုရ်သွသွာက မိန့်ကြားခဲ့သည်။

အိပ်နိုကဆီးရ်က အထောက်အထားခိုင်လုံစွာဖြင့် တင်ပြသည်မှာ ထိုညတွင် ကိုယ်တော်မြတ်အတွက် ဆောက်လုပ်ထားသော အရ်အိရှ်(သစ်ခက်များမိုးထားသောတဲ)ထဲ၌ ကိုယ်တော်မြတ်သည် သဟ်ဗ္ဓဇ်ဆွေလာသ်ဝတ်ပြုဆောက်တည်စဉ်တွင် ကိုယ်တော်သည်လည်း ဝိုက်မျဉ်းခြင်းတစ်မျိုးဖြစ်စေခဲ့ပါသည်။ သို့သော်လည်း ရုတ်တရက် ချက်ချင်း ကိုယ်တော်ကပြုံး၍ တဲထဲမှထွက်လာကာ "အို-အဘူဗကရ်အသင့်အတွက်ကောင်းသတင်း ရောက်လာချေပြီ။ တောင်စွန်းတွင်ရပ်နေသူမှာ ဂျိဗရာအီလ် a ဖြစ်သည်ဟုပြောပြီးနောက် အောက်ပါအာယသ်တော်ကို ဖတ်ရွတ်

သရဖျာယ်၍ တဲပြင်သို့ထွက်လာခဲ့သည်။ سَيُهْزَمُ الْجَمْعُ وَيُوَلُّونَ الدُّبُرَ "ယင်းအုပ်စုမှာ မကြာမြင့်မီမှာပင် အရေးရှုံးနိမ့်ကြပြီး ကျောခိုင်း၍ထွက်ပြေးကြရပေမည်။"(၅၄:၄၅) အချို့ဆင့်ပြန်ချက်များအရ ကိုယ်တော်မြတ် s အပြင်သို့ရောက်သောအခါ၌ နေရာအတော်များများကိုညွှန်ပြ၍ "ဤနေရာမှာ အဗူဂျဟဲလ်သေဆုံးမည့်နေရာ၊ ဤနေရာမှာမည်သူမည်ဝါ၊ ထို့နောက် ဤနေရာမှာ မည်သူမည်ဝါအတွက်ဟူ၍" မိန့်ကြားခဲ့သည်။ ထို့နောက် အဖြစ်အပျက်များမှာ ကိုယ်တော်ညွှန်ပြသည့်နေရာ အတိအကျတွင် ဖြစ်ပွားခဲ့သည်။ (သဖီစီရ်မဏာဟီရီ)

ဗဒ်ရ်စစ်ပွဲအတွင်းက အလ္လာဟ်တအာလာသည် ၎င်းတို့၏ပင်ပန်းနွမ်းနယ်မှုများနှင့် စိတ်သောကရောက်မှုများကို ဖယ်ရှားစေရန်အတွက် တမန်တော်မြတ် s သခင်၏ဆွတ်ခတ်မှုများအပေါ်သို့ အိပ်စိုက်မည့်သီးသန့် အမျိုးအစားတစ်ခု ကျရောက်စေသကဲ့သို့ အုဟုဒ်စစ်ပွဲအတွင်းမှာလည်း ထိုကဲ့သို့ဖြစ်ပျက်ခဲ့ပါသည်။

စိုက်ယိဒ်နာအဗ်ဒုလ္လာဟ်အိဗ်နိုမတ်စ်အူးဒ် d သခင်၏ခိုင်လုံမှုအရ စွဖ်ယာမ်အလ်သောင်ရီသခင်က တင်ပြခဲ့သည်မှာ စစ်မက်ဖြစ်နေစဉ်အတွင်း အိပ်စက်ခြင်းသည် အလ္လာဟ်အရှင်မြတ်ထံမှ ကျရောက်လာသော ငြိမ်းချမ်းခြင်းနှင့် တည်ငြိမ်ခြင်းလက္ခဏာတစ်ရပ်ဖြစ်သည်။ ဆွလာသ်ဝတ်ပြုစဉ်အတွင်း အိပ်စိုက်ခြင်းမှာမူ ရှိုင်တွာန်ထံမှဖြစ်သည်။ (အိဗ်နေကဆီးရ်)

ထိုညက မုစ်လင်မ်တို့ရရှိသော ဒုတိယကောင်းချီးမင်္ဂလာမှာ မိုးရွာသွန်းခြင်းကြောင့် စစ်ပွဲဆိုင်ရာစီမံမှုများ အားလုံး လုံးဝဥသုံး ပျက်စီးသွားခဲ့သည်။ ကိုရိုက်ရှ်တို့နေရာယူထားသောနေရာမှာ မိုးသည်းထန်စွာရွာသွန်း၍ ဗွက်များဖြစ်ကာ လမ်းလျှောက်ရန်ပင် ခက်ခဲသွားသည်။ ထို့နောက် တမန်တော်မြတ် s နှင့် ကိုယ်တော်၏ဆွတ်ခတ်ကြီးများကနဦးက စခန်းချထားသောနေရာသည် သဲမြေဖြစ်၍ လမ်းလျှောက်ရန်ခက်ခဲသည်။ မိုးရွာသွန်းသောအခါ ဤဘက်မှာ မိုးအနည်းငယ်သာဖြစ်၍ သဲပြင်သည်ခိုင်မာကျစ်လျစ်သွား၍ လွယ်လွယ် လမ်းလျှောက်သွား နိုင်ပေသည်။

အထက်ဖော်ပြပါ ပထမအာယသ် ၄ ခုအနက် အာယသ်တော် (၁၁) ထဲတွင် ဤကောင်းချီးမင်္ဂလာနှစ်ခုဖြစ်သော အိပ်ခြင်းနှင့် မိုးရွာသွန်းခြင်းတို့အကြောင်း ဖော်ပြထားသည်။ ယင်းကြောင့် စစ်ပွဲအစီအမံများ တိုးတက်ကောင်းမွန်လာသည်။ ထို့နောက် စိတ်ဓါတ်အားနွဲ့သောစစ်သည်တော်တို့ကို ရှိုင်တွာန်၏ဆွပေးသည့်စကားများဖြစ်သည့် "ကျွန်ုပ်တို့သည် အမှန်တရားဘက်တွင်ရှိနေသော်လည်း နာပိကွပ်ခြင်းနှင့်လွှမ်းမိုးခြင်းခံနေရဟန်ရှိသည်။ ကျွန်ုပ်တို့ရန်သူမှာမူ အမှားဘက်တွင်ရှိလင့်ကစား တန်ခိုးအာဏာခမ်းနားကြီးကျယ်မှုနှင့် ယုံကြည်ချက်နှင့်ပြည့်နေပါသည်"ဟူသည်တို့မှ ဆေးကြောပြီးဖြစ်သွားပါသည်။

ထို့ကြောင့် ဤအာယသ်တော်ထဲ၌ မုစ်လင်မ်များကို အလ္လာဟ်အရှင်မြတ်က ၎င်းတို့အပေါ်၌ တည်ငြိမ်မှုကျရောက်စေရန် ၎င်းတို့အား ငိုက်မျဉ်းစေခြင်းနှင့် အရှင်မြတ်သည် ၎င်းတို့အပေါ် မိုးများရွာချစေကာ ထိုမိုးရေ တို့ဖြင့် အရှင်မြတ်ကထိုသူတို့အား သန့်ရှင်းစေပြီး ရှိုင်တွာန်၏မသန့်စင်သောလှုံ့ဆော်စကားများမှ ဖယ်ရှားစေကာ နှလုံးသားများကြံ့ခိုင်စေ၍ ခြေမြဲခဲ့သောအခါသမယကို ပြန်လည်သတိရစေရန် မိန့်ထားသည်။

ဒုတိယအာယသ် (၁၂) ထဲတွင် ဗဒ်ရ်စစ်ပွဲဝဲတွင်းရှိ မုစ်လင်မ်များအတွက် ပဋ္ဌမမြောက်ကောင်းချီးမင်္ဂလာကို ဖော်ပြထားသည်။ ယင်းကောင်းချီးမင်္ဂလာသည် မုစ်လင်မ်များအားကူညီရန် စေလွှတ်သည့်ကောင်းကင်တမန်များအား ဦးတည်ပြောကြားအမိန့်ပေးမှုထဲ၌ ပါဝင်သည်။ အလ္လာဟ်အရှင်မြတ်က "ငါအရှင်မြတ်သည် ဇကန်စင်စစ် အသင်တို့နှင့်အတူရှိတော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား (ကြံ့ခိုင်စွာ) တည်မြဲ

စေကြလေကုန်။ မကြာမီပင် ငါအရှင်မြတ်သည် ကာဖိရ်မယုံကြည်သွေဖည်ငြင်းပယ်သူတို့၏ စိတ်နှလုံးများ၌ ကြောက်ရွံ့ထိတ်လန့်ခြင်းကို ထည့်သွင်းပေးတော်မူအံ့။ သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းတို့၏ လည်ကုပ်များကို ခုတ်ဖြတ်ကြလေကုန်။ ထိုနည်းတူစွာ အသင်တို့သည် ၎င်းတို့၏လက်ချောင်းများ၏အဆစ်များ ကို တစ်ခုစီဖြတ်တောက် ကြလေကုန်"ဟု မိန့်ထားသည်။

ဤနေရာ၌ ကောင်းကင်စေတမန်များကို တာဝန်နှစ်ရပ် အပ်နှင်းထားသည်။ (၁) ၎င်းတို့သည် မုစ်လင်မ်များကို အားပေးရန် လှုံ့ဆော်ခြင်းနှင့် မုစ်လင်မ်များ ခိုင်မာစွဲမြဲမှုအား ဖြစ်စေခြင်းတို့ဖြစ်သည်။ ယင်းလုပ်ရပ်များ လုပ်ဆောင်ရန် နှစ်နည်းရှိသည်။ တစ်နည်းမှာ စစ်ပွဲတွင် မုစ်လင်မ်အုပ်စုတွင်အင်အားတိုးစေရန် ဝင်ရောက်ဆင်နွှဲစေခြင်း၊ ဒုတိယတစ်နည်းမှာ ကောင်ကင်တမန်များ၏ မမြင်နိုင်သည့်ကိစ္စရပ်များ စီမံခန့်ခွဲခြင်း (သစရ်ရဖ်) အစွမ်းဖြင့် မုစ်လင်မ်များ နှလုံးသားခိုင်မြဲစေ၍ တိုက်ခိုက်ရာတွင် ပိုမိုအကျိုးရှိအစွမ်းထက်စေရန်ဖြစ်သည်။ (၂) အပ်နှင်းထားသော ဒုတိယတာဝန်ကား ကောင်းကင်စေတမန်များကိုယ်တိုင် စစ်ပွဲတွင်ပါဝင်ကာ ရန်သူများအား တိုက်ခိုက်ရန်ဖြစ်သည်။ ဤအာယသ်တော်အရ (ကိစ္စရပ်၏လက်ငင်းအခြေအနေအရ) ကောင်းကင်စေတမန်များသည် နှစ်မျိုးစလုံး လုပ်ဆောင်ခဲ့ဟန်တူသည်။ ကောင်းကင်စေတမန်များသည် မုစ်လင်မ်များ၏နှလုံးသားများကို ပြုပြင်၍ သူတို့၏သတ္တိနှင့် စွမ်းအားကိုတိုးစေပါသည်။ ထို့နောက် စစ်ပွဲတွင်လည်းပါဝင်တိုက်ခိုက်ခဲ့ကြသည်။ဤသည်ကို သဖီစီရ်အလ်ဒုရ် အလ်မာန်သူးရ်နှင့် မဇာဟရီကျမ်းများ၌ ဟဒီးစ်အချို့ဆင့်ပြန်ချက်တွင် အသေးစိတ် တင်ပြချက်၌ ဆွဟာဗဟ် သာဝကကြီးများ၏ ခိုင်လုံမှုပေါ် မှတ်တမ်းတင်ထားချက်အရ စစ်ပွဲတွင် ကောင်းကင်တမန်များ ပါဝင်တိုက်ခိုက်ခဲ့ကြောင်း မျက်မြင် ကိုယ်တွေ့ရှိကြသည်ဟု အတည်ပြုထားသည်။

တတိယအာယသ် (၁၃) ထဲ၌ ကုဖ်ရ်နှင့်အစွလာမ်ကြား ဤထိပ်တိုက်ရင်ဆိုင်မှုတွင် မည်သို့ဖြစ်ခဲ့သည်ဖြစ်စေ၊ မယုံကြည်သွေဖည်ငြင်းပယ်သူများသည် အလ္လာဟ်နှင့် အလ္လာဟ်တမန်တော်ကို ရန်လိုခဲ့ကြပါသည်။ ထို့နောက် မည်သူမဆို အလ္လာဟ်နှင့် အလ္လာဟ်တမန်တော်ကိုရန်လိုခဲ့လျှင် ၎င်းတွက် အရှင်မြတ်၏ပြစ်ဒဏ်ခတ်မှုမှာ ထုံးစံအရ ပြင်းထန်ပေသည်။ ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ တစ်ဖက်တွင် မုစ်လင်မ်များသည် ဗဒ်ရ် စစ်ပွဲတွင် ကောင်းချီးမင်္ဂလာပေးခံရ၍ အောင်နိုင်မှုသည် ၎င်းတို့အတွက်ဖြစ်သည်။ အခြားတစ်ဖက်တွင် မုစ်လင်မ် များမှတစ်ဆင့် မယုံကြည်သွေဖည်ငြင်းပယ်သူများပေါ် ပြစ်ဒဏ်ခတ်ခြင်းသည် ၎င်းတို့မကောင်းမှုလုပ်ရပ်အတွက် ပြစ်ဒဏ်ခတ်ခြင်း အနည်းငယ်မျှသာဖြစ်သည်။ ၎င်းတို့တွက် ပိုပြင်းထန်သောပြစ်ဒဏ်ခတ်မှုမှာ နောင်တမလွန်ဘဝတွင် စောင့်ကြိုနေပါမည်။ ပြစ်ဒဏ်ခတ်မှုနှစ်ရပ်စလုံးကို စတုတ္ထအာယသ် (၁၄) တွင်- ذَٰلِكُمْ فَذُوقُوهُ وَأَنَّ لِلْكَافِرِينَ عَذَابَ النَّارِ "သို့ဖြစ်ပေရာ အသင်တို့သည် ဤသည့်ပြစ်ဒဏ်ကို မြည်းစမ်းကြလေကုန်။ ၎င်းပြင် ဇကန်မလွဲ "ကာဖိရ်"မယုံကြည် သွေဖည်ငြင်းပယ်ကုန်သောသူတို့ ခံစားအံ့သောငှာ "ဂျဟန္နမ်" ငရဲဘုံ၏အပြစ်ဒဏ်သည် အဆင်သင့်ရှိသည်" ဟုဖော်ပြထားသည်။

တစ်နည်းဆိုရသော် ဤနေရာ၌မိန့်ထားသည်မှာ "ဤသည်မှာ အလ္လာဟ်အရှင်မြတ်ထံမှချပေးသော သေးငယ်သည့် ပြစ်ဒဏ်ခတ်မှုဖြစ်သည်။ ထို့ကြောင့် ဤသည်ကိုမြည်းစမ်းကြည့်ပါ။ ဤသည်နောက် မယုံကြည်သွေဖည်ငြင်းပယ်သူများအတွက် ဂျဟန္နမ်ငရဲမီးဖြင့် ပြစ်ဒဏ်ခတ်မှုသည် မလွဲမသွေဖြစ်ပေါ်လာလိမ့်မည်။ ယင်းပြစ်ဒဏ်ခတ်မှုသည်ပြင်းထန်ကာ အမြဲထာဝရဖြစ်၍ စဉ်းစား၍ပင်မရဟူ၍ သိရှိနားလည်သဘောပေါက်ပါ။

အာယသ် (၁၅-၁၉)

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْۤا اِذَا لَقِيْتُمُ الَّذِيْنَ كَفَرُوْا زَحْفًا فَلَا تُوَلُّوْهُمُ الْاَدْبَارَ ﴿۱۵﴾
وَ مَنْ يُّوَلِّهِمْ يَوْمَئِذٍ دُبُرَهٗۤ اِلَّا مُتَحَرِّفًا لِّقِتَالٍ اَوْ مُتَحَيِّزًا اِلٰى فِئَةٍ فَقَدْ بَآءَ
بِغَضَبٍ مِّنَ اللّٰهِ وَ مَاْوٰىهُ جَهَنَّمُ ؕ وَ بِئْسَ الْمَصِيْرُ ﴿۱۶﴾ فَلَمْ تَقْتُلُوْهُمْ وَ
لٰكِنَّ اللّٰهَ قَتَلَهُمْ ۪ وَ مَا رَمَيْتَ اِذْ رَمَيْتَ وَ لٰكِنَّ اللّٰهَ رَمٰى ۚ وَ لِيُبْلِيَ الْمُؤْمِنِيْنَ
مِنْهُ بَلَآءً حَسَنًا ؕ اِنَّ اللّٰهَ سَمِيْعٌ عَلِيْمٌ ﴿۱۷﴾ ذٰلِكُمْ وَ اَنَّ اللّٰهَ مُوْهِنُ كَيْدِ
الْكٰفِرِيْنَ ﴿۱۸﴾ اِنْ تَسْتَفْتِحُوْا فَقَدْ جَآءَكُمُ الْفَتْحُ ۚ وَ اِنْ تَنْتَهُوْا فَهُوَ خَيْرٌ لَّكُمْ
ۚ وَ اِنْ تَعُوْدُوْا نَعُدْ ۚ وَ لَنْ تُغْنِيَ عَنْكُمْ فِئَتُكُمْ شَيْـًٔا وَّ لَوْ كَثُرَتْ ۙ وَ اَنَّ اللّٰهَ مَعَ
الْمُؤْمِنِيْنَ ﴿۱۹﴾

အို-"မုအ်မင်နဲ်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် "ကာဖိရ်" မယုံကြည်သွေဖည်ခြင်းပယ်သောသူတို့အား (စစ်တပ်ကြီးဖွဲ့လျက်) (တစ်နည်း) စစ်ပွဲ၌၊ စစ်မြေပြင်၌ တွေ့ဆုံကြသောအခါ ၎င်းတို့အား ကျောခိုင်းၑမသွားကြကုန်လင့်။ (ဝါ) ထွက်မပြေးကြကုန်လင့်။ (၈ :၁၅)

အမှန်သော်ကား မည်သူမဆို ထိုနေ့တွင် အရှိအတက် လွှဲပြောင်းစစ်ဆင်ခြင်း၊ သို့တည်းမဟုတ် (မိမိတို့၏) တပ်ဖွဲ့တစ်ခုခုထံ (သွားရောက်) ပူးပေါင်းနေရာယူခြင်း မှတစ်ပါး ၎င်းတို့အား ကျောခိုင်းၑသွားခဲ့မူ ထိုသူသည် အလ္လာဟ်အရှင်မြတ်၏ အမျက်တော်နှင့် တကွ ပြန်ခဲ့သည်။ ထိုသူသည် အမျက်တော်သင့်လေပြီ။ ထို့ပြင် ဂျဟန္နမ်ငရဲဘုံ သည်ပင် လျှင် ၎င်း၏နေရာထိုင်ခင်းဖြစ်ချေသည်။ စင်စစ်တစ်မူကား ဂျဟန္နမ်ငရဲဘုံသည် အလွန်ယုတ်ညံ့သိမ်းဖျင်းလှသော ပြန်လည်ရာစခန်းပင်ဖြစ်ချေသတည်း။ (၈ : ၁၆)

အသင်တို့သည် ထို (ကာဖိရ် မယုံကြည်သွေဖည်ခြင်းပယ်သော) သူတို့အား သတ်ဖြတ်ခဲ့ကြသည်မဟုတ်ပေ။ စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်သည်ပင် ထိုသူတို့အား သတ်ဖြတ်တော်မူခဲ့လေသည်။ ထိုနည်းတူစွာ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား) (သဲများဖြင့်) ပက်ခဲ့စဉ်ကလည်း အသင်ပက်ခဲ့သည်မဟုတ်ပြီ။ စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်ပင် ပက်တော်မူခဲ့လေသည်။ ယင်းသို့ပြုတော်မူခြင်းကား ထိုအရှင်မြတ်၏ သက်သေလက္ခဏာ ထင်ရှားစေအံ့သောငှာလည်းကောင်း၊ ထိုအရှင်မြတ်၏ ရစရာလတမန်တော်အား ဆက်လက်၍တည်မြဲစေအံ့သောငှာလည်းကောင်း၊ "မုအ်မင်" သက်ဝင် ယုံကြည်သူတို့အား မိမိအထံတော်မှ မွန်မြတ်သော စမ်းသပ်ခြင်းကို စမ်းသပ်တော်မူအံ့ သောငှာလည်းကောင်း ဖြစ်ချေသည်။ အလ္လာဟ်အရှင်မြတ်သည် ဇကန်မလွဲ

**အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူ ချေ သတည်း။ (၈ : ၁၇)**

**ဤသည်ကား (ပြီးခဲ့သောကိစ္စပင်တည်း)။ ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်သည် "ကာဖိရ်" မယုံကြည်သွေဖည်ငြင်းပယ်သောသူတို့၏ ကြံစည်မှုကိုလည်း ဖောက်မလွဲ နှံ့နှဲ့ (ပျက်စီး) စေတော်မူလတ္တံ့။ (၈ : ၁၈)**

**(အို-မက္ကာမြို့သား ကာဖိရ်အပေါင်းတို့) အသင်တို့သည် အကယ်၍ စီရင် ဆုံးဖြတ်ချက် ကိုရလိုပါမူ စီရင်ဆုံးဖြတ်ချက်သည် အသင်တို့ရှေ့ဝယ် အမှန်ပင် အသင့်ရောက်ရှိနေ ချေပြီ။ သို့ရာတွင် အသင်တို့သည် အကယ်၍ (ယခုပင်) ရပ်စဲကြပါလျှင် ထိုရပ်စဲခြင်းသည် အသင်တို့အဖို့ အကောင်းဆုံးပင်ဖြစ်သည်။ သို့ရာတွင် အကယ်၍ အသင်တို့သည် ထပ်မံ၍ပြုလုပ်ကြပါမူ ငါအရှင်မြတ်သည်လည်း ထပ်မံ၍ပြုလုပ်တော်မူအံ့။ ထိုအခါ အသင်တို့အုပ်စုသည် မည်မျှပင်များပြားသော်လည်း အသင်တို့အဖို့ အနည်းငယ်မျှပင် အသုံးဝင်လိမ့်မည်မဟုတ်ပေ။ ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်သည် ဖောက်မလွဲ "မုအ်မင်နဲ" သက်ဝင်ယုံကြည်သူတို့နှင့်အတူ ရှိတော်မူသည် (ကိုလည်း ကောင်းစွာ သတိပြု ကြလေကုန်)။ (၈ : ၁၉)**

## အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြထားသောအာယသ်များအနက် ပထမနှစ်အာယသ်ဖြစ်သည့် (၁၅ နှင့် ၁၆) ထဲတွင် အစွယ်လာမ် စစ်ရေးဆိုင်ရာ ဥပဒေတစ်ရပ်အကြောင်း ကျွန်ုပ်တို့ကိုပြောထားသည်။ ဤနေရာ၌ စစ်ပွဲသို့ချီတက်လာသည့် **زحف** (ဇဟဖ်) ဟူသည့်စကားလုံးကရည်ညွှန်းသည်မှာ စစ်တပ်ကြီးနှစ်ခုမျက်နှာချင်းဆိုင် ထိပ်တိုက်ရင်ဆိုင်၍ ရောထွေးသွားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ စစ်ပွဲစတင်သည်နှင့်တစ်ပြိုင်နက်တည်း ကျောခိုင်းခြင်းနှင့် စစ်မြေပြင်မှထွက်ပြေးခြင်းကို မုစ်လင်မ်များအား ခွင့်မပြုပါ။

ဒုတိယအာယသ်တော် ၁၆ သည် ဤဥပဒေနှင့်ပတ်သက်သောခြွင်းချက်တစ်ခုနှင့် တရားမဝင်စွန့်ခွာပြေးသော သူများအတွက် ကြီးလေးသောပြစ်ဒဏ်ခတ်မှုတစ်ခုကိုလည်း ရည်ညွှန်းထားသည်။

ခြွင်းချက်မှာ အခြေအနေနှစ်ရပ်အကျုံးဝင်၍ (၁) **اِلَّا مُتَحَرِّفًا لِّقِتَالٍ اَوۡ مُتَحَيِّزًا اِلٰى فِئَةٍ** အချို့အတက်လွှဲပြောင်း စစ်ဆင်ခြင်း) (၂) **اَوۡ مُتَحَيِّزًا اِلٰى فِئَةٍ** သို့တည်းမဟုတ် (မိမိတို့၏) တပ်ဖွဲ့တစ်ခုခုထံ (သွားရောက်) ပူးပေါင်းနေရာယူခြင်းတို့ဖြစ်သည်။ ဆိုလိုသည်မှာ စစ်ဖြစ်စဉ်တွင် စစ်မြေပြင်မှကျောခိုင်းခြင်းကို အခြေအနေနှစ်ရပ်အတွက်သာ ခွင့်ပြုထားသည်။ ပထမခြွင်းချက်ကား စစ်မြေပြင်မှမုချဖောက် စွန့်ခွာသွားခြင်း လစ်သွားခြင်းမဟုတ်ဘဲ သေနင်္ဂဗျူဟာအရ ရန်သူအား လှည့်စားရန် ခွင့်ပြုသည်။ အချုပ်မှာ အမှန်တကယ်ဆုတ်ခွာခြင်းနှင့်တူ၍ ရန်သူများကအားရကျေနပ်စေပြီးမှ ၎င်းတို့အား လျှပ်တစ်ပြက်ထိုးစစ် ဆင်တိုက်ခိုက်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ဤသည်မှာ **اِلَّا مُتَحَرِّفًا لِّقِتَالٍ** (အချို့ အတက် လွှဲပြောင်းစစ်ဆင်ခြင်း) ဟူသော အဆိုအမိန့်၏ အနက်အဓိပ္ပာယ်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် **تحرف** (သဟရ်ရုဖ်) ဟူသောစကားလုံး သုံးနှုန်းခြင်းက တစ်ဖက်မှအခြားတစ်ဖက်ဆီသို့ ရွှေ့သွားခြင်းဖြစ်သည်။ (ရှဟ်လ်မအာနီ)

တစ်စုံတစ်ဦးသည် စစ်မြေပြင်မှကျောခိုင်းခြင်းခွင့်ပြုသည့် ဒုတိယအခြေအနေမှာ တစ်စုံတစ်ဦးသည် ရန်သူ အားရင်ဆိုင်တိုက်ခြင်း၏ အားနည်းမှုကိုသိရှိကာ မုဂ္ဂဟီဒီးန်များထံမှ နောက်ထပ်အကူအညီရရှိရန်အတွက် စွန့်ခွာ သွားကာ ဖြည့်ဆည်းထားသည့် ထပ်ဆောင်းအင်အားများဖြင့် စစ်မြေပြင်သို့ပြန်လာရောက်ခြင်းကို ရည်ညွှန်းသည်။ ဤသည်မှာ **اَوۡ مُتَحَيِّزًا اِلٰى فِئَةٍ** (သို့မဟုတ် တပ်ဖွဲ့တစ်ခုခုထံ (သွားရောက်) ပူးပေါင်းနေရာယူခြင်း) ဟူသောဝါကျ ဆိုလိုရင်း ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် **تَحَيُّز** (သဟိုက်ယ်ယူဇ်) ဟူသောစကားလုံးသည် စာပေသဘောအရ ပူးပေါင်းရန်ဟု အဓိပ္ပာယ်သက်ရောက်ကာ **فِئَة** (ဖိအတ်) ဟူသောစကားလုံးက တပ်ဖွဲ့၊ အပေါင်း (သို့မဟုတ်) တပ်ခွဲ ဟု ရည်ညွှန်းသည်။ ထို့ကြောင့် ဆိုလိုရင်းမှာ မိမိအဖွဲ့နှင့်ပူးပေါင်းကာ လိုအပ်သည့်စစ်တိုက်ခိုက်မှုဆိုင်ရာ အထောက် အပံ့ကိုစုစည်း၍ တပ်သို့ပြန်လာမည်ဟူသောရည်ရွယ်ချက်ဖြင့် စစ်မြေပြင်မှစွန့်ခွာသွားခြင်းကို ခွင့်ပြုသည်။

ဤခြွင်းချက်ဖော်ပြပြီးနောက် ခြွင်းချက်ဟုတရားဝင်ခွင့်ပြုထားသည့် အခြေအနေများတွင်မဟုတ်သောတရား မဝင်အကြောင်းပြချက်နှင့် စစ်တပ်မှစွန့်ခွာထွက်ပြေးသူများအတွက် ပြစ်ဒဏ်ကို မူရင်းစာသား၌ ဖော်ပြထားသည်။ **فَقَدۡ بَآءَ بِغَضَبٍ مِّنَ اللّٰهِ وَ مَاۡوٰىهُ جَهَنَّمُ وَ بِئۡسَ الۡمَصِيۡرُ** စကားလုံးများ၏ဆိုလိုရင်းမှာ ဂျီဟာဒ်စစ်ပွဲကိုစွန့်ခွာသူ၊ ရှောင်ရှားသူတို့သည် "ထိုသူသည် အလ္လာဟ်အရှင်မြတ်၏ အမျက်တော်နှင့်အတကွ ပြန်ခဲ့သည်။ ထိုသူသည် အမျက် တော်သင့်လေပြီ။ ထို့ပြင် ဂျဟန္နမ် (ငရဲဘုံ) သည်ပင်လျှင် ၎င်း၏နေရာထိုင်ခင်းဖြစ်ချေသည်။ စင်စစ်တမူကား ဂျဟန္နမ် ငရဲဘုံသည် အလွန်ယုတ်ညံ့ သိမ်ဖျင်းလှသော ပြန်လည်ရာစခန်းပင်ဖြစ်ချေသည်" ဟူ၍ဖြစ်သည်။

ဤအာယသ် (၁၅-၁၆) မှတစ်ဆင့် ဥပဒေတစ်ရပ်ထွက်ပေါ်လာသည်မှာ ရန်သူအင်အားစွမ်းပကားနှင့် အရေ အတွက်သည်မျှပင် ကြီးမားစေကာမူ မုစ်လင်မ်များအတွက် ၎င်းတို့နှင့်ရင်ဆိုင်တိုက်ခိုက်ရာတွင် ဆုတ်ခွာပြေးခြင်းသည် ဟရာမ်ဟုသတ်မှတ်သည်။ ဟရာမ်တားမြစ်သည် တရားမဝင်ချေ။ ခြွင်းချက်အဖြစ်သတ်မှတ်ထားသော အခြေအနေ နှစ်ရပ်အား (၁) ဤသို့ကျောခိုင်းခြင်းသည် စစ်မြေပြင်မှဆုတ်ခွာခြင်းမဟုတ်ဘဲ လှည့်ဖြားသည့်လုပ်ရပ် (သို့မဟုတ်) စစ်သေနင်္ဂဗျူဟာအရ လုပ်ဆောင်ခြင်းဖြစ်သည်။ (၂) ယင်းသို့ကျောခိုင်းခြင်းသည် အကူစစ်အင်အားနှင့် ပြန်လည် စုစည်းကာ တိုက်ပွဲပြန်လည်တိုက်ခိုက်ရန် ဟူသောရည်ရွယ်ချက်ဖြစ်ရမည်။

ဗဒ်ရိစစ်ပွဲအတွင်း ဤအာယသ်တော်များ ကျရောက်လာသောအခါ ယင်းတို့သည် ထိုအချိန်ကာလ၏ ကျင့် သုံးရမည့်အမိန့်ဖြစ်သွားခဲ့သည်။ ဆိုလိုသည်မှာ မိမိ၏အရေအတွက်၊ အင်အားနှင့် စွမ်းပကားသည် ရန်သူတပ်နှင့် နှိုင်းယှဉ်လျှင် မည်မျှနည်းပါးနိမ့်ကျနေသည်ဖြစ်စေ ရန်သူနှင့်တိုက်ခိုက်ရာတွင် မိမိအသက်ရှင်ရေးအတွက် စစ်ပွဲမှ ထွက်မပြေးရပါ။ ဤသို့ပင် ဗဒ်ရိစစ်ပွဲ၌ကျင့်သုံးခဲ့သည့် ၃၁၃ ဦးမျှရှိသော မုဂ္ဂဟီဒီးန်တို့သည် ၎င်းတို့ထက်သုံးဆ ပိုများသော ရန်သူတစ်ထောင်နှင့် ရင်ဆိုင်ခဲ့ကြရသည်။ ယခုလက်ရှိစူးစမ်လေ့လာနေသည့် စူရတ် အလ်အန်ဖာလ်၏ အာယသ် ၆၅ နှင့် ၆၆ တို့တွင် ထိုကန့်သတ်ချက်များကို လျော့ပေါ့ပေးထားသည့် အမိန့်ပညတ် ချက်များ ပါဝင်သည်။ အာယသ် ၆၅ တွင် မယုံကြည်သွေဖည်ငြင်းပယ်သူ ၂၀၀ မျှကို ဂျီဟာဒ်စစ်ပွဲဆင်နွှဲရန် မုစ်လင်မ်နှစ်ဆယ်ကို အမိန့် ပေးထား၍ မုစ်လင်မ် ၁၀၀ ခန့်သည် ကာဖိရ်မယုံကြည်ငြင်းပယ်သူ ၁၀၀၀ ကို ဆန့်ကျင်တိုက်ခိုက်ရန် အမိန့်ပေးထား ခဲ့သည်။ထို့နောက်အာယသ်၆၆တွင်အောက်ပါအတိုင်းထပ်၍လျော့ပေါ့ပေးထားသောအာယသ်ချပေးထားခဲ့သည်မှာ-

**اَلۡـٰٔنَ خَفَّفَ اللّٰهُ عَنۡكُمۡ وَ عَلِمَ اَنَّ فِيۡكُمۡ ضَعۡفًا ؕ فَاِنۡ يَّكُنۡ مِّنۡكُمۡ مِّائَةٌ صَابِرَةٌ يَّغۡلِبُوۡا مِائَتَيۡنِ**

"ယခုသော်ကား အလ္လာဟ်အရှင်မြတ်သည် (သင်တို့၏ဝန်ထုပ်ကို) အသင်တို့မှ ပေါ့ပါးစေတော်မူခဲ့လေပြီ။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့၌ အားအင်သတ္တိနည်းပါးသည်ကိုလည်း သိရှိတော်မူလေပြီ။ သို့ဖြစ်ပေရာ အကယ်၍ အသင်တို့အနက် စွမ်မြဲ(စွာတိုက်ခိုက်မည့်သူ) တစ်ရာရှိကြပါလျှင် ၎င်းတို့သည် (ရန်သူဘက်မှလူ) ၂၀၀ ကို နှိမ်နင်းနိုင် ကြပေမည်။"

ဤနေရာ၌ အညွှန်းပေးထားသည်မှာ မုစ်လင်မ်များသည် ၎င်းတို့အရေအတွက်ထက် နှစ်ဆမျှရှိသော ရန်သူကို အောင်နိုင်ရန်မျှော်လင့်ထား၍ ၎င်းတို့သည် ကျာခိုင်းထွက်ခွါခြင်းကို ခွင့်မပြုချေ။ သို့သော်လည်း အကယ်၍ ရန်သူအင်အားသည် နှစ်ဆထက် ပိုမိုကြောင်းတွေ့ရပါက ယင်းသို့သောအခြေအနေတွင် တိုက်ခိုက်ခြင်း မပြုဘဲ စစ်မြေပြင်မှထွက်ခွာခြင်းကို ခွင့်ပြုသည်။

စိုက်ယိဒိနာအဝ်ဒ့လ္လာဟ်အိဝ်နိုအဗ္ဗားစ် d သခင်ကပြောသည်မှာ လူတစ်ဦးသည် လူသုံးဦးနှင့်မရင်ဆိုင်ဘဲ ထွက်သွားခြင်းကို ထွက်ပြေးခြင်းဟု မဆိုလိုချေ။ သို့သော်လည်း နှစ်ဦးအား ရင်မဆိုင်ဘဲထွက်သွားခြင်းမှာ တပ်ပြေးခြင်းဖြစ်၍ ယင်းလုပ်ရပ်သည် ကြီးမားသောအပြစ်ဂုနာဟ်ဖြစ်ပေသည်။ (ရှုဟ့လ်မအာနီကျမ်း) ဤအမိန့် ပညတ်ချက်သည် ကိယာမသ်နေ့တိုင် တည်ရှိမည့်အမိန့်ပညတ်ချက်ဖြစ်သည်။ မုစ်လင်မ်အွမ္မသ်ထု၏အများစု တညီတညွတ်တည်းဆုံးဖြတ်ချက်အရလည်းကောင်း၊ အီမာန်လေးပါး၏ အယူအဆအရလည်းကောင်း၊ ဤကိစ္စနှင့်ပတ်သက်၍ တိကျသော အစွလာမ့်တရားရေးဆိုင်ရာ အနေအထားကား ရန်သူအင်အားအရေအတွက် နှစ်ဆမကျော်သမျှကာလပတ်လုံး စစ်မြေပြင်မှ စွန့်ခွာထွက်ပြေးခြင်းမှာ "ဟရာမ်" ဖြစ်၍ ကြီးမားသောဂုနာဟ် အပြစ်တစ်ခုဖြစ်သည်။

ဆွဟီး(အလ်ဟုခါရိနှင့် မုစ်လင်မ်ကျမ်း)များထဲ၌ စိုက်ယိဒိနာအဗူဟုရိုင်ရဟ် d ၏တင်ပြထားခဲ့သည်မှာ တမန်တော်မြတ် s သခင်သည် လူတစ်ဦးတစ်ယောက်အတွက် ပျက်စီးစေမည့်အကြောင်း ခုနစ်ရပ်ဖော် ထုတ်ထားခဲ့သည်။ ကိုယ်တော်မြတ်က စစ်မြေပြင်မှ ထွက်ပြေးစွန့်ခွာခြင်းကို ယင်းတို့မှတစ်ခုအဖြစ် ထည့်သွင်းထားသည်။ ထို့ပြင် ကုရ်အာန်ကျမ်းမြတ်၌ ဟုနိုင်းစစ်ပွဲအတွင်း ဆွဟာဗဟ်သာဝကကြီးများ၏ စောစီးစွာဆုတ်ခွာခြင်းကို ရှိုက်တွာန် မိစ္ဆာကဲ့သို့ ချွတ်ချော်တိမ်းလွဲမှုတစ်ရပ်ဖြစ်ကြောင်း သတ်မှတ်ကာ ယင်းကို ကြီးမားသောပြစ်မှုဟု အတည်ပြုထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ စစ်မှန်သောအဆိုအမိန့်သည်- إِنَّمَا اسْتَزَلَّهُمُ الشَّيْطَٰنُ "ရှိုက်တွာန်သည် ထိုသူတို့ပြုကျင့်ခဲ့သော အချို့ပြုမူချက်များကြောင့်ပင် ထိုသူတို့ကို ခြေချော်အောင်ပြုလုပ်ခဲ့လေပြီ" (၃ : ၁၅၅)

သိရ်မိဇီနှင့်အဗူဒါဝူဒ်ကျမ်းများ၌ စိုက်ယိဒိနာအိဝ်နိအုမရ် d နှင့် ပတ်သက်သောအဖြစ်အပျက်ကို တင်ပြထားခဲ့သည်။ တစ်ချိန်က ၎င်းသည် စစ်ပွဲမှထွက်ခွာကာ မဒီနဟ်မြို့တော်၌ခိုလှုံခဲ့ပါသည်။ ထို့နောက် ကိုယ်တော်မြတ် s သခင်ထံသွားရောက်ကာ စစ်ပွဲမှ စွန့်ခွာထွက်ပြေးခဲ့သောပြစ်မှုကြောင့် သူ၏လုပ်ရပ်ဆိုးနှင့် ပတ်သက်၍ စိတ်ရှုပ်ထွေးကာ စိတ်ပျက်လက်ပျက်ဖြစ်နေခဲ့ကြောင်း ကိုယ်တော်မြတ် s သခင်ထံ ဝန်ခံခဲ့သည်။ ကိုယ်တော်မြတ် s သခင်သည် ၎င်းအား လုံးဝမနှစ်သက်မနှစ်မြို့ခြင်းမဖြစ်ဘဲ နှစ်သိမ့်ကာ မိန့်ကြားသည်မှာ بل انتم العكارون وانا فنتكم (မဟုတ်-အသင်သည် စစ်ပွဲမှ ထွက်ပြေးတိမ်းရှောင်သူမဟုတ်ပါ။ ဤနေရာတွင် သင်ရှိနေသည်မှာ အထောက်အပံ့ရှာဖွေ၍ စစ်ပွဲဆီသွားကာ အသစ်တစ်ဖန်ပြန်လည်တိုက်ခိုက်ရန်ဖြစ်သည်။ သင့်ဘက်တွင် ကျွန်ုပ်ရှိ၍ သင့်ကိုထောက်ခံပါသည်။) ဤနေရာတွင် ကိုယ်တော်မြတ် s သခင်က ရှင်းရှင်းလင်းလင်းဖြစ်စေသည်မှာ စစ်ပွဲမှထွက်ခွာ၍ မဒီနဟ်တွင်ခိုလှုံသော လုပ်ရပ်မှာ စစ်တပ်မှ စွန့်ခွာ၍ ထပ်ဆောင်းအထောက်အပံ့ယူဆောင်ကာ စုစည်း၍ စစ်ပွဲသို့တစ်ဖန်သွားရန်ဟူသည့်

ခြွင်းချက်အောက်တွင် အကျူးဝင်သည်ဟူ၍ဖြစ်သည်။ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိအုမရ် d သည် အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်မှုကို အသိအမှတ်ပြု၍ကြောက်ရွံ့ခြင်း၊ ရိုသေခြင်း၊ သတိရှိခြင်း အထူးမြင့်မားသောအဆင့်ရှိကာ ယင်းအပေါ်အခြေခံ၍ ၎င်း၏စစ်ပွဲမဲ့ ဆုတ်ခွာခဲ့ခြင်းကို စိတ်မသက်မသာနှင့်ချောက်ချားကာ ပြစ်မှုကျူးလွန်ခဲ့သူတစ်ဦးကဲ့သို့ ကိုယ်တော်မြတ် ထံသွားရောက် တင်ပြခဲ့ ခြင်းဖြစ်သည်။

တတိယအာယသ်တော်(၁၇)ထဲ၌ ဗဒိရ်စစ်ပွဲတွင်ဖြစ်ပွားခဲ့သော ကျန်အဖြစ်အပျက်များ ပြန်လည်တင်ပြပြီးနောက် ဗဒိရ်စစ်ပွဲတွင် လူနည်းစုကလူများကိုအောင်နိုင်ခြင်း၊ အင်အားချည့်နဲ့မှုက အင်အားကြီးများသူတို့ကို အောင်နိုင်ခြင်းများသည် ၎င်းတို့၏ကိုယ်ပိုင်ကြိုးပမ်းမှုနှင့် လုပ်ရပ်များ၏ရလဒ်များအဖြစ် မမှတ်ယူကြစေလိုကြောင်း မုစ်လင်မ်များကိုညွှန်ကြားထားသည်။ စင်စစ် ဤစစ်ပွဲတွင် အစီအမံအားလုံး လုံးဝဥသုံးပြန်လည်ရေးဆွဲကာ ထောက်ကူမှုပေးသည်မှာ မြင့်မြတ်သောအလ္လာဟ်အရှင်မြတ်သာဖြစ်ကြောင်း ၎င်းတို့သိနားလည်စေသင့်သည်။

အာယသ်တွင်ဖော်ပြထားသည့် ဤအဖြစ်အပျက်၏ အသေးစိတ်များကို စိုက်ယိဒိနာအဗ်ဒုလ္လာဟ် အိဗ်နိအမ္ဘားစ် d နှင့် အခြားသူများ၏ဆင့်ပြန်ချက်အပေါ် အခြေခံ၍ အိဗ်နိဂျရီးရ်၊ အလ်သဗ်ရာနီ၊ အလ်ဗိုင်ဟကီနှင့် အခြားကျမ်းများတွင် တင်ပြထားသည်။

တင်ပြချက်အရ ဗဒိရ်တွင် ရင်ဆိုင်တိုက်ခိုက်သည့်နေ့၌ မက္ကာဟ်မြို့မှလူတစ်ထောင်ခန့်၏ လက်နက်ကိုင်တပ်ဖွဲ့သည် တောင်စွယ်မှတောင်ကြားတွင်း ဝင်လာခဲ့သောအခါ အရေအတွက်နည်းကာ စစ်တိုက်ရန်မှာလည်း အင်အားချည့်နဲ့နေမှုကြောင့် မုစ်လင်မ်များသည် မနှစ်မြို့ကြောင်း ၎င်းတို့မဖုံးကွယ်နိုင်ကြချေ။ တစ်ဖက်မှရန်သူသည် အရေအတွက်နှင့်အင်အားပေါ်တွင် မောက်မာကာ ကြီးမားသော ထောင်လွှားမှု ပေါ်လွင်နေသည်။ ထိုအချိန်တွင် တမန်တော်မြတ် s သခင်သည် လက်နှစ်ဖက်မြှောက်၍ ဒိုအာပြုသည်မှာ "ယာအလ္လာဟ် မောက်မာပလွှားသော မက္ကာဟ်မြို့မှ ကိုရိုက်ရှ်များဖြစ်သည့် အရှင်မြတ်ကိုငြင်းဆန်သူများ လာနေကြပါပြီ။ ကျွန်တော်မျိုးကို အရှင်မြတ်ပေးထားသည့် အောင်မြင်မှုကတိတော်အား အရှင်မြတ် မကြာမီဖြည့်ဆည်းပေးတော်မူပါ။ (ရူဟုလ်ဗယာန်) ထိုစဉ် ကောင်းကင်တမန် ဂျိဗရာအီးလ် a လာရောက်၍မိန့်သည်မှာ "ကိုယ်တော် ဖုန်တစ်ဆုပ်ယူ၍ ရန်သူစစ်တပ်ဘက်သို့ ပစ်ပေါက်လိုက်ပါ။" ကိုယ်တော်မြတ်သည် ပြောသည့်အတိုင်း လုပ်ဆောင်ခဲ့သည်။ အိဗ်နိဇိုက်ဒ်၏ဆင့်ပြန်ချက်ပေါ် အခြေခံ၍ အိဗ်နိအဗီဟာသင်မ်၏ တင်ပြချက်အရ တမန်တော်မြတ် s သခင်သည် ကျောက်စရစ်ခဲနှင့် ဖုန်မှုန့်လက်တစ်ဆုပ်ကို သုံးကြိမ်ယူ၍ ပထမ ရန်သူစစ်တပ်၏ညာဘက်သို့လည်းကောင်း၊ ဒုတိယ ရန်သူစစ်တပ်၏ဘယ်ဘက်သို့လည်းကောင်း၊ တတိယ စစ်တပ်၏အလယ်သို့လည်းကောင်း ပစ်ပေါက်ခဲ့သည်။ ရလဒ်မှာ ဤလက်သုံးဆုပ်စာ ကျောက်စရစ်နှင့်ဖုန်မှုန့်တို့သည် အလ္လာဟ်အရှင်မြတ်အလိုတော်အရ ထူးဆန်းအံ့ဖွယ် ၎င်းတို့အားလုံးပေါ် ဖြန့်ကြဲပြီးဖြစ်သွားသည်။ မည်သူတစ်ဦးတစ်ယောက်မှ ၎င်းတို့၏မျက်နှာနှင့် မျက်လုံးများထဲသို့ ဤဖုန်မှုန့်နှင့်ကျောက်စရစ်ခဲများမထိဟူ၍ မရှိကြချေ။ ဤသည်ကြောင့် ရန်သူစစ်တပ်တွင် ဝရုန်းသုန်းကားဖြစ်သွားကြသည်။ မုစ်လင်မ်များသည် ၎င်းတို့နောက် တရစပ်လိုက်လံတိုက်ခိုက်ကြသည်။ ကောင်းကင်စေတမန်များသည် မုစ်လင်မ်များနှင့်အတူ တိုက်ခိုက်ခြင်းနှင့် သတ်ဖြတ်ခြင်းတွင် ပါဝင်ခဲ့ကြသည်။ (မဇာဟီရိ၊ ရူဟုလ်ဗယာန်)

နောက်ဆုံးတွင် တစ်ဖက်မှ တိုက်ခိုက်ရေးသမားအချို့ အသတ်ခံခဲ့ကြ၍ အချို့မှာ သုံ့ပန်းအဖြစ် အဖမ်းခံကြရကာ ကျန်သူများသည် စစ်မြေပြင်မှထွက်ပြေးကြ၍ မုစ်လင်မ်များ စစ်ပွဲအောင်နိုင်ခဲ့ကြသည်။

ကနဦးတွင် စိတ်ပျက်စရာနှင့် မျော်လင့်ချက်ကင်းမဲ့မှုတို့ဖြင့် ပြည့်နှက်နေသော မုစ်လင်မ်များသည် ဤကြီးမားသောအောင်မြင်မှု ရရှိခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့သည် စစ်မြေပြင်မှပြန်လည်ရောက်ရှိခဲ့ကြသောအခါ ယင်းအကြောင်းစတင်ပြောကြားလာကြသည်။ ဆွဟာဗဟ်သာဝကကြီးများသည် စစ်မြေပြင်၌ ၎င်းတို့၏ လုပ်ရပ်များကို ပြန်လည်ပြောကြားခြင်းဖြင့် အလုပ်များနေကြသည်။ ထိုစဉ် ဤအာယသ်တော်- **فَلَمْ تَقْتُلُوْهُمْ وَ لٰكِنَّ اللّٰهَ قَتَلَهُمْ** (အသင်တို့သည် ထို (ကာဖိရ် မယုံကြည်သွေဖည်ငြင်းပယ်သော) သူတို့အား သတ်ဖြတ်ခဲ့ကြသည်မဟုတ်ပေ။ စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်သည်ပင် ထိုသူတို့အား သတ်ဖြတ်တော်မူခဲ့လေသည်။) ကျရောက်ခဲ့ကာ ယင်းဖြင့် ၎င်းတို့၏ကြိုးပမ်းမှုနှင့် လုပ်ရပ်များအပေါ် မောက်မာခြင်းမပြုကြရန် ၎င်းတို့အား ညွှန်ကြားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ထိုနေရာ၌ဖြစ်ပျက်ခဲ့သည်များမှာ ၎င်းတို့ကြိုးပမ်းမှု ရလဒ်သက်သက်မဟုတ်သောကြောင့် ဖြစ်သည်။ စင်စစ်ယင်းအောင်နိုင်မှုမှာ အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူသည့် အကူအညီနှင့် အထောက်အပံ့၏ရလဒ် သက်သက်မျှသာဖြစ်သည်။ သူတို့လက်များဖြင့် သတ်ဖြတ်ခဲ့သောရန်သူများသည်အမှန်တကယ်၎င်းတို့သတ်ဖြတ်သည်မဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်က သတ်ဖြတ်တော်မူခြင်းသာဖြစ်သည်။

အလားတူပင် တမန်တော်မြတ် ﷺ ကို ဦးတည်ပြောကြားရာ၌ **وَ مَا رَمَيْتَ اِذْ رَمَيْتَ وَ لٰكِنَّ اللّٰهَ رَمٰى** "ထိုနည်းတူစွာ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား) သဲများဖြင့်ပက်ခဲ့စဉ်ကလည်း အသင်ပက်ခဲ့သည်မဟုတ်ပြီ။ စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ် ပင် ပက်တော်မူခဲ့သည်"ဟု မိန့်တော်မူထားသည်။ ဆိုလိုသည်မှာ ရန်သူတပ်ကြီးကြောက်ရွံ့သွားစေရန် တပ်သားတိုင်း ၏မျက်စိထဲသို့ ဖုန်များပစ်ပေါက်ခြင်း၏ သီးသန့် ရလဒ်သည် ကိုယ်တော်မြတ် ﷺ ပစ်ပေါက်ခြင်း၏ တိုက်ရိုက်အကျိုးသက်ရောက်မှုမဟုတ်ချေ။ ယင်းရလဒ်မှာ စင်စစ် အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသောတန်ခိုးတော်ကြောင့်ဤကဲ့သို့ပုံစံအခြေအနေဖြစ်ရသည်။ကဗျာဆရာရှမီ၏အထက်တန်းကျသောကဗျာတစ်ပုဒ်နှင့် ရှင်းလင်းချက်ကိုကိုးရလျှင်-

**مارمیت اذ رمیت گفت حق  کار ما بر کارها دارد سبق**

"အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ အသင်ပစ်ပေါက်ခဲ့သော်လည်း အသင်ပစ်ပေါက်ခဲ့သည် မဟုတ်။ ငါအရှင် မြတ်၏လုပ်ရပ်များသည် အခြားလုပ်ရပ်အားလုံးထက် အလျင်ဦးပေသည်။"

ဂျီဟာဒ်စစ်ပွဲတွင် ၎င်းတို့၏အောင်နိုင်မှုထက် ပိုမိုအဖိုးထိုက်သော ညွှန်ကြားချက် မုစ်လင်မ်များ ရရှိခဲ့ပါသည်။ ယင်ညွှန်ကြားချက်ကြောင့် အရာရာတိုင်းကို ပေးသနားတော်မူသည့် အရှင်မြတ်နှင့် ပတ်သက်သည်တို့ကို ၎င်းတို့ကြောင့်ဖြစ်သည်ဟူသော စိတ်ကင်းရှင်းပယ်ပျောက်စေပါသည်။ ယင်းကြောင့် အများအားဖြင့် အောင်နိုင်သူများသည် မောက်မာမှုနှင့်ပလွှားမှုတွင် ယစ်မူးကြလေ့ရှိသောကြောင့် ယင်းထောင်ချောက်မှ လွတ်ကင်းစေပါသည်။ ယင်းနောက် အောင်နိုင်ခြင်းနှင့် ရှုံးနိမ့်ခြင်းသည် အလ္လာဟ်အရှင်မြတ်အမိန့် တော်အရဖြစ်၍ အရှင်မြတ်၏အကူအညီသည် အမိန့်နာခံသူများအတွက်သာဖြစ်ကြောင်း **وَ لِيُبْلِيَ الْمُؤْمِنِيْنَ مِنْهُ بَلَآءً حَسَنًا** "(ယင်းသို့ပြုတော်မူခြင်းကား ထိုအရှင်မြတ်၏ သက်သေလက္ခဏာ ထင်ရှားစေအံ့သောငှာလည်းကောင်း၊ ထိုအရှင် မြတ်၏ ရစူလ်တမန်တော်အား ဆက်လက်၍ တည်မြဲစေအံ့သောငှာလည်းကောင်း) မုအ်မင်နိ်သက်ဝင်ယုံကြည်သူ တို့အား မိမိအထံတော်မှ မွန်မြတ်သောစမ်းသပ်ခြင်းကို စမ်းသပ်တော်မူအံ့သောငှာလည်းကောင်း ဖြစ်ချေသည်" မိန့်ကြားထားသည်။ ဆိုလိုသည်မှာ ၎င်းတို့၏နာခံမှုနှင့် ကြိုးပမ်းမှုတို့အတွက် အကောင်းဆုံးအစားပေးရန်အလို့ငှာ အလ္လာဟ်အရှင်မြတ်သည် မုအ်မင်နိ်သက်ဝင် ယုံကြည်

သူများကို ဤကြီးမားသည့်အောင်မြင်မှုဖြင့် ကောင်းချီးမင်္ဂလာ ပေးခဲ့သည်။ ﴿ذٰلِكُمْ﴾ (ဇလာအ်) ဟူသောစကားလုံး၏ စာပေဝေါဟာရအရ ဆိုလိုရင်းမှာ စမ်းသပ်ခြင်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ စမ်းသပ်တော်မူခြင်းမှာ တစ်ခါတစ်ရံ တစ်စုံတစ်ဦးကို ခက်ခဲမှု (သို့မဟုတ်) စိတ်သောကဖြစ် စေခြင်းများရောက်စေ၍ ယင်းနောက်မှ သက်သောင့်သက်သာမှုနှင့် စည်းစိမ်ဥစ္စာပေးကမ်းချီးမြှင့်သည့် အခါများ ရှိပေသည်။ ဤနေရာတွင် ဟစန်(ကောင်းသော) ဗလာ(စမ်းသပ်မှု) ဟုအမည်ပေးထားသည့်စမ်းသပ်မှုတွင် သက်သောင့် သက်သာမှုများ၊ စည်းစိမ်ဥစ္စာများ၊ အထောက်အကူနှင့်အောင်နိုင်မှုများပေးကာ ယင်းသို့ကောင်းချီး ပေးအပ်ခံရသူသည် အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်ရှိကာ ဤသည်တို့မှာ အလ္လာဟ်အရှင်မြတ်ထံမှဖြစ်ကြောင်း သိရှိခြင်းကို စမ်းသပ်ရန်ဖြစ်သည်။ ယင်းတို့သည် ၎င်းတို့၏ပုဂ္ဂိုလ်ရေးဆိုင်ရာ သာလွန်မှု၏ရလဒ်လော၊ အရှင်မြတ်ထံမှလောဟူသည် ကို စမ်းသပ်ရန်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့လုပ်ဆောင်မှုကို မခွဲခြားနိုင်ဘဲ မာနတက်၍ထောင်လွှားခဲ့လျှင် ၎င်းတို့လုပ်ရပ်သည် ပျက်ပြယ်သွားပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်တွင် မည်သူတစ်ဦးတစ်ယောက်မျှ မောက်မာပလွှားရန် အကြောင်းမရှိချေ။

ဤသည်နှင့်ဆန့်ကျင်၍ ဤအောင်နိုင်မှုမှ အခြားအကျိုးရလဒ်တစ်ခုထွက်ပေါ်လာမှုကို စတုတ္ထအာယသ်တော် ၁၈ ၌ ﴿ذٰلِكُمْ وَاَنَّ اللّٰهَ مُوْهِنُ كَيْدِ الْكٰفِرِيْنَ﴾ "ဤသည်ကား (ပြီးခဲ့သောကိစ္စပင်တည်း)။ ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်သည် "ကာဖိရ်" မယုံကြည် သွေဖည်ငြင်းပယ်သောသူတို့၏ ကြံစည်မှုကိုလည်း ဇကန်မလွဲ နန့်နဲ့(ပျက်စီး)စေတော်မူလတ္တ"ဟူ၍မိန့်ထားသည်။ တစ်နည်းဆိုရသော် မုစ်လင်မ်များကို ဤအောင်နိုင်မှုဖြင့် ကောင်းချီးမင်္ဂလာပေးခြင်းအတွက် နောက်တခြားအချက် လည်းရှိပေသည်။ ယင်းမှာ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ အကြံအစည်သည် အကျိုးသက်ရောက်မှုမရှိ ဖြစ်သွားမည်။ ယင်းဖြစ်ရပ်က မည်သည့်အကြံအစည်မဆို အလ္လာဟ်အရှင်မြတ်၏ အကူအညီမရလျှင် မအောင်မြင်နိုင် ဟူသည်ကို ၎င်းတို့နားလည်သဘောပေါက်စေပါသည်။

ပဉ္စမအာယသ်တော် (၁၉)သည် ကိုရိုက်ရှ်မျိုးနွယ်စုမှစစ်ရှုံးသော မယုံကြည်သွေဖည်ငြင်းပယ်သူများကို ဦးတည်ပြောကြားခြင်းတစ်ရပ် ပါဝင်သည်။ ထို့နောက် မုစ်လင်မ်များကိုရင်ဆိုင်တိုက်ခိုက်ရန် ကုရိုက်ရှ်စစ်တပ်သည် မက္ကာမြို့မှမထွက်ခွာမီ ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်ကို ရည်ညွှန်းသည်။

ထိုအဖြစ်အပျက်နှင့်ပတ်သက်သည့် တင်ပြချက်အရ မယုံကြည်သွေဖည်ငြင်းပယ်သောကုရိုက်ရှ်ရှိစစ်တပ်သည် မုစ်လင်မ်များကိုရင်ဆိုင်ရန် ချီတက်ခါနီးတွင် စစ်ဦးစီးချုပ်အဗူဂျာဟဲလ်နှင့် အခြားအကြီးအကဲတို့သည် မက္ကာမြို့မှမထွက်ခွာမီ ဗိုင်သွလ္လာဟ်အား လွှမ်းခြုံထားသည့်ခြုံထည်ကို စိတ်ရောကိုယ်ပါဆုပ်ကိုင်၍ စိတ်အား ထက်သန်စွာ ဆုမွန်တောင်းခံခဲ့သည်။ ထူးဆန်းပုံပေါ်သည်မှာ ၎င်းတို့သည် ၎င်းတို့ကိုယ်ပိုင်အောင်နိုင်မှုအတွက် သီးသန့်ဆုမွန်တောင်းခံခြင်းမပြုလုပ်ခဲ့ပါ။ ယင်းအစား ၎င်းတို့ပြုလုပ်သောဆုတောင်းခံမှုသည် ယေဘုယျအသုံးအနှုန်းသာဖြစ်၍ စာသားကား

> "အိုအလ္လာဟ်အရှင်မြတ်၊ အောင်နိုင်မှုကို စစ်တပ်နှစ်ခုအနက် ပိုသာသော စစ်တပ်ကိုလည်းကောင်း၊ အုပ်စု နှစ်စုအနက် ပိုမိုကောင်းမွန်စွာညွှန်ကြားခံရသော အုပ်စုကိုလည်းကောင်း၊ အဖွဲ့နှစ်ဖွဲ့အနက် ပိုမိုမြင့်မြတ် (နူးညံ့ သိမ်မွေ့)သောအဖွဲ့ကိုလည်းကောင်း၊ ဘာသာတရားနှင့် ယုံကြည်မှု နှစ်ခုရှိသည့်အနက် ပိုမိုကြီးမြတ်သော ဘာသာတရားကို အောင်နိုင်မှုချီးမြှင့်တော်မူပါ။" (မဇာဟရီ)

စိတ်ဝင်စားဖွယ်မှာ ဤဥာဏ်တိမ်သောလူများသည် မုစ်လင်မ်များနှင့်နှိုင်းယှဉ်လျှင် ၎င်းတို့သည်သာ မြင့်မြတ်၍ ကောင်းမွန်စွာလမ်းညွှန်ခံရသူများဟု ထင်မှတ်ခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့၏တောင်းဆုသည် ၎င်းတို့အကျိုးအတွက်သာဖြစ်သည်ဟု ရော်ရမ်းမှန်းဆခဲ့ပါသည်။ ၎င်းတို့၏တောင်းဆုအရ အလ္လာဟ်အရှင်မြတ်သည် မည်သူကမှန်၍ မည်သူမှားသည်ဟူသော အရှင်မြတ်၏ဆုံးဖြတ်ချက်ကို ၎င်းတို့အမှန်လိုလားခဲ့သည်။ ထို့ကြောင့် သူတို့အနိုင်ရခဲ့လျှင် ၎င်းတို့၏အောင်နိုင်မှုမှာ ၎င်းတို့အမှန်တရားဘက်တွင်ရှိသည်ဟူသော အလ္လာဟ်အရှင်မြတ်၏ အဆုံးအဖြတ်ဖြစ်သွားပေလိမ့်မည်။

သို့သော်လည်း ထိုဆုတောင်းမှုသည် တကယ်တွင် ၎င်းတို့ကိုယ်ကျိုးပျက်စီးကြမည်ဆိုသည်ကို ၎င်းတို့ မသိကြပါ။ ထို့နောက် ယင်းဆုတောင်းမှုသည် မုစ်လင်မ်များ၏ကောင်းကျိုးအတွက်ဖြစ်ပေသည်။ စစ်ပွဲပြီးဆုံး သောအခါ၌ ကုရ်အာန်ကျမ်းမြတ်သည် ထိုသူများအား **إِنْ تَسْتَفْتِحُوا فَقَدْ جَآءَكُمُ الْفَتْحُ** "အိုမက္ကာဟ် မြို့သား ကာဖိရ်အပေါင်းတို့) အသင်တို့သည် အကယ်၍ စီရင်ဆုံးဖြတ်ချက်ကိုရလိုပါမူ စီရင်ဆုံးဖြတ်ချက်သည် အသင်တို့ရှေ့ဝယ် အမှန်ပင်အသင့်ရောက်ရှိနေ ချေပြီ။" ဆိုလိုသည်မှာ အကယ်၍ အသင်တို့သည် အလ္လာဟ် အရှင်မြတ်၏ဆုံးဖြတ်ချက်ကို ရှာဖွေနေခဲ့လျှင် ယင်း ဆုံးဖြတ်ချက်သည် အသင်တို့ရှေ့မောက်ရောက်ခဲ့လေပြီ။ အမှန်တရားသည်အောင်မြင်၍ အမှားသည်ရှုံးနိမ့်သွား ချေပြီ။ ထို့နောက် **وَإِنْ تَنْتَهُوا فَهُوَ خَيْرٌ لَّكُمْ** "သို့ရာတွင် အသင်တို့သည် အကယ်၍ (ယခုပင်) ရပ်စဲကြပါလျှင် ထိုရပ်စဲခြင်းသည် အသင်တို့အဖို့ အကောင်းဆုံးပင်ဖြစ်သည်" ဆိုလိုသည်မှာ ယခုအချိန်တွင် အသင်တို့သည် မယုံကြည်သွေဖည်ခြင်းနှင့် ရန်လိုခြင်းကိုစွန့်လွှတ်ခဲ့ကြပါလျှင် အသင်တို့အတွက် သာလွန်ကောင်းပါလိမ့်မည်။ ထို့နောက် အကယ်၍ အသင်တို့၏ ကောက်ကျစ်စဉ်းလဲမှုနှင့် လက်နက်စွဲကိုင်ခြိမ်းခြောက်မှုဆီသို့ ဦးလှည့်ရန် ဆုံးဖြတ်သည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်သည်လည်း အရှင်မြတ်၏ အကူအညီကို မုစ်လင်မ်များထံလှည့်သွားပေလိမ့်မည်။ **وَإِنْ تَعُوْدُوْا نَعُدْ** "သို့ရာတွင် အကယ်၍ အသင်တို့သည် ထပ်မံ၍ ပြုလုပ်ကြပါမူ ငါအရှင်မြတ်သည်လည်း ထပ်မံ၍ ပြုလုပ်တော်မူအံ့။" သို့ဆိုပါလျှင် အကျိုးဆက်မှာ **وَلَنْ تُغْنِيَ عَنْكُمْ فِئَتُكُمْ شَيْئًا وَّلَوْ كَثُرَتْ** "ထိုအခါ အသင်တို့၏ အုပ်စုသည် မည်မျှပင်များပြားသော်လည်း အသင်တို့အဖို့ အနည်းငယ်မျှပင် အသုံးဝင် လိမ့်မည်မဟုတ်ပေ" ဖြစ်လိမ့်မည်။ ဆိုလိုသည်မှာ အသင်တို့၏ ကိန်းဂဏန်းအရေအတွက်နှင့် အုပ်စုအင်အားသာလွန်မှုသည် အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူသည့် အကူအညီနှင့် ထောက်ကူမှုများနှင့် နှိုင်းစာလျှင် မည်သို့မျှအသုံးဝင်လိမ့်မည်မဟုတ်ချေ။ အလ္လာဟ်အရှင်မြတ် အကူအညီနှင့် အထောက်အပံ့တို့နှင့် ပတ်သက်၍ **وَأَنَّ اللّٰهَ مَعَ الْمُؤْمِنِيْنَ** "ထိုမှတစ်ပါး အလ္လာဟ် အရှင်မြတ်သည် ဇကာမလွဲ "မုအ်မင်န်" သက်ဝင်ယုံကြည် သူတို့နှင့်အတူ ရှိတော်မူသည်။" ဟုမိန့်ထားသည်။ ဆိုလိုသည်မှာ အကြွင်းမဲ့တန်ခိုးတော်ပိုင်ဆိုင်တော်မူသည့် အလ္လာဟ်အရှင်မြတ်သည် မုစ်လင်မ်များနှင့်အတူရှိနေပါက မည်သည့် အုပ်စု (သို့) အင်အားက သင်တို့အတွက် လုပ်ဆောင်ပေးနိုင်အံ့နည်း?"

အာယသ် (၂၀-၂၄)

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْۤا اَطِيْعُوا اللّٰهَ وَ رَسُوْلَهٗ وَ لَا تَوَلَّوْا عَنْهُ وَ اَنْتُمْ تَسْمَعُوْنَ ﴿۲۰﴾
وَ لَا تَكُوْنُوْا كَالَّذِيْنَ قَالُوْا سَمِعْنَا وَ هُمْ لَا يَسْمَعُوْنَ ﴿۲۱﴾ اِنَّ شَرَّ الدَّوَآبِّ عِنْدَ
اللّٰهِ الصُّمُّ الْبُكْمُ الَّذِيْنَ لَا يَعْقِلُوْنَ ﴿۲۲﴾ وَ لَوْ عَلِمَ اللّٰهُ فِيْهِمْ خَيْرًا لَّاَسْمَعَهُمْ
ؕ وَ لَوْ اَسْمَعَهُمْ لَتَوَلَّوْا وَّ هُمْ مُّعْرِضُوْنَ ﴿۲۳﴾ يٰۤاَيُّهَا الَّذِيْنَ اٰمَنُوا اسْتَجِيْبُوْا لِلّٰهِ وَ
لِلرَّسُوْلِ اِذَا دَعَاكُمْ لِمَا يُحْيِيْكُمْ ۚ وَ اعْلَمُوْۤا اَنَّ اللّٰهَ يَحُوْلُ بَيْنَ الْمَرْءِ وَ قَلْبِهٖ
وَ اَنَّهٗۤ اِلَيْهِ تُحْشَرُوْنَ ﴿۲۴﴾

အို-"မုအ်မင်နဲ်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်၏အမိန့်တော်များကိုလည်းကောင်း လိုက်နာကြလေကုန်။ ၎င်းပြင် အသင်တို့သည် ကြားသိလျက်နှင့် ထိုအမိန့်တော်(များ) မှ လွှဲဖယ်မသွားကြကုန်လင့်။ (၈ : ၂၀)

ထို့ပြင် အသင်တို့သည် အကြင်သူများကဲ့သို့ မဖြစ်ကြကုန်လင့်။ ထိုသူများသည် ကျွန်တော်မျိုးတို့ကြားကြပါပြီဟု ပြောဆိုခဲ့ကြလေသည်။ စင်စစ်တမူကား ၎င်းတို့သည် (တစ်စုံတစ်ရာကိုမျှ) ကြားကြသည်မဟုတ်ပေ။ (၈း၂၁)

ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်အထံတော်တွင် အဆိုးဆုံးသတ္တဝါသည် အကြင်ဆွံ့အ၊ နားပင်းသောသတ္တဝါများပင် ဖြစ်ကြကုန်၏။ ထိုသတ္တဝါတို့သည်ကား (မည်သည့် တစ်စုံတစ်ရာကိုမျှ)မသိနားမလည်ကြချေ။ (၈ : ၂၂)

အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့တွင် တစ်စုံတစ်ရာ ကောင်းမွန်သော အချက်ကို အကယ်၍သာ သိမြင်တော်မူခဲ့ပါမူ ၎င်းတို့အား မုချကြားနာစေတော်မူခဲ့အံ့။ သို့ရာတွင် (ယခုသော်ကား) ၎င်းတို့အား အကယ်၍ ကြားနာစေတော်မူသည့်တိုင်အောင် မလွဲဧကန် ၎င်းတို့သည် ဂရုမစိုက်ဘဲ လွှဲဖယ်တိမ်းရှောင်သွားကြမည်သာတည်း။ (၈ : ၂၃)

အို-"မုအ်မင်နဲ်"သက်ဝင်ယုံကြည်သူအပေါင်းတို့၊အသင်တို့သည်အလ္လာဟ်အရှင်မြတ်နှင့် ရစူလ်တမန်တော်၏အမိန့်တော်များကို ထိုရစူလ် တမန်တော်သည် အသင်တို့ကို အသက်ရှင်စေနိုင်သော အကြောင်းများသို့ ဖိတ်ခေါ်သောအခါ လိုက်နာကြလေကုန်။ ထိုမှတစ်ပါး ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လူနှင့် လူ၏စိတ်နှလုံးအကြားတွင် အကာအဆီး ဖြစ်တော်မူသည်ကိုလည်းကောင်း၊ ထို့ပြင် အသင်တို့သည် ဧကန်မလွဲ ထိုအရှင်မြတ်၏အထံတော်၌ပင် စုရုံးကြရမည်ကိုလည်းကောင်း အသင်တို့သည် ကောင်းစွာသိထားကြလေကုန်။ (၈ : ၂၄)

**အကျယ်ဖွင့်ဆိုခြင်း**

ပြီးခဲ့သောအာယသ်များတွင် ဗဒ်ရိစစ်ပွဲအဖြစ်အပျက်ကို အသေးစိတ်နီးနီးဖော်ပြထားသည့်ထဲတွင် အစ္စလာမ်ဘာသာကိုဖက်တွယ်ထားသောသူများနှင့် မယုံကြည်သွေဖည်မှုကို ဖက်တွယ်ထားသောလူနှစ်မျိုးစလုံးအတွက် ခိုင်လုံသည့် အကြံဉာဏ်နှင့် အသိဉာဏ်တို့တွင် မြောက်မြားစွာသောသင်ခန်းစာများ ပါဝင်သည်။ ဤသင်ခန်းစာများသည် ပေါ်လွင်ထင်ရှားသော ဆင့်ပြန်ချက်များတင်ပြရာ၌ ပြတ်တောင်းပြတ်တောင်းနှင့် ကြိုးကြားကြိုးကြားပါဝင်ကာ သတိပေးချက်များ ဖြစ်စေပါသည်။

ပမာဆိုသော် ပြီးခဲ့သောအာယသ်များထဲတွင် မက္ကာဟ်မြို့ရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ သိက္ခာမဲ့မှုနှင့် ရှုံးနိမ့်မှုကို ပြန်လည်တင်ပြပြီးနောက် **ذٰلِكَ بِاَنَّهُمۡ شَآقُّوا اللّٰهَ وَ رَسُوۡلَهٗ** "ဤ (အမိန့်တော်)သည်ကား ယင်း (မုရှ်ရစ်က်)တို့သည် အလ္လာဟ်အရှင်မြတ် အားလည်းကောင်း၊ အရှင်မြတ်၏ရစူလ်တမန်တော်အားလည်းကောင်း ဆန့်ကျင်ခဲ့ကြသောကြောင့် (ချမှတ်တော် မူသောအမိန့်တော်) ပင်တည်း" ဟု (၁၃)တွင် မိန့်ထားခဲ့သည်။ ဆိုလိုသည်မှာ မက္ကာဟ်မြို့ရှိ မယုံကြည်သွေဖည်သူများ သည် အရေအတွက်အရနှင့် ထောက်ပံ့ဖြည့်တင်း ရေးနှင့်ဆိုင်သော အင်အားသာလွန်သော်လည်း ရှုံးနိမ့်ခဲ့ကြရသည်။ ထို့နောက် ယင်းဖြစ်ရပ်၏နောက်ကွယ်ရှိ စစ်မှန်သောအကြောင်းမှာ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ် ၏တမန်တော်ကို ရန်လိုသည့်လုပ်ရပ်ကို ရွေးချယ်လုပ်ဆောင်ခဲ့ကြသောကြောင့် ဖြစ်သည်။ ဤတွင် ကမ္ဘာမြေကြီးနှင့် မိုးကောင်းကင်၏ဖန်ဆင်း ပိုင်ဆိုင်တော်မူသောအရှင်သခင်၏ ပြီးပြည့်စုံဆုံးသောတန်ခိုးတော်ကို ရှောင်ကွင်းကြသူများ၊ ယင်းတန်ခိုးတော်ကို မျက်မြင်မြင်လည်းမြင်နိုင်၍၊ မမြင်လည်း မမြင်ရချေ။ ထို့နောက် ရုပ်ဝတ္ထု အင်အားများပေါ်တွင် ယုံကြည်အား ထားရွေးချယ်ကြသူများ (သို့မဟုတ်) ၎င်းတို့ကိုယ် ၎င်းတို့လိမ်ညာကာ သူတို့သည် အလ္လာဟ်အရှင်မြတ်ကို မယုံကြည်သွေဖည်ငြင်းပယ်သော လုပ်ရပ်များလုပ်လင့်ကစား အလ္လာဟ်အရှင်မြတ်ထံမှ အကူအညီရလိမ့်မည်ဟု မက်ထားကာ ဆုတောင်းသူများအတွက် ကျိန်နွံ့စေသည့်သင်ခန်းစာတစ်ရပ်ပါဝင်သည်။

ယခုလက်ရှိအာယသ်တော်ထဲတွင် ယင်းပြဿနာ၏အခြားတစ်ဖက်ကို မုစ်လင်မ်များအား ဦးတည် ပြောကြားခြင်းဖြင့် ဖော်ပြထားသည်။ တိုတိုတုတ်တုတ်ဖော်ပြထားသည်မှာ ဤကိစ္စရပ်၏အမှန်တရားကား အရေအတွက် နည်းပါး၍ လက်နက်အင်အားချို့တဲ့သော မုစ်လင်မ်စစ်တပ်သည် အလ္လာဟ်အရှင်မြတ်၏ ထောက်ပံ့ကူညီမှုဖြင့် ကြီးကျယ်သောအောင်ပွဲဖြင့် ကောင်းချီးမင်္ဂလာပြုခံခဲ့ရသည်။ ယင်းကဲ့သို့ အလ္လာဟ်အရှင်မြတ်၏ ကူညီထောက်ပံ့မှုရခြင်းသည် အလ္လာဟ်အရှင်မြတ်ကို ၎င်းတို့အမိန့်နာခံခြင်း၏ ရလဒ်ဖြစ်ပေသည်။ ဤအမိန့် နာခံမှုသည် မုစ်လင်မ်များ မပြုမနေရတာဝန်ဖြစ်၍ ၎င်းတို့စွမ်းဖြစ်ဖြစ်ဖက်တွယ်ရမည်ဟု **يٰۤاَيُّهَا الَّذِيۡنَ اٰمَنُوۡۤا اَطِيۡعُوا اللّٰهَ وَ رَسُوۡلَهٗ** "အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို လည်း ကောင်း၊ ထိုအရှင်မြတ်၏ရစူလ်တမန်တော်၏အမိန့်တော်များကိုလည်းကောင်း လိုက်နာကြလေကုန်" ဟုမိန့်ထား သည်။ အထက်ပါကျနှင့်တစ်ဆက်တည်းလာရှိသည်မှာ ဤအကြောင်းအရာကိုပင် ပိုမိုအလေးအနက်ပြု၍ **وَ لَا تَوَلَّوۡا عَنۡهُ وَ اَنۡتُمۡ تَسۡمَعُوۡنَ** "၎င်းပြောင် အသင်တို့သည် ကြားသိလျက်နှင့် ထိုအမိန့်တော် (များ) မှ လွှဲဖယ်မသွားကြကုန်လင့်။" ဟုမိန့်ထားသည်။ အဓိပ္ပာယ်မှာ အလ္လာဟ်အရှင်မြတ်၏ စစ်မှန်သည့်မုက္ခပါဠိတော်ဖြစ်သော ကုရ်အာန်ကျမ်းတော်မြတ်ကို ကြားနာပြီးသည်နှင့်တစ်ပြိုင်နက် စစ်မှန်သောအမိန့်နာခံမှု စံများနှင့် ဆန့်ကျင်သောလုပ်ရပ်များမလုပ်ကြရန် ဟူ၍ဖြစ်သည်။

နားဆင်ခြင်းဆိုသည်က အမှန်တရားကိုနားဆင်ခြင်းဖြစ်ကာ ယင်းတွင် အကျိုးပြုတုံ့ပြန်မှုအရ အဆင့် လေးဆင့်ရှိပါသည်။ (၁) နားဆင်သောသူသည် နားဖြင့်သာကြား၍ ယင်းကိုနားလည်၊ မလည်၊ နားလည်ရန်လည်း မကြိုးစား၊ ယုံလည်း မယုံကြည်၊ အားလည်းမကိုး၊ ထိုကြားသည့်အတိုင်းလည်း မလုပ်ဆောင်ပါ။ (၂) နားဖြင့် ကြားခဲ့ပြီး နားလည်သဘောပေါက်သော်လည်း ယင်းကိုမယုံကြည်၊ ကြားသည့်အတိုင်းလည်း မလုပ်ဆောင်ချေ။ (၃) ကြားလည်း ကြားသည်၊ နားလည်သဘောပေါက်ရုံမျှမက ယုံကြည်၍ကိုးစားမှုရှိသော်လည်း ယင်းအတိုင်း မလုပ်ဆောင်ပါ။ (၄) ကြားလည်းကြားသည်၊ နားလည်သဘောပေါက်သည်၊ ယုံကြည်ကာကိုးစား၍ ယင်းအတိုင်း လုပ်ဆောင်ခဲ့သည်။

ထင်ရှားသည်မှာ နားထောင်ခြင်း၏စစ်မှန်သောရည်ရွယ်ချက်ကား စတုတ္ထအဆင့်ဖြင့် အပြည့်အဝသိရှိနားလည်သဘောပေါက်ခြင်းဖြစ်သည်။ ယင်းမှာ ပြီးပြည့်စုံသည့် သက်ဝင်ယုံကြည်သူများ၏ အဆင့်ပင်တည်း။ ကျန်အဆင့် ၃ ခုအရ နားထောင်ခြင်းကို မပြည့်စုံ၊ အပြည့်အဝမဟုတ်သည့်နားထောင်ခြင်းဟု ဖော်ပြထားကာ တစ်နည်းအားဖြင့် နားမထောင်ခြင်းအဖြစ် သတ်မှတ်နိုင်သည်။ ယင်းနှင့်ပတ်သက်၍ နောက်လာမည့်အာယသ်တော်တွင် ဖော်ပြထားသည်။ အထက်တွင်ဖော်ပြခဲ့သည့် တတိယအဆင့်ထဲတွင် အမှန်တရားကိုကြားနာခြင်း၊ ယင်းကို နားလည်သဘောပေါက်ကာ ယုံကြည်ခြင်းဟူသည့်အချက်အလက်များ ပါဝင်သော်လည်း ယင်းနှင့် လိုက်လျောညီထွေ သည့် လုပ်ရပ် ချို့တဲ့နေသည်။ ဤနေရာတွင် တတိယအဆင့်နားထောင်ခြင်း၏ စစ်မှန်သော ရည်ရွယ်ချက်မှာ နားလည်သဘောပေါက်သင့်သကဲ့သို့မပေါက်သော်လည်း ယုံကြည်မှုနှင့်ပတ်သက်သည့် အရေးကြီးသည့်အချက်များ ရှိ၍ ယင်းကိုအသုံးမဝင်ဟူ၍ ငြင်းပယ်၍မရပါ။ ဤအဆင့်သည် အပြစ်ဂုနာဟ်ကျူးလွန်သောမုစ်လင်မ်များနှင့် သက်ဆိုင်သည်။ ထို့နောက် ဒုတိယအဆင့်ထဲတွင် နားထောင်ခြင်းသက်သက်နှင့် နားလည် သဘောပေါက်မှုသက်သက် ပါဝင်သည်ဆိုသည်မှာ ကျွန်ုပ်တို့သဘောပေါက်သည်။ သို့သော်လည်း ယုံကြည်မှုနှင့် ယင်းနှင့် လိုက်လျောညီထွေသော လုပ်ရပ် မရှိပါ။ ဤအဆင့်သည် မုနာဖိကီးန် (အရေခြုံ) များအတွက်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကိုနားထောင်၍ နားလည်သဘောပေါက်သည် သာမက ယုံကြည်ကာလုပ်ဆောင် လိုသည့် ဟန်ဆောင်သည့်ဆန္ဒလည်းရှိသည်။ သို့သော်လည်း အမှန်တကယ်တွင်မူ ယုံလည်းမယုံကြည် လုပ်သင့်သည်ကိုလည်း မလုပ်ကြချေ။ နောက်ဆုံးတွင် ပထမအဆင့်သည် ဘုရား အများကိုးကွယ်သူများနှင့် မယုံကြည်သွေဖည်ငြင်းပယ်သူများအတွက်ဖြစ်သည်။ ၎င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်၏အာယသ်နှင့် သစ္စာတရား၏သတင်းစကားကို ၎င်းတို့နားနှင့်ဆတ်ဆက်ကြားသော်လည်း ထိုသူတို့သည် မည်သည့်အခါတွင်မျှ ယင်းအကြောင်း နားလည် သဘောပေါက်ရန်နှင့် တွေးတောရန် စိတ်မထက်သန် ကြပါ။

အထက်ကိုးကားခဲ့သော အာယသ်တော်(၂၀)ထဲ၌ မုစ်လင်မ်များကို ဦးတည်မိန့်ကြားထားသည်မှာ ထိုသူတို့သည် ကနဦးလိုအပ်ချက်ဖြစ်သော နားထောင်ခြင်း၊ နားလည်သဘောပေါက်ခြင်းနှင့် ယုံကြည်ခြင်းတို့ ရှိရမည့် အနေအထားအတိုင်း ရှိကြသော်လည်း ၎င်းတို့သည် ထိုထက်မကလုပ်ဆောင်ရန် လိုသေးသည်ဟုမိန့်ထားသည်။ သူတို့သည် လုပ်ရမည်ကို အပြည့်အဝနှင့်သစ္စာရှိစွာ လုပ်ဆောင်ကြရပေမည်။ ၎င်းတို့အား အမိန့်နာခံခြင်းလမ်းမှ သွေဖည်သွားသော မည်သည့်လုပ်ရပ်ကိုမဆို မလုပ်ဆောင်ရန် ပြောကြားထားခဲ့သည်။ သို့မှသာ အမှန်တရား၏စကား ကိုကြားနာခြင်း၏ စစ်မှန်သောရည်ရွယ်ချက်အား အမြဲတစေပြည့်ပြည့်ဝဝ နားလည်သဘောပေါက်ပေလိမ့်မည်။

ဤအကြောင်းအရာကိုပင် ထပ်ဆင့်အလေးအနက်ပြုကာ ဒုတိယအာယသ် (၂၁) ထဲ၌ **وَلَا تَكُونُوا كَالَّذِينَ قَالُوا سَمِعْنَا وَهُمْ لَا يَسْمَعُونَ** "ထို့ပြင် အသင်တို့သည် အကြင်သူများကဲ့သို့မဖြစ်ကြကုန်လင့်။ ထိုသူများသည် "ကျွန်

တော်မျိုးတို့ကြားကြပါပြီ"ဟု ပြောဆိုခဲ့ကြလေသည်။ စင်စစ်တမူကား ၎င်းတို့သည် (တစ်စုံတစ်ရာကိုမျှ) ကြားကြသည် မဟုတ်ပေ"ဟု မိန့်ထားသည်။ ဤနေရာ၌ဆိုလိုရင်းကား အများအားဖြင့် မယုံကြည်သွေဖည်ငြင်းပယ်သူ များသည် နားဆင်ခြင်းအတွက် အခိုင်အမာ ပြောဆိုခဲ့ကြသော်လည်း သက်ဝင်ယုံကြည်မှုနှင့်ပတ်သက်၍ ထိုကဲ့သို့ အခိုင်အမာပြောဆို ခြင်းမရှိခဲ့ပါ။ ၎င်းတို့ကနဦး နားဆင်ပြီးနောက် ယင်းထက်ပင်ပိုပါသည်ဟုပြောဆိုသော အရေးခြုံများကိုလည်း ဤနေရာ၌ဆိုလိုသည်။ စင်စစ် ထိုအရေးခြုံများသည် ၎င်းတို့ကြားနာသည်ကို နားလည်သဘောပေါက်ရုံမျှမက ယင်းကိုယုံကြည်ပါသည်ဟုလည်း အခိုင်အမာပြောဆိုကြသည်။ သို့သော်လည်း ကိစ္စရပ်၏အမှန် တရားကား ထိုသို့ ပြောဆိုသူ နှစ်ဦးစလုံးတို့သည် စစ်မှန်သော ကျိုးကြောင်းဆင်ခြင်တွေးတောမှုနှင့် စစ်မှန်သော နားလည်သဘောပေါက်မှု ကင်းမဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ထိုသူတို့၏နားဆင်ခြင်းဆိုသည် နားမထောင်ခြင်း အမျိုး အစားတွင် ပါဝင်သွားပါသည်။ ထို့ကြောင့် မုစ်လင်မ်များအား ထိုသူများကဲ့သို့မဖြစ်စေရန် တားမြစ်ထားခဲ့သည်။

တတိယအာယသ်(၂၂)သည် အမှန်တရားကို တွေးတွေးဆဆနားမထောင်ဘဲ ယင်းကိုလက်မခံပစ်ပယ်သူများအား ပြင်းထန်စွာရှုတ်ချထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်က ထိုသို့သောသူများသည် **اِنَّ شَرَّ الدَّوَآبِّ عِنْدَ اللّٰهِ الصُّمُّ الْبُكْمُ الَّذِيْنَ لَا يَعْقِلُوْنَ** "ဇကာနစင်စစ် အလ္လာဟ်အရှင်မြတ်အထံတော်တွင် အဆိုးဆုံးသတ္တဝါသည် အကြင် ဆွံ့အ၊ နားပင်းသော သတ္တဝါများပင် ဖြစ်ကြကုန်၏။ ထိုသတ္တဝါတို့သည်ကား (မည်သည့်တစ်စုံတစ်ရာကိုမျှ) မသိနားမလည်ကြချေ" ဟူသောစကားလုံးဖြင့် သုံးနှုန်းထားသည်။

**دواب** (ဒဝါးဗ်) ဟူသောစကားလုံးသည် **دَآبَّة** (ဒါဗ်ဗဟ်)ဟူသောစကားလုံး၏ အများကိန်းဖြစ်သည်။ စာပေဝေါဟာရအရ ကမ္ဘာမြေပေါ်တွင်လျှောက်လှမ်းသူများကို (ဒါဗ်ဗဟ်)ဟုခေါ်သည်။ သို့သော်လည်း အသုံးအနှုန်း သဘောအရ ခြေလေးချောင်းတိရစ္ဆာန်များကိုသာလျှင် (ဒါဗ်ဗဟ်)ဟုခေါ်သည်။ ထို့ကြောင့် အာယသ်တော်၏ ဆိုလိုရင်းမှာ အလ္လာဟ်အရှင်မြတ်ရှေ့မှောက်၌ အဆိုးဝါးဆုံးတိရစ္ဆာန်များသည် အမှန်တရားကိုနားဆင်ရန် နားမကြားသူများနှင့် အမှန်တရားလက်ခံရန် ဆွံ့အနေသူများဖြစ်ကြသည်။ တစ်စုံတစ်ဦး ဆွံ့အ၊ နားမကြား ဖြစ်နေသည့်တိုင် အကယ်၍ ၎င်းတွင် အနည်းငယ်မျှသော ဆင်ခြင်တုံတရားရှိခဲ့လျှင် တစ်ဦးနှင့်တစ်ဦး ခြေဟန်လက်ဟန် ဆက်သွယ်မှုဖြင့် နားလည်သဘောပေါက်နိုင်သည်။ သို့သော်လည်း ထိုသူများသည်ကား ဆွံ့အ၊နားမကြားသည်သာမက ဆင်ခြင်တုံတရားလည်း ကင်းမဲ့နေပေသည်။ လူတစ်ဦးသည် ဆွံ့အ၊ နားမကြားကာ ဆင်ခြင်တုံတရားကင်းမဲ့လျှင် ဆက်သွယ်ရေးလမ်းကြောင်းများပိတ်ဆို့နေကာ ၎င်းတို့ မည်သည့်နည်းနှင့်မျှ နားလည်လိမ့်မည်မဟုတ်သကဲ့သို့ နားလည်သဘောပေါက်စေရန်လည်း မလုပ်ဆောင်နိုင်ဆိုသည်ကား ထင်ရှား ပေသည်။

ဤအာယသ်တော်ထဲ၌ လူသားများအား အကောင်းဆုံးသောဘဝနှင့် ဖန်ဆင်းထားခဲ့ကြောင်း အလ္လာဟ်အရှင်မြတ်က ရှင်းလင်းစွာမိန့်ကြားထားခဲ့သည်။ ၎င်းတို့အား အဖန်ဆင်းခံများထဲတွင် အမြင့်မြတ်ဆုံး အဖြစ်ပြုလုပ်ထားကာ ကမ္ဘာစကြဝဠာကိုလည်း ၎င်းတို့အား အလုပ်အကျွေးပြုရန်ဖန်ဆင်းထားသည်။ ဤကောင်းချီး မင်္ဂလာများသည် သစ္စာတရားကိုနားထောင်ခြင်းနှင့် အမိန့်နာခံမှုတွင်ထည့်သွင်းကာ ယင်းတို့လုပ်ဆောင်ခြင်းပေါ် တည်မှီနေသည်။ လူသားသည် အမှန်တရားအားနားထောင်ခြင်း၊ နားလည်သဘောပေါက်ခြင်းနှင့် လက်ခံခြင်း တို့ကို ကျော်ခိုင်းလိုက်သည်နှင့်တစ်ပြိုင်နက် ၎င်းတို့ထံမှ ဤကောင်းချီးမင်္ဂလာများ ပျောက်ကွယ်သွားပါသည်။ ထို့ပြင် ၎င်းတို့သည် တိရစ္ဆာန်ထက်ပင် ဆိုးဝါးသောသတ္တဝါအဖြစ်သို့ အဆင့်ချပစ်သည်ဟူ၍ ရှုဟုလ်ဘယာန်ကျမ်းတွင် ဖော်ပြထားသည်။

စတုတ္ထအာယသ်(၂၃) ထဲတွင် **وَلَوْ عَلِمَ اللّٰهُ فِيْهِمْ خَيْرًا لَّاَسْمَعَهُمْ وَلَوْ اَسْمَعَهُمْ لَتَوَلَّوْا وَّهُمْ مُّعْرِضُوْنَ** "အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့တွင် တစ်စုံတစ်ရာကောင်းမွန်သောအချက်ကို အကယ်၍သာ သိမြင်တော်မူခဲ့ပါမူ ၎င်းတို့အား မုချကြားနာစေတော်မူခဲ့ဖွဲ့။ သို့ရာတွင် (ယခုသော်ကား) ၎င်းတို့အား အကယ်၍ ကြားနာစေ တော်မူသည့် တိုင်အောင် မလွဲဖကန် ၎င်းတို့သည် ဂရုမစိုက်ဘဲ လွှဲဖယ်တိမ်းရှောင်သွားကြမည်သာတည်း" ဟုမိန့်ကြားထားသည်။ တစ်နည်းဆိုရသော် အာယသ်တော်ကဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် ထိုသူများတွင် ကောင်းသောအကြံ လက်ခံနိုင်မှုအတွက် လိုက်လျောညီထွေမှုအချို့ရှိကြောင်း တွေ့ရှိခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူများကို ယုံကြည်မှုဖြင့် နားထောင်နိုင်စွမ်းကို ကောင်းချီးမင်္ဂလာအဖြစ် ပေးသနားတော်မူ လိမ့်မည်။ ထိုနောက် အကယ်၍ အမှန်တရားကို လက်ခံလိုစိတ်မရှိသည့် လက်ရှိအနေအထားအရ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား မှန်ကန်သည်ကို နားထောင်စေရန်ပြုလုပ်ခဲ့ပါလျှင်လည်း ထိုသူများသည် ဂရုမစိုက် အလေးမထားဘဲ ကျောခိုင်းသွားကြပါလိမ့်မည်။

ဤနေရာတွင်ပါရှိသည့် **خير** (ခိုင်းရ် = ကောင်းမြတ်ခြင်း) ဟူသောစကားလုံးအဓိပ္ပာယ်မှာ အမှန်တရားကို ရှာဖွေလိုသောဆန္ဒဟု အဓိပ္ပာယ်သက်ရောက်သည်။ အဘယ့်ကြောင့်ဆိုသော် အမှန်တရားအတွက် ရှာဖွေစူးစမ်းလိုမှုသည် နားလည်သဘောပေါက်ခြင်းနှင့် ကျိုးကြောင်းဆင်ခြင်တွေးတောခြင်း၏ တံခါးများပွင့်စေပါသည်။ ထို့နောက် ဤစူးစမ်းလိုမှုသည်ပင် တစ်စုံတစ်ဦးကိုယုံကြည်ရန်နှင့် လုပ်ဆောင်စေရန်ဖြစ်စေပါသည်။ ထို့ကြောင့် မည်သူမဆို အမှန်တရားကို စူးစမ်းလိုခြင်းမရှိခဲ့လျှင် ၎င်းထဲတွင်အကောင်းမရှိသကဲ့သို့ဖြစ်သွားသည်။ အကယ်၍ ထိုသူများတွင် အကောင်းအချို့ရှိခဲ့လျှင် အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော်ထဲတွင် ရှိနေမည်မှာ ထင်ရှားသည်။ အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော်ထဲတွင် ထိုသူများ၏ကောင်းမှုမရှိခဲ့လျှင် ထိုသူများ သည် ဖြစ်နိုင်ဖွယ်ရှိသည့်ကောင်းမှုတိုင်းမှ အမြဲတစေလက်မဲ့ဖြစ်နေကြောင်း ကျွန်ုပ်တို့အားပြောကြားပါသည်။ ထို့ကြောင့် ဤကဲ့သို့လက်မဲ့ဖြစ်နေသောအခြေအနေမျိုးတွင် ထိုသူများအားဖိတ်ခေါ်၍ သစ္စာတရားကိုဆင်ခြင် တွေးတောကာ ယုံကြည်စေလျှင် ၎င်းတို့သည် မည်သည့်အခါမျှ လက်မခံရုံမျှမက ယင်းမှကျောခိုင်းကာ ထွက်ပြေးပေလိမ့်မည်။ ဤဆန့်ကျင်ဖီလာပြုခြင်းကား ၎င်းတို့သည် ဘာသာတရားထဲ၌ အပြစ်အနာအဆာများမြင်တွေ့ခဲ့ကြ၍ ငြင်းပယ်ခြင်းမဟုတ်ပါ။ စင်စစ် ထိုသူတို့သည် သစ္စာတရားကို ဂရုမစိုက်ခြင်းသာဖြစ်သည်။

တိုက်ဆိုင်စွာပင် အထက်ပါသတ်မှတ်ချက်သည် ပညာရှိအတော်များများကို စိတ်အနှောင့်အယှက် ဖြစ်စေသည့် အပြစ်ရှာတတ်သော ယုတ္တိဗေဒဆိုင်ရာ သံသယကိုဖယ်ရှားစေသည်။ ထိုသူတို့ ရော်ရန်မှန်ဆသည်မှာ ဤထပ်တူကောက်နတ်ချက်ချခြင်း၏ ပထမအသွင်မှ အလယ်အလတ်အခြေခံယူဆချက်ကို လက်လျော့ အညံ့ခံခြင်းအားဖြင့် ၎င်းတို့သည် မှားယွင်းသောရလဒ်ကို အလျော့ပေးဟန်တူပေသည်။ အဖြေကား ဤနေရာ၌ အလယ်အလတ်အခြေခံယူဆချက်ကို ထပ်မံဖော်ပြမထားပါ။ အဘယ့်ကြောင့်ဆိုသော် ပထမစကားလုံး **لَاَسْمَعَهُمْ** (လအတ်စ်မအဟွန်မ် = မုချထိုအရှင်မြတ်သည် ၎င်းတို့အား ကြားနာစေတော်မူခဲ့ဖွဲ့) ဟူသော စကားလုံးကို ဒုတိယစကားလုံး **وَلَوْ اَسْمَعَهُمْ** (ဝလောင်ဝ်အတ်စ်မအဟွန်မ် = သို့ရာတွင် အကယ်၍ ထို(အရှင်မြတ်)သည် ၎င်းတို့အား ကြားနာစေတော်မူခဲ့ပါလျှင်လည်း) ဖြင့် ခွဲခြားထားသောကြောင့် ဒုတိယစကားလုံးထဲတွင် ပထမစကားလုံးနှင့်မတူသော ပင်ကိုဆိုလိုရင်းအဓိပ္ပာယ်ပါဝင်သည်။ ပထမစကားလုံးထဲတွင် အကျိုးအမြတ်ရရှိရန် နားထောင်ခြင်းနှင့်လက်ခံခြင်းဟု အဓိပ္ပာယ်သက်ရောက်၍ ဒုတိယစကားလုံးထဲတွင်မူ နားထောင်ရုံမျှအပ ဘာမျှမပါချေ။

ပဉ္စမအာယသ်တော်(၂၄)ထဲတွင် ယုံကြည်သက်ဝင်သူများကို နောက်ထပ်တစ်ကြိမ် ဦးတည်မိန့်ကြားထားသည်။ အလ္လာဟ်အရှင်မြတ်နှင့် အလ္လာဟ့်တမန်တော်တို့၏ အမိန့်နာခံရန်ကို သီးသန့်အပြုအမူတစ်ရပ်အဖြစ် အမိန့်ပေးထားကာ အလ္လာဟ်နှင့် အလ္လာဟ့်တမန်တော်တို့က အသင့်အားဖိတ်ခေါ်မှုတွင် အလ္လာဟ်နှင့် အလ္လာဟ့် တမန်တော်တို့၌ မည်သည့်အကျိုးအမြတ်မှမရှိကြောင်း ထင်းတို့အားမိန့်ထားသည်။ အလ္လာဟ်အရှင်မြတ်၏အမိန့် ပညတ်ချက်အားလုံးထုတ်ပြန်ထားချက်သည် မုစ်လင်မ်များ ကိုယ်ကျိုးအတွက်ဖြစ်သည်။ ထို့ကြောင့် အထက်တွင် ထောက်ပြသည့် အပြုအမူအတိုင်း اِسْتَجِيْبُوْا لِلّٰهِ وَلِلرَّسُوْلِ اِذَا دَعَاكُمْ لِمَا يُحْيِيْكُمْ (အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ရစူလ် တမန်တော်၏အမိန့်တော်များကို ထိုရစူလ်တမန် တော်သည် အသင်တို့ကို အသက်ရှင်စေနိုင်သောအကြောင်းများသို့ ဖိတ်ခေါ်သောအခါ လိုက်နာကြလေကုန်) ဟူ၍ မိန့်ထားသည်။

ဤအာယသ်တော်၌ဖော်ပြထားသော "အသက်"ဟူသည်မှာ မည်သည်နည်း။ ယင်းကိုအဓိပ္ပာယ်ဖွင့်ဆိုမှုတွင် ဖြစ်နိုင်ခြေအမြောက်အများရှိ၍ ဋီကာရှင်များတွင် အဓိပ္ပာယ်ဖွင့်ဆိုမှု အမျိုးမျိုးရှိကြသည်။ စွတ်ဒီ၏ အဆိုအရ ထိုအသက်ရှင်ခြင်းဆိုသည်မှာ အီမာန်(ယုံကြည်မှု) ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မယုံကြည် သွေဖည်ငြင်းပယ်သူမှာ သေဆုံးခြင်းဖြစ်သည်။ ကသာဒါဟ်က မိန့်သည်မှာ ယင်းသည် ကုရ်အာန်ဖြစ်၍ ယင်းထဲတွင် အသက်ရှင်မှုအားလုံးနှင့် ဒွန်ယာ၊ အာခိရသ် နှစ်ဌာနစလုံး အောင်မြင်မှုပါဝင်သည်။ မုဂျာဟစ်ကဆိုသည်မှာ ယင်းသည် သစ္စာတရားဖြစ်သည်။ အိဗ်နိအစ္စဟာက်က ဆိုသည်မှာ ယင်းသည် ဂျီဟာဒ်ကိုဆိုလို၍ ဂျီဟာဒ်မှတစ်ဆင့် အလ္လာဟ် အရှင်မြတ်သည် မုစ်လင်မ်များပေါ် ဂုဏ်သိက္ခာများအပ်နှင်းသည်။ ဤနေရာ၌ ဖော်ပြထားသည့်ဖြစ်နိုင်ဖွယ်များသည် ထင်းတို့နေရာ၌ ထင်းတို့ခိုင်လုံကြသည်။ ထင်းတို့အထဲတွင် ဝိရောဓိမရှိပါ။ ကျယ်ပြန့်သောအနက်အဓိပ္ပာယ်မှာ အီမာန်၊ ကုန်အာန် ကျမ်းတော်မြတ် (သို့မဟုတ်) သစ္စာတရားအား လိုက်နာခြင်းတို့သည် နလုံးသားကိုအသက်ဝင်စေသော အရာများဖြစ်သည်။ နလုံးသားအသက်ဝင်ခြင်းဆိုသည်ကား ဖန်ဆင်းခံနှင့် ဖန်ဆင်းရှင်ကြား၌ တည်ရှိသော အတားအဆီးများဖြစ်သည့် ဖင့်နှေးခြင်းနှင့်ဆန္ဒများတို့အား အမှန်တရားလမ်းမှ ဖယ်ရှားပစ်စေပါသည်။ ထို့ကြောင့် နလုံးသားအား အတားအဆီးမှန်သမျှတို့မှ ကင်းစင်သွားစေကာ ဖန်ဆင်းရှင်နှင့်ပတ်သက်သော ထိုးထွင်းသိမြင်မှုအသိဉာဏ် အလင်းရောင်ဖြင့် ပြည့်နှက်သွားစေသည်။

စိုက်ယိဒိနာအဟူဟုရိုင်ရဟ် d ၏ ဆင့်ပြန်ချက်တစ်ခုကိုအခြေခံ၍ သိရ်မိဇိကျမ်းနှင့် အလ်နစာအီကျမ်းတို့တွင် တင်ပြထားသည်မှာ တစ်နေ့သ၌ တမန်တော်မြတ် s သည် စိုက်ယိဒိနာအုဗိုက်အိဗ်နိကအဗ် d ကို ခေါ်ခိုင်းလိုက်သည်။ ထိုအချိန်တွင် ထိုဆွဟာဗဟ်သာဝကကြီးမှာ ဆွလာသ်ဝတ်ပြုဆောက်တည်လျက် ရှိပါသည်။ သို့သော်လည်း ထင်းသည် ထင်းသမားရိုးကျဆောက်တည်လေ့ရှိသောအချိန်ထက် ဆောလျင်စွာပြီးစီးအောင် ဆွလာသ်ဆောက်တည်၍ ကိုယ်တော်မြတ် s ရှေ့မှောက်ရောက်ရှိလာခဲ့သည်။ ကိုယ်တော်မြတ် s က "သင့်အား ကျွန်ုပ်ဆင့်ခေါ်ခဲ့ပါလျက် အဘယ်ကြောင့် ထိုမျှနောက်ကျ၍ရောက်ရပါသနည်း"ဟု မေးမြန်းခဲ့သည်။ စိုက်ယိဒိနာ အိုဗိုက်အိဗ်နိကအဗ် d က "ကျွန်တော်မျိုးဆွလာသ်ဝတ်ပြုဆောက်တည်နေ၍ ဖြစ်ပါသည်"ဟု ရှိသေစွာ အကြောင်းပြလျောက်ထားခဲ့သည်။ ကိုယ်တော်မြတ် s သခင်က အလ္လာဟ်အရှင်မြတ်မိန့်တော်မူသော اِسْتَجِيْبُوْا لِلّٰهِ وَلِلرَّسُوْلِ اِذَا دَعَاكُمْ (အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ရစူလ် တမန်တော်၏ အမိန့်တော်များကို ထိုရစူလ်တမန်တော်သည် အသင်တို့ကို အသက်ရှင်စေနိုင်သော အကြောင်းများသို့ ဖိတ်ခေါ်သောအခါ ထူးကြလေကုန်) ဟူသည်ကို အသင်မကြားမိပါသလော"ဟုမိန့်ခဲ့သည်။ စိုက်ယိဒိနာ အုဗိုက်အိဗ်နိ ကအဗ် d က လျှောက်ထားသည်မှာ "ယခုအချိန်မှစ၍ ကျွန်တော်မျိုး

ကိုယ်တော်မြတ်အမိန့်ကို နာခံပါတော့မည်။ အကယ်၍ ကျွန်တော်မျိုး ဆွလာသ်ဆောက်တည်စဉ်ဖြစ်လျှင်ပင် ကျွန်တော်မျိုးသည် ကိုယ် တော်မြတ်ရှေ့မှောက် ချက်ချင်း ဝင်ရောက်ပါမည်"ဟူ၍ဖြစ်သည်။

ဤဟဒီးဆ်တော်ကိုအခြေခံ၍ အချို့သောမုစ်လင်မ်ဓမ္မသတ်ရှင်များကပြောကြသည်မှာ အလ္လာဟ်အရှင်မြတ်၏တမန်တော်၏အမိန့်ကို နာခံသောအားဖြင့် ဆွလာသ်ဝတ်ပြုနေစဉ်အတွင်း မည်သည့်ကိစ္စကိုမဆို လုပ်ဆောင်ခဲ့ပါက ဆွလာသ်ဝတ်ပြုမှုပျက်ပြားသည်ဟု မမှတ်ယူနိုင်ပါ။ သို့သော်လည်း အခြားသောဓမ္မသတ်ရှင်များက ပြောကြသည်မှာ ဆွလာသ်ဝတ်ပြုမှုဆိုင်ရာ စံပြဥပဒေများကိုဆန့်ကျင်လုပ်ဆောင်သောကြောင့် ဆွလာသ်ဝတ်ပြုမှု အဆုံးသတ် သွားရပါသည်။ ၎င်းနောက် အဆုံးသတ်သွားသောဆွလာသ်ကို "ကဇာ" အဖြစ်ဖြည့်ဆည်းလုပ်ဆောင် ရမည်။ (ကဇာဆိုသည်မှာ လွတ်သွားသော (သို့မဟုတ်) အဆုံးသတ်သွားသောဆွလာသ်ဝတ်ပြုမှုကို ပြန်လည်လုပ် ဆောင်ခြင်းဖြစ်သည်။ သို့ရာတွင် မှန်ကန်သောလုပ်ဆောင်နည်းမှာ အကယ်၍ တစ်စုံတစ်ဦး ဆွလာသ်ဝတ်ပြုနေစဉ်တွင် တမန်တော်မြတ် ﷺ က သူ့အား ခေါ်ဆိုပါက သူလုပ်ဆောင်နေသည့်ဆွလာသ်ကို အဆုံးသတ်ကာ ခေါ်ဆောင်ခြင်းကို နာခံရမည်။

ဤကဲ့သို့သောနာခံမှုပုံစံသည် အလ္လာဟ်အရှင်မြတ်၏ရစူလ်အတွက် သီးသန့်ဖြစ်ပါသည်။ သို့ရာတွင် အခြားသောအခြေအနေမျိုးများလည်း ရှိပါသေးသည်။ ယင်းအခြေအနေမျိုး၌ တစ်စုံတစ်ဦး ဆွလာသ်ဝတ်ပြုနေစဉ်တွင် အခြားသောသူတစ်ဦးအပေါ်၌ ကြီးမားသောဆုံးရှုံးမှုကျရောက်မည်ကို စိုးရိမ်မကင်းဖြစ်မိသောအခါ၌ ဆွလာသ်ဝတ်ပြုမှုကို အဆုံးသတ်ရပါမည်။ နောက်ပြီး ကဇာဖြည့်ဆွလာသ်ဆောက်တည်မှုပြုရပါမည်။ ပမာဆိုသော် လူတစ်ဦး ဆွလာသ်ဝတ်ပြုနေစဉ်တွင် မျက်မမြင်တစ်ဦး ရေတွင်း (သို့မဟုတ်) ချောက်ကမ္ဘွားအနီးအနားသို့ ရောက်သွားကာ ကျရောက်မည့်အန္တရာယ်မြင်တွေ့ရပါက သူ၏ဆွလာသ်ဝတ်ပြုမှုကို ချက်ချင်းအဆုံးသတ်ခါ ထိုကိုယ်အင်္ဂါ ချို့ယွင်းသူအား သွားရောက်ကယ်တင်ရပါမည်။

အာယသ်တော်၏အဆုံး၌ **وَ اعْلَمُوْٓا اَنَّ اللّٰهَ يَحُوْلُ بَيْنَ الْمَرْءِ وَ قَلْبِهٖ** "ထိုမှတစ်ပါး ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လူနှင့်လူ၏ စိတ်နှလုံးအကြားတွင် အကာအဆီးဖြစ်တော်မူသည်ကိုလည်းကောင်း"ဟူ၍မိန့်ထားသည်။ ဤဝါကျတွင် အဓိပ္ပာယ်နှစ်မျိုးရှိနိုင်ကာ နှစ်မျိုးစလုံးတို့သည် တစ်စုံတစ်ဦးအား အမြဲတမ်းသတိရစေကာ လိုက်နာကျင့်သုံးနိုင်စေသော ကြီးကျယ် သောအသိဉာဏ်နှင့် ကောင်းမြတ်သောအကြံဉာဏ်များ ဖြစ်ပေါ်စေပါသည်။

ဝါကျ၏ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်တစ်ခုပါမှာ အသင့်အား ကောင်းမှုကောင်းရာလုပ်နိုင်သော အခွင့်အလမ်းဖြင့် ကောင်းချီးပေးခြင်းခံရသောအခါတွင်လည်းကောင်း၊ ဂုနာဟ်များပြုလုပ်ခြင်းမှ ကင်းဝေးစေခြင်းတွင် လည်းကောင်း ယင်းအချိန်တွင် ကောင်းမှုကောင်းရာကို ချက်ချင်းပြုလုပ်ပါ၊ မဖင့်နှေးပါနှင့်။ ထိုကဲ့သို့ကောင်းမှု ပြုလုပ်ရန် ပေးထားသောအချိန်ကို ကောင်းချီးတစ်ခုဟုမှတ်ယူပါ။ အဘယ်ကြောင့်ဆိုသော် လူသားနှင့် လူ၏ ရည်ရွယ်ချက်ကြားတွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်တစ်ရပ်သည် ကြားခံသောအရာ ဖြစ်သွားပါက သူရည်ရွယ်ထားသည်ကို အောင်မြင်စွာ မလုပ်နိုင်သည့်အချိန်အခါများ ရှိပါသေးသည်။ နာမကျန်းစဉ်တွင်ဖြစ်စေ၊ သေဆုံးခါနီးတွင်ဖြစ်စေ မည်သည့် နေရာမှမသိနိုင်သော ပေါ်ထွက်လာသည့်စိတ်ကူးများကြောင့် တစ်စုံတစ်ဦးသည် ကောင်းမှုကောင်းရာလုပ်ရပ်ကို လည်းကောင်း၊ ဂုနာဟ်ပြစ်မှုမှကြဉ်ရှောင်ခြင်းကိုလည်းကောင်း ပြုလုပ်ရန်အချိန်မရှိ ဖြစ်သွားပါလိမ့်မည်။ ထို့ကြောင့် လူသားများသည် ၎င်းတို့၏ သက်တမ်းအဖြစ် သတ်မှတ်ထားသည့် နှစ်များနှင့် ပေးထားသော အချိန်ကာလကို

ဝမ်းမြောက်ဝမ်းသာလက်ခံကာ ယနေ့လုပ်နိုင်သည်တို့ကို နက်ဖြန်အထိရွှေ့ဆိုင်းခြင်းကို ငြင်းဆန်ရပါမည်။ မနက်ဖြန်၌ ဘာတွေဖြစ်မည်ကို မည်သူသိနိုင်ပါမည်နည်း။

**من نمی گویم زبان کن یا بفکر سود باش ای زفرصت بے خبر در هر چه باشی زود باش**

ဆုံးရှုံးခြင်းလား အကျိုးအမြတ်ရရှိခြင်းလား၊ အသင်ဘာတွေ ရည်မှန်းထားသည်ကို ကျွန်ုပ်မပြော လိုပါ။ အို-အချိန်ကာလကို ဂရုမမူသောလူသား၊ မြန်မြန်ဆန်ဆန်လုပ်ဆောင်ပါလေ။

ဝါကျမှပေးထားသောအညွှန်းမှ ထွက်ပေါ်လာသည့် ဒုတိယဖြစ်နိုင်ချေရှိသောအဓိပ္ပာယ်မှာ "အလ္လာဟ်သအာလာသည် အရှင်၏ကျေးကျွန်နှင့် အလွန်နီးကပ်စွာရှိပါသည်။"ဟူ၍ဖြစ်သည်။ အမှန်တကယ်ဆိုရလျှင် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသောအာယသ်(ကာဖ်း၅၀း၁၆)ထဲ၌ **وَ نَحْنُ اَقْرَبُ اِلَيْهِ مِنْ حَبْلِ الْوَرِيْدِ** "ငါအရှင်မြတ်သည် ၎င်း၏လည်ချောင်း သွေးကြောထက်ပင် ၎င်းနှင့်ပိုမိုနီးကပ်စွာရှိနေတော်မူ၏" ဟူ၍ အလ္လာဟ်အရှင်မြတ်က မိန့်ကြားထားသည်။

ထို့ကြောင့် အဓိပ္ပာယ်မှာ လူ၏နှလုံးသားသည် အထူးနည်းလမ်းတစ်ရပ်အနေဖြင့် အလ္လာဟ်အရှင်မြတ်၏ သဘောတော်အတိုင်းသာဖြစ်ပါသည်။ အလ္လာဟ်အရှင်သည် အရှင့်ကျေးကျွန်တစ်ယောက်အား အပြစ်ဂုနာဟ် များမှထိန်းသိမ်းတော်မူမည်ဟု ဆန္ဒရှိတော်မူခဲ့ပါလျှင် ထိုသူ၏နှလုံးသားနှင့် ဂုနာဟ်များအကြားတွင် အရှင်မြတ်က အတားအဆီးထားပေးတော်မူပါသည်။ ၎င်းနောက် တစ်စုံတစ်ဦးကြွမ်းဆိုးကျရောက်တော့မည်ဆိုလျှင် ထိုသူ၏ နှလုံးသားနှင့် ဖြစ်နိုင်သော ကောင်းမှုကောင်းရာ လုပ်ရပ်များကြားတွင် အတားအဆီးထားရှိပေးတော်မူပါသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သခင်ဆုမွန်တောင်းရာတွင် အောက်ဖော်ပြပါဒုအာအား အမြဲတစေ ထည့်သွင်း တောင်းဆိုလေ့ရှိပါသည်။

**يَامُقَلِّبَ الْقُلُوْبِ ثَبِّتْ قَلْبِيْ عَلٰى دِيْنِكَ**

"အို-နှလုံးသားများပြောင်းလဲစေတော်မူသောအရှင်၊ ကျွန်တော်မျိုး၏နှလုံးသားအား အရှင်ရွေးချယ်ပေးသနားတော်မူသော ယုံကြည်မှုအပေါ်၌ စွဲစွဲမြဲမြဲထားရှိပေးတော်မူပါ။"

ဤသည်၏အဆုံးအစွန်ဆုံးသောရလဒ်သည်လည်း အလ္လာဟ်အရှင်မြတ်နှင့် အလ္လာဟ်အရှင်မြတ်၏ ရစူလ် တမန်တော်မြတ်အမိန့်ကိုလိုက်နာကာ လုပ်ဆောင်ရမည်များကိုမဖင့်နွှဲသင့်ပါ။ သူ့အား သတ်မှတ်ပေးထားသော အချိန်ကာလကို အလ္လာဟ်အရှင်ပေးသနားတော်မူသော အခွင့်အရေးဟုမှတ်ယူကာ လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်ရပါမည်။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုကောင်းရာလုပ်ရပ်ကို တက်တက်ကြွကြွနှင့် ဆန္ဒပြင်းပြစွာ လုပ်လိုသည့်အခြေအနေသည် နောင်တွင်ရှိမရှိ မည်သူမျှမပြောနိုင်ပါ။

အာယသ် (၂၅-၂၈)

وَ اتَّقُوْا فِتْنَةً لَّا تُصِيْبَنَّ الَّذِيْنَ ظَلَمُوْا مِنْكُمْ خَآصَّةً ۚ وَ اعْلَمُوْٓا اَنَّ اللّٰهَ شَدِيْدُ
الْعِقَابِ ﴿۲۵﴾ وَ اذْكُرُوْٓا اِذْ اَنْتُمْ قَلِيْلٌ مُّسْتَضْعَفُوْنَ فِي الْاَرْضِ تَخَافُوْنَ
اَنْ يَّتَخَطَّفَكُمُ النَّاسُ فَاٰوٰىكُمْ وَ اَيَّدَكُمْ بِنَصْرِهٖ وَ رَزَقَكُمْ مِّنَ الطَّيِّبٰتِ
لَعَلَّكُمْ تَشْكُرُوْنَ ﴿۲۶﴾ يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَخُوْنُوا اللّٰهَ وَ الرَّسُوْلَ وَ تَخُوْنُوْٓا
اَمٰنٰتِكُمْ وَ اَنْتُمْ تَعْلَمُوْنَ ﴿۲۷﴾ وَ اعْلَمُوْٓا اَنَّمَآ اَمْوَالُكُمْ وَ اَوْلَادُكُمْ فِتْنَةٌ ۙ وَّ
اَنَّ اللّٰهَ عِنْدَهٗٓ اَجْرٌ عَظِيْمٌ ﴿۲۸﴾

၎င်းပြင် အသင်တို့သည် အကြင်ပြစ်ဒဏ်မှ ကြဉ်ရှောင်ကြလေကုန်။ ထိုပြစ်ဒဏ်သည် အသင်တို့အနက်မှ မတရားကျူးလွန်သူတို့အပေါ်၌သာလျှင် သီးသန့်၍ အလျှင်း သက်ရောက် လိမ့်မည်မဟုတ်ပေ။ ထိုမှတစ်ပါး ဇကာန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (ပြစ်မှုဒုစရိုက်ကျူးလွန်သူတို့အား) ပြင်းထန်စွာပြစ်ဒဏ်စီရင်တော်မူသော အရှင်ဖြစ်တော်မူသည်ကိုလည်း (ကောင်းစွာ) သိထားကြလေကုန်။ (၈ : ၂၅)

တစ်ဖန် အသင်တို့သည် ပြန်လည်၍ သတိရကြလေကုန်။ တစ်ရံရောအခါဝယ် အသင်တို့သည် (အရေအတွက်အားဖြင့်) အနည်းငယ်မျှသာ ရှိကြကုန်၏။ တိုင်းပြည်တွင် အင်အားနည်းပါးသူများ (လည်း) ဖြစ်ခဲ့ကြကုန်၏။ (သို့ဖြစ်ပေရာ) အသင်တို့သည် မိမိတို့အား သူတစ်ပါးတို့က ရုတ်တရက်အားဖြင့် (ပြုတ်ပြုန်းအောင်) လုယက်တိုက်ခိုက်သတ်ဖြတ်ကြမည်ကို စိုးရိမ်လျက်ရှိကြကုန်၏။ ထို့နောက် ထို(အလ္လာဟ်) အရှင်မြတ်သည် အသင်တို့ကျေးဇူးတော်ကို သိတတ်အံ့သောငှာ အသင်တို့အား ခိုကိုးရန် နေရာချပေးတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့အား မိမိ၏အကူအညီဖြင့် အင်အား(လည်း)ဖြည့်၍ ပေးတော်မူခဲ့လေသည်။ ထိုမှတစ်ပါး အသင်တို့အား သန့်ရှင်းစင်ကြယ်သော ရိက္ခာများကို(လည်း) ချီးမြှင့်ပေးသနားတော်မူခဲ့လေသတည်း။(၈ : ၂၆)

"အို-မုအ်မင်နဲ်"သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည်အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ (စောင့်ထိန်းအပ်သော တာဝန်ဝတ္တရားများကိုလည်းကောင်း၊) ရဏ္ဍလ်တမန်တော်နှင့်ပတ်သက်၍ စောင့်ထိန်းအပ်သော တာဝန်ဝတ္တရားများကိုလည်းကောင်း အလွဲသုံးစားမပြုကြကုန်လင့်။ ထိုနည်းတူစွာ အသင်တို့သည် မိမိတို့ယုံကြည်အပ်နှင်းခံကြရသော ကိစ္စများကိုလည်း အလွဲသုံးစားမပြုကြကုန်လင့်။ အမှန်မှာ အသင်တို့သည် (အလွဲသုံးစားပြုခြင်းဖြင့် ဖြစ်ပေါ်လာမည့်ဆုံးရှုံးမှုများနှင့် အလွဲသုံးစားပြုခြင်းသည် ဟရာမ်ဖြစ်သည်ကို) အသိပင်ဖြစ်ကြပေသည်။ (၈ : ၂၇)

**ထို့ပြင် အသင်တို့၏ဥစ္စာပစ္စည်းများနှင့် သားသမီးများသည် စမ်းသပ်မှုတစ်ရပ်သာလျှင် ဖြစ်သည်ကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အထံတော်တွင် အလွန်ကြီးကျယ်သော အကျိုးရလဒ်သည် ဧကန်စင်စစ် ရှိသည်ကိုလည်းကောင်း အသင်တို့ (ကောင်းစွာ) သိထား ကြလေကုန်။ (၈ း ၂၈)**

**အကျယ်ဖွင့်ဆိုခြင်း**

ဗဒ်ရိစစ်ပွဲနှင့် ယင်းစစ်ပွဲတွင်ပါဝင်သော မုစ်လင်မ်များအပေါ် အလ္လာဟ်အရှင်မြတ်၏ကောင်းချီးမင်္ဂလာများ အပ်နှင်းကြောင်း အသေးစိတ်အချို့ဖော်ပြပြီးသည့်နောက် ကုရ်အာန်ကျမ်းတော်မြတ်က စစ်ပွဲ၏ရလဒ်ပေါ်အခြေခံ၍ ကောင်းသောအကြံပေးစကားများ ပေးထားခဲ့သည်။ ဤတင်ပြချက်ကို يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ ٱسْتَجِيبُواْ لِلَّهِ وَلِلرَّسُولِ "အို-"မုအ်မင်နဲ်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ရစူလ်တမန်တော်၏ အမိန့်တော်များကို လိုက်နာကြလေကုန်။ (၈း၂၄)"နှင့်အစပြုထားသည်။ အထက်ဖော်ပြထားခဲ့သော အာယသ်များသည် ဤအကြောင်းရာကိုပင် ဆက်လက်ဖော်ပြထားသည်။

ဤအာယသ်များအနက် ပထမအာယသ်တော်(၂၅)ထဲတွင် လူ့အဖွဲ့အစည်းတစ်ခုထဲတွင် သီးသန့် ပြစ်မှုတစ်ခုရှိ၏။ ယင်းပြစ်မှုဂုနာဟ်အတွက် ပြစ်ဒဏ်ခတ်မှုသည် ယင်းပြစ်မှုကျူးလွန်သူများအတွက်သာ ကန့်သတ်ထားသည် မဟုတ်ကြောင်းနှင့် ယင်းပြစ်မှုဂုနာဟ်မှကင်းရှင်းစွာနေထိုင်ရန် ညွှန်ကြားချက်တစ်ခုပါဝင်သည်။ စင်စစ် ယင်းပြစ်မှု ဂုနာဟ်မကျူးလွန်သူများသည်လည်း ထိခိုက်နိုင်ပေသည်။

ထိုပြစ်မှုဂုနာဟ်ကား မည်သည်နည်း။ ဋီကာရှင်များက အမျိုးမျိုးအဖြေပေးကြသည်။ အချို့က ပြောကြသည်မှာ ဤပြစ်မှုဂုနာဟ်သည် "ကောင်းရာညွှန်ကြား မကောင်းမြစ်တား" (အမရ်ဗိလ်မအ်ရူးဖ် နဟီးအနိလ် မွန်ကရ်) ဟူသည့် ကြိုးပမ်းမှုကို စွန့်လွှတ်ခြင်းဖြစ်သည်။ စိုက်ယိဒါနာ အဗ်ဒုလ္လာဟ် အိဗ်နိအဗ္ဗားစ် d သခင်က မိန့်သည်မှာ အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့၏လူမှုဝန်းကျင်တွင် မည်သည့်ဂုနာဟ် (သို့မဟုတ်) အကုသိုလ်ပြစ်မှုဟူသမျှ အမြစ်မတွယ်စေရဟု မုစ်လင်မ်များကိုအမိန့်ပေးထားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ပြစ်မှုဂုနာဟ်ကျူးလွန် နေကြောင်းမြင်တွေ့နေရလျက် အကယ်၍ တားဆီးနိုင်စွမ်း (သို့မဟုတ်) ပိတ်ပင်တားမြစ်နိုင်စွမ်းရှိပါလျက်နှင့် ယင်းသို့လုပ်ဆောင်ရန်ပျက်ကွက်ခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည်ပြစ်မှုဂုနာဟ်ကျူးလွန်သူနှင့် မကျူးလွန်သူမည်သူကိုမျှအလွတ်မပေးဘဲ အားလုံးကိုပြစ်ဒဏ်ခတ်ပေလိမ့်မည်။

ဤနေရာ၌ဖော်ပြထားသည့် ပြစ်မှုမကျူးလွန်သူများဆိုသည်ကား ကနဦးပြစ်မှုတွင်ကျူးလွန်သူများနှင့် အပေါင်းပါမဟုတ်သူများဖြစ်သည်။ သို့သော်လည်း ထိုသူများသည် အလ္လာဟ်အရှင်မြတ်မိန့်ထားသည့် ကောင်းရာညွှန်ကြားခြင်းဟူသည့်တာဝန်ကို စွန့်လွှတ်ခြင်း (သို့မဟုတ်) ရှောင်ရှားခြင်းပြစ်မှုဂုနာဟ်ကိုကား မုချကျူးလွန်သူများဖြစ်ကြသည်။ ထို့ကြောင့် ထိုအဆိုအမိန့်နှင့်ပတ်သက်၍ သံသယလုံးဝမရှိချေ။ ပမာဆိုသော် ဤနေရာ၌ တစ်စုံတစ်ဦး၏ပြစ်မှုဂုနာဟ်ကျူးလွန်မှုသည် အခြားသူတစ်ဦးတစ်ယောက်ပေါ် ပြစ်ဒဏ်ကျစေသည်မှာ မတရားကြောင်း၊ ထို့နောက် ယင်းလုပ်ရပ်သည် ကုရ်အာန်ကျမ်းလာအမိန့်ပညတ်ချက်ဖြစ်သည့် لَا تَزِرُ وَازِرَةٌ وِّزْرَ أُخْرَىٰ "အမှန်စင်စစ်သော်ကား မည်သည့်ဝန်ထုပ် ထမ်းသောသူ (အပြစ်ရှိနေသူ) တစ်စုံတစ်ယောက်မျှပင် သူတစ်ပါး၏ဝန်ထုပ်ကို သယ်ပိုးထမ်းဆောင်

မည်မဟုတ်ပေ။ (၃၅း၁၈)" နှင့်ဆန့်ကျင်နေသည်ဟူ၍ပြောရန်မှာ မခိုင်လုံချေ။ အဘယ့်ကြောင့်ဆိုသော် ဤနေရာတွင် ပြစ်မှုဂုနာဟ် ကျူးလွန်သူသည် ၎င်းတို့ကျူးလွန်သောဂုနာဟ်ပြစ်မှုအတွက် ပြစ်ဒဏ်ခတ်ခံရသကဲ့သို့ ပြစ်မှုမကျူးလွန်သူများသည် ကောင်းရာညွှန်ကြားခြင်းဟူသည့်တာဝန်ကို စွန့်လွှတ်သည့် ပြစ်မှုဂုနာဟ်အတွက် ပြစ်ဒဏ်ခံရခြင်းဖြစ်သည်။ ထို့ကြောင့် မည်သူတစ်ဦး၏ဂုနာဟ်ပြစ်မှုကိုမျှ အခြားသူပခုံးပေါ် ကျရောက်သည်မဟုတ်ချေ။

ရှရဟ်အလ်စွန္ဒဟ်ကျမ်းနှင့် အီမာမ်အလ်ဗဂဝီ၏မအ်လင်မ်ကျမ်းပါ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိမတ်စ် အူးဒ် d သခင်နှင့် စိုက်ယိဒဟ်အာအိရှာဟ် g သခင်မတို့၏ ဆင့်ပြန်ချက်များအရ တမန်တော်မြတ် s သခင်မိန့်ကြားခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အုပ်စုတွင်းမှ သီးသန့်အဖွဲ့တစ်ခုက ကျူးလွန်သောပြစ်မှုဂုနာဟ်အချို့ကြောင့် သာမန်လူများကို ပြစ်ဒဏ်မထိုက်သက်စေပါ။ သို့သော်လည်း အခြေအနေတစ်ရပ်တွင်မူ ထိုသူများ ပြစ်ဒဏ်ထိုက်သက်စေပါသည်။ ယင်းအခြေအနေမှာ ၎င်းတို့ပတ်ဝန်းကျင်တွင် ဂုနာဟ်ပြစ်မှုကျူးလွန်ခဲ့၍ တားဆီးရန်စွမ်းအားရှိပါလျက် မတားဆီးခဲ့လျှင် အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်ခတ်မှုသည် ထိုသူများအားလုံး ပေါ်ကျရောက်ပေလိမ့်မည်။

သိရိမိဇီ၊ အဗူဒါဝူဒ်နှင့် အခြားကျမ်းများထဲတွင်တင်ပြထားသော ခိုင်လုံမှုအရ စိုက်ယိဒိနာအဗူဗကရ် d သခင်သည် ၎င်း၏ခုသ်ဗဟ်မိန့်ခွန်းတစ်ရပ်တွင် မိန့်ကြားခဲ့သည်မှာ "ဖိနပ်ချုပ်ချယ်သူတစ်ဦးသည် မတရားမှု ပြုလုပ်နေသည်ကို မြင်တွေ့ရသူများက ၎င်းအားမဟန့်တားခဲ့လျှင် အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်ခတ်မှုသည် ၎င်းတို့အားလုံးပေါ်ကျရောက်မည်မှာ မဝေးတော့ချေ။" ဟု ကိုယ်တော်မြတ် s မိန့်ကြားခဲ့သည်ကို ကျွန်ုပ်ကြားခဲ့ရသည်" ဟူ၍ဖြစ်သည်။

ဆွဟီးဒ်အလ်ဗုခါရီကျမ်းပါ စိုက်ယိဒိနာနအ်မာန်အိဗ်နိဗရှီး၏ ဆင့်ပြန်ချက်တစ်ရပ်အရ တမန်တော်မြတ် s မိန့်ကြားခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းဘောင်ကျော်လွန်ခြင်း ပြစ်မှုကျူး လွန်သူများနှင့် ယင်းစည်းမျဉ်းကိုသိလျက် လျစ်လျူရှုသူများ (သို့မဟုတ်) လူအများပြစ်မှုဂုနာဟ်ကျူးလွန်ခြင်းမှရပ်တန့် စေရန် မကြိုးစားသူများသည် သဘော်တစ်စင်းပေါ်တွင် အပေါ်ထပ်နှင့်အောက်ထပ်တို့တွင် အတူတကွစီးနင်း လိုက်ပါသူခရီးသည်များနှင့်တူပေသည်။ အောက်ထပ်မှလူများသည် ရေရရှိရန် အပေါ်ထပ်တက်၍ ရေတောင်းခံသောကြောင့် အပေါ်ထပ်မှလူများ စိတ်ကသိကအောက်ဖြစ်ကြသည်။ ဤအကြောင်းကြောင့် အောက်ထပ်မှ လူများသည် ရေရရန် လှေဝမ်းဗိုက်ကိုအပေါက်တစ်ပေါက်ဖောက်ရန် သဘောတူကြသည်။ အကယ်၍ အပေါ်ထပ်ရှိသူများသည် ဤမှားယွင်းသောလုပ်ရပ်ကိုမြင်တွေ့ကာ မဟန့်တားမရပ်တန့်ခဲ့ပါက သဘော်တစ်ခုလုံး ရေများပြည့်ကာ အောက်ထပ်ရှိသူများ ရေနစ်မြုပ်သကဲ့သို့ အပေါ်ထပ်မှလူများမှာလည်း ရေနစ်မြုပ်ခြင်းမှ လွတ်ကြမည် မဟုတ်ချေ။

ဤဆင့်ပြန်ချက်များပေါ်အခြေခံ၍ ဋီကာရှင်များစွာတို့သည် ဤအာယသ်တော်ပါ ဖိသ်နာဟ် فِتْنَة ဟူသော စကားလုံးသည် ကောင်းရာညွှန်ကြား၍ မကောင်းမြစ်တားခြင်း တာဝန်ဝတ္တရားစွန့်လွှတ်ခြင်း ဆိုသည့် ဂုနာဟ် အပြစ်ကိုရည်ညွှန်းသည်ဟု ကြေညာခဲ့ကြသည်။

သဖိစီရ်မဇာဟရီကျမ်းတွင်ပါရှိသည်မှာ ဤဂုနာဟ်အပြစ်သည် ၎င်းတို့၏အမီးရ်က မုစ်လင်မ်များ အားလုံးကို ဂျီဟာဒ်စစ်ပွဲဆင်နွှဲရန်အတွက် လိုအပ်သောအချိန်၌ ဖိတ်ခေါ်ရာတွင် ယင်းဂျီဟာဒ်စစ်ပွဲကိုစွန့်လွှတ်ခြင်း အပြစ်ကို ဆိုလိုသည်။ ဤဖိတ်ခေါ်ချက်အပေါ်၌ အစွမ်းဝိသေသများကာကွယ်စောင့်ရှောက်ရန်နှင့် လုံခြုံရေး တည်မှီသည်။ အကြောင်းမှာ ဤကဲ့သို့သောအချိန်အခါတွင် ဂျီဟာဒ်စစ်ပွဲစွန့်လွှတ်ခြင်း၏ဆိုးကျိုးများသည် ဂျီဟာဒ်စစ်ပွဲစွန့်လွှတ်သူပေါ်တွင်သာမက မုစ်လင်မ်ထုတစ်ရပ်လုံးပေါ်၌ ကျရောက်ပါသည်။ အဘယ့်ကြောင့် ဆိုသော် ကာဖိရ်များသည်

မုစ်လင်မ်နယ်မြေများ၊ အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများကို တိုက်ခိုက်ချေမှုန်းခဲ့ခြင်းကြောင့် မြောက်မြားစွာသော အပြစ်မဲ့မုစ်လင်မ်များသည် ၎င်းတို့၏သတ်ဖြတ်ခြင်းနှင့် အဓမ္မပြုလုပ်ခြင်း၏သားကောင်များ ဖြစ်သွားကြ၍ဖြစ်သည်။ မုစ်လင်မ်များ၏ အသက်အိုးအိမ်စည်းစိမ်များသည် အန္တရာယ်ကျရောက်သွားကြပါသည်။ ထိုကဲ့သို့သော အခြေအနေမျိုးရောက်သွားခဲ့လျှင် "ပြစ်ဒဏ်ခတ်မှု"သည် လောကီဆိုင်ရာ စိတ်သောကရောက်မှုနှင့် ခက်ခဲမှုများအဖြစ် အဓိပ္ပာယ်သက်ရောက်သွားလိမ့်မည်။

ဤရှင်းလင်းချက်၏ အချက်အလက်ပြည့်စုံသော အထောက်အထားများသည် ဂျီဟာဒ်စစ်ပွဲစွန့်လွှတ်သူများအား ရှုတ်ချခဲ့ပါသည်။ ပြီးခဲ့သောအာယသ်များတွင်လည်း ဤအကြောင်းပါဝင်သည်။ ပြီးခဲ့သောအာယသ် **وَاِنَّ فَرِيْقًا مِّنَ الْمُؤْمِنِيْنَ لَكٰرِهُوْنَ** "(ထိုအချိန် ကလည်း) မုအ်မင်နှ်သက်ဝင်ယုံကြည်သူတို့အနက်မှ လူတစ်စုသည် (ယင်းသို့ထွက်ရသည်ကို) မနှစ်သက် မလိုလား ကြချေ (၈ း ၅)" နှင့် **يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا لَقِيْتُمُ الَّذِيْنَ كَفَرُوْا زَحْفًا فَلَا تُوَلُّوْهُمُ الْاَدْبَارَ** "အို-"မုအ်မင်နှ်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် "ကာဖိရ်" မယုံကြည် သွေဖည်ငြင်းပယ်သောသူတို့အား (စစ်တပ်ကြီးဖွဲ့လျက်) (တစ်နည်း) စစ်ပွဲ၌၊ စစ်မြေပြင်၌၊ တွေ့ဆုံကြသောအခါ ၎င်းတို့အား ကျောခိုင်း၍ မသွားကြကုန်လင့်။ (ဝါ) ထွက်မပြေးကြကုန်လင့်။ (၈ း၁၅)" စသည်တို့၌ ပြဿနာကိုဤသို့ချဉ်းကပ်ထားခြင်းအား ထောက်ခံထားသည်တို့ပါဝင်သည်။

အလားတူကဲ့သို့ အုဟုဒ်စစ်ပွဲ၌ဖြစ်ခဲ့သည်။ ယင်းစစ်ပွဲ၌ အချို့သောမုစ်လင်မ်များသည် သင့်တော်သည့် လုပ်ဆောင်မှုရွေးချယ်ရာ၌ ဝေခွဲမရဖြစ်သွားကြသည်။ တောင်ထိပ်တွင်လုံခြုံရေးအတွက် တာဝန်ချထားသူများသည် နေရာမှစွန့်ခွာ၍ တောင်အောက်ဆင်းလာခဲ့ကြသည်။ ဤသို့ဖြစ်ပျက်ခဲ့သောအခါ၌ ၎င်းတို့လုပ်ရပ်၏ဆိုးကျိုးသည် ၎င်းတို့အပေါ်၌သာ သတ်မှတ်ထားသည်မဟုတ်ဘဲ စင်စစ်တွင် မုစ်လင်မ်စစ်တပ်တစ်ခုလုံး ထိခိုက်ရုံမျှမကဘဲ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်ပင် ဤစစ်ပွဲ၌ထိခိုက်ဒဏ်ရာရခဲ့ပါသည်။

ဒုတိယအာယသ်တော်(၂၆)ထဲတွင် အလ္လာဟ်အရှင်မြတ်၏အမိန့်ပညတ်ချက်များ ၎င်းတို့သက်သောင့်သက်သာ လိုက်နာကျင့်သုံးရန်အတွက် ကိစ္စရပ်အချို့တင်ပြထားခဲ့သည်။ မုစ်လင်မ်များအား အလ္လာဟ်အရှင်မြတ်၏အမိန့်နာခံအောင် ဆွဲဆောင်သိမ်းသွင်းရန်အတွက် ၎င်းတို့၏ အတိတ်ကအားနည်းချက်ကို ပြန်လည်သတိပေး၍ အလ္လာဟ်အရှင်မြတ်၏အသနားတော်နှင့် ဂုဏ်ကျေးဇူးတော်တို့အရ ပတ်ဝန်းကျင်ရှိအခြေအနေများကို ပြောင်းလဲပစ်ကာ ၎င်းတို့အပေါ် စွမ်းအားနှင့်ယုံကြည်ချက်များဖြင့် ကောင်းချီးမင်္ဂလာ ပေးသနားတော်မူခဲ့သည်။

မူရင်းစာသားက မိန့်ထားသည်မှာ-

**وَ اذْكُرُوْٓا اِذْ اَنْتُمْ قَلِيْلٌ مُّسْتَضْعَفُوْنَ فِي الْاَرْضِ تَخَافُوْنَ اَنْ يَّتَخَطَّفَكُمُ النَّاسُ فَاٰوٰىكُمْ وَ اَيَّدَكُمْ بِنَصْرِهٖ وَ رَزَقَكُمْ مِّنَ الطَّيِّبٰتِ لَعَلَّكُمْ تَشْكُرُوْنَ**

"တစ်ဖန် အသင်တို့သည် ပြန်လည်၍သတိရကြလေကုန်။ တစ်ရံရောအခါဝယ် အသင်တို့သည် (အရေအတွက် အားဖြင့်) အနည်းငယ်မျှသာရှိကြကုန်၏။ တိုင်းပြည်တွင် အင်အားနည်းပါးသူများ (လည်း) ဖြစ်ခဲ့ကြကုန်၏။ (သို့ဖြစ် ပေရာ) အသင်တို့သည် မိမိတို့အား သူတစ်ပါးတို့က ရုတ်တရက် အားဖြင့် (ပြုတ်ပြုန်းအောင်) လုယက် တိုက်ခိုက် သတ်ဖြတ်ကြမည်ကို စိုးရိမ်လျက်ရှိကြကုန်၏။ ထို့နောက် ထို (အလ္လာဟ်) အရှင်မြတ်သည် အသင်တို့ကျေးဇူးတော်ကို သိတတ်အံ့သောငှာ

အသင်တို့အား တိုက်ခိုက်ရန် နေရာချပေးတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့အား မိမိ၏အကူအညီဖြင့် အင်အား(လည်း) ဖြည့်၍ပေးတော်မူခဲ့လေသည်။ ထိုမှတစ်ပါး အသင်တို့အား သန့်ရှင်း စင်ကြယ်သောရိက္ခာများကို (လည်း) ချီးမြှင့်ပေးသနားတော် မူခဲ့လေသတည်း။ (၈ း ၂၆)"

ဤအာယသ်တော်ထဲ၌ မုစ်လင်မ်များအား ဟိဂျ်ရသ်မပြုမီကာလက မက္ကာမြို့တွင် ၎င်းတို့ရင်ဆိုင်လာခဲ့ရသည့် အခြေအနေများအကြောင်းနှင့် ထိုကာလနောက်တွင် မဒီနာမြို့တော်၌ ၎င်းတို့အား အကောင်းဆုံး ဘေးကင်း ရာဒေသအဖြစ် ပေးသနားတော်မူခဲ့သည့်အကြောင်း ပြန်လည်သတိရစေရန် မိန့်ထားသည်။ ယင်းသာမက အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့အား ရန်သူအပေါ်၌အောင်နိုင်ရန်နှင့် သြဇာအာဏာလွှမ်းမိုးနိုင်ရန်အတွက် အလ္လာဟ် အရှင်မြတ်၏အထောက်အကူဖြင့် ကောင်းချီးမင်္ဂလာပေးအပ်ခဲ့ရသည်။ သို့သာမက ကြီးမားသောတန်ဖိုးရှိသည့် ရဂိုင်ခွင့်များလည်း ပေးအပ်ခဲ့သည်။ ထို့နောက် အာယသ်တော်အဆုံးတွင် **لَعَلَّكُمْ تَشْكُرُوْنَ** "အသင်တို့သည် ကျေးဇူးတော်ကို သိတတ်ကြအံ့ သောငှာ" ဟုမိန့်ကြားထားသည်။ ဤသည်ကဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ကောင်းချီးမင်္ဂလာများကျရောက်ခြင်းကြောင့် ၎င်းတို့ပတ်ဝန်းကျင်ရှိအခြေအနေများ အကြီးအကျယ်ပြောင်းလဲသွားခြင်း၏ နောက်ကွယ်တွင်ရှိသော ရည်ရွယ်ချက်မှာ အလ္လာဟ်အရှင်မြတ်၏ အမိန့်နာခံသော အစေခံများအနေဖြင့် ၎င်းတို့၏ကျေးဇူးတင်ရှိမှုကို ပြသရန်အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် ကျေးဇူးတင်ရှိမှုကို အကောင်းဆုံးပြသခြင်းအတွက် အလ္လာဟ်အရှင်မြတ်က ၎င်းတို့ကို လုပ်ဆောင်ရန် အမိန့်ပေးသည်ကို နာခံလုပ်ဆောင်ခြင်းမှအပ အခြားမရှိပြီ။

တတိယအာယသ်တော် (၂၇) ထဲ၌ မုစ်လင်မ်များကို ၎င်းတို့အပေါ်တင်ရှိသည့် ဒွန်တွဲနေသည့်တာဝန် နှစ်ခု ကို (ခိယာနဟ်) ယုံမှတ်အပ်နှံမှုမချိုးဖောက်ရန် ညွှန်ကြားထားသည်။ ယင်းတာဝန်နှစ်ရပ်ကား ဟုကူကုလ္လာဟ် အလ္လာဟ်အရှင်မြတ်အတွက် လုပ်ရမည့်တာဝန်ဝတ္တရားများသော်လည်းကောင်း၊ (ဟုကူကုလ်အိဗားဒ်) တစ်ဦးစီပေါ်တွင်တာဝန်ပေးထားသည့် အလ္လာဟ်အရှင်မြတ်ကျေးကျွန်များအချင်းချင်း ထမ်းဆောင်ရမည့်တာဝန်ဝတ္တရားများသော်လည်းကောင်း ဖြည့်ဆည်း ခြင်းဖြစ်သည်။ ယင်းတာဝန်နှစ်ရပ်ကို ချိုးဖောက်သည့် နည်းနှစ်နည်းမှာ တာဝန်ဝတ္တရား အလုံးစုံကိုဖြည့်ဆည်းရန် ပျက်ကွက်ခြင်း (သို့မဟုတ်) တစ်ခုမဟုတ်တစ်ခု ချို့ယွင်းကျန်ရစ်သော မပြည့်မစုံ ဖြည့်ဆည်းခြင်းတို့ဖြစ်သည်။ ထို့နောက် **وَاَنْتُمْ تَعْلَمُوْنَ** "အမှန်မှာ အသင်တို့သည် အသိပင်ဖြစ်ကြပေသည်"ဟူ၍ အာယသ် တော်အဆုံး၌မိန့်ထားကာ အလေးအနက်ပြုသည်မှာ ယုံကြည်အပ်နှံမှုကိုချိုးဖောက်ခြင်း ဟူသည့် မကောင်းသည့် လုပ်ရပ်တစ်ခုတွင် မြောက်မြားစွာသောဆိုးကျိုးများ ပါဝင်သည်ကို ၎င်းတို့သိရှိပြီးဖြစ်သည်။ ထို့ကြောင့် ထိုသို့သောလုပ်ရပ် လုပ်ဆောင်ရန်မှာ မည်သည့်အသိဉာဏ်ရှိသူကမျှ ရွေးချယ်လုပ်ဆောင်မည်မဟုတ်ချေ။ ထို့ပြင် တစ်စုံတစ်ဦးက ပစ္စည်းဥစ္စာနှင့် သားသမီးအပေါ်တွယ်တာမှုသည် များသောအားဖြင့် အလ္လာဟ့်ကျေးကျွန်များ၏ ရဂိုင်ခွင့်ဖြည့်ဆည်းရာတွင် ချို့တဲ့ခြင်းနှင့်လျစ်လျူရှုမှုသည့် အကြောင်းရင်း ဖြစ်သွားပေမည်။ ယင်းနှင့်ပတ်သက်၍ အာယသ်တော်(၂၈)ထဲတွင် **وَاعْلَمُوْٓا اَنَّمَآ اَمْوَالُكُمْ وَاَوْلَادُكُمْ فِتْنَةٌ ۙ وَّاَنَّ اللّٰهَ عِنْدَهٗٓ اَجْرٌ عَظِيْمٌ** "ထို့ပြင် အသင်တို့၏ဥစ္စာပစ္စည်းများနှင့် သားသမီးများသည် စမ်းသပ်မှုတစ်ရပ်သာလျှင်ဖြစ်သည်ကိုလည်းကောင်း၊ အလ္လာဟ် အရှင်မြတ်အထံတော်တွင် အလွန် ကြီးကျယ်သော အကျိုးရလဒ်သည် ဧကန်စင်စစ်ရှိသည်ကိုလည်းကောင်း အသင်တို့ (ကောင်းစွာ) သိထားကြလေကုန်။ (၈ း ၂၈)"ဟုမိန့်ထားသည်။

ဤနေရာ၌အသုံးပြုထားသော (ဖိသ်နဟ်) فِتْنَة ဟူသောစကားလုံးတွင် "စမ်းသပ်ခြင်း"ဟု အဓိပ္ပာယ်ရသကဲ့သို့ "ပြစ်ဒဏ်ခတ်ခြင်း"ဟု အဓိပ္ပာယ်သက်ရောက်မှုပါဝင်သည်။ ထို့နောက် ပြစ်ဒဏ်ခတ်မှုအကြောင်းဖြစ်စေသည့်ကိစ္စရပ်များကိုလည်း ဖစ်သ်နဟ်အဖြစ် ရည်ညွှန်းသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်အများစုတွင် ဖိသ်နဟ်ဟူသော စကားလုံးကို ဤအဓိပ္ပာယ်သုံးမျိုး သက်ရောက်စေကာ သုံးနှန်းထားခဲ့သည်။ ဤနေရာ၌ ယင်းအဓိပ္ပာယ် သုံးမျိုးစလုံး သက်ရောက်စေသည်။ တစ်စုံတစ်ဦး ကိုယ်ပိုင်ဥစ္စာပစ္စည်းနှင့် သားသမီးများသည် ၎င်းအား ဒုက္ခ ရောက်စေသည့် အချိန်အခါလည်း ရှိပေသည်။ ယင်းတို့မှာ ၎င်းအားလျစ်လျူရှုခြင်းနှင့် အဓိန့်မနာခံခြင်းဖြစ်စေကာ ဤကမ္ဘာလောကတွင်ပင် ၎င်းအား ပြစ်ဒဏ်ကျခံစေသောအကြောင်းရင်းများ ဖြစ်သွားစေသည်မှာ ထင်ရှားသည်။ ပထမဦးစွာ အဓိပ္ပာယ်ဖြစ်နိုင်သည်မှာ အလ္လာဟ်အရှင်မြတ်သည် သင့်အား သင့်ဥစ္စာပစ္စည်းနှင့် သားသမီးများအားဖြင့် သင့်ကို စမ်းသပ်ရန်ရည်စူးသည်။ ယင်းတို့မှာ အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများဖြစ်သည်။ ယင်းကောင်းချီးမင်္ဂလာများ လက်ခံရရှိပြီးနောက် အသင်သည် ကျေးဇူးတင်ရှိ၍ အဓိန့်နာခံသလော သို့တည်းမဟုတ် ကျေးဇူးကန်း၍ အဓိန့်ဖီဆန်သလော ဟူသည်ကို သက်သေပြရမည်။ ဒုတိယအနေဖြင့် ဖြစ်နိုင်သေးသည်မှာ တတိယအဓိပ္ပာယ်လည်း ဖြစ်နိုင်သည့်ဆိုလိုရင်းကား အသင်သည် သင်၏ဥစ္စာပစ္စည်းနှင့် သားသမီးများအပေါ် ချစ်ခင်မြတ်နိုးမှုတွင် လုံးလုံးလျားလျားနစ်မြုပ်သွား၍ အလ္လာဟ်အရှင်မြတ်၏မနှစ်မြို့မှု သင့်ပေါ်ကျရောက်စေ ပါသည်။ သို့ဆိုလျှင် ဤသားသမီးနှင့် ဥစ္စာပစ္စည်းများကြောင့် သင်သည် ပြစ်ဒဏ်ခတ်မှုခံရပေလိမ့်မည်။ ဤကမ္ဘာလောကမှာပင် ဥစ္စာပစ္စည်းများနှင့်သားသမီးတို့ကြောင့် အလုံးစုံသော အခက်အခဲများနှင့် ဝန်းရံထားခံရကာ ဤကမ္ဘာလောကမှာပင် ပြစ်ဒဏ်ခတ်ခံရမှုအရှိန်ကို စတင်ခံစားပေရလိမ့်မည်ဟူသော အဖြစ်အပျက်များလည်းရှိသည်။ အထက်ဖော်ပြပါ အခြေအနေများ မဟုတ်သည့်တိုင် အလ္လာဟ်အရှင်မြတ်၏အမိန့်ပညတ်ချက်နှင့် ဆန့်ကျင်စွာရရှိခဲ့သော ဥစ္စာပစ္စည်းများ၊ ယင်းဥစ္စာပစ္စည်းများကို အမိန့်ပညတ်ချက်နှင့် ဆန့်ကျင်သောနည်းလမ်းဖြင့် သုံးစွဲခဲ့လျှင် ယင်းဥစ္စာပစ္စည်းများသည် နောင်တမလွန်တွင် ပြစ်ဒဏ် ခတ်ခံရခြင်း၏အကြောင်းအရင်းများ ဖြစ်သွားစေသည်။ ယင်းဥစ္စာပစ္စည်းများသည် မြွေများ၊ ကင်းများနှင့် တောက်လောင်နေသော မီးအသွင်ပြောင်းလဲသွားကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များနှင့် ဟဒီးဆ်ဆင့်ပြန်ချက်များစွာတွင် ရှင်းလင်းစွာဖော်ပြထားခဲ့သည်။ နောက်ဆုံး၌တတိယအဓိပ္ပာယ်မှာ ဤအရာများသည် ပြစ်ဒဏ်ခတ်စေခြင်း၏ အကြောင်းရင်းဖြစ်သွားစေပါသည်။ အစောပိုင်းကထောက်ပြထားသကဲ့သို့ ဤအရာများသည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏အမိန့်ပညတ်ချက်များကို ဖီဆန်ခြင်းနှင့် ဂရုမစိုက်ခြင်း၏ အကြောင်းရင်း ဖြစ်သွားသည်နှင့်တစ်ပြိုင်နက် ယင်းတို့သည် ပြစ်ဒဏ်ခတ်ခံရခြင်း၏ အကြောင်းရင်း များအဖြစ် အလိုအလျောက် ဖြစ်သွားသည်ဆိုသည်ကား ထင်ရှားသည်။ အာယသ်တော်(၂၈)၏အဆုံးတွင် وَ اَنَّ اللّٰهَ عِنْدَهٗۤ اَجْرٌ عَظِيْمٌ "အလ္လာဟ်အရှင်မြတ်အထံတော်တွင် အလွန် ကြီးကျယ်သောအကျိုးရလဒ်သည် ဧကန်စင်စစ်ရှိသည်ကိုလည်းကောင်း အသင်တို့ (ကောင်းစွာ) သိထားကြလေကုန်" ဟုမိန့်ထားသည်။ တစ်နည်းဆိုရသော် ရှင်းလင်းစွာ နားလည်သဘောပေါက်ထား သင့်သည်မှာ အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ ရစူလ်တမန်တော်၏အမိန့်များကို နာခံခြင်းဆိုသည့် တာဝန်ဝတ္တရားထမ်းဆောင်စဉ်တွင် သားသမီးနှင့် ဥစ္စာပစ္စည်းများပေါ်၌ သူ၏ချစ်ခင်မြတ်နိုးမှု သူ့အပေါ်မလွှမ်းမိုးခဲ့လျှင် ၎င်းအတွက် အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ် သောဆုလာဘ်တော်များရှိပေသည်။

ဤအာယသ်တော်တွင် ပါဝင်သည့်အကြောင်းအရာများသည် မုစ်လင်မ်အားလုံးနှင့် သက်ဆိုင်သည်။ သို့သော်လည်း ဋီကာရှင်အများစုအဆိုအရ ဤအာယသ်တော်ကျရောက်ခြင်း၏အကြောင်းရင်းသည် ဗနူကုရိုင်ဇာဟ်

စစ်ပွဲအတွင်းဖြစ်ပျက်ခဲ့သော စိုက်ယိဒိနာအဗူလုဗာဗဟ် d သခင်၏အဖြစ်အပျက်နှင့် ပတ်သက်သည်။ တင်ပြချက်အရ ဆိုလျှင် တမန်တော်မြတ် s သခင်နှင့် ဆွေဟာဗဟ်သာဝကကြီးများသည် ဗနူကုရိုင်ဇဟ်ခံတပ်အား ၂၁ ရက်တိုင်တိုင် ဝန်းရံပိတ်ဆို့ထားခဲ့သောကြောင့် ထိုသူတို့သည် ဇာတိမြေကိုစွန့်ခွာ၍ ဆီးရီးယားနိုင်ငံသွားခွင့် ပြုရန် မေတ္တာရပ်ခံခဲ့ကြသည်။ ထိုသူတို့၏ကောက်ကျစ်စဉ်းလဲမှုအရ ကိုယ်တော်မြတ်သည် ၎င်းတို့တောင်းခံမှုကို လက်မခံခဲ့ချေ။ ကိုယ်တော်မြတ် s ကမိန့်ခဲ့သည်မှာ ၎င်းတို့အတွက်ရွေးစရာမှာ တစ်ခုတည်းသောငြိမ်းချမ်းရေး တံခါးဖွင့်ခြင်းကား စိုက်ယိဒိနာ စအဒ်အိပ်နိုမုအာဒဟ် d ကဆုံးဖြတ်သည့်အတိုင်း သူတို့လိုက်နာစေရန်ဖြစ်သည်။ ထိုစဉ် ၎င်းတို့က စိုက်ယိဒိနာ စအဒ်အိပ်နိုမုအာဒဟ် d အစားဤတာဝန်ဝတ္တရားကိုစိုက်ယိဒိနာအဗူလုဗာဗဟ် s သခင်အားလွှဲအပ်ရန်မေတ္တာရပ်ခံခဲ့သည်။ အကြောင်းမှာ စိုက်ယိဒိနာအဗူလုဗာဗဟ် d သခင်၏မိသားစုနှင့် ဥစ္စာပစ္စည်းများသည် ဗနူကုရိုင်ဇဟ်နယ်ပယ်တွင် ရှိနေခဲ့၍ဖြစ်သည်။ အဗူလုဗာဗဟ် d သည် ၎င်းကိစ္စနှင့်ပတ်သက်၍ ပျော့ပျောင်းသက်ညှာလိမ့်မည်ဟု ၎င်းတို့ထင်ခဲ့ကြသည်။ တမန်တော်မြတ် s သခင်က ၎င်းတို့မေတ္တာရပ်ခံသည့်အတိုင်း စိုက်ယိဒိနာအဗူလုဗာဗဟ် d သခင်ကို စေလွှတ်ခဲ့သည်။ ဆွေဟာဗဟ်ကြီး ထိုနေရာရောက်သွားခဲ့သောအခါ၌ ဗနူကုရိုင်ဇဟ်မျိုးနွယ်မှ ယောကျ်ားနှင့်မိန်းမများသည် ၎င်းအားဝန်းရံကာ စတင်ငိုကြွေးခဲ့သည်။၎င်းတို့ကမေးမြန်းသည်မှာ အကယ်၍ ကျွန်ုပ်တို့သည် တမန်တော်မြတ်၏ အမိန့်တော်အရ လက်နက်ချအညံ့ခံပြီး ခံတပ်မှထွက်လာခဲ့လျှင် ကိုယ်တော်မြတ် s သည် ကျွန်ုပ်တို့အား သက်ညှာပါမည်လော။ ဤကိစ္စနှင့်ပတ်သက်၍ ဆုံးဖြတ်ပြီးသောမူ(ပေါ်လစီ)မှာ သက်ညှာခြင်းမဟုတ်ကြောင်း စိုက်ယိဒိနာ အဗူလုဗာဗဟ် သိရှိခဲ့သည်။ သို့သော်လည်း ထိုသူများ၏ငိုကြွေးခြင်းနှင့် ညည်းတွားခြင်းကတစ်ကြောင်း၊ သူ၏မိသားစုနှင့် သားသမီးများပေါ် ချစ်မြတ်နိုးခြင်းနှင့် သောကရောက်ခြင်းအကြောင်းတို့ကြောင့် ၎င်းသည် လည်ပင်းပေါ်တွင် လက်ကိုဓားသဖွယ်ပြု၍ သူတို့ အားလုံးအသတ်ဖြတ်ခံကြရလိမ့်မည်ဟု အချက်ပြခဲ့ပါသည်။ ထို့ကြောင့် တစ်စုံတစ်ဦးက ပြောနိုင်သည်မှာ တမန်တော်မြတ် s သခင်၏လျှို့ဝှက်ချက်ကို ၎င်းကထုတ်ဖော်ပြသခဲ့သည်ဟူ၍ဖြစ်သည်။

သားသမီးမိသားစု ချစ်ခင်မြတ်နိုးခြင်းနှင့် ဥစ္စာပစ္စည်းပေါ်တွေးတောခြင်းတို့က ၎င်းအား ထိုသို့ပြုလုပ်စေခြင်းဖြစ်သည်။ သို့သော်လည်း ၎င်းဘာလုပ်ခဲ့သည်ဆိုသည်ကို ရုတ်တရက်ချက်ခြင်းအသိပေးခဲ့သည်။ တမန်တော်မြတ် s သခင်က ၎င်းအပေါ်အပ်နှံထားသည့် ယုံမှတ်အပ်နှံမှုကို ချိုးဖျက်ခဲ့ကြောင်း သူသိရှိသွားခဲ့သည်။ ထိုနေရာမှ ၎င်းပြန်လည်ရောက်ရှိသွားသောအခါ ရုက်စိတ်မှာ သူ့အပေါ်လွှမ်းမိုးကာ သူ့သခင်ထံ ပြန်သွားရမည့်အစား သခင်၏ မတ်စ်ဂျိဒ် ဗလီဝတ်ကျောင်းတော်သို့ တိုက်ရိုက်သွားကာ ထိုဗလီကျောင်းတော်၏ ကျောက်တိုင်တစ်ခုၭ သူကိုယ်သူ ကြိုးဖြင့် တုပ်နှောင်ထားခဲ့သည်။ ထို့နောက် ၎င်းက ကျွန်ုပ်၏ (သောင်ဗဟ်) ဝန်ချတောင်းပန်မှု လက်မခံသမျှ သေသွားပါစေ ဤအတိုင်းနေမည်ဟု ကျိန်ဆိုခဲ့သည်။ ထို့ကြောင့် ခုနစ်ရက်လုံးလုံး ထိုသို့ချည်နှောင်ထားသည့်အတိုင်း ရပ်နေခဲ့သည်။ သူ၏ဇနီးနှင့်သမီးက သူ့အား လာရောက်ပြုစုလေ့ရှိခဲ့သည်။ လူလိုအပ်ချက်များနှင့် စွလာသ်ဝတ်ပြု ဆောက်တည်ရန်အလို့ငှာ ၎င်းတို့က သူ့အား ကြိုးဖြည်ပေးခဲ့သည်။ ယင်းကိစ္စတို့ဆောင်ရွက်ပြီးသည်နှင့် တစ်ဖန်ပြန်၍ ကြိုးဖြင့် ချည်နှောင်စေခဲ့သည်။ သူသည် စားခြင်းသောက်ခြင်းကို အမြဲလိုလိုရှောင်ရှားခဲ့၍ အားအင်ချည်နဲ့ကာ မမှေ့မြော လုနီးဖြစ်ခဲ့သည်။

ဤသတင်းကို ကိုယ်တော်မြတ် s က ကနဉီးကြားသိရသောအခါတွင် ကိုယ်တော်မြတ် s မိန့်ခဲ့သည်မှာ အကယ်၍ သူသည် ကျွန်ုပ်ထံ ဦးစွာပထမလာရောက်ခဲ့လျှင် ၎င်းအတွက် ငါကိုယ်တော်သည် လွတ်ငြိမ်းချမ်းသာခွင့် ရှာပေးနိုင်ကာ ၎င်း၏သောင်ဗဟ်လည်း လက်ခံခြင်းခံရပါလိမ့်မည်။ ယခုမူ သူ၏ဤလုပ်ရပ်ကြောင့် အလွန်ဟ အရှင်

မြတ်က ၎င်း၏သောင်ဗဟ်ကိုလက်ခံကြောင်း ဝဟီမှတစ်ဆင့်ကျလာမည်ကို စောင့်ဆိုင်းရုံမျှအပ အခြားမရှိတော့ပြီ။ ထို့ကြောင့် ခုနစ်ရက်မြောက်ပြီးနောက် ညဉ့်နက်သောအခါတွင် သူ၏သောင်ဗဟ်အား လက်ခံကြောင်း ပါဝင်သည့် ဤအာယသ်တော်ကျရောက်ခဲ့သည်။ ဆွဟာဗဟ်အချို့သည် သူ့အား ဤကောင်းသတင်းပြောကြား၍ ကျောက်တိုင်မှ ကြိုးဖြည်ရန် ရောက်လာခဲ့သည်။ သို့သော်လည်းသူက "ကိုယ်တော်မြတ် ﷺ သခင်က ကျွန်ုပ်အားကြိုးဖြည်မည်ဟု ဆုံးဖြတ်သောအခါမှ ကြိုးအဖြည်ခံမည်ဟု"ပြောကြားခဲ့သည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ သခင်သည် ဖျံရိ ဆွလာသ်ဝတ်ပြုရန် ဗလီဝတ်ကျောင်းတော်သို့လာရောက်သည့်အခါ၌ တမန်တော်မြတ် ﷺ ၏လက်တော်ဖြင့် ကြိုးဖြည်ပေးခဲ့သည်။ အထက်ဖော်ပြသည်မှာ ဥစ္စာပစ္စည်းနှင့် သားသမီးအပေါ် ချစ်ခင်မြတ်နိုးခြင်းနှင့် ပူပင်သောကရောက်ခြင်းတို့လွှမ်းမိုးမှုက တားမြစ်ခြင်းတို့ကြောင့် အလ္လာဟ်အရှင်မြတ်ကို ယုံပုံခြင်းအမှုကို မဖြည့်ဆည်းခြင်း ဟူသည်နှင့် ပတ်သက်သော ဝဟီကျရောက်ခြင်း စစ်မှန်သောအကြောင်းရင်းဖြစ်သည်။ အလ္လာဟ်အရှင် အသိတော်မူဆုံးဖြစ်သည်။

## အာယသ် (၂၉-၃၃)

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْۤا اِنْ تَتَّقُوا اللّٰهَ يَجْعَلْ لَّكُمْ فُرْقَانًا وَّ يُكَفِّرْ عَنْكُمْ سَيِّاٰتِكُمْ وَ يَغْفِرْ لَكُمْ ؕ وَ اللّٰهُ ذُو الْفَضْلِ الْعَظِيْمِ ﴿۲۹﴾ وَ اِذْ يَمْكُرُ بِكَ الَّذِيْنَ كَفَرُوْا لِيُثْبِتُوْكَ اَوْ يَقْتُلُوْكَ اَوْ يُخْرِجُوْكَ ؕ وَ يَمْكُرُوْنَ وَ يَمْكُرُ اللّٰهُ ؕ وَ اللّٰهُ خَيْرُ الْمٰكِرِيْنَ ﴿۳۰﴾ وَ اِذَا تُتْلٰى عَلَيْهِمْ اٰيٰتُنَا قَالُوْا قَدْ سَمِعْنَا لَوْ نَشَآءُ لَقُلْنَا مِثْلَ هٰذَاۤ ۙ اِنْ هٰذَاۤ اِلَّاۤ اَسَاطِيْرُ الْاَوَّلِيْنَ ﴿۳۱﴾ وَ اِذْ قَالُوا اللّٰهُمَّ اِنْ كَانَ هٰذَا هُوَ الْحَقَّ مِنْ عِنْدِكَ فَاَمْطِرْ عَلَيْنَا حِجَارَةً مِّنَ السَّمَآءِ اَوِ ائْتِنَا بِعَذَابٍ اَلِيْمٍ ﴿۳۲﴾ وَ مَا كَانَ اللّٰهُ لِيُعَذِّبَهُمْ وَ اَنْتَ فِيْهِمْ ۚ وَ مَا كَانَ اللّٰهُ مُعَذِّبَهُمْ وَ هُمْ يَسْتَغْفِرُوْنَ ﴿۳۳﴾

အို-"မုအ်မင်နဲ်"သက်ဝင် ယုံကြည်သူ အပေါင်းတို့၊ အကယ်၍ အသင်တို့သည် အလ္လာဟ် အရှင်မြတ်အား ကြောက်ရွံ့ရိုသေကြပါမူ ထိုအရှင်မြတ်သည် အသင်တို့အား (အမှားနှင့် အမှန်ကို) ခွဲခြားစိတ်ဖြာ သိမြင်နိုင်စေသောအရာကို ချီးမြှင့်ပေးသနားတော်မူအံ့။ ထို့ပြင် အသင်တို့၏မကောင်းမှုဒုစရိုက်များကိုလည်း ပယ်ဖျောက်စေတော်မူသည့်ပြင် အသင်တို့အား အပြစ်မှလည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူအံ့။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အနန္တကျေးဇူးတော်ရှင် ဖြစ်တော်မူပေသတည်း။(၈း ၂၉)

၎င်းပြင် (အို-နဗီတမန်တော်၊ အသင်သည် ပြန်လည်၍သတိရပါလေ။) အကြောင်အခါ၌ "ကာဖိရ်" မယုံကြည်သွေဖည်ငြင်းပယ်သောသူတို့သည် အသင်နှင့်ပတ်သက်၍ အသင့် အား ဖမ်းဆီးချုပ်နှောင်ကြရန်သော်လည်းကောင်း၊ အသင့်အားသတ်ဖြတ်ကြရန်သော်လည်းကောင်း၊ အသင့်အား (မက္ကာမြို့မှ) နှင်ထုတ်ကြရန်သော်လည်းကောင်း လျှို့ဝှက်စွာ ကြံစည်လျက်ရှိကြကုန်၏။ (ထိုစဉ်အခါဝယ်) ၎င်းတို့သည် (မိမိတို့၏အကြံ

အစည်များကို) ကြံစည်လျက်ရှိကြလေသည်။ အလ္လာဟ်အရှင်မြတ်သည်လည်း (မိမိ၏ အကြံအစည်ကို) ကြံစည်လျက်ရှိတော်မူ၏။ စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် အကောင်းဆုံးကြံစည်နိုင်တော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။ (၈ : ၃၀)

စင်စစ်သော်ကား ငါးတို့ရှေ့ဝယ် ငါအရှင်မြတ်၏ကျမ်းဂန်လာ ဒေသနာတော်များကို ရွတ်ဖတ်၍ပြခဲ့ပါလျှင် ငါးတို့က "ငါတို့သည် အမှန်ပင် (ဤသည်တို့ကို အဖန်တလဲလဲ) ကြားခဲ့ဖူးကြချေပြီ။ ငါတို့သည် အလိုရှိလျှင် ငါတို့သည်လည်း ဤအတိုင်းပင် ဇကန်မလွဲ (စီကုံး) ပြောဆိုနိုင်ကြပေသည်။ ဤသည်ကား ရှေးသူဟောင်းများ၏ ဒဏ္ဍာရီပုံပြင်မျှသာဖြစ်သည်" ဟု ပြောဆိုကြ၏။ (၈ : ၃၁)

တစ်ဖန် (အသင်သည် ငါးတို့အားသတိရစေပါလေ။) တစ်ရံရောအခါဝယ် ငါးတို့က "ဒို-အလ္လာဟ်အရှင်မြတ်၊ အကယ်၍ ဤ(မုက္ခပါဠိတော်)သည် အလ္လာဟ်အရှင်မြတ် အထံတော်မှ အဟုတ်အမှန်ဖြစ်ခဲ့ပါလျှင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အပေါ်၌ ကျောက်ခဲများကို မိုးကောင်းကင်မှ ရွာသွန်းစေတော်မူပါ။ သို့တည်းမဟုတ် အလွန်ပြင်းပြ နာကျင်ဖွယ် အခြား ပြစ်ဒဏ်တစ်စုံတစ်ရာ ကျွန်တော်မျိုးတို့အပေါ်၌ ကျရောက်စေတော်မူပါ" ဟု ပြောဆိုလျှောက်ထားခဲ့ကြလေသည်။ (၈ : ၃၂)

အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ငါးတို့တွင် အသင် (နဗီတမန်တော်) ရှိနေစဉ် ငါးတို့အား ပြစ်ဒဏ်ပေးတော်မူမည်မဟုတ်ပေ။ ထိုနည်းတူစွာ ငါးတို့သည်ပြစ်မှုဒုစရိုက်တို့မှလွတ်ငြိမ်းချမ်းသာခွင့်ရရန် ဆုပန်လျက်ရှိနခိုက်လည်းအလ္လာဟ် အရှင်မြတ်သည် ငါးတို့အား ပြစ်ဒဏ် ပေးတော်မူမည် မဟုတ်ချေ။ (၈ : ၃၃)

**အကျယ်ဖွင့်ဆိုခြင်း**

ပြီးခဲ့သောအာယသ်များထဲ၌ သားသမီးများနှင့် ပစ္စည်းဥစ္စာများသည် မတည်မြဲသောလူသားအတွက် စမ်းသပ်မှုတစ်ရပ်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ အဘယ်ကြောင့်ဆိုသော် ဤအရာများအပေါ်၌ ချစ်မြတ်နိုးခြင်း၊ သောကရောက်ခြင်းတို့က တစ်စုံတစ်ဦးအားလွှမ်းမိုးသွားပါက အာခိရသ်နှင့်ဖန်ဆင်းရှင် အလ္လာဟ်အရှင်မြတ် ဘက်တော်သို့လှည့်ရန် အမြဲလိုလို သတိမမူမိဖြစ်စေခဲ့ပါသည်။ အာခိရသ်တွင် ကြီးကျယ်သောကောင်းချီးမင်္ဂလာ ရရှိရန် အတွက်ဆိုလျှင် အလ္လာဟ်အရှင်မြတ်ဘက်တော်သို့လှည့်ခြင်းကို ပိုမိုထင်ရှားစွာပြသသင့်ပါသည်။

အထက်တွင်ကိုးကားခဲ့သော အာယသ်များအနက် ပထမအာယသ်တော်ထဲတွင် ဤအကြောင်းအရာကို ပြီးဆုံးစေခဲ့ပါသည်။ ဤနေရာတွင်မိန့်ကြားထားသည်မှာ ကုရ်အာန်နှင့် ရှရီအသ်၏အသုံးအနှုန်းအရ သတ်ဂ်ါ ဟု ခေါ်သော အလ္လာဟ်သအာလာအား ချစ်မြတ်နိုးခြင်းနှင့် အလ္လာဟ်အရှင်မြတ်အား ရိုကျိုးနာခံခြင်းဆိုသည့် ဤစမ်းသပ်မှုအား အရာရာတိုင်းတို့ထက် ဦးစားပေးမှု စွဲမြဲစွာရှိခဲ့ပါလျှင် ထိုသူအား အစားပေးသည့်အနေဖြင့် အရာသုံးခုနှင့်ကောင်းချီးပေးခြင်းခံရပါသည်။ ဤသည်တို့မှာ (၁) ဖုရ်ကာန် အမှားနှင့်အမှန်ခွဲခြားသည့်စံ (၂) စိုင်ယိအသ်စ်ကဖာရဟ် (ပြုခဲ့အပြစ်ဂုနာဟ်များမှ လွတ်ငြိမ်းခွင့်ပေးခြင်း) နှင့် (၃) မဂ်ဖိရသ် (အလ္လာဟ်အရှင် မြတ်ထံမှ ခွင့်လွှတ်ချမ်းသာ ပေးသနားခံရခြင်း)

"ဖုရ်ကာန်" နှင့် "ဖရက်" တို့သည် ကြိယာနာမ်များဖြစ်ကာ တူညီသောအဓိပ္ပာယ်ရှိကြသည်။ အသုံး အနှုန်းတွင် "ဖုရ်ကာန်"သည် အရာဝတ္ထုနှစ်ခုအား ပေါ်လွင်ထင်ရှားစွာခွဲခြားစေသည့်အရာ၏ အမည်ဖြစ်ပါသည်။ ထို့ကြောင့် ဆုံးဖြတ်ချက်ကို "ဖုရ်ကာန်" ဟုခေါ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းသည် အမှားနှင့် အမှန်တို့အား အလွန်ပေါ်လွင်စွာ ခွဲခြားနိုင်သောကြောင့် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်ထံတော်မှ ကူညီမှုနှင့် ထောက်ပံ့မှုတို့ကိုလည်း ဖုရ်ကာန်ဟုခေါ်ဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ကြောင့် အမှန်တရားဘက်မှ ရပ်တည်သူတို့အား အောင်နိုင်စေကာ ယင်းတို့၏ဆန့်ကျင်ဘက်တို့အား အရှုံးကိုမြည်းစမ်းစေပါသည်။ ယင်းအဖြစ်က အမှားနှင့်အမှန်တို့အား ရှင်းလင်းပြတ်သားစွာ ခြားနားစေပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ ဗဒ်ရ်စစ်ပွဲအား ယောင်မလိဖုရ်ကာန် အမှားနှင့်အမှန်အား ပေါ်လွင်ထင်ရှားစေသောနေ့ (အမှားနှင့်အမှန်) ဟုခေါ်ဆို ထားပါသည်။

ဋီကာရှင်အများစုအရ အလ္လာဟ်အရှင်မြတ်အားကြောက်ရွံ့ကြသူတို့အား "ဖုရ်ကာန်" ပေးသည်ဟု ဆိုခြင်းမှာ ထိုသူများနှင့်အတူ အလ္လာဟ်အရှင်မြတ်၏အကူအညီနှင့် အထောက်ပံ့တို့ရကြသည်။ ထိုသူများနှင့် အတူ ရှိနေပါသည်ဟုဆိုလိုပါသည်။ ထိုသူများအား မည်သည့် ဘေးရန်များမှ အနာတရမဖြစ်စေနိုင်ပါ။ ထို့နောက် ၎င်းတို့လုပ်ဆောင်သည့် ရည်မှန်းချက်တိုင်းတို့တွင် အောင်မြင်မှုရရှိပါသည်။ ယင်းကိုကဗျာတစ်ပုဒ်ထဲ၌

**هر که ترسید از حق و تقوی گزید  ترسد از وے جن و انس و هر که دید**

"မည်သူမဆို အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကာ ဘာသာတရား ကိုင်းရှိုင်း (သတ်ဂ်ါ) ရှိပါလျှင် ကမ္ဘာပေါ်ရှိ လူသားများအားလုံးတို့နှင့် ဂျင်နီများကကြောက်ရွံ့ကြပါသည်" ဟူ၍ ဖော်ပြ ထားသည်။

သဖီစီရ်မအာအိမီကျမ်းတွင် ဖော်ပြချက်အရ စိုဂ်ယိဒ်နာ အဗူလူဗာဗဟ် တိမ်းချော်သွားမှုအတွက် အညွှန်းတစ်ခု ဖော်ပြထားပါသည်။ ထိုအညွှန်းမှာ အစောပိုင်းကဖော်ပြခဲ့ပြီးဖြစ်သော သူနှင့်ပတ်သက်သည့်အဖြစ်ပျက်တွင် ဖော်ပြချက်အရ ယင်းမှာ သူ၏မိသားစုနှင့် သူ၏သားသမီးတို့အား အကာအကွယ်ပေးလိုသော သူ၏ဆန္ဒပင်ဖြစ်ပါသည်။ သူ့အား မှားယွင်းစေသည့် အဓိက အချက်မှာ သူ၏မိသားစုနှင့်သားသမီးတို့အား လုံခြုံစွာထားရှိနိုင်သောနည်းလမ်းမှာ အလ္လာဟ်သအာလာနှင့် အရှင့် တမန်တော်တို့အား နာခံခြင်းဆိုသောနည်းမှအပ မည်သည်မျှမရှိပါ။ အကယ်၍သာ သူသည် သူ၏စံ အမှတ်ကို ထိန်းသိမ်းခဲ့ပါလျှင် သူ့မိသားစုနှင့် သားသမီးများအပါအဝင် သူပိုင်ဆိုင်သမျှအားလုံးတို့သည် အလ္လာဟ် သအာလာ၏ အကာကွယ်ထီးရိပ်အောက်သို့ ရောက်သွားပါလိမ့်မည်။ ဤအဓိပ္ပာယ်၏အပြင် အခြားသော ဋီကာရှင်များက ပြောသည်မှာ ဤအာယသ်ပါဖုရ်ကာန်ဟူသောစကားလုံးသည် အမှားနှင့်အမှန်၊ အစစ်နှင့်အတု လွယ်ကူစွာ ခွဲခြားနိုင်သော အသိပညာနှင့်ထိုးတွင်းဉာဏ်ဟူ၍ ဆိုလိုပါသည်။ ထို့ကြောင့် ဤအဆိုအဓိန္ဓိ၏ အဓိကကျသော ဆိုလိုရင်းမှာ ထိုကဲ့သို့ ထိုးထွင်းဉာဏ်နှင့် အသိပညာရှိသောသူများအား အမှားနှင့်အမှန်ကိုဆုံးဖြတ်ခြင်း လွယ်ကူမှုရှိစေရန် အလ္လာဟ်အရှင် ပြုလုပ်ပေးထားတော်မူပါသည်။

သတ်ဂ်ါကျင့်သုံးသူများအား အစားပေးသည့်ဒုတိယကောင်းချီးမှာ စိုင်ယိအသ်စ် ကဖရဟ်ဖြစ်ပါသည်။ ဆိုလိုသည်မှာ "သတ်ဂ်ါ" ကျင့်သုံးသောသူများ ကျူးလွန်ခဲ့သော အမှားများနှင့်တိမ်းချော်မှုတို့အား လွတ်ငြိမ်းခွင့်ပေးကာ ဤကမ္ဘာလောကမှာပင် ပြောင်းလဲပေးခဲ့ပါသည်။ ထိုသူအား သူ၏လုပ်ဆောင်မှု အဆီးအတားမှ ချွတ်ချော်ထွက်သွားသော ကောင်းမှုကောင်းရာတို့အား လုပ်ဆောင်နိုင်စွမ်း (သောင်ဖီးဂ်)ကို ပေးသနားတော်မူပါသည်။ အဆုံး

တွင် သူ၏သတ်ဝါရှိမှုအတွက် ပြန်လည်ရရှိသောအရာမှာ နောင်တမလွန်တွင် ခွင့်လွှတ်ခံရခြင်းပင် ဖြစ်ပါသည်။ ယင်းမှာ အလုံးစုံသောချို့တဲ့မှုများနှင့် ပြစ်မှုဂုနာဟ်တို့မှ အပြီးအပိုင်ခွင့်လွှတ်ခံရခြင်းပင် ဖြစ်သည်။

အာယသ်တော် (၂၉) အဆုံး၌ မိန့်ထားသည်မှာ وَ اللّٰهُ ذُو الْفَضْلِ الْعَظِيْمِ "အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အနန္တကျေးဇူးတော်ရှင် ဖြစ်တော်မူပေသတည်း"ဟူ၍ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် အကူအညီ ပေးမှုတွင် အကန့်အသတ်မရှိဟူ၍မိန့်ထားခြင်းက လုပ်ရပ်တစ်ခု၏အစားပေးခြင်းသည် ထိုလုပ်ရပ်၏အတိုင်းအတာ အတိုင်းဖြစ်သည်ဟု အညွှန်းပေးထားသည်။ ဤတွင်လည်း သတ်ဂ်ဝါ၏ ဆုလာဘ်အဖြစ် အရာသုံးခုကိုကောင်းမြတ် သောအစားပေးခြင်းအဖြစ် ဖော်ပြထားခြင်းသည် အစားပေးခြင်းဖြစ် သည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ကြီးမားသောကျေးဇူးတော်နှင့် အကူအညီပေးမှုတွင် ထွဋ်ခေါင်အရှင် ဖြစ်တော်မူသည်။ အလ္လာဟ်အရှင်ပေးသနားလျှင် အတိုင်းအဆမရှိပေးကမ်းတော်မူသကဲ့သို့ မည်သူမျှလည်း ထိုအရှင်မြတ်၏ ဆုလာဘ်တော်နှင့် ကျေးဇူးတော်ကို မှန်းဆခြင်း၊ တိုင်းတာခြင်း မပြုလုပ်နိုင်ပါ။ ထို့ကြောင့် သတ်ဂ်ဝါကို ၎င်းတို့၏ ဘဝနေထိုင်ပုံအဖြစ် နေထိုင် ကျင့်ကြံခဲ့သောသူသည် အစောပိုင်းကဖော်ပြပြီးခဲ့သည့် အရာသုံးခုထက် ပိုမိုကြီးကျယ်သော ကျေးဇူးတော်နှင့်ဆုလာဘ်ကို အလ္လာဟ်အရှင်မြတ်ထံတော်မှ မျှော်မှန်းသင့်သည်။

ဒုတိယအာယသ်တော်(၃၀)ထဲ၌ တမန်တော်မြတ် S သခင်နှင့် ဆွဟာဗဟ်သာဝကကြီးများကို အမှန်တကယ် ကမ္ဘာတစ်ခုလုံးအပေါ်တွင် အလ္လာဟ်အရှင်မြတ် အပ်နှင်းတော်မူသည့် သီးသန့်ဆုလာဘ်တော်နှင့် အကူအညီပေးမှုအကြောင်း ထောက်ပြထားသည်။ ဤအဖြစ်အပျက်သည် ဟိဂျ်ရသ်မတိုင်မီက မယ္ခုံကြည်သွေဖည် ငြင်းပယ်သူများသည် တမန်တော်မြတ် S သခင်ကို ထိန်းသိမ်းရန်(သို့မဟုတ်) ကိုယ်တော်မြတ်ကိုသတ်ဖြတ်ရန်အလို့ငှာ ကြံစည်၍ ဝိုင်းထားခဲ့သော အချိန်က ဖြစ်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ယုတ်ညံ့သော ရည်ရွယ်ချက်များ မအောင် မမြင်ဖြစ်စေကာ တမန်တော်မြတ် S သည် မဒီနာဟ်မြို့သို့ လုံခြုံစိတ်ချစွာရောက်ရှိသွားစေခဲ့သည်။

တင်ပြခဲ့ပြီးသည့်အဖြစ်အပျက်ကို မုဟမ္မဒ်အိပ်နိုအစ္စဟားက်၊ အီမာမ်အဟ်မဒ်၊ အိပ်နိုဂျရီးရှိန့် အခြားသူများမှ ခိုင်လုံသောဆင့်ပြန်ချက်အရ သဖီစီရ်အိပ်နေကဆီးရ်နှင့် သဖီစီရ်မဇာဟရီကျမ်းတို့တွင် ဖော်ပြထားခဲ့သည်။ ဤအဖြစ်အပျက်ပါအသေးစိတ်များအရ အလည်လာသည့်မဒီနဟ်မြို့သားများ အစ္စလာမ်ဘာသာ သက်ဝင်ယုံကြည်သွားသည့်သတင်း မက္ကဟ်မြို့ရှိကိုရိုက်ရှ်များသိရှိသွားကြသောအခါ ၎င်းတို့သည် ယင်းကိစ္စနှင့်ပတ်သက်၍ စတင်ပူပင်သောကရောက်ကြသည်။ ထိုအချိန်တိုင် မုစ်လင်မ်ဘာသာသို့ဝင်ရောက်ခြင်းဆိုသည်မှာ ၎င်းတို့အာဏာဖြင့် ထိန်းချုပ်ထားသော မက္ကဟ်မြို့တွင်း၌သာ ဖြစ်သင့်သည်ဟု ထင်မှတ်ခဲ့ကြသည်။ သို့သော်လည်း အစ္စလာမ် သာသနာသည် မဒီနဟ်မြို့တွင် စတင်ပျံ့နှံ့လာခဲ့ပြီး တမန်တော်မြတ် S သခင်၏ မြောက်မြားစွာသောဆွဟာဗဟ် သာဝကကြီးများသည် ထိုမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ယင်းသို့ရောက်ရှိခဲ့သဖြင့် မဒီနဟ်သည် အစ္စလာမ် သာသနာ၏ နောက်ထပ်ဌာနတစ်ခုဖြစ်ကာ ၎င်းတို့အားရင်ဆိုင်တိုက်ခိုက်ရန် စစ်တပ်စုစည်းကာ ၎င်းတို့အား တိုက်ခိုက်ရန်ဆုံးဖြတ်နိုင်ကြောင်း သက်သေပြပါသည်။ ဤသည်နှင့်ယှဉ်တွဲ၍ ဤသည်မှာ မဒီနဟ်မြို့တော်သို့ ဆွဟာဗဟ်သာဝကကြီးအချို့ပြောင်းရွှေ့ခြင်း အစသာလျှင် ဖြစ်ကြောင်း ၎င်းတို့စဉ်းစားမိသည်။ တမန်တော်မြတ် S သခင်သည် ထိုနေရာသို့သွားရောက်ကာ ၎င်းတို့နှင့်ပူးပေါင်းလိမ့်မည်ဟူသော ခိုင်လုံသည့် ဖြစ်နိုင်ချေတစ်ခုလည်း ရှိပေသည်။ ထို့ကြောင့် မက္ကဟ်မြို့ရှိ ထင်ရှားသောအကြီးအကဲများက ၎င်းတို့အချင်းချင်း တိုင်ပင်နှီးနှောရန် ဒါရွလ်နဒ်ဝါတွင် အထူးအစည်းအဝေးတစ်ရပ် ခေါ်ဆိုခဲ့သည်။ ဒါရွလ်နဒ်ဝါဟုခေါ်ဆိုသည့် ဤနေရာသည် ကူစေးအိပ်နိုခီလာပ်၏အိမ်ဖြစ်ကာ အလ်

မတ်စ်ဂျီဒ် အလ်ဟရာမ်၏ အနီးအနားတွင် တည်ရှိသည်။ ဤသူများသည် အမျိုးသားရေးဆိုင်ရာပြဿနာများကို တိုင်ပင်ဆွေးနွေးရန် ဤနေရာ၌ တွေ့ဆုံလေ့ရှိကြသည်။ အစ္စလာမ့်ခေတ်တွင် ဤနေရာအား အလ်မတ်စ်ဂျိဒ် အလ်ဟရာမ်တွင် ထည့်သွင်း အကျုံးဝင်သွားသည်။ ဒါရှလ်နဒ်ဝါဟုအမည်တွင် ခဲ့သည့်နေရာသည် ယခုမျက်မှောက်ခေတ်၌ ဗာဗ်အလ်ဇီယာဒါတ်ဟုခေါ်သည်။

ထုံးတမ်းစဉ်လာအရ ကုရိုက်ရှ်အကြီးအကဲများသည် ဤထူးခြားသည့် တိုင်ပင်ဆွေးနွေးမှုအတွက် ဒါရှလ်နဒ်ဝါတွင် တွေ့ဆုံခဲ့ကြသည်။ အဗူဂျာဟလ်၊ နဇ်ရ်အိဗ်နိုရိသ်၊ အွတ်သ်ဗဟ်၊ ရှိုင်ဗဟ်၊ အုမိုင်ယဟ်အိဗ်နို ခလာဖ်၊ အဗူစွဖ်ယမ်နှင့် အခြားသူများစသည့် ကုရိုက်ရှ်မျိုးနွယ်မှ ထင်ရှားသောခေါင်းဆောင်များပါဝင်ခဲ့ကြသည်။ ဆွေးနွေးကြမည့် အကြောင်းအရာမှာ တစ်ရှိန်ထိုးမြင့်မားလာသည့် တမန်တော်မြတ် S သခင်နှင့် အစ္စလာမ် သာသနာ၏ တစ်ရှိန်ထိုး တိုးတက်လာသည့်ဩဇာကို မည်သို့တားဆီးရင်ဆိုင်ရမည်ဆိုသည့်အကြောင်း သတ်မှတ်ခြင်း ဖြစ်သည်။

ဤဆွေးနွေးတိုင်ပင်မှုမစမီ အသက်အရွယ်ကြီးရင့်သည့် အာရဗ်ရှိက်ခ်တစ်ဦး အသွင်ဆောင်ထားသော ကျိန်စာသင့်သည့် အိဗ်လီးစ်သည် ထိုနေရာတွင် ပေါ်ထွက်ရောက်ရှိခဲ့သည်။ ဒါရှလ်နဒ်ဝါ တံခါးဝတွင်ရှိသောလူများသည် "အသင်ဘယ်သူလဲ ဘယ့်အတွက်ဤနေရာရောက်လာရသနည်း" ဟုမေးမြန်းခဲ့ကြသည်။ အဖြေပေးခဲ့သည်မှာ "ကျွန်ုပ်ဟာ နဂျဒ်တွင်နေထိုင်သူတစ်ဦးဖြစ်သည်။ အရေးကြီးသော အမျိုးသားရေးဆိုင်ရာကိစ္စတစ်ရပ် ဆွေးနွေးတိုင်ပင်ရန် အသင်တို့ ဤနေရာ၌စုဝေးနေကြသည်ဟု ကျွန်ုပ်ကြားသိခဲ့ရသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အမျိုးသားများ ကောင်းကျိုးလိုလားသူတစ်ဦးအနေဖြင့် အသင်တို့ဆွေးနွေးမည့်ကိစ္စရပ်အတွက် အသုံးဝင်သည့် အကြံဉာဏ် အချို့ပေးနိုင်သည်ဟု မျှော်လင့်၍ ကျွန်ုပ် ဤနေရာရောက်ရှိခြင်းဖြစ်သည်"ဟူ၍ဖြစ်သည်။

သူ၏အကြောင်းပြချက်ကို လက်ခံခဲ့ကြသည်။ သူ့ကိုအထဲသို့ဖိတ်ခေါ်ခဲ့သည်။ ထို့နောက် ဆွေးနွေးသည့် ကိစ္စရပ်ပေါ်၌ အကြံပေးခြင်းလုပ်ငန်း စတင်ခဲ့သည်။ စူဟိုင်လီ၏ဆင့်ပြန်ချက်တစ်ရပ်တွင် အဗူအလ်ဗတ်ခ်သာရီအိဗ်နိုဟိရှာမ်က "သူ" (တမန်တော်မြတ် S သခင်ကိုဆိုလိုသည်)အား သံကြိုးဖြင့်ချည်နှောင်၍ အိမ်တစ်လုံးတွင် ထိန်းသိမ်းထားသင့်သည်ဟု အကြံပြုခဲ့သည်။ တံခါးကိုသော့ခတ်ထား၍ ကိုယ်တော်မြတ်သေဆုံးသည်အထိ ထိန်းသိမ်းထားရမည်။ ကိုယ်တော်သည် သူ့အလိုအလျောက် သေဆုံးသွားရမည်။ (အလ္လာဟ်အရှင်မြတ်ထံ ခိုလှုံပါ၏) ဤသည်ကိုကြားသိရသော် နဂျဒ်မြို့မှ ရှိုက်ခ် (ကျိန်စာသင့်သောအိဗ်လီးစ်) ကပြောသည်မှာ "ဤအကြံပြုချက်သည် မခိုင်လုံ။ အဘယ့်ကြောင့်ဆိုသော် သင်တို့ထိုသို့လုပ်ခဲ့လျှင် ဤလုပ်ရပ်ကိုအမြဲဖုံးထား၍မရချေ။ စင်စစ် ဤလုပ်ရပ်သည် ပို၍ပြီးကျယ်ကျယ်ပြန့်ပြန့် လူသိကုန်ကြပေမည်။ ထို့နောက် သင်တို့သိပြီးသည့်အတိုင်း ကိုယ်တော်မြတ်အတွက်ဆိုလျှင် ကိုယ်တော်၏ဆွေဟာဗဟ်များသည် ၎င်းတို့အသက်နှင့်လဲရန် ကောင်းကောင်း အဆင်သင့်ရှိနေတယ် ဆိုတာ သင်တို့သိကြသည်။ ဖြစ်နိုင်သည်မှာ ဤသူများသည် အချင်းချင်းစုစည်းကာ အသင်တို့ထိန်းသိမ်းထားသူအား ကယ်တင်ရန် အတွက် အသင်တို့ကိုတိုက်ခိုက်ကြပါလိမ့်မည်"ဖြစ်သည်။ ဤသည်ကြောင့် နဂျဒ်မြို့မှရှိုက်ခ်၏တင်ပြချက်သည် ခိုင်လုံကြောင်း ဘက်ပေါင်းစုံမှ အသံများထွက်လာခဲ့သည်။ ထို့နောက် တမန်တော်မြတ်ကို မက္ကာဟ်မြို့တော်မှနှင်ထုတ်သင့်သည်ဟူသည်ကို အဗူအလ်အတ်စ်ဝါဒ်က အကြံပြုခဲ့သည်။ ဤမြို့မှ ကိုယ်တော့်အားထွက်သွားစေကာ ကိုယ်တော်မြတ် သွားလိုရာသွား၍ လိုရာလုပ်ပါစေ။ ဤသို့လုပ်လျှင် ကျွန်ုပ်တို့မြို့တွင် ကိုယ်တော်မြတ်ကြောင့်ပေါ်ထွက်လာမည့် မငြိမ် မသက်မှုများကင်းဝေးသွားမည်။ ကျွန်ုပ်တို့ ထိုသို့လုပ်ခဲ့လျှင် ကျွန်ုပ်တို့သည် စစ်လည်းတိုက်ခိုက်ရမည်မဟုတ်၊ သတ်ဖြတ်ခြင်းလည်း ပြုရမည်မဟုတ်ချေ။

ဤသည်ကိုကြားသိပြီးနောက် နဂျာဒ်မြို့မှရွိက်ခ်က တစ်ဖန်ပြောသည်မှာ "ဤအကြံပြုချက်လည်း မခိုင်လုံချေ။ သူသည် ဘယ်လောက်စကားကို ညင်ညင်သာသာပြောတတ်သူတစ်ဦးဖြစ်ကြောင်း မင်းတို့သတိမပြုမိကြသလော။ လူအများသည် သူစကားပြောသည်ကို ကြားရလျှင် ကြားရသူအပေါင်းကို လုံးဝညှို့ယူဖမ်းစားနိုင်စွမ်းရှိပါသည်။ အကယ်၍သာ သူ့ကို ထိုသို့ လွတ်လွတ်လပ်လပ် စကားပြောဆိုခွင့်ပေးလျှင် မကြာမီ အတွင်းအင်အားကြီးများသောအုပ်စုတစ်စုစုဝေးစေ၍ သင်တို့ကိုတိုက်ခိုက်ကာ အနိုင်ယူသွားပေလိမ့်မည်။"ဟူ၍ဖြစ်သည်။ ယခုအခါ အဗူဂျာဟိလ်ပြောရန်အလှည့်ဖြစ်သည်။ သူပြောသည်မှာ "အမှန်တကယ် ဘာလုပ်ရမည်ဆိုတာ ဘယ်သူတစ်ဦးတစ်ယောက်မှ နားလည်သဘောပေါက်သည်မရှိချေ။ လုပ်ရမည့်အစီအမံကို ကျွန်ုပ် အခုတင်ပြမည်။ အာရေဗီးယားရှိ မျိုးနွယ်စုအားလုံး၏တစ်ခုစီမှပျိုမြစ်သန်မာသောလူငယ်တစ်ဦးစီရွေးချယ်၍ငင်းတို့ကိုသေလောက်သည့်လက်နက်များ တပ်ဆင်ပေးရမည်။ ထို့နောက် ငင်းတို့အားလုံးသည် တစ်စည်းတစ်လုံးတည်းနှင့် တစ်မုဟုတ်ချင်း ကိုယ်တော်မြတ်ကို တိုက်ခိုက်ကြရမည်။ ဤလုပ်ရပ်သည် ကိုယ်တော်မြတ် စီမံဖန်တီးသည့် ပြဿနာများမှ အနည်းဆုံး ကျွန်ုပ်တို့ကင်းဝေးစေပါလိမ့်မည်။ ကျန်ရှိသည်မှာ ဤသတ်ဖြတ်မှုနောက်တွင် ပေါ်လာမည့် အကျိုးဆက်ပင်ဖြစ်သည်။ ကိုယ်တော်မြတ် s ၏ မျိုးနွယ်စုဖြစ်သည့် ဗနူအဗ်ဒ်မုနာဖ်က ဤသတ်ဖြတ်မှုအတွက် လက်စားချေရန် အခိုင်အမာပြောဆိုလာကြလိမ့်မည်။ ထို့ကြောင့် ယင်းသို့သောအခြေအနေမျိုးတွင် တစ်ဦးနှင့် တစ်ဦးသတ်ဖြတ်ခြင်းမဟုတ်ဘဲ လူမျိုးစုတစ်ခုစီမှ တစ်ဦးစီက သတ်ဖြတ်ခြင်းကြောင့် အသက်တစ်ချောင်းကို အသက်တစ်ချောင်းနှင့်အစားပေးခြင်း (ကိစား၌) သည် တရားမဝင်တော့ပါ။ တရားဝင်လုပ်နိုင်သည်မှာ ဒီယာသ် (သွေးကြွေး) အတွက် ငွေ သို့မဟုတ် ဥစ္စာပစ္စည်းတောင်းဆိုခြင်းတစ်ခုတည်းသာ ကျန်ပေမည်။ ထိုကိစ္စအတွက် ကျွန်ုပ်တို့သည် မျိုးနွယ်စုအားလုံးထံမှစုဆောင်း၍ ငင်းတို့ကိုပေးလိုက်လျှင် ကိစ္စပျက်သွားပေမည်။

နဂျာဒ်မြို့မှရွိက်ခ်အသွင်ဆောင်ထားသည့် ကျိန်စာသင့်အိဗ်လီးစ်သည် ဤသည်ကိုကြား၍ ပြောကြားခဲ့သည်မှာ "ဒါအကောင်းဆုံးပဲ၊ ဒီထက်ကောင်းတာ ဘာမျှမရှိချေ"ဟူ၍ဖြစ်သည်။ စုရုံးနေသောလူတစ်စုလုံးက ဤအကြံအစည်ကိုထောက်ခံကာ ဤယုတ်မာသောကြံစည်မှုကို ယနေ့ညတွင်ပင် အကောင်အထည်ဖော်ရန် သဘောတူခဲ့ကြသည်။

ဤအသိဉာဏ်ကင်းမဲ့သူများ နားမလည်သဘောမပေါက်နိုင်သည်မှာ တမန်တော်များ(အလိုင်ဟစ်စလာမ်)၏ မမြင်နိုင်သောအစွမ်းပင်ဖြစ်သည်။ အကျိုးဆက်အဖြစ် ကိစ္စနှစ်ရပ်ဖြစ်ပေါ်ခဲ့သည်။ တစ်ဖက်တွင် ကောင်းကင်တမန်တော်ကြီးဂျိဗ်ရာအီလ် a ဒါရှလ်နဒ်ဝါဒ် အစည်းအဝေးတွင် ဖြစ်ပေါ်ခဲ့သည်များကို တမန်တော်မြတ် s အား အသိပေးကာ တမန်တော်မြတ် s ကို တန်ပြန်အကြံအစည်တစ်ရပ်ပေးခဲ့သည်။ ယင်းမှာ ထိုညဥ့် ကိုယ်တော်မြတ် s သခင်သည် အိပ်ရာ၌မအိပ်စက်စေဘဲ အလွှာဟ်အရှင်မြတ်က မက္ကာဟ်မြို့တော်မှ ပြောင်းရွှေ့ထွက်ခွာသွားရန် ကိုယ်တော်မြတ်ကို ခွင့်ပြုကြောင်း မိန့်ကြားခဲ့သည်။

တခြားတစ်ဖက်တွင် ညနေစောင်းသည်နှင့် ကိုရိွိက်ရှ်လူငယ်များသည် တမန်တော်မြတ် s သခင်၏ အိမ်ကို ဝိုင်းထားခဲ့ကြသည်။ ဤသည်ကို ကိုယ်တော်မြတ် s သခင် တွေ့ရှိခဲ့သောအခါ၌ စိုက်ယိဒိနာအလီအလ် မုရ်သသွာ d အား ငင်း၏အိပ်ရာ၌အိပ်စက်ရန် ကိုယ်တော်မြတ် s က အမိန့်ပေးခဲ့သည်။ ထို့နောက် ဤအကြံအစည်တွင် သူ့အသက်အန္တရာယ်မြောက်မြားစွာရှိသော်လည်း ရန်သူများသည် ငင်းကို မည်သို့မျှ အန္တရာယ်မပြုနိုင်ကြောင်း ကောင်းသတင်းကိုလည်း ပြောကြားခဲ့သည်။

စိုက်ယိဒိနာအလီ d သည် ကိုယ်တော်မြတ် s ၏အိပ်ရာတွင် ပျော်ပျော်ရွှင်ရွှင် အိပ်ရာဝင်ခဲ့သည်။ သို့သော်လည်း ပြဿနာမှာ ကိုယ်တော်မြတ် s သခင်သည် ဤဝိုင်းထားမှုမှ မည်သို့ဖောက်ထွက်မည်ဆိုခြင်း ဖြစ်သည်။ ဤအခက်အခဲကို အလ္လာဟ်အရှင်မြတ်သည် မုအ်ဂျိဇ်ဇာတ်ဖြင့် ဖြေရှင်းခဲ့သည်။ တမန်တော်မြတ် s သခင်သည် ၎င်းအကြောင်းပြောကြားနေသူများအနားမှပင် ဖြတ်သန်းသွားခဲ့၍ သွားရင်း ၎င်းတို့အပေါ်ဝယ် ဖုန်မှုန့်လက်တစ်ဆုပ်ကို ကောက်၍ ၎င်းတို့အပေါ်ကိုဖြူးစေသော အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်မြတ်အတိုင်း လုပ်ဆောင်ခဲ့သည်။ ထိုသို့ လုပ်ဆောင်ခဲ့ရာ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏အကြည့်နှင့် ၎င်းတို့၏အသိကို တစ်ဖက်သို့လွှဲဖယ်စေခဲ့သည်။ ကိုယ်တော်မြတ် s ထွက်ခွာသွားပြီးနောက် ဤနေရာရောက်လာခဲ့သူအချို့က ဝိုင်းထားသူများကို အသင်တို့ အဘယ့်ကြောင့် ဤနေရာတွင်ဘာလုပ်နေကြသနည်းဟုမေးခဲ့သည်။ ထိုသူတို့က ၎င်းတို့သည် တမန်တော်မြတ် s အား စောင့်နေကြကြောင်း ပြောကြားခဲ့သည်။ ထိုစဉ်စုဝေးလာသူများက ထိုသူများကို "မင်းတို့အိပ်မက်မက်နေကြတာကိုး၊ တမန်တော်မြတ်ဤနေရာမှထွက်ခွာသွားပြီ၊ ထွက်ခွာစဉ် ၎င်းတို့ တစ်ဦးစီခေါင်းပေါ်တွင်ပင် ဖုန်မှုန့်ကြဲသွားခဲ့သေးသည်။ ၎င်းတို့အားလုံး ခေါင်းပေါ် လက်နှင့်စမ်းကြည့်ရာ လူတိုင်း၏ ခေါင်းပေါ်မှာ ဖုန်မှုန့်များရှိနေခဲ့သည်က အတည်ပြုပြီး ဖြစ်သွားပေသည်။

ထိုသူများ အိမ်ထဲဝင်ရောက်သွားသောအခါ စိုက်ယိဒိနာအလီ d သည် ကိုယ်တော်မြတ် s သခင်၏ အိပ်ရာပေါ်တွင် လဲလျောင်းလျက်ရှိခဲ့သည်။ အိပ်ရာပေါ်၌ ၎င်းက ဟိုစောင်း၊ ဒီလှည့်လုပ်နေသဖြင့် ၎င်းသည် တမန်တော်မုဟမ္မဒ် s သခင်မဟုတ်ကြောင်း ဝိုင်းထားသူများက သိရှိသွားစေပါသည်။ ထို့ကြောင့် ထိုသူတို့က ၎င်းအား သတ်ဖြတ်ရန် မကြိုးစားကြတော့ပါ။ ထိုသူတို့သည် ဝိုင်းထားသည့်တာဝန်ကို နံနက်အချိန်တိုင် လုပ်ဆောင်ခဲ့ပြီးနောက် မနက်မိုးလင်းတွင် မကျေမနပ်နှင့် အရှက်ရကာပြန်သွားခဲ့ကြရသည်။ ဤညနှင့် တမန်တော်မြတ် s သခင်၏ အသက်အတွက် ၎င်း၏အသက်ကိုမငဲ့ညှာဘဲ လုပ်ဆောင်ခဲ့သော အဖြစ်အပျက်ကြောင့် စိုက်ယိဒိနာ အလီမုရ်သသွာ d သခင်အား အထူးမြင့်မြတ်သည့်အခွင့်အရေးများနှင့် ထိုက်တန်သူများထဲတွင် ပါဝင်သွားခဲ့သည်။

ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ ဖော်ပြထားသော ကိုရိုက်ရှ်အကြီးအကဲများ၏ တိုင်ပင်ဆွေးနွေးသည့် အစည်းအဝေးမှပေါ်ထွက်လာသည့် တမန်တော်မြတ် s သခင်နှင့်ပတ်သက်သော အကြံပြုချက်သုံးရပ်ကို **وَ اِذْ يَمْكُرُ بِكَ الَّذِيْنَ كَفَرُوْا لِيُثْبِتُوْكَ اَوْ يَقْتُلُوْكَ اَوْ يُخْرِجُوْكَ** "၎င်းပြင် (အို-နဗီတမန်တော်၊ အသင်သည် ပြန်လည်၍ သတိရပါလေ။) အကြင်အခါ၌ "ကာဖိရ်" မယုံကြည်သွေဖည် ငြင်းပယ်သောသူတို့သည် အသင်နှင့်ပတ်သက် ၍ အသင့်အား ဖမ်းဆီးချုပ်နှောင်ကြရန်သော်လည်းကောင်း၊ အသင့်အား သတ်ဖြတ်ကြရန်သော် လည်းကောင်း၊ အသင့်အား (မက္ကာမြို့မှ) နှင်ထုတ်ကြရန်သော်လည်းကောင်း လျှို့ဝှက်စွာ ကြံစည်လျက် ရှိကြကုန်၏။ (၃၀)"ဟူ၍ မိန့်ထားသည်။

သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့၏အစီအမံနှင့် အကြံအစည်များအားလုံးသည် ပျက်စီးစေတော်မူခဲ့ပါသည်။ ဤသည်ကြောင့် အာယသ်တော်အဆုံးတွင် **وَاللّٰهُ خَيْرُ الْمٰكِرِيْنَ** "စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် အကောင်းဆုံးကြံစည်နိုင်တော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။(၃၀)"ဟုမိန့်ကြားထားသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် ကြံစည်သူများတွင် အကောင်းဆုံးကြံစည်သူပင်ဖြစ်သည်။ ဤအဖြစ်အပျက်က သရုပ်ဖော်ပြသကဲ့သို့ အရှင်မြတ်၏အကြံအစည်သည် အကြံအစည်အလုံးစုံကို မှေးမှိန်ပျောက်ကွယ်စေပါသည်။

ဝေါဟာရအရ အရဗီစကားလုံး مكر မက်ရ် (အကြံအစည်ဟုဘာသာပြန်ထားသည်) ဆိုလိုသည်မှာ တစ်စုံတစ်ဦး၏ တစ်ဖက်ရန်သူရည်ရွယ်လုပ်ဆောင်ခြင်းမှ နည်းပရိယာယ် ကိုဖြစ်စေ၊ အကြံအစည်အချို့ကိုဖြစ်စေ ဟန့်တားပိတ်ပင်ခြင်း ဖြစ်သည်။ ထို့နောက် အကယ်၍ ဤလုပ်ဆောင်မှုတွင် ကောင်းသောရည်ရွယ်ချက်အတွက်ဟု မှတ်ယူခဲ့လျှင် ဤကဲ့သို့ "မက်ရ်"သည် ချီးကျူးထိုက်ဖွယ်ဖြစ်၍ ကောင်းမွန်သည်။ ထို့ပြင် မကောင်းသောရည်ရွယ်ချက်အတွက် လုပ်ဆောင်လျှင် ဤသည်မှာပြစ်တင်ဖွယ်ဖြစ်၍ ဆိုးဝါးပေသည်။ ထို့ကြောင့် ဤစကားလုံးကို လူသားအတွက် အသုံးပြုနိုင်၍ အလွှာဟ်အရှင်မြတ်အတွက်လည်း အသုံးပြုနိုင်သည်။ သို့သော်လည်း အလွှာဟ်အရှင်မြတ်အတွက် သုံးနှုန်းရာတွင် စာသားနှင့်မိန့်ဆိုခြင်းများက ဆန့်ကျင်ဘက်ဖြစ်ကာ မက်ရ်သည် သံသယကင်းမဲ့ပြစ်တင်ဖွယ် အခြေအနေမျိုးသာ ဖြစ်သည်။ ဖော်ပြခဲ့သည့်အဖြစ်အပျက်သည် ယင်းသို့သောသဘောဖြစ်သည်။ (မဇာဟရီကျမ်း)

ဤနေရာတွင် မှတ်သားထိုက်သေးသည်မှာ အာယသ်တော်အဆုံး၌ သုံးနှုန်းထားသောစကားလုံးသည် မရေရာ မသေချာသည့်ကာလအနေဖြင့် သုံးနှုန်းထား၍ ယင်းသည် ပစ္စုပ္ပန်နှင့်အနာဂတ်ကို ရည်ညွှန်းသည်။ **وَيَمْكُرُوْنَ** **وَيَمْكُرُ اللّٰهُ** "(ထိုစဉ်အခါဝယ်) ၎င်းတို့သည် (မိမိတို့၏အကြံအစည်များကို) ကြံစည်လျက် ရှိကြလေသည်။ အလွှာဟ် အရှင်မြတ် သည်လည်း (မိမိ၏အကြံအစည်ကို) ကြံစည်လျက်ရှိတော်မူ၏"(၃၀) ဟုမိန့်ထားခဲ့သည်။ဆိုလိုသည်မှာ ထိုသူများသည် ယုံကြည်သက်ဝင်သူများကိုထိခိုက်စေရန် အမြဲကြံစည်လျက်ရှိနေကြသကဲ့သို့ အလွှာဟ်အရှင်မြတ်သည်လည်း ၎င်းတို့၏ အကြံအစည်များ ပျက်ပြားပြီးဟန့်တားစေရန် အမြဲကြံစည်လျက်ရှိပေသည်။ ဤနေရာတွင် ပါဝင်သည့်အညွှန်းကား ထိုသူများသည် မုစ်လင်မ်များကိုထိခိုက်စေရန် အမြဲကြံစည် လုပ်ဆောင်နေခြင်းသည် မယုံကြည်သွေဖည် ငြင်းပယ် သူများ၏ အမြဲတည်ရှိနေသော အမှတ်အသား ဖြစ်သွားပေလိမ့်မည်။ အလားတူပင် အလွှာဟ်အရှင်မြတ်သည်လည်း စစ်မှန်သောယုံကြည်သက်ဝင်သူများကို ၎င်းတို့၏ မကောင်းသောလုပ်ဆောင်ကြံစည်မှုများမှ ကင်းဝေးစေရန် အမြဲ တွန်းလှန် ဖယ်ရှားနေပေလိမ့်မည်။

အာယသ် ၃၀ နှင့် ၃၂ ထဲ၌ ဒါရှုလ်နဒ်ဝါဒ်အစည်းအဝေးတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်သည့် နဒ်ရဲအိဗ်နို ဟာရိသ်၏ ဖြစ်နိုင်ဖွယ်မရှိသောမှတ်ချက်ကို ဖော်ပြထားခဲ့သည်။ အာယသ် ၃၃ ထဲတွင် ယင်းနှင့်ပတ်သက်သော တုံ့ပြန်ချက် ပါဝင်သည်။ နဒ်ရဲအိဗ်နိဟာရိသ်သည် နိုင်ငံများစွာသို့ လှည့်လည်ခရီးသွားလာလေ့ရှိသော စီးပွားရေး သမားတစ်ဦးဖြစ်ကာ ထိုသို့သွားလာစဉ် ဂျူးနှင့်ခရစ်ယာန်တို့၏ဘာသာရေးဆိုင်ရာ ကျမ်းစာအုပ်များနှင့် ၎င်းတို့၏ ဝတ်ပြုနည်း အမျိုးမျိုးကိုလည်း ထပ်ကာတလဲလဲတွေ့မြင်ခဲ့ရသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် လွန်လေပြီးသော အုမ္မသ်ထု၏ အဖြစ်အပျက်များ ပါဝင်ကြောင်းကြားသိရသောအခါ ၎င်းကပြောသည်မှာ- **قَدْ سَمِعْنَا لَوْ نَشَآءُ لَقُلْنَا مِثْلَ هٰذَآ اِنْ هٰذَآ اِلَّآ اَسَاطِيْرُ الْاَوَّلِيْنَ** "ငါတို့သည် အမှန်ပင် (ဤသည်တို့ကို အဖန်တလဲလဲ) ကြားခဲ့ဖူးကြချေပြီ။ ငါတို့သည် အလိုရှိလျှင် ငါတို့သည်လည်း ဤအတိုင်းပင် ဇကန်မလွှဲ (စီကုံး) ပြောဆိုနိုင်ကြပေသည်။ ဤသည်ကား ရှေးသူဟောင်းများ၏ ဒဏ္ဍာရီပုံပြင်မျှသာ ဖြစ်သည်"ဟု ပြောဆိုကြ၏။(၃၁)"ဟူ၍ဖြစ်သည်။ ထိုစဉ် အချို့ဆွဟာဗဟ်တို့က ၎င်းအား "အကယ်၍ ဤကဲ့သို့သော အရာကို သင်ပြောဆိုနိုင်သည်ဆိုလျှင် အဘယ့်ကြောင့်သင်မပြောခဲ့သနည်း"ဟူ၍ စိန်ခေါ်ခဲ့သည်။ ကုရ်အာန်ကျမ်းတော် မြတ်သည် ဤအကြောင်းအရာကိုမိန့်ထားကာ ယင်းကိုအမှားနှင့်အမှန်၏ စံအဖြစ် သတ်မှတ်ထားခဲ့သည်။ ကျမ်းတော်မြတ်ကုရ်အာန်၏စိန်ခေါ်မှုသည် တစ်ကမ္ဘာလုံးအတွက်ဖြစ်သည်။ အကယ်၍ ကုရ်အာန်ကျမ်းတော်မြတ်ကိုဆန့်ကျင်သူများသည် စစ်မှန်သူများဖြစ်လျှင် ကျမ်းမြတ်၏သေးငယ်သော စူရတ်တစ်ခုကဲ့သို့ပင် ပြုလုပ်ယှဉ်ပြိုင်ကြလော့။ ယင်းနှင့်ဖီလာဆန့်ကျင်စွာ ၎င်းတို့၏ မမှန်မကန် အခိုင်အမာပြောဆိုချက်ကိုထိန်း

သိမ်းရန်အလို့ငှာ ၎င်းတို့၏အသက်၊ ဥစ္စာပစ္စည်းနှင့် သားသမီးများကို စွန့်လွှတ်နိုင်သည်ဆိုသော သူများသည် ကုရ်အာန်ကျမ်းတော်မြတ်ကို ယှဉ်ပြိုင်၍ ၎င်းတို့ကိုယ်ပိုင်စူရတ် အသေးငယ်လေးတစ်ခုကိုပင် ၎င်းတို့ အစွမ်းအစများ မစုစည်းနိုင်ကြချေ။ ထိုကဲ့သို့ဖြစ်လျက်နှင့် ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့အလိုရှိလျှင် ကုရ်အာန်ကျမ်းမြတ်နှင့်တူသည်တို့ကို လုပ်နိုင်သည်ဟုပြောဆိုခြင်းမျိုးကို မိမိကိုယ်ကိုတန်ဖိုးထားရိုသေသူက စွန့်စားပြော ဆိုလိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် ဆွဟာဗဟ်ကြီးများက သူ့အား ကုရ်အာန်ကျမ်းတော်မြတ်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ မုကွပါဋိဟာရိယ် မည်သည်မျှမဖြစ်နိုင်ဟု ၎င်းအား ပြောခဲ့သောအခါ၌ ထိုအခိုင်အမာ ပြောဆိုချက်ကို သူသည် ကြိုးစား၍ ဆန့်ကျင်ကာ ၎င်း၏မမှန်ကန်သော ယုံကြည်ချက်ကို စွပ်မြဲစွာတွယ်ဖက်ထားကြောင်း ပြသသည့်အနေဖြင့် ပြောသည်မှာ-

اَللّٰهُمَّ اِنْ كَانَ هٰذَا هُوَ الْحَقَّ مِنْ عِنْدِكَ فَاَمْطِرْ عَلَيْنَا حِجَارَةً مِّنَ السَّمَآءِ اَوِ ائْتِنَا بِعَذَابٍ اَلِيْمٍ

"အို-အလ္လာဟ်အရှင်မြတ်၊ အကယ်၍ ဤ(မုကွပါဋိတော်)သည် အလ္လာဟ်အရှင်မြတ်အထံတော်မှ အဟုတ်အမှန်ဖြစ် ခဲ့ပါလျှင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အပေါ်၌ ကျောက်ခဲများကို မိုးကောင်းကင်မှ ရွာသွန်းစေတော်မူပါ။ သို့တည်း မဟုတ် အလွန်ပြင်းပြနာကျင်ဖွယ် အခြား ပြစ်ဒဏ်တစ်စုံတစ်ရာ ကျွန်တော်မျိုးတို့အပေါ်၌ ကျရောက်စေတော်မူပါ" ဟု ပြောဆိုလျှောက် ထားခဲ့ကြသည်။ (၃၂) ဟူ၍ဖြစ်သည်။

ဤသည်၏အဖြေကို ကုရ်အာန်ကျမ်းတော်မြတ်၌ပင် ပေးထားသည်။ ပထမဦးစွာ وَ مَا كَانَ اللّٰهُ لِيُعَذِّبَهُمْ وَ اَنْتَ فِيْهِمْ "အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့တွင် အသင် (နဗီတမန်တော်) ရှိနေစဉ် (မက္ကာမြို့တွင်) ၎င်းတို့အား ပြစ်ဒဏ်ပေးတော်မူမည် မဟုတ်ပေ။ (၃၃)" အကြောင်းမှာ လူအများနေထိုင်ရာအရပ်တွင် ကောင်းချီး မင်္ဂလာ ပေးခံရသည့် တမန်တော်များရှိနေသရွေ့ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ပြစ်ဒဏ်ကို မချမှတ်ချေ။ ထိုနေရာတွင် မြင့်မြတ်သောတမန်တော်များ မရှိသောအချိန်ကျမှသာ အရှင်မြတ်သည် အရှင်မြတ်၏ ပြစ်ဒဏ်ကို ချမှတ်တော်မူသည်မှာ အလ္လာဟ်အရှင်မြတ်၏ထုံးဓလေ့ဖြစ်သည်။ ဤသို့ပင် စိုက်ယိဒိနာဟူး၌၊ စိုက်ယိဒိနာဆွာလေ့ဟ် a နှင့် စိုက်ယိဒိနာလူးတွ် a တို့နှင့် ပတ်သက်၍ ယင်းသို့သောအဖြစ်အပျက်မျိုး ဖြစ်ခဲ့ကြပါသည်။ တမန်တော်များ ၎င်းတို့ မြို့ရွာတွင် ရှိနေခဲ့သမျှကာလပတ်လုံး ထိုမြို့တွင် ပြစ်ဒဏ်ချမှတ်ခြင်းမရှိခဲ့ပါ။ ၎င်းတို့အား နေထိုင်ရာအရပ်မှဖယ်ရှားပြီးမှသာလျှင် ထိုနေရာ၌ပြစ်ဒဏ်ခတ်ခြင်းကျရောက်သည်။ အစ္စလာမ့်တမန်တော်မြတ် s သခင်ကို စကြဝဠာလုံးဆိုင်ရာ အသနားကရုဏာအဖြစ် ဤကမ္ဘာလောကသို့ စေလွှတ်ခဲ့ပါသည်။ တမန်တော်မြတ် s သည်မြို့ပြတစ်ခု တွင်ရှိနေစဉ်အတွင်း အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်ခတ်မှု ကျလာမည်ဆိုလျှင် ယင်းသည် ကိုယ်တော်မြတ် s သခင်၏ အဆင့်အတန်းနှင့် ဆန့်ကျင်သွားပေလိမ့်မည်။

တစ်ပေါင်းတည်းဆိုလျှင် အဖြေကား ကုရ်အာန်ကျမ်းတော်မြတ်နှင့် အစ္စလာမ်ကို သင်တို့ရန်လိုသောကြောင့် သင်တို့အပေါ် ခဲမိုးရွာချရန် အလွန်ထိုက်တန်ပေသည်။ သို့သော်လည်း တမန်တော်မြတ် s သခင် မက္ကာမြို့တော်တွင်ရှိနေခြင်းသည် ယင်းလုပ်ရပ်ကို အဟန့်အတားဖြစ်စေပါသည်။ အီမာမ်အိဗ်နိုကျရီးရ်အဆိုအရ အာယသ်တော်၏ ဤအဝိုင်းသည် တမန်တော်မြတ် s မက္ကာမြို့တွင်ရှိနေစဉ် ကျရောက်ခဲ့သည်။ ထို့နောက် မဒီနာမြို့သို့ တမန်တော်မြတ် s ဟစ်ဂျရသ်ပြုပြီးနောက် အာယသ်တော်၏ဒုတိယအဝိုင်းကျရောက်ခဲ့သည်။ ယင်းမှာ وَ مَا كَانَ اللّٰهُ مُعَذِّبَهُمْ وَ هُمْ يَسْتَغْفِرُوْنَ "ထိုနည်းတူစွာ ၎င်းတို့သည် ပြစ်မှုဒုစရိုက်တို့မှ လွတ်ငြိမ်းချမ်းသာ ခွင့်ရရန် ဆုပန်လျက်ရှိနေခိုက်လည်း

အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ပြစ်ဒဏ်ပေးတော်မူမည်မဟုတ်ချေ။ (၃၃)"ဖြစ်သည်။ ဆိုလိုသည်မှာ တမန်တော်မြတ် S သည် မဒီနဟ်မြို့တော်သို့ပြောင်းရွှေ့ခဲ့ပြီးနောက် မက္ကဟ်မြို့တော်တွင် ကိုယ်တော်မြတ်မရှိသဖြင့် အစုလိုက်အပြုံလိုက် ပြစ်ဒဏ်ခတ်ခြင်းကို ဟန့်တားစေသည့် အခြားတစ်ချက်လည်းရှိပေသေးသည်။ ယင်းမှာမုစ်လင်မ်များအနက် အားအင်ချည့်နဲ့ကာ ပြောင်းရွှေ့နိုင်စွမ်း မရှိသူများသည် မက္ကဟ်မြို့တွင်ကျန်ရစ်ခဲ့ပြီး ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ခွင့်လွှတ်ချမ်းသာမှုပြုရန် အမြဲတစေဆုတောင်းလျက် ရှိနေခဲ့ကြသည်။ ထိုသူများ အတွက်ကြောင့် မက္ကဟ်မြို့သားများ အပေါ် ပြစ်ဒဏ်ခတ်ခြင်း ချမပေးခဲ့ပါ။

ဤမြင့်မြတ်သောပုဂ္ဂိုလ်များ မဒီနဟ်မြို့တော်သို့ရွှေ့ပြောင်းပြီးနောက်တွင်ပင် နောက်လာမည့်အာယသ် ၃၄ ထဲတွင် ပါဝင်သောဝါကျ وَمَا لَهُمْ أَلَّا يُعَذِّبَهُمُ اللَّهُ وَهُمْ يَصُدُّونَ عَنِ الْمَسْجِدِ الْحَرَامِ "သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား (လုံး၀) အပြစ်မပေးတော်မူရန် မည်သည့်အကြောင်း ရှိချေသနည်း။ အမှန်စင်စစ်သော်ကား ၎င်းတို့သည် အလ်မတ်စ်ဂျိဒ်၊ အလ်ဟရာမ် ဗလီ၀တ် ကျောင်းတော် (တွင် ၀တ်ပြုခြင်းတို့) မှ တားဆီးကြလေသည်" ကျရောက်ခဲ့သည်။

ဆိုလိုသည်မှာ ပြစ်ဒဏ်ခတ်ခြင်းကျရောက်စေရန်အတွက် အဟန့်အတားနှစ်ရပ်ရှိသည်။ ယင်းနှစ်ရပ်လုံး ဖယ်ရှားပြီးဖြစ်သည့် တမန်တော်မြတ် S သည်လည်းကောင်း၊ ခွင့်လွှတ်မှုတောင်းခံ ဒုအာပြုနေသူများသည် လည်းကောင်း ထိုမြို့တွင် မရှိကြတော့ပါ။ ထို့ကြောင့် ပြစ်ဒဏ်ခတ်မှုခံရရန် ကျရောက်မှုကိုဟန့်တားခြင်းမရှိသကဲ့သို့ ဖြစ်သွားသည်။ မက္ကဟ်မြို့ရှိသူများ ပြစ်ဒဏ်ခတ်မှု ပိထိုက်စေသည်မှာ ၎င်းတို့၏အစွမ်းမစွမ်းပေါ် ရန်လိုခြင်းကြောင့် ဖြစ်သည့်အပြင် ၎င်းတို့ကိုယ်တိုင် အေဗာဒသ် ခ၀ပ်ကိုးကွယ်မှုဟုခေါ်တွင်သော အလုပ်လုပ်နိုင်စွမ်းမရှိကြရုံမျှမက အလ်မတ်စ်ဂျိဒ် အလ်ဟရာမ်သို့ အုပ်ရပ်နှင့်သဝါးဖ်လှည့်လည်ကာ အိဗာဒသ်လုပ်ရန်အတွက် လာလိုသောသူများကိုပင် စတင် တားဆီးကြသည်။ ထို့ကြောင့် ဤကဲ့သို့သောအခြေအနေမျိုးတွင် ၎င်းတို့အား ပြစ်ဒဏ်ခတ်ခံရရန် ထိုက်တန်မှုသည် ပိုမိုပြီးပြည့်စုံ၍ ခိုင်လုံသွားပေသည်။ အကျိုးဆက်အားဖြင့် မက္ကဟ်မြို့အောင်နိုင်ပြီးနောက် ၎င်းတို့ပေါ် ထိုပြစ်ဒဏ်ခတ်မှုကျရောက်ခဲ့သည်။

လူအများအား အလ်မတ်စ်ဂျိဒ်အလ်ဟရာမ်သို့ ဝင်ရောက်ခြင်းပိတ်ပင်မှုအဖြစ်အပျက်သည် တမန်တော်မြတ် S သခင်နှင့် ဆွဟာဗဟ်သာ၀ကကြီးများ အုပ်ရပ်ပြုလုပ်ရန်ရည်ရွယ်၍ ဟုဒိုင်ဗီယဟ်သွားရောက်သည့် ခရီးစဉ်တွင်ဖြစ်ပျက်ခဲ့သည်။ မက္ကဟ်မြို့မှ မယုံကြည်သွေဖည်သူများသည် တမန်တော်မြတ် S သခင် မြို့တွင်းသို့ ဝင်ရောက်ခြင်းကို ရပ်တန့်စေကာ ကိုယ်တော်မြတ်နှင့် ဆွဟာဗဟ်များကို အဲဟ်ရမ်၀တ်ရုံချွတ်စေ၍ နောက်ကြောင်း ပြန်လှည့်စေရန် အတင်းအကြပ်ပြုမူခဲ့သည်။ ဤအဖြစ်အပျက်မှာ ဟစ်ဂျ်ရီခုနှစ် ၆ ခုနှစ်တွင်ဖြစ်ခဲ့သည်။ ၂နှစ် အကြာ ဟစ်ဂျ်ရီခုနှစ် ၈ ခုနှစ်တွင် မက္ကဟ်မြို့ကိုအောင်နိုင်ခဲ့သည်။ ထို့ကြောင့် မုစ်လင်မ်များလက်၀ယ် ထိုသူများပေါ် ထိုပြစ်ဒဏ်ခတ်မှုကျစေခဲ့သည်။

အိပ်နိုဂျရီးရ်ကပေးသော ဤရှင်းလင်းချက်သည် တမန်တော်မြတ် S သခင် မက္ကဟ်တွင်ရှိနေသည့် အချက်က ပြစ်ဒဏ်ခတ်ရာတွင် နောင့်နေးစေသောအကြောင်းဖြစ်သည့်အချက်ကို မမှတ်ယူခြင်းပေါ်တည်မှီသည်။ သို့သော်လည်း အခြားသူများကမူ ဤကမ္ဘာပေါ်တွင် ကိုယ်တော်မြတ် S ရှိနေခြင်းကြောင့် အစုလိုက်အပြုံလိုက် ပြစ်ဒဏ်ခတ်ခံရခြင်းမှ တားဆီးထားသည့်အချက်ဖြစ်သည်ဟု ဆိုကြသည်။ ဤကမ္ဘာပေါ်တွင် ကိုယ်တော်မြတ် S ရှိခြင်း၏

ကျေးဇူးတော်ရှိနေသမျှကာလပတ်လုံး ကိုယ်တော်မြတ်၏လူများအပေါ် မည်သည့်ပြစ်ဒဏ်ခတ်မှုမျိုးမျှ မကျရောက်နိုင်ပါ။ ဤအကြောင်းမှာ ရှင်းလင်းပေသည်။ တမန်တော်မြတ် ﷺ ကို တမန်တော်ဖြစ်စေသည့် အခြေအနေက မတူကွဲပြားခြားနားပေသည်။ သီးခြားနယ်ပယ်များ (သို့မဟုတ်) လူမျိုးစုများအပေါ် ခန့်အပ်ခံရသည့် အခြားသော တမန်တော်များနှင့် မတူပါ။ တမန်တော်များသည် ဤနယ်မြေနှင့်လူများကိုထားရစ်ခဲ့၍ အခြားသော နေရာဌာန အသစ်သို့ရောက်ရှိသွားသောအခါ၌ ပြစ်ဒဏ်ခတ်မှုသည် ထိုသူများပေါ်ကျရောက်နိုင်သည်။ ဤသည်မှာ တမန်တော် မြတ် ﷺ ၏အဖြစ်နှင့်ဆိုလျှင် ဆန့်ကျင်ဘက်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ နဗီဖြစ်ခြင်းနှင့် တမန်တော်ဖြစ်ခြင်းသည် ဤမတည်မြဲသောကမ္ဘာလောကနောက်ဆုံးနေ့အထိဖြစ်သောကြောင့် ပင်တည်း။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်၏တမန်တော်တစ်ပါးအဖြစ် ၎င်း၏တာဝန်ဝတ္တရားနှင့် ကောင်းချီးပေးခံလာရောက်ခြင်းနှင့် လွှမ်းခြုံမှုမှာ ကမ္ဘာတစ်ခုလုံးအတွက်ဖြစ်သည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သခင်သည် ကမ္ဘာ၏မည်သည့်နေရာတွင်ရှိနေသည်ဖြစ်စေ ၎င်း၏လူများသည် မည်သည့်ပြစ်ဒဏ်ခတ်မှုမျိုးမှ မကျရောက်နိုင်ပါ။

ဤသဖိစီရ်ပေါ်အခြေခံ၍ ယင်းကအဓိပ္ပာယ်သက်ရောက်သည်မှာ မက္ကာဟ်မြို့ရှိလူများလုပ်ရပ်သည် ၎င်းတို့အပေါ် ကျောက်ခဲမိုးရွာချခြင်းဖြင့် သူတို့အား ထိခိုက်ကြစေရမည်။ သို့သော်လည်း ဤပြစ်ဒဏ်ခတ်မှုအတွက် ဟန့်တားစေသောအကြောင်း ၂ချက်ရှိသည်။ (၁) ကမ္ဘာမြေတွင် တမန်တော်မြတ် ﷺ သခင်ရှိနေခြင်း (၂) မက္ကာဟ်မြို့ရှိလူများသည် ဘုရားအများကိုးကွယ်သူများနှင့် မယုံကြည်သွေဖည်သူဖြစ်လင့်ကစား ၎င်းတို့ သဝါဒိလုပ်နေစဉ် **غفرانك غفرانك** (ကျွန်တော်မျိုးတို့သည် အရှင်မြတ်ထံတော်မှ ခွင့်လွှတ်မှုတောင်းခံပါသည်) ဟု ရွတ်ဆိုလေ့ရှိကြခြင်းတို့ကြောင့် ဖြစ်သည်။ ၎င်းတို့၏ ခွင့်လွှတ်ရန်တောင်းခံမှုသည် ၎င်းတို့၏ (ရှိရိုက်) မယုံကြည်မှုနှင့်တွဲဖက် နေ၍ တမလွန်ဘဝတွင် အကျိုးမရှိသော်လည်း ဤကမ္ဘာလောကတွင် ထိုသို့လုပ်ခြင်း၏အကျိုးအမြတ်မှာ ဤကမ္ဘာလောကၭ်ပြစ်ဒဏ်ခတ်ခြင်းမှ ကင်းလွတ်စေခြင်း ရရန် ထိုက်သင့်လာသည်။ အမြဲမှန်ကန်သည့်အချက်ကား အလ္လာဟ်အရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်၏ ကောင်းမှုလုပ်ရပ်ကိုမျှ အချည်းအနှီးမဖြစ်စေပါ။ အကယ်၍ မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် ဘုရားအများ ကိုးကွယ်သူတို့သည် ကောင်းမှုတစ်စုံတစ်ရာလုပ်ပါက ကမ္ဘာလောကတွင်ပင် ယင်း၏အစား ပေးပါသည်။ ထို့နောက်၌ "သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား (လုံး၀) အပြစ်မပေးတော်မူရန် မည်သည့်အကြောင်းရှိသနည်း၊ အမှန်စင်စစ်သော်ကား ၎င်းတို့သည် အလ်မတ်စ်ဂျီဒ် အလ်ဟရာမ်ဗလီဝတ်ကျောင်းတော် (တွင်ဝတ်ပြုခြင်းတို့) မှ တားဆီးကြလေသည်။" ဟူ၍မိန့်ထားခြင်းက ဆိုလိုသည်မှာ ဤကမ္ဘာ၌ပြစ်ဒဏ်ခတ်ခြင်းမခံရ၍ ၎င်းတို့သည် မောက်မာ ပလွားကာ မိမိကိုယ်ကိုအားရကျေနပ်စေပြီး မိမိတို့သည် ဂုနာဟ်ပြစ်မှုကျူးလွန်သူများမဟုတ်၊ မည်သည့်အခါမျှ အပြစ်ဒဏ်ခတ်ခံရလိမ့်မည်မဟုတ် ဟူ၍မှတ်ယူကာ အတင့်မရဲသင့်ချေ။ ဤကမ္ဘာလောကတွင် ပြစ်ဒဏ်ခတ်မခံရ သော်လည်း နောင်တမလွန်တွင်မူ ပြစ်ဒဏ်ခတ်ခံရမှုမှ လွတ်မြောက်ခြင်းသော်လည်းကောင်း (သို့မဟုတ်) ပြစ်ဒဏ် ခတ်မခံရဟူ၍လည်းကောင်း ၎င်းတို့အတွက် မရှိနိုင်ပါ။ ဤသဖိစီရ်အရ **مَا لَهُمْ أَلَّا يُعَذِّبَهُمُ** "သို့ရာတွင် အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့အား (လုံး၀) အပြစ်မပေးတော်မူရန် မည်သည့်အကြောင်းရှိရှိသနည်း။" (၃၄) ထဲတွင်ဖော်ပြ ထားသော ပြစ်ဒဏ်ခတ်မှုသည် တမလွန်တွင်ပြစ်ဒဏ်ခတ်မှုကို ရည်ညွှန်းသည်။

အချုပ်ဆိုရသော် ဖော်ပြခဲ့ပြီးသောအာယသ်များထဲ၌ ကျွန်ုပ်တို့အတွက်အကျိုးရှိသော သတင်းစကားများ ပါဝင်သည်။ ယင်းတို့မှာ (၁) အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ခွင့်လွှတ်မှုကိုတောင်းခံနေသည့် အသိုင်းအဝိုင်းတစ်ရပ်သို့ ပြစ်ဒဏ်ခတ်မှု မကျရောက်စေပါ။ ဤသည်မှာ အရှင်မြတ်၏ ထုံးဓလေ့ဖြစ်သည်။ (၂) တမန်တော်မြတ်

ऽ သခင်၏ အုမ္မသ်ထု (ယုံကြည်သူများနှင့် မယုံကြည်သူများပါဝင်သော) ပေါ် တမန်တော်မြတ် ऽ သခင်ရှိနေသည့် ကာလပတ်လုံး အလွှာဟ်အရှင်မြတ်၏ပြစ်ဒဏ်ခတ်မှု ကျရောက်မည်မဟုတ်ချေ။ ဤအဖြစ်အပျက်သည် စိုက်ယိဒိနာနူဟ်၊ စိုက်ယိဒိနာလူသ်၊ စိုက်ယိဒိနာရွှိအိုက်ဗ် a သခင်တို့၏ အုမ္မသ်ပေါ်တွင် ဖြစ်ပျက်ခဲ့ပါသည်။ ဤသူများအားလုံး တစ်ယောက်မကျန် ဖျက်ဆီးခံခဲ့ကြရသည်။ အချို့ပြစ်ဒဏ်ခတ်မှုတို့သည် တစ်ဦးချင်းအပေါ်၌သော်လည်းကောင်း သတ်မှတ်ထားသော အရေအတွက်ရှိသူတို့အပေါ် ကျရောက်ခဲ့လျှင်လည်း သို့ကျရောက်ခြင်းသည် အထက်ဖော်ပြသည့်နှင့်မဆန့်ကျင်ပေ။ အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်မြတ်၏ အုမ္မသ်ပေါ်၌ **خسف** ခတ်စ်ဖ်နှင့် **مسخ** မတ်စ်ခ်ပြစ်ဒဏ် ကျရောက်လိမ့်မည်ဟု ကိုယ်တော်မြတ် ऽ မိန့်ကြားထားခဲ့၍ဖြစ်သည်။ ခတ်စ်ဖ်ဆိုသည်မှာ မြေကြီးထဲနစ်ဝင်ခြင်း (သို့မဟုတ်) မြေမျိုခြင်းဖြစ်သကဲ့သို့ "မတ်စ်ခ်"ဆိုသည်မှာ မျောက် (သို့မဟုတ်) ဝက်ကဲ့သို့ တိရစ္ဆာန်အသွင် ပြောင်းသွားခြင်းနှင့် ရုပ်ပျက်ဆင်းပျက်ဖြစ်ခြင်းကို ဆိုလိုသည်။ အုမ္မသ်ထု၏ ကန့်သတ်ထားသည့် ပုဂ္ဂိုလ်အနည်းငယ်အပေါ် ထိုသို့သော ပြစ်ဒဏ်ခတ်မှု ကျရောက်နိုင်ကြောင်း ဤသတင်းစကားက ရည်ရွယ်သည်။

ဤကမ္ဘာတွင် တမန်တော်မြတ် ऽ မျက်မှောက်ရှိခြင်း၏ ထူးဆန်းမှုအချက်မှာ ကိယာမသ်နေ့တိုင် အကျိုးသက်ရောက်နေမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်မြတ်၏နဗီဖြစ်ခြင်းနှင့် ကိုယ်တော်၏ လုပ်ငန်းစဉ်မှာ ထိုအချိန်တိုင် အတည်ဖြစ်နေမည်။ ဤသည့်အပြင် တမန်တော်မြတ် ऽ သည် ယနေ့ထက်တိုင် အသက်ရှင်လျက်ရှိနေသည်။ အသက်တည်ရှိခြင်း၏ သဘောသဘာဝနှင့်ပုံစံမှာမူ ကိုယ်တော်မြတ်၏ပြီးခဲ့သော ဘဝပုံစံနှင့်ကား ကွဲပြားခြားနားသည်။ ဤအဆင့်၌ ကိုယ်တော်မြတ် ऽ ၏ဘဝနစ်ခုအကြောင်း အချေအတင် ပြောဆိုနေလျှင် အချည်းအနှီးဖြစ်ကာ အကျိုးမဲ့ပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဤမုစ်လင်မ်အုမ္မသ်ထု၏ ဘာသာရေးဆိုင်ရာ (သို့မဟုတ်) လောကီဆိုင်ရာ တာဝန်ဝတ္တရားသည် ယင်းအချက်ပေါ်၌ မတည်မှီခြေ။ တမန်တော်မြတ် ऽ ကိုယ်တိုင်ကသော် လည်းကောင်း၊ ကိုယ်တော်မြတ်၏ ဆွေဟာဗဟ်များကသော်လည်းကောင်း ယင်းကဲ့သို့သော အကျိုးမရှိသည့် မလိုလားအပ်သော အချေအတင်ပြောဆိုမှုကို မကြိုက်နှစ်သက်ကြပါ။ စင်စစ် ၎င်းတို့သည် ဤသည်ကိုပင် တားမြစ် ပိတ်ပင်ခဲ့သည်။

တမန်တော်မြတ် ऽ သည် ကိုယ်တော်မြတ်နားနေရာနေရာဌာန၌ အသက်ရှင်လျက်ရှိကြောင်းနှင့် ကိုယ်တော်မြတ် ऽ ၏ တမန်တော်ဖြစ်ခြင်းမှာ ကိယာမသ်တိုင်ဖြစ်သည်ဆိုသည့် အံ့ဖွယ်ရာကိုနာခံခြင်း၏ အနှစ်သာရက သက်သေပြသည်မှာ တမန်တော်မြတ် ऽ သည် ဤကမ္ဘာလောက၌ ကိယာမသ်နေ့တိုင်ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်မြတ်၏အုမ္မသ်ထုသည် ကိယာမသ်နေ့တိုင် အစုလိုက်အပြုံလိုက် ပြစ်ဒဏ်ခတ်ခံရမှု ကျရောက်ခြင်းမှ ကင်းဝေးပေလိမ့်မည်။

အာယသ် (၃၄-၃၈)

وَ مَا لَهُمْ اَلَّا يُعَذِّبَهُمُ اللّٰهُ وَ هُمْ يَصُدُّوْنَ عَنِ الْمَسْجِدِ الْحَرَامِ وَ مَا كَانُوْٓا
اَوْلِيَآءَهٗ ؕ اِنْ اَوْلِيَآؤُهٗۤ اِلَّا الْمُتَّقُوْنَ وَ لٰكِنَّ اَكْثَرَهُمْ لَا يَعْلَمُوْنَ ﴿۳۴﴾ وَ مَا
كَانَ صَلَاتُهُمْ عِنْدَ الْبَيْتِ اِلَّا مُكَآءً وَّ تَصْدِيَةً ؕ فَذُوْقُوا الْعَذَابَ بِمَا كُنْتُمْ
تَكْفُرُوْنَ ﴿۳۵﴾ اِنَّ الَّذِيْنَ كَفَرُوْا يُنْفِقُوْنَ اَمْوَالَهُمْ لِيَصُدُّوْا عَنْ سَبِيْلِ اللّٰهِ ؕ
فَسَيُنْفِقُوْنَهَا ثُمَّ تَكُوْنُ عَلَيْهِمْ حَسْرَةً ثُمَّ يُغْلَبُوْنَ ؕ وَ الَّذِيْنَ كَفَرُوْٓا اِلٰى
جَهَنَّمَ يُحْشَرُوْنَ ﴿۳۶﴾ لِيَمِيْزَ اللّٰهُ الْخَبِيْثَ مِنَ الطَّيِّبِ وَ يَجْعَلَ الْخَبِيْثَ بَعْضَهٗ
عَلٰى بَعْضٍ فَيَرْكُمَهٗ جَمِيْعًا فَيَجْعَلَهٗ فِيْ جَهَنَّمَ ؕ اُولٰٓئِكَ هُمُ الْخٰسِرُوْنَ ﴿۳۷﴾ قُلْ
لِّلَّذِيْنَ كَفَرُوْٓا اِنْ يَّنْتَهُوْا يُغْفَرْ لَهُمْ مَّا قَدْ سَلَفَ ۚ وَ اِنْ يَّعُوْدُوْا فَقَدْ مَضَتْ
سُنَّتُ الْاَوَّلِيْنَ ﴿۳۸﴾

သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား (လုံး၀) အပြစ်မပေးတော်မူရန် မည်သည့်အကြောင်း ရှိဓေ့ျသနည်း။ အမှန်စင်စစ်သော်ကား ၎င်းတို့သည် မတ်စ်ဂျစ်ဒ်ဟာရာမ်ဗလီ၀တ်ကျောင်းတော် (တွင်၀တ်ပြုခြင်း တို့)မှ တားဆီးကြလေသည်။ စင်စစ်မူကား ၎င်းတို့သည် ထိုဗလီကျောင်းတော်ကို စောင့်ရှောက်သော ဂေါပကလူကြီးများလည်း မဟုတ်ကြဓေ့ျ။ "မုသ်သကီ" သူတော်စင်များသည်သာလျှင် ထိုဗလီ၀တ်ကျောင်းတော်အုပ် ထိန်းသူများ ဖြစ်နိုင်ကြကုန်၏။ သို့ရာတွင် ၎င်းတို့အနက် အများဆုံးသော သူတို့ကား (ဤမျှပင်) မသိနားမလည်ကြဓေ့ျ။ (၈ : ၃၄)

စင်စစ်သော်ကား (သန့်စင်သော) အိမ်တော် (၀ါ) ကအ်ဗဟ်ကျောင်းတော်၏အပါးတွင် ၎င်းတို့၏ "ဆွလာသ်"၀တ်ပြုမှုသည် လေချွန်ခြင်းနှင့် လက်ခုပ်တီးခြင်းမျှသာ ဖြစ်ဓေ့ျသည်။ သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့၏ မယုံမကြည်သွေဖည်ငြင်းပယ်မှုကြောင့် ပြစ်ဒဏ်(၏ ရသာကို မြိန်ရှက်စွာ) မြည်းစမ်းကြလေကုန်။ (၈ : ၃၅)

ဓေကန်စင်စစ် ကာဖိရ်မယုံကြည်သွေဖည်ငြင်းပယ်သောသူတို့သည် (လူ တို့အား) အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ တားဆီးရန် မိမိတို့၏ ဥစ္စာပစ္စည်းများကို သုံးစွဲကြလေသည်။ (ယခုသော်) ၎င်းတို့သည် ထိုဥစ္စာပစ္စည်းများကို သုံးစွဲလျက်ပင် ရှိနေကြလိမ့်မည်။ သို့ရာတွင် နောက်ဆုံးတွင် ထိုပစ္စည်းများပင် ၎င်းတို့၌ ဝမ်းနည်းဖွယ်ရာဖြစ်သွားဓေ့ျမည်။ ထို့နောက် ၎င်းတို့သည် နှိမ်နင်းခြင်းကို(လည်း) ခံကြရဓေ့ျမည်။ ထိုမှတစ်ပါး မယုံကြည်သွေဖည်ငြင်းပယ်သောသူတို့သည် ဂျဟန္နမ်ငရဲဘုံသို့ စုရုံးစေခြင်းကို ခံကြရမည်ဖြစ်သတည်း။ (၈ : ၃၆)

**(ထိုသို့ပြုတော်မူခြင်းကား) အလ္လာဟ်အရှင်မြတ်သည် သူယုတ်လူညစ်တို့အား သူတော်စင် သန့်စင်သောသူတို့နှင့် ခွဲခြားတော်မူအံ့သောငှာလည်းကောင်း၊ သူယုတ်လူညစ်တို့အား တစ်ဦးအပေါ်တစ်ဦး ထပ်ဆင့်တော်မူပြီးနောက် အားလုံးကို စုပုံပြီးလျှင် ဂျဟန္နမ်ငရဲဘုံတွင်းသို့ ပို့တော်မူအံ့သော ငှာလည်းကောင်း၊ (ပြုတော်မူခြင်းပင်) ဖြစ်ချေသည်။ ဤသို့သောသူများ သည်ပင် ဆုံးရှုံးနစ်နာသူများဖြစ်ကြကုန်သတည်း။ (၈ : ၃၇)**

**(အို-နဗီတမန်တော်) အသင်သည် မယုံမကြည်သွေဖည်ခြင်းပယ်သော သူတို့အား (ဤသို့) ပြောကြားပါလေ။ ၎င်းတို့သည် အကယ်၍သာ (မယုံမကြည် သွေဖည် ခြင်းပယ်ခြင်းမှ) ရပ်စဲကြပါမူ လွန်လေပြီးသော ပြစ်မှုဒုစရိုက်တို့သည် ၎င်းတို့အဖို့ ခွင့်လွှတ်ပြီးဖြစ်ချေမည်။ သို့ရာတွင် အကယ်၍သာ ၎င်းတို့သည် ထပ်မံ၍ပြုလုပ်ကြပါလျှင် ဇကာနမလွှဲ ရှေးသူပေါင်းတို့နှင့် ပတ်သက်သော (ငါအရှင်မြတ်၏) စည်းကမ်းဥပဒေသည်လည်း လွန်ခဲ့ပြီးဖြစ်ချေသတည်း။ (၈ : ၃၈)**

**အကျယ်ဖွင့်ဆိုခြင်း**

မက္ကာမြို့ရှိမယုံကြည်သွေဖည်သူများသည် ၎င်းတို့၏မယုံကြည်သွေဖည်မှုနှင့် ငြင်းပယ်မှုကြောင့် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှု ၎င်းတို့ပေါ်ကျရောက်ခြင်းနှင့် ထိုက်တန်သော်လည်း အစုလိုက်အပြုံလိုက် ဒဏ်ခတ်မှု ကျရောက်ခြင်းမှ တားမြစ်စေသည့်အချက်မှာ မက္ကာဟ်မြို့တော်၌ ကိုယ်တော်မြတ် ﷺ ရှိနေခြင်းကြောင့်ဖြစ်သည်။ ထို့နောက် မက္ကာဟ်မှမဒီနာဟ်သို့ တမန်တော်မြတ် ﷺ ပြောင်းရွှေ့သွားပြီး နောက်တွင်လည်း ၎င်းတို့ပေါ် ယင်းကဲ့သို့သော ပြစ်ဒဏ်ခတ်မှု မကျရောက်သေးပါ။ အကြောင်းမှာမက္ကာဟ် မြို့တွင် နေထိုင်လျက်ရှိသေးသော မုစ်လင်မ်များ အနက်မှ အင်အားချည့်နဲ့သူများသည် အလ္လာဟ်အရှင်မြတ်ထံ ခွင့်လွှတ်မှုတောင်းခံနေသောကြောင့်ဖြစ်သည်။

အထက်ကိုးကားခဲ့သော အာယသ်တော်ထဲ၌ ၎င်းတို့နှင့်ထိုက်တန်သည့် ပြစ်ဒဏ်ခတ်မှုအား တမန်တော်မြတ် ﷺ အတွက်သော်လည်းကောင်း၊ (သို့မဟုတ်) မုစ်လင်မ်များအနက် အားအင်ချည့်နဲ့သောသူများကို ထောက်ညှာ၍ လည်းကောင်း ၎င်းတို့၏ပြစ်ဒဏ်ခတ်မှုကို အချိန်ရွှေ့ဆိုင်းခြင်းသည် ထိုသူတို့မှာ ပြစ်ဒဏ်နှင့် မထိုက်တန်ဟု တွေးကာ အထင်မှား၍ မယူဆသင့်ချေ။ သူတို့မှာ ပြစ်ဒဏ်ခတ်မှုနှင့်ထိုက်တန်သည်ဆိုသည့် အချက်ကား ရှင်းလင်းပြတ်သားသည်။ ထို့နောက် ၎င်းတို့၏မယုံကြည်မှုနှင့် ငြင်းပယ်မှုအပြင် မြောက်မြားစွာသောပြစ်မှုများ ကျူးလွန်ခဲ့ကြသည်။ ယင်းတို့အတွက် ၎င်းတို့အပေါ် ဇကာနမလွှဲ ပြစ်ဒဏ်ကျရောက်သင့်သည်။ ပထမနှစ်အာယသ်ဖြစ်သော အာယသ် (၃၄-၃၅) တွင် ထိုကဲ့သို့သော ပြစ်မှုများမှ သုံးခုကိုတင်ပြထားသည်။

(၁) ပထမဦးစွာ ဤလူများသည် လုပ်သင့်လုပ်ထိုက်သော မြင့်မြတ်သည့် ဗလီဝတ်ကျောင်းသို့ သွားရောက်ခြင်း မထိုက်တန်ပါ။ ဤသူများသည်ပင် ဆွလာသ်ဝတ်ပြုဆောက်တည်မှု၊ သဝါဖ်လှည့်ခြင်း အစရှိသော ခဝပ်ကိုးကွယ်မှု အပြုအမူများ လုပ်ဆောင်ရန်ဆန္ဒရှိသည့် မုစ်လင်မ်များကို ပိတ်ပင်တားဆီး ခဲ့ကြသည်။ ဤသည်မှာ ဟစ်ဂျရီခုနှစ်(၆)၌ ဟုဒိုင်ဗီယဟ်တွင်ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကိုရည်ညွှန်းသည်။ တမန်တော်မြတ် ﷺ သခင်နှင့် ဆွဟာဗဟ်သာဝကကြီးများသည် မက္ကာဟ်မြို့တွင် အွမ္မရဟ်လုပ် ဆောင်ရန် ထိုနေရာရောက်ရှိခဲ့သောအခါတွင် မက္ကာဟ်မြို့ရှိ မယုံကြည်သွေဖည်သူများက တမန်တော်မြတ် ကို ဟန့်တားကာ နောက်ကြောင်းပြန်လှည့်ရန် အတင်းအကြပ်လုပ်ဆောင်ခဲ့သည်။

(၂) ဒုတိယမှာ ယုတ္တိမတန်သော အကြောင်းပြချက်ဖြင့် ၎င်းတို့ကိုယ်၎င်းတို့သည် မြင့်မြတ်သော ဗလီဝတ်ကျောင်းတော်၏ ဂေါပကများအဖြစ်မှတ်ယူပြီး အခိုင်အမာပြောဆို၍ ၎င်းတို့ကြိုက်နှစ်သက်သူကို ဝင်ခွင့်ပြုပြီး မနှစ်သက်သူကို ဝင်ခွင့်မပြုချေ။

၎င်းတို့၏ ဤတွေးခေါ်မှုသည် မှားယွင်းစွာနားလည်မှု နှစ်ခုပေါင်းစပ်ထားခြင်းဖြစ်သည်။ စဉ်းရေရှည် ၎င်းတို့သည် ၎င်းတို့ကိုယ်၎င်းတို့ မြင့်မြတ်သောဗလီဝတ်ကျောင်းတော်၏ ထိန်းသိမ်းစောင့်ရှောက်သူဟု မှတ်ယူခဲ့ကြသည်။ စင်စစ် ကာဖိရ်တစ်ဦးသည် မည်သည့်ဗလီဝတ်ကျောင်းတော်၏ ဂေါပကမဖြစ်နိုင်ပါ။ ထို့နောက် ဗလီဝတ်ကျောင်းတော်စောင့်ရှောက်သူတစ်ဦးသည် ဗလီဝတ်ကျောင်းတော်ထဲသို့ဝင်လိုသူတစ်ဦးကို တားဆီးနိုင်ခွင့်ရှိသည်ဟု ၎င်းတို့က ထင်မှတ်ထားခဲ့သည်။ စင်စစ် မတ်စ်ဂျိဒ် (သို့မဟုတ်) ဗလီဝတ်ကျောင်းတော်သည် အလ္လာဟ်အရှင်မြတ်၏ အိမ်တော်ဖြစ်၍ မည်သူကမျှတားဆီးနိုင်ခွင့်မရှိချေ။ သို့သော်လည်း တစ်စုံတစ်ဦးသည် ဗလီဝတ်ကျောင်းတော်ထဲ၌ ဆွလာသ်ဝတ်ပြုဆောက်တည်သူများကို နာကျင်စေခြင်း (သို့မဟုတ်) ဗလီဝတ်ကျောင်းတော်ကို မရိုမသေမလေးမစားပြုသည်ဟု စိုးရိမ်မကင်းဖြစ်ရလျှင် ဟူသော သီးခြားအခြေအနေများတွင် ခြွင်းချက် ဖြစ်သည်။ ပမာအားဖြင့် တမန်တော်မြတ် ﷺ မိန့်သည်မှာ "အသင်တို့၏မတ်စ်ဂျိဒ်ကို ငယ်ရွယ်သော ကလေးငယ်များ၊ စိတ်မနှံ့သူများနှင့် အချင်းချင်းအငြင်းအခုံပြုခြင်းတို့မှ ကာကွယ်ထားပါ"ဟူ၍ ဖြစ်သည်။ ငယ်ရွယ်သောကလေးငယ်ဟုဆိုသည်မှာ သန့်ရှင်းမှု (သို့မဟုတ်) မသန့်ရှင်းမှု၏ သဘောကိုနားမလည်သော ကလေးငယ်ကို ဆိုလိုသည်။ မသန့်ရှင်းမှုအန္တရာယ်က ပို၍လွှမ်းမိုးသည်။ ထို့နောက် မသန့်ရှင်းမှုအန္တရာယ်နှင့် ဆွလာသ်ဝတ်ပြုဆောက်တည်သူများကို နာကျင်မှုဖြစ်စေသော စိတ်မနှံ့သူများ၏ အန္တရာယ်မှာလည်းအတူတူပင်ဖြစ်သည်။ အချင်းချင်းအငြင်းအခုံဖြစ်ခြင်းဆိုသည်မှာလည်းမတ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော်ကို မရိုမသေ မလေးစားရာရောက်စေပြီး ထိုနေရာတွင် ဆွလာသ်ဝတ်ပြုဆောက်တည်သူများကို နာကျင်စေသည့် ရင်းမြစ် တစ်ခုလည်းဖြစ်သည်။

အထက်ကိုးကားခဲ့သည့် ဟဒီးဆ်တော်အရ ဗလီဝတ်ကျောင်းတော်ထိမ်းသိမ်းစောင့်ရှောက်သူ (မုသဝါလ္လီ) တို့သည် ထိုသို့သော ငယ်ရွယ်သောကလေးငယ်များနှင့် စိတ်မနှံ့သူတို့ကို ဗလီဝတ်ကျောင်းတွင်း ဝင်ရောက်မှုမှ တားဆီးပိုင်ခွင့်ရှိသည်။ ထို့နောက် မတ်စ်ဂျိဒ်အတွင်း အချင်းချင်း ငြင်းဆိုခြင်းမဖြစ်စေရန်လည်း ကြည့်ရှုနေရမည်။ သို့သော်လည်း ထိုကဲ့သို့သော အခြေအနေမျိုး မဟုတ်လျှင် မုစ်လင်မ်တစ်ဦးအား မတ်စ်ဂျိဒ်တွင်း ဝင်ရောက်ခြင်းမှ မည်သည့် ထိမ်းသိမ်း စောင့်ရှောက်သူ တစ်ဦးကမျှ တားပိုင်ခွင့်မရှိချေ။

အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေသော မုစ်လင်မ်များသာ မတ်စ်ဂျိဒ်ဗလီဝတ်ကျောင်းကို စောင့်ရှောက်ခွင့်ရှိသူ ဖြစ်နိုင်သည်ဟူသော ဥပဒေအရ ဤသူများသည် မြင့်မြတ်သောဗလီဝတ်ကျောင်းတော်၏ စောင့်ရှောက်သူများဟု မမှတ်ယူရန်ဟူ၍ အထက်တွင်ကိုးကားခဲ့သည့် ပထမအာယသ်တော်၌ ဖော်ပြထားသည်။ ဤသည်မှ ကျွန်ုပ်တို့သိရသည်မှာ မတ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော်တစ်လုံး၏ စောင့်ရှောက်သူဆိုသည်မှာ ယုံကြည်ချက်နှင့် လုပ်ဆောင်မှုတွင် လက်တွေ့လုပ်ဆောင်ကာ လိုက်နာကျင့်သုံးနေရသည့် မုစ်လင်မ်တစ်ဦး ဖြစ်သင့်ပေသည်။ ထို့နောက် အချို့သောဋီကာရှင်များက **إِنْ أَوْلِيَآؤُهُۥٓ** ဟူသော နာမ်စားသည် အလ္လာဟ်အရှင်မြတ်ဘက်လှည့်သည်ဟု မှတ်ယူကြ၍ ယင်း၏အဓိပ္ပာယ်မှာ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေသူသာလျှင် အလ္လာဟ်အရှင်မြတ်၏ "အောင်လိယာ" ဖြစ်နိုင်ပေသည်။

အထက်ဖော်ပြပါသပ်ဖိစီရင်အရ ဤအာယသ်၏ရလဒ်မှာ ရှရီအသ်နှင့်စွန့်သ်တို့ကို ဆန့်ကျင်လုပ် ဆောင်နေလင့်ကစား သူတို့ကိုယ်သူတို့ အလ္လာဟ်အရှင်မြတ်၏ဝလီများဟု အခိုင်အမာပြောဆိုသူများသည် လူလိမ်များဖြစ်ကြသည်။ ထို့နောက် ယင်းကဲ့သို့သောသူများကို အလ္လာဟ်အရှင်မြတ်၏ ဝလီများဟု မှတ်ယူကြသူများသည် လုံးလုံးလျားလျားလိမ်လည်ခြင်းခံရသူများဖြစ်သည်။

(၃) ဤလူများ၏ တတိယပြစ်မှုမှာ ၎င်းတို့၏ဘဝနေနည်းသည် ကုဖ်ရ်နှင့်ရှိရ်ိက် အညစ်ကြေးအပြင် ၎င်းတို့၏ အခြေအနေနှင့် လုပ်ဆောင်မှုမှာနိမ့်ကျပြီး သာမန်လူသား၏ အဆင့်ထက်ပင် နိမ့်ကျသည်။ ဤသူများက ဆွလာသ် ဝတ်ပြုမှုခေါ်ဆိုသော ကောင်းမှုကောင်းရာလုပ်ရပ်သည် လေချွန်ခြင်းနှင့် လက်ခုပ်လက်ဝါးတီးခြင်းမှအပ မည်သည်မျှ မဟုတ်ဟူသည်ကို နမူနာအဖြစ်ပြထားသည်။ ၎င်းတို့၏လုပ်ရပ်များအား အသိဉာဏ်ရှိသူတစ်ဦးသည် "ခဝပ် ကိုးကွယ်ခြင်း" နှင့် "ဆုမွန်တောင်းခံခြင်း" လုပ်ရပ်ဟုခေါ်ဆိုလိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် အာယသ်တော်(၃၅)အဆုံး၌ **فَذُوقُوا الْعَذَابَ بِمَا كُنْتُمْ تَكْفُرُونَ** "သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့၏ မယုံကြည်သွေဖည်ငြင်းပယ်မှုကြောင့် ပြစ်ဒဏ်(၏ အရသာကို မြိန်ရှက်စွာ) မြည်းစမ်းကြလေကုန်" ဟုမိန့်ထားသည်။ ဆိုလိုရင်းမှာ သူတို့၏ မယုံကြည်သွေဖည်မှုနှင့် ပြစ်မှုများ၏ဇာတ်သိမ်းခန်းမှာ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုကို အသေအချာ မြည်းစမ်းရခြင်းဖြစ်သည်။ "ပြစ်ဒဏ်ခတ်မှု"ဆိုသည်မှာ နောင်တမလွန်တွင် ကျခံရမည့် ပြစ်ဒဏ်ခတ်မှုကိုဆိုလိုနိုင်ပြီး လက်ရှိကမ္ဘာတွင် ကျခံရ မည့်ပြစ်ဒဏ်မှာ ဗဒ်ရိစစ်ပွဲ၌ မုစ်လင်မ် များလက်တွင် ကျရောက်ခြင်းကို ရည်ညွှန်းနိုင်သည်။

ယင်းနောက် အာယသ်(၃၆)ထဲတွင် မက္ကာဟ်မြို့ရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် ပတ်သက်သည့် အခြားအဖြစ်အပျက်ကို ဖော်ပြထားသည်။ ယင်းမှာမုစ်လင်မ်များကို တိုက်ခိုက်ရန်အလွန်အင်အား တောင့်တင်းသော စစ်တပ်တစ်တပ်ဖွဲ့ရန်နှင့် စစ်မှန်သောယုံကြည်မှုနှင့် ယင်းယုံကြည်မှုကို ထိန်းသိမ်းထားသူများအား ချေမှုန်းရာ၌ သုံးစွဲရန် ကြီးမားများပြားသည့် ရန်ပုံငွေတစ်ရပ် စုဆောင်းကောက်ခံခဲ့သည်။ သို့သော်လည်း အဆုံးတွင်ဖြစ်ပျက်ခဲ့သည်မှာ ၎င်းတို့ကောက်ခံထားသည့် ငွေကြေးများဆုံးရှုံးရုံမျှမက ၎င်းတို့ရည်မှန်းသည့်အတိုင်း ဖြစ်မလာခဲ့ဘဲ ၎င်းတို့သာလျှင် အရှက်တကွဲအကျိုးနည်းဖြစ်ကြရသည်။

ထိုအဖြစ်အပျက်ကို စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိအဗ္ဒူးစ် [d] သခင်မှတစ်ဆင့် မုဟမ္မဒ်အိဗ်နိ အစ္စဟားက်က အောက်ပါအတိုင်းတင်ပြထားသည်။ ဗဒ်ရိစစ်ပွဲမဲ့ရှုံးနိမ့်၍ ဒဏ်ရာအနာတရ ရကာ လွတ်မြောက်လာခဲ့သည့် မက္ကာဟ်မြို့မှ မယုံကြည်သွေဖည်ငြင်းပယ်သူများသည် ၎င်းတို့မြို့တော်သို့ ပြန်လည်ရောက်ရှိခဲ့သောအခါ၌ ဂျီဟာဒ်စစ်ပွဲတွင် မိမိတို့ဖခင်များ (သို့မဟုတ်) သားများအသတ်ဖြတ်ခံခဲ့ရသော လူများသည် ခရီးသွားကုန်သည် အုပ်စုခေါင်းဆောင်အပူစွဖ်ယာန်ထံသွားရောက်ခဲ့ကြသည်။ ထိုသူများကပြောသည်မှာ "ဤစစ်ပွဲသည် ခင်ဗျား၏ ခရီးသွားကုန်သည်အုပ်စုကို အကာအကွယ်ပေးရန် တိုက်ခိုက်သောစစ်ပွဲဖြစ်ကြောင်း ခင်ဗျားအသိပင်ဖြစ်သည်။ ယင်းရလဒ်ကြောင့် ကျွန်ုပ်တို့သည် အသက်များနှင့် ဥစ္စာပစ္စည်းများ ဆုံးရှုံးမှုခံခဲ့ ကြရသည်။ ထို့ကြောင့် ကျွန်ုပ်တို့အားနောင်တွင် မုစ်လင်မ်များကို လက်စားချေနိုင်ရေးအတွက် ဤစုပေါင်း ကုန်သွယ်မှုလုပ်ငန်းမှ ကျွန်ုပ်တို့အား ကူညီစေရန် ကျွန်ုပ်တို့ဆန္ဒရှိပါသည်" ဟူ၍ဖြစ်သည်။ ကုန်သွယ်ရေးအုပ်စုရှိလူများက ထိုသူတို့၏တင်ပြချက်ကို လက်ခံကာ အုပ္ဘဟ်စစ်ပွဲအောင်နိုင်ရေးအတွက် သုံးစွဲရန် ၎င်းတို့အား ငွေကြေးမြောက်မြားစွာ ပေးကမ်းခဲ့သည်။ ဗဒ်ရိစစ်ပွဲတွင် ၎င်းတို့ရှုံးနိမ့်ခံရမှုကို လက်စားချေရန် အတွက် ဤငွေကြေးတောင်းခံမှုကိုလည်း ယခင်ကအတိုင်းရှုံးနိမ့်ကာ ဝမ်းနည်းဖွယ်အဆုံးသတ်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ ရှုံးနိမ့်ခြင်း၏ ထိတ်လန့်မှုနှင့်တကွ မအောင်မြင်သော စိန်ခေါ်အံတုမှုတွင် ရင်းနှီးမြှုပ်နှံထားခဲ့သည့် ဥစ္စာပစ္စည်း

များ အားလုံး ဆုံးရှုံးခြင်းအတွက် ထပ်၍ဝမ်းနည်းမှုဖြစ်စေသည်။

ဤအာယသ်တော်ထဲ၌ ကုရ်အာန်ကျမ်းတော်မြတ်သည် ဤအဖြစ်အပျက်မဖြစ်ပေါ်မီကပင် တမန်တော်မြတ်ﷺ သခင်ကို ကြိုတင်၍မိန့်ကြားထားခဲ့သည်။ ထိုနေရာတွင် "ဇကာန်စင်စစ် ကာဖိရ်မယုံကြည် သွေဖည်ငြင်းပယ်သော သူတို့သည် (လူတို့အား) အလွှာဟ်အရှင်မြတ်၏ လမ်းတော်မှတားဆီးရန် မိမိတို့၏ ဥစ္စာပစ္စည်းများကို သုံးစွဲကြကုန်၏။ (ယခုသော်) ၎င်းတို့သည်ကို ဥစ္စာပစ္စည်းများကို သုံးစွဲလျက်ပင်ရှိနေကြလိမ့်မည်။ နောက်ဆုံးတွင် ထိုပစ္စည်းများတွင် ၎င်းတို့၌ဝမ်းနည်းဖွယ်ရာဖြစ်သွားခြေမည်။ ထို့နောက် ၎င်းတို့ သည် နှိမ်နှင်းခြင်းကို(လည်း) ခံကြရပေ(ဦး)မည်။ (၃၆)" အကျိုးဆက်အားဖြင့် ထိုအတိုင်း အုပ္ပဒ်စစ်ပွဲတွင် ဖြစ်ပျက်ခဲ့သည်။ ၎င်းတို့ကောက်ခံရခဲ့သမျှအရာတိုင်း ၎င်းတို့သုံးစွဲခဲ့ကြသည်။ ထို့နောက် နှိမ်နှင်းခံရခြင်းကြောင့် ရှုံးနိမ့်ခြင်း၏ အထိပ်အလန့်ဖြစ်မှုအပြင် ၎င်းတို့လုပ်ငန်းအတွက် ရင်းနှီးခဲ့သော ပစ္စည်းဥစ္စာ အားလုံး ဆုံးရှုံးမှုကြောင့် ၎င်းတို့ထိခိုက်ခဲ့ကြရသည်။

အလ်ဗဂါဝီနှင့် အချို့သောပညာရှင်တို့က ဤအာယသ်၏ အကြောင်းအရာသည် ဗဒ်ရ်စစ်ပွဲတွင် ကုန်ကျခဲ့သည့် စရိတ်စကအကြောင်းဖြစ်သည်ဟုဆိုကြသည်။ ၎င်းတို့အဆိုအရ ဗဒ်ရ်စစ်ပွဲတွင် မုစ်လင်မ်များနှင့် ရင်ဆိုင်တိုက်ခိုက်ရန် တစ်ထောင်မျှရှိသော မယုံကြည်သွေဖည်သူများ၏ အင်အားတောင့်တင်းသော စစ်တပ်အတွက် တာဝန်ယူပြီးဖြစ်သည်။ အဗူဂျာဟဲလ်၊ အွတ်သဲဗာဟ်၊ ရှိုက်ဗာဟ်နှင့် အခြားသောသူများ ပါဝင်သည့်မက္ကာဟ်မြို့၏အကြီးအကဲတစ်ဆယ့်နှစ်ဦးက ထိုစစ်တပ်၏ကုန်ကျစရိတ်အားလုံး တာဝန်ယူခဲ့သည်။ လူတစ်ထောင်မျှရှိသောစစ်တပ်ကို ရွှေ့ပြောင်းခြင်း၊ ကျွေးမွေးခြင်း၏ ကုန်ကျစရိတ်မှာ အလွန်ကြီး များကြောင်းပြောစရာပင်မလိုချေ။ ဤသည်မှာ ထိုစဉ်က ဖြစ်ခဲ့သည်တို့၏ အခြေအနေဖြစ်ကာ ၎င်းတို့၏ ရှုံးနိမ့်မှုအတွက် အရှက်ရရုံမျှမက ၎င်းတို့၏ဥစ္စာပစ္စည်းဆုံးရှုံးမှုအတွက်လည်း အလွန့်အလွန် ဝမ်းနည်းကြေကွဲခဲ့ရသည်။ (မဇာဟရီ)

အာယသ်(၃၆)အဆုံး၌ နောက်တမလွန်ဘဝတွင် ဤသူများ၏မကောင်းသောအဆုံးသတ်မှုကို **وَ الَّذِيْنَ كَفَرُوْٓا اِلٰى جَهَنَّمَ يُحْشَرُوْنَ** "ထိုမှတစ်ပါး မယုံကြည်သွေဖည်ငြင်းပယ်သောသူတို့သည် ဂျဟန္နမ်ငရဲဘုံသို့ စုရုံးစေခြင်းကို ခံကြရမည် ဖြစ်သတည်း" ဟူ၍ ဖော်ပြထားသည်။

လေ့လာနေသောအာယသ်တော်ထဲ၌ စစ်မှန်သောယုံကြည်မှုကို လူအများလိုက်နာခြင်းမှ ဟန့်တားရန် ဥစ္စာဓနအမြောက်အမြားသုံးစွဲခြင်း၏ ဆိုးဝါးသောရလဒ်အကြောင်း ဖော်ပြရာတွင် လူအများအစွလာမ်ဘာသာ လိုက်နာယုံကြည်ခြင်းမှ ဟန့်တား၍ ၎င်းတို့၏ မှားယွင်းသောဖိတ်ခေါ်မှုကို ဆွဲဆောင်ရန်အလို့ငှာ ဆေးရုံများ၊ ပညာရေးဆိုင်ရာ အဆောက်အဦးများနှင့် အလှူအတန်းများဟု အမည်တပ်၍ မြောက်မြားစွာသောဥစ္စာဓနကို သုံးစွဲနေသော ယနေ့မျက်မှောက်ခေတ် မယုံကြည်သွေဖည်ငြင်းပယ်သူများလည်း အကျုံးဝင်သည်။ အလားတူပင် အစွလာမ်၏ အတည်ပြုပြီးသည့် စုပေါင်းယုံကြည်ချက်များတွင် ဒွိဟသံသယများနှင့် အယူသီးမှုများကို သွတ်သွင်းစေမှုကို နားထောင်စေရန် ဖိတ်ခေါ်မှုအတွက် လူအများကို ၎င်းတို့၏ ဥစ္စာဓနများ သုံးစွဲလုပ်ဆောင်နေသော လမ်းလွဲသူအားလုံးသည်လည်းယင်းတွင် အကျုံးဝင်သည်။ သို့သော်လည်း အလွှာဟ်အရှင်မြတ်တွင် အရှင်မြတ်ချမှတ်ပေးသည့် အီမာန်ယုံကြည်မှုကို ထိန်းသိမ်းထားနိုင်ရန်အတွက် နည်းလမ်းများသုံးစွဲလင့်ကစား သူတို့၏ရည်မှန်းချက်မရရှိကြောင်း ပွင့်လင်းစွာမြင်တွေ့ရသည့်အချိန်အခါများ မြောက်မြားစွာ ရှိသည်။

အစောပိုင်းကဖော်ပြပြီးဖြစ်သော အာယသ်(၃၇)ပါအဖြစ်အပျက်များအချို့ကို တပေါင်းတစည်းတည်း ဖော်ပြရလျှင် မယုံကြည်သွေဖည်သူများသည် အစွမ်းလာမ်ဘာသာအားဆန့်ကျင်ရန် သူတို့၏စီးပွားချမ်းသာများကို သုံးစွဲခဲ့ခြင်း၊ ဝမ်းနည်းကြေကွဲဖွယ်ရာများ ကြုံတွေ့ရခြင်းနှင့် လုံးဝဥသုံသိကွာမဲ့ခဲ့ရကြခြင်းတို့ဖြစ်ပါသည်။ ဤကဲ့သို့သော အဖြစ်အပျက် တသီတတန်းကြီးတွင် အကျိုးရလဒ်များပါဝင်ကြောင်းကို ဤအာယသ်၏အဖွင့်ဝါကျ **لِيَمِيْزَ اللّٰهُ الْخَبِيْثَ مِنَ الطَّيِّبِ** "အလ္လာဟ် အရှင်မြတ်သည် သူယုတ်၊ လူညစ်တို့အား သူတော်စင်သန့်စင်သောသူတို့နှင့် ခွဲခြားတော်မူအံ့သောငှာ လည်းကောင်း" ဟူ၍ဖော်ပြခဲ့သည်။ "အလ်ခဗီးဆ်" **الخبيث** (မသန့်ရှင်းသော)နှင့် အလ်တွိုင်ယိဗ် **الطيب** (သန့်ရှင်းသော) ဟူသော စကားနှစ်လုံးတို့သည် တစ်လုံးနှင့်တစ်လုံး ဆန့်ကျင်ဘက်တည်ရှိနေပါသည်။ "အလ်ခဗီးဆ်" ဆိုသော စကားလုံးက မသန့်ရှင်းသောညစ်ညမ်းသော၊ တားမြစ်ထားခြင်းတို့ကို ရည်ညွှန်းသကဲ့သို့ သူနှင့်ဆန့်ကျင်စွာရှိနေသော "အလ်တွိုင်ယိဗ်"က သန့်ရှင်းသည်၊ ကောင်းမွန်သည်၊ တရားဝင်သည်တို့ကို ရည်ညွှန်းပါသည်။ ဤနေရာ၌ ဤစကားလုံးနှစ်လုံးကို သုံးစွဲထားခြင်းသည် မသန့်ရှင်းမစင်ကြယ်သည်များကို ပိုင်ဆိုင်ကြသော မယုံကြည် သွေဖည်သူများနှင့် သန့်ရှင်း စင်ကြယ်သည်များကို ပိုင်ဆိုင်ထားသော မုစ်လင်မ်များကို ရည်ညွှန်းနိုင်ပါသည်။ ဤသဘောတရားအရဆိုလျှင် မယုံကြည်သွေဖည်သူများ သုံးစွဲခဲ့သောမြောက်မြားစွာသော စီးပွားချမ်းသာများသည် မသန့်ရှင်း၊ မစင်ကြယ်ဟု ဆိုနိုင်ပါသည်။ ယင်းကြောင့် ၎င်းတို့ကြုံတွေ့ခဲ့ရသော မကောင်းသည့်အဆုံးသတ်ခြင်းမှာ စီးပွားချမ်းသာပျက်စီးဆုံးရှုံးရသကဲ့သို့ အသက်ပေါင်းများစွာ ဆုံးရှုံးရခြင်း တို့ဖြစ်သည်။ ၎င်းတို့နှင့်နှိုင်းယှဉ်ပါက မုစ်လင်မ်များတွင် စီးပွားချမ်းသာ ဟုခေါ်ဆိုနိုင်သော ၎င်းတို့ပိုင်သည့် အနည်းငယ်မျှကိုသာ သုံးစွဲနိုင်ခဲ့ကြပါသည်။ သို့ရာတွင် ထိုဥစ္စာဓနသည် သန့်ရှင်းပြီး တရားဝင်ဟလာလ် ဖြစ်ပါသည်။ ထိုသည်များကို သုံးစွဲခဲ့ကြသူများသည် အောင်နိုင်ခဲ့ကြပါသည်။ ၎င်းနောက် မုစ်လင်မ်များ စစ်အောင်နိုင်ပြီး သုံ့ပန်း ပစ္စည်းရရှိခဲ့ကြသည်ကို ပြောရန်မလိုတော့ပါ။ ထိုသည်၏နောက်

**وَ يَجْعَلَ الْخَبِيْثَ بَعْضَهٗ عَلٰى بَعْضٍ فَيَرْكُمَهٗ جَمِيْعًا فَيَجْعَلَهٗ فِيْ جَهَنَّمَ ؕ اُولٰٓئِكَ هُمُ الْخٰسِرُوْنَ**

"သူယုတ်၊ လူညစ်တို့အား တစ်ဦးအပေါ်တစ်ဦး ထပ်ဆင့်တော်မူပြီးနောက် အားလုံးကိုစုပုံပြီးလျှင် "ဂျဟန္နမ်" ငရဲဘုံတွင်းသို့ ပို့တော်မူအံ့သောငှာလည်းကောင်း၊ (ပြုတော်မူခြင်းပင်) ဖြစ်ချေသည်။ ဤသို့ သော်သူများသည်ပင် ဆုံးရှုံးနစ်နာသူများဖြစ်ကြကုန်သတည်း" ၃၇ ဟုမိန့်ထားသည်။

ဆိုလိုရင်းမှာ သံလိုက်သည် သံကိုလည်းကောင်း၊ ပယင်းသည် မြက်များကိုလည်းကောင်း သိပ္ပံတွေ့ရှိချက်များအရ ကမ္ဘာ့ဆွဲအားသည် အရာဝတ္ထုပစ္စည်းများကို ဆွဲငင်ဆက်စပ် စုစည်းစေသကဲ့သို့ လူတို့၏ လုပ်ရပ်များနှင့် အကျင့်စရိုက်တို့သည်လည်း ဆွဲငင်ဆက်စပ်မှုရှိပေသည်။ ၎င်းတို့တွင် ကိုယ်ပိုင်ဆွဲငင်အားများ ရှိကြပါသည်။ မကောင်းသော လုပ်ရပ်တစ်ခုက အခြားသော မကောင်းမှုတစ်ခုကို ဆွဲငင်ပါသည်။ ၎င်းနောက် ကောင်းသော လုပ်ရပ်တစ်ခုက အခြားသော ကောင်းမှုလုပ်ရပ်တစ်ခုကို ဆွဲငင်ပါသည်။ မသန့်စင်သော စီးပွားချမ်းသာများသည် အခြားသော မသန့်ရှင်းသည့် စီးပွားချမ်းသာ တစ်ခုကို ဆွဲငင်ပါသည်။ ထို့နောက် မသန့်စင်သော ဥစ္စာဓနအစုအပုံသည် မသန့်ရှင်းသည့် ဥစ္စာဓန အကြွင်းအကျန်များ ဖြစ်ပေါ်စေပါသည်။ ဤသည်၏ ရလဒ်မှာ အလ္လာဟ် သအာလာသည် မသန့်စင်သည့် ဥစ္စာဓနအစုအပုံ အားလုံးတို့အား ဂျဟန္နမ်အတွင်းသို့ ပစ်ချပါလိမ့်မည်။ ၎င်းနောက် ဤစီးပွားချမ်းသာကို ပိုင်ဆိုင်သူတို့သည် ဆိုးရွားသော ဆုံးရှုံးမှု တစ်ရပ်နှင့် ကြုံတွေ့ရ ပါလိမ့်မည်။

ဋီကာရှင်များစွာတို့က ဤနေရာတွင် ပါရှိသော "အလ်ခဗီးဆ်" နှင့် "အလ်တွိုင်ယိဗ်" တို့ ယေဘုယျ အနက် အဓိပ္ပာယ်အဖြစ်သာ မှတ်ယူကြပါသည်။ ဆိုလိုသည်မှာ သန့်ရှင်းမှုနှင့်မသန့်ရှင်းမှုပင်ဖြစ်ပါသည်။ ထို့ကြောင့် သန့်ရှင်းခြင်းဆိုသည်ကား စစ်မှန်သောယုံကြည်သက်ဝင်သူများဟု ဖော်ကျူးကာ မသန့်စင်ခြင်းသည် မယုံကြည် သွေဖည်သူများဟု အဓိပ္ပာယ် သက်ရောက်ပါလိမ့်မည်။ ဤချဉ်းကပ်ပုံအရ အထက်ဖော်ပြခဲ့ပြီးသော အခြေအနေများဖြင့် အာယသ်တော်က ဆိုလိုသည်မှာ အလ္လာဟ်သအာလာသည် သန့်စင်ခြင်းနှင့် မသန့်စင်ခြင်းတို့အား ကွဲပြားခြားနားစေအောင် ပြုလုပ်တော်မူပါသည်။ ဆိုလိုသည်မှာ စစ်မှန်သောသက်ဝင် ယုံကြည်သူတစ်ဦးနှင့် မယုံကြည်သွေဖည်သူတစ်ဦးတို့အား ကွဲပြားခြားနားအောင်လုပ်ခြင်းဖြစ်ပါသည်။ ယင်း၏ အကျိုးဆက်မှ စစ်မှန်သောယုံကြည်သူအားလုံးတို့အား ဂျန္နသ်တွင်းတွင် တစုတဝေးတည်းထားရှိခြင်းနှင့် မယုံကြည်သွေဖည်သူတို့အား ဂျဟန္နမ်တွင် ထားရှိခြင်းဖြစ်ပါသည်။

အာယသ်တော်(၃၈)တွင် တစ်ဖန်ဖော်ပြသည်မှာ မယုံကြည်သွေဖည်သူများကို အားပေးကူညီသည့် ဦးတည်ပြောကြားချက် ပါဝင်ပါသည်။ ယင်းတွင် ဖျောင်းဖျခြင်းနှင့် သတိပေးခြင်းတို့ဖြစ်ပါသည်။ ဖျောင်းဖျသည့် အပိုင်း၌ ၎င်းတို့သည် ထိပ်လန့်ဖွယ်ရာလုပ်ရပ်များလုပ်ခဲ့လင့်ကစား အကယ်၍သူတို့နောင်တရကာအီမာန်သက်ဝင်ယုံကြည်မည်ဆိုလျှင် (သူတို့အားလုံး ကျူးလွန်ခဲ့သော အတိတ်မှ ပြစ်မှုဂုနာဟ်များကို ခွင့်လွှတ်ပါလိမ့်မည်။) အကယ်၍ သူတို့သည် ထိုလုပ်ရပ်များကို ရပ်တန့်ရန် ပျက်ကွက်ခဲ့ပါက သတိပေးသည့်အပိုင်းက ပြောသည်မှာ အလ္လာဟ်သအာလာသည် ၎င်းတို့အတွက် ဥပဒေအသစ်အချို့ ပြုလုပ်ခြင်းကို စဉ်းစားလိမ့်မည် မဟုတ်ကြောင်း ၎င်းတို့နားလည် သဘောပေါက်ရပါမည်။ ဥပဒေသည် ပြဋ္ဌာန်းပြီး ဖြစ်ပါသည်။ ဤဥပဒေသည် အစောပိုင်းရှိမယုံကြည် သွေဖည်သူများ အတွက်လည်း ပြဋ္ဌာန်း အတည်ပြုပြီး ဖြစ်ပါသည်။ ၎င်းတို့ အတွက်လည်း ဤဥပဒေသည် အတည်ပြုပြဋ္ဌာန်းပြီးသား ဖြစ်ပါလိမ့်မည်။ ဤ ဥပဒေအရ လက်ရှိကမ္ဘာတွင် ၎င်းတို့အား ဖျက်ဆီးခဲ့ကာ နောင်တမလွန် ဘဝတွင်လည်း ၎င်းတို့သည် ပြစ်ဒဏ်ခတ်ခံရခြင်းနှင့် ထိုက်တန်သွားစေလိမ့်မည်။

## အာယသ် (၃၉-၄၀)

وَ قَاتِلُوْهُمْ حَتّٰى لَا تَكُوْنَ فِتْنَةٌ وَّ يَكُوْنَ الدِّيْنُ كُلُّهٗ لِلّٰهِ ۚ فَاِنِ انْتَهَوْا فَاِنَّ اللّٰهَ بِمَا يَعْمَلُوْنَ بَصِيْرٌ ﴿۳۹﴾ وَ اِنْ تَوَلَّوْا فَاعْلَمُوْٓا اَنَّ اللّٰهَ مَوْلٰىكُمْ ؕ نِعْمَ الْمَوْلٰى وَ نِعْمَ النَّصِيْرُ ﴿۴۰﴾

**၎င်းပြင် (အို-သက်ဝင်ယုံကြည်သူအပေါင်းတို့) အသင်တို့သည် ယင်းသူတို့အား (သာသနာရေးနှင့်ပတ်သက်၍) နှိပ်စက်ညှဉ်းပန်းမှုသည် ပပျောက်ကာ အလ္လာဟ်အရှင်မြတ်၏ ဒီန်သာသနာသည် လုံးဝတည်တံ့၍ သွားသည်အထိ တိုက်ခိုက်ကြလေကုန်။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းမှ) ရပ်စဲခဲ့ကြပါလျှင် ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ပြုမူသမျှတို့ကို ခွဲခြားသိမြင်တော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။ (၈ း ၃၉)**

**တစ်ဖန် အကယ်၍ ၎င်းတို့သည် လွှဲဖယ်၍သွားခဲ့ကြလျှင် ဖကန်စင်စစ် အလွှာဟ် အရှင်မြတ်သည် အသင်တို့အား (ရိုင်းပင်းကူညီတော်မူမည့်) မိတ်သဟာယ၊ အကောင်းဆုံးသော မိတ်သဟာယ၊ အကောင်းဆုံးသော ကူညီတော်မူမည့် အရှင်မြတ်ပင် ဖြစ်တော်မူကြောင်း အသင်တို့သည် (ကောင်းစွာ) သိထားနှင့်ကြကုန်။ (၈ း ၄၀)**

**အကျယ်ဖွင့်ဆိုခြင်း**

ယခုအခါ ကျွန်ုပ်တို့သည် စူရဟ်အလ်အန်ဖာလ်၏ အာယသ်တော် (၃၉)အကြောင်း အကျယ်ဖွင့်ပါမည်။ ဤနေရာ၌ အသုံးပြုထားသည် فتنة "ဖစ်သ်နာ" နှင့် دين (ဒီန်) ဟူသော စကားလုံးနှစ်လုံးကို သတိမူရမည်။ အဘယ့်ကြောင့်ဆိုသော် ဤစကားလုံးနှစ်လုံးသည် ဝေါဟာရအရ အဓိပ္ပာယ်အမျိုးမျိုးဖြင့် သုံးနှုန်းထား၍ ဖြစ်သည်။

ဤနေရာ၌ ဆွဟာဗဟ်များနှင့် သာဗီအိန်များထဲရှိ သဖ်စီရ်ဆိုင်ရာတွင် ဩဇာရှိသောသူတို့က အဓိပ္ပာယ်နှစ်မျိုးကို တင်ပြထားသည်။ (၁) ဖိသ်နာဟ်ကို ကုဖ်ရ်နှင့်ရှစ်ရ်က်ကို ဆိုလိုသည်ဟု မှတ်ယူကာ ဒီန်ကို အစ္စလာမ်သာသနာ၏ ဒီန်ကို ဆိုလိုကြောင်း မှတ်ယူသည်။ ဤသဖ်စီရ်ကို စိုက်ယိဒီနာအဗ်ဒုလ္လာဟ် အိဗ်နိအဗ္ဗာစ် [d] မှတစ်ဆင့် တင်ပြထားခဲ့သည်။ ဤဦးကာဖွင့်ဆိုချက်ရှုထောင့်အရ အာယသ်တော်က ဆိုလိုနိုင်သည်မှာ မယုံကြည် သွေဖည်မှုအစိတ်အစိတ်အမြွာမြွာဖြစ်၍ ယင်းအစား အစ္စလာမ်သာသနာဝင်ရောက်ကာ ယင်းအစ္စလာမ်မှအပ မည်သည့် ဘာသာတရားနှင့် ယုံကြည်မှုမှ မရောက်ရှိစေရေးအတွက် မယုံကြည်သွေဖည်သူများကို မုစ်လင်မ်များက စဉ်ဆက်မပြတ် တိုက်ခိုက်နေရမည်ဖြစ်သည်။ ဤအခြေအနေအရဆိုလျှင် ဤအမိန့်ပညတ်ချက်သည် မက္ကာဟ်မြို့ ရှိလူများနှင့် အာရေးဗီးယားရှိ လူများအတွက်သာ သီးသန့်ဖြစ်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် အာရေးဗီးယား ကျွန်းဆွယ်သည် အစ္စလာမ်သာသနာ၏ ဇာတိမြေဖြစ်သည်။ ထိုဒေသတွင် အစ္စလာမ်သာသနာမှအပ အခြား မည်သည့် ဘာသာတရားမဆို တည်ရှိခြင်းသည် အစ္စလာမ်သာသနာအတွက် အန္တရာယ်ဖြစ်လိမ့်မည်။ ကမ္ဘာ၏ ကျန်သောနေရာတွင် အခြားဘာသာတရားများနှင့် ယုံကြည်ချက်များ တည်ရှိနေနိုင်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၏ အခြား အာယသ်များနှင့် ဟဒီးဆ်ဆင့်ပြန်ချက်များက အတည်ပြုထားသည်။

(၂) စိုက်ယိဒီနာအိဗ်နိအုမရ် [d] နှင့် အခြားသူများမှတစ်ဆင့် တင်ပြထားသော ဒုတိယသဖ်စီရ်အရ ဆိုလျှင် ဤနေရာပါ ဖစ်သ်နာဟူသော စကားလုံးသည် အဆက်မပြတ်နာကျင်မှုနှင့် ပြစ်ဒဏ်ခတ်ခံရမှု ခံစားရခြင်းနှင့် အဆုံးမရှိခံစားရသည့် ဒုက္ခများကို မက္ကာဟ်မြို့ရှိမယုံကြည်သွေဖည်ငြင်းပယ်သူများက မုစ်လင်မ်များအပေါ် အမြဲတစေပြုလုပ်လေ့ရှိကြသည်။ မုစ်လင်မ်များ မက္ကာဟ်တွင်ရှိနေသမျှကာလပတ်လုံး သူတို့ပေါ်၌ တစ်ချိန်လုံးကျရောက်လာသည့် နာကျင်မှုအလုံးစုံကို ရဲရဲဝံ့ဝံ့ခံယူခဲ့ကြသည်။ မုစ်လင်မ်များသည် ယင်းကိစ္စနှင့်ပတ်သက်၍ ဘာမျှမလုပ်ဆောင်နိုင်ခဲ့ကြပါ။ အဘယ့်ကြောင့် ဆိုသော် ၎င်းတို့သည် ကာဖိရ် ငြင်းပယ်သူများ၏ လက်ခုပ်တွင် ရောက်ရှိနေသောကြောင့်ဖြစ်သည်။ မုစ်လင်မ်များသည် မဒီနာဟ်မြို့သို့ ပြောင်းရွှေ့သွားသောအခါတွင်လည်း ကာဖိရ်ငြင်းပယ်သူများသည် မုစ်လင်မ်တစ်ဦးချင်းနောက်လိုက်၍ လုယက်ခြင်း(သို့မဟုတ်) သတ်ဖြတ်ခြင်းများ ပြုလုပ်ကြသည်။ ဤမုစ်လင်မ်များ မဒီနာဟ်မြို့ရောက်ရှိပြီးသည့်တိုင် မယုံကြည်သွေဖည်သူများ၏ ၎င်းတို့၏ဒေါသနှင့်အမျက်မှာ မဒီနာဟ်မြို့တော်တစ်ခုလုံးပေါ် တိုက်ခိုက်ခြင်းအသွင် သဏ္ဌာန်ဖြင့် ထုတ်ဖော်ပြသခဲ့ကြသည်။

ဖိသ်နာဟ်နှင့်ဆန့်ကျင်စွာ ဖော်ပြထားသော ဒီန်ဟူသည့်အသုံးအနှုန်းသည် လုပ်ငန်းဆိုင်ရာ ထိရောက် မှုနှင့် ထိန်းချုပ်မှုတို့အပြင် ရန်သူပေါ်အောင်နိုင်ခြင်းဆိုသည်တို့ကို ကျင့်သုံးသည့်အခြေအနေကို ဆိုလိုသည်။ ဤရှုထောင့်မှကြည့်လျှင် အာယသ်တော်၏သဖီစီရ်က မုစ်လင်မ်များသည် ညီနောင်မုစ်လင်မ်များကို မယုံကြည် သွေဖည် ငြင်းပယ်သူများ၏ ရက်စက်ကြမ်းကြုတ်မှုမှ ကယ်တင်ကာ လုံခြုံစိတ်ချရသည်အထိ အဆက်မပြတ်ဆက်လက် တိုက်ခိုက်နေရမည်။ ထို့ပြင် မုစ်လင်မ်များကို အခြားသူများပြုလုပ်သော မတရားမှုများ မှ ခုခံကာကွယ်နိုင်ရန်အလို့ငှာ စိုးမိုးအုပ်ချုပ်နိုင်သည်အထိ တိုက်ခိုက်ရမည်။ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ် အိဗ်နိအုမရ် d သခင်နှင့်ပတ်သက်သည့် အဖြစ်အပျက်ကလည်း ဤသဖီစီရ်ကို ထောက်ခံသည်။ အဖြစ်အပျက်၏တင်ပြချက်ကို ပြောကြားသည်မှာ "မက္ကာဟ်မြို့တော်၏ အမီးရ် ဖြစ်သော စိုက်ယိဒိနာ အဗ်ဒုလ္လာဟ် အိဗ်နိဇုဗိုင်းရ် d အား ဟဂျ်ဂျာဂျ်အိဗ်နိယူစွတ်ဖ်သည် လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့သောအခါ ယင်းသည် ထူးဆန်းသော မြင်ကွင်းဖြစ်သွားခဲ့သည်။ နှစ်ဖက်စလုံး မုစ်လင်မ်များဖြစ်၍ တစ်ဖက်နှင့်တစ်ဖက် ဓားချင်းယှဉ်ခုတ်နေကြသည်။ ဤသည်ကိုမြင်ရသောအခါ လူနှစ်ဦးသည် စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိအုမရ် d သခင်ထံ လာရောက်၍ပြောသည်မှာ "ထိုကဲ့သို့ဆိုးသွမ်းမှုဖြစ်စေသော မငြိမ်မသက်မှုမျိုးကို သည်းမခံတတ်သော စိတ်ရှိသည့်သူ တစ်ဦးဖြစ်သည့် စိုက်ယိဒိနာ အုမရ်အိဗ်နိအလ်ခသ္တ်သွားဗ် d ၏ သားဖြစ်သော်လည်း မုစ်လင်မ်များပါဝင် ပတ်သက်နေသည့် ကြောက်မက်ဖွယ်ကိစ္စကို အသင်ကကြည့်နေသည်။ အဘယ့်ကြောင့် သင်သည် ဤဖိသ်နာဟ်ကို ဖယ်ရှားဖို့ထွက်မလာရသနည်း" စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိအုမရ် d က ပြောသည်မှာ "အကြောင်းမှာ အလ္လာဟ်အရှင်မြတ်သည် မည်သည့် မုစ်လင်မ်တစ်ဦး၏ သွေးမှ မြေမကျစေရန် တားမြစ်ကြောင်း အမိန့်ထုတ်ထားသည်။" နှစ်ဦးစလုံးက ချေပသည့်အနေနှင့်ပြောသည်မှာ "အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော် ဖြစ်သော "**قَاتِلُوهُمْ حَتَّىٰ لَا تَكُونَ فِتْنَةٌ**" အသင်တို့သည် ယင်းသူတို့အား (သာသနာရေးနှင့်ပတ်သက်၍) နှိပ်စက်ညှဉ်းပန်းမှု ပပျောက်ကာ အလ္လာဟ်အရှင်မြတ်၏ စီရင်ဆုံးဖြတ်ချက် လုံးဝတည်တံ့၍သွားသည်အထိ တိုက်ခိုက်ကြလေကုန် (၃၉)ကို မရွတ်ဖတ်ရသလော" ဟု မေးမြန်းခဲ့သည်။ ကျွန်ုပ်သည် ဤအာယသ်တော်ကို ဖတ်ရွတ်ပါသည်။ ယင်းနှင့် အညီလည်း ကျင့်သုံးသည်။ ကျွန်ုပ်တို့သည် ဤအာယသ်တော်ပါအမိန့်အတိုင်း ဖစ်သ်နာဟ် လုံးဝကွယ်ပျောက်ကင်းစင်၍ အစွမ်းသာသနာသည် အပေါ်စီးရသည့် ဒီးန်ဖြစ်သည်အထိ မယုံကြည်သွေဖည်ငြင်းပယ်သူများ အား အစဉ်မပြတ် တိုက်ခိုက်ခဲ့ကြသည်။ ယခုချိန်ခါတွင် သင်ကဲ့သို့သောသူတို့က ဖိသ်နဟ် တစ်ဖန် ပြန်လည် ရှင် လာစေရန် အတွက် တစ်ဦးနှင့်တစ်ဦး သတ်ဖြတ်လိုစိတ်ဖြစ်လာတော့သည်။ ယင်းရလဒ်ကြောင့် အလ္လာဟ်မှအပ အရာရာတိုင်းသည် လွှမ်းမိုးသွားလိမ့်မည်။ ထိုသို့လွှမ်းမိုးမှုသည် ကျွန်ုပ်တို့၏စစ်မှန်သော ယုံကြည်ချက်(ကျွန်ုပ်တို့၏ဒီန်)နှင့် ဆန့်ကျင်သွားလိမ့်မည်။ သူဆိုလိုသည်မှာ မယုံကြည်သွေဖည်ငြင်းပယ်မှုနှင့် မယုံကြည် သွေဖည်သူများ၏ (ကြမ်းကြုတ်ရက်စက်မှုကို ဆန့်ကျင်ရန်အတွက် ဂျိဟာဒ်စစ်ပွဲဆင်နွှဲရန် အမိန့်ပေးထားခြင်းဖြစ်သည်။ ထို့နောက် ယင်းကို မုစ်လင်မ်များလုပ်ဆောင်ခဲ့ကြသည်။ ဖိသ်နာဟ်ဖယ်ရှားပြီးသည်အထိ ၎င်းတို့လုပ်ဆောင်နေကြသည်။ ဤကဲ့သို့သော အခြေအနေ ကိစ္စရပ်များကို မုစ်လင်မ်များအချင်းချင်း တိုက်ခိုက်နေသည့်ကိစ္စနှင့် အံဝင်ခွင်ကျ အလားတူဖြစ်သည်ဟုမှတ်ယူခြင်းသည် ခိုင်လုံသောယုတ္တိဗေဒမဟုတ်ချေ။ စင်စစ် မုစ်လင်မ်များတစ်ဦးနှင့်တစ်ဦး တိုက်ခိုက်သတ်ဖြတ် နေသော အချိန်တွင် တမန်တော်မြတ် s မိန့်ထားသည့် ညွှန်ကြားချက်မှာ "ထိုကဲ့သို့သောအခြေအနေမျိုးတွင် မပါဝင်ဘဲဘေးထိုင်နေခြင်းက ပါဝင်သည်ထက် ပိုကောင်းသည်" ဟူ၍ဖြစ်သည်။

ဤသဖိစီရ်ကို အကျဉ်းချုပ်ဖော်ပြရသော် အစွလာမ်ဘာသာသည် အခြားသောအရာများအပေါ်၌ အသာစီးရကာ မုစ်လင်မ်များအပေါ်၌ အတိဒုက္ခရောက်မှုများ ပယ်ရှားသည့်တိုင် အစွလာမ့်ရန်သူများအား တိုက်ခိုက်သတ်ဖြတ်ခြင်းဆိုသည့် ဂျိဟာဒ်သည် မုစ်လင်မ်များအပေါ်၌ ဝါဂျိဗ်ဖြစ်ပါသည်။ ၎င်းနောက် ဤရလဒ်သည် ကိယာမသ်ဖြစ်လုနီးနီးတိုင် ဖြစ်ပေါ်ပါလိမ့်မည်။ ထို့ကြောင့် ဂျိဟာဒ်စစ်ပွဲနှင့်ပတ်သက်သော အမိန့်ပညတ်ချက်သည် ကိယာမသ်နေ့တိုင် အတည်ဖြစ်လိမ့်မည်။

အစွလာမ့်ရန်သူများနှင့်တိုက်ခိုက်သော ဂျိဟာဒ်စစ်ပွဲမှာ အကြောင်းအရာနှစ်ရပ် ထွက်လာနိုင်သည်။ (၁) ၎င်းတို့သည် မုစ်လင်မ်များကို ဖိနှိပ်ချုပ်ချယ်ခြင်းမှ ရပ်တန့်ရန်အတွက် အစွလာမ်ဘာသာသက်ဝင် ယုံကြည်ခြင်းနှင့် ၎င်းတို့သည် ၎င်းတို့၏ ဘာသာတရားကိုဖက်တွယ်ကာ မုစ်လင်မ်များအား ညှဉ်းပန်းနှိပ်စက်ခြင်းမှရပ်တန့်၍ ငြိမ်းချမ်းရေး စာချုပ်တစ်ရပ် ချုပ်ဆိုခြင်းဖြစ်သည်။

(၂) အထက်ဖော်ပြပါ ရွေးချယ်မှုနှစ်ရပ်စလုံး ပယ်ချ၍ ၎င်းတို့၏ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်မှု ပေါ်လစီကို ဖက်တွယ်ထားခြင်း ရွေးချယ်မှုနှစ်ရပ်နှင့်ဆိုင်သော အမိန့်ပညတ်ချက်ကို နောက်အာယသ်တော် (၃၉)တွင် ဖော်ပြထားသည်။

فَإِنِ انْتَهَوْا فَإِنَّ اللَّهَ بِمَا يَعْمَلُونَ بَصِيرٌ

"သို့ရာတွင် အကယ်၍ ၎င်းတို့သည် (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းမှ) ရပ်စဲခဲ့ကြပါလျှင် ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ပြုမူသမျှ တို့ကို ခွဲခြားသိမြင်တော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူလေသတည်း" ဟူ၍ မိန့်ထားသည်။

ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ပြုမူသမျှအရ ၎င်းတို့ကို ဆက်ဆံကိုင်တွယ်ပေလိမ့်မည်။ ရိုးရိုးရှင်းရှင်း ပြောရလျှင် အကယ်၍ ရန်သူများသည် ၎င်းတို့လုပ်ရပ်ကို ရပ်စဲခဲ့လျှင် ၎င်းတို့နှင့် တိုက်ခိုက်သော ဂျိဟာဒ်စစ်ပွဲကိုလည်း ရပ်ဆိုင်းပါလိမ့်မည်။ ဤအစီအစဉ်ကြောင့် မုစ်လင်မ်များသည် မယုံကြည်သွေဖည်ငြင်းပယ်သူများထံမှ ပေါ်ထွက် လာနိုင်သော အန္တရာယ်တို့အတွက် ကြိုတင်တွေးတောပူပင် ပေလိမ့်မည်။ တစ်ဖက်နှင့်တစ်ဖက် ရင်ဆိုင်သတ်ဖြတ်မှု ပြီးလျှင်ပြီးချင်း ရန်သူများသည် ငြိမ်းချမ်းရေးစာချုပ်ကို ရှောရှောရှုရှုချုပ်ဆိုခြင်း (သို့မဟုတ်) ၎င်းတို့သည် အစွလာမ် ဘာသာသို့ သက်ဝင်ပြီဟုကြေညာခြင်း စသည်တို့သည် စစ်ပွဲများအတွင်း အသုံးချလေ့ရှိသည့် လှည့်စားသည့် နည်းဗျူဟာမှအပ အခြားဘာမှမဖြစ်နိုင်ချေ။ ထိုကဲ့သို့သောအခြေအနေတွင် တိုက်ခိုက်လျက်ရှိသည့် စစ်ပွဲကို ရပ်တန့်ခြင်းသည် မုစ်လင်မ်များအတွက် အန္တရာယ်ရှိနိုင်သည်။ ဤတွေးတောပူပင်မှုအတွက် အဖြေပေးထားသည်မှာ မုစ်လင်မ်များသည် အပြင်ပန်းဆိုင်ရာလုပ်ရပ်များကိုသာ ကြည့်ရှုရန် တာဝန်ရှိသည်။ ထိုသူတို့၏ဖုံးကွယ်ထားသော လျှို့ဝှက်ချက်များကို ၎င်းတို့နလုံးသားထဲ ဝင်ရောက်ကြည့်ရှုရန်မှာမူ အလ္လာဟ်အရှင်မြတ်မှအပ အခြားမည်သူမျှ မလုပ်နိုင်ချေ။ ထို့ကြောင့် မယုံကြည်သွေဖည်ငြင်းပယ်သူများက ၎င်းတို့ အစွလာမ်ဘာသာသက်ဝင်ယုံကြည်ကြောင်းကြေညာခြင်း (သို့မဟုတ်) ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုခြင်း စသည့်လုပ်ဆောင်ချက်များလုပ်ခဲ့လျှင် မုစ်လင်မ်များသည် ဂျိဟာဒ်စစ်ပွဲတိုက်ခိုက်ခြင်း ရပ်တန့်ရန်မှအပ မည်သည်မှမရှိချေ။ ထိုသူတို့ အစွလာမ်သာသနာလက်ခံခြင်း (သို့မဟုတ်) ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုခြင်းဆိုသည်တို့သည် ၎င်းတို့နလုံးသားမှ ရိုးသားဖြူစင်စွာပေါ်ထွက်ခဲ့သလော (သို့မဟုတ်) လိမ်လည်လှည့်ဖြားရန်အလို့ငှာ ဟန်ဆောင်ပြုလုပ်ခဲ့သလောဆိုသည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဒွိဟသံသယများသည် အလ္လာဟ်အရှင်နယ်နိမိတ်တွင်းရှိ အရာများဖြစ်ပေသည်။ ထိုသူများ ထိုသို့လုပ်ဆောင်ခဲ့လျှင် ၎င်းတို့သည်

တစ်နည်းနည်းဖြင့် ယင်းတို့ကို တာဝန်ယူဆောင်ရွက်ရမည်ကို အရှင်မြတ်သည် ကောင်းစွာ သိတော်မူသည်။ မုစ်လင်မ်များသည် ထိုသို့သော အတွေးအခေါ်များနှင့် ပူပင်သောကတို့နှင့်ပတ်သက်သော ကိစ္စရပ်များကို မလုပ်ဆောင်သင့်ချေ။

ထိုသူများ အစ္စလာမ်ဘာသာသို့ဝင်ရောက်ကြောင်း ကြေညာခြင်း (သို့မဟုတ်) ငြိမ်းချမ်းရေးစာချုပ်ပြီးနောက် ဂျီဟားဒ် စစ်တိုက်ခိုက်ခဲ့လျှင် တိုက်ခိုက်သူများသည် စစ်တရားခံများ ဖြစ်သွားလိမ့်မည်။ ယင်းနှင့်ပတ်သက်သည်ကို ဆွဟီးအလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းတို့၏ ဟဒီးဆ်တော်တစ်ရပ်တွင် တင်ပြထားခဲ့သည်။ ယင်းဟဒီးဆ်တော်တွင် တမန်တော်မြတ် S သခင် မိန့်ထားခဲ့သည်မှာ အစ္စလာမ့်ရန်သူများကို ၎င်းတို့ ကလိမတ် لَاۤ اِلٰهَ اِلَّا اللّٰهُ مُحَمَّدٌ رَّسُوْلُ اللّٰهِ (အလ္လာဟ်မှအပ ခဝပ် ကိုးကွယ်ရာအရှင်မရှိ၊ မုဟမ္မဒ် S သခင်သည် အလ္လာဟ်အရှင်မြတ်၏ နဗီတမန်တော်ဖြစ်သည်)၊ ဆွလာသ် ဝတ်ပြုဆောက်တည်ခြင်း၊ ဇကားသ်ဆင်းရဲသား ဒါနကြေးပေးဆောင်ခြင်း စသည်ကို လက်ခံသည့်တိုင် တိုက်ခိုက်ရန် ကျွန်ုပ်အား အမိန့်ပေးထားသည်။ ထိုသူများ ယင်းကဲ့သို့ လုပ်ဆောင်ပြီးနောက် ၎င်းတို့၏အသက်နှင့် အိုးအိမ်စည်းစိမ်များ သည် အကာအကွယ်ပေးပြီးဖြစ်သွားရလိမ့်မည်။[1]

တစ်ခုတည်းသောခြွင်းချက်ကား အစ္စလာမ့်ဥပဒေတစ်ရပ် ဖောက်ဖျက်သောပြစ်မှုတစ်ခုအတွက် ဖောက်ဖျက်သည့်ပြစ်ဒဏ်ခတ်မှုသာ ခံရလိမ့်မည်။ ထိုသူများသည် အစ္စလာမ်သာသနာ၏ အယူဝါဒနှင့် ကျင့်ကြံမှုကို နှလုံးသားနှင့်လက်ခံခြင်း သို့မဟုတ် အရေးခြုံအယောင်ဆောင်ပြုလုပ်ခြင်းတို့သည် အလ္လာဟ်အရှင်မြတ်နှင့်သာလျှင် ဆိုင်သောကိစ္စဖြစ်သည်။

ဆွဟာဗဟ်သာဝကကြီးအချို့မှတစ်ဆင့် ဆင့်ပြန်ခဲ့သောအခြားဟဒီးဆ်တော်ကို အဗူဒါဝူဒ်ကျမ်းတွင် ဖော်ပြချက်အရ တမန်တော်မြတ် S သခင်မိန့်သည်မှာ "မည်သူမဆို ငြိမ်းချမ်းရေးစာချုပ်တစ်ရပ်အရ ခံစားခွင့်ရှိသူ (အစ္စလာမ့်အစိုးရနှင့် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုထားသူ) အား မည်သည့်မတရားမှုမဆို ပြုလုပ်ခြင်း (သို့) ၎င်းအား အန္တရာယ်ပြုခြင်း (သို့မဟုတ်) သူ၏ခန္ဓာကိုယ်က စွမ်းဆောင်နိုင်သည်ထက် ပိုသည့်လုပ်ရပ်များ ကို လုပ်စေရန်ခိုင်းခြင်း (သို့မဟုတ်) ၎င်း၏နှလုံးသားမှ စစ်မှန်သော သဘောတူညီချက်မပါဘဲ ၎င်းထံမှ တစ်စုံတစ်ရာ ယူငင်ခြင်း စသည်တို့ လုပ်ဆောင်ခဲ့လျှင် တရားစီရင်မည့်နေ့၌ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုကာ အကျိုးခံစားနေသူအား ထိုကဲ့သို့ လုပ်ဆောင်ခဲ့သော မုစ်လင်မ် တစ်ဦးကို ဆန့်ကျင်၍ ကျွန်ုပ်ထောက်ခံလိမ့်မည်ဖြစ်သည်" ဟူ၍ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ လက်ရှိလေ့လာနေသော အာယသ်တော်နှင့်အတူ ဟဒီးဆ်ဆင့်ပြန် ချက်များက မုစ်လင်မ်များကို နိုင်ငံရေးဆိုင်ရာအန္တရာယ်တစ်ရပ်ကို ထုတ်ဖော်ပြသခဲ့သည်။ မုစ်လင်မ် များ၏ အသနားခံဘဝရောက်နေသော ရန်သူတစ်ဦးအကြောင်း စဉ်းစားကြည့်ပါ။ ၎င်း၏အသက်လုံခြုံရန် အလို့ငှာ ရန်သူသည် အစ္စလာမ့်ကလိမတ်ကို ရွတ်ဆိုခဲ့သည်။ ထိုအချိန်မှစ၍ မုစ်လင်မ်များသည် ၎င်းကို လက်ရှောင်နေရန် တာဝန်ဖြစ်ပေသည်။ တစ်စုံတစ်ဦးက ဤပုံစံစစ်တိုက်ခြင်းဖြင့် မုစ်လင်မ်များသည် မည်သည့်ရန်သူကိုမှ အောင်နိုင်မည်မဟုတ်ဟု တွေးတောနိုင်သည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်တွင် ကိစ္စရပ်များလုပ်ဆောင်ရန် အရှင်မြတ်၏ကိုယ်ပိုင်နည်းလမ်းများရှိပေသည်။ ဤနေရာ၌ အရှင်မြတ်သည် ထိုသူများ နှလုံးသား၏ ဖုံးကွယ်ထားသော လှုံ့ဆော်ချက်များကို အရှင်မြတ်၏ တာဝန်

[1] ပြန်လည်သတိရစေသင့်သည်မှာ ဤစည်းမျဉ်းသည် မည်သည့်မယုံကြည်သွေဖည်ခြင်းပယ်သူကိုမျှ အမြဲအတည်တကျ နေထိုင်ခွင့်မရှိသော အာရေးဗီးယားကျွန်ဆွယ်တွင်သာ ကန့်သတ်ထားပါသည်။ ကမ္ဘာ့အခြား နေရာများတွင် မယုံကြည်သွေဖည် ငြင်းပယ်သူများသည် ဂျီဇီယာ (အခွန်) ပေးကာနေ၍ ၎င်းတို့ဘာသာကို ကိုးကွယ် နိုင်သည်။ သူတို့၏ မယုံကြည်သွေဖည်ငြင်းပယ်မှုပြစ်ဒဏ်ခတ်ခြင်းကို နောင်တမလွန်ထိ ရွှေ့ဆိုင်းထားသည်။ (မုဟမ္မဒ်သကီးအွတ်စ်မာနီ)

ယူဆောင်ရွက်သည့် နယ်ပယ်ဟု သတ်မှတ်ထားသည်။ အံ့သြဖွယ်ရာနည်းလမ်းတစ်ရပ်ဖြင့် မုစ်လင်မ်များသည် ၎င်းတို့ ပါဝင်တိုက်ခိုက်ခဲ့သည့် စစ်ပွဲများတွင် ယင်းသို့သောစိတ်အနှောင့်အယှက်ဖြစ်ဖွယ် အခြေအနေမျိုးကို မည်သည့် အခါမျှ မရင်ဆိုင်ခဲ့ကြောင်းကို လက်တွေ့ပြသခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ငြိမ်းချမ်းသောကာလတွင် ရာပေါင်းများစွာသော အရေခြံများသည် မုစ်လင်မ်များအဖြစ် လိမ်ညာကာနေထိုင်ခဲ့ကြရုံမျှက ဆွလာသ် ဝတ်ပြုဆောက်တည်ခြင်းနှင့် စောင်မ် ဥပုသ်သီလစောင့်ထိန်းခြင်း စသော မပြုမနေရတာဝန်များကိုပင်လျှင် အပြင်ပန်းအနေဖြင့် လုပ်ဆောင်ပြသခဲ့ကြပါသည်။ ၎င်းတို့အနက် ကျက်သရေမဲ့၍ နုံချာသူအချို့မှာ ၎င်းတို့ နှလုံးသားထဲ၌ ရန်လိုခြင်းကို ထိန်းသိမ်းထားကာ မုစ်လင်မ်များထံမှ အချို့သောအကျိုးအမြတ်ရယူလိုသည်မှအပ အခြားမည်သည့်ရည်ရွယ်ချက်မှမရှိချေ။ ထို့နောက် ၎င်းတို့အနက်မှ အချို့သည် မုစ်လင်မ်များပေါ် စုံစမ်းထောက်လှမ်းခြင်းဟူသည့် နိုင်ငံရေးရည်မှန်းချက်ဖြင့် မုစ်လင်မ်များထံမှ လျှို့ဝှက်ချက်ရယူ၍ ရန်သူများနှင့် ပူးပေါင်းကြံစည်ရန်အလို့ငှာ အစွလာမ်သာသနာသို့ ဝင်ရောက်ခဲ့ ကြသည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်သည် ထိုသူများအစွလာမ်သာသနာကို သစ္စာဖောက်၍ မုစ်လင်မ်များ ကို နိုင်လိုမင်းထက်မပြုမူသမျှ (သို့မဟုတ်) ငြိမ်းချမ်းရေးစာချုပ် မဖောက်ဖျက်သမျှ ၎င်းတို့အား မုစ်လင်မ်များအဖြစ် သတ်မှတ်ရန် မုစ်လင်မ်များကို ညွှန်ကြားထားသည်။

အစွလာမ်ဘာသာ၏ ဤသင်ကြားပို့ချချက်က ၎င်းတို့၏ရန်လိုခြင်းကို ရပ်ဆိုင်းရန်ကတိပြု၍ သဘောတူညီချက် စာချုပ်ချုပ်ဆိုသည့်အခြေအနေကို အကျုံးဝင်စေသည်။

ဒုတိယအခြေအနေမှာ ထိုသူတို့သည် ၎င်းတို့၏ခေါင်းမာခြင်းနှင့် ရန်လိုခြင်းတို့ကို ဖက်တွယ်နေခြင်းဖြစ်သည်။ ဤအခြေအနေနှင့်ပတ်သက်သည့် အမိန့်ပညတ်ချက်ကို နောက်အာယသ်တော် (၄၀)ထဲ၌ ဖော်ပြမိန့်ထားသည်မှာ "وَ اِنۡ تَوَلَّوۡا فَاعۡلَمُوۡۤا اَنَّ اللّٰهَ مَوۡلٰىكُمۡ ؕ نِعۡمَ الۡمَوۡلٰى وَ نِعۡمَ النَّصِيۡرُ တစ်ဖန်အကယ်၍ ၎င်းတို့သည် လွှဲဖယ်၍သွားခဲ့ကြလျှင် ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား (ရိုင်းပင်းကူညီတော်မူမည့်) မိတ်သဟာယ၊ အကောင်းဆုံးသောမိတ်သဟာယ၊ အကောင်းဆုံးသော ကူညီတော်မူမည့်အရှင်မြတ်ပင် ဖြစ်တော်မူကြောင်း အသင်တို့သည် (ကောင်းစွာ) သတိထားနှင့်ကြကုန်" ဟူ၍ ဖြစ်သည်။

အချုပ်မှာ အကယ်၍ ထိုသူများသည် ၎င်းတို့၏နိုင်လိုမင်းထက်ပြုခြင်းနှင့် မယုံကြည်သွေဖည် ငြင်းပယ်မှုကို ရပ်တန့်ရန်ပျက်ကွက်ခဲ့လျှင် မုစ်လင်မ်များလိုက်နာရမည့် အမိန့်ပညတ်ချက်မှာ အထက် ဖော်ပြပါအတိုင်းပင်ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့ကို ဆက်လက်တိုက်ခိုက်ရန်ဖြစ်သည်။ ဂျိဟားဒ်ကိစ္စ သည် တိုက်ခိုက်ခြင်းနှင့် သတ်ဖြတ်ခြင်းများ ပါဝင်ပတ်သက်နေ၍ ယင်းကိစ္စတွင် ကြီးမားသောစစ်တပ်တစ်တပ် လက်နက်မြောက်များစွာနှင့် အခြားအကြီးစား စစ်လက်နက်ပစ္စည်းများ စစ်ပညာထောက်ပံ့ဖြည့်ဆည်းရေးများ ပေါင်းစပ်ပါဝင်ကြသည်။ သို့သော်လည်း ထိုအချိန်ကာလက မုစ်လင်မ်များတွင် သာမန်အားဖြင့် ဤမျှလောက်မရှိကြချေ။ ထို့ကြောင့် ဤသို့တိုက်ခိုက်သတ်ဖြတ်ရန်ဟူသော အမိန့်သည် မုစ်လင်မ်များ ထမ်းရွက်ရန်မှာ မနိုင်ဝန်ထမ်းရခြင်းဖြစ်နိုင်သည်။ သို့မဟုတ် အရေအတွက်နည်းပါးမှု၊ (သို့မဟုတ်) စစ်လက်နက် ပစ္စည်းချို့တဲ့မှုတို့သည် ဤကဲ့သို့သော စစ်ပွဲတစ်ပွဲကို နိုင်အောင်တိုက်နိုင်လိမ့်မည်မဟုတ်ဟု မုစ်လင်မ်များထင်မှတ်စေနိုင်ပါသည်။ ထို့ကြောင့် မုစ်လင်မ်များကို ၎င်းတို့အတွက် လိုအပ်သောဖြေဆေးပေးခဲ့သည်။ မယုံကြည်သွေဖည်ငြင်းပယ်သူများတွင် လူအင်အား၊ လက်နက်ပစ္စည်းများပြားခြင်းသည် အကြောင်းမဟုတ်ဟု မုစ်လင်မ်များကို ပြောပြခဲ့သည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်ထံမှ မမြင်နိုင်သည့် အထောက်အကူများ မုစ်လင်မ်များနှင့် အတူရှိနေမည့်အကြောင်းနှင့် စစ်မျက်နှာတိုင်း မုစ်လင်မ်များနှင့်အတူ ရှိနေခဲ့ကြောင်း စစ်ပွဲတိုင်းတွင်

ၵင်းတို့မြင်တွေ့ရပြီးဖြစ်သည်။ ထို့နောက် အဆုံး၌မိန့်ထားသည်မှာ စင်စစ်အားဖြင့် ကမ္ဘာပေါ်ရှိ လူတိုင်းသည် တစ်စုံတစ်ဦး (သို့မဟုတ်) တစ်နေရာရာမှ အကူအညီနှင့် အထောက်အပံ့အချို့ကို တွေ့ရပါလိမ့်မည်။ သို့သော်လည်း မည်မျှ အကျိုးသက်ရောက်၍ လုပ်ဆောင်မှုဆိုင်ရာ မည်မျှသာလွန်ကြောင်း မှတ်ကျောက်မှာမူ ထိုကူညီသူ (သို့မဟုတ်) ထောက်ပံ့သူ၏အစွမ်း၊ ခွန်အား၊ အသိပညာနှင့် အတွေ့အကြုံ ပေါ်မူတည်ပေသည်။ ပြောစရာမလိုသည်မှာ တစ်ကမ္ဘာလုံးရှိ လူအားလုံးစုပေါင်းထားသည်တို့မှာ အလ္လာဟ် အရှင်မြတ်၏ ဟစ်မသ်ညာဏ်တော်နှင့် စွမ်းအား၊ ခွန်အား ထက် မည်သည့်နည်းနှင့်မျှ မသာလွန်နိုင်ချေ။ သာလွန်ရန်မဆိုထားဘိ တန်းတူပင်မရှိနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ထိုအရှင်မြတ်သည် အနှိုင်းမဲ့ဖြစ်၍ အကောင်းဆုံးသော ကာကွယ်စောင့်ရှောက်မှုနှင့် ထောက်ပံ့တော်မူသောအရှင်ဖြစ်တော်မူသည်။

## အာယသ် (၄၁)

وَاعْلَمُوْٓا اَنَّمَا غَنِمْتُمْ مِّنْ شَيْءٍ فَاَنَّ لِلّٰهِ خُمُسَهٗ وَلِلرَّسُوْلِ وَلِذِي الْقُرْبٰى وَالْيَتٰمٰى وَالْمَسٰكِيْنِ وَابْنِ السَّبِيْلِ ۙ اِنْ كُنْتُمْ اٰمَنْتُمْ بِاللّٰهِ وَمَآ اَنْزَلْنَا عَلٰى عَبْدِنَا يَوْمَ الْفُرْقَانِ يَوْمَ الْتَقَى الْجَمْعٰنِ ۭ وَاللّٰهُ عَلٰي كُلِّ شَيْءٍ قَدِيْرٌ ﴿٤١﴾

**ၵင်းပြင် (အို-သက်ဝင်ယုံကြည်သူအပေါင်းတို့) အကယ်၍ အသင်တို့သည် အလ္လာဟ် အရှင်မြတ်ကိုလည်းကောင်း၊ ငါအရှင်သည် မိမိ၏ကျွန်တော် (မုဟမ္မဒ်) ၏အပေါ်သို့ (သက်ဝင်ယုံကြည်သူတို့နှင့် မယုံကြည်သွေဖည် ငြင်းပယ်သူတို့အား) ခွဲခြားသိသာစေသောနေ့တွင် (ဝါ) အုပ်စုတစ်စုနှင့်တစ်စု ရင်ဆိုင်တွေ့ကြုံခဲ့ရသောနေ့တွင် ချပေးသနားတော်မူခဲ့သည့် (သက်သေသာဓကများ) ကိုလည်းကောင်း ယုံကြည်ပါလျှင် အသင်တို့သည် (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရာတွင်) တစ်စုံတစ်ရာလက်ရပစ္စည်းများကို ရရှိခဲ့ကြပါမူ ထိုပစ္စည်းများအနက် ငါးပုံတစ်ပုံကို ဓကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်လည်းကောင်း၊ ရစူလ်တမန်တော်မြတ်သည်လည်းကောင်း၊ (ရစူလ်တမန်တော်မြတ်၏) ဆွေရင်းသားရင်းတို့သည်လည်းကောင်း၊ မိဘမဲ့ကလေးသူငယ်တို့သည်လည်းကောင်း၊ သူဆင်းရဲတို့သည်လည်းကောင်း၊ ခရီးသည်တို့သည်လည်းကောင်း၊ ပိုင်ဆိုင်ကြသည်ကို (ကောင်းစွာ) သိထားကြလေကုန်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလုံးစုံတို့ကို စွမ်းဆောင်နိုင်တော်မူသော အရှင်ပင်ဖြစ်တော်မူပေသတည်း။ (၈ : ၄၁)**

### အကျယ်ဖွင့်ဆိုခြင်း

အာယသ်ထဲတွင် သုံ့လက်ရပစ္စည်းများနှင့်ပတ်သက်သော အမိန့်ပညတ်ချက်များနှင့် ယင်းပစ္စည်းများ ဝေငှဖြန့်ဖြူးခြင်းနှင့်ပတ်သက်သည့် ဥပဒေကိုဖော်ပြထားသည်။ အကြောင်းအရာကို အသေးစိတ်မဆွေးနွေးမီ အချို့သော အရေးကြီးသည့်စကားလုံးများကို ဦးစွာပထမ ကျွန်ုပ်တို့ သဘောပေါက်နားလည်ကြစို့။

အဘိဓာန်အရ **غنيمة** (ဂနီမာဟ်) ဟူသောစကားလုံးသည် ရန်သူထံမှရရှိသော ဥစ္စာပစ္စည်းများကို ရည်ညွှန်းသည်။ ရှရီအသ်တရားတော်အသုံးအနှုန်းအရ မုစ်လင်မ်မဟုတ်သူများထံမှ တိုက်ခိုက်၊ သတ်ဖြတ်၊ အောင်နိုင်၊ ထိန်းချုပ်နိုင်မှုမှတစ်ဆင့် ရရှိသောပစ္စည်းများကို "**غنيمة** (ဂနီမာဟ်) ဟုခေါ်သည်။ (ဤနေရာ၌ သုံ့လက်ရပစ္စည်းဟု ဘာသာပြန်ထားသည်)။ ဇြိမ်းချမ်းစွာနှင့် သဘောတူညီမှုဖြင့်ရရှိသော **جزية، خراج** ဂျိဇ်ယာနှင့်ခိရာဂျ် စသည်တို့ကို **فيئ** (ဖိုက်) ဟုခေါ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဤနှစ်မျိုးနှစ်စားနှင့်ပတ်သက်၍ ဖော်ပြရာတွင် ဤစကားလုံးနှစ်လုံးဖော်ပြထားသည်။ လက်ရှိစူရဟ်အလ်အန်ဖာလ်ထဲတွင် မုစ်လင်မ်မဟုတ်သူနှင့် တိုက်ခိုက်သတ်ဖြတ်၍ရရှိသော ပစ္စည်းဥစ္စာကို ဂနီမာဟ် (သို့မဟုတ်) သုံ့လက်ရပစ္စည်းနှင့် ပတ်သက်သော အမိန့်ပညတ်များအကြောင်း ဖော်ပြထားသည်။

ဤနေရာတွင် ကျွန်ုပ်တို့စိတ်တွင် ဦးစွာပထမစွဲမှတ်ထားရမည်မှာ ပစ္စည်းဥစ္စာများသည် အစ္စလာမ်သာသနာနှင့် ကုရ်အာန်ကျမ်းတော်မြတ်အမြင်အရ စကြဝဠာတစ်ခုလုံးအား ပိုင်ဆိုင်မှုသည့် အလ္လာဟ်အရှင်မြတ် လက်ဝယ်တွင် ရှိတော်မူသည်။ ထိုအရှင်မြတ်တစ်ပါးတည်းသာလျှင် စကြာဝဠာတွင်းရှိအရာအားလုံးကို ဖန်ဆင်းတော်မူသောအရှင်ဖြစ်သည်။ လူသားများ အချို့အရာကို ပိုင်ဆိုင်ခြင်းကိုဖော်ညွှန်းနိုင်သည့် တစ်ခုတည်းသောနည်းလမ်းကား အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင် အရှင်မြတ်၏ဥပဒေမှတစ်ဆင့် တစ်စုံတစ်ဦး၏ပိုင်ဆိုင်မှုကို ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်သည်။ ပမာဆိုသော် စူရဟ်ယာစီန် (၃၆ : ၇၁) ထဲတွင် ခြေလေးချောင်းသတ္တဝါများအကြောင်း ဖော်ပြထားရာ၌ **أَوَلَمْ يَرَوْا أَنَّا خَلَقْنَا لَهُمْ مِمَّا عَمِلَتْ أَيْدِينَا أَنْعَامًا فَهُمْ لَهَا مَالِكُونَ** "ဇကနဉ်စင်စစ် ငါအရှင်မြတ်သည် ၎င်းတို့အကျိုးငှာ မိမိလက်တော်ဖြင့် ပြုလုပ်တော်မူခဲ့သော အရာတို့တွင် ကုလားအုတ်၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များကို ဖန်ဆင်းတော်မူခဲ့ရာ ၎င်းတို့သည် ယင်းကုလားအုတ်၊ ကျွဲ၊ နွား တိရစ္ဆာန်များကို ပိုင်ဆိုင်သူများဖြစ်သွားကြသည်ကို ၎င်းတို့မမြင်ခဲ့ကြလေသလော" ဟုမိန့်ကြားထားသည်။ ဆိုလိုသည်မှာ သူတို့၏ ဤပိုင်ဆိုင်မှုသည် ပုဂ္ဂိုလ်ရေးဆိုင်ရာနှင့် ကိုယ်ပိုင်မဟုတ် အလ္လာဟ်အရှင်မြတ်သည် ထိုအရှင်မြတ်၏ ကရုဏာတော် နှင့်၎င်းတို့အား ပိုင်ဆိုင်သူများ ဖြစ်စေသည်မှာ ထင်ရှားသည်။

အချို့သောလူတစ်စုသည် အလ္လာဟ်အရှင်မြတ်ကို ဆန့်ကျင်သည့်အခါတွင် ဆိုလိုသည်မှာ ကုဖ်ရ်နှင့်ရှိရ်စ်က်တွင် နစ်မွန်းကြရာ၌ ၎င်းတို့ကို ပြန်လည်ပြုပြင်ပြောင်းလဲရန်အတွက်ဆိုရာတွင် အရှင်မြတ်သည်အရှင်မြတ်၏ တမန်တော်များနှင့်ကျမ်းစာများကို ၎င်းတို့ထံစေလွှတ်ပို့ချခြင်းဖြစ်သည်။ ယင်းမှာ အလ္လာဟ်အရှင်မြတ်၏ ပထမဦးဆုံးလုပ်ဆောင်ချက်ပင် ဖြစ်သည်။ ထိုသူတို့အနက် ကံမကောင်း အကြောင်းမလှသူတို့မှာ အလ္လာဟ်အရှင်မြတ်၏ ဤအသနား ကရုဏာတော်ကို အထင်မကြီး အလေးမယူသောအခါ၌ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ တမန်တော်များအား ထိုသူ များနှင့်ဂျီဟာဒ်စစ်ပွဲဆင်နွှဲ၍ သတ်ဖြတ်စေရန် အမိန့်ပေးတော်မူခဲ့သည်။ ဤသည်၏ရလဒ်မှာ ဤပုန်ကန်သူများ၏ အသက်နှင့်ပစ္စည်းဥစ္စာများသည် မုဗာဟ်(ခွင့်ပြုပြီး) ဖြစ်လာသည်။ ထို သူတို့သည် ၎င်းတို့ကို အလ္လာဟ်အရှင်မြတ်ပေးထားသော အသက်နှင့် ဥစ္စာပစ္စည်းများမှ ရရှိသောအကျိုးအမြတ် ခံစားခွင့်မရှိတော့ချေ။ တစ်နည်းဆိုရသော် ၎င်းတို့ ပိုင်ဆိုင်သမျှအားလုံးသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ အာဏာဖြင့် သိမ်းဆည်းခြင်းဖြစ်သည်။ဤကဲ့သို့အာဏာဖြင့်သိမ်းဆည်းခဲ့သောဥစ္စာပစ္စည်းများကိုဂနီမာဟ်၊သုံ့လက်ရပစ္စည်း(သို့မဟုတ်) လက်ရပစ္စည်းဟု အမည်ပေးထားသည်။ ယင်းပစ္စည်းတို့မှာ မယုံကြည်သွေဖည်သူများပိုင်ဆိုင်မှုမှ ရုပ်သိမ်းပြီးဖြစ်ကာ အလ္လာဟ်အရှင်မြတ် တစ်ပါးတည်း၏ ပိုင်ဆိုင်မှု အောက်တွင် သီးခြားသိမ်းဆည်းထားရမည်။

ထိုကဲ့သို့အမိန့်အာဏာအရ သိမ်းဆည်းထားသောပစ္စည်းများကို ရှေးယခင်က အလ္လာဟ်အမိန့်တော်အရ မည်သူတစ်ဦးတစ်ယောက်မျှ ထိုပစ္စည်းများကို အကျိုးခံစားခွင့်မပြုခဲ့ပါ။ ထိုကဲ့သို့သောပစ္စည်းများကို ဟင်းလင်းပြင်နေရာအချို့တွင် စုပုံထား၍ မီးကောင်းကင်မှလျှပ်ပြက်၍ ယင်းတို့လောင်ကျွမ်းသွားလိမ့်မည်။ ဤသည်မှာဂင်းတို့ ဂျီဟာဒ်လမ်းစဉ်ဖြင့် ကြိုးပမ်းမှုကိုလက်ခံသည့် သင်္ကေတလက္ခဏာပင်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် နောက်ဆုံးတမန်တော် ﷺ အပေါ်၌ အပ်နှင်းထားသည့်အနည်းငယ်သော တုန့်ပြန်မှုသည့် ထူးခြားချက်များအနက် တစ်ခုကား ဂနီမာဟ်ပစ္စည်းများ (သုံ့လက်ရပစ္စည်းများ) ကို မုစ်လင်မ် အုမ္မသ်ထု အတွက် (ဟလာလ်) တရားဝင်ပြုလုပ်ထားခြင်းဖြစ်သည်။ (မုစ်လင်မ်ကျမ်းပါ ဟဒီးဆ်တော်တစ်ပုဒ်အရ) ယင်းပစ္စည်းများ တရားဝင်ပြုလုပ်ထားသည့် ယင်းသို့အဆင့်မြင့်မားမှုကြောင့် (အသန့်ရှင်းဆုံးပစ္စည်းများ) အဖြစ် သတ်မှတ်ထားသည်။ အကြောင်းရင်းကို ဝေးဝေးသွားရှာရန် မလိုချေ။ လူသားများကြီးများစွာ၏ ပိုင်ဆိုင်မှုမှ အဆင့်ဆင့် လွှဲပြောင်းပြီးနောက် မိမိက ခက်ခက်ခဲခဲကြိုးပမ်း၍ ရရှိသောငွေကြေးနှင့်ဥစ္စာဓန မဟုတ်ပါလော။ ဤအဆင့်များစွာ ပြောင်းလဲမှုမှတစ်ဆင့် ဖြတ်ကျော်လာသောပိုင်ဆိုင်မှုတွင် တစ်နေရာ၌ တရားမဝင်ခွင့်မပြုသော စက်ဆုပ်ဖွယ်နည်းလမ်းတို့ ရှိခဲ့သည်ဆိုသောခိုင်မာသည့် ဖြစ်နိုင်ချေကားရှိပါသည်။ ဂနီမာဟ် (သို့မဟုတ်) သုံ့လက်ရပစ္စည်းကိစ္စရပ်တွင်ကား ယင်းတို့နှင့် ဖီလာဆန့်ကျင်ပါသည်။ ဤနေရာတွင် မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ပိုင်ဆိုင်မှုသည် ၎င်းတို့ထံမှ ဖြတ်တောက်ခံရ၍ အလ္လာဟ်အရှင်မြတ်၏ ပိုင်ဆိုင်မှုအောက် တိုက်ရိုက်ကျရောက်ကာ ယင်းအဖြစ်နှင့် တည်ရှိနေပါသည်။ သို့ဆိုလျှင် ယင်းပစ္စည်းများကို မည်သူမဆိုရရှိခဲ့လျှင် အလ္လာဟ်အရှင်မြတ်၏ပိုင်ဆိုင်မှုမှ တိုက်ရိုက်ရယူခြင်းဖြစ်၍ လူသားများပိုင်ဆိုင်သည်မှ လက်ခံရယူသကဲ့သို့ သံသယ (သို့မဟုတ်) တရားမဝင်မှု၏ စိတ်ထင့်ခြင်း (သို့မဟုတ်) စက်ဆုပ်ဖွယ်ရာမျိုးများ မရှိနိုင်ပါ။ ဤသည်မှ ရေတွင်းတစ်တွင်းမှရေကိုဖြစ်စေ၊ သဘာဝအလျောက် ပေါက်ရောက်သောမြက်ပင်မှ မြက်ဖြစ်စေ အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာတစ်ခုကို မည်သည့်လူသား ကြားခံမှမပါဘဲ ရရှိခြင်းဖြစ်ပေသည်။

အချုပ်ဆိုရသော် လွန်လေပြီးသောအုမ္မသ်ထုအတွက် တရားမဝင်ဟုသတ်မှတ်ပြုလုပ်ထားသော ဂနီမာဟ် (သို့မဟုတ်) သုံ့လက်ရပစ္စည်းများကို မုစ်လင်မ်အုမ္မသ်ထုအတွက် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာနှင့် ကြင်နာသနားမှုတစ်ရပ်အဖြစ် တရားဝင်ပြုလုပ်ခဲ့သည်ဟု ပြောနိုင်ပါသည်။ ယင်းပစ္စည်းများ၏ ဖြန့်ဝေမှု ကို **وَاعْلَمُوٓا** **اَنَّمَا غَنِمْتُمْ مِّنْ شَيْءٍ** "ဂင်းပြင် အသင်တို့သည် (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရာတွင်) တစ်စုံတစ်ရာ လက်ရပစ္စည်းများကို ရရှိခဲ့ကြပါမူ (၄၁)" ဟု မိန့်ကြားထားသည်။ စရမည်ဆိုလျှင် အာရဗီဘာသာစကားလုံး၏ စည်းမျဉ်းများအရ **ما** (မာ) ဟူသော စကားလုံးသည် ယေဘုယျကျခြင်းကို ဖော်ကျူးပြီးဖြစ်သည်။ ထို့နောက် ယေဘုယျကျမှုကို ပိုမိုလေးနက်စေရန် **مِنْ شَيْءٍ** (မင်ရှိုင်းအ်) ကို ထပ်ဆောင်းထားသည်။ ဆိုလိုသည်မှာ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ သိမ်းဆည်းရသမျှ သုံ့လက်ရပစ္စည်းအားလုံး ဤဥပဒေအောက်တွင် အကျုံးဝင်သွားသည်။ ၎င်း၏ဆုံးဖြတ်ချက်အရ တစ်စုံတစ်ဦးသည် ဖြန့်ဝေခြင်းဆိုင်ရာဥပဒေ၏ အချက်အလက်အပြင်မှ မည်သူမဆို အကယ်၍ သာမန် (သို့မဟုတ်) အသေးအမွှားကိုပင် ယူဆောင်ခဲ့မည်ဆိုလျှင် ၎င်းသည် ကြီးမားသောပြစ်မှုတစ်ရပ်၏ အပြစ်ရှိသည်ဟု မှတ်ယူရလိမ့်မည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သခင်က မည်သူမဆို မိမိတရားဝင် ရပိုင်ခွင့်ဝေစုဖြစ်သော ဂနီမာဟ်ပစ္စည်း (သုံ့လက်ရပစ္စည်း) ၏ အစိတ်အပိုင်းတစ်ရပ်တွင် မပါဝင်သောအပ်တစ် ချောင်းနှင့် ချည်မျှင်တစ်မျှင်မျှကိုပင် ယူပိုင်ခွင့်မရှိဟု မိန့်ကြားခဲ့သည်။ ထို့ပြင်ထပ်၍ ဝေပုံကျဝေစုမှအပ မည်သည့် သုံ့လက်ရပစ္စည်းကိုမျှမယူရန် တမန်တော်မြတ် ﷺ သခင်က လေးလေး

နက်နက် မိန့်ကြားခဲ့သည်။ ဟဒီးဆ်တော်တွင် သုံ့လက်ရပစ္စည်းများအား ဤသို့အလွဲသုံးခြင်းသည် အရှက်ကင်းမဲ့သည့် တရားမဝင်မှုအဖြစ် ကြေညာထားခဲ့ကာ သာမန်ခိုးမှုထက်ပို၍ အပြစ်ကြီးပေသည်။

ခွဲဝေမှုဆိုင်ရာ ဥပဒေအခြေခံများ ပြဋ္ဌာန်းထားခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်သည် မုဂျာဟစ်ဒ် မုစ်လင်မ်များအားလုံးကို သုံ့လက်ရပစ္စည်းများသည် ၎င်းတို့အတွက် တရားဝင်သည်ဟု အသိပေး ကြေညာထားခဲ့သည်။ သို့သော်လည်း ယင်း၏တရားဝင်မှုသည် သီးခြားလုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းတစ်ရပ် အရသာလျှင်ဖြစ်သည်။ ယင်းလုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် ဆန့်ကျင်၍ မည်သူမဆို တစ်စုံတစ်ရာကိုယူခဲ့လျှင် ယင်းသည် ဂျဟန္နမ်ငရဲမီး၏ မီးကြီးခဲမှအပအခြားမဟုတ်ပြီ။

ဤသည်က ကုရ်အာန်ကျမ်းတော်မြတ်၏ ဥပဒေသည် ကမ္ဘာ၏အခြားဥပဒေများနှင့်မတူ ကွဲပြားခြားနားပေသည်။ ထို့နောက်ဤသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ဥပဒေ၏ ပြီးပြည့်စုံသော အကျိုးသက်ရောက်မှုနှင့် အောင်မြင်မှုတို့နောက်ကွယ်ရှိ စစ်မှန်သောလျှို့ဝှက်ချက်ပင်ဖြစ်သည်။ ယင်းဥပဒေသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့မှုလိုအပ်ချက်နှင့် နောင်တမလွန်ဘဝအပေါ် သောကရောက်မှုတွင် စူးစိုက်စေပြီးနောက် နောက်ဆက်တွဲအဖြစ် ယင်းအကျိုးဆက်၏ သတိပေးမှုကို ဖော်ပြထားသည်။ ယင်းနောက် စာပိုဒ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပြစ်မှုဆိုင်ရာ အပြစ်ဒဏ်ခတ်မှုကိုလည်း ပြဋ္ဌာန်းထားသည်။

ဤသို့မဟုတ်လျှင် စဉ်းစားထိုက်သည်မှာ စစ်မြေပြင်၏ လှုပ်လှုပ်ရှားရှားဖြစ်နေသော အခြေအနေ အလယ်တွင် မုစ်လင်မ်မဟုတ်သူများ၏ ပိုင်ဆိုင်မှုများမှ ရရှိသောပစ္စည်းဥစ္စာများကို မုစ်လင်မ်စစ်ဦးချုပ်က သော်လည်းကောင်း၊ မည်သူတစ်စုံတစ်ဦးကသော်လည်းကောင်း အသေးစိတ်မသိဘဲ မည်သို့ရယူနိုင်ပေမည်နည်း။ ထပ်၍စစ်ပွဲများကို ဥပဒေမှ ရှောင်ကွင်းရန် ခိုအောင်းနိုင်သည့်နေရာ ထောင်ပေါင်းများစွာရှိသည်။ လူသူကင်းမဲ့သော တောတောင်များနှင့် သဲကန္တာရများတွင် တိုက်ခိုက်ကြပါသည်။ ဤပစ္စည်းများကို ဥပဒေအင်အားတစ်ခုတည်းဖြင့် ထိန်းသိမ်း စောင့်ရှောက်ရန်မှာ မည်သူတစ်ဦးတစ်ယောက်အတွက်မှ မဖြစ်နိုင်ပါ။ အဆုံးမှာ အလ္လာဟ်အရှင်မြတ်နှင့် အာခိရတ်ကိုကြောက်ရွံ့မှုတစ်ခုတည်းသာလျှင် မုစ်လင်မ်တိုင်းအား ဤပစ္စည်းများ၏ အသေးဆုံးအရာကိုပင် အလွဲသုံးစားပြုခြင်းမှ ရပ်စဲစေနိုင်ပါသည်။

ဤခွဲဝေဖြန့်ဖြူးခြင်း ဥပဒေကို ကျွန်ုပ်တို့ လေ့လာကြပါစို့။ **فَأَنَّ لِلّٰهِ خُمُسَهٗ وَ لِلرَّسُوْلِ وَ لِذِی الْقُرْبٰی وَ الْیَتٰمٰی وَ الْمَسٰكِیْنِ وَ ابْنِ السَّبِیْلِ** "အသင်တို့သည် (စစ်မက်ပြိုင်ဆိုင် တိုက် ခိုက်ရာတွင်) တစ်စုံတစ်ရာ လက်ရပစ္စည်းများရရှိခဲ့ကြပါမူ ထိုပစ္စည်းများအနက် ငါးပုံတစ်ပုံကို ဇကာစင်စစ် အလ္လာဟ် အရှင်မြတ်သည်လည်းကောင်း၊ ရစူလ်တမန်တော်မြတ်သည်လည်းကောင်း၊ ဘမဲ့ကလေးတို့သည်လည်းကောင်း၊ သူဆင်းရဲတို့သည်လည်းကောင်း၊ ခရီးသည်တို့သည်လည်းကောင်း ပိုင်ဆိုင်ကြသည်ကို (ကောင်းစွာ သိထားကြ လေကုန် (၄၁)" ဟုမိန့်ထားသည်။

ဦးစွာပထမ ဤနေရာတွင် စဉ်းစာထိုက်သည်မှာ ဖော်ပြထားသော ဂနီမာဟ် (သို့မဟုတ်) သုံ့လက်ရပစ္စည်းများ၏ ဝေခွဲဖြန့်ဖြူးမှုဥပဒေသည် သုံ့လက်ရပစ္စည်းတစ်ရပ်လုံးကို ဝေငှဖြန့်ဖြူးခြင်းဟု ဆိုလိုသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်သည် ရိုးရှင်းစွာဖြင့်ယင်း၏ငါးပုံတစ်ပုံကို ဝေငှဖြန့်ဝေခြင်းကိုဖော်ပြရန် ရွေးချယ်ထားသည်။ ကျန်ငါးပုံလေးပုံအကြောင်း ဖော်ပြမထားပါ။ ဤနောက်ကွယ်ရှိလျှို့ဝှက် ချက်ကား မည်သည်နည်း။ ထို့ပြင် ကျန်ရှိသော ဝေစုလေးပုံကို ဖြန့်ဝေခြင်းအား မည်သည့်ဥပဒေနှင့် ထိန်းချုပ်ထားသနည်း။ အကယ်၍ ကျွန်ုပ်တို့သည် ကုရ်အာန်

ကျမ်းတော်မြတ်တွင်ပါရှိသည်ကို စဉ်းစားဆင်ခြင်တွေးတောကြည့်ခဲ့ပါလျှင် ဤမေးခွန်းနှစ်ခွန်းအတွက် အဖြေမှာမူရင်းစာသားပါ စကားလုံးအထားအသိုထဲတွင် ပါရှိသည်။ ဆိုလိုသည်မှာ ဂျီဟာဒ်စစ်ပွဲဆင်နွှဲခဲ့သော မုစ်လင်မ်များကိုဦးတည်ပြောကြားရာ၌ ကုရ်အာန်ကျမ်းတော်မြတ်သည် مَاغَنِمْتُمْ မာဂနိမ်တွန် "အကြင်အရာသည် အသင်တို့သည် (စစ်မက်တိုက်ခိုက်ရာတွင်) လက်ရပစ္စည်း (အဖြစ်) ရရှိခဲ့ကြ၏" ဟူ၍ မိန့်ထားသည်။ ဤတွင် အညွှန်းတစ်ခုပါရှိသည်မှာ ဤဥစ္စာပစ္စည်းများကို လက်ခံရရှိသူတွင် ၎င်းကို ပိုင်ခွင့်ရှိသည်။ ဤသည်နောက် ထိုသုံ့ရပစ္စည်း၏ ငါးပုံတစ်ပုံသည် အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်တမန်တော်နှင့် အခြားသူများ၏ ဝေစုဖြစ်သည်ဟု ကြေညာထားခဲ့သည်။ ထို့ကြောင့် ရလဒ်မှာ အလွန်ရှင်းလင်းပေသည်။ ကျန်ဝေစုလေးပုံသည် မုဂျာဟီဒင်များနှင့် ၎င်းတို့ထဲမှ ဤသုံ့ရပစ္စည်းများ လိုက်လံစုစည်းသိမ်းဆည်းခဲ့ကြသူများပါဝင်သည်။ဤသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်တစ်နေရာ၌အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေနှင့်ဆက်နွယ်သည်နှင့် အလားတူပေသည်။

وَوَرِثَهٗۤ اَبَوَاهُ فَلِاُمِّهِ الثُّلُثُ

"သို့ရာတွင် အကယ်၍ ထို (ကွယ်လွန်) သူ၌ သားသမီးတစ်စုံတစ်ယောက်မှမရှိ၍ မိဘနှစ်ပါးတို့သည် (သာလျှင်) ယင်းကွယ်လွန်သူ၏ အမွေကို ဆက်ခံခဲ့ကြပါမူ သို့ဖြစ်လျှင် ၎င်း(ကွယ်လွန်သူ)၏ အမိအဖို့မှာ သုံးပုံတစ်ပုံ ဖြစ်သည်"(၄း၁၁) ဟု ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ထားသည်။

ဤနေရာတွင်လည်း မိခင်နှင့်ပတ်သက်သည်ကို ဖော်ပြခြင်းက ကျန်ဝေစုနှစ်ပုံသည် ဖခင်၏ရပိုင်ခွင့် ဖြစ်ကြောင်း ကျွန်ုပ်တို့အား ပြောရန် လုံလောက်စေပါသည်။ အလားတူပင် مَاغَنِمْتُمْ (မာဂနိမ်သု၊ အကြင်အရာသည် အသင်တို့သည် (စစ်မက်တိုက်ခိုက်ရာတွင်) လက်ရပစ္စည်းအဖြစ်ရရှိခဲ့ကြ၏) ဟုဖော်ပြ၍ ဝေစုငါးပုံတစ်ပုံသာ အလ္လာဟ်အရှင်မြတ်အတွက် ဖယ်ထုတ်သည်ဟု ဖော်ပြထားခြင်းက ကျန်လေးပုံသည် မုဂျာဟီဒင်တို့၏ ရပိုင်ခွင့်ဖြစ်သွားသည်မှာ ထင်ရှားသည်။ နောက်တွင် တမန်တော်မြတ် ﷺ သခင်၏ ပြောဆိုမှုနှင့်လုပ်ကိုင် ဆောင်ရွက်မှုက လိုက်လျောညီထွေစွာ ဤဝေစုလေးစုသည် မုဂျာဟီဒင်များအတွက် ဝေစုဖြစ်၍ သီးသန့်ဥပဒေတစ်ရပ်အရ ဝေငှပေးခဲ့ခြင်းဖြစ်သည်ဟု အသေးစိတ်ရှင်းလင်းထားသည်။

ယခုဤအာယသ်တော်ထဲတွင် ကုရ်အာန်ကျမ်းတော်မြတ်မှတစ်ဆင့် ရှင်းလင်းပြတ်သားစွာ ပြဋ္ဌာန်းထားသည့် ဝေစုငါးပုံတစ်ပုံ၏ အသေးစိတ်ကို လေ့လာကြပါစို့။ ဤကိစ္စအတွက် ကုရ်အာန်ကျမ်းတော်မြတ်က သုံးနှုန်းထားသော စကားလုံးအရေအတွက်မှာ ခြောက်လုံးဖြစ်သည်။ ယင်းစကားလုံးခြောက်လုံးကား (၁) لِلّٰهِ (လိလ္လာဟ်-အလ္လာဟ် အရှင်မြတ်အတွက်)၊ (၂) لِلرَّسُوْلِ (လိရ်ရစူလ်-တမန်တော်မြတ်အတွက်)၊ (၃) لِذِى الْقُرْبٰى (လိဇ်ဇိလ်ကုရ်ဗာ-ဆွေရင်းသားရင်းတို့အတွက်)၊ (၄) الْيَتٰمٰى (အလ်ယသာမာ-ဘမ့ဲကလေး သူငယ်များအတွက်)၊ (၅) الْمَسَاكِيْنِ (အလ်မဆာကီးန်-သူဆင်းရဲတို့အတွက်)၊ (၆) ابْنِ السَّبِيْلِ (အိဗ်နိစဗီးလ်-ခရီးသည်တို့အတွက်) ဟူ၍ဖြစ်သည်။

ဤစကားလုံးများအနက် ပထမစကားလုံးဖြစ်သော لِلّٰهِ (လိလ္လာဟ်)သည် ဤငါးပုံတစ်ပုံ ဝေငှဖြန့်ဖြူးရန် အဓိကခေါင်းစဉ်ဖြစ်သည်။ တစ်နည်းဆိုရသော် အဆိုအမိန့်က ဤဝေငှဖြန့်ဖြူးမှုသည် အလ္လာဟ်အရှင်မြတ်အတွက် သီးသန့်ဖြစ်ကြောင်း ဖော်ပြသည်။ ထို့နောက် ဤနေရာ၌ ဤစကားလုံးထည့်သွင်းထားခြင်းသည် ပင်ကိုအရ သီးခြားအသိဉာဏ်ရှိကြောင်း သဖိစီရိမဇာဟရီကျမ်းတွင် ထောက်ပြထားသည်။ ဆွဒကာဟ် (အလျူဒါန) အဖြစ် ပေးကမ်းသောဥစ္စာပစ္စည်းများသည် တမန်တော်မြတ် ﷺ သခင်နှင့် ၎င်း၏မိသားစုတို့အတွက် တရားမဝင်ဟု ကြေညာထားခဲ့ပါ

သည်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ အလ္လာဟ်အရှင့်တမန်တော်တစ်ပါး၏ အဆင့်အတန်းနှင့် မလိုက်လျော မကိုက်ညီ၍ဖြစ်သည်။ ထို့ပြင် ဤဆွဒကာဟ်ဥစ္စာပစ္စည်းများသည် မုစ်လင်မ်အများစုက ၎င်းတို့ပိုင်ပစ္စည်းများကို သန့်ရှင်းစင်ကြယ်ရန်အလို့ငှာ ပြုလုပ်ထားသောကြောင့် ဖြစ်သည်။ ဟဒီးဆ်တော်တွင် ထိုကဲ့သို့သောပေးကမ်းမှုများကို **اوساخ الناس** (အောင်ဝ်စားခုအလ်နားစ် လူအများထံမှ ဖယ်ရှားထားသည့် အညစ်အကြေး)ဟု အမည်ပေးထားသည်။ ဤသည်တို့မှာ တမန်တော် တစ်ပါး၏ မြင့်မားသောအဆင့်အတန်းအတွက် မသင့်လျော်ချေ။

ဤအာယသ်တော်ထဲ၌ သုံ့ရပစ္စည်းများအနက် ဝေစုငါးပုံတစ်ပုံကို တမန်တော်မြတ် S သခင်နှင့် ကိုယ်တော်၏မိသားစုကို ပေးကမ်းထားကြောင်း ဖော်ပြခဲ့သဖြင့် ဤဝေစုသည် လူအများပိုင်ဆိုင်သည်မှ ပေါ်ထွက်လာသည် မဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်၏ ပိုင်ဆိုင်မှုမှ တိုက်ရိုက်ဖြစ်ကြောင်း အထူးအလေးအနက်ပြုထားသည်။ ဂနီမာဟ် (သို့မဟုတ်) သုံ့ရပစ္စည်းများသည် မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ပိုင်ဆိုင်မှုမှဖယ်ရှားကာ အလ္လာဟ်အရှင်မြတ် တစ်ပါးတည်း၏ ပိုင်ဆိုင်မှုအဖြစ်ရောက်စေသည်။ ထို့နောက် အရှင်မြတ်၏ ဆုလဒ်တစ်ရပ်အဖြစ် ဝေငှဖြန့်ဖြူးခဲ့သည်။ ထို့ကြောင့် တမန်တော်မြတ် S သခင်နှင့် ကိုယ်တော်၏ဆွေမျိုးသားချင်းတို့အား ပေးသနားတော်မူသော ဤဝေစုငါးပုံတစ်ပုံသည် လူအများဒါနပြုခြင်းနှင့် မည်သို့မျှမပတ်သက်ဘဲ အလ္လာဟ်အရှင်မြတ်ထံမှ အရှင်မြတ်၏ကရုဏာတော်နှင့် ကျရောက်လာခြင်းဖြစ်ကြောင်း ရည်ညွှန်းရန် အာယသ်တော်အစဉ် (လိလ္လာဟ်)ဟု မိန့်ထားသည်။ ဆိုလိုသည်မှာ ဤပစ္စည်းဥစ္စာအားလုံးသည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာလျှင် သီးသန့်နှင့် အစစ်အမှန်ပိုင်ဆိုင်ကြောင်းနှင့် ယင်းဥစ္စာပစ္စည်းများကို အလ္လာဟ်အရှင်မြတ်ပြဋ္ဌာန်းထားသည့် ခေါင်းစဉ်အရ အရှင်မြတ်၏အာဏာစက်ဖြင့်သာ ဝေငှဖြန့်ဖြူးရ ပေမည်။

ထို့ကြောင့် ဤငါးပုံတစ်ပုံမှ ဝေငှဖြန့်ဖြူးရန် စစ်မှန်သော အမျိုးအစားငါးရပ်မှာ (၁) အလ္လာဟ်အရှင်မြတ်၊ (၂) ကိုယ်တော်မြတ်၏ ဆွေမျိုးသားချင်းများ၊ (၃) ဘမဲ့ကလေးသူငယ်များ၊ (၄)သူဆင်းရဲများနှင့် (၅) ခရီးသည် တို့ဖြစ်သည်။ ထို့နောက် ထိုသူများ၏ရပိုင်ခွင့်များအနက် ကွဲပြားခြားနားသော အဆင့်များရှိကြသည်။ ကုရ်အာန် ကျမ်းတော်မြတ်က အာဝဇ္ဇာန်းရွှင်စွာဖြင့် ၎င်းတို့၏ရပိုင်ခွင့်အဆင့်အတန်း ကွဲပြားခြားနားမှုကို နူးညံ့သိမ်မွေ့စွာ ဖော်ပြထားမှုကို တစ်စုံတစ်ဦးက အံ့သြရပါလိမ့်မည်။ ပမာဆိုသော် **لام** (လာမ်)ဟူသည့် ပြင်းထန်သော ပုဒ်အား ဤ ငါးမျိုးအနက်မှ **لِلرَّسُوْلِ وَلِذِى الْقُرْبٰى**(တမန်တော်မြတ်နှင့် တမန်တော်မြတ်၏ဆွေမျိုးသားချင်းများ အတွက်) ဟူသော နှစ်မျိုးတွင် ဦးဆောင်စေခဲ့၍ ကျန်သုံးမျိုးကို လာမ်ဟူသောပုဒ်မပါဘဲ တပေါင်းတစည်းတည်းဖြစ်စေပါသည်။

"လာမ်" ဟူသောပုဒ်သည် အရဗီဘာသာစကားတွင် သီးသန့်ဖြစ်စေရန်အတွက် သုံးနှုန်းသည်။ لِلّٰهِ (လိလ္လာဟ်) ဟူသောစကားလုံးတွင် "လာမ်" ဟူသော ပုဒ်မှာ ပိုင်ဆိုင်မှုသည် သီးသန့်ဖြစ်ကြောင်း ဖော်ညွှန်းသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် အရာရာတိုင်း၏ အစစ်အမှန်ပိုင်ရှင်ဖြစ်သည်။ ထို့ပြင် لِلرَّسُوْلِ (လိရ်ရစူလ်) တွင် လာမ်ဟူသောပုဒ်သည် အထူးရပိုင်ခွင့်ကို မီးမောင်းထိုးပြရန်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ် အရှင်မြတ်သည် သုံ့လက်ရပစ္စည်းငါးပုံတစ်ပုံကို ဝေငှဖြန့်ဖြူးမှုအာဏာအား တမန် တော်မြတ် S သခင်ကို အပ်နှင်း၍ ဖြစ်သည်။ ဤစီမံမှု၏ ရည်ရွယ်ချက်ကို အီမာမ်သဟာဒီနှင့် သဖ်စီရ် မဇ်ဟရီတို့က အပြည့်အဝဖော်ပြထားသည်မှာ "ဤနေရာ၌ သုံ့လက်ရပစ္စည်းများ ဝေငှဖြန့်ဖြူးမှုကို ခေါင်းစဉ်ငါးခုပေးထားသော်လည်း ဝေငှဖြန့်ဖြူးမှုအခွင့်အရေး အလုံးစုံသည် တမန်တော်မြတ် لِلرَّسُوْلِ တွင်သာလျှင်ရှိသည်။ တမန်တော်မြတ် S သခင်က ၎င်း၏ဆုံးဖြတ်ချက်အရ ဤအမျိုးအစားငါးရပ်ကို ဝေငှဖြန့်ဖြူးပေလိမ့်မည်။ ဤသည်မှာ စူရဟ်အလ်အန်ဖာလ်၏ ပထမအာယသ်တွင် ဖော်ပြ

ထားသော အမိန့်ပညတ်ချက်နှင့် အလားတူသည်။ ယင်းအမိန့်ပညတ်ချက်အရ သုံးလက်ရပစ္စည်းအလုံးစုံကို တမန်တော်မြတ် ﷺ သခင်က ပေးလိုသည့် နေရာပေး၍ ဝေငှလိုသူကို ဝေငှစေရန် အခွင့်အပ်နှင်းထားသည်။

အာယသ်တော် وَاعْلَمُوٓا اَنَّمَا غَنِمْتُمْ - "ထင်ပြင် အသင်တို့သည် ကောင်းစွာသိထားကြလေကုန်။ ဇကန်စင်စစ် အကြင်အရာ သည် အသင်တို့သည် (စစ်မက်တိုက်ခိုက်ရာတွင်) လက်ရပစ္စည်း (အဖြစ်)ရရှိခဲ့ ကြ၏။ တစ်စုံတစ်ရာကို" ထဲတွင် သုံးရပစ္စည်းအလုံးစုံ၏ ငါးပုံပုံကာ လေးပုံသည် မုဂျာဟီဒင်များ၏ရပိုင်ခွင့်အဖြစ် ကြေညာထားသော်လည်း ပဋ္ဌမဝေစု သည်လည်း ဤအမိန့်ပညတ်ချက်နှင့် အလားတူပင်ဖြစ်သည်။ ယင်းမှာ ကိုယ်တော်မြတ် ﷺ သခင်၏ ဆုံးဖြတ်ချက် အတိုင်း ဝေငှဖြန့်ဖြူးစေပါသည်။ သို့သော်လည်း ဤတွင် ခေါင်းစဉ်ငါးခုထား၍ ယင်းအတိုင်းဝေငှရမည်။ သို့ရာတွင် ကျွမ်းကျင်သောပညာရှင် အများစုအဆိုအရ ဤအာယသ်တော်တွင် ဖော်ပြထားသည့် လက်ခံမည့်သူ အမျိုးအစား ငါးခုအပေါ်တွင် အညီအမျှငါးပုံတစ်ပုံ ဝေငှရမည်ဟူ၍ ကိုယ်တော်မြတ် ﷺ ပေါ် တာဝန်မတင်ရှိပါ။ ယင်းသို့ မဟုတ်သည် သာမက ဤငါးမျိုးငါးစားဝေငှရာတွင် သုံးရပစ္စည်း၏ ငါးပုံတစ်ပုံထက်မကျော်လွန်စေရပါ။ ဝေငှရာတွင် ငါးမျိုးစလုံး ကိုလည်း ကောင်း၊ အချို့ကိုသော်လည်းကောင်း ကိုယ်တော့်ဆုံးဖြတ်ချက်အတိုင်း ဝေငှနိုင်သည်။

ဤအဆိုအမိန့်၏ အထင်ရှားဆုံးသော သက်သေသာဓကမှာ အာယသ်တော်၏စကားလုံးများထဲတွင် လည်းကောင်း၊ ယင်းစကားလုံးများ ဖော်ပြသည့်လက်ခံရယူမည့်သူများ၏ အမျိုးအစားထဲတွင်လည်းကောင်း တည်ရှိသည်။ ယင်းက ဆိုလိုသည်မှာ ဤအမျိုးအစားအားလုံးသည် လက်တွေ့အားဖြင့် တမျိုးနှင့်တမျိုး သည် တစ်သီးတစ်ခြားစီဖြစ်ခြင်း၊ အဆက်အစပ်မရှိခြင်း မဟုတ်ပါ။ စင်စစ် ယင်းတို့မှာ တစ်မျိုးနှင့်တစ်မျိုး ဆက်နွယ်ပတ်သက်နေပါသည်။ ပမာဆိုသော် "ဆွေမျိုးသားချင်း" အမျိုးအစားအောက်၌ အကျုံးဝင်သူတစ်ဦးသည် ဘဲ့တစ်ဦး (သို့မဟုတ်) သူဆင်းရဲနှင့် ခရီးသည်တစ်ဦးလည်း ဖြစ်နိုင်ပေသည်။ အလားတူပင် သူဆင်းရဲနှင့် ခရီးသည်သည်လည်း ဘဲ့တစ်ဦးနှင့် ဆွေမျိုးသားချင်းလည်း ဖြစ်နိုင်ပေသည်။ ဆင်းရဲသူတစ်ဦးသည် ခရီးသည်တစ်ဦး အခြေအနေတွင် ရှိနိုင်ပါသည်။ အကယ်၍ ရည်ရွယ်ချက်သည် သုံးလက်ရပစ္စည်းများကို ဤအမျိုးအစားများအားလုံးကို ညီတူညီမျှနှင့် တစ်သီးတစ်ခြားစီ ဝေငှဖြန့်ဖြူးဖြစ်ခဲ့လျှင် အမျိုးအစားတစ်မျိုးမှ လူသည် အခြားအမျိုးအစားနှင့် ရောထွေးမရဘဲ ဖြစ်သွားလိမ့်မည်။ သို့မဟုတ်ပါက လူတစ်ဦးသည် ဆွေမျိုးသားချင်းမှဖြစ်ကာ ၎င်းသူသည် ဘဲ့ကလေးလည်းဖြစ်သည်၊ ချို့တဲ့သူ တစ်ဦးလည်းဖြစ်၍ ခရီးသည်တစ်ဦးလည်းဖြစ်ခဲ့လျှင် ထိုသူ့အား အတန်းအစားတစ်မျိုးစီအတွက် ဝေစုတစ်ခုစီဖြင့် ဝေငှခဲ့လျှင် ဝေစုလေးစု ပေးရပါလိမ့်မည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဤသည်မှာ အမွေခွဲဝေမှုတွင် ကျင့်သုံးသောစည်းမျဉ်း ဖြစ်သည်။ တစ်စုံတစ်ဦးသည် သေဆုံးသူနှင့် အမျိုးမျိုးသော ဆွေမျိုးတော်စပ်မှုရှိခဲ့လျှင် ဆွေမျိုးတော်စပ်မှုတစ်ခုစီအတွက် ဝေစုတစ်ခုကျစီရရှိပေမည်။ သို့သော်လည်း တစ်ဦးတည်းကို ဝေစုလေးစုပေးခြင်းအား မုစ်လင်မ်အုမ္မသ်ထုတွင် မည်သူမျှမကျင့်သုံးပါ။ ဤသည်က ကျွန်ုပ်တို့အား ပြောသည်မှာ အာယသ်တော်သည် တမန်တော်မြတ် ﷺ သခင်အပေါ်၌ အမျိုးအစားအားလုံးကို အညီအမျှပေးအပ်ရမည်ဟူသော ကန့်သတ်ချုပ်ချယ်မှုထားရန် မရည်ရွယ်ချေ။ ရည်ရွယ်သည်မှာ တမန်တော်မြတ် ﷺ သခင်သည် ဖော်ပြထားသော အမျိုးအစားငါးမျိုးမှ မည်သည့်အတန်းအစားကို ဖြစ်စေ သုံးရပစ္စည်းငါးပုံတစ်ပုံမှ ကိုယ်တော်မြတ်က လျော်ကန်သင့်မြတ်သည်ဟု ယူဆသလို ပေးကမ်းနိုင်သည်။

(သဖ်စီရ်မဇာဟရီ)

ဤသည်ကို စိုက်ယိဒါဟ်ဖွာသွေမဟ် g သခင်မနှင့်ပတ်သက်သော အဖြစ်အပျက်တစ်ရပ်တွင် သရုပ်ဖော်ထားသည်။ သခင်မသည် ၎င်း၏ရုပ်ပိုင်းဆိုင်ရာချည့်နဲ့မှုအရ အိမ်မှုလုပ်ငန်းများကို လုပ်ဆောင်ရန် အကူအညီဖြစ်စေသည့် အစေခံတစ်ဦးပေးစေရန် တမန်တော်မြတ် s သခင်ထံ လျှောက်ထားရာ၌ သခင်မကြီး၏မေတ္တာရပ်ခံမှုကို ငြင်းပယ်ခံခဲ့ရသည်။ ငြင်းရသည့်အကြောင်းကား ကိုယ်တော်မြတ် s သခင်၏ အမြင်အရ စွဖ်ဟာဟ်မှ ဆွဟာဗဟ် သာဝကကြီးများ၏ လိုအပ်ချက်သည် သခင်မကြီးထက်ပို၍ အရေးကြီးလိုအပ်သည်။ ထိုသူတို့သည် အလွန့်အလွန် ဆင်းရဲနွမ်းပါးကြ၍ တမန်တော်မြတ် s သခင်သည် ၎င်းတို့ကို ရှောင်ကွင်းဘေးဖယ်၍ သူမကိုပေးရန် အကြောင်းမရှိခဲ့။

(ရှာဟစ်ဒ်အလ်ဗုခါရီနှင့်မုစ်လင်မ်ကျမ်း)

ဤသည်မှ အလွန်ထင်ရှားလာသည်မှာ အမျိုးအစားတစ်ခုစီအတွက် တစ်သီးတစ်ခြား အခွင့်အရေး (သို့မဟုတ်) ရပိုင်ခွင့်မရှိခဲ့။ သို့မဟုတ်ပါက ဆွေမျိုးသားချင်းအမျိုးအစားပါ စိုက်ယိဒါဟ် ဖွာသွေမဟ် g သခင်မထက် မည်သူပို၍ရထိုက်ပါအံ့နည်း။ အတိုချုပ်မှာ ဤသည်အားလုံးသည် ဝေဖြန်ဖြူးရေးဆိုင်ရာ ခေါင်းစဉ်များကို ဖော်ပြခြင်းဖြစ်သည်။ ရပိုင်ခွင့်များ ဖော်ပြသည့် ခေါင်းစဉ်မဟုတ်ခဲ့။

## တမန်တော်မြတ် ﷺ သခင် ဝဖားသ်ကွယ်လွန်ပြီးနောက် ငါးပုံတစ်ပုံ (ခွန်မ်စ်) ဝေဖြန်ဖြူးခြင်း

အီမာမ်အများစုအဆိုအရ သုံ့လက်ရပစ္စည်းငါးပုံတစ်ပုံမှ တမန်တော်မြတ် s ကို သတ်မှတ်ထားခဲ့သည့် ဝေစုသည် နဗီတမန်တော်တစ်ပါး၏ ကြီးကျယ်ခန်းနားလေးစားဖွယ် အဆင့်အတန်းကြောင့်ဖြစ်သည်။ ဤသည်မှာ တမန်တော်မြတ် s သခင်၏ ကိုယ်ရေးကိုယ်တာ အသုံးပြုရန်အတွက် သုံ့လက်ရပစ္စည်းအားလုံး အနက်မှ မည်သည့်အရာကိုမဆို ယူငင်နိုင်သည့် အထူးအခွင့်အရေးတစ်ရပ်နှင့် အလားတူပေသည်။ ယင်းအခွင့်အရေးအရ ကိုယ်တော်မြတ် s သခင်သည် သုံ့လက်ရပစ္စည်းများမှ အချို့ကို အမှန်တကယ်ယူခဲ့သည်။ ထို့နောက် ကိုယ်တော်မြတ်သည် သုံ့ရပစ္စည်းများ၏ ငါးပုံတစ်ပုံမှရရှိသောအရာတို့ဖြင့် ကိုယ်တော်မြတ်သည် ၎င်း၏ကုန်ကျစရိတ်များနှင့် မိသားစုကုန်ကျစရိတ်များ တာဝန်ယူခဲ့သည်။ ကိုယ်တော်မြတ် s သခင် ကွယ်လွန်ပြီးသည့်နောက် ဤဝေစုသည် အလိုအလျောက် ချုပ်ငြိမ်းသွားပါသည်။ အဘယ့်ကြောင့်ဆိုသော် တမန်တော်မြတ် s သခင်၏နောက် မည်သည့်နဗီတမန်တော်မျှ မရှိတော့ပါ။

## ဇဝိလ်ကုရ်ဗာ (ဆွေမျိုးသားချင်း) ၏ ခွန်မ်စ် (ငါးပုံတစ်ပုံ)

သုံ့ရပစ္စည်းငါးပုံတစ်ပုံတွင် သူဆင်းရဲဆွေမျိုးသားချင်း၏ ရပိုင်ခွင့်ဦးစားပေးမှုသည် အခြားအမျိုးအစားလက်ခံရသူများနှင့်ဖြစ်သော ဘဲ့ကလေးများ၊ သူဆင်းရဲများ၊ ခရီးသည်များနှင့် နှိုင်းယှဉ်လျှင် ကွဲပြားခြားနား မှုမရှိပါဟု အနည်းဆုံးပြောနိုင်သည်။ အကြောင်းမှာ ကိုယ်တော်မြတ် s ၏ ဆင်းရဲသောဆွေမျိုးသားချင်းတို့ကို ဇကားသ်နှင့် ဆွဒကာဟ်တို့ဖြင့် မထောက်ပံ့မကူညီနိုင်ပါ။ လက်ခံရရှိသူ အခြားအမျိုးအစားများမှာမူ ဇကားသ်နှင့်ဆွဒကာဟ်တို့ဖြင့် ကူညီထောက်ပံ့နိုင်သည်။ (အလ်ဟိဒါယဟ်ကျမ်းတွင် ဦးစားပေးမှုမှာ အခြား အမျိုးအစားများထက် ကိုယ်တော်မြတ်၏ ဆင်းရဲသောဆွေမျိုးသားချင်းကို ဦးပေးထားသည်) မည်သို့ပင်ဆိုစေကာမူ မချို့တဲ့သော ဆွေမျိုးသားခြင်းများကို ယင်းမှပေးရမည်၊ မပေးရမည်ဆိုသည်ကို မေးစရာကျန်ပါသည်။ အီမာမ်အဗူဟနီဖဟ်က မိန့်ကြားသည်မှာ တမန်တော်မြတ် s သခင်ကိုယ်တိုင် ဆွေမျိုးသားချင်းကို ပေးလေ့ရှိသည်တို့မှာ အချက်နှစ်ချက်ပေါ် အခြေခံထားသည်။ (၁)

ငင်းတို့၏လိုအပ်မှုနှင့် ချို့တဲ့နွမ်းပါးမှု၊ (၂) အစွလာမ်သာသနာကို ယုံကြည်မှုတည်ဆောက်ရန်နှင့် ခုခံကာကွယ်ရန် အတွက် ကိုယ် တော်မြတ် ﷺ ကို ပေးထားသည့် ကူညီထောက်ပံ့မှု။ တမန်တော်မြတ် ﷺ သခင် ကွယ်လွန်သွားခဲ့သော ကြောင့် ဒုတိယအကြောင်းအရာမှာ ပြီးပြတ်သွားပေသည်။ ကျန်နေသည်မှာ လိုအပ်ခြင်းနှင့် ဆင်းရဲခြင်းကို တွေးတော စဉ်းစားရန်ဖြစ်သည်။ ဤအကြောင်းပေါ်အခြေခံ၍ မုစ်လင်မ်များ၏ အီမာမ်နှင့်အမီရ်တိုင်းသည် အခြားသူများထက် ထိုသူများကို ဦးစားပေးလေ့ရှိသည်။ (ဟိဒါယဟ်နှင့်အလ်ဂျဆ္ဆ်ဆွားဆွဂ်) အီမာမ်ရာဇီအီသည်လည်း ယင်းအယူအဆ အတိုင်း ကောက်ယူသည်။ (ကုရ်သုဗီ)

မုစ်လင်မ်ဓမ္မသတ်ရှင် (ဖုကဟာ) အချို့အဆိုအရ တမန်တော်မြတ် ﷺ သခင်နှင့် ဆွေမျိုးတော်စပ်၍ ဆွေမျိုး သားချင်းနှင့်ပတ်သက်သောဝေစုသည် အမြဲအတည်ဖြစ်နေလိမ့်မည်။ ထိုအမျိုးအစားထဲတွင် သူဆင်းရဲနှင့် ဆင်းရဲသူ မဟုတ်သူအားလုံး ပါဝင်ကြသည်။ သို့သော်လည်း ထိုအချိန်တွင် အုပ်စိုးနေသော မုစ်လင်မ်အာဏာပိုင်တို့သည် ၎င်းတို့ ၏ဆုံးဖြတ်ချက်အရ ဆွေမျိုးသားချင်းများကို ဝေစုတစ်စုပေးပါလိမ့်မည်။ (မဇာဟေရီ)

ဤကိစ္စနှင့်ပတ်သက်သော အစစ်အမှန်အချက်ကား တမန်တော်မြတ် ﷺ သခင် ကွယ်လွန်ပြီးနောက် ဖြောင့်မတ်မှန်ကန်သော အစွလာမ်ခုလာဖာများ၏ လုပ်ရိုးလုပ်စဉ်အရသာလျှင်ဖြစ်သည်။ ဟိဒါယဟ် ကျမ်းရှင်က ဤ အကြောင်းပြောသည်မှာ

ان الخلفاء الاربعة الراشدين قسّموه على ثلثة اسهم

(တမန်တော်မြတ် ﷺ သခင် ကွယ်လွန်ပြီးနောက် ဖြောင့်မတ်မှန်ကန်သော ခုလာဖာ) လေးပါးသည် သုံ့လက်ရ ပစ္စည်း ငါးပုံတစ်ပုံကို အမျိုးအစားသုံးမျိုးကိုသာ ဝေငှဖြန့်ဖြူးခဲ့သည်။ (ယင်းတို့မှာ ဘမဲ့ကလေး၊ သူဆင်းရဲနှင့်ခရီးသည်) ဖြစ်သည်။

သို့သော်လည်း စိုက်ယိဒိနာ အုမရ် d သည် သုံ့လက်ရပစ္စည်းငါးပုံတစ်ပုံအနက်မှ ဆင်းရဲသော ဆွေမျိုး သားချင်းများကို ပေးကမ်းလေ့ရှိသည်မှာ အမြဲသက်သေပြပြီးဖြစ်သည်။ (အဗူဒါဝူဒ်ကျမ်းမှ ထုတ်နုတ်သည်) ထို့နောက် ဤလုပ်ရပ်သည် စိုက်ယိဒိနာ အုမရ် d တစ်ဦးတည်း၏ အထူးတလည်လုပ်ရပ် မဟုတ်ချေ။ အခြားခုလဖာများလည်း ယင်းအတိုင်းလုပ်ခဲ့ကြပါသည်။

စိုက်ယိဒိနာ အဗူဗကရ်နှင့် စိုက်ယိဒိနာ အုမရ် ﷺသခင်တို့သည် ၎င်းတို့၏ခိလာဖသ်၏နောက်ဆုံး ကာလ တိုင် ဆွေမျိုးသားချင်းများ၏ရပိုင်ခွင့်ဝေစုကို ထုတ်နှုတ်ကာ စိုက်ယိဒိနာအလီ d သခင်ကို ဆွေမျိုးသားချင်းတို့ကိုယ်စား ထိန်းသိမ်းစောင့်ရှောက်သူအဖြစ် ခန့်အပ်ခဲ့သည်ဆိုသော သက်သေပြထားသည်။ ဆင့်ပြန်ချက်သည် (အီမာမ်အဗူ ယူစွတ်ဖ၏ ကိသာဘုလ်ခါရတ်ဂျ်၏ ဆင့်ပြန်ချက်တစ်ခုအရ) ဆင်းရဲသော ဆွေမျိုးသားချင်းကိုသာ သီးသန့်ဝေငှ ဖြန့်ဖြူးခဲ့သည်ဆိုသည်နှင့် ဖီလာဆန့်ကျင်မဖြစ်ချေ။ အလ္လာဟ်အရှင်မြတ် သည်သာလျှင် အကောင်းဆုံးသိတော်မူသော အရှင်ဖြစ်တော်မူသည်။

**"အထူးမှတ်စု "**

တမန်တော်မြတ် ﷺ သည် ကိုယ်တော်တိုင် ၎င်း၏လုပ်ရပ်အရ မျိုးနွယ်စုများ၏ အရည်အချင်းကို သတ်မှတ် ထားခဲ့သည်။ ကိုယ်တော်မြတ် ﷺ သည် ဗနူဟာရှင်မ်အုပ်စုမှဖြစ်သော်လည်း ဗနူအလ်မုသွလိဗ် အုပ်စုနှင့်

လည်း အတူ တကွပေါင်းခဲ့ပါသည်။ အကြောင်းမှာ ဗနူအလ်မုသွလိဗ်အုပ်စုသည် ဗနူဟာရှင်မ်အုပ်စုနှင့် အမှောင်ခေတ်နှင့် အစွလာမ် ခေတ်တို့တွင် မည်သည့်အခါမျှ တကွဲတပြားစီမရှိခဲ့ချေ။ နောက်တစ်ကြောင်းမှာ မက္ကာဟ်ရှိကုရိုက်ရှ်တို့သည် ဗနူဟာရှင်မ်အုပ်စုကို ရှီအဲဗ်အဗီတွာလစ်ဗ်တွင် ထိန်းသိမ်းထား၍ အစာရေစာ ဖြတ်တောက်ထားခဲ့စဉ်ကလည်း ဗနူ အလ်မုသွလိဗ်အုပ်စုဝင်များသည် ထိုသို့သပိတ်မှောက်ဝိုင်းပယ်မှုတွင် မပါဝင်ခဲ့သော်လည်း ၎င်းတို့သည် ဗနူဟာရှင်မ် တို့နှင့်အတူ ရှိနေခဲ့သည်။ (မဇာဟရီ)

### ဗဒ်ရ်စစ်ပွဲနေ့သည် ကွဲပြားခြားနားစေသောနေ့ဖြစ်သည်

ဤအာယသ်တော်ထဲ၌ ဗဒ်ရ်စစ်ပွဲနေ့ကို ယောင်မွလ်ဖုရ်ကာန် (အမှားနှင့်အမှန်ကွဲပြားခြားနားစေသောနေ့) ဟုခေါ်ခဲ့သည်။ အကြောင်းမှာ ဗဒ်ရ်စစ်ပွဲ၌ မုစ်လင်မ်များသည် ထင်ရှားပြတ်သားသည့် အောင်နိုင်မှုရရှိ၍ မယုံကြည်သွေဖည်ငြင်းပယ်သူများသည် ရှုံးနိမ့်မှုနှင့် သိက္ခာမဲ့အရှက်ရစေသောနေ့ဖြစ်သည်။ ဤအဖြစ်အပျက်သည် ထိုနေ့တွင် စစ်မှန်သောရပ်တည်ချက်တစ်ရပ်အရ ဖြစ်ခဲ့သော်လည်း ချဲ့ပြောရမည်ဆိုလျှင် မယုံကြည်သွေဖည်ငြင်းပယ်မှုနှင့် အစွလာမ်တို့၏ အဆုံးစွန်အဆုံးအဖြတ်ပေးသော နေ့တစ်နေ့ဟူ၍လည်း ခေါ်နိုင်ပေသည်။

### အာယသ် (၄၂-၄၄)

اِذْ اَنْتُمْ بِالْعُدْوَةِ الدُّنْيَا وَ هُمْ بِالْعُدْوَةِ الْقُصْوٰى وَ الرَّكْبُ اَسْفَلَ مِنْكُمْ ؕ وَ لَوْ تَوَاعَدْتُّمْ لَاخْتَلَفْتُمْ فِي الْمِيْعٰدِ ۙ وَ لٰكِنْ لِّيَقْضِيَ اللّٰهُ اَمْرًا كَانَ مَفْعُوْلًا ۙ لِّيَهْلِكَ مَنْ هَلَكَ عَنْۢ بَيِّنَةٍ وَّ يَحْيٰى مَنْ حَيَّ عَنْۢ بَيِّنَةٍ ؕ وَ اِنَّ اللّٰهَ لَسَمِيْعٌ عَلِيْمٌ ﴿۴۲﴾ اِذْ يُرِيْكَهُمُ اللّٰهُ فِيْ مَنَامِكَ قَلِيْلًا ؕ وَ لَوْ اَرٰىكَهُمْ كَثِيْرًا لَّفَشِلْتُمْ وَ لَتَنَازَعْتُمْ فِي الْاَمْرِ وَ لٰكِنَّ اللّٰهَ سَلَّمَ ؕ اِنَّهٗ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ﴿۴۳﴾ وَ اِذْ يُرِيْكُمُوْهُمْ اِذِ الْتَقَيْتُمْ فِيْۤ اَعْيُنِكُمْ قَلِيْلًا وَّ يُقَلِّلُكُمْ فِيْۤ اَعْيُنِهِمْ لِيَقْضِيَ اللّٰهُ اَمْرًا كَانَ مَفْعُوْلًا ؕ وَ اِلَى اللّٰهِ تُرْجَعُ الْاُمُوْرُ ﴿۴۴﴾

**ထို (အုပ်စုတစ်ခုနှင့်တစ်ခု ရင်ဆိုင်တွေ့ကြုံကြသော) အချိန်အခါတွင် အသင်တို့သည် (စစ်မြေပြင်၏) အနီးဘဲ ရှိခဲ့ကြကုန်၏။ သို့ရာတွင် ၎င်းတို့မှာ အဝေးဘက်ခြမ်းရှိခဲ့ကြကုန်၏။ ထို့ပြင် ကုန်သည်စုမှာကား အသင်တို့၏ အောက်ဖက်တွင်ရှိခဲ့ကြလေသည်။ အကယ်၍သာ အသင်တို့ (နှင့်ထိုသူတို့)သည် အချင်းချင်း (တစ်ဖက်နှင့်တစ်ဖက်) ချိန်းချက်ခဲ့ကြပါလျှင် မုချဖေကန် အသင်တို့သည် ထိုအချိန်းချက်မှုနှင့်စပ်လျဉ်း၍ ကွဲလွဲခဲ့ကြပေမည်။ သို့ရာတွင်မူကား အလ္လာဟ်အရှင်မြတ်သည် (မလွှဲမရှောင်သာ) ဖြစ်ရမည့်ကိစ္စတစ်ရပ်ကို ပြီးမြောက်စေတော်မူအံ့သောငှာ (ဝါ) သေကြေပျက်စီးမည့်သူသည် သက်သေလက္ခဏာ အထင်အရှား (တွေ့မြင်ပြီးနောက်) သေကြေပျက်စီးအံ့သောငှာလည်းကောင်း၊ အသက်**

ထင်ရှားရှိနေမည့်သူသည်လည်းသက်သေလက္ခဏာအထင်အရှား(တွေ့မြင်ပြီးနောက်) အသက်ထင်ရှားရှိအံ့သောဌာလည်းကောင်း၊ (ထိုအုပ်စုနှစ်ခုကို ရင်ဆိုင်စေတော်မူခြင်းပင်) ဖြစ်ချေသည်။ ဧကန်မုချအလွှာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၈း၄၂)

ထင်းပြင် (အိုး-နဗီတမန်တော်၊ ပြန်လည်၍အောက်မေ့ပါလေ) အကြောင်အခါဝယ် အလွှာဟ်အရှင်မြတ်သည် အသင့်အား အိပ်မက်တွင် ထင်းတို့(၏)ဦးရေ)ကို အနည်းငယ်မျှသာ ပြသတော်မူခဲ့လေသည်။ အကယ်၍သာ ထိုအရှင်မြတ်သည် အသင့်အား ထင်းတို့(၏)ဦးရေ)ကို များပြားစွာပြသတော်မူခဲ့ပါလျှင် အသင်တို့သည် ဧကန်မုချ စိတ်ဓာတ်ကျဆုံးခဲ့ကြသည့်အပြင် ထိုကိစ္စ နှင့်စပ်လျဉ်း၍ အချင်းချင်း အငြင်းပွား အချင်းများ ခဲ့ကြမည်မှာ မလွဲဧကန်တည်း။ သို့ရာတွင် အလွှာဟ်အရှင်မြတ်သည် (အသင်တို့အား စိတ်ဓာတ်ကျဆုံးခြင်းနှင့် အချင်းချင်းအငြင်းပွားခြင်းမှ) ကယ်ဆယ်တော်မူခဲ့လေသည်။ ဧကန်စင်စစ် ထို အရှင်မြတ်သည် စိတ်နလုံးများတွင် ရှိသည်တို့ကို အကြွင်းမဲ့သိရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၈ : ၄၃)

ထိုမှတစ်ပါး (ပြန်လည်၍သတိရရှိကြလေကုန်)။ အကြောင်အခါ၌ ထိုအရှင်မြတ်သည် အသင်တို့(ထိုသူတို့နှင့်ရင်ဆိုင်)တွေ့ဆုံကြစဉ်ထင်းတို့(၏)ဦးရေ)ကို အသင်တို့အမြင်တွင် လျော့၍ပြသတော်မူခဲ့သည်။ ထိုနည်းတူစွာ အသင်တို့ကိုလည်း ထင်းတို့၏အမြင်၌ လျော့၍ပင် ပြသတော်မူခဲ့လေ၏။ (သို့ပြုတော်မူခြင်းမှာ) အလွှာဟ်အရှင်မြတ်သည် ပြုလိုတော်မူသည့်ကိစ္စတစ်ရပ်ကို ပြီးမြောက်စေတော်မူအံ့သောဌာ ဖြစ်ချေသည်။ အမှန်စင်စစ်သော်ကား ကိစ္စအရပ်ရပ်တို့သည် အလွှာဟ်အရှင်မြတ်အထံတော်သို့ပင် ပြန်လည်၍ ရောက်ရှိမည်သာဖြစ်ချေသတည်း။ (၈ : ၄၄)

## အကျယ်ဖွင့်ဆိုခြင်း

ဗဒိရ်စစ်ပွဲသည် အစ္စလာမ်နှင့်ကုဖ္ဖရ်တို့၏ ပထမဆုံးထိပ်တိုက်ရင်ဆိုင်မှုဖြစ်ကာ အစ္စလာမ်ဘာသာ၏ သာလွန်မြင့်မြတ်မှုနှင့် မှန်ကန်မှုတို့၏ လက်တွေ့ကျသော သက်သေသာဓကတစ်ရပ်ကို မျက်မြင်ကိုယ်တွေ့နှင့် ရုပ်ပိုင်းဆိုင်ရာအရလည်းကောင်း မှတ်တမ်းတင်ပြီးဖြစ်ပေသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် အထက်ဖော်ပြပါအာယသ်များတွင် ပါဝင်သောစစ်ပွဲ၏ အသေးစိတ်များကိုဖော်ပြရန် အထူးတလည် ဖော်ပြထားသည်။ ဤအသေးစိတ်များနောက်ကွယ်ရှိ အသိဉာဏ်အတွက် မြောက်မြားစွာသော ဆင်ခြင်သုံးသပ်မှုများအနက်မှ တစ်ခုကား မုစ်လင်မ်များအောင်နိုင်၍ မက္ကာဟ်ရှိမယုံကြည်သွေဖည်သူများက ရှုံးနိမ့်လိမ့်မည်ဟူသည်မှာ မျက်မြင်အားဖြင့် လည်းကောင်း (သို့မဟုတ်) အတတ်ပညာဆိုင်ရာအားဖြင့်လည်းကောင်း လုံးဝဖြစ်နိုင်ဖွယ်မရှိချေ။ သို့သော်လည်း အလွှာဟ်အရှင်မြတ်၏ မမြင်နိုင်သော တန်ခိုးစွမ်းအားတို့မှာ ထင်ရှားသော အစောင့်များဖြစ်သည့် လူအင်အားနှင့် ပစ္စည်းအင်အားအားလုံးသာလွန်မှုတို့ကို ပြောင်းပြန်လှန်ပစ်စေပါသည်။ ဤအဖြစ်အပျက်၏ ထင်ရှားသောရုပ်ပုံလွှာတစ်ရပ်ပေးရန်မှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဗဒိရ်စစ်မြေပြင်၏ မြေပုံတစ်ခုလုံးကို အကျဉ်းချုပ်ဖော်ပြထားသည်။ ဤအာယသ်

တော်များကို မရှင်းလင်းမီ ကျွန်ုပ်တို့သည် စကားလုံးအချို့၏ ဝေါဟာရဆိုင်ရာရှင်းလင်းမှုကို တစေ့တစောင်း ကြည့်ရှုကြပါစို့။ **عُدْوَة** အွဒ်ဝါဟ်ဟူသော စကားလုံးသည် တစ်ဖက်ဟုရည်ညွှန်းကာ **دنيا** (ဒွန္နယာ)ဟူသော စကားလုံးသည် **اَدْنٰى** အဒ်နာမှဆင်းသက်ကာ အနီးအနားဟု အဓိပ္ပာယ်သက်ရောက်သည်။ တမလွန်ဘဝနှင့် နှိုင်းယှဉ်ပြောရလျှင် ကျွန်ုပ်တို့၏ ကမ္ဘာကိုလည်း ဒွန္နယာဟုခေါ်ဆိုသည်။ အဘယ်ကြောင့်ဆိုသော် နောင်တမလွန်နှင့်နှိုင်းယှဉ်လျှင် လူသားများ အတွက် နီးကပ်သောကြောင့်ဖြစ်သည်။ ထို့နောက် **قُصْوٰى** (ကုတ်စ်ဝါ) ဟူသော စကားလုံးသည် **اقصى** (အတ်ဂ်ဆွာ) ဟူသော စကားလုံးမှဆင်းသက်ကာ ဝေးလံသည်ဟု ဆိုလိုသည်။

အာယသ်တော် (၄၂)ထဲ၌ သေဆုံးခြင်းကို ရှင်ခြင်း၏ဆန့်ကျင်ဘက်အဖြစ် ဖော်ပြထားသည်။ ဤနေရာ၌ သုံးနှုန်းထားသော အရဗီစကားလုံးများသည် သေခြင်းနှင့်ရှင်ခြင်း၏ အပြင်ပန်းအဓိပ္ပာယ် မဆောင်ပါ။ ဤနေရာ၌ နာမ်ပိုင်းဆိုင်ရာ သေဆုံးခြင်းနှင့် ရှင်ခြင်း (သို့မဟုတ်) ဖျက်ဆီးခံရခြင်းနှင့် ကယ်တင်ခြင်းဟု အဓိပ္ပာယ် သက်ရောက်သည်။ နာမ်ပိုင်းဆိုင်ရာရှင်ခြင်းဆိုသည်မှာ အစွမ်းသတ္တိ (အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်ကိုယုံကြည်ခြင်း)နှင့် အီမာန်(ယုံကြည်ချက်)တို့ဖြစ်သည်။ ထို့နောက် နာမ်ပိုင်းဆိုင်ရာ သေဆုံးခြင်းဆိုသည်မှာ ရှိရိစ်က် (ဘုရားအများကိုးကွယ်ခြင်း) နှင့် ကုဖ်ရ် (မယုံကြည်သွေဖည်ခြင်း) တို့ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ဤစကားလုံးများကို နေရာအတော်များများတွင် အထက်ဖော်ပြပါ အဓိပ္ပာယ်နှင့် သုံးနှုန်းထားသည်။ ပမာဆိုသော် စူရဟ်အလ်အန်ဖာလ်၏ အစောပိုင်း၌-

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا اسْتَجِيْبُوْا لِلّٰهِ وَلِلرَّسُوْلِ اِذَا دَعَاكُمْ لِمَا يُحْيِيْكُمْ

"အို-မုအ်မင်နဲ်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ရစူလ တမန်တော်၏ အမိန့်တော်များကို ထိုရစူလ်တမန်တော်သည် အသင်တို့ကို အသင်တို့ အသက်ရှင်စေနိုင်သော အကြောင်းများသို့ ဖိတ်ခေါ်သောအခါ ထူးကြေလေကုန်။ (၈ း ၂၄) ဟု မိန့်ထားသည်။

ဤနေရာတွင် ဖော်ပြထားသော အသက်ရှင်ခြင်းဆိုသည်မှာ စစ်မှန်၍ ထာဝရဖြစ်သော အသက်ရှင်ခြင်းကိုဆိုလိုရ်၍ အီမာန်နှင့်အစွမ်းအတွက် အစားပေးထားသော ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်သည်။ ယခု ကျွန်ုပ်တို့သည် အထက်ဖော်ပြပါအာယသ်များအတွက် အသေးစိတ်ရှင်းလင်းဖော်ပြမှုဆီသို့ သွားကြစို့။

ဗဒ်ရ်စစ်မျက်နှာ၏ နယ်မြေဆိုင်ရာမြေပုံဖြင့် အစပြုကာ အာယသ် (၄၂)က မုစ်လင်မ်များသည် တောင်ကုန်းနှင့် အနီးဆုံး (**عُدْوَةِ الدُّنيا**) တွင်ရှိ၍ မယုံကြည်သွေဖည်ငြင်းပယ်သူများသည် တောင်ကုန်းနှင့်ဝေးသော နေရာ (**عُدْوَةِ القُصْوٰى**) တွင် ရှိသည်။ မုစ်လင်မ်များ တပ်စွဲထားသောနေရာသည် မဒီနာဟ်မြို့နှင့် နီးစပ်သော နယ်မြေဖြစ်၍ မယုံကြည်သွေဖည်ငြင်းပယ်သူများသည် မဒီနာဟ်မြို့နှင့်ဝေးသော နယ်မြေတွင် တပ်စွဲထားသည်။ ဤဂျိုဟားဒ်စစ်ပွဲဆင်နွှဲရသည့် အဓိကအကြောင်းရင်းဖြစ်သော အဗူစွဖ်ယာန်၏ ခရီးသွားကုန်သွယ်ယာဉ်တန်းမှာ မက္ကာဟ်မြို့မှလာခဲ့သော မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ စစ်တပ်နှင့်နီးကပ်၍ မုစ်လင်မ်များ တိုက်ခိုက်နိုင်သော ခွင်မှဝေးကွာသည့် ပင်လယ်ကမ်းခြေတစ်လျှောက် ၃-မိုင်အကွာအဝေးမှ လာနေကြပါသည်။ ဤစစ်ပွဲ၏အစီအမံကို ထင်သာမြင်သာစေရန် ပြောရခြင်း၏ရည်ရွယ်ချက်မှာ မုစ်လင်မ်များသည် လုံဝဥသုံမသင့်လျော်ဘဲ သေနင်္ဂဗျူဟာအရ မှားယွင်းသောနေရာတွင် တည်ရှိနေကြောင်း ပြောပြရခြင်းဖြစ်သည်။ ယင်းနေရာမှာ ရန်သူကိုအောင်နိုင်ရန် အခွင့်အရေးမဆိုထားနှင့် ၎င်းတို့အသက်ကိုပင် ကာကွယ်ရန် အခွင့်အလမ်းမရှိသည့်နေရာ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မဒီနာဟ်မြို့နှင့်

နီးကပ်သောနေရာသည် သဲပြင်ကြီးဖြစ်၍ လမ်းလျှောက်ရန်ပင် ခက်ခဲပင်ပန်းပေသည်။ ထို့နောက် မုစ်လင်မ်များရှိနေသောနေရာမှာ ရေမရနိုင်ပါ။ သို့သော် မယုံကြည်သွေဖည်သူများ စခန်းချသည့်မဒီနာဟ်မြို့နှင့် ဝေးသောနေရာမှာမူ နယ်မြေ ချောမွေ့ကာ အနီးတွင် ရေရရှိနိုင်သည်။

ထို့နောက် နှစ်ဖက်၏ တည်နေရာကိုပြသခြင်းအားဖြင့် စစ်တပ်နှစ်တပ်သည် မျက်နှာချင်းဆိုင် ရှိနေသည်ဆိုသည်မှာထင်ရှားသည်။ထိုသို့သောအခြေအနေတွင်တစ်ဖက်မှလူများသည်တစ်ဖက်၏အားသာမှုနှင့်အားနည်းမှုကို ဖုံးကွယ်ရန်မဖြစ်နိုင်တော့ချေ။ နောက်ထပ်၍ မက္ကာဟ်မှ မယုံကြည်သွေဖည်ငြင်း ပယ်သူများ၏ စစ်တပ်သည် ၎င်းတို့၏ ခရီးသွားကုန်သွယ်ဘဉ်တန်းမှာ မုစ်လင်မ်များတိုက်ခိုက်မည့်နေရာမှ ကင်းဝေးသည့်နေရာတွင် ရှိနေသည့်အသိကြောင့် စိတ်ချမ်းသာစွာရှိနေသည့်အကြောင်း ရည်ညွှန်းသည်။ အကယ်၍ ၎င်းတို့သည် တစ်ချိန်ချိန်၌ အကူအညီလိုအပ်ခဲ့လျှင် ၎င်းကာဖိရ်စစ်တပ်သည် ၎င်းတို့အား လာရောက်ကူညီနိုင်သည်။ ၎င်းတို့နှင့် နှိုင်းယှဉ်လျှင် မုစ်လင်မ်များမှာမူ ၎င်းတို့တည်ရှိရာနေရာသည် မည်သည့်နေရာကမျှ လူအင်အားနှင့် ရုပ်ပိုင်းဆိုင်ရာထောက်ကူမှုများ မရနိုင်သောအနေအထားဖြစ်သည်။ ထို့ကြောင့် အတည်ပြုပြီးလည်းဖြစ်၊ မုစ်လင်မ်ပညာတတ်တိုင်းလည်း သိပြီးဖြစ်သည့် အချက်ကား မုစ်လင်မ်စစ်တပ်သည် တပ်သားအင်အား ၃၁၃-ဦးသာရှိ၍ မယုံကြည်သွေဖည်ငြင်းပယ်သူတပ်သားမှာ တစ်ထောင် ရှိပေသည်။ မုစ်လင်မ်များတွင် လုံလောက်သောအစီးအနင်းမရှိသကဲ့သို့ လုံလောက်သောလက်နက်များလည်း မရှိပါ။ ယင်းနှင့်ဆန့်ကျင်၍ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ စစ်တပ်ကား အစစအရာရာပြည့်စုံပြီးဖြစ်သည်။

ထို့အပြင် စစ်ပွဲတစ်ပွဲ ဆင်နွှဲရန် အဆင်သင့်ဖြစ်နေသည့်လက်နက်ကိုင်တပ်ဖွဲ့ကဲ့သို့ မုစ်လင်မ်များက ဤကျိဟာဒ်စစ်ပွဲ ဆင်နွှဲရသည်မဟုတ်ပါ။ ဖြတ်သန်းသွားသည့် ခရီးသွားကုန်သွယ် ယာဉ်တန်းကို ပိတ်ဆို့ရန် ရန်သူများ စိတ်ဓာတ်ကျစေရန် အရေးပေါ်လုပ်ဆောင်မှု တစ်ရပ်ဖြစ်သောကြောင့် ပြင်ဆင်မှုတွင်လည်းကောင်း၊ လက်နက်တပ်ဆင်မှုတွင် လည်းကောင်း မကောင်းဘဲနှင့် မုစ်လင်မ် ၃၁၃-ဦးဖြင့် စတင်ထားခြင်းဖြစ်သည်။ မုစ်လင်မ်တို့သည် လက်နက်အပြည့်အစုံ တပ်ဆင်ထားသည့် လူတစ်ထောင်နှင့် ထိပ်တိုက်ရင်ဆိုင်နေရကြောင်း ရုတ်တရက် တွေ့ရပါသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော်က ကျွန်ုပ်တို့ကို ဤအဖြစ်အပျက်သည် မည်သည့် ရည်ရွယ်ချက်မှမရှိဘဲ မတော်တဆဖြစ်ပျက်လာခြင်းဖြစ်သည်ဟု ပြောပြပါသည်။ သို့သော်လည်း အမှန်တရားကား ဤလောကတွင် ဖြစ်ပျက်သမျှအားလုံးသည် မတော်တဆဟူ၍လည်းကောင်း၊ မရည်စူးဘဲ ဟူ၍လည်းကောင်း၊ ယင်းဖြစ်ရပ်၏ အဆင့်နှင့် ပုံပန်းသဏ္ဌာန်အရ မတော်တဆသက်သက်ဟု ထင်ရသော်လည်း စကြဝဠာ၏ ဖန်ဆင်းရှင်ရှေ့တော်မှောက်တွင် သေချာကျနစွာပြင်ဆင်ထားသည့် ကြောက်မက်ဖွယ်စနစ်ကြီးတစ်ရပ် ဖြစ်ပေသည်။ ဤကဲ့သို့သောစနစ်ကို အလောတကြီးနှင့် အံမဝင်ခွင်မကျဟု မပြောနိုင်ပါ။ ဤသို့သောစနစ်တစ်ရပ်လုံးသည် လူသားများရှေ့တွင် ပြသမှသာလျှင် လူသားသည် မတော်တဆဖြင်ပျက်မှုများ၏ နောက်ကွယ်ရှိအသိဉာဏ်အပြည့်အစုံကို တွေ့ရှိနိုင်ပါလိမ့်မည်။

ဤဗဒ်ရိစစ်ပွဲအဖြစ်အပျက်ကို အစမ်းသပ်ခံကိစ္စရပ်အဖြစ် ကြည့်ကြစို့။ မတော်တဆနှင့် မရည်ရွယ်ဘဲ ဖြစ်ပျက်ခဲ့သည်ဆိုခြင်း၏ ကိုယ်ပိုင်အသိဉာဏ်ဖြင့် တွေးတောဆင်ခြင်မှုများပါရှိသည်ဆိုကြောင်းကို **وَلَوْ تَوَاعَدْتُّمْ لَاخْتَلَفْتُمْ فِي الْمِيعَادِ** "အကယ်၍သာ အသင်တို့ (နှင့်ထိုသူတို့) သည် အချင်းချင်း (တစ်ဖက်နှင့်တစ်ဖက်) ချိန်းချက်ခဲ့

ကြပါလျှင် မုချဖကန် အသင်တို့သည် ထိုချိန်းချက်မှနှင့်စပ်လျဉ်း၍ ကွဲလွဲခဲ့ကြပေမည်။ (၄၂)" တွင် မိန့်ထား သည်။ ဆိုလိုသည်မှာ ဤစစ်ပွဲသည် ကမ္ဘာတစ်လွှားရှိ သာမန်စစ်ပွဲများကဲ့သို့ ရန်နိုင်သမျှသော ရွေးချယ်မှုဖြစ်နိုင်သမျှသော လေ့လာမှုဖြင့် လည်းကောင်း၊ အချင်းချင်းငြင်းခုံခြင်းနှင့် ပြဿနာများဖြေရှင်းခြင်းဖြင့်လည်းကောင်း ဖြစ်ခဲ့လျှင် ဤ အကြောင်း၊ ဤအခြေအနေများ၏ စေ့ဆော်မှုကြောင့် ဤစစ်ပွဲတိုက်ဖြစ်လိမ့်မည်မဟုတ်ချေ။ စင်စစ် သဘောထား ကွဲပြားခြားနားမှုသည် တစ်နည်းမဟုတ်တစ်နည်း ဝင်လာနိုင်သည်။ တစ်ဖက်ရန်သူများ အရေအတွက်များ၍ အင်အား ကြီးမားသောကြောင့် မုစ်လင်မ်များသည် အရေအတွက်နည်း၍ ချည့်နဲ့မှုကြောင့် မတိုက်တော့ဘဲ နေနိုင်သကဲ့သို့ မုစ်လင်မ်များနှင့် မယုံကြည်သွေဖည်ငြင်းပယ်သူများသည် အချင်းချင်း ချိန်းဆိုပြီးနောက် စစ်ပွဲသို့မလာရောက်ဘဲ နေလျှင်လည်း နေနိုင်ကြပါသည်။ မုစ်လင်မ်များသည် ၎င်းတို့၏အရေအတွက် နည်းပါးမှုနှင့် အားအင်ချည့်နဲ့မှုအရ စစ်ပွဲစဲတင်ရန် သတ္တိမရှိနိုင်သကဲ့သို့ မုစ်လင်မ်များနှင့်ပတ်သက်၍ ကြောက်စိတ်ကို အလွှာဟ်အရှင်မြတ်သည် မယုံ ကြည် သွေဖည် ငြင်းပယ်သူ၏ နှလုံးသားသို့ထဲ့ပေးကာ ၎င်းတို့၏ အရေအတွက်နှင့်အင်အားသာများသော်လည်း စစ်တိုက်ရန် ကြောက်ရွံ့နေပေလိမ့်မည်။

ထို့ကြောင့် အလွှာဟ်အရှင်မြတ်၏ ကြောက်မက်ဖွယ်စီမံမှုသည် နှစ်ဖက်စလုံး၌ ထိုကဲ့သို့သော အခြေအနေ များကို စဉ်းစားနားလည်သဘောပေါက်ခွင့် မရစေရန် ပြုလုပ်ထားခဲ့သည်။ အဂူစွဖ်ယာမ်၏ ခရီးသွားကုန်သွယ် ယာဉ် တန်းမှစိတ်ပျက်ဖွယ်ညည်းညူမှုများက မက္ကာဟ်ရှိလူမျိုးများကို မည်မျှလွှမ်းမိုးသွားသနည်း ဟူမှုစဉ်းစားဆင်ခြင်မှုမရှိဘဲ စစ်ချီရန်အဆင်သင့်ဖြစ်သွားစေသည်။ ပုံမှန်လက်နက်ကိုင်တပ်ဖွဲ့တစ်ခုနှင့် ရန်ဆိုင် တိုက်ခိုက်ရန်မဟုတ်ဘဲ ရိုးရိုးသာ မန်ခရီးသွားကုန်သွယ်ယဉ်တန်ကို ရင်ဆိုင်ရန်ဖြစ်သည်ဟူသောအတွေးက မုစ်လင်မ်များကို စေ့ဆော်ထားခဲ့သည်။ သို့သော်လည်း အလုံးစုံသိရှိတော်မူသော၊ အရာရာကိုသိရှိတော်မူသော အလွှာဟ်အရှင်မြတ်သည် ၎င်းတို့အကြား စစ်ပွဲဘစ်ပွဲဖြစ်စေရန် အလိုတော်ရှိတော်မူခဲ့သည်။ သို့မှ သာလျှင် ယင်းစစ်ပွဲ၏ရလဒ်ဖြစ်သည့် အစွလာမ့်အောင်နိုင်မှုကို မျက်ဝါးထင်ထင် မြင်သွားစေနိုင်သည်။ ထို့ကြောင့် **وَ لٰكِنْ لِّيَقْضِيَ اللّٰهُ اَمْرًا كَانَ مَفْعُوْلًا** "သို့ရာတွင်မူကား အလွှာဟ် အရှင်မြတ်သည် (မလွှဲမရှောင်သာ) ဖြစ်ရမည့် ကိစ္စတစ်ရပ်ကို ပြီးမြောက်စေရန်မူအံ့သောငှာ အကြောင်ကိစ္စတစ်ရပ်ကို ထို(ကိစ္စ)သည်ဖြစ်ခဲ့၏"(၄၂)ဟု မိန့်ထားသည်။ ဆိုလိုသည်မှာ အခြေအနေမှာ ပကတိအနေအထားအတိုင်း ရှိလင့် ကစား စစ်ပွဲမှာဖြစ်လာရမည်။ သို့မှသာဖြစ်ရမည့်(ကိစ္စ)ကို အလွှာဟ်အရှင်သည် ပြီးမြောက်စေလိမ့်မည်။ ဖြစ်စေရန် ပြဋ္ဌာန်းထားသည်မှာ လက်နက်ချို့တဲ့ကာ အငတ်ငတ်အပြတ်ပြတ်ဖြစ်သော မုစ်လင်မ်(၃၁၃)စုဦးပါ မဖြစ်လောက်သော စစ်တပ်သည် လက်နက်အပြည့်အစုံ တပ်ဆင်ထားသည့် လူငယ်တစ်ထောင်အင်အား၌ စစ်တပ်တစ်တပ်နှင့် ရင်ဆိုင် တိုက်ခိုက်ရန်ဖြစ်သည်။ ယင်းသို့ရင်ဆိုင် တိုက်ခိုက်မှုသည် စစ်မျက်နှာလိုအပ်ချက်သဘောအရဆိုလျှင်လည်း အံဝင် ခွင်ကျမဟုတ်ချေ။ သူတို့အတွက် တောင်ကြီးတမျှသောအရာကို အင်နှင့်အားနှင့်တိုက်ခိုက်သောအခါမယုံကြည် နိုင်ဖွယ်ဖြစ်ပျက်ခဲ့သည်။ တောင်ကြီးမှာ အစိတ်စိတ်အမြွာမြွာဖြစ်သွားပါသည်။ ဤမပြောပလောက်သော လူအုပ်စု ကလေးက အောင်နိုင်သွားသည်။ ဤသည်မှာ တစ်ထောင်မျှ အင်အားရှိသော စစ်တပ်မှာရှုံးနိမ့်၍ ၎င်းတို့နောက်ကွယ် တွင်ရှိကြီးမားသော အင်အားအချို့၏ လုပ်ဆောင်မှုကို ထင်ရှားစွာသရုပ်ပြသခြင်း ဖြစ်သည်။ ထို့နောက် မုစ်လင်မ်များ သည် အစွလာမ်ဘာသာဝင်ဖြစ်၍ ဤအကူအညီရခဲ့သည်။ မယုံကြည်သွေဖည်သူများမှာ ၎င်းတို့မယုံကြည်သွေဖည် မှုကြောင့် ဤသည်မှကင်းမဲ့ခဲ့သည်မှာ ထင်ရှားသည်။ ဤသည်မှာ မကောင်းမှုနှင့် သစ္စာတရားအစစ်နှင့်အတုကို အသိဉာဏ်ရှိသူတစ်ဦး ခွဲခြားစေနိုင်ရန်စံဖြစ်သွားသည်။ ထို့ကြောင့် အာယသ်တော်အဆုံးတွင် **لِيَهْلِكَ مَنْ هَلَكَ عَنْۢ بَيِّنَةٍ وَّ يَحْيٰى مَنْ حَيَّ عَنْۢ بَيِّنَةٍ** "သေကြေပျက်စီးမည့်သူသည် သက်သေလက္ခဏာ အထင်အရှား (တွေ့မြင်ပြီးနောက်)

သေကြေပျက်စီးအံ့သောဌာ လည်းကောင်း၊ အသက်ထင်ရှား ရှိနေမည့် သူသည်လည်း သက်သေလက္ခဏာ အထင်အရှား (တွေ့မြင်ပြီးနောက်) အသက်ထင်ရှား ရှိအံ့သောဌာလည်းကောင်း "၄၂" မိန့်ထားသည်။ ဆိုလိုသည်မှာ အစွမ်းသာသနာ၏ စစ်မှန်မှုအလားတူ ကုဖ်ရ်နှင့်ရှိရ်ိက်တို့၏ မှားယွင်းမှုနှင့် ကြောက်မက်ဖွယ်ရာကို ထင်ပေါ်ပြတ်သားစွာ ရှင်းလင်းဖော်ထုတ်ပြီးဖြစ်ပေသည်။ ထို့ကြောင့် မည်သူမဆို သူ(သို့မဟုတ်) သူမ၏လုပ်ရပ် အကျိုးကွင်းဆက်ကို အပြည့်အဝသိရှိခဲ့ပါလျှင် ထိုသူသည် ပျက်စီးခြင်းကို ရွေးချယ်နိုင်ပါသည်။ ထို့နောက် တစ်စုံတစ်ဦးသည် ၎င်း၏ရွေးချယ်မှုကို အပြည့်အဝနားလည်သဘောပေါက်ပြီးနောက် အသက်ရှင်နေထိုင်မှုကို ရွေးချယ်ခဲ့ပါလျှင် ၎င်းအသက်ရှင်နေထိုင်သွားရပါလိမ့်မည်။ ကြိုတင်သတိပေးထားချက်မှာ မည်သည့်အရာမဆို မသိနားမလည်ဘဲ မှားယွင်းစွာ မလုပ်ပါနှင့် အမြဲဂရုစိုက်ပါ။

ဤအာယသ်တော်ပါ **هلاكت** (ဟလာကဟ်-ပျက်စီးခြင်း၊ သေဆုံးခြင်း) သည် ကုဖ်ရ် (သို့မဟုတ်) မယုံကြည် သွေဖည်ငြင်းပယ်မှုကို ဆိုလိုသကဲ့သို့ **حيات** (ဟယားသ်-အသက်ရှင်ခြင်း) ဆိုသည်မှာ အစွမ်းသာမ်ကို ဆိုလိုသည်။ တစ်နည်းဆိုရသော် အမှန်တရား အထင်အရှားပေါ်ထွက်လာပြီးနောက် မသိနားမလည်မှု ဖြစ်နိုင်ချေနှင့် ဆင်ခြေတို့မှာ အမြဲပယ်ရှားပြီးဖြစ်သည်။ သို့ဆိုလျှင် မည်သူမဆို သူ (သို့မဟုတ်) သူမ၏ဘဝပုံစံမှာ မယုံကြည်သွေဖည်ငြင်းပယ်မှုနှင့်နေထိုင်လျှင် ယင်းသည် ပျက်စီးမှုဆီသို့ မျက်ဝါးထင်ထင် လျှောက်လှမ်းနေခြင်းဖြစ်သည်။ မည်သူမဆို အစွမ်းသာသနာကို ယုံကြည်ခဲ့လျှင် ထာဝရဘဝကို အသိဉာဏ်ရှိစွာနှင့် စိတ်ပါလက်ပါ နှင်းနှင်းချိန်ချိန် လက်ခံခြင်းဖြစ်သည်။ ထို့နောက် "**وَإِنَّ اللَّهَ لَسَمِيعٌ عَلِيمٌ**ဇကန်မုချ အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူပေသတည်း။ ၄၂" ဟူ၍ မိန့်ထားသည်။ ဆိုလိုသည်မှာ အရှင်မြတ်သည် လူတိုင်း၏နှလုံးသားတွင်ရှိလျှို့ဝှက်ချက်များကို သိရှိတော်မူသည်။ ထို့ပြင် လူတိုင်း၏ယုံကြည်မှုနှင့် မယုံကြည်ခြင်းတို့၏ သဘောသဘာဝကိုပင် သိရှိတော် မူသည်။ ယင်းတို့အတွက် ဆုလာဘ်နှင့်ပြစ်ဒဏ်ခတ်မှုသည်လည်း ထိုအရှင်မြတ် လက်ဝယ်ရှိတော်မူသည်။

အာယသ်တော် (၄၃)နှင့် (၄၄)ထဲတွင် နှစ်ဖက်စစ်တပ်သည် စစ်မြေပြင်ကို စွန့်ခွာခြင်းဖြင့် စစ်ပွဲအဆုံးသတ်မှု တစ်ခု အသေအချာမပြုနိုင်ကြောင်းဟူသည့် ပွင့်လင်းသောရည်ရွယ်ချက်ဖြင့် အလ္လာဟ်အရှင် မြတ်၏ အထူးအံ့ချီးဖွယ် တန်ခိုးပြာဋိဟာကို ဗဒ်ရ်စစ်ပွဲတွင် စီမံထားခဲ့သည်။။ အဘယ့်ကြောင့်ဆိုသော် ဤစစ်ပွဲ၏ရလဒ်သည် အစွမ်းသာသနာစစ်မှန်ကြောင်း အနည်းဆုံးလောကီရေးဆိုင်ရာဖြစ်စေ ရုပ်ပိုင်းဆိုင်ရာဖြစ်စေ စစ်မှန်မှုတို့ကိုဖြစ်စေ ထုတ်ဖော်ပြသရန် စီမံထားခြင်းဖြစ်သည်။

ယင်းသည်ပင် ဤအလ္လာဟ်အရှင်မြတ်၏ အံ့ချီးဖွယ်ရာ သဘာဝပင်ဖြစ်သည်။ မယုံကြည်သွေဖည် ငြင်းပယ်သူများ၏ စစ်တပ်မှာ မုစ်လင်မ်များထက် သုံးဆကြီးမားသော်လည်း အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးတော်ဖြင့်သာလျှင် ယင်းအရေအတွက်သည် မုစ်လင်မ်များအတွက် အများကြီးဖြစ်နေဟန် မတူစေပါ။ ထို့ကြောင့် သဘောထားကွဲလွဲခြင်း (သို့မဟုတ်) မုစ်လင်မ်များကို ထိခိုက်စေသည့် အင်အားချည့်နဲ့မှု အသိလည်း မဖြစ်ပေါ်တော့ပါ။ ဤအဖြစ်အပျက်နှစ်ကြိမ်တိုင်ဖြစ်ခဲ့သည်။ တစ်ကြိမ်တွင် ယင်းကိစ္စကို တမန်တော်မြတ် S သခင်အား အိမ်မက်တွင်ပြသခဲ့ကာ ကိုယ်တော်မြတ်က ထိုဖြစ်ရပ်ကို မုစ်လင်မ်များအား ပြန်လည်ပြောကြားခဲ့၍ ၎င်းတို့၏ သတ္တိနှင့်သန္နဋ္ဌာန်တို့သည် တစ်ဖန် ပြန်လည်သစ်လွင်လာခဲ့ပါသည်။ ဒုတိယအကြိမ်မှာမူ အုပ်စုနှစ်စုသည် စစ်မြေပြင်၌ တစ်ဘက်နှင့်တစ်ဘက် မျက်နှာချင်းဆိုင်ကြသောအခါ၌ ရန်သူတို့၏အရေအတွက်မှာ နည်းပါးသည်ဟု မုစ်လင်မ်များ

ကို ပြသခဲ့ပါသည်။ အာယသ်တော်(၄၃)တွင် ပါဝင်သော အဖြစ်အပျက်သည် အိပ်မက်တွင်ဖြစ်ပျက်ခဲ့ကာ အာယသ်(၄၄)တွင်ဖော်ပြခဲ့သော အဖြစ်အပျက် မှာ နိုးထနေသောအချိန်တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိမပ်စ်အူးဒ် [d] သခင်က "တို့အမြင်မှာတော့ တို့နှင့်ရင်ဆိုင်နေရသော စစ်တပ်သည် အရေအတွက် (၉၀)မျှသာဖြစ်လိမ့်မည်ဟု ၎င်းနံဘေးရှိသောသူကို ပြောကြားခဲ့သည်။" ထိုလူက ပြောသည်မှာ "မဟုတ် သူတို့မှာ တစ်ရာရှိပါလိမ့်မယ်" ဟူ၍ဖြစ်သည်။

ဤသည်နှင့်အတူ နောက်ဆုံးအာယသ်ထဲတွင် يُقَلِّلُكُمْ فِيْٓ اَعْيُنِهِمْ "ထိုနည်းတူစွာ အသင်တို့ကိုလည်း ၎င်းတို့၏အမြင်၌ လျော့၍ပင်ပြသတော်မူခဲ့လေ၏။ ၄၄" ဟု ဖော်ပြထားသည်။ ဤသည်က မုစ်လင်မ် များသည် စင်စစ်တွင် ကနဦးကတည်းက အရေအတွက်နည်းပေသည်။ ထို့ကြောင့် မယုံကြည်သွေဖည ငြင်းပယ်သူများမှာ မုစ်လင်မ်များ၏ အရေအတွက်ကို အရှိအတိုင်း မြင်ခဲ့ရသည်ဟု ဆိုလိုနိုင်သည်။ ထို့ပြင် ထိုအာယသ်က မယုံကြည်သွေဖည်ငြင်းပယ်သူ များကို မုစ်လင်မ်များ၏အရေအတွက် အမှန်တကယ် ရှိသည်ထက် လျော့ပြသထားသည်ဟုလည်း ဆိုလိုနိုင်သည်။ ယင်းကိစ္စကို အဗူဂျာဟဲလ်သည် မုစ်လင်မ်တပ်မတော်ကိုမြင်ရသောအခါ ၎င်း၏ရဲဘော်ရဲဘက်များအား ပြောကြားခဲ့သည့်အကြောင်းသည် မြောက်မြားစွာသော ဆင့်ပြန်ချက်များ၌ပါဝင်သည်။ အဗူဂျာဟဲလ်ကပြောသည်မှာ ဤမုစ်လင်မ်များ၏ အရေအတွက်သည် နေ့စဉ်စားသောက်ရန်မှာ ကုလားအုတ်တစ်ကောင်လောက်သာ စားသည့် အရေအတွက် ထက် မပိုပါဟူ၍ပြောသည်။ ထိုသော်အခါက အာရေးဗီးယားတွင် စစ်တပ်တစ်တပ်၏ လူဦးရေသိရှိစေရန် ၎င်းတို့၏ စားသောက်မှုအတွက် တိရစ္ဆာန်ဘယ်နှစ်ကောင် သတ်ဖြတ်ခဲ့သည်ကို စုံစမ်းရန်ဖြစ်သည်။ ကုလားအုတ်တစ်ကောင်ကို လူတစ်ရာစားသောက်နိုင်သည်ဟု နားလည်သဘောပေါက်ထားသည်။ ဤဗဒိရ် စစ်ပွဲဖြစ်ပွားသည့် နေရာမှာပင် တမန်တော်မြတ် [s] သခင်သည် မက္ကာမြို့မှ ကုရိုက်ရှ်တို့၏စစ်တပ်တွင် လူမည်မျှ ရှိသည်ကိုသိရှိရန် ကိုယ်တော်မြတ် ကြိုးပမ်းရာ၌ အနီးအနားနေထိုင်သူများကို ကိုယ်တော်မြတ် [s] က "၎င်းတို့စစ်တပ်တွင် နေ့စဉ် ကုလားအုတ်အကောင်ရေ မည်မျှသတ်ဖြတ်ခဲ့သနည်း"ဟု မေးမြန်းခဲ့သည်။ "နေ့စဉ် ကုလားအုတ်ဆယ်ကောင် သတ်ဖြတ်ခဲ့ပါသည်"ဟု ကိုယ်တော်မြတ်ကို အဖြေပေးတော်မူခဲ့သည်။ ဤသည်က ထိုသူတို့စစ်တပ်တွင် လူတစ်ထောင်ခန့်ရှိသည်ဟူ၍ ကိုယ်တော်မြတ်က အနီးစပ်ဆုံး မှန်းဆ ကောက်ယူခဲ့သည်။ အတိုချုပ်ဆိုရသော် မုစ်လင်မ်များ၏ စုစုပေါင်းအရေအတွက်မှာ တစ်ရာရှိသည်ဟု အဗူဂျာဟဲလ်အမြင်တွင် ပြသနေခဲ့သည်။ ဤနေရာတွင်လည်း မယုံကြည်သွေဖည ငြင်းပယ်သူများကို လျော့နည်းသောအရေအတွက်ပြသခြင်း၏ အသိဉာဏ်မှာ စစ်မြေပြင်တွင် ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်မှုမှ အမှန်တကယ် ပေါ်ထွက်လာမည့် မုစ်လင်မ်များကို ကြောက်ရွံ့မှု ကြိုတင်၍မပေါ်ပေါက်စေရန် ဖြစ်သည်။

### "အထူးမှတ်စု"

ဤအာယသ်တော်မှ အံ့သြဖွယ်ရာနှင့် သဘာဝလွန်ဖြစ်ရပ်များသည် မျက်မြင်အခြေအနေအမှန် မမြင်ဘဲ မှားယွင်းနိုင်ကြောင်း ဤနေရာတွင် အထင်အရှားမြင်ခဲ့ရပေသည်။

ဤအကြောင်းကြောင့် لِيَقْضِيَ اللّٰهُ اَمْرًا كَانَ مَفْعُوْلًا "အလ္လာဟ်အရှင်မြတ်သည် ပြုလိုတော်မူသည့် ကိစ္စတစ်ရပ်ကို ပြီးမြောက်စေ တော်မူအံ့သောငှာ ဖြစ်ချေသည်။ ၄၄" ဟူသော အဆိုအမိန့်ကို ဤနေရာ၌ ထပ်မံဖော်ပြထားသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ အံ့သြဖွယ်ရာနှင့် မျက်မြင်တို့က ထင်ရှားစေသည်မှာ အလ္လာဟ်

အရှင်မြတ်၏ ဆန္ဒတော်သည် အဆုံးထိပြီးမြောက်ကြောင်း ထုတ်ဖော်ပြသခြင်းဖြစ်သည်။ ဆိုလိုသည်မှာ မုစ်လင်မ်များသည် အရေအတွက်နှင့် ရုပ်ပိုင်းဆိုင်ရာ ချို့တဲ့လင့်ကစား အောင်နိုင်စေခြင်းမှာ အစွလာမ်၏မှန်ကန်ခြင်း၊ အကွယ်မှ အလ္လာဟ်အရှင်မြတ်၏ အထောက်အပံ့ကို ပေါ်လွင်စေခြင်းတို့သည် ဤစစ်ပွဲ၏ အဓိကရည်မှန်းချက်များ ပြည့်ဝစွာ ရရှိခဲ့၍ ထာဝရအတည် ဖြစ်ခဲ့သည်။

အာယသ်တော်အဆုံး၌ وَ اِلَى اللّٰهِ تُرْجَعُ الْاُمُوْرُ အမှန်စင်စစ်သော်ကား ကိစ္စအရပ်ရပ်တို့သည် အလ္လာဟ်အရှင်မြတ်အထံတော်သို့ပင် ပြန်လည်၍ရောက်ရှိမည်သာ ဖြစ်ချေသတည်း" ဟူ၍ မိန့်ထားသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏အလိုရှိတော်မူသည့်အတိုင်း လုပ်ဆောင်တော်မူ၍ အရှင်အလိုရှိတော်မူသည်ကို အမိန့်ပေးတော်မူသည်။ အရှင်မြတ်သည် လူနည်းစုက လူများစုကိုလည်းကောင်း၊ အားအင်ချည့်နဲ့သူက အားအင်သန်စွမ်းသူကိုလည်းကောင်းလွှမ်းမိုးစေနိုင်တော်မူသည်။အရှင်မြတ်သည်အများကိုနည်းစေ၍အနည်းကိုများစေတော်မူနိုင်သည်။

## အာယသ် (၄၅-၄၇)

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْۤا اِذَا لَقِيْتُمْ فِئَةً فَاثْبُتُوْا وَ اذْكُرُوا اللّٰهَ كَثِيْرًا لَّعَلَّكُمْ تُفْلِحُوْنَ ﴿۴۵﴾ وَ اَطِيْعُوا اللّٰهَ وَ رَسُوْلَهٗ وَ لَا تَنَازَعُوْا فَتَفْشَلُوْا وَ تَذْهَبَ رِيْحُكُمْ وَ اصْبِرُوْا ؕ اِنَّ اللّٰهَ مَعَ الصّٰبِرِيْنَ ﴿۴۶﴾ وَ لَا تَكُوْنُوْا كَالَّذِيْنَ خَرَجُوْا مِنْ دِيَارِهِمْ بَطَرًا وَّ رِئَآءَ النَّاسِ وَ يَصُدُّوْنَ عَنْ سَبِيْلِ اللّٰهِ ؕ وَ اللّٰهُ بِمَا يَعْمَلُوْنَ مُحِيْطٌ ﴿۴۷﴾

**အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အုပ်စုတစ်စုစုနှင့် (ရင်ဆိုင်) တွေ့ဆုံကြရသောအခါ မြဲမြံကြံခိုင်စွာ တည်ရှိကြလေကုန်။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား များစွာ အောက်မေ့တသကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြမည် ဖြစ်လေသည်။ (၈ : ၄၅)**

**ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာစူလ်တမန်တော်၏ အမိန့်တော်များကိုလည်းကောင်း၊ လိုက်နာကြလေကုန်။ ထို့ပြင် အသင်တို့သည် အချင်းချင်း အငြင်းမပွားကြကုန်လင့်။ သို့အငြင်းပွားခဲ့ကြလျှင် အသင်တို့သည် စိတ်ဓာတ်ကျဆုံးကြပေမည်။ အသင်တို့၏ လေ (အားအင်)သည်လည်း ဆုတ်ယုတ်သွားချေမည်။ ၎င်းပြင် အသင်တို့သည် သည်းခံကြလေကုန်။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် သည်းခံသူတို့နှင့်အတူ ရှိတော်မူပေသတည်း။ (၈ : ၄၆)**

**၎င်းပြင် (အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့) အသင်တို့သည် အကြင်သူတို့ကဲ့သို့ မဖြစ်ကြကုန်လင့်၊ ထိုသူတို့သည် မိမိတို့အိမ် များမှ ပလွှားဝါကြွားလျက်**

**လည်းကောင်း၊ လူတို့အား ပြစားလျက်လည်းကောင်း ထွက်လာခဲ့ကြလေသည်။ ထို့ပြင် ၎င်းတို့သည် (သူတစ်ပါးတို့အား) အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ ပိတ်ပင်တားဆီးခဲ့ကြလေသည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ပြုမူသမျှတို့ကို ဝန်းပိုင်း လျက်ရှိတော်မူသတည်း။ (၈ : ၄၇)**

## အကျယ်ဖွင့်ဆိုခြင်း

### ဂျီဟာဒ်တွင်အောင်မြင်မှုအတွက် ကုရ်အာန်ကျမ်းတော်ဆိုင်ရာ လမ်းညွှန်ချက်များ

အထက်ဖော်ပြပါ ပထမအာယသ်တော်နှစ်ခုထဲ၌ စစ်မြေပြင်တွင် ရန်သူတို့ကိုရင်ဆိုင်သော မုစ်လင်မ်များအတွက် အထူးညွှန်ကြားချက်တစ်ရပ် ချမှတ်ပေးသည်။ အလ္လာဟ်အရှင်မြတ်ထံတော်မှ ဤညွှန်ကြားချက်များသည် မုစ်လင်မ်များအတွက် ဤလက်ရှိကမ္ဘာတွင် အောင်မြင်ခြင်းနှင့် အဆင့်မြင့်ခြင်း၊ နောင်လာမည့် ထာဝရဘဝတွင် ကယ်တင်ခံရခြင်းနှင့် ကြီးပွားချမ်းသာခြင်းအတွက် အဓိကဆေးစွမ်းကောင်းတစ်ရပ် ဖြစ်သည်။ စင်စစ်တွင် အစောပိုင်းကာလတွင် ၎င်းတို့တိုက်ခိုက်ခဲ့သည့် စစ်ပွဲများအားလုံးတွင် မုစ်လင်မ်များရရှိခဲ့သည့် သာမန်မဟုတ်သော တစ်မူထူးခြားသည့် အောင်မြင်မှုနှင့် အောင်ပွဲများ၏ လျှို့ဝှက်ချက်မှာ ဤရွေ့အိုရောင်လမ်းညွှန်ချက်ကို ဖက်တွယ်ထားခဲ့သောကြောင့် ဖြစ်သည်။ ယင်းတို့မှာ -

### (၁) စွဲမြဲမြဲမြံရှိပါစေ

ကုရ်အာန်ကျမ်းတော်မြတ်အသုံးပြုသော အရဗီစကားလုံးမှာ **ثبت** "စေဗားသ်" ဖြစ်သည်။ ယင်းက ဆိုလိုသည်မှာ မြဲမံကြံ့ခိုင်စွာရပ်ခြင်း၊ မယိမ်းမယိုင်ခြင်းဖြစ်သည်။ ဤတွင် နလုံးသား၏ မြဲမံကြံ့ခိုင်ခြင်းနှင့် ခြေထောက်၏ မြဲမံကြံ့ခိုင်ခြင်း နှစ်မျိုးစလုံးပါဝင်သည်။ အဘယ့်ကြောင့်ဆိုသော် နှလုံးသား မသန်စွမ်း မစွဲမြဲသောသူတစ်ဦးသည် ကျန် ကိုယ်ခန္ဓာ၏အစိတ်အပိုင်းများ မြဲမံကြံ့ခိုင်လိမ့်မည်ဟု မမျှော်လင့်နိုင်ချေ။ ဤသည်မှာ ယုံကြည်သူဖြစ်စေ၊ မယုံကြည်သွေဖည်ငြင်းပယ်သူဖြစ်စေ သိရှိနားလည်သဘောပေါက်သောအရာ ဖြစ်သည်။ ကမ္ဘာ့ပေါ်ရှိ နိုင်ငံတိုင်းတွင် ၎င်းတို့ဆင်နွှဲသော စစ်ပွဲများ၌ ဤစွမ်းအားကို ဦးစားပေးကြသည်။ အဘယ့်ကြောင့်ဆိုသော် စစ်တလင်းတွင် ဦးစားပေးလက်နက်ကား နှလုံးသားနှင့်ခြေထောက်တို့ မြဲမံကြံ့ခိုင် ခြင်းဖြစ်ကြောင်း အတွေ့အကြုံရှိသူတိုင်း သိကြပါသည်။ ဤသည်တို့ မရှိကြလျှင် လက်နက်ခဲယမ်းမီးကျောက် အားလုံးအသုံးမဝင်ဖြစ်သွားပါမည်။

### (၂) အလ္လာဟ်အရှင်မြတ်ကို အောက်မေ့တသသတိရခြင်း

ဒုတိယမူမှာ အလ္လာဟ်အရှင်မြတ်အတွက် ဇိက်ရ်လုပ်ခြင်းဖြစ်သည်။ ယင်းသည် ပင်ကိုအရ အထူးနှင့်နာမ်ပိုင်းဆိုင်ရာ လက်နက်တစ်ခုဖြစ်သည်။ ယင်းကို မုစ်လင်မ်များကသာလျှင် သိရှိနားလည်၍ ကျန်တစ်ကမ္ဘာလုံးသည် မသိရှိ၍ဖြစ်စေ လျစ်လျူရှုကြပေသည်။ ကျွန်ုပ်တို့သိရှိသော ယနေ့ကမ္ဘာကြီးသည် ၎င်းတို့၏ စစ်ဘက်ဆိုင်ရာအစီအမံများတွင် သက်ဆိုင်ရာပညာရပ်တွင်ခေတ်အမှီဆုံး၊ အဆင့်အမြင့်ဆုံးလက်နက်စနစ်များရရှိစေရန် ဘာမဆိုလုပ်ဆောင်ကြသည်။ ယင်းတို့တွင် စစ်တိုက်ရာတွင် ခိုင်မြဲမှုဖြစ်ရန် သေနင်္ဂဗျူဟာနှင့် စိတ်ပိုင်းဆိုင်ရာ မြှင့်တင်မှုလုပ်ငန်းစဉ်များတွင် ခေတ်အမီဆုံးနည်းစနစ်များ သုံးစွဲကြပါလိမ့်မည်။ သို့သော်လည်း ထူးဆန်းသည်မှာ မုစ်လင်မ်များ၏ ဤနာမ်ပိုင်းဆိုင်ရာလက်နက်ကိုမူကား သတိလည်းမမူ၊ ထုတ်ဖော်မှုလည်းမရှိခဲ့ကြချေ။ ဤသည်ကြောင့် မုစ်လင်မ်များမှာ အခြားနိုင်ငံ

အချို့နှင့် ရင်ဆိုင်တိုက်ခိုက်ရာတွင် ဤပေးထားသော ညွှန်ကြားချက်ကို အတိအကျလိုက်နာကြသဖြင့် လူအင်အား၊ လက်နက်အင်အားနှင့် စစ်လက်နက်ပစ္စည်းများ သာလွန်သောရန်သူတပ်များကို ချေမှုန်းနိုင်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ဇီကိရ်ဖြစ်သော နာမ်ပိုင်းဆိုင်ရာကောင်းမှုလုပ်ရပ်သည် ကျွန်ုပ်တို့ဘဝတွင် နေရာယူထားပြီးဖြစ်သည်။ သို့တိုင် ၎င်း၏ခြေထောက်တွင် ကြံ့ခိုင်စွာရပ်တည်နိုင်ရန်အတွက် အကျိုးသက်ရောက်မှုရှိနေကြောင်းကို ငြင်းဆိုရန် ခက်ခဲပေသည်။ အလ္လာဟ်အရှင်မြတ်ကို အောက်မေ့တသသတိရခြင်းနှင့် ယင်းအပေါ် ယုံကြည်မှုရှိခြင်းသည် အလွန်စွမ်းအားပြည့်ဝသည့် လျှပ်စစ်စွမ်းအင်နှင့် တူပေသည်။ ယင်းက ချည့်နဲ့သောလူတစ်ဦးသည် တောင်များကို ဖြတ်ကျော်ပြေးနိုင်ပေသည်။ ဤသည်နှင့်ပတ်သက်၍ ပုဂ္ဂိုလ်ရေးဆိုင်ရာ မသက်မသာဖြစ်မှု (သို့မဟုတ်) စိတ်လှုပ်ရှားမှုများရှိနေပါစေ ဤအလ္လာဟ်အရှင်မြတ်၏ တသသတိရမှုသည် ထိုအရာများအားလုံး ကင်းဝေး ပြေပျောက်စေရန် မောင်းထုတ်လိုက်သကဲ့သို့ ၎င်း၏ခြေထောက်မြဲမြံ၍ ၎င်း၏နှလုံးသားကို သန်မာစေပါသည်။

ဤအဆင့်တွင် ကျွန်ုပ်တို့စိတ်ဝယ် စွဲမှတ်ထားရမည်မှာ ဤကြီးမားသောစစ်ပွဲဖြစ်ချိန်သည် အများအားဖြင့် ကြောက်ရွံ့ ထိတ်လန့်ဖွယ်အချိန်တစ်ခုဖြစ်ကာ ယင်းအချိန်တွင် မည်သူက မည်သူတစ်ဦးကိုမျှ အောက်မေ့တသသတိရသည်မရှိဘဲ မိမိကိုယ်မိမိ ကာကွယ်ထိန်းသိမ်းနိုင်ရန်ဟူသောအတွေးဖြင့် အလုပ်များနေကြ ပါသည်။ ထို့ကြောင့် ဘုရားမဲ့အာရေးဗီးယားတွင်ရှိကဗျာဆရာများသည် တိုက်ပွဲပြင်းထန်စွာဖြစ်ပွားနေသော အချိန်မှာပင်လျှင် ၎င်းတို့သည် ၎င်းတို့ချစ်မြတ်နိုးသူတို့ကို သတိရလျက်ရှိသည်ဟု အခိုင်အမာပြောဆိုခဲ့ကြသည်။ ၎င်းတို့အတွက် ဤသည်မှာ နှလုံးသား၏စွမ်းအင်နှင့် အချစ်၏ခိုင်မြဲမှုကို သက်သေပြခြင်းဖြစ်ပေသည်။ ဘုရားမဲ့ကဗျာလင်္ကာဆရာတစ်ဦးက ပြောကြားခဲ့သည်မှာ **ذكرتك والخطى يخطر بيننا** (ကျွန်ုပ်တို့ကြားတွင် လှုံ့ဆော်ပျံနေသောအခါမှာပင် သင့်ကို ကျွန်ုပ်သတိရလျက်ရှိပါသည်) ဟူ၍ ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်က မုစ်လင်မ်များကို ဤသို့အန္တရာယ်ရှိနေသော အခြေအနေမျိုးအတွင်း မှာပင် အလ္လာဟ်အရှင်မြတ်၏ ဇီကိရ်ပြုလုပ်ရမည်။ ယင်းလုပ်ဆောင်မှုကို (**كَثِيرًا** များစွာ) ဟု အလေးအနက် ပြုတိုက်တွန်းထားသည်။

ဤနေရာ၌လည်း စဉ်းစားထိုက်သောအချက်မှာ အခြားသော အိဗာဒသ်လုပ်ရပ်များမဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်၏ ဇီကိရ်ကိုသာ လုပ်ဆောင်ရန်နှင့် ယင်းလုပ်ဆောင်မှုကို အဆက်မပြတ် ဆက်တိုက် များစွာလုပ်ဆောင်နေရန် ကုရ်အာန်ကျမ်းတော်မြတ်တစ်စောင်လုံးတွင် အမိန့်ပေးထားခဲ့သည်။ (**صَلٰوةً كَثِيرًا** ဆွလာသ် ဝတ်ပြုဆောက်တည်မှု များစွာလုပ်ဆောင်ခြင်း) နှင့် **صِيَامًا كَثِيرًا** (ဥပုသ်သီလ များစွာ တည်ဆောက်ခြင်း) စသည့် အသုံးအနှုန်းကို ကုရ်အာန်ကျမ်းတော်မြတ်၏ မည်သည့်နေရာမှ ဖော်ပြမထားပါ။ အကြောင်းမှာ အလ္လာဟ်အရှင်မြတ်၏ ဇီကိရ်သည် လုပ်ဆောင်ရန်လွယ်ကူ၍ သက်သောင့်သက်သာရှိသော ခဝပ်ကိုးကွယ်မှုတစ်မျိုးလည်းဖြစ်သည်။ ထိုကိစ္စလုပ်ဆောင်ရန် အသင့်တွင် အချိန်လည်း မကုန်၊ ပင်လည်းမပင်ပန်းသကဲ့သို့ အခြားကိစ္စတစ်ခုလုပ်နေခြင်းမှလည်း သင့်ကိုမရပ်နားစေပါ။ ထပ်ပြောရလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုကိစ္စလုပ်ဆောင်ရန် ဝုဇူ (ကိုယ်လက်ဆေးကြော သန့်စင်ခြင်း) သွဟာရသ် (မသန့်စင်မှု အကြီးအသေးမှကင်းစင်စေခြင်း) အဝတ်အစားဝတ်ဆင်ခြင်း၊ ကိဗ်ဗလဟ်ဘက် မျက်နှာမူစေခြင်း အစရှိသော မည်သည့်ကြိုတင်အခြေအနေများဖြစ်စေ၊ ကန့်သတ်ချက်များဖြစ်စေ မရှိစေခြင်းဖြင့် အလ္လာဟ်အရှင်မြတ်က သင့်ကို ကောင်းချီးမင်္ဂလာတစ်ရပ် ပေးထားသည်။ မည်သူမဆို ဤကိစ္စကို ဝုဇူနှင့်ဖြစ်စေ၊ ဝုဇူမရှိဘဲဖြစ်စေ၊ ရပ်လျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ လဲလျောင်းလျက်ဖြစ်စေ မည်သို့သော

အခြေအနေ၌မဆို လုပ်ဆောင်နိုင်သည်။ အကယ်၍ ကျွန်ုပ်တို့သည် အီမာမ်အလ်ဂဇီရီ၏ ကျော်ကြားလှသည့် ဟိစ်နေ့ဟစ္စီးမ်ကျမ်းပါ ယင်းကိစ္စနှင့်ပတ်သက်သည့် ပိုမိုမြင့်မားသည့် စူးစမ်းရှာဖွေချဉ်းကပ်နည်းအရဆိုလျှင် အလ္လာဟ်အရှင်မြတ်၏ ဇိကိရ်ဟူသည်မှာ နှုတ်ဖြင့်သော်လည်းကောင်း၊ နလုံးသားဖြင့်သော်လည်းကောင်းသာလျှင် ပြုလုပ်ရမည်ဟု ကန့်သတ်မထားပါ။ ကိုယ်တော်မြတ် ﷺ သခင်၏ အမိန့်နှာခံခြင်းဘောင်အတွင်းတွင် ရှိနေသော မည်သည့် ခွင့်ပြုဖွယ်လုပ်ရပ်ကိုမဆို လုပ်ဆောင်ခြင်းကိုပင် အလ္လာဟ်အရှင်မြတ်၏ ဇိကိရ်ဟုမှတ်ယူမည်ဖြစ်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ ဇိကိရ်ဟူသော သဘောတရားမှာ မည်မျှယေဘုယျကျ၍ လွယ်ကူသနည်းဟူမူ အိပ်စက်နေသူတစ်ဦးကို ဇာကိရ် (အလ္လာဟ်အရှင်မြတ်ကို အောက်မေ့တသသတိရသူတစ်ဦး) တစ်ဦးဟူ၍ ပင်ခေါ်ဆိုနိုင်သည်။ အချို့ ဆင့်ပြန်ချက်များတွင်ပါရှိသော **نوم العالم عبادة**(အာလင်မ်တစ်ဦး၏အိပ်စက်မှုသည် အီဗာဒသ် လုပ်ဆောင်ခြင်းအောက်တွင် အကျုံး ဝင်သည်) ဟူသည်က ဤသည်ကိုထောက်ခံထားသည်။ အဘယ့်ကြောင့်ဆိုသော် အာလင်မ်တစ်ဦး၏ အိလ်မ် (သို့မဟုတ်) အစွမ်းအသိပညာရှင်သည် သူ့အိလ်မ် (သို့မဟုတ်) အစွမ်းအသိပညာ၏ တောင်းဆိုချက်အရ ၎င်းအိပ်ပျော်နေစဉ်ဖြစ်စေ နိုးကြားစဉ်တွင်ဖြစ်စေ ၎င်းသည် အလ္လာဟ်အရှင်မြတ်အမိန့်တော်ကို နာခံမှုနယ်ပယ်အတွင်း နေထိုင်ရန်မှာ သူ့တာဝန်ဖြစ်ပေသည်။

လက်ရှိမူရင်းစာသားတွင် စစ်မြေပြင်တွင်ရှိစဉ် အလ္လာဟ်အရှင်မြတ်ကို မြောက်မြားစွာတသ သတိရရန် အမိန့်သည် များသောအားဖြင့် ခက်ခဲသောလုပ်ငန်းကို စူးစိုက်စေသည့်တာဝန်တစ်ရပ် မုဂျာဟိဒင်မ်များ အပေါ် ထမ်းဆောင်စေခြင်းတစ်ရပ်ဟု ထင်မှတ်ရသည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်ဇိကိရ်၏ ဂုဏ်သတ္တိမှာ တုန့်ပြန်မရသည်မှာ မုချဇကာန်ဖြစ်သည်။ ယင်းလုပ်ရပ်သည် လုပ်ဆောင်သူအပေါ်၌ ဝန်ထုပ်ဝန်ပိုးမဟုတ်ပါ။ ယင်း လုပ်ရပ်သည် ကျေနပ်ပျော်ရွှင်မှု၊ အင်အားရှိမှုနှင့် အရသာတစ်မျိုးဖြစ်သော ယင်းလုပ်ရပ် သည် ဘဝတွင် မြောက်မြား စွာသော လုပ်ဆောင်ဖွယ်ရာများ ပြီးမြောက်စေရန် အကူအညီပေးသည်။ ထိုကိစ္စနှင့်ပတ်သက်လျှင် အလုပ်ကြမ်း လုပ်နေသူသည် အလေ့အကျင့်အနေဖြင့် အလုပ်လုပ်စဉ် သီချင်းညည်းနေသည်ကို ယေဘုယျ သတိမူမိပါလိမ့်မည်။ ကုရ်အာန်ကျမ်းမြတ်သည် မုစ်လင်မ်များကို ဇိကိရ်အတွက် မရေမတွက်နိုင်လောက်သော အကျိုးကျေးဇူးများနှင့် အသိဉာဏ်ရှိသော ဆင်ခြင်တွေးတောမှုများ ပါဝင်သည့် အစားထိုးမှုတစ်ခုဖြင့် ကောင်းချီးမင်္ဂလာ ပေးထားသည်။ ထို့ကြောင့် အာယသ်တော်ဆုံးခါနီး၌ **لَعَلَّكُمْ تُفْلِحُوْنَ** "သို့မှသာ အသင်တို့သည် အောင်မြင်ကြမည်ဖြစ်လေသည်-၄၅" ဟု မိန့်ထားသည်။ ဆိုလိုသည်မှာ အကယ်၍ အသင်တို့သည် မြဲမြံကြံခိုင်စွာရပ်တည်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်အား သတိရခြင်းဆိုသည့် စမ်းသပ်ပြီးသည့် နည်းလမ်းနှစ်ရပ်ကို ကျွမ်းကျင်ပိုင်နိုင်ကာ စစ်မြေပြင်၌ အသုံးချပါက ကြီးပွားခြင်းနှင့် အောင်မြင်ခြင်းဟူသည့် အရာအားလုံးသည် အသင်တို့အတွက်ဖြစ်သည်မှာ မုချဇကာန်ပင် ဖြစ်သည်။

စစ်မြေပြင်တွင် အလ္လာဟ်အရှင်မြတ်ကို အောက်မေ့တသသည့်နည်းတစ်နည်းကား ကျွန်ုပ်တို့ အသိအမှတ်ပြု၍ ကျော်ကြားလှသည့် အလ္လာဟ်ဟုအတ်ကွာဗရ်ဟုအော်သော စစ်ချီသံဖြစ်သည်။ (နာရဟ် သတ်ကဗီရ်)ရွတ်ဆိုမှုသည်စစ်မြေပြင်၌အလ္လာဟ်အရှင်မြတ်၏ကြီးကျယ်မှုအပေါ် ယုံကြည်မှုကိုအသံဖြင့်ရေရာတိကျစွာဖော်ပြခြင်းဖြစ်သည်။ သို့ဖြစ်၍ "အလ္လာဟ်ဟုအတ်ကွာဗရ်" ဟု ပြောခြင်းပင်လျှင် ဇိကိရ် (သို့မဟုတ်) အလ္လာဟ်အရှင်မြတ်ကို တသသတိရခြင်းပုံစံတစ်မျိုးပင်ဖြစ်သည်။ ထပ်ဆိုရလျှင် အလ္လာဟ်အရှင်မြတ်၏အတွေးကို မျက်ခြည်မပြတ်ထားခြင်း၏ သဘောသည်လည်း အလ္လာဟ်အရှင်မြတ်ကို ယုံကြည်မှုအားထားမှုနှင့် အလ္လာဟ်အရှင်မြတ်အား နှလုံးသားဖြင့် အောက်မေ့တသသတိရခြင်းဖြစ်ပေသည်။ ထိုသို့သောကြောင့် အလ္လာဟ်အရှင်မြတ်၏ ဇိကိရ်ဟူသောစကားလုံးတွင် ဤအရာများအားလုံး အကျုံးဝင်သွားသည်။

အာယသ်(၄၆)သို့ ဆက်သွားရာ၌ ယုံကြည်သက်ဝင်သူများ လိုက်နာကျင့်သုံးရန် စေ့ဆော်ထားသော တတိယ ညွှန်ကြားချက်တစ်ရပ်ကို **اَطِيْعُوا اللّٰهَ وَرَسُوْلَهٗ** "ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များ ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်၏ အမိန့်တော်များကိုလည်းကောင်း လိုက်နာကြလေကုန်"ဟူသည်တွင် ကျွန်ုပ်တို့ တွေ့မြင်ရသည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်ထံတော်မှ အကူအညီ အထောက်အပံ့တို့သည် ထိုအရှင်မြတ်ကို အမိန့်နာခံခြင်းဖြင့်သာလျှင် ရရှိနိုင်ကြောင်း မျှော်လင့်နိုင်သည်။ လျစ်လျူရှုခြင်းနှင့် အမိန့်ဖီဆန်ခြင်းသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ လာရှိသည့် မည်သို့သော သနားကရုဏာကိုမဆို ကင်းမဲ့စေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ရှေ့မှောက်တွင် စစ်မြေပြင်အတွက် လုပ်ဆောင်ရန် ကုရ်အာန်ကျမ်းတော်မြတ်၏ နည်းဥပဒေ နည်းလမ်း(၃)သွယ် ရှိပေသည်။ ယင်းမှာ (၁) မြဲမြံကြံ့ခိုင်ခြင်း၊ (၂) အလ္လာဟ်အရှင်မြတ်၏ ဇီကိရ်၊ (၃)အမိန့်နာခံခြင်းတို့ဖြစ်သည်။ ထို့နောက် **وَ لَا تَنَازَعُوْا فَتَفْشَلُوْا وَ تَذْهَبَ رِيْحُكُمْ وَ اصْبِرُوْا** "ထို့ပြင် အသင်တို့သည် အချင်းချင်း အငြင်းမပွားကြကုန်လင့်။ သို့အငြင်းပွားခဲ့လျှင် အသင်တို့သည် စိတ်ဓာတ်ကျဆုံးကြလေသည်။ အသင်တို့၏လေ (အင်အား)သည်လည်း ဆုတ်ယုတ်သွားချေမည်။ ၎င်းအပြင် အသင်တို့သည် သည်းခံကြလေကုန်-၄၆" ဟု မိန့်ထားသည်။

ဤနေရာ၌ လုပ်ဆောင်မှုဆိုင်ရာ အကျိုးမဖြစ်ထွန်းသည့် အသွင်များမှ ရှောင်ရှားရန်သတိပေးချက် တစ်ခု ပါဝင်သည်။ အောင်နိုင်ဖွယ် စစ်ပွဲကြိုးပမ်းမှုကို အဟန့်အတားဖြစ်စေသည့် အကျိုးမဖြစ်ထွန်းသော လုပ်ရပ်မှာ အချင်းချင်း သဘောထားကွဲလွဲ၍ ငြင်းခုံကြခြင်းဖြစ်သည်။ ထို့ကြောင့် **وَ لَا تَنَازَعُوْا** "ထို့ပြင် အသင်တို့သည် အချင်းချင်း အငြင်းမပွားကြကုန်လင့်-၄၆" ဟု မိန့်ထားရခြင်းမှာ စိတ်ဝမ်းကွဲပြားခြင်းနှင့် ငြင်းခုံခြင်းမှာ ၎င်းတို့၏လွှမ်းမိုးမှု ပုံရိပ်ပျောက်ဆုံးစေသော သူရဲဘောကြောင်မှု ဖြစ်ပွားစေသည်။

အာယသ်တော်က ဤအချင်းချင်း ငြင်းခုံမှု၏အဆုံးသတ်ရလဒ်ကို ထောက်ပြထားသည်မှာ (၁) အသင်တို့သည် ပုဂ္ဂိုလ်ရေးဆိုင်ရာ အင်အားချည့်နဲ့၍ သူရဲဘောကြောင်စေသည်။ (၂) အသင်တို့၏လွှမ်းမိုးမှု ပျောက်ဆုံးကာရန်သူ များအမြင်တွင် သင်တို့၏အဆင့် နိမ့်ကျသွားလိမ့်မည်။ အချင်းချင်းငြင်းခုံမှုကြောင့် ငြင်းခုံသူများသည် အခြားသူများအမြင်တွင် အဆင့်နိမ့်ကျသည်မှာ ထင်ရှားသည်။ သို့သော်လည်း ယင်းကြောင့် တစ်စုံတစ်ဦး၏ အင်အားချည့်နဲ့မှုနှင့် သူရဲဘောကြောင်သူ ဖြစ်သွားစေရန် ၎င်း၏စွမ်းအား မည်ကဲ့သို့ထိခိုက်စေပါသနည်း။ အကြောင်းမှာ အချင်းချင်း စည်းလုံး ညီညွတ်မှုနှင့် ယုံကြည်မှုက အုပ်စုတစ်ခုလုံးတွင်ပါသည့် လူတိုင်းအား စွမ်းအင်ဖြင့်ထောက်ကူပြုစေပါသည်။ ထို့ကြောင့် တစ်စုံတစ်ဦးသည် အချင်းချင်းညီညွတ်လျှင် အုပ်စုတစ်ခုလုံး၏ အင်အားကလည်း ၎င်းတွင်ရှိသည်ဟု ထင်မှတ်ရသည်။ ထို့ပြင် အချင်းချင်းစည်းလုံးညီညွတ်မှုနှင့် ယုံကြည်မှုများပျောက်ကွယ်သည်နှင့် တစ်ပြိုင်နက် သူ့ကိုယ်ပိုင်စွမ်းအင်သာ ကျန်ရစ်တော့သည်။ ယင်းကြောင့် စစ်မြေပြင်သည် လူသတ်ကွင်းတစ်ခု ဖြစ်သွားသည်မှာ ထင်ရှားသည်။

ထို့နောက် **وَاصْبِرُوْا** ၎င်းပြင် အသင်တို့သည် သည်းခံကြလေကုန်-၄၆" ဟု မိန့်ထားခဲ့သည်။ အဆိုအမိန့်၏ မူရင်းစာသားကို ကြည့်ခြင်းဖြင့်ငြင်းခုံမှုနှင့် စိတ်ဝမ်းကွဲပြားမှုတွင် ပါဝင်ပတ်သက်ခြင်းမှ ကင်းရှင်းစွာနေခြင်းသည် အောင်မြင်မှု ဆေးစွမ်းကောင်းတစ်ခုအဖြစ် အကြံပြုထားဟန်ရှိသည်။ ရှင်းပြရလျှင် အုပ်စုတစ်စုတွင် စည်းလုံးညီညွတ်သော ရည်မှန်းချက်နှင့် အတွေးအခေါ်မည်မျှပင်ရှိနေစေကာမူ လူသားတစ်ဦး ချင်းစီ၏ ရုပ်ပိုင်းဆိုင်ရာမျိုးရိုးဗီဇမှာ ကွဲပြားခြားနားကြပါသည်။ ထို့နောက် ရည်မှန်းချက်တစ်ခုအတွက် အောင်မြင်မှုရရေးလုပ်ငန်းစဉ်တွင် အတွေ့အကြုံရှိ၍

နားလည်သဘောပေါက်ပြီးသူများကြားတွင် အယူအဆ ကွဲပြားနိုင်သည်ကား မလွဲမရှောင်သာဖြစ်ပေသည်။ ထို့ကြောင့် အခြားသူများနှင့် လက်တွဲ၍ ၎င်းတို့နှင့် တစ်ပေါင်းတစ်စည်းတည်ဖြစ်စေရန်မှာ ကိုယ့်အကြိုက်နှင့်သဘောမတွေ့လျှင် သည်းခံနေပါ။ လိုအပ်လျှင် ၎င်းတို့အား လျစ်လျူရှုသည့်အကျင့်လုပ်ရန်မှအပ အခြားမရှိပြီ။ တစ်နည်းဆိုရလျှင် သူ၏ ကိုယ်ပိုင်အယူအဆပေါ်တွင် အတင်းအကြပ်လည်းမလုပ်နှင့်၊ ညှိနှိုင်း၍မရမဖြစ်ပါစေနှင့်။ အကယ်၍ သူအယူအဆကို လက်မခံလျှင် သူသည် မပေါက်ကွဲသင့်ချေ။ ရန်မဖြစ်သင့်ချေ။ ဆွဗရ် (သို့မဟုတ်) သည်းခံခြင်းသည် ဤပျော့ပျောင်းမှု အရည်အသွေး၏ အခြားအမည်ပင်ဖြစ်ပါလိမ့်မည်။ ဤခေတ်တွင် အချင်းချင်း အငြင်းအခုံဖြစ်ခြင်းသည် အလွန် ဆိုးဝါးကြောင်း လူတိုင်းသိ၍ လူတိုင်းပြောကြပါသည်။ သို့သော်လည်း ယင်းသို့ဖြစ်ခြင်းမှ အလွတ်ကင်းဆုံးနေနိုင်ရန် အတော်ဆုံးလုပ်ရပ်မှာ သူ၏ရုပ်ပိုင်းဆိုင်ရာ စိတ်ဆန္ဒနှင့်မကိုက်ညီပါက သည်းခံပြီးနေနိုင်ရန် သူလေ့ကျင့်ရပေမည်။ ထို့နောက် သူအယူအဆကို လူအများကလက်ခံခြင်း၊ ယင်းအတိုင်း လိုက်နာကျင့်သုံးခြင်းဆိုသည်တို့နှင့်ပတ်သက်၍ စိတ်မပူသင့်ချေ။ ယင်းနည်းလမ်းကို အောင်မြင်စွာအသုံးချနိုင်ရန်မှာမူ လူအနည်းငယ်သာလျှင် တတ်သိနားလည်ကြပါသည်။ ရလဒ်မှာကား စည်းလုံးခြင်း၊ ညီညွတ်ခြင်းနှင့်ပတ်သက်သော ဟောပြောချက်များအားလုံးသည် အသုံးမဝင်ဖြစ်သွားသည်။ အများအားဖြင့် တစ်စုံတစ်ဦးသည် ၎င်း၏အယူအဆကို အခြားသူများလက်ခံရန် လုပ်နိုင်စွမ်းမရှိဆိုသည်ကို လက်ခံရမည်။ သို့သော်လည်း လက်ခံရန် ဖြစ်နိုင်ချေနှစ်ခုကား ရှိသည်။ (၁) သူကိုယ်တိုင်က အခြားသူပြောသည်ကို လက်ခံရမည်။ (၂) သူအကြောင်းပြချက်နှင့် တရားမျှတမှု၏ ခိုင်းစေချက်သည် သူ့ကို ယင်းတို့ အားလက်မခံရန် စေ့ဆော်ခဲ့လျှင် ဖြစ်နိုင်ဖွယ်ရာ အငြင်းပွားမှုတစ်ခုကို ရှောင်ရှားရန် ဘာမျှမပြောဘဲ နေနိုင်သည်။ ဤမျှလောက်သည် တစ်စုံတစ်ဦးစွမ်းအင်နှင့် ထိန်းချုပ်နိုင်မှုအတွင်းရှိပေသည်။ ထို့ကြောင့် စိတ်ဝမ်းကွဲပြားမှုနှင့် ငြင်းခုံခြင်း ရှောင်ရှားရန် ညွှန်ကြားချက်နှင့်အတူ ကုရ်အာန်ကျမ်းတော်မြတ်သည် အုပ်စုတစ်စု၏ လူတစ်ဦးစီတိုင်းအား ငြင်းခုံခြင်းမှ ရှောင်ရှားခြင်းသည် လွယ်ကူသောအကျင့်ဖြစ်သွားစေရန် သည်းခံခြင်းအား စောင့်ထိန်းရေး သတိပေးနှိုးဆော်ထားသည်။

ဤအဆင့်တွင် ကုရ်အာန်ကျမ်းတော်မြတ်၏ **لَا تَنَازَعُوْا** "ထို့ပြင် အသင်တို့သည် အချင်းချင်း အငြင်းမပွားကြကုန်လင့်-၄၆" ဟူသော အဆိုအမိန့်ကို စဉ်းစားထိုက်ပေသည်။ ဤနေရာတွင် အချင်းချင်း ငြင်းခုံခြင်းနှင့် မည်သည့် သဘောထားကွဲလွဲမှုကိုမဆို ယင်းတို့ကို ထုတ်ဖော်ခြင်းတို့အား ရပ်တန့်စေခဲ့သည်။ ရိုးသားခြင်းနှင့် စိတ်စေတနာဖြူစင်ခြင်းတို့က စေ့ဆော်သောသဘောထားကွဲလွဲမှုသည် မည်သည့်အခါမှ အငြင်းအခုံ မဖြစ်စေပါ။ အငြင်းအခုံနှင့် စကားများခြင်းသည် သာမန်သဘောထားကွဲခြင်းထက် ကျော်လွန်မှသာ ဖြစ်ပေါ်ပေသည်။ အထူးသဖြင့် တစ်စုံတစ်ဦးသည် ၎င်း၏စိတ်လှုပ်ရှားသော သဘောဆန္ဒအရ အခြားသူများသည် ၎င်းပြောသမျှ အတင်းအကြပ်လက်ခံစေခြင်းနှင့် အခြားသူပြောသမျှလက်မခံခြင်းဖြစ်သည်။ ဤစိတ်လှုပ်ရှားသော သဘောဆန္ဒကို **وَاصْبِرُوْا** (၎င်းပြင် အသင်တို့သည် သည်းခံကြလေကုန်-၄၆) ဟူသည်နှင့် ဖယ်ရှားထားသည်။ ထို့နောက် အဆုံး၌ သည်းခံခြင်းကို စောင့်ထိန်းခြင်းအားဖြင့် အလွန်နူးညံ့သည့်အကျိုးတရားရရှိနိုင်သည်ကို ထောက်ပြကာ ထိုကိစ္စနှင့်ပတ်သက်၍ မနှစ်မြို့ဖွယ်ရာများ ပယ်ရှားစေပါသည်။ ထို့နောက် **اِنَّ اللّٰهَ مَعَ الصّٰبِرِيْنَ** "ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် သည်းခံသူများနှင့်အတူ ရှိတော်မူပေသတည်း-၄၆" ဟု မိန့်ထားသည်။ အချိန်တိုင်း အခြေအနေတိုင်းတွင် အလ္လာဟ်အရှင်မြတ်သည် ထိုသည်းခံသူများနှင့်အတူရှိနေသည်ဆိုသည့် မြင့်မြတ်မှုမှာ ကျွန်ုပ်တို့သိသည်ဖြစ်စေ မသိသည်ဖြစ်စေ ဤကမ္ဘာတွင်လည်းကောင်း နောင်တမလွန်ဘဝတွင် လည်းကောင်း ရှိနေသည့် ကြီးမားလှသော စည်းစိမ်ဥစ္စာများနှင့် နှိုင်းစာလျင် ဘာမျှ မဟုတ်တော့ပါ။

ဤညွှန်ကြားချက်များကို သူတို့တွင် အမြဲတစေရှိသော တုံ့ပြန်မှုဖြစ်သွားစေရန် တမန်တော်မြတ်ကြီး ﷺ သည် အစွလာမ်ဘာသာအတွက် ဖြစ်ပွားသောတိုက်ပွဲများတွင် စစ်တိုက်သောနေရာမှာပင် အောက်ပါမိန့်ခွန်းကို မိန့်ကြားတော်မူခဲ့ပါသည်။ ယင်းမှာ-

> "အို - ကျွန်ုပ်၏လူတို့၊ ရန်သူအား စစ်ဆင်နွှဲတိုက်ခိုက်ရန် မမျှော်မှန်းပါနှင့်။ ထိုသည်၏အစား အသင့်အား အေးချမ်းသာယာသောအခြေအနေနှင့်၊ ကျန်းမာချမ်းသာသော အနေအထားတွင် ထားရှိပေးစေရန်အတွက် အလွှာဟ် အရှင်မြတ်ထံ ဆုမွန်ဒုအာတောင်းပါလေ။ သို့သော်လည်း မလွှဲမရှောင်သာ စစ်ပွဲဖြစ်ပွားကာ ရန်သူကို ရင်ဆိုင်ရတော့ မည်ဆိုလျှင် အသင်သည် ခိုင်ခိုင်မြဲမြဲ ရပ်တည်ကာ သည်းခံရပါမည်။ ၎င်းနောက် နိဗ္ဗာန်ဘုံသည် ဓားများ၏အရိပ် အောက်တွင် ရှိသည်ဆိုသည်ကို စွဲမြဲစွာယုံကြည်ပါ" ဟူ၍ ဖြစ်သည်။ (မုစ်လင်မ်)

ဆန့်ကျင်ဘက်ဖြစ်ပြီး နစ်နာစေသောလုပ်ဆောင်မှုအတွက် သတိပေးထားချက်ကို အာယသ်(၄၇) ထဲတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ၎င်းနောက်ယင်းကဲ့သို့သောလုပ်ရပ်မှ ရှောင်ကြဉ်ရန်အကြံပြုထားသော လုပ်ရပ်မှာ သက်ဝင်ယုံကြည်သူများသည် ၎င်းတို့၏စွမ်းအင်နှင့် အရေအတွက်အပေါ် မမောက်မာစေရန်နှင့် ၎င်းတို့အကျိုးအတွက် လုပ်ဆောင်ခြင်းဟူသော ပြစ်မှုကိုလည်း မကျူးလွန်ရန်ဖြစ်သည်။ ထိုသည်၏အစား လက်ရှိတာဝန် ဝတ္တရားအပေါ်၌သစ္စာရှိနေရပါမည်။ အဘယ့်ကြောင့်ဆိုသော် ဤနည်းလမ်းနှစ်ခုသည် ကမ္ဘာ့အင်အားကြီးများကို ပျက်စီးစေပါလိမ့်မည်။

ဤအာယသ်ထဲတွင် လက်နက်အင်အား လူအင်အားများစွာတို့ဖြင့် သူတို့၏ကုန်သွယ်ယာဉ်တန်းကို အကာအကွယ်ပေးရန်အတွက် ထွက်ခွာသွားသော မက္ကာဟ်မြို့ရှိ ကိုရိုက်ရှ်များသည် ၎င်းတို့၏အရေ အတွက်နှင့် အင်အားအပေါ် မောက်မာခဲ့သည့်အခြေအနေများအကြောင်းကို ရည်ညွှန်းထားပါသည်။ ကုန်သွယ် ယာဉ်တန်းသည် မုစ်လင်မ်တို့က တိုက်ခိုက်နိုင်ချေရှိသည့် အကွာအဝေးမှ ကျော်လွန်သွားသည့်တိုင် မက္ကာဟ်မြို့သားတို့သည် ပြန်လည်၍ တပ်မရုတ်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် စစ်တိုက်မည့်နေရာတွင် သူတို့၏ စွမ်းရည်သတ္တိပြသရန်ဆိုသည့် လုပ်ဆောင်ရန် အကြောင်းရှိသောကြောင့်ဖြစ်သည်။

ခိုင်လုံသောတင်ပြချက်များအရ အဗူဆွဖ်ယာန်သည် သူ၏ကုန်သွယ်ယာဉ်တန်းအား မုစ်လင်မ်များ တိုက်ခိုက်နိုင်စွမ်းရှိသည့် အကွာအဝေးမှ လွတ်ကင်းသွားသောအခါ၌ အဗူဂျာဟိလ်ထံသို့ ၎င်းတို့ဆက် လက် လိုက်ရန်မလိုဘဲ ပြန်လည်ဆုတ်ခွာရန်ဆိုသည့် စာတစ်စောင်ကို ဆက်သားတစ်ဦးဖြင့် ပို့ခဲ့ပါသည်။ ကိုရိုက်ရှ် ခေါင်းဆောင် အတော်များများသည်လည်း ဤအကြံပြုချက်ကို သဘောတူညီခဲ့ကြသည်။ သို့ရာတွင် သူ၏မောက်မာမှု၊ ပလွှားမှု၊ ထင်ပေါ်ကျော်ကြားလိုမှုတို့၏ စေ့ဆော်ချက်အရ သူနှင့်သူ၏အပေါင်းပါတို့သည် ဗဒ်ရိစ်မြေပြင်သို့ အရောက်သွားကာ ထိုနေရာ၌ သူတို့၏အောင်ပွဲကို ရက်အနည်းငယ်ခန့်ကျင်းပပြီး ပြန်လည်တပ်ရုပ်မည်ဟူ၍ အဗူဂျာဟိလ်က ကျိန်တွယ်၍ ပြောပါသည်။

ရလဒ်မှာ သူနှင့်သူ၏ကျော်ကြားသော အပေါင်းအပါတို့သည် ထိုနေရာ၌အမြဲတစေ မြှုပ်နှံခြင်းခံ ကြရပါသည်။ မုစ်လင်မ်များအား ထိုသူတို့ ရွေးချယ်ကျင့်သုံးခဲ့နည်းလမ်းများမှ ရှောင်ကြဉ်ရန် ညွှန်ကြားခဲ့ပါသည်။

အာယသ် (၄၈-၄၉)

وَ اِذْ زَيَّنَ لَهُمُ الشَّيْطٰنُ اَعْمَالَهُمْ وَ قَالَ لَا غَالِبَ لَكُمُ الْيَوْمَ مِنَ النَّاسِ وَ
اِنِّيْ جَارٌ لَّكُمْ ۚ فَلَمَّا تَرَآءَتِ الْفِئَتٰنِ نَكَصَ عَلٰى عَقِبَيْهِ وَ قَالَ اِنِّيْ بَرِيْٓءٌ مِّنْكُمْ
اِنِّيْٓ اَرٰى مَا لَا تَرَوْنَ اِنِّيْٓ اَخَافُ اللّٰهَ ؕ وَ اللّٰهُ شَدِيْدُ الْعِقَابِ ﴿۴۸﴾ اِذْ يَقُوْلُ
الْمُنٰفِقُوْنَ وَ الَّذِيْنَ فِيْ قُلُوْبِهِمْ مَّرَضٌ غَرَّ هٰٓؤُلَآءِ دِيْنُهُمْ ؕ وَ مَنْ يَّتَوَكَّلْ عَلَى اللّٰهِ
فَاِنَّ اللّٰهَ عَزِيْزٌ حَكِيْمٌ ﴿۴۹﴾

ထို့ပြင် (ပြန်လည်အောက်မေ့သတိရကြလေကုန်)။ အကြင်အခါဝယ် "ရှိုင်တွာန်" မိစ္ဆာကောင်သည် ၎င်းတို့၏အပြုအမူတို့ကို ၎င်းတို့၏အမြင်၌ လှပတင့်တယ်အောင် ပြုခဲ့လေသည်။ ၎င်းပြင် ထို "ရှိုင်တွာန်" မိစ္ဆာကောင်က "ယနေ့လူတို့အနက်မှ အသင်တို့အား အောင်နိုင်မည့်သူဟူ၍ မည်သူတစ်ဦးတစ်ယောက်မျှမရှိဧချ။ ငါသည် အသင်တို့အား ကာကွယ် စောင့်ရှောက်မည့်သူဖြစ်သည်" ဟူ၍လည်း ပြောဆိုခဲ့လေသည်။ ထို့နောက် အုပ်စုနှစ်စုသည် ရင်ဆိုင်ကြသောအခါ ယင်းရှိုင်တွာန်မိစ္ဆာကောင်သည် နောက်ဆုတ်၍ ထွက်ပြေးသွားခဲ့လေသည်။ ၎င်းပြင် ယင်းရှိုင်တွာန်မိစ္ဆာ ကောင်က "ဟယ် အချင်းတို့၊ ငါသည် အသင်တို့နှင့်မပတ်သက်၊ တာဝန်ကင်းသည်။ ငါသည် အသင်တို့မမြင်ရသော အရာများကို မြင်၏။ ငါသည် ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ပါ၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်စွာ အပြစ်ပေးတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်" ဟု ဆိုခဲ့လေသည်။ (၈ : ၄၈)

(ပြန်လည်၍ သတိရကြလေကုန်)။ အကြင်အခါ၌ "မုနာဖစ်က်" မုစ်လင်မ်အယောင်ဆောင်တို့ကလည်းကောင်း၊ စိတ်နလုံးတွင်း၌ ရောဂါ စွဲကပ်လျက်ရှိသူတို့ကလည်းကောင်း၊ (မုစ်လင်မ်များနှင့်ပတ်သက်၍) "ဤသူတို့အား ၎င်းတို့၏ ဒီန်သာသနာက လှည့်စား၍ထားလေသည်" ဟု ပြောဆိုကြကုန်၏။ အမှန်စင်စစ်သော်ကား မည်သူမဆို အလ္လာဟ် အရှင်မြတ်အပေါ်၌ ယုံကြည်စိတ်ချ လွှဲအပ်သည်ရှိသော် (ထိုသူသည် အောင်မြင်မည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်) ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသောအရှင်၊ နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်တော် မူသောကြောင့်ပင် ဖြစ်ပေသတည်း။ (၈ : ၄၉)

**အကျယ်ဖွင့်ဆိုခြင်း**

စူရာဟ် "အလ်အန်ဖာလ်"သည် အစကတည်းကပင် ဗဒ်ရိစစ်ပွဲနှင့်ပတ်သက်သော အမှန်တကယ် အဖြစ်အပျက်များ၊ အခြေအနေများအကြောင်း ယင်းတို့မှပေးသောသင်ခန်းစာများနှင့် ဆက်စက်သည့်အမိန့် ပညတ်ချက်များကို ဖော်ပြခဲ့ပါသည်။

ဤနေရာ၌ ပြန်လည်တင်ပြသော ယင်းတို့အနက်မှ အဖြစ်အပျက်တစ်ခုတွင် "ရှိုင်တွာန်"သည် မက္ကာဟ်မြို့ရှိ မယုံကြည်သွေဖည်သူတို့အား လမ်းလွဲသို့ပို့ဆောင်ကာ မုစ်လင်မ်များနှင့် စစ်ခင်းရန် ၎င်းတို့အား နှိုးဆော်တိုက်တွန်းခဲ့ပါသည်။ထို့နောက် သူသည်ထိုသူများအားစစ်တလင်း၏အလယ်သို့ရောက်စေကာ သူကမူစွန့်ခွာထွက်ပြေးခဲ့ပါသည်။ ဤအဖြစ်အပျက်အား အာယာသ်တော်(၄၈)အစတွင် ဖော်ပြထားပါသည်။

"ရှိုင်တွာန်"ဤလှည့်ဖြားမှုသည် ကိုရိုက်ရှ်တို့၏ နလုံးသားများထဲသို့ စိတ်မလုံမလဲဖြစ်စေမှုများ ထည့်သွင်းခဲ့ပါသလော။ သို့တည်းမဟုတ် ရှိုင်တွာန်သည် ကိုရိုက်ရ်များထံသို့ လူသားအသွင်ဖြင့်ရောက်ရှိကာ ၎င်းတို့နှင့် မျက်နှာချင်းဆိုင် စကားပြောခဲ့ပါသလော။ ဤတွင်နှစ်မျိုးစလုံး ဖြစ်နိုင်ချေရှိပါသည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်စကားလုံးများက ဒုတိယအနေအထားကို ထောက်ခံဟန်ရှိပါသည်။ ယင်းမှာ ရှိုင်တွာန်သည် ၎င်းတို့၏ရှေ့မှောက်တွင် လူသားတစ်ဦးအသွင်နှင့် ပေါ်ပေါက်လာကာ ၎င်းတို့အား လမ်းမှားသို့ ရောက်စေခဲ့ပါသည်။

အိမာမ်အိဗ်နိုဂျရီးတင်ပြသော အဗ်ဒုလ္လာဟ်အိဗ်နိအဗ္ဗားစ်၏ ဆင့်ပြန်ချက်အရ မက္ကာဟ်မြို့ရှိ ကိုရိုက်ရှ်တို့၏ စစ်တပ်သည် ထိုမြို့မှစစ်ချီထွက်ခွာသွားခဲ့ကြသည်။ ထိုအခါ၌ ၎င်းတို့၏ရန်သူလည်းဖြစ်၊ အနီးအနားတွင် နေထိုင်သူလည်းဖြစ်သော ဗနူဗကရ်လူမျိုးများက အန္တရာယ်ပြုနိုင်သောကြောင့် ကိုရိုက်ရှ်တို့သည် အလွန်အမင်း ပူပင်သောကရောက်ခဲ့ကြပါသည်။ မုစ်လင်မ်များကို ရင်ဆိုင်ရန်အတွက် ၎င်းတို့စစ်ချီထွက်ခွာသွားသည်နှင့်တစ်ပြိုင်နက် ၎င်းတို့အား ရန်လိုသော ဤမျိုးနွယ်စုသည် ၎င်းတို့၏အိုးအိမ်များ၊ ၎င်းတို့၏ဇနီးများနှင့် သားသမီးတို့အား ဝင်ရောက်တိုက်ခိုက်ရန် အခွင့်အရေးတစ်ရပ်ရသွားသည်ဟု စိုးရိမ်မိခဲ့ကြသည်။ သူတို့၏ကုန်သွယ်ယဉ်တန်း ခေါင်းဆောင်ဖြစ်သော အဗူစွဖ်ယာန်၏ ဝမ်းနည်းဖွယ်ရာ အသနားခံချက်ကို တုံ့ပြန်ရန်အတွက် သူတို့အဆင်သင့်ဖြစ်နေကြောင်း ပြသခဲ့ခြင်းကို သံသယဖြစ်စရာမလိုချေ။ သို့သော်လည်း ကျန်ရစ်သူများအပေါ် ကျရောက်နိုင်သောအန္တရာယ်ကြောင့် သူတို့သည် နောက်တွန့်ဆုတ်နေကြပါသည်။ ဤသို့ရှုပ်ထွေးလှသော အခြေအနေတွင် ရုတ်တရက်ဆိုသလို စုရာကားဟ် အိဗ်နိမာလစ် အယောင်ဆောင်ကာ သူ၏လက်တွင် အလံတစ်ခုကိုင်လျက် ကြုံခိုင်သောတပ်ခွဲတစ်ခုကိုခြံရံကာ ရှိုင်တွာန်သည် ပေါ်ထွက်လာခဲ့လေသည်။ စုရာကဟ်အိဗ်နိမာလိစ်က်ဆိုသူမှာ ဒုက္ခပေးနိုင်သည်ဟုမျှော်လင့်ထားသော လူမျိုးစုအပေါ်၌ ဩဇာရှိသောခေါင်းဆောင်တစ်ဦးဖြစ်သည်။ သူသည် ရှေ့သို့ထွက်လာကာ ကိုရိုက်ရှ်လူငယ်များပါဝင်သော စစ်တပ်အား ဦးတည်ပြောကြားကာ နည်းလမ်းနှစ်မျိုးနှင့် လမ်းမှားသို့ရောက်စေခဲ့ပါသည်။ ဦးစွာပထမ သူက **لَا غَالِبَ لَكُمُ الْيَوْمَ مِنَ النَّاسِ** "၎င်းပြင် ရှိုင်တွာန်မိစ္ဆာကောင်က "ယနေ့ လူတို့အနက်မှ အသင်တို့အား အောင်နိုင်မည့်သူဟူ၍ မည်သူတစ်ဦး တစ်ယောက်မျှမရှိ" (၈း၄၈)ဟူ၍ ပြောခဲ့လေသည်။ ဤသည်အရ သူက ဆိုလိုသည်မှာ ၎င်းတို့ရန်သူများ၏ အင်အားကိုလည်း ကောင်းကောင်းသိပါသည်။ ၎င်းပြင် ကုရိုက်ရှ်တို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် အရေအတွက် သာလွန်မှုကိုလည်း သူမြင်ရပါသည်။ ထို့ကြောင့် ၎င်းတို့သည် ပူပင်သောကမရောက်ဘဲ အောင်နိုင်မှုရရှိရန်အတွက် စစ်ထွက်သင့်သည်။ မည်သူတစ်ဦးတစ်ယောက်မျှ ၎င်းတို့အား အောင်နိုင်လိမ့်မည်မဟုတ်ဟုပြောဆိုကာ ထိုသူများအား အာမခံခဲ့ပါသည်။

ထို့နောက် ရှိုင်တွာန်က **إِنِّي جَارٌ لَّكُمْ** "ငါသည် အသင်တို့အား ကာကွယ်စောင့်ရှောက်မည့်သူ ဖြစ်သည်" (၈း၄၈)ဟူ၍ ပြောခဲ့လေသည်။ ဤကဲ့သို့ပြောဆိုခြင်းက ၎င်းတို့မရှိစဉ်တွင် မက္ကာဟ်မြို့ရှိ ၎င်း၏အိုးအိမ်များနှင့် မိသားစုတို့အား ဗနူဗကရ်အုပ်စုမှ ဝင်ရောက်တိုက်ခိုက်လိမ့်မည်ဟူသော ၎င်းတို့၏အတွေးကို ရည်ညွှန်းပါသည်။ ဤနေရာ၌ ရှိုင်တွာန်သည် ကုရိုက်ရှ်တို့၏ ပံ့ပိုးသူ၊ တာဝန်ယူပေးသူဖြစ်သောကြောင့် ထိုကဲ့သို့သောအဖြစ်မျိုး ဖြစ်ပျက်

လိမ့်မည် မဟုတ်ကြောင်း သူက တာဝန်ယူခဲ့ပါသည်။ စုရာကဟ်အိပ်နိမာလစ်က်သည် ထိုနေရာဒေသတွင် လူသိများပြီး သြဇာတိက္ကမရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း မက္ကာဟ်မြို့မှ ကုရိုက်ရှ်တို့က သိရှိခဲ့ပြီးဖြစ်ပါသည်။ ၎င်းထံမှ ဤကဲ့သို့သော အာမခံချက်မျိုးကြားရသောအခါ၌ ထိုသူတို့၏စိတ်လှုပ်ရှားမှုများ တည်ငြိမ်သွားခဲ့သည်။ ဗနူဗကရ်လူမျိုးတို့ကအန္တရာယ်ပေးနိုင်သည် ဆိုသည့် အကြောင်းကို ၎င်းင်းတို့၏နှလုံးသားမှ ထုတ်ပယ်ခဲ့ကာ မုစ်လင်မ်များအား ရင်ဆိုင်ရန် အသင့်ဖြစ်သွားကြသည်။

ထို့ကြောင့် ဤလှည့်စားမှုနှစ်ရပ်ကို အသုံးပြုခြင်းအားဖြင့် ရှိုင်တွာန်သည် ထိုသူများတို့အား စစ်မြေပြင်သို့ အရောက်မောင်းနှင်ကာ သူ့အတွက်သူဘာလုပ်သည်ကို ကုရ်အာန်ကျမ်းတော်မြတ်က အောက်ပါစကားလုံးတို့ဖြင့် فَلَمَّا تَرَآءَتِ الْفِئَتٰنِ نَكَصَ عَلٰى عَقِبَيْهِ "ထို့နောက် အုပ်စုနှစ်စုသည် ရင်ဆိုင်ကြလေသောအခါ ယင်း ရှိုင်တွာန် မိစ္ဆာကောင်သည် နောက်ဆုတ်၍ ထွက်ပြေးသွားခဲ့လေသည်" (၈း၄၈)ဟူ၍ ဖော်ပြထားခဲ့သည်။

ဗဒ်ရ်စစ်ပွဲရှိ မက္ကာဟ်မြို့မှ မယုံကြည်သွေဖည်သူတို့အား အထောက်အကူပြုရန်အတွက် ရှိုင်တွာန်များ ပါဝင်သော စစ်တပ်စုစည်းခဲ့သောကြောင့် အလ္လာဟ်သအာလာသည် ထိုရှိုင်တွာန်များအား အန်တုရန် ဂျိဗရာအီလ်နှင့် မီကာအီလ်ဦးဆောင်သည့် ကောင်းကင်စေတမန်များပါဝင်သည့် စစ်တပ်တစ်တပ်ကို စေလွှတ်ခဲ့သည်။ အိမာမ်အိပ်နိ ဂျရီးနှင့် အခြားသူများ တင်ပြသည်မှာ အဗ်ဒုလ္လာဟ်အိပ်နိအဗ္ဗားစ်၏ ဆင့်ပြန်ချက်အရ စုရကဟ်အိပ်နိ မာလစ်က် အယောင်ဆောင်ကာ သူ၏စစ်တပ်ကိုဦးဆောင်နေသော ရှိုင်တွာန်သည် ကောင်းကင်စေတမန်များတပ်ကို ဦးဆောင်လာသော ကောင်းကင်စေတမန်ချုပ် ဂျိဗရာအီလ်အား မြင်တွေ့ရသောအခါ၌ ရှိုင်တွာန်သည် ကြောက်ရွံ့တုန်လှုပ်သွားပါသည်။ ထိုအချိန်တွင် ရှိုင်တွာန်သည် ကုရိုက်ရှ်စစ်သည်တော် ဟာရစ်ရှ်အိပ်နိဟိရှာမ် နှင့် လက်ချင်းတွဲနေလျက် ရှိနေခဲ့ပါသည်။ ရုတ်တရက် ချက်ချင်း သူက ဟာရစ်ရှ်နှင့်လက်ချင်းတွဲထားသည်ကို ဖြုတ်လိုက်ပါသည်။ သူတို့ကဲ့သို့ အဘယ်ကြောင့် လုပ်ဆောင်ရပါသနည်းဟု ဟာရစ်ရှ်က မေးမြန်းသောအခါ၌ သူသည် ဟာရစ်ရှ်ရင်ဘတ်အား အသံမြည်လောက်အောင် ရိုက်နှက်ကာ လဲကျသွားစေခဲ့ပါသည်။ သူသည် အတားအဆီးမရှိ စစ်မြေပြင်မှ တိတ်တခိုးထွက်ပြေးသွားခဲ့ပါသည်။ သူ့အား စုရကဟ်ဟု ထင်မှတ်နေသော ဟာရစ်ရှ်က အော်ဟစ်ပြောဆိုခဲ့သည်မှာ အာရေးဗီးယား၏ ခေါင်းဆောင်ကြီး အိုး-စုရကဟ်၊ ကျွန်ုပ်တို့အား အကူအညီပေးပါမည်ဟု အသင်ပြောခဲ့ပါသည်။ ၎င်းနောက် စစ်ဖြစ်နေစဉ်တွင် ကျွန်ုပ်တို့အား ဤကဲ့သို့ပြုလုပ်ခဲ့ပါသည်။ စုရကဟ်အယောင်ဆောင်ထားသော ရှိုင်တွာန်က اِنِّيْٓ اَرٰى مَا لَا تَرَوْنَ اِنِّيْٓ اَخَافُ اللّٰهَ ၎င်းပြင် ယင်းရှိုင်တွာန်မိစ္ဆာကောင်က ဟယ် အချင်းတို့၊ ငါသည် အသင်တို့နှင့်မပတ်သက်၊ တာဝန်ကင်းသည်။ ငါသည် အသင်တို့မမြင်ရသောအရာများကို မြင်ရသည်။ ငါသည် ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ပါ၏"(၈း၄၈)ဟူ၍ ဖြေကြားခဲ့သည်။ ထို့ကြောင့် ကောင်းကင်စေတမန်စစ်တပ်အား ရှိုင်တွာန်မြင်ရသော အခါ၌ သူသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သည်ဟူသောအကြောင်းပြချက်ဖြင့် မယုံကြည် သွေဖည်သူများနှင့် လက်တွဲဖြုတ်ကာ အစောပိုင်းက အုပ်စုဖွဲ့ခြင်းမှ အပြီး အပိုင်စွန့်ခွာခဲ့လေသည်။ ရှိုင်တွာန်သည် ကောင်းကင်စေတမန်များ စစ်တပ်ကို တွေ့မြင်ရသောအခါ၌ ထိုသူတို့၏ စွမ်းအားကိုတွေ့ရှိကာ သူဒုက္ခရောက်ရမည်ဆိုသည့် အကြောင်းကို သိရှိခဲ့ပါသည်။ သဖိစီရ်ပညာရှင် ကသာဒဟ်က ပြောသည်မှာ အလ္လာဟ်အရှင်မြတ်အား သူကြောက်ရွံ့သည်ဟု ပြောသောသူ၏ အဆိုအမိန့်သည် ရှိုင်တွာန်တီထွင်သည့် လိမ်လည်မှုတစ်ရပ်သာဖြစ်သည်။ သူအလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သည်ဟု ဆိုခဲ့ပါလျှင် အဘယ်ကြောင့် သူသည် ထိုအရှင်အား မနာခံခဲ့ပါသနည်း။ သို့ရာတွင် အခြားသောဋီကာရှင်များက ရှိုင်တွာန်သည် အလ္လာဟ် အရှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးတော်ဖြင့် အပြစ်ပေးမှုတွင်

ပြင်းထန်သည်ဆိုကြောင်းကို သူပြည့်ပြည့်ဝဝ သတိမူမိခဲ့သောကြောင့် ဤသူ၏ကြောက်ရွံ့မှုသည် လျော်ကန်ကြောင်း အကြံပြုကြပါသည်။ ထို့ကြောင့် မကြောက်ရွံ့စရာ အကြောင်းမရှိပါ။ သို့သော်လည်း ယုံကြည်မှုနှင့်နာခံမှုမပါသော ကြောက်ရွံ့မှုသက်သက် သည် အကျိုးမရှိပါ။

စုရကဟ်နှင့်သူ၏စစ်တပ် ဆုတ်ခွာသွားသောကြောင့် ကိုရိုက်ရှစ်စစ်တပ်တွင် အားအင်ချည့်နဲ့မှုလက္ခဏာများ သူမြင်တွေ့ခဲ့ရသောအခါ၌ ထိုကဲ့သို့ ကမောက်ကမအခြေအနေမှ ရှောင်လွှဲရန် အဗူဂျာဟိလ်သည် သူ၏တပ်သား များအား စုရကဟ်ရုတ်တရက်ဆုတ်ခွာသွားခြင်းကြောင့် ၎င်းတို့အား ထိခိုက်သွားစေသည် ဟူသော အထင်မျိုးမရှိစေရန် ၎င်းတို့အား မေတ္တာရပ်ခံသည်။ အဘယ်ကြောင့်ဆိုသော် စုရကဟ်သည် ထိုကဲ့သို့လုပ်ဆောင်ရန်အတွက် တမန် တော်မြတ် မုဟမ္မဒ်နှင့် သူသည် လျှို့ဝှက်နားလည်မှုတစ်ခု ထားခဲ့ကြပါသည်။ အတိုချုပ်ဆိုရသော် ရှိုင်တွာန်ဆုတ်ခွာ သွားသည့်နောက်တွင် သတ်မှတ်ထားသည့်အတိုင်း ထိုသူ များဖြစ်ပျက်သွားကြပါသည်။ မက္ကာဟ်မြို့သို့ပြန်လည်ရောက်ရှိလာသော ထိုသူများအနက်မှ တစ်ဦးသည် စုရကာအိပ်နီမာလစ်က်တွေ့ရှိခဲ့သောအချိန်၌ ဖြစ်ပါသည်။ ဗဒ်ရ်စစ်ပွဲ ရှုံးနှမ့်မှုနှင့် ယင်းစစ်ပွဲအပြီး၌ အလုံးစုံသော ဆုံးရှုံးမှုများအတွက် အသင့်တွင် တာဝန်ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် စစ်ဖြစ်နေစဉ်အတွင်း စစ်မြေပြင် မှ စွန့်ခွာသွားခြင်းကြောင့် စစ်တိုက်နေသောသူများ၏ အားမာန်ကိုပျက်စီးစေခဲ့သည်။ စုရကဟ်က ပြောသည်မှာ "ကျွန်ုပ်သည် ဘယ်သောအခါကမျှ အသင်တို့နှင့်အတူတူ မထွက်သွားခဲ့သလို အသင်တို့ လုပ်ရပ်တွင်လည်း ကျွန်ုပ်တို့ဘယ်သောအခါမျှ မပါဝင်ခဲ့ပါ။ အမှန်မှာ အသင်တို့ ရှုံးနိမ့်ကြောင်း အသင်တို့မက္ကာဟ် ရောက်မှ ကျွန်ုပ်ကြားသိခဲ့ရသည်" ဟူ၍ဖြစ်သည်။

အီမာမ်အိပ်နိခဆီးရ်သည် ဤဆင့်ပြန်ချက်များအားလုံးအား သူ၏သဖ်စီရ်ကျမ်းထဲတွင် တင်ပြပြီးသည့် နောက် ပြောသည်မှာ ကျိန်စာသင့် ရှိုင်တွာန်၏လုပ်ရိုးလုပ်စဉ်မှာ လူသားအား မကောင်းမှုလုပ်ရပ်တွင် ပါဝင်ပတ်သက် စေပြီးနောက် ယင်းလုပ်ရပ်တွင်ပင် ပစ်ထားခဲ့သည်။ ရှိုင်တွာန်၏ ဤဓလေ့ကို ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ ထပ်ခါ တလဲလဲ တင်ပြခဲ့သည်။ ယင်းသို့ဖော်ပြသော အာယသ်တော်တစ်ခုထဲတွင် -

كَمَثَلِ الشَّيْطٰنِ اِذْ قَالَ لِلْاِنْسَانِ اكْفُرْ ۚ فَلَمَّا كَفَرَ قَالَ اِنِّيْ بَرِيْٓءٌ مِّنْكَ اِنِّيْٓ اَخَافُ اللّٰهَ رَبَّ الْعٰلَمِيْنَ

(ထိုပြင် ၎င်းတို့၏ဥပမာကား) ရှိုင်တွာန်မိစ္ဆာကောင်၏ ဥပမာကဲ့သို့ပင်။ အဘယ်ကြောင့်ဆိုသော် ထို "ရှိုင်တွာန်"မိစ္ဆာကောင်သည် လူသားအား အသင်သည် သွေဖည်ငြင်းပယ်လော့ဟု ပြောဆို(ဧစ ခိုင်း)လေ့ရှိ၏။ သို့ စေခိုင်းသည့်အလျောက် ထိုလူသားသည် သွေဖည်ငြင်းပယ်သောအခါ ယင်း "ရှိုင်တွာန်" မိစ္ဆာကောင်က "ဇကန်စင်စစ် ငါသည် အသင်နှင့်မည်သို့မျှ မပတ်သက်တော့ပြီ။ ဇကန်အမှန်ငါသည် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော် မူသော အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သည်" ဟု ပြောဆို(နောက်ဆုတ်)လေသည်။ (၅၉း၁၆) ဟူ၍ မိန့်ထားသည်။

**"ရှိုင်တွာန်" ၏ လိမ်လည်လှည့်ဖြားခြင်းကို ဆန်းစစ်ခြင်းနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကာအကွယ်ပြုမှု**

ဤအာယသ်တော်ထဲတွင် ဖော်ပြထားသည်များမှ လမ်းညွှန်မှုနှင့်ပတ်သက်သော အချက်အလက် အချို့ကို ကျွန်ုပ်တို့ရရှိပါသည်။

(၁) လူသား၏ရန်သူဖြစ်သော "ရှိုင်တွာန်" ဆိုသည်မှာ လူသားအား ပျက်စီးရာပျက်စီးကြောင်း ဖြစ်စေရန်အတွက် လှည့်ဖြားမှုများ၊ ပုံပန်းသဏ္ဌာန်များနှင့် နည်းဗျူဟာများကို သုံးစွဲသောသူဖြစ်ပါသည်။ သူသည် နှလုံးသားတွင် စိန်းစနောင့်ဖြစ်စေကာ သူ၏သားကောင်အား ဒုက္ခပေးသောအချိန်အခါများရှိသလို လူသားအား လှည့်ဖြားရန်အတွက် လူသားရှေ့တွင် ကိုယ်ထင်ပြသောအချိန်အခါများလည်း ရှိပါသည်။

(၂) လူသား၏ရှေ့မှောက်တွင် အမျိုးမျိုးသော ပုံပန်းသဏ္ဌာန်များဖြင့် ကိုယ်ထင်ပြနိုင်သောအစွမ်းကို အလ္လာဟ်သအာလာက သူ့အား ပေးသနားထားပါသည်။ ထင်ရှားကျော်ကြားလှသော ဟန်ဗလီမဇ္ဈသတ်ကျမ်း **أكام المرجان في أحكام الجان** အဟ်ကမ်မုလ် မရ်ဂျာန်ဖီအဟ်ကမ်မုလ် အလ်ဂျာန်ကျမ်းထဲတွင် အသေးစိတ် သက်သေပြခဲ့ပါသည်။ ထို့ကြောင့် ပညာအလင်း(ကရ်)နှင့် မျက်မြင်ကိုယ်တွေ့(ရှဟုဒ်) တစ်ဖက်ကမ်းခတ် တတ်မြောက်သူများဟု အသိအမှတ်ပြုခံရသော နက်နဲသည့် ပညာရှင်များက တစ်စုံတစ်ဦး၏ နောက်ကြောင်းများနှင့် အခြေအနေအရပ်ရပ်ဆိုင်ရာ အချက်အလက်များကို ရှာဖွေ စုံစမ်းခြင်းမပြုဘဲ ထိုသူပြောသည်နှင့် ထိုသူအား မြင်ဖူးရုံသက်သက်ဖြင့် ထိုသူ၏နောက်သို့လိုက်ခြင်းသည် အန္တရာယ်ကြီးမားကြောင်း သတိပေးခဲ့ပါသည်။ ပညာအလင်း (ကရ်) နှင့် ရုတ်တရက် ဉာဏ်ကွန့်မြူးခြင်း (အိလ်ဟမ်) ဆိုသည့် ကိစ္စရပ်တို့ပင်လျှင် ရှိုင်တွာန်၏ မကောင်းမှု သွတ်သွင်းခြင်းခံရနိုင်သည်။ ထို့ကြောင့် ရှိုင်တွာန်၏လှည့်ဖြားမှုများမှ လုံခြုံစိတ်ချစွာရှိနေစေရန်အတွက် စံနည်းလမ်းမှာ ကုရ်အာန်ကျမ်းတော်မြတ်အား သစ္စာရှိစွာ လိုက်နာကျင့်သုံးရန်ပင် ဖြစ်ပါသည်။

**အောင်မြင်မှုသည် ဖြူစင်ရိုးသားသော ရည်မှန်းချက်များရှိရှိသက်သက်မျှဖြင့် မရရှိနိုင်ဘဲ အမှန်တကယ် ဖြောင့်မတ်မှန်ကန်သော လမ်းပေါ်မှာ ရှိနေခြင်းအားဖြင့်သာ ရရှိနိုင်ပါသည်။**

(၃) လူအများ မယုံကြည်သွေဖည်ခြင်း ဘုရားအများကိုးကွယ်ခြင်း၊ အခြားသောခွင့်မပြုသော လုပ်ရပ်များတွင် ပါဝင်ပတ်သက်ခြင်း စသည်တို့တွင် မကြာခဏ ဖြစ်လေ့ဖြစ်ထရှိသည့်အကြောင်းရင်းမှာ ရှိုင်တွာန်သည် မကောင်းသည့် လုပ်ရပ်များအား လှပတင့်တယ် နှစ်လိုသဖွယ်နှင့် အကျိုးအမြတ်ရှိစေဟန် ဖြစ်စေပါသည်။ ရှိုင်တွာန်သည် လူသား၏ နှလုံးသားအား အမှန်တရားမှ ကျောခိုင်းစေပြီး ယင်း၏အကျိုးဆက်များအရ မကောင်းမှုများဖြစ်သွားစေပါသည်။ ထိုကဲ့သို့ ၎င်းတို့ဦးနှောက် ဆေးကြောခြင်းခံရပါက ထိုသူများသည် သူတို့၏အမှားအား အမှန်၏ သရုပ်သကန်ဟူ၍လည်းကောင်း၊ ဆုံးရှုံးခြင်းများကို အကျိုးအမြတ်ဟူ၍လည်းကောင်း မည်မျှအထိ မှတ်ယူလိုက်ပါသနည်းဟူမူ အမှန်တရားကို ကိုးကွယ်သောသူများကဲ့သို့ သူတို့၏အမှားယူဆချက်များအတွက် ၎င်းတို့၏ အသက်များကို ပေးလှူကြပါလိမ့်မည်။ ဤအကြောင်းကြောင့် ကုရိုက်ရှ်အကြီးအကဲများနှင့် စစ်တပ်သည် ဗိုင်သွလ္လာဟ်မှ ခွဲခွာသွားကြသောအခါ၌ **اللهم انصر اهدى الطائفتين** အို-အလ္လာဟ်အရှင်၊ ကျွန်ုပ်တို့ အုပ်စုနှစ်ခုအနက် မှန်ကန်စွာလမ်းညွှန်ခြင်းခံရသော အုပ်စုကို ကူညီတော်မူပါဟု ပြောခဲ့ကြလေသည်။ (စာမျက်နှာ-၂၀၄) ထိုသည်မှာ ၎င်းတို့သတိ မမူခြင်း၏ အဆင့်ပင်ဖြစ်ပါသည်။

ထိုသူတို့သည် ရှင်တွာန်၏ကျော့ကွင်းတွင်မိသွားကာ သူတို့ကိုသူတို့ ကောင်းမွန်စွာလမ်းညွှန်ခြင်းခံရ သောသူများနှင့် အမှန်တရားဘက်သို့ လှည့်သောသူများဟု မှတ်ယူကြသည်။ ၎င်းနောက် မယုံကြည်နိုင်လောက်အောင် ပင် ၎င်းတို့သည် မှားယွင်းသော ရပ်တည်မှု အထောက်အကူပြုစေရန်အတွက် ၎င်းတို့အသက်များနှင့် ပိုင်ဆိုင်မှုအားလုံး ကို စည်းကျော် ဘောင်ကျော် စွန့်လွှတ်ကြတော့သည်။ ယင်းကဲ့သို့သောလုပ်ရပ်ကိုလည်း ဖြောင့်မတ် မှန်ကန်သည်ဟု ယူဆကြပါသည်။ ဤသည်မှ နူးညံ့သော ရိုးသားမှုသည် လုပ်ရပ်များ၏ ဦးတည်မှုမမှန်ကန်ပါက ဘယ်သောအခါမျှ မလုံလောက်ပါဟူ၍ ကျွန်ုပ်တို့တွေ့ရှိရပါသည်။

ဖော်ပြမည့်အာယသ်(၄၉)တွင် မဒီနဟ်မြို့မှအရေးခဲများနှင့် မက္ကာဟ်မြို့ရှိ ဘုရားအများကိုးကွယ်သူများ၏ ယေဘုယျပြောကြားချက်တစ်ခုအကြောင်း ဖော်ပြထားသည်။ ထိုသို့သောပြောကြားချက်သည် သနားဖွယ်ရာနှင့် စက်ဆုပ်ဖွယ်တို့ပေါင်းစပ်ထားကာ မုစ်လင်မ်များနှင့်ပတ်သက်ပါသည်။ ယင်းပြောဆိုချက် غَرَّ هَٰؤُلَاءِ دِينُهُمْ ဤသူတို့အား ၎င်းတို့၏ ဒီန်သာသနာက လှည့်စားထားလေသည်။ ဆိုလိုသည်မှာ ဤလက်တစ်ဆုပ်စာမျှရှိသော မုစ်လင်မ်တို့သည် အင်အား ကြီးပြီး လက်နက်ပြည့်စုံစွာ တပ်ဆင်ထားသည့် စစ်တပ်ကိုအနှံတုတိုက်ခိုက်ရန်အတွက် ဗဒ်ရ်စစ်ပွဲသို့ လာရောက်ခြင်းသည် ၎င်းတို့ယုံကြည်မှုက ၎င်းတို့အား လှည့်စားခဲ့သောကြောင့် သေမင်း၏ခံတွင်းထဲသို့ ဆင်းသက်ခြင်းနှင့် တူသွားစေနိုင်ပါသည်။ ထိုသူများကို တုံ့ပြန်သည့်အနေဖြင့် အလ္လာဟ်သအာလာက وَمَن يَتَوَكَّلْ عَلَى اللَّهِ فَإِنَّ اللَّهَ عَزِيزٌ حَكِيمٌ အမှန်စင်စစ်သော်ကား မည်သူမဆိုအလ္လာဟ်အရှင်မြတ်အပေါ်၌ ယုံကြည်စိတ်ချလွှဲအပ်သည်ရှိသော် (ထိုသူသည် အောင်မြင်မည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်) ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသော အရှင်၊ နက်နဲသိမ်မွေ့သောဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူသောကြောင့်ပင် ဖြစ်ပေသတည်း” (၈း၄၉)ဟု မိန့်ထားသည်။ အဆိုအမိန့်၏အနက်အဓိပ္ပာယ်မှာ အလ္လာဟ်အရှင်အပေါ်၌ သူ၏အလုံးစုံသော ယုံကြည်မှု ထားရှိသောသူကို ဘယ်သောအခါမျှ ဂုဏ်ကျက်သရေမဲ့စေရပါ။ အဘယ်ကြောင့်ဆိုသော် အသိဉာဏ်ပညာနှင့် ပတ်သက်ခဲ့ပါလျှင် အလ္လာဟ်အရှင်မြတ်သည် အလုံးစုံကိုလွှမ်းခြုံတော်မူသော အရှင်ဖြစ်ပါသည်။ အနာဂတ်အတွက် မည်သည့်စီမံကိန်း၊ မည်သည့်ပညာ သို့မဟုတ် မည်သည့် ထိုးထွင်းဉာဏ်သည် ထိုအရာနှင့်မနှင်းယှဉ်နိုင်ပါ။ တစ်နည်းအားဖြင့်ဆိုရသော် ရုပ်ဝတ္ထုအကြောင်းမှလွဲ၍ ဘာမျှမသိသောသူတို့သည် ထိုရုပ်ထုများ အပေါ်၌သာ ယုံကြည်အပ်နှံမှုထားရှိနိုင်သည်။ ရုပ်ဝတ္ထုအရာရာတိုင်း တို့အား ဖန်ဆင်းတော်မူသော အရှင်၏ရတနာများထဲ၌ တည်ရှိနေသော လျှို့ဝှက်တန်ခိုးတော်ကို ထိုသူများ မည်ကဲ့သို့သိနိုင်ပါအံ့နည်း။ ဤတန်ခိုးတော်သည် အလ္လာဟ်အရှင်မြတ်အား ယုံကြည်သက်ဝင်ပြီး ထိုအရှင်ထံ၌ ၎င်းတို့၏အလုံးစုံသော ယုံကြည်မှုကို အပ်နှံထားသောသူများနှင့်အတူရှိနေပါသည်။

ကျွန်ုပ်တို့ခေတ်မှာပင်လျှင် ဘာသာရေးကိုင်းရှိုင်း၍ အပြစ်ကင်းမဲ့ဟန်ရှိသည့် မုစ်လင်မ်များရှိကြသည်။ ၎င်းတို့သည် အသိပညာနှင့် ကျိုးကြောင်းညီညွတ်မှုတွင် တိုးတက်ပါသည်ဟု ပြောဆိုသောသူများ၏ ပစ်မှတ်ဖြစ်သွားကာ ထိုဘာသာတရား ကိုင်းရှိုင်းသူများကို ရှေးဟောင်းဓလေ့ ဖက်တွယ်သူများဟုဆိုကာ လွယ်လင့်တကူ လျစ်လျူရှု ပစ်ပယ်လေ့ရှိကြသည်။ သို့သော်လည်း ထိုသို့ပစ်ပယ်ခံရသူများသည် အလ္လာဟ်အရှင်မြတ်ကို ပြီးပြည့်စုံသော ယုံကြည်မှုနှင့် အပ်နှံမှုရှိခဲ့ပါလျှင် အကယ်၍ ရည်ရွယ်ချက်နှင့် ကြိုးစားကာ လုပ်ဆောင်ခဲ့သည့်တိုင် ထိုသူများပေါ် မည်သည့်အန္တရာယ်မျှ မကျရောက်နိုင်ချေ။

အာယသ် (၅၀-၅၃)

وَ لَوۡ تَرٰۤی اِذۡ یَتَوَفَّی الَّذِیۡنَ کَفَرُوا ۙ الۡمَلٰٓئِکَۃُ یَضۡرِبُوۡنَ وُجُوۡہَہُمۡ وَ اَدۡبَارَہُمۡ ۚ وَ ذُوۡقُوۡا عَذَابَ الۡحَرِیۡقِ ﴿۵۰﴾ ذٰلِکَ بِمَا قَدَّمَتۡ اَیۡدِیۡکُمۡ وَ اَنَّ اللّٰہَ لَیۡسَ بِظَلَّامٍ لِّلۡعَبِیۡدِ ﴿۵۱﴾ کَدَاۡبِ اٰلِ فِرۡعَوۡنَ ۙ وَ الَّذِیۡنَ مِنۡ قَبۡلِہِمۡ ؕ کَفَرُوۡا بِاٰیٰتِ اللّٰہِ فَاَخَذَہُمُ اللّٰہُ بِذُنُوۡبِہِمۡ ؕ اِنَّ اللّٰہَ قَوِیٌّ شَدِیۡدُ الۡعِقَابِ ﴿۵۲﴾ ذٰلِکَ بِاَنَّ اللّٰہَ لَمۡ یَکُ مُغَیِّرًا نِّعۡمَۃً اَنۡعَمَہَا عَلٰی قَوۡمٍ حَتّٰی یُغَیِّرُوۡا مَا بِاَنۡفُسِہِمۡ ۙ وَ اَنَّ اللّٰہَ سَمِیۡعٌ عَلِیۡمٌ ﴿۵۳﴾

ထို့ပြင် (အို-နဗီတမန်တော်) အကယ်၍သာ "မလာအိကဟ်" ကောင်းကင်တမန်များသည် "ကာဖိရ်" မယုံမကြည်သွေဖည်ငြင်းပယ်သူတို့၏ အသက်ဖိုဝိန်ကိုနှုတ်ယူသောအချိန်တွင် ယင်းတို့၏မျက်နှာများကို လည်းကောင်း၊ ယင်းတို့၏ ကျောကုန်းများကိုလည်းကောင်း ရိုက်နှက်ကြ၍ "အသင်တို့သည် (ငရဲ)မီး၏ပြစ်ဒဏ်ကို မြည်းစမ်းကြလေကုန်" ဟုပြောဆိုကြသည့် စက်ဆုပ်ရွံရှာဖွယ်ရာအဖြစ်ကို (အသင်) မုချ တွေ့မြင် ခဲ့ရပေမည်။

(၈း ၅၀)

ဤ(ပြစ်ဒဏ်)သည်အသင်တို့၏လက်များကတင်ကြို၍ပို့ထားနှင့်ပြီးသော(အကုသိုလ်ဒုစရိုက်များ) ကြောင့်ပင် ဖြစ်ချေသည်။ အမှန်စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည် (မိမိ)၏ကျွန်များအား နှိပ်စက်ညှဉ်းပန်းတော်မူသောအရှင်အလျှင်းမဟုတ်ပေ။ (၈ : ၅၁)

("ကုဖ်ရ်" သွေဖည်မှုကြောင့် ပြစ်ဒဏ်ခံစားရရာ၌ အဆိုပါကာဖိရ်များ၏ အခြေအနေကား) ဖိရ်အောင်နှိ်၏အခြွေအရံများ၏ အခြေအနေကဲ့သို့လည်းကောင်း၊ ယင်း (ဖိရ်အောင်နှိ်၏ အခြွေအရံများ)၏အလျင် ရှေးအထက်ကျော်ကာရိက ရှိခဲ့ကြသောသူတို့၏ အခြေအနေကဲ့သို့လည်းကောင်း ဖြစ်ချေသည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ဒေသနာတော်များကို မယုံကြည် ငြင်းပယ်ခဲ့ကြလေသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား ထိုသူတို့၏ပြစ်မှုဒုစရိုက်များကြောင့် ဖမ်းဆီး ကွပ်မျက် တော်မူခဲ့လေသည်။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အင်အားနှင့်အလွန် ပြည့်စုံတော်မူသောအရှင်၊ ပြင်းထန်စွာပြစ်ဒဏ်ပေးတော်မူသော အရှင်မြတ် ဖြစ်တော်မူလေသည်။ (၈ : ၅၂)

ဤသည်ကား အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် အကြင်လူမျိုးတစ်မျိုး၏အပေါ်၌ ပြုတော်မူခဲ့သော မည်သည့်ကျေးဇူးတော်ကိုမျှ ထိုလူမျိုးတို့သည် မိမိတို့ကိုယ်တိုင် မိမိတို့၏အခြေအနေကို မပြောင်းလဲသမျှကာလပတ်လုံး ပြောင်းလဲပေးတော်မူသည်ဟူ၍ မရှိချေ။ ထိုးပြင် ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူချေသတည်း။

(၈း၅၃)

**အကျယ်ဖွင့်ဆိုခြင်း**

အထက်တွင်ဖော်ပြခဲ့သည့် အာယသ်တော်များ၏ ပထမအာယသ်တော်နှစ်ခု၌ မယုံကြည်သွေဖည်သူများ ၏ နောက်ဆုံးအသက်ထွက်ခါနီး ခံစားရမည့်ပြစ်ဒဏ်ခတ်ခံရမှုနှင့် ကောင်းကင်တမန်များက ၎င်းတို့အား သတိပေး ပြောကြားချက်များ ဖော်ပြထားသည်။ ဤနေရာ၌ တမန်တော်မြတ် ﷺ သခင်အား ဦးတည်၍ မိန့်ကြားပြောထားသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကောင်းကင် တမန်တော်များသည် ကာဖိရ်မယုံကြည်သွေဖည်ငြင်းပယ်သူများကို အသက်နုတ်စဉ် ၎င်းတို့၏ ကျောကုန်းများနှင့် မျက်နှာများကို ရိုက်နှက်ကြကြောင်းကို မြင်တွေ့ခဲ့ရကြောင်း၊ ထိုသူတို့အား ဂျဟန္နမ် (ငရဲ)မီးကို မြည်းစမ်းရမည်ကို ပြောကြားကြောင်းစသော ထိတ်လန့်ဖွယ်ရာတို့ကို ကိုယ်တော်မြတ်ကိုယ်တိုင်မြင်တွေ့ခဲ့ရကြောင်း မိန့်ထားသည်။

ဦးဆောင်ဒီကာရှင်အချို့က ကြေညာခဲ့သည်မှာ ဤအဆိုအမိန့်သည် ဗဒ်ရိစ်စပွဲတွင် မုစ်လင်မ်များအား ရင်ဆိုင်တိုက်ခိုက်ရန် ထွက်ခဲ့ကြသောကိုရိုက်ရှ်များမှ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ သီးခြား အကြောင်းဖြစ်ကာ ယင်းစစ်ပွဲတွင် မုစ်လင်မ်များအား ကူညီရန်အလို့ငှာ အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်စေတမန် စစ်တပ်တစ်တပ်အား စေလွှတ်ခဲ့ကြောင်း ဖြစ်သည်။ ထို့ကြောင့် ဆိုလိုရင်းအဓိပ္ပာယ်မှာ ဗဒ်ရိစစ်ပွဲတွင်အသက်ခံခဲ့ကြသော ကိုရိုက်ရှ် အကြီးအကဲများသည် ကောင်းကင်တမန်များက အရှေ့မှမျက်နှာ ကိုရိုက်ခြင်းနှင့် နောက်မှကျောကုန်းကိုရိုက်နှက်၍ သေဆုံးခဲ့ခြင်းဖြစ်ကာ နောင်တမလွန်ဘဝတွင်လည်း ငရဲမီးပြစ်ဒဏ်ခတ်ခံရလိမ့်မည်ဟူသော မကောင်းသတင်း ပြောကြားခံခဲ့ရသည်ဟုလည်း အဓိပ္ပာယ်သက်ရောက် သွားလိမ့်မည်။

ထို့နောက်ဒီကာရှင်အချို့က သုံးစွဲထားသောစကားလုံးများ၏ ယေဘုယျအသုံးအနှုန်းအရ ဤအာယာသ် အဓိပ္ပာယ်မှာလည်း ယေဘုယျဟု သတ်မှတ်ကြသည်။ ထိုသူတို့ အဆိုအရ မယုံကြည်သွေဖည် ငြင်းပယ်သူတစ်ဦး သေဆုံးသွားခဲ့လျှင် ၎င်းသူ၏ဝိညာဉ်ကိုနုတ်စဉ် ကောင်းကင်တမန်သည် မျက်နှာနှင့်ကျောကုန်းကို ရိုက်နှက်ပါလိမ့်မည် ဟုအာယသ်တော်က အဓိပ္ပာယ်သက်ရောက်စေပါသည်။ အချို့သောဆင့်ပြန်ချက်များတွင် ကောင်းကင်တမန်များက မီးကြာပွတ်များနှင့်သံချွန်များ စွဲကိုင်ထားကာသေဆုံးရန် သတ်မှတ်ထားသည့် မယုံကြည်သွေဖည်ငြင်းပယ်သူများကို ရိုက်နှက်ရန်အတွက် အသုံးပြုကြသည်ဟု ဖော်ပြထားသည်။ သို့သော်လည်း ဤကဲ့သို့သောပြစ်ဒဏ်ခတ်မှုသည် ဤကမ္ဘာလောကနှင့်မသက်ဆိုင်ဘဲ သေဆုံးပြီးနောက် ပြန်လည်ရှင်ပြန်ထမှုကာလမရောက်မီ ဗရဇတ်ခ်နှင့်သက်ဆိုင်သည်။ ထို့ကြောင့် ပြစ်ဒဏ်ခတ်မှုကို ယေဘုယျအားဖြင့် မျက်ဝါးထင်ထင် မတွေ့ရချေ။

ထို့ကြောင့် တမန်တော်မြတ် ﷺ သခင်ကို ဦးတည်ပြောကြားရာ၌ အသုံးပြုသောနည်းလမ်းမှာ "ထို့ပြင် အကယ်၍သာ အသင်သည် တွေ့မြင်ရပါလျှင် အသင်သည် သံဝေဂရစေသော သင်ခန်းစာပြည့်နှက်နေသည့် မြင်ကွင်း သင်မြင်ရပါလိမ့်မည်" ဟူ၍ဖြစ်သည်။ ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ သေဆုံးပြီးနောက် မယုံကြည် သွေဖည် ငြင်းပယ်သူများအား ပြစ်ဒဏ်ပေးခြင်းသည် ဗရဇတ်ခ်အချိန်ကာလတွင်သာ ဖြစ်သည်။ သို့သော်လည်း ဤဖြစ်ရပ်သည် မမြင်ရသောစကြဝဠာ (အာလာမ်မုလ်ဂိုဗ်)နှင့်သက်ဆိုင်၍ ယင်းကို အများအားဖြင့် မမြင်တွေ့ရပါ။ ကဗရ်သချိုင်းနှင့် ပတ်သက်သော ပြစ်ဒဏ်ခတ်မှုကို ကုရ်အာန်ကျမ်းတော်မြတ် အာယသ်တော်များစွာတွင် ဖော်ပြထားသကဲ့သို့ ယင်း အကြောင်းကို ဟဒီးဆ်ဆင့်ပြန်ချက်များစွာတွင် ဖော်ပြထားသည်။

ဒုတိယအာယသ်(၅၁)ထဲတွင် မယုံကြည်သွေဖည်ငြင်းပယ်သူများအား ဦးတည်ပြောကြားရာ၌ ဤ ကမ္ဘာလောကနှင့် နောက်တမလွန်ဘဝတွင်ရှိသော ပြစ်ဒဏ်ခတ်မှုသည် ကိုယ့်လက်နှင့်ကျူးလွန်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု မိန့်ထားသည်။ အများအားဖြင့်လက်များဖြင့် ကျူးလွန်ခြင်းကြောင့် ပေါ်ထွက်လာခြင်းကြောင့် လက်များနှင့် ကျူးလွန်ခြင်းဟု ဖော်ပြထားသည်။ ဆိုလိုသည်မှာ ပြစ်ဒဏ်ခတ်ခံရမှုမှာ ကိုယ်လုပ်၍ကိုယ်ခံရခြင်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်လျှင်မူ ထိုအရှင်မြတ်သည် မိမိ၏ကျေးကျွန်များကို အကြောင်းမဲ့ပြစ်ဒဏ်ခတ်ခံရစေသည့် မတရားပြုလုပ်သော အာဏာပိုင်မျိုး မဟုတ်ချေ။

တတိယအာယသ်(၅၂)သည် ဤပြစ်မှုကျူးလွန်သူများအပေါ်ကျရောက်သည့် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုသည် တစ်စုံတစ်ရာ လုံးဝဥသုံး မကြုံဖူးသောကိစ္စကား မဟုတ်ချေ။ စင်စစ် အလ္လာဟ်အရှင်မြတ်၏ ဓလေ့တော်ကား အရှင်မြတ်၏အစေခံကို လမ်းညွှန်ထားသည့်အတိုင်း လုပ်ဆောင်နိုင်ရန် ဆင်ခြင်တုံတရားနှင့် တတ်သိနားလည်မှုကို ပေးထားသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်အား သိရှိနိုင်ရန်၊ ထိုအရှင်၏ ကြီးကျယ်သော တန်ခိုးတော်ကို သိရှိနိုင်ရန်၊ အရှင်မြတ်၏ အဖန်ဆင်းခံများအနက်မှ ချည့်နဲ့သိမ်ငယ်သောသူများကို အရှင်မြတ်နှင့် ယှဉ်တွဲဖွဲယ်များ၊ တုဖက်နှင်းယှဉ်ဖွယ်များ၊ တူညီသည်များဟု မမှတ်ယူနိုင်စေရန်အတွက် တွေးတောစေနိုင်သော မရေမတွက်နိုင်သည့်အရာများ ၎င်းတို့ပတ်ဝန်းကျင်တွင် ထားရှိခဲ့ပါသည်။ ထို့နောက် အရှင်မြတ်သည် အရှင်မြတ်၏ ကျမ်းတော်များ၊ တမန်တော်များကို ထပ်ဆောင်း၍သတိပေးရန် စေလွှတ်ပို့ဆောင်တော်မူခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ တမန်တော်များ ပွင့်ပေါ်တော်အခါတွင် လူအများ သတင်းစကား နားလည် သဘောပေါက်စေရန်အတွက် မခြွင်းမချန် လုပ်ဆောင်ခဲ့သည်။ ထိုတမန်တော်များသည် မည်သို့မျှ လွှဲပြောင်းမရသော အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ကိုပင်လျှင် အပြောင်းအလဲမရှိသည့် လုပ်ရိုးလုပ်စဉ် မှန်ကျိုဏ်ဟ်အဖြစ် ပြသခဲ့ကြသည်။ သို့ဆိုလျှင် အကယ်၍ လူတစ်ဦး (သို့မဟုတ်) လူအများသည် ဤကိစ္စများကို မျက်စိစုံမှိတ်၍ အလ္လာဟ်အရှင်မြတ်၏ သတိပေးမှုများကို လျစ်လျူရှုခဲ့လျှင် ထိုကဲ့သို့သူများအတွက် အလ္လာဟ်အရှင်မြတ်၏ဓလေ့တော်မှာ ၎င်းတို့အပေါ် မလွှမ်းသွေ့ရောက်ရှိပါတော့မည်။ ယင်းဓလေ့တော်မှာ ထိုသူများအပေါ်၌ ဤကမ္ဘာလောက တွင်လည်း ထာဝရပြစ်ဒဏ်ခတ်ခံရခြင်းဖြစ်ပေသည်။ كَدَاْبِ اٰلِ فِرْعَوْنَ ۙ وَ الَّذِيْنَ مِنْ قَبْلِهِمْ "(ကုဖိရ်သွေဖည်မှုကြောင့် ပြစ်ဒဏ်ခတ်ခံစားရရာ၌ အဆိုပါကာဖိရ်များ၏ အခြေအနေကား) ဖိရ်အောင်နိန်၏ အခွေ့အရံများ၏ အခြေအနေကဲ့သို့လည်းကောင်း၊ ယင်း (ဖိရ်အောင်နိန်၏ အခွေ့အရံများ)၏အလျင် ရှေးအထက်ကျော်ကာရီက ရှိခဲ့ကြသောသူတို့၏ အခြေအနေကဲ့သို့လည်းကောင်း ဖြစ်ချေသည်" (၅၂)ဟု မိန့်ကြား ထားသည်။ မူရင်းစာသားထဲ၌ သုံးနှုန်းထားသော **داب** (သားဗ်) ဟူသော အာရဗီစကားလုံးက ဓလေ့(သို့မဟုတ်)နည်းလမ်းဟု အဓိပ္ပာယ်သက်ရောက်သည်။ ထို့ကြောင့် အဓိပ္ပာယ်မှာ မောက်မာပြီး ခေါင်းမာသည့် ဖိရ်အောင်နိန်နှင့် သူ့အခွေ့ အရံများသည် ပင်လယ်ထဲတွင် ၎င်း၏အာဏာနှင့်၎င်း၏လူများ နစ်မြုပ်စေခြင်းဖြင့် ပေါ်လွင်ထင်ရှားစေခဲ့သည်။ ၎င်းတို့အလျင်ကရှိခဲ့သည့် အားဒဲနှင့်စမူသ်လူမျိုးတို့သည်လည်း လုံးဝဥသုံးဖျက်သိမ်းပယ်ရှားခံခဲ့ရသည့် ပြစ်ဒဏ်ခတ်မှုမျိုး ကြုံခဲ့ကြရပါသည်။ ထို့နောက် كَفَرُوْا (၅၂) မိန့်ကြားထားခြင်းက ဤလူများသည် အလ္လာဟ်အရှင်မြတ်၏ အာယသ်များနှင့် လက္ခဏာများကို ငြင်းပယ်ခဲ့သောအခါတွင် ထိုသူများ၏ ပြစ်မှုကြောင့် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ် ခံရပေသည်။ ယင်းနောက်အာယသ်တော်သည် اِنَّ اللّٰهَ (၅၂) ဟူသောအဆို အမိန့်နှင့်အဆုံးသတ်ထားခြင်းက ထိုကဲ့သို့ အဘယ်ကြောင့်ဖြစ်ခဲ့ရသည်ဆိုသည်ကို ကျိုးကြောင်းပြထားသည်။ ယင်းမှာ အလ္လာဟ်အရှင်မြတ်သည် အလွန်အင်အားကြီးမားတော်မူသောအရှင်ဖြစ်သည် ဟူ၍ဖြစ်သည်။

မည်သည့်အစွမ်းသတ္တိရှိသည်ဟု အခိုင်အမာ ပြောဆိုသူသည်ပင်လျှင် အရှင်မြတ်၏ ပြစ်ဒဏ်ခတ်ခံရမှုမှ မလွတ်ကင်းနိုင်ပါ။ ထို့နောက်တစ်ဖန် အလ္လာဟ်အရှင်မြတ် ထံမှ ချေးသောပြစ်ဒဏ်သည်သာလျှင် အလွန်ပြင်းထန်သောပြစ်ဒဏ်ဖြစ်ကြောင်း မုချဇကန်ဖြစ်ပေသည်။

စတုတ္ထအာယသ် (၅၃)ထဲတွင် အမြဲတစေလိုက်နာရမည့်ဥပဒေတစ်ရပ် ပြဋ္ဌာန်းထားသည်။ ယင်းဥပဒေထဲ၌ အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများ အဆက်မပြတ်ကျရောက်စေနိုင်သော လူများ၏ အခြေအနေများကို ဖော်ပြထားသည်။ بِأَنَّ اللَّهَ لَمْ يَكُ مُغَيِّرًا نِّعْمَةً أَنْعَمَهَا عَلَىٰ قَوْمٍ حَتَّىٰ يُغَيِّرُوا مَا بِأَنْفُسِهِمْ "အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် အကြင်လူမျိုးတစ်မျိုး၏အပေါ်၌ ပြုတော်မူခဲ့သော မည်သည့်ကျေးဇူးတော်ကိုမျှ ထိုလူမျိုးတို့သည် မိမိကိုယ်တိုင် မိမိတို့၏အခြေအနေကို မပြောင်းလဲ သမျှကာလပတ်လုံး ပြောင်းလဲပေးတော်မူသည်ဟူ၍ မရှိချေ -၅၃" ဟု မိန့်ထားခဲ့သည်။

ဤနေရာ၌ ကျွန်ုပ်တို့ ဦးစွာပထမ စဉ်းစားထိုက်သည်မှာ အလ္လာဟ်အရှင်မြတ်သည် ကောင်းချီးမင်္ဂလာနှင့် အကူအညီပေးမှုတို့နှင့် ပတ်သက်လျှင် မည်သည့်ဥပဒေမျှ မပြဋ္ဌာန်းထားသကဲ့သို့ ယင်းတို့နှင့်ပတ်သက်သည့် အခြေအနေတို့ကိုလည်း ပြဋ္ဌာန်းမထားခဲ့၊ အချို့သော ကောင်းမှုကောင်းရပ်တို့အပေါ်၌လည်း မတည်မှီစေခဲ့ချေ။ အဘယ့်ကြောင့်ဆိုသော် ထိုသို့သာလုပ်ဆောင်ထားခဲ့လျှင် ကျွန်ုပ်တို့အပေါ်၌ အရှင်မြတ်က ဦးစွာပထမ အကူအညီပေးမှုသည် ကျွန်ုပ်တို့၏တည်ရှိမှုပင် ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်၏ အံ့ဖွယ်တန်ဖိုးအဖြာဖြာရှိသည်ကား ထောင်ပေါင်းမြောက်မြားစွာသော ကောင်းချီးများဖြစ်၍ ယင်းကောင်းချီးမင်္ဂလာများသည် ကျွန်ုပ်တို့ မတည်ရှိမီအလျင် ကျွန်ုပ်တို့ မည်သည်မျှ မလုပ်ဆောင်ရမီ ပေးသနားထားတော်မူပြီးဖြစ်သည်မှာ ထင်ရှားသည်။

အကယ်၍သာ အလ္လာဟ်အရှင်မြတ်ထံတော်မှ ကောင်းချီးမင်္ဂလာများနှင့် အကူအညီပေးမှုများသည် အရှင့်ကျေးကျွန်များ၏ ကောင်းမှုကောင်းရာလုပ်ဆောင်ပြီးမှ ကျရောက်မည်ဆိုလျှင် ကျွန်ုပ်တို့တည်ရှိခြင်း (ဖြစ်ပေါ်ခြင်း)ဆိုသည်မှာ အကောင်အထည်ပေါ်လာမည် မဟုတ်ချေ။

အလ္လာဟ်အရှင်မြတ်၏ ကောင်းချီမင်္ဂလာနှင့် အကြင်နာအသနားတော်မူခြင်းသည် သူ့ဟာသူရှိပြီး ဖြစ်သည်။ ရှိပြီးဖြစ်ခြင်းမှာ အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာအားလုံး၏ အရှင်သခင်ဖြစ်ကာ အလုံးစုံပေါ်၌ ကြင်နာသနားတော်မူ၍ အလွန်အလွန်ကြင်နာသနားတော်မူခြင်း၏ ရလဒ်ပင်ဖြစ်သည်။ သို့သော်လည်း ဤအာယသ်တော်ထဲတွင် ဖော်ပြထားသည်မှာ ဥပဒေတစ်ခုဖြစ်၍ ယင်းသည် ဤအကူအညီပေးမှုနှင့် ကြင်နာသနားတော်မူခြင်း အဆက်မပြတ်ဖြစ်စေမှုကို လွှမ်းမိုးအုပ်စိုးထားသော ဥပဒေဖြစ်သည်။ ဤဥပဒေအရဆိုလျှင် အလ္လာဟ်အရှင်မြတ်သည် လူအများကို အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများဖြင့် အကူအညီပေးထားပါက ထိုသူများ၏ နေထိုင်မှုအခြေအနေများနှင့် လုပ်နည်းကိုင်နည်း အခြေအနေများ ပြောင်းလဲသွားမှသာလျှင် ပြန်လည်ရုပ်သိမ်းတော်မူသည်။ ထိုကဲ့သို့ ပြောင်းလဲခြင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှု ကျရောက်စေသော အကြောင်းရင်းများ ဖြစ်သွားပေတော့သည်။

ဤနေရာ၌ ရည်ညွှန်းထားသော အခြေအနေများ ပြောင်းလဲခြင်းဆိုသည်မှာ ကောင်းမှုကောင်းရာ လုပ်ရပ်များမှ မကောင်းမှုလုပ်ရပ်များဆီသို့လည်းကောင်း၊ ကောင်းမွန်သည့်အခြေအနေ တည်ရှိနေသည်မှ မကောင်းသည့်အခြေအနေသို့လည်းကောင်း ပြောင်းလဲသွားခြင်း၊ ရွေ့လျားသွားခြင်းတို့ကို ဆိုလိုသည်။ သို့မဟုတ်လျှင်လည်း လူတစ်ဦးသည် ဤကောင်းချီးမင်္ဂလာများ ကျရောက်သောအချိန်တွင် ဂုနာဟ်အပြစ်များနှင့် မကောင်းမှု အကုသိုလ်

များတွင် နစ်မွန်းနေခဲ့ပြီး ယင်းနောက် သူသည် ဤကောင်းချီးမင်္ဂလာများကို လက်ခံရရှိသည်နှင့် တစ်ပြိုင်နက် ပိုမို၍ ဆိုးရွားသော မကောင်းမှုများတွင် နစ်မွန်းသွားခဲ့ကာ အဆင့်အတန်းလည်း နိမ့်ကျသွားခဲ့သည်။

အထက်ဖော်ပြပါ အသေးစိတ်များအရ ပြီးခဲ့သောအာယသ်တော်တွင် ဖော်ပြထားခဲ့သည့် လူများဆိုသည်မှာ ကုရိုက်ရှ်မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် ဖိရ်အောင်န်၏ လူများဖြစ်သည်ဆိုသည်မှာ ထင်ရှားသည်။ လက်ရှိ အာယသ်တော်တွင် ၎င်းတို့ပေါ်လွင်သည်မှာ ကောင်းချီးမင်္ဂလာများ ကျရောက်လာသည့် အချိန်မှာတွင်ပင် ၎င်းတို့၏ နေထိုင်မှုအခြေအနေမှာ လုံးဝမကောင်းကြ၍ဖြစ်သည်။ ထိုသူတို့သည် ဘုရားအများကိုးကွယ်သူများနှင့် မယုံကြည် သွေဖည်ငြင်းပယ်သူများ ဖြစ်ခဲ့ကြသကဲ့သို့ ယခုတိုင်လည်း မယုံကြည် သွေဖည်ငြင်းပယ်သူများ ဖြစ်နေခဲ့ကြသည်။ သို့သော်လည်း အကူအညီပေးမှုဖြင့် ကောင်းချီးမင်္ဂလာပေးခံ ခဲ့ရသည့်တိုင် ၎င်းတို့သည် သူတို့၏ မကောင်းမှုလုပ်ရပ်များနှင့် ကောက်ကျစ်စဉ်းလဲမှုလုပ်ရပ်များတွင် ပိုမို၍ အကြောက်အရွံ့မရှိ ဖြစ်လာခဲ့ကြပါသည်။

ဖစ်ရ်အောင်န်၏လူများသည် ဗနီအစ္စရာအီလ်တို့ကို အမျိုးမျိုးသော မတရားမှုများဖြင့် ဒုက္ခရောက် စေခဲ့ပါသည်။ ထို့နောက် ထိုသူများသည် စိုက်ယိဒိနာမူစာ [a] သခင်အား နိုင်လိုမင်းထက်ဆန့်ကျင်ခြင်း လုပ်ရပ်က ၎င်းတို့၏ အတိတ်က ပြစ်မှုများကို ကြီးလေးသောထပ်ဆောင်းမှုတစ်ရပ် ဖြစ်စေခဲ့ပါသည်။ ဤလုပ်ရပ်များတို့ဖြင့် ထိုသူတို့သည် ၎င်းတို့၏နေထိုင်မှု အခြေအနေများ ပြောင်းလဲသွားစေကာ ယင်းအဖြစ်ကြောင့် ၎င်းတို့သည် မကောင်းသော လုပ်ရပ် များကို ပိုမို၍လုပ်ဆောင်ကြပါသည်။ ယင်းသို့ဖြစ်သွားသောကြောင့် အလ္လာဟ်အရှင်မြတ်သည်လည်း အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများကို ပြစ်ဒဏ်ခတ်မှုအဖြစ် ပြောင်းလဲပစ်လိုက်သည်။ အလားတူပင် မက္ကာဟ်မြို့ရှိ ကုရိုက်ရှ်များ သည် ဘုရားအများကိုးကွယ်ခြင်းနှင့် အခြားမကောင်းသည့်လုပ်ရပ်များတွင် ပါဝင်ပတ်သက်နေသော်လည်း ဆွေမျိုး သားချင်းများအား ဂါရဝထားခြင်း၊ ဧည့်ဝတ်ကျေပွန်ခြင်း၊ ဟဂျ်ပြုလုပ်သူများကို အလုပ်အကျွေးပြုခြင်း၊ ဗိုင်သုလ္လာဟ် အား ရိုသေလေးမြတ်ခြင်းစသည့် အနည်းငယ်သော ကောင်းသည့်လုပ်ရပ်များက ၎င်းတို့ဂုဏ်အသရေကို တက်စေ ခဲ့ပါသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အပေါ်ဝယ် များစွာသော ရုပ်ပိုင်းဆိုင်ရာနှင့် နာမ်ပိုင်းဆိုင်ရာ ကောင်းချီး မင်္ဂလာများ ကျရောက်စေခဲ့ပါသည်။ ရုပ်ပိုင်းဆိုင်ရာအရ ၎င်းတို့၏ရောင်းဝယ်ဖောက်ကားမှု လုပ်ငန်းများကို ကြီးမား သည့် အရှိန်အဟုန်ဖြစ်စေခဲ့ပါသည်။ မည်သူတစ်ဦးတစ်ယောက်၏ ကုန်သွယ်ယာဉ်တန်းမျှ လုံခြုံစိတ်ချစွာ မဖြတ်သန်း နိုင်သော နိုင်ငံတစ်ခုတွင် ၎င်းတို့၏ကုန်သွယ်ယာဉ်တန်းသည် မြောက်ဘက် ဆီးရီးယား၊ တောင်ဘက် ယီမင်တို့ကို လုံခြုံ စိတ်ချစွာသွားလာ၍ အောင်အောင်မြင်မြင် ပြန်လာနိုင်ခဲ့ကြသည်။ ယင်းအကြောင်း ကုရ်အာန် ကျမ်းတော်မြတ်ပါ စူရဟ်အလ်ကုရိုက်ရှ်(၁၀၆)တွင် **رِحْلَةَ الشِّتَآءِ وَالصَّيْفِ** "ထိုကိုရိုက်ရှ်အမျိုးသားတို့သည်ဆောင်းဥတုဌ်လည်းကောင်း၊ နွေဥတုဌ် လည်းကောင်း၊ (မိမိတို့) ခရီးထွက်လေ့ရှိကြသောကြောင့်" (၁၀၆း၂) တွင် ဖော်ပြထားသည်။

ထို့နောက် ၎င်းတို့၏ဘာသာရေးနှင့်ပတ်သက်၍ နာမ်ပိုင်းဆိုင်ရာတွင် ထိုသူတို့သည် လွန်လေပြီးသော မည်သည့်လူမျိုးများအပေါ်မှ မပေးခဲ့သည့် အလွန်ကြီးမားသော ကောင်းချီးမင်္ဂလာတစ်ရပ်ဖြင့် အကူအညီပေးခြင်း ခံခဲ့ရပါသည်။ ယင်းမှာ တမန်တော်များ၏ ဦးဆောင်၊ တမန်တော်များ၏ နောက်ဆုံး တမန်တော်မြတ် [s] ကို ၎င်းတို့ အထဲမှ ပွင့်ပေါ်စေရန်ပြဋ္ဌာန်းခြင်း၊ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသည့် နောက်ဆုံး ကျမ်းတော်မြတ် ကုရ်အာန်ကို ထိုတမန်တော်မြတ် [s] မှတစ်ဆင့် ၎င်းတို့ပို့ချတော်မူခဲ့ခြင်း တို့ဖြစ်သည်။

သို့သော်လည်း ဤသူများသည် အလ္လာဟ်အရှင်မြတ်၏ ဤကောင်းချီးမင်္ဂလာများကို မှန်ကန်စွာ နားလည်ကာ ကျေးဇူးဥပကာရတင်ရှိခြင်းဖြင့် ၎င်းတို့ကိုယ်၎င်းတို့ ပြုပြင်ရမည့်အစား ၎င်းတို့၏ကိုယ်ကျင့် တရားအခြေအနေများကို ရှုပ်ထွေးစေကာ ယခင်ရှိပြီး အခြေအနေထက်ပို၍ ဆိုးဝါးစေပါသည်။ ထိုသူတို့သည် သူတို့၏အနီးကပ်ဆုံးဆွေမျိုးသားချင်းကို ကောင်းမွန်စွာပြုစုစောင့်ရှောက်မှုမှ ရပ်ဆိုင်းကာ အစွယ်လာမ်ဘာသာသို့ သက်ဝင်ယုံကြည်သွားသော ၎င်းတို့၏ညီရင်းအစ်ကိုနှင့်တူများကိုပင် ကြမ်းတမ်းစွာဆက်ဆံခဲ့ပါသည်။ သူတို့၏ ဇည့်ဝတ်ကျေမှုအစဉ်အလာကို ထိန်းသိမ်းရမည့်အစား ယင်းကဲ့သို့ မုစ်လင်မ်ဖြစ်သွားသူများကို လုံးဝဥသုံးဖယ်ကြဉ်ရန်အလို့ငှာ ပဋိညာဉ်များစတင် ရေးသားပြဋ္ဌာန်းခဲ့သည်။ မည်မျှထိဆိုလျှင် ၎င်းတို့အား ရေနှင့်အစားအသောက်များ ထောက်ပံ့ခြင်းမပြုရန်ထိပင် လုပ်ဆောင်ခဲ့သည်။ တစ်ချိန်က ၎င်းတို့ တာဝန်ဝတ္တရားဟုမှတ်ယူထားခဲ့သည့် ဟဂျ်ပြုလုပ်သူများ၏ အရေးကြီးသော ဝန်ဆောင်မှုများကို ပြုရမည့်အစား မုစ်လင်မ်များ ဟရာမ်တွင်းဝင်ရောက်မှုကိုပင် စတင်တားဆီးပိတ်ပင်လာခဲ့ကြသည်။ ဤသည်တို့မှာ ကုရိုက်ရှ်မယုံကြည်သွေဖည်ငြင်းပယ်သူများတွင် အပြောင်းအလဲဖြစ်စေသော အခြေအနေပင်ဖြစ်သည်။ ယင်း၏ရလဒ်မှာ အလ္လာဟ်အရှင်မြတ်၏ တန်ပြန်ပြောင်းလဲမှုတစ်ရပ် ဖြစ်လာစေခဲ့သည်။ အရှင်မြတ်သည် အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများနှင့် အကူအညီပေးမှုကို ပြစ်ဒဏ်ခတ်မှုအသွင် ပြောင်းလဲခဲ့ကာ ထိုသူတို့ကို ဤကမ္ဘာမြေပေါ်တွင်လည်း ဂုဏ်သိက္ခာမဲ့မှု မြည်းစမ်းစေခဲ့ပါသည်။ ထို့နောက် ကမ္ဘာအားလုံးအတွက် ကြင်နာသနားမှုအဖြစ် စေလွှတ်ခံရသော မြင့်မြတ်သည့် ပုဂ္ဂိုလ်ပေါ်ထွန်းလာသော်လည်း ၎င်းတို့၏ပျက်စီးမှုကို ၎င်းတို့ကိုယ်တိုင် ဖိတ်ခေါ်စေခဲ့ပါသည်။

ယုံကြည်ထိုက်သော သမိုင်းစာအုပ်ပေါ်အခြေခံ၍ သဖီစီရ်မဇာဟရီတွင် ပြောကြားထားခဲ့သည်မှာ မျိုးရိုးစဉ်ဆက် အရ တမန်တော်မြတ် s သခင်၏ တတိယအဘိုး၏အဘိုးဖြစ်သော ကီလာဗ်အိဗ်နိမုရ်ရဗ်သည် ကနဉီးကပင်စိုက်ယိဒိနာအိဗ်ရာဟီးမ်နှင့် အစ္စမာအီလ် a သခင်တို့၏သာသနာကို စွဲမြဲစွာဖက်တွယ်ခဲ့ပြီး မျိုးဆက်အဆက်ဆက် ဤသာသနာ၏ဦးဆောင်အဖြစ်ရှိခဲ့သည်။ ကူဆေးအိဗ်နိကီလာဗ်၏ ခေတ်ကာလအတွင်း လူအများကြား ရုပ်တုကိုးကွယ်ခြင်းဓလေ့ စတင်ခဲ့သည်။ ၎င်းမတိုင်မီက ကအဗ်အိဗ်နိလုအိုင်းသည် သူတို့ဘာသာ၏ခေါင်းဆောင် ဖြစ်ခဲ့သည်။ ထိုသူသည် ၎င်းတို့ဘာသာအရ အွရ်ရွှဗဟ်ဟုခေါ်သည်။ ဂျွမ္မအဟ် သောကြာနေ့တိုင်းတွင် လူတိုင်းရှေ့၌ ခုသ်ဗဟ်မိန့်ခွန်းပေါကြားခဲ့သည်။ ထိုအထဲတွင် ၎င်းတို့ ဆွေစဉ်မျိုးဆက်မှ နောက်ဆုံးနဗီတမန်တော် s ပွင့်ပေါ်မည့် အကြောင်း ပြောကြားခဲ့သည်။ လူတိုင်းသည် ထိုသူနောက် မုချလိုက်ကြရလိမ့်မည်။ မည်သူမဆို ထိုသူကို မယုံကြည်လျှင် အလ္လာဟ်အရှင်မြတ်သည် သူ၏ကောင်းမှုလုပ်ရပ်များကို လက်ခံလိမ့်မည်မဟုတ်ချေ။ တမန်တော်မြတ် s နှင့် ပတ်သက်သော ထိုသူ၏ ဘုရားမဲ့ကဗျာစပ်ဆိုမှုကား ကျော်ကြားပေသည်။ ထို့နောက် ကူဆိုင်းအိဗ်နိကီလာဗ်သည် ဟဂျ်ပြုသူများအတွက် အစားအသောက်နှင့်ရေကို မည်သို့စီစဉ်ထားခဲ့သနည်းဟူမူ တမန်တော်မြတ် s သခင်၏ ကောင်းချီးမင်္ဂလာရှိသော ခေတ်ကာလမတိုင်မီ မိသားစုအတွင်းထိ ရှိနေခဲ့ပါသည်။ ဤသမိုင်းကြောင်းအရ ဆိုလျှင် ကုရိုက်ရှ်အများစု၏ အပြုအမူကိုထိခိုက်စေသော ပြောင်းလဲမှုဆိုသည်မှာ စိုက်ယိဒိနာ အိဗ်ရာဟီးမ် d သခင်၏ဘာသာတရားကို စွန့်လွှတ်ကာ ရုပ်တုကိုးကွယ်ခြင်းကို စတင်လုပ်ဆောင်ခြင်းဟု ဆိုလိုနိုင်သည်။

သို့သော်လည်း အာယသ်တော်ပါအကြောင်းအရာဆီသို့ ပြန်လှည့်မည်ဆိုလျှင် ၎င်းတို့၏လုပ်ရပ်များအရ မထိုက်တန်သော်လည်း အလ္လာဟ်အရှင်မြတ်၏ အကူအညီပေးမှုမှာ ထိုသူများအပေါ် ကျရောက်ပေလိမ့်မည်ဟု ကျွန်ုပ်တို့အား ပြောပြပါသည်။ သို့သော်လည်း ထိုအကူအညီပေးမှုကို လက်ခံရရှိပြီးနောက် သူတို့၏လုပ်ရပ်များ ပြုပြင်ပြင်ဆင်ခြင်းနှင့် ကောင်းမှုလုပ်ရပ်များဘက် လှည့်ရမည့်အစား မကောင်းမှုလုပ်ရပ်များကို ကြိမ်ဖန်များစွာ ပို့မိုပြုလုပ်လာ

ခဲ့လျှင် ထိုသူတို့ထံမှ ဤကောင်းချီမင်္ဂလာကို ရုပ်သိမ်းကာ အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်ခတ်ခံရမှုဖြစ်လာစေပါသည်။

အာယသ်တော်အဆုံး၌ وَ اَنَّ اللّٰهَ سَمِيْعٌ عَلِيْمٌ "ၔင်းပြင် ဇကန်မှချ အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသော အရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူချေသတည်း" (၅၃)ဟူ၍ မိန့်ထားသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့ပြောဆိုသည့်အတိုင်းကို ကြားသိတော်မူသောအရှင်နှင့် ထိုသူတို့လုပ်ဆောင်သမျှ သိရှိတော်မူသော အရှင်ဖြစ်တော်မူသည်။ ထို့ကြောင့် အဆုံးတွင် အလ္လာဟ်အရှင်မြတ်ပြုလုပ်တော်မူသည့် နောက်ဆုံး ဆုံးဖြတ်ချက်ထဲတွင် အမှားအယွင်း (သို့မဟုတ်) နားလည်မှု လွဲမှားခြင်းအချို့ ရှိနိုင်မည်ဆိုခြင်းအား လုံးဝမဖြစ်နိုင်ချေ။

## အာယသ် (၅၄-၅၈)

كَدَاْبِ اٰلِ فِرْعَوْنَ ۙ وَ الَّذِيْنَ مِنْ قَبْلِهِمْ ؕ كَذَّبُوْا بِاٰيٰتِ رَبِّهِمْ فَاَهْلَكْنٰهُمْ بِذُنُوْبِهِمْ وَ اَغْرَقْنَاۤ اٰلَ فِرْعَوْنَ ۚ وَ كُلٌّ كَانُوْا ظٰلِمِيْنَ ﴿۵۴﴾ اِنَّ شَرَّ الدَّوَآبِّ عِنْدَ اللّٰهِ الَّذِيْنَ كَفَرُوْا فَهُمْ لَا يُؤْمِنُوْنَ ﴿۵۵﴾ اَلَّذِيْنَ عٰهَدْتَّ مِنْهُمْ ثُمَّ يَنْقُضُوْنَ عَهْدَهُمْ فِيْ كُلِّ مَرَّةٍ وَّ هُمْ لَا يَتَّقُوْنَ ﴿۵۶﴾ فَاِمَّا تَثْقَفَنَّهُمْ فِي الْحَرْبِ فَشَرِّدْ بِهِمْ مَّنْ خَلْفَهُمْ لَعَلَّهُمْ يَذَّكَّرُوْنَ ﴿۵۷﴾ وَ اِمَّا تَخَافَنَّ مِنْ قَوْمٍ خِيَانَةً فَانْۢبِذْ اِلَيْهِمْ عَلٰى سَوَآءٍ ؕ اِنَّ اللّٰهَ لَا يُحِبُّ الْخَآئِنِيْنَ ﴿۵۸﴾

**(မိမိတို့၏အခြေအနေကို ပြောင်းလဲရာတွင် ထိုကာဖိရ်များ၏ အခြေအနေကား) ဖိရ်အောင်နိ်၏ အဆွေအရံများ၏ အခြေအနေကဲ့သို့လည်းကောင်း၊ ယင်း (ဖိရ်အောင်နိ်၏ အဆွေအရံများ) ၏အလျင် ရှေးအထက်ကျော်ကာရိက ရှိခဲ့ကြကုန်သောသူတို့၏ အခြေအနေကဲ့သို့လည်းကောင်းဖြစ်ပေသည်။ ထိုသူတို့သည် မိမိတို့အား မွေးမြူတော်မူသော အရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ ပြစ်မှုဒုစရိုက်များကြောင့် ဖျက်ဆီးတော်မူခဲ့လေသည်။ ထို့ပြင် ငါအရှင်မြတ်သည် ဖိရ်အောင်နိ်၏ အဆွေအရံ တို့ကို နစ်မြုပ်စေတော်မူခဲ့လေသည်။ အမှန်စင်စစ်သော်ကား ၎င်းတို့အားလုံးသည်ပင် မတရား ကျူးလွန်သူများ ဖြစ်ခဲ့ကြကုန်သတည်း။ (၈ : ၅၄)**

**မလွဲဖကန် အလ္လာဟ်အရှင်မြတ်အထံတော်တွင် အဆိုးဆုံးသော သတ္တဝါတို့ကား (ဤ) အကြင် မယုံမကြည် သွေဖည်ငြင်းပယ်သူတို့ ပင်တည်း။ သို့ဖြစ်ပေရာ ၎င်းတို့သည် သက်ဝင်ယုံကြည်ကြမည့်သူများ မဟုတ်ချေ။ (၈ : ၅၅)**

**ဤကာဖိရ်များကား အသင်သည် ထိုသူတို့ထံမှ (အကြိမ်ကြိမ်) ပဋိညာဉ်ယူခဲ့ပြီး ဖြစ်လေသည်။ ထို့နောက်သော်မှပင် ထိုသူတို့သည် မိမိတို့၏ ပဋိညာဉ်ကို အကြိမ်တိုင်း**

**အကြိမ်တိုင်း ဖောက်ဖျက်ကြလေသည်။ အမှန်သော်ကား ထိုသူတို့သည် (ပဋိညာဉ် ဖောက်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ကြသည် မဟုတ်ပေ။ (၈ : ၅၆)**

**သို့ဖြစ်ပေရာ အသင်သည် အကယ်၍ ၎င်းတို့အားစစ်ပွဲတွင် (လက်ရ) ဖမ်းမိသည် ရှိသော် အသင်သည် ၎င်းတို့အားဖြင့် ၎င်းတို့အပြင်၌ ရှိကြကုန်သော (ရန်)သူတို့အား ဖရိဖရဲ ကစဉ့်ကလျားဖြစ်အောင် ပြုကြလေလော့။ သို့မှသာလျှင် ၎င်းသူတို့သည် သတိရလတ္တံ့။ (တစ်နည်း - နောင်ကြဉ်ကြလတ္တံ့) (၈ : ၅၇)**

**၎င်းပြင် အကယ်၍ အသင်သည်လူမျိုးတစ်မျိုးထံမှ ကတိသစ္စာဖောက်ဖျက်မည်ကို စိုးရိမ်မကင်းဖြစ်ပါမူ အသင်သည် (၎င်းတို့နှင့် ဖွဲ့ဆိုထားသည့် ပဋိညာဉ်စာချုပ်ကို) ၎င်းတို့ထံ ပြန်လည်၍ အပ်ပါလေ။ (ပဋိညာဉ်စာချုပ် ရုပ်သိမ်းပြီးဖြစ်ကြောင်းကို သိရှိရာတွင် အသင်နှင့် ၎င်းတို့သည်) တန်းတူ ဖြစ်ရှိသွားမည်။ ဇကာန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် သစ္စာဖောက်ဖျက် သူတို့အား (လုံး၀)နှစ်သက်တော်မူသည် မဟုတ်ချေ။ (၈ : ၅၈)**

## အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြပါအာယသ်များအနက် ပထမအာယသ်တွင် သုံးနှုန်းထားသော စကားလုံးများ كَدَأْبِ اٰلِ فِرْعَوْنَ وَ الَّذِيْنَ مِنْ قَبْلِهِمْ كَفَرُوْا بِاٰيٰتِ اللّٰهِ فَاَخَذَهُمُ اللّٰهُ بِذُنُوْبِهِمْ "(ကုဖ်ရ် သွေဖည်မှုကြောင့် ပြစ်ဒဏ် ခံစားရရာ၌ အဆိုပါကာဖစ်ရ်များ၏ အခြေအနေကား) ဖိရ်အောင်နိ်၏ အဆွေအရံများ၏ အခြေအနေကဲ့သို့လည်းကောင်း၊ ယင်း(ဖိရ်အောင်နိ်၏ အဆွေအရံများ)၏ အလျင် ရှေးအထက်ကျော် ကာရီက ရှိခဲ့ကြသောသူတို့၏ အခြေအနေကဲ့သို့လည်းကောင်း ဖြစ်ချေသည်"(၅၂) တို့သည် အလျင်အာယသ်ပါ စကားလုံးများနှင့် အားလုံး တူညီကြသည်။ သို့သော်လည်း ဤအဆိုအမိန့် နှစ်ခုနောက်ကွယ်ရှိ ရည်ရွယ်ချက်မှာမူ ကွဲပြားခြားနားသည်။ ပထမအာယသ်တော်(၅၂)၏ ရည်ရွယ်ချက်မှာ ဤသူတို့၏မယုံကြည်မှုသည် သူတို့အပေါ် ပြစ်ဒဏ်ခတ်ခံရမှု၏ အကြောင်းရင်းဖြစ်ကြောင်း ဖော်ပြသည်။ လက်ရှိအာယသ် (၅၄)ထဲတွင်မူ ရည်ရွယ်ချက်မှာ အဆိုအမိန့်သည် အလ္လာဟ်အရှင်မြတ်၏ လုပ်ရိုးလုပ်စဉ်ဥပဒေအရဖြစ်သည်။ ယင်းကား လူတို့ပေါ် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာကျရောက်ပြီး ၎င်းတို့သည် ယင်းကောင်းချီးမင်္ဂလာများ၏တန်ဖိုးနှင့်ထိုက်တန်မှုကိုအသိအမှတ်ပြုရန် ပျက်ကွက်၏။အရှင်မြတ်ရှေ့တော်မှောက်ဦးညွတ်ရန် ငြင်းဆိုခဲ့ပါလျှင် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများသည် ကံကြမ္မာဆိုးများနှင့် ပြစ်ဒဏ်ခတ်မှုအဖြစ် ပြောင်းလဲသွားပါသည်။ ဖိရ်အောင်နိ်နှင့် အဆွေအရံများနှင့် ၎င်းအလျင် ရှေးအထက်ကျော်ကာရီက ရှိခဲ့ကြသောသူများသည် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများကို ပြုထိုက်သည့်အတိုင်း အသိအမှတ်ပြုရန် ပျက်ကွက်ခဲ့သောကြောင့် ၎င်းတို့ထံမှ ထိုကောင်းချီးမင်္ဂလာများ ရုပ်သိမ်းသွား၍ ယင်းအစား ပြစ်ဒဏ်ခတ်မှုများ ကျရောက်ခဲ့ပါသည်။ ရည်ရွယ်ချက်ပါ ဤကွဲလွဲမှုအပြင် အချို့နေရာများတွင် သုံးစွဲထားသော စကားလုံးများကို အပြောင်းအလဲပြုလုပ်ထားခဲ့သည်။ ယင်းပြုလုပ်ချက်ကြောင့် မူရင်းစာသားတွင် သီးခြားအညွှန်းများ ပေါ်ထွက်စေရန် ဖြစ်သည်။ ပမာဆိုသော် ပထမအာယသ်တော်(၅၂)ထဲ၌ كَفَرُوْا بِاٰيٰتِ اللّٰهِ "ထိုသူတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။အလ္လာဟ်အရှင်မြတ်၏

ဒေသနာတော်များကို"ဟူသော စကားလုံးများ သုံးစွဲထားသကဲ့သို့ အာယသ်(၅၄)ထဲတွင် بِاٰيٰتِ رَبِّهِمْ "ၵင်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ သက်သေလက္ခဏာများကို" ဟူသော စကားလုံးသုံးစွဲထားခဲ့သည်။ ထို့ကြောင့် رَبّ (ရဗ်ဗိ - မွေးမြူဖန်ဆင်းတော်မူသောအရှင်) ဟူသော ဂုဏ်တော်အစား "အလ္လာဟ်" ဟူသော နာမတော်ဖြင့် ဖော်ပြခြင်းဖြင့် ဤသူများသည် ကြောက်ဖွယ်မတရားဖြစ်ပြီး အမှန်တရားနှင့်ပတ်သက်၍ ဆင်ခြင်တုံတရားကင်းမဲ့သည် ဟူသော အညွှန်းပေးပါသည်။ ဤသူများသည် ၎င်းတို့၏ရဗ် (ပြုစုပျိုးထောင် ကျွေးမွေးစောင့်ရှောက်တော်မူသည်)၏ လက္ခဏာတော်များကို မမှန်ကန်ကြောင်း စတင်ငြင်းဆိုကြပါသည်။ ထိုအရှင်မြတ်၏ ကောင်းချီးမင်္ဂလာများဖြင့် ၎င်းတို့ စတင်ဖြစ်တည်သည်မှ ယခုချိန်တိုင် ပြုစုပျိုးထောင်ခြင်းခံခဲ့ရသည်။

နောက်ထပ်၍ပထမအာယသ်(၅၂)ထဲတွင် رَبِّهِمْ فَاَهْلَكْنٰهُمْ بِذُنُوْبِهِمْ"ထို့နောက်အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား ထိုသူတို့၏ပြစ်မှုဒုစရိုက်များကြောင့် ဖမ်းဆီးကွပ်မျက်တော်မူခဲ့လေသည်" ဟူ၍ မိန့်ထားသကဲ့သို့ အာယသ်(၅၄)တွင် فَاَهْلَكْنٰهُمْ بِذُنُوْبِهِمْ "သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ ပြစ်မှုဒုစရိုက်များကြောင့် ဖျက်ဆီးတော်မူခဲ့လေသည်"ဟူ၍ မိန့်ထားခဲ့သည်။ ဤသည်က ပထမ အဆိုအမိန့်တွင် တိုတောင်းမှုကို ရှင်းလင်းစေသည်။ အဘယ့်ကြောင့်ဆိုသော် ပထမအာယသ်ထဲ၌ ၎င်းတို့ပေါ်ကျရောက်သည့်ပြစ်ဒဏ်ခတ်မှုသည် အသွင်သဏ္ဌာန်အမျိုး မျိုးဖြစ်နိုင်ကြောင်း ဖော်ပြထားသည်။ ဤကမ္ဘာလောကၐ ၎င်းတို့သက်တမ်းအတွင်း ကံကြမ္မာ ဆိုးများ ကျရောက်နိုင်သည်။ သို့တည်းမဟုတ် ၎င်းတို့၏ဖြစ်တည်မှုကို လုံးဝဖယ်ရှားပစ်ခြင်းလည်း ဖြစ်နိုင်သည်။ လက်ရှိအာယသ်(၅၄)ထဲတွင် اَهْلَكْنٰهُمْ"ငါအရှင် မြတ်သည် ၎င်းတို့အား ဖျက်ဆီးတော်မူခဲ့၏" ဟူ၍ မိန့်ထားခြင်းက ထိုသူအားလုံးနှင့် ထိုက်တန်သော ပြစ်ဒဏ်ခတ်မှုမှာ သေခြင်းဖြစ်ကြောင်း ထင်ရှားစေပါသည်။ ထို့ကြောင့် ထိုသူတို့အ ဖျက်ဆီးခံခဲ့ကြရသည်။ ထိုကဲ့သို့သောလူမျိုးစုတိုင်း၏ အဖျက်ဆီးခံရမှုမှာ အသွင်အမျိုးမျိုးရှိသည်။ ထိုလူမျိုးစုများ အနက်မှ ဖိရ်အောင်နှ်သည် သူ့ကိုယ်သူ ဘုရားဟုကြေညာခဲ့ပြီး သူ့လူများကလည်း ကြေညာချက်ကို သက်သေခံခဲ့ကြ သည်။ ထို့ကြောင့် وَاَغْرَقْنَآ اٰلَ فِرْعَوْنَ "ထို့ပြင် ငါအရှင်မြတ်သည် ဖိရ်အောင်နှ်၏ အခွေအရံတို့ကို နစ်မြုပ်စေတော်မူ ခဲ့သည်-၅၄"ဟူ၍ ဖိရ်အောင်နှ်အား သီးခြားဖော်ပြခဲ့သည်။ ဤနေရာ၌ အခြားသူများ အပေါ်ကျရောက်ခဲ့သော ပျက်စီး ခြင်းပုံစံများကို ဖော်ပြထားခြင်းမရှိခဲ့ပါ။ သို့သော်လည်း ဤသူများနှင့် သက်ဆိုင်သော အသေးစိတ်များကို အခြားသော အာယသ်တော်များတွင် ဖော်ပြထားသည်။ ယင်းအာယသ်များထဲ၌ အချို့မှာ မြေငလျင်ဖြင့် ပြစ်ဒဏ်ခတ်ခံရခြင်း၊ အချို့သူတို့မှာ မြေမျိုခံရခြင်း၊ အချို့မှာ တိရစ္ဆာန်အသွင် ပြောင်းလဲခံရခြင်း (သို့မဟုတ်) လေပြင်းမုန်တိုင်း တိုက်ခံရခြင်း နှင့် နောက်ဆုံးတွင် မဂ္ဂာဟ်မြို့မှ မယုံကြည်သွေဖည် ငြင်းပယ်သူများသည် ဗဒ်ရ်စစ်ပွဲတွင် မုစ်လင်မ်များလက်ချက်ဖြင့် ဖျက်ဆီး ခြင်းခံခဲ့ရကြောင်း ဖော်ပြ ထားခဲ့သည်။

ဤအာယသ်ပြီးနောက် တစ်ဆက်တည်းမိန့်ထားသည်မှာ اِنَّ شَرَّ الدَّوَآبِّ عِنْدَ اللّٰهِ الَّذِيْنَ كَفَرُوْا "ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်အထံ တော်တွင် အဆိုးဆုံးသော သတ္တဝါတို့ကား (ဤ) အကြင်မယုံမကြည်သွေဖည် ငြင်းပယ် သောသူတို့ပင်တည်း" (၅၅)ဟူ၍ ဖြစ်သည်။ ဤနေရာပါ دَوَآبّ (ဒဝါဗ်) ဟူသောစကားလုံးသည် (ဒဗ္ဗာဟ်)၏ ဗဟုဝုစ်ပုံစံဖြစ်ကာ စာပေသဘောအရ ကမ္ဘာမြေပေါ်တွင် လမ်းလျှောက်သောသတ္တဝါဟု ဆိုလိုသည်။ ထို့ကြောင့် ဤ စကား လုံးသည် လူသားများနှင့် ကမ္ဘာမြေပေါ်တွင် လမ်းလျှောက်သော မည်သည့်သတ္တဝါမဆို အကျုံးဝင်ပေသည်။ သို့သော် လည်း အများအသုံးအနှုန်းမှာ ဤစကားလုံးသည် ခြေလေးချောင်းသတ္တဝါများကို အထူးသီးသန့်သုံးနှုန်းသည်။ ထိုသူ များသည် ၎င်းတို့ အသိဉာဏ် ကင်းမဲ့ရာတွင် တိရစ္ဆာန်များထက်ပင် နိမ့်ကျသောကြောင့် ဘာသာစကားတွင် ထိုအသုံး

အနှန်းဖြင့် ဖော်ပြထားခြင်းဖြစ်သည်။ ထို့ကြောင့် အာယသ်တော်၏ဆိုလိုရင်းမှာ အလွန်ရှင်းလင်းစေပါသည်။ ယင်းကား ဤသူများသည် လူသားများနှင့် တိရစ္ဆာန်အားလုံးတွင်မှ အယုတ်ညံ့ဆုံးသော တိရစ္ဆာန်များဖြစ်သွားကြသည်။ အာယသ်တော်အဆုံးတွင် **فَهُمۡ لَا يُؤۡمِنُوۡنَ** "သို့ဖြစ်ပေရာ ၎င်းတို့သည် သက်ဝင်ယုံကြည်ကြမည့်သူများ မဟုတ်ချေ (၅၅)"ဟူ၍ မိန့်ထားသည်။ ဆိုလိုသည်မှာ ဤသူတို့သည် ၎င်းတို့ဘဝ၏ ရည်ရွယ်ချက်ဖြစ်သော ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်ကိုသာ ဖြည့်ဆည်းခြင်းဖြစ်သောကြောင့် အလွှာဟ်အရှင်ပေးသနားတော်မူသည့် စွမ်းရည်များ အချည်းအနှီး ဖြစ်ပွားစေပါသည်။ ထို့ကြောင့် ၎င်းတို့သည် အီမာန် ယုံကြည်မှု၏ခြောက်ပြစ်ကင်းသန့်စင်မှုသို့ ရောက်ရှိရန် လုံးဝမဖြစ်နိုင်ချေ။

စအီးဒ်အိပ်နိုဂျူဗိုင်းရ် [d] က ပြောသည်မှာ ဤအာယသ်တော်သည် မည်သည့်အခါမျှ အီမာန် သက်ဝင်ယုံကြည်လိမ့်မည်မဟုတ်သော ဂျူးလူမျိုးထဲမှ လူခြောက်ဦးအကြောင်းနှင့်ပတ်သက်၍ ကျရောက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် တစ်ဖန်ထပ်၍ ဤစကားလုံးအရ ယင်းအချိန်က မုစ်လင်မ်များနှင့် အစွလာမ်သာသနာကို ဆန့်ကျင်ရန် ကြိုးပမ်း အားထုတ်သူများနှင့်အတူ ရှိနေကြလင့်ကစား နောင်တွင် ၎င်းတို့သည် အတိတ်မှ အမှားများကို နောင်တရကာ အစွလာမ်ဘာသာသို့ သက်ဝင်ယုံကြည်လာသူများသည် ပြစ်ဒဏ်ခတ်ခံရမှုမှ လွတ်ငြိမ်းချမ်းသာခွင့် ရမည်ဟူသော ရည်ရွယ်ချက်ပင်ဖြစ်သည်။ ဤသည်မှာ ယင်းဖြစ်ပျက်မှု ဘယ်လိုဖြစ်ခဲ့သနည်း ဆိုခြင်းပင်တည်း။ ထိုသူများအနက်မှ အလွန်ကြီးမားသော အုပ်စုတစ်စုသည် အစွလာမ်သာသနာ သက်ဝင်လာခြင်းအားဖြင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဘာသာတရားကိုင်းရှိုင်း၍ ဖြောင့်မတ်မှန်ကန်ရုံမျှမက လုပ်ရပ်နှင့်ပြောဆိုမှုများတွင် တူညီကြကာ ကမ္ဘာပေါ်ရှိ အမျိုးသားအမျိုးသမီးများ၏ ခေါင်းဆောင်အဖြစ် ပေါ်ထွက် ခဲ့ကြသည်။ ထိုသူများမှာ ဖန်ဆင်းရှင်၏ ရှေ့တော်မှောက်တွင် စံပြဖြစ်စေရန် တာဝန်ရှိသော နေထိုင်လုပ်ဆောင်မှုများစံများနှင့် ကိုယ်ကျင့်တရားကောင်းမွန်မှုများအတွက် ဖိတ်ခေါ်ကြေညာသူများ ဖြစ်သွားကြပေသည်။

တတိယအာယသ်တော် (၅၆)

**اَلَّذِيۡنَ عٰهَدۡتَّ مِنۡهُمۡ ثُمَّ يَنۡقُضُوۡنَ عَهۡدَهُمۡ فِىۡ كُلِّ مَرَّةٍ وَّ هُمۡ لَا يَتَّقُوۡنَ**

"ထိုကာဖိရ်များကား အသင်သည် ထိုသူတို့ထံမှ (အကြိမ်ကြိမ်) ပဋိညာဉ်ယူခဲ့ပြီးဖြစ်လေသည်။ ထို့နောက်သော်မှပင် ထိုသူတို့သည် မိမိတို့၏ပဋိညာဉ်ကို အကြိမ်တိုင်းအကြိမ်တိုင်း ဖောက်ဖျက်ကြလေသည်။ အမှန်သော်ကား ထိုသူတို့သည် (ပဋိညာဉ်ဖောက်ဖျက်ခြင်းနှင့်စပ်လျဉ်း၍ အလွှာဟ်အရှင် မြတ်အား) ကြောက်ရွံ့ကြသည်မဟုတ်ပေ"

သည်မဒီနာဟ်မြို့ရှိ ဂျူးနှင့်ဗနူကုရိုင်ဇာဟ်မျိုးနွယ်နှင့် ဗနူနဒီးရ်တို့ အကြောင်းဖြစ်သည်။ ပြီးခဲ့သော အာယသ်တော်များထဲတွင် ဗဒ်ရ်စစ်ပွဲတွင် မုစ်လင်မ်တို့လက်ချက်ဖြင့် မက္ကာဟ်မြို့မှ မယုံကြည်သွေဖည် ငြင်းပယ်သူများအပေါ်၌ အလွှာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ကျရောက်ခဲ့ကြောင်းနှင့် ၎င်းတို့သည် လွန်လေပြီး အုမွသ်တွင်ရှိ မယုံကြည်သွေဖည် ငြင်းပယ်သူများနှင့် အလားသဏ္ဌာန်တူကြောင်း ဖော်ပြထားသည်။ ဤအာယသ်တော်ထဲ၌ မဒီနာဟ်မြို့သို့ ပြောင်းရွှေ့သွားခဲ့သည့် မုစ်လင်မ်များကို အန္တရာယ်ပြုခဲ့သည့် မတရားသောသီးသန့်အုပ်စုကို ဖော်ပြထားခဲ့သည်။ တစ်ဖက်တွင် ထိုသူတို့သည် မုစ်လင်မ်များနှင့် ငြိမ်းငြိမ်းချမ်းချမ်းရှိနေခဲ့ကြောင်း အခိုင်အမာပြောခဲ့ပြီး တစ်ဖက်တွင်မူ ၎င်းတို့သည် မုစ်လင်မ်များကို ဆန့်ကျင်သည့် မက္ကာဟ်မြို့မှ မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် ပူးပေါင်းလုပ်ကြံခဲ့ကြပါသည်။ ဤသူများ သည် ဘာသာတရားအရ ဂျူးများဖြစ်ခဲ့ကြကာ အစွလာမ်ကိုဆန့်ကျင်သည့် မက္ကာဟ်မြို့မှ မယုံကြည်သွေဖည်

ငြင်းပယ်သူများ၏ ထိပ်သီးခေါင်းဆောင် အဗူဂျာဟဲလ်ဖြစ်၍ မဒီနာမြို့ရှိဂျူးများအနက် အစွလာမ်ကိုဆန့်ကျင် သည့် ထိပ်သီးခေါင်းဆောင်မှာ ကအဗ်အိပ်နိအရှ်ရဖ်ဖြစ်သည်။

တမန်တော်မြတ် S သခင်သည် မဒီနာဟ်မြို့တော်သို့ ဟိဂျ်ရသ်ပြုလုပ်ပြီးနောက် ယင်းမြင့်မြတ်သောမြို့သည် ကောင်းချီးမင်္ဂလာဖြင့် ဂုဏ်တက်စေကာ မုစ်လင်မ်များ၏ သြဇာအာဏာလည်း တိုးတက်လာသည်ကို ၎င်းတို့ တွေ့ရှိခဲ့ ကြသည်။ ထိုသူများသည် မုစ်လင်မ်များကို အထင်ကြီးကြောက်ရွံ့ခဲ့ကြသော်လည်း ၎င်းတို့နှလုံးသားတွင်မူ မုစ်လင်မ် ဆန့်ကျင်ရေးမီးလျှံကား အမြဲလောင်ကျွမ်းလျက်ရှိသည်။

အစွလာမ့်နိုင်ငံရေးဆိုင်ရာ အသိဉာဏ်အရ မဒီနာဟ်မြို့ရှိ ဂျူးများသည် မုစ်လင်မ်များနှင့် နှစ်ဦးနှစ်ဖက် ပဋိညာဉ်ချုပ်ဆိုကာ အတတ်နိုင်ဆုံး လက်တွဲနေထိုင်ကြရမည်။ သို့မှသာ ထိုသူများသည် မက္ကာဟ်မြို့ရှိ မယုံကြည် သွေဖည်ငြင်းပယ်သူများအား အကူအညီပေးနိုင်လိမ့်မည်မဟုတ်ချေ။ ၎င်းတို့သည် မုစ်လင်မ်များကို ဂရုစိုက်ရသော ကြောင့် ဂျူးများသည်လည်း ဤအစီအစဉ်အတိုင်း လုပ်ရန်ဆန္ဒရှိကြသည်။

## အစွလာမ့်အမျိုးသားရေးဆီသို့ (ပထမအဆင့်)

တမန်တော်မြတ် S သည် မဒီနာဟ်မြို့တော်ရောက်ရှိပြီးနောက် အစွလာမ့်နိုင်ငံရေးဆိုင်ရာ သီအိုရီကို ကနဦး အုတ်မြစ်ချခဲ့ပါသည်။ တမန်တော်မြတ် S ပထမဆုံးအဆင့်ပြုလုပ်သည်မှာ မုဟာဂျိရ်ုန် (မက္ကာဟ်မြို့မှ ပြောင်းရွှေ့လာ သူများ)များနှင့် အန်ဆွာရ် (မုဟာဂျိရ်ုန်များကိုကူညီသော မဒီနာဟ်မြို့သူမြို့သားများ) တွင်ရှိသော ဒေသနှင့်လူမျိုးစု တို့၏ အာဃာတကို ပယ်ရှားရန်ဖြစ်သည်။ ယင်းနေရာအစား တမန်တော်မြတ် S က အစွလာမ့်အမည်ခံသော အမျိုး သားရေးတစ်ရပ်တည်ထောင်ခဲ့သည်။ ဤသည်ကြောင့် မုဟာဂျိရ်ုန်နှင့် အန်ဆွာရ်တို့တွင်ရှိ မျိုးနွယ်စုအမျိုးမျိုးသည် တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို ဖြစ်သွားကြပေသည်။ ထို့နောက် တမန်တော်မြတ် S သခင်ကို အကြောင်းခံ၍ အန်ဆွာရ်အချင်းချင်းကြား ရာစုနှစ်ပေါင်းများစွာရှိခဲ့သည့် ကွဲလွဲမှုများကိုလည်း အလွှာဟ်အရှင်မြတ်က ဖယ်ရှား၍ကူညီ ပေးခဲ့သည်။ ထို့ကြောင့် အန်ဆွာရီများသည် ၎င်းတို့အချင်းချင်း ညီရင်းအစ်ကိုဖြစ်သွားသည့် ခေတ်သစ်ဆီသို့ ရောက် သွားရုံမျှမက မုဂျာဟိရီးန်များနှင့်လည်း ညီရင်းအစ်ကိုဖြစ်သွားကြပေသည်။

## ဂျူးများနှင့်ပဋိညာဉ်ပြုခြင်း (ဒုတိယအဆင့်)

ဒုတိယနိုင်ငံရေးဆိုင်ရာ အသင့်လုပ်ဆောင်ရခြင်း၏ နောက်ခံအကြောင်းကား မုစ်လင်မ်များ၏ ရန်ဘက်နှစ်ဖွဲ့ ကြောင့်ဖြစ်သည်။ ပထမအဖွဲ့မှာ မက္ကာဟ်မြို့မှ မယုံကြည်သွေဖည်ငြင်းပယ်သူများဖြစ်ကြပြီး ၎င်းတို့သည် မုစ်လင်မ်များ ကို ညှဉ်းပန်းနှိပ်စက်ကာ မက္ကာဟ်မှ ထွက်ခွာသွားစေပါသည်။ ဒုတိယအဖွဲ့ကား မုစ်လင်မ်များ၏ အိမ်နီးနားချင်း ဖြစ်သွားသည့် မဒီနာဟ်ရှိ ဂျူးများဖြစ်သည်။

ဤနှစ်ဖွဲ့အနက် ဂျူးများနှင့်ပဋိညာဉ်တစ်ရပ်အပြီးသတ် ချုပ်ဆိုခဲ့ကာ အသေးစိတ်များဖြင့် မှတ်တမ်းတင်ထား ခဲ့သည်။ ဤစာချုပ်ပါအချက်များကို မဒီနာဟ်မြို့ဝန်းကျင်နေထိုင်သော ဂျူးများနှင့်အတူ မုဟာဂျိရ်ုန် နှင့်အန်ဆွာရ်များ အားလုံး လိုက်နာကြရန် တာဝန်ရှိသည်။ ဤပဋိညာဉ်စာချုပ်ပါ မူရင်းစာသားအပြည့်အစုံကို အိဗ်နိကဆီးရ်၏ البداية

**والذين** အလ်ဗီဒါယာဟ်ဝအလ်နိဟာယဟ်ကျမ်း၊ အိဗ်နိဟိရှားမ်၏ စီးရဟ်ကျမ်းနှင့် အခြားနေရာများတွင် တွေ့နိုင်ပါသည်။

ဤပဋိပညာဉ်၏ အပေါ်လွင်ဆုံးစာပိုဒ်မှာ အချင်းချင်းကြားတွင် သဘောထားကွဲလွဲမှုကိစ္စရပ်ရှိခဲ့လျှင် တမန်တော်မြတ် S သခင်၏ ဆုံးဖြတ်ချက်ကို အားလုံးက လိုက်နာကြရမည်ဟူ၍ဖြစ်သည်။ အခြားစာပိုဒ်မှာ မဒီနာဟ်မြို့မှ ဂျူးများသည် မုစ်လင်မ်များ၏ မည်သည့်ရန်သူကိုဖြစ်စေ မည်သည့်အကူအညီမျိုးကိုမဆို ပြောင်ပြောင်တင်းတင်း (သို့မဟုတ်) ပုန်းလျှိုးကွယ်လျှိုး မပေးရချေဟု ပါရှိသည်။ သို့သော်လည်း ဗဒိရ်စစ်ပွဲဖြစ်စဉ်က ဤသူတို့သည် မက္ကာမြို့မှ မယုံကြည် သွေဖည်ငြင်းပယ်သူများကို စစ်လက်နက်ပစ္စည်းနှင့် အခြားစစ်ဘက်ဆိုင်ရာ ပစ္စည်းများထောက်ပံ့ခြင်းအားဖြင့် ပဋိညာဉ်ကို ချိုးဖောက်ခဲ့ကြသည်။ မည်သို့ပင်ဆိုစေကာမူ ဗဒိရ်စစ်ပွဲသည် မယုံကြည်သွေဖည်ငြင်းပယ်သူများအတွက် သိကၡာမဲ့စွာ ရှုံးနိမ့်၍ မုစ်လင်မ်များအတွက် ပြတ်သားသောအောင်ပွဲတစ်ရပ်အသွင် ဆောင်သွားသောအခါ ထိုသူများသည် တစ်ဖန်ပြန်၍ အညှဉ်းခံသွားကြသည်။ ထိုသူတို့သည် တမန်တော်မြတ် S ရှေ့မှောက်ဝင်ရောက်၍ ထိုစဉ်ကဂင်းတို့ကျူးလွန်ခဲ့သောအမှားအတွက်ဝန်ချတောင်းပန်ကာအနာဂတ်တွင်ပဋိညာဉ်မချိုးဖောက်တော့ကြောင်း ကတိ ပေးကာ ကိုယ်တော်မြတ် S သခင်၏ ခွင့်လွှတ်မှုကို တောင်းခံခဲ့သည်။

အစ္စလာမ်သာသနာ၏ သည်းခံခြင်းနှင့် ရက်ရောခြင်းမှာ တမန်တော်မြတ် S သခင်၏ နည်းလမ်းဖြစ်၍ ဂင်းတို့၏တောင်းပန်မှုကို လက်ခံကာ ပဋိညာဉ်အသစ် တစ်ဖန် ချုပ်ဆိုခဲ့ပါသည်။ သို့သော်လည်း ထိုသူတို့သည် ဂင်းတို့၏ထူးဆန်းသော မွေးရာပါတုံ့ပြန်မှုများ၏ ကျေးကျွန်များဖြစ်ကြသည်။ အုဟုဒ်စစ်ပွဲတွင် မုစ်လင်မ်များ၏ အစပထမပိုင်း ရှုံးနိမ့်မှုအကြောင်း ဂင်းတို့ကြားသိသောအခါတွင် ဂင်းတို့၏ရည်မှန်းချက်မှာ မြင့်တက်လာခဲ့သည်။ ဂင်းတို့၏ အကြီးအကဲက အတ်ဗ်အိဗ်နိအရှ်ရဖ်ကိုယ်တိုင် မက္ကာဟ်မြို့သို့သွားရောက်၍ ထိုမြို့ရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများကို အသစ်လွင်ဆုံးနှင့် ပြည့်စုံသောပြင်ဆင်မှုဖြင့် မုစ်လင်မ်များကို နောက်တစ်ကြိမ်တိုက်ခိုက်ရန် နှိုးဆော်ခဲ့သည်။ ယင်းသို့လုပ်ဆောင်ရာတွင် မဒီနာဟ်မြို့ရှိ ဂျူးများသည် ဂင်းတို့နှင့်အတူ ရှိနေကြမည်ဖြစ်သည်။

ဤသည်မှာ အစ္စလာမ်သာသနာကိုဆန့်ကျင်၍ ဒုတိယအကြိမ် ပဋိညာဉ်ဖောက်ဖျက်မှု ကျူးလွန်ခြင်းဖြစ်သည်။ လက်ရှိအာယသ်ထဲတွင် ပဋိညာဉ်ချိုးဖောက်ခြင်းကို ဤသို့ထပ်ကာတလဲလဲ ဖော်ပြထားခြင်းသည် ဂင်းတို့၏ကောက်ကျစ်စဉ်းလဲမှုကို ပြတ်ပြတ်သားသား ပေါ်လွင်စေပါသည်။ ထိုသူများကိုယ်တိုင် တမန်တော်မြတ် S သခင်နှင့် ပဋိညာဉ်ချုပ်ဆိုထားသော်လည်း ဂင်းတို့သည်သာလျှင် ချုပ်ဆိုပြီးသည့် ပဋိညာဉ်အတိုင်း မလိုက်နာဘဲ အမြဲချိုးဖောက်ခဲ့ကြပါသည်။ အာယသ်တော်အဆုံးတွင် **وهم لا يتقون** "အမှန်သော်ကား ထိုသူတို့သည် (ပဋိညာဉ်ဖောက်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ကြသည် မဟုတ်ပေ။ ၅၆" ဟူ၍ မိန့်ထားခဲ့သည်။ ဤသည်က ဆိုလိုနိုင်သည်မှာ ဤသူများသည် နောင်တမလွန်ဘဝ အတွက် ပူပင်သောကမရှိဘဲ လောကီဆိုင်ရာလောဘများဖြင့် ယစ်မူးနေသည့် ကံကြမ္မာမကောင်းသောလူများ ဖြစ်သောကြောင့် နောင်တမလွန်ဘဝ၏ ပြစ်ဒဏ်ခတ်ခံရမှုကို မကြောက်ရွံ့သောသူများဖြစ်သည်။ ထို့နောက် ဤသည်က အဓိပ္ပာယ်သက်ရောက်နိုင်သေးသည်မှာ ထိုကဲ့သို့သော ပဋိညာဉ်ဖောက်ဖျက်သည့် အကျင့်သိကၡာမဲ့သောသူများသည် ဤကမ္ဘာတွင်ပင်လျှင် မကောင်းသောအဆုံးသတ်နှင့် တွေ့ရ၍ ပြစ်ဒဏ်ခတ်ခံရနိုင်သော်လည်း ဂင်းတို့၏လျစ်လျူရှုမှုကြောင့်နှင့် မိုက်မဲမှုကြောင့် ယင်းပြစ်ဒဏ်ခတ်ခံရမှုကို မကြောက်ကြတော့ချေ။

ထို့နောက် ထိုလူများ မကောင်းသည့်လုပ်ရပ် ပြုလုပ်ခဲ့သဖြင့် ပြစ်ဒဏ်ခတ်ခံရမှု မြည်းစမ်းနေရသည်ကို ကမ္ဘာက မြင်တွေ့ရသည့်အချိန် ရောက်လာခဲ့ပါသည်။ မယုံကြည် သွေဖည်ငြင်းပယ်သူများ၏ ခေါင်းဆောင် အဗူ ဂျာဟဲလ်ကဲ့သို့ ဂျူးများရဲ့အကြီးအကဲ ကအစ်အိပ်နိအရှ်ရဖ်သည် သတ်ဖြတ်ခံခဲ့ရကာ မဒီနာဟ်မြို့ရှိ ကျန်ဂျူးများသည်လည်း ထိုမြို့မှ နှင်ထုတ်ခြင်းခံခဲ့ရသည်။

စတုတ္ထအာယသ်တော် (၅၇)ထဲတွင် လေးနက်သောပဋိညာဉ်ဖောက်ဖျက်သော မကောင်းဆိုးဝါးသောသူများနှင့် ပတ်သက်သည့် အမြဲလိုက်နာရမည့်ညွှန်ကြားချက်ကို အရှင်မြတ်၏ရစူလ ﷺ သခင်အား ပေးထားခဲ့သည်မှာ အောက်ပါစကားလုံးဖြင့် ဖြစ်သည်။

فَإِمَّا تَثْقَفَنَّهُمْ فِي الْحَرْبِ فَشَرِّدْ بِهِمْ مَّنْ خَلْفَهُمْ لَعَلَّهُمْ يَذَّكَّرُونَ

"သို့ဖြစ်ပေရာ အသင်သည် အကယ်၍ ၎င်းတို့အား စစ်ပွဲတွင် (လက်ရ) ဖမ်းမိသည်ရှိသော် အသင်သည် ၎င်းတို့အားဖြင့် ၎င်းတို့အပြင်၌ရှိကြကုန်သော (ရန်) သူတို့အား ဖရိဖရဲ ကစဉ့်ကလျား ဖြစ်အောင် ပြုကြလေလော့၊ သို့မှ သာ ၎င်းသူတို့သည် သတိရကြလတ္တံ့။"

ဤနေရာပါ تَثْقَفَنَّهُمْ (တတ်စ်ကဖန်နဟွမ်) ဟူသည့်စကားလုံးမှာ ထိုသူများအပေါ် အသာစီးရရန် ဟူအဓိပ္ပာယ်ရကာ شرّد (ရှရ်ရဒ) ဟူသော စကားလုံးသည် تشريد (သရှရီးဒ်) ဟူသော ကြိယာနာမ်မှ ဆင်းသက်ကာ မောင်းထုတ်စေရန် (သို့မဟုတ်)ဖရိဖရဲ ကစဉ့်ကလျားဖြစ်စေရန်ဟု အဓိပ္ပာယ်သက်ရောက်သည်။ ထို့ကြောင့် အာယသ်က "အကယ်၍ စစ်ပွဲတစ်ပွဲ၌ အသင်တို့သည် ထိုသူများကို အောင်နိုင်ခဲ့ပါက ၎င်းတို့ အပေါ် ရက်စက် ကြမ်းကြုတ်သော ပြစ်ဒဏ်ခတ်မှုတစ်ခုပြုလုပ်ပါလေ။ သို့မှသာ အခြားသူများအတွက် တစ်မုဟုတ်ချင်း သင်ခန်းစာ ဖြစ်သွားပါလိမ့်မည်။ သို့မှသာ ရန်သူများကို နောက်ကွယ်မှ ပုန်းလျှိုးကွယ်လျှိုး လှုံ့ဆော်ပေးသူများသည် အသက်ကိုလု၍ ပြေးရမည်မှအပ ဘာမျှမရှိဟူသည်ကို ၎င်းတို့နားလည်ကြပေမည်" ဟူ၍ဖြစ်သည်။ ဤညွှန်ကြားချက်၏ တွန်းအားမှာ နောင်အနာဂတ်တွင် မုစ်လင်မ်များကိုရင်ဆိုင်ရန် ပြန်လာကြမည့်သူများဖြစ်သော မက္ကာဟ်မြို့မှ မယုံကြည် သွေဖည် ငြင်းပယ်သူများနှင့် အခြားရန်လိုသည့် မျိုးနွယ်စုများ သတ္တိကြောင်သွားစေရန် ပြင်းပြင်းထန်ထန် ပြစ်ဒဏ်ခတ်ရန် ဖြစ်သည်။

အာယသ်တော်အဆုံး၌ لَعَلَّهُمْ يَذَّكَّرُونَ "သို့မှသာလျှင် ၎င်းသူတို့သည် သတိရကြလတ္တံ့။ (တစ်နည်း နောင်ကြဉ်ကြလတ္တံ့) ၅၇" ဟူ၍ မိန့်ထားခြင်းက စကြဝဠာအပေါင်း၏ အရှင်သခင်ချပေးတော်မူသည့် စကြဝဠာလုံးဆိုင်ရာ သနားကြင်နာမှုနှင့်ပတ်သက်သော အညွှန်းတစ်ခု ပါဝင်သည်။ ဤသို့ဆက်ဆံစေခြင်းက ရှင်းလင်းစေသည်မှာ ဤစံပြပြစ်ဒဏ်ခတ်မှု၏စစ်မှန်သောရည်ရွယ်ချက်သည် လက်စားချေရန် (သို့မဟုတ်)ပုဂ္ဂိုလ်ရေးအမျက်ဒေါသ ပြေငြိမ်းရန်မဟုတ်ဘဲ စင်စစ်မှာ ဤလုပ်ဆောင်မှုသည် ၎င်းတို့၏ အကျိုးနှင့်အထောက် အကူပြုသည့် အသုံးဝင်သည့် အကျိုးအမြတ်အတွက်ဖြစ်သည်။ ယင်းကြောင့် ၎င်းတို့၏ ရှေ့မှောက်ရှိ အခြေအနေများကို ပြန်လည်စဉ်းစစ်ကာ ၎င်းတို့၏အသိဉာဏ်အချို့ ပြန်လည်ရရှိ၍ လုပ်ခဲ့သည်တို့ကို အရှက်ရသောခံစားမှုဖြင့် သူတို့ကိုယ်သူတို့ ပြန်လည် ပြင်ဆင်နိုင်ကြပေမည်။

## ငြိမ်းချမ်းရေးပဋိညာဉ်စာချုပ်တစ်ခုကို ပယ်ဖျက်ရန် ရွေးချယ်ခြင်း

ပဉ္စမအာယသ်(၅၈)ထဲ၌ စစ်ဖြစ်စဉ်နှင့်ငြိမ်းချမ်းရေးကာလတွင် ဥပဒေအစိတ်အပိုင်းဖြစ်သော အရေးကြီးသည့် စာပိုဒ်တစ်ခုအကြောင်း တမန်တော်မြတ် ﷺ မိန့်ကြားထားခဲ့သည်။ ဤနေရာ၌ ပဋိညာဉ်စာချုပ်ပါ အချက်အလက်များကို လိုက်နာရန်အရေးကြီးကြောင်း အလေးအနက်ဖော်ပြပြီးနောက် ပဋိညာဉ်စာချုပ်၏ သက်တမ်းမည်သည့်အချိန်တွင်မဆို တစ်ဖက်၏ပဋိညာဉ်ချိုးဖောက်နိုင်သည့် အခြေအနေကိုကာကွယ်ရန်အလို့ငှာ နည်းလမ်းတစ်ခု တင်ပြထားသည်။ ဤအခြေအနေရဆိုလျှင် မုစ်လင်မ်များသည် ယင်းပဋိညာဉ်အပေါ် ထားရှိသည့်အချက်များကို ဆက်လက်လိုက်နာရန် မလိုအပ်တော့ချေ။ သို့သော်လည်း စာချုပ်သက်တမ်းမပြည့်မီအလျင် မုစ်လင်မ်များက ဦးဆောင်ဦးရွက်ပြု၍ (မည် သည့်အမျိုးအစားတွင်မဆို လက်ဦးအောင်လုပ်ခြင်း)လုပ်ခြင်း ခွင့်မပြုချေ။ စင်စစ် မှန်ကန်သောချဉ်းကပ်မှုနည်းလမ်းမှာ ငြိမ်းချမ်းသာယာ၍ သင့်လျော်အဆင်ပြေသော အချိန်ကာလကို ရွေးချယ်ကာ မုစ်လင်မ်များက ထိုသူတို့၏ မကောင်းသော စိတ်ဓာတ်များ(သို့မဟုတ်) စာချုပ်ပါအချက်အလက်များ ဆန့်ကျင်သည်ကိုသိရှိကြောင်း ၎င်းတို့အားပြောပြလိုက်ပါ။ သို့မဟုတ်ပါက ထိုသူတို့၏ လုပ်ကိုင်ဆက်ဆံမှုသည် သံသယဝင်ဖွယ်ဖြစ်သောကြောင့် မုစ်လင်မ်များက စာချုပ်ပါအတိုင်း လိုက်နာရန်မလိုဟု ပြောပြပါ။ အကျိုးဆက်အားဖြင့် ထိုသူတို့သည်လည်း ၎င်းတို့ဆန္ဒ ရှိသကဲ့သို့ လွတ်လပ်စွာလုပ်ဆောင်နိုင်ပါသည်။ အာယသ်တော်ပါ စကားလုံးများကား

وَ اِمَّا تَخَافَنَّ مِنْ قَوْمٍ خِيَانَةً فَانْۢبِذْ اِلَيْهِمْ عَلٰى سَوَآءٍ ؕ اِنَّ اللّٰهَ لَا يُحِبُّ الْخَآئِنِيْنَ

"၎င်းပြင် အကယ်၍ အသင်သည် လူမျိုးတစ်မျိုးထံမှ ကတိသစ္စာ ဖောက်ဖျက်မည်ကိုစိုးရိမ်မကင်းဖြစ်ပါမူ အသင်သည် (၎င်းတို့နှင့်ဖွဲ့ဆိုထားသည့် ပဋိညာဉ်စာချုပ်ကို) ၎င်းတို့ထံ ပြန်လည်၍ အပ်ပါလေ။ (ပဋိညာဉ်စာချုပ် ရုပ်သိမ်းပြီးဖြစ်ကြောင်းကို သိရှိရာတွင် အသင်နှင့်၎င်းတို့သည်) တန်းတူဖြစ်ရှိသွားမည်။ ဇကာန်စင်စစ် အလ္လာဟ် အရှင် မြတ်သည် သစ္စာဖောက်သူတို့အား (လုံးဝ)နှစ်သက်တော်မူသည်မဟုတ်ချေ" ဟူ၍ဖြစ်သည်။

အာယသ်တော်၏ဆိုလိုရင်းမှာ ငြိမ်းချမ်းရေးပဋိညာဉ်ချုပ်ဆိုထားသူများနှင့် မည်သည့်စစ်ဘက်ဆိုင်ရာ တိုက်ခိုက်မှုများမဆို ပြုလုပ်ခြင်းသည် ပဋိညာဉ်ချိုးဖောက်ခြင်းအောက်၌ အကျုံးဝင်သွားသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် "ခိယာနသ်" ပြစ်မှုကျူးလွန်သူကို နှစ်သက်တော်မမူချေ။ ခိယာနသ်ဆိုသည်မှာ ပဋိညာဉ်ဖောက်ဖျက်ကျူးလွန်သူ ဖြစ်သည်။ အကယ်၍ ရန်လိုသောမယုံကြည်သွေဖည်ငြင်းပယ်သူများကို နစ်နာဆုံးရှုံးသွားလျှင်ပင် ယင်းခိယာနသ် ကို ခွင့်မပြုချေ။ သို့သော်လည်း တစ်ဖက်သူတို့သည် ပဋိညာဉ်တစ်ရပ်ကို ဖောက်ဖျက်မည့် အန္တရာယ်ရှိခဲ့လျှင် ၎င်းတို့ထံ သွားရောက်၍ အနာဂတ်တွင် မုစ်လင်မ်များက စာချုပ်ပါအတိုင်း လိုက်နာတော့မည်မဟုတ်ကြောင်း ပွင့်ပွင့်လင်းလင်း မြွက်ဟကြေညာလိုက်ပါ။ သို့သော်လည်း ဤမြွက်ဟကြေညာမှုမှာ တစ်ဖက်နှင့်မုစ်လင်မ်ဘက်သည် တန်းတူရည်တူရှိရဲ ပေမည်။ ဆိုလိုသည်မှာ ဤမြွက်ဟကြေညာမှုနှင့် သတိမပေးမီအလျင် ရင်ဆိုင်ရန် ကြိုတင်ပြင်ဆင်မှုမလုပ်ရချေ။ အဘယ့်ကြောင့်ဆိုသော် ယင်းသို့လုပ်ခြင်းဖြင့် တစ်ဘက်သည် ၎င်းတို့ကိုယ်ကို ကာကွယ်ရန်အတွက် တန်ပြန်ကြိုတင်ပြင်ဆင်မှုမလုပ်နိုင်ဘဲ အဝိုက်မမိစေရန် ဖြစ်သည်။ အတိုချုပ်မှာ ပေးထားသောသတင်းစကားကား "လုပ်ရမည့်ပြင်ဆင်မှု များကို မြွက်ဟကြေညာခြင်းနှင့် သတိပေးခြင်းပြုလုပ်ပြီးမှသာလျှင် ပြုလုပ်ကြရမည်။"

ဤသည်မှာ အစွလာမ်၏တရားမျှတမှုဖြစ်သည်။ ယင်းကား ပဋိညာဉ်ဖောက်ဖျက်သည့်ရန်သူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးထားပြီး ကန့်သတ်ချက်များကို ရန်သူအပေါ်မဟုတ်ဘဲ မုစ်လင်မ်များအပေါ်တွင်သာ ထားရှိပါသည်။ မုစ်လင်မ်များသည် ပဋိညာဉ်နှင့် ဘာမျှမပတ်သက်တော့ကြောင်း ကြေညာပြီးမှသာလျှင် မည်သည့် ပြင်ဆင်မှုကိုမဆို လုပ်ဆောင်သင့်သည်။ (မဇာဟရီနှင့်အခြားကျမ်းများ)

**ပဋိညာဉ်အတိုင်းဆောင်ရွက်ရမည်များကို လိုက်နာဖြည့်ဆည်းခြင်း ပေါ်လွင်ထင်ရှားသောအဖြစ်အပျက်တစ်ရပ်**

စာလီမ်အိပ်နိအမြီးရ်၏ဆင့်ပြန်ချက်ပေါ် အခြေခံ၍ အဗူဒါဝူးဒ်ကျမ်း၊ သိရ်မိဇီကျမ်း၊ အလ်နစာအီကျမ်း နှင့် အိမာမ်အဟ်မဒ်အိပ်နိဟမ်ဗလ်တို့တွင် တင်ပြထားခဲ့သည်မှာ စိုက်ယိဒိနာမုအာဝိယဟ် s သခင်သည် အုပ်စုတစ်စုနှင့် သတ်မှတ်ထားသော ကာလအပိုင်းအခြားအတွင်း စစ်မပြုရေးစာချုပ်တစ်ရပ် ချုပ်ဆိုထားခဲ့သည်။ ၎င်းတို့၏ငြိမ်းချမ်းရေးပဋိညာဉ်စာချုပ် သက်တမ်းကုန်ဆုံးသည်နှင့်တစ်ပြိုင်နက် ရန်သူများအား ဝင်ရောက်စီးနင်း တိုက်ခိုက်နိုင်စေရန် သူ၏စစ်တပ်နှင့် စစ်လက်နက်ပစ္စည်းများကို ရန်သူအနီးတွင် ရွှေ့ထားသင့်ကြောင်း အကြံအစည်ပေါ်ပေါက်ခဲ့သည်။ သို့သော်လည်း စိုက်ယိဒိနာမုအာဝိယဟ်၏ စစ်တပ်သည် သတ်မှတ်ထားသောနေရာသို့ ချီတက်ရန် အဆင်သင့်ဖြစ်နေချိန်တွင် အသက်ရွယ်ကြီးရင့်သော လူတစ်ဦးသည် မြင်းတစ်ကောင်စီး၍ ဆောင်ပုဒ်တစ်ခုကို ကျယ်ကျယ်လောင်လောင် ရွတ်ဆိုလာနေသည်ကို တွေ့ခဲ့ရသည်။ ထိုသူက اَللّٰهُ اَكْبَرُ اَللّٰهُ اَكْبَرُ وَفَآءً لَاغَدْرًا "အလ္လာဟ်ဟု အတ်ကွဗရ် အလ္လာဟ်ဟုအတ်ကွဗရ် - အလ္လာဟ်အရှင်မြတ်သည် ကြီးကျယ်တော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် ကြီးကျယ်တော်မူသည်။ ကျွန်ုပ်တို့သည် ပဋိညာဉ်ကို ဖြည့်ဆည်းသင့်သည်။ ကျွန်ုပ်တို့သည် ပဋိညာဉ်ကို မဖောက်ဖျက်သင့်ပါ" ဟု ကြွေးကြော်လာခဲ့သည်။ သူသည် ထင်ရှားကျော်ကြားသော အလ္လာဟ်ဟုအတ်ကွဗရ်ဟု ကြွေးကြော်သံဖြင့် ကြွေးကြော်ခဲ့ပါသည်။ (ယင်းကြောင့် ဤကိစ္စသည် ဘာသာရေးအရ ပို၍လေးနက်သွားပါသည်) တမန်တော်မြတ် s သခင် မိန့်ကြားခဲ့သည်မှာ လူအများနှင့် ပြုလုပ်ထားသော အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် (သို့မဟုတ်) ငြိမ်းချမ်းရေးစာချုပ်တစ်ရပ်အသက်ဝင်သွားခဲ့လျှင်စာချုပ်ပါအချက်အလက်များကိုအလျော့အတင်းမပြုလုပ်ပါနှင့်ဟူ၍ ဖြစ်သည်။ စိုက်ယိဒိနာမုအာဝိယဟ် d သခင်အား ထိုအကြောင်းဆင့်ပြန်ခဲ့သူကို မြင်တွေ့ရသောအခါ ၎င်းအား မှတ်မိသွားခဲ့သည်။ ထိုသူသည် အမရ်အိပ်နိ အမ်ဗာစားဟ်ဟူသော ဆွဟာဗီတစ်ပါးဖြစ်ပေသည်။ စိုက်ယိဒိနာ မုအာဝိယဟ် d သခင်သည် အချိန်မဖြုန်းတော့ဘဲ စစ်တပ်ကို ဆုတ်ခွာစေခဲ့သည်။ ထိုသို့ လုပ်ခြင်းကြောင့် စစ်မတိုက်ရေးစာချုပ် သက်တမ်းမကုန်မီအတွင်း ပဋိညာဉ်စာချုပ်ဖောက်ဖျက်ခြင်းဖြစ်စေသည့် စစ်ကိုစတင်တိုက်ခိုက်ခဲ့သူ ဖြစ်မသွားတော့ချေ။ (အိပ်နိကဘီးရ်)

အာယသ် (၅၉-၆၂)

وَ لَا يَحْسَبَنَّ الَّذِيْنَ كَفَرُوْا سَبَقُوْا ؕ اِنَّهُمْ لَا يُعْجِزُوْنَ ﴿۵۹﴾ وَ اَعِدُّوْا لَهُمْ مَّا
اسْتَطَعْتُمْ مِّنْ قُوَّةٍ وَّ مِنْ رِّبَاطِ الْخَيْلِ تُرْهِبُوْنَ بِهٖ عَدُوَّ اللّٰهِ وَ عَدُوَّكُمْ وَ
اٰخَرِيْنَ مِنْ دُوْنِهِمْ ۚ لَا تَعْلَمُوْنَهُمْ ۚ اَللّٰهُ يَعْلَمُهُمْ ؕ وَ مَا تُنْفِقُوْا مِنْ شَیْءٍ فِیْ
سَبِيْلِ اللّٰهِ يُوَفَّ اِلَيْكُمْ وَ اَنْتُمْ لَا تُظْلَمُوْنَ ﴿۶۰﴾ وَ اِنْ جَنَحُوْا لِلسَّلْمِ
فَاجْنَحْ لَهَا وَ تَوَكَّلْ عَلَى اللّٰهِ ؕ اِنَّهٗ هُوَ السَّمِيْعُ الْعَلِيْمُ ﴿۶۱﴾ وَ اِنْ يُّرِيْدُوْۤا اَنْ
يَّخْدَعُوْكَ فَاِنَّ حَسْبَكَ اللّٰهُ ؕ هُوَ الَّذِیْۤ اَيَّدَكَ بِنَصْرِهٖ وَ بِالْمُؤْمِنِيْنَ ﴿۶۲﴾

ထို့ပြင် ကာဖိရ် မယုံကြည် သွေဖည်ငြင်းပယ်သောသူတို့က "မိမိတို့သည် လွတ်မြောက်ခဲ့ကြချေပြီ" ဟု အလျှင်း မထင်မှတ် မယူဆကြရချေ။ ဧကန်မုချ ၎င်းတို့သည် (အလ္လာဟ်အရှင်မြတ်အား) မစွမ်းဆောင်နိုင်အောင် ပြုလုပ်နိုင်ကြသည်မဟုတ်ပေ။
(၈ : ၅၉)

ထို့ပြင် အသင်တို့သည် ထိုကာဖိရ်ငြင်းပယ်သူတို့နှင့် ပြိုင်ဆိုင်(တိုက်ခိုက်)ရန် အလို့ငှာ မိမိတို့တတ်စွမ်းသမျှ (လက်နက်အစရှိသော)အင်အားကိုလည်း ကောင်း၊ မွေးမြူထားသော မြင်းများကိုလည်းကောင်း အဆင်သင့်စုဆောင်း၍ ထားရှိကြလေကုန်။ (သို့မှသာလျှင်) အသင်တို့သည် ထိုလက်နက်အင်အားဖြင့် အလ္လာဟ်အရှင်မြတ်၏ ရန်သူများကိုလည်းကောင်း၊ မိမိတို့၏ရန်သူများကိုလည်းကောင်း၊ ထိုသူတို့အပြင် အခြားအကြင်သူတို့ကိုလည်းကောင်း ခြောက်လှန့်၍ ထားနိုင်ကြပေသည်။

ထိုသူတို့အား အသင်တို့သည် မသိကြချေ။ (သို့ရာတွင်) အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား သိရှိတော်မူ၏။ ထို့ပြင်တစ်ဝ အသင်တို့ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ သုံးစွဲသမျှတို့ကို (ထိုအရှင်မြတ်သည်) အသင်တို့အား ပြည့်စုံစွာ ချီးမြှင့်တော်မူအံ့။ စင်စစ်သော်ကား အသင်တို့သည် (အနည်းငယ်မျှ) ယုတ်လျော့၍ပေးခြင်းကို ခံကြရလိမ့်မည်မဟုတ်ပေ။ (၈ : ၆၀)

၎င်းပြင် အကယ်၍ ထိုသူတို့သည် စစ်ပြိမ်းရန်အလို့ငှာ ယိမ်းညွတ်ကြပါမူ အသင်သည်လည်း ထိုစစ်ပြိမ်းရန် ယိမ်းညွတ်ပါလေ။ သို့ရာတွင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ ယုံကြည်စိတ်ချလွဲအပ်ပါလေ။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ပင်လျှင် (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့ ကြားတော်မူသောအရှင်၊ အကြွင်းမဲ့ သိတော်မူသော အရှင်ဖြစ်တော်မူပေသတည်း။ (၈ : ၆၁)

သို့ရာတွင် အကယ်၍ ၎င်းတို့သည် အသင့်အား လိမ်လည်လှည့်ဖြားရန် ရည်စူးကြပါမူ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင့်အဖို့ လုံလောက်တော်မူပေသည်။

**ထိုအရှင်မြတ်သည်ပင်လျှင် အသင့်အား မိမိ အကူအညီဖြင့်လည်းကောင်း၊ "မုအ်မင်နိ်"သက်ဝင်ယုံကြည်သူတို့ဖြင့် လည်းကောင်း အားပေးတော်မူခဲ့လေသတည်း။ (၈ : ၆၂)**

**အကျယ်ဖွင့်ဆိုခြင်း**

အထက်ဖော်ပြပါအာယသ် (၄)ခုအနက် ပထမအာယသ်တော်ထဲတွင် ဗဒ်ရိစစ်ပွဲ၌ မပါဝင် မဆင်နွှဲခဲ့သော မယုံကြည် သွေဖည်ငြင်းပယ်သူများအကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် ၎င်းတို့သည် အသက် မသေဘဲ လွတ်မြောက်ခဲ့ပါသည်။ သို့မဟုတ် စစ်ပွဲတွင်ပါဝင်ဆင်နွှဲလေဟန်ပြသခဲ့ပြီး စစ်ပြေးများအဖြစ်နှင့် အသက်မသေဘဲ ကျန်သူများအကြောင်း ဖော်ပြထားသည်။ ဤအာယသ်တော်ထဲတွင် ထိုသူများအကြောင်း ဖော်ပြထားသည်။ ၎င်းတို့သည် ၎င်းတို့၏ ထွက်ပြေးလွတ်မြောက်မှုကို အလျှင်းလွတ်မြောက်ခြင်းဟု မထင်မှတ်သင့်ချေ။ အဘယ့်ကြောင့်ဆိုသော် ဗဒ်ရိစစ်ပွဲသည် မယုံကြည်သွေဖည်ငြင်းပယ်သူများအတွက် ပြစ်ဒဏ်ခတ်ခြင်းဖြစ်၍ ယင်းစစ်ပွဲမှ လွတ်မြောက်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်ခြင်းမှ လွတ်မြောက်သည်မဟုတ်ချေ။ ထို့ကြောင့် **إِنَّهُمْ لَا يُعْجِزُونَ** "ဇကန်အမှန် ၎င်းတို့သည် (အလ္လာဟ်အရှင်မြတ်အား) မစွမ်းနိုင်အောင် ပြုလုပ်နိုင်ကြသည်မဟုတ်ပေ။ ၅၉" ဟု မိန့်ထားသည်။ ဆိုလိုသည်မှာ ဤသူများသည် ၎င်းတို့၏ ပါးနပ်မှုဖြင့် အလ္လာဟ်အရှင်မြတ်၏တန်ခိုးတော်နှင့် အလိုတော်ကို မလှည့်စား မကျော်နိုင်ချေ။ အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား အရေးယူထိန်းချုပ်တော့မည်ဆိုလျှင် ၎င်းတို့သည် ခြေတစ်လှမ်းမျှလှမ်းနိုင်တော့မည် မဟုတ်ချေ။ ထိုသူတို့သည် ဤကမ္ဘာလောကတွင် ပြစ်ဒဏ်ကျရောက်နိုင်သည် သို့မဟုတ်ပါက နောင်တမလွန်ဘဝတွင် ထိန်းသိမ်းခံ၍ ပြစ်ဒဏ်ခတ်ခံရမည်မှာလည်း ထင်ရှားသည်။

ဤအာယသ်တော်က ထင်ရှားပြတ်သားသော အညွှန်းတစ်ခုပေးထားသည်မှာ အပြစ်ဂုနာဟ်ကျူးလွန်သူတစ်ဦးသည် ခက်ခဲမှုအချို့မှလည်းကောင်း၊ နာကျင်မှုမှလည်းကောင်း ကယ်တင်ခံရကာ ဝန်ချတောင်းပန်ခြင်းနှင့် ပြင်ဆင်မှုမလုပ်ဘဲ ၎င်း၏ အပြစ်ဂုနာဟ်ပေါ် ခေါင်းမာစွာ ကျူးလွန်မြဲကျူးလွန်နေခဲ့လျှင် ဤသည်မှာ အောင်မြင်ခြင်းနှင့် ထာဝရ ကယ်တင်ခံရခြင်းဟူသော လက္ခဏာတစ်ရပ်အဖြစ် မည်သည့်အခါမှ မမှတ်ယူသင့်ချေဟူ၍ ဖြစ်သည်။ စင်စစ်တွင် ထိုကဲ့သို့သော သူများသည် တစ်ချိန်လုံး အလ္လာဟ်အရှင်မြတ်၏ ဖမ်းချုပ်မှုတွင်ရှိကာ ဤသို့ဆိုင်းငံ့ထား ခြင်းသည် ပင်လျှင် ၎င်း၏ ပြစ်ဒဏ်ခတ်ခံရမှုနှင့် စိတ်သောကရောက်မှု ထပ်ဆောင်းထားခြင်းဖြစ်သည်။ သို့သော်လည်း ယင်းကဲ့သို့လုပ်ဆောင် ထားခြင်းကို သူမသိနိုင်တော့ချေ။

**ဂျိဟာဒ်အတွက် စစ်လက်နက်ပစ္စည်း ထုတ်လုပ်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းသည် ဘာသာရေးဆိုင်ရာ မပြုမနေရ တာဝန်တစ်ရပ်ဖြစ်သည်**

ဒုတိယအာယသ်(၆၀)ထဲတွင် အစွမ်းသာသနာကို မယုံကြည်သွေဖည်သူများ၏ ရန်မှခုခံကာကွယ်ရန် အတွက် ပြင်ဆင်မှုပြုလုပ်ရန် အမိန့်ပညတ်ချက်များ ပါဝင်သည်။ မိန့်ထားသည်မှာ **وَأَعِدُّوا لَهُمْ مَّا اسْتَطَعْتُمْ** "ထို့ပြင် အသင်တို့သည် ထိုကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့နှင့် ပြိုင်ဆိုင် (တိုက်ခိုက်) ရန်အလို့ငှာ မိမိတို့ တတ်စွမ်းနိုင်သမျှ (လက်နက် အစရှိသော) အင်အားကိုလည်းကောင်း၊ မွေးမြူထားသော မြင်းများကို လည်းကောင်း အဆင်သင့်စုဆောင်း၍ ထားရှိကြလေကုန်"ဟု ဖြစ်သည်။ ဤနေရာ၌ စစ်လက်နက်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ထောက်ပံ့ကူညီရန်

လိုအပ်ချက်နှင့်အတူ مَا اسْتَطَعْتُمْ (အသင်တို့တတ်စွမ်းနိုင်သမျှ) ဟူသော ကန့်သတ်ချက်ထားရှိခြင်းက အသင်တို့အောင်နိုင်ရန်အတွက် အသင်တို့၏ ရန်သူများလက်ဝယ်ရှိ စစ်လက်နက်ပစ္စည်းရည်အသွေးနှင့် အရေအတွက်အတိုင်း တူညီစေရန် သင်တို့ စုဆောင်းရရှိရန်မလိုဟု ညွှန်းထားသည်။ ယင်းအစား အသင်တို့ရနိုင်သမျှ စုဆောင်းထားလျှင် လုံလောက်သည်ဟု ဆိုလိုသည်။ သို့ဆိုလျှင် အလ္လာဟ်အရှင်မြတ်၏ အကူအညီနှင့် အထောက်အပံ့မှာ အသင်တို့နှင့်အတူ ရှိနေပါမည်။

ထို့နောက် ဤပြင်ဆင်မှုများ၏ ဦးတည်ချက်အကြောင်း အသေးစိတ်ကို လိုရင်းတိုရှင်း ဖော်ပြထားသည်။ မိန့်ထားသည်မှာ"مِنْ قُوَّةٍ (မင်နဲ့ကူးဝ်ဝသင်နဲ - အင်အား) ဟု မိန့်ထားသည်။ ဆိုလိုသည်မှာ တိုက်ခိုက်ရန်အင်အားကို စုဆောင်းထိန်းသိမ်း၍ အဆင်သင့်ပြုလုပ်ထားပါ။ ဤတွင် စစ်လက်နက်ပစ္စည်းများ သယ်ယူပို့ဆောင်သည့် ပစ္စည်းပစ္စယများနှင့် အခြားအထောက်အကူဖြစ်ဖွယ်ပစ္စည်းများဖြစ်သော စစ်ဘက်ဆိုင်ရာ ပစ္စည်းအလုံးစုံ ပါဝင်သည်။ ထို့နောက် ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်စွာနေရေးနှင့် တိုက်ခိုက်မှုဆိုင်ရာနှင့် နည်းဗျူဟာကျွမ်းကျင်မှုတို့ကို သင်ယူရမည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုအချိန်ထိုကာလက ယေဘုယျသုံးစွဲခဲ့သည့် စစ်လက်နက် ပစ္စည်းများအကြောင်း ဖော်ပြထားခြင်း မပြုပါ။ ယင်းအစား ယေဘုယျစကားလုံးဖြစ်သည့် "ကူးဝ်ဝဟ်" (သို့မဟုတ်) အင်အား ဟူသော စကားလုံးသုံးနှုန်းထားခြင်းသည် ခေတ်ကာလအလိုက် တိုင်းပြည်အလိုက် (သို့မဟုတ်) ဒေသ အလိုက် ဤအင်အားသည် ကွဲပြားနိုင်ကြောင်း ထောက်ပြထားသည်။ ထိုကာလ စစ်လက်နက်ပစ္စည်းများမှာ မြားများ၊ ဓားများနှင့် လှံများဖြစ်ကြသည်။ ထို့နောက်ပိုင်း သေနတ်များ၊ အမြောက်များခေတ်သို့ ရောက်ခဲ့ကာ ယခုအခါတွင် ဗုံး များနှင့် ဒုံးကျည်များ အစရှိသည်တို့ သုံးသည့်ခေတ် ရောက်လာခဲ့သည်။ ဤနေရာ၌ သုံးနှုန်းထားသော "ကုဝ်ဝဟ်" (သို့မဟုတ်) အင်အားသည် အရာရာတိုင်းကို အကျုံးဝင်စေသည်။ ထို့ကြောင့် မျက်မှောက်ခေတ် မုစ်လင်မ်များမှာ ၎င်းတို့ အတတ်နိုင်ဆုံး နျူကလီးယားလက်နက်များ၊ တင့်ကားများ၊ တိုက်လေယာဉ်နှင့် စစ်သင်္ဘောများ ရှိသင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဤအရာများအားလုံးသည် ကုဝ်ဝဟ် (သို့မဟုတ်) အင်အားဟူသောစကားလုံးတွင် အကျုံးဝင်သောကြောင့် ဖြစ်သည်။ စိတ်တွင် စွဲမှတ်ထားရမည်မှာ ဤရည်မှန်းချက်ရရှိရန် မုစ်လင်မ်များသည် မည်သည့်သိပ္ပံနှင့် ဝိဇ္ဇာပညာရပ်များကိုမဆို ကျွန်ုပ်တို့ လေ့လာသင်ယူသင့် ပေသည်။ အကယ်၍ ထိုသို့သော ကြိုးပမ်းအားထုတ်မှုသည် မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ကျူးကျော်မှုကိုရင်ဆိုင်ရန်နှင့် အစွယ်မခ်နှင့်မုစ်လင်မ်များကို ကာကွယ်ရန် အသုံးပြုမည်ဟု ရည်စူးခဲ့လျှင် ယင်းလုပ်ရပ်သည် ဂျီဟာဒ် လုပ်ဆောင်မှုအောက်တွင် အကျုံးဝင်သွားကာ စဝါဇ် ဆုလာဘ်ရပါလိမ့်မည်။

ကုဝ်ဝဟ် (အင်အား) ဟူသောစကားလုံးအား ယေဘုယျအဓိပ္ပာယ်ဖြင့် ဖော်ပြပြီးနောက် သီးခြား အင်အားတစ်မျိုးအား مِنْ رِّبَاطِ "ၵင်းပြင် မြင်းများ မွေးမြူခြင်းကို" ဟူသော ရှင်းလင်းပြတ်သားသည့် စကားလုံးများဖြင့် မိန့်ကြားထားသည်။ رباط (ရိဗာသ္ဒ်)ဟူသော စကားလုံးအား ကြိယာနာမ်အဓိပ္ပာယ်ဖြင့် လည်းကောင်း၊ مربوط (မရ်ဗုသ်) အဓိပ္ပာယ်အရလည်းကောင်း သုံးစွဲထားသည်။ ပထမအဓိပ္ပာယ်အရဆိုလျှင် မြင်းများအား ချည်နှောင်ထားရန်ဟု အဓိပ္ပာယ်ရကာ၊ ဒုတိယအဓိပ္ပာယ်အရဆိုလျှင် ချည်နှောင်ပြီးသော မြင်းများဟု အဓိပ္ပာယ်သက်ရောက်သည်။ အဓိပ္ပာယ်နှစ်ခုစလုံး၏ရလဒ်မှာ အတူတူပင်ဖြစ်သည်။ ဆိုလိုသည်မှာ မြင်းများကိုမွေးမြူလေ့ကျင့်ခြင်းနှင့် ထိုလေ့ကျင့်ထားသောမြင်းများကို ဂျီဟားဒ်စစ်ပွဲတွင် အဆင်သင့်အသုံးပြုနိုင်ရန် အသင့်ချည်နှောင်ထားခြင်း။ သို့မဟုတ်ပါက ထိုသို့လေ့ကျင့်ပြီးသောမြင်းများကို စုဆောင်း၍ တစုတဝေးတည်း ထားရှိခြင်းဖြစ်သည်။ စစ်ပွဲဝါစစ်ပွဲအတွက် လိုအပ်သော

အထောက်အပံ့ပစ္စည်းအတွက် မြင်းများကို သီးခြားဖော်ပြထားခြင်းမှာ ထိုအချိန်ကာလက နိုင်ငံများနှင့်လူများကို ဆန့်ကျင်တိုက်ခိုက်ရာတွင် မြင်းများမှအပ ဘာမျှမရှိပါ။ ယနေ့ခေတ်တွင်ပင် သွားလာသောခက်ခဲသောနေရာများတွင် မြင်းများဖြင့်သာ အောင်နိုင်ပါသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သခင်က မိန့်ခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်သည် မြင်းများ၏နဖူးပေါ်တွင် ဗရကသ်မင်္ဂလာကိုထားရှိသည် ဟူ၍ဖြစ်သည်။

အခြားခိုင်လုံသောဟဒီးဆ်တော်များတွင် တမန်တော်မြတ် ﷺ သခင်က စစ်ဘက်ဆိုင်ရာပစ္စည်း များရရှိခြင်းနှင့်စုဆောင်းထားခြင်း၊ ထိုအရာများကို အကျိုးရှိစွာသုံးစွဲနိုင်ရန် လေ့လာသင်ယူခြင်းသည် ကြီးမားသောအေဘာဒတ် တစ်ခုဖြစ်ကာ အလ္လာဟ်အရှင်မြတ်ထံတော်မှ အမြင့်မားဆုံးသောဆုလာဘ်နှင့် ထိုက်တန်သွားစေဟု မိန့်တော်မူခဲ့သည်။ အလားတူပင် မြားပြုလုပ်ခြင်းနှင့် မြားပစ်ခြင်းသည်လည်း တူညီသော ကြီးမားသည့်ဆုလာဘ်များ ရရှိစေသည်ဟု ကတိပြုထားတော်မူခဲ့သည်။

ဂျီဟာဒ်စစ်ပွဲ၏ စစ်မှန်သောရည်ရွယ်ချက်မှာ မုစ်လင်မ်များနှင့် အစွလာမ်ဘာသာကို ခုခံကာကွယ်ရန် ဖြစ်သည်။ ခုခံကာကွယ်ခြင်းသည် ခေတ်အဆက်ဆက်နှင့် လူအမျိုးမျိုးတိုင်းတွင် နားလည်သဘောပေါက်မှု ကွဲပြားကြပါသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သခင်က **جَاهِدُوا الْمُشْرِكِينَ بِأَمْوَالِكُمْ وَأَنْفُسِكُمْ وَأَلْسِنَتِكُمْ** "မွတ်ရှ်ရစ်ကများနှင့် ဂျီဟာဒ်စစ်ပွဲကို အသင်တို့ပိုင်ဆိုင်မှုများ အသင်တို့အသက်များ၊ အသင်တို့အာဝဇ္ဇာန်းရွှင်စွာ (ဟောပြောမှု (သို့မဟုတ်) ရေးသားမှု) တိုဖြင့် ဆင်နွှဲပါ" ဟူ၍ မိန့်ကြားထားသည်။ (ဈိက်ယိဒ်နာအနတ်စ် [d] မှတစ်ဆင့် အဗူဒါဝူဒ်၊ အန်နစာအီနှင့် အဗ်ဒါရီမီကျမ်းများမှ တင်ပြထားခဲ့ သည့် ဟဒီးဆ်တော်)

ဤဟဒီးဆ်တော်က ကျွန်ုပ်တို့ကိုပြောသည်မှာ ခုခံကာကွယ်သော (သို့မဟုတ်) စတင်တိုက်ခိုက်သော ဂျီဟာဒ်စစ်ပွဲတွင် လက်နက်များနှင့်တိုက်ခိုက်သကဲ့သို့ အချို့သောအချိန်များတွင် ဟောပြောမှုစွမ်းအင်နှင့်လည်း တိုက်ခိုက်ဆင်နွှဲခဲ့ကြသည်။ ထို့နောက် ကလောင်နှင့်ဖြစ်စေ၊ ရေးသားမှုနှင့်ဖြစ်စေ ဆင်နွှဲသော ဂျီဟာဒ်စစ်ပွဲတွင် ဟောပြောမှုဆိုင်ရာ ဥပဒေနှင့်အညီ ဟောပြောရေးသားရပေသည်။ ဘုရားမဲ့ဝါဒီများနှင့် မယုံကြည်သွေဖည် ငြင်းပယ်သူများ၏အင်အားများ၊ မမှန်သတင်းပေးခြင်း၊ လိုရာဆွဲ၍ ရေးသားခြင်းနှင့် အထားအသို ကပြောင်းကပြန်လုပ်ခြင်းစသည့် အင်အားများတို့က ကုရ်အာန်ကျမ်းတော်မြတ်နှင့် အစွလာမ်ဘာသာကိုတိုက်ခိုက်ရာတွင် ခုခံကာကွယ်ရန် အသုံးပြုသော ရေးသားခြင်းနှင့် ဟောပြောခြင်းတို့သည် ဂျီဟာဒ်စစ်ခင်းခြင်းတွင် အကျုံးဝင်သည်။ ယင်းသို့ အကျုံးဝင်ခြင်းကို ကုရ်အာန်ကျမ်းမြတ်၏ တိကျသော မူရင်းစာသား အခွင့်အာဏာပေါ် အခြေခံထားသည်။ (နားစ်)

စစ်လက်နက်ပစ္စည်းများကို အသုံးပြုနိုင်ရန် အဆင်သင့်ဖြစ်စေရန် အမိန့်ပေးထားပြီးနောက် ဤအရာများကို တစုတဝေးတည်း ထားစေခြင်း၏ အသိဉာဏ်နှင့် စစ်မှန်သောရည်ရွယ်ချက်ကို အောက်ပါအတိုင်း မိန့်ထားသည်မှာ **تُرْهِبُونَ بِهِ عَدُوَّ اللَّهِ** "(သို့မှသာလျှင်) အသင်တို့သည် ထိုလက်နက်အင်အားဖြင့် အလ္လာဟ်အရှင်မြတ်၏ ရန်သူများကို လည်းကောင်း၊ မိမိတို့ရန်သူများကိုလည်းကောင်း၊ ထိုသူတို့အပြင် အခြားအကြင်သူတို့ကိုလည်းကောင်း ချောက်လှန့်၍ ထားနိုင်ကြ ပေမည်" ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ စတင်တိုက်ခိုက်ရန်အတွက်ဖြစ်စေ၊ ခုခံကာကွယ်မှုအတွက်ဖြစ်စေ၊ စစ်လက်နက်ပစ္စည်းများရယူခြင်းနှင့် စုဆောင်းခြင်းတို့သည် ရန်သူများကို သုတ်သင်ခြင်းနှင့် အသတ်ဖြတ်ခံရစေရန် အတွက် မဟုတ်ပါ။ စင်စစ် ရည်ရွယ်ချက်ကား ကုဖ်ရ်နှင့်ရှစ်ရ်က် အင်အားစုကို ချိုးနှိမ်ရန်ဖြစ်ပြီး ၎င်းတို့၏ဦးဆောင်သူများနှလုံးသားတွင် ကြောက်ရွံ့စိတ်ဝင်သွား၍ ထိုသူများ ဦးကျိုးသွားစေရန်ဖြစ်သည်။ အချို့သောအခါတွင် အရေးအသား၊

အဟောအပြော အင်အားနှင့် ယင်းသို့ဆောင်ရွက်ရသော အချိန်အခါများလည်း ရှိပေသေးသည်။ ထို့ပြင် တိုက်ခိုက်ခြင်း သတ်ဖြတ်ခြင်း လိုအပ်သော အခြားအချိန်အခါများလည်း ရှိသည်။ လွှမ်းမိုးမှု အခြေအနေအရ ခုခံကာကွယ်မှုသည် မပြုမနေရ (ဖရတ်သွ်) တာဝန်ဖြစ်သွားသည်။

ထို့နောက် ရင်ဆိုင်တိုက်ခိုက်ရန် ပြင်ဆင်မှုနှင့် အဆင်သင့်ဖြစ်မှုအပေါ် အထင်ကြီးသောလူများ ရှိကြ၍ ၎င်းတို့သည် မုစ်လင်မ်များကို ရင်ဆိုင်တိုက်ခိုက်ရာတွင် ပါဝင်ကြမည့်သူများ ဖြစ်ကြသည်။ ထိုသူများမှာ မက္ကာဟ်မြို့မှ မယုံကြည် သွေဖည်ငြင်းပယ်သူများနှင့် မဒီနာဟ်မှဂျူးများဖြစ်ကြ၍ ၎င်းတို့ကိုမုစ်လင်မ် များသိကြသည်ဟု မိန့်ကြားထားသည်။ ထို့နောက် မုစ်လင်မ်များ မသိသေးသည့် အခြားသူများလည်း ရှိကြသေးသည်။ ဤနေရာ၌ ရည်ညွှန်းထားသည်မှာ မုစ်လင်မ်များကို မတိုက်ခိုက်သေးသည့် မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် ဘုရားအများ ယုံကြည်ကိုးကွယ်သူများဖြစ်ကြသည်။ ထိုသူတို့သည် အနာဂတ်တွင် မုစ်လင်မ်များကို တိုက်ခိုက်ပါလိမ့်မည်။ ကုရ်အာန် ကျမ်းတော်မြတ်၏ ဤအာယသ်တော်က မုစ်လင်မ်များကို ရှင်းလင်းစွာပြောပြသည်မှာ အကယ်၍ မုစ်လင်မ်များသည် လက်ရှိရှိန်သူများကို တိုက်ခိုက်ရန် ပြီးပြည့်စုံစွာပြင်ဆင်ထားခဲ့လျှင် ယင်းသည်ထိုသူများကို ကြောက်ရွံ့သွားစေရုံမျှမက ယင်းလုပ်ရပ်က ဝေးလံသီခေါင်သောအရပ်ဒေသရှိ မယုံကြည်သွေဖည်သူများပေါ်၌လည်း ယင်းအရိပ်လွှမ်းမိုးပေလိမ့်မည်။ ထိုခေတ်ကာလရှိခဲ့သော ဆိုင်းရပ်၊ ဆီဇာနှင့် အခြားသူများသည်လည်း ထိုကဲ့သို့ ဖြစ်သွားခဲ့ပါသည်။ ထိုသူတို့သည် အစွလာမ့်ဖြောင့်မတ်မှန်ကန်စွာ ညွှန်ကြားခံရသော ခုလာဖာများလက်ထက်တွင် ဟန့်တားနှိပ်ကွပ်ခံခဲ့ကြရသည်။

စစ်ပွဲတစ်ပွဲ`တိုက်ခိုက်ရန် စစ်လက်နက်ပစ္စည်းစုဆောင်းသည့် ကိစ္စရပ်ဆိုသည်မှာ ယင်းတို့ကို ထုတ်လုပ်ခြင်းနှင့် ဝယ်ယူရရှိမှုတွင် ငွေကြေးရင်းနှီးမြှုပ်နှံမှုပြုလုပ်ရသည်ဆိုခြင်းကာ ပြောစရာမလိုချေ။ ထို့ကြောင့် အာယသ်တော်အဆုံးတွင် အလ္လာဟ်အရှင်မြတ်လမ်းတော်၌ သုံးစွဲသမျှတို့ကို (ထိုအရှင်မြတ်သည်) အသင်တို့အား ပြည့်စုံစွာ ချီးမြှင့်တော်မူအံ့" ဟု မိန့်ထားသည်။ ဤအစားပေးမှုကို ဤကမ္ဘာလောကတွင် စစ်အောင်နိုင်ပစ္စည်း (သို့ရပစ္စည်း) ပုံစံဖြင့် ရရှိသည့်အချိန်များ ရှိပါသည်။ သို့တည်းမဟုတ် ယင်းသို့မရခဲ့လျှင် တမလွန်ဘဝ၌ ရရှိမည်မှာကား ဆုံးဖြတ်ပြီးဖြစ်သည်။ ထို့နောက် ယင်းသို့ရရှိခြင်းမှာ ပို၍အဖိုးအနှုံ့ ထိုက်တန်သည်မှာကား ထင်ရှားသည်။

တတိယအာယသ် (၆၁)ထဲတွင် စစ်ပြေငြိမ်းရေးနှင့် ယင်းနှင့်နှီးနွယ်သော အမိန့်ပညတ်ချက်များကို ဖော်ပြထားသည်။ **وَإِنْ جَنَحُوا لِلسَّلْمِ فَاجْنَحْ لَهَا** "ငင်းပြင် အကယ်၍ ထိုသူတို့သည် စစ်ငြိမ်းရန်အလို့ငှာ ယိမ်းညွတ်ကြပါမူ အသင်သည်လည်း ထိုစစ်ငြိမ်းရန် ယိမ်းညွတ်ပါလေ" ဟူ၍ မိန့်ထားသည်။ စီနအပေါ်၌ "ဖသဟ်" ပါသော **سَلْم**-စလာမ်ဟူသောစကားလုံး (သို့မဟုတ်) စီနအပေါ် "ကတ်စ်ရဟ်" ပါသော **سِلْم** စိလ်မ်ဟူသောစကားလုံးနှစ်လုံးသည် စစ်ပြေငြိမ်းရေးအဓိပ္ပာယ် သက်ရောက်သည့်အနေဖြင့် သုံးနှုန်းထားသည်။ အာယသ်တော်အဓိပ္ပာယ်သည် ဘာသာပြန်ဆိုချက်အရ ပေါ်လွင်သည်မှာ အကယ်၍ မယုံကြည်သွေဖည်ငြင်းပယ်သူများသည် အချို့သောအချိန်အခါတွင် စစ်ပြေငြိမ်းရေးပေါ် တိမ်းညွတ်သွားပါက အသင်တို့သည်လည်း ယင်းဘက်သို့ တိမ်းညွတ်သင့်သည်။ ဤအချက်ကို စိတ်တွင်စွဲမှတ်ထားရမည်ကား ဤနေရာ၌ သုံးနှုန်းထားသော အမိန့်သံပါသည့်ပုံစံတွင် ရွေးချယ်ခွင့်အဓိပ္ပာယ်လည်း ပါဝင်သည်။ ထို့ကြောင့် ရည်စူးခဲ့သည့် ဆိုလိုရင်းမှာ မယုံကြည်သွေဖည်ငြင်းပယ်သူများသည် စစ်ပြေငြိမ်းရေးဘက်ဆီသို့ တိမ်းညွတ်လာလျှင် တမန်တော်မြတ် ﷺ သခင်ကလည်း မုစ်လင်မ်များ၏ အကောင်းဆုံးအကျိုးဖြစ်မည်ဟု ယူဆခဲ့လျှင် ကိုယ်တော်တွင်လည်း စစ်ပြေငြိမ်းရေး ရွေးချယ်နိုင်ခွင့်ရှိသည်။

ထို့နောက် اِنْ جَنَحُوْا "အကယ်၍ ထိုသူတို့သည် တိမ်းညွတ်ခဲ့ကြလျှင်" ဟူ၍ ကန့်သတ်ထားမှုက ကျွန်ုပ်တို့ကို ပြောသည်မှာ စစ်ပြေငြိမ်းရေးကို မယုံကြည်သွေဖည်ငြင်းပယ်သူများက စစ်ပြေငြိမ်းရန်ဆန္ဒရှိခဲ့မှသာလျှင် ပြုလုပ်ရသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းတို့ဆန္ဒမရှိဘဲ မုစ်လင်မ်များက ငြိမ်းချမ်းရေး ပြုလုပ်ရန် စတင်အဆိုပြုခဲ့လျှင် ယင်းသည် မုစ်လင်မ်များ၏ အားအင်ချည့်နဲ့မှုလက္ခဏာတစ်ရပ်ဟု မှတ်ယူ သွားကြလိမ့်မည်။

သို့သော်လည်း မုစ်လင်မ်များသည် ရန်သူ၏ဝိုင်းရံမှု လုံးဝဥသုံသံရသည့် အခြေအနေတစ်ရပ်၌ လုံခြုံစိတ်ချရန်အလို့ငှာ စစ်ပြေငြိမ်းမှုတစ်ခုမှအပ အခြားထွက်ပေါက်မရှိခဲ့လျှင် မုစ်လင်မ်ဓမ္မသတ်ပညာရှင်များက ဥပဒေပြဋ္ဌာန်းသည်မှာ စစ်ပြေငြိမ်းရေးအဆိုပြုမှုကို မုစ်လင်မ်များက စတင်လုပ်ဆောင်ခြင်းကို ခွင့်ပြုသည်။ ထို့နောက် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်တို့၏ ညွှန်ကြားချက်များတွင် ပေးထားသော အညွှန်းများအရ သက်သေပြပြီးဖြစ်သည်။ (နဒုစ်စ်)

ထို့နောက် ရန်သူများစတင်ပြုလုပ်သည့် စစ်ပြေငြိမ်းရေးအဆိုပြုမှုထဲတွင် မုစ်လင်မ်များက လျစ်လျူရှုထားကာ ကာဖိရ်များက လျှပ်တစ်ပြက် တိုက်ခိုက်မှုပြုလုပ်နိုင်သည့် လိမ်လည်လှည့်ဖြားသော သေနင်္ဂဗျူဟာတစ်ရပ် အသုံးပြုလာနိုင်သည်ဟူသော ဖြစ်နိုင်ချေလည်း ရှိသည်။ ထို့ကြောင့် အာယသ်တော် အဆုံးတွင် တမန်တော်မြတ် ﷺ သခင်သည် وَتَوَكَّلْ عَلَى اللّٰهِ اِنَّهٗ هُوَ السَّمِيْعُ الْعَلِيْمُ "သို့ရာတွင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ ယုံကြည်စိတ်ချလွှဲအပ်ပါလေ။ ဇကန်မလွဲ ထိုအရှင်မြတ်သည်ပင်လျှင် (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း (၆၁)" ဟု ညွှန်ကြားချက်ပေးထားသည်။ ဤသည်က ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် ထိုသူများပြောဆိုသမျှ ကြားသိတော်မူသည်။ ထို့နောက် ထိုသူများ ၎င်းတို့နှလုံးသားတွင် ကွယ်ဝှက်ထားသည့် ရည်စူးချက်များနှင့် ပုံဖော်မှုများကို သိရှိတော်မူလေသည်။ အသင်တို့ကိုကူညီရန် ထိုအရှင်မြတ်သည် လုံလောက်တော်မူသည်။ ထို့ကြောင့် သက်သေမပြနိုင်သည့် ထိုသို့သော ဖြစ်နိုင်ချေများပေါ် အခြေခံ၍ ဆုံးဖြတ်ချက်မချပါနှင့်။ စိတ်အချရ ဆုံးသောနည်းလမ်းကား ထိုကဲ့သို့ထင်မြင်ယူဆချက်များနှင့် အသေးအဖွဲအလုံးစုံကို အလ္လာဟ်အရှင်မြတ်ပေါ်တွင် ယုံပုံအပ်နှံထားပါလေ။

ယင်းနောက် စတုတ္ထအာယသ်တော် (၆၂)ထဲတွင် ဤအကြောင်းအရာကိုပင် ထပ်ဆင့်ရှင်းလင်း ချက်များဖြင့် -

وَاِنْ يُّرِيْدُوْٓا اَنْ يَّخْدَعُوْكَ فَاِنَّ حَسْبَكَ اللّٰهُ ۭ هُوَ الَّذِيْٓ اَيَّدَكَ بِنَصْرِهٖ وَبِالْمُؤْمِنِيْنَ

"သို့ရာတွင် အကယ်၍ ၎င်းတို့သည် အသင့်အား လိမ်လည်လှည့်ဖြားရန် ရည်စူးကြပါမူ ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင့်အဖို့ လုံလောက်တော်မူပေသည်။ ထိုအရှင်မြတ်သည်ပင်လျှင် အသင့်အား မိမိ အကူအညီဖြင့်လည်းကောင်း၊ "မုအ်မင်နိ်" သက်ဝင်ယုံကြည်သူတို့ဖြင့်လည်းကောင်း အားပေးတော်မူခဲ့လေသတည်း" (၆၂)

ဤသည်က ဆိုလိုသည်မှာ အကယ်၍ ၎င်းတို့တွင် မကောင်းသောရည်ရွယ်ချက်နှင့် အသင်တို့အား လှည့်ဖြား၍ တိုက်ခိုက်ရန်ဟူသည့်အကြောင်းရပ်အပေါ် အခြေခံထားသည့် ဤဖြစ်နိုင်ချေသည် အမှန်တကယ် ဖြစ်သွားခဲ့လျှင် အသင်ဂရုစိုက်ရန် မလိုချေ။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် အသင့်အား ကူညီပံ့ပိုးရာတွင် လုံလောက်သည်။ ဤထောက်ပံ့မှုမျိုးသည် အစောပိုင်းကလည်း အမှန်တကယ်ဖြစ်ခဲ့ချေပြီ။ ကိုယ်တော်မြတ် ﷺ သခင် အတွက် ကိစ္စရပ်များ ပြီးမြောက်စေခဲ့သည်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ အထောက်အပံ့နှင့် ကူညီမှုမှအပ

မည်သည်မျှမဟုတ်ချေ။ တမန်တော်မြတ် ﷺ သခင်နောက်၌ အလွှာဟ်အရှင်မြတ် အမြဲရှိနေခဲ့သည်။ ယင်းအချက်မှာ ကိုယ်တော်မြတ်၏ အောင်ပွဲနဲ့အောင်မြင်မှု၏ အခြေခံဖြစ် သည်။ ထို့နောက် လူတိုင်းအတွက် မျက်မြင်ကိုယ်တွေ့မှာ တမန်တော်မြတ် ﷺ ၏ လုပ်ငန်းစဉ်များကို ကူညီရန် ကိုယ်တော့်ပတ်လည်တွင် မုစ်လင်မ်အုပ်စုတစ်စုကို ပေါ်ပေါက်စေ သည်။ ဤအစီအစဉ်များအားလုံးသည် ကိစ္စရပ်၏အပြင်ပိုင်းဆိုင်ရာ အကြောင်းရင်းများသာဖြစ်သည်။ ယုံကြည်ရန် အချက်ကား အပြင်ပန်း မြင်နိုင်သောပုံစံဖြစ်သည့် အောင်ပွဲနဲ့အောင်မြင်မှု အကြောင်းခံအားလုံးသည် စစ်မှန်သော အရှင်မြတ်တစ်ပါးတည်းဖြစ်သော အကြွင်းမဲ့အရှင်မြတ်၏ ပူးပေါင်းပေးမှုပင်ဖြစ်သည်။ ယနေ့ထက်တိုင် မည်သည့်ရန်သူ၏လှည့်ဖြားမှုကိုမျှ မခံရစေရန် အလွှာဟ်အရှင်မြတ်သည် လျစ်လျူရှုထားမည်မဟုတ်ချေ။ အလွှာဟ်အရှင်မြတ်၏ ဤကတိတော်အရ ဤအာယသ်ကျပြီးနောက် ရန်သူများက တမန်တော်မြတ် ﷺ ကို အန္တရာယ်ပြုခြင်း (သို့မဟုတ်) ခြုံခိုတိုက်ခိုက်ခြင်းသည်လည်းကောင်း၊ လိမ်လည်လှည့်ဖြားခြင်း စသည်တို့သည်လည်းကောင်း ကိုယ်တော်မြတ် ﷺ သက်တမ်းတစ်လျှောက်လုံး မဖြစ်ခဲ့ချေ။ ထို့ကြောင့် တမန်တော်မြတ် ﷺ သခင်အား ပေးထားသော ဤကတိတော် وَاللّٰهُ يَعْصِمُكَ مِنَ النَّاسِ "စင်စစ်သော်ကား အလွှာဟ်အရှင်မြတ်သည် အသင့်အား လူတို့၏ (ဘေးရန်ခပ်သိမ်းတို့)မှ ထိန်းသိမ်းစောင့်ရှောက်တော်မူမည်ဖြစ်သည်။(၅း၆၇)"ပါကတိတော်နှင့် အလွန်တူညီကြောင်းသဖြစ်ရပ်ညာရှင်များက ပြောကြသည်။ ထိုအာယသ်တော်ကျပြီးနောက်၌ ထိုသို့သောအန္တရာယ်များမှ ကာကွယ်ရန်အလို့ငှာ ကိုယ်တော်မြတ် ﷺ အနားတွင် ရှိနေသော ဆွေဟာဗဟ်သာဝကကြီးများကို ကိုယ်တော်မြတ် ﷺ မိန့်ကြားသည်မှာ ယခုအခါ ကိုယ်တော်မြတ်၏ လုံခြုံမှု အတွက်ဟူသည်ကို ၎င်းတို့မေ့မပစ်ကာ ထိုတာဝန်ဝတ္တရား ထမ်းဆောင်ခြင်းမှ ရပ်ဆိုင်းစေခဲ့ပါသည်။ ဤကတိတော်သည် တမန်တော်မြတ် ﷺ အတွက် သီးသန့်ဖြစ်ကြောင်း ဤသည်က ကျွန်ုပ်တို့ကိုပြောသည်။ (ဗယာနွလ် ကုရ်အာန်) အခြားသူများအတွက်မှာမူ တည်ဆဲအခြေအနေများကို လေ့လာစမ်းစစ်၍ သမားရိုးကျအစီအမံများဖြင့် ၎င်းတို့သည် ကိစ္စရပ်များကို ပြုလုပ်ရန်ဖြစ်သည်။

## အာယသ် (၆၃-၆၆)

وَ اَلَّفَ بَيْنَ قُلُوْبِهِمْ ؕ لَوْ اَنْفَقْتَ مَا فِي الْاَرْضِ جَمِيْعًا مَّاۤ اَلَّفْتَ بَيْنَ قُلُوْبِهِمْ
وَ لٰكِنَّ اللّٰهَ اَلَّفَ بَيْنَهُمْ ؕ اِنَّهٗ عَزِيْزٌ حَكِيْمٌ ﴿۶۳﴾ يٰۤاَيُّهَا النَّبِيُّ حَسْبُكَ اللّٰهُ وَ مَنِ
اتَّبَعَكَ مِنَ الْمُؤْمِنِيْنَ ﴿۶۴﴾ يٰۤاَيُّهَا النَّبِيُّ حَرِّضِ الْمُؤْمِنِيْنَ عَلَى الْقِتَالِ ؕ اِنْ يَّكُنْ
مِّنْكُمْ عِشْرُوْنَ صٰبِرُوْنَ يَغْلِبُوْا مِائَتَيْنِ ۚ وَ اِنْ يَّكُنْ مِّنْكُمْ مِّائَةٌ يَّغْلِبُوْۤا اَلْفًا
مِّنَ الَّذِيْنَ كَفَرُوْا بِاَنَّهُمْ قَوْمٌ لَّا يَفْقَهُوْنَ ﴿۶۵﴾ اَلْـٰٔنَ خَفَّفَ اللّٰهُ عَنْكُمْ وَ عَلِمَ
اَنَّ فِيْكُمْ ضَعْفًا ؕ فَاِنْ يَّكُنْ مِّنْكُمْ مِّائَةٌ صَابِرَةٌ يَّغْلِبُوْا مِائَتَيْنِ ۚ وَ اِنْ يَّكُنْ
مِّنْكُمْ اَلْفٌ يَّغْلِبُوْۤا اَلْفَيْنِ بِاِذْنِ اللّٰهِ ؕ وَ اللّٰهُ مَعَ الصّٰبِرِيْنَ ﴿۶۶﴾

**၎င်းပြင် ထိုအရှင်မြတ်သည် ထို "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့၏ စိတ်နလုံးများ စပ်ကြားတွင် (သမစိတ္တဖြစ်စေခြင်းဌာ) ညီညွတ်စေတော်မူလေသည်။ အကယ်၍ အသင်သည် ကမ္ဘာမြေ၌ရှိသမျှ (ပစ္စည်း) အားလုံးကို သုံးစွဲသည့်တိုင်အောင် ထိုသူတို့၏**

စိတ်နလုံးများစပ်ကြားဝယ် ညီညွတ်စေနိုင်မည်မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် (မိမိတန်ခိုးတော်ဖြင့်) ၎င်းတို့၏စပ်ကြားတွင် (သမစိတ္တဖြစ်စေ၍) ညီညွတ်စေတော်မူခဲ့လေသည်။ မုချဖကန် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသောအရှင်၊ နက်နဲသိမ်မွေ့သော ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၈ : ၆၃)

အိုး-နဗီတမန်တော် အသင်၏အဖို့ အလ္လာဟ်ရှင်မြတ်သည်လည်းကောင်း၊ အသင်၏နောက်သို့ လိုက်ကြကုန်သော "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့သည် လည်းကောင်း လုံလောက်ကြပေသတည်း။ (၈ : ၆၄)

အိုး-နဗီတမန်တော်၊ အသင်သည် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြခြင်းငှာ တိုက်တွန်းနှိုးဆော်ပါလေ။ အကယ်၍ အသင်တို့အနက် စွမ်းကြွံခိုင် (စွာတိုက်ခိုက်မည့်)သူ နှစ်ဆယ်ရှိပါမူ ၎င်းတို့သည် (ကာဖိရ်တို့ဘက်မှလူ) နှစ်ရာကို နှိမ်နင်းနိုင်ကြကုန်အံ့။ ထိုနည်းတူစွာ အကယ်၍ အသင်တို့အနက် (ကြွံခိုင်စွာ တိုက်ခိုက်မည့်သူ) တစ်ရာရှိကြလျှင် ၎င်းတို့သည် ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့အနက်မှ (လူ)တစ်ထောင်ကို နှိမ်နင်းနိုင်ကြပေအံ့။ အကြောင်းမူကား ၎င်းတို့သည် (လုံးဝ) နားမလည်သောသူများဖြစ်ကြသောကြောင့်ပင်။ (၈ : ၆၅)

ယခုသော်ကား အလ္လာဟ်အရှင်မြတ်သည် (အသင်တို့၏ဝန်ထုပ်ကို) အသင်တို့မှ ပေါ့ပါးစေတော်မူခဲ့လေပြီ။ ၎င်းပြင်ထိုအရှင်မြတ်သည် အသင်တို့၌အားအင်သတ္တိနည်းပါးသည်ကိုလည်း သိရှိတော်မူလေပြီ။ သို့ဖြစ်ပေရာ အကယ်၍ အသင်တို့အနက် စွမ်မြဲ (စွာတိုက်ခိုက်မည့်) သူ တစ်ရာရှိ ကြပါလျှင် ၎င်းတို့သည် (ရန်သူတို့ဘက်မှလူ)နှစ်ရာကို နှိမ်နင်းနိုင်ကြပေမည်။ ထိုနည်းတူစွာ အကယ်၍ အသင်တို့အနက် (စွမ်မြဲစွာ တိုက်ခိုက်မည့်သူ) တစ်ထောင်ရှိခဲ့မူ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်နှင့် (ရန်သူတို့ဘက်မှလူ) နှစ်ထောင်ကို နှိမ်နင်းနိုင်ကြပေမည်။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် စွမ်းကြွံခိုင်သူတို့နှင့် အတူရှိတော်မူချေသတည်း။ (၈ : ၆၆)

## အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြပါ စူရဟ်အန်ဖာလ်၏အာယသ် (၄)ခုအနက် ပထမအာယသ် (၆၃)ထဲတွင် မုစ်လင်မ်များ၏ အောင်ပွဲနှင့် ယင်းအောင်ပွဲရရှိရန် အသုံးပြုသည့် နည်းလမ်းအကြောင်း ဖော်ပြထားသည်။ ဤအာယသ်အလျင် အာယသ်(၆၂)ထဲ၌ တမန်တော်မြတ် S ကိုဦးတည်မိန့်ထားသည်မှာ အလ္လာဟ်အရှင်မြတ်သည်သာလျှင် အရှင်မြတ်၏ ကိုယ်ပိုင် သီးသန့်နည်းလမ်းတော်ဖြင့်လည်းကောင်း၊ တမန်တော်မြတ် S နှင့်အတူရှိသော မုစ်လင်မ် အုမ္မသ်ထုများမှ လည်းကောင်းကူညီခဲ့သည်။ ဤအာယသ်က ကျွန်ုပ်တို့ကိုပြောသည်မှာ မုစ်လင်မ် အုမ္မသ်ထု၏အကူအညီသည် ဤအုမ္မသ်ထုအချင်းချင်း သဘောတူညီကြကာ စည်းလုံးညီညွတ်မှသာရနိုင်သည်ဟူ၍ဖြစ်သည်။ ထို့ကြောင့် ဤသည်

မှထွက်ပေါ်လာသည့် အင်အားနှင့်အလေးသာမှုသည် စည်းလုံးညီညွတ်မှုနှင့် ပေါင်းစည်းမှုအတိုင်းအတာအရဖြစ်သည်။ အကယ်၍ အချင်းချင်းစည်းလုံးညီညွတ်ပေါ် အခြေခံသည့် ဤဆက်နွယ်မှုခိုင်မြဲလျှင် အုမ္မသ်ထုသည်လည်း အင်အားတောင့်တင်းပေမည်။ ဤစည်းလုံးမှု လျော့ရဲလာလျှင် အုမ္မသ်ထုတစ်ခုလုံးသည်လည်း စည်းစည်းလုံးလုံးမရှိဘဲ ချည့်နဲ့သွားပေသည်။ဤအာယသ်ထဲ၌ တမန်တော်မြတ် S သခင်ကိုကူညီထောက်ပံ့သည့် သာမန်မုစ်လင်မ်များအပေါ်၌ ပေးသနားတော်မူသည့် အရှင်မြတ်၏ သီးသန့်ကောင်းချီးမင်္ဂလာကို ဖော်ပြထားခဲ့သည်မှာ အရှင်မြတ်သည် ထိုသူတို့၏ နှလုံးသားများထဲတွင် ပြီးပြည့်စုံသည့် စည်းလုံးညီညွတ်မှုနှင့် ချစ်မေတ္တာများနှင့် ပြည့်နှက်နေစေခြင်းဖြစ်သည်။ တမန်တော်မြတ် S သခင်သည် မဒီနာဟ်မြို့တော်သို့ ဟိဂျ်ရသ်ပြောင်းရွှေ့မထွက်ခွာမီက အောစ်နှင့်ခဇ်ရာဂျ်မျိုးနွယ်စု နှစ်စုသည် တစ်စုနှင့်တစ်စု အသေအကြေတိုက်ခိုက်ခဲ့ကြပါသည်။ အချင်းချင်းကြား ငြင်းခုံမှုမှာ ၎င်းတို့ဘဝ မျက်နှာစာတွင် ဖြစ်မြဲကိစ္စရပ်ပင်ဖြစ်သည်။ သို့သော်လည်း တမန်တော်မြတ် S သခင်၏ ဘရကသ်ဖြင့် အလ္လာဟ်အရှင်မြတ်သည် ထိုခါးသီးသည့်ရန်သူများအား တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကိုကဲ့သို့ ချစ်ခင်သောသူများဖြစ်သွားကြသည်။ ထို့ကြောင့် မဒီနာဟ်မြို့တော်၌ အစွလာမ့်ပြည်ထောင်စုအသစ် တည်ထောင်မှုနှင့် ရှင်သန်မှု၊ ရန်သူအပေါ်လွှမ်းမိုးမှုအကြောင်းရင်းမှာ အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူသည့် အထောက်အပံ့နှင့် အကူအညီမှအပ အခြား ဘာမျှမဟုတ်ချေ။ ထိုနောက် ဤအကြောင်း၏ပေါ်လွင်ထင်ရှားမှုမှာ မုစ်လင်မ်များအကြား အချင်းချင်းချစ်မြတ်နိုးခြင်းနှင့် စည်းလုံးညီညွတ်မှုဖြစ်သည်။

ဤသည်နှင့်အတူ ဤအာယသ်တော်ထဲတွင် ရှင်းလင်းထားသည်မှာ မတူကွဲပြားသောလူများ၏ နှလုံးသားများစုစည်းစေခြင်းနှင့် ထိုနှလုံးသားများထဲတွင် တစ်ဦးကိုတစ်ဦး ချစ်ခင်မြတ်နိုးခြင်းနှင့် သောကများ ထည့်ပေးသည်ဆိုသည့် အချက်သည် လူသားများလုပ်နိုင်သော အရာမဟုတ်ချေ။ ဤသည်ကို အရာရာခပ်သိမ်း ဖန်ဆင်းတော်မူခဲ့သည့် အရှင်မြတ်တစ်ပါးတည်းသာလျှင် လုပ်ဆောင်နိုင်သည်။ အကယ်၍ တစ်စုံတစ်ဦးသည် ကမ္ဘာပေါ်ရှိဥစ္စာဓနအလုံးစုံကိုသုံးစွဲ၍ တစ်ဦးကိုတစ်ဦး မုန်းတီးသောသူများ၏ နှလုံးသားများတွင် ချစ်ခင်ကြင်နာမှုပေါ်ပေါက်စေရန် လုပ်ဆောင်မည်ဆိုလျှင်ပင် ဤသို့သူလုပ်ဆောင်နိုင်စွမ်းရှိမည် မဟုတ်ချေ။

## စစ်မှန်၍ ထာဝရတည်မြဲသော စည်းလုံးညီညွတ်မှုသည် မုစ်လင်မ်များ အလ္လာဟ်အရှင်မြတ်၏ အမိန့်နာခံခြင်း အပေါ်တည်မှီသည်

တစ်ဦးနှင့်တစ်ဦး အချင်းချင်းချစ်ခင်မြတ်နိုးမှုဖြင့် ပြည့်ဝနေသော နှလုံးသားများနှင့် ယင်းနှလုံးသားများစုစည်းညီညွတ်စေခြင်းဆိုသည်မှာ အလ္လာဟ်အရှင်မြတ်ထံတော်မှ ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်ကြောင်း ဤအာယသ်က ကျွန်ုပ်တို့အား ပြောပြပါသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ အမိန့်ကို ဖီဆန်မှုရှိလျှင် ဤကောင်းချီးမင်္ဂလာများ မမျှော်မှန်းနိုင်ကြောင်း ထင်ရှားသည်။ စင်စစ် အရှင်မြတ်၏ ကောင်းချီးမင်္ဂလာရရှိရန် မျှော်လင့်ခြင်း၊ အရှင်မြတ်အမိန့်ကို နာခံခြင်းနှင့် အရှင်မြတ်၏ ကျေနပ်နှစ်သက်မှု ရှာကြံခြင်းဆိုသည်တို့သည် ဒွန်တွဲနေသော အခြေအနေဖြစ်သည်။

လူသားတစ်ဦးစီနှင့် လူအုပ်စုအလိုက် စည်းလုံးညီညွတ်ခြင်းသည် ချီးကျူးဖွယ်ရာနှင့် အကျိုးဖြစ် ဖွယ်ဖြစ်ကြောင်းကို မည်သည့်ဘာသာတရား (သို့မဟုတ်) မည်သည့်လူအဖွဲ့အစည်းတွင်ရှိ အသိဉာဏ်ရှိသူတိုင်းက မငြင်း

ကွယ်နိုင်ချေ။ ထို့ကြောင့် လူအများအား ပြုပြင်ပြောင်းလဲမှုအတွက် သောကရောက်သူတိုင်းသည် ထိုသူများကိုစည်းလုံးညီညွတ်စေခြင်းအပေါ် အလေးအနက်ထားကြသည်။ သို့သော်လည်း ကမ္ဘာကြီး (ကျွန်ုပ်တို့အုတ်မြစ်ချ၍ ပုံဖော်ထားခဲ့သည့်)သည် လက်ငင်းအကျိုးဖြစ်သော ပုံစံများနှင့်ထုတ်လုပ်ရေးစက်ရုံများဖြင့် ပြည့်ဝ၍ အမြဲထာဝရတည်မြဲသော စည်းလုံးညီညွတ်မှုမရနိုင်ဆိုသည့် စစ်မှန်မှုကို သတိမမူမိကြပါ။ ဤသည်ကို အလ္လာဟ်အရှင်မြတ် အမိန့်နာခံမှုနှင့် အရှင်မြတ်၏ ကျေနပ်နှစ်သက်မှု ရှာကြံခြင်းဖြင့်သာ ရရှိနိုင်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ဤစစ်မှန်မှုကို အာယသ်တော်များစွာတွင် ထောက်ပြထားခဲ့သည်။ ပမာဆိုသော် ယင်းအကြောင်းဖော်ပြသည့် တစ်နေရာတွင် **وَ اعْتَصِمُوْا بِحَبْلِ اللّٰهِ جَمِيْعًا وَّ لَا تَفَرَّقُوْا** "ထို့ပြင်တစ်ဝ အသင်တို့သည် တစည်းတလုံးတည်း အလ္လာဟ်အရှင်မြတ်၏ ကြိုးကို စွဲမြဲစွာ ကိုင်ထားကြလေကုန်။ ၎င်းပြင် အသင်တို့သည် အချင်းချင်း သွေးမကွဲကြကုန်လင့်။ (၃ : ၁၀၃)" ဟု မိန့်ထားသည်။ ဤနေရာ၌ မတူကွဲပြားမှု နှင့် စိတ်ဝမ်းကွဲမှုများ ရှောင်ရှားရန် နည်းလမ်းပေးထားခဲ့သည်။ နည်းလမ်းကား အလ္လာဟ်အရှင်မြတ်၏ကြိုး (ကုရ်အာန်ကျမ်းတော်မြတ်(သို့မဟုတ်) အစ္စလာမ့်ရှရီအသ်)ကို စွဲမြဲစွာဆုပ်ကိုင်ထားရန် ဖြစ်သည်။ ရလဒ်မှာ လူတိုင်းသည် ၎င်းတို့ အချင်းချင်း စည်းလုံးညီညွတ်သွားကြကာ အချင်းချင်းကြား ကွဲပြားခြားနားမှုများလည်း ပျောက်ကွယ်သွားပါလိမ့်မည်။ သာမန် သဘောထားကွဲလွဲမှုဆိုသည်ကား တစ်ခြားကိစ္စဖြစ်သည်။ အကယ်၍ ယင်းကိစ္စသည် သတ်မှတ်ဘောင်အတွင်း ရှိခဲ့လျှင် ယင်းကြောင့် သဘောထားကွဲခြင်းများ စိတ်ဝမ်းကွဲပြားခြင်းများ အငြင်းအခုံများ၏ အကြောင်းခံ မဖြစ်စေနိုင်ပါ။ ငြင်းခုံမှုနှင့် မငြိမ်မသက်ဖြစ်မှုသည် ရှရီအသ်၏ သတ်မှတ်ဘောင်ကျော်မှသာလျှင်ဖြစ်ကြသည်။ ကျွန်ုပ်တို့ ခေတ်တွင် လူတိုင်းစည်းလုံးညီညွတ်မှုပြောဆိုရန် နှစ်သက်ကြသည်။ သို့သော်လည်း စည်းလုံးညီညွတ်မှုအဓိပ္ပာယ်မှာ အကယ်၍ ကျွန်ုပ်ပြောဆိုသမျှ လူတိုင်းက သဘောတူလျှင် လူတိုင်းမှာ စည်းလုံးညီညွတ်ပြီးဖြစ်သွားလိမ့်မည်ဟု လူတိုင်းက စိတ်ကြိုက်မှတ်ယူလိုက်ကြသည်။ အခြားသူများကလည်း စည်းလုံးညီညွတ်မှုနှင့်ပတ်သက်၍ သူတို့ပြောတာ သဘောတူခြင်းသည် အလားတူပင် ဤနည်းလမ်းသည်သာလျှင် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်ဟု အခိုင်အမာ ပြောဆိုကြပေမည်။ ဆင်ခြင်တုံတရားရှိ၍ ရိုးသားဖြောင့်မတ်သောသူများက သာမန်သဘောထားကွဲလွဲမှု တစ်ရပ်သည် မလွဲမရှောင်သာဖြစ်ရမည်ဆိုလျှင်ပင် ထင်ရှားသည်မှာ လူတိုင်းက သူ (သို့မဟုတ်) သူမနှင့် အခြားသူများ သဘောတူညီမှုကိုရရန်မှာ သူ(သို့မဟုတ်) သူမပြောသည်ကို တစ်ဖက်မှလူက သဘောတူရန်ဖြစ်နိုင်ချေ ရှိမရှိ ပေါ်မူတည်သည်။ သို့ဆိုလျှင် အချင်းချင်း စည်းလုံးညီညွတ်မှုဆိုသည်မှာ ကိယာမသ် နေ့တိုင် ဖြစ်ပေါ်လာနိုင်မည် မဟုတ်ချေ။ ယင်းတို့အစား စည်းလုံးညီညွတ်မှုရရန် ကုရ်အာန်ကျမ်းတော်မြတ်က ပေးထားသည် ခိုင်မာ၍ သဘာဝကျသော လုပ်ထုံးလုပ်နည်းမှအပ မည်သည်မှမရှိချေ။ ယင်းလုပ်ထုံးလုပ်နည်းမှာ သဘောထားကွဲလွဲသောအဖွဲ့တို့သည် အတူတကွထိုင်၍ တတိယအဖွဲ့ပြောသည်ကို သဘောတူညီရမည်။ ထို့နောက် ဤတတိယအဖွဲ့၏ ချမှတ်သော ဆုံးဖြတ်ချက်သည် အများကင်းစင်သည် ဆိုသည်ကိုလည်း စိတ်ချရပါမည်။ ပြောရန်မလိုသည်မှာ ထိုသို့သော အဆုံးအဖြတ်ကို ပေးစွမ်းနိုင်သည်မှာ အလ္လာဟ်အရှင်မြတ်သာလျှင် ဖြစ်သည်။ ထိုအကြောင်းကြောင့် လက်ရှိအာယသ်တော်ထဲတွင် လူတိုင်းသည် အလ္လာဟ်အရှင်မြတ်၏ကြိုးတော်ကို ခိုင်မာစွာနှင့် စုစည်းစွာ ကိုင်ထားခြင်းအားဖြင့် အချင်းချင်း ငြင်းခုံမှုများ ပေပြောက်ကာ ပြီးပြည့်စုံသည့် စည်းလုံးညီညွတ်မှု လွှမ်းမိုးသွားလိမ့်မည်ဟု အကြံပြုထားသည်။

စူရဟ်မရ်ယမ်ထဲ၌ **إِنَّ الَّذِيْنَ اٰمَنُوْا وَ عَمِلُوا الصّٰلِحٰتِ سَيَجْعَلُ لَهُمُ الرَّحْمٰنُ وُدًّا** "ဇကန်စင်စစ် အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မူ

ဆောက်တည်ကြကုန်၏။ "ရဟ်မာန်" အနန္တကရုဏာတော်ရှင်သည် မကြာမြင့်မီပင် ၎င်းတို့အဖို့ ချစ်ကြည်မြတ်နိုးမှုကို ပြုလုပ်၍ ပေးတော်မူပေမည်။ (၁၉း၉၆)"ဟူ၍ မိန့်ထားသည်။ ဤအာယသ်တော်က နှလုံးသားများအတွင်း စစ်မှန်သော ချစ်မြတ်နိုးမှုနှင့် ပြင်းထန်သော ရဲဘော်ရဲဘက်စိတ်ဓာတ်တို့ဖြင့် ဖြည့်ဆည်းရန် စစ်မှန်သောနည်းလမ်းကား အီမာန် ယုံကြည်ချက်၏ စေ့ဆော်မှုနှင့် ကောင်းမြတ်၍ မှန်ကန်သည့်လုပ်ရပ်များကို တစိုက်မတ်မတ်လုပ်ဆောင်ခြင်း ဖြစ်ကြောင်း ရှင်းလင်းထားသည်။ ယင်းမပါလျှင် အကယ်၍ စည်းလုံးညီညွတ်မှုအမျိုးအစားအတု အချို့ရခဲ့လျှင်ပင် ယင်း စည်းလုံးညီညွတ်မှုသည် အခြေအမြစ်မရှိအားနည်းသောကြောင့် နည်းနည်းလေး ဒေါသထွက်လျှင်ဖြစ်စေ၊ ဖိအားပေးမှုကြောင့်ဖြစ်စေ အစိတ်စိတ်အမြွာမြွာ ပြိုကွဲသွားလိမ့်မည်။ ထိုကဲ့သို့သော အဖြစ်အပျက်မျိုး ကမ္ဘာတစ်ခုလုံးတွင် သမားရိုးကျတွေ့နေရပါသည်။ အတိုချုပ်ဆိုရသော် ကျွန်ုပ်တို့၏ ရည်မှန်းချက် အနှစ်သာရ အတွက် ဤအာယသ်တော်က ရှင်းလင်း အလွှာဟ်အရှင်မြတ်သည် တမန်တော်မြတ် S သခင်ပေါ် ကောင်းချီး မင်္ဂလာများ မည်သို့ချပေးပုံ၊ ယင်း ကောင်းချီးမင်္ဂလာကြောင့် မဒီနာဟ်မြို့ရှိ မျိုးနွယ်စုအားလုံး၏ နှလုံးသားထဲသို့ အချင်းချင်း ချစ်ခင် မြတ်နိုးစိတ် ပေါ်ပေါက်စေပုံ၊ တမန်တော်မြတ် S သခင်ကို ကူညီရန်နှင့် ထောက်ပံ့ရန် ၎င်းတို့အားလုံး အဆင်သင့်ဖြစ်သွားပုံ၊ တမန်တော်မြတ် S သခင်အား ထောက်ပံ့သူများသည် ကိုယ်တော်မြတ်အတွက် သံတံတိုင်း တစ်ခုအဖြစ် ဖြစ်သွားပုံတို့ဖြစ်ပါသည်။

ဒုတိယအာယသ် (၆၄)တွင်လည်း ဤအကြောင်းအရာကို အတိုချုပ်ဖော်ပြထားသည့် တမန်တော်မြတ် S သခင်အား အလွှာဟ်အရှင်မြတ်က ယုံကြည်သက်ဝင်သူများသည် ရုပ်ပိုင်းဆိုင်ရာအနှစ်သာရတွင် ကိုယ်တော့်အတွက် လုံလောက်စေကြောင်း နှစ်သိမ့်ထားခဲ့သည်။ ထို့ကြောင့် ကိုယ်တော်မြတ် S သည် ရန်သူများ မည်မျှကြီးမား၊ မည်မျှ အားကောင်း၊ မည်မျှများများနှင့် လက်နက် အပြည့်အစုံရှိရှိ မကြောက်ချေ။ ဋ္ဌီကာရှင်များက ပြောခဲ့ကြသည်မှာ ဤအာယသ်တော်သည် ဗဒ်ရိစစ်ပွဲအမှန်တကယ် မဖြစ်မီကပင်ကျ ရောက်ခဲ့သည်။ ထို့ကြောင့် မုစ်လင်မ်များ မည်မျှ အရေအတွက်နည်းနည်း၊ စစ်လက်နက်မည်မျှချို့တဲ့ ချို့တဲ့ ၎င်းတို့ရန်သူများ အရေအတွက်များခြင်း၊ စစ်လက်နက် ပြည့်စုံခြင်းပေါ် မထိတ်လန့်ကြချေ ဟူ၍ဖြစ်သည်။

စတုတ္ထအာယသ် (၆၅)နှင့် ပဉ္စမအာယသ် (၆၆)ထဲတွင် မုစ်လင်မ်များအတွက် စစ်ဘက်ဆိုင်ရာ ဥပဒေတစ်ရပ် ဖော်ပြထားခဲ့သည်။ ယင်းဥပဒေအရ မုစ်လင်မ်များသည် ရန်သူများကို ကြံ့ကြံ့ခံရင်ဆိုင် တိုက်ခိုက်ခြင်း (ဖရတ်သွဲ) မပြုမနေရတာဝန်ဖြစ်ကာ စစ်ပွဲမှ မည်သို့သောဆုတ်ခွာပြေးခြင်းမဆို ဂုနာဟ်အပြစ် ဖြစ်သည်ဟု ဖော်ပြထားသည်။ ပြီးခဲ့သောအာယသ်များနှင့်အဖြစ်အပျက်များတွင်မုစ်လင်မ်များအတွက်အလွှာဟ်အရှင်မြတ်၏အကွယ်မှအကူအညီများကို အသေးစိတ်ဖော်ပြထားခဲ့သည်။ ကမ္ဘာပေါ်ရှိ အခြားလူမျိုးများ အားလုံးကိစ္စနှင့်ကား မတူညီချေ။ မုစ်လင်မ်များသည် အရေအတွက်နည်းလင့်ကစား ၎င်းတို့ထက်များသော ရင်ဆိုင်တိုက်ခိုက်သူများကို အောင်နိုင်သည်ဆိုကြောင်း ကုရ်အာန် ကျမ်းတော်မြတ်၌ မိန့်ထားသည်မှာ-

كَم مِّن فِئَةٍ قَلِيلَةٍ غَلَبَتْ فِئَةً كَثِيرَةًۢ بِإِذْنِ اللَّهِ

"အရှင်မြတ်၏ အမိန့်တော်ဖြင့် အနည်းငယ်မျှသော လူစုကလေးများသည် စစ်သည်တော် များစွာ ပါဝင်သော လူစုများကိုပင် ကြိမ်ဖန်များစွာ အောင်နိုင်ခဲ့ဖူးလေပြီ။(၂း၂၄၉)"ဟူ၍ ဖြစ်သည်။

ထို့ကြောင့် အစွမ်းသတ္တိသာသနာ၏ ပထမဆုံးဂျီဟာဒ်ဖြစ်သော ကျော်ကြားသည့် ဗဒ်ရိစစ်ပွဲတွင် မုစ်လင်မ် ဆယ်ဦးသည် လူတစ်ရာနှင့်တူညီသည်ဟု ကြေညာခဲ့ကာ

وَاِنْ يَّكُنْ مِّنْكُمْ مِّائَةٌ يَّغْلِبُوْٓا اَلْفًا مِّنَ الَّذِيْنَ كَفَرُوْا بِاَنَّهُمْ قَوْمٌ لَّا يَفْقَهُوْنَ

"အကယ်၍ အသင်တို့အနက် စွမ်မြဲကြံ့ခိုင် (စွာ တိုက်ခိုက်မည့်) သူ နှစ်ဆယ် ရှိကြပါမူ ၎င်းတို့သည် (ကာဖိရ်တို့ ဘက်မှလူ) နှစ်ရာကို နှိမ်နင်းနိုင်ကြကုန်အံ့။ ထိုနည်းတူစွာ အကယ်၍ အသင်တို့အနက် (ကြံ့ခိုင်စွာ တိုက်ခိုက်မည့်သူ) တစ်ရာရှိကြလျှင် ၎င်းတို့သည် ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့ အနက်မှ (လူ) တစ်ထောင်ကို နှိမ်နင်းနိုင်ကြပေအံ့။ (၈ : ၆၅)" ဟူ၍ အမိန့်ပေးထားသည်။

ဤနေရာ၌ မုစ်လင်မ်တစ်ရာသည် မယုံကြည်သွေဖည်ငြင်းပယ်သူ တစ်ထောင်ကို အောင်နိုင်လိမ့်မည်ဟု ဤနေရာ၌ ဖော်ထုတ်ပြသည့်ပုံစံသည် တောက်ပဝင်းလက်သော ကောင်းသတင်း လက်ခံကြိုဆိုသည့် အနေဖြင့် ဖြစ် သည်။ သို့ရာတွင် ရည်ရွယ်ချက်မှာ မယုံကြည်သွေဖည် ငြင်းပယ်သူတစ်ထောင်ကို မုစ်လင်မ် တစ်ရာနှင့်တိုက်ခိုက်ရ မည်ကို ခွင့်မပြုဆိုသည်ကို အမိန့်ထုတ်ဆင့်ရန်ဖြစ်သည်။ သုံးစွဲခဲ့သည့် သတင်းပေးမှု ဟန်ပန်၏နောက်ကွယ်ရှိ အသိ ဉာဏ်မှာ အလ္လာဟ်အရှင်မြတ်သည် မုစ်လင်မ်များ၏ လုံခြုံမှုနှင့် အောင်ပွဲအတွက် ကတိပြုတော်မူသည့် ဤသတင်း စကားမှာ မုစ်လင်မ်များ၏ နှလုံးသားများ ကြံ့ခိုင်စေရန်ဖြစ်သည်။ အကယ်၍ ဤအမိန့်ကို အာဇာစက်သံပါသော ဥပဒေတစ်ရပ်အနေဖြင့် ကြေညာခဲ့လျှင် ယင်းသည် စိတ်နှလုံးသားတွင် သဘာဝအလျောက် လေးလံဝန်ပိပေလိမ့်မည်။

ဗဒ်ရိစစ်ပွဲသည် မုစ်လင်မ်များ ရန်သူများနှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့သည့် ပထမဆုံးသော စစ်ပွဲဖြစ်သည်။ ထိုအချိန်က မုစ်လင်မ်များသည် အလွန်ဆိုးရွားသော အခြေအနေတစ်ရပ်၌ ရှိနေခဲ့သည်။ မုစ်လင်မ်များ၏ စုစုပေါင်း အရေအတွက်မှာ မပြောပလောက်ချေ။ ထို့ပြင် ၎င်းတို့အားလုံးသည်လည်း စစ်မျက်နှာသို့ တစ်ခါမျှမထွက်ဘူးခဲ့ကြချေ။ အမှန်ကန်ဆုံးသောအချက်မှာ တစ်ထိုင်တည်းနှင့် ဤစစ်ပွဲတွင် စစ်ထွက်ရန်အဆင်သင့်ဖြစ်နေသူများသည် ဤစစ်ပွဲ၏ တပ်မတော်သားများ ဖြစ်သွားကြသည်။ ထို့ကြောင့် ဤဂျီဟာဒ်စစ်ပွဲတွင် အလ္လာဟ်အရှင်မြတ်၏ အထောက်အပံ့နှင့် အကူအညီပေးမည့် ကတိတော်ပါဝင်သည့် ဟန်ပန်ဖြင့် ရန်သူတစ်ထောင်ကို မုစ်လင်မ်တစ်ရာနှင့် ရင်ဆိုင်တိုက်ခိုက်ရန် အမိန့်ပေးခံခဲ့ရသည်။

စတုတ္ထအာယသ်တော် (၆၆)ထဲတွင် ဤအမိန့်ပညတ်ချက်ကို အနာဂတ်တွင် ပယ်ဖျက်ပြီးဖြစ်စေသည့်အနေ ဖြင့် ဒုတိယအမိန့်ပညတ်ချက် ပေးထားသည်မှာ -

اَلْـٰٔنَ خَفَّفَ اللّٰهُ عَنْكُمْ وَعَلِمَ اَنَّ فِيْكُمْ ضَعْفًا ۚ فَاِنْ يَّكُنْ مِّنْكُمْ مِّائَةٌ صَابِرَةٌ يَّغْلِبُوْا مِائَتَيْنِ ۚ وَاِنْ يَّكُنْ مِّنْكُمْ اَلْفٌ يَّغْلِبُوْٓا اَلْفَيْنِ بِاِذْنِ اللّٰهِ ۗ وَاللّٰهُ مَعَ الصّٰبِرِيْنَ

"ယခုသော်ကား အလ္လာဟ်အရှင်မြတ်သည် (အသင်တို့၏ဝန်ထုပ်ကို) အသင်တို့မှ ပေါ့ပါးစေတော် မူခဲ့ပေပြီ။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့၌ အားအင်သတ္တိနည်းပါးသည်ကိုလည်း သိရှိ တော်မူလေပြီ။ သို့ဖြစ်ပေရာ အကယ်၍ အသင်တို့အနက် စွမ်မြဲ(စွာတိုက်ခိုက်မည့်)သူ (၁၀၀) တစ်ရာရှိကြပါလျှင် ၎င်းတို့သည် (ရန်သူတို့ဘက်မှလူ) နှစ်ရာကို နှိမ်နင်းနိုင်ကြပေမည်။ (၈ : ၆၆)" ဟူ၍ ဖြစ်သည်။

ဤနေရာတွင်လည်း ရည်ရွယ်ချက်မှာ မယုံကြည်သွေဖည်ငြင်းပယ်သူနှစ်ရာကို မုစ်လင်မ်တစ်ရာက တိုက်ခိုက်မှုမှ ရှောင်ရှားခြင်းခွင့်မပြုဟူသည်ကို အမိန့်ပေးရန်ဖြစ်သည်။ ပထမအာယသ်(၆၅)ထဲတွင် လာရှိသည်ကို ပြန်လည်သတိရမည်ဆိုလျှင် မုစ်လင်မ်တစ်ဦးသည် ရန်သူဆယ်ဦးကို တိုက်ခိုက်ခြင်းရှောင်ရှားမှုအား တားမြစ်ကြောင်း ပါဝင်သည်။ ယခုလက်ရှိအာယသ်(၆၆)ထဲတွင် မယုံကြည်သွေဖည်ငြင်းပယ်သူ နှစ်ဦးကို မုစ်လင်မ်တစ်ဦးက ရင်ဆိုင်တိုက်ခိုက်ခြင်း ရှောင်ရှားမှုအားတားမြစ်သည်။ ဤအမိန့်ပညတ်ချက်မှာ နောက်ဆုံးနှင့်အပြီးသတ်ဖြစ်၍ ယင်းသည် ထာဝရတည်တံ့နေပေလိမ့်မည်။

ဤနေရာတွင်လည်း အမိန့်ပေးထားမှုသည် သမားရိုးကျအမိန့်ပေးသည့် ဟန်ပန်မျိုးမဟုတ်ချေ။ မုစ်လင်မ်တစ်ဦးသည် မယုံကြည်သွေဖည်ငြင်းပယ်သူနှစ်ဦးနှင့် တိုက်ခိုက်ရန် အမိန့်ပေးထားခြင်းသည် ကောင်းသတင်းပေးထားသည့်အနေဖြင့် သုံးနှုန်းထားသည်။ (အလ္လာဟ်အရှင်မြတ်မလုပ်ပါစေနှင့် ဤအခြေအနေသည် မတရားမှုပြုလုပ်ခြင်း (သို့မဟုတ်) အတင်းအကြပ်ပြုခြင်း မပါချေ။) အရိုးခံနှင့်ပြောရလျှင် အလ္လာဟ်အရှင်မြတ်ကိုယ်တိုင်ပင် မုစ်လင်မ်တစ်ဦးထဲတွင် ရှိနေသည်ဟူ၍ ဖြစ်သည်။ ထိုသူ၏ အီမာန်ယုံကြည်ချက်ကြောင့် အထူးစွမ်းအင်တစ်ရပ်ဖြစ်ကာ မုစ်လင်မ်တစ်ဦးသည် ကာဖိရ်နှစ်ဦးနှင့် ညီမျှသွားသည်ဟူ၍ဖြစ်သည်။

သို့သော်လည်း နှစ်နေရာစလုံးတွင် ဤထောက်ပံ့မှုနှင့် အောင်ပွဲအကြောင်း ကောင်းသတင်းသည် သည်းခံခြင်းနှင့် ခံနိုင်ရည်ရှိခြင်းတို့ စောင့်ထိန်းသူဖြစ်ကြရလိမ့်မည်။ တစ်စုံတစ်ဦး ချစ်မြတ်နိုးသောအသက်ကို အန္တရာယ်ဖြစ်စေသော တိုက်ခိုက်ခြင်းနှင့် သတ်ဖြတ်ခြင်းတို့ပါသော စစ်ပွဲတွင် ကြံ့ကြံ့ခံနေရန်မှာ ပြီးပြည့်စုံသော အီမာန်ရှိသူမှသာလျှင် လုပ်နိုင်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ပြီးပြည့်စုံသော အီမာန်သည် အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် အသက်ကို စွန့်လွှတ်နိုင်သော စိတ်အားထက်သန်မှု ပေါ်ပေါက်စေသည်။ ထို့ပြင် ယင်းစိတ်ထက်သန်မှုက ၎င်း၏တိုက်ခိုက်မှုစွမ်းပကား ပိုမိုတိုးပွားစေပါသည်။

အာယသ်တော်အဆုံးတွင် ယေဘုယျမူတစ်ရပ်အနေဖြင့် **وَ اللّٰهُ مَعَ الصّٰبِرِيْنَ** "အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ် သည် စွဲမြဲကြံ့ခိုင်သူတို့နှင့်အတူ ရှိတော်မူချေသတည်း (၈း၆၆)" ဟူ၍ မိန့်ထားသည်။ ဤမိန့်ကြားချက်ထဲတွင် စစ်မြေပြင်၌ ကြံ့ကြံ့ခိုင်ရှိနေခဲ့ကြပြီး ရှရီအသ်၏ပုံမှန်အမိန့်ပညတ်ချက်များကို တင်းတင်းကြပ်ကြပ် လိုက်နာခဲ့သူများ အကျုံးဝင်သည်။ ထိုသူများနှင့်အတူ အလ္လာဟ်အရှင်မြတ်ရှိနေမည်ဟူသော ကတိတော်သည် အမြဲတည်ရှိနေပါသည်။ ထိုသို့အလ္လာဟ်အရှင်မြတ်က တစ်ယောက်မကျန် အားလုံးနှင့် အတူရှိနေခြင်းဆိုသည့် အခြေအနေထဲတွင် ၎င်းတို့ အောင်ပွဲ၏စစ်မှန်သောလျှို့ဝှက်ချက်တည်ရှိနေပါသည်။ အဘယ့်ကြောင့်ဆိုသော် အကြွင်းမဲ့ အရှင်သခင်နှင့်အတူရှိနေသည်ဆိုသည့်ကံကြမ္မာကောင်းသည် ၎င်းသူကို သူတာဝန်ကျရာနေရာမှမည်သူကမျှမရွှေ့နိုင်ကြပါ။ တစ်ကမ္ဘာလုံးက တညီတညွတ်တည်း ဝိုင်းရွေ့လျှင်လည်း ရွေ့မည်မဟုတ်ချေ။

အာယသ် (၆၇ - ၆၉)

مَا كَانَ لِنَبِيٍّ اَنۡ يَّكُوۡنَ لَهٗۤ اَسۡرٰى حَتّٰى يُثۡخِنَ فِى الۡاَرۡضِ ؕ تُرِيۡدُوۡنَ عَرَضَ
الدُّنۡيَا ۖ وَاللّٰهُ يُرِيۡدُ الۡاٰخِرَةَ ؕ وَاللّٰهُ عَزِيۡزٌ حَكِيۡمٌ ﴿۶۷﴾ لَوۡلَا كِتٰبٌ مِّنَ اللّٰهِ سَبَقَ
لَمَسَّكُمۡ فِيۡمَاۤ اَخَذۡتُمۡ عَذَابٌ عَظِيۡمٌ ﴿۶۸﴾ فَكُلُوۡا مِمَّا غَنِمۡتُمۡ حَلٰلًا طَيِّبًا ۖ وَّ
اتَّقُوا اللّٰهَ ؕ اِنَّ اللّٰهَ غَفُوۡرٌ رَّحِيۡمٌ ﴿۶۹﴾

**မည်သည့်နဗီတမန်တော်မဆို ကမ္ဘာမြေပြင်ဝယ် (ကောင်းစွာ) တိုက်ခိုက် သတ်ဖြတ် အောင်မြင်မှုကို မပြုသေးသမျှကာလပတ်လုံး ထိုနဗီတမန်တော်၌ (စစ်မြေအရပ်မှ) လက်ရဖမ်းဆီးခြင်း မခံခဲ့သော သုံ့ပန်းများသည် မရှိသင့်ပေ။ အသင်တို့သည် ပစ္စုပ္ပန် လောကီပစ္စည်းကို အလိုရှိကြ၏။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် (အသင်တို့အဖို့) နောင်တမလွန်ဘဝ (၏ စည်းစိမ်ရိပ်ငြိမ်)ကို လိုလားတော်မူ၏။ စင်စစ် အလ္လာဟ် အရှင်မြတ်သည် တန်ခိုး အာနုဘော်နှင့် ပြည့်စုံတော်မူသောအရှင် နက်နဲသိမ်မွေ့ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ (၈ : ၆၇)**

**အကယ်၍ အလ္လာဟ်အရှင်မြတ်အထံတော်မှ ဥပဒေတစ်ရပ်သည် မူလကပင် မရှိခဲ့ပါမူ အသင်တို့ယူငင်ခဲ့ကြသည်နှင့် စပ်လျဉ်း၍ ကြီးကျယ် (ပြင်းထန်) သော ပြစ်ဒဏ်သည် အသင်တို့၌ ဧကန်မလွဲ ထိရောက်ခဲ့ပြီးဖြစ်ချေ သတည်း။ (၈ : ၆၈)**

**ယခုမူ အသင်တို့သည် (၎င်းတို့ထံမှ လက်ရပစ္စည်းအဖြစ်) မိမိတို့ရယူခဲ့သည်များကို တရားဝင်သော၊ သန့်စင်သော ပစ္စည်းများအဖြစ် စားသုံးကြလေကုန်။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား သာလျှင် ကြောက်ရွံ့ကြလေကုန်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်တရာ ကြင်နာ ညှာတာတော်မူသောအရှင် ဖြစ်တော်မူပေသည်။ (၈ : ၆၉)**

## အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြပါအာယသ်များသည် ဗဒ်ရိစစ်ပွဲတွင်ဖြစ်ပွားခဲ့သော သီးသန့်အဖြစ်အပျက်တစ်ခုနှင့် ဆက်နွယ်နေပါသည်။ ထို့ကြောင့် ရှင်းလင်းချက်တစ်ရပ် မတင်ပြမီအလျင် ဟဒီးဆ်တော်တွင်ပါ ဆင့်ပြန်ချက်များ၏ ခိုင်လုံမှုမှန်ကန်မှုတို့အရ ဤအဖြစ်အပျက်ကို ဖော်ပြပါသည်။

ဤအဖြစ်အပျက်၏မြင်ကွင်းမှာ ဗဒ်ရိစစ်ပွဲပင်ဖြစ်သည်။ ဤစစ်ပွဲသည် အစ္စလာမ်ဘာသာ၏ပထမဆုံးဂျိဟာဒ်စစ်ပွဲဖြစ်ကာ ရုပ်ချည်းပေါ်ပေါက်ခဲ့ပါသည်။ ထိုအချိန်ထိတိုင် ဂျိဟာဒ်စစ်ပွဲနှင့်ပတ်သက်သော အမိန့်ပညတ်ချက်များ၏ အသေးစိတ်များ မကျရောက်ခဲ့သေးပါ။ မေးခွန်းမြောက်များစွာ ရှိပါသည်။ အကယ်၍ ဂျိဟာဒ်စစ်ပွဲတွင်းတွင် သုံ့ရပစ္စည်းများရလျှင် ယင်းတို့ကို မည်သို့ပြုရမည်နည်း။ အကယ်၍ ရန်သူစစ်သည်များ သင်တို့၏ထိန်းချုပ်မှုအောက် ကျ

ရောက်လာခဲ့လျှင် ထိုသူတို့ကို ဖမ်းဆီးခွင့်ရှိမရှိ အကယ်၍ ၎င်းတို့ကို ဖမ်းမိခဲ့လျှင် ၎င်းတို့ကို မည်သို့ပြုလုပ်သင့်သနည်း။

လွန်လေပြီးသော တမန်တော်များအတွက် သုံ့ရပစ္စည်းဆိုင်ရာတွင် ဘာသာရေးဆိုင်ရာအတည် ဖြစ်သည့် ဥပဒေမှာ မုစ်လင်မ်များသည် ယင်းတို့ကို ၎င်းတို့အကျိုးအတွက် သုံးစွဲခြင်းတရားမဝင်ဟူ၍ ဖြစ်သည်။ အမိန့်ပညတ်ချက်မှာ သုံ့လက်ရပစ္စည်းအားလုံးကို လွှင်ပြင်တွင်စုပုံ၍ ထားစေရပါသည်။ အလ္လာဟ် အရှင်မြတ်၏ ဓလေ့တော်တစ်ခုမှာ ကောင်းကင်မှမီးတန်းတစ်ခုလာ၍ ထိုအရာများအားလုံး လောင်ကျွမ်းသွားစေပါသည်။ ဤသည်မှာ ထိုသီးသန့်ဂျိဟာဒ်ကို လက်ခံအတည်ပြုသည့် လက္ခဏာတစ်ရပ်ဖြစ်သည်။ အကယ်၍ သုံ့လက်ရပစ္စည်းကို လောင်ကျွမ်းစေမည့် မီးတန်းမကျရောက်ခဲ့လျှင် ဂျိဟာဒ်စစ်ပွဲကြီးပမ်းရာ၌ ချို့တဲ့မှုအချို့ရှိခဲ့၍ ယင်းဂျိဟာဒ်ကို အလ္လာဟ်အရှင်မြတ် လက်မခံဟူသော အမှတ်လက္ခဏာတစ်ရပ်ဖြစ် သွားသည်ဟု မှတ်ယူခဲ့သည်။

ဆွာဟီးဒ်အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းများပါ ဆင့်ပြန်ချက်များအရ တမန်တော်မြတ် s မိန့်ကြားခဲ့သည်မှာ "ငါကိုယ်တော်မြတ် အလျင်ရှိခဲ့သော မည်သည့်တမန်တော်ကိုမျှ အပ်နှင်းခြင်းမခံရသည့်အရ ငါးမျိုးကို ငါကိုယ်တော်အား အပ်နှင်းခံရသည်။ ယင်းတို့အနက်တစ်ခုမှာ ယခင်ကဆိုလျှင် မယုံကြည်သွေဖည် ငြင်းပယ်သူထံမှ ရခဲ့သည့် သုံ့လက်ရပစ္စည်းများသည် မည်သူတစ်ဦးတစ်ယောက်အတွက်မျှ တရားမဝင်ခဲ့ချေ။ သို့သော်လည်း အလ္လာဟ် အရှင်မြတ်၏သနားကရုဏာတော်ကိုအစဉ်အဆက်လက်ခံရရှိခဲ့သည့်မုစ်လင်မ်အုမ္မသ်အတွက်မူတရားဝင်ပြုလုပ်ခဲ့ပါသည်" ဟူ၍ ဖြစ်သည်။ သုံ့လက်ရပစ္စည်းများအား ဤအုမ္မသ်ထုအတွက် သီးသန့်တရားဝင် ပြုလုပ်ခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ အဆုံးအစမရှိသော ဟစ်က်မသ်ဉာဏ်တော်တွင် ရှိပြီးဖြစ်သည်။ သို့သော်လည်း အထက်ရည်ညွှန်းခဲ့သော ဗဒ်ရ်စစ်ပွဲအဖြစ်အပျက်မတိုင်မီအထိ ယင်းတို့ကို တရားဝင်ပြုလုပ်ခြင်းအား ကိုယ်တော်မြတ် s ထံ ချပေးထားခြင်းမရှိခဲ့ချေ။ ထို့နောက် ဗဒ်ရ် စစ်ပွဲတွင် ဖြစ်ပျက်ခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်သည် မုစ်လင်မ်များ စဉ်းစား၍မရနိုင်လောက်အောင် အလွန်ထူးခြားသော အောင်မြင်မှုဖြင့် ကောင်းချီးမင်္ဂလာပေးသနားခြင်း ခံခဲ့ရသည်။ ရန်သူများသည် ၎င်းတို့ ပိုင်ဆိုင်သည်များကို မုစ်လင်မ်များလက်ဝယ်၌ သုံ့လက်ရပစ္စည်းအဖြစ် ထားပစ်ခဲ့ရသည်။ ထို့နောက် မုစ်လင်မ်များသည် ရန်သူ ခေါင်းဆောင်(၇၀)ကို သုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်ခဲ့သည်။ သို့သော်လည်း လုပ်ရပ်နှစ်ရပ်နှင့်ပတ်သက်၍ တရားဝင်ခြင်း၊ မဝင်ခြင်းနှင့်ပတ်သက်သော အရေးကြီးသည့်ရှင်းလင်းချက် များမှာ ဝဟီအဖြစ် မကျရောက်သေးပါ။

ထို့ကြောင့် မြင့်မြတ်သော ဆွဟာဗဟ်သာဝကကြီးများ၏ ဤကမ္ဘာရှုထိုးလုပ်ရပ် လုပ်ဆောင်ခဲ့သဖြင့် ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။ ဤပြင်းထန်စွာဝေဖန်ခဲ့မှုနှင့် မနှစ်မြို့မှုကို ဝဟီတစ်ခုမှတစ်ဆင့် ပြသခဲ့ကာ ယင်းထဲ၌ စစ်သုံ့ပန်းတို့နှင့်ပတ်သက်သော မုစ်လင်မ်များ ရွေးချယ်ရန် နည်းလမ်းနှစ်သွယ် ပေးထားခဲ့သည်။ သို့သော်လည်း ဤရွေးချယ်မှုပေးထားရာ၌ တစ်မျိုးမှာ နှစ်သက်လိုလားဖွယ်ဖြစ်သော်လည်း အခြားတစ်နည်းကား နှစ်သက်လိုလားဖွယ်မဟုတ်ကြောင်း မုစ်လင်မ်များကို ထောက်ပြထားသည်။ စိုက်ယိဒ်နာအလီ အလ်မုရ်သွသွာ d သခင်မှ ဆင့်ပြန်ချက်တစ်ရပ်အပေါ်အခြေခံ၍ ဂျာမီသိရ်မိဇီကျမ်း၊ စူနာမ်အလ်နစာအီကျမ်းနှင့် ဆွာဟီးဟ်အိဗ်နိဟစ်ဗာန်ကျမ်းတို့တွင် တင်ပြထားခဲ့သည်မှာ ထိုအချိန်က စိုက်ယိဒ်နာ ဂျိဗ်ရာအီလ် အလ်အမီးန်သည် တမန်တော်မြတ် s သခင်ထံ လာရောက်ခဲ့ကာ ကိုယ်တော်မြတ်က ဆွဟာဗဟ်များကို လမ်းနစ်သွယ်ရွေးချယ်ခွင့် ပေးသင့်သည် ဟူသောအမိန့်ကို တင်ပြခဲ့သည်။ ယင်းလမ်းနှစ်သွယ်မှာ (၁) ၎င်းတို့သည် သုံ့ပန်းများကို ကွပ်မျက်သတ်ဖြတ်၍ ရန်သူတို့၏ အင်အားပုံရိပ်ကို လုံးဝဖျက်ဆီးပစ်ရမည်။ (၂) သို့တည်းမဟုတ် ဖစ်ဒ်ရာ (လွှတ်ရန်ရွေးယူရသောငွေ) ပေး၍ လွှတ်ပစ်ရမည်။

သို့သော်လည်း ဒုတိယရွေးချယ်မှုကိုရွေးခဲ့လျှင် စိတ်တွင်စွဲမှတ်ထားရမည်မှာ အလ္လာဟ်အရှင်မြတ်၏ အမြဲတစေပြဋ္ဌာန်းချက်အရ ဤလုပ်ရပ်အတွက် နောင်နှစ်တွင် အစားရမည်မှာ သာသနာ့အာဏာနည်အဖြစ် ကျဆုံးမည့်မုစ်လင်မ်များအရေအတွက်သည် လွှတ်ရန်ရွေးယူရသောငွေ ဖစ်ဒ်ရာဖြင့် လွှတ်လိုက်သော သုံ့ပန်းအရေအတွက်နှင့် တူညီပါလိမ့်မည်။ ထို့ကြောင့် လုပ်ဆောင်ရန်နည်းလမ်းနှစ်သွယ်တွင် ရွေးချယ်ရန်ဟူသည့်အချက်ပါဝင်သော်လည်း ဆွဟာဗဟ် သာဝကကြီးများတွင်လည်း နှစ်သွယ်မှတစ်သွယ်ကို ရွေးချယ်ခွင့်ရှိပေသည်။ သို့ရာတွင် ဒုတိယရွေးချယ်မှုဌ သာသနာ့အာဏာနည်အဖြစ် ကျဆုံးသွားနိုင်သည့် မုစ်လင်မ်(၇၀)၏ အဖြစ်အပျက်များကို ဖော်ပြထားသည်။ ယင်းဖော်ပြချက်ထဲတွင် အလ္လာဟ်အရှင်မြတ် မျက်မှောက်တွင် ဒုတိယရွေးချယ်မှုကို မနှစ်မြို့တော်မူသော သိမ်မွေ့သည့် အညွှန်းပါဝင်သည်။ အကယ်၍သာ ထိုရွေးချယ်မှုကို နှစ်သက်ခဲ့လျှင် ရလဒ်အဖြစ် မုစ်လင်မ်(၇၀) အသတ်ခံရလိမ့်မည်မဟုတ်ချေ။

ဤနည်းလမ်းနှစ်သွယ်ကို ဆွဟာဗဟ်သာဝကကြီးများရှေ့မှောက်၌ ရွေးချယ်ရန်တင်ပြခဲ့သောအခါ အချို့က တွေးဆကြသည်မှာ အကယ်၍ ဤသုံ့ပန်းများကို ဖစ်ဒ်ရာ (လွှတ်ရန်ငွေပေး၍) ပေး၍လွှတ်ခဲ့ပါလျှင် နောင်တချိန်တွင် ထိုသူများအားလုံးဖြစ်စေ၊ အချို့အဝက်ဖြစ်စေ မုစ်လင်မ်များဖြစ်လာနိုင်ချေရှိသည်။ သို့ဆိုလျှင် ယင်းသည် စစ်မှန်သော အကျိုးအမြတ်တစ်ခုဖြစ်၍ ဂျိဟာဒ်၏ရည်မှန်းချက်လည်းဖြစ်ပေမည်။ ဆွဟာဗဟ်များက ထပ်၍တွေးတောကြသည်မှာ ထိုအချိန်ကရှိသော မုစ်လင်မ်များသည် ဆင်းရဲနွမ်းပါးကြကာ ထိုဖစ်ဒ်ရာ(ရွေးယူငွေ)များဖြင့် ဘဏ္ဍာရေးဆိုင်ရာ အကျိုးအမြတ်ရနိုင်ပြီး အနာဂတ်တွင် ဂျိဟာဒ်စစ်ပွဲများ ပြင်ဆင်ရန်အတွက်လည်း ငွေကြေးရရှိနိုင်ပေသည်။ မုစ်လင်မ်(၇၀)၏ သာသနာ့အာဏာနည် ဖြစ်မှုသည် မုစ်လင်မ်များအတွက် အစဉ်အမြဲ ကောင်းချီးမင်္ဂလာတစ်ရပ်နှင့် ကောင်းသောကံကြမ္မာတစ်ရပ် ဖြစ်သည်။ ထိုသို့လက်ခံဖွယ်ရှိသောအရာနှင့် ပတ်သက်၍ ငင်းတို့အဘယ့်ကြောင့် ပူပန်သင့်သနည်းဟု ငင်းတို့က တွေးတောကြသည်။ ဤတွေးတောမှုအမြင်အရ စိုက်ယိဒိနာအဗူဗကရ် [d] နှင့် ဆွဟာဗဟ် သာဝကအများစုသည် ဖစ်ဒ်ရာ (လွှတ်ရန်ရွေးယူရသောငွေ) ယူကာ သုံ့ပန်းကိုလွှတ်ပစ်သည့် ရွေးချယ်မှုဘက်သို့ တိမ်းညွတ်ကြသည်။ စိုက်ယိဒိနာအုမ္မရ်၊ စိုက်ယိဒိနာ စအာဒ်အိပ်နိမုအာဒ်နှင့် အခြားဆွဟာဗဟ် အချို့တို့ကသာလျှင် ဤရွေးချယ်မှုနှင့် ကွဲပြားခြားနားကြသည်။ ငင်းသုံ့ပန်းအားလုံးကို သတ်ပစ်ရန်ဟူသော ရွေးချယ်မှုကို ထောက်ခံခဲ့ ကြသည်။ အကြောင်းမှာ မုစ်လင်မ်များကိုတိုက်ခိုက်ရန်အတွက် စစ်တပ်ကြီးတစ်ခုကို ပံ့ပိုးထောက်ပံ့သည့် ကိုရိုက်ရှ် အကြီးအကဲအားလုံးကို တစ်ချိန်တည်းတွင် သတ်ပစ်နိုင်သည့် အခွင့်ကောင်း ရရှိ၍ဖြစ်သည်။ သုံ့ပန်းများ မကြာမီကာလအတွင်း အစွလာမ်ဘာသာသို့ သက်ဝင်ယုံကြည်ကြလိမ့်မည်ဆိုသည်မှာ တီထွင်ထားသော စိတ်ကူးယဉ်မှု သာလျှင်ဖြစ်သည်။ သို့သော်လည်း ဤသုံ့ပန်းများ ဌာနေပြန်ရောက်သွားသည်နှင့်တစ်ပြိုင်နက် ဖြစ်နိုင်သည်မှာ မုစ်လင်မ်များအပေါ် ထားရှိသည့် ရန်လိုမှုသည် ယခင်ထက်ပင် ပိုမိုတိုးတက်လာမည့် အကြောင်းရင်းခံဖြစ်သွားပေလိမ့်မည်။

တမန်တော်မြတ် [s] သခင်သည် လောကကမ္ဘာတစ်ခုလုံး ကျက်သရေမင်္ဂလာအပေါင်း ပြည့်စုံရန်နှင့် ကြင်နာသနားတော်မူခြင်း ပြည့်စုံရန် ရောက်ရှိလာသောကြောင့် ကိုယ်တော်မြတ်ကိုယ်တိုင်ပင် ကြင်နာသနားမှု လွှမ်းခြုံစိုးမိုးကာ ဆွဟာဗဟ်များတင်ပြခဲ့သည့် ရွေးချယ်မှုနှစ်ခုအနက်မှ သုံ့ပန်းများအတွက် ကြင်နာသနားမှုနှင့် သက်သာမှုပေးစေသော ဖစ်ဒ်ရာ(လွှတ်ပေးရန်ငွေပေးခြင်း)ဖြင့် လွှတ်ခြင်းကို ရွေးချယ်သည်အား လက်ခံခဲ့သည်။ စိုက်ယိဒိနာ အဗူဗကရ်နှင့် စိုက်ယိဒိနာအုမ္မရ်သခင်တို့အားဦးတည်၍ ကိုယ်တော်မြတ် [s] ကမိန့်သည်မှာ **لو اتفقتما ما خالفتكما** "အကယ်၍သာ အသင်တို့ နှစ်ဦးသည် မည်သည့်ထင်မြင်ယူဆချက် တစ်ခုအပေါ်တွင်မဆို သဘောတူညီခဲ့လျှင် သင်တို့နှစ်ဖက်စလုံးပေးသော ထင်မြင်ယူဆချက်အပေါ် ငါကိုယ်တော် ဆန့်ကျင်လိမ့်မည်မဟုတ်ချေ" (မဇာဟိရီ) ထိုအချိန်တွင် ထင်

မြင်ယူဆချက်ကွဲပြားမှုတစ်ရပ်ရှိခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ဖန်ဆင်းမှုပေါ်ထားရှိသောတမန်တော်မြတ် ﷺ သခင်၏ မွေးရာပါ ကြင်နာသနားမှုနှင့် ချစ်မြတ်နိုးမှုကြောင့် ထိုကိစ္စတွင် ကိုယ်တော်မြတ် ﷺ အဆင်ပြေ၍ လွယ်ကူသက်သာ သောလမ်းစဉ်ကို ရွေးချယ်ခဲ့ပါသည်။ ထို့ကြောင့် ထိုသို့ပင် လုပ်ဆောင်ခဲ့သည်။ နောက်လာမည့်နှစ်တွင် ရရှိခဲ့သည့် ရလဒ်ကား အုပ်ဘီစစ်ပွဲတွင် အလ္လာဟ်အရှင်ရည်ညွှန်းထားခဲ့သည့်အတိုင်း မုစ်လင်မ်ဦးရေ ခုနစ်ဆယ် သာသနာ့ အာဏာနည် ဖြစ် သွားသောအဖြစ်အပျက် ဖြစ်ခဲ့သည်။

تُرِيْدُوْنَ عَرَضَ الدُّنْيَا "အသင်တို့သည် ပစ္စုပ္ပန်လောကီပစ္စည်းကို အလိုရှိကြ၏" ဟူသော စကားလုံးများတွင် ဖစ်ဒ်ရာ (လွှတ်ရန်ငွေပေးခြင်း) ပေး၍ လွှတ်လိုက်ရန်အကြံပြုခဲ့သည့် ဆွဟာဗဟ်သာဝကကြီးများကို ဦးတည်ပြောကြား သည်။ ဤအာယသ်တော်က ထိုဆွဟာဗဟ်များကိုပြောသည်မှာ ၎င်းတို့သည် အလ္လာဟ် ၏ရစူလ်တမန်တော်မြတ် ﷺ သခင်ကို မလျော်ကန်သော အကြံပြုမှုပေးခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် မည်သည့်တမန်တော်မဆို ရန်သူများကို အောင် နိုင်၍ ရန်သူ၏စွမ်းအားပုံရိပ်ကို မဖျက်ဆီးနိုင်လျှင် ၎င်း၏ ကြီးမြတ်သည့် ဂုဏ်ကျက်သရေနှင့် မလျော်ညီချေ။ သို့ဆို လျှင် မုစ်လင်မ်များအား အမြဲဒုက္ခပေးစေ၍ ကောက်ကျစ်သောလျှို့ဝှက်မကောင်းကြံစည်မှုများ လုပ်ဆောင်ရန် အခွင့်အလမ်း ရရှိသွားပေမည်။

ဤအာယသ်တွင် حَتّٰى يُثْخِنَ فِي الْاَرْضِ "မည်သည့်နဗီတမန်တော်မဆို ကမ္ဘာမြေပြင်ဝယ် (ကောင်းစွာ) တိုက်ခိုက် သတ်ဖြတ် အောင်မြင်မှုမပြုသေးသမျှ ကာလပတ်လုံး" ဟူသော စကားလုံးများ သုံးနှုန်းထားသည်။ اثخان (အိသ်ခါးန်)ဟူသောစကားလုံးသည် အဘိဓာန်အရ တစ်စုံတစ်ဦး၏ စွမ်းအားကို အပြီးအပြတ်ချေမှုန်းရန်ဟု အဓိပ္ပာယ် သက်ရောက်သည်။ فِي الْاَرْضِ (ဖိလ်အရ်သွေ့ - ကမ္ဘာမြေပြင်ဝယ်)ဟူသော စကားလုံးကပ်ပါလာသည်မှာ လုံးဝဥသုံး ချေမှုန်းခြင်းမှာ လုံးဝဥသုံးဖျက်ဆီးခြင်းအား ပို၍လေးနက်စေသည်။

ဖစ်ဒ်ရာ (လွှတ်ရန်ငွေပေးခြင်း) ဖြင့် လွှတ်စေရန် ထောက်ခံခဲ့သော ဆွဟာဗဟ်သာဝကကြီးများ အတွက်မှာမူ ဘာသာရေးသက်သက်အတွက်ဖြစ်ကြောင်းမှာ သံသယဖြစ်ဖွယ်မရှိချေ။ သို့ပန်းများလွှတ်လိုက်ကာ လွတ်သည်နှင့် တစ်ပြိုင်နက် ၎င်းတို့သည် အစွမ်းသတ္တိသို့ ဝင်ရောက်နိုင်သည်ဟု ၎င်းတို့က မျှော်လင့်သည်။ သို့ရာတွင် ယင်းနှင့်အတူ သုံ့ရပစ္စည်းများကို ၎င်းတို့ပုဂ္ဂိုလ်ရေးအကျိုးအမြတ်အတွက် ရယူနိုင်လိမ့်မည်ဟူသော စေ့ဆော်ချက် လည်း တစ်စိတ်တစ်ပိုင်းပါဝင်လိမ့်မည်။ သို့သော်လည်း ထိုအချိန်ထိတိုင် မုစ်လင်မ်များအတွက် သုံ့ရပစ္စည်းများကို တရားဝင်ဖြစ်သည့် ဆုံးဖြတ်ချက် ဝဟီအမိန့် မကျရောက်သေးချေ။ ထို့ကြောင့် တမန်တော်မြတ် ﷺ သခင်၏ လေ့ကျင့်မှုနှင့် သင်ကြားမှုနှင့် ညွှန်ကြားမှုခံယူရသည့် အမျိုးသားနှင့် အမျိုးသမီးများအတွက် ယင်းအဆင့်အတန်းသည် ကောင်းကင်စေတမန်များထက် မြင့်မားသည်ဟူသော အယူအဆအရ ရုပ်ပိုင်းဆိုင်ရာပစ္စည်းများရရန် စုဆောင်းမှုတွင် အနည်းမျှယိမ်းယိုင်ရုံမျှဖြင့် ယင်းလုပ်သည် အမိန့်ဖီဆန်ခြင်း၏ အမျိုးအစားတစ်ရပ်အဖြစ် မှတ်ယူရမည်။ ထို့ကြောင့် ပြောစရာမလိုသည်မှာ ခွင့်ပြုခွင့်မပြု နှစ်ရပ်လုံးပေါင်းရုံးထားသည့် ကိစ္စတစ်ခုတွင် ခွင့်မပြုဟူသော ကောက်ချက် ချရပေမည်။ ထို့ကြောင့် ဆွဟာဗဟ်ကြီးများ၏ ထိုကဲ့သို့သောလုပ်ရပ်ကို မနှစ်မြို့စွာဖြင့် تُرِيْدُوْنَ عَرَضَ الدُّنْيَا ۖ وَ اللّٰهُ يُرِيْدُ الْاٰخِرَةَ ۗ وَ اللّٰهُ عَزِيْزٌ حَكِيْمٌ "သို့ရာတွင် အသင်တို့သည် ပစ္စုပ္ပန် လောကီပစ္စည်းကို အလိုရှိကြသည်။ အလ္လာဟ် အရှင်မြတ်သည် (အသင်တို့ အဖို့) နောင်မလွန်ဘဝ(၏ စည်းစိမ်ရိပ်ငြိမ်) ကို လိုလားတော်မူ၏။(၆၇)"ဟု မိန့်ထားသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အာခိရသ်တမလွန်အတွက်သာ ရှာဖွေစေလိုသည်။ မနှစ်မြို့ဖွယ် အကြောင်းဖြစ်စေသည့် ၎င်းတို့၏သီးသန့်လုပ်ရပ်တစ်ခုအကြောင်းကို ပြစ်တင်မောင်းမဲ ဖော်ပြထားမှုအဖြစ်

ဤနေရာ၌ ဖော်ပြထားသည်။ အခြားအကြောင်းဖြစ်သည့် လွှတ်လိုက်သောသုံ့ပန်းများသည် မုစ်လင်မ် ဖြစ်နိုင်သည်ဟူသော အကြောင်းကိုကား ဖော်ပြမထားပါ။

ဖြောင့်မတ်မှန်ကန်၍ ဖြူစင်ရိုးသားကာ မြင့်မြတ်သောဆွဟာဗဟ်ကြီးများတွင် အီမာန်ယုံကြည်ချက် အချို့နှင့် ပုဂ္ဂိုလ်ရေးအကျိုးအမြတ်အချို့ ရောထွေးသွားစေနိုင်သော ရှုပ်ထွေးသည့် ရည်စူးချက်များ ရှိနေခြင်းကို အနည်းငယ်မျှ လက်မခံနိုင်ချေ။ ဤနေရာ၌ မှတ်သားထိုက်သည့်အချက်မှာ ဤအာယသ်ထဲတွင် ပြစ်တင်ဖောင်းမဲထားခြင်းနှင့် သတိပေးခြင်းသည် မြင့်မြတ်သောဆွဟာဗဟ်သာဝကကြီးများကို ဦးတည်ပြောကြားထားသည်။ တမန်တော်မြတ် s သခင်သည်လည်း ၎င်းတို့၏ အကြံပြုချက်ကို လက်ခံလိုက်ခြင်းအားဖြင့် တစ်နည်းတစ်ဖုံ ၎င်းတို့နှင့်အတူ ဖြစ်သွားသည်။ သို့သော်လည်း တမန်တော်မြတ် s ၏ဤလုပ်ရပ်သည် စကြဝဠာတစ်ခုလုံးအတွက် ကိုယ်တော်၏သနားကြင်နာတော်ဖြစ်ကြောင်း ပြသရန်သက်သက်မျှသာ ဖြစ်သည်။ ထို့ကြောင့် ဆွဟာဗဟ်များ၏ ကွဲပြားသောထင်မြင် ယူဆချက်နောက်တွင် သုံ့ပန်းများအတွက် ကျက်သရေနှင့် သက်သာမည့်လမ်း ရွေးချယ်ခြင်းဖြစ်သည်။

အာယသ်တော်အဆုံးတွင် وَ اللّٰهُ عَزِيْزٌ حَكِيْمٌ "စင်စစ်အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသော အရှင်၊ နက်နဲသိမ်မွေ့ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ (၆၇)" ဟူ၍ မိန့်ကြားခြင်းက ထောက်ပြသည်မှာ အလ္လာဟ်အရှင်မြတ်သည် အလုံးစုံသော အင်အားနှင့် အသိဉာဏ်၏ အရင်းအမြစ် ဖြစ်သောကြောင့် အကယ်၍ ၎င်းတို့အဆောတလျင် မလုပ်ဆောင်ခဲ့ကြလျှင် အရှင်မြတ်၏ အဆုံးအစ မရှိသော ဂုဏ်ကျက်သရေနှင့် ၎င်းတို့အတွက် ဥစ္စာဓနနှင့် ပိုင်ဆိုင်ပစ္စည်းများအပြင် အနာဂတ်တွင် အောင်မြင်မှုများ ပေးသနားတော်မူလိမ့်မည်။

ဒုတိယအာယသ် (၆၈)ထဲတွင်လည်း ဤပြစ်တင်ဖောင်းမဲမှု၏ နောက်ဆက်တွဲအနေဖြင့် မိန့်ထားသည်မှာ အကယ်၍ အတည်ပြုပြီးဖြစ်သော အလ္လာဟ်အရှင်မြတ်၏ အမိန့်ကြောင့်မဟုတ်လျှင် အသင်တို့ ရွေးချယ်ခဲ့သော သုံ့ပန်းတို့အား ဖစ်ဒ်ရာ (လွှတ်ရန်ငွေပေးခြင်း) ဖြင့် လွှတ်ပေးခြင်းအတွက် အသင်တို့သည် ကြီးလေးသည့်ပြစ်ဒဏ်ခတ်မှု ခံရနိုင်သည်။

ဤအမိန့်တော်ကား မည်သည်နည်း။ ယင်း၏ဆိုလိုရင်းကား အဘယ်နည်း။ သိရိမိဇီကျမ်းတွင် တင်ပြထားခဲ့သော စိုက်ယိဒီနာအဗူဟုရိုင်ရဟ် d မှ ဆင့်ပြန်ချက်တစ်ရပ်အရ တမန်တော်မြတ် s မိန့်ကြားခဲ့သည်မှာ "သုံ့ရပစ္စည်းသည် အသင်တို့အလျင်ရခဲ့ကြသော မည်သည့်အုပ္မသ်ထုတွင်မှ တရားမဝင်ခဲ့ကြပါ" ဗဒ်ရိစစ်ပွဲဖြစ်ပွားစဉ်တွင် မုစ်လင်မ်များ သုံ့ရပစ္စည်းများ လိုက်လံ၍စုဆောင်းကောက်ယူပြီးသည်အထိ ထိုသုံ့ရပစ္စည်းများသည် တရားဝင်အဖြစ် မပြုလုပ်ရသေးပါ။ယင်းနောက်မှဤအာယသ်တော်ကျရောက်ခဲ့သည်။သုံ့ရပစ္စည်းများ၎င်းတို့အတွက်တရားဝင်ဖြစ်သည်ဟူသော အမိန့်မကျရောက်မီအလျင် မုစ်လင်မ်များ၏ ဤလုပ်ရပ်မှာ အပြစ်ဂုနာဟ်ဖြစ်၍ ချက်ချင်းပြစ်ဒဏ်ထိုက်စေသည်ဟု အလေးအနက် ပြုထားသည်။ သို့သော်လည်း ဤအုပ္မသ်ထုအတွက် သုံ့ရပစ္စည်းများ တရားဝင်ပြုထားခြင်းဟူသည့် အလ္လာဟ် အမိန့်သည် လောင်ဝ်ဟေမာဖူဇ် (Preserved Tablet) တွင် ရေးသားပြီးဖြစ်သောကြောင့် ဤမှားယွင်းသော လုပ်ရပ်အတွက် မုစ်လင်မ်များပေါ် ပြစ်ဒဏ်မကျရောက်ခဲ့ပါ။ (မဇာဟရီ)

ဟဒီးဆ်ဆင့်ပြန်ချက်များတွင် ဖော်ပြထားသည်မှာ ဤအာယသ်တော်ကျရောက်ပြီးနောက် တမန်တော်မြတ် s မိန့်တော်မူသည်မှာ "အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုသည် အသင်တို့အပေါ် ကျရောက်လုနီးနီးဖြစ်ခဲ့ကာ

အလ္လာဟ်အရှင်မြတ်ရဲ့ ဂုဏ်ကျက်သရေတော်နှင့် ပြစ်ဒဏ်ခတ်မှုကို ရုပ်သိမ်းခဲ့ပါသည်။ အကယ်၍ ဤပြစ်ဒဏ်ခတ်မှု သာကျရောက်ခဲ့လျှင် အွမ္မရ်အိပ်နိအလ်ခတ်သွားပ်နှင့် စအာဒ်အိပ်နိ မုဟာဒ် တို့မှအပ မည်သူတစ်ဦးတစ်ယောက်မျှ လွှတ်လိမ့်မည်မဟုတ်ချေ" ဟူ၍ဖြစ်သည်။ ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ အလ္လာဟ်အရှင်မြတ်၏ ပြစ်တင်မောင်းမဲမှုအကြောင်းရင်းကား သုံ့ပန်များကို ဖစ်ဒ်ရာ(လွှတ်ရန်ငွေပေးခြင်း)ဖြင့် လွှတ်ပေးခြင်းကြောင့်ဖြစ်သည်။ ထို့နောက် အစောပိုင်းဖော်ပြခဲ့သည့် သိရ်မိဇီကျမ်း ပါဆင့်ပြန်ချက်အရ အကြောင်းမှာသုံ့ရပစ္စည်းများ စုဆောင်းကောက်ယူသိမ်းဆည်းခြင်း လုပ်ရပ်ကြောင့်ဖြစ်ဟန်တူသည်ဟု ဖော်ပြထားသည်။ သို့သော်လည်း ယင်းကိစ္စနှစ်ရပ်တွင် တစ်ခုနှင့်တစ်ခုဆန့်ကျင်မှု မရှိချေ။ သုံ့ပန်များထံမှ ဖစ်ဒ်ရာ (ရွေးရန်ငွေပေးခြင်း) ဖြင့် လွှတ်ကြေးယူခြင်းသည်လည်း သုံ့ရပစ္စည်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပေသည်။

**ဥပဒေသ - (၁)** လက်ရှိဆွေးနွေးနေသည့် အာယသ်ထဲတွင် စစ်သုံ့ပန်းတို့ကိုဖစ်ဒ်ရာ (ရွေးရန်ငွေပေးခြင်း)ဖြင့် လွှတ်ခြင်း (သို့မဟုတ်) သုံ့ရပစ္စည်းများကို စုဆောင်းကောက်ယူခြင်းတို့အား ပြစ်တင်မောင်းမဲခြင်း၊ အလ္လာဟ် အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုနှင့်ပတ်သက်၍ သတိပေးခြင်း၊ ထို့နောက် ခွင့်လွှတ်မှုကျရောက်ခြင်းတို့ပါဝင်သည်။ သို့သော်လည်း မုစ်လင်မ်များသည် အနာဂတ်၌ မည်သည့်နည်းဖြင့်လုပ်ရမည် ဟူသည်တို့နှင့်ပတ်သက်၍ကား ရှင်းရှင်းလင်းလင်း မရှိသေးပါ။ ထို့ကြောင့် နောက်အာယသ် (၆၉) ထဲတွင် သုံ့ရပစ္စည်းများနှင့်ပတ်သက်သော ကိစ္စရပ်အတွက် **فَكُلُوا۟ مِمَّا غَنِمْتُمْ** "ယခုမူ အသင်တို့သည် (ငင်းတို့ထံမှ လက်ရပစ္စည်းအဖြစ်) မိမိတို့ရယူခဲ့ကြသည်များကို တရားဝင်သော သန့်စင်သော ပစ္စည်းများအဖြစ် စားသုံးကြလေကုန်" ဟူ၍ ရှင်းလင်းပြတ်သားစွာ ဖော်ပြထားသည်။ ဆိုလိုသည်မှာ ယင်းတို့ကို အနာဂတ်တွင် အသင်တို့အတွက် တရားဝင်ပြုလုပ်ထားခဲ့ပြီး ဖြစ်သည်ဟူ၍ဖြစ်သည်။ သို့ရာတွင် သုံ့ရပစ္စည်းများ စုဆောင်းကောက်ယူ၍ လက်ဝယ်ရရှိသည်တို့တွင် မနှစ်မြို့ဖွယ်အချို့ ရှိနိုင်သည်ဟူသော သံသယရှိနိုင်ပါသည်။ ထို့ကြောင့် ထိုအဓိန့်နောက်တွင်ကပ်လျက် **حَلَٰلًا طَيِّبًا** "(တရားဝင်သော သန့်စင်သော ၆၉)ဟု ပါလာခြင်းက ဤသံသယကို ပယ်ရှားစေသည်။ အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်မှု ဝဟီမကျရောက်မီအလျင်က သုံ့ရပစ္စည်းများကို သိမ်းဆည်းခြင်း လုပ်ရပ်သည် မမှန်ကန်သော်လည်း သုံ့ရပစ္စည်းများ တရားဝင်ပြုလုပ်သည့်အဓိန့် ကျရောက်ခဲ့ပြီးနောက်တွင် ဝဟီ မကျရောက်မီအချိန်က ကောက်ယူစုဆောင်းသိမ်းဆည်းတားခဲ့ခြင်းသည် တရားဝင်ဖြစ်သည်ဆိုခြင်းတွင် စိုးစဉ်းမျှ စက်ဆုပ်ရွံ့ရှာဖွယ်နှင့် ပြစ်တင်မောင်းမဲခံရမှု (ခရာဟ်) မပါချေ။

**ဥပဒေသ - (၂)** ဤနေရာ၌သတိမူထိုက်၍ မှတ်သားထိုက်သည်မှာ အစွလာမ်ဓမ္မသတ် ဆိုင်ရာမူတစ်ရပ်ဖြစ်သည်။ ခွင့်မပြုသည့်လုပ်ရပ်အချို့ကို အမြဲတစေတည်ရှိသည့် အာယသ်တစ်ခုဖြင့် တရားဝင်အတည်ဖြစ်အောင် ပြုခဲ့လျှင်ယခင်က လုပ်ရပ်၏အကျိုးသက်ရောက်မှုမရှိတော့ချေ။ ဤနေရာ၌ဖြစ်ပျက်ခဲ့ကြသကဲ့သို့ ဥစ္စာပစ္စည်းများသည် သန့်စင်၍ တရားဝင်ဖြစ်သွားသည်။ သို့သော်လည်း အထက်ဖော်ပြပြီးခဲ့သည်ကို ပေါ်လွင်စေသော အဖြစ်အပျက်တစ်ရပ်ဖြစ်ပေါ်ခဲ့ပါသည်။ ကိစ္စတစ်ရပ်နှင့်ပတ်သက်၍ ဝဟီကျပြီးသော အမိန့်ပညတ် ချက်တစ်ရပ်ကို ကြည့်ကြစို့။ ဝဟီကျရောက်ပြီးသော ယင်းကိစ္စရပ်တွင် လုပ်ရပ်စတင်လုပ်ဆောင်သူတို့အပေါ် အကျိုးသက်ရောက်မှုမရှိဘဲ ၎င်းတို့သည် ယင်းပညတ်ချက်ကိုချိုးဖောက်ကြသည်။ နောင်တွင်မှ၎င်းတို့သည်သူတို့၏လုပ်ရပ်များကကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန့်သ်တော် အမိန့်ပညတ်ချက်များနှင့် ဆန့်ကျင်နေကြောင်း သိရှိခဲ့ရသည်။ ယင်းသို့သောအခြေအနေမျိုးတွင် အမိန့်ပညတ်ချက်ကျရောက်ပြီးနောက် ယခင်က အမှားကို ခွင့်လွှတ်သည့်တိုင် ထိုပစ္စည်းတို့သည် တရားမဝင်ချေ။ (နူရွလ် အန်ဝါရ်၊ မွလ္လာဂျီဝဟ်) သို့သော်လည်း လက်ရှိအာယသ်တော်ထဲ၌ သုံ့ရပစ္စည်းများကို တရားဝင်ဖြစ်၍ သန့်စင်သည်

ဖြစ်ကြောင်း ကြေညာခဲ့ ခြင်းနှင့်ပတ်သက်၍ သံသယမရှိပါ။ သို့သော်အာယသ်တော်အဆုံး၌ وَّاتَّقُوا اللّٰهَ ؕ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ "ငင်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား သာ ကြောက်ရွံ့ကြလေကုန်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာခွင့်လွှတ်တော်မူသောအရှင်၊ အလွန်တရာသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူလေသတည်း (၆၉)"ဟူသော ကန့်သတ်ချက်ပြဋ္ဌာန်းခဲ့သည်။ ဤနေရာ၌ သုံးရပစ္စည်းများ တရားဝင်ပြုလုပ်ခဲ့သော်လည်း ယင်း၏ တရားဝင်မှုသည် သီးသန့်ဥပဒေတစ်ရပ်အောက်တွင် ဖြစ်နေရမည်ဟု အညွှန်းပေးထားသည်။ ထိုအမိန့်ကို ဆန့်ကျင် ကောက်ယူခြင်း(သို့မဟုတ်) ရသင့်သည်ထက်ပိုယူခြင်းကိုလည်း ခွင့်မပြုချေ။

ဤနေရာ၌ မေးရမည့်အကြောင်း နှစ်ရပ်မှာ (၁)သုံလက်ရပစ္စည်းများ (၂)သုံပန်းပစ္စည်းများကို ဖစ်ဒရာ (ရွေးယူရန် ငွေပေးခြင်း) ဖြင့် လွှတ်လိုက်ခြင်း ဖြစ် သည်။ ပထမပြဿနာမှာ လက်ရှိအာယသ်တော်၌ ရှင်းလင်းပြတ်သားစွာ ဖြေရှင်းပြီးဖြစ်သည်။ သို့ရာတွင် အခြားတစ်ခုမှာမူ ရှင်းရန်ကျန်သေးသည်။ ယင်းနှင့်ပတ်သက်၍ စူရဟ်မုဟမ္မဒ်ပါ အောက်ဖော်ပြပါအာယသ် ကျရောက်ခဲ့သည်။

فَاِذَا لَقِيْتُمُ الَّذِيْنَ كَفَرُوْا فَضَرْبَ الرِّقَابِ ؕ حَتّٰۤى اِذَاۤ اَثْخَنْتُمُوْهُمْ فَشُدُّوا الْوَثَاقَ ۫ فَاِمَّا مَنًّا ۢ بَعْدُ وَ اِمَّا فِدَآءً حَتّٰى تَضَعَ الْحَرْبُ اَوْزَارَهَا

"ယခုသော် အသင်တို့သည် "ကာဖိရ်" သွေဖည်ငြင်းပယ်သူတို့နှင့် ရင်ဆိုင် တွေ့ကြသောအခါ လည်ကုပ်များကို ခုတ်ဖြတ်ကြလေကုန်။ နောက်ဆုံးတွင် အသင်တို့သည် ၎င်း တို့အား ကောင်းစွာသတ်ဖြတ်ခဲ့ကြပြီးသောအခါ သုံပန်းများကို ကြိုးဖြင့်ကောင်းစွာ တုပ်နှောင်ကြလေကုန်။ ထို့နောက် တစ်ဖန် (အသင်တို့သည်) ကျေးဇူးပြုခြင်းအားဖြင့် (လျော်ကြေးမယူဘဲ ပြန်လွှတ်ခြင်းကို) သော်လည်းကောင်း၊ လျော်ကြေးယူ၍(ပြန်လွှတ်) ခြင်းကိုလည်းကောင်း (ပြုနိုင်ခွင့်ရှိ၏)။ စစ်မက်တိုက်ခိုက်မှုသည် လက်နက်ချသည့် တိုင်အောင် (၎င်းတို့နှင့်ပတ်သက်၍ အမိန့် တော်သည်) ဤအတိုင်းဖြစ်၏။ (၄၇ : ၄)

စိုက်ယိဒိနာအဗ္ဒုလ္လာဟ်အိဗ်နိ အဗ္ဒူးစ် d ကပြောသည်မှာ ဗဒ်ရ်စစ်ပွဲတွင် သုံပန်းများကို ဖစ်ဒရာ (ရွေးရန် ငွေယူခြင်း)ပေးစေ၍ လွှတ်ပစ်လိုက်ခြင်းကြောင့် အလ္လာဟ်အရှင်မြတ်၏ ပြစ်တင်မောင်းမဲမှု ကျရောက်စေသည်။ ဤသည်မှာ အစွလာမ်သာသနာ၏ ပထမဆုံးသော ဂျိဟာဒ်စစ်ပွဲဖြစ်သည်။ ထိုအချိန်မှာ မယုံကြည်သွေဖည် ငြင်းပယ်သူများ၏ အင်အားနှင့်သြဇာအာဏာ မပြိုကွဲသေးသောအချိန်အခါဖြစ်သည်။ ကံအားလျော်စွာ ၎င်းတို့သည် ဒုက္ခနှင့် ရင်ဆိုင်တွေ့ခဲ့ရပါသည်။ နောက်ဆုံးတွင် အစွလာမ်သာသနာနှင့် မုစ်လင်မ်များသည် အထွတ်အထိပ်ရောက်ရှိပြီး နောက်တွင် အလ္လာဟ်အရှင်မြတ်သည် အစောပိုင်းကအမိန့်ပညတ်ချက်များကို ပယ်ဖျက်ရုပ်သိမ်းကာ အထက်တွင် ကိုးကားခဲ့သော စူရဟ်မုဟမ္မဒ်၏ အာယသ်တော်ကျရောက်ခဲ့သည်။ ယင်းအာယသ်ထဲတွင် တမန်တော်မြတ် s နှင့် မုစ်လင်မ်များ စစ်သုံပန်းနှင့်ပတ်သက်သော ရွေးချယ်မှု လေးရပ်ပေးထားခဲ့သည်။ ယင်းနည်းလမ်းလေးသွယ်ကား

ان شاء واقتلوهم وان شاء واستعبدوهم وان شاء وافادوهم وان شاء واعتقوهم

"အကယ်၍ မုစ်လင်မ်များဆန္ဒရှိလျှင် သုံပန်းအားလုံးကို သတ်ဖြတ်နိုင်သည်။ သို့မဟုတ်ပါက ၎င်းတို့ဆန္ဒ ရှိခဲ့လျှင် သုံပန်းများကို ကျေးကျွန်ပြုလုပ်နိုင်သည်။ သို့မဟုတ်ပါက ၎င်းတို့ဆန္ဒရှိလျှင်

သုံ့ပန်းများကို အခကြေးငွေယူ၍ လွှတ်ပေးနိုင်သည်။ သို့မဟုတ်ပါက ၎င်းတို့ဆန္ဒရှိခဲ့လျှင် မည်သည့် အခကြေးငွေမှ မယူဘဲလွှတ်ပစ်နိုင်သည်။"(မဇာဟရီ)

အထက်ဖော်ပြပါနည်းလမ်း (၄)ရပ်အနက် ပထမနှစ်မျိုးနှင့်ပတ်သက်၍ မုစ်လင်မ်များ၏အမြဲရှိတွင် သုံ့ပန်းများကို သတ်ဖြတ်ခြင်းနှင့် ကျေးကျွန်ပြုလုပ်ခြင်းဟူသော အခွင့်အရေးနှစ်ရပ်ရှိသည်ဆိုခြင်းကို မုစ်လင်မ်အုမ္မသ်ထု တစ်ရပ်လုံး အညီအညွတ်ဖြစ်ပေသည်။ သို့သော်လည်း သုံ့ပန်းများကို ကျော်ကြေးယူ၍လွှတ်ခြင်းနှင့် ကျော်ကြေးမယူဘဲ လွှတ်ခြင်းနှင့်ပတ်သက်၍မူ မုစ်လင်မ်ဓမ္မသတ် ပညာရှင်များကြားတွင် အကွဲအလွဲတစ်ရပ်ရှိသည်။

အီမာမ်မာလိက်၊ ရှာဖီအီ၊ အဟ်မဒ်အိဗ်နိဟမ်ဗလ်၊ ဓောင်ရီ၊ အစ္စဟားက်နှင့် သာဗိအီန်များအနက်မှ ဟစန် အလ်ဗစ္ဓရီနှင့် "အသွာ" တို့၏ရပ်တည်ချက်မှာ မုစ်လင်မ်များ၏ အမြဲရ်အတွက်ဤပုံစံနှစ်မျိုးစလုံး ခွင့်ပြုသည်။ ထိုအမြဲရ်သည် သုံ့ပန်းကိုအခကြေးငွေယူ၍ လွှတ်နိုင်ခွင့် သို့မဟုတ် အခကြေးငွေမယူဘဲ လွှတ်နိုင်ခွင့် သို့မဟုတ် ၎င်းသုံ့ပန်းနှင့် မုစ်လင်မ်စစ်သုံ့ပန်းတို့ကို အလဲအလှယ်လုပ်ခွင့်ရှိသည်။

သို့သော်လည်း အီမာမ်အဗူဟနီဖာဟ်၊ အဗူယူစုဖ်၊ မုဟမ္မဒ်အောင်ဇာအီ၊ ကသာဒဟ်၊ ဒါဟ်ဟတ်က်၊ စွတ်ဒီနှင့် အိဗ်နိဂျုရိုက်ဂျ်တို့ကပြောသည်မှာ အခကြေးငွေမယူဘဲ အခမဲ့လွှတ်ပေးခြင်း ခွင့်မပြုနိုင်ဟူ၍ဖြစ်သည်။ အီမာမ် အဗူဟာနီဖာဟ်၏ ကျော်ကြားသည့်ဝါဒအရ အခကြေးငွေနှင့်လွှတ်ခြင်းကိုပင် ခွင့်မပြုချေ။ အလ်စီယရ်၊ အလ်ခဒီးရ်၏ တင်ပြချက်တစ်ရပ်တွင် ဖော်ပြထားသည်မှာ အကယ်၍မုစ်လင်မ်များတွင် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့လိုအပ်ခဲ့လျှင် စစ်သုံ့ပန်းများကို အခကြေးငွေယူ၍ လွှတ်ပစ်နိုင်သည်။ သို့သော်လည်း အီမာမ်အဗူဟနီဖဟ်နှင့် ဓမ္မသတ်ပညာရှင်များဖြစ်ကြသော အီမာမ်အဗူယူစုဖ်နှင့် မုဟမ္မဒ်တို့က မုစ်လင်မ်စစ်သုံ့ပန်းနှင့် အလဲအလှယ်လုပ်ရန် ၎င်းတို့အား လွှတ်ပစ်ခြင်းအား ခွင့်ပြုသည်ဟုဆိုကြသည်။ (ဓမ္မသတ်ပညာရှင်နှစ်ဦး၏တင်ပြချက်အရ - မဇာဟရီ)

စိုက်ယိဒိနာအိဗ်နိအဗ္ဒားစ် [d] က ပြောသည်မှာ အခကြေးငွေဖြင့်ဖြစ်စေ၊ အခကြေးငွေမယူဘဲ ဖြစ်စေ၊ စစ်သုံ့ပန်းများ လွှတ်ပေးခြင်းခွင့်ပြုသူတို့က စူရတ်မုဟမ္မဒ် အာယသ်တော်သည် စူရတ်အလ် အန်ဖာလ်၏အာယသ်ကို ပယ်ဖျက် ရုပ်သိမ်း(မာန်စူးခ်)ဖြစ်သည်ဟူ၍ မှတ်ယူကြသည်။ ဟန်နဖီဓမ္မသတ်ပညာရှင်များအဆိုအရ စူရတ်မုဟမ္မဒ်၏ အာယသ်သည် (မာန်စူးခ်) ပယ်ဖျက်ပြီးဖြစ်ကာ စူရတ်အလ်အန်ဖာလ်ပါ **فَشَرِّدْ بِهِم مَّنْ خَلْفَهُمْ** "ၔင်းတို့အပြင် ရှိကြလေကုန်သော (ရန်သူ)တို့အား ဖရိဖရဲကစဉ့်ကလျားဖြစ်အောင် ပြုပါလေ။ သို့မှသာလျှင် ၔင်းသူတို့နောင်ကြဉ်ကြလတ္တံ့ (၅၇)" ဟူ သော အာယသ်နှင့် စူရတ်သောင်ဗဟ်ပါ **أُقْتُلُوا الْمُشْرِكِينَ حَيْثُ وَجَدْتُّمُوهُمْ** "အသင်တို့သည် (ပဋိညာဉ်ကိုချိုးဖောက်ခဲ့ကြသော)"မုရှ်ရိစ်က်"တို့အားအသင်တို့တွေ့လေရာနေရာများတွင် (သတ်ဖြတ်ကြလေကုန်)။ (၉း၅)"ပါ အာယသ်တော်တို့သည်သာ စူရတ် မုဟမ္မဒ်၏အာယသ်ကို ပယ်ဖျက်ရုပ်သိမ်းသောအရာ (နာစိခ်) ဖြစ်ကြသည်။ ထို့ကြောင့်၎င်းတို့အဆိုအရ စစ်သုံ့ပန်း များကို အခကြေးငွေယူ၍ဖြစ်စေ။ အခကြေးငွေမယူဘဲဖြစ်စေ လွှတ်ပစ်ခြင်း ခွင့်မပြုချေ။ (မဇာဟရီ)

သို့သော်လည်း စူရတ်အလ်အန်ဖာလ်နှင့် စူရတ်မုဟမ္မဒ်တို့၏ အာယသ်များပါစကားလုံးများကို ဂရုတစိုက် စဉ်းစားတွေးတောကြည့်မည်ဆိုလျှင် ၎င်းတို့တစ်ခုနှင့်တစ်ခုတွင် မည်သည်က ပယ်ဖျက်ရုပ်သိမ်းသည်၊ မည်သည့်အရာ ပယ်ဖျက်ရုပ်သိမ်းခံရသည်ဟူသော တင်ပြချက်များ မရှိချေ။ စင်စစ် ယင်းတို့သည် မတူညီသော အခြေအနေနှစ်ရပ်အတွက် အမိန့်ပညတ်ချက် နှစ်ရပ်သာဖြစ်သည်။

မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ အင်အားကိုဖျက်ဆီးစေခြင်း (اثخان فى الارض)ဆိုသော အချက်အချာကျသည့် အဓိန့်ပညတ်ချက်ကို စူရဟ်အလ်အန်ဖာလ်ထဲတွင် ဖော်ပြခဲ့ကာ စစ်သုံ့ပန်းများကို အခကြေးငွေယူ၍ဖြစ်စေ ငွေကြေး မယူဘဲဖြစ်စေ လွှတ်ပစ်ခြင်း (من وفدا ဟူသောပုံစံဖြင့်) ကို စူရဟ်မုဟမ္မဒ်တွင် ဖော်ပြထားကြောင်း၊ ကျွန်ုပ်တို့ တွေ့မြင်နိုင်ပါသည်။ သို့သော်လည်း "အစ်သ်ခါရ် ဖိလ်အရဒွေ့" ဟူသော အဓိကကျ၍ အရေးပါသော ရည်ရွယ်ချက်ကို စူရဟ် အလ်အန်ဖာလ်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်ယင်းကဆိုသည်မှာ မယုံကြည် သွေဖည်ငြင်းပယ်သူများ၏ အင်အား အဆောက်အအုံကို ကောင်းစွာ တိုက်ခိုက်သတ်ဖြတ် အောင်မြင်မှုဖြင့် ဖြိုဖျက်ပြီးပါက မုစ်လင်မ်များတွင် သုံ့ပန်းတို့ကို အခကြေး ငွေဖြစ်စေ၊ အခကြေးငွေမယူဘဲဖြစ်စေ လွှတ်ပေးခွင့်ရှိသည်။

အီမာမ်အဗူအနီဖာဟ်နှင့် အလ်စီယာရ်အလ်ခဒီးရ်ကျမ်း၏ တင်ပြချက်သည် မုစ်လင်မ်များ ရင်ဆိုင်နေသော အခြေအနေအရ ယင်းအဓိန့်ပညတ်ချက်နှစ်မျိုးစလုံးကို အသုံးချနိုင်သည်ဟု ရည်စူးဟန်ရှိသည်။ [1]

وَاللّٰهُ سُبْحَانَهٗ وَتَعَالٰى اَعْلَمُ

## အာယသ် (၇၀ - ၇၁)

يٰۤاَيُّهَا النَّبِيُّ قُلْ لِّمَنْ فِيْۤ اَيْدِيْكُمْ مِّنَ الْاَسْرٰۤى ۙ اِنْ يَّعْلَمِ اللّٰهُ فِيْ قُلُوْبِكُمْ خَيْرًا يُّؤْتِكُمْ خَيْرًا مِّمَّاۤ اُخِذَ مِنْكُمْ وَ يَغْفِرْ لَكُمْ ؕ وَ اللّٰهُ غَفُوْرٌ رَّحِيْمٌ ﴿۷۰﴾ وَ اِنْ يُّرِيْدُوْا خِيَانَتَكَ فَقَدْ خَانُوا اللّٰهَ مِنْ قَبْلُ فَاَمْكَنَ مِنْهُمْ ؕ وَ اللّٰهُ عَلِيْمٌ حَكِيْمٌ ﴿۷۱﴾

**အို-နဗီတမန်တော် အသင်သည် မိမိတို့လက်တွင်း၌ ရှိကုန်သော လက်ရ ဖမ်းဆီးမိသည့် သုံ့ပန်းများကို (ဤသို့) ပြောကြားပါလေ။ "အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏စိတ်နှလုံးများတွင် တစ်စုံတစ်ရာကောင်းခြင်းကို အကယ်၍ သိရှိတော်မူပါလျှင် ထို အရှင်မြတ်သည် (ယခု) အသင်တို့ထံမှ ယူခဲ့ပြီးဖြစ်သော (လျော်ကြေး) ပစ္စည်းထက် သာလွန်မြင့်မြတ်သောအရာကို အသင်တို့အား ချီးမြှင့်ပေးသနားတော်မူအံ့။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့အား (အပြစ်များမှ) ချမ်းသာခွင့်လည်း ပေးသနားတော်မူအံ့။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသောအရှင် ဖြစ်တော်မူသည်။ (၈ း ၇၀)**

**သို့ရာတွင် ၎င်းတို့သည် အကယ်၍ အသင့်အား သစ္စာဖောက်ရန် ရည်စူးကြပါလျှင် ဇကာန်စင်စစ် ၎င်းတို့သည် ယခင်က အလ္လာဟ်အရှင်မြတ်ကိုပင် သစ္စာဖောက်ခဲ့ကြချေပြီ။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် (အသင့်အား) ၎င်းတို့အား ဖမ်းဆီးနိုင်စေတော်မူခဲ့လေ**

[1] စစ်သုံ့ပန်းများနှင့်ပတ်သက်၍ ပိုမိုအသေးစိတ်များကို စူရဟ်မုဟမ္မဒ်၏ အာယသ်အကျယ်ဖွင့်ဆိုချက်တွင် အင်နှရာအလ္လာဟ် ဖော်ပြပါမည်။ (အယ်ဒီတာ)

**သည်။ စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ နက်နဲသိမ်မွေ့သော ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ (၈ : ၇၁)**

## အကျယ်ဖွင့်ဆိုခြင်း

ဗဒ်ရ်စစ်ပွဲတွင် ဖမ်းမိခဲ့သော စစ်သုံ့ပန်းများကို အခကြေးငွေယူ၍ လွှတ်ပစ်ခဲ့ပါသည်။ ဤ စစ်သုံ့ပန်း တို့သည် အစွလာမ်နှင့်မုစ်လင်မ်တို့၏ ခါးသီးသောရန်သူများဖြစ်ကြကာ မည်သည့်နေရာ၊ မည်သည့်အချိန်အခါမဆို မုစ်လင်မ်များကို စိတ်အနှောင့်အယှက်ပေးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရိုက်နှက်ခြင်းနှင့် သတ်ဖြတ်ရန်ဆိုလျှင် လက်စတုံး လုပ်ကြသောသူများဖြစ်ကြသည်။ အနည်းငယ်မျှအခွင့်အရေးရလျှင်ပင် မုစ်လင်မ်များပေါ် ရက်စက် ကြမ်း ကြုတ်စွာပြုသည့် သူများဖြစ်သည်။ ယခုအခါ ထိုသူများသည် မုစ်လင်မ်များလက်ဝယ်၌ စစ်သုံ့ပန်းများဖြစ်နေကြကာ ၎င်းတို့ အသက်တစ်ချောင်းကိုပင်လျှင် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းသည် ထူးခြားသောလုပ်ရပ်ဖြစ်သည်။ နံချာသောလုပ်ရပ် မဟုတ်ချေ။ စစ်စစ် ဤသည်မှာ ၎င်းတို့အတွက် လိုသည်ထက်ပိုကာ ကြင်နာသနားခြင်းဘောင်ပင် ကျော်လွန်သွားပါသည်။ ၎င်းတို့ထံမှ ယူခဲ့သည့် (ရွေးယူရသောအခကြေးငွေ) ဖစ်ဒ်ရာကား မဖြစ်စလောက်သာဖြစ်သည်။

အလ္လာဟ်အရှင်မြတ်၏ ကြင်နာသနားမှုကား မုချဇကန် ကြီးမားတော်မူပေသည်။ ၎င်းတို့၏ လွတ်ငြိမ်းချမ်းသာခွင့်အတွက် ပေးရသောမဖြစ်စလောက်ငွေနှင့် ၎င်းတို့၏ မသက်သာမှုကို မည်သို့ဖယ်ရှားလိုက်သည် ဆိုခြင်းကို စဉ်းစားဆင်ခြင်တွေးတောကြည့်ပါ။ အာယသ်တော် (၇၀)ထဲတွင် "အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏စိတ်နလုံးများတွင် တစ်စုံတစ်ရာကောင်းခြင်းကို အကယ်၍ သိရှိတော်မူပါလျှင် ထိုအရှင်မြတ်သည် (ယခု) အသင်တို့ထံမှ ယူခဲ့ပြီးဖြစ်သော (လျော်ကြေး)ပစ္စည်းထက် သာလွန်မြင့်မြတ်သောအရာကို အသင်တို့ အားချီးမြှင့်ပေးသနားတော်မူအံ့" ဟု မိန့်ကြားထား၍ ထပ်ဆင့်ကာ "ထိုအရှင်မြတ်သည် အသင်တို့အား (အပြစ်များမှ) ချမ်းသာခွင့်လည်း ပေးသနားတော်မူအံ့"ဟူ၍ မိန့်ထားသည်။ ဤနေရာ၌ သုံးနှုန်းထားသော **خير** (ခိုင်ရ - ကောင်းသော) ဟူသည့် စကားလုံးသည် "အီမာန်" (ယုံကြည်မှု)နှင့် အိခ်လားဆ်ွ (ဖြူစင်ရိုးသားမှု)ကို ဆိုလိုသည်။ အဆိုအမိန့်က ဆိုလိုသည်မှာ စစ်သုံ့ပန်းတို့သည် လွတ်ငြိမ်းခွင့်ရသည်နှင့် တစ်ပြိုင်နက် ရိုးသားဖြူစင်စွာဖြင့် အစွလာမ်သာသနာသို့ အီမာန်သက်ဝင်ယုံကြည်ခဲ့လျှင် ၎င်းတို့ လွတ်ငြိမ်းခွင့်အတွက် ပေးရသည်ထက် ပိုမိုများပြား၍ ပိုမိုကောင်းမွန်သောအရာများ ရရှိပေလိမ့်မည်။ ထို့ကြောင့် လွတ်လပ်၍ အမှီအခိုကင်းသော စစ်သုံ့ပန်းတို့အား လွတ်လပ်သောသူများအဖြစ် ၎င်းတို့၏ ဆုံးရှုံးမှုနှင့် အကျိုးအမြတ်ကို ဆင်ခြင်တွေးတောရန် ဖိတ်ခေါ်ခံခဲ့ရပါသည်။ အကျိုးဆက်အဖြစ် ထိုသူများအနက် အစွလာမ်ဘာသာသက်ဝင်ယုံကြည်ခဲ့ကြသူများအား အလ္လာဟ်အရှင်မြတ်က ဤလောကီကမ္ဘာတွင် ဥစ္စာပစ္စည်းနှင့် ပိုင်ဆိုင်မှုများတနှင့်တပိုး ဆုလာဘ်ပေးတော်မူခဲ့ကြောင်း အဖြစ်အပျက်များက သက်သေသာဓကဖြစ်ပေသည်။ ဖော်ပြရန်မလိုသည်ကား ၎င်းတို့အား ခွင့်လွှတ်မူခံခဲ့ရကာ နောင်တမလွန်ဘဝတွင် ဂျန္နသ်သုခဘုံ၏ မြင့်မားသောအဆင့်အတန်း ရရှိစေခြင်းဖြင့် ကောင်းချီးမင်္ဂလာ ပေးခံကြရပါသည်။

ဦကာရှင်အများစုက ပြောခဲ့ကြသည်မှာ ဤအာယသ်တော်သည် တမန်တော်မြတ်၏ ဦးရီးတော် စိုက်ယိဒနာအိဗ်နိအဗ္ဗာစ် d သခင်နှင့်ပတ်သက်၍ ကျရောက်ခဲ့ခြင်းဖြစ်ကြောင်းပြောကြသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည်လည်း ဗဒ်ရ်စစ်ပွဲတွင် စစ်သုံ့ပန်းများအနက်မှ တစ်ဦးဖြစ်၍ အခကြေးငွေပေးကာ လွတ်ခဲ့သူလည်းဖြစ်သည်။ ၎င်းက

ထူးခြားသည်မှာ သူသည် မက္ကာဟ်မှစွန့်ခွာ၍ ဗဒ်ရိစစ်ပွဲတွင်ပါဝင်နိုင်ရန် ၎င်းပိုင်ဆိုင်သည့် ရွှေစ(၇၀၀)ကို မယုံကြည်သွေဖည်သူများ၏ စစ်တပ်တွင်သုံးစွဲရန် ရည်စူးခဲ့သည်။ သို့သော်လည်း ယင်းတို့ကို မသုံးစွဲမီ ၎င်းသည် ရွှေစများနှင့်အတူ သုံ့ပန်းတစ်ဦးဖြစ်ခဲ့ရပါသည်။

ဖစ်ဒ်ရာ (ရွေးယူရန် ငွေပေးခြင်း) ပေးချိန်ရောက်သောအခါ သူသည် တမန်တော်မြတ် ﷺ သခင်အား ၎င်းတွင် အတူရှိသော ရွှေစသည် ဖစ်ဒ်ရာ (လျော်ကြေး) အတွက် လုံလောက်ပါသည်ဟု လျှောက်ထားခဲ့သည်။ ကိုယ်တော်မြတ်နှ သခင်က မယုံကြည်သွေဖည်ငြင်းပယ်သူများကို ပံ့ပိုးထောက်ပံ့ရန်အတွက် အသင်ယူလာသော ဥစ္စာပစ္စည်းများသည် သုံ့လက်ရပစ္စည်းဖြစ်သွားပေပြီ။ လျော်ကြေး (ဖစ်ဒ်ရာ) မှာမူ ထပ်၍ပေးရမည်ဟု မိန့်ကြားခဲ့သည်။ ယင်းကိစ္စနှင့်အတူ ကိုယ်တော်မြတ် ﷺ သခင်မိန့်သည်မှာ သင့်တူ (၂)ဦးဖြစ်သည့် အာကီလ်အိဗ်နိအဗီသွာလစ်ဗ်နှင့် နောင်ဖိလ်အိဗ်နိဟာရီးဆ်တို့အတွက်လည်း လျော်ကြေး (ဖစ်ဒ်ရာ) ငွေကြေးပေးရလိမ့်မည်ဟုဖြစ်သည်။ ထိုစဉ် စိုက်ယိဒိနာအဗ္ဗားစ် رضي الله عنه သခင်က ပြောသည်မှာ အကယ်၍ ထိုမျှလောက်လေးသော ဘဏ္ဍာရေးဆိုင်ရာဝန်ပိမှု ကျွန်ုပ်ပေါ်တင်၍ ကျရောက်မည်ဆိုလျှင် ကိုရိုက်ရှ်လူမျိုးစုထံ၌ ကျွန်ုပ်သည် သူတောင်းစားသဖွယ် တောင်းရမ်းရပါလိမ့်မည်။ ကိုယ်တော်မြတ် ﷺ သခင်က မိန့်သည်မှာ အဘယ့်ကြောင့် ထိုသို့ဖြစ်ရမည်နည်း။ မက္ကာမြို့ကိုစွန့်ခွာစဉ်က သင့်ဇနီးအွမ်မေ့ အလ်ဖဒ်လ်ထံ သင်အပ်နှံထားခဲ့သည့် ဥစ္စာဓနများမှာ မည်သို့ပါလဲ "စိုက်ယိဒိနာအဗ္ဗားစ်က လျှောက်ထား သည်မှာ ညအမှောင်ထုတွင် နှစ်ကိုယ်ကြား တသီးတသန့်နှင့် ကျွန်ုပ်ဇနီးကို လုံခြုံအပ်နှံထားမှုအား အသင် မည်သို့သိလေသနည်း။ ဤကိစ္စနဲ့ ပတ်သက်၍ အခြားဘယ်သူမှ မသိကြပါ။ ကိုယ်တော်မြတ် ﷺ က မိန့်သည်မှာ ကျွန်ုပ်အား ကျွန်ုပ်ကို ဖန်ဆင်းကျွေးမွေးစောင့်ရှောက်တော်မူသောအရှင် ရဗ်ကပြောခဲ့သည် ဟူ၍ဖြစ်သည်။ စိုက်ယိဒိနာအဗ္ဗားစ် ﷺ သခင်သည် တမန်တော်မြတ် ﷺ ၏ ဤပြောကြားချက်များကြားလိုက်သောအခါ ၎င်း၏နှလုံးသားဝယ် ကိုယ်တော်မြတ် ﷺ သခင်သည် အလ္လာဟ်အရှင်မြတ်၏ စစ်မှန်သော တမန်တော်တစ်ပါးဖြစ်ကြောင်း သေချာသွားတော့သည်။ စင်စစ်မှာ ဤကိစ္စရပ်မဖြစ်မီကပင် စိုက်ယိဒိနာ အဗ္ဗားစ် رضي الله عنه သည် တမန်တော်မြတ် ﷺ သခင်ကို လေးစားကြည်ညိုခဲ့ပါသည်။ သို့သော်လည်း သူတွင် ဒွိဟအချို့ရှိနေခဲ့သည်။ ထိုဒွိဟများအား ဤအချိန်၌ အလ္လာဟ်အရှင်မြတ်က ဖယ်ရှားပစ်ခဲ့သည်။ ထို့ကြောင့် အမှန်တကယ်တွင် ၎င်းသည် မုစ်လင်မ်တစ်ဦး ဖြစ်သွားခဲ့ပါသည်။ သို့သော်လည်း မက္ကာဟ်မြို့ရှ် ကိုရိုက်ရှ် တို့ကို သူထုတ်၍ ချေးထားသော ချေးငွေမြောက်များစွာရှိခဲ့သည်။ အကယ်၍ ထိုအချိန်က ၎င်းသည် အစွလာမ်သာသနာသို့ သက်ဝင်ယုံကြည်သွားကြောင်း ကြေညာခဲ့မည်ဆိုလျှင် ၎င်း၏ငွေကြေးအားလုံး ဆုံးရှုံး အလဟဿဖြစ်သွားပေမည်။ ထို့ကြောင့် သူသည် ယင်းကိစ္စကို လူသိရှင်ကြားမကြေညာခဲ့ပါ။ ကိုယ်တော်မြတ် ﷺ သခင်ကလည်း ယင်းကိစ္စနှင့်ပတ်သက်၍ မည်သူ့ကိုမျှပြောမပြခဲ့ပါ။ မက္ကာဟ်မြို့ကို မအောင်နိုင်မီကပင် မက္ကာဟ်မှမဒီနာဟ်သို့ ဟစ်ဂျ်ရသ်ပြောင်းရွှေ့ရန် ကိုယ်တော်မြတ် ﷺ ထံ ခွင့်ပန်ခဲ့သည်။ သို့ရာတွင် ကိုယ်တော်မြတ် ﷺ သခင်က ထိုသို့မလုပ်သေးရန် အကြံဉာဏ်ပြုခဲ့သည်။

စိုက်ယိဒိနာ အဗ္ဗားစ် رضي الله عنه သခင်နှင့် တမန်တော်မြတ် ﷺ သခင် ဤသို့စကားပြောဆိုပြီးနောက် ကိုယ်တော်မြတ် ﷺ သခင်က လက်ရှိအာယသ်တော်ပါ ကတိတော်နှင့်ပတ်သက်၍ ၎င်းအားပြောသည်မှာ အသင်သည် ရောနှောမှု မပါသောဖြူစင်ရိုးသားသောနှလုံးသားဖြင့်အစွလာမ်ဘာသာသို့သက်ဝင်ယုံကြည်သောမုစ်လင်မ်တစ်ဦးဖြစ်သင့်ပေသည်။ သို့ဆိုလျှင် အလ္လာဟ်အရှင်မြတ်သည် အသင် လွတ်ငြိမ်းခွင့်ရရန် အသုံးပြုခဲ့သည့် (ဖစ်ဒ်ရာ) လျော်ကြေးထက် ပိုမိုများပြားပြီး ပိုမိုကောင်းမွန်သည့်အစားပေးမှု ရရှိပါလိမ့်မည်။ ထို့ကြောင့် သူသည် အစွလာမ်ဘာသာသို့ သက်ဝင်ယုံကြည်ကြောင်း လူသိရှင်ကြားကြေညာပြီးနောက် သူပြောလေ့ရှိခဲ့သည်မှာ ကျွန်ုပ်က ဤကတိတော်၏ ထုတ်ဖော်

ပြသမှုကို မျက်ဝါးထင်ထင်တွေ့ခဲ့ရပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်လွတ်ငြိမ်းခွင့်ရရန် လျော်ကြေး (ဖစ်ဒ်ရာ) ယူခဲ့သည်။ ရွှေစမှာ ရွှေစခုနှစ်ရာ (၀ .၂၀ - အောင်ကီယဟ်) ဖြစ်သည်။ အခုလက်ရှိအချိန်တွင် ကျွန်ုပ်၏ကျေးကျွန်နှစ်ဆယ်မှာ နေရာအတော်များများတွင် အရောင်းအ၀ယ်များလုပ်နေကြပါသည်။ ၎င်းတို့တစ်ဦးစီလုပ်ကိုင်နေသော လုပ်ငန်းသည် ဒစ်ရ်ဟန် နှစ်သောင်းစီအနည်းဆုံးရှိကြသည်။ တဖန်ထပ်၍ ကျွန်ုပ်သည် ဟက်လုပ်ရန်လာရောက်သော (ဟွက်ဂျ်ရ်) ဇည့်ဟာဂျီများအား မြင့်မြတ်သော "ဇမ်ဇမ်" ရေတွင်းမှ ရေတိုက်ကျွေးခဲ့ရသော ကောင်းချီးမင်္ဂလာရရှိခဲ့ပါသည်။ ယင်းလုပ်ကျွေးပြုမှုသည် မက္ကာဟ်မြို့ရှိလူအားလုံး၏ ပိုင်ဆိုင်သောဥစ္စာဓနနှင့် ယှဉ်လိုက်လျှင် ယင်း ပိုင်ဆိုင်မှုများသည် အသေးအမွှားပင်ဖြစ်သွားပေမည်ဟု ၎င်းကမှတ်ယူခဲ့သည်။

ဗဒ်ရ်စစ်ပွဲမဲ့ သုံ့ပန်းအချို့ မုစ်လင်မ်ဖြစ်လာမှုတွင် သံသယအချို့ရှိပါသည်။ ထိုသူများ မက္ကာဟ်မြို့သို့ ပြန်ရောက် သွားသည်နှင့် အစွလာမ်ဘာသာမှ စွန့်ခွာကာ မုစ်လင်မ်များကို နာကျင်အောင်ပြုနိုင်ပါသည်။ နောက်အာယသ် (၇၁)ထဲတွင် အလ္လာဟ်အရှင်မြတ်သည် ဤစိတ်စနိုးစနောင့်ဖြစ်မှုကို ဖယ်ရှားကာ - **وَ اِنۡ يُّرِيۡدُوۡا خِيَانَتَكَ فَقَدۡ خَانُوا اللّٰهَ مِنۡ قَبۡلُ فَاَمۡكَنَ مِنۡهُمۡ وَ اللّٰهُ عَلِيۡمٌ حَكِيۡمٌ** "သို့ရာတွင် ၎င်းတို့သည် အကယ်၍ အသင့်အား သစ္စာဖောက်ရန် ရည်စူးကြပါလျှင် ဇကန်စင်စစ် ၎င်းတို့သည် ယခင်က အလ္လာဟ်အရှင်မြတ်ကိုပင် သစ္စာဖောက်ခဲ့ကြချေပြီ။ သို့ဖြစ်ပေရာထိုအရှင်မြတ်သည် (အသင့်အား) ၎င်း တို့ကို ဖမ်းဆီးစေနိုင်တော်မူခဲ့လေသည်။ စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ သိတော်မူသောအရှင် နက်နဲသိမ်မွေ့သော ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း (၇၁)" ဟူ၍ မိန့်ကြားထားသည်။ ဆိုလိုသည်မှာ အကယ်၍ ထိုသူတို့ပင် အသင်နှင့်ပြုလုပ်ထားသော ပဋိညာဉ်ကို ဖောက်ဖျက်ရန် ဆုံးဖြတ်ခဲ့လျှင် ယင်းကြောင့် သင်တို့အပေါ်၌ မည်သည့်ဆုံးရှုံးခြင်းနှင့် ထိခိုက်ခြင်းမှ မရှိခေ့။ ထိုသူများသည် အလ္လာဟ်အရှင်မြတ်နှင့် ပြုလုပ်ထားသည့် ပဋိညာဉ်ကိုလည်း ချိုးဖောက် ခဲ့ကြသူများဖြစ်ကြသည်။ သူတို့သည်မူလပဋိညာဉ်ပြုစဉ်အချိန်က အလ္လာဟ်အရှင်မြတ်သည်စကြဝဠာအပေါင်း၏အရှင်သခင်ဖြစ်ကြောင်း ဝန်ခံခဲ့ကြသူများဖြစ်သည်။ သို့သော်လည်း ၎င်းတို့သည် ထိုပဋိညာဉ်ကိုပင် ရန်မူလာကြသည်။ သို့ရာတွင် ဤပဋိညာဉ်ချိုးဖောက်မှုသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အန္တရာယ်မဖြစ်စေသော်လည်း ထိုသူများအတွက် အဆုံး၌ ဂုဏ်သရေမဲ့ကာ ဖမ်းဆီးခံခဲ့ကြရသည်။ အလ္လာဟ်အရှင်မြတ်သည် နှလုံးသားတွင် ကွယ်ဝှက်ထားသော လျှို့ဝှက်ချက်များကို အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်၍ နက်နဲသိမ်မွေ့သော ဟစ်က်မသ်ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်တော် မူပေသည်။ အကယ်၍ ဤသူများသည် ယခုပင်သင်တို့ကို စတင်ဆန့်ကျင်ခဲ့ပါက ၎င်းတို့သွားစရာမရှိပါ။ မုချဇကန် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်နှင့် ထိန်းချုပ်မှုအောက်မှ ဘယ်မှမပြေးနိုင်ခေ့။ မလွဲမသွေ ယခင်ကကဲ့သို့ပင် အရှင်မြတ်သည် ထိုသူများကို ပြစ်ဒဏ်ခတ်ပေလိမ့်မည်။ အချုပ်ဆိုရသော် အာယသ်(၇၀)ထဲ၌ လွှတ်ပစ်လိုက်သည့် သုံ့ပန်းတို့ကို အစွလာမ်သာသနာထဲဝင်ရောက်ရန် အစွလာမ်သာသနာ၏ "ဒအ်ဝသ်" ပေးသည့်အနေဖြင့် ဖျောင်းဖျထားသကဲ့သို့ အာယသ် (၇၁)ထဲတွင် လောကီဘ၀နှင့်တမလွန်ဘ၀၏ အောင်မြင်မှုသည် အစွလာမ်နှင့် အီမာန်ပေါ်တည်မှီနေကြောင်း သတိပေးသည့်အနေအထားဖြင့် မိန့်ထားသည်ဟု ပြောနိုင်သည်။

ဤအထိမူရင်းစာသားက မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် စစ်တိုက်ခိုက်ခြင်းနှင့် သတ်ဖြတ်ခြင်းအကြောင်း ၎င်းတို့အား စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခြင်း ၎င်းတို့ကို လွှတ်ပစ်ခြင်း ၎င်းတို့နှင့်ငြိမ်းချမ်းရေး ပြုလုပ်ခြင်းနှင့် ပတ်သက်သည့် အမိန့်ပညတ်ချက်များပါရှိသည်။ ဤသည်မှစ၍ စူရတ်ဆုံးသည့်တိုင် အောက်ဖော်ပြထားသည့် အာယသ်များတွင် ထူးခြားစွာဆက်နွယ်သည့် အကြောင်းအရာတစ်ရပ်ကို ယင်း၏အဓိန့် ပညတ်ချက်များ အသေးစိတ်

အချို့နှင့်အတူ ယှဉ်တွဲဖော်ပြထားသည်။ ယင်းတို့မှာ ဟစ်ဂျ်ရသ် (ရွှေ့ပြောင်းခြင်း) နှင့်ပတ်သက်သည့် အဓိန့်ပညတ်ချက်များဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မုစ်လင်မ်များသည် မယုံကြည် သွေဖယ်ငြင်းပယ်သူများနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံသောအခါတွင် ထိုးစစ်ဆင်၍ သတ်ဖြတ်နိုင်သည့် စွမ်းအားလည်းမရှိ။ ထို့ပြင် ထိုသူများက ငြိမ်းချမ်းရေးလုပ်ရန်လည်း စိတ်ဆန္ဒမရှိသောအခြေအနေမျိုးလည်း ရှိနိုင်ပါသည်။ ထိုကဲ့သို့ အင်အားချည့်နဲ့သည့် အခြေအနေမျိုးတွင် အစွလာမ်ဘာသာနှင့် မုစ်လင်မ်များကို ကယ်တင်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းကား ဟစ်ဂျ်ရသ် (ရွှေ့ပြောင်းနေထိုင်ခြင်း)ပင်ဖြစ်သည်။ ဆိုလိုသည်မှာ မုစ်လင်မ်များသည် အစွလာမ့်အဓိန့်ပညတ်ချက်နှင့်အညီ လွတ်လပ်စွာကျင့်ကြံလုပ်ဆောင် နိုင်သည့်နေရာသို့ မိမိနေထိုင်ရာမြို့ (သို့မဟုတ်) နိုင်ငံမှ ထွက်ခွာသင့်ပေသည်။

## အာယသ် (၇၂ - ၇၅)

اِنَّ الَّذِيْنَ اٰمَنُوْا وَ هَاجَرُوْا وَ جٰهَدُوْا بِاَمْوَالِهِمْ وَ اَنْفُسِهِمْ فِيْ سَبِيْلِ اللّٰهِ وَ الَّذِيْنَ اٰوَوْا وَّ نَصَرُوْۤا اُولٰٓئِكَ بَعْضُهُمْ اَوْلِيَآءُ بَعْضٍ ؕ وَ الَّذِيْنَ اٰمَنُوْا وَ لَمْ يُهَاجِرُوْا مَا لَكُمْ مِّنْ وَّلَايَتِهِمْ مِّنْ شَيْءٍ حَتّٰى يُهَاجِرُوْا ۚ وَ اِنِ اسْتَنْصَرُوْكُمْ فِي الدِّيْنِ فَعَلَيْكُمُ النَّصْرُ اِلَّا عَلٰى قَوْمٍ بَيْنَكُمْ وَ بَيْنَهُمْ مِّيْثَاقٌ ؕ وَ اللّٰهُ بِمَا تَعْمَلُوْنَ بَصِيْرٌ ﴿۷۲﴾ وَ الَّذِيْنَ كَفَرُوْا بَعْضُهُمْ اَوْلِيَآءُ بَعْضٍ ؕ اِلَّا تَفْعَلُوْهُ تَكُنْ فِتْنَةٌ فِي الْاَرْضِ وَ فَسَادٌ كَبِيْرٌ ﴿۷۳﴾ وَ الَّذِيْنَ اٰمَنُوْا وَ هَاجَرُوْا وَ جٰهَدُوْا فِيْ سَبِيْلِ اللّٰهِ وَ الَّذِيْنَ اٰوَوْا وَّ نَصَرُوْۤا اُولٰٓئِكَ هُمُ الْمُؤْمِنُوْنَ حَقًّا ؕ لَهُمْ مَّغْفِرَةٌ وَّ رِزْقٌ كَرِيْمٌ ﴿۷۴﴾ وَ الَّذِيْنَ اٰمَنُوْا مِنْۢ بَعْدُ وَ هَاجَرُوْا وَ جٰهَدُوْا مَعَكُمْ فَاُولٰٓئِكَ مِنْكُمْ ؕ وَ اُولُوا الْاَرْحَامِ بَعْضُهُمْ اَوْلٰى بِبَعْضٍ فِيْ كِتٰبِ اللّٰهِ ؕ اِنَّ اللّٰهَ بِكُلِّ شَيْءٍ عَلِيْمٌ ﴿۷۵﴾

**ဓကန်စင်စစ် အကြင်သူတို့သည် "အီမာန်" သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် (မိမိတို့၏ အိုးအိမ်စည်းစိမ်တို့ကို စွန့်လွှတ်ကာ) "ဟစ်ဂျ်ရသ်" ရွှေ့ပြောင်းနေထိုင်ခဲ့ကြကုန်၏။ ထို့မှတစ်ပါး ယင်းတို့သည် မိမိတို့၏ ဥစ္စာပစ္စည်းများဖြင့် လည်းကောင်း၊ မိမိတို့၏အသက်ဇီဝိန်များ ဖြင့်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခဲ့ကြကုန်၏။ (ထိုသူတို့သည် "မုဟာဂျိရိန်" မည်၏)။ ၎င်းပြင် အကြင်သူတို့သည် ခိုကိုးရန်နေရာများပေးခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ရိုင်းပင်းကူညီခဲ့ကြကုန်၏။ (ထိုသူတို့သည် "အန်ဆွာရ်" မည်၏) ထိုသူတို့ကား အချင်းချင်း တစ်ဦးသည် တစ်ဦး၏ အမွေစားအမွေခံများပင်ဖြစ် ကြကုန်သည်။ သို့ရာတွင် အကြင်သူတို့မူကား သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ သို့တစေလည်း ၎င်းတို့သည် "ဟစ်ဂျ်ရသ်" (မိမိတို့၏ အိုးအိမ်စည်းစိမ်ကိုစွန့်၍) ရွှေ့ပြောင်းနေထိုင်ခြင်း မပြုခဲ့ကြချေ။**

ထိုသူတို့သည် ရှေ့ပြောင်းနေထိုင်ခြင်းမပြုသမျှ ကာလပတ်လုံး အသင်တို့၌ ၎င်းတို့၏ အမွေဆက်ခံခြင်းသည် လုံးဝမရှိခဲ့။ သို့သော်ငြားလည်း အကယ်၍ ထိုသူတို့သည် "ဒိန်" သာသနာရေးနှင့်စပ်လျဉ်း၍ အသင်တို့ထံမှ အကူအညီရလိုကြ ပါလျှင် အသင်တို့နှင့် ပဋိညာဉ်စာချုပ်ချုပ်ဆိုပြီးဖြစ်သော လူမျိုးမှတစ်ပါး အခြားလူမျိုးနှင့် ဆန့်ကျင်၍ (၎င်းတို့အား) ကူညီရိုင်းပင်းရန် အသင်တို့၌ တာဝန်ရှိပေသည်။ စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုမူသမျှတို့ကို အကြွင်းမဲ့ မြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၈ း ၇၂)

၎င်းပြင် "ကာဖိရ်" မယုံမကြည် သွေဖည်ငြင်းပယ်သောသူတို့သည် အချင်းချင်း တစ်ဦးသည်တစ်ဦး၏ အမွေစားအမွေခံများပင်ဖြစ်ကြကုန်၏။

အကယ်၍သာ (အိုး-မုစ်လင်မ်တို့) အသင်တို့သည် ဣဗျ(ပညတ်တော်) အတိုင်း မပြုကြပါလျှင်ကမ္ဘာမြေဝယ်(အကြီးအကျယ်)ရှုပ်ထွေးမှု၊ညှဉ်းပန်းမှုသည်လည်းကောင်း၊ အကြီးအကျယ်ဖျက်ဆီးမှုသည်လည်း ကောင်း၊ ဖြစ်ပေါ်၍လာလတ္တံ့။ (၈ း ၇၃)

ထို့ပြင်တစ်ဝ အကြင်သူတို့သည် သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် (မိမိတို့၏)အိုးအိမ်စည်းစိမ်(တို့ကိုစွန့်ကာအရပ်တစ်ပါးသို့)ရွှေ့ပြောင်းနေထိုင်ကြကုန်၏။ ထိုမှတစ်ပါး ယင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခဲ့ကြကုန်၏။ ထို့အတူ အကြင်သူတို့သည် ခိုကိုးရန်နေရာများ ပေးခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ရိုင်းပင်းကူညီခဲ့ကြကုန်၏။ ထိုသူတို့သည်ပင်လျှင် ပြည့်စုံသော "မုအ်မင်န်" ယုံကြည်ခြင်း၊ သဒ္ဓါတရားထားရှိသူများဖြစ်ကြကုန်သတည်း။ ထိုသူတို့အဖို့မှာကား လွတ်ငြိမ်းချမ်းသာခွင့်သည်လည်းကောင်း၊ မြင့်မြတ်လှစွာသော စားနပ်ရိက္ခာ သည်လည်းကောင်း ရှိခဲ့သတည်း။ (၈ း ၇၄)

၎င်းပြင် အကြင်သူတို့သည် နောင်သော်မှ "ဟိဇာန်" သက်ဝင်ယုံကြည် ခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် (အရပ်တပါးသို့) ရွှေ့ပြောင်းနေထိုင်ခြင်းကိုလည်း ပြုခဲ့ကြကုန်၏။ ထိုမှတပါး ယင်းတို့သည် အသင်တို့နှင့်အတူ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းကိုလည်း ပြုခဲ့ကြကုန်၏။ သို့ဖြစ်လျှင် ၎င်းတို့သည်လည်း အသင်(မုဟာဂျိရိန်နှင့် အန်ဆာရ်) တို့တွင်အပါအဝင်ဖြစ်ကြကုန်သည်။ သို့ရာတွင် (၎င်းတို့အနက်မှ)ဆွေမျိုးရင်းချာတို့သည် အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်အရ အချင်းချင်း တစ်ဦး၏အမွေကို တစ်ဦးက ပိုမို၍ပင် ဆက်ခံထိုက်၏။ မလွဲဖကန် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူသတည်း။

**အကျယ်ဖွင့်ဆိုခြင်း**

ဤသည်တို့မှာ စူရဟ်အလ်အန်ဖာလ် ဤနောက်ဆုံး လေးအာယသ်ဖြစ်သည်။ ဤထဲတွင်ပါဝင်သည့် စစ်မှန်သောရည်ရွယ်ချက်မှာ ဟစ်ဂျ်ရသ်(ရွှေ့ပြောင်းခြင်း)နှင့် သက်ဆိုင်သည့်အဓိန့်ပညတ်ချက်များ (မုဟာဂျိရ်) (ရွှေ့ပြောင်းလာသူ) မုစ်လင်မ်များ၏ အမွေဆက်ခံသည်နှင့် သက်ဆိုင်သည့် အကြောင်းဖြစ်သည်။ ဆန့်ကျင်စွာ ထိုအထဲတွင် မုဟာဂျိရ်မဟုတ်သည့် မုစ်လင်မ်နှင့်မုစ်လင်မ်မဟုတ်သူများ၏ အမွေဆက်ခံခြင်းနှင့် ပတ်သက်သည်တို့ ဖော်ပြထားသည်။

ဤအဓိန့်ပညတ်ချက်များ၏ အတိုချုပ်မှာ အစွလာမ့်တရားဥပဒေအရ အာဏာသက်ရောက်သောသူများတွင် ပထမဝါဂျထဲ၌ နှစ်မျိုးနှစ်စားရှိသည်။ (၁) မုစ်လင်မ်၊ (၂) ကာဖိရ် (မယုံကြည် သွေဖည်ငြင်းပယ်သူ) အချိန်ကာလသတ်မှတ်ချက်အရ မုစ်လင်မ်များတွင် နှစ်မျိုးနှစ်စားရှိသည်။ ပထမအမျိုးအစားမှာ (၁) ဟစ်ဂျ်ရသ်ပြုလုပ်ခြင်းသည် မပြုမနေရတာဝန်အဖြစ် သတ်မှတ်ပြီးနောက် မက္ကာဟ်မြို့ကိုစွန့်ခွာ၍ မဒီနာဟ်မြို့တွင် အခြေချနေထိုင်ခဲ့ကြသည့် မုဟာဂျိရ် (ရွှေ့ပြောင်းနေထိုင်သူများ)၊ (၂)ခိုင်လုံသောအကြောင်းပြချက် အချို့ဖြင့် မက္ကာဟ်မြို့တွင် ကျန်ရစ်နေထိုင်ခဲ့ကြသော မက္ကာဟ်မြို့တွင်ပင်နေထိုင်ခဲ့ကြသူတို့ ဖြစ်ကြသည်။

ဤအမျိုးအစားများအားလုံးမှ အချင်းချင်းဆွေမျိုးတော်စပ်မှုမှာ ယေဘုယျအကြောင်းအရာတစ်ခု ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အစွလာမ်သာသနာ၏ အစောပိုင်းကာလက သားကမုစ်လင်မ်ဖြစ်၍ အဖေကကာဖိရ်တစ်ဦးဖြစ်သကဲ့သို့ အဖေကမုစ်လင်မ်ဖြစ်ကာ သားကကာဖိရ်တစ်ဦးဖြစ်နေမည်မှာကား မထူးဆန်းချေ။ ယင်းသို့သောဖြစ်ရပ်တွင် ညီအစ်ကိုချင်း၊ တူတော်စပ်မှု၊ အမေ့ဘက်မှအဖိုးတော်စပ်မှု၊ အမေ့ဘက်မှ ဦးလေးတော်စပ်မှု၊ အမေ့ဘက်မှ အဖိုးတော်စပ်မှု၊ အမေ့ဘက်မှ ဦးလေးတော်စပ်မှု စသော တော်စပ်မှုများရှိခဲ့ကြသည်။ ထို့ပြင် ပြောင်းရွှေ့သူ(မုဟာဂျိရ်)နှင့် မပြောင်းရွှေ့သူ(မုဟာဂျိရ်မဟုတ်သူ) များကြားတွင်လည်း အချင်းချင်းဆွေမျိုးတော်စပ်မှုများ ရှိခဲ့သည်မှာ ထင်ရှားသည်။

အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ပြီးပြည့်စုံသော သနားကြင်နာမှုနှင့် နက်နဲသောဉာဏ်ပညာနှင့် ကြေညာသည်မှာ သေဆုံးသူတစ်ဦး ကျန်ရစ်သောဥစ္စာဓနနှင့် ပစ္စည်းများသည် လက်ခံထိုက်သူဖြစ်သော သူ၏ဆွေမျိုးရင်းချာများသာလျှင် ပိုင်ဆိုင်ကြောင်း ကြေညာထားခဲ့သည်။ ဤကမ္ဘာလောကတွင် မည်သူတစ်ဦးတစ်ယောက် မည်သည့်အရာရရှိခြင်းဆိုသည့် ဦးစွာပထမစစ်မှန်မှုသည် စင်စစ် အလ္လာဟ်အရှင်မြတ် ပိုင်ဆိုင်သည်များဖြစ်သည်။ ဤသည်မှာ အလ္လာဟ်အရှင်မြတ်၏ ရိုးစင်းသောစီမံမှုတစ်ရပ်သာဖြစ်ကာ လူတစ်ဦးကိုပေးထားခြင်းမှာ အလ္လာဟ်အရှင်မြတ်ကိုယ်စား ယာယီပိုင်ဆိုင်သူတစ်ဦးဖြစ်၍ ယင်းပစ္စည်းများ သုံးစွဲကာ ယင်းမှအကျိုးအမြတ်ခံစားခြင်းသာဖြစ်သည်။ ထို့ကြောင့် ယုတ္တိဗေဒအလုံးစုံ၊ ဆင်ခြင်တုံတရားနှင့် တရားဥပဒေအားလုံး၏နည်းစုံအရ ကွယ်လွန် သေဆုံးသွားသူ၏ အမွေပစ္စည်းများသည် အရှင်မြတ်၏ ပိုင်ဆိုင်မှုဆီသို့သာလျှင် လှည့်သွားပေသည်။ လက်တွေ့အသုံးချသည်မှာ အစွလာမ့်အစိုးရ၏ ပြည့်သူဘဏ္ဍာတော်တိုက်တွင်ထည့်၍ အလ္လာဟ်အရှင်မြတ် ဖန်ဆင်းတော်မူသည့် လူထုအတွက် ၎င်းတို့ တိုးတက်ရေးအလို့ငှာ မြောက်မြားစွာသော လိုအပ်ချက်များ ဖြည့်ဆည်းရန်ဖြစ်သည်။ သို့သော်လည်း ယင်းသို့လုပ်ဆောင်ရာ၌ ပထမဦးစွာ လူတိုင်းသည် သေဆုံးပြီးနောက် တစ်စုံတစ်ဦး၏ စည်းစိမ်ဥစ္စာနှင့် ပစ္စည်းများသည် တစ်စုံတစ်ဦး၏ သားသမီးများ (သို့မဟုတ်) မိဘများ၊ ဇနီး (သို့မဟုတ်) ခင်ပွန်းထံ မရောက်ရှိကြောင်း

တွေ့ရပါက စိတ်ထိခိုက်မည်မှာ သဘာဝပင်ဖြစ်သည်။ ထို့နောက် ယင်းလုပ်ရပ်၏ ယုတ္တိဗေဒဆိုင်ရာ အကျိုးသက်ရောက်မှုသည်လည်း အလားတူ သဘာဝကျပေသည်။ မည်သူမဆို အလုပ်ကို ပိုမိုရရန်ဂရုမစိုက်ဘဲ ယင်းကို သိမ်းဆည်း ထားရန်လည်း လုပ်ဆောင်လိမ့်မည်မဟုတ်ချေ။ တစ်နည်းဆိုရလျှင် မည်သူမဆိုသူ (သို့မဟုတ်) သူမ ဘဝတစ်သက်တာ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်လောက်ရုံမျှသာ စုဆောင်းလုပ်ဆောင်ကြလိမ့်မည်။ လိုသည် ထက်ပို၍ ကြိုးပမ်းမှုမလုပ်တော့ပါ။ ထို့ပြင် ဤသို့သော ဘဝနှင့်ပတ်သက်သော သဘောထားများ လူဘဝတွင် ရှိသွားခဲ့လျှင် လူသားအားလုံးနှင့် ၎င်းတို့၏မြို့ရွာများ ပျက်စီးရာပျက်စီးကြောင်း ဖြစ်သွားပေမည်။

ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် လူသားများ၏ ဆွေမျိုးရင်းချာများ၏ အမွေဆက်ဆံခွင့်ကို ပြုလုပ်ထားခဲ့သည်။ သို့မှသာ တစ်စုံတစ်ဦးသည် သူ့ဘဝတွင် ထိုဆွေမျိုးညာတကာ၏ ကောင်းကျိုးအတွက် အလုပ်ကို ကြိုးစားပမ်းစားလုပ်ဆောင်၍ ငွေကြေးဆိုင်ရာ အကျိုးအမြတ်များကို စုစည်း၍ သိမ်းဆည်းထား ကြပါလိမ့်မည်။

ယင်းနှင့်အတူ အမွေခွဲဝေဖြန့်ဖြူးမှုကို ပြဋ္ဌာန်းရာတွင် အစွလာမ်သည် လူသားများဖန်ဆင်းရခြင်း၏ အရေးကြီးသော ရည်ရွယ်ချက်ကိုလည်း မျက်ခြည်မပြတ်စေရပါ။ ယင်းကား အလ္လာဟ်အရှင်မြတ်အား အမိန့်နာခံခြင်းနှင့် အလ္လာဟ်အရှင်မြတ်ကို ခဝပ်ကိုးကွယ်ခြင်းဖြစ်သည်။ ထို့နောက် ယင်းရည်မှန်းချက်အရ လူသားမျိုးနွယ်တစ်ရပ်လုံးတွင် ယုံကြည်သက်ဝင်သော အီမာန်ရှင်နှင့် သွေဖည်ငြင်းပယ်သော (ကာဖိရ်) တို့အဖြစ် အုပ်စုများကို တသီးတခြားစီ ခွဲခြားထားကြောင်း ကြေညာထားခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် **خَلَقَكُمْ فَمِنكُمْ كَافِرٌ وَّمِنكُم مُّؤْمِنٌ** "ထိုအရှင်မြတ်သည်သာ အသင်တို့အား ဖန်ဆင်းတော်မူသောအရှင် ဖြစ်တော်မူသည်။ သို့ပါသော်လည်း အသင်တို့အနက် အချို့မှာ သွေဖည်ငြင်းပယ်သူဖြစ်၍ အသင်တို့အနက်မှအချို့မှာ သက်ဝင်ယုံကြည်သူဖြစ်သည်။ (အလ်သဃာဗွန်) (၆၄း၂)" က ဤသည်ကိုပင်ဆိုလိုသည်။

ဤမျိုးနွယ်နှစ်အုပ်စု သီအိုရီက မျိုးရိုးစဉ်ဆက်နှင့် ဆွေမျိုးတော်စပ်မှုပေါ် အခြေခံသည့် အမွေ ဆက်ခံခြင်းကို ဖျက်ပစ်ထားသည်။ ယင်းကပြဋ္ဌာန်းထားသည်မှာ မုစ်လင်မ်တစ်ဦးသည် ဆွေမျိုးတော်စပ်သော ကာဖိရ်မယုံကြည် သွေဖည်ငြင်းပယ်သူထံမှ အမွေဆက်ခံမှုမရှိသကဲ့သို့ ကာဖိရ်မယုံကြည်သွေဖည် ငြင်းပယ်သူတစ်ဦးသည် မုစ်လင်မ် ဆွေမျိုး တစ်ဦး၏ အမွေကိုလည်း ဆက်ခံခွင့်မရှိပါ။ ဤအကြောင်းအရာကို ပထမနှစ်အာယသ်ဖြစ်သည့် (၇၂ နှင့် ၇၃) ထဲတွင် ဖော်ပြထားသည်။ ယင်းတို့ထဲတွင် ဖော်ပြထားသော အမိန့်ပညတ်ချက်သည် ထာဝရအတွက်ဖြစ်သည်။ မည်သည့်အခါမျှ ပယ်ဖျက်ရုတ်သိမ်းမည်မဟုတ်ချေ။ ယင်းသည် အမွေဆက်ခံခြင်းဆိုင်ရာ အစွလာမ်အခြေခံမူလည်း ဖြစ်သည်။ ယင်းမူသည် စတင်ပြဋ္ဌာန်းသည်မှ ကိယာမသ်နေ့တိုင် တည်ရှိလိမ့်မည်ဖြစ်သည်။

ဤအမိန့်ပညတ်ချက်နှင့်ဆက်နွယ်၍ မုဟာဂျိရ် (ပြောင်းရွှေ့သွားသူ)နှင့် မပြောင်းရွှေ့သည့် မုဟာဂျိရ်မဟုတ်သူ မုစ်လင်မ်များအချင်းချင်း အမွေဆက်ခံမှုနှင့်ပတ်သက်သည့် အခြားအမိန့်ပညတ်ချက်ရှိပေသည်။ ယင်းနှင့်ပတ်သက်၍ ပထမအာယသ်ထဲတွင် မိန့်ထားသည်မှာ မက္ကာဟ်မြို့မှ ပြောင်းရွှေ့လာသော မုစ်လင်မ်နှင့် မပြောင်းရွှေ့သော မုစ်လင်မ်တို့၏ ဆွေမျိုးတော်စပ်မှုမှာ ပြတ်တောက်သွားသည်။ ဤကိစ္စရပ်တွင် မပြောင်းရွှေ့သော မုဟာဂျိရ် မဟုတ်သူ/သူမတစ်ဦးနှင့် ဆွေမျိုးတော်စပ်သည့် ပြောင်းရွှေ့လာသော မုဟာဂျိရ် တစ်ဦး၏ အမွေကို ဆက်ခံခွင့်မရှိပါ။ ဤအမိန့်ပညတ်ချက်သည် မက္ကာဟ်အလ်မုကတ်ရိရမဟ်ကို မအောင် မြင်သေးမီအချိန်တိုင် အတည်ဖြစ်လျက်ရှိသည်။ မက္ကာဟ်အောင်နိုင်ပြီးနောက် တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်က **لاهجرة بعد الفتح** "လာဟိဂျ်ရသ ဗအ်ဒလ ဖသဟ်" အောင်ပွဲ နောက်တွင် ဟစ်ဂျ်ရသ်မရှိချေ" ဟု ကြေညာခဲ့သည်။ ဆိုလိုသည်မှာ မက္ကာဟ်မြို့ အောင် နိုင်ပြီး

သည့်နောက် ဟစ်ဂျ်ရသ် မပြုမနေရတာဝန်သည် ကုန်ဆုံးသွားသည်။ ဟစ်ဂျ်ရသ်ပြုရန်တာဝန် ကုန်ဆုံးသည်နှင့် တစ်ပြိုင်နက် ပြောင်းရွှေ့သွားသူ မုဟာဂျိရ်များနှင့် မပြောင်းရွှေ့သော မုဟာဂျိရ်မဟုတ်သူများ၏ ဆွေမျိုးတော်စပ်ခြင်း ပြတ်တောက်မှုလည်း အလို အလျောက် အဆုံးသတ်ကုန်ဆုံးသွားသည်။

ထို့ကြောင့် ဋီကာရှင်အများစုက ဤအမိန့်ပညတ်ချက်သည် မက္ကာဟ်မြို့အောင်နိုင်ခြင်း၏ မြင့်မြတ်မှုက ပယ်ဖျက်ပြီးဖြစ်သည်ဟု ပြောကြားခဲ့ကြသကဲ့သို့ ဤကိစ္စရပ်အတွက် စူးစမ်းလေ့လာစုံစမ်းဖော်ထုတ် သော ပညာရှင်များကမူ ဤအမိန့်ပညတ်ချက်သည်လည်း ထာဝရတည်တန့်၍ ပယ်ဖျက်ရုတ်သိမ်းမှုမရှိခဲ့ ဟူ၍ ပြောကြားခဲ့ကြသည်။ သို့သော်လည်း ယင်းမှာ သီးသန့်အခြေအနေများအောက်တွင်မူ ပြောင်းလဲသွားပါသည်။ အကယ်၍ ဤအမိန့်ပညတ်ချက်သည် ကုရ်အာန်ကျမ်းတော်မြတ် ဝဟီထုတ်ပြန်ခြင်း၏ အချိန်တစ်ခုတွင် ပြန်လည်ပါရှိလာလျှင် ယင်းအချိန် (သို့မဟုတ်) ယင်းနိုင်ငံအချို့တွင် ယင်းအမိန့်ပညတ်ချက်သည် တစ်ဖန်ပြန်လည်၍ အတည်ဖြစ်အသက်ဝင်ပါလိမ့်မည်။

ဤကိစ္စကို ထပ်ရှင်းရမည်ဆိုလျှင် ပြောနိုင်သည်မှာ မက္ကာဟ်မြို့မအောင်နိုင်မီက မက္ကာဟ်မြို့မှ ပြောင်းရွှေ့ရန် မုစ်လင်မ် အများသားတိုင်းနှင့် အများသမီးတိုင်း၌ မပြုမနေရတာဝန်ဖြစ်သည်။ ဤအမိန့်ပညတ်ချက်ကိုနာခံ၍ လူအနည်းငယ်မျှအပ မုစ်လင်မ်အများစုသည် မက္ကာဟ်မှမဒီနာဟ်သို့ ပြောင်းရွှေ့သွားခဲ့ကြသည်။ ထိုအချိန်က မက္ကာဟ်မှ မပြောင်းရွှေ့ခြင်းသည် မုစ်လင်မ်တစ်ဦးမဟုတ်သော လက္ခဏာတစ်ရပ် ဖြစ်လာသည်။ ထို့ကြောင့် ထိုအချိန်က မပြောင်းရွှေ့သော မုဟာဂျိရ်မဟုတ်သူတစ်ဦးသည် အစွလာမ်ပေါ် သက်ဝင်ယုံကြည်မှုဌ် သံသယရှိသောကြောင့် မုဟာဂျိရ်(ပြောင်းရွှေ့သူ)နှင့် မပြောင်းရွှေ့သော မုဟာဂျိရ်မဟုတ်သူများ၏ အချင်းချင်း အမွေဆက်ခံမှုကို ဖြတ်တောက်ပစ်ခဲ့၏။

သို့ဆိုပါလျှင် အကယ်၍ ထိုကဲ့သို့အခြေအနေတူများ အချို့နိုင်ငံတွင် တစ်ဖန်ပြန်ပေါ်လာလျှင် ထိုနေရာတွင် နေထိုင်လျက် အစွလာမ်သာသနာ၏တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်လုံးဝမဖြစ်သောကြောင့် ထိုနိုင်ငံမှ ပြောင်းရွှေ့ခြင်းမှာမပြုမနေရတာဝန်တစ်ဖန်ဖြစ်လာမည်။ ခိုင်လုံသောအကြောင်းပြချက်တစ်ခုမရှိဘဲထိုသို့သောအခြေအနေမှ မပြောင်းရွှေ့လျှင် ယင်းလုပ်ရပ်သည် မယုံကြည်သွေဖည်ငြင်းပယ်မှု၏ လက္ခဏာဖြစ်သည်ဆိုသည်ကား သံသယမရှိချေ။ ထိုအချိန်တွင် ထိုအမိန့်ပညတ်ချက်သည် အကျုံးဝင်သွားပါလိမ့်မည်။ ဆိုလိုသည်မှာ မုဟာဂျိရ်ပြောင်းရွှေ့သူနှင့် မပြောင်းရွှေ့သူမုဟာဂျိရ်မဟုတ်သူတို့အချင်းချင်း အမွေဆက်ခံမှုမှာလည်း အကျုံးမဝင်တော့ပါ။ ဤတင်ပြချက်မှာ ပြောင်းရွှေ့သူမုဟာဂျိရ်နှင့် မရွှေ့ပြောင်းသော မုဟာဂျိရ်မဟုတ်သူတို့အချင်းချင်း အမွေဆက်ခံမှုပြတ်တောက်ခြင်းနှင့် ပတ်သက်သော အမိန့်ပညတ်ချက်သည် တစ်သီးတခြားစီမဟုတ်ကြောင်း ရှင်းလင်းမည်ဟု မျှော်လင့်ရသည်။ စင်စစ် ဤသည်မှာ မုစ်လင်မ်နှင့် မုစ်လင်မ်မဟုတ်သူတို့၏ အမွေဆက်ခံခြင်းဖြတ်တောက်မှုကို ဖော်ပြသည့် ပထမဆုံးသော အမိန့်ပညတ်ချက်နှင့်အတူတူပင်ဖြစ်သည်။ ဤကိစ္စရပ်တွင် တစ်ခုတည်းသောခြားနားချက်ကား ဤမယုံကြည်မှုလက္ခဏာကြောင့် အမွေဆက်ခံခြင်းမှကင်းမဲ့သွားသော မပြောင်းရွှေ့သော မုဟာဂျိရ်မဟုတ်သူတစ်ဦးအား ဤမျှလောက်သော မယုံကြည်မှုလက္ခဏာပေါ်အခြေခံ၍ မယုံကြည်သွေဖည်ငြင်းပယ်သူတစ်ဦးအဖြစ် မသတ်မှတ် သေးပါ။ သို့သော်လည်း ပြောင်ပြောင်တင်းတင်း သစ္စာဖောက်၍ ၎င်း၏မယုံကြည်သွေဖယ်မှု (သို့မဟုတ်) ကုဖ်ရ်ကို ခိုင်လုံစွာသက်သေပြနိုင်လျှင်ကား ၎င်းအား ကာဖိရ်မယုံကြည်သွေဖည်ငြင်းပယ်သူအဖြစ် သတ်မှတ်သည်။

ဤသင့်တင့်လျောက်ပတ်သော တွေးတောဆင်ခြင်မှုအရ မုဟာဂျိရ်မဟုတ်သူ (မပြောင်းလွှဲသူ) မုစ်လင်မ်နှင့် ပတ်သက်သော အခြားပညတ်ချက်တစ်ခုကိုလည်း ဤနေရာတွင် ဖော်ပြထားသေးသည်။ ဤအမိန့်ပညတ်ချက်က ရှင်းလင်းပြသည်မှာ အကယ်၍ မုဟာဂျိရ်မဟုတ်သော မလွှဲပြောင်းသူများသည် ပြောင်းလွှဲသောမုဟာဂျိရ်များထံ အကူအညီတောင်းခံခဲ့လျှင် ပြောင်းလွှဲသွားသည့် မုဟာဂျိရ်များက ၎င်းတို့ကို ကူညီရမည်။ ထို့ကြောင့် ရှင်းလင်းစေသည်မှာ ဤမပြောင်းလွှဲသော မုဟာဂျိရ်မုစ်လင်မ်များသည် လုံးလုံးလျားလျား မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ အတန်းအစားတွင် မထည့်သွင်းချေ။ စင်စစ် ထိုသူတို့သည် အစွလာမ်သာသနာ၏ ရပိုင်ခွင့်များရှိနေ၍ လိုအပ်လျှင် ၎င်းတို့ကို ကူညီကြရမည်။

ဤအာယသ်ကျရောက်မှု၏နောက်ခံအကြောင်းသည် မက္ကာဟ်မြို့မှမဒီနာဟ်မြို့သို့ ပြောင်းလွှဲသည့် သီးခြားဟိဂျ်ရသ်တစ်ခုဖြစ်သည်။ မက္ကာဟ်မြို့တွင် နေရစ်ခဲ့သည့် ပြောင်းလွှဲသော မုဟာဂျိရ်မဟုတ် သူများသည် မက္ကာဟ်မြို့ရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများက အသက်အန္တရာယ်စိုးရိမ်ရဖွယ် ဝန်ရံခံနေခဲ့ရသူများဖြစ်သည်။ ထိုသူများ အကူအညီတောင်းခံလျှင် ဤမယုံကြည်သွေဖည်ငြင်းပယ်သူများထံမှပင် တောင်းခံရမည်မှာ ထင်ရှားသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်က မုဟာဂျိရ်မုစ်လင်မ်များကို ၎င်းတို့အား အကူအညီပေးရန် အမိန့်ပေးရာ၌ ကိစ္စရပ်များ၏ အပြင်ပန်းအမြင်အရ ဤနေရာမှ ကောက်နုတ်ချက်ချသည်မှာ ၎င်းမုဟာဂျိရ်မဟုတ်သူများသည် မည်သို့သော အခြေအနေ မည်သို့သောသူများနှင့် ရှိနေသည်ဖြစ်စေ ထိုသူများကို ကူညီရန် မုစ်လင်မ်တိုင်းအပေါ် တာဝန်ရှိသည်။ အကယ်၍ ၎င်းမုစ်လင်မ်များကို မုစ်လင်မ်များနှင့် စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ဆိုထားသော မုစ်လင်မ်မဟုတ်သူက အကူအညီတောင်းခံလျှင်လည်း အကူအညီပေးရမည်။ အစွလာမ်ဘာသာတွင် တရားမျှတစွာ လုပ်ဆောင်ခြင်းနှင့် ပဋိညာဉ်များအတိုင်း လိုက်နာကျင့်သုံးခြင်းသည် တာဝန်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ဤအာယသ်တော်ထဲတွင် ခြွင်းချက်ဥပဒေ တစ်ရပ်ဖော်ပြခဲ့သည်။ ထိုဥပဒေအရ မုဟာဂျိရ်မဟုတ်သော မုစ်လင်မ်များသည် မုဟာဂျိရ်မုစ်လင်မ် များထံမှ စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ဆိုထားသူများနှင့် ရင်ဆိုင်တိုက်ခိုက်ရန် တောင်းခံလျှင် ညီနောင်မုစ်လင်မ် များက အကူအညီပေးခွင့်မရှိချေ။

ဤသည်မှာ ပထမဝါကျနှစ်ခု၏ အဓိကဆိုလိုရင်းဖြစ်သည်။ စကားလုံးများက ချိန်ကိုက်ဖြစ်မှုကို မိန့်ကြားထားသည်မှာ -

**اِنَّ الَّذِيْنَ اٰمَنُوْا وَ هَاجَرُوْا وَ جٰهَدُوْا بِاَمْوَالِهِمْ وَ اَنْفُسِهِمْ فِيْ سَبِيْلِ اللّٰهِ وَ الَّذِيْنَ اٰوَوْا وَّ نَصَرُوْۤا اُولٰٓئِكَ بَعْضُهُمْ اَوْلِيَآءُ بَعْضٍ ؕ وَ الَّذِيْنَ اٰمَنُوْا وَ لَمْ يُهَاجِرُوْا مَا لَكُمْ مِّنْ وَّلَايَتِهِمْ مِّنْ شَيْءٍ حَتّٰى يُهَاجِرُوْا**

အီမာန်သက်ဝင်ယုံကြည်သူများနှင့် ပြောင်းလွှဲသွားကြသူများ (အလ္လာဟ်အရှင်မြတ်အတွက် ၎င်းတို့၏ အိုးအိမ်နှင့် ဆွေမျိုးသားချင်းများကို ချန်ရစ်ကာ)။ ထို့နောက် အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် ၎င်းတို့၏ (၁)ဥစ္စာပစ္စည်းများနှင့် (၂) အသက်ဇီဝိန်များ (က) လက်နက်များနှင့် အခြားစစ်အသုံးအဆောင်များကို ၎င်းတို့၏ ဓနကြေးငွေနှင့် ဝယ်ယူခြင်းနှင့် (ခ) အသက်စွန့်၍ စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်သူများ စသည်တို့သည် ပထမဦးဆုံး ပြောင်းလွှဲသွားသည့်မုဟာဂျိရ်များကို ရည်ညွှန်းသည်)၎င်းနောက် ခိုလှုံခွင့်နှင့် အကူအညီပေးသူများ (မဒီနာဟ်မြို့တွင်နေထိုင်ကာ အထောက်အပံ့ပေးသော မဒီနာဟ်မြို့မှ အနန်ဆာရ်များကို ရည်ညွှန်းသည်။ ယင်းနှစ်ဖွဲ့အကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။)

. . . . . ထိုသူများသည်သာလျှင် တစ်ဦးနှင့်တစ်ဦး မိတ်ဆွေအပေါင်းအဖော်များဖြစ်ကြသည်။ (ထို့နောက် မိန့်ထားသည်မှာ) ယုံကြည်သက်ဝင်သော်လည်း မပြောင်းရွှေ့သေးသူများသည် ၎င်းသူများ မပြောင်းရွှေ့သရွေ့ အသင်တို့နှင့် မိတ်ဆွေအပေါင်းအဖော် မဟုတ်ကြချေ။

ဤနေရာ၌ ကုရ်အာန်ကျမ်းတော်မြတ်သည် "ဝလီ"နှင့် "ဝိလာယသ်" ဟူသော စကားလုံး သုံးနှုန်းထား၍ ယင်းတို့အဓိပ္ပာယ်မှာ မိတ်ဆွေအပေါင်းအသင်းဖြစ်ခြင်းနှင့် ရင်းချာသောဆွေမျိုးသားချင်းများဟူ၍ ဆိုလိုသည်။ အစောပိုင်း သဖိစီရ်ပညာရှင်များဖြစ်သော စိုက်ယိဒ်နာ အိပ်နိအဗ္ဗားစ် [d] ၊ ဟာစန်၊ ကသာဒဟ်၊ မုဂျာဟိဒ် နှင့် အခြားသူများကပြောသည်မှာ ဤနေရာပါ "ဝိလာယသ်"ဟူသော စကားလုံးသည် ဝိရာစသ် (သို့မဟုတ်) အမွေဆက်ခံခြင်းဟု အဓိပ္ပာယ်သက်ရောက်သကဲ့သို့ ဝလီ သည် ဝါရတ်စ် (သို့မဟုတ်) အမွေဆက်ခံသူဟု အဓိပ္ပာယ်သက်ရောက်သည်။ သို့ဖြစ်လင့်ကစားအခြားသူများကဝိလာယဟ်ဟူသောစကားလုံးအားသမားရိုးကျအဘိဓာန်အနက်အဓိပ္ပာယ်ဖြစ်သည့် မိတ်ဆွေဖြစ်ခြင်း၊ ကူညီခြင်းနှင့် ထောက်ပံ့ခြင်းဟူ၍ မှတ်ယူကြသည်။

ပထမသဖိစီရ်အရ အာယသ်တော်က ဆိုလိုနိုင်သည်မှာ မုဟာဂျိရ်မုစ်လင်မ်များနှင့် အန်ဆွာရ် မုစ်လင်မ်များသည် တစ်ဦးနှင့်တစ်ဦး အမွေစားအမွေခံများဖြစ်ကြသည်။ ၎င်းတို့၏အမွေဆက်ခံခြင်းကို စည်းနှောင်ထားမှုသည် မုစ်လင်မ်မဟုတ်သူများနှင့် သော်လည်းကောင်း၊ မပြောင်းရွှေ့သော သီးသန့် မုစ်လင်မ်များနှင့်သော်လည်းကောင်း၊ မသက်ဆိုင်ချေ။ ပထမအမိန့်ပညတ်ချက်ဖြစ်သည့် ဘာသာတရားတွင် ကွဲလွဲမှုပေါ်အခြေခံ၍ အမွေဆက်ခံမှု ပြတ်တောက်ခြင်းသည် ထိုအတိုင်း ထာဝရတည်ရှိနေမည်။ သို့သော်လည်း ဒုတိယအမိန့်ပညတ်ချက်အတွင်းဆိုလျှင်မူ မက္ကာဟ်မြို့အောင်နိုင်ပြီးနောက် ဟိဂျ်ရသ်ပြုလုပ်ခြင်း မလိုအပ်တော့သည့် အနေအထားအရ ပြောင်းရွှေ့သော မုဟာဂျိရ်နှင့် မပြောင်းရွှေ့သောမုဟာဂျိရ်မဟုတ်သူများ၏ အမွေဆက်ခံမှုပြတ်တောက်ခြင်း အမိန့်ပညတ်ချက်သည် အကျုံးမဝင် မသက်ဆိုင်တော့ပါ။ ဤသည်မှ မုစ်လင်မ်ဓမ္မသတ်ပညာရှင်အချို့က ထုတ်နုတ်ခဲ့သည်မှာ ဘာသာယုံကြည်မှုတွင် ကွဲလွဲခြင်းသည် အမွေ ဆက်ခံရေးပြတ်တောက်မှု၏ အကြောင်းတရားတစ်ခုဖြစ်သကဲ့သို့ အလားတူ နေရာအရပ်ဒေသကွဲပြားခြင်း သည်လည်း အမွေပြတ်တောက်မှု၏ အကြောင်းတရားဖြစ်သည်ဟု ဆိုကြသည်။ ဤအကြောင်းအရာနှင့် ပတ်သက်သည့် အသေးစိတ်ဆွေးနွေးချက်များကို အစွယ်လာမ့်ဖိကာဟ်စာအုပ်များတွင် ပါရှိသည်။

ထို့နောက် وَإِنِ اسْتَنْصَرُوكُمْ فِي الدِّينِ فَعَلَيْكُمُ النَّصْرُ إِلَّا عَلَىٰ قَوْمٍ بَيْنَكُمْ وَبَيْنَهُمْ "သို့သော်ငြားလည်း အကယ်၍ ထိုသူတို့သည် ဒီန်သာသနာရေးနှင့်စပ်လျဉ်း၍ အသင်တို့ထံမှ အကူအညီရလိုကြပါလျှင် အသင်တို့နှင့် ပဋိညာဉ် စာချုပ်ချုပ်ဆိုပြီးဖြစ်သော လူမျိုးမှတစ်ပါး အခြား လူမျိုးနှင့်ဆန့်ကျင်၍ (၎င်းတို့အား) ကူညီရှိင်းပင်းရန် အသင်တို့၌ တာဝန်ရှိပေသည်။ စင်စစ်တမူကား အလ္လာဟ်အရှင် မြတ်သည် အသင်တို့ပြုမူသမျှတို့ကို အကြွင်းမဲ့မြင်တော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။ ၇၂" ဟူ၍ မိန့်ထားသည်။ အဆိုအမိန့်၏ဆိုလိုရင်းမှာ မပြောင်းရွှေ့သောသူများသည် အမွေဆက်ခံမှုနှင့်ပတ်သက်၍သာ ၎င်းတို့နှင့် မျက်ခြည် ဖြတ်တောက်ခဲ့သော်လည်း တကယ်ဆိုလျှင် ထိုသူတို့သည် မုစ်လင်မ်များဖြစ်ကြသည်။ အကယ်၍ ထိုသူတို့က ၎င်းတို့၏အဓိမာန်ယုံကြည်မှုကို အကာအကွယ်ပြုနိုင်စေရန် မုဟာဂျိရ် မုစ်လင်မ်များထံ အကူအညီ တောင်းခံခဲ့လျှင် ၎င်းတို့ကိုကူညီရန်မှာ မပြုမနေရ ဖရသွိတာဝန်ဖြစ်သည်။ သို့ရာတွင် ထိုသို့လုပ်ဆောင်ရာတွင် မုဟာဂျိရ်မုစ်လင်မ်များသည် တရားမျှတမှုဆိုင်ရာ ဥပဒေများနှင့် တည်ဆဲပဋိညာဉ်ပေါ်တွင် သစ္စာစောင့်သိမှုကို မစွန့်လွှတ်ရချေ။ ထိုသို့ မရှေ့ပြောင်းသော မုစ်လင်မ်များက မုဟာဂျိရ်

များထဲ အကူအညီတောင်းခံရာတွင် မုဟာဂျိရ်တို့သည် စစ်မပြုရေးစာချုပ်ချုပ်ဆိုထားသည်ဆိုလျှင် ထိုချုပ်ဆိုသူများအား ဆန့်ကျင်ရန် မုစ်လင်မ်များကို အကူအညီပေးခြင်း ခွင့်မပြု။

ဟုဒိုင်ဗီယဟ်ဒြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခဲ့သည့်အချိန်က အလားတူအဖြစ်အပျက်တစ်ရပ် ဖြစ်ပျက်ခဲ့ပါသည်။ မက္ကာဟ်မြို့ရှိ မယ်ကြည်သွေဖည်ငြင်းပယ်သူများနှင့် ငြိမ်းချမ်းရေးအစီအစဉ်ပြုလုပ်ရန် တမန်တော်မြတ် s ရောက်ရှိခဲ့စဉ်က ကိုယ်တော်မြတ် s သည် စာချုပ်ချုပ်ဆိုပြီးနောက်မှ မဒီနာဟ်မြို့သို့ ရောက်ရှိခဲ့သူများကို နေရင်း အရပ်ပြန်ပို့မည်ဟု ငြိမ်းချမ်းရေးစာချုပ်တွင် ထည့်သွင်းချုပ်ဆိုခဲ့သည်။ ငြိမ်းချမ်းရေးစာချုပ်အဆုံးသတ်ခါနီးအချိန်တွင် တစ်စုံတစ်ရာသော အကြောင်းဖြင့် မက္ကာဟ်မြို့တွင်ရှိ မယုံကြည် သွေဖည်ငြင်းပယ်သူများက ချုပ်နှောင်ကာ အမျိုးမျိုး ညှဉ်းပန်း နှိပ်စက်ခံခဲ့ရသော စိုက်ယိဒိနာ အဗူဂျန်ဒလ် d သည် ပေါ်ထွက်လာခဲ့ပါသည်။ သူသည် ကိုယ်တော်မြတ် s ရှေ့တော်မှောက်ဝင်ရောက်ကာ သူမည်သို့ ညှဉ်းပန်းနှိပ်စက်ခံရကြောင်း လျှောက်တင်၍ ကိုယ်တော်မြတ်ထံ အကူအညီ တောင်းခံခဲ့သည်။ ဤကဏ္ဍတွင် စကြဝဠာတစ်ခုလုံး၏ ကြင်နာသနားမှုအဖြစ် ရောက်ရှိလာခဲ့သည့် ကိုယ်တော်မြတ် s ရှေ့တော်မှောက် ဤသို့တိုင်တန်းသည့်ကိစ္စ ရောက်လာမှုကို စဉ်းစားကြည့်ပါ။ ညှဉ်းပန်းနှိပ်စက်ခံရသည့် မုစ်လင်မ်တစ်ဦး ထံမှ ဤတိုင်တန်းမှုသည် ကိုယ်တော်မြတ် s သခင်၏ နှလုံးသားတွင် မည်သို့ခံစားရမည်ဆိုခြင်းကို မည်သူမျှ လွယ်လွယ်မစဉ်းစားနိုင်ချေ။ သို့သော်လည်း ဤသို့ခံစားမှုရှိလင့်ကစား ကိုယ်တော်မြတ် s သခင်သည် ဖော်ပြပါအာယသ်တော်၏ အဓိန့်ပညတ်ချက်အရ မကူညီနိုင်ကြောင်းပြော၍ ၎င်းကိုပြန်သွားစေပါသည်။

၎င်းဤအနေအထားနှင့် ပြန်သွားရသည်ကို ထိုအဖြစ်အပျက်ဖြစ်စဉ်ရှိခဲ့ကြသည့် မုစ်လင်မ်အားလုံး ယူကျုံးမရဖြစ်ခဲ့ကြရသည်။ သို့သော်လည်း အလွှာဟ်အရှင်မြတ်၏ မုက္ခပါဠိတော်ဖြင့် လမ်းညွှန်ခံခဲ့ရသော ကောင်းချီးမင်္ဂလာပေးခံရသည့် အစွလာမ့်တမန်တော်မြတ်သည်ကား ဖိနှိပ်ချုပ်ချယ်ညှဉ်းပန်းခြင်းသည် မရှိတော့ဘဲ ရက်အနည်းငယ်သည်းခံ၍ စောင့်ဆိုင်းခြင်းဖြင့် အဗူဂျန်ဒလ် d သည် စဝါးဗ်မြောက်များစွာ ရကာ ကံကြမ္မာကောင်းလာလိမ့်မည်ကို မြင်ရသကဲ့သို့ဖြစ်သည်။ ထို့နောက် မက္ကာဟ်ကို မကြာမြင့်မီ အောင် နိုင်ပါလိမ့်မည်။ ထို့နောက် ဤပြဿနာအားလုံးလည်း အလျှင်းရှိတော့မည်မဟုတ်ချေ။ ထိုအချိန်တိုင် တမန်တော်မြတ် s သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အဓိန့်တော်နှင့် အညီ ဆောင်ရွက်ခဲ့ကာ စိုက်ယိဒိနာ အဗူဂျန်ဒလ် d ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကံကြမ္မာဆိုးခံစားရသည်ထက် စာချုပ်ပါ အတိုင်း လိုက်နာရန် နှစ်သက်ခဲ့သည်။ ဤသည်မှာ အစွလာမ့်ရှရီအသ်၏ ပေါ်လွင်သော သွင်ပြင်လက္ခဏာဖြစ်သည်။ ထိုရှရီအသ် ကိုဖက်တွယ်ထားသူအားလုံးကို နောင်တမလွန်ဘဝတွင် ၎င်းတို့အား ကြိုဆိုနေသည့်အောင်မြင်မှု၊ ဂုဏ်သိက္ခာနှင့် အောင်ပွဲတို့ကိုလက်ခံရန် ထိုက်တန်သွားစေပါသည်။ သို့မဟုတ်ပါက အများအားဖြင့် မြင်တွေ့နေကျအတိုင်း ကမ္ဘာ့အင်အားကြီးများသည် စာချုပ်နှင့်ပဋိညာဉ်များဖြင့် ဆော့ကစားနေသည့်အဖြစ်မျိုး မြင်တွေ့ရပေမည်။ ထို အင်အားကြီးတို့သည် ဤစာချုပ်စာတမ်းကို ဖိအား၊ ကုတ်အဖြစ်သုံး၍ ချည့်နဲ့သူများကို ကြောက်ရွံ့စေ၍ အင်အားကြီးသူတို့၏ ထောင်ချောက်တွင် ကျစေပါသည်။ ကစားရန် အစီအမံကား ၎င်းတို့လက်တွင် အမြဲရှိနေသည်။ အနည်းငယ် အကျိုးဖြစ်ထွန်းမှုမြင်ရရုံမျှဖြင့် ရာပေါင်းများစွာသော အဓိပ္ပာယ်ပြန်ဆိုချက်များနှင့် စာချုပ်ပါအချက်အလက်များကို မလိုက်နာကြတော့ဘဲ အဆုံးသတ်ပစ်လိုက်သည်။ ယင်းကိစ္စရပ်ကို အပြစ်ဖို့ရန် မားစာခံများ စတင်၍ ရှာကြသည်။

ဒုတိယအာယသ် (၇၃)ထဲတွင် မိန့်ကြားထားသည်မှာ **وَالَّذِينَ كَفَرُوا بَعْضُهُمْ أَوْلِيَاءُ بَعْضٍ** "၎င်းပြင် "ကာဖိရ်"မယုံကြည်သွေဖည် ငြင်းပယ်သောသူတို့သည် အချင်းချင်းတစ်ဦးသည် တစ်ဦး၏အမွေစားအမွေခံ များပင် ဖြစ်ကြကုန်၏။ ၇၃" ဟူ၍ဖြစ်သည်။ ဤနေရာ၌ သုံးစွဲထားသောစကားလုံးသည် **ولى** (ဝလီ) ဟူသော စကားလုံးသည်

အစောပိုင်းဖော်ပြထားသကဲ့သို့ ယေဘုယျအဓိပ္ပာယ် ဆောင်သည်။ ယင်းတွင် အမွေဆက်ခံခြင်းကိစ္စတစ်ရပ်များတို့ အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် အားပေးခြင်းဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ဤအာယသ်မှ ကျန်ပ်တို့ လေ့လာသိရှိရသည်မှာ မယုံကြည် သွေဖည်ငြင်းပယ်သူ ကာဖိရ်များအား တစ်ဦးနှင့်တစ်ဦး အမွေဆက်ခံသူများဟု မှတ်ယူရမည်။ အထူးသဖြင့် အမွေခွဲဝေမှုနှင့်ပတ်သက်၍ ၎င်းတို့ဘာသာတွင် တည်ရှိနေသော ဥပဒေအရ ၎င်းတို့၏ အမွေကိစ္စရပ်များကို ဆုံးဖြတ်ရပါမည်။ ထပ်မံ၍ ၎င်းတို့ဖတဆိုးကလေးများကို ကျွေးမွေးသုတ်သင်ပြုစုခြင်းနှင့် ၎င်းတို့၏ မိန်းကလေးငယ်များ လက်ထပ် ထိမ်းမြားမှုအတွက် တာဝန်ရှိသော အုပ်ထိန်းသူ (ဝလီ) သည် ၎င်းတို့အထဲမှ ဖြစ်ရပါမည်။ တိုတိုဆိုရလျှင် မိသားစုကိစ္စ များအတွက် မုစ်လင်မ်မဟုတ်သူများ၏ ဘာသာရေးဆိုင်ရာဥပဒေသည် အစွမ်းလာမ့်နိုင်ငံတစ်ခုတွင်လည်း အမြဲ ထိန်းသိမ်း ကာကွယ်ပေးခံရပါသည်။

အာယသ်တော်အဆုံးတွင် "**إِلَّا تَفْعَلُوهُ تَكُنْ فِتْنَةٌ فِي الْأَرْضِ وَفَسَادٌ كَبِيرٌ**" အကယ်၍သာ (အို-မုစ်လင်မ်တို့) အသင်တို့သည် ဤ(ပညတ်တော်)အတိုင်း မပြုကြပါလျှင် ကမ္ဘာမြေဝယ် (အကြီးအကျယ်) ရှုပ်ထွေးမှု၊ ညှဉ်းပန်းနှိပ်စက်မှုသည်လည်းကောင်း၊ အကြီးအကျယ် ဖျက်ဆီးမှုသည်လည်းကောင်း ဖြစ်ပေါ်၍လာလတ္တံ့။ ၇၃"ဟူ၍ မိန့်ထားသည်။

ဤဝါကျသည် အစောပိုင်းက ဖော်ပြပြီးခဲ့သော အဓိန့်ပညတ်ချက်နှင့် ဆက်နွယ်နေသည်။ ပမာဆိုသော် (၁) မုဟာဂျိရ်နှင့် အန်ဆာရ်တို့သည် တစ်ဦးနှင့်တစ်ဦး အဆွေခင်ပွန်းဖြစ်ကာ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းခြင်း၊ ကူညီခြင်းနှင့် အမွေဆက်ခံခြင်းပါတို့ပါ အကျုံးဝင်သွားသည်။ (၂) ထိုအချိန်ကာလကရှိသော ပြောင်းရွှေ့သည့် မုဟာဂျိရ်နှင့် မပြောင်းရွှေ့သော မုဟာဂျိရ်မုစ်လင်မ်များအတွက်မူ အမွေကိစ္စနှင့်ပတ်သက်၍ တစ်ဦးနှင့်တစ်ဦး ဆွေမျိုးတော်စပ်သည်ဟု မမှတ်ယူသင့်ပါ။ သို့သော်လည်း သက်ဆိုင်သောအခြေအနေများအတွက်မှာမူ ၎င်းတို့အား ကူညီခြင်း၊ ထောက်ပံ့ခြင်း ပြုလုပ်သင့်သည်။ (၃) မယုံကြည်သွေဖည်ငြင်းပယ်သူ "ကာဖိရ်"များသည် တစ်ဦးနှင့်တစ်ဦး တာဝန်ယူစောင့်ရှောက်ကြသူများ (ဝလီ)ဖြစ်ကြသည်။ ထို့ကြောင့် ၎င်းတို့၏ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် အမွေဆက်ခံခြင်းတို့တွင် မုစ်လင်မ်များသည် မည်သည့်နည်းလမ်းဖြင့်မဆို ဝင်ရောက်မနှောင့်ယှက်သင့်ချေ။

ထို့နောက် မူရင်းစာသားကပြောသည်မှာ အကယ်၍ ကိစ္စရပ်များကို ဤအဓိန့်ပညတ်ချက်အတိုင်း မဆောင်ရွက်ခဲ့ပါလျှင် ကမ္ဘာမြေပေါ်တွင် မငြိမ်မသက်မှုများနှင့် အကြီးအကျယ်ဖျက်ဆီးမှုများ ဖြစ်လာပါလိမ့်မည်။ ဤနေရာ၌ ဖော်ပြထားသောအဓိန့်ပညတ်များ၏ အရေးပါမှုသည် သာတူညီမျှခြင်း၊ တရားမျှတခြင်းနှင့် အများပြည်သူ၏ ငြိမ်းချမ်းသာယာခြင်းဟူသော အဓိကစည်းမျဉ်းစည်းကမ်းများပေါ် အခြေခံထားသည်။ ဆက်စပ်သော အာယသ်များသည် အချင်းချင်းကူညီခြင်း၊ ထောက်ပံ့ခြင်းနှင့် အမွေဆက်ခံခြင်းသည် မျိုးရိုးဆိုင်ရာအပေါ်တည်မှီသကဲ့သို့ ယင်းကိစ္စရပ်များ၏ အရေးကြီးမှုသည် ဘာသာရေးဆိုင်ရာပေါ်၌လည်း တည်မှီကြောင်း ရှင်းလင်းထားသည်။ စင်စစ် ဆွေမျိုးဆိုင်ရာပတ်သက်မှုထက် ဘာသာရေးဆိုင်ရာပတ်သက်မှုကို ဦးစားပေးရမည်။ ဤအကြောင်းကြောင့် မျိုးရိုးစဉ်ဆက်အရ ၎င်းတို့သည် အဖေများ (သို့မဟုတ်) ညီအစ်ကိုများ (သို့မဟုတ်) သားများဖြစ်ကြသည့်တိုင် ကာဖိရ် (မယုံကြည် သွေဖည်သူ)တစ်ဦးသည် မုစ်လင်မ်ထံမှ အမွေဆက်ခံခွင့်မရှိသကဲ့သို့ မုစ်လင်မ်တစ်ဦးသည် ကာဖိရ်တစ်ဦးထံမှ အမွေဆက်ခံခွင့် မရှိပါ။ ဤသည် နှင့်အတူ ဘာသာရေးဆိုင်ရာ မလိုမုန်းထားမှုနှင့် ဘုရားမဲ့များ၏ ဘက်တော်သားဖြစ်စေခြင်းမှ ပိတ်ဆို့ရန် ညွှန်ကြားချက်များပေးထားသည်။ ယင်းညွှန်ကြားချက်ကား ဘာသာရေးဆိုင်ရာတို့သည် အပတ်တကုတ် လုပ်ဆောင်ရန်ခက်ခဲသည်မှာ သံသယမရှိသော်လည်း စာချုပ်ပါအချက်အလက်များအရ ရပ်တည်ရေးမှာကား ပိုမို နှစ်လိုဖွယ်ရာဖြစ်ပေသည်။ ဘာသာရေးဘက်လိုက်မှုကြောင့် စာချုပ်ပါအချက်အလက်များ ချိုးဖောက်ခြင်း ခွင့်မပြုချေ။

အလားတူပင် ညွှန်ကြားချက်ပေးထားသေးသည်မှာ မယုံကြည် သွေဖည်ငြင်းပယ်သူများသည် တစ်ဦးနှင့်တစ်ဦး အချင်းချင်း ထိန်းသိမ်းစောင့်ရှောက်သူများနှင့် အမွေဆက်ခံသူများအဖြစ် တာဝန်ရှိကြသောကြောင့် ၎င်းတို့၏ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် အမွေဆက်ခံမှုဆိုင်ရာ ပုဂ္ဂိုလ်ရေးဥပဒေများတွင် ဝင်ရောက် မစွက်ဖက် မနှောင့်ယှက် သင့်ချေ။ အပေါ်ယံကြည့်လျှင် ဤအမိန့်ပညတ်ချက်များသည် ဆင့်ပွားအမိန့်ပညတ် ချက်အနည်းငယ်နှင့် တူနေသည်။ သို့သော်လည်း ထိုအမိန့်ပညတ်ချက်များသည် အမှန်တကယ်တွင် ကမ္ဘာကြီးငြိမ်းချမ်းရေးအာမခံချက်ပေးနိုင်သည့် လူသားအားလုံးအတွက် သာတူညီမျှမှုနှင့် တရားမျှတမှု၏ ဆီလျော်အပ်စပ်သော အခြေခံမူများဖြစ်ကြသည်။ ထို့အတွက် ဤနေရာတွင် ဤအမိန့်ပညတ်ချက်များကို ဖော်ပြပြီး သည့်နောက် မည်သည့်အမိန့်ပညတ်ချက်တွင်မှ မသုံးသော အသုံးအနှုန်းကိုသုံး၍ သတိပေးထားသည်။ ယင်းမှာ "အကယ်၍သာ (အို-မုစ်လင်မ်တို့) သင်တို့သည် ဤ (ပညတ်တော်) အတိုင်း မပြုကြပါလျှင် ကမ္ဘာမြေဝယ် (အကြီးအကျယ်) ရှုပ်ထွေးမှု၊ ညှဉ်းပန်းနှိပ်စက်မှုသည် လည်းကောင်း၊ အကြီးအကျယ်ဖျက်ဆီးမှုသည်လည်းကောင်း ဖြစ်ပေါ်၍လာလတ္တံ့။" ဟူ၍ဖြစ်သည်။ ဤစကားလုံးများထဲတွင် အကြီးအကျယ်ရှုတ် ထွေးမှု ညှဉ်းပန်းနှိပ်စက်မှုမဖြစ်ပွားစေရန် တားဆီးရာတွင် ဤအမိန့်ပညတ်ချက်များတွင် ယင်းတို့၏ အကျိုးသက်ရောက်မှုတစ်ရပ်စီပါဝင်ကြောင်း အညွှန်းပေးထားသည်။

တတိယအာယသ်(၇၄)ထဲတွင် မက္ကာဟ်မြို့မှ ပြောင်းရွှေ့လာသော ဆွဟာဗဟ်များနှင့် ၎င်းတို့အား ကူညီသည့် မဒီနာမှအန်ဆာရ်များကို ချီးကျူးထားကြောင်းနှင့်အတူ ၎င်းတို့သည် စစ်မှန်သောမုစ်လင်မ်များဖြစ်ကြောင်း သက်သေခံချက်နှင့် ၎င်းတို့ကို ခွင့်လွှတ်ခြင်းကတိတော်နှင့် ထိုက်တန်သည့်စားနတ်ရိက္ခာ များ ပေးမည်ဟူသော ကတိတော်ကို ဖော်ပြထားသည်။ **أُولَٰئِكَ هُمُ الْمُؤْمِنُونَ حَقًّا** "ထိုသူတို့သည်ပင်လျှင် ပြည့်စုံသော မုအ်မင်န် ယုံကြည်ခြင်း သဒ္ဓါတရားထားရှိသူများ ဖြစ်ကြကုန်သတည်း" ဟူ၍ မိန့်ထားသည်ထဲတွင် မုစ်လင်မ်များ ဖြစ်ကြသော်လည်း မပြောင်းရွှေ့သောသူများသည် ၎င်းတို့အစွယ်လာမ် ဘာသာသက်ဝင်ယုံကြည်မှုက ပြီးပြည့်စုံမှုမရှိသကဲ့သို့ မသေမချာ ဖြစ်သဖြင့် အပြင်ပန်းအားဖြင့်သာ အစွယ်လာမ်သာသနာ သက်ဝင်ယုံကြည်သည့် အရေခြုံများသဖွယ် ဖြစ်သွားနိုင်သည် ဟူသောဘက်သို့ ညွှန်းထားသည်။ ထို့နောက် **لَهُمْ مَّغْفِرَةٌ** "ထိုသူ တို့အဖို့မှာကား လွတ်ငြိမ်းချမ်းသာခွင့်သည်လည်းကောင်း" ဟူ၍ မိန့်ထားသည်။ ယင်းကိစ္စရပ်ကို ခိုင်လုံသော (ဆွဟီးဟ်) ဟဒီးဆ်တော်များဖြစ်သည့် **وَالْهِجْرَةُ تَهْدِمُ** "အစွယ်လာမ်သည် ယင်းအလျင်ကရှိခဲ့သည်များကို ဖျက်သိမ်းခဲ့သည်နှင့် **اَلْاِسْلَامُ يَهْدِمُ مَا كَانَ قَبْلَهُ مَا كَانَ قَبْلَهُمْ** "ဟစ်ဂျ်ရာသ်သည် ယခင်ရှိခဲ့သည်များကို လုံးလုံးလျားလျား ချေဖျက်ပြီးဖြစ်သည်) တို့တွင် ရှင်းလင်းပြီးဖြစ်သည်။ အတိုချုပ်မှာ မုစ်လင်မ်တစ်ဦးဖြစ်လာသည့် လုပ်ရပ် သည် လွန်လေပြီးသည့်အတိတ်က ပြစ်မှုဒုစရိုက်အလုံးစုံဖြိုဖျက်ပြီးဖြစ်သည်။ အလားတူပင် ဟစ်ဂျ်ရာသ်ပြုလုပ်ခြင်းသည် အတိတ်မှ ပြစ်မှုဂုနာဟ်အားလုံး လုံးလုံးလျားလျားဖျက်သိမ်းပြီးဖြစ်သည်။

စတုတ္ထအာယသ် (၇၅)ထဲတွင် မုဟာဂျိရီးန် (မုဟာဂျိရ်များ - ရွှေ့ပြောင်းသူများ) အဆင့်အတန်း အမျိုးမျိုးနှင့် ပတ်သက်သည့် အမိန့်ပညတ်ချက်ကို ဖော်ပြထားသည်။ ဟုဒိုင်ဗီယဟ်ငြိမ်းချမ်းရေးစာချုပ် မချုပ်ဆိုမီကပင် ပြောင်းရွှေ့သွားသူများ မုဟာဂျိရီးန်များသည် မုဟာဂျိရ်များအနက် ပထမတန်းစားအဆင့် မုဟာဂျိရီးန်များဖြစ်ကြသည်။ ထို့နောက် ဒုတိယတန်းစား မုဟာဂျိရီးန်များသည် ဟုဒိုင်ဗီယဟ်စာချုပ်ချုပ်ဆိုပြီးနောက်မှ ပြောင်းရွှေ့ခဲ့ကြသော မုဟာဂျိရီးန်များဖြစ်သည်။ ဤအဆင့်အတန်းကွာခြားမှုကြောင့် နောင်တမလွန်ဘဝတွင် ၎င်းတို့ရမည့် အဆင့်အတန်းသည်လည်း ကွာခြားပါလိမ့်မည်။ သို့သော်လည်း ဤအမိန့်ပညတ်ချက်များအရ ဤလောကီကမ္ဘာနှင့်ပတ်သက်လာလျှင် ထိုသူတို့

သည်လည်း ပထမတန်းစားမုဟာဂျိရ်များနှင့် သက်ဆိုင်သောအမိန့်ပညတ်ချက်အရ တစ်ဦးနှင့်တစ်ဦး အမွေစားအမွေခံများဖြစ်ကြသည်။ ထို့ကြောင့် မုဟာဂျိရီးန်များထဲမှ ပထမတန်းစားမုဟာဂျိရီးန်တို့ကို ဦးတည်မိန့်ထားသည်မှာ **فَأُولٰٓئِكَ مِنكُمْ** "သို့ဖြစ်လျှင် ၎င်းတို့သည် လည်း အသင် (မုဟာဂျိရီးန်နှင့်အန်ဆွာရ်) တို့တွင် အပါအဝင်ဖြစ်ကြကုန်သည်။ ၇၅" ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ ဤဒုတိယတန်းစားမုဟာဂျိရီးန်တို့သည်လည်း အသင်တို့အုပ်စု၏ တစ်စိတ်တစ်ဒေသ ဖြစ်ကြောင်းဆိုလိုသည်။ထို့ကြောင့်အမွေနှင့်ပတ်သက်သည့်အမိန့်ပညတ်ချက်များအောက်တွင်ထိုဒုတိယတန်းစားသူများလည်း ပါဝင်ကာ ယေဘုယျ မုဟာဂျိရီးန်များတွင် အကျုံးဝင်သွားသည်။

ဤသည်မှာ စူရဟ်အလ်အန်ဖာလ်၏နောက်ဆုံးအာယသ်တော်ဖြစ်သည်။ ယင်းအာယသ်ထဲမှ အဆုံးတွင် ဆီလျော်သော အမွေဆက်ခံခြင်း၏ ဥပဒေကျင့်ထုံးတစ်ရပ် ဖော်ပြထားသည်။ ယင်းကျင့်ထုံးအရ အန်ဆွာရ်နှင့် မုဟာဂျိရီးန် တို့သည် ညီရင်းအစ်ကိုအဖြစ် စီမံထားမှုအရ အမွေဆက်ခံနိုင်သည်ဆိုကြောင်း ပြီးခဲ့သောအာယသ်တော်များတွင် ကြားဖြတ်အမိန့်တစ်ရပ်အား ဤအာယသ်တော်က ပယ်ဖျက်လိုက်သည်။ ဤအမွေဆက်ခံမှု၏ ယာယီဥပဒေကို ဖျက်သိမ်းလိုက်သည့် နောက်ဆုံးအာယသ်တော်မှာ- **وَ أُولُوا الْأَرْحَامِ بَعْضُهُمْ أَوْلٰى بِبَعْضٍ فِيْ كِتٰبِ اللّٰهِ** "သို့ရာတွင် (၎င်းတို့အနက်မှ) ဆွေမျိုးရင်းချာတို့သည် အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်အရ အချင်းချင်း တစ်ဦး၏ အမွေကိုတစ်ဦးက ပိုမို၍ပင်ဆက်ခံထိုက်၏ (၇၅)" ဟူ၍ဖြစ်သည်။ ယင်းတို့ကို ပို၍ အသေးစိတ် လေ့လာကြပါစို့။

အရဗီဘာသာစကားတွင် **اولو** (အုလူ) ဟူသောစကားလုံးအား ရပိုင်ခွင့်အချို့ ပိုင်ဆိုင်သူကိုဖြစ်စေသူများကို ပိုင်ဆိုင်သူပိုင်ရှင်အနေဖြင့်ဖြစ်စေ သုံးစွဲထားသည်။ အင်္ဂလိပ်ဘာသာရပ်တွင် ယင်းနှင့်တူသည့် စကားလုံး မရှိသဖြင့် ယင်းကို လူအများ၏ဟု ဘာသာပြန်ကာ သုံးနှုန်းထားသည်။ ပမာဆိုသော် **اولوالعقل** (အုလုလ်အက်လ်)အား အသိပညာရှိသူဟူ၍လည်းကောင်း၊ **اولوالارحام** (အုလုလ်အရ်ဟာမ်) သြဇာအာဏာရှိသူဟု ၎င်းပြန်ဆိုထားသည်။ ထို့ကြောင့် အုလုလ် အရ်ဟာမ် **اولوالامر** ဟူသော စကားလုံးသည် အရ်ဟာမ်များ၏လူ (သို့မဟုတ်) သားအိမ်များဟု ဆိုလိုသည်။ အရ်ဟာမ်သည် ရဟီးမ်၏ဗဟုဝုစ်ကိန်းဖြစ်ကာ လူသားကလေးတစ်ဦးအဖြစ် အဆင့်ဆင့်ဖြစ်ပွားစေသော ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခု၏ အမည်ဖြစ်သည်။ ဆွေမျိုးတော်စပ်မှုသည် ရဟမ်နှင့် ဆက်စပ်သောကြောင့် **اولوالارحام** (အုလုလ်အရ်ဟာမ်-သားအိမ်နှင့်ဆက်နွယ်ခြင်းအဖြစ် စာပေအရ ဘာသာပြန်ထားသည်)အား ဆွေမျိုးတော်စပ်ခြင်းအဓိပ္ပာယ်ဖြင့် အသုံး ပြုထားသည်။

အာယသ်တော်က ဆိုလိုသည်မှာ မုစ်လင်မ်အားလုံး အချင်းချင်းသည် စကြဝဠာတစ်ရပ်လုံးဆိုင်ရာ စည်းနှောင်မှုဖြင့် ညီအစ်ကိုတော်စပ်ခြင်းကြောင့် အကယ်၍လိုအပ်လျှင် တစ်ဦးနှင့်တစ်ဦး ကူညီခြင်း နှင့် ထောက်ပံ့ခြင်းသည် မပြုမနေရတာဝန် ဖရ်သွ်ဖြစ်သွားသည်။ ထို့ပြင် တစ်ဦးနှင့်တစ်ဦးသည်လည်း အမွေစားအမွေခံဖြစ်သွားကြသည်။ သို့သော်လည်း အခြားသောမုစ်လင်မ်များထက် အချင်းချင်း သွေးသားတော်စပ်သည့် မုစ်လင်မ်များကို ဦးစားပေးရပါမည်။ **فِيْ كِتٰبِ اللّٰهِ** (ဖီကိသာဗိလ္လာဟ် - "အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်တွင်" အဖြစ် ဘာသာပြန်ထားသည်- ၇၅) ဟူသော စာစုအား **فِيْ حُكْمِ اللّٰهِ** (ဖီဟုတ်က်မိလ္လာဟ်) ဟူသောအနေဖြင့် သုံးနှုန်းထားသည်။ ဆိုလိုသည်မှာ အလ္လာဟ် အရှင်မြတ်သည် ဤဥပဒေကို အရှင်မြတ်၏ အထူးအမိန့်ဖြင့် ပြုလုပ်ထားသည်။

ဤအာယသ်တော်ကပေးထားသော လုပ်ငန်းလုပ်ဆောင်မှုစည်းမျဉ်းကား အမွေခွဲဝေရာတွင် ဆွေမျိုးတော်စပ်မှုစံကိုအသုံးပြု၍ ခွဲဝေရမည်။ ထို့နောက် (အုလုလ်အရ်ဟာမ်) **اولوالارحام** စကားလုံးကို ဆွေမျိုးတော်စပ်မှုအကြွင်းမဲ့ အဓိပ္ပာယ်တစ်ရပ်အနေဖြင့် သုံးနှုန်းထားသည်။ ဤသည်တို့အနက် သီးခြားဆွေမျိုးသားချင်းများ၏ ဝေစုများ

အကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၏ စူရဟ်အလ်နိစားတွင် ဆုံးဖြတ်သတ်မှတ်ပြီးဖြစ်သည်။ ဤသည်တို့ကို အမွေဆက်ခံမှုဆိုင်ရာ ဥပဒေအသုံးအနှုန်းအရ အတ်စ်ဗာဝုလ်ဖရုဒ် (သို့မဟုတ်) ဒါဝီ အလ်ဖရုဒ်ဟုခေါ်သည်။ "ကုရ်အာန်ကျမ်းတော်မြတ်၏ အမွေစားများ"အဖြစ် ပေါ်ပြူလာဖြစ်စွာ အများက ရည်ညွှန်းထားသည်က ဆိုလိုသည်မှာ သေဆုံးသူတစ်ဦး၏အမွေကို ပြဋ္ဌာန်းထားသည့်ဥပဒေအရ ဝေစုရပိုင်ခွင့်ရှိသူများကို ဆိုလိုသည်။ သတ်မှတ်ထားသည့်ဝေစုကို ပေးအပ်ပြီး ကျန်ရစ်သော မည်သည့်ပစ္စည်းကိုမဆို အခြားသောဆွေမျိုးသားချင်းများအား ဤအာယသ်တော်တွင် ဖော်ပြထားသည့်အတိုင်း ပေးဝေရမည်။ ထို့နောက် ဆွေမျိုးသားချင်းအားလုံးကို ဖြန့်ဝေပေးသည်ဆိုရာတွင် အားလုံးပေးရန်ဟူ၍ကား မဖြစ်နိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် သွေးနီးသွေးဝေးရှိနေသောကြောင့်ဖြစ်သည်။ ၎င်းတို့အားလုံးရနိုင်ခွင့်ဆိုသည်မှာ အဖေတစ်ဦး အမေတစ်ဦးဖြစ်သည့် စိုက်ယိဒိနာအာဒမ်နှင့် စိုက်ယိဒါဟ် ဟောင်ဝါတို့မှ ပေါက်ဖွားလာ၍ဖြစ်သည်။ ထို့ကြောင့် ဆွေမျိုးသားချင်းများကို အမွေခွဲဝေဖြန့်ဖြူးခြင်း၏ လက်တွေ့ကျသည့် တစ်ခုတည်းသော နည်းလမ်းကား သွေးနီးသူများကို သွေးဝေးသူများထက် ဦးစားပေးရမည်။ သွေးဝေးသူကို ဖယ်ထုတ်ရာတွင် သွေးနီးခြင်း၏စံကို အသုံးပြုသင့်သည်။ ဤကိစ္စနှင့်ပတ်သက်၍ တမန်တော်မြတ် ﷺ မိန့်ကြားသော အဟာဒီးဆ် (ဟဒီးဆ်တော်များ)တွင် အသေးစိတ်ဖော်ပြချက်များ ပါဝင်သည်။ ယင်းအရ ဇာဝီအလ်ဖုရုဒ် (ကုရ်အာန်ကျမ်းတော်အရ အမွေဆိုင်များ)တို့အား အမွေဝေစုပေးပြီးသည့်နောက် အမွေကျန်များကို သေဆုံးကွယ်လွန်သူ၏ "အတ်စ်ဗတ်" (ဖခင်ဘက်မှဆွေမျိုးများ)အား အဆင့်အတန်းအလိုက်ပေးရမည်။ ဆိုလိုသည်မှာ သွေးနီးအတ်စ်ဗာတ် ဘခင်ဘက်မှဆွေမျိုးတို့အား သွေးဝေး (အတ်စ်ဗားတ်) တို့ထက် ဦးစားပေးရမည်။ ဤတွင် သွေးဝေးခြင်းနီးခြင်းဟူသောစံကို အသုံးပြုရမည်။

အကယ်၍ ဖခင်ဘက်မှ ဆွေမျိုးများ(အတ်စ်ဗာတ်) တစ်ဦးမျှ သက်ရှိထင်ရှားမရှိခဲ့လျှင် ကျန်ဆွေမျိုးတို့ကို ဝေငှပေးရမည်။

"အတ်စ်ဗာတ်" (သို့မဟုတ်) ဖခင်ဘက်မှ ဆွေမျိုးသားချင်းအပြင် အခြားသောဆွေမျိုးသားချင်းလည်း မြောက်မြားစွာရှိကြသည်။ အမွေဆက်ခံခြင်းနှင့် ဖြန့်ဝေခြင်း၏ အတတ်ပညာဆိုင်ရာအသုံးအနှုန်းအရ ဇာဝိလ်အရ်ဟာမ်ကို သီးသန့်ဖော်ပြထားခြင်းမှာ ၎င်းသူများအတွက်ဖြစ်ပေသည်။ သို့သော်လည်း ဤအသုံးအနှုန်းသည် နောက်ပိုင်းအချိန်ကာလတွင် သုံးနှုန်းမှုများလာသည်။ ကုရ်အာန်ကျမ်းတော်မြတ်ပါ **اولوالارحام** (အုလုလ်အရ်ဟာမ်) ဆိုသောစကားလုံးသည် ယင်း၏အဘိဓာန်ဆိုင်ရာ သဘောသက်ရောက်မှုအရ ဆွေမျိုးသားချင်းအားလုံးဖြစ်သော ဇာဝိလ်အလ်ဖုရုဒ် (ကုရ်အာန်ကျမ်းတော်လာ အမွေခံများ)၊ အတ်စ်ဗာတ် (ဖခင်ဘက်မှဆွေမျိုးများ) နှင့် ဇာဝိလ်အရ်ဟာမ် (သားအိမ် - ဆွေမျိုးသားချင်းများ) တို့သည် ယေဘုယျ အကျုံးဝင်သည်။

ထို့နောက် ဤအကြောင်းအရာနှင့်ပတ်သက်၍ စူရဟ်အလ်နိစားပါ အသေးစိတ်အချို့အရ အလ္လာဟ် အရှင်မြတ်ကိုယ်တိုင် သီးခြားဆွေမျိုးများအတွက် သတ်မှတ်ထားသော ဝေစုများကို အမွေဆက်ခံမှု အသုံးအနှုန်းတွင် ဇာဝိလ်အလ်ဖုရုဒ်ဟုခေါ်သည်။ ကျန်သည်များကို တမန်တော်မြတ် ﷺ မိန့်သည်မှာ -

**الحقوا الفرائض بأهلها فما بقي فهو لاولى رجل ذكر. (البخارى)**

"ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ထုတ်ထားသူများ၏ဝေစုများ အသီးသီးပေးပြီးနောက် ကျန်ရှိသည်တို့ကို သေဆုံးသူ၏အနီးစပ်ဆုံး အမျိုးသားဆွေမျိုးသားချင်းကို ပေးရမည်။ (အလ်ဗုခါရီ) ဟူ၍ ဖြစ်သည်။

ထိုသူတို့အား အမွေဆက်ခံမှုအသုံးအနှုန်းအရ အတ်စ်ဗာတ် (ဖခင်ဘက်မှဆွေမျိုးသားချင်း) ဟု ခေါ်ဆိုသည်။ အကယ်၍ သေဆုံးသူ၏ အတ်စ်ဗာတ် (ဖခင်ဘက်မှဆွေမျိုးများ) တစ်ဦးတစ်ယောက်မှ မရှိခဲ့လျှင် တမန်တော်မြတ် ﷺ မိန့်မှာချက်အရ အခြားသောဆွေမျိုးများက ရရှိမည်။ ဤဆွေမျိုးများအား အတတ်ပညာဆိုင်ရာအရ ဇာဝိလ်အရ်ဟာမ် (သားအိမ်ဆွေမျိုးများ)ဟု ခေါ်တွင်ကာ မိခင်ဘက်မှဦးလေး (သို့မဟုတ်) မိခင်ဘက်မှအဒေါ်နှင့် အခြားသူများဖြစ်ကြသည်။

စူရဟ်အလ်အန်ဖာလ်၏ ဤနောက်ဆုံးအာယသ်ပါ ဤနောက်ဆုံးဝါကျသည် အစောပိုင်းဖော်ပြခဲ့သည့် အာယသ်ပါ အစွယ်လာမ့်အမွေဆက်ခံခြင်းဥပဒေကို ပယ်ဖျက်ရုတ်သိမ်းပြီးဖြစ်စေသည်။ ထိုဥပဒေအရ အချင်းချင်း ဆွေမျိုးတော်စပ်မှုမရှိလင့်ကစား မုဟာဂျိရီးန်နှင့် အန်ဆွာရ်တို့သည် အမွေဆက်ခံခွင့်ရှိကြသည်။ ဤအမိန့်အား ပယ်ဖျက် ရုပ်သိမ်းရခြင်းမှာ ဟစ်ဂျ်ရသ်၏အစောပိုင်းကာလက အရေးပေါ်တွေးတောထုတ်ပြန်ခဲ့သော အမိန့်ပညတ်ချက် ဖြစ်သောကြောင့်ပင်တည်း။

စူရဟ်အလ်အန်ဖာလ် ဤတွင်အဆုံးသတ်သည်။ အလ္လာဟ်အရှင်မြတ်သည် ယင်းကို နားလည် သဘောပေါက်မှု ယင်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် သောင်ဖီးက် စွမ်းအားပေးတော်မူပါစေ။

(ဟစ်ဂျ်ရီ-၁၄၃၁ ခုနှစ်၊ ဇူလိုင်လ (၂၇)ရက်၊ (၂၀၁၀)ခုနှစ်၊ ဒီဇင်ဘာလ (၄)ရက်နေ့တွင် စူရဟ်အလ်အန်ဖာလ် ဘာသာပြန်ခြင်း အဆုံးသတ်ခဲ့၍ အရှင်မြတ်ကို ချီးမွမ်းထောမနာပြုပါ၏။ စူရဟ် အလ်သောင်ဗဟ်၏ သဖိစီရ်ကို အစမှအဆုံးထိ ပြီးမြောက်နိုင်သည့် အကူအညီကို အလ္လာဟ်အရှင်မြတ်ထံမှ သောင်ဖီးက်စွမ်းအား တောင်းခံပါ၏။ မုဖ်သီမုဟမ္မဒ်ရှဖီးအား အလ္လာဟ်အရှင် ရဟ်မသ်ပေးသနားတော် မူပါစေ။)

(မြန်မာပြန်ဆိုရေးအဖွဲ့)



# سُورَةُ التَّوبَةِ



## ဇုရဟ်အလ်သောင်ဗဟ်



رکوعاتها ۱۶ ۹ سُوْرَةُ التَّوْبَةِ مَدَنِيَّةٌ ۱۱۳ اٰیاتها ۱۲۹

## စူရဟ်အလ်သောင်ဗဟ် (နောင်တရခြင်းကလွှာ)

စူရဟ်အလ်သောင်ဗဟ်သည် မဒနီစူရဟ်ဖြစ်၍ ယင်းတွင်အာယသ်ပေါင်း ၁၂၉ အာယသ်နှင့် ပါဒ ၁၆ ခုပါရှိသည်။

### အာယသ် (၁ - ၅)

بَرَآءَةٌ مِّنَ اللّٰهِ وَ رَسُوْلِهٖۤ اِلَى الَّذِيْنَ عٰهَدْتُّمْ مِّنَ الْمُشْرِكِيْنَ ۝۱ فَسِيْحُوْا
فِي الْاَرْضِ اَرْبَعَةَ اَشْهُرٍ وَّ اعْلَمُوْۤا اَنَّكُمْ غَيْرُ مُعْجِزِي اللّٰهِ ۙ وَ اَنَّ اللّٰهَ مُخْزِي
الْكٰفِرِيْنَ ۝۲ وَ اَذَانٌ مِّنَ اللّٰهِ وَ رَسُوْلِهٖۤ اِلَى النَّاسِ يَوْمَ الْحَجِّ الْاَكْبَرِ اَنَّ اللّٰهَ
بَرِيْٓءٌ مِّنَ الْمُشْرِكِيْنَ ۙ وَ رَسُوْلُهٗ ؕ فَاِنْ تُبْتُمْ فَهُوَ خَيْرٌ لَّكُمْ ۚ وَ اِنْ تَوَلَّيْتُمْ
فَاعْلَمُوْۤا اَنَّكُمْ غَيْرُ مُعْجِزِي اللّٰهِ ؕ وَ بَشِّرِ الَّذِيْنَ كَفَرُوْا بِعَذَابٍ اَلِيْمٍ ۙ ۝۳
اِلَّا الَّذِيْنَ عٰهَدْتُّمْ مِّنَ الْمُشْرِكِيْنَ ثُمَّ لَمْ يَنْقُصُوْكُمْ شَيْـًٔا وَّ لَمْ يُظَاهِرُوْا
عَلَيْكُمْ اَحَدًا فَاَتِمُّوْۤا اِلَيْهِمْ عَهْدَهُمْ اِلٰى مُدَّتِهِمْ ؕ اِنَّ اللّٰهَ يُحِبُّ الْمُتَّقِيْنَ ۝۴
فَاِذَا انْسَلَخَ الْاَشْهُرُ الْحُرُمُ فَاقْتُلُوا الْمُشْرِكِيْنَ حَيْثُ وَجَدْتُّمُوْهُمْ وَ خُذُوْهُمْ
وَ احْصُرُوْهُمْ وَ اقْعُدُوْا لَهُمْ كُلَّ مَرْصَدٍ ۚ فَاِنْ تَابُوْا وَ اَقَامُوا الصَّلٰوةَ وَ اٰتَوُا
الزَّكٰوةَ فَخَلُّوْا سَبِيْلَهُمْ ؕ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ۝۵

ဤသည် အလ္လာဟ်အရှင်မြတ်ထံတော်မှလည်းကောင်း၊ ထိုအရှင်မြတ်၏ ရဏ္ဍလ တမန်တော်မြတ် အထံတော်မှလည်းကောင်း အသင်တို့ (ကာလအဝိုင်းအခြားမရှိ) ပဋိညာဉ် စာချုပ်ချုပ်ဆိုခဲ့ကြသော မုရှ်ရစ်ဂ်တို့အား (ၚင်းတို့၏ ပဋိညာဉ်စာချုပ်နှင့် စပ်လျဉ်း၍) လုံးဝတာဝန်ကင်းကြောင်း (ကြေညာခြင်းပင်) ဖြစ်ပေသတည်း။ (၉ : ၁)

သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊ အသင်သည် မုရှ်ရစ်ဂ်တို့အား ဤသို့ ပြောကြားပါလေ)။ အချင်းတို့ အသင်တို့သည် (ဤ)တိုင်းပြည်ဝယ် လေးလတိုင်အောင် (လွတ်လပ်စွာ) လှည့်လည်(သွားလာ)ကြလေကုန်။ ထိုမှတစ်ပါး အသင်တို့သည် ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်နှင့် ကင်းလွတ်အောင် ထွက်ပြေးနိုင်ကြသူများမဟုတ်ကြောင်း ကိုလည်းကောင်း၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်ပင် "ကာဖိရ်" မယုံမကြည် သွေဖည်ငြင်းပယ်သောသူတို့အား အရှက်တကွဖြစ်စေတော်မူမည့် အရှင်မြတ်ပင်ဖြစ် တော်မူကြောင်းကိုလည်းကောင်း (ကောင်းစွာ) မှတ်ယူကြလေကုန်။

(တစ်နည်း) ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား မစွမ်းဆောင်နိုင်အောင် ပြုလုပ်နိုင်သူများမဟုတ်ကြောင်းကိုလည်းကောင်း၊ မုချဇကန် အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်တို့အား အရှက်တကွဲဖြစ်စေ တော်မူမည့်အရှင် ဖြစ်တော်မူသည်ကိုလည်းကောင်း သိထားကြလေကုန်။ (၉ း ၂)

ထို့ပြင် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်၏အထံတော်မှ "ဟဂ်ဂျလ်အတ်က်ဗရ်"နေ့တွင် လူခပ်သိမ်းတို့ရှေ့ဝယ် ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်သည် လည်းကောင်း၊ (ပဋိညာဉ်ကို မိမိတို့ကိုယ်တိုင် ချိုးဖောက်ခဲ့ကြသော) "မုရှ်ရစ်က်" တို့နှင့်ပတ်သက်၍ (အချိန်ကာလ တစ်စုံတစ်ရာ သတ်မှတ်ခြင်းပြုတော်မမူဘဲ ယခုပင်) တာဝန်ကင်းတော်မူကြောင်း ကြေညာခြင်းပင်ဖြစ်ချေသတည်း။

သို့ဖြစ်သော်ငြားလည်း (အို-မုရှ်ရစ်က်အပေါင်းတို့) အကယ်၍ အသင်တို့သည် (မိမိတို့၏ အယူဝါဒများကိုစွန့်လွှတ်၍) ဝန်ချတောင်းပန် ကြပါမူ ထိုဝန်ချတောင်းပန်ခြင်းသည် အသင်တို့အဖို့ အကောင်းဆုံးပင်ဖြစ်ချေသည်။ သို့ရာတွင် အကယ်၍အသင်တို့သည် (ဝန်ချ) တောင်းပန်ခြင်းမပြုဘဲ မျက်နှာလွှဲခဲ့ကြပါလျှင် ဇကန်စင်စစ် အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် လွတ်ကင်းအောင် ထွက်ပြေးနိုင်ကြမည် မဟုတ်ကြောင်းကောင်းစွာ မှတ်ယူကြလေကုန်။ ထို့ပြင် (အို-နဗီတမန်တော်) အသင်သည် "ကာဖိရ်" သွေဖည်ငြင်းပယ်ကြကုန်သောသူတို့အား (ငင်းတို့ခံစားခြင်းဌာ) ပြင်းပြနာကျင်စေသော အပြစ်ဒဏ်သည် (အဆင်သင့်) ရှိနေကြောင်း သတင်းကောင်းပြောကြားပါလေ။ (၉ း ၃)

ငင်းအကြောင် "မုရှ်ရစ်က်"တို့မှတစ်ပါး အသင်တို့သည် ထိုသူတို့နှင့်ပဋိညာဉ် ဖွဲ့ခဲ့ကြလေသည်။ ထို့နောက် ငင်းတို့သည် အသင်တို့နှင့်ပတ်သက်၍ တစ်စုံတစ်ရာကိုမျှ ဝတ္တရားပျက်ကွက်ကြသည်လည်း မရှိပေ။ ယုတ်လျော့စေခဲ့ကြသည်လည်း မရှိပေ။ ငင်းပြင် ထိုသူတို့သည် အသင်တို့နှင့်ဆန့်ကျင်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကူညီခဲ့ကြသည်လည်းမရှိချေ။ သို့ဖြစ်လျှင် အသင်တို့သည် ထိုသူတို့နှင့်ထားရှိသောကတိကို ထိုသူတို့(သတ်မှတ်ခဲ့သော)အချိန်ကာလအပိုင်းအခြားအထိ ပြီးမြောက်အောင် ဆောင်ရွက်ကြလေကုန်။ မုချဇကန် အလ္လာဟ်အရှင်မြတ်သည် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြကုန်သော သူတော်စင်တို့အား ချစ်ကြည်မြတ်နိုးတော်မူ ချေသတည်း။ (၉ း ၄)

သို့ဖြစ်ပေရာ ထူးမြတ်သောလများ ကုန်လွန်သွားသောအခါ အသင်တို့သည် (ပဋိညာဉ်ကိုချိုးဖောက်ခဲ့ကြသော) "မုရှ်ရစ်က်" တို့အား အသင်တို့တွေ့လေရာ နေရာများတွင် (သတ်ဖြတ်ကြလေကုန်။) ထို့ပြင် အသင်တို့သည် ငင်းတို့အား ဖမ်းဆီးကြလေကုန်။ အသင်တို့သည် ငင်းတို့အား ချုပ်နှောင်(အကျဉ်းချထား) ကြလေကုန်။ ငင်းပြင် အသင်တို့သည် ထိုသူတို့အား (ဖမ်းဆီးရန်) ပုန်းအောင်းရာနေရာတိုင်းတွင် (ပုန်း

**အောင်း၍) ချောင်းမြောင်းကြလေကုန်။ တစ်ဖန် အကယ်၍ ထိုသူတို့သည် (ဖိမိတို့၏ အယူဝါဒများကို စွန့်လွှတ်၍) ဝန်ချတောင်းပန်ခြင်းကိုလည်းကောင်း၊ တည်မြဲစွာ "ဆွလာသ်" ဝတ်ပြုခြင်းကိုလည်းကောင်း၊ ဇကာသ်တရားဝင် ဒါနကြေးပေးဆောင်ခြင်း ကိုလည်းကောင်း ပြုကြပါလျှင် အသင်တို့သည် ၎င်းတို့၏လမ်းကို ဖွင့်လှစ်ပေးကြ လေကုန်။ ဇကာသ်အမှန် အလ္လာဟ်အရှင်မြတ် သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာညှာတာတော်မူသောအရှင် မြတ်ပင် ဖြစ်တော် မူပေသတည်း။ (၉ : ၅)**

**အကျယ်ဖွင့်ဆိုခြင်း**

ယခုအခါ စူရဟ်အလ်ဗရာအအ်စတင်ပါမည်။ ယင်းစူရဟ်ကို စူရဟ်အလ်သောင်ဗဟ်ဟုလည်း ခေါ်ဆိုပါသည်။ (စူရဟ်အလ်သောင်ဗဟ်ဟု အသံထွက်သကဲ့သို့ ရေးထားသည်။) ယင်းအား ဗရာအသ်ဟုခေါ်ဆိုရခြင်းမှာ ကုဖရ် (မယုံကြည်သွေဖည်ငြင်းပယ်သူများ၏) အကျိုးဆက်မှခွဲထွက်ခြင်းကြောင့် လည်းကောင်း၊ ဗရာအသ်အကြောင်း ဖော်ပြထားသောကြောင့်ဖြစ်သည်။ ထို့နောက် ယင်းအား သောင်ဗဟ်ဟုခေါ်ရခြင်းမှာ မုစ်လင်မ်များ၏ဝန်ချ တောင်းပန်ခြင်းကို လက်ခံခဲ့ကြောင်း ဖော်ပြထားသောကြောင့်လည်းကောင်း ဖြစ်သည်။ (မဇာဟီရီ) ဤစူရဟ်၏ထူးခြားချက်မှာ ကုန်အာန်ကျမ်းတော်မြတ် အစောင်စောင်တွင် ဤစူရဟ်အစ၌ ဗစ္စမိလ္လာဟ်ဟိရ်ရဟ်မာနိရ်ရဟီးမ် بِسْمِ اللهِ الرَّحْمٰنِ الرَّحِيْمِ အစဉ်မပြတ် သနားကြင်နာတော်မူသော၊ အနန္တကရုဏာရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏" ရေးမထားခြင်းဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ စူရဟ် အားလုံးအစတွင် ဗိစ်မိလ္လာဟ် ရေးခဲ့သော်လည်း စူရဟ်အလ်သောင်ဗဟ်မှာ တစ်ခုတည်းသောခြွင်းချက်ဖြစ်သည်။ ထင်ရှားပေါ်လွင်သည့် အကြောင်းအရင်း ကျွန်ုပ်တို့ မရှာဖွေမီအလျင် ကုရ်အာန်ကျမ်းတော်မြတ်သည် နှစ်ပေါင်း ၂၃ နှစ်အတွင်း တစ်ပိုဒ်စီ၊ တစ်ပိုဒ်စီ ကျရောက်ခဲ့ခြင်း ဖြစ်ကြောင်း ကျွန်ုပ်တို့စွမ်းတ်ထားရမည်။ စူရဟ်တစ်ခု၏ အာယသ်များသည် အချိန်အမျိုးမျိုးတွင် ကျရောက်ခဲ့ပါ သည်။ စိုက်ယိဒိနာဂျိဗရာအီးလ a သည် ဝဟီပို့ချချက်တစ်ခုနှင့်ဆင်း သက်ခဲ့လျှင် ယင်းအာယသ်ကို အလ္လာဟ်အရှင်အလိုရှိ တော်မူသည့်အစီအစဉ်အတိုင်း မည်သည့်စူရဟ်တွင်ထည့်ရမည်၊ မည်သည့်အာယသ်နောက်တွင် ထားရမည်ကို ရှင်းလင်း ထောက်ပြခဲ့သည်။ ဤသို့ အလ္လာဟ်အလိုတော်ကျအစီအစဉ်နှင့်အညီ တမန်တော်မြတ် s သခင်သည် စာရေးတော်များအား ဤဝဟီရေးသားစေခဲ့သည်။

စူရဟ်တစ်ခုအဆုံးသတ်ပြီးနောက် စူရဟ်တစ်ခုစတော့မည်ဆိုလျှင် "ဗိစ်မိလ္လာဟ်ဟိရ်ရဟ်မာနိရ်ရဟီးမ်" ကို နောက်စူရဟ် အမှန်တကယ်မကျရောက်မီအလျင် ကျရောက်ခဲ့သည်။ ယင်းမှာ ပြီးခဲ့သောစူရဟ် အဆုံးသတ်ခြင်းဖြစ်၍ နောက်စူရဟ်စခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ရန် လွယ်ကူပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ စူရဟ် အားလုံးသည် ထိုနည်းအတိုင်းကျရောက်ခဲ့သည်။ စူရဟ်အလ်သောင်ဗဟ်သည် ဝဟီကျမှု အစီအစဉ်အရဆိုလျှင် နောက်ဆုံးမှ ကျရောက်သောစူရဟ်များအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ယင်းစူရဟ် စတင်ကျသည့်အခါ၌ ထုံးစံအတိုင်း ဗိစ်မိလ္လာဟ်မကျရောက်ခဲ့သကဲ့သို့ တမန်တော်မြတ် s သခင်ကလည်း စာရေးတော်များအား ထိုသို့ရေးမှတ်ရန်မညွှန်ကြားခဲ့ချေ။ ကိုယ်တော်မြတ် s ဝဟ်တ်ကွယ်လွန်တော်မူသည့်တိုင် ထိုသို့ပင်တည်ရှိခဲ့သည်။

စိုက်ယိဒိနာ အုဆ်မားန်အလ်ဂနီ d ၏ ခိလာဖတ်သက်တမ်းကာလအတွင်း ကုရ်အာန်ကျမ်းတော်မြတ်ကို

ကျမ်းတစ်စောင်အသွင်သို့ စီစဉ်ခဲ့သောအချိန်တွင် စူရတ်အလ်သောင်ဗဟ်၏အစတွင် ဗိစ်မိလ္လာဟ်မရှိခဲ့ပါ။ ဤအစီအစဉ်မှာ ကျန်စူရတ်များအားလုံးနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ထို့ကြောင့် ဤစူရတ်သည် သီးခြားစူရတ် တစ်ခုဖြစ်သလော သို့မဟုတ် အခြားစူရတ်တစ်ခု၏အပိုင်းတစ်ပိုင်းလော ဟူသည့်သံသယပေါ်ခဲ့သည်။ သို့ဆိုလျှင် ၎င်းတို့တွေးတောသည်မှာ အကယ်၍ ဤစူရတ်သည် အခြားစူရတ်အချို့၏ တစိတ်တစ်ဒေသဖြစ်ခဲ့ပါလျှင် ယင်းစူရတ်မှာ မည်သည့်စူရတ်နည်း။ စူရတ်ပါအကြောင်းအရာများအရဆိုလျှင် စူရတ်အလ်အာန်ဖာလ်နှင့် အချိတ်အဆက် မိဟန်တူသည်။

တစ်နေရာ၌ စိုက်ယိဒိနာအုဆ်မားန် d ၏ ဆင့်ပြန်ချက်တစ်ရပ်တွင်လည်း "တမန်တော်မြတ် s သခင်၏ကောင်းချီးမင်္ဂလာရှိသောကာလအတွင်း ဤစူရတ်များအား **قرينتين** (ကရီးနသိုင်း-ဆက်စပ်ထားသည့် နှစ်ခု) ဟုခေါ်တွင်ခဲ့သည်။ (မဇာဟရီ) ထို့ကြောင့် ယင်းစူရတ်ကို စူရတ်အလ်အာန်ဖာလ်နောက်တွင် ထားရှိခဲ့သည်။ ဤကြိုတင်သတိရှိခြင်းမှာ အကယ်၍ ဤစူရတ်သည် အခြားစူရတ်တစ်ခု၏အစိတ်အပိုင်းဖြစ်နေခဲ့လျှင် ယင်း စူရတ်နှင့်အတူ ရှိနေရပေမည်။ သို့သော်လည်း ယင်းစူရတ်သည် အဆက်အစပ်မရှိ တသီးတစ်ခြားစီသော လွတ်လပ်သည့် စူရတ်တစ်ခုဖြစ်သည်။ထို့ကြောင့် ရေးသားရာတွင် သီးသန့်ပုံစံတစ်ခုသုံးစွဲထားသည်မှာ စူရတ်အလ်အာန်ဖာလ်အဆုံးသတ်ပြီး စူရတ်အလ်သောင်ဗဟ်မစတင်မီအလျင်နေရာအချို့ချန်ထားခဲ့သည်။ယင်းသည်ကားအခြားစူရတ်များ၏ခေါင်းစဉ်တွင် ဗိစ်မိလ္လာဟ်ရေးရန်အတွက် နေရာထားသည်နှင့် အလားတူသည်။

စူရတ်အလ်ဗရာအသ် (သို့မဟုတ်) စူရတ်သောင်ဗဟ်၏အစ၌ အဘယ့်ကြောင့် ဗိစ်မိလ္လာဟ်ရေးမထားခြင်း၏တိကျသောအကြောင်းပြချက်ကို ကုရ်အာန်ကျမ်းတော်မြတ်ဝဟီများကို ပြုစုခဲ့သော စိုက်ယိဒိနာအုဆ်မားန် d သခင်က တင်ပြထားသည်။ အဗူဒါဝူဒ်ကျမ်း၊ အန်နစာအီကျမ်း၊ အဟ်မဒ်မုစ်နာဒ်ကျမ်းနှင့် သိရ်မိဇီကျမ်းတို့တွင် ထိုအချိန်က စိုက်ယိဒိနာ အုဆ်မားန် d သည် ဆွဟာဗဟ်လည်းဖြစ်၍ ကုန်အာန်ကျမ်းမြတ်၏ ဋ္ဌီကာရှင် မုဖတ်စ်စိရ်ဖြစ်သူ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်ဘင်န်အဗ္ဗားစ် d ၏မေးခွန်းတစ်ခုကို ဖြေကြားစဉ်ကဖြစ်သည်။ ထိုမေးခွန်းထဲတွင် စိုက်ယိဒိနာ အဗ် ဒုလ္လာဟ် အိဗ်နိ အဗ္ဗားစ် d က စိုက်ယိဒိနာအုဆ်မားန် d သခင်အား ကုရ်အာန်ကျမ်းတော်မြတ်၏စူရတ်များ စီစဉ်ထားသိုပုံ အစီအစဉ်ကို မေးမြန်းခဲ့သည်။ ဥပမာတစ်ခုပေး၍ ဆွဟာဗဟ်ကြီးကထောက်ပြသည်မှာ အာယသ်တစ်ရာကျော် ထက်ပိုပါသည့် စူရတ်ကြီးများကို ဦးစွာပထမရှေ့မှာ ထားသည့် အတတ်ပညာဆိုင်ရာအရ ယင်းတို့ကို **مئين** (မိအိင်န် ရာပေါင်း) ဟုခေါ်သည်။ ယင်းနောက် အာယသ်တစ်ရာထက်နည်းသော စူရတ်အကြီး များကိုထားသည်။ ထိုစူရတ်များ ကို **مثانى** (မစာနီ - အဖန်တလဲလဲ) ဟုခေါ်သည်။ ယင်းနောက် **مفصلات** (မုဖစ္စ်စ္စလာသ်) ဟုခေါ်သည့် စူရတ် ငယ်များကို ထားသည်။ (စူရတ်ကာဖ် (၅၀) မှ ကုရ်အာန်ကျမ်းမြတ်အဆုံး (၁၁၄) ထိ)။ ဤအစီအစဉ်အရဆိုလျှင် စူရတ်အလ်သောင်ဗဟ်သည် စူရတ်အလ်အာန်ဖာလ်၏ ရှေ့မှာရှိရပါမည်။ အဘယ့်ကြောင့်ဆိုသော် စူရတ်အလ်သောင်ဗဟ်သည် အာယသ် ၁၀၀ ကျော်၍ စူရတ်အလ်အာန်ဖာလ်မှာ အာယသ် ၁၀၀ ထက်နည်းပေသည်။ **سبع طوال** (စဗအသ္သဝီါးလ်) ဟုခေါ်သည်။ ပထမရှည်လျားသော စူရတ်ခုနှစ်ပုဒ်၏အနေအထားအရဆိုလျှင် စူရတ်အလ်သောင်ဗဟ်ကို စူရတ်အလ်အာန်ဖာလ်ရှေ့တွင် ထားလျှင် ပို၍လျော်ကန်ပေသည်။ တည်ရှိနေသည့် အနေအထားအကြောင်း ဖော်ပြပြီးနောက် စိုက်ယိဒိနာအိဗ်နိအဗ္ဗားစ်က ဆန့်ကျင်ဘက်ထားသိုမှုအကြောင်း မေးမြန်းခဲ့သည်။ စိုက်ယိဒိနာ အုတ်စ်မာန်းက ပြောသည်မှာ "မှန်ပါတယ်၊ ကုရ်အာန်ကျမ်းတော်သည် အလွန့်အလွန် လေးနက်သော ကိစ္စဖြစ်သည်။ ကြိုတင်သတိထားမှုအရဆိုလျှင် ကျွန်ုပ်တို့သည် လုပ်ပြီးခဲ့သည့်အတိုင်း လုပ်ဆောင်ရမည်။ အဘယ့်

ကြောင့်ဆိုသော် စူရတ်သောင်ဗဟ်ဟာ တသီးတခြားစူရတ်ဟုမမှတ်ယူဘဲ စူရတ်အလ်အာန်ဖာလ်၏ တစ်စိတ် တစ်ဒေသဟု မှတ်ယူခဲ့ပါလျှင် စူရတ်အလ်အာန်ဖာလ်ပါအာယသ်များသည် စူရတ်အလ်သောင်ဗဟ်ထက် အလျင်ကျသည်မှာ ထင်ရှားသည်။ ဤအခြေအနေတိုင်းဆိုလျှင် စူရတ်အလ်အာန်ဖာလ်၏ အာယသ်များရှေ့တွင် နောက်မှကျသော အာယသ်များဖြစ်သည့် စူရတ်အလ်သောင်ဗဟ်ကို ဝဟီထုတ်ပြန်ပို့ချချက် လုပ်ပိုင်ခွင့်ခွင့်ပြုမှုမပါဘဲ ရှေ့တွင်ထားခြင်း ခွင့်မပြုချေ။ ထို့ပြင် ဝဟီထဲတွင် ထိုကဲ့သို့ညွှန်ကြားချက်မတွေ့ရှိသောကြောင့် စူရတ်အလ်အာန်ဖာလ်ကို အလျင်ဦးစွာထား၍ စူရတ်အလ်သောင်ဗဟ်ကို နောက်မှထားခဲ့သည်။

ဤတိကျသောအသေးစိတ်များမှ ကျွန်ုပ်တို့ လေ့လာသိရှိရသည်မှာ စူရတ်အလ်သောင်ဗဟ်၏အစဉ် ဗိစ်မိလ္လာဟ် မရေးထားခြင်းအကြောင်းမှာ စူရတ်အလ်သောင်ဗဟ်သည် တသီးတခြားစူရတ်မဟုတ်ဘဲ စူရတ် အလ်အာန်ဖာလ်၏ တစ်စိတ်တစ်ဒေသဖြစ်နိုင်ချေ ရှိသောကြောင့်ပင်တည်း။ ဤဖြစ်နိုင်ချေအရဆိုလျှင် တစ်စုံတစ်ဦးသည် ကုရ်အာန်ကျမ်းတော်မြတ်၏ မည်သည့်စူရတ်၏အလယ်၌မဆို ဗိစ်မိလ္လာဟ် မရေးသားသကဲ့သို့ ဤစူရတ်အစဉ် ဗိစ်မိလ္လာဟ် ရေးခြင်းသည်လည်း မမှန်ကန်ချေ။

ဤအခြေခံအရ မုစ်လင်မ်မမ္မသတ်ပညာရှင်များက မိန့်ကြသည်မှာ လူတစ်ဦးသည် စူရတ်အလ်အာန်ဖာလ် အား စတင်ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပြီး စူရတ်အလ်သောင်ဗဟ်ကို ဆက်ဖတ်ရွတ် သရဇ္ဈာယ်မည်ဆိုလျှင် စူရတ် အစဉ် ဗိစ်မိလ္လာဟ်မရွတ်ဖတ်သင့်ချေ။ သို့သော်လည်း ကုရ်အာန်သိလာဝသ် (ကုရ်အာန်ဖတ်ရွတ်သရဇ္ဈာယ်ခြင်း) လုပ်ဆောင်သည့် သူ (သို့မဟုတ်) သူမသည် ဤစူရတ်သောင်ဗဟ်အလယ်မှ စ၍သော်လည်းကောင်း၊ အစမှသော်လည်း ကောင်း ဖတ်ရွတ်သရဇ္ဈာယ်မည်ဆိုလျှင် ဗိစ်မိလ္လာဟ်ရွတ်ဆိုသင့်ပေသည်။ စည်းမျဉ်းစည်းကမ်း နားမလည်သည့် လူအချို့ကမူ စူရတ်အလ်သောင်ဗဟ်၏ မည်သည့်နေရာတွင်ဖတ်သည်ဖြစ်စေ ဗိစ်မိလ္လာဟ်ရွတ်ဆိုခြင်း မလိုဟု မှတ်ယူကြသည်။ ဤသည်မှာ မှားယွင်းသော ထင်မြင်ယူဆချက်တစ်ခုဖြစ်သည်။ ထို့နောက် ဤသည်ပေါ်မှာ ထပ်၍ အမှားတစ်ခု ကျူးလွန်ကြသည်။ ဗိစ်မိလ္လာဟ် ရွတ်ဖတ်သရဇ္ဈာယ်ရမည့်အစား ၎င်းသူတို့သည် اَعُوْذُ بِاللّٰهِ مِنَ الشَّيْطَانِ (ဂျဟန္နမ်ငရဲမီးမှ အကာ အကွယ်ရရန် အလ္လာဟ်အရှင်မြတ်ထံတော်မှ ခိုလှုံပါ၏) ဟူသည်ကို စူရတ်အလ်သောင် ဗဟ်အစမပျိုးမီ (သို့မဟုတ်) စဖတ်စဉ် ရွတ်ဆိုသရဇ္ဈာယ်ကြလိမ့်မည်။ ဤလုပ်ရပ်အတွက် တမန်တော်မြတ် ﷺ သခင်ထံမှ သော်လည်းကောင်း၊ ဆွဟာဗဟ် များထံမှလည်းကောင်း အထောက်အထားမရှိပါ။

ထို့နောက် စိုက်ယိဒိနာအိဗ်နိုအဗ္ဗားစ် d ၏ဆင့်ပြန်ချက်တစ်ခုတွင်တင်ပြထားသည့် စိုက်ယိဒိနာအလီ d သခင်၏ အဆိုအမိန့်တစ်ရပ်လည်းရှိသည်။ ယင်းမှာ "စူရတ်ဘရာအသ် (စူရတ်အလ်သောင်ဗဟ်) ၏အစတွင် ဗိစ်မိလ္လာဟ်ရေးမထားခြင်းမှာ بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ (ဗိစ်မိလ္လာဟ်ဟိရ်ရဟ်မားနိရ်ရဟီးမ်)သည် ကာကွယ်မှုပေးခြင်း၏ အာမခံဖြစ်သည်။ သို့သော် လည်း စူရတ်အလ်ဘရာအသ်ထဲတွင် ကာဖိရ်သွေဖည်ငြင်းပယ်သူများကိုပေးထားသည့် အကာအကွယ်ပေးခြင်းနှင့်ငြိမ်းချမ်းရေးပဋိညာဉ်သည်အဆုံးသတ်ပြီးဖြစ်သောကြောင့်ယင်းဗိစ်မိလ္လာဟ်မလိုတော့ချေ။ ဤအဆိုအမိန့်သည် စစ်မှန်သောအကြောင်းအရင်းကို မဆန့်ကျင်သည့် သန့်စင်သော ချည်းကပ်မှုတစ်ရပ်အဖြစ် မှတ်ယူသင့်သည်။ ထို့နောက် စစ်မှန်သောအချက်ဆိုသည်မှာ စူရတ်အလ်အာန်ဖာလ်နှင့် စူရတ်အလ်သောင်ဗဟ် တို့သည် စူရတ်တစ်ခုတည်း ဖြစ်သည်ဟူသည့် ဖြစ်နိုင်ချေပေါ်အခြေခံထား၍ ဗိစ်မိလ္လာဟ်မရေးခြင်းဖြစ်သည်။ ထို့နောက် အဘယ့်ကြောင့် မရေးထားသနည်းဟူသည်၏ အခြားနူးညံ့သိမ်မွေ့သည့် အချက်တစ်ရပ်လည်း ရှိသည်။ ဤစူရတ်က မြွက်ဟကြေညာ သည်မှာ မယုံကြည်သွေဖည်ငြင်းပယ်သူများအတွက် မည်သည့်တာဝန်တင်ရှိမှုမဆိုမှ

ကင်းလွတ်ကြောင်းနှင့် ၎င်းတို့အပေါ် ငြိမ်းချမ်းရေးနှင့် ကာကွယ်ပေးမှုတို့မှ ရုပ်သိမ်းပြီးဖြစ်ကြောင်း ကြေညာထားသောကြောင့် ဗိစ်မိလ္လာဟ် မရေးသင့်ချေ။ ထို့ကြောင့် ဖန်ဆင်းခြင်းပုံစံအရ ဤနေရာတွင် သီးခြားအကြောင်းခံများ ပေါ်ပေါက်ခဲ့ခြင်းကြောင့် ဤနေရာ၌ ဗိစ်မိလ္လာဟ်ရေးမထားပါ။

စူရဟ်အလ်သောင်ဗဟ်၏ လက်ရှိအာယသ်တော်များကို ပြည့်ပြည့်ဝဝ နားလည်သဘောပေါက်ရန်အတွက် ဤအာယသ်များကျစေသည့်အကြောင်းခံများဖြစ်သော အချို့အဖြစ်အပျက်များကို နားလည်ထားရန်လိုအပ်သည်။ ထို့ကြောင့် ပထမဦးစွာ ပေါ်လွင်ထင်ရှားသည့်အဖြစ်အပျက်များ၏ ကျစ်လစ်ခိုင်မာသောအသေးစိတ်များကို ဖေါ်ပြထားသည်။

(၁) စူရဟ်တစ်ခုလုံးခြုံငြော်ရလျှင် စူရဟ်အလ်သောင်ဗဟ်တွင် အချို့သောစစ်ပွဲများ၊ ယင်းစစ်ပွဲများနှင့် ပတ်သက်သော အဖြစ်အပျက်များ၊ ယင်းတို့မှထွက်ပေါ်လာသည့် အမိန့်ပညတ်ချက်များစွာနှင့် စည်းမျဉ်းစည်းကမ်းများ ပါဝင်သည်။ ပမာဆိုသော် အာရေးဗီးယားဇာ်မျိုးနွယ်စုများအားလုံးနှင့် ချုပ်ဆိုခဲ့သည့်စာချုပ်များအဆုံးသတ်ခြင်း၊ မက္ကာဟ်မြို့အောင်နိုင်ခြင်း၊ ဟုနိုင်းနှင့် သဗူးက်စစ်ပွဲများအကြောင်းဖြစ်သည်။ ဤအဖြစ်အပျက်များအနက် ဟစ်ဂျ်ရီ (၈) ခုနှစ်တွင်လည်း မက္ကာဟ်အောင်နိုင်ခြင်းအကြောင်း ဦးစွာဖော်ပြကာ ထို့နောက် ထိုနှစ်တွင်ဖြစ်ပွားသော ဟုနိုင်းစစ်ပွဲအကြောင်းဖြစ်သည်။ ထို့နောက် ဟစ်ဂျ်ရီ (၉) ခုနှစ် ရဂျဗ်လတွင်ဖြစ်ပွားသော သဗူးက်စစ်ပွဲအကြောင်း ဖြစ်သည်။ အဆုံးသတ်အနေဖြင့် ဟစ်ဂျ်ရီ(၉)ခုနှစ် ဇွလ်ဟိဂ္ဂျ်ဟ်လတွင် အာရေးဗီးယားရှိမျိုးနွယ်စုအားလုံးနှင့် ချုပ်ဆိုထားသော စာချုပ်များ အဆုံးသတ်ခြင်း ကြေညာချက်အကြောင်းဖြစ်သည်။

(၂) ဤအာယသ်တော်များတွင်ဖော်ပြခဲ့သော စာချုပ်များပယ်ဖျက်ခြင်းနှင့်ပတ်သက်သည့် အကြောင်းအရာအကျဉ်းချုပ်တွင်ပါဝင်သည်မှာ ဟစ်ဂျ်ရီ (၆) ခုနှစ်၌ တမန်တော်မြတ် ﷺ သည် အုမ္မရဟ်ပြုလုပ်ရန်ရည်ရွယ်ချက်ဖြင့် မက္ကာဟ်မြို့သို့လာရောက်ခဲ့စဉ် ကိုရိုက်ရှ်တို့သည် ၎င်းတို့၏မက္ကာဟ်မြို့အဝင်လမ်းကို ပိတ်ဆို့ထားခဲ့ကြသည်။ ထို့နောက် ဟုဒိုင်ဗီယဟ်၌ ထိုသူတို့နှင့်ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုသည့်အကြောင်းဖြစ်သည်။ ရှုဟုလ်မအာနီကျမ်းတွင် တင်ပြထားချက်အရ ဤစာချုပ်သက်တမ်းမှာ ဆယ်နှစ်ဖြစ်သည်။ မက္ကာဟ်မြို့တော်တွင် ကိုရိုက်ရှ်မျိုးနွယ်စုအပြင် အခြားမျိုးနွယ်စုများလည်း ရှိခဲ့ကြသည်။ ထိုလူမျိုးစုများလည်းအကျုံးဝင်စေရန် ငြိမ်းချမ်းရေးစာချုပ်တွင် စာပိုဒ် တစ်ပိုဒ်ထည့်ထားသည်။ ယင်းစာပိုဒ်ထဲ၌ ကိုရိုက်ရှ်လူမျိုးစုမှအပ ကျန်မျိုးနွယ်စုများမှတစ်စုသည် ကိုရိုက်ရှ်တို့နှင့် မဟာမိတ်ဖြစ်လိုလျှင် ပြုလုပ်ခွင့်ပေး၍ ကိုရိုက်ရှ်တို့နှင့်အတူနေခွင့်ပြုရန်နှင့် အကယ်၍ တမန်တော်မြတ် ﷺ သခင်နှင့် မဟာမိတ်ပြုလျှင် ပြုလုပ်ခွင့်ပေး၍ ကိုယ်တော်မြတ် ﷺ တို့နှင့်အတူ နေထိုင်ခွင့်ပြုရန်အချက် ပါဝင်သည်။ ထို့ကြောင့် ခုဇာအဟ်မျိုးနွယ်စုသည် တမန်တော်မြတ် ﷺ သခင်နှင့်မဟာမိတ်ပြုရန်ရွေးချယ်၍ ကိုယ်တော်မြတ် ﷺ နှင့်အတူ ရှိနေသကဲ့သို့ ဗနူဗကာရ်မျိုးနွယ်စုသည် ကိုရိုက်ရှ်တို့နှင့်မဟာမိတ်ပြုရန်ရွေးချယ်၍ ကိုရိုက်ရှ်တို့နှင့် အတူရှိနေခဲ့သည်။ စာချုပ်အရဆိုလျှင် ဆယ်နှစ်အတွင်း တစ်ဖက်နှင့်တစ်ဖက် သေကြေပျက်စီးစေမည့်စစ်ပွဲ မဖြစ်စေရသကဲ့သို့ မည်သည့်ဘက်တွင်မဆို ကျူးကျော်စော်ကားလာလျှင် ထိုကျူးကျော်စော်ကားလာသူကို မကူညီရဟု ပါရှိသည်။ စာချုပ်ပါ အဖွဲ့တစ်ခုနှင့်မဟာမိတ်ပြုလုပ်လာလျှင် ထိုမဟာမိတ်ပြုသူများသည် စာချုပ်ပါ အဖွဲ့ဝင်များလိုက်နာသကဲ့သို့ လိုက်နာကြရမည် ဖြစ်သည်။ တစ်နည်းဆိုရလျှင် မဟာမိတ်ပြုလာခဲ့သောသူများကို ကျူးကျော်စော်ကားခြင်းဖြစ်စေ၊ ၎င်းမဟာမိတ်တို့ကို ကျူးကျော်စော်ကားသူများကိုဖြစ်စေ ကူညီထောက်ပံ့ခြင်း မပြုရ။ ယင်းသို့လုပ်ဆောင်လျှင် စာချုပ်ဖောက်ဖျက်သည်ဟု မှတ်ယူရလိမ့်မည်။

ဤစာချုပ်ကို ဟစ်ဂျ်ရီ(၆)ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ဟစ်ဂျ်ရီ(၇)ခုနှစ်၌ ဤစာချုပ်အရ တမန်တော်မြတ် ﷺ သခင်နှင့် ဆွေဟာဗဟ်သာဝကကြီးများသည် အလျင်နှစ်ကလွတ်သွားခဲ့သော အုမ္မရဟ် (အုမ္မရဟ် အလ်ကသွာ) ပြုလုပ်ရန် မက္ကာဟ်မြို့သို့ထွက်ခွာခဲ့သည်။ မက္ကာဟ်မြို့တွင် တမန်တော်မြတ် ﷺ သည် (၃)ရက်ခန့်နေထိုင်၍ စာချုပ်ပါစည်းကမ်းအတိုင်းပြန်သွားခဲ့သည်။ ထိုအချိန်တိုင် မည်သည့်အဖွဲ့ကမျှ မည်သည့်နည်းနှင့်မဆို စာချုပ်ကို မဆန့်ကျင်ခဲ့ပါ။

ယင်းနောက်ငါးလ (သို့မဟုတ်) ခြောက်လခန့်ကြာသောအခါ၌ ဗနူခုဇာအဟ်မျိုးနွယ်စုတို့ကို ဗနူဗက်ရ်မျိုးနွယ်စုက ညအချိန်ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ ညဉ့်အခါတွင်ဖြစ်ပျက်ခဲ့၍ အမှန်ဘာဖြစ်ခဲ့သည်များ၏ အသေးစိတ်ကို တမန်တော်မြတ် ﷺ သိရှိရန်ခက်ခဲသည်ဟု ကိုရိုက်ရှ်မျိုးနွယ်စုတို့ကထင်မှတ်၍ ၎င်းတို့သည် ဗနူဗက်ရ်မျိုးနွယ်စုကို လူအင်အား၊ လက်နက်အင်အား အကူအညီပေးခဲ့သည်။

ဟုဒိုင်ဗိယဟ်ငြိမ်းချမ်းရေးစာချုပ်ပါ ဆယ်နှစ်အတွင်း အချင်းချင်းသတ်ဖြတ်သောစစ်ပွဲမဲပြုလုပ်ရန် ဟူသော စာချုပ်ကို အခြေအနေနှင့် အဖြစ်အပျက်များအရ လက်ခံခဲ့သောကိုရိုက်ရှ်လူမျိုးများသည် စာချုပ်ကိုဖောက်ဖျက်ခဲ့ကြသည်။

ဗနူခုဇာအဟ်မျိုးနွယ်စုသည် တမန်တော်မြတ် ﷺ ၏မဟာမိတ်ဖြစ်သဖြင့် ဤအဖြစ်အပျက်နှင့်ပတ်သက်၍ ကိုယ်တော်မြတ် ﷺ ထံ သတင်းပို့အကြောင်းကြားခဲ့သည်။ ကိုရိုက်ရှ်လူမျိုးများက ဤစာချုပ်ဖောက်ဖျက်ကြောင်း ကိုယ်တော်မြတ် ﷺ သိရှိပြီးနောက် ၎င်းတို့နှင့်စစ်ခင်းရန် တမန်တော်မြတ် ﷺ ပြင်ဆင်မှုများ လျှို့ဝှက်စွာပြု လုပ်ခဲ့သည်။

ဗဒ်ရ်စစ်ပွဲ၊ အုဟုဒ်စစ်ပွဲနှင့် အဟ်ဇာဗ်စစ်ပွဲများတွင် မုစ်လင်မ်များနှင့်ရင်ဆိုင်တိုက်ခိုက်ခဲ့ကြသည့် ကိုရိုက်ရှ်များသည် မုစ်လင်မ်များကို အကူအညီပေးခဲ့သော အကွယ်မှ အလွှာဟ်အရှင်မြတ်၏ တန်ခိုးတော်များကို ပြန်လည်သတိရခဲ့သည်။ ထိုသူတို့သည် ၎င်းတို့၏စွမ်းပကားတွင် မယစ်မူးနိုင်ကြတော့ပါ။ ယခုအခါ ၎င်းတို့သည် သူတို့၏ လေးနက်သော ပဋိညာဉ်ကို ဖောက်ဖျက်ခဲ့၍ မုစ်လင်မ်များက စတင်အောင် အန္တရာယ်ကြီးသည့် စစ်ပွဲတစ်ပွဲ ဖြစ်လာလိမ့်မည်ဆိုခြင်းကို ၎င်းတို့ အထင်အရှားဖြစ်လာပါသည်။ ဖြစ်နိုင်ချေရှိမှု ခိုင်မာလာသည်မှာ ကိုရိုက်ရှ်တို့ပဋိညာဉ်ချိုးဖောက်ခဲ့ကြောင်း တမန် တော်မြတ် ﷺ ထံသတင်းရောက်ရှိခဲ့ပြီး ကိုယ်တော်မြတ်က ဆိတ်ဆိတ်နေတော်မူခြင်းဖြစ်သည်။ ရွေးစရာလမ်းမရှိသည့် နောက် ကိုရိုက်ရှ်တို့သည် အဗူစုဖ်ယာန်အား မဒီနဟ်သို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်၍ အခြေအနေကို လေ့လာ ဆန်းစစ်ရန် ပြောကြားကြသည်။ ထို့နောက်အကယ်၍ တမန်တော်မြတ် ﷺ စစ်ကို ဦးစွာတိုက်ခိုက်မည့်အကြောင်း သိရှိပါလျှင် အတိတ်ကဖြစ်ပျက်ခဲ့သည်တို့ကို ကိုယ်တော်မြတ် ﷺ ထံ တိုးရှိုးတောင်းပန်၍ အနာဂတ်အတွက် စာချုပ် အသစ်တစ်ဖန် ချုပ်ဆိုရန်ဖြစ်သည်။

အဗူစုဖ်ယာန်သည် မဒီနဟ်မြို့တော်ရောက်ရှိခဲ့သောအခါ တမန်တော်မြတ် ﷺ ၏ စစ်ပြင်ဆင်မှုအညွှန်းများကို သူမြင်တွေ့ခဲ့ရသည်။ ဤသည်က သူ့သောကကို ပိုပွားစေပါသည်။ အဗူစုဖ်ယာန်သည် ကိုယ်တော်မြတ် ﷺ သခင်၏ ထင်ရှားသည့် ဆွေဟာဗဟ်များတစ်ဦးချင်းစီထံသွား၍ သူတင်ပြသည့်ကိစ္စကို ထောက်ခံရန်နှင့် စာချုပ် အသစ်ချုပ်ဆိုရာတွင် အကူအညီပေးရန် တွေ့ဆုံခဲ့သည်။ သို့သော်လည်း ကိုရိုက်ရှ်များ၏ မနှစ်မြို့ဖွယ်အတိတ်များနှင့် လက်ရှိဆက်ဆံရေးအရ ယင်းသို့ပြုလုပ်ရန် အားလုံးကငြင်းဆန်ခဲ့ကြသည်။ ကွင်းဆက်အနေဖြင့် အဗူစုဖ်ယာန်သည် လက်ချည်းသက်သက်ပြန်ခဲ့ရသည်။ မက္ကာဟ်ရှိကိုရိုက်ရှ်များ အထိတ်အလန့်ဖြစ်သွားခဲ့သည်။

ဗီဒါယဟ်ကျမ်းနှင့် အိပ်နိကဆီးရ်ကျမ်းတို့အရ တစ်ဖက်တွင် တမန်တော်မြတ် ﷺ နှင့် ဆွေဟာဗဟ် သာဝက ကြီးများ၏ ကြီးမားသောစစ်တပ်တစ်တပ်သည် မက္ကာဟ်မြို့ကိုတိုက်ခိုက်ရန် မဒီနဟ်မြို့မှ ဟစ်ဂျ်ရီ (၈) ခုနှစ်၊ ရမ်ဇာန်လ (၁၀) ရက်နေ့တွင် ထွက်ခွာခဲ့သည်။ အဆုံးမှာကား မက္ကာဟ်မြို့ကိုအောင်နိုင်ခဲ့သည်။

## မက္ကာဟ်မြို့အောင်နိုင်ခြင်း။ စစ်ရှုံးသောရန်သူများကို သိမ်မွေ့ညှင်သာစွာဆက်ဆံခဲ့သည်။

မက္ကာဟ်မြို့အောင်နိုင်သောအချိန်တွင် အစွလာမ်ဘာသာ၏မှန်ကန်မှုကိုကုရိုက်ရှ်အကြီးအကဲမြောက်များစွာ သိရှိခဲ့ကြသော်လည်း ၎င်းတို့အသိုင်းအဝိုင်းရှိ အကြီးအကဲများ၏ဖိအားကြောင့် ၎င်းတို့သည် လွတ်လပ်စွာ ဖော်ထုတ်နိုင်ခြင်းမရှိခဲ့ပါ။ ယခုအခါတွင် ၎င်းတို့မှာ အခွင့်အရေးရသောကြောင့် အစွလာမ်ဘာသာသို့ သက်ဝင်ယုံကြည်ခဲ့ကြသည်။ ထိုအချိန်ထိတိုင်ပင် ကာဖိရ်များအနက်အချို့မှအပအားလုံးကို တမန်တော်မြတ် ﷺ လွတ်ငြိမ်း ချမ်းသာခွင့်ပေးသည်။ ဤသည်မှာ ကိုယ်ကျင့်တရား၏ တစ်မူထူးခြားသော ထုတ်ဖော်ပြသချက်ဖြစ်သည်။ ယင်းမှာ နဗီ တမန်တော်များ၏လုပ်ရပ်နှင့် အံ့သြဖွယ်မုအဲ်ဇိဇ်များဖြစ်သည်။ ယင်းလုပ်ရပ်သည် မည်သူမျှအဲိပ်မက်ပင် မမက်သော လုပ်ရပ်များဖြစ်သည်။ ကာဖိရ်တို့၏ အတိတ်မှရန်လိုမှုများနှင့် မတရားမှုများကို လျစ်လျူရှုကာ တမန်တော်မြတ် ﷺ သခင်က ရိုးစင်းစွာမိန့်ကြားသည်မှာ- "ယနေ့တွင် တမန်တော်ယူစွဖ် ؑ က ၎င်းအား တွေ့ဆုံရန် အီဂျစ်သို့ရောက်ရှိလာသည့် သူ၏ညီအစ်ကိုများနှင့် မိဘများကို ပြောဆိုခဲ့သည့်အတိုင်းပြောပါမည်။ ယင်းမှာ لَا تَثْرِيبَ عَلَيْكُمُ الْيَوْمَ "ယနေ့ အသင်တို့အပေါ်၌ လုံးဝပြစ်တင်ခြင်းမရှိဇေချ(၁၂း၉၂)ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့ကသူ့အပေါ် အတိတ်က ပြုလုပ်ခဲ့သော မတရားမှုအတွက် လက်စားချေခြင်း (သို့မဟုတ်) ထိုသူများကို ပြစ်ဒဏ်ပေးရန်ဆိုခြင်းကား သူတွေးပင် မတွေးချေ။ စင်စစ် အတိတ်ကဖြစ်ပျက်ခဲ့သည်များအတွက် ထိုသူများအား ပြစ်တင်ဆောင်းမဲရန်ကိုပင် မလျော်ကန်ဟုမှတ်ယူခဲ့သည်။

## မက္ကာဟ်မြို့အောင်နိုင်စဉ် ရှိသောမုရ်ရစ်ကအမျိုးအစား (၄)မျိုးနှင့် ပတ်သက်သည့် စည်းမျဉ်းများ

ထို့နောက် မက္ကာဟ်မြို့တော်သည် မုစ်လင်မ်များ၏အုပ်ချုပ်မှုအောက် ရောက်ရှိခဲ့သည်။ မက္ကာဟ်မြို့နှင့် ဝန်းကျင်တွင်နေထိုင်သော မုစ်လင်မ်မဟုတ်သူများကို ၎င်းတို့၏အသက်စည်းစိမ်များအတွက် အကာအကွယ် အပြည့်အဝပေးခဲ့သည်။ သို့သော်လည်း ဤမုစ်လင်မ်မဟုတ်သူများ၏ တည်ရှိခဲအခြေအနေ ပြောင်းလဲသွားသော အချိန်လည်းရှိသည်။ ထိုသူများအနက် တစ်မျိုးကား ဟုဒိုင်ဗီယဟ်စာချုပ်ချုပ်ဆိုရာတွင် ပါဝင်သောအဖွဲ့ဖြစ်ကာ ၎င်းတို့ကိုယ်တိုင် စာချုပ်ဖောက်ဖျက်ခဲ့ပါသည်။ ယင်းဖောက်ဖျက်ခဲ့မှုမှာ မက္ကာဟ်အောင်နိုင်စေခြင်း၏အကြောင်းခံ ဖြစ်သွားသည်။ ထို့နောက် သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွက် ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးထားကာ စာချုပ်ပါအတိုင်း လိုက်နာကျင့်သုံးသည့် လူအမျိုးအစား တစ်မျိုးရှိသည်။ ၎င်းတို့မှာ ဗနူကိနာနဟ် မျိုးနွယ်စုနှစ်ခုမှ ဗနူဒမူရဟ်နှင့် ဗနူမုဒ်လဂျ်ခေါ်သည့် မျိုးနွယ်စုတို့ဖြစ်သည်။ ခါဇင်မ်၏တင်ပြချက်အရ သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွက် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုထားခဲ့သည်။ ထို့နောက် စူရဟ်အလ်ဗရာအသ် (အလ်သောင်ဗဟ်) ကျရောက်သည့်အချိန်တွင် ၎င်းတို့နှင့်ချုပ်ဆိုသော စာချုပ်သက်တမ်းကုန်ရန် ကိုးလခန့်လို သေးသည်။

တတိယအမျိုးအစားမှာ သတ်မှတ်ထားသည့်အချိန်ကာလမပါဘဲ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုထားသူများဖြစ်သည်။ စတုတ္ထအမျိုးအစားမှာ မည်သည့်စာချုပ်မျှ ချုပ်ဆိုမထားသူများ ဖြစ်ကြသည်။

မယုံကြည်သွေဖည်ငြင်းပယ်သူများ (သို့မဟုတ်) ကျမ်းရဟုဂ္ဂိလ်များ (ဂျူးနှင့်ခရစ်ယာန်များ) တို့နှင့် တမန်တော်မြတ် ﷺ ချုပ်ဆိုခဲ့သောစာချုပ်များမှရရှိသော မနှစ်မြို့ရွှံ့ရှာဖွယ် အတွေ့အကြုံများမှာ ၎င်းတို့သည် ဤစာချုပ်များကို ပြောင်ပြောင်တင်းတင်းဖြစ်စေ၊ ပုန်းလျှိုးကွယ်လျှိုးဖြစ်စေ မထီမဲ့မြင်ပြုရုံမျှမက၊ တမန်တော်မြတ် ﷺ နှင့် ကိုယ်တော်၏ မုစ်လင်မ်များကို ထိခိုက်နာကျင်စေရန် ရန်သူများနှင့် အမြဲတမ်း တီးတိုးတိုင်ပင်လျက်ရှိကြသည်။ ထို့ကြောင့် ကိုယ်တော်မြတ်၏ ရှည်ကြာသော အတွေ့အကြုံနှင့် အလွှာဟ်အရှင်ချပေးသည့်အညွှန်းများအရ တမန်တော်မြတ် ﷺ သည် ၎င်းထိုသူ များနှင့် မည်သို့သောငြိမ်းချမ်းရေးစာချုပ်ကိုမျှ မချုပ်ဆိုရန်နှင့် အရေးဗီးယားကျွန်းဆွယ်တစ်ခုလုံး မုစ်လင်မ်များ ရှိနေစေပြီး မုစ်လင်မ်များနှင့် အစွလာမ့်ခံတပ်တစ်ခုပြုလုပ်ရန် သံဓိဌာန်ချခဲ့သည်။ ဤသို့လုပ်ဆောင်ရန် အတွက်ဆိုလျှင် မက္ကာဟ်မြို့တော်နှင့် အာရေးဗီးယားကျွန်းဆွယ်ကို သိမ်းယူပြီးနောက် မုစ်လင်မ် မဟုတ်သူများကို ဤနေရာမှစွန့်ခွာ၍ အခြားတစ်နေရာရာသွားစေရန် ကြေညာချက်ထုတ်ပြန်ရပါလိမ့်မည်။ သို့သော်လည်း တရားမျှတမှု၊ သာတူညီမျှရှိမှုနှင့် လူသားဆန်ဆန်ဆက်ဆံရေးဟူသော အစွလာမ့်စည်းမျဉ်း စည်းကမ်းအရလည်းကောင်းတမန်တော်မြတ် ﷺ သခင် သည်ပင် စကြဝဠာ၏သနားကရုဏာတော်ရှင် ဖြစ်တော်မူသည့်အလျောက် သင့်တင့်လျောက်ပတ်သော အချိန် ကာလ သတ်မှတ်စစ်မပြုလုပ်ဘဲ ဤသို့ပြုမူလျှင် မသင့်လျော်ဟု မှတ်ယူခဲ့သည်။ ထို့ကြောင့် စူရဟ်အလ်ဗရာအသ် (စူရဟ် အလ်သောင်ဗဟ်)၏ အစတွင် မုစ်လင်မ် မဟုတ်သည့်အုပ်စု အမျိုးအစားလေးခုနှင့် ပတ်သက်သည့် သီးခြားအမိန့်ပညတ်ချက်များ ချပေးခဲ့သည်။

ယင်းကဲ့သို့သောအုပ်စုမှ ပထမအုပ်စုမှာ ဟုဒိုင်ဗီယဟ်စာချုပ်ကို ချိုးဖောက်ခဲ့ကြသည့် မက္ကာဟ်မြို့မှ ကုရိုက်ရှ်များဖြစ်ကြသည်။ ထိုသူများသည် ဆိုင်းငံ့ အပိုအချိန်နှင့် မထိုက်တန်ချေ။ သို့ရာတွင် ထိုအချိန် ကာလသည် တိုက်ခိုက်ခြင်းနှင့် သတ်ဖြတ်ခြင်းကို အလွှာဟ်အရှင်မြတ်တားမြစ်ထားသည့် "မြင့်မြတ်သောလများ" ဖြစ်နေပါသည်။ ထို့ကြောင့် ယင်းတို့နှင့် ပတ်သက်သော အမိန့်ပညတ်ချက်သည် စူရဟ်အလ်သောင်ဗဟ်၏ ပဉ္စမအာယသ်ထဲ၌- **فَإِذَا انْسَلَخَ الْأَشْهُرُ الْحُرُمُ فَاقْتُلُوا الْمُشْرِكِينَ حَيْثُ وَجَدْتُمُوهُمْ** "သို့ဖြစ်ပေရာ ထူးမြတ်သောလများကုန်လွန်သွားသောအခါ အသင်တို့သည် (ပဋိညာဉ်ကိုချိုးဖောက်ခဲ့ကြ သော) "မုရှ်ရစ်က်" တို့အား အသင်တို့ တွေ့ရာနေရာများတွင် (သတ်ဖြတ်ကြလေကုန်။) ထို့ပြင် အသင်တို့သည် ၎င်းတို့အား ချုပ်နှောင် (အကျဉ်းချထား)ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ထိုသူတို့အား (ဖမ်းဆီးရန်) ပုန်းအောင်း ရာနေရာတိုင်းတွင် (ပုန်းအောင်း၍) ချောင်းမြောင်းကြလေကုန်။ တစ်ဖန်အကယ်၍ ထိုသူတို့သည် (မိမိတို့၏အယူဝါဒများကိုစွန့်လွှတ်၍) ဝန်ချတောင်းပန်ခြင်းကိုလည်းကောင်း၊ တည်မြဲစွာ "ဆွလာသ်" ဝတ်ပြုခြင်း ကိုလည်းကောင်း၊ ဇကာသ်တရားဝင် ဒါနကြေးပေးဆောင်ခြင်းကိုလည်းကောင်း ပြုကြပါလျှင် အသင်တို့သည် ၎င်းတို့၏လမ်းကို ဖွင့်လှစ် ပေးကြလေကုန်။ ဇကာန်အမှန် အလွှာဟ်အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အရှင်၊ အလွန်တရာ သနားကြင်နာညှာတာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၉ း ၅)"

ဆိုလိုသည်မှာ ထိုသူများသည် စာချုပ်ပါ တာဝန်ဝတ္တရားများကို ချိုးဖောက်ခဲ့ကာ သူတို့၏ရပိုင်ခွင့်များ စွန့်လွှတ်ခဲ့ရသော်လည်း "မြင့်မြတ်သောလများ" ၏ထွဋ်မြတ်မှုကိုလိုက်နာရန် အရေးကြီးသောကြောင့် ၎င်းတို့အား "မြင့်မြတ်သောလများ" ကုန်ဆုံးသည်နှင့်တစ်ပြိုင်နက် အရေးဗီးယားကျွန်းဆွယ်မှ ထွက်ခွာစေရမည်။ မထွက်ခွာလိုပါက အစွလာမ်ဘာသာသို့ သက်ဝင်ယုံကြည်ရမည်။ သို့မဟုတ်လျှင် စစ်ပြုခံရမည်။

ထို့နောက် ဒုတိယအုပ်စုတွင် သတ်မှတ်ထားသည့်အချိန်တစ်ခုအတွက် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုထား ကာ ယင်းစာချုပ်ပါအတိုင်း လိုက်နာကျင့်သုံးသူများဖြစ်ကြသည်။ ထိုသူများနှင့် ပတ်သက်သော အမိန့်ပညတ် ချက်များကို စူရတ်အလ်သောင်ဗဟ်၏စတုတ္ထအာယသ်ထဲ၌ ဖော်ပြထားသည်။

اِلَّا الَّذِيْنَ عٰهَدْتُّمْ مِّنَ الْمُشْرِكِيْنَ ثُمَّ لَمْ يَنْقُصُوْكُمْ شَيْـًٔا وَّ لَمْ يُظَاهِرُوْا عَلَيْكُمْ اَحَدًا فَاَتِمُّوْٓا اِلَيْهِمْ عَهْدَهُمْ اِلٰى مُدَّتِهِمْ ؕ اِنَّ اللّٰهَ يُحِبُّ الْمُتَّقِيْنَ

"၎င်းအကြောင် "မုရှ်ရစ်က်"တို့မှတစ်ပါး အသင်တို့သည် ထိုသူတို့နှင့်ပဋိညာဉ် ဖွဲ့ခဲ့ကြလေသည်။ ထို့နောက် ၎င်းတို့သည် အသင်တို့နှင့်ပတ်သက်၍ တစ်စုံတစ်ရာကိုမျှ ဝတ္တရားပျက်ကွက်ကြသည် လည်းမရှိပေ။ ယုတ်လျော့စေခဲ့ ကြသည်လည်းမရှိပေ။ ၎င်းပြင် ထိုသူတို့သည် အသင်တို့နှင့် ဆန့်ကျင်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကူညီခဲ့ကြ သည်လည်းမရှိချေ။ သို့ဖြစ်လျှင် အသင်တို့ သည် ထိုသူတို့နှင့် ထားရှိသောကတိကို ထိုသူတို့ (သတ်မှတ်ခဲ့သော) အချိန်ကာလအပိုင်း အခြားအထိ ပြီးမြောက်အောင် ဆောင်ရွက်ကြလေကုန်။ မုချဇကန် အလ္လာဟ်အရှင်မြတ်သည် ပြစ် မှုဒုစရိုက်တို့မှကြဉ်ရှောင်ကြကုန်သော သူတော်စင်တို့အား ချစ်ကြည်မြတ်နိုးတော်မူချေသတည်း။ (၉ း ၄)"

ဤပညတ်ချက်သည် ဗနူဒမူရဟ်နှင့် ဗနူမုဒ်လာဂျ်မျိုးနွယ်စုများနှင့်သက်ဆိုင်ကာ ယင်းအမိန့်ပညတ်ချက် အရ ထိုသူများအား ဆိုင်းငံ့ကာလ (၉) လ ခွင့်ပြုခဲ့သည်။

بَرَآءَةٌ مِّنَ اللّٰهِ وَ رَسُوْلِهٖٓ اِلَى الَّذِيْنَ عٰهَدْتُّمْ مِّنَ الْمُشْرِكِيْنَ ؕ فَسِيْحُوْا فِى الْاَرْضِ اَرْبَعَةَ اَشْهُرٍ وَّ اعْلَمُوْٓا اَنَّكُمْ غَيْرُ مُعْجِزِى اللّٰهِ ۙ وَ اَنَّ اللّٰهَ مُخْزِى الْكٰفِرِيْنَ

"ဤသည် အလ္လာဟ်အရှင်မြတ်ထံတော်မှလည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ် အထံတော်မှ လည်းကောင်း အသင်တို့ (ကာလအပိုင်းအခြားမရှိ) ပဋိညာဉ်စာချုပ်ချုပ်ဆိုခဲ့ကြသော မုရှ်ရစ်က်တို့အား (၎င်းတို့၏ ပဋိညာဉ်စာချုပ်နှင့်စပ်လျဉ်း၍) လုံးဝတာဝန်ကင်းကြောင်း (ကြေညာ ခြင်းပင်) ဖြစ်ပေသတည်း။ (၉ း ၁)"

"သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊ အသင်သည် မုရှ်ရစ်က်တို့အား ဤသို့ပြောကြားပါလေ)။ အချင်းတို့ အသင်တို့သည် (ဤ) တိုင်းပြည်ဝယ် လေးလတိုင်အောင် (လွတ်လပ်စွာ) လှည့်လည် (သွားလာ)ကြလေကုန်။ ထိုမှ တစ်ပါး အသင်တို့သည် ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်နှင့် လွတ်ကင်းအောင် ထွက်ပြေးနိုင်ကြသူများ မဟုတ်ကြောင်းကို လည်းကောင်း၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်ပင် "ကာဖိရ်" မယုံမကြည်သွေဖည်ငြင်း ပယ်သောသူတို့အား အရှက် တကွဖြစ်စေတော်မူမည့် အရှင်မြတ်ပင်ဖြစ်တော်မူကြောင်းကိုလည်းကောင်း (ကောင်းစွာ) မှတ်ယူ ကြလေကုန်။" "(တစ်နည်း) ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား မစွမ်းဆောင် နိုင်အောင် ပြုလုပ်နိုင်သူများ မဟုတ်ကြောင်းကိုလည်းကောင်း၊ မုချဇကန် အလ္လာဟ်အရှင်မြတ် သည် ကာဖိရ်တို့အား အရှက်တကွဖြစ်စေတော် မူမည့်အရှင် ဖြစ်တော်မူသည်ကိုလည်းကောင်း သိထားကြလေကုန်။ (၉ း ၂)"

ထို့ကြောင့် ပထမအာယသ်တော်နှစ်ခုအရ အချိန်ကာလသတ်မှတ်ချက်မရှိဘဲ စာချုပ်ချုပ်ထားသူများ (သို့မဟုတ်) စာချုပ် လုံးဝချုပ်ဆိုထားခြင်းမရှိသောသူများအား ဆိုင်းငံ့ကာလ ၄ လ ခွင့်ပြုခဲ့သည်။

စတုတ္ထအာယသ်တော်အရ အချိန်ကာလသတ်မှတ်ပြီး ချုပ်ဆိုသောသူများသည် စာချုပ်ပါကာလကုန်ဆုံးသည်အထိ ဆိုင်းငံ့ကာလရရှိသည်။ ထို့နောက် ပဉ္စမအာယသ်တော်အရ မက္ကာဟ်မြို့ရှိ "မုရှ်ရစ်ကဲ်" များအတွက် ဆိုင်းငံ့ကာလမှာ "မြင့်မြတ်သောလများ" ကုန်ဆုံးသည်အထိဖြစ်သည်။

## ချုပ်ဆိုထားသည့်စာချုပ်သက်တမ်းကုန်ဆုံးလင့်ကစား မယုံကြည်သွေဖည်ငြင်းပယ်သူများကို ဆိုင်းငံ့ကာလပေးခဲ့မှု၏ စေတနာကောင်းထားခြင်း

အရေးဗီးယားကျွန်းဆွယ်တစ်ခုလုံးအတွက် ဆိုင်းငံ့ကာလနှင့်ပတ်သက်သော ထင်ရှားသည့်သတင်း အချက်အလက်များ ထုတ်ပြန်ကြေညာပြီးသည်နှင့် အသက်ဝင်လာပါလိမ့်မည်။ ဤကိစ္စရပ်အတွက် ပြုလုပ်ထား သောစီမံမှုအရ ဟစ်ဂျ်ရီ ၉ ခုနှစ်တွင် ဟဂျ်ပြုလုပ်မည့် မီနာနှင့် အရဖသ်တွင်ရှိသော ကြီးမားသောလူစုလူဝေးကြီးအား အသိပေးကြေညာမည်။ ဤအကြောင်းကို စူရဟ်အလ်သောင်ဗဟ်၏ တတိယနှင့် စတုတ္ထအာယသ်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

وَ اَذَانٌ مِّنَ اللّٰهِ وَ رَسُوْلِهٖۤ اِلَى النَّاسِ یَوْمَ الْحَجِّ الْاَكْبَرِ اَنَّ اللّٰهَ بَرِیْٓءٌ مِّنَ الْمُشْرِكِیْنَ ۙ۬ وَ رَسُوْلُهٗ ؕ
فَاِنْ تُبْتُمْ فَهُوَ خَیْرٌ لَّكُمْ ۚ وَ اِنْ تَوَلَّیْتُمْ فَاعْلَمُوْۤا اَنَّكُمْ غَیْرُ مُعْجِزِی اللّٰهِ ؕ
وَ بَشِّرِ الَّذِیْنَ كَفَرُوْا بِعَذَابٍ اَلِیْمٍ

**ထို့ပြင် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ရာဇူလ်တမန်တော်၏အထံ တော်မှ "ဟဂျ်ဂျေအတ်က်ဗရ်" နေ့တွင် လူခပ်သိမ်းတို့ဂရှေ့ဝယ် ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ် သည်လည်းကောင်း၊ (ပဋိညာဉ်ကို မိမိတို့ ကိုယ်တိုင် ချိုးဖောက် ခဲ့ကြသော) "မုရှ်ရစ်က်" တို့နှင့်ပတ်သက်၍ (အချိန်ကာလ တစ်စုံတစ်ရာသတ်မှတ်ခြင်းပြုတော်မမူဘဲ ယခုပင်) တာဝန်ကင်း တော်မူကြောင်း ကြေညာခြင်းပင်ဖြစ်ချေသတည်း။**
**သို့ဖြစ်သော်ငြားလည်း (အို-မုရှ်ရစ်က်အပေါင်းတို့) အကယ်၍အသင်တို့သည် (မိမိတို့၏အယူဝါဒများကို စွန့်လွှတ်၍) ဝန်ချတောင်းပန်ကြပါမူ ထိုဝန်ချတောင်းပန်ခြင်း သည် အသင်တို့အဖို့ အကောင်းဆုံးပင် ဖြစ်ချေသည်။ သို့ရာတွင် အကယ်၍ အသင်တို့သည် (ဝန်ချ) တောင်းပန်ခြင်းမပြုဘဲ မျက်နှာလွှဲခဲ့ကြပါလျှင် ဇကန်စင်စစ် အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် လွတ်ကင်းအောင် ထွက်ပြေးနိုင်ကြမည်မဟုတ်ကြောင်း ကောင်းစွာမှတ် ယူကြလေကုန်။ ထို့ပြင် (အို-နဗီတမန်တော်) အသင်သည် "ကာဖိရ်" သွေဖည်ငြင်းပယ်ကြကုန်သောသူတို့အား (ထင်းတို့ခံစားခြင်းဟု) ပြင်းပြ နာကျင်စေသော အပြစ်ဒဏ်သည် (အဆင်သင့်) ရှိကြောင်း သတင်းကောင်း ပြောကြားပါလေ။ (၉ း ၃)**

**ငင်းအကြောင် "မုရှ်ရစ်က်"တို့မှတစ်ပါး အသင်တို့သည် ထိုသူတို့နှင့်ပဋိညာဉ် ဖွဲ့ခဲ့ကြလေသည်။ ထို့နောက် ငင်းတို့သည် အသင်တို့နှင့်ပတ်သက်၍ တစ်စုံတစ်ရာကိုမျှ ဝတ္တရားပျက်ကွက်ကြသည်လည်း မရှိပေ။ ယုတ်လျော့စေခဲ့ကြသည်လည်း မရှိပေ။ ငင်းပြင် ထိုသူတို့သည် အသင်တို့နှင့်ဆန့်ကျင်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကူညီခဲ့ကြသည်လည်းမရှိချေ။ သို့ဖြစ်လျှင် အသင်တို့သည် ထိုသူတို့နှင့်ထားရှိသောကတိကို ထိုသူတို့ (သတ်မှတ်ခဲ့သော) အချိန်ကာလ အပိုင်းအခြားအထိ ပြီးမြောက်အောင် ဆောင်ရွက်ကြလေကုန်။ မုချဇကန် အလ္လာဟ်အရှင်မြတ်သည် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြကုန်သော သူတော်စင်တို့အား ချစ်ကြည်မြတ်နိုးတော်မူ ချေသတည်း။ (၉ း ၄)**

**မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် ချုပ်ဆိုထားသောစာချုပ်တစ်ခုကို ပယ်ဖျက်ရုပ်သိမ်းရာတွင် အများပြည်သူများအား ကြိုတင် ကြေညာခြင်းမပြုဘဲ ထိုသူများကိုအရေးယူခြင်းသည် မမှန်ကန်ချေ။**

ဤအလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကို ပြဋ္ဌာန်းအတည်ပြုရန်အတွက် တမန်တော်မြတ် s သခင်သည် စိုက်ယိဒိနာအဗူဗကရ် d နှင့် စိုက်ယိဒိနာအလီ d သခင်တို့အား မက္ကာဟ်အလ်မုကရ်ရမာန်တွင် ဟစ်ဂျ်ရီ ၉ ခုနှစ်၌ ဟဂျ်ပြုလုပ်ရန် စေလွှတ်ခဲ့သည်။ ထို့နောက် အရေးဗီးယားရှိ လူမျိုးနွယ်စုအားလုံးစုဝေးရာ အရဖသ်နှင့် မီနာ ကွင်းပြင်တွင် ဤကြေညာချက်ကို ကြေညာစေခဲ့ပါသည်။ ဤလူစုလူဝေးကြီးမှတစ်ဆင့် အရေးဗီးယားတစ်ခွင်တွင် ဤအမိန့်ပညတ်ချက်ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိသွားစေသည်မှာ ထင်ရှားသည်။ သို့သော်လည်း ကြိုတင်၍ လစ်ဟာမသွားစေရန်အလို့ငှာ ဝေးလံသီခေါင်သောယီမင်နိုင်ငံသို့ စိုက်ယိဒိနာအလီ d အား စေလွှတ်၍ ကြေညာစေခဲ့ပါသည်။

ဤလူထုကိုကြေညာပြီးနောက်တွင် ပထမအုပ်စုဖြစ်သော မက္ကာဟ်မြို့မှ မယုံကြည်သွေဖည်ငြင်းပယ်သူများသည် တိုင်းပြည်၏နယ်နမိတ်မှ "မြင့်မြတ်သောလများ" ကုန်ဆုံးသည်နှင့် ထွက်ခွာကြရမည့် အခြေအနေ ဖြစ်သည်။ ယင်းမှာ ဟစ်ဂျ်ရီ ၁၀ ခုနှစ် မုဟရမ်လကုန်ဖြစ်သည်။ အလားတူပင် ဒုတိယအုပ်စုအတွက်သတ်မှတ်ချိန်မှာ ဟစ်ဂျ်ရီ ၁၀ ခုနှစ် ရမ္မဇာန်လဖြစ်သည်။ ထို့နောက် တတိယအုပ်စုနှင့် စတုတ္ထအုပ်စုတို့အတွက်မှာမူ ဟစ်ဂျ်ရီ ၁၀ ခုနှစ် ရဇီအွတ် စာနီလ ၁၀ ရက်နေ့ဖြစ်သည်။ ဤစီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို ဆန့်ကျင်သူမည်သူ မဆိုသည် လက်နက်စွဲကိုင်၍ ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်မှုခံကြရမည်။ ဤစီမံခန့်ခွဲမှုအရ နောက်နှစ်ဟဂျ်ပြုလုပ်မည့်အချိန်တွင် တိုင်းပြည်နယ်နိမိတ်အတွင်း၌ မည်သည့်မယုံကြည်သွေဖည်ငြင်းပယ်သူမျှ ရှိမည်မဟုတ်ချေ။ ဤအကြောင်းအရာနှင့်ပတ်သက်၍ စူရတ် အလ်သောင်ဗဟ်၏အာယသ် ၂၈ ထဲတွင် فَلَا يَقْرَبُوا الْمَسْجِدَ الْحَرَامَ بَعْدَ عَامِهِمْ هٰذَا "သို့ဖြစ်ပေရာ ငင်းတို့သည် ဤနှစ်ကုန်ဆုံးပြီးလျှင် "မတ်စ်ဂျိဒေ ဟရာမ်" ထူးမြတ်သောဗလီကျောင်းတော်၏ အပါးသို့ပင် ချဉ်းကပ်ခြင်း မပြုကြရချေ။" ဟုပါရှိပါလိမ့်မည်။ ထို့ပြင် တမန်တော်မြတ် s မိန့်ကြားခဲ့သည့် ဟဒီးစ်တော်ပါ **لا يحجنّ بعد العام مشرك** "ဤနှစ်ကုန်သည်နှင့် မယုံကြည်သွေဖည်ငြင်းပယ်သူ မည်သူမျှ ဟဂျ်ပြုလုပ်ရလိမ့်မည် မဟုတ်။" ဟူသည်က ဤသည်ကို အတိအကျဆိုလိုသည်။

ဤနေရာအထိ စူရတ်အလ်သောင်ဗဟ်၏ ပထမအာယသ်ရှင်းလင်းချက်တစ်ရပ်သည် ယင်းနှင့်လိုက်လျောညီထွေသည့် အဖြစ်အပျက်များအရ ဖော်ပြထားသည်။ ယခု ဤအာယသ်များပါ ပေါ်လွင်သည့်အချက်အလက်များကို အောက်တွင်ဆွေးနွေးတင်ပြထားသည်။

## ဤအာယသ်တော်ငါးခုက မည်သည်ကိုသင်ကြားပြသသနည်း

(၁) ပထမဦးစွာ မက္ကာဟ်မြို့ကိုအောင်နိုင်ပြီးသည်နှင့်တစ်ပြိုင်နက် တမန်တော်မြတ် ˢ သခင်သည် မက္ကာဟ်မြို့ရှိ ကိုရိုက်ရှ်များနှင့် အခြားသောရန်သူမျိုးနွယ်စုများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးသည်ဆိုခြင်းက မုစ်လင်မ်များကို မြင့်မားသည့်ကိုယ်ကျင့်တရားများအတွက် လက်တွေ့ကျသော သင်ခန်းစာတစ်ခုပေးခဲ့သည်။ သင်ခန်းစာမှာ-အကယ်၍ မုစ်လင်မ်များသည် ရန်သူကိုအောင်နိုင်ပြီး ၎င်းရန်သူများသည် အကူအညီမဲ့ဖြစ်ခဲ့လျှင် ထိုရန်သူများ၏ အတိတ်က ရန်လိုမှုများအတွက် ၎င်းတို့ကို လက်စားမချေသင့်ချေ။ ယင်းသို့လုပ်မည့်အစား မုစ်လင်မ်များက ရန်သူများကို လိုက်လျောခြင်းနှင့် ခွင့်လွှတ်ခြင်းဖြင့် အစွလာမ်ဘာသာ၏အကောင်းဆုံးကိုယ်ကျင့်တရားကို အမှန်တကယ် ထုတ်ဖော် ပြသ သင့်သည်။ ဤကဲ့သို့လုပ်မည်ဆိုလျှင် မုစ်လင်မ်တို့၏သဘာဝခံစားချက်အရ ၎င်းတို့ကို နှင်းချေဖျက်ဆီး ရန်လိုအပ်သည်ဆိုသော်လည်း ယင်းသို့ ရက်ရက်ရောရော ခွင့်လွှတ်သောလုပ်ရပ်တွင် ကြီးကျယ်သောအကျိုးကျေးဇူးအပြည့် ရှိပေသည်။

(၂) စရမည်ဆိုလျှင် လက်စားချေခြင်းသည် တစ်စုံတစ်ဦး၏ဒေါသကို ပြေငြိမ်းသည်ဆိုသော်လည်း ယင်းသည် ယာယီမျှသာဖြစ်သည်။ စိတ်ပေါ့ကိုယ်ပေါ့ဖြစ်သွားစေပါသည်။ ယင်းစိတ်ပေါ့ကိုယ်ပေါ့ဖြစ်ခြင်းသည် ခဏပန်းသာဖြစ်သည်။ ထိုခံစားမှုကို အလ္လာဟ်အရှင်၏ကျေနပ်နှစ်သက်မှုနှင့် ဂျန္နသ်သုခဘုံတွင်ရရှိမည့်အဆင့်အတန်းနှင့် နှိုင်းယှဉ်လိုက်လျှင် နောင်ရမည့်ခံစားမှုက ဘက်စုံပို၍များကာ ထာဝရဖြစ်ပေသည်။ အကျိုးဆက်အားဖြင့် တစ်စုံတစ်ဦးသည် ဆင်ခြင်တုန်တရားအရ ယာယီခဏပန်းထက် ထာဝရအမြဲတစေ ရမည်ကို ပိုမိုနှစ်သက်သင့်ပေသည်။

(၃) ထို့နောက် ရန်သူကိုအောင်နိုင်ပြီးနောက် တစ်စုံတစ်ဦး၏အမျက်ဒေါသဖြစ်နေသော စိတ်လှုပ်ရှားမှုကို ချိုးနှိမ်ခြင်းဆိုသည့် လုပ်ရပ်လည်းရှိသည်။ ဤသည်က ထင်ရှားစွာသက်သေပြသည်မှာ တိုက်ပွဲတွင်ပါဝင်ဆင်နွှဲခဲ့သူတို့၏နောက်တွင် တစ်ကိုယ်ကောင်းဆန်သည့်ရည်စူးချက်မပါကြောင်း ရှင်းလင်းစွာသက်သေပြပါသည်။ ၎င်းတို့တွင်ရှိသည့် တစ်ခုတည်းသောရည်ရွယ်ချက်မှာ အလ္လာဟ်အရှင်မြတ်၏လမ်းတွင် စစ်တိုက်ခိုက်ခြင်းဖြစ်သည်။ ထို့ပြင် ဤကြီးကျယ်သည့်ရည်မှန်းချက်ကပင်လျှင် အစွလာမ့်ဂျီဟာဒ်စစ်ပွဲနှင့် ကမ္ဘာပေါ်ရှိ သာမန်ဘုရင်များနှင့် အုပ်ချုပ်သူများ တိုက်ခိုက်သော စစ်ပွဲတို့ကြား ပြတ်သားသောစည်းပင်ဖြစ်သည်။ ယင်းမှာ ဂျီဟာဒ်နှင့် ကျူးကျော်စော်ကားသောစစ်ပွဲတို့၏ခြားနားချက်ပင်ဖြစ်သည်။ ထို့ကြောင့် အမှန်တရားကား ဂျီဟာဒ်စစ်ပွဲဆို သည်မှာ အလ္လာဟ်အရှင်မြတ်အမိန့်တော်များကို အကောင်အထည်ဖော်ရန် အလ္လာဟ်အရှင်မြတ်အတွက် စစ်ခင်းခြင်း ဖြစ်သည်။ သို့မဟုတ်ပါက ယင်းစစ်ပွဲသည် မငြိမ်မသက်ဖြစ်စေရန် တင်စီးသည့်လေ့ကျင့်မှုတစ်ရပ် ဖြစ်ပေလိမ့်မည်။

(၄) ဤလုပ်ရပ်မှရရှိလာသည့် တတိယအကျိုးကျေးဇူးမှာ သဘာဝအလျောက် ပေါ်ပေါက်သည်။ ရှုံးနိမ့်သော ရန်သူသည် အောင်နိုင်သူများ၏မြင့်မားသောကိုယ်ကျင့်တရားကို လေ့လာမြင်တွေ့သွားလျှင် အစွလာမ်ဘာသာသက်ဝင်၍ မုစ်လင်မ်ဖြစ်သွားနိုင်ကာ ယင်းကြောင့် ၎င်းဘဝတွင် အောင်မြင်မှုလမ်းကြောင်း မုချရစေနိုင်သည်။ ဤသည်မှာ ဂျီဟာဒ်၏စစ်မှန်သော ရည်ရွယ်ချက်ဖြစ်သည်။

**မယုံကြည်သွေဖည်ငြင်းပယ်သူတို့ကို ခွင့်လွှတ်ခြင်းသည် ၎င်းတို့ထံမှကျရောက်လာမည့် အန္တရာယ်များအတွက် သတိပိရိယလျော့နည်းခြင်းဟု မည်သည့်အခါမျှမဆိုလိုချေ။**

(၂) ဤအာယသ်တော်များမှထုတ်နတ်ခဲ့သော ဒုတိယစည်းမျဉ်းမှာ ခွင့်လွှတ်ခြင်းနှင့် ရက်ရောခြင်းက ခွင့်လွှတ်သူများကို အမြဲတစေဆုံးရှုံးမှုနှင့် ထိခိုက်အနာတရဖြစ်စေကာ ပြန်လည်ဒုက္ခပေးနိုင်မှုကို လျစ်လျူရှုထားသည်ဟု မဆိုလိုချေ။ ခွင့်လွှတ်ခြင်းနှင့် ရက်ရောခြင်းသည် အဆင်ပြေသည်ကား သံသယမရှိချေ။ သို့သော် ယင်းနှင့်အတူ သာမန်အသိအရ လွန်လေပြီးသောအတွေ့အကြုံမှ သင်ခန်းစာယူ၍ ရန်သူများ၏ရန်လိုမှုမှဝေးကွာရန် အနာအဆာများပိတ်ဆို့၍ လူ့ဘဝနေထိုင်မှုစနစ်ကို ပြန်လည်တည်ဆောက်ရမည်။ တမန်တော်မြတ် ˢ သခင်က မိန့်သည်မှာ **لا يلدغ المرء من جحر واحد مرتين** "တစ်စုံတစ်ဦးသည် တွင်းတစ်ပေါက်တည်းမှာ နှစ်ခါအကိုက်မခံရစေပါ" ဆိုလိုသည်မှာ လူတစ်ဦးသည် သူ့လက်ကို ကိုက်သည့် အဆိပ်ရှိသည့် တွားသွားသတ္တဝါ တွင်းထဲသို့ နောက်တစ်ကြိမ် ပြန်ထည့် မည်မဟုတ် ဟူ၍ဖြစ်သည်။

ဟစ်ဂျ်ရီ ၉ ခုနှစ်တွင် ရုပ်သိမ်းရန် ကုန်အာန်ကြေညာချက်နှင့် တစ်ဆက်တည်းပါလာသော အမိန့်တော်အရ မုရှ်ရစ်က်များသည် မြင့်မြတ်သောဗလီကျောင်းတော်၏ပတ်ဝန်းကျင်မှ ဆိုင်းငံ့ကာလတွင် ငြိမ်းချမ်းစွာထွက်ခွာရမည် ဆိုခြင်းမှာ ဤအသိဉာဏ်ကြွယ်သည့်နည်းဗျူဟာ၏ သက်သေသာဓကပင်ဖြစ်သည်။

(၃) စူရတ်အလ်သောင်ဗဟ်၏ အစဦးအာယသ်များ၌လည်း ကျွန်တော်တို့ကိုပြောကြားသည်မှာ နေရာတစ်နေရာမှ ထွက်ခွာရန် လျော်ကန်သင့်မြတ်သည့်အကြောင်းကြားချက်မရှိဘဲ အားအင်ချည့်နဲ့သူများကို အတင်းအကြပ်ထွက်ခွာစေခြင်းကိုလည်းကောင်း၊ ယင်းတို့အား ကြိုတင်သတိမပေးဘဲ တိုက်ခိုက်ခြင်းတို့သည်လည်းကောင်း သူရဲဘောကြောင့် ယုတ်ညံ့သည်ဆိုခြင်းကား မှုချဖကန်ဖြစ်သည်။ ထိုကဲ့သို့သောလုပ်ရပ်မျိုး လုပ်ဆောင်မည်ဆိုလျှင် တိုင်းပြည်၏ ဥပဒေကိုလက်မခံသောသူများအားသိစေရန်အကြောင်းကြားရမည်။ သို့မှသာ ထိုသူများသည် ၎င်းတို့ဆန္ဒရှိရာနေရာသို့ လွတ်လပ်စွာနှင့် သက်သောင့်သက်သာစွာရွှေ့ပြောင်းရန် အချိန်ရပါလိမ့်မည်။ ဤအကြောင်းအရာကို အထက်ကိုးကားခဲ့သောအာယသ်များ၌ ဖော်ပြထားခဲ့သည့် ဟစ်ဂျ်ရီ ၉ ခုနှစ်တွင်ပြုလုပ်သည့် အများနှင့်ဆိုင်သောကြေညာချက်၌လည်းကောင်း၊ ထိုသူများကို ဆိုင်းငံ့ခွင့်ကာလ တရားဝင်ပေးခဲ့ခြင်းတို့ကလည်းကောင်း ထင်ရှားစေပါသည်။

(၄) အထက်ကိုးကားခဲ့သည့် အာယသ်တော်မှ ပေါ်ထွက်လာသည့် စတုတ္ထစည်းမျဉ်းမှာ ပြုလုပ်ပြီးဖြစ်သည့် ငြိမ်းချမ်းရေးစာချုပ်ကို အကြောင်းအချို့ကြောင့် ပယ်ဖျက်ရန်လိုအပ်ခဲ့လျှင်ပင် ယင်းကိုဆက်လက်ထားရှိပါ။ အဘယ်ကြောင့်ဆိုသော် စာချုပ်တစ်ခုကို အလိုအလျောက် သက်တမ်းကုန်ဆုံးခြင်းက ပိုကောင်းသည်။ ဤကိစ္စရပ်ကို စူရတ်အလ်သောင်ဗဟ်၏ စတုတ္ထအာယသ်တွင်အမိန့်ပေးထားခဲ့သည်မှာ ဗနူဒါမုရာဟ်နှင့် ဗနူမုဒ်လာဂျ်မျိုးနွယ်စုတို့နှင့် ချုပ်ဆိုထားသောစာချုပ်တွင် ၉ လကျန်သေးသည့်အတွက် ယင်းစာချုပ်ပါအတိုင်း ဖြည့်ဆည်းရန် မုစ်လင်မ်များကို ပြောထားသည်။

(၅) အစွလာမ့်ရန်သူများနှင့်ပတ်သက်၍ စံပြမုစ်လင်မ်တစ်ဦးတွင်ရှိရမည့် သဘောထားအကြောင်းကို ကိုးကားထားသည့်အာယသ်မှ ပဥ္စမစည်းမျဉ်းပေါ်ထွက်လာသည်။ ရန်သူများနှင့်ရင်ဆိုင်တွေ့ခဲ့လျှင် မုစ်လင်မ်များသည် ထိုရန်သူများနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာရန်သူများမဟုတ်ကြောင်း စိတ်တွင်စွဲမှတ်ထားရမည်။ ကိစ္စရပ်၏ အမှန်တရားအား မုစ်လင်မ်များသည် ထိုသူများ၏မယုံကြည်မှုကိုသာ ဆန့်ကျင်ခြင်းဖြစ်သည်။ ယင်းမယုံကြည်မှုသည် ထိုသူများကို ဤ

ကမ္ဘာမှာနှင့် နောင်တမလွန်ဘဝတွင်ပါ ဆုံးရှုံးမှု၏အကြောင်းခံဖြစ်သွားသည်။ မုစ်လင်မ်များက ထိုသူများကို ဆန့်ကျင်ခြင်းမှာ ထိုသူတို့ကောင်းစေလိုသောဆန္ဒပေါ် အခြေခံသည်။ ထို့ကြောင့် မုစ်လင်မ်တို့မှာ စစ်ဖြစ်နေစဉ်မှာလည်းကောင်း၊ အေးငြိမ်းသာယာသည့်အချိန်မှာလည်းကောင်း၊ ထိုသူများအား ကောင်းမြတ်သောအကြံဉာဏ်ပေးခြင်းဟူသည့်အခွင့်အလမ်းကို မစွန့်လွှတ်သင့်ချေ။ ဤအကြောင်းအရာကို ဤအာယသ်ထဲတွင် ထပ်တလဲလဲမိန့်ထားသည်။ အကယ်၍သာသူတို့၏အတွေးအခေါ်ကို ပယ်ဖျက်ခဲ့ပါလျှင် သူတို့အတွက် ဤကမ္ဘာနှင့် နောင်လာမည့်ဘဝအတွက်ပါ စစ်မှန်သည့် ကြီးပွားချမ်းသာမှု ကတိပြုထားသည်။ မူရင်းစာသားသည် ယင်းတွင် အဆုံးသတ်မထားပါ။ အကျိုးဆက်များနှင့် ပတ်သက်၍လည်း ၎င်းတို့အားသတိပေးထားသည်မှာ အကယ်၍ သူတို့သည် ဝန်ချတောင်းပန်ရန်နှင့် ပြုပြင်ရန်ငြင်းဆိုခဲ့လျှင် သူတို့သည် လက်ရှိကမ္ဘာတွင် ပျက်ဆီးခြင်းနှင့် သတ်ဖြတ်ခြင်းခံရမည်သာမက သေဆုံးပြီးနောက်တွင်လည်း ပြစ်ဒဏ်ခတ်ခံရခြင်းမှ ကင်းလွတ်မည်မဟုတ်ချေ။ ဤအာယသ်များထဲတွင် ရုပ်သိမ်းခြင်းကြေညာချက်နှင့်အတူ စွဲစွဲမြဲမြဲကြောင်နာမှု၊ စာနာမှုဆိုသည်လည်း ဆက်ရှိနေသည်မှာ စိတ်ဝင်စားစရာဖြစ်သည်။

(၆) စတုတ္ထအာယသ်မှပေါ်ထွက်လာသည့် ဆဋ္ဌမမြောက်စည်းမျဉ်းထဲတွင် မုစ်လင်မ်များသည် ငြိမ်းချမ်းရေးစာချုပ်ပါအချက်များကို စာချုပ်သက်တမ်းကုန်ဆုံးသည်အထိ လိုက်နာကျင့်သုံးရန် တိုက်တွန်းထားသည်။ ယင်းနောက်တစ်ဆက်တည်းအာယသ်တော်သည် إِنَّ اللهَ يُحِبُّ الْمُتَّقِيْنَ "မုချဇကန်အလ္လာဟ်အရှင်မြတ်သည် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြကုန်သော သူတော်စင်တို့အား ချစ်ကြည်မြတ်နိုးတော်မူချေသတည်း" ဟူသည့်ဝါကျဖြင့် အဆုံးသတ်ထားသည်။ ဤသည်က မုစ်လင်မ်များသည် ပဋိညာဉ်ပြုလုပ်ထားခြင်းကို ဖြည့်ဆည်းရာတွင် အစွမ်းကုန်ဂရုပြုရမည်ဟူသော အကြံပြုမှုအတွက် ထင်ရှားသောအညွှန်းတစ်ရပ်ဖြစ်သည်။ တိုင်းပြည် များစွာပြုလုပ်ကြသကဲ့သို့ စာချုပ်ပါအချက်အလက်များ ဖောက်ဖျက်ရန် ယုတ္တိမရှိသောဆင်ခြေများနှင့် သဘာဝမကျသောအဓိပ္ပာယ်ဖွင့်ဆိုချက်များ ပြုလုပ်သကဲ့သို့ မုစ်လင်မ်များ မပြုလုပ်သင့်ပါ။

(၇) ပဉ္စမအာယသ်ပါအသေးစိတ်များတွင် သတ္တမစည်းမျဉ်းဥပဒေပါရှိသည်။ မှန်ကန်သောရည်ရွယ်ချက်နှင့် စစ်မက်ဖြစ်ပွားခဲ့လျှင် ရန်ိုင်သမျှသော စစ်တိုက်ခိုက်ရန်အရင်းအမြစ်များကို ပြည့်ပြည့်ဝဝနှင့် ခိုင်ခိုင်မာမာသုံးစွဲသင့်သည်။ ဤကဲ့သို့သောအချိန်မျိုးတွင် သနားကြင်နာခြင်းနှင့် ပြေငြိမ်းကျေအေးခြင်းပြသမှုများသည် သူရဲဘောကြောင်ခြင်းကိုပြသခြင်း ဖြစ်သွားမည်။

ဤပဉ္စမအာယသ်ထဲမှပင် အဋ္ဌမစည်းမျဉ်းဥပဒေပေါ်ထွက်လာသည်။ ယင်းမှာ မုစ်လင်မ်မဟုတ်သူများ မုစ်လင်မ်ဖြစ်သွားပြီးနောက် ၎င်းကိုယုံကြည်ရန်မှာ အချက် (၃) ချက်တွင်တည်မှီကြောင်းဖြစ်သည်။

(က) အတိတ်က မယုံကြည်သွေဖည်ငြင်းပယ်မှုကို သောင်ဗဟ် (ဝန်ချတောင်းပန်ခြင်း) ပြုခြင်း

(ခ) ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်း နှင့်

(ဂ) တာဝန်ရှိသည့် ဇကားသ်အလျှုဒါနကြေးပေးဆောင်ခြင်း တို့ဖြစ်သည်။

ဤအချက်သုံးချက်ကို လက်တွေ့ကျကျ ပြီးမြောက်အောင်မဆောင်ရွက်သေးသမျှ တစ်စုံတစ်ဦးသည် ကလိမဟ် ဖတ်ခြင်းအပေါ်အခြေခံ၍ စစ်တိုက်မှုရုပ်သိမ်းလိမ့်မည်မဟုတ်ချေ။ ကိုယ်တော်မြတ် s သခင် ဝဖာသ် ကွယ်လွန်တော်မူပြီးနောက် အချို့သူတို့သည် ဇကားသ် ဆင်းရဲသားဒါနကြေးပေးဆောင်ရန် ငြင်းပယ်ခဲ့ခြင်းကြောင့် စိုက်ယိဒါနာ အဗူဗကရ် d သခင်သည် ထိုသူတို့ကိုတိုက်ခိုက်ရန် ဂျီဟားဒ်စစ်ပွဲကြေညာခဲ့သည်။ ထိုစဉ်က ဆွဟာဗဟ်ကြီးသည်

ငင်း၏လုပ်ရပ်အထောက်အကူအဖြစ် ဤအာယသ်ကိုရည်ညွှန်းခဲ့သောကြောင့် ဆွဟာဗဟ်သာဝကကြီးများ အားလုံးကို စိတ်ချယုံကြည် ကျေနပ်စေခဲ့ပါသည်။

(၈) ဤအာယသ်ထဲမှ မေးစရာဖြစ်လာသည့် နဝမအချက်ကား **يَوْمَ الْحَجِّ الْأَكْبَرِ** (ယောင်းမုဟာဂျ်ဂျူလ် အတ်ကဗရ်)၏ (ဟဂျ် ကျေအတ်ကဗရ်နေ့) ဟူသောအသုံးအနှုန်း၏ဆိုလိုရင်းဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ အစောပိုင်း ဋီကာရှင်များ၏မိန့်ကြားချက်များသည် ကွဲပြားခြားနားကြပါသည်။ စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိ အဗ္ဗား၏၊ စိုက်ယိဒိနာအုမရ်၊ စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိအုမရ်နှင့် စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိဇုဗိုင်းရ် [f] တို့က "ဟဂျ်ကျေအတ်ကဗရ်နေ့" ဆိုသည်မှာ "အာရဖသ်နေ့" ဟုအဓိပ္ပာယ်သက်ရောက်ကြောင်း ပြောကြသည်။ အဘယ့်ကြောင့်ဆိုသော် တမန်တော်မြတ် [S] က **الحج عرفة** "အရဖသ်သည် ဟဂျ်ဖြစ်သည်" ဟုမိန့်ထားခဲ့၍ ဖြစ်သည်။ (အဗူဒါဝူဒ်၊ သိရ်မိဇီ)

(၉) အခြားသူများကပြောကြသည်မှာ ယင်းသည် ဇွလ်ဟဂျ်ဂျာဟ်လ ၁၀ ရက်နေ့ဖြစ်သည်။ **يوم النحر** "ယောင်မုလ် နဟာရ်"ဝွန့်လွှတ်ခြင်းနေ့" ဟုဖော်ပြကြသည်။ ဤအဆိုအမိန့်အားလုံးအကျုံးဝင်စေရန် စုဖွဲ့ယမ်အတ်သောင်ရီနှင့် အခြားသော ဋီကာရှင်များက မိန့်ကြသည်မှာ ဟဂျ်ကာလ၏ ငါးရက်တာအားလုံးသည် ယောင်မွလ်အလ်ဟဂျ်ဟု အထောက်အထား အခိုင်အမာပြုထားသည်။ ယင်းတွင် အရဖသ်နှင့် ယောင်မုလ်နဟာရ်လည်း အပါအဝင်ဖြစ်သည်။ **يوم** "ယောင်မ်" (သို့မဟုတ်) နေ့ဟူသည့်စကားလုံးသည် ဇကဝုစ်ကိန်းအဖြစ် သုံးနှုန်းထားခြင်းသည် ကုန်အာန်ကျမ်း တော်မြတ်၏ တစ်နေရာ၌ သုံးနှုန်းထားပုံနှင့်ကိုက်ညီသည်။ ယင်းနေရာ၌ ဗဒ်ရ်စစ်ပွဲ၏ရက်အနည်းငယ်ကို ယောင်မုလ် ဖုရ်ကာန် (**يوم الفرقان**)ဟူသောဇကဝုစ်ပုံစံဖြင့် ခေါ်ဝေါ်ခဲ့သည်။ ထို့ပြင် အရေးဗီးယားတွင် သာမန်စစ်ပွဲများလည်း ရှိသေးသည်။ ထိုစစ်ပွဲများသည်လည်း ရက်အတန်ကြာခဲ့သော်လည်း ယောင်မ်(သို့မဟုတ်) နေ့ဟု ဖော်ထုတ်ထားသည်။ ပမာဆိုသော် **يوم البعاث** "ယောင်မုလ်ဗုအာသ်" **يوم الاحد** ယောင်မုလ်အုဟုဒ်စသည်တို့ဖြစ်သည်။ အုမ္မရဟ်အား **حج اصغر** ဟဂျ်အသေးစား ဟုခေါ်ဆိုသောကြောင့် ယင်းနှင့်ကွဲပြားစေရန် ထိုဟဂျ်ပြုလုပ်မှုအား "ဟဂျ်ဂျူလ်အတ်က်ဗရ်" "ဟဂျ်ဂျူလ်အတ်က်ဗရ်နေ့" ဟုခေါ်သည်။ ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ ကုရ်အာန်ကျမ်းမြတ်၏အသုံးအနှုန်းအရ နှစ်စဉ်ပြုလုပ်သည့် ဟဂျ်သည် ဟဂျ်ဂျူလ်အတ်ကဗရ်မှအပ မည်သည်မှ မဟုတ်ချေ။ တမန်တော်မြတ် [S] သခင် နောက်ဆုံးပြုလုပ်သည့်ဟဂျ် **حجة الوداع** "ဟဂျ်ဂျသွလ်ဝဒါအ်" နောက်ဆုံးဟဂျ်ပြုလုပ်ခဲ့သည့်နှစ်တွင် အရဖသ်နေ့သည် ဂျုမုအာဟ်နေ့တွင် ကျရောက်ခဲ့သောကြောင့် အများတကာယူဆခဲ့သည့် သောကြာဂျုမုအဟ်နေတွင် အရဖသ်ကျရောက်သောနှစ်သည် ဟဂျ်ဂျူလ် အတ်က်ဗရ်နေ့ဖြစ်သည်ဆိုသည်မှာ မည်သည့်စစ်မှန်သော အခြေခံမျှ မရှိချေ။ ဤကိစ္စရပ်သည် သူ့အနေအထားအရ ပေါ်လွင်နေသော်လည်း ဤအာယသ်တော်၏ဆိုလိုရင်းနှင့် ဘာမျှ မသက်ဆိုင်ချေ။

အီမာမ်အဗူဗကရ်အလ်ဂျဆ္ဇ်ဆွားဆ်က သူ၏ အဟ်ကာမုလ်ကုရ်အာန်ကျမ်းတွင် မိန့်ထားသည်မှာ ဟဂျ်ပြုလုပ်နေသည့်ရက်များကို ဟဂျ်ဂျူလ်အတ်ကဗရ်ဟု ခေါ်ခြင်းအားဖြင့် ဤဟဂျ်ရက်များတွင် အုမ္မရဟ်လုပ် ဆောင်၍ မရဟူသောကိစ္စ ရှင်းပြီးဖြစ်သွားသည်။ အဘယ့်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းမြတ်သည် ဤရက်များကို ဟဂျ်ပြုလုပ်ရန်ရက်များဟု ပြဋ္ဌာန်းထားသည်။

အာယသ် (၆ - ၁၁)

وَ اِنْ اَحَدٌ مِّنَ الْمُشْرِكِيْنَ اسْتَجَارَكَ فَاَجِرْهُ حَتّٰى يَسْمَعَ كَلٰمَ اللّٰهِ ثُمَّ اَبْلِغْهُ
مَاْمَنَهٗ ؕ ذٰلِكَ بِاَنَّهُمْ قَوْمٌ لَّا يَعْلَمُوْنَ ۚ﴿۶﴾ كَيْفَ يَكُوْنُ لِلْمُشْرِكِيْنَ عَهْدٌ عِنْدَ
اللّٰهِ وَ عِنْدَ رَسُوْلِهٖۤ اِلَّا الَّذِيْنَ عٰهَدْتُّمْ عِنْدَ الْمَسْجِدِ الْحَرَامِ ۚ فَمَا اسْتَقَامُوْا
لَكُمْ فَاسْتَقِيْمُوْا لَهُمْ ؕ اِنَّ اللّٰهَ يُحِبُّ الْمُتَّقِيْنَ ﴿۷﴾ كَيْفَ وَ اِنْ يَّظْهَرُوْا
عَلَيْكُمْ لَا يَرْقُبُوْا فِيْكُمْ اِلًّا وَّ لَا ذِمَّةً ؕ يُرْضُوْنَكُمْ بِاَفْوَاهِهِمْ وَ تَاْبٰى قُلُوْبُهُمْ
ۚ وَ اَكْثَرُهُمْ فٰسِقُوْنَ ۚ﴿۸﴾ اِشْتَرَوْا بِاٰيٰتِ اللّٰهِ ثَمَنًا قَلِيْلًا فَصَدُّوْا عَنْ سَبِيْلِهٖ
ؕ اِنَّهُمْ سَآءَ مَا كَانُوْا يَعْمَلُوْنَ ﴿۹﴾ لَا يَرْقُبُوْنَ فِيْ مُؤْمِنٍ اِلًّا وَّ لَا ذِمَّةً ؕ وَ اُولٰٓئِكَ
هُمُ الْمُعْتَدُوْنَ ﴿۱۰﴾ فَاِنْ تَابُوْا وَ اَقَامُوا الصَّلٰوةَ وَ اٰتَوُا الزَّكٰوةَ فَاِخْوَانُكُمْ فِي
الدِّيْنِ ؕ وَ نُفَصِّلُ الْاٰيٰتِ لِقَوْمٍ يَّعْلَمُوْنَ ﴿۱۱﴾

တစ်ဖန် အကယ်၍ (ပဋိညာဉ်ကိုချိုးဖောက်သော) မုရှ်ရိစ်ကိုအနက်မှ တစ်ဦး တစ်ယောက်သောသူသည် အသင့်ထံတွင် အကာအကွယ်ရလိုခဲ့ပါလျှင် အသင်သည် ထိုသူအား ၎င်းသည် အလ္လာဟ်အရှင်မြတ်၏အာယသ်တော်ကို ကြားနာနိုင်အံ့သောငှာ ကာကွယ်ပါလေ။) ထို့နောက် အသင်သည် ထိုသူအား ၎င်း၏ဘေးရန်ကင်းငြိမ်းရာဌာနသို့ ပို့ဆောင်၍ပေးလေ။ ဤ(အမိန့်တော်ကိုထုတ်ပြန်တော်မူခြင်း)ကား ၎င်းတို့သည် မသိ နားမလည်သောသူ များဖြစ်ကြသောကြောင့်ပင်။ (၉ : ၆)

"မုရှ်ရိစ်ဂ်"တို့၏ပဋိညာဉ်ကို ထောက်ထားလိုက်နာရန် တာဝန်သည် အလ္လာဟ် အရှင်မြတ်အပေါ်၌လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်အပေါ်၌ လည်း ကောင်း အသို့လျှင် ရှိနိုင်ပါအံ့နည်း။ "မတ်စ်ဂျိဒေဟရာမ်" ထူးမြတ်သော ဗလီဝတ် ကျောင်းတော်၏အပါးတွင် အသင်တို့ ပဋိညာဉ်ဖွဲ့ခဲ့ကြသောသူတို့မှတစ်ပါး ၎င်းတို့သည် အသင်တို့နှင့်ပတ်သက်၍ ဖြောင့်မတ်စွာတည်ရှိနေသမျှကာလပတ်လုံး အသင်တို့သည် လည်း ၎င်းတို့နှင့်ပတ်သက်၍ ဖြောင့်မတ်စွာတည်ရှိကြလေကုန်။ ဇကာန်မလွဲ အလ္လာဟ် အရှင်မြတ်သည် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြကုန်သော သူတော်စင်တို့အား ချစ်မြတ်နိုးတော်မူပေသတည်း။ (၉ : ၇)

(ယင်းကဲ့သို့ ကတိဖောက်ဖျက်သူတို့၏ ကတိဝန်ခံချက်ကို) အသို့လျှင် ထောက် ထား နိုင်ပါအံ့နည်း။ အမှန်စင်စစ်သော်ကား အကယ်၍သာ ထိုသူတို့သည် အသင်တို့ အပေါ်၌ ကြီးစိုးကြပါလျှင် ထိုသူတို့သည် အသင်တို့နှင့် ပတ်သက်၍ ဆွေမျိုးတော်စပ် သည်ကိုလည်းကောင်း၊ ပဋိညာဉ်ဖွဲ့ထားသည် ကိုလည်းကောင်း ထောက်ထားကြမည် မဟုတ်ပေ။ ၎င်းတို့သည် အသင်တို့အား မိမိတို့၏နှုတ်များဖြင့်သာလျှင် နှစ်သိမ့်စေကြ

ကုန်သည်။ သို့ရာတွင် ၎င်းတို့၏စိတ်နလုံးများမှာမူကား (၎င်းတို့၏နှုတ်မှ ပြောဆိုချက်တို့ကို) ငြင်းပယ်လျက်ရှိကြကုန်သတည်း။ စင်စစ်၎င်းတို့အနက် အများစုတို့မှာကား စည်းကမ်းဖောက်ဖျက်သူများသာဖြစ်ကြကုန်သည်။ (၉ : ၈)

၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များဖြင့် အနည်းငယ်မျှသော အဖိုးငွေကို လဲလှယ်ဝယ်ယူခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ၎င်းတို့သည် ထိုအရှင်မြတ်၏ လမ်းတော်မှ ဖောက်ပြန်သွေချော်တိမ်းစောင်းလျက် ရှိခဲ့ကြကုန်၏။ ဇကန်စင်စစ် ၎င်းတို့ ပြုမူသမျှတို့ကား အလွန်ဆိုးရွားလှပေသတည်း။ (၉ : ၉)

၎င်းတို့သည် မည်သည့် "မုအ်မင်န်" သက်ဝင်ယုံကြည်သူ တစ်ဦးတစ်ယောက် နှင့် မျှပတ်သက်၍ ဆွေမျိုးတော်စပ်မှုကိုလည်းကောင်း၊ ပဋိညာဉ်ထားရှိမှုကို လည်းကောင်း ထောက်ထားကြသည်မဟုတ်ပေ။ အမှန်သော်ကား ၎င်းတို့သည်ပင်လျှင် ကျူးလွန်သူများဖြစ်ကြကုန်သတည်း။ (၉ : ၁၀)

သို့ရာတွင် အကယ်၍ ထိုသူတို့သည် (မိမိတို့၏အယူဝါဒများကိုစွန့်လွှတ်ကာ "အီမာန်" ယုံကြည်ခြင်းသဒ္ဓါတရားထားရှိခြင်းအားဖြင့်) ဝန်ချတောင်းပန်၍ ဆွလာသ် ဆောက်တည်ခြင်းကိုလည်းကောင်း၊ ဇကာသ်တရားဝင်ဒါနကြေး ပေးဆောင်ခြင်းကို လည်းကောင်း ပြုခဲ့ကြပါလျှင် ထိုသူတို့သည် ဒီးန်သာသနာရေးတွင် အသင်တို့၏ ညီသားအစ်ကိုများပင် ဖြစ်ကြကုန်သည်။ အမှန်သော်ကား ငါအရှင်မြတ်သည် (မိမိ) အာယသ်တော်များကို သိနားလည်သူတို့အဖို့ အသေးစိတ်ထုတ်ဖော် မိန့်ကြားတော်မူလေသတည်း။ (၉ : ၁၁)

## အကျယ်ဖွင့်ဆိုခြင်း

စူရဟ်အလ်သောင်ဗဟ်၏ပထမငါးအာယသ်ထဲ၌မက္ကာဟ်မြို့အောင်နိုင်ခြင်းနောက်မက္ကာဟ်မြို့ဝန်းကျင်တွင် နေထိုင်သော ဘုရားအများကိုးကွယ်သူများနှင့် မယုံကြည်သွေဖည်ငြင်းပယ်သူများကို အထွေထွေ လွတ်ငြိမ်းချမ်းသာ ခွင့်ပေးထားသည်ဟု မိန့်ကြားထားသည်။ သို့သော်လည်း လွန်လေပြီးသည့်စာချုပ်ဖောက်ဖျက်ခြင်းနှင့် သစ္စာဖောက်ခြင်း ဆိုသော ၎င်းတို့၏စိတ်ပျက်ဖွယ်မှတ်တမ်းများအရ နောင်အနာဂါတ်တွင် ၎င်းတို့နှင့် စာချုပ်မချုပ်ဆိုတော့ရန် ဆုံးဖြတ်ခဲ့ကြသည်။ ဤဆုံးဖြတ်ချက်မူရှိလင့်ကစား ထိုသူများနှင့်ချုပ်ဆိုထားသောစာချုပ်ကို ၎င်းတို့က မည်သည့် အခါမျှမဖောက်ဖျက်လျှင် ယင်းစာချုပ်ပါအချက်အလက်များကို စာချုပ်ပါသက်တမ်းမကုန်ဆုံးမီအထိ လေးစားလိုက်နာ ရန်အတွက် ဤအမိန့်ပညတ်ချက် ကျရောက်ခဲ့သည်။ ယင်းအမိန့်ပညတ်ချက်များထဲ၌ စာချုပ်သက်တမ်းကုန်ဆုံး သည်အထိ ထိုသူများက စာချုပ်ပါအတိုင်း လိုက်နာဖြည့်ဆည်းရန်လိုအပ်သည်။ စာချုပ်ချုပ်ဆိုထားခြင်းလည်းမရှိ၊ သတ်မှတ်ချိန်ကန့်သတ်ချုပ်ဆိုထားခြင်းလည်း မရှိသောသူများနှင့်လည်း သင့်လျော်သော လျော့ပေါ့မှုပေးထားသည်။ ထိုသူများကို မက္ကာဟ်မြို့မှချက်ချင်းထွက်ခွာစေရန်အမိန့်မပေးဘဲ ထွက်ခွာရန်ဆိုင်းငံ့ ကာလလေးလခွင့်ပြုခဲ့သည်။ သို့မှသာ ထိုအချိန်အတွင်း ၎င်းတို့သည် ၎င်းတို့အသင့်လျော်ဆုံးဟု သတ်မှတ်ထား သောနေရာသို့ သက်သောင့်

သက်သာနှင့် ငြိမ်းချမ်းစွာဖြင့် မက္ကာဟ်မြို့မှထွက်ခွာနိုင်ပေလိမ့်မည်။ သို့မဟုတ် အကယ်၍ ထိုကာလအတွင်း အစွလာမ်သာသနာ၏မှန်ကန်မှုသည် ၎င်းတို့အတွက်ထင်ရှားလာလျှင် ထိုသူများမုစ်လင်မ် ဖြစ်လာစေရန် လက်ကမ်းကြိုဆိုရမည်။ ဤအမိန့်ပညတ်ချက်များ၏ရလဒ်မှာ မြင့်မြတ်သောမက္ကာဟ်နယ်မြေမှ ဤသစ္စာဖောက် မယုံကြည်သွေဖည်ငြင်းပယ်သူများ ထွက်ခွာပြီးဖြစ်ရမည်။ ဤထွက်ခွာစေခြင်းသည် မည်သည့် လက်တုံ့ပြန်ရန်မျှ မဟုတ်ချေ။ စင်စစ် ဤလုပ်ရပ်သည် တစ်စိုက်မတ်သောအတွေ့အကြုံအရ ကိုယ့်ကိုယ်ကိုကာကွယ်ရန် အကျိုးသက်ရောက်စေရန်ဖြစ်သည်။ ထို့ကြောင့် သူတို့အနာဂတ်ကောင်းစားရေးအတွက် ထိုအချိန်တိုင် ဖွင့်လှစ်ပေးထားခြင်းဖြစ်သည်။ ဤလုပ်ရပ်၏အကြောင်းအရာကို ဆင်ခြင်မအာယသ်တွင် ဖော်ပြထားခဲ့ပြီး အနှစ်သာရကား အကယ်၍ မယုံကြည် သွေဖည်ငြင်းပယ်သူများထဲမှ တစ်စုံတစ်ဦးသည် အသင်တို့ထံ ခိုလှုံခွင့်တောင်းခံခဲ့လျှင် သင်တို့ခွင့်ပြုသင့်သည်။ ယင်းကြောင့် ထိုသူသည် သင်တို့နှင့်နီးကပ်လာကာ အလ္လာဟ်အရှင်မြတ်၏ မုက္ခပါဠိကိုနားဆင်၍ အစွလာမ်ဘာသာ၏ မှန်ကန်မှုကို နားလည်သဘောပေါက်လာနိုင်သည်။ ထို့နောက် ထိုသူအား ယာယီခိုလှုံခွင့်ပေးခြင်းကြောင့် အသင့်တာဝန်ဝတ္တရားမကုန်ဆုံးပါ။ ကိစ္စရပ်၏အမှန်တရားကား ထိုသူလာရောက်ခြင်းအတွက် လုပ်ဆောင်ပြီးနောက် ထိုသူက လုံခြုံ၍စိတ်ချမ်းသာစွာရှိသည်ဟု ယူဆရသောနေရာတွင် အပြည့်အဝကာကွယ်မှုနှင့် ပို့ဆောင်ပေးခြင်းမှာ မုစ်လင်မ်တိုင်း၏ တာဝန်ဖြစ်သည်။ အာယသ်တော်အဆုံးတွင် ဤသီးသန့်အမိန့်ပညတ်ချက် ချပေးရခြင်းမှာ ဤသူများသည် ပြည့်ဝစွာ သတိမမူမိသောကြောင့်ဖြစ်သည်ဟု မိန့်ထားသည်။ အနီးကပ်ရှိစေခြင်းသည်ကား ထိုသူများသည် ကိစ္စရပ်အကြောင်း ကောင်းစွာသိရှိနိုင်သည်။

ဤအာယသ်(၁၁)မှလည်း ဥပဒေအချို့နှင့် လမ်းညွှန်မှုအချက်များ ထွက်ပေါ်လာသည်။ ဤကိစ္စများကို အိမာမ်အဗူဗကရ်အလ်ဂျဆ်ဆွားဆွင်က အသေးစိတ်ဆွေးနွေးထားသည်။ ယင်းအကျဉ်းချုပ်အနေဖြင့် ယင်းတို့ကား

**အစွလာမ်ဘာသာ၏ စစ်မှန်ခြင်းကို သက်သေပြရန်မှာ မုစ်လင်မ်ပညာရှင်များ၏ တာဝန်ဖြစ်သည်။**

(၁) ပထမဦးစွာ အကယ်၍ မယုံကြည်သူတစ်ဦးသည် အစွလာမ်ဘာသာ၏မှန်ကန်မှုကို သက်သေသာဓကများဖြင့် ရှင်းလင်းပြရန် မုစ်လင်မ်များကိုတောင်းဆိုခဲ့လျှင် ထိုသူ၏တောင်းဆိုချက်ကို လိုက်လျောရန်မှာ မုစ်လင်မ်များတာဝန်ဖြစ်ကြောင်း ဤအာယသ်တော်က အတည်ပြုသည်။

(၂) ဒုတိယအနေဖြင့် အစွလာမ်အကြောင်းပိုမိုလေ့လာသင်ယူရန် သူတို့ထံလာသော မည်သူကိုမဆို ခွင့်ပြုခြင်းနှင့် အကာအကွယ်ပေးရန်မှာ မုစ်လင်မ်များအပေါ် မပြုမနေရတာဝန်ဖြစ်သည်။ ထိုကဲ့သို့သောသူတစ်ဦးကို အနာတရဖြစ်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်းများ ခွင့်မပြုချေ။ သဖ်စီရိအလ်ကုရ်သုဇီအရ ဤအမိန့်ပညတ်ချက်သည် အစွလာမ်ဘာသာအကြောင်း ပိုမိုသိရှိနားလည်ရန်နှင့် အလ္လာဟ်အရှင်မြတ်၏ မုက္ခပါဠိတော်ကိုကြားနာရန် ရည်ရွယ်ချက်ဖြင့် လာသည့်အခြေအနေမျိုးသာလျှင် အကျုံးဝင်သည်။ အကယ်၍ လာရောက်သောဇည့်သည်သည် စီးပွားရေးလုပ်ငန်း(သို့မဟုတ်)အခြားကိစ္စနှင့်လာသောသူဖြစ်မူ အခွင့်အာဏာရှိသောသူက ကောင်းကျိုးအတွက် ၎င်း၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆုံးဖြတ်နိုင်သည်။ ထိုသူများက လျော်ကန်သင့်မြတ်သည်ဟုယူဆလျှင် ခွင့်ပြုနိုင်၍ မလျော်ကန် မသင့်လျော်ဟု ယူဆလျှင် ၎င်းတို့ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် လုပ်ခွင့်ရှိသည်။

**မုစ်လင်မ်လည်းမဟုတ်၊ အမြဲတစေနေသူလည်းမဟုတ်လျှင် အစွလာမ်များအုပ်ချုပ်သော နိုင်ငံ (ဒါရုလ် အစွလာမ်)တွင် လိုအပ်သည်ထက်ပို၍ နေထိုင်ခြင်းခွင့်မပြု**

(၃) တတိယဥပဒေသက စည်းကမ်းသတ်မှတ်သည်မှာ စစ်မက်ဖြစ်စဉ်တွင် မုစ်လင်မ်မဟုတ်သူတစ်ဦးသည် မုစ်လင်မ်များနှင့်လည်း စာချုပ်ချုပ်ဆိုထားခြင်းမရှိလျှင် ၎င်းကိုလည်း လိုအပ်သည်ထက် ပိုမိုနေထိုင်ခွင့် မပြုသင့်ချေ ဟူ၍ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဖော်ပြပါအာယသ်ထဲတွင်နေထိုင်ခြင်းနှင့် အကာအကွယ်ပေးခြင်း ဘောင် (စည်း)ကို حَتَّىٰ يَسْمَعَ كَلَامَ اللهِ "သို့တိုင်အောင် ၎င်းသည် အလ္လာဟ်အရှင်မြတ်၏အာယသ်တော်ကို ကြားနာနိုင်အံ့သောငှာ" ဟူ၍မိန့်ကာ ပြဋ္ဌာန်းထားသည်။

(၄) လမ်းညွှန်မှုအကြောင်းအရာပါဝင်သည့် စတုတ္ထဥပဒေသအရ ခိုင်လုံသောခွင့်ပြုချက် (ဗီဇာ)နှင့် ရည်ရွယ်ချက်ဖြင့် မုစ်လင်မ်နိုင်ငံတစ်ခုထဲဝင်လာသည့် စစ်မက်ဖြစ်ပွားနေသော မုစ်လင်မ်မဟုတ်သူတစ်ဦးကို ၎င်း၏ လုပ်ငန်းတာဝန်၏ တိုးတက်မှုအခြေအနေကို သတိရှိရှိမည့်တာဝန်သည် မုစ်လင်မ်အုပ်ချုပ်ရေး အရာရှိများပေါ်၌ ရှိသည်။ ထို့ပြင်နိုင်ငံအတွင်း ထိုသူ၏ လုပ်ငန်းပြီးဆုံးသည်နှင့်တစ်ပြိုင်နက် ၎င်းလုံခြုံစွာထွက်ခွာရေး စီစဉ်ပေးရမည်မှာမုစ်လင်မ် အမိုးရိ (အုပ်ချုပ်သူ) တာဝန်ဖြစ်သည်။

နောက်ဖော်ပြထားသည့် လေးအာယသ်ဖြစ်သော (၇-၁၀)ထဲတွင် စူရဟ်အလ်သောင်ဗဟ်၏ကနဦးအာယသ်ထဲတွင်ဖော်ပြထားသည့် ရုပ်သိမ်းခွင့် ကြေညာခြင်း၏ နောက်ကွယ်ရှိ အသိပညာကိုဖော်ပြထားသည်။ ဤနေရာ၌ ပဋိညာဉ် ဖောက်ဖျက်သော မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ မုစ်လင်မ်များအပေါ် အတောမသတ်နိုင်သော မနာလိုဝန်တိုမှုနှင့် ယုတ်ညံ့သိမ်ဖျင်းမှုကိုရည်ညွှန်းကာ အာယသ် (၇) နှင့် (၈) ထဲတွင် အကြံပြုထားသည်။ ယင်းထဲ၌ ထိုသူများသည် ၎င်းတို့၏ ပဋိညာဉ်ကို လိုက်နာလိမ့်မည်ဟု မျှော်လင့်ချက်ထားခြင်းသည်ပင်လျှင် အစကတည်းကမှားခြင်းဖြစ်ပေသည်။ မူရင်းစာသား၌မိန့်ထားသည်မှာ မတ်စ်ဂျိဒအလ်ဟရာမ်နားတွင် စာချုပ်တစ်ရပ်ချုပ်ဆိုထားသူများမှအပ ဤမယုံကြည်သွေဖည်ငြင်းပယ်သူများ၏ပဋိညာဉ်ချုပ်ဆိုများ၏ စာချုပ် လိုက်နာမှုမှာ အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်တို့ရှေ့ဝယ် မည်မျှခိုင်မာပါမည်နည်း။ အကြောင်းမှာ ဤလူစားတို့သည် အကယ်၍ အခွင့်အရေး အနည်းငယ်လေးမျှရရှိလျှင်ပင် ၎င်းတို့၏ဆက်ဆံမှုနှင့် ၎င်းတို့ ပြုလုပ်ထားသောကတိများကို အလေးထားကြလိမ့်မည်မဟုတ်ချေ။ ရိုးရှင်းသည့်အကြောင်းမှာ စာချုပ်လက်မှတ် ရေးထိုးနေစဉ်ပင် ထိုစာချုပ်ကို လေးစားလိုက်နာမည့်ရည်ရွယ်ချက် ၎င်းတို့တွင်မရှိချေ။ ၎င်းတို့၏ တစ်ခုတည်းသောရည်ရွယ်ချက်မှာ သူတို့စိတ်ကိုသူတို့ဖြေသိမ့်ရန်ဖြစ်သည်။ ထိုသူတို့၏စိတ်နလုံးသားကို တစ်နေရာရာတွင်ထား၍ ၎င်းတို့သည် များသောအားဖြင့် ဂုနာဟ်အပြစ်ကျူးလွန်သူများ၊ ပဋိညာဉ်များအမြဲချိုးဖောက်သူများနှင့် သစ္စာဖောက်သူများဖြစ်ကြသည်။

**မှန်ကန်မှုတည်တံ့စေခြင်းနှင့် မယုံကြည်သွေဖည်ငြင်းပယ်သူများအပေါ်တွင်ပင် မတရားမှု ဖြစ်စေ၊ လွန်ကဲမှုကိုဖြစ်စေမကျူးလွန်ရဟုဆိုခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ်၏ သင်ကြားမှုဖြစ်သည်။**

ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအဆိုအမိန့်က မုစ်လင်မ်များအတွက်လမ်းညွှန်မှုပေးသည်မှာ ရန်သူ များနှင့် ရင်ဆိုင်ဆက်ဆံစဉ်တွင်ပင် တရားမျှတမှုနှင့် အမှန်တရားကို မည်သည့်အခါမျှမစွန့်လွှတ်သင့်ချေ။ မုစ်လင်မ်များသည် ထိုသူတို့နှင့်ပတ်သက်၍ မည်သည့်ကိစ္စမဆိုလုပ်ရလျှင် ထိုသူများအပေါ် ချဲ့ကားသည့်ချဉ်းကပ်မှုနှင့် ရပ်တည်မှု မလုပ်

ရန်လိုအပ်သည်။ ဤသည်ကို မက္ကာဟ်မြို့ရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများ ကိစ္စရပ်တွင် ပြည့်ဝစွာ စဉ်းစားဆင်ခြင်၍ ပြုလုပ်ထားခဲ့ကြောင်း ပြီးခဲ့သောအာယသ်တော်များတွင် တင်ပြထားခဲ့သကဲ့သို့ ဖြစ်သည်။ အကြောင်းမှာ ဤသူအများစုသည် ၎င်းတို့၏ပဋိညာဉ်ကိုဖောက်ဖျက်ခဲ့ကြသည်။ သဘာဝအားဖြင့် ထိုကဲ့သို့သော အချိန်၌ ယင်းကဲ့သို့ကိစ္စရပ်ဖြစ်ခဲ့လျှင် လူအများသည်ထိုသူများထံမှ အကြွင်းမဲ့သစ္စာခံမှုလိုချင်ကြသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်က **اِلَّا الَّذِيْنَ عٰهَدْتُّمْ عِنْدَ الْمَسْجِدِ الْحَرَامِ** "မတ်စ်ဂျိဒေဟရာမ်" ထူးမြတ်သောဗလီဝတ် ကျောင်းတော်၏အပါးတွင် အသင်တို့ပဋိညာဉ်ဖွဲ့ခဲ့ကြသောသူတို့မှတစ်ပါး" ဟူ၍မိန့်ထားခြင်းက ပဋိညာဉ်မဖောက် ဖျက်သူများကို ခြွင်းချက်ပြုထားသည်။ စင်စစ်ယင်းအဆိုအမိန့်က သူတို့၏ပဋိညာဉ်ကို သစ္စာရှိစွာ လိုက်နာကျင့်သုံး သည့်ကာလပတ်လုံး မုစ်လင်မ်များသည်လည်း ပဋိညာဉ်အတိုင်း စွဲမြဲစွာလိုက်နာကျင့်သုံးသင့်သည်ဟု အမိန့်ပေးထားသည်။ အခြားသူများကျူးလွန်သော ပဋိညာဉ်ဖောက်ဖျက်ခြင်းကြောင့် ထိုလုပ်ရပ်သည် အခြားပဋိညာဉ် လိုက်နာသူများကိုလည်း ပဋိညာဉ်ဖောက်ဖျက်ကြလိမ့်မည်ဟု မထင်သင့်ချေ။

အစောပိုင်းတွင်လည်းမိန့်ထားသည်မှာ မယုံကြည်သွေဖည်ငြင်းပယ်သူသည် ကနဦးကပင် သစ္စာဖောက်မှုကို နှလုံးသား၌အမြဲရှိခဲ့ကာ ၎င်းတို့ပြုလုပ်သည့်ပဋိညာဉ်အပေါ် လိုက်နာရန်လည်း ရည်ရွယ်ချက်မရှိချေ။ ခြွင်းချက်တစ်ခုလည်း ပေးထားခဲ့သည်။ အလားတူပင် မူရင်းစာသားက **وَ اَكْثَرُهُمْ فٰسِقُوْنَ** "စင်စစ် ၎င်းတို့အနက် အများစုကား စည်းကမ်း ဖောက်ဖျက်သူများဖြစ်ကြကုန်၏။ ၈" ဟူ၍မိန့်ထားရာတွင် အားလုံးသည် ထိုသို့မဟုတ်ကြောင်း အညွှန်းပေးထားသည်။ ထိုသူတို့ချုပ်ဆိုထားသည့်အတိုင်း လိုက်နာကျင့်သုံးလိုသည့် လူကောင်းတချို့ ထိုသူများတွင် ရှိပေသည်။ သို့သော် လည်း ထိုသူများမှာ မထင်ပေါ်ကြချေ။

ဤအကြောင်းကိုပင် ကုရ်အာန်ကျမ်းမြတ်တစ်နေရာတွင် **لَا يَجْرِمَنَّكُمْ شَنَاٰنُ قَوْمٍ عَلٰٓى اَلَّا تَعْدِلُوْا** "၎င်းပြင်မည်သည့်လူမျိုးတစ်မျိုးကိုမဆို မုန်းတီးခြင်းသည် အသင်တို့အား တရားမျှတမှုကိုမပြုဘဲနေကြရန် လှုံ့ဆော်သည်မရှိစေရ" (၅ : ၈) ဟူသော ရှင်းလင်းပြတ်သားသည့်အသုံးအနှုန်းများဖြင့် ဖော်ပြထားသည်။

ယင်းနောက် နဝမအာယသ်ထဲတွင် အဘယ့်ကြောင့် ဤမုရှ်ရစ်ကများ အရိုးစွဲဇေအောင်သစ္စာဖောက်ကြကြောင်းဆိုသည့်အကြောင်းနှင့် မည်သည်က ဤသို့သောရောဂါဆိုး ကပ်ငြိအောင် ပြုလုပ်ထားကြောင်း တင်ပြ ထားသည်။ ထို့ကြောင့် ထိုသူများကိုလည်း ပြန်လည်ဆင်ခြင်သုံးသပ်နိုင်ရန် မျှော်လင့်ခြင်းဟူသော ကုထုံးပေးထားသည်။ ယင်းမှာ ၎င်းတို့ဆန္ဒရှိလျှင် သူတို့ကိုယ်သူတို့ပြုပြင်နိုင်သေးသည်။ တချိန်တည်းတွင် မုစ်လင်မ် ထုကြီးကို သတိပေးချက်တစ်ခုပြုထားသည်မှာ ဤသူများကျရောက်ခဲ့သော သစ္စာဖောက်မှုနှင့် အမိန့်ဖီဆန်မှု ချောက်ကမ်းပါးထဲမကျရောက်စေရန် မိမိကိုယ်မိမိ ထိန်းသိမ်းရန်နှင့် ပေါ်လွင်ထင်ရှားသောဘဝပုံစံဖန်တီးရန် ဤအပြုအမူမျိုးတို့မှ လုံးဝဝေးရှောင်ရှားရမည်။ အကြောင်းမှာ ရုပ်ဝတ္ထုများပေါ် ၎င်းတို့၏ အတောမသတ်သော ချစ်ခင်မြတ်နိုးမှုကြောင့် ဖြစ်သည်။ ဤလောက၏အကန့်အသတ်မဲ့ပစ္စည်းစုံကို သိမ့်မိလိုခြင်း၊ ပိုင်ဆိုင်လိုခြင်းနှင့် သုံးစွဲလိုခြင်းဆန္ဒက ၎င်းတို့၏အမြင်များတိမ်သလွှာဖုံးကွယ်ကွယ်စေပါသည်။ မည်မျှဖုံးကွယ်သနည်းဆိုလျှင် အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များနှင့် ၎င်းတို့၏အီမာန်ယုံကြည်မှုကို အနည်းငယ်မျှသောအကျိုးအမြတ်နှင့် လဲလှယ်ရောင်းစားသည်ထိ ဖြစ်သွားပေသည်။ ဤအကျင့်စာရိတ္တသည် လျော့လျော့ပါးပါးဆိုလျှင်ပင် အလွန် ယုတ်ညံ့ဆိုးဝါးလှပေသည်။

အာယသ် (၁၀) ပါ မူရင်းစာသားသည် ဤလူသားများ၏ အစွမ်းကုန် ကောက်ကျစ်စဉ်းလဲမှုကို لَا يَرْقُبُوْنَ فِيْ مُؤْمِنٍ اِلًّا وَّ لَا ذِمَّةً "ၵင်းတို့သည် မည်သည့် "မုအ်မင်နဲ်" သက်ဝင်ယုံကြည်သူတစ်ဦးတစ်ယောက်နှင့်မျှပတ်သက်၍ ဆွေမျိုးတော်စပ်မှုကို လည်းကောင်း၊ ပဋိညာဉ်ထားရှိမှုကိုလည်းကောင်း ထောက်ထားကြသည်မဟုတ်ပေ" ဟုမိန့်ထားသည်။ ဆိုလိုသည်မှာ ဤသူများသည် မုစ်လင်မ်များနှင့် ဆွေမျိုးတော်စပ်ခြင်း၊ စာချုပ်အရ လိုက်နာကျင့်သုံးရမည်ဖြစ်သော်လည်း မုစ်လင်မ်များကိုသစ္စာဖောက်သော ၎င်းသူများသည် ကွက်ကွက်ကလေးမျှသာမဟုတ်ချေ။ စင်စစ် မုစ်လင်မ်များနှင့် ဆက်ဆံရာတွင် ဆွေမျိုးတော်စပ်ခြင်း (သို့မဟုတ်) ပဋိညာဉ်ပြုထားခြင်း စသည်တို့ကို ခိုင်လုံသည့် အကြောင်းပြချက်ဟု မည်သည့်အခါမျှ မမှတ်ယူသော မယုံကြည်သွေဖည်ငြင်းပယ်သူများသည် အမြောက်အများရှိသည်။ မယုံကြည်သွေဖည် ငြင်းပယ်သူများ၏ အထက်ဖော်ပြခဲ့သည့် အကျင့်စရိုက်ပုံစံအရ မုစ်လင်မ်များသည် ထိုသူများကို အမြဲတစေ စိတ်ပျက်သွားခြင်းနှင့် ထိုသူများကို မည်သည့်အခြေအနေတွင်မဆို ညီရင်းအစ်ကိုတမျှ ဆက်ဆံရန် ငြင်းဆိုလိမ့်မည်ဆိုခြင်းကား သဘာဝကျပေသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်ပါ တရားမျှတခြင်းနှင့်သာ တူညီမျှဖြစ်ခြင်းအရ အာယသ် ၁၁ ထဲတွင် အောက်ဖော်ပြပါညွှန်ကြားချက် فَاِنْ تَابُوْا وَ اَقَامُوا الصَّلٰوةَ وَ اٰتَوُا الزَّكٰوةَ فَاِخْوَانُكُمْ فِي الدِّيْنِ "သို့ရာတွင် အကယ်၍ ထိုသူတို့သည် (မိမိတို့၏အပူဝါဒများကိုစွန့်လွှတ်ကာ) "အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရားထားရှိခြင်းအားဖြင့်) ဝန်ချတောင်းပန်၍ ဆွလာသ်ဆောက်တည်ခြင်းကို လည်းကောင်း၊ ဇကာသ်တရားဝင် ဒါနကြေးပေးဆောင်ခြင်းကိုလည်းကောင်း ပြုခဲ့ကြပါလျှင် ထိုသူတို့သည် ဒီးန်သာသနာရေးတွင် အသင်တို့၏ညီသား အစ်ကိုများပင်ဖြစ်ကြကုန်သည်။" ဟုပေးထားသည်။

ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ ရန်သူတစ်ဦးသည် မည်မျှပင်အန္တရာယ်ဖြစ်စေ၊ မည်မျှပင်နာကျင်စေကာမူ မုစ်လင်မ်တစ်ဦးဖြစ်သွားသည်နှင့် ကိစ္စရပ်များမှာ သိသာထင်ရှားစွာပြောင်းလဲသွားပါသည်။ အလွှာဟ်အရှင်မြတ်သည် ထိုသူ၏အတိတ်က ပြစ်မှုဂုနာဟ်အားလုံးကို ခွင့်လွှတ်တော်မူပါသည်။ ထို့ကြောင့် ထိုသူများ၏ အတိတ်ကို မေ့ပစ်ရန်မှာ မုစ်လင်မ်များအပေါ်၌ မပြုမနေရ ဖရတ်သွို့ဖြစ်ကာ အသစ်တစ်ဖန်စတင်ကာ ထိုသူများကို အီမာန်ရှင်ညီအစ်ကိုများအဖြစ် သတ်မှတ်ရမည်။ ၎င်းနောက် ထိုကဲ့သို့ဆက်ဆံမှုအရ အမိန့်ပေးထားသည့် ၎င်းတို့ရပိုင်ခွင့်များကို မည်သည့်နည်းနှင့်မဆို ဖြည့်ဆည်းရမည်။

## အစွလာမ်ညီနောင်များ ဖြစ်ရန် လိုအပ်သော အချက်သုံးချက်

ဤအာယသ်က အစွလာမ့်ညီအစ်ကိုဖြစ်ရန် အချက် (၃) ချက်ကို ရှင်းလင်းစွာမိန့်ကြားထားသည်။ ယင်းတို့မှာ ၁။ ကုဖ်ရိနှင့်ရှစ်ရိုက်လုပ်ရပ်များအတွက် သောင်ဗဟ်ဝန်ချတောင်းပန်ခြင်း ၂။ ဆွလာသ်ဝတ်ပြု ဆောက်တည်ခြင်းနှင့် ၃။ ဇကာသ် ဆင်းရဲသားဒါနကြေးပေးဆောင်ခြင်းတို့ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အီမာန်ယုံကြည်ခြင်းနှင့် သောင်ဗဟ်အမှားဝန်ချတောင်းပန်ခြင်းသည် ဖုံးကွယ်ထားသောအရာများဖြစ်ကြသည်။ သာမန်မုစ်လင်မ်များသည် ယင်းအချက်တို့၏ စစ်မှန်မှုကို မမြင်တွေ့နိုင်ပါ။ ထို့ကြောင့် ယင်းတို့၏အပြင်ပန်းဆိုင်ရာ လက္ခဏာနှစ်ခုဖြစ်သည့် ဆွလာသ်နှင့် ဇကာသ်ကို ဖော်ပြထားခဲ့သည်။

စိုက်ယိဒိနာအိဗ်နိအဗ္ဗားစ် d ကမိန့်ကြားခဲ့သည်မှာ ဤအာယသ်သည် ကစ်ဗ်လာဟ်မှလူများဟု သတ်မှတ်ခံရသော မုစ်လင်မ်များ၏သွေးသည် တရားမဝင်ဟရာမ်ဖြစ်သည်ဟု ကြေညာခဲ့သည်။ တစ်နည်းဆိုရလျှင် ဆွလာသ်

ဝတ်ပြုဆောက်တည်သည်၊ ဇကာသ်ဆင်းရဲသားဒါနကြေးလည်းပေးသည်၊ ၎င်းတို့သည် မုစ်လင်မ် ဟုမသတ်မှတ်နိုင်လောက်အောင် အစွလာမ်နှင့်ဆန့်ကျင်သည်တို့ကိုပြောဆိုခြင်း၊ လုပ်ဆောင်ခြင်းမရှိသော်လည်း ၎င်းတို့နှလုံးသားတွင် စစ်မှန်သောအီမာန် (ယုံကြည်မှု) မရှိဘဲ (သို့မဟုတ်) အရေးခြုံ (နိဖာက်) ဖြစ်သည့်တိုင် အလုံးစုံသောဘာသာရေးဆိုင်ရာ အမိန့် ပညတ်ချက်အတွက်ဆိုလျှင် ၎င်းတို့ကို မုစ်လင်မ်ဟုသတ်မှတ်ရမည်။

တမန်တော်မြတ် ˢ ကွယ်လွန်ပြီးနောက် ဇကာသ် ဆင်းရဲသားဒါနကြေးပေးဆောင်ရန် ငြင်းဆိုသူများကို ဂျီဟားဒ်စစ်ခင်းရန် ကြေညာချက်အား အထောက်အကူဖြစ်စေရန်အတွက် စိုက်ယိဒိနာအဗူဗကရ် ᵈ သည် ဤအာယသ်ကိုကိုးကားခဲ့သည်။ စိုက်ယိဒိနာအဗူဗကရ်၏ ဤအခိုင်အမာပြောကြားချက်ကြောင့် ဆွဟာဗဟ် သာဝကကြီးများက ၎င်း၏ချည်းကပ်ပုံကို ကျေနပ်လက်ခံခဲ့ကြသည်။ (အိဗ်နိကဆီး၌)

အာယသ်တော်(၁၁)အဆုံးတွင် ချုပ်ဆိုထားသောစာချုပ်တစ်ခုအရ အကျူးဝင်သူများနှင့် ဝန်ချ တောင်းပန်သူများကိုပေးထားသော အမိန့်ပညတ်ချက်များအရလိုက်နာကျင့်သုံးရန် မူရင်းစာသားကအလေးအနက် ပြုထားသည်မှာ **وَنُفَصِّلُ الْاٰيٰتِ لِقَوْمٍ يَّعْلَمُوْنَ** "အမှန်သော်ကား ငါအရှင်မြတ်သည် (မိမိ) အာယသ်တော်များကို သိနားလည်သူတို့အဖို့ အသေးစိတ်ထုတ်ဖော် မိန့်ကြားတော် မူလေသည်။" ဟူ၍ဖြစ်သည်။

## အာယသ် (၁၂ - ၁၆)

**وَ اِنْ نَّكَثُوْۤا اَيْمَانَهُمْ مِّنْۢ بَعْدِ عَهْدِهِمْ وَ طَعَنُوْا فِيْ دِيْنِكُمْ فَقَاتِلُوْۤا اَئِمَّةَ الْكُفْرِ ۙ اِنَّهُمْ لَاۤ اَيْمَانَ لَهُمْ لَعَلَّهُمْ يَنْتَهُوْنَ ﴿۱۲﴾ اَلَا تُقَاتِلُوْنَ قَوْمًا نَّكَثُوْۤا اَيْمَانَهُمْ وَ هَمُّوْا بِاِخْرَاجِ الرَّسُوْلِ وَ هُمْ بَدَءُوْكُمْ اَوَّلَ مَرَّةٍ ؕ اَتَخْشَوْنَهُمْ ۚ فَاللّٰهُ اَحَقُّ اَنْ تَخْشَوْهُ اِنْ كُنْتُمْ مُّؤْمِنِيْنَ ﴿۱۳﴾ قَاتِلُوْهُمْ يُعَذِّبْهُمُ اللّٰهُ بِاَيْدِيْكُمْ وَ يُخْزِهِمْ وَ يَنْصُرْكُمْ عَلَيْهِمْ وَ يَشْفِ صُدُوْرَ قَوْمٍ مُّؤْمِنِيْنَ ﴿۱۴﴾ وَ يُذْهِبْ غَيْظَ قُلُوْبِهِمْ ؕ وَ يَتُوْبُ اللّٰهُ عَلٰى مَنْ يَّشَآءُ ؕ وَ اللّٰهُ عَلِيْمٌ حَكِيْمٌ ﴿۱۵﴾ اَمْ حَسِبْتُمْ اَنْ تُتْرَكُوْا وَ لَمَّا يَعْلَمِ اللّٰهُ الَّذِيْنَ جٰهَدُوْا مِنْكُمْ وَ لَمْ يَتَّخِذُوْا مِنْ دُوْنِ اللّٰهِ وَ لَا رَسُوْلِهٖ وَ لَا الْمُؤْمِنِيْنَ وَلِيْجَةً ؕ وَ اللّٰهُ خَبِيْرٌۢ بِمَا تَعْمَلُوْنَ ﴿۱۶﴾**

**တစ်ဖန် အကယ်၍ ထိုသူတို့သည် ကတိသစ္စာထားရှိပြီးနောက်သော်မှပင် မိမိတို့ထားရှိသော ကတိသစ္စာများကို ဖောက်ဖျက်ခြင်းကိုလည်းကောင်း၊ အသင်တို့၏ဒီးန်သာသနာနှင့်စပ်လျဉ်း၍ ကဲ့ရဲ့ရှုတ်ချ (အမနာပ) ပြောဆိုခြင်းကိုလည်းကောင်း ပြုခဲ့ကြပါလျှင် အသင်တို့သည် ကုဖ်ရိမယုံမကြည် သွေဖည်ငြင်းပယ်မှုကို ခေါင်းဆောင်သောရှေ့ဆောင်တို့အား ၎င်းတို့သည် (မိမိတို့၏အယူဝါဒများမှ) ရပ်စဲသွားကြရအံ့သောငှာ တိုက်ခိုက်ကြလေကုန်။ အကြောင်းသော်ကား ၎င်းတို့၌ ကတိသစ္စာများမရှိသောကြောင့်ပင်။ (၉ : ၁၂)**

အသင်တို့သည် အကြောင်အမျိုးသားတို့အား အဘယ့်ကြောင့် မတိုက်ခိုက်ကြသနည်း။ ထိုအမျိုးသားတို့သည် မိမိတို့၏ကတိသစ္စာကိုလည်း ဖောက်ဖျက် ခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် တမန်တော်မြတ် (မုဟမ္မဒ်) အား (မက္ကာဟ်မြို့မှ) နှင်ထုတ်ရန်လည်း သန္နိဋ္ဌာန်ချခဲ့ကြကုန်၏။ ထိုမှတစ်ပါး ၎င်းတို့သည်ပင်လျှင် သင်တို့အား ဦးစွာ ပထမစတင်တိုက်ခိုက်ခဲ့ကြကုန်၏။ အသင်တို့သည် ၎င်းတို့အား ကြောက်ရွံ့ကြလေသလော၊ စင်စစ်မူကားအကယ်၍အသင်တို့သည် "မုအ်မင်န်" သက်ဝင်ယုံကြည်သူများဖြစ်ကြလျှင် အလ္လာဟ်အရှင်မြတ်အား ပိုမို၍ပင်ကြောက်ရွံ့ထိုက်ပေသတည်း။ (၉ : ၁၃)

အသင်တို့သည် ၎င်းတို့အား တိုက်ခိုက်ကြလေကုန်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား အသင်တို့၏လက်များဖြင့် ပြစ်ဒဏ်ပေးတော်မူမည်ဖြစ်၏။ ၎င်းပြင် ထို အရှင်မြတ်သည် ယင်းတို့အား အရှက်ရစေတော်မူမည်လည်း ဖြစ်၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အသင်တို့အား ၎င်းတို့အပေါ်၌ အောင်မြင်စေတော်မူမည်လည်း ဖြစ်၏။ ထို့ပြင် ထိုအရှင်မြတ်သည် "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့၏ စိတ်နှလုံးများကို အေးချမ်းစေတော်မူမည်လည်း ဖြစ်ချေသတည်း။ (၉ : ၁၄)

၎င်းပြင် ထိုအရှင်မြတ်သည် ထို (သက်ဝင်ယုံကြည်)သူတို့၏ စိတ်နှလုံးများမှ ဒေါသအမျက်ကိုလည်း ပပျောက်စေတော်မူမည်ဖြစ်၏။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူ၏ဘက်သို့လည်း ကရုဏာတော်ဖြင့် ပြန်လှည့်တော်မူမည်ဖြစ်၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင်၊ နက်နဲသိမ်မွေ့ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်ပေသတည်း။ (၉ : ၁၅)

အသင်တို့သည် မိမိတို့မှာ (စမ်းသပ်ခြင်းမခံရဘဲ အေးချမ်းစွာ) စွန့်လွှတ်ထားခြင်းကို ခံကြရလိမ့်မည်ဟု ထင်မြင်ယူဆကြပါသလော။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် (ယခုထက်တိုင်) အသင်တို့အနက်မှ (ထိုအရှင်မြတ်၏လမ်းတော်၌) စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်သူတို့အားလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၊ ထိုအရှင်မြတ်၏ ရဿူလ် တမန်တော်နှင့် "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့အပြင် အခြားသူတို့ကို ချစ်ကျွမ်းတဝင် မပြုကြသောသူတို့အားလည်းကောင်း၊ သိ(မြင်) တော်မမူသေးချေ။ စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုမူသမျှတို့ကို အကြွင်းမဲ့ ကြားသိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၉ : ၁၆)

## အကျယ်ဖွင့်ဆိုခြင်း

မက္ကာဟ်မြို့ရှိ ကုရိုက်ရှ်များနှင့် စစ်ပြေငြိမ်းရေးစာချုပ်ကို ဟစ်ဂျ်ရီ ၆ ခုနှစ်၌ ဟုဒိုင်ဗီယဟ်တွင် အပြီးသတ်ချုပ်ဆိုခဲ့သည့်အကြောင်း ပြန်လည်သတိရပါလိမ့်မည်။ ကုရိုက်ရှ်လူမျိုးများသည် သဘောတူညီချက်ကို လိုက်နာဆောင်ရွက်လိမ့်မည်မဟုတ်ဆိုကြောင်းကို စူရဟ်အလ်သောင်ဗဟ်၏အာယသ် ၇ ထဲတွင် كَيْفَ يَكُوْنُ لِلْمُشْرِكِيْنَ

عَهۡدٌ "အသို့ရှိအံ့နည်း၊ မုရ်ရစ်က်တိုအဖို့ ပဋိညာဉ် (ကိုထောက်ထားမှု) သည် အလျှာဟ်အရှင်မြတ်အထံတော်၌"ဟူ၍ ကြိုတင်မိန့်ထားသည်။ ထို့နောက် ထိုသူများပဋိညာဉ်ဖောက်ဖျက်စေခြင်း၏အကြောင်းများကို အာယသ် ၈၉နှင့် ၁၀ တို့တွင် မိန့်ထားသည်။ ထို့နောက် အာယသ် ၁၁ ထဲ၌ လေးနက်သောပဋိညာဉ်ဖောက်ဖျက်လင့်ကစား အကယ်၍ ဤမုရ်ရစ်က်များသည် အစွလာမ်ဘာသာသက်ဝင်ယုံကြည်ကြောင်းကို ဆွလာသ်ဝတ်ပြုတည်ဆောက်ခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်းတို့ဖြင့် စတင်ဖော်ပြခဲ့ပါလျှင် မုစ်လင်မ်များအတွက် အတိတ်က အကျိုးသက်ရောက်ခဲ့မှုများကို စွန့်ပယ်ကာ ၎င်းတို့နှင့်ဆက်ဆံရန် တာဝန်ရှိသည်။ စင်စစ် မုစ်လင်မ်များသည် ထိုသူများကို အီမာန်ရှင်ညီနောင်များဟုမှတ်ယူကာ ထိုအတိုင်း ဆက်ဆံရမည်။ အထက်ဖော်ပြပါအာယသ် ၁၂ ထဲတွင် အစောပိုင်းကကြိုတင်နိမိတ်ဖတ်ထားသကဲ့သို့ ဤသူများ ၎င်းတို့၏ပဋိညာဉ်ချိုးဖောက်ခဲ့လျှင် မုစ်လင်မ်များ မည်သို့အရေးယူဆောင်ရွက်ရမည်ကို မိန့်ထားသည်။

စာသားပါစကားများမှာ وَ اِنۡ نَّكَثُوۡۤا اَيۡمَانَهُمۡ مِّنۡۢ بَعۡدِ عَهۡدِهِمۡ وَ طَعَنُوۡا فِىۡ دِيۡنِكُمۡ فَقَاتِلُوۡۤا اَئِمَّةَ الۡكُفۡرِ "တစ်ဖန်အကယ်၍ ထိုသူတို့သည် ကတိသစ္စာထားရှိပြီး နောက်သော်မှပင် မိမိတို့ထားရှိကြကုန်သော ကတိသစ္စာများကို ဖောက်ဖျက်ခြင်းကိုလည်းကောင်း၊ အသင်တို့၏ ဒီန်သာသနာနှင့် စပ်လျဉ်း၍ ကဲ့ရဲ့ရှုတ်ချ (အမနာပ) ပြောဆိုခြင်းကိုလည်းကောင်း ပြုခဲ့ကြပါလျှင် အသင်တို့သည် ကုဖ်ရ် မယုံမကြည် သွေဖည်ငြင်းပယ်မှုကို ခေါင်းဆောင်သောရှေ့ဆောင်တို့အား ၎င်းတို့သည် (မိမိတို့အယူဝါဒများမှ) ရပ်စဲသွားကြအံ့သောငှာ တိုက်ခိုက်ကြလေကုန်"(၉း၁၂) စာသားပါ လက်ရှိအခြေအနေကြောင့် فَقَاتِلُوۡهُمۡ (ဖကာသိလူး - သို့ဖြစ်လျှင် အသင်တို့သည် တိုက်ခိုက်ကြလေကုန်) ဟူ၍သုံးစွဲထားကြောင်း မှတ်သားသင့်သည်။ ကုရ်အာန်ကျမ်းတော်မြတ်က فَقَاتِلُوۡۤا اَئِمَّةَ الۡكُفۡرِ "သွေဖည်ငြင်းပယ်မှုကို ခေါင်းဆောင်သောသူတို့အား တိုက်ခိုက်ကြလေကုန်"ဟူ၍ မိန့်ထားခြင်းက ဤနေရာ၌ နာမ်စား အတိုသုံးနှုန်းမှုကို ရှောင်ကွင်းထားသည်။ اَئِمَّةَ (အအင်းမ) "ခေါင်းဆောင်များ" ဟူသောစကားလုံးသည် အီမာမ်၏ဗဟုဝုစ်ကိန်းဖြစ်သည်။ ဆိုလိုသည်မှာ ဤသူများသည် ၎င်းတို့၏ ဂုဏ်သိက္ခာကိုချိုးဖဲ့၍ မယုံကြည်သွေဖည်သူများ၏ခေါင်းဆောင်ဖြစ်သွားသောကြောင့် စစ်ခင်းခံရခြင်းနှင့် ထိုက်တန်သွားသည်။ ဤအဆိုအမိန့်ထဲတွင် စစ်တိုက်ရန်အမိန့်၏ တရားမျှတမှုနှင့် အသိဉာဏ်ပါဝင်သည်။ ဋီကာရှင်အချို့က ပြောသည်မှာ ဤနေရာတွင် "မယုံကြည်သွေဖည်ငြင်းပယ်မှု၏ခေါင်းဆောင်များ" ဆိုသည်မှာ မုစ်လင်မ်များအား တိုက်ခိုက်ရန် လူအများကိုလှုံ့ဆော်ခြင်းနှင့် စစ်တိုက်ရန် ပြင်ဆင်မှုဖြင့် အမြဲအလုပ်ရှုပ်နေစေရန်ပြောကြားသည့် မက္ကာဟ်မြို့မှကိုရိုက်ရှ်မျိုးနွယ်စု၏ ခေါင်းဆောင်အကြီးအကဲများကို ရည်ညွှန်းသည်။ ဤသူများကို စစ်ခင်းရန် သီးသန့်ဖော်ပြခြင်းသည် ယင်းသူများသည် မက္ကာဟ်မြို့သားများ၏ စစ်မှန်သောဩဇာအာဏာ ရင်းမြစ်များ ဖြစ်သောကြောင့်တည်း။ နောက်ထပ်၍ ဤသူများသည် မုစ်လင်မ်များနှင့် နီးစပ်သော ဆွေမျိုးတော်စပ်မှုရှိကာ ၎င်းတို့နှင့် ပတ်သက်လျှင် လျော့ပေါ့မှုအချို့ရှိနိုင်သည်ဟူသော စိုးရိမ်မှုဖြစ်နိုင်သောကြောင့်ဖြစ်သည်။

**မုစ်လင်မ်များ အုပ်ချုပ်သော နိုင်ငံ (ဒါရုလ်အစ္စလာမ်) တွင်ရှိသည့် အကာအကွယ် ပေးထားသည့် မုစ်လင်မ် မဟုတ်သည့် နိုင်ငံသားတို့သည် အစ္စလာမ်သာသနာအား ရိုးသားစွာ နှိုင်းနှိုင်းချင့်ချင့် ဆန်းစစ်ဝေဖန်ကာ လေ့လာမှုလုပ်နိုင်သည်။ အမနာပ ကဲ့ရဲ့ရှုတ်ချပြောဆိုခွင့်မပြု။**

ဋီကာရှင်အချို့က طَعَنُوۡا فِىۡ دِيۡنِكُمۡ "အသင်တို့၏ ဒီးန်သာသနာနှင့်စပ်လျဉ်း၍ ကဲ့ရဲ့ရှုတ်ချ (အမနာပ) ပြောဆိုခြင်းကို လည်းကောင်း"ဟူသောစကားလုံးများက မုစ်လင်မ်များ၏ ဒီးန်သာသနာကို မကောင်းပြောဆိုခြင်းသည်

ပဋိညာဉ် ဖောက်ဖျက်မှုတွင် အကျူးဝင်သွားသည်ဟုဆိုလိုကြောင်း အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ အစ္စလာမ်သာသနာနှင့် အစ္စလာမ် ရှရီအသ်တရားတော်ကို မကောင်းပြောဆိုသူတစ်ဦးသည် မုစ်လင်မ်များနှင့် စာချုပ်ချုပ်ဆိုထားသူအဖြစ် ဆက်လက် ရပ်တည်ခွင့် မရှိတော့ပါ။ သို့သော်လည်း မုစ်လင်မ်ဓမ္မသတ်ပညာရှင်များ၏ တညီတညွတ်တည်းသော အဆိုအရ ယင်းသည် မုစ်လင်မ်များနှင့် အစ္စလာမ်သာသနာကိုစော်ကားရန်နှင့် သေးသိမ်စေရန် ပြောင်ပြောင်တင်းတင်း ပြုလုပ်သော၊ လူသိရှင်ကြားပြုလုပ်သောကိစ္စများ ပါဝင်သည်။ ရိုးသား၍ အသိဉာဏ်ပါသောဝေဖန်မှုများဖြင့် ပြဿနာများနှင့် ဥပဒေသများအား သုတေသနပြုလုပ်မှုကိုမူ ယင်းတွင် အကျူးမဝင် ကင်းလွတ်ခွင့်ပြုထားသည်။ သို့ဆိုလျှင် ယင်းသို့ သောလုပ်ရပ်သည် အဘိဓာန်အရ အမနာပ ပြောဆိုခြင်းဟု သဘောမသက်ရောက်ပါ။

ထို့ကြောင့် ဒါရုလ်အစ္စလာမ်တွင် နေထိုင်သည့် မုစ်လင်မ်မဟုတ်သောနိုင်ငံသားများအတွက် မည်သည့် ရိုးသားစွာ အသိဉာဏ်ရှိရှိ ဝေဖန်မှုအား ခွင့်ပြုနိုင်သည်။ သို့သော်လည်း အစ္စလာမ်ဘာသာအား အမနာပပြောဆိုခြင်း၊ မလေးမစား ပြုလုပ်ခြင်း၊ စော်ကားခြင်း၊ နိုင်လိုမင်းထက်ပြုလုပ်ခြင်းတို့ကိုမူ ခွင့်မပြုချေ။

ယင်းအာယသ် ၁၂ ထဲမှာပင် **إِنَّهُمْ لَآ أَيْمَٰنَ لَهُمْ** "အကြောင်းမှာ ၎င်းတို့သည် ကတိသစ္စာများ မရှိတော့ပြီ။" ဟုမိန့်ထားသည်။ ဆိုလိုသည်မှာ ဤသူများ၏ကတိသစ္စာများသည် ယုံကြည်သင့်သည်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် ကတိသစ္စာများကိုဖောက်ဖျက်ခြင်း စာချုပ်များကိုဖောက်ဖျက်ခြင်းတို့ကို မလုပ်ရလျှင် မနေနိုင်သောသူများဖြစ်သောကြောင့်တည်း။ ထို့နောက် ဤနေရာ၌ ကတိသစ္စာများကို အများကိန်း အသွင်ဖြင့် သုံးထားခြင်းက ဆိုလိုနိုင်သေးသည်မှာ "ထိုသူများသည် ၎င်းတို့၏ကတိသစ္စာများကို ချိုးဖောက်ခဲ့ပါလျှင် မုစ်လင်မ်များကပြုထားသော ကတိသစ္စာနှင့် ပဋိညာဉ်များအတွက် ၎င်းတို့အပေါ်တင်ရှိသော တာဝန်ဝတ္တရားများ ပယ်ဖျက်ပြီးဖြစ်သွားပေမည်။"ဟူ၍ ဖြစ်သည်။

အာယသ် ၁၂ အဆုံးတွင် **لَعَلَّهُمْ يَنتَهُونَ** "သို့မှသာလျှင် ၎င်းတို့သည် ရပ်စဲသွားကြအံ့"ဟူ၍ ဖြစ်သည်။ ဤနောက်ဆုံးဝါကျက ကျွန်ုပ်တို့ကိုပြောသည်မှာ မုစ်လင်မ်များဆင်နွှဲခဲ့သည့် ဂျီဟာဒ်စစ်ပွဲ၏ ရည်ရွယ်ချက်သည် ကမ္ဘာတစ်လွှားရှိ စစ်လိုလားသူများ၊ သာမန်အုပ်ချုပ်သူများကဲ့သို့ ရန်သူများအား အနာတရ ရရှိရန်၊ ကလဲ့စားချေရန် မဟုတ်ချေ။ မုစ်လင်မ်များ တာဝန်အရ တိုက်ခိုက်ရမည်ဆိုလျှင် စေ့ဆော်သည့် ရည်ရွယ်ချက်မှာ ရန်သူများကို ချစ်ခင်ခြင်း၊ စာနာခြင်းနှင့် မမှန်ကန်သည့် လုပ်ရပ်များလုပ်ခြင်းကို ရပ်တန့်စေလိုသောဆန္ဒများဖြစ်ရမည်။

ယင်းနောက် မုစ်လင်မ်များစစ်တိုက်ဖို့ ဖျောင်းဖျရန် အာယသ် ၁၃ တွင်မိန့်ထားသည်မှာ အလ္လာဟ်အရှင်မြတ်၏ တမန်တော်ကို မောင်းနှင်ထုတ်ရန် ပူးပေါင်းလုပ်ကြံသည့်လူမျိုးများကို အဘယ့်ကြောင့်စစ်တိုက်ရန် အဆင်သင့်ဖြစ်စေမည့်အကြောင်း မရှိသနည်းဟုမိန့်ထားသည်။ ဤသည်မှာ တမန်တော်မြတ် ˢ သခင်ကို မဒီနဟ်မြို့မှ မောင်းနှင်ထုတ်ရန် ပူးပေါင်းကြံစည်သော မဒီနဟ်မြို့ရှိဂျူးများကိုရည်ညွှန်းသည်။ ထိုသူများက **لَيُخْرِجَنَّ ٱلْأَعَزُّ مِنْهَا ٱلْأَذَلَّ** "ဂုဏ်အသရေ အင်အားရှိသူ တို့သည် ဂုဏ်အသရေအင်အားမဲ့သူတို့အား ထိုမြို့မှ ဇကန်မလွှဲ နှင်ထုတ်ကြပေမည်။" (၆၃ း ၈) ဟုပြောကြမည်။ ထိုသူများအမြင်တွင် ၎င်းတို့သည်သာ ဂုဏ်သိက္ခာနှင့် အာဏာရှိသူများဖြစ်၍ မုစ်လင်မ်များမှာမူ အင်အားချည့်နဲ့၍ အောက်တန်းကျသူများဖြစ်သည်ဟူ၍ ဖြစ်သည်။ ၎င်းတို့အတွက် လိုအပ်သောအဖြေကို အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ နည်းလမ်းတော်အတိုင်း ပေးခဲ့သည်။ အရှင်မြတ်သည် ၎င်းတို့၏ မောက်မာသော အဆိုအမိန့် မှန်ကန်ကြောင်းပြသသည့် နည်းတစ်နည်းကား တမန်တော်မြတ် ˢ သခင်နှင့် ဆွဟာဗဟ် သာဝက

ကြီးများသည် မဒီနဟ်မြို့ရှိ ဂျူးများကို မောင်းနှင်ထုတ်ကာ ဂုဏ်သိက္ခာမှာ မုစ်လင်မ်များအတွက်ဖြစ်၍ ဂုဏ်သိက္ခာ မဲ့မှုများမှာ ဂျူးများအတွက်ဖြစ်ကြောင်း သက်သေပြခဲ့ သည်။

ထိုသူများနှင့် စစ်ခင်းရန်အတွက် ပေးထားသည့်ဒုတိယအကြောင်းအရင်းကား **وَ هُمۡ بَدَءُوۡ كُمۡ اَوَّلَ مَرَّةٍ** "ထိုမှတစ်ပါး ၎င်းတို့သည်ပင်လျှင် အသင်တို့အား ဦးစွာပထမ စတင်တိုက်ခိုက်ကြကုန်၏။"(၁၃)ဟုပေးထားသည်။ ဆိုလိုသည်မှာ ထိုသူများသည် ကျူးကျော်စော်ကားသူများဖြစ်ကြသည်။ မုစ်လင်မ်များလုပ်ရမည်မှာ ကိုယ့်ကိုယ်ကို ခုခံကာကွယ်ခြင်းသက်သက်သာ ဖြစ်သည်။ ယင်းလုပ်ရပ်သည် စကြဝဠာလုံးဆိုင်ရာ အသိဉာဏ်ရှိ၍ လုပ်ရိုး လုပ်စဉ် ဖြစ်သည်။

ထို့နောက် မုစ်လင်မ်များ၏နှလုံးသားများထဲမှ ရန်သူကိုကြောက်ရွံ့စိတ်ဖယ်ရှားရန် **اَتَخۡشَوۡنَهُمۡ ۚ فَاللّٰهُ اَحَقُّ اَنۡ تَخۡشَوۡهُ** "အသင်တို့သည် ၎င်းတို့အား ကြောက်ရွံ့ကြလေသလော၊ စင်စစ်မူကား အကယ်၍ အသင်တို့သည် "မုအ်မင်နှ်" သက်ဝင်ယုံကြည်သူများဖြစ်ကြလျှင် အလ္လာဟ်အရှင်မြတ်အား ပိုမို၍ပင်ကြောက်ရွံ့ထိုက်ပေသည်။"(၁၃) ဟု မိန့်ထား သည်။ ယင်းသို့မိန့်ရခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်ခတ်မှုကို မည်သည့်စွမ်းအားကမျှ မဖယ်ရှားစေနိုင် သော ကြောင့် ဖြစ်သည်။ အဆုံးတွင် **اِنۡ كُنۡتُمۡ مُّؤۡمِنِيۡنَ** "အကယ်၍အသင်တို့သည် "မုအ်မင်နှ်" သက်ဝင်ယုံကြည်သူများ ဖြစ်ကြလျှင်"(၁၃)ဟူ၍ မိန့်ထားခြင်းက ရှင်းလင်းစေသည်မှာ အလ္လာဟ်အရှင်မြတ်မှအပ မည်သူ့ကိုမဆို၊ မည်သည့် အရာကို မဆို ဖြစ်စေ ကြောက်ရွံ့ခြင်းသည် အစွလာမ့်ရှရီအသိတရားတော်ပါ အမိန့်ပညတ်ချက်များကို ဖြည့်ဆည်းမှု ပိတ်ဆို့ခြင်း ဖြစ်ကာ ယင်းလုပ်ရပ်မျိုးကို မည်သည့်စစ်မှန်သောယုံကြည် လက်ခံနာယူကျင့်သုံးသည့် မုစ်လင်မ်တစ်ဦး၏ လုပ်ရပ်မဟုတ်ချေ။

မုစ်လင်မ်များ ဂျီဟာဒ်စစ်ပွဲပါဝင်ဆင်နွှဲရန် အလားတူနိုးဆော်တိုက်တွန်းချက်မျိုး အာယသ် ၁၄နှင့် ၁၅တွင် မတူညီသော ရှုထောင့်မှ ဖော်ပြထားသည်။ မုစ်လင်မ်များအား ပြောထားခဲ့သည်မှာ -

(၁) အကယ်၍ သင်တို့သည် မယုံကြည်သွေဖည်သူရန်သူများကို စစ်တိုက်ရန်အဆင်သင့်ပြုလုပ်ပါလျှင် အသင် တို့နှင့်အတူ အလ္လာဟ်အရှင်မြတ်၏အကူအညီနှင့် အထောက်အပံ့ရှိနေပါလိမ့်မည်။ ရန်သူများအတွက်မူ ၎င်းတို့၏ မကောင်းသော လုပ်ရပ်မျိုးများကြောင့် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုနှင့် ထိုက်တန်စေပြီးဖြစ်သွားမည်။ သို့သော်လည်း ဤပြစ်ဒဏ်ခတ်မှုသည် မိုးကောင်းကင်မှလည်း ကျမလာသကဲ့သို့ မြေကြီးအောက်မှလည်း ပေါ်ထွက် မလာပါ။ အာယသ်တော်က **يُعَذِّبۡهُمُ اللّٰهُ بِاَيۡدِيۡكُمۡ** "အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား အသင်တို့၏ လက်များဖြင့် ပြစ်ဒဏ်ပေးတော်မူမည် ဖြစ်၏။"(၉း၁၄) ဟုမိန့်ကြားထားသည်။

(၂) ဤစစ်တိုက်ခြင်းရလဒ်ကြောင့် အလ္လာဟ်အရှင်မြတ်က မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ လုပ်ဆောင် မှုကြောင့် မုစ်လင်မ်များ၏နှလုံးသားများတွင် ဖြစ်ပေါ်ခဲ့သည့်နာကျင်မှုနှင့် ဝမ်းနည်းမှုများ ပြေပျောက်စေလိမ့်မည်။

(၃) ထို့နောက် မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ပဋိညာဉ်ဖောက်ဖျက်မှုကြောင့် မုစ်လင်မ်များ နှလုံးသားတွင် ပေါ်ပေါက်ခဲ့သည့်ဒေါသများကို အလ္လာဟ်အရှင်မြတ်က မုစ်လင်မ်များ၏လက်ချက်ဖြင့် မယုံကြည်သွေဖည် ငြင်းပယ်သူ များကို ပြစ်ဒဏ်ခတ်စေခြင်းဖြင့် ပယ်ပျောက်ပြီးဖြစ်စေမည်။

ပြီးခဲ့သောအာယသ် (၁၂) ထဲ၌ **لَعَلَّهُمۡ يَتَذَكَّرُوۡنَ** "သို့မှသာလျှင် ၎င်းတို့သည် ရပ်စဲသွားကြအံ့"(၁၂) ဟု မိန့်ထားခြင်းက မုစ်လင်မ်များကိုမိန့်သည်မှာ လူတစ်မျိုးကိုစစ်တိုက်ခြင်းသည် ဒေါသပြေပျောက်စေရန် မဟုတ်ဘဲ ထို

မယုံကြည် သွေဖည်ငြင်းပယ်သူကို ပြုပြင်စေရန်နှင့် ကောင်းမွန်စေရန်ဟူသည့် အဓိကကျသော ရည်ရွယ်ချက်သည် သာလျှင် ၎င်းတို့ လုပ်ဆောင်မှုဖြစ်ရမည်။ မုစ်လင်မ်များသည် ၎င်းတို့၏အမျိုးမျိုးသော ရည်မှန်းချက်များကို သန့်စင်ရှင်းလင်းပြီးနောက် ရည်စူးချက်မှာ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းအတွက်သာလျှင်ဖြစ်၍ မည်သူ့အတွက်မျှ စစ်တိုက်ခြင်း မဟုတ်ရပါ။ သို့ဆိုပါလျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့နှလုံးသားတွင် ဗလောင်ဆူနေသည့်ဒေါသနှင့် ဝမ်းနည်းမှု ခံစားချက်ကို အလိုအလျောက်ဖယ်ရှားပြီးဖြစ်စေသည့်ကိစ္စရပ်များ ပေါ်ပေါက်စေတော်မူမည်။

(၄) အဆုံး၌ وَيَتُوبُ اللَّهُ عَلَىٰ مَن يَشَاءُ "၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသော သူ၏ဘက်သို့လည်း ကရုဏာတော်နှင့်ပြန်လှည့်တော်မူမည်ဖြစ်၏။ (၁၅)" ဟုမိန့်ကြားထားသည်။ ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ ဂျီဟားဒ်၏ ရလဒ်ကြောင့် ထပ်ဆင့်၍ အကျိုးအမြတ်တစ်ခုရလိမ့်မည်ဖြစ်ကြောင်း ဖြစ်သည်။ ရန်သူများအနက်မှ မြောက်များစွာသောသူတို့သည် အစွမ်းလာမ့်၏သောင်ဖီးက်စွမ်းအား ရရှိကြပါလိမ့်မည်။ ထိုသူများ မုစ်လင်မ်များဖြစ်လာကြလိမ့်မည်။ ထို့ကြောင့် မက္ကာဟ်မြို့အောင်နိုင်သည့်အချိန်က ထောင်လွှားသူများစွာသည် အရှက်ရစေသကဲ့သို့ အစွမ်းလာမ် သာသနာသို့ ဝင်ရောက်လာသူလည်း မြောက်များစွာရှိခဲ့သည်။

ဤအာယသ်တော်များထဲတွင် ကြိုတင်မိန့်ကြားထားသည့် အကြောင်းအရာနှင့် အဖြစ်အပျက်များတစ်ခုစီသည် မှန်ကန်ကြောင်း သမိုင်းကသက်သေပြပါသည်။ ထို့ကြောင့် ဤအာယသ်များထဲတွင် မုအ်ဂျိဇာဟ် တန်ခိုးပြာဋိဟာများ မြောက်များစွာပါဝင်သည်။

## အာယသ် (၁၇ - ၁၈)

مَا كَانَ لِلْمُشْرِكِيْنَ اَنْ يَّعْمُرُوْا مَسٰجِدَ اللّٰهِ شٰهِدِيْنَ عَلٰٓى اَنْفُسِهِمْ بِالْكُفْرِ ؕ اُولٰٓئِكَ حَبِطَتْ اَعْمَالُهُمْ ۖۚ وَ فِي النَّارِ هُمْ خٰلِدُوْنَ ﴿۱۷﴾ اِنَّمَا يَعْمُرُ مَسٰجِدَ اللّٰهِ مَنْ اٰمَنَ بِاللّٰهِ وَ الْيَوْمِ الْاٰخِرِ وَ اَقَامَ الصَّلٰوةَ وَ اٰتَى الزَّكٰوةَ وَ لَمْ يَخْشَ اِلَّا اللّٰهَ فَعَسٰٓى اُولٰٓئِكَ اَنْ يَّكُوْنُوْا مِنَ الْمُهْتَدِيْنَ ﴿۱۸﴾

**"မုရှ်ရစ်က်" တို့၌ ၎င်းတို့သည် မိမိတို့ "ကာဖိရ်" ဖြစ်ကြောင်း ဝန်ခံလျက်ရှိနေကြစဉ် အလ္လာဟ်အရှင်မြတ်၏ဗလီကျောင်းတော်များကို သာယာစည်ကားအောင် ပြုလုပ်ရန် အရည်အချင်းမရှိချေ။ ၎င်းတို့သည် အကြင်သူများပင်တည်း။ ထိုသူတို့၏ အပြုအမူများသည် အချည်းနှီးဖြစ်ခဲ့ကြသည့်ပြင် ထိုသူတို့သည် ငရဲမီး၌ ထာဝစဉ်နေထိုင်ကြရမည့်သူများပင် ဖြစ်ကြကုန်သတည်း။ (၉ : ၁၇)**

**အလ္လာဟ်အရှင်မြတ်၏ ဗလီကျောင်းတော်များကို အကြင်သူတို့သည်သာလျှင် စည်ကားသာယာအောင် ပြုနိုင်ကြပေသည်။ ထိုသူတို့သည် အလ္လာဟ် အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း ယုံကြည်ကြသည့်ပြင် ထိုသူတို့သည် စွမ်းစွာ "ဆွလာသ်" ဝတ်ပြုမှုကိုလည်းကောင်း၊ ဇကားသ် တရားဝင်ဒါနကြေးပေးဆောင်ခြင်းကိုလည်းကောင်း ပြုကြကုန်သည်။ ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်အပြင် မည်သူ**

**တစ်ဦးတစ်ယောက်ကိုမျှ ကြောက်ရွံ့ကြသည်လည်းမရှိခဲ့။ သို့ဖြစ်ပေရာ ၎င်းတို့သည် တရားလမ်းမှန်ရရှိကြမည်ဖြစ်သည်။ (၉ : ၁၈)**

## အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သောအာယသ်များထဲတွင် မက္ကာဟ်မြို့ရှိမုရှ်ရစ်ကျား မည်မျှကောက်ကျစ်စဉ်းလဲပုံ၊ ၎င်းတို့ပဋိညာဉ်များ မည်သို့ချိုးဖောက်ပုံနှင့် သူတို့ဘာသာတရားရှိ မှားယွင်းသောလမ်းစဉ်ကိုအကာအကွယ်ပြုရန် မည်သည်တို့ လုပ်ဆောင်ခဲ့ကြောင်း ဖော်ပြထားခဲ့သည်။ ဤသည်တို့ကိုအကြောင်းပြု၍ မုစ်လင်မ်များကို ၎င်းသူတို့နှင့်ရင်ဆိုင်ရန် ပြုစုပျိုးထောင်ပေးခဲ့သည်။ ပြီးခဲ့သောအာယသ် ၁၆ ထဲတွင် ဂျီဟားဒ်စစ်ခင်းခြင်းသည် မုစ်လင်မ်များအတွက် စမ်းသပ်မှုတစ်ခုဖြစ်ကြောင်း မိန့်ထားသည်။ ဤစမ်းသပ်မှုသည် အလွန်လိုအပ်သည်။ အဘယ့်ကြောင့်ဆိုသော် ယင်းက စစ်မှန်သောမုစ်လင်မ်များနှင့် အရေခြုံများ၊ အီမာန်ယုံကြည်မှုလျော့နည်းသူများအကြား ခွဲခြားရန် အထောက်အကူဖြစ်သည်။ အာယသ်တော်က "အသင်တို့သည် မိမိတို့မှာ (စမ်းသပ်ခြင်းမခံရဘဲ အေးချမ်းစွာ) စွန့်လွှတ်ထားခြင်းခံကြရလိမ့်မည်ဟု ထင်မြင်ယူဆကြပါသလော။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် (ယခုထက်တိုင်) သင်တို့အနက်မှ (ထိုအရှင်မြတ်၏လမ်းတော်၌) စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်သူတို့အားလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၊ ထိုအရှင်မြတ်၏ရစူလ်တမန်တော်နှင့် "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့အပြင် အခြားသူတို့ကို ချစ်ကျွမ်းတဝင် မပြုကြသောသူတို့အားလည်းကောင်း သိ(မြင်) တော်မမူသေးချေ။" ဟုမိန့်ထားသည်။

ဤအာယသ်ပါ ဦးတည်မိန့်ကြားချက်သည် မုစ်လင်မ်များဟု မှတ်ယူထားသည့် သာမန်လူများအတွက်ဖြစ်သည်။ ၎င်းတို့အနက်မှအချို့သည် အရေခြုံများဖြစ်ကြသကဲ့သို့ အခြားအချို့သည် အီမာန်ယုံကြည်ချက်တွင်အားနည်းကာ မပြတ်မသားဖြစ်နေကြသည်။ ထိုကဲ့သို့သောသူများသည် ၎င်းတို့၏မုစ်လင်မ်မဟုတ်သောမိတ်ဆွေများကို အရေးကြီးသည့်သတင်းအချက်အလက်များ လက်ဆင့်ကမ်းပေလိမ့်မည်။ ထို့ကြောင့် ဤအာယသ်ထဲတွင် ဖြူစင်ရိုးသားသောမုစ်လင်မ်တစ်ဦး၏ လက္ခဏာနှစ်ရပ်ကို ဖော်ပြထားသည်။

## ဖြူစင်ရိုးသားသောမုစ်လင်မ်များ၏ လက္ခဏာနှစ်ရပ်

(၁) ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် မယုံကြည်သွေဖည်ငြင်းပယ်သူများကို စစ်ခင်း ကြသည်။

(၂) ထိုသူများသည် မုစ်လင်မ်မဟုတ်သူများအား လျှို့ဝှက်ချက်များကို ထုတ်ဖော်ပြောကြားနိုင်သည့် အနီးဆုံး မိတ်ဆွေအဖြစ် မသတ်မှတ်ကြပါ။

အာယသ်တော်အဆုံး၌ **وَ اللّٰهُ خَبِيْرٌۢ بِمَا تَعْمَلُوْنَ** "စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုမူသမျှတို့ကို အကြွင်းမဲ့ ကြားသိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။"(၉း၁၆)ဟူ၍ မိန့်ထားခြင်းက အရှင်မြတ်၏ ရှေ့တော်မှောက်တွင် မည်သူတစ်ဦးတစ်ယောက်မျှ မမှန်ကန်သောသက်သေပြချက်များ၊ သက်သေခံများကြောင့် မလွတ်မြောက်နိုင်ချေ။

အစောပိုင်းဖော်ပြခဲ့သည့် ဂျီဟားဒ်စစ်ပွဲအသိဉာဏ်ကို ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ် တစ်ခု ၌ **اَحَسِبَ النَّاسُ اَنْ يُّتْرَكُوْٓا اَنْ يَّقُوْلُوْٓا اٰمَنَّا وَهُمْ لَا يُفْتَنُوْنَ** "လူတို့သည် ၎င်းတို့က "ကျွန်ုပ်တို့သည် အီမာန် သက်ဝင်ယုံကြည်ခဲ့ကြပြီ"ဟု ပြောကြသောကြောင့် မိမိတို့မှာ စမ်းသပ်ခြင်းမခံရဘဲ လွှတ်ထားခြင်းခံကြမည်ဟု ထင်မှတ်ကြလေသလော။ (၂၉ း ၂)"ဟူသောစကားလုံးများဖြင့် မိန့်ထားသည်။

## မုစ်လင်မ်မဟုတ်သူများကို အနီးကပ်မိတ်ဆွေများနှင့် အတွင်းလူများဟု မှတ်ယူခြင်း

ဤအာယသ်တော် (၁၆) တွင် သုံးနှုန်းထားသော **وليجة** (ဝလီဂျဟ်) ဟူသောစကားလုံးသည် လျှို့ဝှက်ချက်များသိနိုင်သည့် အတွင်းလူကို ဆိုလိုသည်။ ဤအဓိပ္ပာယ်အတိုင်းဆောင်သည့် **بطانه** (ဗသွာနဟ်) ဟူသောစကားလုံးကို အခြားသောအာယသ်တစ်ခုတွင် သုံးနှုန်းထားသည်။ စာပေသဘောအရ "ဗသွာနဟ်" ဆိုသည်မှာ ခန္ဓာကိုယ်နှင့် အနီးဆုံးဖြစ်ပြီး သာမန်အဝတ်အစား၏အောက်တွင်ရှိ အတွင်းခံအဝတ်ကိုခေါ်သည်။ ဤသည်က အတွင်းလူအနေဖြင့် လျှို့ဝှက်ချက်များကို သိရှိသူတစ်ဦးအဖြစ် ဖော်ညွှန်းသည်။ အာယသ်ထဲတွင် သုံးနှုန်းထားသောစကားလုံးများမှာ- **يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَتَّخِذُوْا بِطَانَةً مِّنْ دُوْنِكُمْ لَا يَاْلُوْنَكُمْ خَبَالًا** "အို-"မုအ်မင်နဲ်" သက်ဝင်ယုံကြည်ခြင်းသဒ္ဓါတရား ထားရှိသူအပေါင်းတို့၊ အသင်တို့သည် မိမိတို့ (မုစ်လင်မ်များ) အပြင် (အခြားမည်သူကိုမျှ) အကျွမ်းတဝင် ခင်မင်ရင်းနှီးသော အတွင်းသိချစ်မိတ်ဆွေအဖြစ် မပြုကြကုန်လင့်။ (အကြောင်းတမူကား) ထိုသူတို့သည် အသင်တို့အား မကောင်းကြံစည်ရာ၌ အကြံအစည် လျော့ကြမည်မဟုတ်ချေ။ (အမှန်စင်စစ်) ယင်းသူတို့သည် အသင်တို့ဒုက္ခကြီးစွာတွေ့ကြုံခြင်းကိုသာ နှစ်သက်ကြကုန်၏။ (၃း ၁၁၈) ဟုဖြစ်သည်။

အလ်မတ်စ်ဂျိစ်ဒ်၊ အလ်ဟရာမ်နှင့် အခြားသော မတ်စ်ဂျိစ်ဒ်ဝတ်ကျောင်းတော်ရှိ ခဝပ်ကိုးကွယ်မှုနှင့် ပတ်သက်သော မမှန်ကန်သည့်အရာများကိုသန့်စင်ကာ ယင်းနေရာတွင် မှန်ကန်၍လက်ခံနိုင်ဖွယ်များဖြင့် အစားထိုးရန် ဟူသော ညွှန်ကြားချက်များပါသည့် အာယသ် (၁၇) နှင့် (၁၈) ဆီသို့သွားကြစို့။

ဤနေရာတွင် နောက်ခံအကြောင်းအသေးစိတ် အနည်းငယ်ကိုဖော်ပြမည်။ မက္ကာဟ်မြို့အား အောင်နိုင်ပြီးနောက် မုရှ်ရိစ်ကျမ်း ခဝပ်ကိုးကွယ်မှုအတွက် အသုံးပြုခဲ့သော ဗိုင်သုလ္လာဟ်နှင့် မြင့်မြတ်သောကျောင်းတော်တွင်းရှိ ဤရုပ်ထုများကို တမန်တော်မြတ် ﷺ ဖယ်ရှားခဲ့သည်။ မြင့်မြတ်သောကျောင်းတော်သည် ရှစ်ရိုက်လုပ်ရပ်များ၏ ပြင်ပဆိုင်ရာအကြောင်းအကျန်များ သန့်စင်သွားသောကြောင့် အပြင်ပန်းဆိုင်ရာတွင် စိတ်သက်သာမှု ရသွားစေပါသည်။ သို့သော်လည်း တမန်တော်မြတ် ﷺ ကသူ၏ ရန်သူဟောင်းများကို အောင်နိုင်ပြီးသည်နှင့် တစ်ပြိုင်နက် ထိုရန်သူများကို ခွင့်လွှတ်၍ အကာအကွယ်အစောင့်အရှောက်ပေးခဲ့သည်။ ထိုသူတို့သည် မြင့်မြတ်သော ကျောင်းတော်တွင် ၎င်းတို့၏ မှားယွင်းသောနည်းလမ်းများဖြင့် အိဗာဒသ်လုပ်ခြင်းနှင့် သဝါဖ်လုပ်ခြင်းများကို ဆက်လက်ပြုလုပ်လျက်ရှိသည်။

မြင့်မြတ်သောကျောင်းတော်သည် ရုပ်တုများသန့်စင်သွားခြင်းကား ကောင်းမွန်ပေသည်။ သို့သော်လည်း ဤမြင့်မြတ်သောနေရာဌာနတွင် ရုပ်တုကိုးကွယ်မှု အကြွင်းအကျန်နှင့် ၎င်းတို့၏ မှားယွင်းသောဓလေ့ထုံးစံများမှ သန့်စင်သွားရန်လည်း အရေးကြီးပေသည်။ ဤသို့ဖြစ်စေရန် လုပ်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းကား မုရှ်ရိစ်ကျမ်းကို မြင့်မြတ်သောကျောင်းတော်တွင်း ဝင်ရောက်ခြင်းအား တားမြစ်ရန်ဖြစ်သည်။ သို့သော်လည်း ဤသို့လုပ်ခြင်းသည် ထိုသူများကိုပေးထားသည့် ကာကွယ်စောင့်ရှောက်မှုကတိကို ဆန့်ကျင်ရာရောက်ပေသည်။ ထို့ပြင်

အစွလာမ်ဘာသာတွင် စာချုပ်ပါအချက်အလက်များကို လိုက်နာကျင့်သုံးခြင်းဆိုသည်မှာလည်း အရေးကြီးပေသည်။ ထို့ကြောင့် ထိုသို့သောအမိန့်မျိုးကို ချက်ချင်းမထုတ်ပြန်ခဲ့ပါ။ မက္ကာဟ်မြို့အောင်နိုင်ပြီး တစ်နှစ်နေမှသာ လျှင်ပြုလုပ်ခဲ့သည်။ တမန်တော်မြတ် s ကြီးက စိုက်ယိဒိနာအဗူဗကရ် d ၊စိုက်ယိဒိနာအလီ d တို့အား မိနာနှင့် အရဖတ်တွင်ရှိ ကြီးမားသော လူစုလူဝေးကြီးကို ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့စေသည်မှာ အနာဂတ်တွင် မြင့်မြတ် သောကျောင်းတော်၌ အိဗာဒသ်လုပ်ခြင်း၊ ဟဂျ်ပြုလုပ်ခြင်း၊ တဝါးဖ်လုပ်ခြင်းတို့ကို မုရှ်ရစ်က်တို့ နည်းလမ်းအတိုင်း လုပ်ခွင့်မပြု ဟူ၍ ဖြစ်သည်။ ဤကြေညာချက်ထဲတွင် ဂျာဟီလိယတ်ကာလမှ ယခုအချိန်တိုင် တွယ်ငြိနေသည့် သဝါးဖ်ကို ဝတ်လစ်စလစ်နှင့် လှည့်ခြင်းဟူသော မကောင်းဆိုးဝါးသည့်အကျင့်ဓလေ့ကိုလည်း တားမြစ်ခဲ့သည်။ မိနာရှိ လူစုလူဝေးကြီးကို စိုက်ယိဒိနာအလီ d သခင်က ကြေညာခဲ့ သည်မှာ-

لَا يَحُجَّنَّ بَعْدَ الْعَامِ مُشْرِكٌ وَلَا يَطُوْفَنَّ بِالْبَيْتِ عُرْيَانٌ

"ဤနှစ်နောက်ပိုင်း မည်သည့်မုရှ်ရစ်က်မှ ဟဂျ်ပြုလုပ်ရမည်မဟုတ်၊ မည်သူတစ်ဦးတစ်ယောက်မျှ ဗိုင် သုလ္လာဟ်ကို ဝတ်လစ်စလစ်နှင့် သွဝါးဖ်မလှည့်ကြရ" ဟူ၍ဖြစ်သည်။

ဤဆိုင်းငံ့ကာလ တစ်နှစ်ပေးရခြင်းမှာ ထိုသူများထဲတွင် မုစ်လင်မ်များနှင့် စာချုပ်ချုပ်ဆိုထားခဲ့ခြင်းကြောင့် ထိုစာချုပ်ပါအတိုင်း ၎င်းတို့လိုက်နာကျင့်သုံးရမည်။ တည်ဆဲစာချုပ်သက်တမ်း မကုန်မီအလျင် ထိုသူများကို ဥပဒေအသစ်တစ်ရပ်လိုက်နာစေခြင်းမှာ အစွလာမ်၏သည်းခံမှုနှင့်ဆန့်ကျင်သည်။ ထို့ကြောင့် မြင့်မြတ်သော ကျောင်းတော်ကို မုရှ်ရစ်က်များခဝပ်ကိုးကွယ်သည့်နည်းလမ်းနှင့် ဓလေ့ထုံးစံများမှသန့်စင်ပစ်မည်ဟု ဆုံးဖြတ်ထားချက်ကို အများပြည်သူအား တစ်နှစ်ကြိုတင်၍ကြေညာခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့၏ ခဝပ်ကိုးကွယ်မှုပုံစံသည် ဝတ်ကျောင်းတော်တစ်ခုကို စည်ကားစေမည့်အစား လူသူကင်းမဲ့စေပါသည်။

မက္ကာဟ်ရှိ ဤမုရှ်ရစ်က်များက ၎င်းတို့၏ဘုရားမဲ့ဓလေ့ထုံးစံများကို ခဝပ်ကိုးကွယ်မှုနှင့် တစ်တန်းတစ်စား တည်းထား၍ ဤသို့ပြုလုပ်ခြင်းသည် မြင့်မြတ်သောကျောင်းတော်ကို လုပ်ငန်းစဉ်အရဖွံ့ဖြိုးပြီး ထိန်းသိမ်းခြင်းဖြစ်သည် ဟုထင်မှတ်ကြသည်။ ထိုသူတို့သည် ဗိုင်သုလ္လာဟ်နှင့် မြင့်မြတ်သောကျောင်းတော်ကို ထိန်းသိမ်းစောင့်ရှောက်သူများ ဟု ဂုဏ်မောက်ကြပါသည်။ စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိုအဗ္ဒူးစ် d ကပြောသည်မှာ ၎င်း၏ဖခင် မုစ်လင်မ်မဖြစ်မီ အလျင်က ဗဒ်ရိစစ်ပွဲတွင် သုံပန်းအဖြစ်ဖမ်းဆီးခံရကာ ကုဖ့ရ်နှင့်ရှစ်ရ်က် တို့ဘက်ရှခဲ့၍ မုစ်လင်မ်များက ၎င်းအား ပြစ်ဒဏ်ပေးခဲ့သည်။ သူက "သင်တို့သည် ကျွန်ုပ်တို့၏ မကောင်းသည်ကိုသာ သိသည်။ ကျွန်ုပ်တို့၏ ကောင်းသည့် အချက်ကို သင်တို့မပြောလိုကြပါ။ ကျွန်ုပ်တို့သည် မြင့်မြတ်သောကျောင်းတော်၏ ထိန်းသိမ်းစောင့်ရှောက်သူများအဖြစ် မသိကြသလော။ ကျွန်ုပ်တို့သည် အဆောက်အဦးကို တာဝန်ယူစောင့်ရှောက်ပါသည်။ ကျွန်ုပ်တို့သည် မြင့်မြတ်သော ကျောင်းတော်ကို လူစည်ကားအောင် လုပ်သည်။ ယင်းကို ကျွန်ုပ်တို့စီမံခန့်ခွဲ၍ ဘုရားဖူးများအတွက် သောက်ရေရရှိရေး ဝန်ဆောင်မှုလည်း လုပ်ဆောင်ခဲ့ကြသည် ဟုပြောခဲ့သည်။ ထိုစဉ် مَا كَانَ لِلْمُشْرِكِيْنَ اَنْ يَّعْمُرُوْا مَسٰجِدَ اللّٰهِ "မုရှ်ရစ်က်"တို့၌ ၎င်းတို့သည် မိမိတို့ "ကာဖိရ်" ဖြစ်ကြောင်း ဝန်ခံလျက်ရှိနေကြစဉ် အလ္လာဟ်အရှင်မြတ်၏ ဗလီဝတ်ကျောင်းတော်များကို သာယာစည်ကားအောင်ပြုလုပ်ရန် အရည်အချင်းမရှိခေ့" (၉း၁၈)ဟူသော အာယသ် ကျရောက်ခဲ့သည်။ ဆိုလိုသည်မှာ (အလ္လာဟ်နှင့်ရှပ်ထု ယှဉ်တွဲကိုးကွယ်သူများ) မုရှ်ရစ်က်တို့တွင် အလ္လာဟ်အရှင်မြတ်၏ ဗလီဝတ်ကျောင်းတော်များ တည်ဆောက်ခြင်း၊ လူစည်ကားအောင်ပြုခြင်း လုပ်ပိုင်ခွင့်မရှိခေ့။ အကြောင်းမှာ မတ်စ်ဂျိဒ်

ဆိုသည်မှာ ဘုရားတစ်ဆူတည်းကို ခဝပ်ကိုးကွယ်ရန် ဆောက်လုပ်ထားသောနေရာဌာနတစ်ခုဖြစ်သည်။ ရှစ်ရိက် နှင့်ကုဖ်ရိတို့သည် ယင်းနှင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့် မတ်စ်ဂျစ်ဒ်တစ်ခု၏ အဆောက်အဦးနှင့် လုပ်ငန်းစဉ် တို့နှင့် ပေါင်းစပ်မရစေချ။

ဤအာယသ်ပါ **عمار** (အေမာရဟ်) အဆောက်အဦးဆိုသည့်စကားလုံးသည် အဓိပ္ပာယ်အမျိုးမျိုး ထွက် သော စကားလုံးအနေနှင့် သုံးနှုန်းထားသည်။ မတ်စ်ဂျစ်ဒ်တစ်ခုဆောက်လုပ်ရာတွင် အသုံးပြုသော အတွင်းပိုင်းနှင့် အပြင်ပိုင်း ဆိုင်ရာပစ္စည်းများအားလုံးကို ဆိုလိုသည်။ ထို့နောက် ယင်းစကားလုံးကပင် မတ်စ်ဂျစ်ဒ်ကို ထိန်းသိမ်း ပြုပြင်ရန် လုံခြုံမှုအစီအမံများ၊ ကျမ်းမာရေးညီညွတ်သည့်အစီအစဉ်၊ လိုအပ်သောအဆောက်အအုံပစ္စည်းများ ရှာဖွေ စုဆောင်း ထားခြင်းတို့ အကျုံးဝင်သည်ဟု ဖော်ညွှန်းသည်။ ထို့နောက် ထိုစကားလုံးထဲတွင် မတ်စ်ဂျစ်ဒ်၏ လူဦးရေ ကလည်း အကျုံးဝင်သည်။ မတ်စ်ဂျစ်ဒ်တစ်ခုတွင် အိဗာဒသ်ပြုလုပ်ဂုန်ရောက်ရှိလာသည့် လူဦးရေအနည်းအများ၏ ပမာဏ အပေါ်လည်း မူတည်သည်။ (ဤစကားလုံးအဓိပ္ပာယ်ကို မြန်မာဘာသာဖြင့် အနီးစပ်ဆုံးဆိုလျှင် မတ်စ်ဂျစ်ဒ် တစ်ခုတွင် လူပြည့်လျှံအောင်လုပ်ခြင်း၊ ဝတ်ကျောင်းတော်တွင်းအိဗာဒသ်ပြုသူများ၏ အဆင့်အတန်းမြင့်မားစေခြင်း စသည်တို့ကို ဆိုလိုသည်။) တိုက်ဆိုင်စွာဖြင့် "အုမ်ရဟ်" **عمر** ကို ထိုအမည်နာမဖြင့် ခေါ်ဆိုရခြင်းအကြောင်းမှာ တစ်စုံတစ်ဦးသည် ဗိုင်သုလ္လာဟ်ရောက်၍ ၎င်းသူသည် ထိုနေရာ၌ရောက်ရှိရခြင်းအတွက် အကောင်းဆုံးဖြစ်စေရန်မှာ သူသည် ထိုနေရာ၌ အိဗာဒသ်လုပ်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်ပါ "အေမာရဟ်" စကားလုံး၏အနက်အဓိပ္ပာယ်တွင် အဆောက် အဦး ထိန်းသိမ်းခြင်းနှင့် လူစည်ကားစေခြင်းများ အကျုံးဝင်သည်။ မက္ကာဟ်မြို့ရှိမုရ်ရစ်က်များသည် ဤကိစ္စရပ်သုံးမျိုး အတွက် ဂုဏ်ယူနေကြသည်။ ထိုသူများသည် မြင့်မြတ်သောအဆောက်အဦး ထိန်းသိမ်းစောင့်ရှောက်သူများဟု သူတို့ ကိုယ် သူတို့ထင်မှတ်၍ အထူးဂုဏ်မောက်နေကြသည်။ လက်ရှိအာယသ်တော်က ထိုသူများကိုပြောသည်မှာအလွန်တ အရှင်မြတ်၏ ဝတ်ကျောင်းတော်များတည်ဆောက်ရန် ထိုမုရ်ရစ်က်များတွင် မည်သည့်အခွင့်အရေးမှမရှိ။ ၎င်းတို့သည် သူတို့၏ မယုံကြည်သွေဖည်ငြင်းပယ်မှု၏ သက်သေများဖြစ်ကြသည်။ ၎င်းတို့၏ကုဖ်ရိန်နှင့်ရှစ်ရိက် လုပ်ရပ်များကြောင့် ၎င်းတို့၏ကောင်းမှုကောင်းရာလုပ်ရပ်သည် အချည်းအနှီးဖြစ်သွားကာ ဂျဟန္နမ်ငရဲမီးတွင် ထာဝရ နေထိုင်ကြရပေမည်။

"မိမိတို့ကာဖိရ်ဖြစ်ကြောင်း ဝန်ခံလျက်ရှိနေစဉ်" ဆိုသည့်အသုံးအနှုန်းတွင် အဓိပ္ပာယ်နှစ်မျိုးရှိနိုင်သည်။ ထိုသူတို့သည် မုရ်ရစ်က်များကဲ့သို့လုပ်ဆောင်ကာ ၎င်းတို့၏ရှစ်ရိက်နှင့်ကုဖ်ရိကို ရာသက်ပန် သက်ဝင်ယုံကြည်နေသည် ဟု အဓိပ္ပာယ်သက်ရောက်နိုင်သည်။ သို့မဟုတ်လျှင် လူအသိုင်းအဝိုင်းအခြေအနေများတွင် ၎င်းတို့သည် ကုဖ်ရိန်နှင့် ရှစ်ရိက်လုပ်ငန်းပေါ် သက်ဝင်ယုံကြည်၍သက်သေခံခြင်းဖြစ်သည်ဟု ရည်ညွှန်းသည့် အဓိပ္ပာယ်သက် ရောက်နိုင်သည်။ ထုံးစံအရ ခရစ်ယာန် (သို့မဟုတ်) ဂျူးတစ်ဦးကို ၎င်း၏ကိုးကွယ်ရာဘာသာကို ဖော်ထုတ်ပြသရန် မေးမြန်းရာတွင် ၎င်းသူက ဂျူး(သို့မဟုတ်) ခရစ်ယာန်ဖြစ်သည်ဟု ဖြေပါလိမ့်မည်။ ထိုနည်းတူ မီးကိုးကွယ်သူ (သို့မဟုတ်) ရုပ်ထု ကိုးကွယ်သူအား မေးလျှင်လည်း ယင်းအတိုင်း ဖော်ထုတ်ပြောပါလိမ့်မည်။ သူတို့သည် ၎င်းတို့ယုံကြည်သက်ဝင်သည် ကို ဖော်ထုတ်ပြပါလိမ့်မည်။ ထို့ကြောင့် မုရ်ရစ်က်များသည်လည်း ၎င်းတို့ မယုံကြည်ငြင်းပယ်မှု၏ သက်သေများ ဖြစ်သွားကြပေလိမ့်မည်။ (အိဗ်နိကဆီးရ်)

အာယသ် ၁၇ ထဲ၌ မုရှ်ရစ်ကျမ်းနှင့်ပတ်သက်သော မကောင်းသည့်အချက်များကို ဖော်ပြထားသည်။ အာယသ်တော်က ထိုသူများသည် ဗလီဝတ်ကျောင်းတော်များဆောက်လုပ်ခြင်းနှင့် ထိန်းသိမ်းခြင်းဟူသည့်ဂုဏ်နှင့် မထိုက်တန်ကြောင်း မိန့်ကြားထားသည်။ အာယသ် ၁၈ မှာ ဗလီဝတ်ကျောင်းတော်များနှင့်သက်ဆိုင်သည့် ကောင်းသောအချက်များကိုဖော်ပြကာ-

إِنَّمَا يَعْمُرُ مَسٰجِدَ اللّٰهِ مَنْ اٰمَنَ بِاللّٰهِ وَ الْيَوْمِ الْاٰخِرِ وَ اَقَامَ الصَّلٰوةَ وَ اٰتَى الزَّكٰوةَ وَ لَمْ يَخْشَ اِلَّا اللّٰهَ فَعَسٰى اُولٰٓئِكَ اَنْ يَّكُوْنُوْا مِنَ الْمُهْتَدِيْنَ

"အလ္လာဟ်အရှင်မြတ်၏ ဗလီကျောင်းတော်များကို အကြင်သူတို့သည်သာလျှင် စည်ကားသာယာအောင် ပြုနိုင်ကြပေသည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း ယုံကြည်ကြသည့်ပြင် ထိုသူတို့သည် စွမ်းမြဲစွာ "ဆွလာသ်" ဝတ်ပြုမှုကိုလည်းကောင်း၊ ဇကားသ် တရားဝင်ဒါနကြေးပေးဆောင် ခြင်းကိုလည်းကောင်း ပြုကြကုန်သည်။ ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်အပြင် မည်သူတစ်ဦးတစ်ယောက် ကိုမျှ ကြောက်ရွံ့ကြသည်လည်းမရှိချေ။ သို့ဖြစ်ပေရာ ၎င်းတို့သည် တရားလမ်းမှန်ရရှိကြမည်ဖြစ်သည်။" ဟု မိန့်ထားသည်။

ဆိုလိုသည်မှာ ဗလီဝတ်ကျောင်းတော်များဆောက်လုပ်ခြင်းဆိုသည်မှာ တည်ငြိမ်အေးချမ်းသောလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ဤလုပ်ငန်းရပ်ကို ၎င်းတို့၏အကီဒါဟ် (ယုံကြည်ချက်)နှင့် အအ်မာလ် (ကျင့်ကြံမှု)များသည် အလ္လာဟ်အရှင်မြတ် အမိန့်တော်အတိုင်း ကျင့်ကြံဆောက်တည်သူများသာလျှင် လုပ်ဆောင်နိုင်သည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် အာခိရသ်ကိုယုံကြည်ကြရမည်။ ဆွလာသ်ဝတ်ပြုဆောက်တည်ကာ ဇကားသ် တရားဝင်ဒါနကြေးလည်း ပေးရမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်မှအပ မည်သည်ကိုမျှမကြောက်ရွံ့ရချေ။ ဤနေရာတွင် အလ္လာဟ်အရှင်မြတ်ကိုယုံကြည်ခြင်း အီမာန်နှင့်အာခေရသ် နောက်ဆုံးနေ့အကြောင်းသာလျှင် ဖော်ပြထားသည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ် (တမန်တော်) ကိုသက်ဝင်ယုံကြည်မှုအား သိသာစွာမဖော်ပြခြင်းမှာ သူ (သို့မဟုတ်) သူမသည် အလ္လာဟ့်ရစူလ် တမန်တော်ကို ယုံကြည်မှုမရှိခဲ့လျှင် လည်းကောင်း၊ ထိုအလ္လာဟ့်တမန်တော်မှ တစ်ဆင့် ကျရောက်လာသော အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်ကို စိတ်ရောကိုယ်ပါ လက်မခံခဲ့လျှင် လည်းကောင်း ၎င်းသည် အလ္လာဟ်အရှင်မြတ်ကိုလည်း ယုံကြည်သက်ဝင်ရန်အကြောင်းမရှိချေ။ ထို့ကြောင့် ရစူလ်အပေါ်ယုံကြည်မှုသည် သဘာဝအရ "အလ္လာဟ်အရှင်မြတ်ကို ယုံကြည်မှု" တွင် အကျုံးဝင်သည်။ ဤအကြောင်းကြောင့် တစ်ချို့နိုင်တစ်ခါက တမန်တော်မြတ် S သည် ၎င်း၏ဆွဟာ ဗဟ်သာဝကကြီးများကို "အလ္လာဟ်အရှင်မြတ်ကို အီမာန်သက်ဝင်ယုံကြည်ခြင်းဆိုသည်မှာ မည်သည်ဖြစ်ကြောင်း သင်တို့သိကြပါသလော" ဟုမေးမြန်းခဲ့သည်။ ဆွဟာဗဟ်သာဝကကြီးများက လျှောက်ထားသည်မှာ "အလ္လာဟ်နှင့် အရှင်မြတ်၏ ရစူလ်သာလျှင် အသိတော်မူဆုံးဖြစ်ပါသည်" ဟုပြောကြားခဲ့ကြသည်။ တမန်တော်မြတ် S သခင်က "အလ္လာဟ်အရှင်မြတ်ကို အီမာန်သက်ဝင်ယုံကြည်ခြင်းဆိုသည်မှာ တစ်စုံတစ်ဦးသည်အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်းခံထိုက်သူမရှိမှုဟမ္မဒ် S သခင်သည်အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်သည် ဆိုသော မှန်ကန်ချက်ကိုသက်သေခံခြင်းဖြစ်သည်"ဟုမိန့်ကြားခဲ့သည်။ ဤဟဒီးစ်တော်ကရှင်းလင်းစွာဖော်ပြသည်မှာ ရစူလ်ကို အီမာန်သက်ဝင်ယုံကြည်ခြင်းသည် အလ္လာဟ်အရှင်မြတ်အပေါ်သက်ဝင်ယုံကြည်ခြင်းအောက်၌ အကျုံးဝင်စေခဲ့ကာ ယင်းတို့သည် ပြည့်စုံစွာပေါင်းစပ်ထားခဲ့သည်။ (အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းများကိုရည်ညွှန်း၍ မဇာဟီရီကျမ်း)

"အလ္လာဟ်အရှင်မြတ်အပြင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကြောက်ရွံ့ကြသည်လည်းမရှိခဲ့"ဟူသော အဆိုအမိန့်က ဆိုလိုသည်မှာ ဘာသာရေးကိစ္စများတွင် တစ်စုံတစ်ဦးသည် ကြောက်ရွံ့မှုကြောင့် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များကို မစွန့်လွှတ်သင့်ခဲ့။ ကြောက်ရွံ့စရာများကြောင့် ကြောက်ရွံ့မှု ဖြစ်ပေါ်စေသည်ကား လုံးဝ သဘာဝကျပါသည်။ သားရဲတရိစ္ဆာန်များ၊ မြွေများ၊ သူခိုးဓားပြများကြောင့် ရုပ်ပိုင်းဆိုင်ရာကြောက်ရွံ့မှု ဖြစ်ပေါ်စေပါသည်။ သို့ရာတွင် ဤနေရာ၌ ကျွန်ုပ်တို့ပြောနေသော ကြောက်ရွံ့မှုမှာ ထိုအမျိုးအစားမျိုးမဟုတ်ခဲ့။ ပဉ္စလက်ဆရာများက စိုက်ယိဒိနာမူစာ d အား ကြိုးများ၊ တောင်ဝှေးများမှ မြွေသဏ္ဌာန် ပြုလုပ်ပြသသောအခါ၌ ၎င်းခန္ဓာကိုယ်ထဲတွင် ကြောက်ရွံ့စိတ်တစ်ခုဖြစ်ပေါ်လာကြောင်း ကုရ်အာန်ကျမ်းမြတ်၏ **فَأَوْجَسَ فِي نَفْسِهِ خِيفَةً مُّوسَىٰ** (၂၀ း ၆၇) ထဲတွင် ဖော်ပြထားခဲ့သည်။ ထို့ကြောင့် ပျက်စီးစေသည့်၊ အနာတရဖြစ်စေသည့်အရာများကြောင့် ပေါ်ပေါက်လာသော သာမန်ကြောက်ရွံ့မှုသည် ကုရ်အာန်ကျမ်းတော်မြတ် အမိန့်တော်နှင့် မဆန့်ကျင်သကဲ့သို့ တမန်တော်တစ်ပါး၊ ဝလီ (သို့မဟုတ်) သူတော်စင်တစ်ပါး၏အဆင့်အတန်းနှင့်လည်း မဆန့်ကျင်ပါ။ သို့သော်လည်း တစ်စုံတစ်ဦးသည် ယင်းသို့သော ကြောက်ရွံ့မှုကြောင့် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များနှင့်ပတ်သက်၍ ရှုပ်ထွေးမှုဖြစ်စေခြင်းကိုလည်း ကောင်း၊ ထိုအမိန့်ပညတ်ချက်များအားလုံးကို လုံးဝ ဥသုံးပစ်ပယ်ခြင်းကိုလည်းကောင်း မဖြစ်စေသင့်ခဲ့။ ဤသို့သော ဖြစ်ရပ်တို့သည် စစ်မှန်သော သက်ဝင်ယုံကြည်သူတစ်ဦး၏ပုံစံမဟုတ်ကြောင်း ဤနေရာ၌ အတိအကျ ဆိုထားသည်။

## နှီးနှယ်သည့်အကြောင်းအရာအချို့

လက်ရှိအာယသ်များထဲတွင် မုရ်ရစ်က်နှင့်ကာဖိရ်များသည် မတ်စ်ဂျစ်ဒ်တစ်ခုကို ထိန်းသိမ်းစောင့်ရှောက်သည့်လုပ်ငန်းအား မပြုလုပ်ရကြောင်း၊ ယင်းလုပ်ငန်းသည် ဖြောင့်မတ်မှန်ကန်သောမုစ်လင်မ်များကသာလျှင် လုပ်နိုင်သည်ဟု မိန့်ထားခြင်းက ရည်ညွှန်းသည်မှာ မတ်စ်ဂျစ်ဒ်တစ်ခု၏ဂေါပကနှင့် စီမံခန့်ခွဲမှုတာဝန်ကိုရည်ညွှန်းသည်။ ရလဒ်ကား ကာဖိရ်တစ်ဦးအား မည်သည့်အစွမ်းဝကားဖ် (endowment) တစ်ခု၏ဂေါပကနှင့် စီမံခန့်ခွဲသူ အဖြစ် ခန့်အပ်ခြင်းခွင့်မပြု။ အဆောက်အဦး၏အစိတ်အပိုင်းအမျိုးမျိုးဖြစ်သော နံရံများ၊ တံခါးများဆောက်လုပ်ခြင်း ကဲ့သို့သောကိစ္စများတွင် မုစ်လင်မ်မဟုတ်သူကိုတာဝန်ပေးလျှင် အကြောင်းမဟုတ်ခဲ့။ (သဖီစီရ်မဇ္ဈာဟီရီ) အလားတူပင် မုစ်လင်မ်မဟုတ်သူတစ်ဦးသည် စဝါးဗ်လုပ်ရပ်အနေဖြင့် မတ်စ်ဂျစ်ဒ်ဗလီတစ်လုံးဆောက်လုပ်ခြင်းကိုဖြစ်စေ၊ ယင်းအတွက် အလှူငွေထည့်ဝင်ခြင်းတို့ကိုဖြစ်စေ ပြုလျှင် ယင်းကိုကားလက်ခံခွင့်ရှိသည်။ သို့သော်လည်း စည်းကမ်းချက်ကား လောကီရေးဆိုင်ရာဖြစ်စေ ဘာသာရေးဆိုင်ရာဖြစ်စေ ဆုံးရှုံးမှုနှင့်ပြစ်တင်မှု စသည်တို့မရှိရပါ။ သို့မဟုတ်ပါက နောင်တွင်အဆောက်အဦးကို အလွဲသုံးစားမပြုရခြင်း၊ လုပ်ပြီးသမျှကို ထုတ်ဖော်၍ ဂုဏ်မဖော်ရပါ။ (အလ်ဒူရုလ် မုခ်သရ်၊ ရှာမီနှင့် မရာကီးကျမ်း)

အာယသ် ၁၈ ထဲတွင် ဝတ်ပြုဆုတောင်းခြင်း၊ အလ္လာဟ်အရှင်မြတ်ကိုအောက်မေ့တသခြင်းနှင့် ကုရ်အာန်ကျမ်းတော်မြတ်ရွတ်ဖတ်သရဇ္ဈာယ်ရန် မတ်စ်ဂျစ်ဒ်ဗလီဝတ်ကျောင်းတော်တစ်လုံးဆောက်တည်ရာတွင် ဖြောင့်မတ်မှန်ကန်သော မုစ်လင်မ်တစ်ဦးကသာလျှင် ပြီးမြောက်အောင်လုပ်ဆောင်နိုင်ကြောင်း ညွှန်းထားသည်။ မည်သူမဆို လုံခြုံမှုအတွက် အစီအစဉ်ကွပ်ကဲရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန်၊ မတ်စ်ဂျစ်ဒ်အတွက် အထောက်အပံ့များ ရှာမှီးသို့လှောင်ထားရန် (သို့မဟုတ်) သင်ကြားလေ့လာရန် မတ်စ်ဂျစ်ဒ်ဝတ်ကျောင်းတော်သို့ အမြဲလာရောက်သူသည် သာ

လျှင် ပြီးပြည့်စုံသည့် သက်ဝင်ယုံကြည်သူတစ်ဦးဖြစ်ကြောင်း ဤအာယသ်က သက်သေပြသည်။ ဤကောင်းမှု လုပ်ရပ်များ သည် ယင်းဂုဏ်သိက္ခာကိုသက်သေပြရန် လုံလောက်ပေသည်။

တမန်တော်မြတ် ﷺ သခင်က "အသင်သည် လူတစ်ဦးက မတ်စ်ဂျစ်ဒ်ဗလီဝတ်ကျောင်းတော်သို့ အချိန်မှန်မှန် ရောက်ရှိကြောင်း သတိမူမိလျှင် သူ၏အီမာန်နှင့်ပတ်သက်၍ သင်သက်သေခံပါ။ အဘယ့်ကြောင့် ဆိုသော် အလ္လာဟ် အရှင်မြတ်သည် إِنَّمَا يَعْمُرُ مَسٰجِدَ اللهِ مَنْ اٰمَنَ بِاللهِ "အလ္လာဟ်အရှင်မြတ်၏ ဗလီကျောင်းတော်များကို အကြင်သူတို့ သည်သာလျှင် စည်ကားသာယာအောင် ပြုနိုင်ကြပေသည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း ယုံကြည် ကြသည့်ပြင် ထိုသူတို့သည် စွဲမြဲစွာ "ဆွလာသ်" ဝတ်ပြုမှုကိုလည်းကောင်း၊ ဇကားသ် တရားဝင်ဒါနကြေးပေးဆောင်ခြင်းကိုလည်းကောင်း ပြုကြကုန်သည်။ ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်အပြင် မည်သူတစ်ဦးတစ်ယောက်ကိုမျှကြောက်ရွံ့ကြသည်လည်းမရှိချေ။ သို့ဖြစ်ပေရာဂင်းတို့သည်တရားလမ်းမှန်ရရှိကြမည် ဖြစ်သည်။ (၉း၁၈)" ဟုမိန့်ကြားခဲ့သည်။ အီမာမ်သိရ်မိဇီနှင့် အိဗ်နိမာဂျာ်ဟ်ကျမ်းထဲတွင် ဤဟဒီးစ်တော်ကို စိုက်ယိဒိနာ အပူ စအီးဒ် အလ်ခုဒ်ရီ၏ ခိုင်လုံမှုအရ တင်ပြထားသည်။

တမန်တော်မြတ် ﷺ ၏မိန့်ကြားချက်ကို အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းထဲတွင် ဖော်ပြထားသည်မှာ "မနက် ရော ညနေပါ မတ်စ်ဂျစ်ဒ်ဗလီဝတ်ကျောင်းတွင်ရှိနေသူတစ်ဦးအတွက် အလ္လာဟ်အရှင်မြတ်သည် ထိုသူအတွက် ဂျန္နသ်သုခဘုံတွင် အဆင့်အတန်းတစ်ခု သတ်မှတ်ထားသည်။

ထို့ပြင် စိုက်ယိဒိနာစလ်မာန်အလ်ဖာရစီဆင့်ပြန်ခဲ့သည်မှာ ကိုယ်တော်မြတ် ﷺ သခင်က "လူတစ်ဦးသည် မတ်စ်ဂျစ်ဒ် ဗလီဝတ်ကျောင်းတော်တွင် အလ္လာဟ်အရှင်မြတ်၏ ဇည့်သည်တော်အဖြစ် ရောက်ရှိခဲ့လျှင် ထိုဇည့်သည်ကို အိမ်တော်ရှင်အလ္လာဟ်အရှင်မြတ်က ဂုဏ်ပေးရန်မှာ အိမ်တော်ရှင်အလ္လာဟ်အရှင်တာဝန်ဖြစ်သည်။" ဟုမိန့်ကြားခဲ့ သည်။ (သဗရာနီ၊ အိဗ်နိဂျရီးန်၊ အလ်ဗိုင်ဟကီနှင့်အခြားကျမ်းများကိုရည်ညွှန်း၍ မဇာဟရီကျမ်း)

ကုရ်အာန်ဋီကာရှင် ပါနီပတ်မြို့မှ ကာရီဆနာအွလ္လာဟ်က မိန့်သည်မှာ "ဗလီဝတ်ကျောင်းတော်မတ်စ်ဂျစ်ဒ် ကို သာယာစည်ကားအောင်ပြုလုပ်ခြင်း" ဟူသောအသုံးအနှုန်းအရ ဗလီဝတ်ကျောင်းတော်ဆောက်လုပ်ခြင်းတွင် မပါ သောအရာများနှင့် အလေ့အကျင့်များကင်းစင်စေရမည်။ ယင်းတို့အထဲတွင် အရောင်းအဝယ်လုပ်ဆောင်မှုများ၊ လောကီဆိုင်ရာပြောဆိုခြင်း၊ ပျောက်ဆုံးပစ္စည်းရှာဖွေခြင်း၊ လူများထံ ရုပ်ဝတ္ထုဆိုင်ရာ အကူအညီတောင်းခံခြင်း၊ ကဗျာ လင်္ကာ ရွတ်ဆိုခြင်း၊ အငြင်းအခုံဖြစ်ခြင်း၊ ရန်ဖြစ်ခြင်း၊ ငြိမ်းချမ်းမှုကို အသံဗလံနှင့်နှောင့်ယှက်ခြင်း စသော အရာများ ပါဝင်သည်။ (မဇာဟရီ)

အာယသ် (၁၉ - ၂၃)

اَجَعَلْتُمْ سِقَايَةَ الْحَآجِّ وَعِمَارَةَ الْمَسْجِدِ الْحَرَامِ كَمَنْ اٰمَنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ
وَجٰهَدَ فِيْ سَبِيْلِ اللّٰهِ ؕ لَا يَسْتَوٗنَ عِنْدَ اللّٰهِ ؕ وَاللّٰهُ لَا يَهْدِي الْقَوْمَ الظّٰلِمِيْنَ ﴿۱۹﴾
اَلَّذِيْنَ اٰمَنُوْا وَهَاجَرُوْا وَجٰهَدُوْا فِيْ سَبِيْلِ اللّٰهِ بِاَمْوَالِهِمْ وَاَنْفُسِهِمْ ۙ اَعْظَمُ
دَرَجَةً عِنْدَ اللّٰهِ ؕ وَاُولٰٓئِكَ هُمُ الْفَآئِزُوْنَ ﴿۲۰﴾ يُبَشِّرُهُمْ رَبُّهُمْ بِرَحْمَةٍ مِّنْهُ وَ
رِضْوَانٍ وَّجَنّٰتٍ لَّهُمْ فِيْهَا نَعِيْمٌ مُّقِيْمٌ ﴿۲۱﴾ خٰلِدِيْنَ فِيْهَآ اَبَدًا ؕ اِنَّ اللّٰهَ عِنْدَهٗٓ
اَجْرٌ عَظِيْمٌ ﴿۲۲﴾ يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَتَّخِذُوْٓا اٰبَآءَكُمْ وَاِخْوَانَكُمْ اَوْلِيَآءَ اِنِ
اسْتَحَبُّوا الْكُفْرَ عَلَى الْاِيْمَانِ ؕ وَمَنْ يَّتَوَلَّهُمْ مِّنْكُمْ فَاُولٰٓئِكَ هُمُ الظّٰلِمُوْنَ
﴿۲۳﴾

အသင်တို့သည် ဟာဂျီများအား ရေတိုက်ခြင်းကိုလည်းကောင်း၊ "မတ်စ်ဂျိဒေ ဟရာမ်" ထူးမြတ်သော ဗလီကျောင်းတော်ကို စည်ကားသာယာအောင် ပြုလုပ်ခြင်းကို လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သည့်ပြင် အလ္လာဟ် အရှင်မြတ်၏လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်သောသူ (၏ကောင်းမှုကုသိုလ်) နှင့်တူမျှသည်ဟု ထင်မြင်ယူဆထားကြလေသလော။ ထိုသူများသည် အလ္လာဟ်အရှင် မြတ်အထံတော်၌ (အဆင့်အတန်းချင်း) မတူကြချေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မတရားကျူးလွန်သောသူတို့အား တရားလမ်းမှန်ကို ပြသတော်မူသည် မဟုတ်ပေ။

(၉ : ၁၉)

အကြင်သူတို့သည် "အီမာန်" သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့ သည် (မိမိတို့၏ဥစ္စာပစ္စည်း အိုးအိမ်စည်းစိမ်တို့ကိုစွန့်လွှတ်ကာ တစ်ရပ်တစ်ကျေးသို့) ရွှေ့ပြောင်း သွားရောက်နေထိုင်ခဲ့ကြကုန်၏။ ထိုမှတစ်ပါး ယင်းတို့သည် အလ္လာဟ်အရှင် မြတ်၏လမ်းတော်၌ မိမိတို့၏ဥစ္စာပစ္စည်းများဖြင့် လည်းကောင်း၊ မိမိတို့၏အသက်ဇီဝိန် များဖြင့်လည်းကောင်း စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခဲ့ကြကုန်၏။ ထိုသူတို့သည် အလ္လာဟ် အရှင်မြတ်အထံတော်၌ အဆင့်အတန်းအားဖြင့် အလွန်မြင့်မြတ်လှသည့်အပြင် ထိုသူ တို့သည်သာလျှင် "အောင်မြင်မှု" ကိုရရှိသူများ ဖြစ်ကြကုန်သတည်း။ (၉ : ၂၀)

ထိုသူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ထိုသူတို့ကို မိမိအထံ တော်မှ ကရုဏာတော်ကို ခံစားကြမည်ကိုလည်းကောင်း၊ (ထိုအရှင်မြတ်၏) နှစ်သက်မှု ကို ရရှိကြမည်ကိုလည်းကောင်း၊ ထိုသူတို့အဖို့ ထာဝရ စည်းစိမ်နှင့်ပြည့်စုံသော ဥယျာဉ် များ ရရှိကြမည်ကိုလည်းကောင်း သတင်းကောင်း မိန့်ကြားတော်မူလေသတည်း။

(၉း၂၁)

**ငင်းတို့သည် ထိုဥယျာဉ်များ၌ ထာဝရနေထိုင် စံမြန်းကြပေမည်။ ဇကော်နအမှန် အလ္လာဟ်အရှင်မြတ်၏အထံတော်၌သာ ကြီးကျယ်မြင့်မြတ်လှစွာသော အကျိုးဆုလာဘ်သည် ရှိချေသတည်း။ (၉ : ၂၂)**

**အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့၏ ဘ၊ ဘိုး၊ ဘေးတို့သည်လည်းကောင်း၊ အသင်တို့၏ ညီသားအစ်ကိုတို့သည် လည်းကောင်း အကယ်၍ "ကုဖ်ရ်" "သွေဖည်ငြင်းပယ်မှု" ကို "အီမာန်ယုံကြည်မှု" ထက် နှစ်သက်မြတ်နိုးကြပါလျှင် အသင်တို့သည် ငင်းတို့အား အဆွေခင်ပွန်းများ မပြုလုပ်ကြကုန်လင့်။ စင်စစ်မူကား မည်သူမဆို အသင်တို့ အနက်မှ ငင်းတို့အား အဆွေခင်ပွန်းပြုလုပ်ပါလျှင် ထိုကဲ့သို့သော သူများသည်သာ မတရားမှုကျူးလွန်သူများ ဖြစ်ကြအံ့သတည်း။ (၉ : ၂၃)**

## အကျယ်ဖွင့်ဆိုခြင်း

ပထမလေးအာယသ် (၁၉ မှ ၂၂) တို့သည် သီးသန့်အဖြစ်အပျက်တစ်ခုနှင့် ဆက်နွယ်နေသည်။ ယင်းအဖြစ်အပျက်နောက်ကြောင်းကို အပေါ်ယံကြည့်လျှင် မက္ကာဟ်ရှိမုရှ်ရစ်က်များစွာသည် မြင့်မြတ်သောဝတ်ကျောင်းတော်ကို လာရောက်ကြည့်ရှုသူနှင့် ဝတ်ပြုသူများဖြင့် ရှုပ်ရှက်ခတ်နေခြင်း၊ ဟာဂျီ(ဘုရားဖူး)များကို ရေတိုက်ကျွေးမွေလုပ်ရသည့် အတွက် ဂုဏ်ယူမောက်မာနေသည့်အကြောင်း ပြသသည်။ သူတို့၏ပြိုင်ဘက် မုစ်လင်မ်များနှင့်ယှဉ်ကြည့်လျှင် ငင်းမုရှ်ရစ်က်များ၏လုပ်ရပ်သည် မည်သူ၏ကောင်းမှုလုပ်ရပ်နှင့်မျှ နိုင်းယှဉ်မရပါ။ စိုက်ယိဒိနာအဗ္ဗားစ် d သည် ဗဒ်ရ စစ်ပွဲတွင် သုံ့ပန်းအဖြစ် မုစ်လင်မ်များထံရောက်ရှိစဉ်က ငင်းသည် အစွလာမ်ဘာသာ မသက်ဝင်ယုံကြည်သေးချေ။ ငင်း၏မုစ်လင်မ်ဆွေမျိုးသားချင်းများကအီမာန်၏ကောင်းချီးမင်္ဂလာများငင်းတွင်ကင်းမဲ့နေသောကြောင့်ငင်းကိုပြစ်တင် မောင်းမဲကြသည်။ တုံ့ပြန်သည့်အနေဖြင့် သူကလည်း အလားတူပြောကြားသည်မှာ "မင်းတို့သည် အီမာန်နှင့် ဟိဂျ်ရသ်ကို မော်ကြွားစရာအဖြစ် ထင်နေကြသည်။ ကျွန်ုပ်တို့တွင်လည်း ကျွန်ုပ်တို့ကိုယ်ပိုင် အကျိုးဖြစ်ထွန်းမှုများလည်း ရှိပါသည်။ ကျွန်ုပ်တို့သည် မြင့်မြတ်သောဝတ်ကျောင်းတော်ကို ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်သည်။ ထို့ပြင် ဟာဂျီ(ဘုရားဖူး)များအားလည်း ရေတိုက်ကျွေးကြပါသည်။ မည်သူမျှ ကျွန်ုပ်တို့၏ဤလုပ်ရပ်နှင့် နှိုင်းယှဉ်၍မရပါ။" ဟုပြောခဲ့သည်။ ထိုစဉ် ဤအာယသ်တော် ကျရောက်ခဲ့သည်။ (အိဗ်နိအဗ္ဗားစ် မှတစ်ဆင့် အလီအိဗ်နိ သလ်ဟာဟ် ၏ခိုင်လုံမှုအရ အိဗ်နိကဆီးရ်ကျမ်း)

မုစ်နဒ်၏အဗ်ဒလ်ရာဇားက်ကျမ်းပါ ဆင့်ပြန်ချက်အချို့အရ စိုက်ယိဒိနာအဗ္ဗားစ် d သည် အစွလာမ် ဘာသာသက်ဝင်ယုံကြည်ပြီးနောက် စိုက်ယိဒိနာ သလ်ဟာဟ်အိဗ်နိရှိုက်ဗာဟ်၊ စိုက်ယိဒိနာအဗ္ဗားစ်နှင့် စိုက်ယိဒိနာအလီ d တို့ အတူတကွစကားပြောနေကြပါသည်။ သလ်ဟာဟ် d ကပြောသည်မှာ မင်းတို့ဘယ်သူတွင်မှ မရှိသော သာလွန်ကောင်းမွန်မှုတစ်ရပ် ကျွန်ုပ်တွင်ရှိသည်။ ဗိုင်သုလ္လာဟ်၏သော့တံများ ကျွန်ုပ်လက်ဝယ်ရှိပါသည်။ အကယ်၍ ကျွန်ုပ်ဆန္ဒရှိလျှင် အထဲဝင်၍ တစ်ညလုံးအချိန်ဖြုန်းနိုင်ခွင့်ရှိသည်။ စိုက်ယိဒိနာအဗ္ဗားစ် d သခင်က ပြောသည်မှာ "ကျွန်ုပ်သည် ဟာဂျီ (ဘုရားဖူး) များအား ရေဝေငှရေး စီမံခန့်ခွဲသူဖြစ်သည်။ ထို့နောက်ကျွန်ုပ်မှာ မြင့်မြတ်သော ဝတ်ကျောင်းတော်တွင်းသို့ ဝင်ရောက်ခွင့်ရှိသည်။" စိုက်ယိဒိနာအလီ d သခင်ကပြောသည်မှာ "အသင်တို့ ထိုအရာများကြောင့် ဂုဏ်မောက်နေခြင်းကို ကျွန်ုပ်နားမလည်ပါ။ ကျွန်ုပ်အတွက်မှာမူ အသင်တို့ထက် ခြောက်လစော၍

ဗိုင်သုလ္လာဟ်ဘက် မျက်နှာမူ၍ ဆုမွန်ဒုအာတောင်းခဲ့သည်။ ၎င်းပြင် တမန်တော်မြတ် S သခင်နှင့်အတူ ဂျီဟားဒ် စစ်ပွဲကိုလည်း ကျွန်ုပ် ပါဝင်ဆင်နွှဲခဲ့သည်"ဟူ၍ဖြစ်သည်။ ထိုစဉ် ဤအာယသ်ကျရောက်ခဲ့သည်။ ထိုအာယသ်တော်များက ရှင်းလင်းစေသည်မှာ မည်မျှပင်စဝါးဗ်ကုသိုလ်ရထိုက် သည်ဖြစ်ပါစေ အီမာန်သက်ဝင်ခြင်းမရှိဘဲ မည်သည့်ကောင်းမှုကိုလုပ်သည်ဖြစ်စေ အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်တွင် တန်ဖိုးမရှိချေ။ ထို့နောက် ရှစ်ရက်ကိစ္စရပ်များတွင် ပါဝင်ပတ်သက်နေဆဲဖြစ်ပြီး ထိုသို့ကောင်းမှု ကောင်းရပ်လုပ်သောသူကို အလ္လာဟ်အရှင်မြတ် လက်ခံတော်မမူချေ။

ဆွဟီးဟ်မုစ်လင်မ်ကျမ်းတွင် တင်ပြထားသော စိုက်ယိဒိနာနိအ်မာန်အိဗ်နိဗရှီရ် d သခင်၏ ခိုင်လုံချက်အရ အဖြစ်အပျက်တစ်ရပ်ကိုပြောသည်မှာ သောကြာနေ့တစ်နေ့တွင် တမန်တော်မြတ် S သခင်၏ မတ်စ်ဂျိဒ် ဝတ်ကျောင်းတော်ထဲ၌ သူနှင့်ဆွဟာဗဟ်အချို့သည် တမန်တော်မြတ် S ၏မင်ဗရ်အနီးတွင် စုဝေးထိုင်နေကြသည်။ ထိုထိုင်နေကြသူများထဲမှ တစ်စုံတစ်ဦးသည် "ကျွန်ုပ်အမြင်အရပြောရလျှင် အီမာန်နှင့် အစွလာမ်နောက်တွင် ဘုရားဖူး(ဟာဂျီ) များကို ရေတိုက်ကျွေးသည့်လုပ်ရပ်ထက် သာလွန်ကောင်းမွန်သောလုပ်ရပ်မရှိပါ။ ထို့နောက် ကျွန်ုပ်သည် ဤလုပ်ရပ်မှအပ မည်သည့်ကောင်းမှုမျှဂရုမစိုက်ပါ" ဟုပြောကြားခဲ့သည်။ တစ်စုံတစ်ဦးက "မဟုတ်၊ လုပ်ရပ်အားလုံးတွင် အလ္လာဟ်အရှင်မြတ်လမ်းတော်၌ ဂျီဟားဒ်စစ်ခင်းခြင်းသည် အဆင့်အမြင့်ဆုံး ဖြစ်သည်" ဟု ချေပပြောဆိုခဲ့သည်။ ထိုသူနှစ်ဦးအငြင်းပွားခဲ့သောအခါတွင် စိုက်ယိဒိနာအုမရ် d သခင်က နှစ်ဦးစလုံးကိုပြစ်တင်မောင်းမဲ၍ ပြောသည်မှာ "တမန်တော်မြတ် S သခင်၏မင်ဗရ်အနီးတွင် စကားများအငြင်းအခုံဖြစ်ခြင်း ရပ်ပစ်လိုက်ကြ"အလျော်ကန်ဆုံးလုပ်ရပ်ကား အသင်တို့သည် ဦးစွာပထမ ဂျုမုအဟ်ဆွလာသ် ဝတ်ပြုဆောက်တည်လိုက်ကြပါ။ ထို့နောက် ယင်းကိစ္စအကြောင်းကို တမန်တော်မြတ် S သခင်ထံသွား၍ လျှောက်ထားမေးမြန်းနိုင်သည်" ဟူ၍ဖြစ်သည်။ အကြံပြုသည့်အတိုင်း ၎င်းတို့သည် တမန်တော်မြတ် S ထံ သွားရောက်ကာ ယင်းကိစ္စနှင့်ပတ်သက်၍ တမန်တော်မြတ် S ၏ ထင်မြင် ယူဆချက်ကို မေးမြန်းခဲ့သည်။ ထိုစဉ် ဤအာယသ်များကျရောက်ခဲ့၍ ယင်းထဲ၌ ဂျီဟာဒ်စစ်ခင်းခြင်းသည် မြင့်မြတ်သော ဝတ်ကျောင်းတော် ဆောက်လုပ်ခြင်းနှင့် ဘုရားဖူးများကို ရေတိုက်ကျွေးခြင်းထက် သာလွန်ကောင်းမြတ်သော လုပ်ရပ်ဖြစ်သည်ဟု ဖော်ထုတ်ထားသည်။

ဤအာယသ်များ ကျရောက်လာခြင်းကပင် မုရှ်ရစ်က်များ၏ မောက်မာမှု၊ ထောင်လွှားမှုကို ဖြေကြားရန် ရည်စူးထားမည် ဟူသောဖြစ်နိုင်ချေရှိသည်။ နောက်ပိုင်း၌ မုစ်လင်မ်များကြား မနှစ်မြို့ဖွယ်ကိစ္စများ ပေါ်ပေါက်ခဲ့သောအခါ၌ ဤအာယသ်များကို အငြင်းအခုန်အတွက်အဆုံးအဖြတ်ပေးရန် သုံးထားဟန်ရှိသည်။ ယင်းကြောင့် ဤအာယသ်များ ကျရောက်ခြင်း၏ နောက်ကြောင်းသည် ထိုအဖြစ်အပျက်များကြောင့် ကျရောက်ခြင်း ဖြစ်နိုင်ချေ ရှိသည်။

သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏ လက်ရှိအာယသ်ထဲတွင် အဖြစ်အပျက် နှစ်မျိုးလုံးအတွက် အဖြေပါရှိသည်။ လုပ်ဆောင်မှုတစ်ခုသည် မည်မျှကောင်းမွန်၍ လက်ခံဖွယ်ရှိသော်လည်း ရှုစ်ရ်က် အငွေ့အသက်ပါဝင်လျှင် "သုည" ဖြစ်ပေသည်။ ထို့ကြောင့် ဗလီဝတ်ကျောင်းတော်ကိုထိန်းသိမ်းခြင်းဖြစ်စေ၊ ဘုရားဖူးများကို ရေတိုက်ကျွေးခြင်းဖြစ်စေ ယင်းတို့နှင့် ပတ်သက်နေသော မုရှ်ရစ်က်တစ်ဦးသည် မုစ်လင်မ်တစ်ဦးထက် မသာမြတ်ပါ။ ထို့နောက် ထိုသူများ မယုံကြည်သွေဖည်မှုကို ငြင်းပယ်၍ အစွလာမ်ဘာသာထဲ ဝင်ရောက်ခဲ့သည့်တိုင် အီမာန်နှင့် ဂျီဟားဒ် အနေအထားသည် မြင့်မြတ်သောဝတ်ကျောင်းတော်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဘုရားဖူးများကို ရေတိုက်ကျွေးသည်ထက် များစွာမြင့်မားပေသည်။ အီမာန်သက်ဝင် ယုံကြည်၍ ဂျီဟားဒ်စစ်ပွဲဝင်ရောက်ဆင်နွှဲသည့်

မုစ်လင်မ်များသည် ဂျီဟားဒ်စစ်ပွဲတွင် မဆင်နွှဲဘဲကျန်ရစ်ခဲ့ပြီး မြင့်မြတ်သောဝတ်ကျောင်းတော်နှင့် ဘုရားဖူးတို့ကို အလုပ်အကျွေး ပြုနေသူများထက် မြင့်မြတ်ပေသည်။

ဤနိဒါန်းမှတ်ချက်ပြီးသည့်နောက် အာယသ်ပါစာလုံးများနှင့် ယင်းတို့၏အဓိပ္ပာယ်ပြန်မှုဆီသို့ ကျွန်ုပ်တို့ သွားကြစို့။

اَجَعَلْتُمْ سِقَايَةَ الْحَآجِّ وَ عِمَارَةَ الْمَسْجِدِ الْحَرَامِ كَمَنْ اٰمَنَ بِاللّٰهِ وَ الْيَوْمِ الْاٰخِرِ وَ جٰهَدَ فِيْ سَبِيْلِ اللّٰهِ ؕ لَا يَسْتَوٗنَ عِنْدَ اللّٰهِ ؕ وَ اللّٰهُ لَا يَهْدِي الْقَوْمَ الظّٰلِمِيْنَ

"အသင်တို့သည် ဟာဂျီများအား ရေတိုက်ခြင်းကိုလည်းကောင်း၊ "မတ်စ်ဂျိဒေဟရာမ်" ထူးမြတ်သော ဗလီ ကျောင်းတော်ကို စည်ကားသာယာအောင် ပြုလုပ်ခြင်းကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သည့်ပြင် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်သောသူ (၏ကောင်းမှုကုသိုလ်) နှင့်တူမျှသည်ဟု ထင်မြင်ယူဆထား ကြလေသလော။ ထိုသူများသည် အလ္လာဟ်အရှင်မြတ် အထံတော်၌ (အဆင့် အတန်းချင်း) မတူကြချေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မတရားကျူးလွန်သောသူတို့အား တရားလမ်းမှန်ကို ပြသတော်မူသည်မဟုတ်ပေ။ (၉း၁၉)"

ရှေ့နောက်စီစဉ်ထားမှုအရဆိုလျှင် ရည်မှန်းချက်သည် အီမာန်နှင့်ဂျီဟာဒ်ထဲမှတစ်ခုစီသည် ဘုရားဖူးများအားရေတိုက်ခြင်းနှင့် ဗလီဝတ်ကျောင်းတော်၏ပြုပြင်ထိန်းသိမ်းမှုထက် သာလွန်ကြောင်းတိုက်တွန်းရန်ဖြစ် သည်။ ဆိုလိုသည်မှာ အီမာန်သက်ဝင်ယုံကြည်ခြင်းသည် ထိုလုပ်ရပ်နှစ်ခုစလုံးထက် သာပိုမြင့်မြတ်သည်။ ထို့ပြင် ဂျီဟာဒ်သည်လည်း သာလွန်မြင့်မြတ်ပေသည်။ ထို့ကြောင့် အီမာန်ကသာလွန်မြင့်မြတ်မှုက မုရှ်ရစ်ကများ ပြောသောကိစ္စများအတွက် အဖြေတစ်ခုပေးထားကာ ဂျီဟာဒ်၏သာလွန်မြင့်မြတ်မှုသည် ဗလီဝတ်ကျောင်းတော် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဘုရားဖူးများကိုရေတိုက်ကျွေးခြင်းသည် သာလွန်မြင့်မြတ်သည်ဟုပြောဆိုသော မုစ်လင်မ်များကို ပြုပြင်ရန်ဖြစ်သည်။

## အလ္လာဟ်အရှင်မြတ်အား တသသတိရခြင်း ဇိကိရ်သည် ဂျီဟားဒ်စစ်ပွဲဆင်နွှဲသည်ထက် သာလွန်မြင့်မြတ်သည်။

သဖိစီရ်မဇာဟီရီကျမ်း၌ ကာရီသနာ အွလ္လာဟ်ကပြောထားသည်မှာ "ဗလီဝတ်ကျောင်းတော်ကိုထိန်းသိမ်းစောင့်ရှောက်ခြင်းထက် ဂျီဟာဒ်ကသာလွန်ရသည့်အကြောင်းမှာ ရုပ်ပိုင်းဆိုင်ရာနှင့် အပြင်ပိုင်းဆိုင်ရာ ထိန်းသိမ်းမှုအရသာဖြစ်သည်။ ယင်းတို့မှာ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ သန့်ရှင်းခြင်းနှင့်နီးနွယ်သော အစီအမံများဖြစ် ကြသည်။ ယင်းတို့နှင့်ယှဉ်လျှင် ဂျီဟာဒ်ကိုဦးစားပေး၍ပြောရခြင်းမှာ ပြောရန်ပင်မလိုချေ။"ဟူ၍ဖြစ်သည်။

သို့ရာတွင် မတ်စ်ဂျိဒ်ဒ်ကျောင်းတော်ကိုထိန်းသိမ်းစောင့်ရှောက်ခြင်း (အေမာရဟ်)သည် ယင်းအနက် အဓိပ္ပာယ်တစ်ခုတည်းပေါ် ကန့်သတ်မထားပါ။ အိဗာသတ်နှင့် အလ္လာဟ်အရှင်မြတ်ကိုဇိကိရ်တသသတိရရန်အတွက် မတ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော်တွင်း ရှိနေခြင်းဟူသည့် အခြားအဓိပ္ပာယ်လည်းရှိသည်။ ဤနေရာ၌ ယင်းဆိုလိုချက်ကို အခိုင်အမာရည်ညွှန်းထားသည်။ စင်စစ် စိတ်အားထက်သန်စွာဝတ်ပြုသောသူများနှင့် ဗလီဝတ်ကျောင်းတော်အား စည်ကားစေခြင်းဟူသည့် မတ်စ်ဂျိဒ်ဒ်ကိုထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပြုပြင်ခြင်းတို့၏ရည်မှန်းချက်ကို ဤအချက်က ပေါက်မြောက်စေပါသည်။ ဤအဓိပ္ပာယ်အရ ဗလီဝတ်ကျောင်းတော်ကိုထိန်းသိမ်းခြင်းဟူသည်မှာ

တမန်တော်မြတ် ﷺ သခင် ရှင်းလင်းစွာမိန့်ကြားထားသကဲ့သို့ ဂျီဟာဒ်ထက် သာပိုမြင့်မြတ်ပေသည်။ အထောက်အထားကို မတ်စ်နဒ်အဟ်မဒ်၊ သိရ်မိဇီနှင့် အိဗ်နိမာဂျဟ်ကျမ်းပါ စိုက်ယိဒိနာအဗူအလ်ဒရ်ဒါအ်၏ တင်ပြချက်ကို ကျွန်ုပ်တို့ ရည်ညွှန်းနိုင်သည်။ ဤတင်ပြချက်အရ တမန်တော်မြတ် ﷺ မိန့်ကြားခဲ့သည်မှာ "သင်တို့၏လုပ်ရပ်များ အားလုံးတွင် အလွှာဟ်အရှင်မြတ်ထံတော်မှောက်တွင် ပိုမိုမြင့်မားသည့်လုပ်ရပ်တစ်ခုအား ကျွန်ုပ်သင်တို့အား ပြောပြရမည်လော။ ဤလုပ်ရပ်သည် အသင်တို့ကို အဆင့်များအားလုံးတွင် အမြင့်မားဆုံးအဆင့်ရောက်ရှိစေပါ လိမ့်မည်။ အလွှာဟ်အရှင်မြတ်လမ်းတော်တွင် အသင်တို့၏ချွေနှင့်ငွေများသုံးစွဲသည်ထက်လည်း သာလွန်မည်။ ထိုထက်မက ဂျီဟာဒ်စစ်ပွဲတွင် အသင်သည် အသင့်ရန်သူများကို ရွှတ်ရွှတ်ခွဲခွဲတိုက်ခိုက်ရင်း အသင်ကၽင်းတို့ကို သတ်ဖြတ်နိုင်သကဲ့သို့ ရန်သူ၏ သတ်ဖြတ်ခြင်းကိုလည်း ခံရသည့်လုပ်ရပ်ထက်လည်း ပိုမိုမြင့်ပေသည်။" ဟူ၍ဖြစ်သည်။ ဆွဟာဗဟ်သာဝကကြီးများက "ယာရစူလလွှာဟ် ထိုလုပ်ရပ်အား ကျွန်တော်တို့ကိုပြောပြတော်မူပါ" ဟုလျှောက်ထားခဲ့ကြသည်။ ကိုယ်တော်မြတ်က "ထိုလုပ်ရပ်မှာ အလွှာဟ်အရှင်မြတ်ကိုဇိကိရ်ပြုလုပ်ခြင်းဖြစ်သည်" ဟုမိန့်ကြားခဲ့သည်။ ဤသည်က အလွှာဟ်အရှင်မြတ်အားဇိကိရ်ပြုလုပ်ခြင်းသည် ဂျီဟာဒ်ထက်ပိုမိုသာလွန်မြင့်မြတ်သည်ဟု ကျွန်ုပ်တို့ကိုပြောပါသည်။ ထို့ပြင် အကယ်၍ "ဗလီဝတ်ကျောင်းတော်အား ပြုပြင်ထိန်းသိမ်းခြင်း"ဆိုသည်ကို အလွှာဟ်အရှင်မြတ်အား ဇိကိရ်ပြုလုပ်ခြင်းဟူသည့်သဘောဟု မှတ်ယူခဲ့လျှင် ယင်းသည် ဂျီဟာဒ်ထက် သာလွန်မြင့်မြတ်သည်။ သို့သော်လည်း ဤနေရာ၌ မုရ်ရစ်ဂ်များ၏ ဂုဏ်မောက်မှုသည် အလွှာဟ်အရှင်မြတ်အား ဇိကိရ် တသသတိရခြင်းနှင့် မတ်စ်ဂျိဒ်တွင် အိဗာဒသ် လုပ်ခြင်းအပေါ် အခြေခံမထားဘဲ အဆောက်အဦးနှင့် ယင်း အဆောက်အဦးကိုစီမံခန့်ခွဲမှုအပေါ် အခြေခံထားသည်။ ထို့ကြောင့် ဂျီဟာဒ်စစ်ပွဲသည် ဗလီဝတ်ကျောင်းတော် ထိန်းသိမ်းခြင်းထက်သာလွန်သည်ဟု မှတ်ယူခဲ့သည်။

ထို့နောက် ကျွန်ုပ်တို့သည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန့်သံတော်ပါ အမျိုးမျိုးသောအဆိုအမိန့်များကို စဉ်းစားဆင်ခြင်သုံးသပ်ကြည့်လျှင် လုပ်ရပ်တစ်ခုက အခြားလုပ်ရပ်ထက်သာလွန်သည်ဆိုခြင်းမှာ ပူးတွဲပါ အခြေအနေများနှင့် အချက်အလက်ပေါ်တည်မှီသည်။ လုပ်ရပ်တစ်ခုသည် အခြားလုပ်ရပ်ထက်သာလွန်သော အခြေ အနေလည်း ရှိသည်။ အခြေအနေများပြောင်းသွားခဲ့လျှင် ဖြစ်ရပ်သည်လည်းပြောင်းလဲသွားနိုင်သည်။ အစ္စလာမ်ဘာသာနှင့် မုစ်လင်မ်များကို မည်သည့်နည်းနှင့်မဆို ခုခံကာကွယ်ချိန်တွင်ဆင်နွှဲသော ဂျီဟာဒ်စစ်ပွဲသည် အခြားသောအိဗာဒသ်များနှင့်နှိုင်းယှဉ်လျှင် ပိုမိုမြင့်မြတ်ပေသည်။ ယင်းကို ခံဒတ်စစ်ပွဲကာလအတွင်း တမန်တော်မြတ် ﷺ သခင်သည် နေ့စဉ်ဝတ်ပြုဆောက်တည်မှု လေးကြိမ် (ကသွာ) ဖြစ်ကာလွတ်သွားခဲ့ခြင်းက သာဓကဖြစ်ပေသည်။ ပြောင်းပြန်အားဖြင့် လိုအပ်ချက်မှာ ထိုမျှလောက် အသည်းအသန်မဟုတ်လျှင်ကား ဂျီဟာဒ်စစ်ပွဲနှင့်နှိုင်းယှဉ်လိုက်လျှင် အလွှာဟ်အရှင်မြတ်ကို ဇိကိရ်ပြုလုပ်ခြင်းနှင့် အိဗာဒတ်ပြုခြင်းက ပိုမိုမြင့်မြတ်သည်။

အာယသ်(၁၉)၏အဆုံး၌ وَ اللّٰهُ لَا يَهْدِى الْقَوْمَ الظّٰلِمِيْنَ "ထို့ပြင် အလွှာဟ်အရှင်မြတ်သည် မတရားကျူးလွန်သော သူတို့အား တရားလမ်းမှန်ကို ပြသတော်မူသည်မဟုတ်ပေ။" ဟူ၍ မိန့်ထားခြင်းက ထိုသူများကိုမိန့်ထားသည့်အရာသည် နားလည် သဘောပေါက်ရန်မခဲယဉ်းဟု ထောက်ပြထားသည်။ စင်စစ် ယင်းမှာ ရှင်းလင်းသည်။ လုပ်သမျှ၏အခြေခံအုတ်မြစ်သည် အီမာန်ယုံကြည်မှုဖြစ်၍ ယင်းသည် အရာရာအားလုံးထက် သာလွန်မြင့်မြတ်သည်။ ထို့နောက် ဂျီဟာဒ်ဖြစ်ကာ မတ်စ်ဂျိဒ်ဝတ်ကျောင်းတော် ထိန်းသိမ်းခြင်းနှင့် ဟဂျ်လာသူဘုရားဖူးများကို ရေတိုက်ကျွေးခြင်းတို့နှင့်နှိုင်းယှဉ်လျှင် ဂျီဟာဒ်ကသာလွန်သည်။ သို့သော်လည်း အလွှာဟ်အရှင်မြတ်သည် မမှန်မကန်နှင့် မတရားပြုလုပ်သူများကို နားလည် သဘောပေါက်ခြင်းဟူသော ကောင်းချီးမင်္ဂလာမပေးချေ။ ထို့ကြောင့် အလွန်

ပွင့်လင်းထင်ရှားသောအရာများကို ၎င်းတို့အတွက် ကွေ့ကောက်ကာ ရေးကြီးခွင်ကျယ်ဖြစ်စေပါသည်။

ပြီးခဲ့သောအာယသ်(၁၉)ထဲတွင် မိန့်ထားခဲ့သည် သက်ဝင်ယုံကြည်သော မုဂျာဟိဒီးန်များနှင့် မတ်စ်ဂျိဒ် ဝတ်ကျောင်းတော်ကိုထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဘုရားဖူးများကို ရေတိုက်ကျွေးခြင်းသာလုပ်သည့်သူများသည် မတူညီကြသည့်အကြောင်းကို အာယသ် ၂၀ တွင် لَا يَسْتَوُۥنَ عِنْدَ اللّٰهِ ("လာယတ်စ်သော်ဝ်ဝန်" ၎င်းတို့သည် မတူကြချေ) ဟူသော စကားလုံးဖြင့် အကျယ်ဖွင့်ဆိုထားသည်။ ဤအကြောင်းအရာကို اَلَّذِيْنَ اٰمَنُوْا وَ هَاجَرُوْا وَ جٰهَدُوْا فِيْ سَبِيْلِ اللّٰهِ بِاَمْوَالِهِمْ وَ اَنْفُسِهِمْ ۙ اَعْظَمُ دَرَجَةً عِنْدَ اللّٰهِ ؕ وَ اُولٰٓئِكَ هُمُ الْفَآئِزُوْنَ "အကြင်သူတို့သည် "အီမာန်" သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် (မိမိတို့၏ဥစ္စာပစ္စည်း အိုးအိမ်စည်းစိမ်တို့ကို စွန့်လွှတ်ကာ တရပ်တကျေးသို့) ရွှေ့ပြောင်းသွားရောက်နေထိုင်ခဲ့ကြကုန်၏။ ထိုမှတစ်ပါး ယင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ မိမိတို့၏ဥစ္စာပစ္စည်းများဖြင့်လည်းကောင်း၊ မိမိတို့၏အသက် ဇီဝိန်များဖြင့် လည်းကောင်း စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခဲ့ကြကုန်၏။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အထံတော်၌ အဆင့် အတန်းအားဖြင့် အလွန်မြင့်မြတ်လှသည့်အပြင် ထိုသူတို့သည်သာလျှင် "အောင်မြင်မှု"ကိုရရှိသူများ ဖြစ်ကြကုန် သတည်း"ဟူ၍ အကျယ်တဝင့် ဖော်ပြထားသည်။ အကြောင်းမှာ မုရှ်ရစ်ဂ်များအတွက် အောင်မြင်မှု စိုးစဉ်းမျှမရနိုင်ပါ။ သာမန်မုစ်လင်မ်များအတွက်မူ ဤအောင်မြင်မှုအနှစ်သာရမှာဝေစုရှိပါသည်။ သို့သော်လည်း အထက်တွင်ဖော်ပြခဲ့သော သူများအတွက် အောင်မြင်မှုမှာကား များပြားလှသည်။ ထို့ကြောင့် ထိုသူများ၏အောင်မြင်မှုသည်သာ ပြီးပြည့်စုံပေသည်။

အာယသ် ၂၁ နှင့် ၂၂ ထဲတွင် တမလွန်ဘဝ၌ ထိုအောင်မြင်သူများရရှိမည့် ကြီးမားသောဆုလာဘ်နှင့် အဆင့်အတန်းများကို ကျွန်ုပ်တို့အားမိန့်ထားသည်မှာ-

يُبَشِّرُهُمْ رَبُّهُمْ بِرَحْمَةٍ مِّنْهُ وَ رِضْوَانٍ وَّ جَنّٰتٍ لَّهُمْ فِيْهَا نَعِيْمٌ مُّقِيْمٌ ۙ خٰلِدِيْنَ فِيْهَآ اَبَدًا ؕ اِنَّ اللّٰهَ عِنْدَهٗٓ اَجْرٌ عَظِيْمٌ

> "ထိုသူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ထိုသူတို့ကို မိမိအထံတော်မှ ကရုဏာတော်ကို ခံစားကြ မည်ကိုလည်းကောင်း၊ (ထိုအရှင်မြတ်၏) နှစ်သက်မှုကိုရရှိကြမည်ကို လည်းကောင်း၊ ထိုသူတို့အဖို့ ထာဝရ စည်းစိမ် နှင့်ပြည့်စုံသော ဥယျာဉ်များရရှိကြမည်ကိုလည်းကောင်း သတင်းကောင်းမိန့်ကြားတော်မူလေသတည်း။ ၎င်းတို့သည် ထိုဥယျာဉ်များ၌ ထာဝရနေထိုင်စံမြန်းကြပေမည်။ ဇကန်အမှန် အလ္လာဟ်အရှင်မြတ်၏အထံ တော်၌သာ ကြီးကျယ်မြင့်မြတ်လှစွာသော အကျိုးဆုလာဘ်သည် ရှိချေသတည်း"ဟူ၍ဖြစ်သည်။

ဤအာယသ်တော်များထဲ၌ ဟိဂျ်ရသ်နှင့်ဂျီဟာဒ်တို့၏ကောင်းကျိုးများကို ဖော်ပြထားသည်။ ယင်းကိစ္စများ ဆောင်ရွက်ရန်အတွက် တစ်စုံတစ်ဦးသည် ၎င်း၏တိုင်းပြည်၊ ဆွေမျိုးသားချင်း၊ မိတ်ဆွေအပေါင်းအဖော်နှင့် စည်းစိမ်ဥစ္စာများကို တစ်ပြိုင်နက်တည်း စွန့်လွှာရန် လိုအပ်သည်။ ဤဆက်စပ်မှုများကို စွန့်လွှတ်မှုသည် အလွန်ခက်ခဲ၍ နာကျင်သည်မှာ ထင်ရှားသည်။ ထို့ကြောင့် နောက်လာမည့်အာယသ် (၂၃) ထဲ၌ ဤအရာဝတ္ထုများအပေါ် အဆုံးအစမဲ့ ဆက်နွယ်မှုကို စာသားများကသဘောမတူဘဲ မုစ်လင်မ်များစိတ်တွင် ဟိဂျ်ရသ်နှင့်ဂျီဟာဒ်ကို လက်ကမ်းကြိုဆိုရန် ပြင်ဆင်ထားပေးသည်။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَتَّخِذُوْٓا اٰبَآءَكُمْ وَ اِخْوَانَكُمْ اَوْلِيَآءَ اِنِ اسْتَحَبُّوا الْكُفْرَ عَلَى الْاِيْمَانِ ؕ وَ مَنْ يَّتَوَلَّهُمْ مِّنْكُمْ فَاُولٰٓئِكَ هُمُ الظّٰلِمُوْنَ

"အို "မုအ်မင်နဲ်" သက်ဝင်ယုံကြည်သူအပေါင်းတို့အသင်တို့၏ဘ၊ ဘိုး၊ ဘေးတို့သည်လည်းကောင်း၊ အသင်တို့၏ ညီသားအစ်ကိုတို့သည်လည်းကောင်း အကယ်၍ "ကုဖ်ရ်"ထက်သွေဖည်ငြင်းပယ်မှု" ကို "အီမာန်ယုံကြည်မှု" ထက် နှစ်သက်မြတ်နိုးကြပါလျှင် အသင်တို့သည် ၎င်းတို့အား အဆွေခင်ပွန်းများမပြုလုပ်ကြကုန်လင့်။ စင်စစ်မူကား မည်သူမဆို အသင်တို့အနက်မှ ၎င်းတို့အား အဆွေခင်ပွန်းပြုလုပ်ပါလျှင်ထိုကဲ့သို့သောသူများသည်သာမတရားမှုကျူးလွန်သူများဖြစ်ကြကုန်သတည်း"ဟူ၍ မိန့်ထားသည်။

မိဘများ၊ ညီအစ်ကိုမောင်နမများနှင့် အခြားဆွေမျိုးသားချင်းတို့ အပေါ်၌ ခိုင်မြဲသောသံယောဇဉ်နှင့် တော်စပ်မှုထားရှိရန်နှင့် ထိုသူများကိုရက်ရောစွာပြုစုစောင့်ရှောက်မှုနှင့်ပတ်သက်လျှင် ကုရ်အာန်ကျမ်းတော်မြတ်၌ (ဆီလျော်အပ်စပ်သော) ပေါ်လွင်ထင်ရှားသည့် ညွှန်ကြားချက်များနှင့် ပြည့်နှက်နေပါသည်။ သို့သော်လည်း ဤ အာယသ်ထဲ၌ တစ်ခုစီ၏ဆက်နွယ်မှုတွင် ကန့်သတ်ချက်ရှိကြောင်း ရှင်းလင်းစွာမိန့်ထားသည်။ ဤအရာများ၏ ဆက်နွယ်မှုအားလုံး မိဘနှင့်သားသမီးဖြစ်စေ (သို့မဟုတ်) ညီအစ်ကိုမောင်နမအရင်းဖြစ်စေတို့သည် အလ္လာဟ်နှင့် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်တို့၏ ဆက်နွယ်မှုနှင့်ယှဉ်လာလျှင် ယင်းဆက်နွယ်မှုတို့ကိုရှောင်ကွင်း ရမည်။ အချို့အချိန်အခါတွင် ဤဆက်နွယ်မှုနှစ်ရပ် ထိပ်တိုက်တွေ့ခဲ့လျှင် တစ်စုံတစ်ဦးသည် အလ္လာဟ်နှင့် အလ္လာဟ်တမန် တော်တို့နှင့် ဆက်နွယ်မှုကို မြဲမြံစွာထားရှိရမည်။ ထိုဆက်နွယ်မှုနှင့်ယှဉ်လာသော ဆက်နွယ်မှုအားလုံးကို လျစ်လျူ ရှုရပေမည်။

## အထူးမှတ်စုအချို့နှင့် ဥပဒေများ

အာယသ် ၁၉-၂၃ ထဲမှပေါ်ထွက်လာသည့် အထူးမှတ်စုအချို့နှင့်ဥပဒေများကို အောက်တွင်ဖော်ပြထားသည်။

(၁) အီမာန်(ယုံကြည်မှု)သည် အအ်မာလ်(ကောင်းမှုလုပ်ရပ်)၏ အမြဲရှင်သန်နေသည့် လုပ်ရပ်ဖြစ်သည်။ ကောင်းမှုလုပ်ရပ်တစ်ခုသည် မည်မျှကောင်းနေပါစေ အီမာန်ကင်းမဲ့နေလျှင် အသက်မဲ့ပုံသွင်မှအပ ဘာမျှမဖြစ်ဘဲ လက်ခံနိုင်ဖွယ်လည်းမရှိချေ။ နောင်တမလွန်ဘဝတွင် ကယ်တင်ခံရရေးအတွက်လည်း မည်သို့မျှအကျိုးမဖြစ်နိုင်ပေ။ အလ္လာဟ်အရှင်မြတ်ထံတော်တွင် တရားမျှတမှုမရှိသည်ဟူ၍ မရှိချေ။ အရှင်မြတ်သည် ယုံကြည်မှု၏အဓိက အရေးကြီးသောအလင်းရောင်မပါဝင်သော မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ကောင်းမှုလုပ်ရပ်များသည် ပင်လျှင် လုံးလုံးလျားလျား အချည်းအနှီးမဖြစ်စေပါ။ ထိုလုပ်ရပ်များ၏အစားပေးမှုကို ဤလောကမှာပင်ခံစားစေရန် ပေးသနား ခဲ့သည်။ ထိုသူများအား ၎င်းတို့ဆန္ဒရှိသည့်အတိုင်း သက်သောင့်သက်သာရှိစေသည်များနှင့် မိမိကိုယ်မိမိ ကျေနပ် နှစ်သက်စေသည့် အရာများရရှိစေရန် ဥစ္စာပစ္စည်းနှင့်ပိုင်ဆိုင်မှုများ ပေးသနားတော်မူခဲ့သည်။ ထို့ကြောင့် ထိုသူများနှင့် စာရင်းအပြီးအပြတ် ရှင်းလင်းထားပြီးကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များတွင် ဖော်ပြထား ခဲ့သည်။

(၂) ဂုနာဟ်ပြစ်မှုနှင့် အမိန့်ဖီဆန်မှုသည် လူသား၏ဆင်ခြင်တုံတရားကို ပျက်စီးစေသည်။ တစ်စုံတစ်ဦးသည် အဆိုးကိုအကောင်းဟူ၍လည်းကောင်း၊ အကောင်းကိုအဆိုးဟုလည်းကောင်း စတင်မှတ်ယူတော့သည်။ **وَ اللّٰهُ لَا يَهْدِى الْقَوْمَ الظّٰلِمِيْنَ** "ထိုပြင် အလ္လာဟ်အရှင်မြတ်သည် မတရားကျူးလွန်သောသူတို့အား တရားလမ်းမှန်ကို ပြသတော်မူသည်မဟုတ်ပေ။(၁၉)"ဟူသောအဆိုအမိန့်ကဤသည်ကိုဦးတည်ထားကြောင်းအညွှန်းတစ်ရပ်ဖြစ်လေသည်။ အလားတူပင် ထိုကိစ္စကို ညီသွားစေရန်အလို့ငှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် **اِنْ تَتَّقُوا اللّٰهَ يَجْعَلْ لَّكُمْ فُرْقَانًا** "အို-

မုအ်မင်နှ် သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေကြပါလျှင် ထိုအရှင်မြတ်သည် အသင်တို့အား (အမှားနှင့်အမှန်) ကို ခွဲခြားစိတ်ဖြာသိမြင်နိုင်သော အရာကို ချီးမြှင့်ပေးသနား တော်မူအံ့။ (၈ း ၂၉)" ဟူ၍မိန့်ထားသည်။ ဤသည်က ရှင်းလင်းပြတ်သားသည့် အညွှန်း တစ်ရပ်ပေးသည်မှာ အလ္လာဟ်အရှင်မြတ် အမိန့်နာခံခြင်းနှင့် အရှင်မြတ်ကိုကြောက်ရွံ့ရိုသေသော အနေအထားသည် လူသား၏ဆင်ခြင်တုံတရားကို အရောင်တင်ပေး၍ အရောက်လက်စေပါသည်။ မျှမျှတတနှင့် မှန်မှန်ကန်ကန် တွေးတောနိုင်ခြင်းနှင့် အကောင်းနှင့်အဆိုးခွဲခြားရန် မည်သည့်အခါတွင်မျှ မမှားသော အစွမ်းသတ္တိပေးပါသည်။

(၃) ကောင်းမှုကောင်းရာများသည်ပင်လျှင် အချင်းချင်းဦးစားပေးခံရမှုအတွက် အပြိုင်အဆိုင်ရှိသည်။ ဆီလျော်စွာပင် ကောင်းမှုကောင်းရာ ပြုလုပ်သူများ၏ အဆင့်အတန်းတွင်သာလျှင် ယင်းသို့သော ဦးစားပေးမှုမျိုး ရှိသည်။ ကောင်းမှုကောင်းရာ ပြုလုပ်သူ အားလုံးကို တစ်တန်းတစ်စားတည်း ထားမရချေ။ အဘယ်ကြောင့်ဆိုသော် လုပ်ရပ်များသည် လုပ်ရပ် အရေအတွက်ပေါ် မတည်မှီဘဲ အရည်အချင်းပေါ် တည်မှီ၍ဖြစ်သည်။ ယင်းကိစ္စကို စူရဟ် အလ်မုလ်ခ်တွင် لِيَبْلُوَكُمْ اَيُّكُمْ اَحْسَنُ عَمَلًا "အကြင်အရှင်မြတ်သည်အသင်တို့အား အသင်တို့အနက် မည်သူသည် အကျင့်အမူအားဖြင့် အကောင်းဆုံးဖြစ်သည်ကို စမ်းသပ်တော်မူအံ့။ (၆၇ း ၂)"ဟုမိန့်ကြားထားသည်။

(၄) ကောင်းချီးမင်္ဂလာများ အမြဲထာဝရတည်ရှိစေရန်မှာ အကြောင်းနှစ်ရပ် လိုအပ်သည်။ ကောင်းမှုကောင်းရာ လုပ်သူများအတွက် ကောင်းချီးမင်္ဂလာသည် အဆုံးမရှိချေ။ ထို့နောက် ကောင်းချီးမင်္ဂလာများသည် ကောင်းချီးမင်္ဂလာ ပေးခံရသူနှင့် ကွဲကွာရလိမ့်မည်မဟုတ်ချေ။ ထိုကြောင့် အလ္လာဟ်အရှင်မြတ်၏ အခွင့်အရေးပေးခံရသော ကျေးကျွန်များအတွက် ထိုကိစ္စနှစ်ခုကြောင့် အာမခံချက်တစ်ခုပေးထားသည်။ ထို့ကြောင့် نَعِيْمٌ مُّقِيْمٌ "ထိုသူတို့အဖို့ ထာဝရစည်းစိမ်နှင့် ပြည့်စုံသော ဥယျာဉ်များရရှိကြမည်ကိုလည်းကောင်း(၂၁)"ဟုမိန့်ထားခြင်းက ကောင်းချီး မင်္ဂလာများသည် ထာဝရ ဖြစ်ကြောင်း ကြေညာပါသည်။ ထို့နောက် خٰلِدِيْنَ فِيْهَآ اَبَدًا "ငင်းတို့သည် ထိုဥယျာဉ်များ၌ ထာဝရနေထိုင်စံမြန်းကြပေမည်။ (၂၂)" ဟု မိန့်ထားခြင်းက ဤအောင်မြင်သောသူများသည် ကောင်းချီး မင်္ဂလာများနှင့် မည်သည့်အခါတွင်မျှ ကွဲကွာလိမ့်မည် မဟုတ်ကြောင်း အာမခံထားသည်။

**အစွလာမ်နှင့်အီမာန်ဟူသည့် နှောင်ကြိုးသည်သာ စစ်မှန်သောနှောင်ကြိုးဖြစ်သည်။ ဆွေမျိုး တော်စပ်မှုနှင့် တိုင်းပြည် နှောင်ကြိုးများ အားလုံးသည် ယင်းအတွက် မုချစွန့်လွှတ်ကြရမည်။**

(၅) ဤနေရာ၌ အကျယ်တဝင့်ဖော်ပြထားသည့် ပဉ္စမအချက်သည် အခြေခံအရေးကြီးသည့်အချက်ဖြစ်သည်။ ဆွေမျိုးတော်စပ်မှုနှင့် မိတ်သင်္ဂဟဖြစ်မှုဆိုသည့်ဆက်နွယ်မှုထက် အလ္လာဟ်အရှင်မြတ်နှင့် အရှင့်တမန်တော်တို့ ဆက်နွယ်မှုကို ဦးစားပေးရမည်ဆိုသည့်အကြောင်းမှာ အပြီးအပြတ်ဖြစ်သည်။ အရှင်နှင့် အရှင့်တမန်တော်တို့အား ဆက်နွယ်မှုနှင့် ထိပ်တိုက်တွေ့သောဆက်နွယ်မှုများကို ဖြတ်တောက်ပစ်ရမည်။ ဤသည်မှာ ဆွဟာဗဟ်သာဝကကြီးများ၏လမ်းစဉ်ဖြစ်သည်။ ဤသည်ကြောင့် ထိုဆွဟာဗဟ်များသည် မုစ်လင်မ်အုမ္မသ်ထုထက် သာလွန်မြင့်မြတ်ပေသည်။ စမ်းသပ်မှုအချို့တွင် ၎င်းတို့၏အသက်၊ ပစ္စည်းဥစ္စာ၊ ဆွေမျိုးသားချင်းနှင့် နှောင်ကြိုးအမျိုးမျိုးကို အလ္လာဟ် အရှင်မြတ်နှင့် အရှင်မြတ်တမန်တော်တို့အတွက် ရှေ့ဆောင်လမ်းပြ၍ စွန့်လွှတ်စတေးခဲ့ကြသည်။ အစွလာမ်နှောင်ကြိုးသည် အထွဋ်အထိပ်နှင့် စကြဝဠာလုံးဆိုင်ရာဖြစ်ကြောင်း အီသီယိုဗီးယားမှဗီလားလ်၊ ဗိုင်ဇမ် တိုင်းမှ ရှိအိုက်ဗ်၊ ပါရှားမှ စလ်မာန်၊ မက္ကာဟ်မြို့မှ ကုရိုက်ရှ်များနှင့် မဒီနဟ်မှ အန်ဆွာရ်များသည် တစ်ဦးနှင့် တစ်ဦး ညီရင်းအစ်ကိုပမာဖြစ်သွား

ကြသည်ဆိုသည်မှာ ထာဝရသက်သေပြပြီးဖြစ်ပေသည်။ ဆွေမျိုးတော်စပ်မှုနှင့် လူမျိုးနွယ်ဆိုင်ရာနှောင်ကြိုးများကို ဘေးဖယ်ထားကြသည်ဆိုကြောင်း ဗဒ်ရိုနှင့်အုဟုဒ်စစ်ပွဲများတွင် ပြသခဲ့ပြီး ဖြစ်သည်။ ယင်းစစ်ပွဲများတွင် အဖေနှင့်သား၊ ညီရင်းအစ်ကိုအချင်းချင်း တစ်ဦးနှင့်တစ်ဦး ဓားချင်းယှဉ်ခုတ်ခဲ့ကြသည်။ ၎င်းတို့သည် ယုံကြည်မှုကို မြတ်နိုးစွာ ဖက်တွယ်ထားသည်ဆိုကြောင်း ပေါ်လွင်သောသာဓကများဖြစ်သည်။

اَللّٰهُمَّ ارْزُقْنَا اِتِّبَاعَهُمْ وَاجْعَلْ حُبَّكَ اَحَبَّ الْاَشْيَآءِ اِلَيْنَا وَخَشْيَتَكَ اَخْوَفَ الْاَشْيَآءِ عِنْدَنَا

"ယာအလ္လာဟ်၊ ကျွန်တော်မျိုးများကို ယင်းဆွဟာဗဟ်များနောက် လိုက်နာကျင့်သုံးနိုင်သည့် ကောင်းချီး မင်္ဂလာပေးတော်မူပါ။ ထို့နောက် ကျွန်တော်မျိုးတို့အမြင်တွင် အလ္လာဟ်အရှင့် ချစ်မြတ်နိုးမှုသည် အရာရာတိုင်းထက် ပိုအောင် ပြုလုပ်ပေးတော်မူပါ။ အရှင်မြတ်အား ကြောက်ရွံ့ရိုသေမှုသည် ကျွန်ုပ်တို့တွင်ရှိသည့် အရာရာတိုင်းအပေါ် ကြောက်ရွံ့မှုထက် ပိုအောင်ပြုလုပ်ပေးတော်မူပါ။

## အာယသ် (၂၄)

قُلْ اِنْ كَانَ اٰبَآؤُكُمْ وَ اَبْنَآؤُكُمْ وَ اِخْوَانُكُمْ وَ اَزْوَاجُكُمْ وَ عَشِيْرَتُكُمْ وَ اَمْوَالُ ِۨاقْتَرَفْتُمُوْهَا وَ تِجَارَةٌ تَخْشَوْنَ كَسَادَهَا وَ مَسٰكِنُ تَرْضَوْنَهَآ اَحَبَّ اِلَيْكُمْ مِّنَ اللّٰهِ وَ رَسُوْلِهٖ وَ جِهَادٍ فِيْ سَبِيْلِهٖ فَتَرَبَّصُوْا حَتّٰى يَاْتِيَ اللّٰهُ بِاَمْرِهٖ ؕ وَ اللّٰهُ لَا يَهْدِي الْقَوْمَ الْفٰسِقِيْنَ ﴿۲۴﴾

(အို-နဗီတမန်တော်) အသင်သည် "မုအ်မင်နဲ်" သက်ဝင်ယုံကြည်သူတို့အား ဤသို့ပြောကြားပါလေ။ (ဟယ်-အချင်းတို့) အသင်တို့၏အဘများသည် လည်းကောင်း၊ အသင်တို့၏သားများသည်လည်းကောင်း၊ အသင်တို့၏ ညီသားအစ်ကိုများသည်လည်းကောင်း၊ အသင်တို့၏ဇနီးကြင်ရာများသည် လည်းကောင်း၊ အသင်တို့၏ ဆွေမျိုးသားချင်းများသည်လည်းကောင်း၊ အသင်တို့ ရှာဖွေဆည်းပူးထားကြသော ဥစ္စာပစ္စည်းများသည် လည်းကောင်း၊ အသင်တို့သည် ထိုင်းမှိုင်းသွားမည်ကို စိုးရိမ်လျက် ရှိကုန်သော ရောင်းဝယ် ဖောက်ကားမှုသည်လည်းကောင်း၊ အသင်တို့နှစ်သက်ကုန်သော အိမ်ရာတိုက်တာဂေဟာများသည်လည်းကောင်း၊ အသင်တို့ထံတွင် အလ္လာဟ်အရှင်မြတ်ထက် လည်းကောင်း၊ ထိုအရှင်မြတ်၏ရာဇလတမန်တော်မြတ်ထက်လည်းကောင်း၊ ထိုအရှင်မြတ်၏လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းထက်လည်းကောင်း၊ ပိုမိုချစ်ခင်စုံမက်မြတ်နိုး ဖွယ်ရာများဖြစ်ခဲ့ကြပါလျှင် အလ္လာဟ်အရှင်မြတ်သည် ("ဟစ်ဂျ်ရသ်" မပြုလုပ်ခြင်း၏အပြစ်ဒဏ်များနှင့် စပ်လျဉ်း၍) မိမိအမိန့်တော်ကို ထုတ်ပြန်တော်မူသည့်တိုင်အောင် အသင်တို့သည် စောင့်ဆိုင်း၍သာနေကြကုန်လော့။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အမိန့်တော်ကိုသွေဖည်သောသူတို့အား တရားလမ်းမှန်ကိုပြသတော်မူသည်မဟုတ်ပေ။ (၉ : ၂၄)

## အကျယ်ဖွင့်ဆိုခြင်း

စူရဟ်အလ်သောင်ဗဟ်၏ကျိအာယသ်တော်သည် ဟစ်ဂျ်ရသ်ရွှေ့ခြင်းအား မပြုမနေရတာဝန်သတ်မှတ်ခဲ့သောအခါ၌ မက္ကာဟ်မြို့တော်၌ မပြောင်းရွှေ့ခဲ့ဘဲကျန်ရစ်ခဲ့သူများအတွက် သီးသန့်ကျရောက်ခဲ့ပါသည်။ ၎င်းတို့မိသားစုနှင့်ဥစ္စာပစ္စည်းများအပေါ် ချစ်မြတ်နိုးမှုက ပြောင်းရွှေ့ရန်အမိန့်ကိုဆောင်ရွက်ရန် အဟန့်အတားဖြစ်စေခဲ့သည်။ ထိုသူများအတွက် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် S သခင်အား ပြောကြားစေခိုင်းသည်ကို အထက်ဖော်ပြပါအာယသ်တော်တွင် ပါဝင်သည်။ "မိမိအမိန့်တော်ကို ထုတ်ပြန်တော်မူသည့်တိုင်အောင် အသင်တို့သည် စောင့်ဆိုင်း၍သာနေကြကုန်လော့" ဟူသောအဆိုအမိန့်နှင့်ပတ်သက်၍ သဖီစီရ်ပညာရှင် မုဂျာဟစ်ဒ်က ပြောသည်မှာ ဤနေရာ၌ရည်ညွှန်းထားသည့် "အမိန့်တော်" ဆိုသည်မှာ ဂျီဟာဒ်တာဝန်ထမ်းဆောင်ပြီး မက္ကာဟ်မြို့ကိုအောင်နိုင်ရန် ဟူသည့်အမိန့်တော်ကို ဆိုလိုသည်။ အဆိုအမိန့်၏အဓိပ္ပာယ်မှာ နောင်ကြိုးများအတွက် အလ္လာဟ်အရှင်မြတ်နှင့် အလ္လာဟ့် တမန်တော်တို့နှင့်ထားရှိသော ဆက်နွယ်မှုများကို စွန့်လွှတ်ခဲ့သောသူများ၏ မကောင်း သောအဆုံးသတ်မှုကို ၎င်းတို့ကိုယ်တိုင်မျက်ဝါးထင်ထင် မြင်တွေ့ရမည်ဟူ၍ဖြစ်သည်။ ထိုအချိန်တွင် မက္ကာဟ်မြို့အားအောင်နိုင်ပြီးဖြစ်ကာ ၎င်းတို့အတွက်သတ်မှတ်ထားသော တာဝန်ဝတ္တရားများကိုပစ်ပယ်သူများသည် ဂုဏ်သရေခဲ့မှုနှင့်ရင်ဆိုင်ရကာ ၎င်းတို့စိတ်ကူးယဉ် တွေးထင်ထားသည့်လူများ၊ ဥစ္စာများနှင့်ပတ်သက်သော နောင်ကြိုးများသည်လည်း ၎င်းတို့အတွက် အကျိုးရှိတော့မည်မဟုတ်ချေ။

ထို့နောက် ကျော်စောထင်ရှားသော ဟစ်အလ်ဗစ္စရီ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်လည်းရှိသေးသည်။ ၎င်းကပြောသည်မှာ ဤနေရာပါ "အမိန့်တော်" ဟူသည်မှာပြစ်ဒဏ်ခတ်ခြင်း၏အမိန့်ကိုဆိုလိုသည်ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ ရုပ်ဝတ္ထုပေါ်ငြိတွယ်မှုသက်သက်အတွက် နောင်တမလွန်ဘဝနှင့်ဆက်နွယ်သည့် နာမ်ပိုင်းဆိုင်ရာ နောင်ကြိုးများကိုစွန့်ပစ်ကာ ညွှန်ကြားထားသည့်အတိုင်းမပြောင်းရွှေ့သောသူများကို များမကြာမီအချိန်တွင် အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်ခတ်သည့်အမိန့်တော် ကျရောက်လိမ့်မည်ဟူ၍ဖြစ်သည်။ ဤပြစ်ဒဏ်ခတ်မှုသည် ထိုသူများတွင် ဤကမ္ဘာလောကမှာပင်ကျရောက်လျှင်လည်း ကျရောက်မည်။ သို့တည်းမဟုတ် နောင်တမလွန်တွင် ကျရောက်မည်ဆိုခြင်းကားမလွဲဧကန်ဖြစ်သည်။ ဤနေရာတွင်ရှိရည်ရွယ်ချက်မှာ ပြောင်းရွှေ့ခြင်းတာဝန်ကို စွန့်လွှတ်ခြင်းအတွက် သတိပေးချက်တစ်ရပ်ထုတ်ပြန်ရန်ဖြစ်သည်။ သို့သော်လည်း ဤနေရာတွင် ဖော်ပြထားခဲ့သည်မှာ ဂျီဟာဒ်အတွက်ဖြစ်၍ ဟစ်ဂျရတ် (ပြောင်းရွှေ့ခြင်း) အတွက်မဟုတ်ပါ။ ဂျီဟာဒ်သည် ဟစ်ဂျရတ်ပြီး နောက်မှ လုပ်ဆောင်ရသောလုပ်ရပ်ဖြစ်သည်။ ဤနေရာ၌မြုပ်နေသည့်အညွှန်းမှာ ဖြစ်ရပ်အမှန်မဖြစ်ခဲ့သေး ဟူ၍ဖြစ်သည်။ ယခုအချိန် ထွက်ပေါ်လာသည်မှာ ရွှေ့ပြောင်းရန်ဟူသော ကနဦးအမိန့်သာဖြစ်သည်။ ထိုသို့ လုပ်ဆောင်ရန်ပင် မရဲသောသူများရှိကြသေးသည်။ ထိုသူများရှေ့တွင်ရှိသည်မှာ ပေါ်ထွက်လာမည့်ဂျီဟာဒ်အမိန့် ဖြစ်သည်။ ထိုအမိန့်ထွက်ပေါ်လာလျှင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏နဗီတမန်တော်အား ချစ်မြတ်နိုးမှုအတွက် လောကီဆိုင်ရာနောင်ကြိုးများကို ဖြတ်တောက်ပစ်ရုံမျှမက ထိုမြင့်မြတ်သောလုပ်ရပ်အတွက် ၎င်းတို့၏အသက်ကိုပင် စတေးရပေမည်။ ထို့နောက် ဖြစ်နိုင်သေးသည်မှာ ဤအကြောင်းများကြောင့် ပြောင်းရွှေ့ခြင်း ဟစ်ဂျရတ်ကို ဂျီဟာဒ်ရှေ့တွင်ထားရှိခြင်း ဖြစ်သည်။ အမှန်တကယ်ဆိုလျှင် ပြောင်းရွှေ့ခြင်းသည်လည်း ဂျီဟာဒ်၏အခန်းကဏ္ဍတစ်ခုဖြစ်ပေသည်။

အဆုံး၌ وَاللَّهُ لَا يَهْدِي الْقَوْمَ الْفَاسِقِينَ "အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အမိန့်တော်ကို သွေဖည်သောသူတို့အား တရားလမ်းမှန်ကို ပြသတော်မူသည်မဟုတ်ပေ။"ဟု အာယသ်တော်အဆုံးတွင် မိန့်ထားခြင်း

က ထိုသူများအား အလွန်ရှင်းလင်းစေပါသည်။ ထိုသူများသည် ပြောင်းရွှေ့ရန်အမြဲလိုက်နာရမည့် အမိန်တော်ထုတ်ပြန်ထားလင့်ကစား ၎င်းတို့၏မိသားစု၊ ဆွေမျိုးသားချင်း၊ ဥစ္စာပစ္စည်းနှင့်ပိုင်ဆိုင်မှုများဟူသော လောကီဆိုင်ရာ နှောင်ကြိုးများကို ဖက်တွယ်ထားခဲ့သည်။ ထိုသူများ၏ဤလုပ်ရပ်သည် ဤလောကတွင်ပင် အောင်မြင်လိမ့်မည်မဟုတ်ကြောင်းများမကြာမီတွေ့ရှိရပါလိမ့်မည်။ အကယ်၍ထိုသူများသည် ၎င်းတို့၏မိသားစု၊ ဥစ္စာဓနနှင့် ပိုင်ဆိုင်မှုတို့တွင်ခိုလှုံခဲ့၍ အမြဲထာဝရအေးချမ်းသာယာမှုနှင့် တည်ငြိမ်မှုရမည်ဟုမှတ်ထင်ခဲ့လျှင် ဤအိပ်မက် အကောင်အထည်ပေါ်လိမ့်မည်မဟုတ်ချေ။ ဂျီဟာဒ်အမိန့်ထွက်ပေါ်လာပြီးသည်နှင့်တစ်ပြိုင်နက် ဤဆွဲဆောင်မှုအားလုံးသည် သူတို့သယ်ယူရန်လေးလံသော ဝန်ထုပ်ဝန်ပိုးကြီးများ ဖြစ်သွားပါလိမ့်မည်။ အဘယ့် ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် ဂုနာဟ်အပြစ်ကျူးလွန်၍ အမိန့်ဖီဆန်သူများ ၎င်းတို့ အလိုဆန္ဒမပြည့်ဝ စေသောကြောင့်ဖြစ်ပေသည်။

## ဟစ်ဂျရတ် (ပြောင်းရွှေ့ခြင်း) ၏ အမြဲလိုက်နာရမည့် ဥပဒေများ

(၁) ပထမဦးစွာ မက္ကာဟ်မြို့မှမဒီနာဟ်မြို့သို့ ပြောင်းရွှေ့ (ဟစ်ဂျရတ်) လုပ်သော မပြုမနေရတာဝန်သည် မပြုမနေရတာဝန်သက်သက်မဟုတ်ချေ။ ယင်းသည် မုစ်လင်မ်တစ်ဦးဖြစ်ခြင်း၏ အမှတ် သင်္ကေတတစ်ခု ဖြစ်သည်။ လုပ်နိုင်စွမ်းရှိလျက်နှင့် ထိုအချိန်ကပြောင်းရွှေ့မှုမပြုလုပ်သူ မည်သူကိုမဆို မုစ်လင်မ်ဟုမသတ်မှတ်ပါ။ ဤအမိန့်ပညတ်ချက်သည် မက္ကာဟ်အောင်နိုင်ပြီးနောက် ပယ်ဖျက်ရုပ်သိမ်းခဲ့သည်။

(၂) ထိုပယ်ဖျက်ရုပ်သိမ်းမှုနောက် ဆက်လက်တည်ရှိနေသည့် အခြေခံပညတ်ချက်များမှာမူ ဆက်လက်တည်ရှိနေသည်။ အကယ်၍ နိုင်ငံတစ်ခုတွင် သူ (သို့မဟုတ်) သူမသည် ဘာသာရေးဆိုင်ရာ တာဝန်ဝတ္တရားများဖြစ်သည့် ဆွလာသ်ဝတ်ပြုဆောက်တည်မှုနှင့် ဥပုသ်သီလဆောက်တည်ခြင်း စသည်တို့ကို အလ္လာဟ်အရှင်မြတ်၏အမိန့် ပညတ်တော်နှင့်အညီ လုပ်ဆောင်နိုင်ရန်မဖြစ်နိုင်တော့လျှင် ယင်းနေရာမှ ပြောင်းရွှေ့ရန်ဟူသည် ဖရသွ်တာဝန်သည် အမြဲရှိနေသည်။ ထိုကဲ့သို့ပြောင်းရွှေ့နိုင်စွမ်းလည်း ၎င်းတွင်ရှိရပေမည်။ ဤသည်မှာ လိုက်နာခြင်း၏ ပထမအဆင့် ဖြစ်သည်။

(၃) ဒုတိယလိုက်နာခြင်းမှာ ဘဝတွင် အပြစ်ဒုစရိုက်နှင့် အမိန့်ဖီဆန်ခြင်းများလွှမ်းမိုးနေသော လူနေမှုစနစ်ရှိသည့် နေရာဌာနမှ တစ်စုံတစ်ဦးထွက်ခွာသင့်သည်။ ဤသို့ရွှေ့ပြောင်းမှုဟစ်ဂျရသ်မှာ ထာဝရအတွက်မုစ်တဟဗ် ဖြစ်သည်။ (အသေးစိတ်ကို ဖသ်သွလ်ဟာရီကျမ်းတွင် ကြည့်ပါ)

လေ့လာနေသောအာယသ်ထဲမှဦးတည်မိန့်ကြားချက်သည် တိုက်ရိုက်ဖြစ်ကြောင်းကျွန်ုပ်တို့သတိမူမိပေလိမ့်မည်။ ဦးတည်ပြောခံရသောသူများသည် ပြောင်းရွှေ့ရန်အတွက် ပြောကြားခံရသော်လည်း မပြောင်းရွှေ့သူများ ဖြစ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူတို့သည် လောကီဆိုင်ရာနှောင်ကြိုးကို ပို၍ဂရုစိုက်ကြသည်။ သို့ရာတွင် အာယသ်ပါစကားလုံးများ၏ ယေဘုယျကျမှုက မုစ်လင်မ်အားလုံးကို အလ္လာဟ်အရှင်မြတ်နှင့် အလ္လာဟ့် တမန်တော်ကို ချစ်ခင်မြတ်နိုးမှုသည် အထူးအဆင့် မပြုမနေရ ဖရတ်သွ်တာဝန်ဖြစ်ကြောင်း ပြောပြနေသည်။ ထိုအဆင့်သည် အမြင့်ဆုံးနှင့် ဦးစားပေးဖြစ်သည်။ အချို့အဆင့်အရဆိုလျှင် တစ်စုံတစ်ဦးအပေါ်ဖြစ်စေ၊ တစ်စုံတစ်ရာအပေါ် ဖြစ်စေ ချစ်မြတ်နိုးခြင်း (သို့မဟုတ်) သံယောဇဉ်ထားခြင်းသည် အလ္လာဟ်နှင့်အလ္လာဟ့်ရစူလ်ထက် မလွှမ်းမိုးစေရ။ ထို့ကြောင့် မည်သူမဆို ဤအဆင့် ချစ်ခင်မြတ်နိုးမှုမလုပ်နိုင်သူသည် အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်ခတ်ခံရမှုနှင့် ထိုက်တန်စေသည်။ သူ့အတွက် ထိုပြစ်ဒဏ်ကိုစောင့်နေပါလေ။

**(အီမာန်) စစ်မှန်သောယုံကြည်မှု၏မှတ်ကျောက်**

ထို့ကြောင့် စိုက်ယိဒိနာအနပ်စ်အိဗ်နိမာလိက် d ဆင့်ပြန်ခဲ့သည်။ ခိုင်မာသောဟဒီးစ်တော်တစ်ရပ်တွင် တင်ပြထားသည်။ ယင်းကို အလ်ဗုခါရီနှင့်မုစ်လင်မ်ကျမ်းတို့တွင် ဖော်ပြထားခဲ့သည်။ တမန်တော်မြတ် s သခင်မိန့်ကြားခဲ့သည်မှာ မည်သူမဆို ငါကိုယ်တော်မြတ်ကို ၎င်း၏ဖခင်၊ သားသမီးများနှင့် ကမ္ဘာပေါ်ရှိလူများ အားလုံးထက် ပို၍မချစ်နိုင်သေးသမျှ ၎င်းသည် စစ်မှန်သောယုံကြည်သူတစ်ဦး မဖြစ်နိုင်ချေ။

အဗူဒါဝူဒ်နှင့် သိရ်မိဇီကျမ်းပါ စိုက်ယိဒိနာအဗူအုမာမဟ် s မှ ဟဒီးဆ်တော်တစ်ရပ်အရ တမန်တော်မြတ် s သခင်မိန့်ကြားခဲ့သည်မှာ "မည်သူမဆို အလ္လာဟ်အရှင်မြတ်အတွက် မိတ်ဆွေဖွဲ့ခြင်းသည်လည်းကောင်း၊ ရန်သူဖြစ်စေခြင်း သည်လည်းကောင်း ၎င်း၏စည်းစိမ်ဥစ္စာပစ္စည်းကို အလ္လာဟ်အရှင်မြတ်အတွက်သုံးစွဲခြင်း (သို့မဟုတ်) အလ္လာဟ် အရှင်မြတ်အတွက် ထိန်းသိမ်းထားခြင်းသည် သူ၏အီမာန်ယုံကြည်ချက် ပြီးပြည့်စုံစေပါသည်။"

ဤဟဒီးဆ်ဆင့်ပြန်ချက်များမှ သက်သေပြသည်မှာ အီမာန်ယုံကြည်မှုပြီးပြည့်စုံခြင်းသည် တမန်တော်မြတ် s ပေါ်ချစ်မြတ်နိုးမှုက အခြားအလုံးစုံချစ်မြတ်နိုးမှု၊ မိတ်ဆွေဖြစ်ခြင်းနှင့် ရန်သူဖြစ်ခြင်း၊ လျှော့ပေါ့ခြင်းနှင့် အဆောင်ထားခြင်း၊ ထိန်းသိမ်းခြင်း စသည်တို့အပေါ် လွှမ်းမိုးမှုရှိခြင်းပေါ် တည်မှီသည်။ ထိုအရာအားလုံးသည် အလ္လာဟ် အရှင်မြတ်နှင့် အရှင့်တမန်တော်၏အမိန့်နှင့် ဆန္ဒတော်နှင့်အညီ လိုက်နာကျင့်သုံးရမည်။

သဖီစီရ်ပညာရှင် ကာသွဒီအလ်ဗိုင်ဒါဝီနှင့် အခြားဋီကာရှင်များကပြောသည်မှာ ဤအာယသ်ထဲတွင် ပေးထားသည့်သတိပေးချက်မှ ကင်းလွတ်သောသူဟုမှတ်ယူနိုင်သူမှာ အနည်းငယ်မျှသာရှိသည်။ အကြောင်းမှာ ဘာသာရေးဆိုင်ရာ ခံယူချက်များ သင်ကြားပို့ချခြင်းနှင့် ကိုယ်တိုင်ကျင့်ကြံအားထုတ်သည့် ကြီးကျယ်သောပုဂ္ဂိုလ် များထဲမှာပင်လျှင် ပိုင်ဆိုင်မှုနှင့်မိသားစုကြောင့် ၎င်းတို့၏အချစ်ကို ချိုးနှမ်ထားသည့် အလ္လာဟ်အလိုတော်အရသာ ကင်းလွတ်ခွင့်ရသူများရှိသည်။ သို့သော်လည်း ကာသွဗီဒ်ဗိုင်ဒါဝီက ဆက်လက်ရှင်းပြသည်မှာ ဤနေရာပါ "ချစ် မြတ်နိုးမှု" ဟုပြောဆိုခြင်းက တစ်စုံတစ်ဦး၏ထိမ်းချုပ်မှုအောက်တွင်ရှိ "ချစ်မြတ်နိုးမှု" ဟုပြောဆိုသည်။ တစ်စုံတစ်ဦးမထိန်းချုပ်နိုင်သည့် "ချစ်ခင်မြတ်နိုးမှု" နှင့် မသက်ဆိုင်ချေ။ ယင်းမှာ သဘာဝကျပေသည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် တစ်စုံတစ်ဦးမထိမ်းချုပ်နိုင်သည်ကို တာဝန်မသတ်မှတ်ပေးပါ။ ထို့ကြောင့် တစ်စုံတစ်ဦးတွင် အလ္လာဟ်နှင့် အလ္လာဟ့်တမန်တော်၏အမိန့်ပညတ်ချက်နှင့် ဆန္ဒတော်နှင့်မဆန့်ကျင်သော လောကီဆိုင်ရာချစ်မြတ်နိုးမှုမှာကား နှလုံးသားတွင် သဘာဝအရ အပြည့်အဝ ရှိနိုင်ပေသည်။ သို့သော်လည်း အလ္လာဟ်နှင့် အလ္လာဟ့်ချစ်မြတ်နိုးမှုပေါ် မလွှမ်းမိုးရပါ။ သို့ဆိုလျှင် ဤသတိပေးချက်သည် ထိုသူနှင့်မသက်ဆိုင်စေတော့ပါ။ ထို့နောက် ထိုသူသည် အရာရာတိုင်းထက် အလ္လာဟ်နှင့်အလ္လာဟ့်တမန်တော်ပေါ်၌ သူ၏အချစ်ထားရှိသူဟု မှတ်ယူလိမ့်မည်။ ဤသည်မှာ မနှစ်မြို့ဖွယ်ဆေးဝါး (သို့မဟုတ်) မမျှော်လင့်သောခွဲစိတ်ကုသမှုအတွက် စိတ်အနှောင့်အယှက်ဖြစ်နေသည့် လူနာတစ်ဦးနှင့်တူပေသည်။ ဤသည်မှာ သဘာဝပင်။ သို့သော်လည်း ထိုလုပ်ရပ်သည် ၎င်း၏ကောင်းကျိုးဖြစ်၍ ကျိုးကြောင်းညီညွတ်စွာဖြင့် သဘောတူညီခဲ့သည်။ သို့ဆိုလျှင် ယင်းလုပ်ရပ်သည် အပြစ်မတင်ထိုက်ချေ။ ထို့နောက် ပုံမှန်အသိဉာဏ်က သူ၏သဘာဝကျသောမနှစ်မြို့မှုနှင့် စိတ်လှုပ်ရှားမှုကိုဖယ်ထုတ်ရန် အတင်းအကြပ်မတိုက်တွန်းပါ။ အလားတူပင် အကယ်၍ တစ်စုံတစ်ဦးသည် ပစ္စည်းနှင့်သားသမီးအပေါ် ချစ်မြတ်နိုးမှုက ထိုပညတ်ချက်များအပေါ် လိုက်နာကျင့်သုံးရန် မသက်မသာဖြစ်သော်လည်း ယင်းကသိကအောက်ဖြစ်မှုကို သည်းခံခဲ့၍ အမိန့်ပညတ်ကိုလိုက်နာဆောင်ရွက်ခဲ့လျှင် ယင်း

မသက်မသာဖြစ်မှုအတွက် အပြစ်မတင်သင့်ချေ။ စင်စစ်ယင်းလုပ်ရပ်သည် ချီးကျူးထိုက်သည်။ ဤအာယသ်တော်အရ ထိုသူကို အလွှာဟ်အရှင်မြတ်နှင့် အရှင့်တမန်တော်၏အချစ်ကို အရာရာတိုင်းထက် ပို၍ထားရှိသူဟု မှတ်ယူရပေမည်။

မည်သို့ပင်ဖြစ်စေ ချစ်ခင်မှုနှင့်ပတ်သက်သော မြင့်မားသည့်အခြေအနေအတွက်ပြောရလျှင် တစ်စုံတစ်ဦး၏ ချစ်ခင်မှုသည် သဘာဝများကိုကျော်လွှားး၍ တွေ့ကြုံရသော ကသိကအောက်ဖြစ်မှုတိုင်းကိုလည်း လက်ခံကာ မိမိ ချစ်ခင်သူ၏ အလိုဆန္ဒအားလုံးကို လိုက်လျောခြင်းသည် ချစ်ခင်မှုအတွက် စံဖြစ်ပေသည်။ ဤသည်ကို ရှင်းလင်းစွာ နားလည်ရန် မခဲယဉ်းလှချေ။ ဤကမ္ဘာတွင် ရုပ်ဝတ္ထုများ၏သက်သောင့်သက်သာဖြစ်မှုကို ရှာဖွေကြသူများအကြောင်း စဉ်းစားကြည့်ပါ။ တစ်နေ့ဝင်တစ်နေ့ထွက် ၎င်းတို့လိုသည်များရရှိရန် ခက်ခဲသောလုပ်ရပ်များကိုပင် မည်သည်းမည်ျာဘဲ အပြုံးပန်းနှင့် လုပ်ဆောင်နေကြသည်။ လကုန်လျှင် လစာငွေရရှိစေရန် အိပ်ခြင်း၊ သက်သောင့်သက်သာရှိမှုနှင့် လူမှုဆက်ဆံရေးကိုပင် စွန့်လွှတ်ပါလိမ့်မည်။ ထိုသို့ရှာဖွေသောသူတစ်ဦးသည် သူ၏ ရည်မှန်းချက်ပန်းတိုင် ရရန်ဆိုလျှင် လိုချင်သည်ကိုရရန် ဆန္ဒသည် အရာရာတိုင်းအပေါ် လွှမ်းမိုးကာ ရိုးရိုးသားသားဖြစ်စေ မရိုးမသားဖြစ်စေ လုပ်ဆောင်ပါလိမ့်မည်။

လောကီရေးရာရှာဖွေသူများကို ချန်လှပ်ကာ ကြည်ညိုဖွယ်ကောင်းသော အလွှာဟ်အရှင်မြတ်၏ ပုဂ္ဂိုလ်များကို စဉ်းစားကြည့်ကြစို့။ ထိုသူများသည် အလွှာဟ်အရှင်မြတ်နှင့် အရှင့်တမန်တော်နှင့် နောင်တမလွန်ဘဝ၏ ကောင်းချီးမင်္ဂလာများကိုရှာဖွေရာ၌ ၎င်းတို့သည်လည်း နာကျင်မှုနှင့်မသက်မသာမှုများ ကွယ်ပျောက်သွားစေသည့် ချစ်ချင်မှု၏အဆင့်အတန်းသို့ ရောက်သွားပါသည်။ အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းတွင်ပါရှိသော ဟဒီးစ်တော် တစ်ရပ်အရ တမန်တော်မြတ် S သခင်မိန့်ကြားခဲ့သည်မှာ "အကယ်၍ လူတစ်ဦးတွင် ထူးခြားသည့် အရည်အချင်းသုံးရပ် ရှိနေပါက ထိုသူ (သို့မဟုတ်) သူမအား အီမာန်ယုံကြည်မှု၏ချို့မြိန်ခြင်းဟူသော ကောင်းချီးမင်္ဂလာ ပေးခံရပေမည်။ ယင်းထူးခြားသည့် အရည်အချင်းသုံးရပ်ကား (၁) ထိုသူ၏အမြင်တွင် အလွှာဟ်အရှင်မြတ်နှင့်အရှင်မြတ်၏တမန်တော်သည် အရာရာတိုင်းထက် ချစ်ခင်ဖွယ်ဖြစ်ကြောင်းရှိနေခြင်း (၂) အလွှာဟ်အရှင်မြတ်အတွက်သာလျှင် အရှင်မြတ်၏ ကျေးကျွန်တစ်ဦးကို ချစ်မြတ်နိုးခြင်းနှင့် (၃) ကုဖ်ရ်နှင့်ရှစ်ရ်က်အကြောင်း တွေးရုံမျှဖြင့်ပင် ဂျဟန္နမ်ငရဲမီးထဲသို့ ၎င်းကိုယ်ကို ပစ်ချခံရသကဲ့သို့ ခံစားရခြင်းတို့ဖြစ်သည်။

အထက်တွင် ကိုးကားခဲ့သောဟဒီးဆ်တော်၌ ဖော်ပြထားသော "အီမာန်ယုံကြည်ခြင်း၏ချို့မြိန်မှု" က ဆိုလိုသည်မှာ ယင်းကဲ့သို့ချစ်ခင်မြတ်နိုးသည့်အဆင့်ရှိခြင်းသည် စစ်မှန်သောရှာဖွေသူတစ်ဦးကို ခက်ခဲသော ကြိုးပမ်းမှုများကိုပင် ကြိုဆိုလက်ခံစေပါသည်။ ချစ်ခင်မြတ်နိုးမှုတွင် ချဉ်သောအရာကို ချို့မြိန်စေသော ဓာတ်ပြုနိုင်မှုရှိသည်။ မုစ်လင်မ် ပညာရှင်အချို့ကထောက်ပြသည်မှာ နှလုံးသားတစ်ခုတွင် အီမာန်ယုံကြည်မှုပြည့်နှက်နေလျှင် ယင်းသည် ခန္ဓာကိုယ်၏အခြားအစိတ်အပိုင်းများဆီသို့ စီးဝင်သွားကာ ခဝပ်ကိုးကွယ်မှုနှင့် အမိန့်နာခံမှုလုပ်ရပ်များကို နှစ်ခြိုက်သွားစေပါသည်။ အချို့သောတင်ပြချက်များတွင် ဤအကြောင်းအရာကို အီမာန်၏ဝိတိဖြစ်ခြင်းနှင့် ခိုင်းနှိုင်း ထားသည်။ ဟဒီးဆ်တော်တွင် တမန်တော်မြတ် S မိန့်ကြားခဲ့သည်မှာ "ကျွန်ုပ်၏မျက်လုံးများ အေးမြနှစ်ခြိုက်မှုသည် ဆွလာသ်ထဲတွင် ရှိသည်။"

သဖိစီရ်မဇာဟရီကျမ်းတွင် ပါနီပတ်သ်မြို့မှ ကာသွီဆနာအွလွှာဟ်ကပြောသည်မှာ အလွှာဟ်အရှင်မြတ်နှင့် အရှင့်တမန်တော်အတွက် ချစ်ခင်မှု၏ဤအဆင့်သည် အကြီးမားဆုံးသော ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်သည်။ သို့ရာ

တွင် ယင်းကိုရရှိရန်မှာ အလ္လာဟ်အရှင်မြတ်၏အချစ်တော်ပုဂ္ဂိုလ်များနှင့် နီးကပ်စွာရရှိပေမည်။ ဤအကြောင်းကြောင့် မုစ်လင်မ်ဆူဖီသူတော်စင်များက ယင်းကိုရရှိရန် ရှိုက်များထံတွင်ရှာဖွေရေး အရေးကြီးသည်ဟု ထင်မြင် ယူဆကြသည်။ ရှဟ်လ်ဗယာန်ကျမ်းရှင်ကပြောခဲ့သည်မှာ ဤကဲ့သို့သော အဆွေခင်ပွန်း ဖြစ်မှုရရန်ဆိုလျှင် အလ္လာဟ်အရှင်မြတ်၏ အချစ်ကိုရရေးအတွက် စည်းစိမ်ဥစ္စာ၊ သားသမီး၊ အသက်နှင့်အရာရာကိုစွန့်လွှတ်ခဲ့သော စိုက်ယိဒိနာ အိမ်ရာဟီးမ်ခလီလွလွာဟ် d ကဲ့သို့စွန့်လွှတ်ရန် အဆင်သင့်ဖြစ်မှသာလျှင်ရရှိနိုင်သည်။

အဆုံး၌ ဋီကာရှင် အလ်ဗဒါဝီကပြောသည်မှာ တမန်တော်မြတ် s သခင်၏စွန့်သည်တော်နှင့် ရှရီအသ်ကို မပျောက်မပျက်ထိန်းသိမ်းခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ယင်းတို့ကို မမှန်မကန်ပြောဆိုသူများကို တုံ့ပြန်ခြင်းနှင့် ဆန့်ကျင်သောသူများကို ခုခံကာကွယ်ခြင်းသည်လည်း အလ္လာဟ်အရှင်မြတ်နှင့် အရှင့်ရစူလ်တမန်တော်ကို ချစ်ခင်မြတ်နိုးခြင်း၏ ပွင့်လင်းသောလက္ခဏာတစ်ရပ်ဖြစ်သည်။

رزقنا الله تعالى وجميع المسلمين حبّه وحب رسوله كما يحب ويرضاه

ယာအလ္လာဟ်၊ ကျွန်ုပ်တို့နှင့်မုစ်လင်မ်များအားလုံးကို အလ္လာဟ်နှင့်အလ္လာဟ်ရစူလ်တမန်တော်ကို ချစ်ခင်မြတ်နိုးသည့် ကောင်းချီးမင်္ဂလာပေးသနားတော်မူပါ။

# အညွှန်း


ကသာဒဟ် 58
ကအစ်အဟ်ဟာရ် 67
ကအစ်အိပ်နိအရှ်ရဖ် 286
ကူဆေးအိပ်နိကီလာစ် 281
ကွမ်မာလ် 35
ခရစ်ယာန် 362
ဂျိဟာဒ် 185, 306
စအီးဒ်အိပ်နိဂျုဝိုင်းရ် 285
စာအဒ်အိပ်နိအဝီဝကာစ် 167
စွတ်ဒီ 213
စွဖ်ယာန်အိပ်နိ အုယိုင်နာ 58
ဆိုင်းနိုင်းတောင် 48
ဆွဗရ် 29, 268
ဆွာလိဟ် 12
ဇဂူရ် 65
တန်ခိုးပြာဋိဟာ 9, 15, 34, 136, 137, 151
ဒါဂူးဒ် 69
ဖွာသွေမဟ် 254
ဗဒ်ရ် 166, 199, 305, 367
ဝိုင်သုလ်မားလ် 170
ဝိုင်အသ် 100, 101, 382
ဘရကတ် 4, 5
မုအာဝိယဟ် 290
မုအ်ဂျိဇဟ် 9, 15, 150, 151, 381
မူစာ 11, 12, 13, 16, 17, 18, 20, 21, 23, 27, 28, 30, 32, 33, 37, 39, 41, 42, 47, 48, 52, 54, 56, 61, 77, 82, 84, 125, 185
ဝဟာဗ်အိပ်နမုနာဗီ 69
သဂူက်စစ်ပွ` 79
ဟနီးဖ် 105
ဟမ်ဇဟ် 144
ဟုဒိုင်ဗီယဟ် 337
ဟုဒိုင်ဗီယဟ်စာချုပ် 136
ဟူဒ် 9, 12
ဟူးရ်အိပ်နကိုက်စ် 146
အင်နဂျီလ် 65, 81
အစ္စရေးလ် 10, 35, 71, 94, 95, 108
အနတ်စ် 49
အဗာဆီယဟ်မင်းဆက် 31
အဗူဒရ်ဒဟ် 80
အဗူဗကရ် 80, 158, 306
အဗူဟုရိုင်ရဟ် 132
အဗ်ဒုလ္လာဟ် 14, 67, 103, 111, 138, 139, 144, 217, 243
အဗ်ဒုလ္လာဟ်အိပ်နဇုဝိုင်းရ် 144
အဗ်ဒုလ္လာဟ်အိပ်နအုမရ် 144
အဗ်ဒွလ္လာဟ်အိပ်နဇုဝိုင်းရ် 144
အမလ်အိပ်နအားစ် 69
အမိရ်အိပ်နအုဝိုင်ဒ် 31
အလီ 123
အလ်အန်ဖာလ် 166, 170, 177, 202, 270
အာဒမ် 96, 101, 107, 113, 136
အာဒ် 2
အာအိရ္ဂာဟ် 144
အိပ်နဂျရီးရ် 125
အိပ်နမရ်ဒဝီယဟ် 108
အိပ်နအလ်သဗ္ဘာရီ 144
အုက်ဗဟ်အိပ်နအမိရ် 145
အုဗာဒါဟ် 166
အုဝိုက်အိပ်နိကအပ် 213
အရေးဗီး ယား 7
အွမ်မီရိန် 64
ဖေရှိ 12, 13, 17
ယောင်မုလ်ဖုရ်ကာန် 225
သောင်ရာသ်ကျမ်း 44, 50, 81, 95
နူဟ် 2, 12, 234
ရှမီ 157

မောင်လာနာမုဖ်သီမုဟမ္မဒ်ရှမီး

၏

# r t m&zdkvfu kft mef

အင်္ဂလိပ်ဘာသာပြန်

ပါမောက္ခ မုဟမ္မဒ် ရှမီးမ်

တည်းဖြတ်သူ

ပါကစ္စတန်နိုင်ငံတရားသူကြီး
မုဖ်သီ မုဟမ္မဒ် သကီး အုဆ်မာနီ

## အတွဲ (၇)

## စူရဟ်အလ်အဘ်ရာဖ်၊ စူရဟ်အလ်အန်ဖာလ်၊ စူရဟ်အလ်သောင်မဟ်


မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်အဖွဲ့က ဘာသာပြန်သည်။

ဟိဂ်ျရီ ၁၄၃၆ - ခုနှစ်၊ ရမသွာန်လ

(ကန့်သတ်)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စူရယ် အလ်အအ်ရာဖ်<br>(အထွတ်အမြတ်နေရာများ) | |
| ၁ | အာယသ် (၉၄-၉၅) | ၁ |
| ၂ | အာယသ် (၉၆-၉၉) | ၃ |
| ၃ | အာယသ် (၁၀၀-၁၀၂) | ၆ |
| ၄ | အာယသ် (၁၀၃-၁၀၈) | ၁၁ |
| ၅ | အာယသ် (၁၀၉-၁၁၀) | ၁၄ |
| | မုအ်ဂျီဇဟ် တန်ခိုးပြာဋိဟာနှင့် ပဉ္စလက် (မျက်လှည့်)တို့၏ ခြားနားချက် | ၁၅ |
| ၆ | အာယသ် (၁၁၁-၁၂၂) | ၁၆ |
| ၇ | အာယသ် (၁၂၃-၁၂၇) | ၂၂ |
| | ယင်းမှာအံ့ဖွယ်မုအ်ဂျီဇဟ်တစ်ပါးဖြစ်သည် | ၂၅ |
| | ဖိရဲအောင်နှာဘုရင် ကြောက်ရွံ့ထိတ်လန့်သွားခဲ့သည် | ၂၆ |
| ၈ | အာယသ် (၁၂၈-၁၃၂) | ၂၇ |
| | အောင်မြင်ရန် တစ်ခုတည်းသောနည်းလမ်း | ၂၉ |
| | အချုပ်အခြာအာဏာပိုင်ဆိုင်မှုသည် စမ်းသပ်မှုတစ်ရပ်ဖြစ်သည် | ၃၀ |
| ၁၀ | အာယသ် (၁၃၃-၁၃၆) | ၃၃ |
| ၁၁ | အာယသ် (၁၃၇-၁၄၁) | ၃၇ |
| ၁၂ | အာယသ် (၁၄၂) | ၄၂ |
| | လနှင့်နေ အခြေပြုသည့်ပြက္ခဒိန်များ | ၄၄ |
| | လေးဆယ်ဂဏန်း၏ပေါ်လွင်ထင်ရှားမှု | ၄၄ |
| | ဖြည်းဖြည်းမှန်မှန်စနစ်ကျင့်သုံးခြင်း | ၄၅ |
| | လိုအပ်လျှင် တစ်စုံတစ်ဦးအား လက်ထောက်အဖြစ် ခန့်ထားခြင်း | ၄၅ |
| ၁၃ | အာယသ် (၁၄၃-၁၄၅) | ၄၇ |
| | အလ္လာဟ်အရှင်မြတ်၏ စကားပြောဆိုခြင်း | ၄၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄ | အာယသ် (၁၄၆-၁၅၁) | ၅၁ |
| | အကျယ်ဖွင့်ဆိုခြင်း | ၅၃ |
| | မာန်မာနထောင်လွှားခြင်း၏ အကျိုးသက်ရောက်မှုများ | ၅၃ |
| ၁၅ | အာယသ် (၁၅၂-၁၅၆) | ၅၆ |
| | လောကီဘဝသည်လည်း ပြစ်မှုဒုစရိုက်လုပ်ရပ်များကြောင့် ထိခိုက်စေသည် | ၅၈ |
| | လူပေါင်းခုနစ်ဆယ်နှင့် သူတို့၏ သေဆုံးမှု | ၅၉ |
| ၁၆ | အာယသ် (၁၅၇) | ၆၃ |
| | မုစ်လင်မ်အုမ္မသ်ထု၏ ကောင်းမြတ်သော အကျင့်သီလများ | ၆၄ |
| | အစောပိုင်းကျမ်းများတွင်ပါသည့် တမန်တော်မြတ် ﷺ အကြောင်း | ၆၅ |
| | စွန့်သည်တော်၏အရေးပါမှု | ၇၄ |
| | တမန်တော်မြတ် ﷺ အား ချစ်ခင်လေးစားခြင်း၏ အဓိကကျမှု | ၇၄ |
| ၁၇ | အာယသ် (၁၅၈-၁၅၉) | ၇၇ |
| | ကိုယ်တော်မြတ်သည် တမန်တော်အားလုံးတို့၏ နောက်ဆုံးတမန်တော်ဖြစ်သည် | ၇၈ |
| | တမန်တော်မြတ် ﷺ ၏ အချို့သောဂုဏ်ထူးဝိသေသများ | ၇၉ |
| | အစွမ်းရေးလ်အမျိုးသားတို့အနက်မှ ဖြောင့်မတ်မှန်ကန်သူများ | ၈၂ |
| ၁၈ | အာယသ် (၁၆၀-၁၆၂) | ၈၄ |
| ၁၉ | အာယသ် (၁၆၃-၁၆၆) | ၈၆ |
| ၂၀ | အာယသ် (၁၆၇-၁၆၉) | ၈၇ |
| ၂၁ | အာယသ် (၁၇၀-၁၇၁) | ၉၃ |
| | သာသနာတော်တွင် အတင်းအဓမ္မအနိုင်အထက်မပြု | ၉၅ |
| ၂၂ | အာယသ် (၁၇၂-၁၇၄) | ၉၆ |
| | အလပ်စ်သ၏ ပဋိညာဉ် | ၉၇ |
| | ဝိုင်အသ်၏ပေါ်လွင်ထင်ရှားမှု (သစ္စာခံကျိန်ဆိုခြင်း) | ၁၀၀ |
| ၂၃ | အာယသ် (၁၇၅-၁၇၇) | ၁၀၆ |
| | ဗလာမ်ဗင်ဟာအူရာ၏အကြောင်း | ၁၀၈ |
| | အာယသ်တော်များ၏ယေဘုယျသတင်းစကား | ၁၁၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄ | အာယသ် (၁၇၈-၁၇၉) | ၁၁၃ |
| | မေးခွန်းတစ်ခုနှင့် ယင်း၏အဖြေ | ၁၁၆ |
| ၂၅ | အာယသ် (၁၈၀) | ၁၁၉ |
| | အလ္လာဟ်အရှင်မြတ်၏နာမတော်များ | ၁၁၉ |
| | ဒုအာ (အလ္လာဟ်အရှင်မြတ်အားတသခြင်း) ၏ ကြီးတင်စည်းကမ်းသတ်မှတ်ချက်များ | ၁၂၀ |
| | ကောင်းမွန်သောဂုဏ်တော်များမှ တိမ်းချော်သွားခြင်း | ၁၂၂ |
| | လူများအား အလ္လာဟ်အရှင့်နာမတော်တို့ဖြင့်ခေါ်ဆိုခြင်း | ၁၂၃ |
| ၂၆ | အာယသ် (၁၈၁-၁၈၅) | ၁၂၄ |
| ၂၇ | အာယသ် (၁၈၆-၁၈၇) | ၁၃၀ |
| ၂၈ | အာယသ် (၁၈၈-၁၉၃) | ၁၃၄ |
| | သိက္ခာမဲ့ခြင်းကြောင့် အကြီးအကျယ် ဖရိဖရဲပျက်စီးခြင်းဖြစ်စေသည် | ၁၃၉ |
| ၂၉ | အာယသ် (၁၉၄-၁၉၈) | ၁၄၀ |
| ၃၀ | အာယသ် (၁၉၉-၂၀၂) | ၁၄၂ |
| | ကုရ်အာန်ကျမ်းမြတ်ပါ ကျင့်ဝတ်များ၏စံပြကြေညာချက် | ၁၄၃ |
| | တစ်မူထူးခြားသည့် တိုက်ဆိုင်မှုတစ်ရပ် | ၁၄၈ |
| ၃၁ | အာယသ် (၂၀၃ - ၂၀၄) | ၁၄၉ |
| | အကျယ်ဖွင့်ဆိုခြင်း | ၁၅၀ |
| | ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်သရဇ္ဈာယ်ချိန်တွင် နားထောင်ခြင်း၊ ဆိတ်ဆိတ်နေခြင်းတို့နှင့် ပတ်သက်သော အရေးကြီးသည့် ဥပဒေအချို့ | ၁၅၃ |
| ၃၂ | အာယသ် (၂၀၅-၂၀၆) | ၁၅၅ |
| | အကျယ်ဖွင့်ဆိုခြင်း | ၁၅၆ |
| | အောက်မေ့တသမှု (ဇိကိရ်) လုပ်ဆောင်ရာတွင် အသံထွက်၍ဖြစ်စေ၊ အသံတိတ်ဖြစ်စေ လုပ်ဆောင်မှု၏ ဥပဒေများ | ၁၅၈ |
| | စိတ္တဇဟ်နှင့်ပတ်သက်သော ဥပဒေများနှင့်မြင့်မြတ်မှုများ | ၁၆၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စူရဟ်အလ်အန်ဇာလ်<br>(သုံ့လက်ရ ပစ္စည်းများ) | |
| ၃၃ | အာယသ် ၁ | ၁၆၅ |
| | စူရဟ်ပါအကြောင်းအရာ | ၁၆၅ |
| | အကျယ်ဖွင့်ဆိုခြင်း | ၁၆၆ |
| | အာယသ်၏အသေးစိတ်ရှင်းလင်းချက် | ၁၆၈ |
| | လူအများ၏ စည်းလုံးညီညွတ်မှုသည် သတ်ကဝါအပေါ် အခြေခံသည် | ၁၇၁ |
| ၃၄ | အာယသ် (၂-၄) | ၁၇၂ |
| | အကျယ်ဖွင့်ဆိုခြင်း | ၁၇၃ |
| | ယုံကြည်သက်ဝင်သောသူ၏ သီးခြားအရည်အသွေးများ | ၁၇၃ |
| | ပထမအရည်အသွေး အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခြင်း | ၁၇၃ |
| | ဒုတိယအရည်အသွေး အီမာန်ယုံကြည်မှုတိုးပွားစေခြင်း | ၁၇၄ |
| | တတိယအရည်အသွေး အလ္လာဟ်အရှင်မြတ်ထံ ယုံပုံအပ်နှံခြင်း | ၁၇၅ |
| | စတုတ္ထအရည်အသွေး ဆွေလာသ်ဝတ်ပြုဆောက်တည်ခြင်း စွမ်းမှု | ၁၇၆ |
| | ပဉ္စမအရည်အသွေး အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် သုံးစွဲခြင်း | ၁၇၆ |
| ၃၅ | အာယသ် (၅-၆) | ၁၇၈ |
| | အကျယ်ဖွင့်ဆိုခြင်း | ၁၇၈ |
| | ဗဒ်ရ်စစ်ပွဲအသေးစိတ်ဖော်ပြချက် | ၁၇၉ |
| | အဖြစ်အပျက်များ၏ အသေးစိတ်များအရ အာယသ်တော်များ<br>ရှင်းလင်းတင်ပြခြင်း | ၁၈၇ |
| ၃၆ | အာယသ် (၇-၁၀) | ၁၈၈ |
| | အကျယ်ဖွင့်ဆိုခြင်း | ၁၈၉ |
| ၃၇ | အာယသ် (၁၁-၁၄) | ၁၉၄ |
| | အကျယ်ဖွင့်ဆိုခြင်း | ၁၉၅ |
| ၃၈ | အာယသ် (၁၅-၁၉) | ၂၀၀ |
| | အကျယ်ဖွင့်ဆိုခြင်း | ၂၀၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၉ | အာယသ် (၂၀-၂၄) | ၂၀၈ |
| | အကျယ်ဖွင့်ဆိုခြင်း | ၂၀၉ |
| ၄၀ | အာယသ် (၂၅-၂၈) | ၂၁၆ |
| | အကျယ်ဖွင့်ဆိုခြင်း | ၂၁၇ |
| ၄၁ | အာယသ် (၂၉-၃၃) | ၂၂၃ |
| | အကျယ်ဖွင့်ဆိုခြင်း | ၂၂၄ |
| ၄၂ | အာယသ် (၃၄-၃၈) | ၂၃၅ |
| | အကျယ်ဖွင့်ဆိုခြင်း | ၂၃၆ |
| ၄၃ | အာယသ် (၃၉-၄၀) | ၂၄၁ |
| | အကျယ်ဖွင့်ဆိုခြင်း | ၂၄၂ |
| ၄၄ | အာယသ် (၄၁) | ၂၄၇ |
| | အကျယ်ဖွင့်ဆိုခြင်း | ၂၄၇ |
| | တမန်တော်မြတ်ဖြစ်သခင် ဝဖားသ်ကွယ်လွန်ပြီးနောက် ငါးပုံတစ်ပုံ (ခွန်မ်စ်) ဝေငှဖြန့်ဖြူးခြင်း | ၂၅၄ |
| | ဇဝိလ်ကုရ်ဗာ (ဆွေမျိုးသားချင်း) ၏ ခွန့်မ်စ် (ငါးပုံတစ်ပုံ) | ၂၅၄ |
| | "အထူးမှတ်စု " | ၂၅၅ |
| | ဗဒိရ်စစ်ပွဲဖြစ်သည့် ကွပြားခြားနားဖေသောနေ့ဖြစ်သည် | ၂၅၆ |
| ၄၅ | အာယသ် (၄၂-၄၄) | ၂၅၆ |
| | အကျယ်ဖွင့်ဆိုခြင်း | ၂၅၇ |
| | "အထူးမှတ်စု" | ၂၆၂ |
| ၄၆ | အာယသ် (၄၅-၄၇) | ၂၆၃ |
| | အကျယ်ဖွင့်ဆိုခြင်း | ၂၆၄ |
| | ဂျိဟာဒ်တွင်အောင်မြင်မှုအတွက် ကုရ်အာန်ကျမ်းတော်ဆိုင်ရာ လမ်းညွှန်ချက်များ | ၂၆၄ |
| ၄၇ | အာယသ် (၄၈-၄၉) | ၂၇၀ |
| | အကျယ်ဖွင့်ဆိုခြင်း | ၂၇၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | "ရှင်တွာန်" ၏ လိမ်လည်လှည့်ဖြားခြင်းကို ဆန်းစစ်ခြင်းနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကာအကွယ်ပြုမှု | ၂၇၄ |
| | အောင်မြင်မှုသည် ရိုးသားသော ရည်မှန်းချက်များရှိရုံသက်သက်မျှဖြင့် မရရှိနိုင်ဘဲ အမှန်တကယ် ဖြောင့်မတ် မှန်ကန် သောလမ်းပေါ်မှာ ရှိနေခြင်းအားဖြင့်သာ ရရှိနိုင်ပါသည်။ | ၂၇၄ |
| ၄၈ | အာယသ် (၅၀-၅၃) | ၂၇၆ |
| | အကျယ်ဖွင့်ဆိုခြင်း | ၂၇၇ |
| ၄၉ | အာယသ် (၅၄-၅၈) | ၂၈၂ |
| | အကျယ်ဖွင့်ဆိုခြင်း | ၂၈၃ |
| | အစွလာမ့်အမျိုးသားရေးဆီသို့ (ပထမအဆင့်) | ၂၈၆ |
| | ဂျူးများနှင့်ပဋိညာဉ်ပြုခြင်း (ဒုတိယအဆင့်) | ၂၈၆ |
| | ငြိမ်းချမ်းရေးပဋိညာဉ်စာချုပ်တစ်ခုအား ပယ်ဖျက်မှုကို ရွေးချယ်ခြင်း | ၂၈၉ |
| | ပဋိညာဉ်အတိုင်းဆောင်ရွက်ရမည်များကို လိုက်နာဖြည့်ဆည်းခြင်း ပေါ်လွင်ထင်ရှားသောအဖြစ်အပျက်တစ်ရပ် | ၂၉၀ |
| ၅၀ | အာယသ် (၅၉-၆၂) | ၂၉၁ |
| | အကျယ်ဖွင့်ဆိုခြင်း | ၂၉၂ |
| | ဂျိဟာဒ်အတွက် စစ်လက်နက်ပစ္စည်း ထုတ်လုပ်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းသည် ဘာသာရေးဆိုင်ရာ မပြုမနေရ တာဝန်တစ်ရပ်ဖြစ်သည် | ၂၉၂ |
| ၅၁ | အာယသ် (၆၃-၆၆) | ၂၉၇ |
| | အကျယ်ဖွင့်ဆိုခြင်း | ၂၉၈ |
| | မုစ်လင်မ်များတွင် စစ်မှန်၍ ထာဝရတည်မြဲသော စည်းလုံးညီညွတ်မှုသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်နာခံခြင်း အပေါ်တည်မှီသည် | ၂၉၉ |
| ၅၂ | အာယသ် (၆၇ - ၆၉) | ၃၀၄ |
| | အကျယ်ဖွင့်ဆိုခြင်း | ၃၀၄ |
| ၅၃ | အာယသ် (၇၀ - ၇၁) | ၃၁၂ |
| | အကျယ်ဖွင့်ဆိုခြင်း | ၃၁၃ |
| ၅၄ | အာယသ် (၇၂ - ၇၅) | ၃၁၆ |
| | အကျယ်ဖွင့်ဆိုခြင်း | ၃၁၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စူရဟ်အလ်သောင်ဗဟ်<br>(နောင်တရခြင်းကဏ္ဍ) | |
| ၅၅ | အာယသ် (၁ - ၅) | ၃၃၁ |
| | အကျယ်ဖွင့်ဆိုခြင်း | ၃၃၃ |
| | မက္ကာဟ်မြို့အောင်နိုင်ခြင်း။ စစ်ရှုံးသောရန်သူများကို သိမ်မွေ့ညှာသာစွာဆက်ဆံခဲ့သည်။ | ၃၃၈ |
| | မက္ကာဟ်မြို့အောင်နိုင်စဉ် ရှိသောမှုရှုရစ်က်အမျိုးအစား (၄) ခုနှင့် ပတ်သက်သည့် စည်းမျဉ်းများ | ၃၃၈ |
| | ချုပ်ဆိုထားသည့်စာချုပ်သက်တမ်းကုန်ဆုံးလင့်ကစား မယုံကြည် သွေဖည်ခြင်းပယ်သူများကို ဆိုင်းငံ့ကာလပေးခဲ့မှု၏ ဧတာနာကောင်းထားခြင်း | ၃၄၁ |
| | မယုံကြည်သွေဖည်ခြင်းပယ်သူများနှင့် ချုပ်ဆိုထားသောစာချုပ်တစ်ခုကို ပယ်ဖျက် ရုပ်သိမ်းရာတွင် အများပြည်သူများအား ကြေညာခြင်းမပြုဘဲ ထိုသူများကို အရေးယူခြင်းသည် မမှန်ကန်ချေ။ | ၃၄၂ |
| | ဣဒ္ဓိအာယသ်တော်ငါးခုက မည်သည်ကိုသင်ကြားပြသသနည်း | ၃၄၃ |
| | မယုံကြည်သွေဖည်ခြင်းပယ်သူတို့ကို ခွင့်လွှတ်ခြင်းသည် ၎င်းတို့ထံမှ ကျရောက်လာမည့် အန္တရာယ်များအတွက် သတိပိရိယလျော့နည်းခြင်းဟု မည်သည့်အခါမျှမဆိုလိုချေ။ | ၃၄၄ |
| ၅၆ | အာယသ် (၆ - ၁၀) | ၃၄၇ |
| | အကျယ်ဖွင့်ဆိုခြင်း | ၃၄၈ |
| | အစွလာမ်၏စစ်မှန်ခြင်းသက်သေပြရန်မှာ မုစ်လင်မ်ပညာရှင်များ၏ တာဝန်ဖြစ်သည်။ | ၃၄၉ |
| | မုစ်လင်မ်လည်းမဟုတ်၊ အမြဲတစေနေသူလည်းမဟုတ်လျှင် အစွလာမ်များအုပ်ချုပ်သော နိုင်ငံ (ဒါရုလ် အစွလာမ်)တွင် လိုအပ်သည်ထက်ပို၍ နေထိုင်ခြင်းခွင့်မပြု | ၃၅၀ |
| | မှန်ကန်မှုတည်တံ့စေခြင်းနှင့် မယုံကြည်သွေဖည်ခြင်းပယ်သူများအပေါ်တွင်ပင် မတရားမှု ဖြစ်စေ၊ လွန်ကဲမှုကိုဖြစ်စေမကျူးလွန်ရဟုဆိုခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ်၏ သင်ကြားမှုဖြစ်သည်။ | ၃၅၀ |
| | အစွလာမ်ညီနောင်များဖြစ်ရန် လိုအပ်သောအချက်သုံးချက် | ၃၅၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၇ | အာယသ် (၁၂ - ၁၆) | ၃၅၃ |
| | အကျယ်ဖွင့်ဆိုခြင်း | ၃၅၄ |
| | မုစ်လင်မ်များ အုပ်ချုပ်သော နိုင်ငံ (ဒါရှလ်အစ္စလာမ်) တွင်ရှိသည့် အကာအကွယ် ပေးထားသည့် မုစ်လင်မ် မဟုတ်သည့် နိုင်ငံသားတို့သည် အစ္စလာမ်သာသနာအား ရိုးသားစွာ နှိုင်းနှိုင်းချင့်ချင့် ဆန်းစစ်ဝေဖန်ကာ လေ့လာမှုလုပ်နိုင်သည်။ အမနာပ ကဲ့ရဲ့ရွတ်ချပြောဆိုခွင့်မပြု။ | ၃၅၅ |
| ၅၈ | အာယသ် (၁၇ - ၁၈) | ၃၅၈ |
| | အကျယ်ဖွင့်ဆိုခြင်း | ၃၅၉ |
| | ဖြူစင်ရိုးသားသောမုစ်လင်မ်များ၏ လက္ခဏာနှစ်ရပ် | ၃၅၉ |
| | မုစ်လင်မ်မဟုတ်သူများကို အနီးကပ်မိတ်ဆွေများနှင့် အတွင်းလူများဟု မှတ်ယူခြင်း | ၃၆၀ |
| | နှီးနှယ်သည့်အကြောင်းအရာအချို့ | ၃၆၄ |
| ၅၉ | အာယသ် (၁၉ - ၂၃) | ၃၆၆ |
| | အကျယ်ဖွင့်ဆိုခြင်း | ၃၆၇ |
| | အလ္လာဟ်အရှင်မြတ်အား တသသတိရခြင်း ဇိကိရ်သည် ဂျီဟာဒ်စစ်ပွဲ ဆင်နွှဲသည်ထက် သာလွန်မြင့်မြတ်သည်။ | ၃၆၉ |
| | အထူးမှတ်စုအချို့နှင့် ဥပဒေများ | ၃၇၂ |
| | အစ္စလာမ်နှင့်အီမာန်ဟူသည့် နှောင်ကြိုးသည်သာ စစ်မှန်သောနှောင်ကြိုး ဖြစ်သည်။ ဆွေမျိုး တော်စပ်မှုနှင့် တိုင်းပြည် နှောင်ကြိုးများ အားလုံးသည် ယင်းအတွက် မုချစွန့်လွှတ်ကြရမည်။ | ၃၇၃ |
| ၆၀ | အာယသ် (၂၄) | ၃၇၄ |
| | အကျယ်ဖွင့်ဆိုခြင်း | ၃၇၅ |
| | ဟစ်ဂျရတ် (ပြောင်းရွှေ့ခြင်း) ၏ အမြဲလိုက်နာရမည့် ဥပဒေများ | ၃၇၆ |
| | (အီမာန်) စစ်မှန်သောယုံကြည်မှု၏မှတ်ကျောက် | ၃၇၇ |
| | | |
| | | |
| | | |

سورة الأعراف ◈ စူရာဟ် အာလ်အဒ်ရာဖ်

سورة الانفال ◈ စူရာဟ် အာလ်အန်ဖာလ်

سورة التّوبة ◈ စူရာဟ် အာလ်ဩဘ်ဗာဟ်

بسم الله الرحمن الرحيم

الحمد لله و كفى، وسلام على عباده الذين اصطفى

# မအာရိဖုလ်ကုရ်အာန်ကျမ်း – မြန်မာဘာသာပြန်အဖွဲ့
# ၏
# အမှာစာ

အနန္တကရုဏာရှင်ဖြစ်တော်မူထသော အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် အသနားတော်ကြောင့် မအာရိဖုလ်ကုရ်အာန် (ကုရ်အာန်ကျမ်းတော်မြတ်ကို ရိုးရှင်းလွယ်ကူစွာဖွင့်ဆိုသောကျမ်း) မြန်မာဘာသာပြန် စာအုပ် (အတွဲ-၇)ကို ထုတ်ဝေလိုက်ပါသည်။

ဤစာအုပ်သည် အင်္ဂလိပ်ဘာသာနှင့် ရေးသားထားသော မူရင်းစာအုပ် (အတွဲ-၄)၏ ပထမပိုင်းဖြစ်ပါသည်။ ကျန်တစ်ဝက်ကို (အတွဲ-၈) အဖြစ် အင်နှာရာအလ္လာဟ် ဆက်လက်ထုတ်ဝေပါမည်။ အတွဲ-၁ ကို ၂၀၀၅ ခုနှစ်က ထုတ်ဝေခဲ့ပြီး၊ ၂၀၁၃ ခုနှစ်တွင် အတွဲ-၆ ထုတ်ဝေခဲ့ပါသည်။ အတွဲ-၁ ကို ပထမအကြိမ် အုပ် ၁၀၀၀ ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။ နောက်ထပ်မံ၍ ဒုတိယ၊ တတိယနှင့် စတုတ္ထအကြိမ် အဖြစ် အုပ် ၃၀၀၊ ၁၀၀နှင့် ၈၀၀ ရိုက်နှိပ်ခဲ့ပါသည်။

အတွဲ-၃ မှာ လက်ကျန်လုံးဝမရှိတော့ပါ။ အင်နှာရာအလ္လာဟ် ထပ်မံရိုက်နှိပ်ရန် ကြိုးစားလျက်ရှိပါသည်။ အလ္လာဟ်အရှင်မြတ်၏ စီမံမှုအရ စမ်းသပ်မှုအချို့ရှိခဲ့ပါသည်။ လုပ်ငန်းစတင်စဉ်ကတည်းက ပါဝင်ခဲ့ပြီး အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သော ဟာဂျီဦးကိုကိုကြီး(ခ) မုဟမ္မဒ်ဆာဒစ်ခန်း (ခ) Edward Khan သည် (၆-၁-၂၀၁၃) နေ့တွင် အလ္လာဟ်အရှင့် အမိန့်တော် ခံယူသွားသကဲ့သို့ အဓိက ဘာသာပြန်သူ တစ်ဦးဖြစ်သည့် ဆရာကြီး ဒေါက်တာဦးလှရွှေ (ဓမ္မဆေးဆရာဝန်ကြီး၊ ငြိမ်း) ဂျန်းဗလီ လူမှုရေးဆေးခန်း တာဝန်ခံသည်လည်း အတွဲ(၁၂)ပြီးခါနီး (၂၄-၃-၂၀၁၃) နေ့တွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို ခံယူသွားပါသည်။ အင်နှာလိလ္လာဟိ ဝအင်နာအိလိုင်ဟိ ရာဇိအူန်။ ကျွန်တော်တို့ ကြုံတွေ့ရသော အခက်အခဲမျိုး မူရင်းဘာသာပြန်ဆိုသူ မုဖ်သီသကီးအုဆ်မာနီ တို့လည်း ကြုံခဲ့ရပါသည်။ ကျွန်တော်တို့ကလည်း လူနည်းနည်းနှင့် ကျဲကျဲပိုင်းဝန်း လုပ်ဆောင်နေကြသူများ ဖြစ်ပါသည်။

အလ္လာဟ်အရှင်မြတ်၏ အကူအညီနှင့် ကျေးဇူးတော်တို့ကြောင့် ဟာဂျီ ဒေါက်တာ ခင်မောင်မြင့်(ပါမောက္ခ ဌာနမှူး(ငြိမ်း) ဘူမိဗေဒဌာန၊ မန္တလေးတက္ကသိုလ်)က အတွဲ-၁၂ နောက်ဆုံးပိုင်းမှ စ၍ ပါဝင်ကူညီဆောင်ရွက်ရန် သဘောတူ ခဲ့ပါသည်။

စ

မအာရိဖုလ် ကုရ်အာန်ကျမ်း မြန်မာဘာသာပြန် အဖွဲ့တွင်-

၁။ ဟာဂျီ ဒေါက်တာ ခင်မောင်မြင့် (ပါမောက္ခ ဌာနမှူး(ငြိမ်း) ဘူမိဗေဒဌာန၊ မန္တလေးတက္ကသိုလ်)

၂။ အလ်ဟာဂျ် မောင်လာနာ ဒေါက်တာ စိုးဝင်းမြင့်(B.D.S)

၃။ ဟာဂျီ ဦးခင်မောင်ကြီး B.Sc; H.G.P; R.L; D.A (တရားလွှတ်တော်ရှေ့နေ)

၄။ ဟာဂျီ ဦးခင်မောင်လတ် B.Sc; H.G.P; R.L (တရားလွှတ်တော်ရှေ့နေ)

၅။ ဟာဂျီ ဦးလှထွန်း B.E(Elect:) တို့ ပါဝင်ကြသည်။

ယခုအခါ မူရင်းစာအုပ် ၈-အုပ်ရှိသည့်အနက်မှ ၆-အုပ်နှင့် တစ်ဝက်ခန့် ပြန်ဆိုပြီးနေပြီဖြစ်ပါသည်။ မြန်မာဘာသာပြန်စာအုပ် အနေနှင့် ဆိုလျှင် (အတွဲ-၁၃) အထိ ဘာသာပြန်ပြီးဖြစ်ပါသည်။ ဤစာအုပ်များအတွက် သီးသန့် ငွေကြေးအလှူခံယူခြင်းမရှိသော်လည်း ဤစာအုပ် အတွဲလိုက် ဝယ်ယူလှူဒါန်းမည်ဆိုပါက အထူးဈေးနှုန်းဖြင့် ဆောင်ရွက်ပေးပါမည်။

အိုး-အလ္လာဟ်အရှင်၊ အီမာန်ရှင် မုအ်မင်န်အားလုံးကို အေးချမ်းသာယာမှု ပေးတော်မူပါ။ နှစ်ဘဝ နှစ်ဌာနစလုံး အောင်မြင်မှုကို ကုရ်အာန်ကျမ်းတော်မြတ်မှ ရယူခံစားနိုင်ပါစေသော်။ အာမီးန်။

မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်အဖွဲ့

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ( ၁၅ )ရက်။

# နိဒါန်း

အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် မအာရိဖုလ်ကုရ်အာန်ကျမ်း အတွဲ-၄၊ (မြန်မာပြန် အတွဲ ၇-၈) စာရှူသူရှေ့မှောက် ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။ အလ္လာပေါင်းစုံရှိ စာဖတ်သူများထံမှ ပထမသုံးတွဲ (မြန်မာပြန် အတွဲ ၁ မှ ၆ အထိ) အတွက် တုန့်ပြန်မှုမှာ အလွန်အားတက်ဖွယ်ဖြစ်၍ အချိန်တို အတွင်း ဤအတွဲများ ထုတ်ဝေဖြန့်ချိပြီးခဲ့ပါသည်။ စတုတ္ထတွဲ (မြန်မာပြန် အတွဲ ၇-၈) ဘာသာပြန်ဆိုမှုကို ဘာသာပြန်ဆိုခြင်း အလုပ်စတင်သည်မှ ပါဝင်ခဲ့သော မစ္စတာ မုဟမ္မဒ်ဝလီရာဇီက စတင်ဆောင်ရွက်ခဲ့ပါသည်။ သူသည် စူရဟ်အလ်အအ်ရာဖ် အာယသ်(၉၄)မှ အာယသ် (၁၉၉)ထိ ဘာသာပြန်လုပ်ငန်း ပြီးစီးအောင် ဆောင်ရွက်ပြီးနောက် အခြားကိစ္စများ လုပ်ဆောင်ရန် ရှိ၍ တတိယတွဲ (မြန်မာပြန် အတွဲ ၅-၆) ပြီးမြောက်အောင် ဘာသာပြန်လုပ်ငန်း မလုပ်ကိုင်နိုင်သောအခါ တတိယတွဲ(မြန်မာပြန် အတွဲ ၅-၆)ကို ဘာသာပြန်ခဲ့ပြီးနောက် အားလပ်နေသော ပါမောက္ခ မုဟမ္မဒ်ရှမီးမ်က အပြီးသတ်လုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် ပါမောက္ခ မုဟမ္မဒ်ရှမီးမ်သည် စူရဟ် အလ်အအ်ရာဖ်၊ အာယသ် ၂၀၀ မှ စတုတ္ထတွဲ (မြန်မာပြန် အတွဲ ၇-၈) ပြီးသည့်တိုင် ပြီးစီးအောင် လုပ်ဆောင်ခဲ့သည်။ ဤအတွဲတွင် စူရာဟ် ဟူဒ် ဆုံးသည်ထိ ကုရ်အာန်ကျမ်းတော်မြတ်၏ စူရာဟ် ငါးပုဒ် အကျယ် ဖွင့်ဆိုချက် ပါဝင်သည်။

ပါမောက္ခ မုဟမ္မဒ်ရှမီးမ်က ပဉ္စမတွဲ (မြန်မာပြန် အတွဲ ၉နှင့်၁၀) ကိုလည်း ပြီးဆုံးအောင် ဘာသာပြန်ဆိုထားကြောင်း စာရှူသူအား အသိပေးအပ်ပါသည်။ ယင်းအတွဲကို ပြန်လည် စိစစ်ရာမှာ ပြီးလုနီးဖြစ်သည်။ ဆဋ္ဌမအတွဲကို မစ္စတာ မုဟမ္မဒ်အိရ်ရာက် ဟူစိန်က ဘာသာပြန်ဆိုခဲ့ကာ သတ္တမအတွဲကို ပါမောက္ခ မုဟမ္မဒ်ရှမီးမ်က လုပ်ဆောင်နေပါသည်။ ၎င်း၏ အလုပ်အပေါ် စိတ်အားထက်သန်မှု၊ လုပ်ဆောင်မှု မြန်ဆန်သဖြင့် ဤအတွဲမှာ အင်နှရာအလ္လာဟ် မကြာမြင့်မီ ပြီးစီးမည်ဟု မျှော်လင့်ရပါသည်။

ဘာသာပြန်ဆိုသူအား အလ္လာဟ်အရှင်မြတ်သည် ယခုဘဝနှင့် နောင်တမလွန်ဘဝတွင်ပါ နှစ်ဌာနစလုံး၌ အကောင်းဆုံးသော ဆုလာဘ်များ ပေးသနားတော်မူပါစေ။ အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုအရ ၎င်းတို့ အပ်နှံထားသည့် လုပ်ငန်း ပြီးမြောက်စေသော စွမ်းအားပေးသနားကာ အုမ္မသ်ထုအပေါ်၌ အကျိုးဖြစ်ထွန်းတော်မူပါစေ။

**မုဟမ္မဒ်သကီးအုဆ်မာနီ**

# ကျေးဇူးတင်လွှာ

မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန် အတွဲ (၁)မှ အတွဲ(၇)ထိ ပုံနှိပ်ဖြန့်ချိမှုကို အဖက်ဖက်မှ အကူအညီ အကြံဉာဏ်နှင့် အချိန်၊ ငွေကြေးလှူဒါန်းခဲ့ကြသော ဟာဂျီဦးအောင်မြင့် (တရားလွှတ်တော်ရှေ့နေ)၊ ဟာဂျီမ ဒေါ်မမကြီး(ကျော်မိသားစု Petrolium) ဦးစောဝင်းနှင့်ညီများ၊ ဦးမြင့်ဝင်းနှင့် ဟာဂျီမ ဒေါ်ခင်ခင်၊ သမီး ဒေါက်တာ ဖြူဇင်ဝင်း၊ ဟာဂျီ ဦးမျိုးဝင်း၊ ဟာဂျီ ဦးရှိဖီးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

**မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်အဖွဲ့**